http://www.dhammadownload.com

စံပြမြန်မာပါဠိတော်တိုဓာန်ကျမ်းပြု

အရှင်ဩဘာသာဘိဝံသ မထေရ်မြတ်

စီရင်ရေးသားအပ်သော

သူတောသန

သရုပ်ပြအဘိဓာန်



ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ- ၂၅၅၃ ကောဇာ- ၁၃၇၁ ခရစ်- ၂၀၀၉

http://www.dhammadownload.com

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန
ကျမ်းစာအုပ်အရောင်းဆိုင်တွင် ပါဠိတော်၊ မြန်မာပြန်၊ အဋ္ဌကထာ၊ ဋီကာ
နိဿယ၊ ပါဠိ - မြန်မာအဘိဓာန်များနှင့် အခြားပုဒ္ဓစာပေကျမ်းစာအုပ်များကို
ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

မြတ်ဗုဒ္ဓ၏ ကျမ်းစာအမျိုးမျိုး၊ ပိဋကသုံးပုံ၊ ပဋ္ဌာန်းပါဠိတော်
စာသင်သားသုံး ကျမ်းစာများ



ဗုဒ္ဓဘာသာတရားတော်နှင့် ပတ်သက်သော
စာအုပ်စာပေ အမျိုးမျိုးကို ဝယ်ယူလှူဒါန်းလိုပါက
လှူဒါန်းသော အလှူရှင်နာမည် ရေးထိုးပေးပါသည်။

တည်နေရာ - သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာဒေးဘုရားလမ်း၊ စာတိုက်မှတ်တိုင်၊ မရမ်းကုန်းမြို့နယ်။

ဖုန်း - ၆၆၀၇၃

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com


စံပြ မြန်မာပါဠိအဘိဓာန်ကျမ်းပြု

အရှင်ဩဘာသာဘိဝံသ မဇ္ဈိမဂြိုဟ်

စီရင်ရေးသားအပ်သော

သုတေသန

သရုပ်ပြအဘိဓာန်



ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၅၃ ကောဇာ-၁၃၇၁ ခရစ်-၂၀၀၉

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေး ဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/ ဝ၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com



ကျမ်းပြုဆရာ

ဓမ္မဂိုဏ်းအဓိပတိဆရာတော်ဘုရားကြီး

http://www.dhammadownload.com

http://www.dhammadownload.com

အဘိဓာန်

သရုပ်ပြအဘိဓာန်

[အံ့]

အံ့အားသင့်ဖြင်းမျိုး ၂-ပါး။ ။မဇ္ဈိမပဏ္ဏာသ။ပါ။၁။ ဥ-၂ ဥ်အကျယ်ရှုပါ။ (၁) ဣဋ္ဌဝခွံ - အလွန်ကောင်းမြတ်သော အာရုံကိုတွေ့၍ အံ့အားသင့်စွာ ချီးမွမ်း ဝမ်းမြှုးခြင်း၊ (၂) အနိဋ္ဌာရုံ-မကောင်းဆိုးပါးကြီးမျိုးကို တွေ့ရ၍ ကြောက်ရွံထိတ်လန့် အံ့အားသင့်စွာ ကဲ့ရဲ့ရွတ်ချအပြစ်ပြ၍ ပြောဆိုခြင်း။

အံ့ဩခြင်းမျိုး ၂-ပါး။ ။မဇ္ဈိမပဏ္ဏာသ။ပါ။၁။ဥ-၂။ (၁) ကဲ့ရဲ့ရွတ်ချလို၍ အံ့ဩခြင်း - ဂရဟ-အစ္ဆရိယ၊ (၂) ချီးမွမ်း မြှောက်စားလို၍ အံ့ဩခြင်း- ပသံသာ-အစ္ဆရိယ။

အံ့ဘွယ်တော်များ ၁၈-ပါး။ ။သမန္တစက္ခုဒီပနီ တတိယတွဲ ပုစ္ဆာအမှတ် ၇၁။စာမျက်နှာ ၂၃၉ ၌ အကျယ်ရှုပါ။ဘုရားရှင်၏ ကြည့်သို့အံ့ချီးကွယ်ရာ ဂုဏ်တော် ကျေးဇူးတော် ၁၈ - ပါး၊ (၁) သင်္ကန်းတော်၏ ဖွပ်ဆိုးလျော်နယ်ရမှု, နွမ်းရိမှု မရှိခြင်း၊ (၂) ဆံတော် လက် ၂-သစ်သာ အမြဲ တည်နေခြင်း၊ (၃) ပရိက္ခရာဆောင်ရာ၌ ကိုယ်တော်နှင့်လက်လေးသစ်မျှ ကွာခြင်း၊ (၄) သပိတ်တော်ဆေးလျှင် လက်တော်စင်ခြင်း၊ လက်တော်ဆေးလျှင် သပိတ်တော် စင်ခြင်း၊ (၅) ရောင်ခြည်တော် ၆ - ပါးကိုလွှတ်လျှင် အရပ်ဆယ်မျက်နှာသို့ နှံ့ခြင်း၊ (၆)ကိုယ်တော်၏ မုံဘူကို အသိန်းအသန်းဖန်ဆင်းနိုင်ခြင်း၊ (၇) ခေတ် ၃ - ပါးကို၌ အမိုက်အလင်းကို ဖန်ဆင်းနိုင်ခြင်း၊ (၈) မုန်ညင်းစေ့ခန့် ကြွတ်တွင်းသို့ ဝင်နိုင်ခြင်း၊ (၉) ကိုယ်ကို အထက်ကောင်းကင်မှ လဝန်းပေါ် သကဲ့သို့ မြင်စေနိုင်ခြင်း၊ (၁၀) အင်္ဂါရုစ်ပါးနှင့် ပြည့်စုံသော အသံတော်ဖြင့် ဟောတော်မူသော တရားကို ပရိသတ်အားလုံး အား ကြားနိုင်စေခြင်း၊ (၁၁) အာသယာနုသယ ဉာဏ်တော်ရှိခြင်း၊ (၁၂)ကျွတ်မည့်သူကို သိသည့် မဟာကရုဏာ သမာပတ္တိ ဉာဏ်တော်ရှိခြင်း၊ (၁၃) ဘယ်ချိန် ဘယ်ခါ ကျွတ်မည် စသည်ဖြင့် သိနိုင်သော ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်ရှိခြင်း၊ (၁၄) သဒ္ဒါရုဏ်၊ (၁၅) ဝိကာရုဏ်၊ (၁၆) လက္ခဏ၊

http://www.dhammadownload.com

(၁၇)နိဗ္ဗာန်၊ (၁၈)ပညတ်တို့၌ သိသောဉာဏ်ကိုထည့်၍ ၁၈-ပါး ဟူ၏။ ။ ၎င်းကိုပင် "ရောင်ခြည်ခြောက်သွယ်၊ ဘဝင်ကယ်၊ အံ့ဘွယ်ဆယ်ရှစ်ဖြာ"ဟု ကဝိလင်္ကာသတ်ပုံ၌ စပ်သည်။

အံ့ဘွယ် ၈ ဖြာ သာသနာ။ ။အင်္ဂုတ္တရ။ပါ။၃၈။၌။ ၂၁၇-၌ အကျယ်ရှုပါ။ သာသနာကောင်၏ အံ့ခြီးဘွယ်ရာ အကြောင်းတရား ရှစ်ပါး။ ။မဟာသမုဒ္ဒရာ၏ အံ့ဘွယ်ရှစ်ဖြာပမာ သာသနာတော်၏ အံ့ဘွယ်ရှစ်ရပ်ဟူလို။

(၁) သာသနာ့ကျင့်စဉ်၌ သီလ, သမာဓိ, ပညာ ဟူသော အစဉ်အတိုင်း ဓုတင်တရားသ၊ ဗောဓိပက္ခိယတရား ၃၇-ပါး၊ မဂ်တရား, ဖိုလ်တရား တိုင်အောင် နက်ရှိုင်း၍သွားခြင်း။

(၂) တပည့်သား သာဝကတို့သည် အသက်ဟူသော အကြောင်းကြောင့် သော်ယည်း သိက္ခာပုဒ် ပညတ်တော် စည်းကမ်းကို ကျူးလွန်ကျော်လွှား၍ မတက်ခြင်း။

(၃) အလင်္ဂိ ဒုဿီလ အပုပ်အသိုး ရဟန်းဆိုးတို့ကို ရဟန်းကောင်းတို့က မပေါင်းသင်း မကြည်ညိုဘဲ၊ ထိုထို ဗကာ, ဒကာမတို့က ကဲ့ရဲ့ရွှတ်ချ၍ သာသနာတော်မှ ထုတ်ပယ် စွန့်ပစ်ကြခြင်း။

(၄) အမျိုးလေးပါးတို့ သာသနာတော်တွင်းသို့ ဝင်ရောက်လာလျှင် အချင်းချင်း လူမျိုးတန်းစား မခဲခြားဘဲ သာကီဝင်နွယ်ဖွား ဘုရားသားတော်ဟူသော အမည်တခုတည်းဖြင့်သာ တည်ရှိစေခြင်း။

(၅) မရေတွက်နိုင်သော တပည့်သာဝက အပေါင်းတို့၏ ပရိနိဗ္ဗာန်ဝင်စံခိုအောင်းကြခြင်းကြောင့်လည်း နိဗ္ဗာနဓာတ် နိဗ္ဗာန်ရပ်၏ ပြည့်လျှံယုတ်လျော့မှု မရှိခြင်း။

(၆) ဆင်းရဲဒုက္ခ ကိလေသဘေးမှ ကင်းဝေးရာမှန် သန္တိသုခ ဝိမုတ္တိရသ ကိစ္စတခုသာ ရှိခြင်း။

(၇) ဗောဇ္ဈင် ၇-ပါး, မဂ္ဂင်ရှစ်ပါး, လောကုတ္တရာတရား ဆယ်ပါး, ဗောဓိပက္ခိယ တရား ၃၇-ပါး ဟူသော ရတနာများစွာတို့ဖြင့် ပြည့်နှက်နေခြင်း။

(၈) ဥပါသကာ ဥပါသိကာ အရိယာရဟန္တာ ဟူသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးတို့၏ ကျင့်ကြံကျက်စား တည်နေရာဖြစ်ခြင်း။

http://www.dhammadownload.com

အံ့ဘွယ် ဂ-ဖြာ သမုဒ္ဓရာ။ ။အဋ္ဌဂ်ုတ္တရ။ပါ။ ၃၀။ ဋ္ဌ-၂၁၇။ အံ့သြဘွယ်ရာ အင်္ဂါရှစ်ဖြာရှိသော မဟာပင်လယ်ကြီး၊ (၁) ကမ်းစပ်မှစ၍ အစဉ်အတိုင်း နိမ့်လျော့နက်ရှိုင်းသွားခြင်း၊ (၂) ရေသည် ကမ်းကိုမကျော်လွန်ဘဲ တည်နေခြင်း၊ (၃) အကောင်ပုပ် အမှိုက် သရိုက်တို့ကို ပင်လယ်ထဲ၌ မထားဘဲ ကမ်းကုန်းအရပ်သို့ တင်ပို့ခြင်း၊ (၄) မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာတို့မှ စီးဝင်လာသော ရေဟူသမျှတို့၏ မူလအမည် ပျောက်စေပြီး မဟာသမုဒ္ဒရာရေ ဟူသော အမည်တခုကိုသာ ရစေခြင်း၊ (၅) မြစ်ကြီးမြစ်ငယ် အင်းအိုင်ချောင်း မြောင်း ကောင်းကင် ဝလာ ရွှစ်မျက်နှာမှ အခါမလပ် မည်မျှပင် မြစ်ရေမိုးရေတို့စီးဝင်လာသော်လည်း မဟာသမုဒ္ဒရာ၏ ပြည့်လှျံယုတ်လျော့မှု မရှိခြင်း၊(၆)ရေချို ရေဖန် ရေငန် ရေခါးဟူ၍ ရသာထွေပြားသည့် ရေများ မည်မျှပင် စီးဝင်လာစေ ဆားငန်ရေ ဟူသော တခုတည်းသော အရသာကိုသာ ထားရှိခြင်း၊ (၇) ဓောက်ရိတနာ ၇-ပါး၊ ၁၀-ပါး တို့၏ တည်ရာဖြစ်ခြင်း၊ (၈) ယူဇနာ များစွာ ခန္ဓာရှိသော ၈ ကြီးတို့နှင့်တကွ ရောဘလူး နဂါး အသူရာနတ်ကြီးများ စသည်တို့၏ ကျက်စားရာဖြစ်ခြင်း။

[အံ + က်]

အက္ခဏတရား ဂ-ပါး။ ။ဌင်းသရုပ်(အရပ် ပြစ်ရှစ်ပါး)၌ ရှုပါ။

အက္ခရာ ၄၁-လုံး။ ။ပါဠိဘာသာမှ ဆင်းသက်သည့် မြန်မာတို့ရေးသားသတ်မှတ်အပ်သော အက္ခရာ အရေအတွက် ၄၁-လုံးရှိသည်ဟူ၏။

အ အာ ဣ ဤ ဥ ဦ ဧ ဩ
က ခ ဂ ဃ င၊ စ ဆ ဇ ဈ ဉ
ဋ ဌ ဍ ဎ ဏ၊ တ ထ ဒ ဓ န
ပ ဖ ဗ ဘ မ၊ ယ ရ လ ဝ သ
ဟ ဠ အံ

အက္ခရာ ၂-ပါး။ ။အက္ခရာထီး, အက္ခရာမ ဟူလို။ ကဝိကဏ္ဌပါဒသက္ကမ်ိုး၌ က္က, ဏ္ဍ, ဂ္ဂ, ဆ္ဆ, ဇ္ဇ, ဋ္ဌ, ဏ္ဍ, ဒ္ဓ, ဒ္ဓ, ပ္ပ, ပ္ဖ, ဗ္ဗ, ဗ္ဘ ဟူသော ဝဂ်ငါးပါးတို့တွင် ပဌမက္ခရာနှင့် တတိယက္ခရာတို့ကို အထီးပုလွင့်၊

http://www.dhammadownload.com

ဒုတိယကွဗျာနှင့် စတုတ္ထကွရာတို့ကို အမ - ဣတ္ထိလိင်ဟု ခေါ်ပုံ၊ အချင်းချင်း ထပ်ရာ၌ အထီး အထီးချင်း ထပ်ကောင်းပုံ၊ အမနှင့်ထပ်ရာဝယ် အထီးက အပေါ်က နေပုံ၊ အမချင်းချင်းကား မထပ်ကောင်းပုံ၊ အထီး၏အထက် ကလည်း အမ မနေကောင်းပုံတို့ကို ဖေါ်ပြ၏။

အက္ခရာကြီး ၄-လုံး။ ။အင်း အိုင် မန္တန်တို့၌ အသုံးပြုသော မြန်မာအက္ခရာကြီး လေးလုံး။ "ကကြီး, ဃကြီး, ဏကြီး, ဠကြီး"

အက္ခောဘိဏီမျိုး ၅-ပါး။ ။အက္ခောဘိဏီတပ် ဖွဲ့ပုံ အမျိုးမျိုးရှိ၏။ ထိုအနက် ငါးပါးတို့ကိုသာ ဖေါ်ပြပေအံ့။

(၁) သီဟိုဠ်ကျွန်း၌ ဒုဋ္ဌဂါမဏိ မင်းကြီးလက်ထက် ကျေးလူမျိုးတို့ စစ်တိုက်ရာ ချီတက်သော အက္ခောဘိဏီတပ်မှာ မဟာဝင်ဋီကာ အရှတိုက်ဆင် တကုဋ္ဌေ, ရထား ဆယ်ကုဋ္ဌေ, မြင်းပေါင်း ကုဋ္ဌေတရာ, လေးပစ် လေးဆွဲ သူရဲ ကုဋ္ဌေနှစ်ရာ, စစ်သည်လူ ကုဋ္ဌေ တသောင်း လေးထောင့်, စုစုပေါင်း တသောင်း လေးထောင် သုံးရာ တဆယ့် တကုဋ္ဌေ ရှိ၏။

(၂) မဟာသဓာတို့ စစ်ချီတက်စဉ်၌ အက္ခောဘိဏီတပ် တတပ်ဟူသည်မှာ ဝါးအလုံးခြောက်ဆယ် တစည်းကို ချထားရာ စစ်အင်္ဂါလေးပါးတို့ နှင်းသွားရှိ မြို့မှန်ဖြစ်လျှင် တဖန် ဝါးအလုံးခြောက်ဆယ် တစည်းကို ချပြန်၏၊ ဤသို့နှင်းသွားခြင်းဖြင့် ဝါးအလုံးခြောက်ဆယ် စည်းပေါင်း ခြောက်ဆယ် ဖုတ် မြို့မှန် ဖြစ်အောင် မျှားပြားသော စစ်အင်္ဂါ လေးပါး အရေအတွက်ကို ဆို၏။

(၃) ပုဂံမင်းဆက် ၅၀-မြောက် သက္ကရာဇ် ၅၉၆-ခုနှစ်တွင် နန်းတက်သော ဓမ္မရာဇာဘွဲ့ခံ ကျစွာမင်းကြီး လက်ထက် လောကီသင်္ကရှိင်္ဂ သဒ္ဒါကျမ်းများနှင့် သဗ္ဗညုဘုရားဟော ပါဋိဇာတ်ပါဠိတော်ဂုဏ်းအဋ္ဌကထာ သုတ္တန် ဝိနည်း အဘိဓမ္မာ ပါဠိတော်အဋ္ဌကထာ ဋီကာများမှ လာရှိသည့် ပြဿုဒ်အဓိပ္ပါယ်များကိုပါ ထုတ်ဆောင်ညှိနှိုင်းပြီးလျှင် ရေးသား စီရင်တော်မူခဲ့သော သဒ္ဒနီတိကျမ်းဆရာ **အရှင်အဂ္ဂဝံသထေရ်မြတ်သည်—**

http://www.dhammadownload.com

နဝ နာဂ သဟဿာနိ, နာဂေ နာဂေ သတံ ရထာ။
ရထေ ရထေ သတံ အဿာ, အဿေ အဿေ သတံ နရာ။
နရေ နရေ သတံ ကညာ, ကေကိဿံ သတိတ္ထိယော။
ဧသာ အက္ခောဘိဏီနာမ, ပဗ္ဗာစရိယေဟိ ဘာသိတာ—

ဟု ၎င်းသဒ္ဒနီတိကျမ်း၌ အက္ခောဘိဏီ ယူပုံကို ပြဆိုသည်။ အဓိပ္ပါယ်မှာ ဆင်ပေါက်ကြီး ကိုးထောင်၊ ရထား ကိုးသိန်း၊ မြင်း ကိုးကုဋေ၊ ခြေသည်သူရဲ ကုဋေကိုးရာ၊ သွီးကညာ ကုဋေကိုးသောင်း၊ မိန်းမ ကုဋေကိုးသန်း ဤ အရေအတွက်ကို အက္ခောဘိဏီဟု ရွေးဆရာတို့ မိန့်ဆိုကုန်၏။

(၄) အမရကောသ အဘိဓာန် ဋီကာ တို့၌ကား။ ။ဆင် - ၂၁၇၀။ ရထား - ၂၁၇၀။ မြင်း - ၆၅၆၀။ ခြေသည် - ၁၀၉၃၅၀။ ပေါင်း ၂၁၇၀၀- သည် အက္ခောဘိဏီ သေနာဗျူဟ မည်၏ဟု ဆို၏။

(၅) မကြာမီခေတ်၌ကား ဆုတ်ကပ်ဖြစ်၍ လူတို့အသက်တို့ ဦးရေနည်း ပါးသောကြောင့် အက္ခောဘိဏီ တပ်ဖွဲ့ရာ အရေအတွက် အလွန်နည်းပါးလေသည်၊ ၎င်းပြင် ဆင် နည်းပါးသောကြောင့် စစ်အင်္ဂါလေးပါး ပြည့်စုံအောင်ပင် တပ်မစည်းကြပ်နိုင်ချေ။

အ,ကာလခါ၊ လည်သူမှာ၊ ၆-ဖြာ အပြစ်ရ။ ။သုတ်ပါဌေယျ။ပါ။ ၁၄၀။ ဋ္ဌ။၁၂၀-တို့၌ အကျယ်ရှု့။ အချိန်မဟုတ် မိုးချုပ်ညဉ့်နက်လှည့်ပတ်သွားလာသူများအား အပြစ် ခြောက်ပါး ရနိုင်ကြောင်းကို သိင်္ဂါလသုတ်၌ ဘုရားဟောတော်မူသည်၊ (၁) မိမိကိုယ်ကို မစောင့်ရှောက် မလုံခြုံဖြစ်စေ၏၊ (၂) မိမိသားမယားများကို မစောင့်ရှောက်, မလုံခြုံဖြစ်စေ၏၊ (၃) ပစ္စည်းဥစ္စာများ မလုံခြုံ. စောင့်ရှောက်မဲ့ ဖြစ်စေ၏၊ (၄) မကောင်းဆိုးဝ သူတပါးတို့၏ မယက်ဝမှု ခံရ၏၊ (၅) မဟုတ်မမှန် စွပ်စွဲ ခံရတတ်၏၊ (၆) ဆင်းရဒုက္ခအပေါင်းကို ခေါင်းဆောင် ခေါ်ယူရာကျ၏။

အ,ကုသလ ကမ္မပထတရား ၁၀-ပါး။ ။အပါယ်လားကြောင်းကရား ဆယ်ပါး။ ။၎င်းသရုပ် (ဒုစရိုက်တရားဆယ်ပါး) နှင့် တူ၏၊ မူလပဏ္ဏာသ ပါဠိတော်။ပ-အုပ်။၅၇။အဋ္ဌကထာ။ပ-အုပ်။၂၀၁-၌ အကျယ်ရှုပါ။

အကုသိုလ်စိတ် ၁၂-ပါး။ ။လောဘမူစိတ် ၈-ပါး၊ ဒေါသမူစိတ် ၂-ပါး၊ မောဟမူစိတ် ၂-ပါး၊ ပေါင်း ၁၂-ပါး- ဟူ၏။

http://www.dhammadownload.com

အကုသိုလ်စေတသိက် ၁၄-ပါး။ ။အကုသိုလ်စိတ်များနှင့်သာ ယှဉ်၍ဖြစ်သော စေတသိက်များ ဟူ၏၊ (၁) လောဘ = ဆာလောင်တွယ်တာ သာယာခင်မင်ခြင်း လက္ခဏာ၊ (၂) ဒေါသ = ကြမ်းတန်းပြစ်မှား နှိပ်စက်ဖျက်ဆီးခြင်း လက္ခဏာ၊ (၃) မောဟ = အမှန်တရားကို မသိခြင်း၊ (၄) အဟိရိက = မကောင်းမှုပြုရမှာ မရှက်ခြင်း၊ (၅) အနောတ္တပ္ပ = မကောင်းမှုပြုရမှာ မကြောက်မလန့်ခြင်း၊ (၆) ဥဒ္ဓစ္စ = ပျံလွှင့်တုန်လှုပ်ခြင်း၊ (၇) မာန = ငါကွ....ဟု ထောင်လွှားခြင်း၊ (၈) ဒိဋ္ဌိ = အမှားကိုအမှန်ဟုစွဲယူထားခြင်း၊ (၉) ဣဿာ = သူတပါးအား မလိုတမာ ငြူစူလာခြင်း၊ (၁၀) မစ္ဆရိယ = မိမိစည်းစိမ်ကို နှမြောဝန်တို မဆက်ဆံလိုလျက် ဖုံးဝှက်ကာထားခြင်း၊ (၁၁) ကုက္ကုစ္စ = ပြုပြီးသား အကုသိုလ်, မပြုလိုက်ရတဲ့ ကုသိုလ်တို့အတွက် နောင်မှ တ,ကာ ပူပန်လာခြင်း၊ (၁၂) ထိန = ကုသိုလ်ပြုရာ၌ စိတ်ခတ်လျှော့ပါး အားနည်းခြင်း၊ (၁၃) မိဒ္ဓ = ထိနကြောင့် ထိုင်းမှိုင်း ငိုက်မျဉ်း၍ လာခြင်း၊ (၁၄) ဝိစိကိစ္ဆာ = ကောင်းမှုကုသိုလ်တရား၌ ယုံရမှာလား? မယုံရမှာလား?ဟု သို့လော သို့လော တွေးတောယုံမှားခြင်းလက္ခဏာ ရှိ၏။

အကုသိုလ်မူလ တရား ၃-ပါး။ ။ဓမ္မသင်္ဂဏီ ပါဠိတော် ၂၀၅။ဌ။ ၃၀၈-၌ အကျယ်ရှု။ (၁) လောဘ၊ (၂) ဒေါသ၊ (၃) မောဟ၊ အကုသိုလ်ဟူသမျှ သူတို့လျှင် အရင်းမူလရှိ၏။

အကျင့်တရားမျိုး ၃-ပါး။ ။လောကသားတို့၏ ကောင်း,မကောင်း ကိုယ်ကျင့်တရား သုံးပါး ဟူ၏၊ (၁) ကာမသုခလွန်ကာနုယောဂ - လောကီစည်းစိမ်ကာမဂုဏ်အမျိုးမျိုးတို့ကို ခံစားပျော်ပါးနေမှု လက္ခဏာအချောင်သမားတို့ကျင့်စဉ်၊ (၂) အတ္တကိလမထာနုယောဂ-ကိုယ်ခန္ဓာဆင်းရဲပင်ပန်းကြောင်းအကျိုးမဲ့ ဒုက္ခခံမှု လက်ဝဲလမ်း ကျင့်စဉ်၊ (၃) မဇ္ဈိမပဋိပဒါ - အထက်ပါကျင့်စဉ် နှစ်ပါးတို့သို့ မလိုက်၊ အလယ်အလတ် ကောင်းမြတ်လော အရိယာတို့ကျင့်စဉ် လမ်းမှန်။

အကျိုးဆောင်သူ ၄-မျိုး။ ။မူလပဏ္ဏာသ ။ပ။ ပါ။ ၁၉၉။ဌ။ ဒု - ၄၂။ (၁) သူကျိုးမရှိ,ကိုယ်ကျိုးသက်သက်သာ ကျင့်ဆောင်သူ၊ (၂) ကိုယ်ကျိုးမပါ, သူ့အကျိုးသက်သက်သာ ကျင့်ဆောင်ပေးသူ၊ (၃) အတ္တ - ပရ နှစ်ဦးကျိုးအတွက် ကျင့်ဆောင်သူ၊ (၄) အတ္တ-ပရ နှစ်ဦးကျိုးပျက်အောင် ကျင့်ဆောင်သူ၊ ၁-နှင့် ၄-ကို ရှောင်ရမည် ဟူ၏။

http://www.dhammadownload.com

အကျိုးမဲ့ ပျော်မွေခြင်းမျိုး ၄-ပါး။ ။သုတ်မဟာဝဂါ။ ပါ။ ၁၁၈။ ဋ္ဌ - ၆၆။ ရဟန်းတော်များကို အဦးထား၍ ဟောကြားသည်၊ (၁) ကမ္မာရုမ တာ= ပရိယတ် ပဋိပတ် အားမထုတ်ပဲ အခြားအလုပ်၌သာ ပျော်မွေနေသူ၊ (၂) ဘဿာရုမ တာ = မဂ်ဖိုလ်၏ ဆန့်ကျင်ဘက် ဗကား ပြောခြင်းဖြင့် သာ ပျော်မွေနေသူ၊ (၃) နိဒ္ဒါရုမ တာ = အိပ်စက်ခြင်းဖြင့်သာ မွေလျော် နှစ်ခြိုက်နေသူ၊ (၄) သင်္ဃဏိကာရုမ တာ = တယောက်တည်း မနေတတ်ပဲ အပေါင်းအဖေါ်နှင့်သာ ပျော်ပိုက် နှစ်ခြိုက်နေတတ်သူ။

အကျိုးမဲ့ အလှူမျိုး ၅-ပါး။ ။အကျိုးမရှိ, မပေးလှူကောင်းသော အလှူမျိုး ငါးပါးဟူ၏၊ ၎င်းသရုပ် အဓိပ္ပါယ် အကျယ်ကို (မပေးလှူကောင်းသော ဒါနမျိုး ၅-ပါး) မှာ ကြည့်ပါ။

အကျော်မျိုး ၄-ပါး။ ။အချို့ ကျမ်းစာတို့၌ "အနှံမျိုး လေးပါး" ဟုလည်း ပညတ်တင်ကြသည်။ (၁)အကျော်၊ (၂)ပရုပ်၊ (၃) ဇလပ်၊ (၄)စန္ဒကူး။

အကျွမ်းမဝင်ရာသည် ၆-ပါး။ ။ဤ၌၌ လွယ်ကူစွာ ကျက်မှတ်နိုင်ရန် စာဏကျပ္ပါမှ ထုတ်ဖြေလိုက်သည်။ (၁) ခြင်္သေ့, သစ်, ကျား၊ သားရဲမျိုးတည့်၊ (၂)ချိုအားရှိလာ၊ သတ္တဝါနှင့်၊ (၃) ရေသာနက်တောင်း၊ မြစ်နှင့်ချောင်းတည့်၊ (၄, အပေါင်းမိန်းမ၊ ဟူသမျှနှင့်၊ (၅) ရာဇထွတ်တင်၊ရှင်ဘုရင်ဟု၊ (၆) လက်တွင်ကိုင်လာ၊ လက်နက်ပါသား၊ ခြောက်ဖြာအပြား၊ ဤသူ များတည့်။

အကျွမ်းမဝင်ရာသည် ၇-ပါး တနည်း။ ။သုဗောဓာလင်္ကာရကျမ်းမှ ယူဖြေသည်။(၁)ဣတ္ထိ-မိန်းမ၊ (၂) ဒုဋ္ဌန-သူယုတ်၊ (၃) ဝိသ-အဆိပ်၊ (၄) သိင်္ဂီ-ဦးချိုရှိ သတ္တဝါ၊ (၅) ရောဂ-ကူးစက်တတ်သော သူနာ၊ (၆) နဒီ မြစ်, ချောင်း,အိုင်၊ (၇) ရာဇကုလ-မင်းမျိုး ဟူ၏။

အကြီးကျယ်ဆုံး ပုဂ္ဂိုလ်ကြီး ၄-ယောက်။ ။စတုကဏ်တို့ရိ။ ပါ။ ၃၂၄။ ဋ္ဌ။ ၂၆၁။ (၁)ကိုယ်ခန္ဓာ အကြီးဆုံး အသူရိန် ခါ ရာဟုနတ်ကြီး၊ (၂)ကာမ ဂုဏ် ခံစားသူတို့တွင် မန္ဓာတုစကြာမင်း အကြီးကျယ်ဆုံး၊ (၃) အာဏာ လိုချင်သူ အုပ်စိုးသူတို့ဘွင် မာရ်နတ်ကြီး၊ (၄) လောကသုံးပါး၌ အတုမရှိ ကြီးကျယ်တော်မူသူကား မြတ်စွာဘုရား သခင် ဖြစ်၏။

http://www.dhammadownload.com

(၇) [အ + ကြ။ အ + ခ။ အ + ဂ]

အကြောင်းတရားကြီး ၄-ပါး။ ။လောက ၃-ပါးအား အမြဲအစဉ် ပြုပြင်စီမံနေသော အကြောင်းတရားကြီး လေးပါး၊ (၁) ကံ-သတ္တဝါတို့၏ ကောင်းသောအလုပ်နှင့် မကောင်းသောအလုပ်၊ (၂) စိတ်-သတ္တဝါတို့၏ ကောင်းသော စိတ်နှင့် မကောင်းသောစိတ်၊ (၃) ဥတု- အပူ, အအေး၊ ဆောင်း, နွေ, မိုးသ်း၊ (၄) အာဟာရ-စားသောက်ဟွယ်နှင့် နှစ်သက်တင်းတိမ်မှုမျှား။

အခါမဲ့ငြား၊ လည်ကြွားမှာ၊ ၆-ပါး အပြစ်ရ။ ။ဂုဏ်းအဖြေကို (အကာလခါ၊ လည်ဆူမှာ၊ ၆-ဖြာ အပြစ်ရ) ဟူသော အဓမ်းဥ ဆိုခဲ့ပြီ။

အခြင်းအရာ - ၂၀။ ။ယင်း ဝေါဟာရသည် ပဋိစ္စသမုပ္ပါဒ် တရားကို အကြောင်း အကျိုး ဝေဘန်သောအားဖြင့် ထင်ရှား ဖြစ်ပေါ်လာ၏။

(၁) အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ ဟူသော ရှေးအတိတ် အကြောင်း အခြင်းအရာတရား ငါးပါးကြောင့်–

(၂) ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဟူသော ယခုဘဝ ပစ္စုပ္ပန် အကျိုးတရား ခြင်းရာ ငါးပါးဖြစ်လာသည်။

(၃) တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ ဟူသော ယခုဘဝ မျက်မှောက် အကြောင်းတရား ခြင်းရာ ငါးပါးကြောင့်–

(၄) ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဟူသောနောင်ဘဝ အနာဂတ်အကျိုးခြင်းရာ ငါးပါး ဖြစ်ရဦးမည်။

မှတ်ချက်။ ။ဤသို့သျှင် အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးတစပ်၊ ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်အကြောင်း တစပ်၊ ပစ္စုပ္ပန်အကြောင် နှင့် အနာဂတ်အကျိုး တစပ်၊ ပေါင်း အစပ်သုံးပါး ဖြစ်သတည်း။

အဂတိတရား ၄-ပါး။ ။ဝိနည်းမဟာဝါ။ပါ။၃၉၅။ဌ။၄၀၂-၄၀၅။ တရား စီရင်ရာ ဘဏ္ဍာဝေဘန်ရာ စသည်တို့၌ မလားအပ်သည်သို့ လားခြင်း ၄-ပါးဟု ဆိုလိုသည်။ (၁) ဆန္ဒာဂတိ-ချစ်သဖြင့် မလားအပ်သည်သို့ လားခြင်း၊ (၂) ဘယာဂတိ-ကြောက်သဖြင့် မလားအပ်သည်သို့ လားခြင်း၊ (၃) ဒေါသာဂတိ-မုန်းသဖြင့် မလားအပ်သည်သို့ လားခြင်း၊ (၄) မောဟာဂတိ-တွေဝေမိန်းမောသဖြင့် အမှန်ကို မသိဘဲမလားအပ်သည်သို့ လားခြင်း။

http://www.dhammadownload.com

အဂမနီယ ဝတ္ထု-၂၀။ ။ယောကျ်ားတို့ မသွားလာ မမှီဝဲအပ်ယော မိန်းမမျိုး ၂၀-ဟူလို။ အဖြေကို (အုပ်ထိန်းခြင်း-၂၀) မှာ ရှုပါ။

အဂ္ဂ သာဝက ၄-ပါး။ ။အမြတ်ဆုံးသော တပည့်သာဝက ၄-ပါး၊ ဂေါတမ ဗုဒ္ဓ၏ လက်ဝဲတော်ခံ နှင့် လက်ျာတော်ရံများ၊ (၁) ရှင်သာရိပုတ္တရာ၊ (၂) ရှင်မောဂ္ဂလာန၊ ယောကျ်ားရဟန်း ၂-ပါး၊ (၃) ဥပ္ပလဝဏ်ဘိက္ခုနီ၊ (၄) ခေမာဘိက္ခုနီ၊ မိန်းမ ရဟန်းနှစ်ပါးတို့ ဖြစ်၏၊ အကျယ်ကို ဗုဒ္ဓဝံသ ၃၀၁-၌ ကြည့်ပါ။

အင်္ဂ မဂ် လေမျိုး ၁၁-ပါး။ ။အင်္ဂါအစိတ်အပိုင်းနှင့် သက်ဆိုင်သော ၎လေ့၊ ၎င်းအဖြေ (လေမျိုး - ၁၀ [ဂ] ပိုဒ်) ၌ ရှုပါလေ။

အင်္ဂ မဂ် ဝိကာရ လေမျိုး ၁၃-ပါး။ ။အင်္ဂါကြီးငယ်ကို ဖေါက်ပြန်စေတတ်သော လေများ၊ ၎င်းအစုဖြ (လေမျိုး - ၁၀ [ဆ] ပိုဒ်) ၌ ရှုပါလေ။

အဂ္ဂဏ္ဍရုနိကာယ် ၁၁-ကျမ်း။ ။၎င်းအဖြေ (နိကာယ် ၅ - ရပ် [ဃ] ပိုဒ်) ၌ ကြည့်ပါ။

အဇ္ဈတ္တသ အက္ခရာ ၁၁-လုံး။ ။ဂါထာ မန္တန် စသည်တို့၌ ညင်ညင် သာသာ ရွတ်ဖတ်ရလော သက္ကဋ္ဌကျမ်းလာ အက္ခရာများ။

က, ခ, စ, ဆ, ဋ, ဌ, တ, ထ, ပ, ဖ, သ, (သဒ္ဒါနည်း)၊

က, ဂ, စ, ဇ, ဋ, ဍ, တ, ဒ, ပ, ဗ, သ, (ဗျဥ္ဇနဗုဒ္ဓိနည်း)

အင်း, အိုင်, ခါးလွဲ, လေးဗွဲ, မန္တရားမျိုး ၇-ပါး။ ။ဘားနဒ် ပိဋကတိုက် လောကီ ပရပိုဒ်တစောင်မှ -

(၁) အင်း-အက္ခက်မှန်ချ၍ ဂဏန်းရေးသွင်းသော အရာဝတ္ထုကို ခေါ်ဆို သည်။

(၂) အိုင် - အက္ခက်မှန်ချ၍ စ-ဓ-ဗ-ဝ စသည့် အက္ခရာ ရေးသွင်းထားသည့် အရာကို ဆိုသည်။

(၃) ခါးလွဲ - ရွှေပြား ငွေပြား ထန်းရွက် ပေရွက် စသည်တို့၌ စာတန်း ရေး၍ ခါး၌ ပတ်စည်းရသည့်အရာကို ဆိုသည်။

http://www.dhammadownload.com

(၄) လက်ဖွဲ့ - အင်း, အိုင်, အပြားအချပ်ကို လိပ်၍ ခေါက်၍ ကြိုးဖြင့် ဖွဲ့ဆောင်ရသော အရာကို ဆိုသည်။

(၅) မန္တရား - သြောင်း အစထား၍ ရွတ်ဆိုမန်းမှုတ်ရသောအရာ၊ ဥပမာ- "သြောင်း ဒူရေ ဒူရေ သာဟ" စသည်မျိုး။

(၆) မန္တန် - ဥုံ အစခံ၍ ရွတ်ဆိုမန်းမှုတ်ရသည့် အရာမျိုး၊ ဥပမာ- "ဥစ္စာရစဟီကျ မေ မာတာ" စသည်မျိုး။

(၇) ဂါထာ - ဥုံ သြောင်း မပါသော ရွတ်ဆိုမှုမျိုး ပရိတ်ကြီးစသည်။

အင်းကန်းခြင်း ၇-ပါး။ ။အင်းဟုက်ထဲ၌ အင်းဆန်သွင်းသောအခါ အောက် ပါ အပြစ် ၇-ပါးကြောင့် အကျိုးခံစားခွင့် တန်ခိုးအာနိသင် မရှိ၊ အင်းသည် သူကန်းသဘွယ် ဖြစ်သွားသည် ဟူ၏။ (၁) နက္ခတ် မမှန်ခြင်း၊ (၂) အင်းဆန် ဂဏန်း အကွာရာ မမှန်ခြင်း၊ (၃) အင်းသွား အလှည့် မမှန်ခြင်း၊ (၄) အကွာရာ ဂဏန်း မညီ မတန်းခြင်း၊ (၅) ကိုယ်ဝန်ဆောင် မသန့်ရှင်းသူတို့ ကိုင်ခြင်း၊ (၆) အင်းချသူ၏ ကိုယ်လက် မသန့် ညစ်ပတ်ခြင်း၊ (၇) ဂါထာ ဗန္ဓ မမှန်ခြင်း။

အင်းကျိုးခြင်း ၇-ပါး။ ။အင်းချစဉ် အပြစ် ၇-ပါးကြောင့် အင်းကျိုးပျက် သွားသည် ဟူ၏။ (၁) လူ နေရာ ရွေ့ခြင်း၊ ဣရိယာပုထ် ပြောင်းလဲခြင်း၊ (၂) စကားပြောခြင်း၊ တေးသီ လေချွန်ခြင်း၊ (၃) လူးလည်း၍ စီရင်ခြင်း၊ (၄) စီရင် မပြီးမီ ထ၍ သွားခြင်း၊ (၅) အင်းအုံ ပြုတ်ခြင်း၊ (၆) စတုရန်း ၄-မျက်နှာ မျဉ်းမသားမီ အတွင်း မျဉ်းများကို သားခြင်း၊ (၇) အင်းပေါင် ရွေ့ခြင်း။

အင်းချသူ အင်္ဂါ ဂ-ပါး။ ။ဤအင်္ဂါ ဂ-ပါးနှင့် ပြည့်စုံမှသာလျှင် ထူးမြတ် လွန်ကဲသော အကျိုးကျေးဇူး ဂုဏ်ထူး လာဘ်မြတ်တို့ကို ပေးစွမ်းနိုင်သည် ဟူ၏။ (၁) မိမိ ပိရင်သော အင်းကို ယုံကြည် လေးမြတ်ခြင်း၊ (၂) ကောင်းသော အလိုဆန္ဒ ဝီရိယ ရှိရခြင်း၊ (၃) ကောင်းမှန်သော အသိဉာဏ် ရှိရခြင်း၊ (၄) အစီအရင်ကို အရိပ်ဖြင့် မကွယ်ရခြင်း၊ (၅) တစုံတခုသော ဒုဒိရကို မပိတ်ရခြင်း၊ (၆) စကားမပြောရ၊ အခြားသို့ လှည့် မကြည့်ရခြင်း၊ (၇) မပြီးခင် ခေတ္တခဏမျှ ထ၍ မသွားရခြင်း၊ (၈) မိမိစီရင်နေသော အင်းမှ တပါးသို့ အာ၌များကို မအောက်မေ့ မတွေးတောရခြင်း။

http://www.dhammadownload.com

အင်းဗေါက်ခြင်း ၇-ပါး။ ။ပေါက်ထွက်နေသော အင်းကား တန်ဖိုးမရှိဟူ၏၊ (၁)အင်းပေါက်ချင်း မထိစပ်ခြင်း၊ (၂)အင်းပေါင် အင်းကွက်ကို မျဉ်းဖောက်ထွက်နေခြင်း၊ (၃) အင်းချ မမှန်ခြင်း၊ (၄) အင်းပေါင်နှင့် အင်းဆန် ထိစပ်နေခြင်း၊ (၅) ဂဏန်းထောင့် မကိုက်ခြင်း၊ (၆) အကွရာ မပြီသ မမှန်ခြင်း၊ (၇) အင်းကွက်ချ မညီခြင်း။

မှတ်ချက်။ ။အင်းကွက်ကို ဝက်ခေါင်းထိုးလျှင် ကိုက်နေရမည်ဟူ၏။

အင်း 'နဝ'ဖို့တည်၊ အဝပြည်၊ ၉-မည် အင်းတို့ အဘယ်နည်း?။ ။သဘင်ဝန်ဦးသော် မေးရှိ တောင်ဖီလာ ဆရာတော် ဖြေ မှတ်တန်းကဗျာနှင့် အင်းဝမြို့ ဓာတ်ပေါင်းမဋ္ဌုဘုရား ကျောက်စာတော်တို့မှ ထုတ်ယူ ဖြေကြားလိုက်သည်၊ ထိုမြို့ကို သက္ကရာဇ် ၇၂၄ - ခုနှစ်တွင် သတိုးမင်းဖျားက အောက်ပါ အင်းများကို ဖြည့်ဖို့ တည်ထောင်သည် ဟူ၏၊ (အင်းနဝ, အင်းဝ၊ ယခုသော် အဝ) ခေါ်ကြသည်။ (၁) ရွှေကြာပင်အင်း၊ (၂) ဇနီအင်း၊ (၃) ညောင်စောက်အင်း၊ (၄) ဝက်ချေးအင်း၊ (၅) အုန်းအင်း၊ (၆) အင်းမ အင်း၊ (၇) လင်းစံအင်း၊ (၈) ဘေးမဲ့အင်း၊ (၉) ဝမ်းဘဲအင်း။

အငြိမ့်ကျိုး ၆-ပါး။ ။ငြိမ့်ညောင်းသာယာသော မြန်မာ့ ပန်တျာမျိုး ၆-ပါး၊ (၁) စောင်း၊ (၂) ငြင်း၊ (၃) မိကျောင်း၊ (၄) အောင်းကလေး၊ (၅) ပတ္တလား၊ (၆) တရော၊ ရာဇဝင်ကြီး။

မဃဒေဝ လင်္ကာဌ် "စောင်း, ငြင်း, မိကျောင်း၊ အောင်း, ပတ္တလား၊ တရော အားဖြင့် ခြောက်ပါးငြိမ့်မျိုး နာဘွယ်ပျိုးသား"ဟု စပ်ဆိုသည်။

အစပ် ၃-ပါး။ ။အဘိဓမ္မာ ပဋ္ဌိစ္စသမုပ္ပါဒ် ဝေါဟာရဖြစ်သည်၊ အဖြေကို (အခြင်းအရာ - ၂၀)၌ ကြည့်ပါလေ။

အစပ် ၆-ပါး။ ။ရှေးကဝိစာဆိုတို့ စပ်ဆိုသီကုံး ဖော်ပြလေ့ရှိသော ဇလးလုံး တပိုဒ် ကဗျာလင်္ကာ စပ်နည်းများ–

(၁) သတ်စေ့နှက် သုံးချက်ညီခေါ် သုံးပိုဒ်တွင် ကာရန်သတ်ပုံ သုံးချက်ညီအောင် စပ်နည်း၊ ဥပမာ– ပြည်သာနိဗ္ဗာန်၊ ရှိသင့်တန်ဟု၊ ဇကန်တိတိ။ ။သုံးဘော်လူ့ထံ၊ တည်ပွဲခံအံ့၊ ကြံသားခပင်း။ ။

http://www.dhammadownload.com

(၂) ချိန်ခွင်လျှာခေါ် သုံးပိုဒ်တွင် အလယ်ပိုဒ်၏ ကာရန်သတ်ပုံနှင့် ဘေးပိုဒ်တို့၏ ကာရန်သတ်ပုံများ ကွဲလွဲသောစပ်နည်း၊ ဥပမာ– ကျေးဇူးနက်တိမ်၊ သူ့အားချိန်၍၊ မွေ့သိမ်ညှဉ်း။

(၃) ဦးတိုက်ခေါ် နှစ်ပိုဒ်တွင် ရွှေပိုဒ်အဆုံးနှင့် နောက်ပိုဒ် အစတို့ကို ကာရန်သတ်ပုံညီထား၍ စပ်နည်း၊ ဥပမာ– စောထီးမုနိန့်၊ **မိန့်စဲ့** သောတိုင်း။

(၄) ဘီလူးရယ်ခေါ် နှစ်ပိုဒ်တွင် ရွှေပိုဒ် စတုတ္ထအက္ခရာနှင့် နောက်ပိုဒ် တတိယ သို့မဟုတ် ဒုတိယအက္ခရာတို့ကိုဖြစ်စေ၊ ရွှေပိုဒ် တတိယ အက္ခရာနှင့် နောက်ပိုဒ် ဒုတိယအက္ခရာတို့ကိုဖြစ်စေ ကာရန်သတ်ပုံ ညီထား၍ စပ်နည်း၊ ဥပမာ– မာရ်နှိပ်ဆုံးရပ်၊ ရှော်ပြည်ခပ်ရှင့်။ ။ မျှားလှတ္တက်ကိန်း၊ သုံးသိန်းငါးသောင်း။ ။ညိုပြာမွှေတ်သည်၊ ဖက်ဆွတ်လေလော။

(၅) ထိပ်ချင်းခတ်ခေါ် နှစ်ပိုဒ်တွင် ရွှေပိုဒ် တ,သတ် န,သတ် က,သတ် ကာရန်တို့ကို နောက်ပိုဒ် ပ,သတ် မ,သတ် နိဂ္ဂဟိတ် ကာရန်တို့ဖြင့် ဟပ်၍ စပ်နည်း၊ ဥပမာ – သက္ကသူရိန်၊ စည်းစိမ်သခင်။

(၆) ထိပ်ချင်းချွတ်ခေါ် နှစ်ပိုဒ်တွင် ရွှေပိုဒ် ပ,သတ် မ,သတ် နိဂ္ဂဟိတ် ကာရန်တို့ကို နောက်ပိုဒ် တ,သတ် န,သတ် က,သတ် ကာရန်တို့ဖြင့် ဟပ်၍စပ်နည်း၊ ဥပမာ– လေးဆယ့်ကိုးလုပ်၊ မယုတ်အင်ပြည့်။

မှတ်ချက်။ ။ ယင်း ဖစပ်ခြောက်ပါး အခေါ်အဝေါ်နှင့် ကာရန်သတ်ပုံ လွဲစပ်နည်းတို့ကို နောက်ဆရာကြီးတို့ ပယ်ချေသည်။

အစလ စေတီတော်ကြီး ၄-ဌာန။ ။ဂုဏ်းသရုပ် (အ ဝိဇ္ဇာဓိတ ဌာနကြီး ၄-ပါး)၌ ရှုပါ။

အစားကြီးသူ ၅-ယောက်။ ။သုတ်မဟာဝါ အဋ္ဌကထာ ၃၇၀-၌ အကျယ် ရှု။ (၁) အာဟာရ ဟတ္ထက = စားပြီးနောက် လက်ဆွဲထူပေးရသူ၊ (၂) တတြ ဝဋ္ဋက = စားသည့်နေရာ၌ပင် လဲနေသူ၊ (၃) အလံ သာဋ္ဌက= ပုဆိုးမဝတ်နိုင်အောင် စားသူ၊ (၄) ကာက မာသက= ပါးစပ်ထဲ ကျီးနို့က်စားနိုင်အောင် စားသူ၊ (၅) ဘုတ္တဝမ်ိတက = စားပြီးပြီးခြင်း ထိုးအန်ရအောင် စားသူ။

http://www.dhammadownload.com

အစားကြူးသူ ၅-မျိုး။ ။ငင်းသရုပ် (အစားကြီးသူ ၅-မျိုး)၌ ပြခဲ့ပြီ။

အ စိန္တေယျ ၄-ပါး။ ။သုတ်သိလက္ခဏာ အဋ္ဌကထာ ၂၃-၌ အကျယ်ရှုပါ။ မကြံစည် မယုံမှားအပ်သော တရားလေးပါး- ဣမာနိ အစိန္တိယာနိ အစိန္တေန္တော ဥမ္မာဒဿ ဝိဃာတဿ ဘာဂီဟောတိ - ဤလေးပါးတို့ကို ကြံစည်သောသူအား ရူးသွပ်ခြင်း ဖောက်ပြန်ခြင်း အဖြစ်ရှိ၏ ဟူလို။ (၁) ဗုဒ္ဓဝိသယော အစိန္တိယော- ဘုရား၏ အာရုကို မကြံစည်အပ်၊ (၂) ဈာနဝိသယော အစိန္တိယော - ဈာန် တန်ခိုး၏ အာရုကို မကြံစည်အပ်၊ (၃) ကမ္မဝိပါကော အစိန္တိယော- ကံ၏ အကျိုးကို မကြံစည်အပ်၊ (၄) လောကသဏ္ဌာနော အစိန္တိယော-လောကဓာတ် တည်ခြင်းကို မကြံစည်အပ်။

အစေးမျိုး ၅-ပါး။ ။ဘယဆေးကျမ်း ဝေါဟာရ။ (၁) ပညောင်စေး၊ (၂) သဖန်းစေး၊ (၃) ဗောဓိညောင်စေး၊ (၄) ညောင်ကျပ်စေး၊ (၅) ညောင်ချဉ်စေး။

အဓွန်း ၃-ပါး၊ ကင်းလွတ်ငြား၊ သားငါး စားရန်အပ်။ ။ရဟန်းတော်များသည် အဓွန်းသုံးပါးမလွတ်သော သားငါးတို့ကို စားသောက်ကောင်းသည်ဟု ဘုရားရှင် ခွင့်ပြုတော်မူ၏၊ အဓွန်း ၃-ပါးကား- (၁) ဒိဋ္ဌ-မိမိ အကဲ့က် ရည်စူး၍ သတ်ဖြတ်နေသည်ကို ကိုယ်တိုင်မြင်ရခြင်း၊ (၂) သုတ-မိမိအတွက် ကြက်ပက်စသည်တို့ကို သတ်ဖြတ်နေကြောင်းဖြင့် ကြားသိရခြင်း၊ (၃) ပရိသင်္ကိတ- တိုသားငါးအတွက် သင်္ကာမကင်းရှိနေခြင်း မျိုး။

အဆင်းတန်းဆာ၊ ဆင်ရာအပြား၊ ၁၄-ပါး၊ ကျမ်းများ မည်သို့မိန့်သနည်း ? ။ ။စိန္တကျော်သူ ဦးညြရေး ညြဝါဒထူး ပျို၌၌ ဤသို့မိန့်၏၊ တဆယ့်လေးဖြာ၊ ဆင်းတန်းဆာကား (၁) ရာဇာဘုန်းရှိ၊ ပြည်လုံးမိုးကို၊ နီတိကျမ်းလျှင်၊ တန်းဆာဆင်၏၊ (၂) ဂုဏ်အင်အထူး၊ ကျေးဇူးရှိသူ၊ ထိုထိုလူကို၊ မပြုဒေါသ၊ မာန်မထား၊ နှိမ့်ချခြင်းလျှင်၊ တန်းဆာဆင်၏၊ (၃) ရွှမဲသွင်ပျိုထွား၊ မိန်းမအားမူ၊ တည်ငြားစောင့်ရှောက်၊ ယုင်းမဖောက်ဘဲ၊ ရှက်ကြောက်ခြင်းလျှင်၊ တန်းဆာဆင်၏၊ (၄) လင်နှင့်မယား၊ သူစိုးအားမူ၊ မုန်းထားမလို၊ ချစ်ကြည်ညို၍၊ လူဗိုလ်ထက၊ ရှိသေရာသည်၊ သစ္စာခိုင်ကျည်၊ တည်ကြည်ခြင်းလျှင်၊ တန်းဆာဆင်၏၊

http://www.dhammadownload.com

(၅) ဝန်းကျင်သာကျယ်၊အိမ်မှာဝယ်ကား၊ သူငယ်သာလျင်၊တန်းဆာဆင်
၏၊ (၆) ကျယ်မြင်နှံ့သိ၊ ပညာရှိမူ၊ ကဝိပျူငှါ၊ ဆန်းဂါထာနှင့်၊ ကဗျာ
သံချို၊ ဖွဲ့ဆိုခြင်းလျင်၊ တန်းဆာဆင်၏၊ (၇) နွားတ်မင်္ဂလာ၊ စကားမှာ
ဂုဏ်၊ အသာ အချို၊ သူနာလိုအောင်၊ မိန့်ဆိုခြင်းလျင်၊ တန်းဆာဆင်
၏၊ (၈) သန့်စင်ကြည်ဖြူ၊ ကိုယ်ကိုမူကား၊ ဆန့်မြူခြမ်းမျှ၊ ဒေါသမသင့်၊
အကျင့်သီတင်း၊ ကောင်းခြင်းသည်လျင်၊ တန်းဆာဆင်၏၊ (၉) ယွယ်
အင်လွန်သူ၊ မိန်းမမူကား၊ မူယူဆိတ်ငြိမ်၊ မွေ့သိမ်ခြင်းလျင်၊ တန်းဆာ
ဆင်၏၊ (၁၀) ပျော်ရွှင်စလို၊ နှလုံးကိုမူ၊ ကုသိုလ်ကောင်းမှု၊ မကောင်းမှု
ဟု၊ နှစ်ခုရောရာ၊ အာသာ စုံမက်၊ နှစ်သက် မူးမော်၊ မွေ့လျော်ခြင်း
လျင်၊ တန်းဆာဆင်၏၊ (၁၁) ဂုဏ်အင်မချို၊ ရဟန်းတို့မူ၊ နောင်ဘို
ရွယ်ရည်း၊ သည်းညည်းခံချုပ်၊ ကြည်ဘွယ် လုပ်သား၊ သာရုပ္ပလျင်၊
တန်းဆာဆင်၏၊ (၁၂) အားအင်ထက်မြန်၊ စွမ်းသန်သည်၊ ထိုထိုလူကို၊
မယူရန်တုံ့၊ မလုံ့ရန်ကြင်း၊ သည်းခံခြင်းနှင့်၊ မပျင်းကြိုးကုတ်၊ အား
စုတ်စုတ်တိ၊ တုတ်ဝပ်ခြင်းလျင်၊ တန်းဆာ ဆင်၏၊ (၁၃) လူတွင်အိမ်
ရာ၊ ထောင်သူမှာကား၊ ဥစ္စာ ရွှေငွေ၊ ဆန်ရေ စပါး၊ ကျွဲနွားကျွန်ကျေး၊
သားမြေးကုံလုံ၊ ပြည့်စုံခြင်းလျင်၊ တန်းဆာဆင်၏၊ (၁၄) ကျယ်မြင်
ပညာ၊ သူကောင်းမှာကား၊ ပါယ်ရွာကြောက်ရွက်၊ ရမက်ဆွံ့ရွား၊စကား
မယွင်း၊ မှန်ခြင်း သည်လျင်၊ တန်းဆာဆင်သည်... လူတွင် နိမ့်မြင့်
သို့မှတင့်။

အဆင်းလှစွာ၊ ကြောင်း ၃-ဖြာ၊ လှောင်းလျှာအသို့ ကျင့်သနည်း? ။ ။
အလောင်းတော်မြတ် တေမိယဇာတ်၌ တျင့်ပုံကား- (၁) အတိတ် နာနု-
သောစာမိ- လွန်ပြီးအမှု ဒုစရိုက်စုကိုလည်း မတွေးတော မစိုးရိမ်၊ (၂)
နာနုသောစာမိ နာဂတ်-နောင်ခါ စားပတ်နေရေးကိုလည်း မတွေးဆ
မပူပန်၊ (၃) ပစ္စုပ္ပန္နေန ယာပေမိ- မျက်မှောက် ကျပန်းဖြင့်သာ
မကောင်းမှု ရှောင်လွှဲကာ ချမ်းသာစွာ ရောင့်ရဲခဲ့၏၊ တေန ဝဏ္ဏော
ပသီဒတိ- ဒါကြောင့် ငါ့ရုပ်ဆင်းဝါ လွန်စွာ ကြည်လင်လှပ၏။

အဆောင်ရ မိဖုယား ၄-ပါး။ ။မြန်မာ ဘုရင်များ၏ မိဖုယားမျိုး ရှစ်ပါး
ထည်းတွင် အဆောင်ပိုင်ရသော မိဖုယားများမှာ (၁) မြောက်ဆောင်
တော် မိဖုယား၊ (၂)တောင်ဆောင်ဓတော် မိဖုယား၊(၃)မြောက် ရွှေရေး
ဆောင် မိဖုယား၊(၄)တောင် ရွှေရေးဆောင် မိဖုယား။

http://www.dhammadownload.com

အဗ္ဘာသယကြီး ၆-ပါး။ ။ဘုရားလောင်းတို့ အလိုတော်မြတ်ကြီး ၆-ပါး၊ ဤ ၆-ပါးနှင့်ပြည့်စုံမှ ဘုရားအဖြစ်ကို ရယူနိုင်သည်၊ စရိယာပိဋကအဋ္ဌကထာ ၈၂၀-၌ အကျယ်ရှု။ (၁) နေကွမဇ္ဈာသယ-တောထွက်လိုခြင်း၊ (၂) ပဝိဝေကဇ္ဈာသယ-အဝေဝ် မမှီး တကိုယ်တော်တည်းသာ ဆိတ်ငြိမ်ရာ၌ နေလိုခြင်း၊ (၃) အလောဘဇ္ဈာသယ-လောဘ မရှိခြင်းကို လိုခြင်း၊ (၄) အဒေါသဇ္ဈာသယ-ဒေါသ မရှိခြင်းကို လိုခြင်း၊ (၅) အမောဟဇ္ဈာသယ-မောဟ မရှိခြင်းကို လိုခြင်း၊ (၆) နိဿရဏဇ္ဈာသယ-ဘုံသုံးပါးမှ လွတ်ကင်းလိုခြင်း။

အဇ်ဏ္ဏလေမျိုး ၁၂-ပါး။ ။ဝမ်းကို ဒုက္ခပေးတတ်သော လေမျိုး၊ ၎င်းအဖြေ(လေမျိုး ၈၀ [၁]ပိုဒ်)၌ ရှုပါလေ။

အဥ္ဇလီ ၅-သွယ်၊ သိမှတ်ဘွယ်၊ ကျမ်းဝယ်မည်သို့ ရှိသနည်း? ။ ။ဝိနည်းပိဋကတော် ပရိဝါကျမ်းမြတ်၌ ဤသို့လာရှိ၏။ (၁) ဖျင်, ပုဆိုးတပက်, ပုဝါကို လက်ကန်တော့ တင်ခြင်း၊ (၂) လက်ဖျံပ်ချိမိုးခြင်း, ရှိခိုးခြင်း၊ (၃) လက်ဖဝါး နှစ်ဖက်တို့ဖြင့် ကြီးမြတ်သူ၏ ခြေကိုကိုင်တွယ်ခြင်း၊ (၄) ချစ်ခင်သော မေတ္တာ ရှေသွားရှိခြင်း၊ (၅) ရိုသေလေးမြတ်သော စိတ်ထားရှိခြင်း။

အဋ္ဌကထာကြီး ၈-ကျမ်း။ ။၎င်းကျမ်းအမည်များကို ဝိနည်း ။၌။ ပ-အုပ် ။၂။ သာရတ္ထ၊ ပ-အုပ်၊ ၁၇၊ ၁၉၊ ၂၀၊ ၂၃။ ဝိမတိ၊ ပ-အုပ်၊၅၊ ၆။ ဝဇိရဗုဒ္ဓိ-၁၈- စသည်တို့၌ ကြည့်ပါ၊ နာမည်ကျော်ဟိုးသော ရှေးဟောင်းအဋ္ဌကထာကြီး ၈-ကျမ်း ဟူ၏၊ သီဟိဠ်ဘာသာနှင့်ရှိသည်။ (၁) မဟာအဋ္ဌကထာ၊ (၂) မူလ ဘဋ္ဌကထာ၊ (၃) မဟာပစ္စရီ အဋ္ဌကထာ၊ (၄) စူဠ အဋ္ဌကထာ၊ (၅) ကုရုန္ဒီ အဋ္ဌကထာ၊ (၆) အန္ဓက အဋ္ဌကထာ၊ (၇) သခေ်ပ အဋ္ဌကထာ၊ (၈) အရိယ အဋ္ဌကထာ။

အဋ္ဌင်္သီလ=ရှစ်ပါးသီလ။ ။အင်္ဂုတ္တရ ပါဠိတော် ၇၉။ ၌ ၂၃၃-၌ အကျယ်ရှု။ (၁) ပါဏာတိပါတာ ဝေရမဏိ၊ (၂) အဒိန္နာဒါနာ ဝေရမဏိ၊ (၃) အဗြဟ္မစရိယာ ဝေရမဏိ၊ (၄) မုသာဝါဒါ ဝေရမဏိ၊ (၅) သုရာမေရယ မဇ္ဇ ပမာဒဋ္ဌာနာ ဝေရမဏိ၊ (၆) ဝိကာလဘောဇနာ ဝေရမဏိ၊ (၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ

http://www.dhammadownload.com

မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိ၊ (၈) ဥစ္စာသယန မဟာသယနာ ဇေဏုမဏီ သိက္ခာပဒံ သမာဒိယာမိ။

အဋ္ဌဇယ မင်္ဂလာ ဂ-ပါး။ ။အချို့ဆရာတို့က "အောင်ခြင်းရှစ်ပါး" ကိုပင် အဋ္ဌဇယ မင်္ဂလာ ရှစ်ပါးဟု ခေါ်ဆိုကြသည်၊ အဖြေ (အောင်ခြင်း ဂ-ပါး)၌ ကြည့်ပါ။

အဋ္ဌာရသ သိပ္ပ။ ။တဆယ့်ရှစ်ရပ်သော အတတ်ပညာမျိုး ဟူလို၊ ယောကျ်ားတို့အတတ် (၁၈) ရပ်လည်း ဟူ၏၊ ၎င်း (၁၈) ရပ်သော် အတတ်တို့ကို သက္ကဋ္ဌကျမ်း၌ တမျိုး၊ မိလိန္ဒပဉ္ဉာပါဠိတော်၌ တဖုံ၊ လောကနီတိကျမ်းက တဖြာ၊ ဤသို့ အနည်းနည်း လာရှိကြရာ ကျွန်ုပ်တို့အဖို့လည်း သုတကာမီများ အတွက် အသီးသီး ဆက်လက်ဖော်ပြဘို့ ဝတ္တရားရှိလေ၏ဟုဆည်၊ အဋ္ဌာရသ သိပ္ပ၊ အဋ္ဌာရသ ဝိဇ္ဇာ ဟူ၍ ပါဠိ သုံးနိုင်ကြ၏။ (၁) ဇာပွ-တာခုသော ဗေဒင်၏ အခက်အလက် သာခါကျမ်း၏ အထူးထူးသော အပိုင်း၌ ဆိုအပ်သော မန္တန်နည်းအားဖြင့် သိအပ်သော သာခါတပါး၌၌ တည်သော မန္တန်တို့အား သုံးစွဲပုံ အစီအရင်ကို ပြသော "ဗောခာယန" စသော ရသေ့တို့ စီရင်အပ်သော ကျမ်းအတတ်၊ (၂) ဗျာကရဏ-ပါဏိနိ စသော သဒ္ဒါကျမ်းအတတ်၊ (၃) ဇောတိသတ္ထ-ဂြိုဟ် နက္ခတ်တို့၏ အသွားအလာ သဂွပ်သဏ္ဌာန်နှင့် တကွ အကောင်း အဆိုးကို ပြဆိုသော ကျမ်းအတတ်၊ (၄) သိက္ခာ-ဆရ, ဗျည်း, ဌာန်, ကရိယ်း, ပယတ်တို့ကို ပြဆိုသော ပါဏိနိ သိက္ခာ, နာရဒသိက္ခာ စသော ကျမ်းအတတ်၊ (၅) နိရုတ္တိ- ဝဏ္ဏာဂမ စသော လက္ခဏာငါးပါးတို့ဖြင့် ပကတိ ပစ္စယတ္ထ နိဗ္ဗစနတ္ထ တို့ကို ပြဆိုသော ဗျာကရဏ ပရိသိဒ္ဓဟု ဆိုထိုက်သော ယာသကာ ရသေ့ စီရင်သော ကျမ်းအတတ်၊ (၆) ဆန္ဒေါ-ဂီစီတိ ဇဂတီ စသော ဆန်းတို့ကို ပြဆိုသော ပိင်္ဂလ စသော ကျမ်းအတတ်၊ (၇) သာမ-သာမ ခေါ် ဗေဒင်ကျမ်းအတတ်၊ (၈) ယဇု-ယဇု ခေါ် ဗေဒင်ကျမ်း အတတ်၊ (၉) ဣရု-ဣရု ခေါ် ဗေဒင်ကျမ်းအတတ်၊ (၁၀) အာထဗ္ဗဏ-အာထဗ္ဗဏ ခေါ် ဗေဒင်ကျမ်းအတတ်၊ (၁၁) မီမံသာ-ကံ၏ အကြောင်း အရာတို့ကို စိစစ်၍ ဆုံးဖြတ်သော ဇေမိနိရသေ့ စီရင်သော ပုဗ္ဗမီမံသာဟု ထင်ရှားသောကျမ်း၊ ပြဟ္မာ၏ အကြောင်း အရာကို စိစစ်၍ ဆုံးဖြတ်သော 'ဗေဒန္တ'ဟု ထင်ရှားသော ကျမ်းစုအတတ်၊ (၁၂) ရာဇယ-ဇေ ဒါဒမစသော ရသေ့တို့ စီရင်အပ်သော တောက်ကျမ်း အမျိုးမျိုး အတတ်၊ (၁၃) ဓမ္မသတ္ထ-

http://www.dhammadownload.com

အမျိုးလေးပါးတို့၏ အကျင့်တရား စသည်ကို ပြဆိုသော မနုစသော ရသေ့၊ မင်းတိုင်ပင် အမတ်ပညာရှိတို့ စီရင်အပ်သော ဖြတ်ထုံးဥပဒေ ကျမ်းအတတ်၊ (၁၄) ပုရာဏ- ရှေးဟောင်း အကြောင်းအရာတို့ကိုဆိုသော ပုရာဏ် ကျမ်းစာအတတ်၊ (၁၅) အာယုဗေဒ- ဤရွှေဗေဒင်၏ ဥပဒေဖြစ်သော ဆေးပညာကျမ်းအတတ်၊ (၁၆) ဓနုဗ္ဗေဒ-လေး, ဓား, လုံစသော လက်နက်တို့ကို ပစ်လွှင့်ထိုးခုတ်ခြင်းတို့ကို မန္တန်နှင့် ဟက္ကပြသော ယဇုဗေဒင်၏ ဥပဒေဖြစ်သော ကျမ်းအတတ်၊ (၁၇) ဂန္ဓဗ္ဗဗေဒ-သံ့ဆို့တီး,မှုတ်ခြင်း အမျိုးမျိုးတို့ကို ပြသော သာမ ဗေဒင်၏ ဥပဒေဖြစ်သော သင်္ဂီတ ကျမ်းအတတ်၊ (၁၈) အတ္ထသတ္ထ- ဥစ္စာစည်းစိမ် ရကြောင်း ဂိုမ်မာယဉ်ကျေးကြောင်း ဖြစ်သော နီတိကျမ်းအတတ်။ (သက္ကဋ္ဌ ဗိသဏုပုရာဏ်)

အဋ္ဌာရသ သိပ္ပမျိုး။ ။(၁) သုတိ-ဗေဒင် ၄- ပုံကျမ်း အတတ်၊ ကျိုင်္ဒဗေဒင် လေးပုံဟော "ဆရွတိ" ဟူသော သကဋ္ဌ သဒ္ဒမှ "သုတိ" ဖြစ်လာ၏၊ (၂) သမုတိ-ဓမ္မသတ်ကျမ်းအတတ်၊ "ဆမရွတိ"ဟူသော သကဋ္ဌဘာသာမှ ဖြစ်လာသည်၊ (၃) သခ်္ခ-သတ္တဝါ၏ နိစ္စ, အတ္တ, ထာဝရ,ပကတိ ဟုခေါ်ဝေါ်သော သဘောတရားတို့ကို ပြသည့် ကပိလရသေ့၏ သခ်္ခအတတ်၊ (၄) ယောဂ-သတ္တဝါတို့ ဝိညာဉ်နှင့် ထာဝရဗြဟ္မာကြီး၏ဝိညာဉ် ပေါင်းဆုံမိကာ မမြဲမသေ တည်နေနိုင်ရန် နည်းလမ်းပြသော ပါတဉ္ဇလိ ရသေ့၏ ယောဂ ကျမ်း အတတ်၊ (၅) နီတိ-လူတို့ လိုက်နာ ကျင့်ဆောင်ကြရန် လောကဝတ်တို့ကို ညွှန်ပြသော နီတိ ကျမ်းစု အတတ်၊ (၆) ဝိသေသိကာ- သတ္တဝါ, ပေါကတို့သည် နိစ္စထာဝရရှိနေပုံနှင့် မမြင်နိုင် အောင် သေးငယ်သော အနုမြူဓာတ်မှုန်တို့၏ ပေါင်းဆုံမိသောကြောင့် သတ္တဝါ, လောက ဖြစ်ပေါ်လာကြပုံတို့ကို ပြဆိုသော ကဏာဒရသေ့ တည်ထွင်ခဲ့သည့် ဝိသေသိက အတတ်၊ (၇) ဂန္ဓဗ္ဗ-ဝါ, ဂီ, နစ်အတတ်၊ (၈) ဂဏိတာ-ဂဏန်းသခ်္ခာ, အင်္ဂဏာ သခ်္ခာ အတတ်၊ (၉) ဓနု-လေးပစ်အတတ်၊ (၁၀) ပုရာဏ-ရှေးစကားဟောင်း ပုရာဏ်ကျမ်းအတတ်၊ (၁၁) ဇောတိသတ္ထ-နက္ခတ်ကျမ်း အတတ်၊ (၁၂) ဤတ်ဟာသ-ရှေးပညာရှိတို့ ဖွဲ့ဆို စီကုံးထားကြသည့် ဟိန္ဒူတို့ အလေးအမြတ်ပြုသော မဟာဘာရတ စသည့် ကျမ်းစာအတတ်၊ (၁၃) ထိကိစ္ဆာ-ဆေးကုအတတ်၊ (၁၄) မာယာ-လှည့်ပတ်ဖြားယောင်းမှု အတတ်, မျက်လှည့် အတတ်၊ (၁၅) ဆန္ဒတိ-ဆန်းကျမ်း အတတ်၊ (၁၆) ကောတ္တုဟ-အလင်္ကာကျမ်း

http://www.dhammadownload.com

အတတ်၊ (၁၇) သဒ္ဒါ-ကာတန္တြစသော သဒ္ဒါကျမ်းအတတ်၊ (၁၈) မန္တာ-ဂါထာမန္တန် မန်းမှတ်မူအတတ်။ (ပေါရာဏဒီပနီ။)

တနည်း။ ။(၁) သုတိ-အကြားအမြင် အတတ်၊ (ဗေဒင်အတတ်) (၂) သမ္မုတိ- ဓမ္မသတ် ဥပဒေအတတ်၊ (၃) သခ်္ခ်ာ- ဂဏန်းသခ်္ခ်ာ အတတ်၊ (သတ္တဗေဒအတတ်) (၄) ယောဂါ-တံစဉ်း, စူး, ဆောက် အတတ်၊ (ရုပ်နှင့် ဇီဝ အတတ်၊) (၅) နီတိ-နီတိကျမ်း အတတ်၊ (၆) ဝိသေသကာ- ယာယီ ယတြာစသော ဗျာကရိဏ်းကျမ်းအတတ်၊ (ကလာပ် စည်းအတတ်) (၇) ဂန္ထဗ္ဗာ-စောင်း ငြင်းစသော ကဗျာလင်္ကာအတတ်၊ (၈) ဂဏိကာ-လက်ဆစ်ချိုး ရေတွက်ခြင်း အတတ်၊ (ဂဏိတအောမက်ထရိ အတတ်) (၉) ဓနုဗေဒါ-မှုးလေး လင်းလေး အတတ်၊ (၁၀) ပုရာဏာ- ရှေးဟောင်း နောက်ဖြစ် စကားအတတ်၊ (၁၁) တိကိစ္ဆာ- ဆေးပေး ဆေးကုအတတ်၊ (၁၂) ဇ္ဈတ်ဟာသာ- ရယ်ရွှင်မှုအတတ်၊ (ပုံဝတ္ထုပြော အတတ်) (၁၃) ဇောတိ-ဟူးရူး နက္ခတ်အတတ်၊ (၁၄) မာယာ- လှည့်ပတ်တတ်သော အတတ်၊ (မျက်လှည့်အတတ်) (၁၅) ဆန္ဒ- ဆန်း ကျမ်း အတတ်၊ (၁၆) ကေတု-သံတမန် အတတ်၊ (စကားပြောကောင်း ကဗျာလင်္ကာ အတတ်၊) (၁၇) မန္တာ-မန္တန်အတတ်, ဂါထာစုတ်အတတ်၊ (၁၈) သဒ္ဒါ-သဒ္ဒါကျမ်းအတတ်၊ ဗျာကရဏ်းအတတ်။ (လောကနီတိ)

အတ္တဒိဋ္ဌိ၊ မရှိခြင်းရာ ၁၂-ဖြာ၊ ကျမ်းလာ မည်သို့နည်း? ။ ၎င်းအဖြေ (သညတ တရား ၁၂-ပါး) ၌ ကြည့်ပါ။

အတ္တမျိုး ၂-ပါး။ ။သမ္မာသမ္ဗုဒ္ဓ၏ အနတ္တဝါဒကို မိစ္ဆာဝါဒီ တက္ကိပုဂ္ဂိုလ်တို့ ကြံဆပြောဆိုကြသော ပညတ်မျှဖြစ်သည့် အတ္တ ၂-မျိုး။ (၁) ဇီဝ အတ္တ-ခန္ဓာအိမ်ပျက်သော်လည်း မပျက်စီးဘဲ အမြဲတည်နေသောငါကောင် ခေါ် ဝိညာဏ်, လိပ်ပြာ,အသက်၊ အာရုဗိလို့"ရှပ်" အင်္ဂလိပ်လို့"ဆိုလ်" ဟိန္ဒီလို့ "အာတမာ"ခေါ်သော အရာများ၊ (၂) ပရမ အတ္တ- ထာဝရ ဘုရားယခင် ကိုးကွယ်သူတို့က 'လောကကို ဖန်ဆင်းတတ်သူ'ဟု ထင်မှတ် ပြောဆိုအပ်သော အရာသည် ပရမတ္တခေါ် ပရမအတ္တ မည်၏၊ ၎င်းကိုပင် ဟိန္ဒီဘာသာ၌ ဤယ္ဟရ, ပရမေယ္ဟရ, ပရမေယ္ဟ ဟူ၍ဂင်း၊ ပါရှင်ဘာသာ၌ ခုဒါ, ခိုဒါ ဟူ၍ဂင်း၊ အာရုဗီဘာသာ၌ အလ္လာဟ် ဟူ၍ဂင်း၊ အင်္ဂလိပ် ဘာသာ၌ ဂေါ်ဒ် ဟူ၍ဂင်း မြန်မာဘာသာ၌ ထာဝရဘုရား ဟူ၍ဂင်း ခေါ်ဆိုကြကုန်၏။

http://www.dhammadownload.com

အတ္ထဒီဋ္ဌမျိုး ၂၀။ ။ဂင်းသရုပ်ကို (သက္ကာယဒိဋ္ဌိ ၂၀) ၌ ပြအံ့၊ သဘော တူ၏။

အတ္ထပဋိသမ္ဘိဒါမျိုး ၅-ပါး။ ။ဂင်း၏ သရုပ် အဓိပ္ပါယ်ကို "ပဋိသမ္ဘိဒါ ၄-ပါး"၌ ကြည့်ပါ။

ပစ္စုပ္ပန်အဓွန့်တရားမျိုး ၂၁ပါး။ ။ဂင်းအဖြေကို (အဓွန့် ၃-ပါး)၌ ဆိုခဲ့ပြီ။

အတိုင်ပင်ခံးနည်း ၃-တန်၊ ထုတ်ပြန်ဖော်ပြုပါ။ ။ဂင်းအဖြေ (တိုင်ပင်ခြင်း မျိုး ၃-ပါး) ဟူသော ပုစ္ဆာ၌ ထင်ရှားအံ့။

အတိုင်းအတာ ဝေါဟာရ ၁၂-မျိုး လက်ခံ။ ။လက်သစ်တောင်တာ ယူဇနာ တိုင်အောင်သော မြန်မာတို့၏ အတိုင်းအတာနည်း လက်ခံဟူလို။ (၁) ၁၀ ဆံခြည်တန္ခမ်း၊ (၂) ၆ နှမ်း-တမုယော၊ (၃) ၄ မုယော-တလက်သစ်၊ (၄) ၈ လက်သစ်-တမိုက်၊ (၅) ၃ မိုက်-တတောင်၊ (၆) ၄ တောင်-တလံ၊ (၇) ၇ တောင်-တတာ၊ (၈) ၂၀ တာ-တဥသဘာ၊ (၉) ၂၀ ဥသဘာ-တကောသ၊ (၁၀) ၄ ကောသ-တဂါဝုတ်၊ (၁၁) ၄ ဂါဝုတ်-တယူဇနာ၊ (၁၂) တာ (၁၀၀၀) တထောင် တတိုင်။ (မှတ်ချက်) မြန်မာ ၁၀-တိုင် ကို ခရီးတသောင်းဟု ခေါ်သည်မှာ တာပေါင်း (၁၀၀၀၀) တသောင်း ရှိသောကြောင့် ဖြစ်၏။

အတွင်း ၃၇-မင်း။ ။ပါဠိဃဃျဝဂ် အာဠာနာဠိယသုတ် ပါဠိတော်၌ ပါရှိ သော ၃၇-မင်းနတ်များ၊ (၁) ကုန္ဒနတ်၊ (၂) သောမနတ်၊ (၃) ဝရုဏနတ်၊ (၄) ဘာရဒွါဇနတ်၊ (၅) ပဇာပတိနတ်၊ (၆) စန္ဒနနတ်၊ (၇) ကာမသေဋ္ဌ နတ်၊ (၈) ကိန္နုဃဏ္ဍုနတ်၊ (၉) နိဃဏ္ဍုနတ်၊ (၁၀) ပနာဒ ယက္ခ သေနာပတိနတ်၊ (၁၁) သြုပမည ယက္ခ သေနာပတိနတ်၊ (၁၂) ဒေဝသုတ ယက္ခ သေနာပတိနတ်၊ (၁၃) စိတ္တသေန ယက္ခ သေနာပတိနတ်၊ (၁၄) နဠေရာဇ ယက္ခ သေနာပတိနတ်၊ (၁၅) ဇနေသဘ ယက္ခ သေနာပတိ နတ်၊ (၁၆) သာတာဂိရိ ယက္ခ သေနာပတိနတ်၊ (၁၇) ဟေမဝတ ယက္ခ သေနာပတိနတ်၊ (၁၈) ပုဏ္ဏက ယက္ခ သေနာပတိနတ်၊ (၁၉) ကရတိယ ယက္ခ သေနာပတိနတ်၊ (၂၀) သိဝက ယက္ခ သေနာပတိနတ်၊ (၂၁) မုစလိန္ဒ ယက္ခ သေနာပတိနတ်၊ (၂၂) ဝေသာမိတ္တ ယက္ခ သေနာပတိနတ်၊ (၂၃) ယုဂန္ဓရ ယက္ခ သေနာပတိနတ်၊ (၂၄) ဂေါပါလ ယက္ခ သေနာပတိ နတ်၊ (၂၅) သုပ္ပဂေါဓ ယက္ခ သေနာပတိနတ်၊ (၂၆) ဟိရိယက္ခ သေနာ

http://www.dhammadownload.com

ပတိန္တတ်၊ (၂၇) နေတ္တိ ယက္ခ သေနာပတိနတ်၊ (၂၈) မန္ဒိယ ယက္ခ သေနာပတိနတ်၊ (၂၉) ပဉ္စာလစဏ္ဍ ယက္ခ သေနာပတိနတ်၊ (၃၀) အာဋဋာဝက ယက္ခ သေနာပတိနတ်၊ (၃၁) ပဇ္ဇုန္န ယက္ခ သေနာပတိနတ်၊ (၃၂) သုမန ယက္ခ သေနာပတိနတ်၊ (၃၃) သုမုခ ယက္ခ သေနာပတိနတ်၊ (၃၄) ဒဓိမုခ ယက္ခ သေနာပတိနတ်၊ (၃၅) မဏိ ယက္ခ သေနာပတိနတ်၊ (၃၆) မာဏိဓရ ယက္ခ သေနာပတိနတ်၊ (၃၇) သေရိသက ယက္ခ သေနာပတိနတ်။

အတွင်းတာရာ ၉-လုံး။ ။ဂင်းအဖြေမူကျယ်ကို (တာရာကြီး ၉-လုံး) ၌ ရှုပါ။

အတွင်းဝန်များ၊ ရာထူးထား၊ ဂ-ပါး အင်္ဂါညီ။ ။ဤ အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံမှသာအတွင်းဝန်ရာထူးကို ခံယူထမ်းရွက်စေရမည်ဟူ၏၊ (ရာဇနီတိမှ) (၁) ဣန္ဒိယ- သိက္ခာရှိမှု၊ (၂) မနုည - စိတ်နှလုံး ကောင်းမှု၊ (၃) ဘာသန္တရ ဆေက-ဘာသာခြား စကားတတ်မှု၊ (၄) ဓမ္မစာရီ-သူကောင်းတရား ကျင့်သုံးသူဖြစ်ခြင်း၊ (၅) နာနာသိပ္ပံ-အတတ်မျိုးစုံ တတ်သူဖြစ်ခြင်း၊ (၆) ကုလ ဓမ္မိက-မျိုးစောင့်တရားရှိသူဖြစ်ခြင်း၊ (၇) ဂရုက-အရှင့်အား ကြောက်ချစ် ရှိသေခြင်း၊ (၈) ဝိညာတ-အရိပ်အကဲ၌ လိမ်မာကျွမ်းကျင်ခြင်း။

အထင်အမြင်သေး ဓံရတတ်သူမျိုး ၅-ယောက်။ ။ပဥ္စင်္ဂတ္တာရပါဠိတော်-၁၄၅ ။ဠ။ ၅၀-၌ အကျယ်ရှု။ (၁) ပစ္စည်းဥစ္စာ ပေးကမ်းပြီးလျှင် လူပုံအလယ်၌ မီမိကိုယ်ကို ထယ်ဝါစွာ ဂုဏ်ဖေဲ့တတ်သူ၊ (၂) ရင်းနှီးစွာ ပေါင်းသင်းပြီး၍ အရည်အချင်းမရှိမှန်း အသိမံရသူ၊ (၃) သူတပါးပြောစကားကို ယုံကြည်လွယ်သူ၊ (၄) ခုချစ် ခုမုန်း စသည် အပြောင်းအလဲ မြန်သူ၊ (၅) လျှပ်ပေါ်လောလည်၍ ကိုယ်ပိုင်အတွေးအခေါ် အသိဉာဏ်မှန်ညံ့ဖျင်းသူ။

အထင်အမြင်သေး ဓံရသူ ၁၀-ယောက် တနည်း။ ။ဂင်းသရုပ် (လူမလေးခွေးမခံ့သော ပုဂ္ဂိုလ်တကျိပ်)၌ ရှုပါ။

အဓိန၀တ္ထု ၁၀-ပါး။ ။ဂင်းအဖြေကို (အပါယ်လားကြောင်း အလှူမျိုး ၁၀-ပါး)၌ ရှုပါ။ (မိလိန္ဒပဉ္ဟာ၌ လာ၏။)

http://www.dhammadownload.com

အဓိန္ဒြာဒါန် အင်္ဂါ ၅-ပါး။ ။ခိုးမှုကံဓမ္မောက် အင်္ဂါ ၈ ပါး။ (၁) ပရဿန္တကသူတပါး ဥစ္စာ ဖြစ်ခြင်း၊ (၂) တထာသညာ-သူတပါး ဥစ္စာဟု မှတ်ထင်ခြင်း၊ (၃) ထေယျစိတ္တ-ခိုးလိုသော စိတ်ရှိခြင်း၊ (၄) ဥပက္ကမ-ခိုးရန် လုံ့လ ပြုခြင်း၊ (၅) တေနဟာရ-ထိုလုံ့လဖြင့် ခိုးခြင်း။

အဓိန္ဒြာဒါန်၊ ပြစ်မျိုးကံ၊ ထည့်ပြန် ၁၂-ပါး။ ။သူ့ဥစ္စာကို ခိုးဝှက်တိုက်ခိုက် လုယက်ယူသူတို့ ရရှိခံစားမှု အပြစ်မျိုး ဆယ့်နှစ်ပါး။ (ခုဒ္ဒကဟင်္ဂ အဋ္ဌကထာမှ) (၁) မြတ်သောဥစ္စာမျိုး မရရှိခြင်း၊ (၂) ယုတ်ညံ့သည့် ဥစ္စာမျိုးကိုသာ ရရှိနိုင်ခြင်း၊ (၃) ပစ္စည်းဥစ္စာ နှည်းပါးခြင်း၊ (၄) အလွန်ဆင်းရဲ မွဲမတခြင်း၊ (၅) မရသေးသော ဥစ္စာကို မရနိုင်ခြင်း၊ (၆) ရရှိပြီး စည်းစိမ်များ ဆုတ်ယုတ်ပျက်စီးခြင်း၊ (၇) လိုရာဥစ္စာကို မရနိုင်ခြင်း၊ (၈) ရန်သူမျိုး ငါးပါးနှင့်သာ ဆက်ဆံ တွေ့ကြုံရခြင်း၊ (၉) သူတပါးနှင့် ဆက်ဆံသော ဥစ္စာမျိုးကိုသာ ရခြင်း၊ (၁၀) မရှိစကားကိုသာ ကြားရခြင်း၊ (၁၁) ချမ်းသာစွာ မနေရခြင်း၊ (၁၂) လောကုတ္တရာ ဥစ္စာကို မရနိုင်ခြင်း။

အဓမ္မဝတ္ထု ၁၀-ပါး။ ။ဒုတိယ သံဂါယနာ ဖြစ်ပေါ်လာခြင်း၏ မူလအကြောင်း ဆယ်ပါးဟူ၏၊ ဝဇ္ဇီတိုင်းသား ရဟန်းအချို့၏ မှားသော အယူမျှသာဖြစ်၍ မအပ်သော အဓမ္မဝတ္ထု ၁၀-ပါးဟုမှတ်လေ။ (၁) အကပ်ခံပြီး သားချို၌ သိမ့်မှေ့ထားသော ဆားကို နောက်နေ့အခါ ဆွမ်းနှင့်ရောရှိ သုံးဆောင်ခြင်းငှါ အပ်၏၊ သန့်ဓီ မဖြစ်ဟု ယူခြင်း၊ (၂) နေရိပ်လက်နှစ်သစ် မွန်းလွဲသည့်တိုင်အောင် ဆွမ်းစားကောင်း၏၊ ဝိကာလ ဘောဇန မဖြစ်ဟု ယူခြင်း၊ (၃) ရွာတပါးသို့ သွားလိုသော ရဟန်းသည် ပဝါရိတ်သင့်လျက် အတိရိက်ဝိနည်းကံ မပြုဘဲ ဆွမ်းစားခြင်းငှါ အပ်၏ဟု ယူခြင်း၊ (၄) တသိမ်တည်းဌိတေလျက် ၂-ဖု ၃-စုသော ရဟန်းတို့ ဥပုသ်ပဝါရဏာ စသော ကံပြုခြင်းငှါ အပ်၏၊ ဝဂ်မဖြစ်ဟု ယူခြင်း၊ (၅) မလာသေးသော ရဟန်းတို့၏ အလိုဆန္ဒကို လာသောအခါမှ ယူအုံ့ဟု မလာမီက သံဃကံပြုခြင်းငှါ အပ်၏ဟု ယူခြင်း၊ (၆) ဆရာဥပဇ္ဈာယ်တို့၏ အလေ့အကျင့် ဟူသမျှသည် အပ်၏ဟု ယူခြင်း၊ (၇) နို့ရည် အဖြစ်လွန်၍ နို့ဓမ်း အဖြစ်သို့ မရောက်သေးသော နို့ကို ပဝါရိတ်သင့်သော ရဟန်းသည် အတိရိက် ဝိနည်းကံ မပြုဘဲ သုံးဆောင်အပ်၏ဟု ယူခြင်း၊ (၈) မရင့်သေး

http://www.dhammadownload.com

သော သေနကို သောက်ခြင်းငှါ အပ်၏ဟု ယူခြင်း၊ (၉) အမြိတ်အဆာ မရှိသော နိသီဒိုင်သည် အပ်၏ဟု ယူခြင်း၊ (၁၀) သံဃာကိုရည်၍ လှူသော ရွှေငွေသည် အပ်၏ဟု ယူခြင်း။

အဓမ္မိက ဒါနမျိုး ၉-ပါး။ ။ဝိနည်းပိဋကတ ။ပရိဝါ။ ပါ။ ၂၄၅။ ၎င်း ။ဋ္ဌ။ ၁၈၁။ အလှူရှင်များ စိတ်ညှတ်ပြီးသားကိုပင် အလှူပွဲစားများက ဝင်ရောက်နောက်ယှက် စွက်ဖက်ဖျက်ဆီးမှုကြောင့် အလှူရှင်များ စိတ်ထား မငြိမ်ဖြစ်ကာ မလုပ်သင့်ရာတွေ့ လုပ်ရကား အဓမ္မိက ဒါန ဖြစ်သည် ပုဂ္ဂိ၊ ယင်းအလှူမျိုးကို မပေးလှူကောင်း။ (က) သံဃ ပရိဏာတခေါ် ဤသံဃာသို့ လှူရန် ညှတ်ပြီးသော ဝတ္ထုပစ္စည်းကို (၁) အခြားသံဃာအားဖြင်း၊ (၂) စေတီအားဖြင်း၊ (၃) ပုဂ္ဂိုလ်အားဖြင်း ပေးလှူလိုက်ခြင်း။ (ခ) စေတိယ ပရိဏာတခေါ် ဤစေတီကိုလှူရန် ညှတ်ပြီးသော ဝတ္ထုပစ္စည်းကို (၁) အခြားစေတီအားဖြင်း၊ (၂) သံဃာအားဖြင်း၊ (၃) ပုဂ္ဂိုလ်အားဖြင်း ပေးလှူလိုက်ခြင်း။ (ဂ) ပုဂ္ဂလ ပရိဏာတခေါ် ဤပုဂ္ဂိုလ်သို့ ပေးလှူရန် ညှတ်ပြီးသော ဝတ္ထုပစ္စည်းကို (၁) အခြားပုဂ္ဂိုလ်အားဖြင်း၊ (၂) သံဃာအားဖြင်း၊ (၃) စေတီအားဖြင်း ပေးလှူလိုက်ခြင်း။

အဓိကရဏ်းမျိုး ၄-ပါး။ ။ရဟန်းတော်များနှင့် သက်ဆိုင်သော ကိစ္စကြီး ၄-ပါးဟူလို။ စူဠဝဂ်ပါဠိတော်မှ (၁) ဝိဝါဒါဓိကရဏ်း- တစုံတခုသော အမှုကိစ္စကို တဦးသောရဟန်းဘက်က ဓမ္မ (တရားလမ်းမှန်ဟု ဆိုလိုသည်၊) တဘက်ကလေ့ ရဟန်းက အဓမ္မ (မတရားဟု ဆိုလိုသည်၊) ဤသို့လျှင် အချင်းချင်း ဝိနယ, အဝိနယ၊ ဘာသိတ, အဘာသိတ၊ အာစိဏ္ဏ, အနာစိဏ္ဏ၊ ပညတ္တ, အပညတ္တ၊ အာပတ္တိ, အနာပတ္တိ၊ ဂရုက, လဟုက၊ သာဝသေသ, အနာဝသေသ၊ ဒုဋ္ဌုလ္လ, အဒုဋ္ဌုလ္လဟု ဝိဝါဒဝတ္ထု ၁၈-ပါးဖြင့် အငြင်းအခုံ ဖြစ်ကြသည်ကို "ဝိဝါဒါဓိကရဏ်း" ခေါ် ဆိုသည်၊ (၂) အနုဝါဒါဓိကရဏ်း- အနုဝါဒဝတ္ထု ၇-ပါးတို့တွင် တပါးပါးသော အာပတ်ဖြင့် ရဟန်းအချင်းချင်း စွပ်စွဲ စောဒနာမှုကိုပင် "အနုဝါဒါဓိကရဏ်း" ဟု ခေါ်ဆိုသည်၊ (အာပတ် ၇-ပုံကို အနုဝါဒဝတ္ထု ၇-ပါးဟုမှတ်၊) (၃) အာပတ္တာဓိကရဏ်း- ရဟန်းတို့၌ အာပတ် ၇-ပါးတို့တွင် တပါးပါးသော အာပတ်သင့်မှု သင့်ခြင်းကိုပင် "အာပတ္တာဓိကရဏ်း" ဟုခေါ်သည်၊ (၄) ကိစ္စာဓိကရဏ်း အပလောကနကံ, ညတ္တိကံ, ညတ္တိဒုတိယကံ,

http://www.dhammadownload.com

ဥတ္တိစတုတ္ထကံ, ဤလေးပါးသော ကမ္မကိစ္စကိုပင် "ကိစ္စာဓိကရဏ်း" ခေါ်သည်ဟု အကျဉ်းမှတ်လေ။

အဓိစ်တ္တ သိက္ခာမျိုး ၂-ပါး။ ။လူတို့ ကုသိုလ်ကမ္မပထတရား ဆယ်ပါး ထက် လွန်မြတ်သော စျာန်, မဂ်, ဖိုလ် တရားနှင့် နီးကပ်သော ယှဉ်၍ ဖြစ်သော အကျင့်ခေတ် ၂-ပါးဟူလို၊ (ပိဋ္ဌကအားဖြင့် သုတ္တန်ပိဋ္ဌကကို ရ၏၊) (၁) ဥပစာရ သမာဓိသိက္ခာ - ဝိပဿနာဉာဏ်၏ ဖြစ်ပေါ် ကြောင်း "ကာမာဝစရသမာဓိ" ခေါ် တည်ကြည်သော စိတ်သဘော၊ သို့မဟုတ် အပွနာ၏ ရှေ့အဘို့၌ဖြစ်သော ကေဂ္ဂတာစေတသိက်၊ (၂) အပွနာ သမာဓိသိက္ခာ-ရူပါဝစရပဌမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် ပဉ္စမစျာန်တို့၌ရှိသော ကေဂ္ဂတာခေါ် သမာဓိတို့သည် အပွနာသမာဓိဝတ္ထုပင်တည်း။

အဓိဒေဝ ဉာဏဒဿန တရား ၈-ပါး။ ။နတ်ပြဟ္မာတို့၏ တန်ခိုးကို လှမ်းမိုး၍ သိစွမ်းနိုင်သော ဘုရားရှင်၏ ဉာဏ်တော်ရှစ်ပါး။ (၁) နတ်တို့၏ အာရောင်အဝါကို သိစွမ်းနိုင်ခြင်း၊ (၂) နတ်တို့၏ အဆင်းကို မြင်စွမ်းနိုင်ခြင်း၊ (၃) နတ်တို့နှင့် အတူ နှီးနှော ပြောဆိုနိုင်ခြင်း၊ (၄) လာသော နတ်တို့၏ အမျိုး, အမည်, ဘုံဌာနကို သိစွမ်းနိုင်ခြင်း၊ (၅) ဖြစ်လာကြသော နတ်တို့၏ ဘဝရွေးကံ အကြောင်းရင်းကို သိစွမ်းနိုင်ခြင်း၊ (၆) နတ်တို့၏ အစာ အာဟာရ စံစားခံစားမှု ကိစ္စအဝဝတို့ကို သိစွမ်းနိုင်ခြင်း၊ (၇) နတ်တို့၏ ဘုံဌာနအလိုက် မည်၍မည်မျှ တည်နေနိုင်ကြောင်း သက်တမ်းအစားစားကို ပိုင်းခြား၍ သိစွမ်းနိုင်ခြင်း၊ (၈) မိမိသည် ဤနတ်တို့နှင့် ရွေးဘဝက အတူတကွ နေထိုင်ခဲ့ဘူးသည် မနေခဲ့ဘူးသည်တို့ကို သိစွမ်းနိုင်ခြင်း။

အဓိပညာ သိက္ခာမျိုး ၃-ပါး။ ။သစ္စာလေးပါးကို ပိုင်းခြားကွေန် သိမြင်နိုင်ရန် ဆင်ခြင်ဉာဏ်တရား ၃-ပါး၊ ပိဋ္ဌကအားဖြင့် အဘိဓမ္မာ ပိဋ္ဌကကို ရ၏။ (၁) အနိစ္စလက္ခဏာ-မမြဲသော သဘောမှန်ကို မမြဲဟု ကေန်သိသော ဉာဏ်၊ (၂) ဒုက္ခလက္ခဏာ-ဆင်းရဲသော သဘောမှန်ကို ဆင်းရဲဟု ကေန်သိသောဉာဏ်၊ (၃) အနတ္တလက္ခဏာ-မိမိ, မိမိဥစ္စာမဟုတ် မအုပ်စိုးနိုင် မပိုင်ဆိုင်သော သဘောမှန်ကို အစိုးမရဟု ကေန်သိသောဉာဏ်၊တနည်းတုံ

http://www.dhammadownload.com

သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားကေန် အမှန်သိမြင်နိုင်သော မဂ်ဉာဏ် ဖိုလ်ပညာပင်တည်း။

အဓိပတေယျ တရားမျိုး ၃-ပါး။ ။ကာမဂုဏ်တို့ လိုက်နာရမည့် တရားသုံးပါး၊ ၎င်းအဖြေကို (ရှိသေခြင်းမျိုး ၃-ပါး) ၌ ပြမည်၊ အဂၤတိသုတ် အဋ္ဌကထာမှ။

အဓိမာနဓေယျမျိုး ၅-ပါး။ ။၎င်းအဖြေကို (လေမျိုး ၈၀ [၈] ပိုဒ်၌) ရှုပါလေ။

အဓိသီလ သိက္ခာမျိုး ၄-ပါး။ ။လူတို့ ကျင့်သုံး ဆောက်တည်လေ့ရှိသော ငါးပါး, ရှစ်ပါး, ဆယ်ပါးသီလထက် ပိုမိုလွန်ကဲ များပြား မွန်မြတ်သော သီလလေးပါး၊ ပိဋကအာဒေါ်ဖြင့် ဝိနယပိဋကကို ရ၏။ (၁) ပါတိမောက္ခ သံဝရသီလ ၂၂၇-ပါးသော ဝိနယသီလခေါ် သိက္ခာပုဒ်တော်များကို စောင့်ထိန်း လုံခြုံစေခြင်း၊ (၂) ဣန္ဒြိယသံဝရသီလ-ဣန္ဒြေခြောက်ပါး တံခါးပေါက်ကို စောင့်ရှောက် လုံခြုံစေခြင်း၊ (၃) အာဇီဝ ပါရိသုဒ္ဓိသီလ-အသက်မွေးဝမ်းကျောင်း၏ စင်ကြယ်ရာစင်ကြယ်ကြောင်းဖြစ်သော ကုလဒူဿန ၆-ပါး, အနေသန ၂၁-ပါးတို့မှ ဝေးစွာကြဉ်ရှောင် စောင့်ထိန်းခြင်း၊ (၄) ပစ္စယ သန္နိဿိတ သီလ-တရားသဖြင့် ရထားသော ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, ၎င်းပစ္စည်းလေးပါးကို သုံးဆောင်မှီဝဲသော အခါ ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်း။

အဓွန် ၃-ပါး။ ။ပဋိစ္စ သမုပ္ပါဒ်သာ သံသရာခရီး လမ်းရှည်ကြီး ၃-ပါး။ (၁) အတိတ်အဓွန်-အဝိဇ္ဇာ, သင်္ခါရ ၂-ပါး၊ (၂) အနာဂတ်အဓွန်-ဇာတိ, ဇရာ, မရဏ ၃-ပါး၊ (၃) ပစ္စုပ္ပန်အဓွန် ဝိညာဉ်,နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ ၈-ပါး။

အန္ဆရ ဌက ရက် ၈-ပါး။ ။၎င်းသရုပ် (သေမင်းငင်ရက် ၈-ပါး) ၌ ယူပါလေ။

အန္ဆရုယ်ကြီး ၅-ပါး။ ။မျက်မှောက်ဘဝ၌ သဂ္ဂန္ဆရုယ်, မဂ္ဂန္ဆရုယ်, နတ်ပြည် စျာန် မဂ်ဖိုလ်တို့ကို တားမြစ်တတ်သော တရား ၅-ပါး။ ဝိနည်းပါစိတ်ပါဠိတော် ၁.၂၅ ။၄။ ၁၃၈-၌ အကျယ်ရှုပါ။ (၁) ကမ္မန္ဆရုယ်-ပဥ္စာနန္တရိယကံနှင့် ဘိက္ခုနီမ၌ ကျူးလွန်မှု၊ (၂) ကိလေသန္ဆရုယ်

http://www.dhammadownload.com

ကိလေသာ ဆယ်ပါးတွင်ပါဝင်သော နိယတမိစ္ဆာဒိဋ္ဌိ၊ (၃) ဝိပါကန္ဓရုယ်- အဟိတ်,ဒုဟိတ်ပဋိသန္ဓေ ဝိပါက်စိတ်၊ (၄) အရိယူပဝါဒန္တရာယ်- အရိယာပုဂ္ဂိုလ်မှန်း သိသိ-မသိသိ ပြစ်မှားလိုစိတ်ဖြင့် ကဲ့ရဲ့စွပ်စွဲခြင်း (တောင်းပန်လျှင် ပြေပျောက်၏၊) (၅) အာဏာဝိတိက္ကမန္တရုယ်- လွန်ကျူးလိုသော စေတနာဖြင့် သင့်ရောက်သော အာပတ်။

အနန္တကြီး ၄-ပါး။ ။အဆုံး အပိုင်းအခြား မရှိသော အရာလေးပါး၊ (အဋ္ဌသာလိနီ၊) (၁) အာကာသ အနန္တ၊ (၂) စက္ခုဝိ၌ အနန္တ၊ (၃) သတ္တဝါ အနန္တ၊ (၄) ဉာဏ်တော် အနန္တ၊ "ကောင်းကင်, စက္ခုဝါ သတ္တဝါ, ဉာဏ၊ လေးနန္တတွင်၊ ဆုံးဆမရှိ၊ ဉာဏ်တော်ရှိသည်၊ မုနိထုတ်တင်" (မဃဒေဝ လင်္ကာသစ်။)

အနန္တ ကွာဝေးခြင်းကြီး ၄-ပါး။ ။ ငင်းအဖြေကို (ဆက်စပ်လို့ မရနိုင်အောင် ဝေးသော အရာကြီး ၄-ပါး) ဟူသော စကားရပ်၌ ကြည့်ပါ။

အနန္တဂုဏ်ရှင် ၅-ပါး။ ။အနန္တော အနန္တ ၅-ပါးလည်း ဟူ၏။ ပညာရှိသူတော်ကောင်းတို့ ပညတ်ထားရှိခဲ့သော အနန္တကျေးဇူးဂုဏ်ရှင် ငါးပါး။ (၁) ဗုဒ္ဓ- ဘုရားရှင် ကိုယ်တော်မြတ်၊ (၂) ဓမ္မ- ဘုရားရှင်၏ တရားတော်များနှင့် အခြားဃဋ္ဌေကျေးမှု တရားစု ဟူသမျှ၊ (၃) သံဃ-ရဟန်းတော်များ၊ (၄) မာတာပိတာ-ဓမ္မေသမိခင် မွေးဘဖေး မိဆင်ဖခင်နှင့် အလားတူ ကျေးဇူးပြုသူ၊ (၅) အာစရိယ- အတတ်ပညာစေပးသူ, အိုဆုံးမသူ ဆရာ။

အနန္တရိယကံ ၅-ပါး။ ။ဥပရိပဏ္ဏာသ ။ပါ။ ၁၁၀။ ၌။ ၇၄။ ပဋ္ဌာနန္တရိယကံလည်းဟူ။ (၁) မာတုဃာတက- အမိရင်းကို သတ်သူ၊ (၂) ပိတုဃာတက- အဖရင်းကိုသတ်သူ၊ (၃) အရဟန္တဃာတက- ရဟန္တာကို သတ်သူ၊ (၄) လောဟိတုပ္ပါဒက-ဘုရားအား သွေးစိမ်းတည်စေအောင်ပြုသူ၊ (၅) သံဃဘေဒက- သံဃာတော်တို့အား ဂိုဏ်းအဃင်း ခွဲလျှံ၊ ထိုင်းယောက်ကျား ဘုသိုလ်ကောင်းမှု မည်မျှပင်ပြုပြု သောသည်၏ အခြားမဲ့၌ အဝီစိငရဲ စသည်သို့ မုချ သွားရောက် ခံစားရမည် ဟူလှ်ုမည်။

အနရိယ ဝေါဟာရမျိုး ၈-ပါး။ ။အရိယာ မဟုတ်သူတို့၏ စကားမျိုးရှစ်ပါး။ ခုဒ္ဒကဝတ္ထု ဝိဘင်းပါဠိတော်နှင့် ပါစိတ်အဋ္ဌကထာ။ (၁) ဣဒ္ဓေ ဒိဋ္ဌ- ဝါဒိတာ- မမြင်ကို အမြင်လုပ်၍ ပြောခြင်း၊ (၂) အသုတေ

http://www.dhammadownload.com

သုတ ဝါဒိတာ- မကြားကို အကြားလုပ်၍ ပြောခြင်း၊ (၃) အ မုတေ မုတ ဝါဒိတာ- မထိကို အထိလုပ်၍ ပြောခြင်း၊ (၄) အ ဝိညာတေ ဝိညာတ ဝါဒိတာ- မသိကို အသိလုပ်၍ ပြောခြင်း၊ (၅) ဒိဋ္ဌေ အ ဒိဋ္ဌ ဝါဒိတာ အမြင်ကို မမြင်လုပ်ပြောခြင်း၊ (၆) သုတေ အ သုတ ဝါဒိတာ-အကြားကို မကြားလုပ်ပြောခြင်း၊ (၇) မုတေ အ မုတ ဝါဒိတာ- အထိကို မထိလုပ်ပြောခြင်း၊ (၈) ဝိညာတေ အ ဝိညာတ ဝါဒိတာ- အသိကို မသိလုပ်ပြောခြင်း။

အနာအမျိုး ၉၆-ပါး။ ။ဒသဂုံတ္တရ ။ပါ။ ၃၄၃။ ၎င်း။ ဋ္ဌ။ ၃၁၇-နှင့် မဟာနိဒ္ဒေသ။ ပါ။ ၁၀၊ ၁၃၊ ၃၅၊ ၁၉၅၊ ၂၀၈၊ ၃၁၉။ ၎င်း။ ဋ္ဌ။ ၅၁-တို့၌ အကျယ်ရှု။ (၁) စက္ခုရောဂါ -- မျက်စိ၌ဖြစ်သော အနာ၊ (၂) သောတရောဂေါ-နားတွင်း၌ဖြစ်သော အနာ၊ (၃) ဃာနရောဂေါ-နှာခေါင်းတွင်း၌ ဖြစ်သော အနာ၊ (၄) ဇိဝှါရောဂေါ လျှာ၌ဖြစ်သော အနာ၊ (၅) ကာယရောဂေါ- ကိုယ်၌ဖြစ်သောအနာ၊ (၆) သီသ ရောဂေါ-ဦးခေါင်း၌ ဖြစ်သော အနာ၊ (၇) ကဏ္ဏရောဂေါ-နားရွက်၌ ဖြစ်သောအနာ၊ (၈) မုခရောဂေါ-ခံတွင်း၌ ဖြစ်သောအနာ၊ (၉) ဒန္တ ရောဂေါ-သွား၌ ဖြစ်သော အနာ၊ (၁၀) ကာသော- ချောင်းဆိုးနာ၊ (၁၁) သာသော-ကြို့ထိုးနာ၊ (၁၂) ပိနာသော- နှာခေါင်းအပ်၌ဖြစ်သော အနာ၊ (၁၃) ဥာဟော- တကိုယ်လုံး ပူစေတက်သော အနာ၊ (၁၄) ဇရော- ဖျားသော အနာ၊ (၁၅) ကုစ္ဆိမရောဂေါ- ဝမ်း၌ ဖြင်သော အနာ၊ (၁၆) မုစ္ဆာ-တွေဝေ မေ့မော့စေတတ်သော အနာ၊ (၁၇) ပက္ခန္ဒိကာ-သွေးကို သွန်အန်တတ်သော ဝမ်းလေနာ၊ (၁၈) သူလာ- ထိုးကျင်စေတတ်သော ဝမ်းလေနာ၊ (၁၉) ဝိသူစိကာ- ကြီးစွာ ဝမ်းလျှောကျသော အနာ၊ ကာလနာ၊ (၂၀) ကုဋ္ဌံ-နူနာ၊ (၂၁) ဂဏ္ဍော-အိုင်းနာ၊ မြင်းဖု စသော အနာ၊ (၂၂) ကိလာသော- ညှင်း, တင်းထိပ်နာ၊ (၂၃) သောသော- အဆုတ် နာ၊ ကုတ်ဟီးနာ၊ ပန်းနာ၊ (၂၄) အပ္ပမာဒေ- ဝက်ရူး, ကြက်ရူး, နှုတ်, ဘီလူး ဖမ်းစားသော အနာမျိုး၊ (၂၅) ဒဒ္ဒု-ပွေးနာ၊ (၂၆) ကစ္ဆု-ဝဲကြီး ဝဲစိုနာ၊ (၂၇) ကဏ္ဍု-ဝဲငယ် ဝဲခြောက်နာ၊ (၂၈) နခသာ-ခြေသည်း လက်သည်းတို့ဖြင့် ခြစ်မိရာ အရပ်က ဖြစ်ပေါ်သောအနာ၊ (၂၉) ဝိတစ္ဆိကာ- ခြေဖဝါး လက်ဖဝါးပြင်တို့၌ အမျှင်အမျှင်ကွဲအက်သော အနာ၊ (၃၀) လောဟိမိတ္တံ သွေးသည်းခြေနာ၊ သို့မဟုတ် နီသော

http://www.dhammadownload.com

သည်းခြေနာ၊ (၃၁) မခုမေဟော- ဆီးချိုနာ၊ (၃၂) အံသာ- ဒဝရိယိုနာ၊ (၃၃) ပိဋ္ဌကာ-ထွတ်မြင်းနာ, ဖေါရောင်နာ၊ (၃၄) ဘဂန္ဒလာ-ဂယင်ဂျိုနာ, ဘင်နာ, ဘဂန္ဒိုလ်နာ၊ ဤပါဠိတော်မြတ်၌ မျက်စိနာ အစ ဘဂန္ဒိုလ်နာ အဆုံးရှိသော ၃၄- ပါးတို့တွင် "နခသာ, အပ္ပမာရော"ဂင်းအနာ ၂-ပါးမှာ သည်းခြေ, သလိပ်, လေ တို့ကြောင့် မဖြစ်မူ၍ အကြွင်း ၃၂-ပါးသော အနာတို့သည်သာ သည်းခြေ, သလိပ် လေ တို့ကြောင့် ဖြစ်ကုန်ရကား သည်းခြေနာ ၃၂-ပါး၊ သလိပ်နာ ၃၂-ပါး၊ လေနာ ၃၂-ပါး ပေါင်း အနာမျိုး (၉၆) ပါး ဖြစ်သတည်း။ (၃၅) ပိတ္တ သမုဋ္ဌာနာ-သည်းခြေကြောင့် ဖြစ်ကုန်သော အနာမျိုး၊ (၄၆) သေမ္ဘ သမုဋ္ဌာနာ-သလိပ်ကြောင့် ဖြစ်ကုန်သော အနာမျိုး၊ (၃၇) ဝါတ သမုဋ္ဌာနာ-လေကြောင့် ဖြစ်ကုန်သော အနာမျိုး၊ (၃၈) သန္နိပါတာ-သည်းခြေ, သလိပ်, လေ ၃-ပါးတို့ ပေါင်းစုဖြစ်သော အနာမျိုး၊ (၃၉) ဥတု ပရိဏာမဇာ-ဥတုဖောက်ပြန်၍ ဖြစ်သော အနာမျိုး၊ (၄၀) ဝိသမပရိဟာရဇာ- ကိုယ်ခန္ဓာကို မညီမညွတ် ကျန်းမာရေးနှင့် ဆန့်ကျင်ဘက် ဆောင်ရွက်ခြင်းကြောင့် ဖြစ်သော အနာ၊ (၄၁) ဩပက္ကမိကာ-ထိုးခုတ် ဖြတ်သတ်ခြင်းမသော သူတပါးတို့လုံ့လကြောင့် ဖြစ်သော အနာ၊ (၄၂) ကမ္မ ဝိပါကဇာ-ကံကြောင့်ဖြစ်သော အနာ, ဝဠဉာမျိုး၊ (၄၃) သီတံ-ချမ်းအေးခြင်း၊ (၄၄) ဥဏှံ-ပူလောင်ခြင်း၊ (၄၅) ဇိဃစ္ဆာ-ဆာလောင်ခြင်း၊ (၄၆) ပိပါသာ-မွတ်သိပ်ခြင်း၊ (၄၇) ဥစ္စာရော-ကျင်ကြီးစွန့်လိုခြင်း၊ (၄၈) ပဿာဝေါ-ကျင်ငယ်စွန့်လိုခြင်း၊ ယင်းတို့ကိုလည်း ဒသအင်္ဂါတ္တိရိပါဠိတော်၌ အနာဟုပင် ဆက်လက် ဖေါ်ပြပေသေး၏။

အနာမျိုး ၉၆-ပါး တနည်း။ ။မဟာသေနေန ဟူသောပုဒ်ကို ဟေမိဇာတ်အဋ္ဌကထာ၌ "မဟာသေနေနာတိ ပဉ္စဝိသတိဘယ ဒုတ္တိံ သကမ္မကရဏာ အဋ္ဌနဝုတိ ရောဂပ္ပမုခါဒိဝသေန ပုထုသေနေန"ဟု ဖွင့်ဆိုထားချက်အရ ဖြစ်၏၊ အထက်ပါ ၉၆-ပါးတွင် "နခသာ-ခြေသည်း လက်သည်း ခြစ်မိသောအနာ, အ ပမာရော-ဝက်ရူး ကြက်ရူးနာ,၎င်း ၂-ပါး ထည့်သွင်းကာ ၉၈-ပါးဟု ရေတွက်ရာ၏။

အနာဂတ် အဓွန့်တရား ၃-ပါး။ ။၎င်းအဖြေကို "အဓွန့် ၃-ပါး" ဟူသော ပြဿနာ၌ ဆိုခဲ့ပြီ။

http://www.dhammadownload.com

အနာဂါမ်မျိုး ၅-ပါး။ ။မဟာဝဂ္ဂသံယုတ် ။ပါဠိ ၂၄၈။ ဋ္ဌ ၂၉၂။ အနာဂါမ်ဘဝမှ အထက် မဂ်, ဖိုလ် ကျအောင် ကျင့်၍ ပရိနိဗ္ဗာန် ပြုကြကုန်သော အနာဂါမ်-ပုဂ္ဂိုလ်အပြား ၅-ပါး။ (၁) အန္တရာ၊ ပရိနိဗ္ဗာယီ-အသက် အပိုင်းအခြား အလယ်၌ သာလျှင် ပရိနိဗ္ဗာန်ပြုအပ်သော အနာဂါမ်၊ (၂) ဥပဟစ္စ ပရိနိဗ္ဗာယီ-အသက်အပိုင်းအခြား အလယ်ကိုလွန်၍ ပရိနိဗ္ဗာန် ပြုသော အနာဂါမ်၊ (၃) အသင်္ခါရ ပရိနိဗ္ဗာယီ-ချမ်းသာစွာ- ပရိနိဗ္ဗာန် ဖြူသော အနာဂါမ်၊ (၄) သသင်္ခါရ ပရိနိဗ္ဗာယီ-ပင်ပန်းဆင်းရဲစွာ ပရိနိဗ္ဗာန် ပြုသော အနာဂါမ်၊ (၅) ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ-အထက်အထက် သော ဘုံစဉ်၌ တစ်သောအဖျစ်ဖြင့် အကနိဋ္ဌဘုံသို့ ရောက်သော အနာဂါမ်။

အနာဂါမ်မျိုး ၇-ပါး။ ။သဗ္ဗာကုံတ္ထရ ။ပါ။ ၎၄၉။ ဋ္ဌ။ ၁၇၂-၌ အကျယ်ရှုပါ။

အနာဂါမ်ပုဂ္ဂိုလ်ထံ ၄င်-ယောက်။ ။ငင်းသရွမ်များကို အဘိဓမ္မာ ပုဂ္ဂလပညတ် ပါဠိတော် ။၁၁၉။ ၁၂၀။ ငင်း ဋ္ဌ။ ၄၇မှ ၅၃- အထိ။ သုတ္တန်ပါတ် အဋ္ဌကထာ။ ပ-အုပ်။ ၂၀၂။ ခုဒ္ဒကပါဋ္ဌ အဋ္ဌကထာ။ ၁၅၃ တို့၌ ရှုပါကုန်။

အနာဂါမ်၏ အင်္ဂါဇက္ခဏာ ၆-ပါး။ ။အနာဂါမ် ပုဂ္ဂိုလ်သည် ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံ၏ဟု အင်္ဂုတ္တိရ် ဆက္ကဋ္ဌ ဆိုသည်။ (၁) မဆုတ်နစ်သော သဒ္ဓါရှိခြင်း၊ (၂) မကောင်းမှုတို့၌ လွန်စွာရွံက်ခြင်း၊ (၃) ဒုစရိုက်မှုတို့၌ လွန်စွာကြောက်ခြင်း၊ (၄) လွန်ကဲသော ဝီရိယရှိခြင်း၊ (၅) သတိဟရုး-လွန်စွာကောင်းခြင်း၊ (၆) ပညာအဆင်အခြင် လွန်စွာရှိခြင်း။

အနာဂေါဂါ၊ ကင်းဖျောက်ရာ၊ ၁၀-ဖြာ တရား၊ အဘယ်နည်း?။ ။ ငင်း အဖြေ (ရောဂါပျောက်ငြိမ်းကြောင်းတရား ၁၀-ပါး) ၌ ဆိုအံ့။

အနာဂေါဂါရခြင်း၏ အကြောင်းရင်း ၈-ပါး။ ။သဋ္ဌာယတနသယုတ် ။ပါ။ ၄၂၀။ ဋ္ဌ။ ၁၂၁။ ဝိသိန္ဓပဋ္ဌ ။ပါ။ ၁၃၇-၌ အကျယ်ရှုပါ။ (ယေဘုယျနည်း၊) (၁) ဝါတ သမုဋ္ဌာန-လေကြောင့်၊ (၂) ပိတ္တ သမုဋ္ဌာန-သည်းခြေကြောင့်၊ (၃) သေမ္ဘ သမုဋ္ဌာန-သလိပ်ကြောင့်၊ (၄) သန္နိပါတိက-အထက်ပါ အကြောင်းတို့ စုပေါင်းမိသောကြောင့်၊ (၅) ဥတု ဝိပရိဏာမ- ဥတုဖောက်ပြန်သောကြောင့်၊ (၆) ဝိသမ ပရိဟာရ- အစာအာဟာရ မည်သို့

http://www.dhammadownload.com

ညွတ်မှုကြောင့်၊ (၇)ခြေပဉ္စမိက-သူတပါးတို့ ရိုက်နှက် ပုတ်ခတ်မှုကြောင့်၊ (၈) ကမ္မဝိပါက-ကံကြောင့်။

အနာဝရဏိယ ဂုဏ်တော် ၄-ပါး။ ။ဘုရားရှင်အား သူတပါးတို့ မဖျက်ဆီး မပိတ်ပင်နိုင်သော ဂုဏ်တော် ၄-ပါး။ (၁) ဘုရားရှင်အား ရည်မှတ်၍ စီရင်အပ်သောလာဘ်၊ (၂) တလံမျှသော ဗျာမပတာဇေါ် ရောင်ခြည်တော်၊ (၃) သဗ္ဗညုတ ဉာဏ်တော်၊ (၄) ဘုရားရှင်၏ အသက်တော်။

အနုဂ္ဂဟမျိုး ၂-ပါး။ ။သာသနာကို ချီးမြှောက် ထောက်ပံ့ ကူညီမှုမျိုး ၂ ပါး။ (၁) ပစ္စယာနုဂ္ဂဟ - ပစ္စည်းအမျိုးမျိုးတို့ဖြင့် ချီးမြှောက်ထောက်ပံ့မှု၊ (၂) ဓမ္မာနုဂ္ဂဟ- မိမိကိုယ်တိုင် တရားစာပေ သင်ကြားပို့ချ ကျင့်ကြံအားထုတ်မှု။

အနုစာပေ၊ ရေးသားလေ၊ ၄ ထွေမြန်မာ့နည်း ? ။ဂင်းအဖြေကို (မြန်မာစာပေ၊ ရေးသားလေ၊ ၅ ထွေနိသျည်း) ဟူသော သုတေသန စကားရပ်၌ ကြည့်ပါ။

အနုတ္တရိယတရား ၆-ပါး။ ။ပဋိသမ္ဘိဒါမဂ် ။ပါ။ ၆။ ဂင်း။ ၌။ ပ- အုပ်။ ၆၅-၌ အကျယ်ရှုပါ။ လွန်မင်းမြင့်မြတ်သော တရား ၆-ပါး။ (၁) ဒဿနာနုတ္တရိယ-မြင်ရခြင်းတကာတို့တွင် ရတနာသုံးပါးကို မြင်ရခြင်းသည် အမြတ်ဆုံး၊ (၂) သဝနာနုတ္တရိယ-ကြားရခြင်း တကာတို့တွင် ရတနာသုံးပါးနှင့် စပ်သောအသံကို ကြားရခြင်းသည် အမြတ်ဆုံး၊ (၃)လာဘာနုတ္တရိယ ရခြင်းတကာတို့တွင် ရတနာသုံးပါးကို ရခြင်းသည် အမြတ်ဆုံး၊ (၄) ပါရိစရိယာ နုတ္တရိယ-လုပ်ကျွေးခြင်းတကာတို့တွင် ရတနာသုံးပါးကို ပုံ့ပိုးကျွေးရခြင်းသည် အမြတ်ဆုံး၊ (၅) အနုဿတာ နုတ္တရိယ- အောက်မေ့ခြင်း တကာတို့တွင် ရတနာသုံးပါးကို အောက်မေ့ရခြင်းသည် အမြတ်ဆုံး၊ (၆) သိက္ခာ နုတ္တရိယ-အကျင့်တကာ့ဟို့တွင် ရတနာသုံးပါးဂုဏ်တရားကို ကျင့်ရခြင်းသည် အမြတ်ဆုံး။

အနုပဿနာစာရား ၃- ပါး။ ။လက္ခဏာရေး သုံးပါး။ (၁) အနိစ္စာနုပဿနာ-အနိစ္စသဘော ထင်ရှားအောင် အခါခါ ရှုဆင်ခြင်ခြင်း၊ (၂) ဒုက္ခာ နုပဿနာ-ဒုက္ခသဘော ထင်ရှားအောင် အခါခါ ရှုဆင်ခြင်ခြင်း၊ (၃) အနတ္တာ နုပဿနာ - အနတ္တသဘော ထင်ရှားအောင် အခါခါ ရှုဆင်ခြင်ခြင်း။

http://www.dhammadownload.com

အနုပဿနာတရား ၈-ပါး။ ။"သတိပဋ္ဌာန်တရား ၄-ပါး" မှာ ဆိုမည်။

အနုပဿနာတရား ၁၀-ပါး။ ။ပဋိသန္ဓိဒါမဂ် ။ပါ။ ၂၃၈။ ၎င်း။ ၌။ ဒု-အုပ်။ ၁၅၈-၌ အကျယ်ရှုပါ။ စိတ်ဝင်စားစရာ။ (၁) အနိစ္စာနုပဿနာ၊ (၂) ဒုက္ခာနုပဿနာ၊ (၃) အနတ္တာနုပဿနာ၊ (၄) နိဗ္ဗိဒါနုပဿနာ၊ (၅) ဝိရာဂါနုပဿနာ၊ (၆) နိရောဓာနုပဿနာ၊ (၇) ပဋိနိဿဂ္ဂါနုပဿနာ၊ (၈) အနိမိတ္တာနုပဿနာ၊ (၉) အပ္ပဏိဟိတာနုပဿနာ၊ (၁၀) သုညတာနုပဿနာ။

အနုမြူနိုင်ငံကြီး ၆-ခု။ ။ကမ္ဘာပေါ်၌ ကြောက်စရာအကောင်းဆုံး၊အဆိုးဝါးဆုံးသော လူသတ်လက်နက် အနုမြူဗုံး ပိုင်ရှင် နိုင်ငံကြီးများ ဟူ၏။ ဤမှတ်တမ်းကား ၁၉၇၄- ခုနှစ်အတွင်းမျှဖြစ်သည်။

(၁) အမေရိကန်နိုင်ငံ၊ ၁၉၄၅-ခုနှစ်၊ ဇူလိုင်လ ၁၆- ရက်နေ့မက်ဆီကိုနယ် အယ်လမာဂေါ်ဒို-ဒေသ၌ ပဌမဆုံး အနုမြူဗုံးကို ဖောက်ခွဲခဲ့သည်။

(၂) ဆိုဗီယက် ယူနီယံနိုင်ငံ၊ ၁၉၄၉- ခု၊ ဩဂုတ်လမှာ စတင် ဖောက်ခွဲခဲ့သည်။

(၃) ဗြိတိန်နိုင်ငံ၊ ၁၉၅၂-ခု၊ အောက်တိုဘာလ ၃-ရက်နေ့က ဩစတြေးလျတိုက်၏ အနောက်မြောက်ဖက် မိုင် ၅၀-ကွာ မုန်တီတလို ကျွန်းစု၌ စတင်ဖောက်ခွဲခဲ့သည်။

(၄) ပြင်သစ်နိုင်ငံ၊ ၁၉၆၀-ခု၊ ဖေဖော်ဝါရီလ ၁၃-ရက်နေ့ ဆဟာရသဲကန္တာရ၌ ပလူတိုနီယံ အနုမြူဗုံးကို စတင်ဖောက်ခွဲသည်။

(၅) တရုတ်နိုင်ငံ၊ ၁၉၆၄-ခု၊ အောက်တိုဘာလ ၁၆-ရက်နေ့ စင်ကိုင်းပြည်နယ် ထက်လာမာကန် သဲကန္တာရ၌ စတင်ဖောက်ခွဲသည်။

(၆) ဂျနီယနိုင်ငံ၊ ပဌမဆုံး အနုမြူဗုံးကို မဟျပ်စ်သန် သဲကန္တာရ၌ ၁၉၇၄-ခုနှစ် မေလ ၁၈-ရက်နေ့က စတင်ဖောက်ခွဲလိုက်သည်။

အနုဝါဒ ဝတ္ထု ၇-ပါး။ ။ရဟန်းတော်များ အာပတ် ၇-ပုံဖြင့် ငြင်းဆိုစွပ်စွဲမှုကို ခေါ်သည်။ (အာပတ် ၇-ပုံ ကြည့်။)

အနုဝိဇ္ဇက ကျင့်ဝတ် ၆၄ - ပါး။ ။ဝိနည်းဓိုရ် နာဃခေါ် အနုဝိဇ္ဇက ရဟန်းတော်များ လိုက်နာ ကျင့်သုံးရမည့် နည်း ဥပဒေ (၆၄) ပါး။

http://www.dhammadownload.com

(၁) တရားလို စောဒက တရားခံ စုဒိတကတို့၏ ဥပဇ္ဈာယ်ကို မမေးရ၊ (၂) ဆရာကို မမေးရ၊ (၃) သဒ္ဓိဝိဟာရိက တပည့်ကို မမေးရ၊ (၄) အန္တေဝါသိက တပည့်ကို မမေးရ၊ (၅) ဥပဇ္ဈာယ် တူ တပည့်ကို မမေးရ၊ (၆) ဆရာတူ တပည့်ကို မမေးရ၊ (၇) ဇာတ်ကို မမေးရ၊ (၈) အမည်ကို မမေးရ၊ (၉) အနွယ်ကို မမေးရ၊ (၁၀) အာဂုံကို မမေးရ၊ (၁၁) အမျိုးကို မမေးရ၊ (ခတ္တိယ၊ ဗြဟ္မဏ စသော ဇာတ်တွင်လည်း ကာသိက မင်းမျိုး၊ ကောသလမင်းမျိုး စသော အမျိုးကို မမေးရဟု ဆိုလို၏။) (၁၂) ဖွဲ့ရာ အရပ်ကို မမေးရ။

မှတ်ချက်။ ။ဤ ၁၂-ရပ်သော မေးခွန်းကို မေးခဲ့သော် ချစ်ခြင်းသော်လည်း ဖြစ်ရာ၏၊ သို့မဟုတ် မုန်းခြင်းသော်လည်း ဖြစ်ရာ၏၊ ချစ်ခြင်းမုန်းခြင်း ဖြစ်ခဲ့သော် ဆန္ဒာဂတိ, ဒေါသာဂတိ, မောဟာဂတိ, ဘယာဂတိသို့လိုက်ခဲ့ရာသောကြောင့် ၁၂-ရပ်သော မေးခွန်းကို မမေးရဟု ဆိုလို၏၊ ဤ ၁၂- ပါးသော ကျင့်ဝတ်ကား ရှောင်ကြဉ်ရမည့် ကျင့်ဝတ်တည်း။

လိုက်နာရမည့် ကျင့်ဝတ်ကား ၅၂-ပါး ရှိသတည်း၊ (၁) ပုဂ္ဂိုလ်ကို အလေးမပြုဘဲ သံဃာကိုသာ အလေးပြုရမည်၊ (၂) အာမိသကို အလေးမပြုဘဲ သူတော်ကောင်းတို့၏ တရားကိုသာ အလေးပြုရမည်၊ (၃) ပရိသတ် အလိုအကြိုက်သို့ မလိုက်ဘဲ မိမိ အလို အကြိုက်သို့သာ လိုက်ရမည်၊ (၄) မသင့်လျော်သော အခါ၌ မမေးမြန်းဘဲ သင့်လျော်သောအခါ၌သာ မေးမြန်းရမည်၊ (၅) မဟုတ် မမှန်သောစကားဖြင့် မမေးမြန်းဘဲ ဟုတ်မှန်သော စကားဖြင့်သာ မေးမြန်းရမည်၊ (၆) ကြမ်းတန်းသော စကားဖြင့် မမေးမြန်းဘဲ နူးညံ့သိမ်မွေ့သော စကားဖြင့်သာ မေးမြန်းရမည်၊ (၇) အကျိုးနှင့် မစပ်သော စကားဖြင့် မမေးမြန်းဘဲ အကျိုးနှင့် စပ်သော စကားဖြင့်သာ မေးမြန်းရမည်၊ (၈) ဒေါသစိတ်ဖြင့် မမေးမြန်းဘဲ မေတ္တာစိတ်ဖြင့်သာ မေးမြန်းရမည်၊ (၉) နား၏အနီး၌ကပ်၍ မပြော ဆိုရ၊ (၁၀) ကောက်ကျစ်သော အမူကို မရှုငဲ့ရ၊ (၁၁) မျက်စပစ်၍ မပြရ၊ (၁၂) မျက်မှောင်ကြုတ်၍ မပြရ၊ (၁၃) ခေါင်းငြိတ်၍ မပြရ၊ (၁၄) လက်၏ဖေါက်ပြန်ခြင်းကို မပြရ၊ (၁၅) လက်ဆုပ်ကို မပြရ၊ (၁၆) နေရာ၌ လိမ်မာရမည်၊ (၁၇) ထိုင်ခြင်း၌ လိမ်မာရမည်၊ (၁၈) လေးတောင်ပမာဏ မျက်စိသာ ကြည့်ရှုရမည်၊ (၁၉) အနှက် အဆုံး အဖြတ်ကိုသာ

http://www.dhammadownload.com

နှိုင်းချိန်စုံစမ်း၍ နေရမည်၊ (၂၀) မိမိ နေရာ၌သော ထိုင်ရမည်၊ (၂၁) နေရာအမျှပ်မှ ထမသွားရ၊ (၂၂) အဆုံးအဖြတ်ကို မလျှောစေရ၊ (၂၃) အာပတ်ကို ပြသောအားဖြင့် လမ်းလွဲလမ်းမှားကို မမှီဝဲရ၊ (၂၄) လက်ရုံးကို မြွောက်၍ မပြောဆိုရ၊ (၂၅) အဆောတလျင် မပြောဆိုရ၊ (၂၆) ကြွမ်းကြမ်း တန်းတန်း မပြောဆိုရ၊ (၂၇) မကောင်းသဖြင့် ဆိုအပ်သော စကားမျှားကို သည်းခံရမည်၊ (၂၈) အစည်း အပွားကို လိုလားသည်ဖြစ်၍ မေတ္တာစိတ်ကို ဖြစ်စေရမည်၊ (၂၉) အစီးအပွားကို ရှာမှီးသည်ဖြစ်၍ ကရုဏာစိတ်ကို ဖြစ်စေရမည်၊ (၃၀) အပိုင်းအခြား ရှိသော စကားကို ပြောဆိုသည် ဖြစ်၍ အကျိုးမဲ့ အနက်မဲ့ စကားကို မပြောဆိုရ၊ (၃၁) မကောင်းသော စကားကို မပြောဆိုဘဲ ရန်နှင့်မစပ်သော စကားကိုသာ ပြောဆိုရမည်၊ (၃၂) ဤအမှုကို ဆုံးဖြတ်နိုင်အံ့လော မဆုံးဖြတ်နိုင်အံ့လော ဟု မိမိကိုယ်ကို နှိုင်းချိန် စုံစမ်းရမည်၊ (၃၃) ဤ လဇ္ဇီပရိသတ်ကို သိစေနိုင်လိမ့်မည်လော့ မသိ စေနိုင်လိမ့်မည်လောဟု တပါးသော ပရိသတ် ပုဂ္ဂိုလ်ကို နှိုင်းချိန်စုံစမ်းရမည်၊ (၃၄) ဓမ္မစောဒကလော့ အဓမ္မစောဒကလောဟု စောဒကကို နှိုင်းချိန်စုံစမ်းရမည်၊ (၅) ဓမ္မ စုဒိတကလော့ အဓမ္မ စုဒိတကလောဟု စုဒိတကကို နှိုင်းချိန် စုံစမ်းရမည်၊ (၃၆) အ ဓမ္မ စောဒက၏ အတိုင်း အရှည်ကို နှိုင်းချိန် စုံစမ်းရမည်၊ (၃၇) အ ဓမ္မ စုဒိတက၏ အတိုင်း အရှည်ကို နှိုင်းချိန်စုံစမ်းရမည်၊ (၃၈) ဓမ္မ စောဒက၏ အတိုင်းအရှည်ကို နှိုင်းချိန်စုံစမ်းရမည်၊ (၃၉) ဓမ္မ စုဒိတက၏ အတိုင်းအရှည်ကို နှိုင်းချိန်စုံစမ်းရမည်၊ (၄၀) စောဒက စုဒိတကတို့၏ အစစ်ခံ ထွက်ဆိုထားသော စကား အချက်အလက်တို့ကို မယုတ်လျော့စေဘဲ နုံပါတ်စဉ်ထိုး၍ ရေးမှတ် ထားရမည်၊ (၄၁) စောဒက စုဒိတကတို့၏ အစစ်မခံ မထွက်ဆိုသော စကား အချက်အလက် ဝတ္ထုများကို ထင်စွာ မပြရ၊ (၄၂) ထွက်ဆို အစစ်ခံသော အားဖြင့် သက်ရောက်လာသော ပုဒ်ဗျည်းအက္ခရာ စကားအစဉ်တို့ကို ကောင်းစွာ နှိုင်းချိန်စုံစမ်းပြီး၍ ဝန်ခံချက် ပဋိညာဉ်အတိုင်း ဆုံးဖြတ်ရမည်၊ (၄၃) တွေဝေသည်ဖြစ်၍ နုံ့နွေးသော စောဒက စုဒိတကကို ရှုဇ္ဇလန်းအောင် လှုံ့ဆော်ပေးရမည်၊ (၄၄) ကြောက်ရွံ့သော စောဒက စုဒိတကကို သက်သာခွင့် ရစေရမည်၊ (၄၅) ကြမ်းတန်းသော စောဒက စုဒိတကကို တားမြစ်ကန့်ကွက်ရမည်၊ (၄၆) မစင်ကြယ်သော အာပတ်ကို ထင်စွာ ပြရမည်၊ (၄၇) ဖြောင့်မတ်သော ပုဂ္ဂိုလ်ကို နူးညံ့ ပြေ့ပျောင်းသော စကား

http://www.dhammadownload.com

ဖြင့် ခေါ်ဝေါ်ပြောဆိုရမည်၊ (၄၀) ဆန္ဒာဂတိသို့ မလိုက်ရ၊ (၄၉) ဒေါသာဂတိသို့ မလိုက်ရ၊ (၅၀) မောဟာဂတိသို့ မလိုက်ရ၊ (၅၁) ဘယာဂတိသို့ မလိုက်ရ၊ (၅၂) ပုဂ္ဂိုလ်ကို အလေးမပြုဘဲ ဓမ္မကိုသာ အလေးပြုသည်ဖြစ်၍ ပုဂ္ဂလတို့၌ လျစ်လျူ ရှုရမည်၊ ဤကား လိုက်နာရမည့် ကျင့်ဝတ် (၅၂) ပါးတည်း၊ ပေါင်း ၆၄ - ပါးဖြစ်၏။

အနုဿတိ ၁၀ - ပါး။ ။အဖန်ဖန် အောက်မေ့အပ်သော ကမ္မဋ္ဌာန်းတရားဆယ်ပါးဟူ၏။ အဂ်္ဂတ္တိုရ်ပါဠိတော်-ပ။ (၁) ဗုဒ္ဓါ နုဿတိ - ဘုရား၏ ဂုဏ်တော် ကျေးဇူးတော်မျာ်းကို အဖန်ဖန် အထပ်ထပ် မပြတ် အောက်မေ့ခြင်း၊ (၂) ဓမ္မာ နုဿတိ-တရား၏ ဂုဏ်တော်ကိုငဲ့း၊ (၃) သံဃာ နုဿတိ-သံဃ ဂုဏ်တော်ကိုငဲ့း၊ (၄) သီလာ နုဿတိ- မိမိစောင့်ထိန်းသော သီလ ဂုဏ်ကိုငဲ့း၊ (၅) စာဂါ နုဿတိ - လှူဒါန်းခြင်း ဒါနဂုဏ်ကိုငဲ့း၊ (၆) ဒေဝတာ နုဿတိ-နတ်တို့ကို သက်သေပုံထား၍ နတ်အဖြစ်သို့ရောက်အောင် ပို့ဆောင်နိုင်သော သဒ္ဓါစသော မိမိ၏ ကုသိုလ်တရားကိုငဲ့း၊ (၇) ဥပသမာ နုဿတိ- ကိလေသာမှ ကင်းငြိမ်းခြင်း ဥပသမဂုဏ်ကိုငဲ့း၊ (၈) မရဏာ နုဿတိ- သေခြင်းတရားကိုငဲ့း၊ (၉) ကာယဂတာ သတိ- ဆိပ်စသော ဒုဂ္ဂန္ဓတို့ သကာယ သို့မဟုတ် ပထဝီမာတ် ကာယ နှစ်ဆယ်စသော ဒွေစတ္တာလီသကာယကိုငဲ့း၊ (၁၀) အာဏာပါဏဿတိ- ထွက်သက် ဝင်သက်ကိုငဲ့း။

အနုသယ ၇-ပါး။ ။မဟာနိဒ္ဒေသ ။ပါ။ ၇၇။ ၌။ ၂၀၅-၌ အာဂျယ်ရှု။ အကြောင်းတစုံတခုနှင့် ပေါင်းဆုံမိက အဆင်သင့် ဖြစ်ပေါ်နိုင်ရန် သတ္တဝါတို့သန္တာန်၌ ကိန်းဝပ်နေသော တရား ၇-ပါး။ (၁) ကာမရာဂါ နုသယ- ကာမဂုဏ်၌ တပ်နှစ်သက်သော "လောဘ"၊ (၂) ဘဝရာဂါ နုသယ- ဘဝ၌ တပ်နှစ်သက်သော "လောဘ"၊ (၃) ပဋိဃာ နုသယ- ပြစ်မှားကြမ်းကြုတ်သော "ဒေါသ"၊ (၄) မာနာ နုသယ- မောက်ကြွား ထောင်လွှားခြင်း "မာန"၊ (၅) ဒိဋ္ဌာ နုသယ-မှားသောအယူဝါဒကို ယူခြင်း "ဒိဋ္ဌိ"၊ (၆) ဝိစိကိစ္ဆာနုသယ- ရတနာသုံးပါး စသည်၌ သို့လော သို့လော တွေးတောခြင်း "ဝိစိကိစ္ဆာ"၊ (၇) အဝိဇ္ဇာ နုသယ- မသိမလိမ်မာ တွေဝေမိုက်မဲခြင်း "မောဟ"။

အနူမျိုးပြား။ ၁၈ - ပါး။ ခေါ်ခြား အာဘယ်နည်း? ။ ။ငဲ့းအဖြေ (နူနာမျိုး ၁၈-ပါး) ၌ ကြည့်ပါ။

http://www.dhammadownload.com

အဓနသန ၂၁-ပါး။　။မဟာနိဒ္ဒေသ။ပါ။ ၂၉၀-၃၉၆။ဎင်း။ ဋ္ဌ။ ၃၅၀-၃၅၂။ မတ္ထိမပဏ္ဏာသ ။ပါ။ ၂။ဎင်း။ ဋ္ဌ။ ၄-တို့၌ အကျယ်ရှုပါလေ။ ကျမ်းချင်း အနည်းငယ် ကဲ့လွဲကြသည်။ ရဟန်း သာမဏေတို့နှင့် မအပ်စပ် မရှာမှီး ကောင်းသော ပစ္စည်းရှာနည်း ၂၁ - ပါး။ (၁) လူမျာ်းကို ဆေးကုပေး၍ ပစ္စည်းရှာခြင်း၊ (၂) လူတို့၏ ခရီးရှည် စေတမန် လုပ်ခြင်း၊ (၃) လူတို့၏ အနီးအနား အစေအခိုင်းခံခြင်း၊ (၄) အနာကို ဒါးခဲ့ပေးခြင်း၊ (၅) ဆေးလိမ်းပေးခြင်း၊ (၆) ပျို့အန်ဆေး ပေးခြင်း၊ (၇) ဝမ်းနှုတ်ဆေး ပေးခြင်း၊ (၈) နှာ ပေးခြင်း၊ (၉) မျက်စဉ်း ပေးခြင်း၊ (၁၀) ဝါး ပေးခြင်း၊ (၁၁) သစ်ရွက် သက်ငယ် ဓနိ ပေးခြင်း၊ (၁၂) ပန်း ပေးခြင်း၊ (၁၃) စားဘွယ်သစ်သီး ပေးခြင်း၊ (၁၄) ရေချိုးဆပ်ပြာ ပေးခြင်း၊ (၁၅) ဒန်ပူ ပေးခြင်း၊ (၁၆) မျက်နှာသစ်ရေ ပေးခြင်း၊ (၁၇) မျက်နှာ ချေမှုန့် ပေါင်ဒါ ပေးခြင်း၊ (၁၈) မြေညက် ပေးခြင်း၊ (၁၉) မိမိကိုယ်ကို အောက်ချ၍-ကျူပ့်ကျန်တော် စသော ဝေါဟာရတို့ဖြင့် ပြောခြင်း၊ (၂၀) လိမ်လည် ဝါကြွား၍ ပြောကြွားခြင်း၊ (၂၁) ကလေးထိန်းမျာ်း ကဲ့သို့ လူတို့၏ ကလေးမျာ်းကို ချီပွေ့ ချော့မြှူခြင်း။

အနောဓိဿ မေထွာ ၅-ပါး။　။လူ့ နတ်၊ ကျာ်း,မ မခဲ့ခြာ်းဘဲ သတ္တဝါ အာ်းလုံ်း အနေနှင့် ပို့သသော မေထွာမျိုး။ (၁) သဗ္ဗေ သတ္တာ- သတ္တဝါ အာ်းလုံ်း၊ (၂) သဗ္ဗေ ပါဏာ-သက်ရှိအာ်းလုံ်း၊ (၃) သဗ္ဗေ ဘူတာ-ဖြစ်နေသူအာ်းလုံ်း၊ (၄) သဗ္ဗေ ပုဂ္ဂလာ - ပုဂ္ဂိုလ်အာ်းလုံ်း၊ (၅) သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ - အတ္တဘောဝ၌ အကျုံ်းဝင်သူအာ်းလုံ်း။

အနောင်အဖွဲ့ကြီးမျိုး ၁၀-ပါး။　။မိလိန္ဒပဉှာ ပါဠိတော်။ ၂၇၈။နိက္ခမ ပါဓ္မမိ၏ ဆန့်ကျင်ဘက်ကြီးမျာ်း။ (၁) မာတု-အမိ၊ (၂) ပိတု - အဖ၊ (၃) ဘရိ'ယ - မယား၊ (၄) ပုတ္တ- ယာ်း သမီ်း၊ (၅) ဉာတိသင်္ဃ - အဆွေအမျိုး၊ (၆) မိတ္တသဟာယ - အပေါင်းအဖေါ်၊ (၇) ဘောဂဓန - ဥစ္စာရွေ့ငွေ့၊ (၈) လာဘသက္ကာရ -လာဘ်အပူဇော်၊ (၉) ဂ္ဂဿရ- အစိုးရခြင်း၊ (၁၀) ပဥ္စကာမဂုဏ- ငါ်းပါး ကာမဂုဏ်။

အပုနာဇော ၂၆-ပါး။　။ဟုတ်မှန် ကောင်းမြတ်ဆုံ်းသော အကြံအစည်၌ မဆုတ်မနစ် တည်ကြည်မှု စိတ်စောခြင်းမျိုး ၂၆-ပါ်း ဟူ၏။ (က) မဟဂ္ဂုတ်

http://www.dhammadownload.com

ကုသိုလ် ဇော ၉-ပါး။ (၃) မဟဂ္ဂုတ် ကြိယာဇော ၉-ပါး။ (၈) လောကုတ္တရာဇော ၈-ပါး၊ ပေါင်း ၂၆-ပါး။

အပ္ပမညာစေတသိက် ၂-ပါး။ ။အတိုင်းအရှည်ပမာဏ မရှိမထားပဲ သတ္တဝါများ အပေါ်၌ စိတ်ထားပုံးများရမည့် တရား ၂- ပါး ဟူ၏။ (၁) ကရုဏာ - သူတပါးဆင်းရဲကို ပယ်ရှားကင်းပျောက်စေလိုသော လက္ခဏာ၊ (၂) မုဒိတာ- သူတပါး စည်းစိမ်ချမ်းသာကို ဝမ်းသာရွှင်မြောက်ခြင်း လက္ခဏာ။

အပရိဟာနိယ တရား ၇-ပါး။ ။စည်းစိမ်ချမ်းသာ မဆုတ်ယုတ် တိုးတက်ပွားများကြောင်းဟူသော ခုနစ်ပါးဟူလို၊ (သတ္တဂုံတ္တရပါဠိတော်နှင့်ပရိနိဗ္ဗာန သုတ် အဋ္ဌကထာတို့မှ) (၁) သတ္ထု ဂါရဝတာ- ဘုရား၌ ရှိသေခြင်း၊ (၂) ဓမ္မဂါရဝတာ- တရားတော်၌ ရှိသေခြင်း၊ (၃) သံဃ ဂါရဝတာ- သံဃာတော်၌ ရှိသေခြင်း၊ (၄) သိက္ခာ ဂါရဝတာ- ကိုယ်ကျင့် သိက္ခာ၌ ရှိသေခြင်း၊ ကျင့်သုံးခြင်း၊ (၅) သမာဓိ ဂါရဝတာ- တည်ကြည်ခြင်း သမာဓိကို ရှိသေခြင်း၊ (၆) ကလျာဏ မိတ္တတာ- ကောင်းသော မိတ်ဆွေရှိခြင်း၊ (၇) သောဝစဿတာ- ပညာရှိသူတော်ကောင်းတို့ ဆိုဆုံးမသော စကား ကို နာယူလွယ်နိုင်ခြင်း။

အပရိဟာနိယ တရား ၇-ပါး အခြား ခုနစ်နည်း။ ။ဝဇ္ဇီမင်းတို့အား တိုင်းပြည်တိုးပွားရေးအတွက် ၇- ပါး တနည်းကို ဟောတော်မူ၍, ရဟန်း တော်တို့အား ၇- ပါး ငါးနည်း၊ ၆- ပါး တနည်း ဟောတော်မူလေသည်၊ ၎င်းအကျယ် စိတ်ဝင်စားဘွယ်တို့ကို မဟာပရိနိဗ္ဗာနသုတ်၌ ကြည့်ပါကုန်၊ ထိုသုတ်၌ ဖော်ပြသော လူတို့အတွက်နှင့် ရဟန်းတို့အတွက် နှစ်နည်းကို အောက်တွင် ဖော်ပြပါအံ့။

အပရိဟာနိယတရား ၇-ပါး တနည်း။ ။ဝေသာလီပြည် ဝဇ္ဇီမင်း ဟို့ကို အင်္ကြောင်းပြု၍ ဘုရားဟောတော်မူသည်။ (၁) ညီညွတ်စွာ မပြတ် စည်းဝေး တိုင်ပင်ခြင်း၊ (၂) အစည်းအဝေးသို့ တစုတရုံးစည်း အညီ တက်ရောက်၍ မင်းတို့ပြုဘွယ် ကိစ္စကို အညီပြုကုန်လျက် တစုတရုံးစည်း ညီညွတ်စွာ ထပြန်ကြခြင်း၊ (၃) ရှေးရှေး ဝဇ္ဇီမင်းတို့၏ ပညတ်ချက် ဓမ္မတို့ကို အစဉ်လိုက်နာခြင်း, မဖျက်ဆီးခြင်း, အသစ် မပညတ်ခြင်း၊

http://www.dhammadownload.com

(၄) အသက်ကြီးကုန်သော ဝဇ္ဈမင်းတို့ကို ရိုသေလေးမြတ်စွာ ပူဇော်ခြင်း, ၎င်းတို့၏ ဆိုဆုံးမချက်ကို နာယူခြင်း၊ (၅) ဝဇ္ဈိအမျိုးသမီးကြီးငယ်တို့ကို နိုင်ထက်ကလူ ဆွဲယူ၍ အိမ်ထောင်မပြုခြင်း၊ (၆) မြို့တွင်း မြို့ပြင်ရှိ ဝဇ္ဈိတို့ အရှိအသေပြု ပူဇော်ကြကုန်သော နတ်ကုန်းစေတီတို့ကို ဇွဲထုံးနည်း အတိုင်း ဗလိနတ်စာပေးခြင်း၊ (၇) ဝဇ္ဈိတိုင်းသို့ မလာကုန်သေးသော ရဟန္တာတို့ ကြွလာစေခြင်းငှါ, ကြွလာပြီးသော ရဟန္တာတို့ ချမ်းသာစွာ နေခြင်းငှါ, ရဟန္တာတို့အား တရားနှင့် လျော်စွာ စောင့်မျှောက်ပြုစု လုံခြုံစေခြင်း။

အပရိဟာနိယတရား ၇-ပါး တနည်း။ ။မဟာပရိနိဗ္ဗာနသုတ်၌ ရဟန်းတို့ အား ၅-နည်း ဟောကြားတော်မူသည့်အနက် တနည်း။ (၁) ညီညွတ်စွာ မပြတ်စည်းဝေးခြင်း, တိုင်ပင်ဆွေးနွေးခြင်း၊ (၂) အစည်းအဝေးသို့ အညီအညွတ် စုရုံးတက်ရောက်၍ သံဃာ၏ ပြုဘွယ်ကိစ္စတို့ကို အညီအညွတ် ပြုကုန်လျက် ညီညာစွာ ထပြန်ကြခြင်း၊ (၃) ပညတ်ပြီး ဓမ္မ ဝိနယတို့ကို အစဉ်လိုက်နာ ကျင့်သုံးခြင်း, မပယ်ဖျက်ခြင်း, အသစ် မပြုပြင်ခြင်း၊ (၄) ထေရ်ဝါကြီးသော ဂုဏ်ဝန္တ သီလဝန္တ ဗဟုသုတရေ ရဟန်းကြီးတို့ အား ရိုသေလေးမြတ်ခြင်း, ပူဇော်ခြင်း, ၎င်းတို့၏ ဆိုဆုံးမချက်တို့ကို နာယူခြင်း၊ (၅) မိမိသန္တာန်၌ ဖြစ်သော လောဘ တဏှာ အလိုဆိုးသို့ မလိုက်မပါနေခြင်း၊ (၆) စျာန်, မဂ်, ဖိုလ်ကို ရလွယ်ကြောင်းဖြစ်သော တေ၁ရကျောင်းတို့၌ ငံ့သောစိတ်ရှိခြင်း၊ (၇) မိမိတို့ကျောင်းအာရုံသို့ မလာရောက်ဘူးသေးသော သုပေသလ သီတင်းသုံးဖော် ရဟန်းတော်တို့ လာရောက်စေခြင်းငှါ, လာရောက်ပြီးသော သီတင်းသုံးဖော်တို့ ချမ်းသာစွာ နေခြင်းငှါ စောင့်ရှောက် ဝတ်ပြုခြင်း။

အပါယ မုခတရား ၆-ပါး။ ။စည်းစိမ်ဥစ္စာ ဆုတ်ယုတ်ပျက်ပြား အပါယ်လားကြောင်းတရား ၆-ပါး ဟူ၏။ (၁) အခါမဲ့လှည့်လည်ခြင်း၊ (၂) ပွဲသဘင် ကြူးခြင်း၊ (၃) လောင်းကစား ကြူးခြင်း၊ (၄) သူမိုက်တို့နှင့် ပေါင်းဖော်ခြင်း၊ (၅) ပျင်းရိခြင်း၊ (၆) ယစ်မျိုး သောက်ကြူးခြင်း။

အပါယ်လေးပါး။ ။ပျက်စီး၍ ကျအပ်သော ချမ်းသာကင်းရာ အရပ် ၄-ပါး ဟူ၏။ (၁) နိရယ-ငရဲ၊ (၂) တိရစ္ဆာန-တိရစ္ဆာန်၊ (၃) ပေတ-ပြိတ္တာ၊ (၄) အသုရကာယ-အသူရကာယ်။

http://www.dhammadownload.com

အပါယ်ဖောက်ကြောင်း အလှူမျိုး ၁၀-ပါး။ ။မိလိန္ဒပဉှာ ။ပါ။ ၂၂၇။ အ ဒါန ဝတ္ထုခေါ် မပေးလှူကောင်းသော အလှူဆယ်ပါး၊ ပေးလှူသော် အပါယ် ကျတတ်၏၊ (မိလိန္ဒ) (၁) သမဏ ဒါန-ကချေအလှူ၊ အငြိမ့် ဇာတ်ပွဲ၊ (၂) မဇ္ဇ ဒါန-သေရည် အရက်အလှူ၊ (၃) ဣတ္ထိ ဒါန- မိန်းမအလှူ၊ (၄) ဥသဘ ဒါန- နွားလား, မြင်းလားအလှူ၊ (၅) စိတ္တကမ္မ ဒါန-ကာမဂုဏ်ကို ဆွပေးသော ပန်းချီဆေးရေးအလှူ၊ (၆) သတ္ထ ဒါန-လက်နက် ခဲယမ်း မီးကျောက်အလှူ၊ (၇) ဝိသ ဒါန-အဆိပ် အလှူ (သတ္တဝါတို့ ပျက်စီးစေရန်၊) (၈) သခ်ိလိက ဒါန-လက်ထိတ် သံခြေကျဉ်း, နှောင်ကြိုး အလှူ၊ (၉) ကုက္ကုဋ္ဌ သူကရ ဒါန-ကြက်, ဝက်, သားကောင် အလှူ၊ (၁၀) တုလာဘူဋ္ဌ, မာနကူဋ္ဌ ဒါန-ချိန်စဉ်းလဲ, တင်းစဉ်းလဲ အလှူ။

အပြစ်ဆုတရား ၄-ပါး။ ။သူတော် သူမြတ်တို့၏ အလိုနည်းခြင်း အကျင့်မြတ် တရား လေးပါး။ (၁) ပစ္စည်းလေးပါးတို့၌ အလိုကြီးခြင်း, တွယ်တာ တပ်မက်ခြင်း, လောဘတဏှာ နည်းပါးခြင်းတည်းဟူသော ပစ္စယ အပြစ်ဆု၊ (၂) မိမိ ဓုတင်စသော အကျင့်မြတ်ကို ကျင့်ကြံအားထုတ်နေကြောင်း သူတပါးတို့ကို အသိမပေးစေလိုခြင်း တည်းဟူသော ဓုတင်္ဂါဒီ အပြစ်ဆု၊ (၃) မိမိ စာပေပရိယတ် ကျမ်းကန်တော်သိမှုကို သူတပါးတို့ မသိစေလိုမှု ဟူသော လျှို့ဝှက်ခြင်း ပရိယတ္တိ ဗဟုသုတ အပြစ်ဆု၊ (၄) မိမိ ဈာန် မဂ် ဖိုလ် ရရှိထားကြောင်းကို သူတပါးတို့အား အသိမပေးလိုခြင်း၊ မသိအောင် ရိုးသားစွာ လျှို့ဝှက်ထားခြင်းတည်းဟူသော အဓိဂမ အပြစ်ဆု တရား ဟူ၏။

အပူဇော်ခံထိုက်သူ ၁၁-ယောက်။ ။ဂုဏ်း အဖြေကို (ပူဇော်ထိုက်သူ ၁၁-ယောက်)၌ ရှုပါ။

အပျင်းထူသူတို့ ဆင်ခြေ ၆-ပါး။ ။လူပျင်းတို့၏ အပြစ် ၆-ပါးလည်း ဟူ၏၊ သိင်္ဂါလေဝါဒသုတ်၌ ဟောကြားတော်မူသည်၊ ဤသူတို့ကား မကြိုးပွား။ (၁) ချမ်းလွန်းလှသေးသည်၊ (၂) ပူလွန်းလှသေးသည်၊ (၃) မိုးချုပ်နေပါပြီ၊ (၄) စောလှပါသေးသည်၊ (၅) ဆာလောင် နေသည်၊ (၆) ဝမ်းပြည့်နေသေးသည်

အပျိုစဉ်မျိုး ၃-ပါး, ၄-ပါး, ၇-ပါး, ၉-ပါး။ ။ကညာခေါ် အပျိုစဉ်တို့ကို ဓမ္မသတ် စာစောင်များနှင့် အဘိဓာန် ကျမ်းများမှ ထုတ်နုတ်၍ ဖြေပါ

http://www.dhammadownload.com

အံ့။ဂဃ ဒေါဒအာ-ဖြင့် ၄-ပါးဟူသော်ကား - (၁) ဂေါရီ-ရှစ်နှစ်ရွယ် အပျိုစဉ်၊ (၂) ကုမာရီ-ဆယ်နှစ်ရွယ် အပျိုစဉ်၊ (၃) ကညာ-ဆယ့်နှစ်နှစ် ရွယ် အပျိုစဉ်၊ (၄) မဟလ္လိကာ-ထို့ထက်လွန်သော အပျိုစဉ်။

တနည်း အမျိုးဝံသ ဒေါဒအားဖြင့် ၉-ပါးကား- (၁) ဒါရိကာ-၂-နှစ်အပျိုစဉ်၊ (၂) ဂေါရီ-၈-နှစ်အပျိုစဉ်၊ (၃) ကညာ- ၁၀-နှစ်အပျိုစဉ်၊ (၄) ကုမာရီ-၁၂-နှစ် အပျိုစဉ်၊ (၅) သွေးစုန်း- ၁၃-နှစ်အပျိုစဉ်၊ (၆) မျက်မည်း-၁၅-နှစ် အပျိုစဉ်၊ (၇) မျက်ဝန်း- ၂၀-နှစ် အပျိုစဉ်၊ (၈) မျက်ညှတ်- ၂၅-နှစ် အပျိုစဉ်၊ (၉) မျောင်းတူး- ၄၀-နှစ်အထက် အပျိုစဉ်။

တနည်း မနုစ်တ္တရ ဓမ္မသတ်ကျမ်းလာ အပျိုစဉ် ၇-ပါးကား- (၁) ဂေါရီ-ရှစ်နှစ်အပျိုစဉ်၊ (၂) ကလျာဏီ- ၁၀-နှစ် အပျိုစဉ်၊ (၃) ကုမာရီ-၁၂-နှစ် အပျိုစဉ်၊ (၄) သွေးစုန်း- ၁၃-နှစ်အပျိုစဉ်၊ (၅) မျက်မည်း-၁၅-နှစ်အပျိုစဉ်၊(၆) မျက်ဝန်း-၂၀-နှစ်အပျိုစဉ်၊(၇) မျောင်းတူး-၄၀-နှစ် အထက် အပျိုစဉ်။

တနည်း အဘိဓာန်ဋီကာကျမ်းလာ အမျိုစဉ် ၃-ပါးကား- (၁) ဂေါရီ- ၈-နှစ် အပျိုစဉ်၊ (၂) ကညာ- ၁၀-နှစ် အပျိုစဉ်၊ (၃) ကုမာရီ-၁၂ နှစ် အပျိုစဉ်၊ ထို့အပြင် အပျိုစဉ် ၂၁-ရပ် ၂၈-ရပ်ရှိသေးကြောင်းနှင့် ဘော်ပြထားလေသည်။

အပျိုဒတော် ၁၂-ထွေ့ အက။ ။(၁) နတ် အက၊(၂)မြင်း အက၊(၃) ဗျော အက၊ ( ) အိုးစည် အက၊ (၅) မျောက် အက၊ (၆) ဘီလူး အက၊ (၇) ဇော်ဂျီ အက၊ (၈)ဝန် အက၊ (၉)ဒိုးပတ် အက၊ (၁၀)အပြောင် အရှုမ်း အက၊(၁၁)သူငယ်တော် အက၊(၁၂)အဘိုးအို အက၊ အနုသဘင် ပညာရှင် ဦးဘိုးစိန်ကြီးထံမှ။

အပျိုတော် ကကြိုး ၁၂-မျိုး။ ။(၁) မျက်ခုံး ပလို့၊ (၂) မေး ပလို့၊ (၃) ပခုံး ပလို့၊ (၄) ရင် ပလို့၊ (၅) လက်ရုံး ပလို့၊ (၆) လက်စုံ ပလို့၊ (၇) ဝမ်းမြောင်း ပလို့၊ (၈) အရုပ်ကြီးလိမ် ပလို့၊ (၉) ဘယ် ခြ ညာလက် ပလို့၊ (၁၀) စုံ ပလို့၊ (၁၁) လက်ခုံ ပလို့၊ (၁၂) နတ်ယိုင်အက။ပလို့? ။ ပလို့ ဂျို့။ ပလို့ ဂျို့။

http://www.dhammadownload.com

အပြင် ၃၇-မင်း နတ်များ။ ။(၁) သိကြားနတ်၊ (၂) မဟာဂီရိနတ်၊ (၃) နှမတော် တောင်ကြီးရှင်နတ်၊ (၄) ရွှေနပေနတ်၊ (၅) သုံးပန်လှုနတ်၊ (၆) တောင်ငူရွှင်မင်းခေါင်နတ်၊ (၇) မင်းတရားနတ်၊ (၈) သံတော်ခံနတ်၊ (၉) ရွှေနော်ရထာနတ်၊ (၁၀) အောင်စွာမကြီးနတ်၊ (၁၁) ငါးစီးရှင်နတ်၊ (၁၂) အောင်ပင်လယ် ခင်ဖြူရှင်နတ်၊ (၁၃) တောင်မကြီးနတ်၊ (၁၄) မြောက်မင်းရှင်ဖြူနတ်၊ (၁၅) ရှင်တော်နတ်၊ (၁၆) ညောင်ချင်းနတ်၊ (၁၇) တပင်ရွှေထီးနတ်၊ (၁၈) မင်းရဲအောင်ထင်နတ်၊ (၁၉) ရွှေစစ်သင်နတ်၊ (၂၀) မယ်တော် ရွှေစကားနတ်၊ (၂၁) မောင်ဘိုးဝူးနတ်၊ (၂၂) ယွန်းဘုရင်နတ်၊ (၂၃) မောင်မင်းဖြူနတ်၊ (၂၄) မန္တလေး ဘိုးတော်နတ်၊ (၂၅) ရွှေဖျဉ်းကြီးနတ်၊ (၂၆) ရွှေဖျဉ်းငယ်နတ်၊ (၂၇) ဒါန်းမောင်ရှင်နတ်၊ (၂၈) ထီးဖြူဆောင်းနတ်၊ (၂၉) ထီးဖြူဆောင်း မယ်တော်နတ်၊ (၃၀) ပရိမ္မရှင်မင်းခေါင်နတ်၊ (၃၁) မင်းစည်သူနတ်၊ (၃၂) မင်းကျော်စွာနတ်၊ (၃၃) မြောက်ဖက် ရှင်မနတ်၊ (၃၄) အနောက် မိဖုယားနတ်၊ (၃၅) ရှင်ကုန်းနတ်၊ (၃၆) ရှင်ကွနတ်၊ (၃၇) ရှင်နဲမိနတ်။

အပြင်တာရာ၊ လုံးရေမှာ၊ သခ်္ခာ ၂၈။ ။ဂင်းအဖြေကို (တာရာ ၂၈-လုံး) ၌ ရှုပါလေ။

အပြစ်မျိုး ၂-ပါး။ ။မကောင်းမှု ပြုလုပ် ကျူးလွန်သူအတွက် ခံစားရခြင်း အပြစ်နှစ်ပါး။ (၁) ဒိဋ္ဌ မမြိုက ဝဋ္ဋ-ယခုဘဝမျက်မှောက်၌ပင် ချုပ်နှောင်ထောင်ချ ရိုက်နှက်ခုတ်ထစ် သတ်ပစ်ခြင်းစသော အပြစ်ဒဏ် အမျိုးမျိုး၊ (၂) သမ္မရာယိက ဝဋ္ဋ-သေပြီးနောက် ရောက်ရာဘဝ၌ ဆင်းရဲဒုက္ခ အမျိုးမျိုး ခံစားရခြင်း။

အပြစ် ၆-ပါး ကင်းစင်ငြား၊ လှထွား ပျိုသူဇာ။ ။အလှမယ် ရွေးချယ်ရာ၌ အောက်ပါ အလှလက္ခဏာ ခြောက်ပါးကို စိစစ်ရာသည် ဟူ၏။ (၁) နာတိ ထူလာ-မဝလွန်းသူ၊ (၂) နာတိ ကိသာ-မပိန်လွန်းသူ၊ (၃) နာတိ-သုက္ကာ-မဖြူလွန်းသူ၊ (၄) နာတိ ကဏှာ-မမည်းလွန်းသူ၊ (၅) နာတိ ဒီဃာ-မရှည်လွန်းသူ၊ (၆) နာတိ ဿာ-မပုလွန်းသူ။

အဓမ္မြောင်မယား ၆-ပါး။ ။ဓမ္မသတ်ပေါင်းချုပ် ပ-အုပ် ပုဒ်မ ၁၆။ ၁၈။ အမွေခံသား ခြောက်ပါးအရမှ ယူဖြေသည်။ (၁) မယားပါ ကျွန်မကို

http://www.dhammadownload.com

(၄၀) [အ + ဖျ ။ အ + ဖြ။ အ + ဗျ။ ဟ + ဘ]

သိမ်းသော အပြောင်၊ (၂) လင်ပါ ကျွန်မကို သိမ်းသော အပြောင်၊ (၃) နှစ်ပါးစုံ ဝယ်သော ကျွန်မကို သိမ်းသော အပြောင်း (၄) မယားမိဘက ပေးသော ကျွန်မကို သိမ်းသော အပြောင်၊ (၅) လင့်မိဘက ပေးသော ကျွန်မကို သိမ်းသော အပြောင်၊ (၆) ငွေကြေးမစပ် အလွတ် မိန်းမကို သိမ်းသော အပြောင်။

မှတ်ချက်။ ။အန္ဒသခေါ်ပ- ပုဒ်မ ၂၂၈။ မနုကျယ် ဒသမတွဲ ပုဒ်မ ၄၂ တို့၌လည်း ဆိုကုန်၏။

အဖျော် ၈-ပါး။ ။ဝိနည်းမဟာဝဂ် ။ပါ။ ၃၄၂ ။ဋ္ဌ။ ၃၈၂။ ရဟန်းတော်များ အချိန်မရွေး သောက်စားနိုင်ဖန် ဝိနည်းတော်က ခွင့်ပြုထားသော အဖျော်ရှစ်ပါး။ (၁) အမွှ ပါဏံ-သရက်သီး အဖျော်၊ (၂) ဇမ္ဗု ပါဏံ-သပြေသီး အဖျော်၊ (၃) စောစ ပါဏံ-တောင့်ပျောသီး အဖျော်၊ (၄) မောစ ပါဏံ-အိမ်ငှက်ပျောသီး အဖျော်၊ (၅) မဓု ပါဏံ-သစ်မည် စည်ခေါ် မယ်ဇယ်အဖျော်၊ (၆) မုဒ္ဒိက ပါဏံ-မုဒရက်ခေါ် ဇီပျစ်သီး အဖျော်၊ (၇) သာလူက ပါဏံ-ကြာစွယ် အဖျော်၊ (၈) ဖာရုသက ပါဏံ-ဖက်သက်တရော်သီး အဖျော်။

အဖြေ ၄-ပါး။ ။စတုကဂ်တ္တရ ။ပါ။ ၃၅၅ ။ဋ္ဌ။ ၃၀၄။ သုတ်မဟာဝဂ် ။ဋ္ဌ။ ၁၅၇-တို့၌ အကျယ်ရှုပါ။ သူအမေးကို ဖြေကြားခြင်း နည်းမျိုး ၄-ပါး ဟူ၏။ (၁) ကံသ ဗျာကရဏ-မေးသလောက်ကိုသာ အတိအကျ ဖြေကြားခြင်းမျိုး၊ (၂) ဝိဘဇ္ဇ ဗျာကရဏ- အကျဉ်းမေးထုံကို အကျယ် ဝေဘန်၍ ဖြေကြားခြင်းမျိုး၊ (၃) ပဋိပုစ္ဆာ ဗျာကရဏ-သူ့အားတဖန် ပြန်မေး၍ ဖြေကြားခြင်းမျိုး၊ (၄) ဌပနီယ ဗျာကရဏ-မေးသည်ကိုထား၍ အခြားသော ပုံဆောင် ဖြေကြားခြင်းမျိုး၊ ၎င်းကိုပင် "ပဋိက္ခေပ ဗျာကရဏ" ဟူ၍လည်း ခေါ်သေး၏။

အဗျာကတ တရားမျိုး ၄-ပါး။ ။ ဓမ္မသင်္ဂဏီ အဋ္ဌကထာ ။၃၀၃။ (၁) ဝိပါက်စိတ်၊ (၂) ကြိယာစိတ်၊ (၃) ရုပ်၊ (၄) နိဗ္ဗာန်။

အဘိဓမ္မပုဂ္ဂိုလ် တကျိပ်တယောက်။ ။ရဟန်း မခံထိုက်သော ပုဂ္ဂိုလ်၊ သို့မဟုတ် စျာန်, မဂ်,ဖိုလ်ကို မရထိုက်သော ပုဂ္ဂိုလ် ကကျိပ်တယောက်ကို

http://www.dhammadownload.com

ခေါ်ဆိုသည်။ (၁) ပဏ္ဍက-ပဏ္ဍုက်၊ (၂) ထေယျသံဝါသက-ရှင်ရဟန်းအသွင်ကို ခိုးယူ၍ ရှင်ရဟန်းစစ်တို့နှင့် ပေါင်းသင်းနေထိုင်သူ၊ (၃) တိတ္ထိယပက္ကန္တက-တိတ္ထိတို့ထံသို့ ရဟန်းဘောင်မှ ပယ်ခွါသွားသူ၊ (၄) တိရစ္ဆာန-တိရစ္ဆာန်၊ (၅) မာတု ဃာတက-အမိကိုသတ်သူ၊ (၆) ပိတု ဃာတက-အဖကိုသတ်သူ၊ (၇) အရဟန္တ ဃာတက-ရဟန္တာကိုသတ်သူ၊ (၈) လောဟိတုပ္ပါဒက-ဘုရားအား သွေးစိမ်းတည်အောင်ပြုသူ၊ (၉) သံဃ ဘေဒက-သံဃာကို ဂိုဏ်းခွဲသူ၊ (၁၀) ဘိက္ခုနီ ဒူသက - ရဟန်းမိန်းမကို ဖျက်ဆီးသူ၊ (၁၁) ဥဘတော ဗျဉ္ဇနက-နှစ်လိင်ရှိသူ။

အဘိဇ္ဈာ အင်္ဂါ ၂-ပါး။ ။ထင်း အမှု ကံမြောက်နိုင်ရန် အင်္ဂါ ၂-ပါး။ (၁) ပရဘဏ္ဍေ-သူများ၏ စည်းစိမ်ဥစ္စာ၊ (၂) အတ္တ ပရိဏာမနံ-ငါရသော် တော်လေစွဟု မိမိသို့ ညွတ်စိတ်ဖြစ်ခြင်း။

အဘိညာဉ် ၆-ပါး။ ။အဘိဓမ္မာ ဝိဘင်္ဂပါဠိတော် ။၃၄၇။ ထင်း ။၌။ ၄၀၃-၌ အကျယ်ရှုပါ။ အလွန်အကျူး အထူးသိတတ်သော ဉာဏ်အမြင် ၆-ပါး။ (၁) ဒိဗ္ဗစက္ခု အဘိညာဉ်-နတ်မျက်စိတို့ကဲ့သို့ အထူးမြင်တတ်သော ဉာဏ်၊ (၂) ဒိဗ္ဗသောတ အဘိညာဉ်-နတ်နားကဲ့သို့ အထူးကြားတတ်သော ဉာဏ်၊ (၃) ပရစိတ္တ ဝိဇာနန အဘိညာဉ်-သူတပါး၏ စိတ်ကို သိတတ်သော ဉာဏ်၊ (၄) ဣဒ္ဓိဝိဓ အဘိညာဉ်-အထူးထူးသော တန်ခိုးကို ပြုစုံမ်းနိုင်သော ဉာဏ်၊ (၅) ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်-ရှေးဘဝ၌ ဖြစ်ခဲ့ ပျက် ဘူးသည်တို့ကို အစဉ် အောက်မေ့နိုင်သော ဉာဏ်၊ (၆) အာသဝက္ခယ အဘိညာဉ်-ကိလေသာ အာသဝေါ ကုန်ခန်းစေတတ်သော အရဟတ္တမဂ် ဉာဏ်။

မှတ်ချက်။ ။ ရွှေငါးပါးကို လောကီ အဘိညာဉ်ဟု မှတ်လေ။ သာသနာပ အခါမျိုး၌ သော်လည်း သမထကသုးကို အားထုတ်က ထင်းငါးပါးကို ရနိုင်သည်။

အဘိညာဉ် (စိတ်) ဇွေး ၂-ပါး။ ။ရူပကုသိုလ် ပဉ္စမစျာန်စိတ်နှင့် အာရုပ္ပကုသိုလ် ပဉ္စမစျာန်စိတ်။

အဘိညာမျိုး ၄-ပါး။ ။ထင်းသရုပ်အဓိပ္ပါယ် အလုံးစုံ (ပဋိသမ္ဘိဒါမျိုး ၄-ပါး) နှင့် တူ၏။

http://www.dhammadownload.com

အဘိဏှ ပစ္စဝေက္ခဏာဝတရား ၅-ပါး။ ။ရဟန်း, ရှင်, လူတို့ မပြတ်တစေ ဆင်ခြင်နေရမည့် တရား ၅-ပါး။ (၁) ဇရာ ဓမ္မ-အိုခြင်း သဘောကို မလွန်ဆန်နိုင်မှု၊ (၂) ဗျာဓိ ဓမ္မ-နာမကျန်းမှုကို မလွန်ဆန်နိုင်မှု၊ (၃) မရဏ ဓမ္မ-သေရခြင်းသဘောကို မလွန်ဆန်နိုင်မှု၊ (၄) နာနာဘာဝ ဝိနာဘာဝ-ချစ်သူနှင့် သေကဲ့ ရှင်ကဲ့ သဘောမှ မလွန်ဆန်နိုင်မှု၊ (၅) ကမ္မ ဒါယာဒါ-ကိုယ်လုပ်မှုသာလျှင် ကိုယ်၏ခံစားခွင့် အမွေအနှစ်, မှီခိုရာ ဆွေညာမျိုးစစ် ဖြစ်ခြင်း။

အဘီဓမ္မာ ၇-ကျမ်း။ ။အဘိဓမ္မာပိဋကဝင်ကျမ်း ၇-ပါး။ (၁) ဓမ္မသင်္ဂဏီ ကျမ်း(၂)ဝိဘင်းကျမ်း၊(၃) ဓာတုကထာကျမ်း၊(၄) ပုဂ္ဂလပညတ်ကျမ်း၊ (၅) ကထာဝတ္ထုကျမ်း၊ (၆) ယမိုက်ကျမ်း၊ (၇) ပဋ္ဌာန်းကျမ်း။

အဘိနန္ဒန တရား ၅-ပါး။ ။သမုဒယသဘောဖြင့် မက်မော နှစ်သက်ခြင်း ဝတ္ထု၌ပါးကို ခေါ်သည်၊ ၎င်းအဖြေ (ကာမဂုဏ် ၅-ပါး)၌ ရှုပါ။

အဘိနိဧသ တရား ၂-ပါး။ ။လောကုတ္တရာတရားကို အာဃာတ်ရာ စခန်း၌ နှလုံးသွင်းရာ တရား ၂-ပါး ဟူ၏။ (၁) သမထတရား၊ (၂) ဝိပဿနာ တရား။

အဖြိုက်မျိုး ၄-ပါး။ ။လချေး သို့မဟုတ် "ဝုလ်ဖရမ်"ခေါ် သံလိုက်ဆွဲ၍ မရသော ကျောက်သံမျိုး ၄-ပါး ဟူ၏။ ရသမဥ္ဇရီ သဂဋ္ဌ ဆေးကျမ်းမှ ယူသည်။ (၁) ပိနာလာမည်သော အဖြိုက်-မီး၌ ဖုတ်လတ်သော် အခက် အခက် ဝေဖြာလျက် ခိုင်မာစွာ ထုက်လာ၏၊ (၂) ဒဒုရ မည်သော အဖြိုက်-ဖား အော်မြည်သံကဲ့သို့ ရှိ၏၊ (၃) အဝဇရ မည်သော အဖြိုက်-မီး၌ချသော် ဖောက်ပြန်သော ရွပ်အဆင်းရှိ၏၊ တစုံတခုနှင့် မယှဉ်မတွဲရာ၊ အနာဏောဂါရှိသူတို့ကို တိုက်သော် သေဘေးမှ ကင်းဝေးစေ၏၊ (၄) နာဂ မည်သော အဖြိုက်-မြွေဆိပ် မြွေမြှုပ်ကဲ့သို့ ရှိ၏။

အမတ်ကြီးတို့ ဂုဏ်အင်္ဂါ ၈-ပါး။ ။၎င်းသရုပ်အဓိပ္ပါယ် (မှူးမတ်တို့ ဂုဏ် အင်္ဂါ ၈-ပါး)၌ ရှုပါ။

အမတ်မျိုး ၁၄-ပါး။ ။မင်း၏ မှူးမတ်မျိုးပေါင်း ၁၄-ပါး ဟူ၏။ **အဘိဓာန်မှ** ယူပြသည်၊ ထိုထက် အများလည်း ရှိတန်ရာ၏။ (၁) မန္တိနီ-မင်းတိုင်ပင် အမတ်၊ (၂) သေနာနီ-စစ်သူကြီး ဗိုလ်မှူးအမတ်၊ (၃) အက္ခဒဿော-

http://www.dhammadownload.com

တရားဝန်ကြီး အမတ်၊ (၄) ဒေါဝါရိကော-တံခါးမှူး အမတ်၊ (၅) အကာနိဋ္ဌော-ကိုယ်ရံတော် ဗိုလ်မှူး အမတ်၊ (၆) မလ္လကော-လက်ပမ်းသည် လက်ဝှေ့တော်သတ် အမတ်၊ (၇) သေဝကော-မင်းခစား အဆောင် တော်မြဲ အမတ်၊ (၈) ကဏ္ဍကော-ရွှေတိုက်စိုး ငွေတိုက်တော်မှူး (စံကိုင်ပွဲစားအမတ်၊) (၉) အဓိကတော-ကလန် ခေါ် တရွာတည်းကို ကြီးကဲသော အမတ်၊ (၁၀) ဂေါပေါ-သံပျင် ခေါ် သို့မဟုတ် မြို့သူကြီး ခေါ် ရွာအများကို ကြီးကဲသော အမတ်၊ (၁၁) စဏော-သူလျှိုစုံ ထောက်အမတ်၊ (၁၂) ဒူတော-တမန်တော် အမတ်၊ (သံအမတ်၊) (၁၃) ဂဏကော-ဂဏန်း ဟူးရူးတတ် အမတ်, စာရင်းစစ်မင်းကြီး၊ (၁၄) လေခကော-စာရေးကြီး အမတ်။

အမတော်မျိုး ၉-ပါး။ ။ဌင်းအဖြေ (အမြဲတော်မျိုး ၉-ပါး) ၌ ရှုလေ။

အဓမ်း ၄-ထွေ၊ အဓြေ ၅-ပါး။ ။ယမိုက်ပါဠိတော် ။ပ။ အုပ်။ ၃၁။ ၌။ ၂၉၀-၌ အကျယ်ရှုပါ။

အမေး (၁) ပုရေပဉ္စာ၊ (၂) ပစ္ဆာပဉ္စာ၊ (၃) ပရိပုဏ္ဏပဉ္စာ၊ (၄) မောဃပဉ္စာ။

အဖြေ (၁) ပါဠိဂတိ ဝိသဇ္ဇနာ၊ (၂) ပဋိဝစန၊ (၃) သရူပ ဒဿန၊ (၄) ပဋိက္ခေပ၊ (၅) ပဋိသေဓ ဝိသဇ္ဇနာ။

အဓမ်း ၅-ထွေ။ ။ပဋိသမ္ဘိဒါမဂ် ။ပါ။ ၅ ။၌။ ပ-အုပ်- ၅၆။ မေးပုံ မေးနည်း ပုစ္ဆာမျိုး ၄-ပါး။ အဋ္ဌသာလိနီမှ ယူဖြေသည်။ (၁) အဒိဋ္ဌ စောဒနာ ပုစ္ဆာ-မသိမမြင်သော အနက်အဓိပ္ပါယ်ကို သိမြင်ချင်၍ မေးခြင်းမျိုး၊ (၂) ဒိဋ္ဌ သံသန္ဒနာ ပုစ္ဆာ-သိမြင်ပြီးသော အနက်အဓိပ္ပါယ်ကို မိမိနှင့်အယူအဆ တူမတူ နှိုင်းယှဉ်လိုရှိ၍ မေးမြန်းခြင်းမျိုး၊ (၃) ဝိမတိစ္ဆေဒန ပုစ္ဆာ-အယူအဆ သံသယရှိနေသည်ကို ရှင်းပြတ်စေလိုရှိ၍ မေးမြန်းခြင်းမျိုး၊ (၄) အနုမတိ ပုစ္ဆာ-မိမိနှင့် သဘောတူဖြစ်ရန် မိမိအလိုသို့ လိုက်ပါစေလို သောကြောင့် မေးမြန်းခြင်းမျိုး၊ (၅) ကထေတုကမျတာ ပုစ္ဆာ-မိမိ ပင်လျှင် ဖြေကြားပြောဆိုလိုသောကြောင့် မေးမြန်းခြင်းမျိုး။

အမိုက် အပြား အင်္ဂါ ၄-ပါး ၂-နည်း။ ။မူလပဏ္ဏာသ ပါဠိတော် ။၂၁။ ဌင်း ။၌။ ပ-အုပ်။ ၁၃၄-၌ အကျယ်ရှု။ လူမိုက်တို့၏ စံချိန်ပြသော

http://www.dhammadownload.com

အမိုက်မှောင်၏ အင်္ဂါဖြစ်လေးရပ်။ (က) သန်းကောင့်တိမ်ပုပ်၊တောအုပ့် ဥမင်၊ မိုက် ၄-အင်၊ ဤ ၄-ပါးကား ဦးပုညဝတ္ထုလာတည်း။ (ခ) သန်းကောင့် လက္ခဏာ၊ ထောအုပ်လယ်၌၊ ရွှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံး သည့်၊ မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ ဤလေးပါး ထက်၊ နှင်ကာရောထောင်၊ မကမ္ဘောင်၏။ (လယ်တီဆရာတော်။)

အမိုက်ကောင်ကြီး ၄-မျိုး။ ။ဘေးရန်မပြူသည့် အရာကို ဘေးရှိသည် ထင်မှတ်နေသော- (၁) တိကောင်၊ (၂) ကြိုးကြာ၊ (၃) တစ်တီတူး၊ (၄) ပုဏ္ဏား။ သုတ္တနိပါတ် ။၌။ ဒုအုပ်။ ၅၁-၅၂။ ဥပရိပဏ္ဏာသ ။၌။ ၁၄-တို့၌ ရှုပါ။

အမျက်ကြီးခြေား၊ ၁၄-ပါး၊ မျိုးစားပုဂ္ဂိုလ်၊ အဘယ်နည်း? ။မျက်မာန်ဒေါသ ဟူးဟူးထလွယ်သော ပုဂ္ဂိုလ်များ ဟူ၏၊ ၎င်းအဖြေကို ဩဝါဒထူးပ္ပါမှ ယူသည်။ (၁) အမျက်ကြီးရာ ဆယ့်လေးဖြာကား၊ ချမ်းသာရိပ်ငြိမ်၊ နှန်းစည်းစိမ်နှင့်၊ ရန်နှိမ်ကိုးပါး၊ မိုးကြိုးသွားကြောင့်၊သိကြားအမျက်၊ ဟူးဟူးထွက်၏၊ (၂) အောက်ထက် ဆန်စုန်၊ တောင်သံဟုန်ကြောင့်၊ ဂဠုန်အမျက်၊ ဟူးဟူးထွက်၏၊ (၃) စက်ယန္တရား၊ ခိုးလှုံများကြောင့်၊ နဂါးအမျက်၊ ဟူးဟူးထွက်၏၊ (၄)ရန်ဘက်ဖျောက်လှော်၊ ဟောက်တက်ဇလေကြောင့်၊ ခြင်္သေ့အမျက်၊ ဟူးဟူးထွက်၏၊(၅)လက်နက်ဆင်မြင်း၊ ဗိုလ်သင်းပင်းကြောင့်၊ မင်းတို့အမျက်၊ ဟူးဟူးထွက်၏၊ (၆) အောက်ထက်ကျွန်ကျေး၊ ရွှေဥကြေးကြောင့်၊ သူဌေးအမျက်၊ ဟူးဟူးထွက်၏၊ (၇) မောင်းလက်ခတ်တီး၊ အားအင်ကြီး၍၊ ထီးကပွနား၊ ဆင်းရဲသားတို့၊ မာန်အားအမျက်၊ ဟူးဟူးထွက်၏၊ (၈) မခက်ခဲတွန်၊ အမူပုန်၍၊ကျေးကျွန်အမျက်၊ဟူးဟူးထွက်၏၊ (၉) ဉာဏ်စက်နှံဝန်း၊ကျမ်းဂန်ပွန်း၍၊ ရဟန်းအမျက်၊ ဟူးဟူးထွက်၏၊ (၁၀) ရမ္မက်ကြီးမား၊ လောဘအားကြောင့်၊ မင်းသားအမျက်၊ ဟူးဟူးထွက်၏၊ (၁၁) မှခက်ဒေါသ၊ ဆင်းရှုပကြောင့်၊ မိန်းမအမျက်၊ ဟူးဟူးထွက်၏၊ (၁၂) ဘုန်းလက်ရုံးအား၊ ကောင်းမြောက်မြား၍၊ယောကျ်ားအမျက်၊ဟူးဟူးထွက်၏၊ (၁၃) လိုက်ဖက် ဆေးဝါး၊ မန္တရားကြောင့်၊ သမားအမျက်၊ ဟူးဟူးထွက်၏၊ (၁၄) လွေကျက်နှံပြား၊ ဗေဒင်အားကြောင့်၊ ပုဏ္ဏားအမျက်၊ ဟူးဟူးထွက်၏၊ စဉ်ဆက်မှတ်သား၊ ၁၄-ပါးသည်၊ တရားမရ၊ မျက်ဒေါသ။

http://www.dhammadownload.com

အမျက်ထွက်ကြောင်း တရား ၉-ပါး၊ ၁၀-ပါး။ ။၎င်းအဖြေ (ရန်ငြိုးဖွဲ့ကြောင်းတရား ၁၀-ပါး)၌ ကြည့်ပါ။

အမျက်ပွားများ၊ ပြစ်တရား၊ ၅-ပါး ကျမ်း၌ဆို။ ။အမျက်ရန်ငြိုး ထားသူထို၏ အပြစ်ငါးပါး၊ ပဋိဋ္ဌရ အကျေးဇူးဝဂ် အကွန်တိကသုတ်မှ ယူဖြေသည်။ (၁) သူများစွာ၏ မချစ်အပ်ခြင်း၊ (၂) ကိုယ်၏ စိတ်နှလုံး မကြည်ညိုခြင်း၊ (၃) ဘေးရန် ပွားများခြင်း၊ (၄) တွေဝေသဖြင့် သေရခြင်း၊ (၅) သေလျှင် အပါယ်လားရခြင်း။

အမျိုးကြီး ၄-ပါး။ ။နိဒါနဝဂ္ဂသံယုတ် ။၌။ ၁၂၈-၌ အကျယ်ရှုပါ။ ကိုယ်ကျင့်တရား အလုပ်အကိုင်များဖြင့် ကွဲပြားသော အမျိုးလေးပါး။ (၁) ခတ္တိယ-လယ်မြေတို့ကို အစိုးရသော မင်းမျိုး၊ လယ်ပိုင်ရှင် သူဌေးမျိုး၊ (၂) ဗြဟ္မဏ-ကိုယ်ကျင့်သိလရှိသော ရသေ့ ရဟန်း ပုဏ္ဏားမျိုး၊ (၃) ဝေဿ-ကုန်သည် သူကြွယ်မျိုး၊ (၄) သုဒ္ဒ-သူဆင်းရဲမျိုး။

အမျိုး ၈-ပါး အနွယ်ပြား။ ။မဟာနိဒ္ဒေသ ။ပါ။ ၃၉၈-၃၉၉။ ၎င်း ။၌။ ၄၁၃-၌ အကျယ်ရှု။ ဤမျိုးနွယ် ၈-ပါးတို့တွင် အရိယဝံသသာ အမြတ်ဆုံး ဟူ၏။ (၁) ခတ္တိယ ဝံသ၊ (၂) ဗြဟ္မဏ ဝံသ၊ (၃) ဝေဿ ဝံသ၊ (၄) သုဒ္ဒ ဝံသ၊ (၅) သမဏ ဝံသ၊ (၆) ကုလ ဝံသ၊ (၇) ရာဇ ဝံသ၊ (၈) အရိယ ဝံသ။

အမြိတ္တစုက်ရက် ၆-မျိုး။ ။အမှုလုပ်ငန်းတို့ကို အောင်မြင်မေတတ်သည့် ရက်မွန်ရက်မြတ် ၆-ပါး ဟူ၏။ (၁) လဆန်း၊ လဆုတ် ၈-ရက်နေ့၌ တနင်္ဂနေ့ကျမူ၊ (၂) လဆန်း၊ လဆုတ် ၃-ရက်နေ့၌ တနင်းလာကျမူ၊ (၃) လဆန်း၊ လဆုတ် ၇-ရက်နေ့၌ အင်္ဂါကျမူ၊ (၄) လဆန်း၊ လဆုတ် ၂-ရက်နေ့၌ ဗုဒ္ဓဟူးကျမူ၊ (၅) လဆန်း၊ လဆုတ် ၄-ရက်နေ့၌ ကြာသပတေးကျမူ၊ (၆) လဆန်း၊ လဆုတ် ၁-ရက်နေ့၌ သောကြာကျမူ အမြိတ္တစုက်ရက် ဖြစ်၏။

ကျက်မှတ်ရန်လက်ဝ။ ။ဂဠုန် အဋ္ဌ၊ ဗျဂ္ဃ တြိန်း၊ တွက်ကိန်းမရွေ့ခြေသုံ့ သတ္တာ၊ ဆင်မှာ ၂-ရက်၊ ၄-ရက်မှာတုံ့၊ ကြွက်မင်း ကြုံမှ၊ ဆိုတုံမခြား တရက်ကား ပူး၊ ရန်ညွှန့်ခူးတည့်၊ အထူးရေနတ်၊ ၅-ရက်မှတ်သည်၊ ဗြို့ဟင်္ဂေဒင် ကျမ်းလာတည်း။

http://www.dhammadownload.com

အမြဲဇတမျိုး ဖွဲ့ပါး။ ။အ မရိတ ဘိသဂ္ဂ ဆေးကျောင်းကြီးမှူး။ ကြွယ်းနေ ကိုးကုဋ္ဌေ၊ ရေနေ ဆယ်ကုဋ္ဌေ သတ္တဝါအချို့တို့ကြည်ညိုစေခြင်းစသော "အမြဲဇတ" အဓါ ပုလဲခတ် ဖွဲ့ပါး ဟူလို။ (၁) ရဇတ မဏ္ဍာ- ငွေအဆင်းကဲ့သို့ ဖြူဖွေးသော အဆောင်ရှိလျက် စားကောင်းသောက်ဖွယ် ထမင်းအဖျော် တို့ကို ကျေးဇူးပြုတတ်သော အမြဲတေခတ် တမျိုး၊ (၂) သုဝဏ္ဏ မုတ္တာ- ရွှေနီအဆင်းကဲ့သို့ နီရွှေသော အဆောင်ရှိလျက် နှစ်သက်ဘွယ်သော ကိုယ် အဆင်းသဏ္ဌာန်ကို ကျေးဇူးပြုတတ်သော အမြဲတေခတ် တမျိုး၊ (၃) သံသ မုတ္တာ-ကြေးနီ မရမ်းစေ့ကဲ့သို့ အနီပုပ် အဆောင်ရှိလျက် ကြောက်လန့်ဘွယ်သော အသံကို ကျေးဇူးပြုတတ်သော အမြဲတေခတ် တမျိုး၊ (၄) လောဟိတ မုတ္တာ- ကတောက်ပွင့် အောင်မဲညိုပွင့်ကဲ့သို့ အဆင်းဆွေးရွှေ့ ရှိလျက် အခြေအရံပရိသတ်ကို ကျေးဇူးပြုတတ်သော အမြဲတေခတ် တမျိုး၊ (၅) နီလ မုတ္တာ- ညိုမောင်းသော အဆင်းဆောင်ရှိလျက် အဝတ် ပုဆိုးကို ကျေးဇူးပြုတတ်သော အမြဲတေခတ် တမျိုး၊ (၆) ပီတမုတ္တာ- မြသား မြရည် အဆင်းကဲ့သို့ စိမ်းသော အဆောင်ရှိလျက် ဥယျာဉ် သစ်သီး သစ်ပွင့်တို့ကို ကျေးဇူးပြုတတ်သော အမြဲတေခတ် တမျိုး၊ (၇) ကာဠ မုတ္တာ- မင်ရည် မင်သွေးအဆင်းကဲ့သို့ နက်သော အဆောင်ရှိလျက် ရှိန်းဆာ ယာ သူတပါးတို့ မမြင်အောင် ကွယ်ဝှက်စေတတ်သော အမှုဖြင့် ကျေးဇူး ပြုတတ်သော အမြဲတေခတ် တမျိုး၊ (၈) ပဘာသရ မုတ္တာ-အဆောင် ခြောက်သွယ်တို့ တည်ရှိလျက် ထူးသော နာနာရုပ်တို့ကို ဖန်ဆင်းနိုင်ခြင်း ကွယ်ပျောက်စေနိုင်ခြင်း ဘီလူး, သစ်, ကျား, ဓမ္မ, နဂါးစသော အဆိပ် မျိုးသင့်သောဘေး, မီးဘေး, ရေဘေးများကို ဖယ်ရှား ဖပျောက်စေနိုင် သော အမြဲတေခတ် တမျိုး၊ (၉) ဝိယောဇန မုတ္တာ-နဝဂုတ် ဖွဲ့ပါးကဲ့သို့ ပြီးပြီးပြက်ပြက် တခဲနက် ဝင်းဝင်းပြောင်ပြောင် ဆီမီးဆောင် ထွန်းပလျက် ကောင်းကင်ပျံနိုင်ခြင်း, မြေလျှိုးနိုင်ခြင်း, လူတို့ ချစ်ကြည်မြတ်နိုးခြင်း, ရန်သူအပေါင်းကို နိုင်ခြင်း, သေနတ် သစ်ချွန် ဓား လှံ လက်နက် မစူးမရှ နိုင်ခြင်း, အားခွန်ကြီးခြင်း စသော တထောင်သော အကျိုးကျေးဇူးကို ပြုပေးတတ်သော အမြဲတေခတ် တမျိုး။

မှတ်ချက်။ ။နဂါး ဂဠုန်, ဆဒ္ဒန်ဆင်မျိုး, သိန္ဓဝမြင်း, ဝေလာဟကမြင်း, အာကာသဘိန္ဒုမြင်း, ဝလာသဝမြင်း, သုဝဏ္ဏသာမမြင်းဤသတ္တဝါ ရှစ်မျိုးတို့အား မိမိတို့ကမ္မဇဇီတန်ခိုးဖြင့် မြေလျှိုးမိုးပျံ အထူးထူး

http://www.dhammadownload.com

သေ၁ သဏ္ဌာန်ကို ဖန်ဆင်းနိုင်၏၊ ၎င်းတို့က ဖြစ်သော အမြူတေ ဓာတ်များကို ၎င်းတို့သေလျှင် နှတ်ဘီလူး ဂုမ္ဘဏ်တို့က ထုတ်ယူ၍ ဝေဿဝဏ္ဏ နတ်မင်းကြီးထံ ပို့ဆက်ရကုန်၏၊ လူတို့ မသုံးဆောင်ရကုန်။ သို့ဖြစ်၍ လောကဥ္စ သူများထက် ထူးကဲ လွန်ချွန်သော အစွမ်းသတ္တိတန်ခိုးသိဒ္ဓိ ရှိကြသော လူ့ဆင်, မြင်း, ခွေး, ဝက်, ကြက်, ငှက်, ငါး, ကြောင် စသော သတ္တဝါတို့၏ ဦးခေါင်းဥ်များသောအားဖြင့် 'အမြူတေ' ခေါ် ပုလဲဓာတ် တမျိုး ရှိတတ်သည်ဖြစ်၍ သိဒ္ဓိလိုလားသော အမျိုးသားတို့သည် သတိရှေ့ထား၍ စူးစမ်းရှာမှီးကြရာသည်။

အမြို့က်တရား၊ မျိုး ၄-ပါး၊ ဘုရားဟောတော်မူ။ ။သစ္စာ ၄-ပါးတရားကိုပင် အမြို့က်တရား ၄-ပါးဟု သိမှတ်ရာ၏။

အမြို့က်တရားမျိုး ၅-ပါး။ ။အမရိတခေါ် သေနိုင်ခဲသော ဆေးငါးပါး ဟူ၏။ (၁) နွားနို့၊ (၂) နို့မမ်း၊ (၃) ထောပက်၊ (၄) ပျားရည်၊ (၅) သကြား။

အမွေ ခံထိုက်သော သား ၆-ပါး။ ။ဤသည်တို့ကား အဋ္ဌသခေ်ပကျမ်း ပုဒ်မ ၁၅၀။ မမွသတ်ပေါင်းချုပ်ကျမ်း ပဌမတွဲ ပုဒ်မ ၁၆-၁၈။ မနုကျယ် ဒသမတွဲတို့၌ လာကုန်သည်။ (၁) ဩရသ-ရင်၌ ဖြစ်သောသား၊ (၂) ခေတ္တဇ-ကျွန်မနှင့် သင့်နေရာ မွေးသော သား၊ (၃) ဟေဋ္ဌိမ- အပြောင်မယားသား၊ (၄) ပုဗ္ဗက-မယားပါ လင်ပါ အဖက်သား၊ (၅) ကံတ္ထိမ-အမွေခံသားအဖြစ်ဖြင့် အထင်အရှား မွေးစားသော သား၊ (၆) အပတိဋ္ဌ-ကောက်၍ မွေးသော သား၊ (ဆရာ ဇီဝကတို့လို သားမျိုး)

အမွေ မခံထိုက်သော သား ၆-ပါး။ ။ဤသား ၆-ယောက်တို့ကား အမွေမခံထိုက်ဟု အဋ္ဌသခေ်ပကျမ်း ပုဒ်မ ၁၅၀။မမွသတ်ပေါင်းချုပ် ပဌမတွဲ ပုဒ်မ ၁၇-၁၈။ မနုကျယ် ဒသမတွဲ ပုဒ်မ ၈၁-တို့၌ ဆိုကုန်၏။ (၁) ဒိန္နက သား-သူတပါးကပေး၍ ရသော သားမျိုး၊ (၂) သဟောဋ္ဌ သား-ဝယ်၍ရသော သားမျိုး၊ (၃) ပုနာနုဗ္ဘဝ သား မိမိမယား သူတပါးနှင့် ပျော်ပါး၍၊ သို့မဟုတ် ညားခြင်းရသော သားမျိုး၊ (၄) ကီဠိတ သား- ကစားမြူးတူးရာရသော သားမျိုး၊ (၅) သွန်တွသား- မိဘစကားနားမထောင် ခွေးနှင့်

http://www.dhammadownload.com

တူသော သား၊ (မိဘကို ရန်သူကဲ့သို့ ကျင့်သော သားမျိုး ဟူလို)
(၆) ဆာတဘာတ္တ သား-ထမင်းတော်သည့်အခါ မှီခိုလာသည့် သားမျိုး။

အဓမ္မမျိုး ၄-ပါး။ ။ဘယဆေးခေါ် အပေါင်းစကား၊ ငင်းဆေးကို သွေး, လေ ချုပ်ခြင်းအနာ ချွေးခြောက်ခန်းသော အနာ မူးဝေသောအနာ မုတ္ထကိတ်နာ ရေတော်နာတို့အတွက် သုံးသည်။ (၁) သစ်ကြုံပိုးခေါက်၊ (၂) ဖာလာစေ့၊ (၃) ကရဝေးရွက်၊ (၄) ကံ့ဂေါ်ဝစ္ဆဲ။

အယဒဉ် ၂-ပါး။ ။နေမင်း၏ သွားလမ်း လာလမ်း ၂-ပါးကို ဆိုသည်၊ အကျယ် (ယာဉ် ၂-ပါး) မှာ ကြည့်ပါ။

အယုတ်တရား ၂-ပါး။ ။သတ္တဝါတို့အား ယုတ်ညံ့ရိုင်းစိုင်း ဈာန်မဂ်ဖိုလ်သို့ ကျောခိုင်းစေသော တရား ၂-ပါး။ (၁) အတ္တ ကိလမထာ နုယောဂ-မိစ္ဆာကိုယ်ကို ဆင်းရဲအမျိုးမျိုးတို့နှင့် ယှဉ်စေ၍ ကျင့်သော အကျင့်ယုတ် တရား ဟူသမျှ၊ (၂) ကာမ သုခလ္လိကာ နုယောဂ-မိစ္ဆာကိုယ်ကို ကာမဂုဏ် ချမ်းသာ အမျိုးမျိုးတို့နှင့် ယှဉ်တွဲကျင့်ကြံ၍ နေခြင်းမျိုး။

အယ္ဟယ် ၃-ပါး။ ။လူသတ္တဝါထို့အဘို့ အရေးကြီးသော ဝယကာလ ၃-ပါး ဟူ၏။ (၁) ပဌမ အယ္ဟယ် အသက် ၂၀-နှစ်အတွင်း ဥစ္စာရရကြောင်း နည်း ကောင်းပညာများကို ရှာမှီးရန် အယ္ဟယ်၊ (၂) ဒုတိယအယ္ဟယ်- အသက် ၅၅-နှစ်ထိ ပစ္စည်းဥစ္စာ ရှာဖွေဆည်းပူးရန် အယ္ဟယ်၊ (၃) တတိယ အယ္ဟယ်- အသက် ၅၅-နှစ်ကျော်ကစ၍ ဘဝသံသရာရေးအတွက် ကိုယ်ကျိုးသက် သက် တရားဓမ္မပြုကျင့်အားထုတ်ရန် အယ္ဟယ်။

အယ္ဟယ် ၁၀-ပါး။ ။ဇာတကပါဠိတော်။ ပ-အုပ်။ ၃၁၃။ ငင်းအဋ္ဌကထာ စတုတ္ထအုပ် ၃၉၇-၌ အကျယ်ရှုပါ။ ဤသည်တို့၌ ယေဘုယျ အခေါ်များ ရာသို့လိုက်၍ ယူရသည်၊ အပွကခေါ် အနည်းယ်အားဖြင့်ကား ဤပြဆို့ လက္ခဏာနှင့် ဆန့်ကျင်ဘက်ပုဂ္ဂိုလ်များလည်း ရှိသေး၏။ (၁) မန္ဒအယ္ဟယ်- ၁၀-နှစ်အတွင်း ပညာနုံ့နေးသော အယ္ဟယ်၊ (၂) ခိဋ္ဌအယ္ဟယ်-၂၀ အတွင်း စိတ်ပျံလွင့်လော အယ္ဟယ်၊ (၃) ဝဏ္ဏအယ္ဟယ်-၃၀ အတွင်း အဆင်းလှ သော အယ္ဟယ်၊ (၄) ဗလအယ္ဟယ်-၄၀ အတွင်း အားကောင်းသော အယ္ဟယ်၊ (၅) ပညာအယ္ဟယ်-၅၀ အတွင်း ပညာဉာဏ် ကောင်းသော အယ္ဟယ်၊ (၆) ဂဟနအယ္ဟယ်-၆၀ အတွင်း အားအင် ဆုတ်ယုတ် သော အယ္ဟယ်၊ (၇) ပဘာရအယ္ဟယ်-၇၀ အတွင်း လေးလံထိုင်းမှိုင်း

http://www.dhammadownload.com

သော အယုယ်၊ (ဂ) ကုဋ္ဌိလအယုယ်-၈၀ အတွင်း ကိုင်းညှတ်သော အယုယ်၊ (၉) မဉ္ဇအယုယ်-၉၀ အတွင်း တွေဝေမှေ့မောသော အယုယ်၊ (၁၀) အနုဋ္ဌာသေယျအယုယ်-၁၀၀ အတွင်း မထသော အိပ်ခြင်းဖြင့် နေတတ်သော အယုယ်ဟူလို။

အရက်မျိုး ၅-ပါး။ ။လူ့ မပြုသော်လည်း အလိုအလျောက် ဖြစ်နေတတ်သော မေရယခေါ် အရက်မျိုး ငါးပါး။ (၁) ပုပ္ပါသဝ-သစ်ပွင့်ရည်မှ ဖြစ်သော အရက်၊ (၂)ဖလာသဝ-သစ်သီးရည်မှ ဖြစ်သော အရက်၊ (၃) မဓုသဝ-မုဒရက်ရည်မှ ဖြစ်သော အရက်၊ (၄) ဂုဠသဝ-ကြံရည်မှ ဖြစ်သော အရက်၊ (၅)သမ္ဘာရသံယုတ္တ-အရက်ဖြစ်ကြောင်း ဝတ္ထုပေါင်းတို့ စုပေါင်း၍ ဖြစ်သောအရက်။

အရက်သောက်ခြင်း အပြစ် ၆-ပါး။ ။သုတ်ပါထေယျ။ပါ။ ၁၄၈။ ။ဋ္ဌ။ ၁၂၇။ ဤ၌ မျက်မှောက်လောက ပြစ် ၆-ပါးကို ဖြေဆိုလိုက်သည်၊ သံသရာပြစ်လည်း ကြီးလေးလှ၏၊ ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများစွာ၊ ယောဂါထူပြော၊ ကျော်စောမဲ့တုံ့၊ မလုံအင်္ဂါ၊ ပညာနည်းရှား၊ ဤ ၆-ပါးကား၊ သောက်စား သေစာ အပြစ်တည်း။

အရပ် ဂ-ပါးနှင့် ကျိုး, ပြစ် တရား။ ။ဗေဒင်ကျမ်းလာ အရပ် ချစ်ပါးဟူလို။ လောကီရေး လိုက်စားသူတို့အဖို့ မိမိမွေးနံ အရပ်ကစ၍ လက်ျာရစ် ချလေ။ (၁) ပရိဝါရ၊ (၂) အာယု၊ (၃) နဂရ၊ (၄) ဘူမိ၊ (၅) ဂဟပတိ၊ (၆) တေဇ၊ (၇) ဌာန (ဂ) သီရိ။

မိမိနံက၊ လက်ျာပြု၊ ရေကြရှစ်မျက်နှာ။ ပရိဝါရ၊ နေကြမြဲတွင်၊ အာယုလျင်၊ နံပင် စိုက်ထင့်ပါ။ နဂရ ရွာပြည်၊ တည်ထောင်လေဘိ၊ ဘူမိညစ်ကြေး၊စွန့်ပစ်သွေး၊ ထားရေး သမိုင်းသာ။ ဂဟပတိ၊ ထားဘိ ကျီကျ၊ တေဇ ရပ်မှန်၊ထီးတန်ခွန်၊ ကျောင်းကန် တည်ဘိုရာ။ ဌာနဠ် ကား၊ကွဲ, နွား, မြင်း, ဆင်၊ ထားလျင် သင့်မြတ်၊ သီရိရပ်၊ ထားအပ် လယ်မြေရာ။

အရပ် ၁၀-မျက်နှာ။ ။မေတ္တာပို့ရာ၌ ပါသော အရပ်မျက်နှာ ဆယ်ပါး။ (က) အရှေ့, အနောက်, တောင်, မြောက် ၄-ပါး။ (ခ) အရှေ့တောင်ထောင့်, အနောက် တောင်ထောင့်၊ အရှေ့ မြောက်ထောင့်၊

http://www.dhammadownload.com

အနောက် မြောက်ထောင့် ၄-ပါး။ (ဂ) အယက်အရပ်, အောက်အရပ် ၂-ပါး၊ ပေါင်း ၁၀-ပါး။

အရပ်ပြစ် ဂ-ပါး။ ။အဋ္ဌကွာ ခေါ် မဂ်, ဖိုလ် နိဗ္ဗာန် သာသနိကဓမ္မတို့နှင့် ဆန့်ကျင်ဘက်ဖြစ်၍ ဓဏကောင်း မဟုတ်သော အရပ်၏ အပြစ် ရှစ်ပါး။ ၎င်း အဖြေ (ရပ်ပြစ်-ဂ-ပါး)၌ ရှုပါ၊ ၂-နည်း ပြထား၏။

အရပ်မျက်နှာ၊ဆဒိသာ၊ ၆-ဖြာ အဘယ်နည်း? ။ ။ဆဒိသာပါလ ပရိတ်တော်လာ အရပ်မျက်နှာ ခြောက်ပါးကို ဆို၏။ (၁) ပုရတ္ထိမ-အရှေ့အရပ်၊ (၂) ဒက္ခိဏ-တောင်အရပ်၊ (၃) ပစ္ဆိမ-အနောက်အရပ်၊ (၄) ဥတ္တရ-မြောက်အရပ်၊ (၅) ဥဒ္ဓံ-အထက် ကောင်းကင် အရပ်၊ (၆) အဓော-မြေ အောက်အရပ်။

အရသာ ၆-ပါး၊ ၇-ပါး၊ ၉-ပါး၊ ၃-နည်း။ ။ဤအဖြေ၌ ၆-ပါးကား အဘိဓာန်ကျမ်းလာတည်း။ (၁) ကသာဝေါ-အဖန်၊ (၂) တိတ္တော-အခါး၊ (၃) မဓုရော-အချို၊ (၄) လဝဏော-အငန်၊ (၅) အမ္ဗိလော-အချဉ်၊ (၆) ကဋုကော-အစပ်။

မှတ်ချက်။ ။ဆေးကျမ်းများ၌-အဆိမ့်ဟူသော အရသာထည့်၍ ၇-ပါး လာသည်။ ။တနည်း ပူသော အရသာ, အေးသော အရသာ ထည့်၍ ၉-ပါး လာသည်။ ရသသင်္ဂဟ ကျမ်းအလို အဖန်ကို အဆိမ့်၌ ထည့်သွင်း၍ ၆-ပါးပင် ယူလေသည်။ ။ဒဗ္ဗဂုဏ် ဆေးကျမ်း၊ ဘေသဇ္ဇမဉ္ဇူသာ ဆေးကျမ်း စသည်တို့၌မူ ဆိမ့်, ဖန် နှစ်ပါး ရသာပြားသောကြောင့် ပေါင်းရန် မနှစ်သက်ကြကုန်၊ စင်စစ် အဆိမ့်နှင့် အချို နှစ်ပါးသာ အစွမ်း သတ္တိ အကျိုးဂုဏ် မထူးခြားသည်ဖြစ်၍ ပေါင်းရမည် ဆိုကုန်၏၊ သင့်မြတ်လှ၏၊ မာဂဓ သက္ကဋ္ဌ အဘိဓာန်နှင့် ထိုထိုပိဋကတော်တို့၏ ဘာသာဗေဒကျော် ဆရာတော်တို့ ကိုယ်တိုင်လည်း သာဓု သဒ္ဓါ မဓုရ သဒ္ဓါတို့ကို ချို, ဆိမ့် သော အရသာ မြိန်မြတ်သော အရသာဟု ပြန်ဆို မှာထားတော် မူခဲ့လေပြီ၊ ထိုကြောင့် အဆိမ့်၏ ပါဠိကို ရသသင်္ဂဟ ဆရာ့အလို (ကသာဝ-ကသာယ)

http://www.dhammadownload.com

ဒဗ္ဗဂုဏ် စသော လောကီကျမ်း ပိဋကကျမ်းကို အလို (သာဓု, မခူရ)ဟု သိရှိ သီကုံး သုံးနှုန်းကြရာ၏။

အရိပ် ၅-ပါး၊ ခိုလှုံခြေး၊ မမှား ချမ်းသာရာ။ ။(၁)ရူပဆာယာ=ကာစ်ပင်ရိပ်၊ (၂) ဥတိ မာဟာ ပိတာ=မိ, ဘ, ဆွေဥာ အရိပ်၊ (၃) အာစရိယ ဆာယာ=ဆရာကောင်းတို့အရိပ်၊ (၄) ရာဇဿ ဆာယာ=မင်းကောင်း မင်းမြတ်တို့အရိပ်၊ (၅) ပုဒ္ဓဿ ဆာယာ=မြတ်စွာဘုရား သခင်တို့၏ သာသနာတော် အရိပ် ဟူ၏။

အရိယာ ဝေါဟာရမျိုး ဂ-ပါး။ ။ဒိဋ္ဌ၊ သုတ၊ မုတ၊ ဝိညာတ။ အဒိဋ္ဌ၊ အသုတ၊ အမုတ၊ အဝိညာတ၊ ဤရှစ်ပါးသော ဝေါဟာရတို့ဋ္ဌ ဒိဋ္ဌေ ဒိဋ္ဌဝါဒိတာ၊ အဒိဋ္ဌေ အဒိဋ္ဌ ဝါဒိတာ စသည်တို့ဖြစ်၏။ ။အကျယ်ကို သုတ်သီလက္ခန်။ ဋ္ဌ။ ၁၉၄- ၂၀၇။ ဤတိဝုတ် ။ဋ္ဌ။ ဂ၂- ၂၀၆။ သာရတ္ထ တတိယအုပ်။ ၄၇၃-တို့ဋ္ဌ ရှုပါ။

အရိယာ ဂ-ယောက်။ ။ဤဋ္ဌ အများသိဖြစ်သော အရိယာဇာတ် အစစ် ဖြစ်သည့် မဂ္ဂဋ္ဌာန် ၄-ယောက်+ဖလဋ္ဌာန် ၄-ယောက်ကို ဆိုသည်၊ သရုပ် ၎င်းတို့မှာ ကြည့်လေ။

အရိယာအင်္ဂါ ၈-ပါး။ ။၎င်းသရုပ် အဓိပ္ပါယ်ကို (သောတာပန် အင်္ဂါ ၄-ပါး) ဟူသော ပုဒ်ဋ္ဌ ကြည့်ပါ။

အရိယာ အပြား မျိုး ၄-ပါး။ ။ဇာတက အဋ္ဌကထာ။ ဒု-အုပ်။ ၃၈-နှင့် ၂၅၆ တို့ဋ္ဌ အကျယ်ရှုပါ။ (၁) အာစာရ အရိယာ-မြတ်သောအကျင့်ကို ကျင့်သော လူ, ရဟန်း, တိရစ္ဆာန်၊ (၂) ဒဿန အရိယာ-ဤရိယာပိုထ် ၄-ပါးဋ္ဌ ကြည့်ညိုဘွယ်ရှိသော လူ, ရဟန်း, တိရစ္ဆာန်၊ (၃) လိင် အရိယာ-ရဟန်းတော်မြတ်များနှင့် ဝတ်ရုံခြင်း အသွင်အပြင်တူသော ပုဂ္ဂိုလ်၊ (၄) ပဋိဝေဓ အရိယာ-မဂ်ကျရား ဖိုလ်တရား ရပြီးသော ဘုရားစသော အရိယာ ပုဂ္ဂိုလ် ရှစ်ယောက်။

အရိယာ အပြား ၁၄ဖြ-ပါး၊ တနည်း ၁၉၄-ပါး။ ။ဤဋ္ဌ အရိယာဒှစ်ပါး ဘုရားပစ္စေကဗုဒ္ဓါတို့ကို မူတည်၍ မြွောက်ပွားသည်။ ၎င်း ပွားနည်းကို နေတို့ အဋ္ဌကထာ, ပဂ္ဂလပညတ် အဋ္ဌကထာ, ဝိသုဒ္ဓိမဂ်နှင့် ၎င်းမဟာ

http://www.dhammadownload.com

ဋီကာတို့၌ ရှုပါလေတော့၊ အဖြေမှာ ကျယ်ဝန်းလွန်းသဖြင့် ဤ၌ မပြနိုင်ပေ။

အရိယာဥစ္စာ ၇-ပါး။ ။သတ္တာဂုံတ္တရ ။ပါ။ ၃၉၈။ ဆုတ်ပါထေယျ ။ပါ။ ၂၀၈ ။ဋ္ဌ။ ၂၂၁-တို့၌ သတ္တ အရိယ ဓနာနိ-ဟု ဘုရားဟောထော်မူသည်။ (၁) သဒ္ဓါ ဓနံ-ရတနာသုံးပါး ဂုဏ်တရားနှင့် ကံ-ကံ၏ အကျိုးများကို ယုံစားခြင်း၊ (၂) သီလ ဓနံ-သီလတည်းဟူသော ဥစ္စာ၊ (၃) ဟိရီ ဓနံ-မကောင်းမှုဌ၌ ရှက်ခြင်း ဥစ္စာ၊ (၄) သြတ္တပ္ပ ဓနံ-မကောင်းမှုဌ၌ ကြောက်ခြင်း ဥစ္စာ၊ (၅) သုတ ဓနံ-အကြားအမြင် များခြင်းဥစ္စာ၊ (၆) စာဂ ဓနံ-ပေးစွန့် လှူဒါန်းခြင်း ဥစ္စာ၊ (၇) ပညာ ဓနံ-မဂ် ဖိုလ် ပညာ ဥစ္စာ။

အရိယာဥပုသ်မျိုး ၆-ပါး။ ။ဂင်းအဖြေ "ဥပုသ်မျိုး ၆ ပါး"၌ ရှုပါလေ။

အရိယာကထာမျိုး ၁၀-ပါး။ ။မဟာနိဒ္ဒေသ ။ပါ။ ၁၆၉ ။ဋ္ဌ။ ၂၅၈။ အရိယာဝုဋ္ဌိလ်များ ပြောကြားလေ့ရှိသော စကားမျိုး ၁၀-ပါး ဟူ၏။ (၁) အပိစ္ဆ ကထာ-အလိုနည်းမှုနှင့် စပ်သောစကား၊ (၂) သန္တုဋ္ဌိကထာ-ရောင့်ရဲလွယ်မှုနှင့် စပ်သော၊ (၃) ပဝိဝေက ကထာ- ဆိတ်ငြိမ်မှုနှင့် စပ်သော၊ (၄) အသံသဂ္ဂ ကထာ-ရှင်လူတို့နှင့် ရောရောယှက်ယှက် မဆက်ဆံလိုကြောင်းနှင့် စပ်သော၊ (၅) ဝီရိယာရမ္ဘကထာ-ဝိပဿနာတရား အားထုတ်ကြိုးစားမှုနှင့် စပ်သော၊ (၆) သီလ ကထာ၊ (၇) သမာဓိ ကထာ၊ (၈) ပညာ ကထာ၊ (၉) ဝိမုတ္တိ ကထာ-မဂ်ဖိုလ်နှင့် စပ်သော၊ (၁၀) ဝိမုတ္တိ ဉာဏဒဿနကထာ-ပစ္စဝေက္ခဏာဉာဏ်နှင့် စပ်သောစကား။

အရိယာတို့ နှလုံးမသွင်း မပြုလုပ်သောတရား ၈-ပါး။ ။ကေဂုံတ္တရပါဠိတော် ၂၈ ။ဋ္ဌ။ ၃၅၂-၌ အကျယ်ရှု။ (၁) သခ်ါရတရားစုကို သုခဟု နှလုံးမသွင်းခြင်း၊ (၂) အတ္တဟု နှလုံးမသွင်းခြင်း၊ (၃) မာတုဃာတက၊ (၄) ပိတုဃာတက၊ (၅)အရဟန္တဃာတက၊ (၆) လောဟိတုပ္ပါဒက၊ (၇) သံဃဘေဒကံတို့ကို မကျူးလွန်တော့်ခြင်း၊ (၈) ဗုဒ္ဓသာသနာတော်မှ တပါးသော ဆရာတို့ကို မရှာမှီးတော့်ခြင်း။

အရိယာဝုဋ္ဌိလ် ၉၆-ယောက်။ ။အဘိဓမ္မာပိဋကဂ ပုဂ္ဂလပညတ် ပါဠိတော် ၁ ၉-၁၂၀။ ဂင်း ။ဋ္ဌ။ ၄၇-မှ ၅၃-ထိ ယူပါ၊ အခြား ပိဋကများမှာလည်း ပါရှိသေးသည်။ (၁) သောတာပန် ၂၄-ယောက်၊ (၂) သကဒါဂါမ်

http://www.dhammadownload.com

၁၂-ယောက်၊ (၃) အနာဂါမ် ၄၀-ယောက်၊ (၄) ရဟန္တာ ၁၂-ဦး၊ ပေါင်း ၉၆-ယောက် ဖြစ်၏။

အရီယာပုဂ္ဂိုလ် ၁၀၀-ယောက် တနည်း။ ။သုတ္တန်ပါတ် ။ပါ။ ၃၁၃။ငင်း ။ဋ္ဌ။ ပ-အုပ် ၂၀၂။ ခုဒ္ဒကဝါဋ္ဌ ။ပါ။ ၅၂။ ၎င်း ။ဋ္ဌ။ ၁၅၂။သောတာပန် ၃-ယောက်ကို ပဋိပဒါ ၄-ပါးနှင့်မြှောက် ၁၂-ယောက်ဖြစ်၏၊ သကဒါဂါမ် ၁၂-ယောက်၊ အနာဂါမ် ၂၄-ယောက်၊ သုက္ခဝိပဿက ရဟန္တာ-၁၊ သမထယာနိက ရဟန္တာ-၁၊ မဂ္ဂဋ္ဌာန် ၄-ယောက်၊ ပေါင်း ၅၄-ယောက်ကို သဒ္ဓါခုရ၊ ပညာခုရ ၂-ပါးနှင့် မြှောက်ပွားသော် အရီယာ ၁၀၀-ယောက် ဖြစ်၏။

အရီယာဗိုထ် ၄-ပါး။ ။(၁) ထသွားခြင်း၊ (၂) ထိုင်ခြင်း၊ (၃) ရပ်ခြင်း၊ (၄) လျောင်းစက် အိပ်ခြင်း။

အရီယာဗိုထ် ၄-ပါး။ ။အရီယာပုဂ္ဂိုလ်တို့သာ နိဗ္ဗာန်ချမ်းသာကို ခံစားနိုင်သော အရီယာမဂ်၏ အကျိုးဖြစ်သော "ဗိုလ်စိတ် ၄-ပါး"ကို ခေါ်သည်။

အရီယာဖြစ်ကြောင်း တရား ၄-ပါး။ ။ငင်းပုဏ္ဏာ၏ အဖြေ "သောတာပန် ဖြစ်ကြောင်း အင်္ဂါ ၄-ပါး" ဟူသော ပုစ္ဆာ၌ ရှုပါလေ။

အရီယာမဂ် ၄-ပါး။ ။အရီယာပုဂ္ဂိုလ်တို့သာ နိဗ္ဗာန်ကို မြင်တွေ့ရသော စိတ်များ။ (၁) သောတာပတ္တိမဂ်၊ (၂) သကဒါဂါမိမဂ်၊ (၃) အနာဂါမိမဂ်၊ (၄) အရဟတ္တမဂ်။

အရီယဝံသ တရား ၄-ပါး။ ။အရီယာနွယ်ဝင် သူတော်စင်တို့ လိုက်နာပြုကျင့်ရမည့် တရားလေးပါးဟူလို၊(သင်္ဂီတိသုတ်နှင့် အင်္ဂုတ္တိုရ်အဋ္ဌကထာ စတုက္ကနိပါတ်) (၁) စီဝရ သန္တောသ-အဝတ်သက်နိုးဘွဲ့ ထောင့်ရဲလွယ်ရခြင်း၊ (၂)ပိဏ္ဍပါတ သန္တောသ-ဆွမ်း ခဲဘွယ် ဘောဇဉ် ချိုချဉ် ရသာဘွဲ့ ထောင့်ရဲလွယ်ရခြင်း၊ (၃)သေနာသန သန္တောသ-ကျောင်းအိပ်ထုနေထုဘွဲ့ ထောင့်ရဲလွယ်ရခြင်း၊ (၄)ဘာဝနာ ရမ္မတာ-ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းပွားများခြင်းဘွဲ့ မွေ့လျော်ရခြင်း။

အရီယာဝါသ တရား ၁၀-ပါး။ ။သုတ်ပါဌေယျ ။ပါ။ ၂၂၄။ ၂၅၇။ဋ္ဌ။ ၂၃၄-ဘွဲ့ အကျယ်ရှု။သော့တာပန်စသော အရီယာပုဂ္ဂိုလ်တို့သည် အောက်မှ တရားဆယ်ပါးနှင့် အမြဲနေ၏။ (၁) ပဉ္စင် ဝိပွဟီန-နီဝရဏတရား-

http://www.dhammadownload.com

ငါးပါးကိုကို ပယ်ပြီးခြင်း၊ (၂) ဆဋ္ဌင် သမန္နာဂတ-အာရုံ ၆-ပါးအတွေ့၌ သာ, မသာ, မရှိခြင်း၊ (၃) ကောရက္ခ-ကံသုံးပါး မကျူးလွန်မှု၌ သတိနှင့် အမြဲနေ၏၊ (၄) စတုရာ ပဿေန-ပညာဖြင့်သာ မှီဝဲ, သည်းခံ, ကြဉ်ရှောင်, ပယ်ဖျောက်ခြင်း ကိစ္စ ၄-ပါးတို့၌ အမြဲဆင်ခြင်၍ ပြုခြင်း၊ (၅) ပနုဏ္ဏပစ္စေက သစ္စ-ငါဘုရားမြင်နှင့် ငါ့အယူသာ မှန်၏ဟူသော ဒိဋ္ဌိသစ္စာကို ပယ်ခြင်း၊ (၆) သမဝယ သင်္ခေသန-အကျင့်ကို ရှာမှီးခြင်းမှ ငြိမ်းပြီးဖြစ်၍ ချမ်းသာစွာနေခြင်း၊ (၇) အနာဝိလ သင်္ကပ္ပ- သင်္ကပ္ပ သုံးပါးကို ပယ်၍နေခြင်း၊ (၈) ပဿဒ္ဓ ကာယ သခါရ-စတုတ္ထစျာန်ကို ဝင်စားရှိနေခြင်း၊ (၉) သုဝိမုတ္တစိတ္တ-ရာဂ,ဒေါသ,မောဟတို့မှ စိတ်လွတ်၍ နေခြင်း၊ (၁၀) သု ဝိမုတ္တပညာ-ရာဂ,ဒေါသ,မောဟတို့ကို ပယ်ပြီးဖြတ်ပြီး, တဖန်မဖြစ် မပေါ်မူသဘောကို သိ၍နေခြင်း။

အရိယာ ဝေါဟာရမျိုး ၄-ပါး။ ။သံဂီတိသုတ်၌ လာရှိသည်ကား ဝစီဒုစရိုက်လေးပါးမှ လုံးဝကြဉ်ရှောင်၍ ပြောဆိုခြင်းပင် ဟူ၏။

အရိယာ သံဃာတော်မြတ် ၈-ပါး။ ။သံဃာတော်ဖြစ်သော အရိယာရှစ်ယောက်ကိုပင် "အရိယာသံဃာတော်ရှစ်ပါးဟု" ခေါ်ဆိုအပ်၏။

အရိယာ သာဝကတို့၏ ဂုဏ်ကျေးဇူးတော် ၃၀။ ။အရိယာတို့၏ တပည့်တို့၌ မွန်မြတ်သော ဂုဏ်ကျေးဇူးတော် ၃၀-တို့နှင့် ပြည့်စုံ၏ ဟူလို။ (၁) ကောင်းစွာ ပြေပြစ် နူးညံ့သိမ်မွေ့သော မေတ္တာစိတ်ရှိခြင်း၊ (၂) ဖျက်ဆီးအပ် ဖျောက်အပ် နှိမ်အပ်သော မာနရှိခြင်း၊ (၃) မတုန်မလှုပ် အမြဲထိုးထွင်း၍ ယုံကြည်ခြင်း သဒ္ဓါတရားရှိခြင်း၊ (၄) ရွှင်မြူးသောစိတ်ကို ပြည့်စုံစွာ ဆုံးမခြင်းရှိ၍ ငြိမ်သက်ချမ်းမြေ့သော ဃာပတ်ကိုရခြင်း၊ (၅) မြတ်သော သီလ ရှိသည် ဖြစ်၍ ကောင်းသော အနှံ့ဖြင့် ထုံမွှမ်းခြင်း၊ (၆) နတ်လူတို့ ချစ်မြတ်နိုးတတ်ခြင်း၊ (၇) နှစ်သက်အပ်သောသူဟူ၍ အာသဝကုန်ပြီးသော သူမြတ်တို့ တောင့်တအပ်ခြင်း၊ (၈) နတ်လူတို့ ရှဲ့သေအပ် ရှိခိုးအပ်ခြင်း၊ (၉) ပညာရှိတို့ ချီးမွမ်းအပ်ခြင်း၊ (၁၀) လူ့ပြည် နတ်ပြည်၌ လူ နတ် အပေါင်းနှင့် မဆောနှောခြင်း၊ (၁၁) အနည်းငယ်သော အပြစ်၌လည်း ဘေးဟုရှုခြင်း၊ (၁၂) သမ္ဗတ္တိနှင့် ပြ ည့်စုံသော သူတို့အား မင်္ဂ, ဖိုလ် အကျိုးကို ပြီးစေတတ်ခြင်း၊ (၁၃) အလိုရှိတောင့်တသော် များမြတ်သော ပစ္စည်းကို ရနိုင်ခြင်း၊ (၁၄) မြဲသောကျောင်း

http://www.dhammadownload.com

အိပ်ရာနေရာ မရှိခြင်း၊ (၁၅) စျာန်၌ယှဉ်၍ မြတ်သော နေလေ့ရှိခြင်း၊ (၁၆) ထွေးရွက်သော ကိလေသာ ကွန်ရက်ကို ဖျက်ဆီးခြင်း၊ (၁၇) မြတ်သော မဂ်, ဖိုလ်တရားကို လျှို့ဝှက်ဖုံးလွှမ်းခြင်း၊ (၁၈) လာလတ္တံ့သော ဂတိကို တားမြစ်ခြင်း၊ (၁၉) အပွနာသို့ ရောက်သော တရားရှိခြင်း၊ (၂၀) နှိမ့်ချစွာနေခြင်း၊ (၂၁) အပြစ်မရှိသော အသုံးအဆောင် ရှိခြင်း၊ (၂၂) ဂတိတရားမှ လွတ်ခြင်း၊ (၂၃) ယုံမှားသင်္ကာမှ ကူးမြောက်ခြင်း၊ (၂၄) ဝိမုတ္တိစျာန်ကို အလိုရှိခြင်း၊ (၂၅) မြင်အပ်သော တရားရှိခြင်း၊ (၂၆) မတုန်မလှုပ် မြဲသည် ဖြစ်၍ ဘေးကို တားမြစ်စေသော သူတို့၏ မှီခိုရာသို့ ရောက်ခြင်း၊ (၂၇) ကောင်းစွာ ပြတ်အပ်သော အနုသယရှိခြင်း၊ (၂၈) အာသဝေါကုန်ခြင်းသို့ ရောက်ခြင်း၊ (၂၉) ငြိမ်သက် ချမ်မြေ့သော သမာပတ်၌ များစွာ နေလေ့ရှိခြင်း၊ (၃၀) ရဟန်းကျေးဂုဏ်နှင့် အလုံးစုံ ပြည့်စုံခြင်း။

အရှုတ်တက်ခြင်း မျိုး ၄-ပါး။ ။ဤ၌ ပြလတ္တံ့သော အရှုတ်အပြားနှင့် စကားရပ်တို့ကား၊ ပြည် ရွှေဆံတော်သမိုင်းကို ရေးသားသူ ဦးဝိသုဒ္ဓ၏ ဝါဒဖြစ်၏၊ ကျွန်ုပ်တို့လည်း နှစ်သက်သည်။

သေတ ရုဏ္ဏ ပဌမံ၊ ဒုတိယံ ဂဒြာ မုခ ဝဏ္ဏံ။
တတိယံ လောဟိတဏ္ဍ၊ စတုတ္ထံ နန္ဒိယ ဝဏ္ဏံ။

ပဌမံ၊ ပဌမ အရှုတ်သည်။ သေတ ရုဏ္ဏ၊ ဖြူသော အဆင်းရှိ၏။ ဒုတိယံ၊ ဒုတိယ အရှုတ်သည်။ဂဒြာ မုခ ဝဏ္ဏံ၊ မြည်းမျက်နှာ အဆင်းရှိ၏။ တတိယံ၊ တတိယ အရှုတ်သည်။ လောဟိတဏ္ဍ၊ နီသော အဆင်းရှိ၏။ စတုတ္ထံ၊ စတုတ္ထ အရှုတ်သည်။ နန္ဒိယ ဝဏ္ဏံ၊ ဇလပ်ပွင့် အဆင်းရှိ၏။ ဣဟိ၊ ဤသို့။ အရှုဏောဒ၊ အရှုတ်သည်။ စတုဗ္ဗိဓော၊ လေးပါး အပြားရှိ၏။

မှတ်ချက်။ ။ဆွမ်းစားခြင်း ဆွမ်းကပ်ခြင်း ကိုမူကား ပဌမအရှုတ်သည် အလွန် နုသေးသည်ဖြစ်၍ မအပ်၊ ဒုတိယ အရှုတ်သည် မိုက်မှောင် သေးသည် ဖြစ်၍ မလျော်၊ ကတိယ အရှုတ်မှ ဆွမ်းကပ်ခြင်း ဆွမ်းစားခြင်းကို ပြုအပ်၏၊ စဟုတ္ထ အရှုတ်ကား ပြောဘွယ်မရှိ လင်းလွန်းပြီ။

http://www.dhammadownload.com

အရဏ်တက်ရာ ၁၂-မြာ၊ အယ်နာရီမှာ အယ်လနည်း? ။ ။၁၂-လဋ္ဌ အရဏ်တက်သော အချိန် နာရီ မိနစ်များကို အောက်ပါ လက်အတိုင်း ရှေးပညာရှိ ကဝိဆရာများ စီစဉ် သစ်မှတ်ထားကြ၏၊ ဤဥဒ္ဓံ စနေနှံကို သုညယူ။

လက်ဒသွား	ထအမည်	နာရီ	မိနစ်
ကူး, ပြန်, နှင်းထွေး	တဘက်ူး	၅	၀၀
ဆုန်, လေး, ပေါ်ဇနေ	ကဆုန်	၄	၅၀
ယုန်, ဝေ, ဝေထပ်	နယုန်	၄	၄၀
ဆို, လပ်, စာတော်	ဝါဆို	၄	၃၀
ခေါင်, လှော်, လူထု	ဝါခေါင်	၄	၄၀
လင်း, လှ, မတွေး	တော်သလင်း	၄	၅၀
ကျွတ်, ဓမး, နင်တို	သတင်းကျွတ်	၅	၀၀
မုန်း, ဘို့, အော်နေ	တန်ဆောင်မုန်း	၅	၁၀
တော်, မြေ, ကျော်ငွေး	နတ္တော်	၅	၂၀
ပြာ, ပေး, ဆန်တောင်း	ပြာသို	၅	၃၀
တွဲ, ပေါင်း, ခေါ်နော်	တပို့တွဲ	၅	၂၀
ပေါင်း, ပျော်, အထွက်	တပေါင်း	၅	၁၀

အရဏ်တက်၊ မပျက်တွက်လို့ရေ။ နာရီပိုင်း၊ လတိုင်း ယူပါလေ။ ကဝိများ၊ ထားခဲ့ ဥပဒေ။

အ ရူပ ၄-တုံ။ ။ရူပ်ကားမရှိ၊ နာမ်သာရှိသော ဗြဟ္မာကြီးတို့၏ နေရာ ဘုံ ၄-မျိုး။ (၁) အာကာသာနဉ္စာယတန ဘုံ-ကပ္ပါ နှစ်သောင်း အသက်ရှည်သော ဗြဟ္မာကြီးတို့၏ နေရာဘုံ၊ (၂) ဝိညာဏဉ္စာယတန ဘုံ-ကပ္ပါလေးသောင်း အသက်ရှည်သော ဗြဟ္မာကြီးတို့၏ နေရာဘုံ၊ (၃) အာကိဉ္စညာယတနဘုံ-ကပ္ပါ ခြောက်သောင်း အသက် ရှည်သော ဗြဟ္မာကြီးတို့၏ နေရာဘုံ၊ (၄) နေဝသညာ နာသညာ ယတနဘုံ-ကပ္ပါ ရှစ်သောင်း အသက်ရှည်သော ဗြဟ္မာကြီးတို့၏ နေရာဘုံ။

မှတ်ချက်။ ။ဤဥဒ္ဓံ ၄-ခုမြောက် ဘုံကိုပင် ဘဝ်ဟု ခေါ်သည်။

http://www.dhammadownload.com

အရွဲးမျိုး ဂ-ပါး။ ။ဇာတ် ။ပါ။ ၁၃၈ ။ဋ္ဌ။ တတိယအုပ်-၂၂၃ နှင့် ဓမ္မသတ်ကျမ်းတို့၌ လာသည်။ အရွဲးများစွာကို မျိုးခွဲလိုက်လျှင် ဤရှစ်ပါးသာရ၏။ (၁)ရာဂမူတွက-တဏှာရာဂ ရမ္မက်ဖြင့် ရွဲးသောအရွဲးမျိုး၊ (၂)ကောဓမူတွက-အမျက် ဒေါသ လွန်သဖြင့်ရွဲးသော အရွဲးမျိုး၊ (၃) ဒိဋ္ဌမူတွက-အယူ ဖောက်ပြန် ကြံစည် လွန်သဖြင့် ရွဲးသော အရွဲးမျိုး၊ (၄) မောဟမူတွက-မိုက်မဲ တွေဝေသဖြင့် ရွဲးသော အရွဲးမျိုး၊ (၅) ယက္ခူမူတွက-ဘီလူး, သရဲ,စုန်း,နတ် ဖမ်းပူးသဖြင့် ရွဲးသော အရွဲးမျိုး၊ (၆)ပိတ္တူမူတွက-သည်းခြေပျက်၍ ရွဲးသော အရွဲးမျိုး၊ (၇) သုရမူတွက-သေရည်သောက်လွန်းသဖြင့် ရွဲးသော အရွဲးမျိုး၊ (၈) ဗျာဿနမူတွက- စည်းစိမ်ဥစ္စာပျက်သဖြင့် ရွဲးသော အရွဲးမျိုး။

အရိုအသေ မပြုတတ်သူမျိုး တကျိပ်နှစ်ပါး။ ။ငင်းအဖြေ (ရိုသေထိုက်သူအား ,မရိုသေသူ ၁၂-ဦး)၌ ပြမည်။

အရိုးဆက် ပုဂ္ဂိုလ်မျိုး ၉-ပါး။ ။သုတ်မဟာဝါ ။ဋ္ဌ။ ၁၅၄-၌ ရှု။ (၁) ဘုရားရှင်တို့မှာ ကွင်းဆက်၊ (၂)ပစ္စေကဗုဒ္ဓါတို့မှာ ချိတ်ဆက်၊(၃)ကျန်လူသားနှင့် ရဟန္တာများမှာ တွေ့ဆက်။

အရှင်ဝတ် ၅-ပါး။ ။အရှင်က ကျေးကျွန်လုပ်သား သူရင်းငှါး ကူလိုဆွဲကို ပြုစုရမည့် ဝတ်ငါးပါး။ (၁) အစားအသောက်တို့ကို ဝဖြိုးစွာ ကျွေးမွေးပေးကမ်းရခြင်း၊ (၂) လုပ်ခင်း ဆောင်တာတို့ကို စီရင် နှည်းပေး၍ စေခိုင်းရခြင်း၊ (၃) နာ မကျန်းဖြစ်သည့်အခါ ဆေးကုပေးရခြင်း၊ (၄) စားကောင်း သောက်ကောင်းကို စားသောက်ရသောအခါ ဝေမျှ၍ ပေးရခြင်း၊ (၅) အချိန်အခါနှင့် စေခိုင်းရခြင်း၊ အချိန်မဲ့လျှင် လွှတ်ရခြင်း။ (သုတ်မဟာဝယ္ယ၊ သိင်္ဂါလောဝါဒသုတ်။)

အလင်္ဂီပုဂ္ဂိုလ် ဖြစ်ကြောင်း အင်္ဂါ ၅-ပါး။ ။အလင်္ဂီပုဂ္ဂိုလ် ဖြစ်ခြင်း၏ အကြောင်းငါးပါး မှတ်သိလွယ်စေရန် လယ်တီဆရာတော် ဖြတ်ထုံးကဗျာဖြင့် ပြအံ့။ (၁)ဘုန်းကံကြီးမား၊ (၂)ခြေရံများ၍၊ (၃) ပါးရွားသွဒ္ဓါ၊ (၄) သက်ဝါကြီးမင်း၊ (၅) စာခေါင်ချင်းဟု၊ ငါးခင်းအညီ၊ အလင်္ဂီကား၊ တိုက်ကျီအိမ်တင်း၊ မီးထွန်းလင်း၍၊ အတင်းဝင်လျှိုး၊ ဖြူအောင်ခိုးသည့်၊ သူခို အလား၊ ဘုရားရှေစက်၊ ပေအောင်ဖျက်သည်။ ရှင်ပျက် အလင်္ဂီ မိုက်ကြီးထည်း။

http://www.dhammadownload.com

အ ဃဋ္ဌနီယတရား ၅-ပါး။　။ငင်းသရုပ် (တောင့်တ၍ မရကောင်းသော အရာမျိုး ၅-ပါး) ၌ ရှုပါ။

အလောင်းအစား၊ ထူသူများ၊ ၆-ပါး အပြစ်ရ။　။ငင်းသရုပ်ကို (ကစား သမားတို့ အပြစ် ၆-ပါး) ၌ ကြည့်ပါ။

အလောင်းစည်သူ၊ တည်တော်မူ၊ ၉-ဆူ မုဋ္ဌောမြတ်။　။ငင်း၏ သရုပ်များကို (မုဋ္ဌော ၉-ဆူ) ဟူသော သုတေသနာ၌ ရှုပါ။

အလိုလိုက်ရာသည် ၁၃-ပါး။　။ကိုယ်ကျိုး တိုးတက်ရေးအတွက် သူ့အလို သို့ လိုက်၍ ကျင့်ရခြင်းမျိုး ၁၃-ပါး ဟူ၏၊ စာဏကျမှ။ (၁) အဆွေခင်မွန်းကို နှလုံး ဖြောင့်မတ်သဖြင့်ရင်း၊ (၂) ရန်သူကို ဥပါယ်တမျဉ် ဖြင့်ရင်း၊ (၃) အလိုရမ္မက် ကြီးသူကို ဥစ္စာပေးသဖြင့်ရင်း၊ (၄) အစိုးရသူကို သူ့အမှုကိစ္စ ဆောင်ရွက်ပေးသဖြင့်ရင်း၊ (၅) ရသေ့ရဟန်းတို့ကို ရိုသေသဖြင့်ရင်း၊ (၆) သတို့သမီးကို ချစ်ခြင်းဖြင့်ရင်း၊ (၇) လက်အောက် ငယ်သားကို မျှတမှု ဂုဏ်ကျေးဇူးဖြင့်ရင်း၊ (၈) ဒေါသ မျက်မာန်ကြီးသူကို ခြိုးမှုန်းခြင်းဖြင့်ရင်း၊ (၉) ဆရာကို ရှိခိုးရိုသေခြင်းဖြင့်ရင်း၊ (၁၀) သူမိုက်ကို လိုက်လျောသော စကားဖြင့်ရင်း၊ (၁၁) ပညာရှိကို အတတ် ပညာ ပေးခြင်းဖြင့်ရင်း၊ (၁၂) အစားကြူးသူကို အရသာပေးခြင်းဖြင့် ရင်း၊(၁၃)အလုံးစုံသော်သူကို အကျင့်သီလဖြင့်ရင်း အလိုသို့ လိုက်ရာ၏။

အလိုလောဘကြီးသူ ၃-ယောက်။　။မူလပဏ္ဏာသ အဋ္ဌကထာ ဒု-အုပ် ၄၅-၌ အကျယ်ရှု။ (၁) အတြိစ္ဆတာ- ကိုယ်ရှိတာနှင့် တင်းမတိမ်ပဲ သူများ စည်းစိမ်ကို လိုချင်တောင့်တနေသူ၊ (၂) ပါပိစ္ဆတာ- သူများအထင်ကြီး ကြည်ညိုလာအောင် ဟန်ဆောင်သော ဂုဏ်ဒြပ်ဖြင့် လာဘ်များစွာကို ခံယူနေသူ၊ (၃)မဟိစ္ဆတာ- ဟုတ်မှန်သော ဂုဏ်ကိုပြ၍ ပကာသနလိုလား ထင်ပေါ် ကျော်ကြားလိုသူ၊ ဝါ- အလှူရှင်မှန်းသိအောင် မဏ္ဍပ်တိုင် ထက်ပြသူ။

အလှလက္ခဏာ၊ အင် ၆-ဖြာ၊ ကညာ တိုင်းမယ်မျိုး။　။ မိန်းမပျိုတို့တွင် အလှမယ်ရွေးချယ်ရာ၌ အလှလက္ခဏာ အင်္ဂါ ခြောက်ပါးကို ဆိုသည်၊ ၎င်းအဖြေ (အပြစ် ၆-ပါး၊ ဘင်းစင်ငြား၊ လှထွားပျိုသူဇာ) ၌ ဆိုခဲ့ပြီ။

http://www.dhammadownload.com

အလှသူဇာ၊ ရွေးချယ်ရာ၊ ဂ-ဖြာ အင်္ဂါတိုး။ ။ဂုဏ်းအဖြေကို(လှမျိုးသူဇာ၊ မြတ်ကညာ၊ ဂ-ဖြာ အင်္ဂါပြည့်)၌ ကြည့်ပါလေ။

အလှခံမော်၊ ပုဂ္ဂိုလ်ဓကျော်၊ ဂ-ဖော် သူမြတ်များ။ ။ ဂုဏ်း၏ အဖြေကို (ဒက္ခိဏောယျပုဂ္ဂိုလ် ဂ-ယောက်)၌ ဆိုပါအုံ့။

အလှခံ တကျိပ်လေး ၁၄-ယောက်။ ။ဥပရိပဏ္ဏာသ ။ပါ-၂၉၅။ဋ္ဌ-၂၁၉။ ဒါနမှုကို ခံယူထိုက်သူ ၁၄-ပါးဟူ၏။ (၁) တိရစ္ဆာန် သတ္တဝါများ၊ (၂) လူဒုဿီလ ခေါ် စင်ငါ, မုဆိုးစသော ဒုစရိုက်မှုပြုလုပ်သူများ၊ (၃) လူသီလဝန္တ ခေါ် သာသနာ၊အခါမျိုး၌ ၅-ပါးသီလ မြဲသူများ၊ (၄) ရသေ့ ပရိဗိုဇ် ခေါ် သာသနာပအခါ စျာန် အဘိညာဉ်ရ ပုဂ္ဂိုလ်များ၊ (၅-ဂ) မဂ္ဂဋ္ဌာန် ခေါ် ဖိုလ်သို့ မျက်မှောက်ပြုရန် မဂ်၌ ကျင့်ဆဲ ပုဂ္ဂိုလ် ၄-ယောက်၊ (၉-၁၂) ဖလဋ္ဌာန် ခေါ် ဖိုလ်လေးပါး၌ တည်နေသော ပုဂ္ဂိုလ် ၄-ယောက်၊ (၁၃) ပစ္စေကဗုဒ္ဓါ ခေါ် ဘုရားမပွင့်မီကာလ၌ ပွင့်သော ဘုရား၄ယ်၊ (၁၄) မြတ်စွာဘုရားသခင်။

မှတ်ချက်။ ။သမ္မုတိသံဃာ ခေါ် ပုထုဇဉ် သီလဝန္တ သံဃာတော်များမှာ မဂ္ဂဋ္ဌာန် ခေါ် အရိယာပက္ခသို့ ပါဝင်ကြသည်ဖြစ်၍ ၎င်းတို့ကို အသီးအခြားမဆိုအပ်ကုန်၊ သမ္မုတိသံဃာတော်ကိုမဆို နှင့်ဦး သရဏဂုံတည်သည့် ရှင်သာမဏေကလေးပင် ဖြစ်ဘိသေး ထိုအရိယာပက္ခ၌ပင် ရေတွက်ထည့်ယူအပ်သည်သာ၊မဂ်ဖိုလ်တို့သို့ ရောက်သည်ဖြစ်စေ မရောက်သည်ဖြစ်စေ မဂ်ဖိုလ်သို့ ရောက်ရန် သီလ သမာဓိ ပညာဟူသော သိက္ခာသုံးပါး၌ ကျင့်ဆဲ တည်ဆဲ ရှိကုန်သောကြောင့် ဟူလို။

အလှပေးရာ၊ ရေးကြီးစွာ၊ ၃-ဖြာ အင်္ဂါ အဘယ်နည်း? ။ဂုဏ်းအဖြေ (ဒါနပြုကြ၊ ကျိုးမ၊က၊ ၃-ဝ အင်္ဂါလာ) ပုစ္ဆာ၌ ရှုပါ။

အလှရှင်နှင့် အလှခံတို့၏ အင်္ဂါ ၆-ပါး။ ။အင်္ဂုတ္တရပါဠိ ။ဒု။ ၂၉၅-၌ အကျယ်ရှု။ အလှပေးသူများ သတိထား ရွေးချယ်တတ်ရန်။ (၁) မပေးလှူမီ-ရှေးအဖို့၌ ဓမ်းမြောက် နေရခြင်း၊ (၂) ပေးလှူဆဲခဏ၌ စိတ် ကြည်လင် ရွှင်ပျရခြင်း၊ (၃) ပေးလှူပြီးနောက် မကြာခဏ နှစ်သက် ဝမ်းသာ အမှတ်ရကာ နေရခြင်း။ ဤ အင်္ဂါ ၃-ပါးသည် အလှရှင်တို့မှာ ရှိထား ဖြစ်ထား ရမည်ဟူ၏။

http://www.dhammadownload.com

အလှူခံယူသူထို့ဖက်မှ ရှိထားရမည့် ဂုဏ်အင်္ဂါ ၃-ပါးကိုလည်း ဤသို့ သိထား ရွေးချယ်တတ်ရမည်။ (၁) တဏှာဆုဂ ကင်းစင်သူ ဖြစ်ခြင်း၊ ထုဂကင်းကြောင်း အကျင့်ကောင်းမျှားကို ကျင့်ကြံအားထုတ်နေသူ ဖြစ်ခြင်း၊ (၂) ဒေါသကင်းခြင်း၊ ဒေါသကင်းရန် ပြုကျင့်အားထုတ်နေသူ ဖြစ်ခြင်း၊ (၃) မောဟကင်းခြင်း၊ မောဟကင်းစင်စေရန် ဝိပဿနာ တရား အားထုတ် ကျင့်ပွားနေခြင်း ရှိသည့် ပုဂ္ဂိုလ်မျှား ဖြစ်ရခြင်းဟူ၏။

အလွှတ်တာရာ၊ လုံးဧရမှာ၊ သခ်္ခ ၉၄။ ။ငင်း အဖြေကို (တာရာ ၉၄-လုံး) ဟူသော ပြဿနာရပ်၌ ရှု၀ါလေ။

အလှာ ၄-ခု။ ။ပဋိစ္စသမုပ္ပါဒ် ဝေါဟာရ။ ။ငင်းကို(အခြင်းအရာ ၂၀)မှာ ကြည့်လေ။

အ, ဝဂ် အက္ခရာ၊ ဂ-လုံးလာ၊ သဒ္ဒါကျမ်း၌ရှိ။ ။၀ဂ်အက္ခရာတို့ကဲ့သို့ အစုလိုက် မဟုတ်ဘဲ တလုံးချင်း နေသော အက္ခရာ ရှစ်လုံးကို ဆိုသည် (ယ, ရ, လ, ဝ, သ, ဟ, ဠ, အံ။)

အ ဓနိယပုဂ္ဂိုလ် ၂၅-ယောက်။ ။ပရိ၀ါ ၁၉၇။ ငင်း ။ဠ။ ၂၂၄။ ရဟန်းတော်များ ရှိမခိုးကောင်းသော ပုဂ္ဂိုလ် နှစ်ဆယ့်ငါးပါး ဟူ၏။ (၁) အန္ဓရဋ္ဌရံ ပဝိဋ္ဌော အဝန်ဓိယော- မြို့တွင်း ရွာတွင်း၀င်သွားနေသော ရဟန်းကြီး၊ (၂) ရဏ္ဍဂတော - ခရီးလမ်းသွားနေသော ငင်း၊ (၃) ဩတမသိတော- မှောင်ကြီးမဲမဲထဲ၌နေသော ငင်း၊ (၄) အသမန္နာဟာရန္ဓော- စိတ်၀င်စားစွာ အလုပ်လုပ်နေသော ငင်း၊ (၅) သုတ္ထော- အိပ်ပျော်နေသော ငင်း၊ (၆) ယာဂုပါနေ - ယာဂုသောက်နေသော ငင်း၊ (၇) ဘတ္တဂ္ဂေ- ဆွမ်းစားကျောင်း၌ ဆွမ်းပြင်စီမံနေသော ငင်း၊ (၈) ကောဝတ္တော- ရန်သူဂိုဏ်း ရန်သူဖက်၌ ပါသော ငင်း၊ (၉) အညာ ဝိဟိတော- တခုခု ကြံစည် စိတ်ကူးနေသော ငင်း၊ (၁၀) နဂ္ဂေါ- ဗာဝတ်မဆီး ပလာကိုင်ထီး နေသော ငင်း၊ (၁၁) ခါဒန္တော- ခဲဘွယ် ၁၂-ပါး ခဲစားနေသော ငင်း၊ (၁၂) ဘုဥ္ဇန္တော-ဘောဇဉ် ၅-ပါး စားနေသော ငင်း၊ (၁၃) ဥစ္စာရံ ကရောန္တော-ကျင်ကြီး စွန့်နေသော ငင်း၊ (၁၄) ပဿာဝံ ကရောန္တော- ကျင်ငယ်စွန့်နေသော ငင်း၊ (၁၅) ဥက္ခိတ္တကော- သံဃာမှ ကြဉ်ထားသော ငင်း၊ (၁၆) ပစ္ဆာ

http://www.dhammadownload.com

ဥပသမ္ပန္နော - မိမိအောက် ငယ်သော ရဟန်း၊ (၁၇) အနုပသမ္ပန္နော- ရဟန်း မဟုတ်သူ ဟူသမျှ၊ (၁၈) အဓမ္မဝါဒီ - အယူ ချွတ်လွဲနေသော ရဟန်းကြီး၊ (၁၉) မာတုဂါမော- မိန်းမမှန်သမျှ၊ (၂၀) ပဏ္ဍကော- ပဏ္ဍုက် ရဟန်း၊ (၂၁) ပါရိဝါသိကော ပရိဝတ် (သံဃာဒိသိသ် အာပတ် ဖြေ) နေသော ရဟန်းကြီး၊ (၂၂) မူလာယ ပရိကဿနာ ရဟော- သံဃာဒိသိသ် အာပတ် ဖြေဆဲ၌ ၎င်းအာပတ်ထပ်သင့်၍ မူရင်းမှ ပြန်ကျင့် နေသော ရဟန်း၊ (၂၃) မာနတ္တာ ရဟော-သံဃာဒိသိသ် အာပတ်ဖြေပြီး သဖြင့် သံဃာ မြတ်နိုးထိုက်သော ရဟန်း၊ (၂၄) မာနတ္တာ စာရိကော- သံဃာဒိသိသ် အာပတ် ဖြေပြီးသဖြင့် သံဃာမြတ်နိုးရန် ကျင့်နေသော ရဟန်း၊ (၂၅) အဗ္ဘာနာ ရဟော အဝန္ဒိယော- သံဃာမြတ်နိုးအောင် ကျင့်ပြီး၍ သံဃာ့ဘောင်သို့ ပြန်သွင်းထိုက်သောရဟန်း။

အဝိဇ္ဇာ တရားမျိုး ၂-ပါး။ ။အမြင်မှန်ကို ပိတ်ဖုံး ဆီးတားတတ်သော တရား ၂-ပါး။ (၁) အပ္ပဋိပတ္တိ အဝိဇ္ဇာ-ရုပ်, နာမ်, ဘဝ, ဒုက္ခသစ္စာ သဘောကို ဆင်းရဲခြင်းဟူ၍၎င်း၊ ထိုရုပ်, နာမ်, ဘဝတို့၌ လိုချင်နှစ်သက် တောင့်တမှု တဏှာ-သမုဒယ သစ္စာကိုပင် ဆင်းရဲကြောင်း ဆင်းရဲစေ ဟုဆိုခြင်း အမှန် အတိုင်း မသိမှု၊ (၂) မိစ္ဆာ ပဋိပတ္တိ အဝိဇ္ဇာ-လူ နတ် ဗြဟ္မာ နာမ်, ရုပ်, ဘဝ တို့ကိုပင် ချမ်းသာတွေ့ အမှန်အမြတ်တွေ့ ဟူ၍ဆိုခြင်း၊ ထိုအရာစုတို့ကို လိုချင် နှစ်သက်မှုကိုပင် ချမ်းသာကြောင်း ကောင်းစား ကြောင်း အမှု ဟူ၍ဆိုခြင်း ထင်မှတ်နေခြင်းနှင့် ဒုက္ခသစ္စာ သမုဒယသစ္စာ တို့ကို ပြောင်းပြန် ဇောက်ထိုးသိနေမှု။

အဝိဇ္ဇာဟိတ ဌာနကြီး ၄-ပါး။ ။သုတ်မဟာဝါ အဋ္ဌကထာ- ၁၇။ ဗုဒ္ဓဝင် အဋ္ဌကထာ။ ၁၅၀-တို့၌ အကျယ်ရှုပါ။ခပ်သိမ်းသော ဘုရားရှင် ဟူသမျှတို့ မစွန့်လွှတ်ဘဲ သုံးဆောင်တော်မူသော နေရာတော်မြတ်ကြီး လေးပါးဟူလို။

(၁) မဟာဗောဓိပင်မင်း၏ အရှေ့ဖက် အခက်တော်အောက်၌ အလုံးစုံသော ပါရမီတော် အဟုန်တို့ကြောင့် ပေါ်ပေါက်လာ ရသော ဝဇိရာသန ရတနာဗောဓိ ပလ္လင်တော်နေရာဌာန။

(၂) ဣသိပတန မိဂဒါဝုန်တောဝယ် ဓမ္မစက္ကာတရားဦးကို ဟော ကြားတော်မူသော နေရာဌာန။

http://www.dhammadownload.com

(၃) ကောသလတိုင်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက် ဂန္ဓကုဋိ အဆောင်တော်တွင်း၌ ခင်းထားအပ်သော ညောင်စောင်းဇီး ခြေလေးခုတို့ ကျရာ နေရာဌာန။

(၄) တာဝတိံသာ နတ်ပြည်၌ အဘိဓမ္မာ တရားတော်မြတ်ကို နတ်တို့အား ဟောတော်မူပြီးသည့် အဆုံး လီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ တာဝတိံသာ မြင်းမိုရ်ထိပ်ချာမှ သည် သင်္ကဿနိုင်ရ် မြို့တော်ဝယ် လုပ်၍ထားသော ရွှေစောင်းတန်း ငွေစောင်းတန်း ပတ္တမြားစောင်းတန်းတို့၏ ဦးခြေကျရောက်ရာ နေရာဌာန။

အဝိစိ ငရဲ၏ အကြားအဟ မရှိခြင်း ၃-ပါး။ ။ဂုဏ်းအကျယ်ကို ဥပရိပဏ္ဏာသ ။၌။ စတုတ္ထအုပ်။ ၁၆၇။ ဇာတက ။၌။ ပဉ္စမအုပ်။ ၂၈၈-တို့၌ ကြည့်ပါ။ အ-မရှိခြင်း၊ ဝိစိ-အကြား၊ အကြားမရှိသော ငရဲဟူ၏။ (၁) အင်္ဂါလ-မီးတောက် မီးလျှံ အကြားမရှိခြင်း၊ (၂) သတ္တာ-ငရဲသူ ငရဲသား သတ္တဝါ များ အကြားမရှိခြင်း၊ (၃) ဒုက္ခာ- ဆင်းရဲဒုက္ခ အကြားမရှိခြင်း။

အဓေရာဒိက၊ ပို့ကြမေတ္တာ၊ မျိုး ၄-ဖြာ၊ ကျမ်းလာ အဘယ်နည်း? ။ ဝိသုဒ္ဓိမဂ်စသော ကျမ်းကြီးတို့၌ လာသည်။ (၁) အ, ဝေရာဟောန္တု-ရန်မရှိကြပါစေကုန်သတည်း၊ (၂) အဗျာပဇ္ဈာ ဟောန္တု-စိုးရိမ်ကြောင့်ကြခြင်းမှ ကင်းကြပါစေကုန်သတည်း၊ (၃) အ, နီဃာ ဟောန္တု-ညှဉ်းဆဲဆင်းရဲအပေါင်းမှ ကင်းကြပါစေကုန်သတည်း၊ (၄) သုခီ အတ္တာနံ ပရိဟရန္တု-ချမ်းချမ်းသာသာ မိမိကိုယ်ကို ဆောင်ရွက် နိုင်ပါစေကုန် သတည်း။

အသ ၈-ပါး၊ မျိုးခွဲခြား၊ ခံငြားသီချင်းဆို။ ။သီချင်းကြီး သီချင်းခံများနှင့် စပ်လျဉ်း၍ အသံရှစ်မျိုး ရှိကြောင်းကို (ရွှေ, နှင်း, တော, မြို့ငှက်၊ ပန်း, ခိုင်, မှော် မြူင်း၊ ခြားပိုင်းရှစ်သံ၊ ပရိတ်ညွှန်၊ ခက်မှန့်, ခမိန်၊ ထနောက် ချိန်ငြား၊ ဖြန်းခြား, ချပ်ချွန်၊ ထပ်တွန့်, ငုငစ်၊ အသံရှစ်၊ မှတ်လစ် စဉ်ကမာ) ဟူသော လက်ဝစကားဖြင့် သိရာ၏။ (၁) ရွှေတညာသီချင်း ပရိတ်သံ၊ (၂) နှင်းရွှန်းဂိမ္မာန်သီချင်း ခက်မွန်သံ၊ (၃) တောတောင် စွယ်သီချင်း ခမိန်သံ၊ (၄) တောမြို့ငှက်ခြေလမ်းသီချင်း ထနောက်သံ၊

http://www.dhammadownload.com

(၅) ပန်းမြိုင်လယ်သီချင်း ဖြန်းခြားသံ၊ (၆) ခိုင်ပန်းစုံသီချင်း ချပ်ချွန်သံ၊ (၇) မှော်ရုံမြိုင်ဟောဝန်သီချင်း ထပ်တွန်သံ၊ (၈) မိုင်းမှန်ပြာညိုသီချင်း ငုငစ်သံ။

အသံ ၁၀-ပါး၊ မြို့တော်များ၊ စည်ကား ကျွက်ကျွက်သံ။ ။ဇင်းသရုပ် (မြို့တော်၏ အသံ ၁၀-ပါး)၌ ရှုပါ။

အသံ ၄-မျိုး၊ ကာရန်မျိုး၊ ဆိုရိုး တေးကဗျာ။ ။ကဗျာစပ်ဆိုရာ၌ သက္ကဋ္ဌ ကျမ်းလာ ကာရန်အသံမျိုး ၄-ပါး၊ သက္ကဋ္ဌ၌ အကျယ်ယူလေ။ (၁) ဥဒတ္တ ခေါ် တက်သံ-မြင့်၍ မြွောက်၍ သီဆို၌တ်ဖတ်ရသော အသံ၊ (၂) အနုဒတ္တ ခေါ် သက်သံ - နှိမ့်၍ ချ၍ ရွတ်ဖတ် ·သီဆိုရသော အသံ၊ (၃) သွတိရ ခေါ် နိမ့်မြင့်သံ-အနိမ့် အမြင့် ၂-မျိုး ဖက်စပ်သီဆို၌ရသော အသံ၊ (၄) ဥပစိတ ခေါ် ပကတိသံ-မူလပင်ကိုယ်သံဖြင့် ရွတ်ဖတ် သီဆိုရသောအသံ။

အသံကြီး ၄-ပါး။ ။သဂါထာဝဂ္ဂသံယုတ် ။၄။ ၂၉၄။ သုတ္တနိပါတ် ။၄။ ပ-အုပ် ၂၁၈။ ဇမ္မုဒိပ်ကျွန်းလုံးကို ကြားဂသည်ဟု သာသနာဝင် ကျမ်းဂန်တို့၌ လာသော အသံကြီးလေးပါး ဟူလို

(၁) ပုဏ္ဏက ဘီလူးသည် ကောရပ္ပပင်းကြီးနှင့် ကြွေအန်ကစားရာ၌ အောင်နိုင်၍ လက်ခမောင်း ပေါက်ခတ်ဧမ္ပက် "အဟံ ဇေယျော" ငါ အောင်ပြီဟု ဟစ်အော်သော အသံ။

(၂) ကဿပဘုရားရှင် သာသနာနေဂက်ပိုင်း၌ ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်သူတို့ နည်းပါးလွန်းသောအခါ မာတလီနတ်သားသည် ခွေးနက်ကြီးယောင်ဆောင်၍ ဟောင်သော အသံ။

(၃) ကေလာသဘာ တောင်ထိပ်၌ ရပ်၍ "အဟံ အာဠဝကော"ဟု ဟစ်အော် ကြိမ်းဝါးသော အာဠဝက ဘီလူး၏ အသံ။

(၄) ပဘာဝတီကို နောက်ပိုးရာဝယ် ခုနစ်ပြည်ထောင်သော မင်းတို့၏ အလယ်က "အဟံ ကုသ ရာဇာ" ဟု ဟစ်အော် ကြိမ်းဝါးသော ကုသမင်း၏ အသံ။

http://www.dhammadownload.com

အသံ ၇-ပါး။ ။စောင်းတီး သီဆိုသောအခါ စသည်တို့၌ အရေးအကြီးဆုံး သော အသံ ၇-ပါး ဟူလို။ (၁) ဥသဘ-နွားလားဥသဘ တွန်သံနှင့်တူသော အသံမျိုး၊ (၂) ဓေဝတ-မြင်း ဟီသံနှင့် တူသော အသံမျိုး၊ (၃) ဆဇ္ဇ-ဥဒေါင်း ကော်ကော်မြည်သံနှင့်တူသော အသံမျိုး၊ဤအသံကို နှာခေါင်း၊ သွား, ရင်ပတ်, နှုတ်ခမ်း, အာစောက်, လည်ချောင်း, ဤအရပ် ၆-ပါးကို မှီ၍ ထုတ်လေသောကြောင့် 'ဆဇ္ဇ ခေါ်သည်မှတ်' (၄) ဂန္ဓာရ-ဆိတ်မြည်သံနှင့် တူသော အသံမျိုး၊ 'ဤအသံကို ဂန္ဓာရတိုင်းသားတို့ သီဆိုတတ်သောကြောင့် ဂန္ဓာရ ခေါ်သည်မှတ်' (၅) မဇ္ဈိမ-ကြိုးကြာ မြည်သံနှင့် တူသော အသံမျိုး၊ ဤအသံကား စောင်းညှိပြီးလျှင် သံလယ်၌ဖြစ်သော ကြောင့် မဇ္ဈိမမည်၏၊ (၆) ပဉ္စမ-ဥဩစသော အသံသာသည့်ငှက်တို့ မြည်တွန် ရင့်ကြွေးသံနှင့်တူသော အသံမျိုး၊ 'ဤအသံကို ဓေဝတ အသံ ကစ၍ ရေလျှင် ငါးခုမြောက်ဖြစ်၍ဤ၊ မဟာဘုတ်ငါးပါးတို့၏ ငါးခု မြောက်ဖြစ်၍ဤ ပဉ္စမ ခေါ်၏' (၇) နိသာဒ-ဆင် တောသံ ပေးသကဲ့သို့ သော အသံမျိုး။

အသံ ဆွဲ ခွဲ ၍ တရားဟောသူ၏ အပြစ် ၅-ပါး။ ။ဤသရုပ် (ဓမ္မကထိက တို့ အသံ ဆွဲ, ခွဲ, ရှည်, ငင်)၌ ရှုပါ။

အသံတော် အင်္ဂါ ဂ-ပါး။ ။မဟာနိဒ္ဒေသ ။ပ။ ၃၅၃ ။ဌ။ ၃၈၇။ မဇ္ဈိမပဏ္ဏာသ ။ပ။ ၃၄၀ ။ဌ။ ၂၇၈။ သုတ်မဟာဝဂ် ။ပ။ ၃၄၀။ဌ။ ၂၇၀-တို့၌ အကျယ်ရှု။ ဘုရားသခင် အသံတော်၏ အင်္ဂါရှစ်ပါး ဟူလို။ (၁) ဝိဿဋ္ဌ-သန့်ရှင်း စင်ကြယ်ခြင်း၊ (၂) မဉ္ဇု-သာယာခြင်း၊ (၃) ဝိညေယျ-သိလွယ်ခြင်း၊ (၄) သဝနီယ-နာချင်ဘွယ်ရှိခြင်း၊ (၅)ဝိသာရိနေ-ပြန့်နှံ့ခြင်း၊ (၆) ဗိန္ဒု-တစည်းတလုံးတည်းရှိခြင်း၊ (၇) ဂမ္ဘီရ-နက်နဲခြင်း၊ (၈) နိန္နဒိ-ပဲ့တင်ထပ်ခြင်း။

အသံဖြစ်ရာ၊ ဌာန်မျိုးမှာ၊ ကျမ်းလာ နည်း ၄-ပါး။ ။ဤအဖြေကို (ဌာန် ၅-ပါး၊ ၆-ပါး၊ ၇-ပါး၊ ဂ-ပါး ၄-နည်း)ဟူသော အမေးဌ၌ ကြည့်ပါ။

အ သံဝရ တရားမျိုး ဂ-ပါး။ ။ဤတရား မစောင့်ထိန်းက ပျက်စီးကြောင်း ဟူ၏၊ ဓမ္မသင်္ဂဏီ အဋ္ဌကထာ ၁၃၈-၌ အကျယ်ရှုပါ။ (၁) စက္ခု အ သံဝရ၊ (၂) သောတ၊ (၃)ဃာန၊ (၄)ဇိဝှါ၊ (၅)ပသာဒ ကာယ၊ (၆)စေ့ပန ကာယ၊ (၇) ဝါစာ၊ (၈) မနော အ,သံဝရ၊ အနက်လွယ်၏။

http://www.dhammadownload.com

အသက်တိုခြင်း အမှုမျိုး ၆-ပါး။ ။ဤဘဝ၌ လွယ်ကူစွာ ကျက်မှတ်နိုင်ရန် စာဏာကျိပ္ပါမှ ထုတ်ပြလိုက်သည်။ (၁) မလတ်ဆတ်ငြား၊ အသားမျှားနှင့်၊ (၂) ယုယ်အားလွန်ထ၊ ကြီးမိန်းမနှင့်၊ ဆန္ဒတူစုံ၊ မြူးမေထုန်တည့်၊ (၃) အဟုန်ပြင်းပြ၊ သစ်ဆင်းလတွင်၊ ကာယလောင်ညှိ၊ နေပူမိလျက်၊ (၄) မှတ်သိကုန်ကြ၊ သုံးရက်မျှလျင်၊ စေ့မှမြတ်အင်၊ နွားနို့ချဉ်ကို၊ ရက်လျင် မလည်၊ စားသုံးသည်တည့်၊ (၅) ဥဒည်ထိပ်မှာ၊ အရွက်လာမှ၊ ရောင့်ဝဝေယျက်၊ စောနံနက်တွင်၊ရမ္မက်လွန်မူ၊မေထုန်ပြုနှင့်၊ (၆) လင်းလူသည်သာ၊ နံနက်ခါတွင်၊ အိပ်ရာမထ၊ အိပ်လွန်းကြဟု၊ ခြောက်ဝ အပြား၊ ဤဟရူးကား၊ ဆိုးဝါးချက်အို၊ အသက်ကိုလျင်၊ ပျက်ယိုစေတတ်၊ လျင်စွာသတ်၏၊ လေးမြတ်ချစ်ခင်၊ အသက်မင်က၊ ရှောင်ကြဉ်ကြရာ၊ နီတိမှာသည်၊ ဤစာ ကပ်လုံး တည်သတည်း။

အသက် မရှူသူ ၇-ယောက်။ ။ပဋိသန္ဓိဒါမဂ် ။ဥ။ မုဒုအုပ်။ ၉၇။ ဝိသုဒ္ဓိမဂ်။ ပ-အုပ်။ ၂၇၉။ ပါရာဇိကဏ် ။ဥ။ ဒုဒုအုပ်။ ၂၇-တို့၌ အကျယ်ရှုပါ။ ထွက်သက် ဝင်သက် ခေါ် အဿာသ ပဿာသ ကာယသခ်ါရ မရှိသူ ၇-ယောက်။ (၁) အမိဝမ်း၌ နေသူ၊ (၂) ရေနစ် ရေငုပ်နေသူ၊ (၃) ပြဟ္မာ ဟူသမျှ၊ (၄) နိရောဓသမာပတ် ဝင်စားသူ၊ (၅) ပဌမစျာန် ပုဂ္ဂိုလ်၊ (၆) တွေဝေမေ့မျောနေသူ၊ (၇) သေသောသူ။

အသက် မရှူသူ ဂ-ယောက် တနည်း။ ။ဂင်းအဖြေကို အောက်ပါ လက်ဘဖြင့် သိပါလေ။ (၁) မိဝမ်း၌ဖြစ်၊ (၂) ရေနစ်၊ (၃) ဆိပ်မှန်၊ (၄) တွေဝေလွန်ထ၊ (၅) ကောင်းကင်ကျတည့်၊ (၆) စတုတ္ထစျာန်နေသူ၊ (၇) သေသူတလီ၊ (ဂ) ပြဟ္မာပြည်၊ ရှစ်မည် သက်မရှူ။

အသက်ရှည်စေတတ်မသာ အကြောင်း ၅-ပါး ၂-နည်း။ ။ပဌမ အဂုတ္တရ ပါဠိတော် ဂိလာနဝဂ်မှ။ (၁) သပ္ပါယ ကာရီ-မိမိနှင့် သင့်လျော်ရာကိုသာ ပြုလေ့ရှိခြင်း၊ (၂) သပ္ပါယေ မတ္တံ ဇာနာတိ-ထိုလျော်ရာကို ပြုခြင်း၌ အတိုင်း အရှည်သိခြင်း၊ (၃) ပရိဏတ ဘောဇီ-ကြေကျက်လွယ်သော ဗဟုဇာကိုသာ စားလေ့ရှိခြင်း၊ (၄) သီလဝါ ၅-ပါးသီလနှင့် ပြည့်စုံခြင်း၊ (၅) ကလျာဏ မိတ္တတာ- မိတ်ဆွေခင်ပွန်းကောင်းရှိခြင်း။ တနည်း ၅-ပါး ကား- (၁) သပ္ပါယကာရီ-ငင်း၊ (၂) သပ္ပါယေ မတ္တံ ဇာနာတိ-ငင်း

http://www.dhammadownload.com

(၃) ပရိဏာတ ဘောဇီ-ငင်း၊ (၄) ကာလ စာရီ-မိမိနှင့်လျော်သော စားမှု, သွားမှု, အိပ်မှု စသည်တို့ကို အချိန်အားလျော်စွာ ပြုလေ့ရှိခြင်း၊ (၅) ပြဟ္မစာရီ-မြတ်သော ကိုယ်ကျင့်တရား ရှိခြင်း။

အသက်ရှည်ရာသော ကုသိုလ်မျိုး ၆-ပါး။ ။သီဟိုဠ်ကျန်း ဝဿဘမင်းကြီး အား ရဟန္တာမဟာရဂ္ဂင်မြတ်တို့ ဟောတော်မူသည်၊ မဟာဝင်ပါဠိတော်။ (၁) ပရိသာဝန ဒါန-ရေစစ်အလှူ၊ (၂)အာဝါသ ဒါန-စရပ်,တန်ဆောင်း, ဂူ, ကျောင်းမဏ္ဍပ် အလှူ၊ (၃) ဂိလာန ဝတ္ထု ဒါန-သူနာတို့အား ဆေး စသည် အလှူ၊ (၄) ဇီဏ္ဏကာ ဝါသ ပဋိသင်္ခရဏ ဒါန-ပျက်စီး ယိုယွင်း နေသော စေတီ,တန်ဆောင်း, ကျောင်း, စရပ်, တံတားတို့ကို ပြင်ဆင် ဆောက်လုပ်မှု အလှူ၊ (၅) ဇီဝိတ ဒါန-သတ္တဝါတို့ကို ဘေးမဲ့ ပေးလှတ် ခြင်း အလှူ၊ (၆) ပဥ္စသီလ သမာဒါန- ငါးပါးသီလကို ခါးဝတ်ပုဆိုး ကဲ့သို့ မြဲစွာစောင့်ထိန်းမှု။

အသက်ရှိသော လူသေကောင် ၈-ယောက်။ ။အသက်ရှင်လျက် လူသေ မည်သောသူများ။ (၁)ဒုက္ခိတော-သူများနည်းတူ ခြေလက်အင်္ဂါ အပြည့် အစုံရှိပါလျက် ငတ်မွတ်ဆင်းရဲ မွဲပြာကျနေသောသူ၊ (၂) ဗျာဓိတော-ရောဂါအနာ မကွာနှိပ်စက် စိတ်ပျက်ဖွယ်ကောင်းသောသူ, (၃) မုဋ္ဌော-အတ္တဟိတ ပရဟိတ ကျိုးနှစ်ဝကို ကျနသေချာစွာ ဝေဘန်ပိုင်းခြား ဆင်ခြင်ဉာဏ်အသိတရား မရှိသောသူ၊ (၄) ဇုနဝါ- ဘယ်ခါမရွေး စိတ်ပူ ဆွေးရန် သူများထံမှ ခံယူချေးငှါး ကြွေးမြီများသောသူ၊ (၅) နိဿ သေဝကော- မင်းဝယ်ကိုယ်ကြပ် မပြတ်ခစား မင်းကျွန်များနှင့် သူတပါး ထ အစေခံငြား လခစားလုပ်သောသူ၊ (၆) ကိုယ်ပိုင်အလုပ် မရှိသူ၊ (ဤ ၅-ယောက်ကား နိတိကျမ်းလာ ဗျာသဆရာ ဆိုသောစကားတည်း) (၇) ဂတ္ထာ ကုတ္တက- ယောကျ်ားဖြစ်လျက် မိန်းမရှာစရာ နေသူ၊ (၈) အလသ-အပျင်းများလျက် စဉ်းစားကသာ အချိန်ကိုဖြုန်း ဆဲငင်နေသူ၊ (၉) ဂမတ္တာ-ကုသိုလ်ကောင်းမှုဌ မေ့လျော့နေသူ၊ ယင်း ၃-ယောက်တို့ကို အာစရိယဝါဒအရ ထည့်သွင်းလိုက်၏။

အသရော်ယူကပ်မျိုး ၄-ပါး။ ။ကမ္ဘာကြီးတည်မှု ပျက်မှုကို ပိုင်းခြားသော ကာလကြီး လေးပါး ဟူ၏။ ဇီဿဒ္ဒိမဂ်။ (၁) သံဝဋ္ဋကပ်-မီး, ရေ, လေ တို့ဖြင့် ကမ္ဘာကြီး ပျက်စီးနေဆဲ အခိုက်ကာလ၊ (၂) သံဝဋ္ဋ ဌာယီ

http://www.dhammadownload.com

[အ + သ + တ်။ အ + သ + ပ်] (၆၇)

ကပ်-ထိုသို့ ဖျက်ဆီးပြီးနောက် အပျက်ကြီးအတိုင်း တည်နေသော ကာလ၊ (၃) ဝိဇ္ဇ ကပ်- ကမ္ဘာပျက်ကြီးကို ပြန်ပြီး အကောင်းဖြစ်ရန် ပြန်လည်ထူထောင်ဆဲကာလ၊ ( ) ဝိဝဋ္ဋ ယဓိကပ် ကမ္ဘာကောင်းကြီး ဖြစ်သည့်နေ့ကစ၍ အကောင်းအတိုင်း တည်နေဆဲ ကာလ။

အသင်းအဖွဲ့များ ပျက်စီးကြောင်း တရား ၃-ပါး။ ။ (၁) ဗဟုနေတ္တာရ-လမ်းပြန်ည်းညွှန် အမှန်ဉီးစီး အကြီးအမှူး လုပ်လိုသူတို့ ပေါများခြင်း၊ (၂) သမ္မ ပဏ္ဍိတမာနီ- သင်းသားအားလုံး ကိုယ့်ကိုယ်ကို ပညာရှိဟုသာ မှတ်ထင်လျက် ဘဝင်မြင့်နေကြခြင်း၊ (၃) ဗဟု မဟိစ္ဆာ-ဆုထူး မက်မော သူတွေ ပေါများနေခြင်း။

အသတ် ၆-ပါး။ ။စာရေးဆရာတိုင်း အလေးမူ ဂရုပြုအပ်သည်ဖြစ်၍ ခပ်သိမ်းသော သတ်ပုံ သတ်ညွှန်း ကျမ်းအသီးသီးတို့၏ မှီတွယ်ရာ ငြမ်းကြီးသဖွယ် ဖြစ်သော အသတ် ၆-ပါး ဟူလို။ (၁) တ္‌သတ်၊ (၂) န္‌သတ်၊ (၃) ပ္‌သတ်၊ (၄) မ္‌သတ်၊ (၅) နိဂ္ဂဟိတ်ခေါ် သေးသေး တင် သတ်၊ (၆) ကဗျာလင်္ကာ ဖွဲ့စီသီကုံးရာ၌ ယှဉ်အပ် ယှဉ်သင့်သော ယုတ္တ အသတ်။

အ သပ္ပါယ အပြား ၇-ပါး။ ။ယောဂါဝစရ ပုဂ္ဂိုလ်များနှင့် မသင့်တော် မလျောက်ပတ်သော အရပ် ၇-ပါး။ "ဝိသုဒ္ဓိမဂ်" (၁) အာဝါသ အ သပ္ပါယ-မိမိတို့နှင့် မလျောက်ပတ် မတင့်တယ် မသင့်မြတ်သော ကျောင်းအိပ်ရာ နေရာ၊ (၂) ဂေါစရ.အ သပ္ပါယ-မိမိတို့၏ စိတ်ကြိုက်နှင့် ဆန့်ကျင်ဘက် ဖြစ်၍ ဆင်းရဲငြိုငြင်စွာ သွားရသော ဆွမ်းခံရာ၊ (၃) ဘဿ အ သပ္ပါယ-ဝိနည်းပါဠိတော် စသည်တို့မှလာသော သုဂတိဘုံ, စျာန်, မဂ်,ဖိုလ်,နိဗ္ဗာန် တို့နှင့် ဝေးကွာဖီလာဖြစ်သော ၃၂-ပါးသော တိရစ္ဆာနကထာခေါ် စကား၊ (၄) ပုဂ္ဂလ အ သပ္ပါယ- သီလ သမာဓိ ပညာ ဗဟုသုတ စသော ဂုဏ်ထူး မရှိ အတိအန္တ လူ့ဗာလဖြစ်၍ မမှီဝဲ မပေါင်းသင်းအပ်သော ပုဂ္ဂိုလ်၊ (၅) ဘောဇန အ သပ္ပါယ- မိမိတို့ စိတ်ကြိုက်ဖြစ်သော ဘောဇဉ်ခဲဘွယ် အာဟာရတို့ကို တခါတလေမျှ မသုံးဆောင် မမှီဝဲရသော အရပ်ဒေသ၊ (၆) ဥတု အ သပ္ပါယ- မိမိတို့ ရှုပကာယအား မသင့်လျော် မလျောက်ပတ် စေသော ဥတုရှိသော အရပ်ဒေသ၊ (၇) ဣရိယာ ပထ အ သပ္ပါယ-

http://www.dhammadownload.com

(၆၈) [အ + သ + ပ်။ အ + သ + မ်။ အ + သာ]

အိပ်, ထိုင်, ရပ်, သွား, ဣရိယာပိုထ် လေးပါးတို့ဝင် မိမိတို့နှင့် မလျော်ကပ်သော ဣရိယာပိုထ်။

အ သပ္ပုရိသ ဒါနမျိုး ၅-ပါး။ ။ဤ အဖြေ (သူယုတ်တို့ ပေးလှူနည်းမျိုး ၅-ပါး)မှာ ကြည့်ပါ။

အ သမ္မိန္ဒ ဓာတ်တော် ၇-ဆူ။ ။ဗုဒ္ဓဘုရား၏ မပြိုကဲ့သော ဓာတ်တော်မြတ် ခုနစ်ဆူ ဟူလို။ (က)နဖူးသင်းကျစ်တော် မာတ်တဆူ။ (ခ) စွယ်တော် ဓာတ် ၄-ဆူ။ (ဂ) ညှပ်ရိုးတော် ဓာတ် ၂-ဆူ၊ ပေါင်း ၇-ဆူဖြစ်၏။

အ သမ္မိန္ဒ၊ ဓာတ်မြတ်လှ၊ ပင့်ကြွ ၆-ဌာနာ။ ။အသမ္မိန္ဒ ဓာတ်တော် ၇-ဆူကို ပင့်ယူ ကိုးကွယ်ရာဌာန ခြောက်ပါးဟူ၏။ (၁) နဖူးသင်းကျစ်တော်ဓာတ် မြဟ္မာ့ပြည်၌ တဌာန၊ (၂) အထက် လက္ခဏာစွယ်တော်နှင့် ၎င်း.ညှပ်ရိုး တော်ဓာတ် ၂-ဆူ တဝတိံသာ စူဠာမုနိ၌ တဌာန၊ (၃) အောက် လက္ခဏာစွယ်တော် နဂါးပြည်၌ တဌာန၊ (၄) အောက်လက်ဝဲစွယ်တော် ကာလိင်္ဂရာဇ်နိုင်ငံမှ ဆောင်ယူ၍ သီဟိုဠ်ကျွန်း၌ တဌာန၊ (၅) အထက် လက်ဝဲ စွယ်တော် (ဂန္ဓာရ) သင်းဇွဲပြည်၌ တဌာန၊ (၆) လက်ဝဲ ညှပ်ရိုး တော် လက်ဒီပ မဟီယင်္ဂဏ၌ တဌာနဟု မူလကျမ်းဂန်တို့၌ဆို၏။ ထိုမှ နောက်၌ကား သီဟိုဠ်ကျွန်းမှ မြန်မာပြည် စစ်ကိုင်း ကောင်းမှုတော်ကြီး သို့ အပြောင်းအလဲ ရှိသေး၏ဟု မှတ်ရသည်၊

အ သာဓာရဏ ဉာဏ်တော် ၆-ပါး။ ။ပဋိသမ္ဘိဒါမဂ် ။ပါ ။၃။ အဋ္ဌကထာ။ ပ-အုပ်။ ၅၂။ ပစ္စေကဗုဒ္ဓါ ရဟန္တာဘုသမ္ဗုတို့နှင့် မဆိုင်၊ ဘုရားပိုင် သက်သက်ဖြစ်သော ဉာဏ်တော်များ။ (၁) အာသယာနုသယ ဉာဏ်-သတ္တဝါတို့၏ အလိုအာသာ ဟူသမျှကို သိသောဉာဏ်၊ (၂) လျှို့ဝှက်ယ ပရောပရိယတ္တိ ဉာဏ်-သတ္တဝါ လူနွေး ရင့် မရင့်ကို ထောက်ချင့် သိမြင်နိုင်သော ဉာဏ်၊ (၃) သမ္မဉ္ဇုတ ဉာဏ်-တရားအကုန်ကို စုံအောင် သိသော ဉာဏ်၊ (၄) အနာဝရဏ ဉာဏ်-ဥယျာဉ်းအင်္ကိုသိမြင်တော်မူရာ၌ အပိတ်အပင် အတားအဆီးမရှိသော ဉာဏ်၊ (၅) ယမက ပါဋိ ဟာရိယ ဉာဏ်-တန်ခိုးပြာဋိဟာ ပြရာ၌ လေ့လာပြီးရှိသော ဉာဏ်၊ (၆) မဟာ ကရုဏာ သမာပတ္တိ ဉာဏ်-သတ္တဝါကို လွန်စွာ သနားတော်မူသော ဉာဏ်။

အသားကြီး ၁၀-ပါး။ ။ဝိနည်း မဟာဝါ ။ပါ။ ၃၁၀ ။၄။ ၃၇၆။ ရဟန်းတော်များ မစားရသော အသားကြီးဆယ်ပါး ဟူလို။ (၁)မနုဿာ

http://www.dhammadownload.com

မံသ-လူသား၊ (၂) ဟတ္ထိ မံသ-ဆင်သား၊ (၃) အဿ မံသ-မြင်းသား၊ (၄) သုနခ မံသ- ခွေးသား၊ (၅) အဇိ မံသ-ဆိတ်သား၊ (၆) သီဟ မံသ-ခြင်္သေ့သား၊ (၇) ဗျဂ္ဃ မံသ-ကျားသား၊ (၈) ဒီပိ မံသ-ကျားဆာစ်သား၊ (၉) အစ္ဆ မံသ-ဝံသား၊ (၁၀) တရစ္ဆ မံသ-ဝံပုလွေသား။

အသိတရုးမျိုး ၆-ပါး။ ။ရတနာ ၃-ရပ် ဂုဏ်တော်မြတ်တို့နှင့်စပ်၍ သိမှုဉာဏ်များ၊ သံယုတ်နှင့် ပဋ္ဌာနမှ။ (၁) အနုဿဝ အသိ-ဆရာသမား စသူတို့၏ အဆင့်ဆင့် ဟောပြောသံဖြင့် သိခြင်း၊ (၂) သဒ္ဓါ အသိ-ရတနာ သုံးပါး တို့၏ ဂုဏ်ကို ယုံကြည်စွာမှတ်၍ သိခြင်း၊ (၃) အာကာရပရိဝိတက္က အသိ-ချင်းရာသွင်ပြင်ကို ဆင်ခြင်ကြံစည်၍ သိခြင်း၊ (၄) ဒိဋ္ဌိနိဇ္ဈာန ခန္တိ အသိ-မိမိသဘောဖြင့် လိုက်လျောညီစွာ စွဲမြဲ၍ သိခြင်း၊ (၅) ပိဋကသမ္ပဒါ အသိ-စာပေဖတ်၍ တတ်မြောက်သောအခါ စာပေလာ အသိ၊ (၆) ပစ္စက္ခ အသိ-ဆိုပြီးအသိ ငါးပါးတို့ကို လွန်မြောက်၍ ကိုယ်တိုင် တပ်အပ် သိခြင်း။

အသိတိရွှစ်ကျိပ်။ ။မဟာသာဝက ရွှစ်ကျိပ်ကို ခေါ်သည်၊ ၎င်းကို(လက်ဝဲရံ လက်ျာရံ)မှာ ကြည့်ပါ။

အသီးကြီး ၉-မျိုး။ ။ဝိနည်းတော်လာ ရဟန်းတော်များ နေလွဲသောအခါ အဖျော်ယမကာအဖြစ် မအပ်သော အသီးကြီး ၉-မျိုး။ (၁) အုန်းသီး၊ (၂) ထန်းသီး၊ (၃) အိမ်ပိန္နဲသီး၊ (၄) တောင်ပိန္နဲသီး၊ (၅) ဗူးသီး၊ (၆) ဖရုံသီး၊ (၇) သခွါးငဆစ်သီး၊ (၈) သခွါးငပြုတ်သီး၊ (၉) သခွါးငကြောင်သီး။

အ သုဘ ၁၀-ပါး။ ။မတင့်မတယ် ရွံစဘွယ်ဖြစ်သော နိမိတ်အာရုံ ကမ္မဋ္ဌာန်းဆယ်ပါးဟူ၏။ (၁) ဥဒ္ဓုမာတက- ဖူးဖူးရောင်ထ မလှရုပ်သွင်အမြင်ဆိုးဝါးသော အကောင်ပုပ်၊ (၂) ဝိ နီလက- ဖေါက်ပြန်ညိုပုပ်စက်ဆုပ် ရွံရှာဖွယ်ကောင်းသော အကောင်ပုပ်၊ (၃) ဝိ ပုဗ္ဗက-ယိုစီးလိမ်းကျံသော ပြည်ပုပ်တို့ဖြင့် စက်ဆုပ်ဖွယ် အကောင်ပုပ်၊ (၄)ဝိစ္ဆိဒ္ဒက-နှစ်ပိုင်းပြတ်နေသော စက်ဆုပ်ဖွယ် အကောင်ပုပ်၊ (၅) ဝိက္ခာယိတက-အထူးထူးအပြားပြား ကျီး ခွေးတို့ စားရှိ စက်ဆုပ်ဖွယ်သော အကောင်ပုပ်၊ (၆) ဝိက္ခိတ္တက-အထူးထူး အပိုင်းပိုင်းအားဖြင့် ပစ်လွှင့်ချထားအပ်သော စက်ဆုပ်ဖွယ်သော အကောင်ပုပ်၊ (၇) ဟတဝိက္ခိတ္တက-လက်နက်

http://www.dhammadownload.com

(၇၀) [အ + သု။အ + သေ + က်။ အ + ဟိ + တ်]

ဖြင့် ပိုင်းဖြတ်အပ် ပစ်လွှင့်အပ်သော စက်ဆုပ်ဖွယ် အကောင်ပုပ်၊ (၈) လောဟိတက-သွေးအလိမ်းလိမ်း ပေကျံ စက်ဆုပ်အပ်သော အကောင်ပုပ်၊ (၉) ပဋ္ဌဝက-ပိုးလောက် ပြည့်လှဲ့ အော့အန်ဖွယ်ဖြစ်သော အကောင်ပုပ်၊ (၁၀) အဋ္ဌိက-စက်ဆုပ်ဖွယ်ရာ အရိုးစုသာဖြစ်သော အကောင်ပုပ်။

အသုရာများ၊ မျိုးအပြား၊ ၃-ပါး ကျမ်းဂန်လာ။ ။(၁) ဝေပစိတ္တိ အသူရာ-တာဝတိံသာနတ်တို့နှင့် သက်တမ်းစည်းစိမ် တန်ခိုးညီမျှ၍ မြင်းမိုရ်တောင် အောက်၌ နေကြသော အသူရာမျိုး၊ (၂) ဝိနိပါတိက အသူရာ-ငရဲးတို့ သည်လည်း နတ်အသူရာမျိုးပင်၊ သို့သော် စထုမဟာရာဇ် တာဝတိံသာ နတ်တို့လောက် တန်ခိုးမကြီးခဲ့၊ ရှားပါးသော အဝတ်တန်းဆာ အစားအစာရှိကုန်၏၊ အချို့ကား တိဟိတ် ပဋိသန္ဓေ နေကုန်သည်ဖြစ်၍ မဂ် ဖိုလ် နိဗ္ဗာန်တိုင် ရကြကုန်၏၊ (၃) ကာလ ကဋ္ဌိက အသူရာ-ငရဲးတို့သည် ကား ပြိတ္တာ အသူရာမျိုးတို့သာတည်း၊ ထို့ကြောင့် ကာလကဋ္ဌိက အသုရာ မျိုးကို အသူရကာယ် ဘုံ၌ သွင်း၍ ဒွေတွက်အပ်ကုန်၏။

အ ဃေက္ခပုဂ္ဂိုလ် ၂-ယောက်။ ။ပဋ္ဌပကရဏ (ပဋ္ဌပက္ကိဏ်) အဘိဓမ္မာ အဋ္ဌကထာ။ ၃၉-၌ အကျယ်ရှုပါ။

(၁) ရဟန္တာအရှင်မြတ်တို့သည် အခြားသောသူထံမှ သီလ, သမာဓိ, ပညာ, အမှုန်တရားတို့ကို ခံယူဖြည့်ကျင့်ပြီးပြီဖြစ်၍ နောက်ထပ် ပြုကျင့်ဘွယ်ရာ မရှိတော့သောကြောင့် သိက္ခီတ အဃေက္ခ ပုဂ္ဂိုလ် မည်၏။

(၂) ဘုရားသခင် နှင့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် ကိုယ်တိုင်သိ၍ ဖြည့်ကျင့်ပြီးဖြစ်ရကား အခြားသူထံ၌ နည်းခံပြုကျင့်စရာ မလို တော့သောကြောင့် အသိက္ခီတ-အဃေက္ခ ပုဂ္ဂိုလ်မည်၏။

အဟိတ်မူဂ္ဂိုဏ် ၂-ယောက်။ ။ပဋိသန္ဓေအခါ ကုသိုလ်ဂိတ်နှင့် မယှဉ်သော ပုဂ္ဂိုလ်နှစ်ယောက် ဟူ၏။ (၁) ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်- အပါယ်လေးပါး ဘုံသားများ၊ (၂) သုဂတိ အဟိတ်ပုဂ္ဂိုလ်-ပဋိသန္ဓေအားဖြင့် ကျိုးကန်း ဆွံ့အ လာသူများ၊ (ရှုပါဝစရ သုဂတိ အဟိတ်ပုဂ္ဂိုလ်) ဇီဝိတဆက္က, ဇီဝိတနဝက ကလာပ်ဖြင့် ပဋိသန္ဓေနေသော အသညသတ် ရှုပါဝစရ သုဂတိ အဟိတ်ပုဂ္ဂိုလ်လည်း ရှိသေး၏။

http://www.dhammadownload.com

[အာ]

အာကာသ ၄-မျိုး။ ။ရေးခြစ်လို့ မရသော ကောင်းကင် လေးမျိုး။ (အကုံရဋ္ဌိကာ။) (၁)အဇဋာ ကာသ-ယခုမျက်မြင် ဖြစ်သော ဟင်းလင်း ကောင်းကင်၊ (၂) ပရိစ္ဆိန္နာ ကာသ-တံခါးပေါက် တိုက်နံရံပေါက် အိုးမျက်နှာဖေပေါက် စသည်ပိုင်းခြား ကာရံအပ်သော အပေါက်ဟူသမျှ၊ (၃) ကသိဏုဂ္ဃါဋိမာကာသ-အာကာသာနဉ္စာယတန စျာန်၌ လာလတ့် သော ကသိဏ်း ၉-ပါးတွင် တပါးပါးကို ခွါချဲ့ရရအပ်သော ကောင်း ကင် ပညတ်၊ (၄) ပရိစ္ဆေဒါ ကာသ-ပရိစ္ဆေဒရုပ်ခေါ် အာကာသ ဓာတ်။

အာဃာတဝတ္ထု ၉-ပါး ၁၀-ပါး ၂-နည်း။ ။ဓမ္မသင်္ဂဏီ ပါဠိတော် ၂၁၆ ။၌။ ၃၉၉။ ဝိဘင်းပါဠိတော်။ ၄၀၃ - ၄၀၅ ။၌။ ၄၉၄- ၄၉၅-တို့၌ အကျယ်ရှုပါ။ ၎င်းသရုပ်ကို (ရန်ငြိုးဖွဲ့ကြောင်းတရား ၁၀-ပါး)၌ ပြအံ့။

အာစရိယမျိုး ၅-ပါး။ ။ဝိနည်းပရိဝါပါဠိတော် ၃၅၈။ ၎င်း ။၌။ ၂.၂၄။ (၁) ပဗ္ဗဇ္ဇာစရိယ၊ (၂) ဥပသမ္ပဒါစရိယ၊ (၃) နိဿယာစရိယ၊ (၄) ဥဒ္ဒေသာစရိယ=စာသင်ပေးသူ၊ (၅) ဩဝါဒါစရိယ။

အာစရိယာ၊ ဂုဏ်အင်္ဂါ၊ ၂၅-ဖြာ အဘယ်နည်း ? ။ ။၎င်းပုစ္ဆာ၏ အဖြေကို (ဆရာ့ ဂုဏ်အင်္ဂါ ၂၅-ပါး)၌ ကြည့်ပါ။

အာစောက်ရပ်မှာ၊ ဖြစ်ပေါ် လာ၊ မြန်မာအက္ခရာ မျိုး ဂ-လုံး။ ။ ၎င်းအဖြေ (တာလုဇ အက္ခရာ ဂ-လုံး)မှာ ကြည့်ပါကုန်။

အာဇာနည် ဗိမာန်ရွှင်ကြီး ၉-ယောက်။ ။မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ပေါင်း ကိုးယောက်သော အလောင်းများ ထားရှိရာ ရန်ကုန်မြို့ အာဇာနည်ဗိမာန်ကြီး၌ ရှိသည်။

(၁) ဗိုလ်ချုပ်ကြီးအောင်ဆန်း၊ နတ်မောက်မြို့ ဦးဖါး-ဒေါ်စုတို့မှ ၁၉၁၅-ခုနှစ်မွေး၊ ၁၉၄၇-ခုနှစ် ဇူလိုင်လ ၁၉-ရက်နေ့၌ ကျဆုံး။

(၂) သခင်မြ၊ ပြည်ခရိုင် ထုံးဘိုမြို့ ဦးဘိုးချွန်-ဒေါ်သက်လယ်တို့မှ ၁၈၉၇-ခုနှစ်မွေး၊ ၁၉၄၇-ခုနှစ် ကျဆုံး။

http://www.dhammadownload.com

(၃) မိုင်းပွန်စော်ဘွား စပ်စံထွန်း၊ မိုင်းပွန်စော်ဘွားကြီး စပ်ခွန်ထီး နှင့် မဟာဒေဝီ နန်းစိန်ဥတို့မှ ၁၉၀၇-ခုနှစ်မှေး၊ ၁၉၄၇-ခုနှစ် ကျဆုံး။

(၄) ဒီးဒုတ် ဦးဘချို၊ မြောင်းမြမြို့ ဦးဘိုးစာ-ဒေါ်မြစ်တို့မှ ၁၈၉၃-ခုနှစ်မှေး၊ ၁၉၄၇-ခုနှစ် ကျဆုံး။

(၅) ဦးရာဇတ်၊ မိတ္ထိလာမြို့ မစ္စတာ အေရာမန်-ဒေါ်ငြိမ်းလှတို့မှ ၁၈၉၈-ခုနှစ်မှေး၊ ၁၉၄၇-ခုနှစ် ကျဆုံး။

(၆) မန်းဘခိုင်၊ ဟင်္သာတမြို့နယ် ယုန်သလင်းရွာ မန်းပေကုန်း-ဒေါ်ပုတို့မှ ၁၉၀၃-ခုနှစ်မှေး၊ ၁၉၄၇-ခုနှစ် ကျဆုံး။

(၇) ဦးဘဝင်း၊ နတ်မောက်မြို့ ဦးဖါး-ဒေါ်စုတို့မှ ၁၉၀၁-ခုနှစ်မှေး၊ ၁၉၄၇-ခုနှစ် ကျဆုံး။

(၈) ဦးအုန်းမောင်၊ မင်းဘူးမြို့ မစ္စတာ အိပ် (ချ်) ဒဗလျူ ထရပ်(တ်)ဝိန်-ဒေါ်ချွေမြင့်တို့မှ ၁၉၁၃-ခုနှစ်မှေး၊ ၁၉၄၇-ခုနှစ် ကျဆုံး။

(၉) သက်တော်စောင့် ရဲဘော် ကိုထွေး၊ မန္တလေးမြို့ တောင်ပြင်သိပ္ပံရပ် ဦးကိုကိုလေး-ဒေါ်မင်ရီတို့မှ ၁၉၂၉-ခုနှစ် မှေးဖွား ၁၉၄၇-ခုနှစ်၌ ကျဆုံးရသည်။

အာဇာနည်များ၊ မျိုး ၆-ပါး။ ။ဒုကဂုံတ္တရ ။ပါ။ ၇၆ ။ဌ။ ၅၁။ စတုကဂုံတ္တရ ။ဌ။ ၂၉၂-တို့၌ အကျယ်ရှုပါ။ မကြောက်မလှဲ့ မတွန့်မဆုတ် ဘဲ ကြောင်းကျိုးဟုတ်မှန်ကို ဝေဘန်တတ်သော ပုဂ္ဂိုလ်သတ္တဝါ ၆-မျိုး။ (၁) သီဟ-ခြင်္သေ့ အာဇာနည်မျိုး၊ (၂) ဟတ္ထာဇာနေယျ- ဆင် အာဇာနည်မျိုး၊ (၃) အဿာဇာနေယျ-မြင်း အာဇာနည်မျိုး၊ (၄) ဥသဘာဇာနေယျ-နွားလား အာဇာနည်မျိုး၊ (၅) ပုရိသာဇာနေယျ-ယောကျ်ား အာဇာနည်မျိုး၊ (၆) ခီဏာသဝ-ရဟန္တာပုဂ္ဂိုလ်။

အာဇီဝဋ္ဌမကသီလ။ ။ပဋိသမ္ဘိဒါမဂ် ။ပါ။ ၄၀ ။ဌ။ ပ-အုပ် ၁၅၁။ သုတ္တန်ပါဠိတော် ။ဌ။ ဒု-အုပ်။ ၁၁၁။ ဝိသုဒ္ဓိမဂ် ပ-အုပ် ၁၂။ သုတ်သီလကန် ။ဌ။ ၂၈၁-တို့၌ အကျယ်ရှု။ အာဇီဝလျင် ရှစ်ခုမြောက်သော သီလဟူ၏။ (က) ကာယဒုစရိုက် ၃-ပါး၊ (ခ) ဝစီဒုစရိုက် ၄-ပါး၊ (ဂ) မိစ္ဆာဇီဝ ၁-ပါး၊

http://www.dhammadownload.com

ငင်းရှစ်ပါးကို ရှောင်ကြဉ်စောင့်ထိန်းမှု သီလကို ဆိုသည်၊ (အပြဟ္မစရိယာ ကိုယူ)

အာနန္ဒာထေရ်၊ ဘွဲ့ ၅-ထွေ၊ ရလေ တေဒင်္။ ။ငင်းသရုပ်ကို (ရှင်အာနန္ဒာ၊ ဘွဲ့ပုံသာ၊ ၅-ဖြာ တေဒင်္)ဟူသော ပုစ္ဆာဌ္ဌ ရှုပါလေ။

အာပတ် ၇-ပုံ။ ။ရဟန်းတော်များအတွက် ဝိနည်းပညတ်ချက်လာ အခြေခံ ဥပဒေကြီး ၇-မျိုး။ (၁) ပါရာဇိက၊ (၂) သံဃာဒိသိသ်၊(၃)ထုလ္လစ္စဲ၊ (၄) ပါစိတ်၊ (၅) ပါဋိဒေသနီ၊ (၆) ဒုက္ကဋ်၊(၇) ဒုဗ္ဘာသိ။

အာပတ် မသင့်သော ပုဂ္ဂိုလ် ၂-ယောက်။ ။ပရိဝါပါဠိတော် ၁၅၈ ။ဌ။ ၂၁၄။ ဒွေပုဂ္ဂလာ အနာပတ္တိ ဟူသော ဝိနည်းတော်လာ အတိုင်း။ (၁) မဟာမုနီ ရာဇာ-ရဟန်း မင်းမြတ် ဖြစ်တော်မူသော ဘုရားသခင်၊ (၂) ပစ္စေက ဗုဒ္ဓါ- ဘုရားငယ် ဖြစ်တော်မူသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်။

အာပေါဓာတ် ၁၂-ပါး။ ။မူလပဏ္ဏာသ ။ပါ။ ၁၉၇ ။ဌ။ ဒု - အုပ်- ၃၇။ စိမ့်ဝင်စေးကပ် အဝိနိဘ္ဘောဂရုပ်တို့ကို ဖွဲ့စပ် ပေါင်းစည်းတတ်ခြင်း သဘောရှိသော (သတ္တဝါတို့သန္တာန်၌ ဇ၊ဟာ ဇ၊ဥစ္စာဟု စုံလမ်းတတ် သော) ဝတ္ထုအရည်ဓာတ် ၁၂-ပါး ဟူလို။ (၁) ပိတ္တ-သည်းခြေ၊ (၂) သေမ့်-သလိပ်၊ (၃) ပုဗ္ဗော-ပြည်၊ (၄) လောဟိတ-သွေး၊ (၅)သေဒေါ-ချွေး၊ (၆) မေဒေါ-အဆီခဲ၊ (၇) အဿု-မျက်ရည်၊ (၈) ဝသာ-ဆီကြည်၊ (၉) ခေဠော-တံတွေး၊(၁၀) သိင်္ဃာဏိကာ-နှပ်၊ (၁၁)လသိကာ-အစေး၊ (၁၂) မုတ္တံ-ကျင်ငယ်။

အာမိသမျိုး ၃-ပါး။ ။မင်္ဂဖိုလ်မရနိုင်အောင် ကပ်ငြိခြင်း ၃-ပါးဟူ၏။ ဥပရိပဏ္ဏာသ ။ပါ။ ၄၁ ။ဌ။ ၃၄-၌ အကျယ်ရှု။ (၁) ကာမာမိသ= ကာမဂုဏ် ၅-ပါး၌ ကပ်ငြိခြင်း၊ (၂) ဝဋ္ဋာမိသ=ဝဋ်ဋ ၃-ပါး၌ ကပ်ငြိခြင်း၊ (၃) ကိလေသာမိသ=ကိလေသာဆယ်ပါး၌ ကပ်ငြိခြင်း။

အာမေဍိတ်များ၊ ဖြစ်ကြောင်းကား၊ ၉-ပါးကျမ်း၌လာ။ ။အနက် တခု တည်းကိုပင် နှစ်ကြိမ် သုံးကြိမ် ရွတ်ဆိုခြင်းကို 'အာမေဍိတ်' ခေါ်၏၊ ပုံ-မြေကြီး မြေကြီး စသည်မျိုး။ အဘိဓာနပွဲဇီပိကာ ကျမ်း၌ကား၊ ၎င်း ကိုးမျိုးကို ပြ၏။ (၁) ဘယေ-ကြောက်သော အခါမျိုး၊ (၂)

http://www.dhammadownload.com

ကောဓေ-စိတ်ဆိုး ဒေါသဖြစ်သော အခါမျိုး၊ (၃) ပသံသာယံ-ချီးမွမ်း ကောင်းချီးဖေးသော အခါမျိုး၊ (၄) တုရိတေ-အဆောတလျင် ပြုသော အခါမျိုး၊ (၅) ကောတူဟလေ-အဆန်း အသစ် တွေ့သောအခါမျိုး၊ (၆) အစ္ဆရေ-အုံသြသော အခါမျိုး၊ (၇) ဟာသေ-အားရဝမ်းသာ ရွှင်လန်းသော အခါမျိုး၊ (၈) သောကေ-စိုးရိမ် ဝမ်းနည်းသော အခါမျိုး၊ (၉) ပသာဒေ-ကြည်ညိုလွန်းသော အခါမျိုး။

အာယတန ၁၂-ပါး။ ။သင်္ဂဿယတနသံယုတ်။ပါ။ ၂၅၁။ဌ။ ၆-တို့၌ **သဏ္ဌဝါ** တို့အား နှိပ်စက်တတ်ပုံကို ပြထား၏၊ အကျယ်ရှုပါ။ အာရုံဟူသော်လို့၏ သို့မဟုတ် ကမ္မဘဝ၏ ထွက်ဝင်သွားလာရာ ဓနအိမ်သဘွယ် ဖြစ်သော သဘော ၁၂-ပါးဟူလို။ (၁) စက္ခာယတန-စက္ခုပသာဒ, ခေါ် မျက်စိ အကြည်ဓာတ်၊ (၂)သောတာယတန-သောတပသာဒ,ခေါ် နား အကြည် ဓာတ်၊ (၃) ဃာနာယတန-ဃာနပသာဒ, ခေါ် နှာခေါင်း အကြည် ဓာတ်၊ (၄) ဇိဝှါယတန-ဇိဝှါပသာဒ, ခေါ် လျှာ အကြည်ဓာတ်၊ (၅) ကာယာယတန-ကာယပသာဒ, ခေါ် ကိုယ် အကြည်ဓာတ်၊ (၆) မနာယတန-စိတ် ဂဓ-ခုဟု ဆိုအပ်သော မနော အကြည်ဓာတ်၊ (၇) ရူပါယတန-အဆင်း အာရုံ၊ (၈) သဒ္ဒါယတန-အသံ အာရုံ၊ (၉) ဂန္ဓာ ယတန-အနံ့ အာရုံ၊ (၁၀) ရသာယတန-အရသာ အာရုံ (၁၁) ဖောဋ္ဌဗ္ဗာ ယတန-ပထဝီ, တေဇော,ဝါယော ဟု ဆိုအပ်သော ဓာတ်သုံးပါးအပေါင်း အတွေ့အာရုံ၊ (၁၂) ဓမ္မာယတန-စေတသိက် ၅၂-ပါး, သုခုမရူပ် ၁၆-ပါး, နိဗ္ဗာန်, ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံ။

အာရက္ခ သမ္ပဒါတရား ၅-ပါး။ ။တိုးတက်ခိုင်မြဲရေးအတွက် မိမိတို့ ပစ္စည်း အရပ်ရပ်ကို စောင့်ရှောက်မှုတရား ငါးပါးဟူ၏။ (၁) ဆုဇ ဘယ အာရက္ခ-မင်းပြစ် မင်းဘေးနှင့် ရုံးပြင်ကန္တား ရှောင်ရှားမှု၊ (၂) စောရ ဘယ အာရက္ခ- သုခိုးဓားပြဘေးမှ လုံခြုံရေးအတွက် စောင့်ရှောက် တတ်မှု၊ (၃) အဂ္ဂိ ဘယ အာရက္ခ-မီးဘေးမှ ကင်းဝေးအောင် ရှောင်ရှား တားဆီးတတ်မှု၊ (၄) ဥဒက ဘယ အာရက္ခ-ရေဘေးမှ ကင်းဝေးအောင် တားတတ် ရှောင်တတ်မှု၊ (၅) အပ္ပိယ ဒါယာဒ ဘယ အာရက္ခ-သားဆိုး သမီးဆိုး အမွေခံဆိုး မဖြစ်ရအောင် လိမ်မာစေမှု ကြောင့်ကြပြုကာ စောင့် ရှောက်စေခြင်း။

. http://www.dhammadownload.com

အာရုံ ၅-ပါး ကာမဂုဏ် တရား။ ။ဂင်းသရုပ် (ကာမဂုဏ် ၅-ပါး)၌ ပြမည်။

အာရုံ ၆-ပါး။ ။မျက်စိ, နား, နှာ စသော တံခါးခြောက်ပေါက်မှ ဝင်လာသော အရာ ၆-ပါး ဟူ၏။ (၁) ရူပါရုံ-အဆင်း၊ (၂) သဒ္ဒါရုံ-အသံ၊ (၃) ဂန္ဓာရုံ-အနံ့၊ (၄) ရသာရုံ-အရသာ၊ (၅) ဖောဋ္ဌဗ္ဗာရုံ-အတွေ့အထိ၊ (၆) ဓမ္မာရုံ-သုခုမရုပ် သောင်္ဂဿ, စိတ် တခုယုတ် ကိုးဆယ်, စေတသိက် ၅၂, နိဗ္ဗာန်, ပညတ်။

အာရုတိုက် တိုင်းပြည်ကြီး ၁၅-နိုင်ငံ။ ။ဒဂုဂ်-ခု၊ ဒဂြဂ္ဂ-ခု။ (၁) တရုပ်ပြည်၊ (၂) ဣန္ဒိယ၊ (၃) ဆိုဗီယက် ပြည်ထောင်စု၊ (၄) ပါကစ္စတန်၊ (၅) ဂျပန်၊ (၆) မြန်မာ၊ (၇) ထိုင်း (ယိုးဒယား) (၈) အာဖဂန် နစ္စတန်၊ (၉) ပါရှား (အီရန်) (၁၀) တပ်ကီ (တူရကီ) (၁၁) အရေဗျ၊ (၁၂) အင်ဒိုနီးရှား၊ (၁၃) မလေးရှား၊ (၁၄) ဗီယက်နမ်၊ (၁၅) ဘန်ကလားဒေ (ရှ်)

မှတ်ချက်။ ။တိဘက်၊ နီပေါ၊ ကမ္ဘောဒီးယား၊ လော (လာအို) အစ္စရေး စသည့် နိုင်ငံငယ်ကလေးများ ရှိသေး၏၊ ၎င်းတို့လည်း နှစ်များမကြာမီ တိုင်းကြီး ပြည်ကြီးတွေ ဖြစ်လာဘွယ်ရှိသည်ဟု မှတ်ရသည်။

အာလယ တရား ၂-ပါး။ ။(၁) ကာမာလယ- အာရုံငါးပါး ကာမဂုဏ် တရားကို ခေါ်သည်၊ (၂) တဏှာလယ- ထိုအာရုံငါးပါး ကာမဂုဏ် တရားကို မှီဝဲသုံးဆောင်တတ်သော တဏှာလောဘကို ဆိုသည်။

အာလိန် ၅-ဆင့်။ ။သဂါထာဝဂ္ဂသံယုတ် ။ပါ။ ၂၁၈။ ၎င်း။ ဋ္ဌ။ ၃၁၀။ ဓမ္မပဒ။ ဋ္ဌ။ ပ- အုပ်။ ၁၇၇-တို့၌ အကျယ်ရှုပါ။ မရိုးစည်လုံးသဏ္ဌာန်ကဲ့သို့ အလယ်ပူ အထက် ရှူးနေသော ၊မြင်းမိုရ်တောင်ကြီး၌ အပြင်ဆင်ဝင်တောင်ခါးပန်းစွန်း ငါးဆင့်ရှိကုန်၏၊ ၎င်းကိုပင် အာလိန် ငါးဆင့်ဟု ခေါ်ဆိုသည်မှတ်၊ ထို အာလိန်ငါးဆင့်တို့သည် တဆင့် တဆင့်၌ အထူး၏ ၎င်း အပြင်၏၎င်း အတိုင်းအရှည် ပမာဏအားဖြင့် ယူဇနာငါးထောင်စီ အသီးအသီး ရှိကုန်၏၊ မြင်းမိုတောင်၏ ရေပေါ်ယူဇနာ ရှစ်သောင်း လေးထောင်တွင် အောက် ထက်ဝက်ဖြစ်သော ယူဇနာလေးသောင်း

http://www.dhammadownload.com

နှစ်ထောင်ကို ငါးစုပြုသော် အောက်ဆုံးအစုသည် ပဌမအာလိန် မည်၏၊ ထို ပဌမအာလိန်သည် ရေအထက် ပေါ်နေသည်ကား ထက်ဝက်, ရေအောက်နစ်နေသည်ကား ထက်ဝက်ဖြစ်၏၊ ထို ပဌမအာလိန်၌ နဂါးမင်းတို့ နေ၏၊ ထိုအထက် ဒုတိယ အာလိန်ကား လက်ပံပင်တောကြီး အတိုဖြစ်၍ ဂဠုန်မင်းတို့ နေကြကုန်၏၊ ထို့အထက် တတိယ အာလိန်ကား ဂုမ္ဘဏ်တို့ နေရာဖြစ်၏၊ ထို့အထက် စတုတ္ထ အာလိန်ကား ဘီလူးရက္ခိုသ်တို့၏နေရာ ဖြစ်၏၊ ထိုအထက် ပဉ္စမ အာလိန်ကား မြင်းမိုရ်တောင်၏ခါး' ယုဂန္ဓိရ် တောင်၏ ထိပ်နှင့်ညီမျှ၍ "ဓာရဋ္ဌ, ဝိရူဠ္ဟက, ဝိရူပက္ခ, ကုဝေရ" အမည် ရသော နတ်မင်းကြီး ဧလေပါးတို့၏ နေရာ စတုမဟာရာဇ် နတ်ပြည်ပင် ဖြစ်လေ၏။

အာဝေဏိက ဂုဏ်အောင် ၁၈-ပါး။ ။အဘိဓမ္မ ဝိဘင် မူလဋီကာ စာမျက်နှာ-၂။ ဘုရားရှင်အတွက် သက်ဆက်သိုးခြေား ဂုဏ်တော် ၁၈-ပါး။ (၁) အတိတံသေ ဗုဒ္ဓဿ ဘဂဝတော [illegible] ဉာဏံ- အတိတ်အဖို့၌ ဉာဏ်တော်၏ အပိတ်အပင် အတားအဆီး မရှိခြင်း၊ (၂) အနာဂတံသေ- အနာဂတ်အဖို့၌လည်း ၎င်းအတိုင်းပင်၊ (၃) ပစ္စုပ္ပန္နံသေ- ပစ္စုပ္ပန်၌လည်း ၎င်းအတိုင်းပင်၊ (၄) သဗ္ဗံ ကာယကမ္မံ ဉာဏ ပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ- ကာယကံမှု အလုံးစုံ၌ ဉာဏ်တော်သာလျှင် ရှေသွားရှိခြင်း၊ ဉာဏ်တော်သို့သာ အစဉ်လိုက်ခြင်း၊ (၅) သဗ္ဗံ ဝစီကမ္မံ- ဝစီကံမှုတို့၌လည်း ၎င်းအတိုင်းပင်၊ (၆) သဗ္ဗံ မနောကမ္မံ- မနောကံမှုတို့၌လည်း ၎င်းအတိုင်းပင်၊ (၇) နတ္ထိ ဆန္ဒဿ ဟာနိ- အလိုဆန္ဒတော်၏ ယုတ်လျော့ အားနည်းမှု မရှိခြင်း၊ (၈) နတ္ထိ ဝီရိယဿ ဟာနိ- အားထုတ်မှု ဝီရိယ၏လည်း ၎င်းအတိုင်းပင်၊ (၉) နတ္ထိ သမာဓိဿ ဟာနိ- သမာဓိတော်၏လည်း ၎င်းအတိုင်းပင်၊ (၁၀) နတ္ထိ ပညာယ ဟာနိ-ပညာတော်အရာ၌လည်း ၎င်းအတိုင်းပင်၊ (၁၁) နတ္ထိ ဓမ္မဒေသနာယ ဟာနိ- တရားဟောရာ၌လည်း ၎င်းအတိုင်းပင်၊ (၁၂) နတ္ထိ ဝိမုတ္တိယာ ဟာနိ- ဝိမုတ္တိတရားအဖို့၌လည်း ၎င်းအတိုင်းပင်၊ (၁၃) နတ္ထိ ဒဝါ- ပြက်ရယ်ပြုမှု မြူးတူးမှု မရှိခြင်း၊ (၁၄) နတ္ထိ ရဝါ- ချွတ်ချော်တိမ်းပါးမှု မရှိခြင်း၊ (၁၅) နတ္ထိ အပ္ပဋိ- ဉာဏ်ဇောနှင့် မတွေ့ထိသော အရာဟူ၍ မရှိခြင်း၊ (၁၆) နတ္ထိ ဝေဂါယိ တရံ- အဆောတလျင် ပြုရသည်၏ အဖြစ်မျိုး မရှိခြင်း၊ (၁၇) နတ္ထိ

http://www.dhammadownload.com

အဗျာဝဋ္ဌမနော- ကြောင့်ကြမဲ့ စိတ်မျိုး မရှိခြင်း၊ (၁၈) နတ္ထိ အပ္ပဋိ သခါနုပေက္ခာ- ပညာဉာဏ် မဆင်မခြင် ရှုလေ့ မရှိခြင်း။

အာဝေဏိက ဒုက္ခ ၅-ပါး။ ။သဋ္ဌာယတနသံယုတ် ။ပါ။ ၄၃၆-၄၃၇။ဋ္ဌ။ ၁၂၅-၌ အကျယ်ရှုပါ။ မိန်းမများအတွက် သီးခြားခံယူရသော ဒုက္ခ ငါးပါး၊ (၁) အရွယ်ရောက်လျှင် ရာသီဥတုသွေး တလတကြိမ် သွန်ရခြင်း၊ (၂) လင်၏နောက်သို့ လိုက်ပါသွားရခြင်း၊ (၃) လင်၏ခြေရင်း အလုပ်အကျွေးအဖြစ် ပြုလုပ်ရခြင်း၊ (၄) ကိုယ်ဝန် ဆောင်ရခြင်း၊ (၅) သားဖွားရခြင်း။

အာဝေဏိက၊ ပို်ကြမေတ္တာ၊ ၇-ဖြာ၊ အင်္ဂါ အဘာယ်နည်း ? ။ ။သီးခြား ကန့်သတ်၍ ပို်သ ပွားများရသော "သြမိသာ မေတ္တာ ၇-ပါး" ကိုပင် အာဝေဏိကမေတ္တာဟု ခေါ်ကြသည်၊ အဖြေ ၎င်း၌ ရှုပါကုန်။

မှတ်ချက်။ ။အချို့ ဆိုင်းနောက်ထန့်ငံ့ သဘင်သည်တို့ကား မပီမသ "အာဝေဓိက မေတ္တာ"ဟု ခေါ်နေကြကုန်၏။

အာသယ တရား ၄-ပါး။ ။စိတ်တို့၏ မှီရာဖာည်ရာ သို့မဟုတ်၊ သတ္တဝါ တို့၏ မှီရာတည်ရာ လေးပါးဟူလို၊ သာရတ္ထဒီပနီဋီကာ။ (၁) သဿတ ဒိဋ္ဌိ- သတ္တဝါ သခါရတို့၏ ခြေ၏ ဟူသော အယူ၊ (၂) ဥစ္ဆေဒ ဒိဋ္ဌိ- သေပြီးနောက် သတ္တဝါ သခါရတို့ ပြတ်၏ ဟူသော အယူ၊ (၃) သစ္စာ နုလောမိကဉာဏ်- မဂ္ဂသစ္စာ အားဖြင့်၎င်း, ပရမတ္ထသစ္စာ အားဖြင့်ပင်း လျောက်ပတ် လျော်ကန်သော ဉာဏ်အမြင်၊ (၄) ကမ္မဿကတာဉာဏ်- ကုသိုလ်ကံသည် မိမိဥစ္စာဖြစ်၍ ပြုရမည့် ကံတည်း၊ အကုသိုလ်ကံသည် မိမိဥစ္စာ မဟုတ်၍ မပြုရမည့် ကံတည်းဟု ကံသာလျှင် မှီရာတည်ရာ ရှိသည်အဖြစ်ကို သိတတ်သော ဉာဏ်အမြင်တည်း။

အာသဝတရား ၄-ပါး။ ။ဘုံအားဖြင့် ဘဝ်, ဓမ္မအားဖြင့် ဂေါတြဘူ တို့ငံအောင် ယိုစီးနှိပ်စက်တတ်သော တရားများ။ (၁) ကာမာသဝ- ကာမ ၁၁-ဘုံ၌ တပ်နှစ်သက်တတ်သော လောဘ၊ (၂) ဘဝါသဝ-ရူပ ၁၆-ဘုံ, အရူပ ၄-ဘုံ၌ တပ်မက်သော လောဘ၊ (၃) ဒိဋ္ဌာသဝ-မှားသော မိစ္ဆာအယူ ဒိဋ္ဌိစေတသိက်၊ (၄) အဝိဇ္ဇာသဝ-သစ္စာဉာဏ် အမြင်ကို ဖုံးလွှမ်းပိတ်ဆီးတတ်သော မောဟ။

http://www.dhammadownload.com

အာဟာရ ၄-ပါး။ ။မိမိဆိုင်ရာ အကျိုးထူးမျှားကို အရှည်ခန့်အောင် ပို့ဆောင်ထောက်ပံ့စေတတ်သော တရားသဘော ၄-ပါး။ (၁) ကဗဠီကာရာဟာရ-စားအပ်သော အစားအစာဟူသမျှ၊ (၂) ဖဿာဟာရ-အတွေ့အထိ ဖဿသဘော၊ (၃) စေတနာဟာရ-စေ့ဆော်မှု စေတနာသဘော၊ (၄) ဝိညာဏာဟာရ-ဝိပါက်ဝိညာဏ်ဖြစ်သော တရားစု။

အာဠဝကဘီလူး၏ လက်နက်ကြီး ၉-ပါး။ ။အာဠဝက သံယုတ်မှ။ (၁) သုံးယူဇနာမြင့်သော တောင်ဟူသို့ကို ဖြိုဖျက်နိုင်သော မုန်တိုင်းလက်နက်၊ (၂) သစ်ပင်တောင်ကမ်းတို့ကို နုစ်လှမ်းနိုင်သော မိုးရေလက်နက်၊ (၃) တောင်ထုကြီးကို ဖြိုခွဲကြေမွနိုင်သော ကျောက်စစ်မိုးလက်နက်၊ (၄) သင်ခုန်း, လှံကန်, သန်လျက် မိုးလက်နက်၊ (၅) ရဲရဲညီးဆော မီးကျီးမိုး, မီတောက် မီးလျှံ ဘွဲ့ဖြူလက်နက်၊ (၆) ပြာပူမိုးလက်နက်၊ (၇) သလဲမိုးလက်နက် (၈) ညွန်ပျောင်းမိုး လက်နက်၊ (၉) အင်္ဂါ ၄-ပါးရှိသော အမိုက်တိုက်လက်နက်။

အားမျိုး ၈-ပါး။ ။အဋ္ဌင်္ဂုတ္တရပါဠိတော် ။၅၈။ ၎င်း အဋ္ဌကထာ။ ၂၂၃-၌ အကျယ်ရှုပါ။ (၁) ရွက္ကဗလာ ဒါရကာ- သူငယ်တို့အားကားငိုခြင်း၊ (၂) ကောဓဗလာ မာတုဂါမာ- မိန်းမတို့အားကား အမျက်ထွက်ခြင်း၊ (၃) အာဝုဓဗလာ စောရာ-ခိုးသူ ထားပြတို့အားကား လင်္ကန်၊ (၄) ဣဿရိယဗလာ ရာဇာနော- ဘုရင်မင်းတို့အားကား အစိုးရခြင်း၊ (၅) ဥဇ္ဈတ္တိဗလာ ဗာလာ-သူမိုက်တို့အားကား မြေ့မြင်လွတ်ကင်း ကဲ့ရဲ့ခြင်း၊ (၆) နိဇ္ဈတ္တိဗလာ ပဏ္ဍိတာ- ပညာရှိတို့အားကား မြေ့မြင်ရှုစား သတိထားခြင်း၊ (၇) ပဋိသင်္ခါနဗလာ ဗဟုဿုတာ- အကြားအမြင် များသော ပုဂ္ဂိုလ်တို့၏ အင်အားကား အရာရာ၌ ကောင်းစွာဆင်ခြင်ခြင်း၊ (၈) ခန္တီဗလာ သမဏ ဗြာဟ္မဏာ - ရသေ့ ရဟန်း ဘို့၏ အင်အားကား သည်းခံခြင်း။

မှတ်ချက်။ ။ဤပါဠိမဟာဘဋ္ဌ သည်းခံခြင်း ခန္တီအားသည် ရှစ်ခုမြောက်ဖြစ်၏၊ ၎င်းကိုရည်၍ ပါရမီခဏ်း၌ "ပရမံတပေါ ၊ခန္တီကျော်ဟု၊ သူတော်အကျင့်၊ အားရှစ်ဆင့်"ဟု စပ်ဆိုထားလေပြီ။

http://www.dhammadownload.com

အားတော် ၁၀-ပါး၊ မြတ်ဘုရား၊ ကိုယ်အား၊ ဉာဏ်အားရှိ။ ။မြတ်စွာဘုရားသခင်၏ ဉာဏ်တော်အားဆယ်ပါး၊ ကိုယ်တော်အား ဆယ်ပါးဟူလို၊ ဉာဏ်တော်အား ဆယ်ပါးကား။ (၁) ဌာနာဌာန ကောသလ္လဉာဏ်-အရာဟုတ်သည် မဟုတ်သည်တို့ကို သိတော်မူခြင်း၊ (၂) ကမ္မဝိပါက ဉာဏ်-ကံ ကံ၏အကျိုးကို သိတော်မူခြင်း၊ (၃) သမ္ပတ္တဂါမိနီပဋိပဒါ ဉာဏ်-အလုံးစုံကုန်သော ဘဝတို့သို့ ရောက်ခြင်း အကြောင်း၌ သိတော်မူခြင်း၊ (၄) အနေကဓာတု နာနာဓာတု ဉာဏ်-များသော လောကဓာတ် အထူးထူးမသာ လောကဓာတ်တို့ကို သိတော်မူခြင်း၊ (၅) နာနာ ဓိမုတ္တိ ဉာဏ်-အထူးထူးသော အလိုတို့ကို သိတော်မူခြင်း၊ (၆) ဣန္ဒြိယ ပရောပရိယတ္တိ ဉာဏ်-ဣန္ဒြေနုရင့်ခြင်း၌ သိတော်မူခြင်း၊ (၇) စျာန ဝိမောက္ခာဒိ ဉာဏ်-စျာန် ဝိမောက္ခ စသည်တို့၌ သိတော်မူခြင်း၊ (၈) ပုဗ္ဗေ နိဝါသ ဉာဏ်-ရှေးက နေခဲ့ဘူးသော ခန္ဓာအစဉ်ကို သိတော်မူခြင်း၊ (၉) ဒိဗ္ဗစက္ခု ဉာဏ်- အပိတ်အပင် အတားအဆီးမရှိ နတ်မျက်စိကဲ့သို့ ပကတိ သိမြင်တော်မူခြင်း၊ (၁၀) အာသဝက္ခယ ဉာဏ်- အာသဝေါတရားတို့၏ ကုန်ရာနိဗ္ဗာန်ကို သိတော်မူခြင်း၊ ဤကား ဉာဏ်တော်အား ၁၀-ပါးတည်း။ (ဉာဏဝိဘင်း ပါဠိတော်နှင့် အဋ္ဌကထာမှာ အကျယ်ရှု။)

ကိုယ်တော်အား ဆယ်ပါး။ မြတ်စွာဘုရားသခင်၏ ပကတိသော အားတော်မြတ်သည် "ဆဒ္ဒန်ဆင်မင်း" ဆယ်စီးအားနှင့် အညီအမျှ ရှိတော်မူသတတ်၊ ၎င်းကိုပင် အားတော်ဆယ်ပါးခေါ်၏၊ ထို့ကြောင့် ဒသဗလော- ကိုယ်တော်အား ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား ဟု ဘာသာ ပြန်ဆိုကြလေပြီ၊ မှန်၏၊ (သမ္မာသမ္ဗုဒ္ဓါ ပန ဒသန္နံ ဆဒ္ဒန္တာနံ ဗလံ ဓာရေတိ၊ တေနေဝ ဘဂဝါ ကာဠာဝက ဟတ္ထိ ဂဏနာယ ကောဋိသဟဿဗလံ ဓာရေတိ၊ ပုရိသ ဂဏနာယ ဒသန္နံ ပုရိသ ကောဋိ သဟဿာနံ ဗလံ) မြတ်စွာဘုရားသည် ဆဒ္ဒန်ဆယ်စီးအားကို ဆောင်နိုင်၏၊ ထို့ကြောင့် ယခုအခါ မြန်မာပြည်စသည်၌ အသုံးပြု နေသော "ဆင်မည်းခေါ်" အော်မြည်တတ်သော "ကာဠာဝကဆင်ပေါင်း ကုဋေ တထောင်အား၊ ဗုလ်ခြေ ယောကျ်ား ကုဋေ တသောင်းအားကို ဆောင်နိုင်သော အားတော်မြတ် ရှိသည် ဟူ၏။ (အဘိဓာန်ဋီကာမှ။)

http://www.dhammadownload.com

[အိ + အ + က်။ အိ + ပ်။ အိ + မ်]

[အိ]

အို, အက္ခရာ၊ ရေးထုံးမှာ၊ မြန်မာ လေးမျိုးရှိ။ ။မြန်မာဘာသာ၌ " ို, အို, ိုက်, ိုဏ်" ၎င်းလေးမျိုးကို သင့်သလို ရေးသားကြလေ့ သည်။

အိပ်ခြင်းမျိုး ၄-ပါး။ ။သုတ်မဟာဝဂါ။ပါ။ ၁၁၃။ ၎င်း ။ဋ္ဌ။ ၁၆၅-၌ အကျယ်ရှုပါ။ သတ္တဝါတို့၏ အိပ်ခြင်းမျိုး ၄-ပါး ဟူလို။ (၁) ကာမ ဘောဂီ သေယျ-ကာမဂုဏ်ခံစားသူတို့ အမျှားအား ဖြင့် လက်ဝဲဘက် စောင်း၍ အိပ်ကြ၏၊ (၂) ပေတသေယျ- ပြိတ္တာတို့သည် ပက်လက် အိပ်ကြ၏၊ (၃) သီဟ သေယျ-ကေသရခြင်္သေ့တို့ကား လက်ျာနံပါးဖြင့် သာ အအိပ်များကုန်၏၊ သူမြတ်တို့လည်း ဤသို့အိပ်ကြ၏၊ (၄) တထာဂတ သေယျ-ဘုရားရှင်တို့သည် လက်ျာနံပါးဖြင့် စတုတ္ထစျာန် ဝင်စားကာ ကိပ်တော်မူကြ၏၊ (စတုတ္ထစျာနသေယျံပန တထာဂတသော ဟောတိ။)

အိပ်မက် မက်ခြင်း အပြား ၄-ပါး။ တနည်း ၆-ပါး။ ။သမ္မောဟဝိနောဒနီ အဋ္ဌကထာ ၃၀၉။ မဟာနိဒ္ဒေသ ပါဠိတော် ၂၉၇။ ၎င်း ။ဋ္ဌ။ ၃၆၅-တို့၌ အကျယ်ရှု။ အိပ်မက်ခြင်းအကြောင်း ၆-ပါး၊ သို့မဟုတ် အိပ်မက်တတ်သူ ၆-ယောက်။ (၁) ဝါတိက-လေဓာတ်ပျက်၍မက်ခြင်း၊ (၂) ပိတ္တိက-သည်းခြေပျက်၍ မက်ခြင်း၊ (၃) သေမှိက- သလိပ်ပျက်၍ မက်ခြင်း၊ (၄) ဒေဝတူပ သံဟရတ-နှတ်တို့လှည့်ပတ်၍ မက်ခြင်း၊ (၅) သမုဒါစိဏ္ဏတ-လေ့ကျက် သုံးဆောင်ဘူး၍ မက်ခြင်း၊ (၆) ပုဗ္ဗနိမိတ္တ- ပုဗ္ဗနိမိတ်ပြ ဖြစ်လတံ့ကို မြင်မက်ခြင်း.

အိပ်မက် မက်တတ်သူ ၄-မျိုး။ ။ဝိပလ္လာသတရုား ရှိနေကြသေးသော (၁) ပုထုဇဉ်၊ (၂) သောတာပန်၊ (၃) သကဒါဂါမ်၊ (၄) အနာဂါမ်၊ ၎င်းတို့ လေးယောက်သာ မြင်မက်တတ်ကြသည် ဟူ၏၊ အကျယ်ကို ဗုဒ္ဓဘာသန မဟာဗုဒ္ဓဝင်။ ဒု-တွဲ။ ၂၆၉-၌ ရှုပါကုန်။

အိမ်ဆောက်ကောင်းငြား၊ လ ၆-ပါး၊ မိန်းကြားဖြေတော်မူ။ ။၎င်းသရုပ်ကို အောက်ပါ ဓမ္မခံရွေးနည်း လက်ဘဖြင့် သိပါ။

လောကီလူများ၊ အမျိုးသားတို့၊ မှတ်ထားစေရန်၊ မြေခံကျမ်းမြတ်၊ စရပ်အိမ်ကျောင်း၊ ဆောက်တုံရောင်းသော်၊ နတ္ထော်, ဇခါင်, ကြူး၊ ပြာ, ကူး, ဆုန်, ပေါင်း၊ ဆောက်ကောင်း ၆-လ၊ မှတ်ကုန်ကြလော့။

http://www.dhammadownload.com

အိမ်မှာမွေးထား၊ ၎က် ၄-ပါး၊ စီးပွားချမ်းသာတိုး။ ။ ထိုဥက်မျိုးလေးပါး ကို မိမိတို့နေအိမ်၌ မွေးထားခြင်းဖြင့် စီးပွားဥစ္စာ ကျက်သရေမင်္ဂလာ တိုးတက်ကြောင်းများဖြစ်သည်ဟု ဇောတိတဿ ဗေဒင်ကျမ်းကြီး၌ ဆို၏။ (၁) ပါရာဝတ-အိမ်ခိုဥက်၊ (သင်္ဘော်ခို) (၂) မယူရ- ဥဒေါင်းဥက်၊ (၃) သုက-ကျေး, ကြက်တူရွေး၊ (၄) သာရိက-သာလိကာဥက်။

အိမ်ရှေမင်းသား၊ ဖြစ်ထိုက်ခြား၊ ၅-ပါး လက္ခဏာ။ ။(၁) မိဘ နှစ်ပါးစုံ မှ သန့်ရှင်းစွာ မွေးဖွားခြင်း၊ (၂) အဘိရူပ, ပါသာဒိက အလှန်တင့် တယ် ရှုချင်ဖွယ်အဆင်း ဂုဏ်တို့နှင့် ပြည့်စုံခြင်း၊ (၃) ခမည်းတော်, မယ်တော်တို့ ချစ်အောင် ကျင့်တတ်ခြင်း၊ (၄) တိုင်းပြည်လူထု မြတ်နိုးအောင် ကျင့်တတ်ခြင်း၊ (၅) တိုင်းရေးပြည်မှု စစ်မှုရေးရာတို့၌ လိမ်မာခြင်း။

အိမ်သူ့ဝတ် ၅-ပါး။ ။ငင်း၏ သရုပ်ကို (မယားဝတ် ငါးပါး)၌ ကြည့်ပါ။

ဣစ္ဆတရား ၄-ပါး။ ။အလိုဆန္ဒ တရားများကို သမ္မာ အဋ္ဌကထာ ခုဒ္ဒက ဝိဘင်း၌ ဤသို့ ပြ၏။ (၁) အတြိစ္ဆ-မိမိနှင့် ထိုက်တန်သလောက်နှင့် မရောင့်ရဲနိုင်ဘဲ အလွန်အလွန် အလိုကြီးခြင်းမျိုး၊ ကိုယ့်လက်ရှိ စည်းစိမ်ထက် သူများခံစားလျက်ရှိသော စည်းစိမ်ကို ပိုမိုနှစ်သက် လိုချင်ခြင်းမျိုး၊ (၂) မဟိစ္ဆ-အလိုကြီးခြင်း၊ ဝါကြားညာဝါ၍ မိမိမျှတမလောက်ရုံထက် အပိုအမိုရအောင် ယူငင်ခြင်းမျိုး၊ (၃) ပါပိစ္ဆ-ယုတ်မာသော အလိုဆိုး၊ မိမိ၌ သိလ, သမာဓိ တရားထူးမရှိပါဘဲ ရှိယောင်ဆောင်၍ ကြည်ညိုခံယူ ကာ လှည့်စားခြင်းမျိုး၊ (၄) အပ္ပိစ္ဆ-အလိုနည်းခြင်း, ရောင့်ရဲခြင်း၊ ရသမျှ နှင့်သာ တင်းတိမ်ကာ သုံးဆောင်ခြင်းမျိုး။

ဣန္ဒိယပါဒ ၄-ပါး။ ။မဟာဝဂ္ဂသံသုတ် ပါဠိတော် ၂၄၂။ ၎င်း ။ဌ။ ၂၈၉ ၌ အကျယ်ရှု။ ကြီးပွား တိုးတက် တန်ခိုးကြီးမှု၏ အခြေခံ တရား ၄-ပါး။ (၁) ဆန္ဒိဒ္ဓိပါဒ-အလို ဆန္ဒတရား၊ (၂) ဝီရိယိဒ္ဓိပါဒ-အား ထုတ် ကြိုးစားမှု၊ (၃) စိတ္တိဒ္ဓိပါဒ-ကြံစည် စိတ်ကူးမှု၊ (၄) ဝီမံသိဒ္ဓိပါဒ-စုံစမ်းဆင်ခြင်မှု။

ဣဒ္ဓိမျိုး ၁၀-ပါး။ ။ပြိုးစိုး အောင်မြင်မှုမျိုး တန်ခိုး ဆယ်ပါး၊ ဝိသုဒ္ဓိမဂ်၌ လာ၏။(၁)အဓိဋ္ဌာနိဒ္ဓိ-မိမိ၏ မူလရုပ်သွင်တူ ဖန်ဆင်းခြင်း၊(၂)ဝိကုဗ္ဗနိဒ္ဓိ-

http://www.dhammadownload.com

မိမိအသွင်စွန့်၍ နဂါး ဂဠုန်ရုပ်စသည် ဖန်ဆင်းခြင်း၊ (၃) မနောမယိဒ္ဓိ-မိမိကိုယ် အဆင်းသဏ္ဌာန်ကို စိတ်အလိုအတိုင်း ပြီးစေခြင်း၊ (၄) ဉာဏဝိပ္ပဂါရိဒ္ဓိ-အနာဂါမ်, ရဟန္တာတို့၏ အရဟတ္တမဂ်ဉာဏ်ကို မရမီ ရွှေအဖို့၊ ရပြီး နောက်အဖို့တို့၌ သူတပါး၏ လုံ့လပယောဂဖြင့် မသေနိုင်ခြင်းမျိုး၊ (၅) သမာဓိဝိပ္ပဂါရိဒ္ဓိ-အနာဂါမ်, ရဟန္တာတို့၏ နိရောဓသမာပတ် ဝင်စား ခိုက် သူတပါး လုံ့လပယောဂဖြင့် မသေနိုင်ခြင်းမျိုး၊ (၆) အရိယိဒ္ဓိ-အရိယာတို့၏ အနိဋ္ဌ စသည့်အာရုံကို ဣဋ္ဌာရုံပြု၍ ရှုနိုင်ခြင်းမျိုး၊ (၇) ကမ္မဝိဒ္ဓိ-ငှက် စသည်တို့၏ ကောင်းကင်၌ ပျံနိုင်ခြင်းမျိုး၊ (၈) ပုညဝတော ဣဒ္ဓိ-စကြာမင်းစသည်တို့၏ မိုးကောင်းကင်၌ စစ်အင်္ဂါလေးပါး နှင့် သွားနိုင်ခြင်းမျိုး၊ (၉) ဝိဇ္ဇာမယိဒ္ဓိ- ဝိဇ္ဇာဓိရ်စသည်တို့၏ မြေလျိုး မိုးပျံ တန်ခိုးဟူသမျှ၊ (၁၀) တတ္ထတတ္ထ သမ္မာပယောဂ ပစ္စယိဒ္ဓိ- ကလာ အတတ် ၆၄-ရပ်နှင့် အဋ္ဌာရသ ဝိဇ္ဇာအတတ်မျိုး ဟူသမျှ။

ဣန္ဒြေ ၆-ပါး၊ တံခါး ၆-ပေါက်။ ။ကောင်းသောအာရုံကိုသွင်း၍ မကောင်းသော အာရုံတို့ကို ပိတ်ဆီးရန် တံခါး ၆-ပေါက်။ (၁) စက္ခုန္ဒြေ-ရူပါရုံ ခေါ် အဆင်း၏ ထွက်ဝင်ရာ "စက္ခုပသာဒ"ခေါ် မျက်စိပေါက်၊ (၂) သောတိန္ဒြေ-သဒ္ဒါရုံ ခေါ် အသံ၏ ထွက်ဝင်ရာ "သောတပသာဒ" ခေါ် နားပေါက်၊ (၃) ဃာနိန္ဒြေ-ဂန္ဓာရုံ ခေါ် အနံ့၏ ထွက်ဝင်ရာ "ဃာနပသာဒ"ခေါ် နှာခေါင်းပေါက်၊ (၄) ဇိဝှိန္ဒြေ-ရသာရုံ ခေါ် ချို, ချဉ်, စပ်,ငန်, ဖန်, ခါး အရသာခြောက်ပါး၏ ထွက်ဝင်ရာ "ဇိဝှါပသာဒ" ခေါ် လျာ၊ သို့မဟုတ် ပစပ်ပေါက်၊ (၅) ကာယိန္ဒြေ-ဖောဋ္ဌဗ္ဗာရုံ ခေါ် အတွေ့အထိခေါ်၏ ထွက်ဝင်ရာ "ကာယပသာဒ"ခေါ် အတွေ့အထိကို သိနိုင်သော အရုပ်ဟူသမျှ ကာယကိုယ်ပေါက်၊ (၆) မနိန္ဒြေ-ဓမ္မာရုံ ခေါ် ပဏ္ဍာဒရုပ် ၅-ခု၊ သုခုမရုပ် ၁၆-ခု၊ စိတ်-၈၉၊စေတသိက် ၅၂၊ နိဗ္ဗာန် ပညတ်တို့၏ ထွက်ဝင်ရာ "မနောဒ္ဓါရ"ခေါ် စိတ်ပေါက်။

ဣရိယာပုထ် ၄-ပါး ဘနည်း ဣရိယာပိုထ် ၄-ပါး။ ။ကိုယ်အမူအရာ ဖြစ်ကြောင်းလေးပါး။ (၁) ဂမန-သွားခြင်း၊ (၂) ဌာန-ရပ်ခြင်း၊ (၃) အာသန-ထိုင်ခြင်း၊ (၄) သယန-လျောင်းခြင်း, အိပ်ခြင်း။

ဣသရနိမ္မာန ဝါဒကြီး ၄-ပါး။ ။ဝင်း၏ သရုပ် အဓိပ္ပါယ် (မြဟ္မာစဉ်ဝါဒ ကြီးလေးပါး) ၌ ကြည့်ပါ။

http://www.dhammadownload.com

ဣဿရိယ ဘုန်းတော်မျိုး ၈ - ပါး။ ။စိတ်ကို အစိုးရတော်မူခြင်း တန်ခိုး၊ အာဏာမာစသော ဘုန်းတော် ၈ - ပါးနှင့် ပြည့်စုံသည်ကို ခေါ်သည်။ (၁) အာဏာမာ - ကိုယ်တော်ကို အနုမြူ သဖွယ် သေးငယ်အောင် ဖန်ဆင်းနိုင်ခြင်း ဘုန်းတော်၊ (၂) လဃိမာ - ပေါ့ပေါ့ပါးပါး ကူးလွှား ပျံသန်းနိုင်အောင် ပြုနိုင်သော ဘုန်းတော်၊ (၃) မဟိမာ - ကိုယ်တော်ကို အလိုရှိသလောက် ကြီးကျယ်အောင် ဖန်ဆင်းနိုင်သော ဘုန်းတော်၊ (၄) ပတ္တိ - ရောက်လိုရာ အရပ်သို့ ချက်ခြင်း ကြွရောက်နိုင်သော ဘုန်းတော်၊ (၅) ပါကမ္မ - အဆင်းသဏ္ဌာန် အသွင်အပြင် အမျိုးမျိုး ဖန်ဆင်းနိုင်သော ဘုန်းတော်၊ (၆) ဣသိတာ - မိမိ စိတ်တော်မှ စ၍ လောက အလုံးကိုပါ ပိုင်ပိုင်နိုင်နိုင် စိုးမိုးအုပ်ချုပ်တော်မူနိုင်သော ဘုန်းတော်၊ (၇) ဝသိတာ - စျာန် သမာပတ် အဘိညာဉ်တို့ကို ခဏခြင်းဝင်စားနိုင်သော ဘုန်းတော်၊ (၈) ယတ္ထ ကာမာ ဝသာယိတာ - အဓိဋ္ဌာန်တော် မူသည့်အတိုင်း မလွန်မကျူး အထူး ပြီးစေနိုင်သော ဘုန်းတော်။

[ဥ]

ဥက္ကောင်းလေမျိုး ၁၂ - ပါး။ ။လည်ပင်းနှင့် ခေါင်းပိုင်းကို အများဆုံး ဒုက္ခပေးတတ်သော လေများ၊ ၎င်း သရုပ် (လေမျိုး ၈၀ - [ဃ] အပိုဒ်၌ ရှုပါလေ။

ဥကြတ် ၃ - ပါး၊ နိမိတ်များ၊ မိန့်ကြား ကျမ်းဗေဒင်။ ။ရှေးဟောင်း စာပေတို့၌ "ဥပ္ပါတ, သဒ္ဒါကို - ဥကြတ်ဟု" ပြန်ဆိုသည်၊ ဥကြတ် ဟူသည် နိမိတ်အထူးပင် ဖြစ်၏၊ ၎င်းသရုပ်ကား (ကိတ် ၃-ပါး) အဖြေနှင့် အတူပင်။

ဇာပျက်မူ ကြောင်း ၆ - ခု။ ။၎င်းသရုပ်ကို " စည်းစိမ်ဥစ္စာ ပျက်စီးကြောင်း တရား ၆ - ပါး" ၌ ကြည့်ပါ။

ဥစ္စာမျိုး ၄ - ပါး။ ။ခုဒ္ဒကပါဋ္ဌ ။၄။ ၁၈,၃။ သုတ္တနိပါတ်။ပါ။ ၂၁၂ ။၄။ အုပ် ၂၅ - ၌ - ဥစ္စာ ၅ - မျိုး ပြဆေးသည်။ လူတိုင်း သတိပြုသင့်သော ဘုရားဟော ဥစ္စာ ၄-မျိုး။

(၁) ဇင်္ဃ ဥစ္စာ-သက်ရှိ, သက်မဲ့, ပြောင်းလွှဲ နိုင်သော ပစ္စည်းဥစ္စာ ဟူသမျှသည် 'ဇင်္ဃ'မည်၏။

http://www.dhammadownload.com

(၂) အင်္သမ ဥစ္စာ- အဋ္ဌာရသသိပ္ပ နှုတ်အတတ် လက်အတတ် ဟူသ မျှသည် မိမိသွားရာ လိုက်ပါသော ကိုယ်အင်္ဂါ အစိတ်အပိုင်း နှင့် တူသောကြောင့် "အင်္သမ"မည်၏။

(၃) နိဓာန ဥစ္စာ- တော့တောင်, ရေ,မြေ, ကျောက်ဆောင်လိုဏ်ဂူ နှင့်တကွ ၎င်းတို့အတွင်း၌ မြှုပ်နှံထားအပ်သော ရတနာရွှေငွေ ဟူသမျှသည် "နိဓာန"မည်၏၊ ထာဝရဥစ္စာမျိုးပင်။

(၄) အနုဂါမိက ဥစ္စာ- ဒါန သီလ ဘာဝနာစသော ကုသိုလ် ကောင်းမှု ဟူသမျှသည် မိမိသွားရာ ဘဝသံသရာသို့ အစဉ်လိုက် ကာ ကောင်းကျိုး ချမ်းသာကိုသာ ပေးလေ့ရှိသောကြောင့် အကောင်းဆုံးအမြတ်ဆုံး အထွတ်အထိပ်ဆုံးသော ဥစ္စာမည်၏။

ဥစ္စာမျိုး ၆-ပါး တနည်း။ ။အဖိန္နာဒါန်ဖြစ်သော ဥစ္စာများ၊ ဝိနည်းပညတ် တော်လာ။ (၁)အနိဿဋ္ဌ ဥစ္စာ - မိမိလက်မှ မစွန့်လွှတ်သေးသော ဥစ္စာ၊ (၂) အပရိစ္စတ္တ ဥစ္စာ - ငဲ့ကွက်စောင့်ရှောက်မှု မရှိသော်လည်း မူလထား မြဲနေရာ၌တည်၍ မစွန့်လွှတ်သေးသော ဥစ္စာ၊ (၃) ရက္ခိတ ဥစ္စာ-အစောင့် အရှောက်ဖြင့် ထားသော ဥစ္စာ၊ (၄) ဂေါပိတ ဥစ္စာ-သေတ္တာ စသည် ဖြင့် လုံခြုံစွာထားသောဥစ္စာ၊ (၅) မမာယိတ ဥစ္စာ-ငါ့ဟာဟု စွဲလမ်း မြတ်နိုး နေသော ဥစ္စာ၊ (၆) ပရပရိဂ္ဂဟိတ ဥစ္စာ - သူတပါးတို့ စောင့် ရှောက်သိမ်းဆည်းထားသော ဥစ္စာ။

ဥစ္စာသယန, မဟာသယန မျိုး အမြား ၂၀။ ။သုတ်သီလကွန်ပါဠိတော် မင်္ဂိမသီလခဏ်း၌ ဘုရားဟောတော်မူသည်ဖြစ်၍ ရှစ်ပါးသီလ သမား များ လိုက်နာရှောင်ကြဉ်ရမည့် မြင့်သောနေရာနှင့် မြတ်သောနေရာ အပြားနှစ်ဆယ် ဟူ၏။ (၁) အာသန္ဒိ- လူတန်းစေ့သူတို့၏ တတောင့် ထွာ ထက်လွန်သော အခြေရှိသည့် ညောင်စောင်း, အင်းပျဉ်, ခုတင် အထူးများ၊ (၂) ပလ္လင်-အခြေ၌ ခြင်္သေ့ သားရဲရုပ်တပ်ကော ပလ္လင်နေ ရာ၊ (၃) ဂေါနက-လက်လေးသစ်ထက် ကျော့လွန်သော မွေးရှည်ကော် ဇောကြီး၊ (၄) စိတ္တက- အရုပ်,ပန်းကွက်တို့ဖြင့် ဆန်းကြယ်စွာ ရက်လုပ် ထားသော သားမွေးခင်း၊ (၅) ပဋိက- သားမွေးဖြင့် ပြုလုပ်အပ်သော ခင်းနှီးဖြူ၊ (၆) ပဋလိက- ပန်းပြောက် ခြယ်သော သားမွေး အခင်း၊ (၇) တူလိက-လဲမျိုး ၃-ပါးဖြင့် သွတ်သွင်းထားသော မွေ့ရာခင်း၊ (၈)

http://www.dhammadownload.com

ဝိကတိက- ခြင်္သေ့, ကျား, သစ် စသော အရုပ်တို့ဖြင့် ဆန်းကြယ်သော သိုးမွေး ခင်းနှီး၊ (၉) ဥဒ္ဓလောမိ-နှစ်ဖက် အမွေးရှိသော သားမွေးခင်းနှီး၊ (၁၀) ကေန္တလောမိ- တဖက်သာ အမွေးရှိသော သားမွေးခင်းနှီး၊ (၁၁) ကဋ္ဌိဿ-ရုတနာ ရွှေငွေတို့ဖြင့် ချုပ်ကပ်လိမ်းကျဲထားသော ပိုးချည် ရက်အင်း၊ (၁၂) ကောသေယျ- ရုတနာ ရွှေချည်, ငွေချည်တို့အကြား၌ ပိုးချည်ဖြင့် ရက်လုပ်ထားသောခင်းနှီး၊ (၁၃) **ကုတ္တက**- က ချေသည်မ ၁၆-ယောက်တို့ က,လောက်သော သားမွေးကော်ဇောကြီးမျိုး၊ (၁၄) ဟတ္ထတ္ထရဏ-ဓကာင်းမြတ်သော ဆင်ကုန်းနှီး၊ (၁၅) အဿတ္ထရဏ-ကောင်းမြတ်သော မြင်းကုန်းနှီး၊ (၁၆) ရထတ္ထရဏ- ရထားဦခင်းသော နူးညံ့အိစက်သည့် ခင်းနှီး၊ (၁၇) အဇိနပ္ပဝေဏိ- ညောင်စောင်းပမာဏ ချုပ်လုပ်ထားသည့် သစ်နက်ရေ အခင်းကြီး၊ (၁၈) ကဒလိမိဂပဝရ ပစ္စတ္ထရဏ- ဝံပိုင့်ရေဖြင့် ပြုလုပ်ထားသည့် မြတ်သောခင်းနှီး၊ (၁၉) သဥတ္တရစ္ဆဒ- နီသော ဗိတာန်မျက်နှာကြက်အောက်ရှိ ယားမွေးခင်းနှီး၊ (၂၀) ဥဘတော လောဟိတကူပဓာန-ခြေအုံးခေါင်းအုံးနှစ်ဖက် တပ်ထားသည့် အခင်းတမျိုး။

ဥဋ္ဌာန သမ္ပဒါမျိုး ၅-ပါး။ ။ပစ္စည်းဥစ္စာတိုးပွားမှု အားထုတ်ရာ၌ အောက်ပါ တရားငါးပါးနှင့် ပြည့်စုံစွာ အားထုတ်ရာဖြေရမည်။ (၁) ဉာဏ သမ္ပတ္တိ- ပြုလုပ်မည့်ကိစ္စ၌ အကျိုးရှိ မရှိကို စိစစ် ဝေဘန်ကာ ဉာဏ်နှင့် ချိန်ရမည်၊ (၂) ဂတိ သမ္ပတ္တိ- ထိုကိစ္စ၌ အနေအထား အသွားအလာ အခင်းအကျင်းတို့ကို အချက်ပိုင်ရမည်၊ (၃) ဥပဓိ သမ္ပတ္တိ-ထိုပစ္စည်း၌ လှုပခိုင်ခံ့ ပြီးလွယ် ခေတ်မှီရေးနှင့် ပြည့်စုံရမည်၊ (၄) ကာလသမ္ပတ္တိ- စောလွန်းခြင်း နောက်ကျခြင်း မရှိစေရဘဲ အချိန်သင့် ဖြစ်စေရမည်၊ (၅) ပယောဂ သမ္ပတ္တိ- မုချအကျိုးရှိရမည်ဟု တခုတည်းသော ဇွဲလုံ့လ ဖြင့် ကြိုးစားအားထုတ်မှု။

ဥဏ္ဏမျိုး ၆-ပါး။ ။ဆေးကျမ်းလာ အပူခေတ်ပေါင်း ဝေါဟာရ။ (၁) ပိတ်ချင်းသီး၊ (၂) ပိတ်ချင်းမြစ်၊ (၃) စရိ၊ (၄) ကန့်ချုပ်နီ၊ (၅) သင်္ဘောချင်းခြောက်၊ (၆) ငရုတ်ကောင်း။

ဥတ္ထရိ မနုဿ ဓမ္မတရား ၃-ပါး။ ။လူတို့၏ ကုသလ ကမ္မပထ တရား ဆယ်ပါးထက် လွန်မြတ်သော- (၁) စျာန်တရား၊ (၂) မဂ်တရား၊ (၃) ဖိုလ်တရားတို့ကို ခေါ်သည်။

http://www.dhammadownload.com

ဥတု ၃-ပါး၊ ယူ၍ဖွား၊ ခေါ်ခြား ဥတေန။ ။ဓမ္မပဒ အဋ္ဌကထာ၌ "**မေဃ ဥတု**ဥ္ဇ ပဗ္ဘတဥတုဥ္ဇ အရဏဥတုဥ္ဇ ဂဟေတွာ ဇာတတ္တာ ပုတ္တာဃ ဥတေ နောတိ နာမ မကာသိ"ဟု မိန့်ဆိုသည်၊ ထို ဥတုသုံးပါးကိုယူ၍ မွေးဖွားသောကြောင့် ဥတေန ခေါ်သည်ဟူ၏။ (၁) မေဃ ဥတု-မိုးသ်၊ ဥတု၊ (၂) ပဗ္ဘတ ဥတု-တောင်ခိုးငွေ့ ဥတု၊ (၃) အရဏ ဥတု-နေရောင်နီပူငွေ့ဥတု။

ဥတု ၃-ပါး။ ။ဝိသုဒ္ဓိမဂ်။ ဒု-အုပ်။ ၂၅၆။ အဖန်ဖန် လှည့်လည်တတ်သော သဘောတရား ၃-ပါး၊ အဂ္ဂညသုတ် အဋ္ဌကထာမှ။ (၁) ဟေမန္တ ဥတု-ဆောင်း ဥတု၊ တန်ဆောင်မုန်း လပြည့်ကျော် ၁-ရက်နေ့မှ တပေါင်း လပြည့်နေ့ အထိ၊ (၂) ဂိမှာန ဥတု- နွေ ဥတု၊ တပေါင်းလပြည့်ကျော် ၁-ရက်နေ့မှ ဝါဆို လပြည့်နေ့ အထိ၊ (၃) ဝဿာန ဥတု-မိုးသ်းဥတု၊ ဝါဆို လပြည့်ကျော် ၁-ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ အထိ။

ဥတု ၆-ပါး။ ။ဝိသုဒ္ဓိမဂ်။ ဒု-အုပ်။ ၂၅၆။ ၎င်းကိုပင် "ရတု ၆-ပါး"ဟု လည်း ခေါ်ဆိုကြသေး၏၊ သရုပ်ကို (ရတု ၆-ပါး)၌ ကြည့်ပါလေ။

ဥဒါန်းမျိုး ၂-ပါး။ ။(၁) မနသာ ဥဒါန်း- "**အနေက ဇာတိ သံသာရံ**" စသော ဥဒါန်းဂါထာမျိုးကို မြတ်စွာဘုရား သဒ္ဓေယျသည် စိတ်တော်ဖြင့် သာ ကျူးရင့်တော်မူသည်၊ (၂) ဝစသာ ဥဒါန်း- မြတ်စွာဘုရားသည် နှုတ်တော်ချေမြွက် အသံတော်ထွက်၍ ကျူးရင့်တော်မူသော "ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ"စသည့် ဥဒါန်းပါဠိတော်လာဒေသနာတော်မျိုး။

ဥဒ္ဓံဘာဂိယ သံယောဇဉ် ၅-ပါး။ ။နဝဂုံတ္တရ ။ပ။ ၂၅၂။ အထက်ပြဟ္မာဘုံ အတွက်ဖြစ်သော သံယောဇဉ် ၅-ပါး။ (၁) ရူပရာဂ သံယောဇဉ်၊ (၂) အရူပရာဂ၊ (၃) မာန၊ (၄) ဥဒ္ဓစ္စ၊ (၅) အဝိဇ္ဇာသံယောဇဉ်။

ဥပက္ကိလေသတရား ၁၀-ပါး။ ။ဝိပဿနာတရား ပွားများအားထုတ်သော ယောဂီသည် ဥဒယ-ဝယဉာဏ် ရင့်ကျက်ပိုင်းသို့ ရောက်သောအခါ ပေါ်တတ် မြင်တတ် စိတ်၌ ထင်မြင်လာတတ်သော မဂ်တု ဖိုလ်တု တရားဆယ်ပါးဟူ၏။

(၁) ဩဘာသ-ထူးကဲလွန်မြတ် ကြည်လင်တောက်ပသော ဝိပဿနာ အလင်းရောင် နှစ်သက်စရာ အာရုံတမျိုးကို မဂ်ဟု ထင်ကတ်ခြင်း။

http://www.dhammadownload.com

(၂) ဉာဏ-ရုပ်နာမ်ခမ္မ၏ ဖြစ်ပျက်မှုတို့ကို ကျကျနန ကြေကြေနပ်နပ် ပိုင်းခြား၍ ထက်မြက်စူးရှကာ တွေ့မြင်ရသော ဉာဏ်အမြင်ကို မဂ်ဟု ထင်တတ်ခြင်း။

(၃) ပီတိ- နှစ်သက်စရာ ပီတိမျိုး ၅-ပါးတို့ ပေါ်၍ ပေါ်၍လာခြင်း ကိုပင် မဂ်ဟု ထင်နေတတ်ခြင်း။

(၄) ပဿဒ္ဓိ- ၁-တနေ့လုံး တည်လုံး ထိုင်နေသော်လည်း ကိုယ်စိတ် တို့ ငြိမ်းချမ်း အေးမြ၍ နေခြင်း၊ ၂-လေးလံ ထိုင်းမှိုင်းခြင်း ကင်း၍ ပေါ့ပါး ဖျတ်လတ်ကာနေခြင်း၊ ၃-ကြမ်းတန်းခက်ထန် ခြင်း ကင်း၍ နူးညံ့ကာနေခြင်း၊ ၄-ညောင်းညာ နာကျင်မှု ကင်း၍ သန့်ရှင်းစင်ကြယ်စွာရှိနေခြင်း၊၅-ခန္ဓာတည်ကြည်၍ နေခြင်း၊ ၆-အာရုံတပါးဆီသို့ ကောက်ကွေ့ သွားသည်မရှိ ပကတိ ဖြောင့်မတ်စွာ ရှိနေခြင်းတို့ကြောင့် သိကြား, နတ်တို့ ခံစားရသော သုခထက် ဆထက်လွန်ကျူး အထူးချမ်းသာမှု ရှိနေခြင်းကိုပင် မဂ်ဟု ထင်တတ်ခြင်း။

(၅) သုခ-ကိုယ်လုံးစိမ့်မျှ ချမ်းသာ၍နေသော သုခတမျိုးကိုပင် မဂ်ဟု ထင်နေတတ်ခြင်း။

(၆) အဓိမောက္ခ- ကိလေသာကင်းကာ ဘုရား တရား သံဃာ၌ အလွန်ကြည်ညို ယုံကြည်၍ လာသော သဒ္ဓါကိုပင် မဂ်ဟု ထင်မှတ်နေတတ်ခြင်း။

(၇) ပဂ္ဂဟ-ဝိပဿနာတရား၌ အထူးကြိုးစား မှတ်သားမှု မပြုရ တော့ပဲ သူ့သဘော သူ့ဆောင်ယူကာ ကောင်းစွာ ချီးပင့်၍ နေသောသမ္မာဝါယာမမဂ္ဂင်ကိုပင်မဂ်ဖိုလ်ဟု ထင်နေတတ်ခြင်း။

(၈) ဥပဋ္ဌာန-ဝိပဿနာနှင့် ယှဉ်သည့် အလွန်ခိုင်မတ်သော သတိ သည် ရုပ် နာမ် ခမ္မတို့၌ မမေ့တော့ပဲ နှလုံးသွင်း ဆင်ခြင် အောက်မေ့တိုင်း ရနေမှုကိုပင် မဂ်ဟု ထင်ကာ နေတတ်ခြင်း။

(၉) ဥပေက္ခာ - ရုပ်နာမ်ခမ္မ သခါရတို့အပေါ်၌ ရှေးကကဲ့သို့ ကြောင့်ကြစိုက်ခြင်း အထောက်အပံ့ အကူအညီ စသည်တို့ မပြုရတော့ပဲ လျစ်လျူပြုကာ သခါရအမှတ်တို့၌ အလွန်အား၍ သော ဥပေက္ခာဉာဏ်ကိုပင် မဂ်ဟု ထင်မှတ်ကာနေခြင်း။

http://www.dhammadownload.com

(၁၀) နိကန္တိ-ဝိပဿနာတရား ပွားများအားထုတ်နေသော ယောဂီသည် ဖေါ်ပြပါ သြဘာသ စသော နှစ်သက်တွယ်တာစရာတို့ဖြင့် ယှဉ်တွဲ ပေါ်ပေါက်၍ လာသော ဝိပဿနာမဂ္ဂ အပေါ်၌ အာသာရမက် စပ်ယှက်ခင်မင်၍နေသော သိမ်မွေ့ငြိမ်သက်သည့် တဏှာနုကိုပင် ပယ်ဖျောက်ခြင်းငှါ မတတ်နိုင်ပဲ မင်ဟု အထင်စွဲနေတတ်ပြန်ခြင်းတို့ ဖြစ်၏၊ အကျယ် ဥပရိ ပဏ္ဏာသ။ပါ။ ၁၉၁ ။၌။ ၁၄၄-ဥပက္ကိလေသသုတ်၌ နှုပါလေ။

ဥပစာ ၁၀-ပါး။ ။တင်စား၍ ခေါ်ဆိုခြင်း ဆယ်ပါးဟူလို။ သံဓဏ္ဍနာ၊ နည်းလေးဆယ်၊ သဒ္ဒါငယ်ကျမ်းတို့မှ။

(၁) ကာရဏာပုစာ- အကြောင်း၏ အမည်ကို အကျိုးဥ် တင်စား၍ ခေါ်ခြင်း၊ ပုံ-မျက်စိဖြင့် အဆင်းကုံမြင်၏၊ ဟူရာဥ် မျက်စိအရ အကြောင်း စက္ခုပသာဒကို ဆိုလျင်, အကျိုး စက္ခုဝိညာဉ်ကို ယူရသည် (ဤကာရဏူပစာကို ဟေတူပစာ ဟူ၍လည်း ခေါ်သည်။)

(၂) ဖလူ ပစာ-အကျိုးအမည်ကိုအကြောင်းဥ် တင်စား၍ခေါ်ခြင်း၊ ပုံ-ထမင်း ချက်၏ ဟူရာဥ် ဆန်ကိုသာချက်သည်ဖြစ်၍ "ထမင်း" အရ အကျိုးကိုဆိုလျင် အကြောင်း ဆန်ကို ယူရသည်။

(၃) သဒိသူ ပစာ-အတူဖြစ်သော ဥပမာအမည်ကို အတူရှိသော ဥပမေယျဥ် တင်စား၍ ခေါ်ခြင်း၊ ပုံ-ငန္ဒား, ငခွေး, ငမျောက် ဟူရာဥ် အတူဥပမာဖြစ်သော နွားစသည်ကို မယူဘဲ ဥပမည်း ဥပမေယျဖြစ်သော "လူ"ကို ယူရာ၏။

(၄) ဌာန္ဟ ပစာ-တည်ရာ ဌာနအမည်ကို တည်တတ်သော ဌာနီဥ် တင်စား၍ ခေါ်ခြင်း၊ ပုံ-ညောင်စောင်း ကြွေးကြော်၏၊ ရန်ကုန်မြို့ ဆိပ်ကြေးတော်ကြီးသည် ယဉ်ကျေးဘွယ်ရာ စာပေပညာ တတ်မြောက် လိမ်မာ၏ ဟူရာဥ် ဌာနဖြစ်သော ညောင်စောင်း, ကျောင်းတို့ကို မယူဘဲ ဌာနီဖြစ်သော လူကို ယူရာ၏။

(၅) ဌာနျူ ပစာ-တည်တတ်သော ဌာနီအမည်ကို တည်ရာဌာနဥ် တင်စား၍ ခေါ်ခြင်း၊ ပုံ-လှံလာခဲ့, သေနတ်လာခဲ့ ဟူ၍ ဌာနီ

http://www.dhammadownload.com

ဖြစ်သော လုံ့သေနတ်တို့ကို ဆိုလျှင် ဌာနဖြစ်သော လူကို ယူရသည်။

(၆) ဂုဏ္ဍ ပစာ-တည်တတ်သော ဌာနီ နိဿိတ ဂုဏ်အမည်ကို တည်ရာဌာန နိဿယ ဂုဏောဠ္ဍ တင်စား၍ ခေါ်ခြင်း၊ (ဂုဏ်ဌာနီ နိဿိတကိုဆိုလျှင် ဂုဏောဌာနနိဿယကိုယူ) ပုံ-ပုဆိုးညို၊ပုဆိုးဖြူ။

(၇) ကေဒေသ္ဍ ပစာ-အပေါင်း ဖြစ်သော ကေဒေသိအမည်ကို အစိတ်ဖြစ်သော ကေဒေသဠ္ဍ တင်စား၍ ခေါ်ခြင်း၊ (အပေါင်းကိုဆိုလျှင် အစိတ်ကိုယူ) ပုံ-ဟိမဝန္တာတောင်ကို မြင်၏၊ သမုဒ္ဒရာကို မြင်၏။

(၈) သမီပ္ပ ပစာ-အနီးရှိသော သမီပိအမည်ကို အနီးဖြစ်သော သမီပဠ္ဍ တင်စား၍ ခေါ်ခြင်း၊ (သမီပိကိုဆိုလျှင် သမီပကိုယူ) ပုံ-ဂင်္ဂါဠ္ဍ ကောက်ပင်စိုက်ပျိုး၏ ဟူရာဠ္ဍ ဂင်္ဂါအနီး ကမ်းနား သမီပ ကိုယူ။

(၉) တဒ္ဓမ္မ္ပ ပစာ-ထင်ရှားရှိသော တဒ္ဓမ္မအမည်ကို ထင်ရှားမရှိသော အတဒ္ဓမ္မဠ္ဍ တင်စား၍ ခေါ်ခြင်း၊ (ထင်ရှားရှိသည်ကို ဆိုလျှင် ထင်မှားမရှိသည်ကို ယူ) ပုံ-မိန်းမ မြို့မသားသည် ယုန်ချိုထေး ကို ထမ်း၍ ကောင်းကင်ပန်းကို ပန်ဆင်လျက် ထွက်သွား၏။

(၁၀) ဘေဒ္ဓ ပစာ-မကွဲပြားဘဲလျက် ကွဲပြားသကဲ့သို့ ခေါ်ခြင်း၊ ပုံ-ငါ၏ ကိုယ် ဟူရာဠ္ဍ ငါလည်း ခန္ဓာငါးပါး၊ ကိုယ်လည်း ခန္ဓာငါးပါးပင် ဤသို့ ငါနှင့် ကိုယ်သည် ထူးခြားကွဲပြားခြင်း မရှိသော်လည်း သူတပါးတို့ကိုယ်ကို နစ်ပယ်ရခြင်း အကျိုးရှိ၍ ကွဲပြားသကဲ့သို့ ဆိုသည်။

ဥပဒ်အိမ်ကြီး ၃-ပါး။ ။ပေဒင်ကျမ်းအလို ဘေးဥပဒ် ဖြစ်စေတတ်သော အိမ်ကြီး သုံးပါးကိုဆိုသည်။ (၁) အာရီအိမ်၊ (၂) ဗျယအိမ်၊ (၃) မရဏအိမ်

ဥပဒ္ဓဝေါ ၁၆-ပါး။ ။ကပ်၍ ဖျက်ဆီးသတ်ဖြတ် နှိပ်စက် ပူပန်စေတတ်သော ဘေးရန် ၁၆-ပါး ဟူလို။ (ဥပဂန္ဆာ ဒုနောတိတိ ဥပဒ္ဒဝေါ့ဥပဂန္ဆာ

http://www.dhammadownload.com

ဒဝတိ ပိဋ္ဌေတီတိ ဝါ ဥပဒေါ) ဟု အဘိဓာန်ဋီကာဆရာ မိန့်ဆိုထား လေပြီ၊ ၎င်း ၁၆-ပါးကို မဟာနိဒ္ဒေသပါဠိတော်၌ ဟောတော်မူသည်။ (၁) ရေရွတ် ဆဲရေးခံရခြင်း၊ (၂) လက်ထိတ် ခြေထိတ် ထိတ်ပင်းတံခါး ဖြင့် နှောင်ဖွဲ့ခံရခြင်း၊ (၃) ကြိုးလက်ပြန် နှောင်ဖွဲ့ အချည်ခံရခြင်း၊ (၄) သံခြေကျဉ်းဖြင့် နှောင်ဖွဲ့ခံရခြင်း၊ (၅) ကြိမ်ဖြင့် နှောင်ဖွဲ့ခံရခြင်း၊ (၆) နွယ်ဖြင့် နှောင်ဖွဲ့ခံရခြင်း၊ (၇) တိုက်သွင်းလှောင်၍ နှောင်ဖွဲ့ခံရခြင်း၊ (၈) ဆူးသံကြိုး အရုံအဆီးဖြင့် နှောင်ဖွဲ့ခံရခြင်း၊ (၉) ရွာဖြင့် နှောင်ဖွဲ့ခံရခြင်း၊ (၁၀) နိဂုံးဖြင့် နှောင်ဖွဲ့ခံရခြင်း၊ (၁၁) မြို့ဖြင့် နှောင်ဖွဲ့ခံရခြင်း၊ (၁၂) တိုင်းနိုင်ငံဖြင့် နှောင်ဖွဲ့ခံရခြင်း၊ (၁၃) ဇနပုဒ်ဖြင့် နှောင်ဖွဲ့ခံရခြင်း၊ (၁၄) ဤအရပ်မှ မသွားမလာ မရွှေ့မပြောင်းရဟု အမိန့် အာဏာထား ခံရခြင်း၊ (၁၅) ဥစ္စာကို သိမ်းဆောင် ယူငင်ခံရခြင်း၊ (၁၆) ရေရွတ် ဆဲရေးခြင်းစသော အကြောင်းတို့ကြောင့် ဆင်းရဲခြင်း၊ စိတ်နှလုံး မသာယာခြင်းကို ခံစားရခြင်း။

ဥပဒ္ဒဝေါ ၁၆-ပါး တနည်း။ ။(၁) ပဋိသန္ဓေနေရခြင်း၊ (၂) အိုရခြင်း၊ (၃) နာရခြင်း၊ (၄) သေရခြင်း၊ (၅) မင်းဆိုးတို့၏ ဘေးဆိုးဖြစ်ခြင်း၊ (၆) မီးဘေးသင့်ခြင်း၊ (၇) ခိုးသူဘေးသင့်ခြင်း၊ (၈) ရေကြီးဘေး သင့်ခြင်း၊ (၉) မျောဘေး သင့်ခြင်း၊ (၁၀) လှိုင်းတံပိုးဘေးသင့်ခြင်း၊ (၁၁) လပိုင် ငါးရဲဘေးသင့်ခြင်း၊ (၁၂) မိကျောင်းဘေး သင့်ခြင်း၊ (၁၃) မိမိကိုယ်ကြောင့်ဖြစ်သော ကဲ့ရဲ့ခြင်း၊ (၁၄) သူတပါးကြောင့် ဖြစ်သော ကဲ့ရဲ့ခြင်း၊ (၁၅) ဒဏ်သင့်ခြင်း၊ (၁၆) အပါယ်သို့ ကျရောက်ခြင်း၊ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာမှ ယူသည်။

ဥပဓိတရား ၄-ပါး။ ။မူလပဏ္ဏာသ အဋ္ဌကထာ။ဒု-အုပ် ၁၈။ လောကီဘူမာ သံသရာသို့ ဒဆောင်ပို့ယှဉ်မှီစေတတ်သော တရား ၄-ပါး ဟူ၏။ (၁) ကာမုပဓိ-ကာမ တရားစု၊ (၂) ခန္ဓုပဓိ-ခန္ဓာ တရားစု၊ (၃) ကိလေသုပဓိ-ကိလေသာ တရားစု၊ (၄) အဘိသင်္ခါရုပဓိ- အသစ်အသစ် ထပ်မံ ပြုပြင်စီရင်မှု သင်္ခါရဘာရာစု။

ဥပမာမျိုး ၃-ပါး။ ။နှိုင်းယှဉ်ခြင်းမျိုး ၃ ပါး ဟူ၏။ (၁) သဒိသူပမာ-တူမျှသော ဥပမာ၊ (၂) ဝိသဒိ သူပမာ-မတူမမျှသော ဥပမာ၊ (၃) ကေဒေ ဘူပမာ-တစိတ်တဒေသ တူသော ဥပမာ။

http://www.dhammadownload.com

ဥပသမ္ပဒါမျိုး ဂ-ပါး။ ။ဝိနည်းပါဠိတော်က ။ပါ။ ၂၀။ ၎င်း ။ဋ္ဌ။ ပ-အုပ်။ ၂၀၆။ သရုပ်ကို (ရဟန်းအပြား မျိုး ဂ-ပါး)၌ အကျယ်ရှု။

ဥပါဒါန်မျိုး ၄-ပါး။ ။ပြင်းစွာ စွဲလမ်းတတ်သော တရား ၄-ပါး။ (၁) ကာမုပါဒါန်- ကာမဂုဏ်ကို စွဲလမ်းတတ်သော လောဘ တရား၊ (၂) ဒိဋ္ဌုပါဒါန်-မှားသောမြင်ခြင်းဖြင့် စွဲလမ်းတတ်သော ဒိဋ္ဌိတရား၊ (၃) သီလဗ္ဗတုပါဒါန်-နွားတို့အလေ့အကျင့်ဖြင့် သံသရာမှ စင်ကြယ်၏ဟု စွဲလမ်းတတ်သော ဒိဋ္ဌိတရား၊ (၄) အတ္တဝါဒုပါဒါန်-မိမိ၏ အယူဝါဒသာ မှန်၏ဟု အယူမှန်းကို စွဲလမ်းတတ်သော ဒိဋ္ဌိတရား။

ဣယ်မျိုး ၄-ပါး။ ။ရန်အောင်ကြောင်း နိမိတ်တမည် ပရိယာယ်မျိုး ၄-ပါး။ (၁) ဘေဒဥပါယ်-ရန်သူကို ဖောက်ခဲ့နိုင်ခြင်း, ရန်သူ၏အဖွဲ့အစည်း အသင်းအပင်း အစုအရုံးကို ပျက်စေခြင်း, ဂုံးတိုက်ခြင်း, (၂) ဒဏ္ဍဥပါယ်-နိုင်ထက်ကလူးသာဏာဒဏ် ပြုမူ ထားတတ်ခြင်း၊ (၃) သာမ ဥပါယ်-အသင်းအပင်း အစည်းအဝေး ဖွဲ့၍ ညီညွတ်စွာ ပြုခြင်း၊ ပါတီ အင်အား ကြီးပွားအောင် လုပ်ခြင်း, ဝါဒဖြန့်ခြင်း၊ (၄) ဒါန ဥပါယ်-ကျေးကျွန် သင်းပင်းတို့အား စားနပ်ရိက္ခာ မျိုးစေ့မျှားကို မှန်ကန်စွာပေးခြင်း, မြတ်သော အလှူခံပုဂ္ဂိုလ်တို့အား လှူဒါန်း ထောက်ပံ့ခြင်း, နိုင်ငံခြားသား မင်းတပါးတို့အား တန်စိုးလက်ဆောင် သမီးကညာစသည်- ဆက်သ ပေးကမ်းခြင်း။

ဥပါယ်မျိုး ငါးပါး တနည်း။ ။ဇနက ဇာတ်တော်လာဖြစ်သည်။ (၁) ဇပွ-မိမိ၏ အားစွမ်းလုံ့လဖြင့် ပြုလုပ်ခြင်း၊ (၂) မန္တ-ပညာရှိတို့နှင့် တိုင်ပင် ဆွေးနွေးခြင်း၊ (၃) သုဘာသိတ-သာယာချေငံစွာ ကျေနပ်ဘွယ် ပြောဆို ခြင်း၊ (၄) ပဝေဏီ-မျိုးနွယ်စဉ်ဆက်တို့၏ ဂုဏ်သိရှိ ဥစ္စာကို ဖော်ပြခြင်း၊ (၅) အနုပ္ပဒါန-ပစ္စည်းဥစ္စာ လက်ဆောင်ပဏ္ဏာပေးခြင်း။

ဥပါသကာ အင်္ဂါ ၅-ပါး။ ။ဥပါသကာသည် ၎င်းအင်္ဂါ ၅ ပါး ၇-ပါးနှင့် ပြည့်စုံရမည်။ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တတ်သော ဒါယကာ ယောကျ်ား, မိန်းမကို ဥပါသကာခေါ်သည်။ (၁) ရတနာသုံးပါး, ကံ, ကံ၏အကျိုးကိုသာ ယုံကြည်ခြင်း၊ (၂) ငါးပါး, ရှစ်ပါး, ဆယ်ပါး စသော အကျင့်သီလနှင့် ပြည့်စုံခြင်း၊ (၃) ကာမဂုဏ်နှင့်စပ်သော အာရုံ

http://www.dhammadownload.com

ခေါ် မြင့်, ကြား, နံ့, တွေထိမှုတို့ကို စွဲသိ၍ လောကမင်္ဂလာ အယူကို မစွဲမယူခြင်း၊ (၄) မြင့်, ကြား, နံ့, တွေထိသော မင်္ဂလာမှုကို မယုံကြည်မှု၍ အကြောင်းဖြစ်သော ကံတရားကိုသာ ယုံကြည်ခြင်း၊ (၅) ဗုဒ္ဓဘုရား၏ အဆုံးအမခေါ် သာသနာတော် အတွင်း၌သာ ကုသိုလ်ကောင်းမှုကို ပြုလုပ်ရှာမှီးခြင်း။

ဥပါသကာ အင်္ဂါ ၇-ပါး တနည်း။ ။အကျယ်လိုမူ သတ္တဂုံတွဲရ ပါဠိတော်မှာယူ။ (၁) မြတ်စွာဘုရား၏ တပည့်သား သံဃာတော် အရှင်မြတ်တို့အား ဖူးမြင်ခြင်းမှ မယုတ်လျော့ခြင်း၊ (၂) သူတော်ကောင်းတို့ ဟောကြားညွှန်ပြ ဆုံဆုံးမသော တရားစကားကို နာယူခြင်း၌ မမေ့လျော့ခြင်း၊ (၃) ငါးပါး သီလကို ခါးဝတ် ပုဆိုးကဲ့သို့ မြဲစေလျက် ရှစ်ပါး ဆယ်ပါးစသော သီလများကိုလည်း ရံခါ စောင့်ရှောက် ဆောက်တည်ခြင်း၊ (၄) အတုမရှိသော မြတ်စွာဘုရားသခင်၏ သာသနာတော်ထဲမ်း ရဟန်းသာမဏေ စသည်တို့၌သာ အကြည်ညိုမျှားခြင်း၊ (၅) မချုတ်မချယ် လွတ်လွတ်ကျတ်ကျတ် တရားတော်ကို နာယူကျင့်ကြံခြင်း၊ (၆) ဗုဒ္ဓ၏ သာသနာတော်မှတပါး အခြားသာသနာ၌ အလှူခံပုဂ္ဂိုလ်ကို မရှာခြင်း၊ (၇) မြတ်စွာဘုရား၏ တပည့်သားတို့အားသာ ရွှေဦးစွာ ပေးလှူလေ့ရှိခြင်း။

ဥပါသကာတို့ မရောင်းအပ်သော ကုန်မျိုး ၅-ပါး။ ။ (၁) အာဝုဓဝါဏိဇ္ဇ-ထား, လုံ, သေနတ်, အမြောက်, စိန်ပြောင်း စသည့် ပါးစာတိပါတလက်နက်မျိုး၊ (၂) သတ္တ-လူနှင့် အသားသတ်စားရန် မွေးမြူရေးသတ္တဝါမျိုး၊ (၃) မံသ-ဆား, ငါး, ကြက်, ဝက် စသည့် အသားစိမ်းခြောက်၊ (၄) မဇ္ဇ-မူးယစ်စေတတ်သော သေစာမျိုး ဟူသမျှ၊ (၅) ဝိသဝါဏိဇ္ဇ-သတ္တဝါတို့ကို သေစေတတ်သော အဆိပ်မျိုးဟူသမျှ။ ပဋ္ဌဂုံတွရ ဝါဏိဇ္ဇသုတ် ။ပါ။ ၁၈၃။ ၌- ၆၂။ သုတ် သီလက္ခန် ။ပါ။ ၈၀။ ၌။ ၂၁၉- စွဲ၌ အကျယ်ရှုပါ။

ဥပါသကာ ဂုဏ် ၁၀-ပါး။ ။ဥပါသကာ, ဥပါသိကာတို့ ယူစရာ ဂုဏ်များ။ (၁) သံဃာများနှင့် ခုမ်းသာဆင်းရဲ မကွဲမပြား တရားကို စောင့်ရှောက်ကြီးမှူးခြင်း၊ (၂) အကုသလ ဇုစရိတ ဓမ္မတို့ကို ရှောင်ရှားခြင်း၊ (၃) ဗုဒ္ဓသာသနာတော်ကို ယွန်းကား ကြီးပွားစေခြင်း၊ (၄) ဒိဋ္ဌဇုကမ္မ ခေ

http://www.dhammadownload.com

အယူကို ဖြောင့်မှန်စေခြင်း၊ (၅) အင်း, အိုင်, မန္တရား, နတ်, စုန်းစသော လောကီလုပ်ငန်းများကို မယုံကြည် မကိုးစားခြင်း၊ (၆) တပါးဘုရားကို မကိုးကွယ်ရန် ကြောင့်ကြတခု မပြုတော့ခြင်း၊ (၇) ကိုယ်, နှုတ် ၂-ပါးကို စောင့်ရှောက် လုံခြုံစေခြင်း၊ (၈) ငြူစူခြင်း ဣဿာမှ ကင်းခြင်း၊ (၉) မစဉ်းလဲ မကောက်ကျစ်ခြင်း၊ (၁၀) ရတနာ သုံးရပ်ကို မပြတ် ဆည်းကပ်ခြင်း။

ဥပုသ်အပြား ၃-ပါး။ ။တိကင်္ခံတ္တရပါဠိတော် - ၂၀၆ ။ဌ။ ၁၉၃။ ဥပေါသထသုတ်။ လူများ ဆောက်တည်ကြသည့် ဥပုသ် အပြား သုံးပါး။ (၁) နိဂဏ္ဌ ဥပုသ် - တိတ္ထိတို့ စောင့်သော ဥပုသ်မျိုး၊ ပုံ- မိုင်တရာအတွင်း၌ ရှိသော သတ္တဝါကိုသာ သတ်ပါမည် စသည်ဖြင့် သိက္ခာပုဒ်ကို ဆောက်တည်၏၊ အပြစ်ရှိသည်။ (၂) ဂေါပါလ ဥပုသ် - သီလ ဥပုသ် ခံယူပြီး ရတနာသုံးပါး၏ ဂုဏ်တော် ကျေးဇူးတော်များကို မအောက်မေ့ မပွားများ ဝတ်ရေးစားမှု အစုစုတို့ကိုသာ ကြံစည်အောက်မေ့နေသော ဥပုသ်မျိုး၊ နည်းသောအကျိုးရှိ၏။ (၃) အရိယာ ဥပုသ်- ဥပုသ်ဆောက်တည်ပြီးလျှင် အနိစ္စ ဒုက္ခ အနတ္တ အသုဘတရားတို့ကို ဆင်ခြင်စဉ်းစားခြင်း၊ ရတနာသုံးပါး၏ ဂုဏ်တော် တရားတော်တို့ကို အောက်မေ့ပွားများခြင်း၊ များမြတ်သော အကျိုးရှိ၏။

ဥပုသ်အပြား ၆-ပါး တနည်း။ ။အရိယာဥပုသ် သို့မဟုတ် ကောင်းမြတ်ဖြူစင်သော ဥပုသ်မျိုး ခြောက်ပါး။ (၁) ဗြဟ္မပေါသထ - ဘုရားရှင်၏ ဂုဏ်တော်များကို ဆင်ခြင်စောင့်သုံးသော ဥပုသ်၊ (၂) ဓမ္မပေါသထ- တရားတော်၏ ဂုဏ်တော်များကို (လ) ဥပုသ်၊ (၃) သံဃပေါသထ- သံဃာတော်၏ ဂုဏ်တော်များကို (လ) ဥပုသ်၊ (၄) သီလပေါသထ-မိမိ စောင့်သုံးသော သီလ၏ ဂုဏ်များကို (လ) ဥပုသ်၊ (၅) ဒေဝပေါသထ- နတ်တို့ကို သက်သေပုံထား၍ မိမိစောင့်သော သီလ၏ ဂုဏ်များကို (လ) ဥပုသ်၊ (၆) အဋ္ဌိကပေါသထ - သူ့အသက်သတ်ခြင်း စသော ဒုဿီလ အကျင့်များမှ ရှောင်ရှား၍ ရှစ်ပါးသီလကို ရှိသေစွာ စောင့်သုံးမှုမျိုး။

ဥပုသ် ၉-ပါး။ ။ရဟန်းတော်များနှင့် ဆိုင်သော ဥပုသ်ကိုးပါး ဟူလို။ (၁) စတုဒ္ဒသီ ဥပုသ်၊ (၂)ပန္နရသီ ဥပုသ်၊ (၃)သာမဂ္ဂီ ဥပုသ်၊ (၄)သံဃ

http://www.dhammadownload.com

ဥပုသ်၊ (၅) ဂဏ ဥပုသ်၊ (၆) ပဂ္ဂလ ဥပုသ်၊ (၇) သုတ္တုဒ္ဒေသ ဥပုသ်၊ (၈) ပါရိသုဒ္ဓိ ဥပုသ်၊ (၉) အဓိဋ္ဌာန် ဥပုသ်။

ဥပုသ်စောင့်နည်း ၄-မျိုး။ ။လူတို့ ဥပုသ်စောင့်သည့် နေ့, လ, နှစ်များ၊ စတုက္ကနိပါတ် အင်္ဂုတ္တရပါဠိတော်။ (၁) ပကတိ ဥပုသ် ဂ-ရက်, လပြည့်, လကွယ် ဥပုသ်မျိုး၊ (၂) ပတိ ဇာဂရ ဥပုသ်-အကြို အပို စောင့်သော ဥပုသ်မျိုး၊ (၃) အဓိဋ္ဌာန် ဥပုသ်-ရက်, လ, နှစ် ပိုင်းခြားဆောက်တည်သော ဥပုသ်၊ (၄) ပါဠိဟာရိယ ဥပုသ်-အထွက် တရက်နေ့၌ စောင့်သော ဥပုသ်။

ဥပုသ်သည်များ၊ ရှောင်ကြဉ်စား၊ ၄-ပါး ကာလိက။ ။ ၎င်းသရုပ်ကို (ကာလိက ၄-ပါး) ၌ ရှုပါကုန်။

ဥပေက္ခာမျိုး ၁၀-ပါး။ ။ ၎င်းအကျယ်ကို အဋ္ဌသာလိနီ အဋ္ဌကထာနှင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့၌ ရှုပါ။

(၁) ဆဋ္ဌုပေက္ခာ-ကောင်းအာရုံ ဆိုးအာရုံ ခြောက်ပါးတို့ ထင်လာသောအခါ၌ သာယာခြင်းတဏှာ၊နှလုံးမသာယာခြင်းဒေါသတို့ မရှိရအောင် သတိသမ္ပဇဉ်အမြဲယှဉ်၍ ရှုခြင်းမျိုး ဒုခြောက်ပါး ကို ဆိုသည်။

(၂) ဗြဟ္မဝိဟာရုပေက္ခာ- သဗ္ဗေ သတ္တာ ကမ္မဿကာ သတ္တဝါတို့ ချမ်းသာဆင်းရဲဟူသည် သူတို့၏ ကံအတိုင်းပဲဟု လျစ်လျူရှုကာ နေခြင်းကို ဆိုသည်။

(၃) ဈာနုပေက္ခာ- မင်္ဂ၏ အင်္ဂါအစိတ်အပိုင်းသို့ရောက်လာသော ဗောဇ္ဈင်္ဂတရားတို့သည် အလွန် အလျော့မရှိ ပိုလွန်ခြင်း ယုတ်လျော့ခြင်း မရှိဘဲ အညီအမျှသာ ဖြစ်ပေါ်လာခြင်းမျိုးကို ခေါ်ဆိုသည်။

(၄) ဝီရိယုပေက္ခာ- မင်္ဂဖိုလ်ရရေး အားထုတ်ပေးရာ၌ အပို အလို မရှိရအောင် ညီမျှစွာဖြစ်သော ဝီရိယကို ဆိုသည်။

(၅) သခါရုပေက္ခာ- စျာန်မင်္ဂဖိုလ်တရားတို့ကို ရရှိရန်အားထုတ်သော အခါ ပဋ္ဌမစျာန်သမာဓိ၊ သို့မဟုတ် ဝိပဿနာဉာဏ် ရင့်သန်လာ

http://www.dhammadownload.com

သောအခါ နိဝရဏစသော သခ်ါရတရားတို့ကို အထူးဂရုစိုက်ကာ ပယ်ရှားမှု မပြုရတော့ပဲ လျစ်လျူရှုခြင်းသဘောကို ဆိုသည်။

(၆) ဝေဒနုပေက္ခာ- ကောင်းအာရုံ မကောင်းအာရုံတို့နှင့် တွေ့ကြုံသောအခါ ချမ်းသာခြင်းနှင့် ဆင်းရဲခြင်းတို့အကြား ဒုလတ် စားဖြစ်သော အနေအားဖြင့် ခံစားခြင်းကို ဆိုသည်။

(၇) ဝိပဿနုပေက္ခာ- ရုပ်နာမ် ခန္ဓာစသော တရားစုတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ မြင်လာအောင် ထူးသောဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်ရာ၌ အဟောင်းပျက် အသစ်အစားထိုးလာပုံတို့ကို ငြိမ်သက်စွာ လျစ်လျူရှုကာ သုံးသပ် ဆင်ခြင်ခြင်းကို ဆိုသည်။

(၈) တတြမဇ္ဈတ္တုပေက္ခာ- သဟဇာတ အတူတကွ ဖြစ်နေကြသည့် တရားစုတို့၌ ညီညွတ်အောင် အားထုတ်မနေရတော့ပဲ လျစ်လျူရှုခြင်းသဘောကို ဆိုသည်။

(၉) စျာနုပေက္ခာ-မိမိရရှိခံစားရမည့် စျာန်ချမ်းသာကိုပင် ချမ်းသာမှုသို့ မကျရောက်စေပဲ လျစ်လျူရှုခြင်းကို ဆိုသည်။

(၁၀) ပါရိသုဒ္ဓုပေက္ခာ- ဆန့်ကျင်ဘက်ဖြစ်သော နိဝရဏမွှတို့မှ သန့်စင်နေပြီဖြစ်၍ ထိုတရားဆိုးတို့ မဖြစ်စေရအောင် ကြောင့်ကြမှု မပြုရတော့သည်ကို ဆိုသည်။

ဥဘတောဗျဉ်းမျိုး ၂-ပါး။ ။လူ တကိုယ်တည်း၌ မိန်းမ အင်္ဂါဇာတ်, ယောကျ်ားအင်္ဂါဇာတ် ၂-မျိုးစုံ ပါသူကို "ဥဘတောဗျဉ်း" ခေါ်၏၊ အကျယ် ဝိနည်းပါဠိတော်အဋ္ဌကထာ၌ ရှုလေ။ (၁) ယောကျ်ား ဥဘတောဗျဉ်း-ယောကျ်ားရုပ်ပုံ သဏ္ဌာန်ရှိ၍ လိင် ၂-ခု ပါသည်၊ ကာမကိစ္စ၌ ယောကျ်ားအဖြစ်နှင့်လည်း ပြုနိုင်သည်၊ ရဲခါ မိန်းမအဖြစ်နှင့်လည်း ခံယူနိုင်သည်၊ သန္ဓေကို ပေးနိုင်၏၊ မိန်းမသဘောဖြင့် ခံယူသောအခါ သန္ဓေကို မယူနိုင်ခေ့၊ (၂) မိန်းမ ဥဘတောဗျဉ်း- မိန်းမရုပ်ပုံ သဏ္ဌာန်ရှိ၍ မေထုန်မှု၌ မိန်းမကဲ့သို့လည်း ခံယူနိုင်လျက် ပဋိသန္ဓေကိုပါ ယူနိုင်သည်၊ ရဲခါ ယောကျ်ားကဲ့သို့လည်း သွားနိုင်၏၊ သို့သော် သန္ဓေကိုကာ မပေးနိုင်ခေ့။

http://www.dhammadownload.com

ဥမျိုး ၅-ပါး၊ ထိုဌက်များ၊ ခွဲခြားဖြေဆိုပါ။ ။နာမည်၏ အစ၌ ဥ,ပါသော ဌက်များကို ဆိုသည်။ (၁) ဥဒေါင်း၊ (၂) ဥဗျိုင်း၊ (၃) ဥချိုး၊ (၄) ဥပုတ်၊ (၅) ဥဩ။

ဥယျာဉ်တော်ကြီး ၄-ပါး။ ။တာဝတိံသာနတ်ပြည်၌ ရှိသော ဥယျာဉ်တော်လေးပါး ဟူလို။ အကျယ်ကို ဇနာလင်္ကာရဋီကာ၌ ရှုလေ။ (၁) နန္ဒဝန် ဥယျာဉ်-အယုဇ္ဈပူရမြို့တော်ကြီး၏ မြောက်မျက်နှာ ယူဇနာ ၂၀-ကွာသော အရပ်မှာ ရှိ၏၊ နန္ဒာမည်သော ကန်ကြီးလည်း ၎င်းဥယျာဉ်အတွင်း မှာပင် ရှိ၏။ (၂) ဖာရုသက ဥယျာဉ်-တောင်မျက်နှာ ယူဇနာ ၎ါးဆယ် ကွာသော အရပ်၌ရှိ၏၊ (၃) စိတ္တလတာ ဥယျာဉ်-အရှေ့မျက်နှာ ယူဇနာ ၂၀-ကွာသော အရပ်မှာ ရှိ၏၊ ထိုဥယျာဉ်အတွင်း၌ စိတ္တမည်သော ရေကန်ကြီးလည်း ရှိ၏၊ အာသာဝတီမည်သော နွယ်တို့သည်လည်း ရှိကုန်၏၊ (၄) မိဿက ဥယျာဉ်-အနောက်မျက်နှာ ယူဇနာ ၂၀-ကွာသော အရပ်၌ ရှိ၏၊ ထိုဥယျာဉ်ကြီးကား မွေ့လျော်ဘွယ်ရာ အမျိုးမျိုးတို့ဖြင့် ရောထွေးသာယာလျက်ရှိ၏။

ဥဿဒငရဲငယ်၊ လေး, ငါး,ဆယ်၊ အဘယ် အဘယ်နည်း? ။ထိုငရဲမျိုးကို ငရဲငယ်များဟု ခေါ်ကြ၏။ ၄-ပါး၊ ၅-ပါး၊ ၁၀-ပါးဟု အမျိုးမျိုးရှိသည်၊ အကျယ်ကို (ငရဲငယ်)ဟူသော ဝေါဟာရမှာ ပြမည်။

ဥဿဘယားမျိုး ၅-ပါး။ ။ဂင်း ဥဿဘယား ကျောက်မျိုး ငါးပါးကို မဏိသျတ္ထရ ကျမ်းရင်း လင်္ကာအတိုင်း ဟန်ဖိုးနှင့် တကွ သရုပ်ကိုပါ ပြအံ့။ (၁) ဇမ္ဗုနာ ဥဿဘယား-မျက် ဥဿဘယား၊အနွယ်ပြားသည်၊ ငါးပါး၌မှာ၊ ဇမ္ဗုနာကား၊ ဆင်းဝါနွားနို့၊ ပြာညို့ညို့တည့်၊ နှစ်လို့လျောက်ပတ်၊ ရွှေတက္ကပ်ထက်၊ တင်လတ်လောက်ပေ၊ ဘိုးထိုက်ရွှေကား၊ ငါးကျပ်သူး၏၊ (၂) ယုတ္တာ ဥဿဘယား-ထူးခြားယုတ္တာ၊ ကျောက်ဆင်းမှာကား၊ မုန်စွာကျစ်လစ်၊ နွားနို့သစ်သို့၊ ရွှေစစ်ကျပ်ပေါ်၊ တင်လောက်သော်မူ၊ ထိုက်လျော်ရွှေနှီ၊ တကျပ်ညီ၏၊ (၃)ဖလာ ဥဿဘယား-ကျောက်ရှင်ဖလားယက္ခကာကား၊ပြာပြာရှိထွေ၊တကျပ်ရွှေထက်၊ ဂျင်ပေလောက်ငြား၊ အဘိုးအားမူ၊ ဗွေသားနှစ်ကျပ်၊ သင့်ဆုံးဖြတ်လော့၊ (၄) ဘသွာ ဥဿဘယား-တရုပ် ဆသွာ၊ ရုပ်ဝါဆန်းထူး၊ ထင်းရှူးအဆင်း၊ တကျပ်တွင်းဝယ်၊ ထည့်သွင်းလောက်တန်၊ ဘိုးထိုက်ဟန်ကား၊

http://www.dhammadownload.com

အမှန်ရွေလား၊ မထူးခြားတည်း၊ (၅) ခတ္တိယာ ဥဿဘယား-တွင်ငြား ခတ္တိယာ၊ စိမ်းပြာညိုရောင်၊ ငှက်ခါးတောင်သို့၊ အခေါင်ရွေစင်၊ တကျပ် တွင်၌၊ ထားတင်လောက်လှ၊ သုဝဏ္ဏဟု၊ အဂ္ဂမှန်ရွေ၊ ခြောက်ကျပ်နေ သည်၊ လူ့ပြည် စံတု မကင်းတည်း။

ဥသျှောင် ၇-မျိုး၊ ဖွဲ့ထုံးရှိုး၊ မင်းစိုး လှကညာ။ ။မင်းခမ်းဝင် ဆံထုံးတော် ၇-မျိုးကိုပင် ဥသျှောင် ၇-မျိုး ခေါ်သည်။ (၁) မြိတ်ဖြူ၊ (၂) မြိတ်စို့၊ (၃) မြိတ်လွတ်၊ (၄) စုလည်း၊ (၅) ယင်၊ (၆) လုံးတင်၊ (၇) မြိတ်ရစ်။

ဥဓသျှောင်ထုံးငြား၊ ငါးဆယ့်ငါး၊ မျိုးပြားအဘယ်နည်း? ။ ။ဂင်းသရုပ်ကို နန်းတွင်းစာဆိုတော် 'ရဝေရှင်ထွေး'၏ ဆံပင်ဖွဲ့ထုံးနည်း ၅၅-မျိုးကို စပ်ဆို ထားသော 'အန်ချင်း'ဖြင့် ထုတ်ဖေါ်လိုက်အံ့။

အစောတို့လေ၊ ရတနာတွေ၊ ရွှေမိုးစွေ၍၊ သပြေမည်ခံ၊ ပြည်ပုဂံ ဝယ်၊ နိုင်ငံကျယ်ပြော၊ ရှေးမင်းစောတို့၊ မုနောဇမွှာ။ စံတော်မူက၊ (၁) မြိတ်ဖြူ၊ (၂) မြိတ်စို့၊ (၃) သွယ်ညို့မြိတ်လွတ်၊ (၄) ရစ်ပတ် စုလည်း၊ (၅) ရောဒ္ဓရည်းထုံးဖွဲ့၊ (၆) တုမဲ့ရွှေရောင်၊ တိမ်တောင်တန်း သဏ္ဌာ၊ (၇) လျှပ်စစ် ပြက်သို့၊ (၈) စဝုက်ရောင်ပြေး၊ (၉) နှင်းသွေး မစို့၊ (၁၀) ကြာညို့ဝတ်ဆံ၊ (၁၁) ခူဝံနှိုင်းယှဉ်၊ ရွှကြည့်မငြိုး၊ (၁၂) ဦးပြည်းရှင်ပျော်၊ (၁၃) ဇင်ယော်တန်းဝဲ၊ (၁၄) ပုလဲကိုးပုန်း၊ (၁၅) ဂမုန်းငုံအာ၊ (၁၆) လေသာဝေ့လည်၊ (၁၇) မြူခြည်မတင်၊ ယကင်ထုံးထုံး၊ (၁၈) လုံးတင်၊ (၁၉) ခရုချောင်၊ (၂၀) ထုံးကြောင်၊ (၂၁) ထုံးကြား၊ (၂၂) ငါးပါးမြိတ်စို့၊ (၂၃) အောင်မျိုး နိမိတ်၊ မြိတ်ရစ်လှပ၊ (၂၄) ကရဝိကန္ဒတ်သီး၊ (၂၅) ဆိတ်သွီးနှင့်၊ (၂၆) ပြန်ပြီးဆယ်ထွေ၊ (၂၇) နေဇာရုဏ်ခံ၊ (၂၈) ညှင်ယံသောက်မျှူး၊ (၂၉) တိမ်ဦးနဂါး၊ (၃၀) လေးပါးရာသီ၊ (၃၁) နှိုင်းပြီစံလွတ်၊ (၃၂) နဂါးပတ်ကျောက္ကင်း၊ (၃၃) နန်းတွင်းမဋ္ဌား၊ (၃၄) ထွက်ပြူ မုခ်ဝ၊ (၃၅) ပဒုမသိဒ္ဓိ၊ (၃၆) မဏိကိုးပါး၊ (၃၇) ချယားပွင့်သေး၊ (၃၈) ယုန်ရေးလဝယ်၊ (၃၉) နေလယ်ဥဒေါင်း၊ (၄၀) သုံးချောင်း ခြူးရှက်၊ (၄၁) စဝုက်ရောင်ချော၊ (၄၂) သဘော်ဝတ်ခွန်၊ (၄၃) အမှုန့်ဆုပ်သျှ၊ ဓမာရဂိဝါ၊ (၄၄) ဟသ်ာစာခွံ့၊ ထုံးအံ့တခင်း၊ (၄၅)

http://www.dhammadownload.com

ပင်ငြီးတောင်ဖြန့်၊ (၄၆) သည်းညှဉ်လက်သင်၊ (၄၇) ကွမ်းလင်၊ (၄၈) နှောက်တဲ့၊ (၄၉) မုဆွာရွှံနှင့်၊ (၅၀) ပုလဲကွန်ခြား (၅၁) ရတနာမဏ္ဍိုင်၊ (၅၂) ပွင့်ဆိုင်ပုဇွန်ငါး၊(၅၃)နဂါးအိတ်ဖလားငဟင့်၊ (၅၄) ရွှမ်းခြောင့်၊ (၅၅) ပြန်လာဗျက်၊ ပန်းဂွက်ခေါင်းပေါ်နှုန်းထိုးဝေမျှ၊ မြတ်စေ့ကျော်၊ နွှဲင်းမမြောက်ကို၊ လွှမ်းတော် မမူလျှည့်ပြီလော.... လေ၊ ဖော်ချင်းတို့လေ....ဖော်ချင်းတို့။

[ခ]

ဦအာ့ကွာ့၊ ရေးထုံးလေ၊ မြန်မာ ခ-လုံးရှိ။ ။မြန်မာစာပေ ရေးရာ၌ "အူ, ဦ, ဥ" ၎င်း သုံးမျိုးကို ရေးထုံးပြကြသည်။

ဦးစွန်း ၅-ပါး၊ မြန်မာမျာ၊ ဆံထား၀ါင်ထိပ်ဗေ့။ ။၎င်း သရုပ်ကို(မြန်မာ့ ဦးစွန်း၊ ၅-မျိုးထွန်း) အမေးဥ ဆိုအုံ့။

အုပ်ထိန်းခြင်းရှိသော မိန်းမ ၂၀။ ။အုပ်ထိန်းခြင်း ရှိသဖြင့် ယောကျ်ားတို့ မသွားလာအပ်သော မိန်းမ ၂၀-ဟူလို။ (၁) မာတု ရက္ခိတ- အမိ အုပ်ထိန်းသော မိန်းမ၊ (၂) ပိတု ရက္ခိတ- အဖ အုပ်ထိန်းသော မိန်းမ၊ (၃) မာတာပိတု ရက္ခိတ-မိဘ ၂-ပါး အုပ်ထိန်းသော မိန်းမ၊ (၄) ဘာတုရက္ခိတ-မောင်ကြီး မောင်ငယ် အုပ်ထိန်းသော မိန်းမ၊ (၅) ဘဂိနိ ရက္ခိတ-အစ်မကြီး အစ်မငယ် အုပ်ထိန်းသော မိန်းမ၊ (၆)ဉာတိ ရက္ခိတ-ဆွေမျိုး အုပ်ထိန်းသော မိန်းမ၊(၇)ဂေါတ္တ ရက္ခိတ-အနွယ်တူ အုပ်ထိန်းသော မိန်းမ၊ (၈) ဓမ္မ ရက္ခိတ-သီတင်းသုံးဘော် စောင့်ရှောက် အုပ်ထိန်းသော မိန်းမ၊ (၎င်း ၈-ယောက်သော မိန်းမတို့ကား သူတို့မှာ ကံမထိုက်သွားလာ လွန်ကျူးသူ ယောကျ်ား များမှာသာ ကံထိုက်သည် ဟူ၏။) (၉) သာရက္ခာ- ထိမ်-မြား ကြောင်းလမ်းပြီးသူ 'လက်ထပ်ပြီးသူ' လင် အုပ်ထိန်းသော မိန်းမ၊ (၁၀) သ ပရိဒဏ္ဍာ- မင်းတို့ ကောက်ယူရန် သတ်မှတ်လျက် ဒဏ်ထား ပြီးလျှင် အုပ်ထိန်းသော မိန်းမ၊ (၁၁) ဓနက္ကိ တာ ဥစ္စာဖြင့် ဝယ်ယူလျက် မယားအဖြစ် ထားသောမိန်းမ၊ (၁၂) ဆန္ဒဝါသိနီ- သဘောတူ အလိုတူ၍ ညားနေသော မိန်းမ၊ (၁၃) ဘောဂ ဝါသိနီ- စည်းစိမ်ပေး၍ ပေါင်းဖော်သော မိန်းမ၊ (၁၄) ပဋ္ဌ ဝါသိနီ- ပုဆိုးပေး၍ "ပုဆိုး တန်းတင်" ပြု၍နေသော မိန်းမ၊ (၁၅) ဩဒ မ္မ ဝါသိနီ- ရေခွက်၌ လက်ဆုံ ချ၍ မိဘနှစ်ပါး ထိမ်းမြားပေးသော မိန်းမ၊ (၁၆)

http://www.dhammadownload.com

သြဘဋ္ဌ စုမ္ဘဋ္ဌာ-ပဒါဝိုင်းခုကိုချ၍ လင်မယားအဖြစ်နေသော မိန်းမ၊ (၁၇) ဒါသိ ၈ ဘရိယာ ၈- ကျွန်လည်းဖြစ် မယားလည်းဖြစ်သော မိန်းမ၊ (၁၈) ကမ္မကာရိ ၈ ဘရိယာ ၈- အမှုလုပ်လည်းဖြစ် မယားလည်းဖြစ်သော မိန်းမ၊ (၁၉) ဧကာ ဟဋ္ဌာ- စစ်မြေပြင်မှ ဆောင်ယူခဲ့သော မိန်းမ၊ (၂၀) မုဟုတ္တိကာ- ထခဏမျှ ပေါင်းဖော်ရန် ငှါးရမ်းထားသော ဧည့်မယား ဖြစ်သူ မိန်းမ။

ပုတ်ခြင်္ကပ်။ ။ဂဠိ ၁၂-ယောက်သော မိန်းမများကို သွားလာလွန်ကျူးခဲ့မှု လင်ရှိမယားဖြစ်၍ မိန်းမထော ယောကျ်ားပါ ၂-ဦး စလုံး ကံထိုက်သည်ဟူ၏၊ အကျယ်ကိုလိုမူ ပါရာဇိကဏ် ပါဠိတော်, အဋ္ဌကထာ, ဋီကာ။ အဋ္ဌသာလိနီ အဋ္ဌကထာ, မူလဋီကာမှာ ရှုပါလေ။

အုပ်ထိန်းရာသော မိန်းမ ၂၁-ပါး။ ။စောင့်ရှောက် ထိန်းသိမ်းမှု အပြုခံနေအပ်သော မိန်းမမျိုး နှစ်ကျိပ်တပါး ဟူ၏၊ ဓမ္မသတ်မှ။ (၁) သက်ရွယ်ကြီးသော မိန်းမ၊ (၂) ရွှေးသော မိန်းမ၊ (၃) နူသော မိန်းမ၊ (၄) ကိုယ်ဝန်ရှိသော မိန်းမ၊ (၅) အရွယ် မရောက်သေးသော မိန်းမ၊ (၆) ခရီးဝေးကလာသော မိန်းမ၊ (၇) မြို့ကိုလို၍ ချုပ်ထားသော မိန်းမ၊ (၈) အဖ စောင့်သော မိန်းမ၊ (၉) အမိ စောင့်သောမိန်းမ၊ (၁၀) အဖိုး စောင့်သော မိန်းမ၊ (၁၁) အဖွား စောင့်သော မိန်းမ၊ (၁၂) အစ်မ စောင့်သော မိန်းမ၊ (၁၃) ညီမ စောင့်သော မိန်းမ၊ (၁၄) မောင်ကြီး စောင့်သော မိန်းမ၊ (၁၅) မောင်ငယ်စောင့်သော မိန်းမ၊ (၁၆) မိကြီး စောင့်သော မိန်းမ၊ (၁၇) မိထွေး စောင့်သော မိန်းမ၊ (၁၈) ဘကြီး စောင့်သော မိန်းမ၊ (၁၉) ဘထွေး စောင့်သော မိန်းမ၊ (၂၀) ဦးရီး စောင့်သော မိန်းမ၊ (၂၁) အရီး စောင့်သော မိန်းမ။

ပုဗ္ဗင်္ခကျ်။ ။ကျွန်စ်ကျိပ် တပါးသော မိန်းမများ အနက် တဦး တယောက်သော မိန်းမကပင် မိမိ၏ ကာမကို သဘောတူ ပေါင်းသင်းရန် ပေးသော်လည်း အုပ်ထိန်းသူတို့၏ အခွင့်ကို မရဘဲ ပေါင်းသင်းသော ယောကျ်ားအား ကြီးလေးသော အပြစ်ဒဏ်ကို ပေးရမည်ဟု မနုကျယ် ဓမ္မသတ် ဆဋ္ဌမတွဲ ပုဗ္ဗိမ-၂၀-တွင် ဆိုလေသည်။

http://www.dhammadownload.com

[ဧ]

ဧကဘဏ္ဍာ၊ ခိုးနည်းလာ၊ ၅-ဖြာ အဘယ်နည်း ? ။ ။ဎင်း သရုပ်ကို (ခိုးခြင်း ၂၅-ပါး) ၌ ရှုပါ။

ဧကမန္တ၁၊ သင့်လျော်ရာ၊ ၆-ဖြာ အရပ်မျိုး။ ။ဝိနည်း ပါရာဇိက အဋ္ဌကထာ ။ ပ- အုပ်။ ၁၀၁။ ဗုဒ္ဓဘုရားနှင့် ရဟန်း သံဃာတော်များ အား ဆည်းကပ်ခစား တရားနာသောအခါ အပြစ် ၆-ပါးမှ လွတ် မြောက်၍ သင့်တင့်လျောက်ပတ်သော အရပ်များကို ဆိုသည်။ (၁) ဝေး လှန်းသော အရပ်၊ (၂) နီးလှန်းသော အရပ်၊ (၃) မြင့်သော အရပ်၊ (၄) လေညာ လေတင် အရပ်၊ (၅) နောက်ကျောတည့်တည့် အရပ်၊ (၆) မျက်နှာတည့်တည့် အရပ်။

ဧကမန္တ၁၊ သင့်ဧလျော်ရာ၊ ဂ-ဖြာ ရပ် တနည်း။ ။ဎင်း၏ သရုပ်ကို (နိဿဋ္ဌ ဒေါသမျိုး ဂ-ပါး) ဟူသော သုတေသန၌ ဆန့်ကျင်ဘက် ပြန်ယူပါလေ။

တေဓာ - ဆွဲဆံဆိပ်တော်ရ ရဟန်း ယောကျ်ား ၄၁- ပါး။ ။(၁) 'အဂ္ဂ ရတ္တညူ' ဘွဲ့တံဆိပ်ရသူ အရှင်ကောဏ္ဍည၊ (၂) 'အဂ္ဂ မဟာပညာ' ဘွဲ့တံဆိပ်ရသူ အရှင်သာရိပုတ္တရာ၊ (၃) ဟန့်ခိုးအံ့ဩဖွယ် 'အဂ္ဂ ဣဒ္ဓိမန္တ' ဘွဲ့တံဆိပ်ရသူ အရှင် မောဂ္ဂလာန်၊ (၄) ခုတင်ဆောင် 'အဂ္ဂ ဓုတာ ဓရ' ဘွဲ့တံဆိပ်ရသူ အရှင်မဟာကဿပ၊ (၅) 'ဒိဗ္ဗစက္ခုဤဂ်' ဘွဲ့တံဆိပ်ရသူ အရှင်အနုရုဒ္ဓါ၊ (၆) အမျိုးမြတ် 'အဂ္ဂဉ္ဉကုလိက' ဘွဲ့တံဆိပ် ရသူ အရှင်ဘဒ္ဒိယ၊ ဎင်းသည် ဘဝမခြားဘဲ ငါးရာတိုင်တိုင်ဆက်၍ မင်းဖြစ်ဘူးသောကြောင့် အမျိုးမြတ် ဘွဲ့ထူးတံဆိပ် ရသည် ဟူ၏၊ (၇) အသံကောင်း 'အဂ္ဂ မဉ္ဇုဿရ' ဘွဲ့တံဆိပ်ရသူ အရှင်လကုဏ္ဍက ဘဒ္ဒိယ၊ (၈) ခြင်္သေ့သံဖြင့် ကြိုးဝါးသည့် 'အဂ္ဂ သီဟနာဒိက' ဘွဲ့တံဆိပ်ရသူ အရှင် ပိဏ္ဍောလ ဘာရဒ္ဒါဇ၊ ဎင်းသည် အရဟတ္တဖိုလ် ရသည့်နေ့မှာပင် မင်္ဂဖိုလ် ၌ ယုံမှားသံသယရှိသော သူသည် ငါ့ကို မေးကြဟု မကြောက်မရွံ့ ခြင်္သေ့ သံဆိုလျက် ဘုရားရွှေတော်၌လည်း အရှင်ဘုရား သာသနာတော်၌ ရွှေ့ဆွယ်ကိစ္စသည် အကျွန်ုပ်အား အပြီးတိုင် ထောက်ပါပြီဟု ခြင်္သေ့သံကို ဆိုလေသည်၊ ထို့ကြောင့် တေဒဂ် ရသည် ဟူ၏၊ (၉) ဘရုးဟောကောင်း

http://www.dhammadownload.com

'အဂ္ဂ ဓမ္မကထိက' ဘွဲ့တံဆိပ်ရသူ အရှင်ပုဏ္ဏ၊ (၁၀) အကျဉ်းကို အကျယ်ဖွဲ့တတ်ရာ၌ ဘွဲ့တံဆိပ်ရသူ အရှင်မဟာကစ္စည်း (၁၁) စိတ်နှလုံးဖြင့် ပြီးသော ကိုယ်ကိုဖန်ဆင်းရာ 'အဂ္ဂစေတောပဝိဝဋ္ဋ' ဘွဲ့တံဆိပ်ရသူ အရှင်စူဠပန်၊ (၁၂) 'အဂ္ဂ သညာ ဝိဝဋ္ဋ ကုသလ' အရာ၌ ဘွဲ့တံဆိပ်ရသူ အရှင်မဟာပန်၊ (၁၃) ကိလေသာကင်း၍နေသော အရာ, မြတ်သော အလှူခံပုဂ္ဂိုလ်အရာတို့၌ ဘွဲ့တံဆိပ်နှစ်ထပ်ရသူ အရှင်သုဘူတိထေရ်၊ (၁၄) အရည်ကင်တော၍ ဘွဲ့တံဆိပ်ရသူ ရှားတောနေ အရှင်ရေဝတထေရ်၊ (၁၅) စျာန်ဝင်စားသောအရာ၌ ဘွဲ့တံဆိပ်ရသူ အရှင်ကခိုရေဝတ၊ (၁၆) လုံ့လဝီရိယရှိရာ၌ ဘွဲ့တံဆိပ်ရသူ ကုဋ္ဌေ ၂၀-တန် တန်ဆာကို လူ့ဘဝက ဝတ်ဆင်ခဲ့ဘူးသော သူဌေးသား သောဏဧ၂ အရှင်ကောဋိဝိသသောဏ၊ (၁၇) သာယာ နာပျော်ဘွယ်ရှိအောင် ရွတ်ဖတ်တတ်သော အရာ၌ 'အဂ္ဂ ကလျာဏ ဝါက္ကရ' ဘွဲ့တံဆိပ်ရသူ လူ့ဘဝက တကုဋ္ဌေတန် နားခြောင်းတန်ဆာ ဆင်ပန်ခဲ့ဘူးသူ အရှင်ကုဋိကဏ္ဏ သောဏ၊ (၁၈) လာဘ် ပေါများသောအရာ၌ 'အဂ္ဂလာဘီ' ဘွဲ့တံဆိပ်ရသူ အရှင်သီဝလိ၊ (၁၉) သဒ္ဒါ အားကြီးသောအရာ၌ 'အဂ္ဂသဒ္ဒါဓိမုတ္တ' ဘွဲ့တံဆိပ်ရသူ အရှင်ဝက္ကလိ၊ (၂၀) သိက္ခာသုံးပါးကို လိုသားလိုက်နာရာ၌ 'အဂ္ဂ သိက္ခာကာမ' ဘွဲ့တံဆိပ်ရသူ သားတော်အရှင်ရာဟုလာ၊ (၂၁) 'အဂ္ဂ သဒ္ဓါပဗ္ဗဇိတ' အရာ၌ ဘွဲ့တံဆိပ်ရသူ အရှင်ဓနဉ်ဝါလ၊ (၂၂) စာမေးတံခေ၂ မဲလိပ်ချအလှူကို ရှေးဦးစွာယူရာ၌ 'အဂ္ဂ ပဌမ သလာက ဂဏှန္တ' ဘွဲ့တံဆိပ်ရသူ အရှင်ကောဏ္ဍဒါန၊ (၂၃) ကဗျာ ဂါထာ သီကုံးဖွဲ့ဆိုရာ၌ လျင်မြန်ခြင်း 'အဂ္ဂ ပဋိဘာနဝန္တ' ဘွဲ့တံဆိပ်ရသူ အရှင်ဝင်္ဂီသ၊ (၂၄) ထက်ဝန်းကျင် ကြည်ညိုဘွယ်ကို ဆောင်ရာ၌ 'အဂ္ဂ သမန္တ ပါသာဒိက' ဘွဲ့တံဆိပ်ရသူ အရှင်ဥပသေန၊ (၂၅) ကျောင်း အိပ်ရာနေရာ ခင်းတော်ရာ၌ 'အဂ္ဂ သေနာသန ပညာပက' ဘွဲ့တံဆိပ်ရသူ အရှင်ဒဗ္ဗ၊ (၂၆) နှတ်တို့ချစ်မြတ်နိုးအပ်သည့် အရာ၌ 'အဂ္ဂ ဒေဝါနံ ပိယမနာပ' ဘွဲ့တံဆိပ်ရသူ အရှင်ပိလိန္ဒဝစ္ဆ၊ (၂၇) တရားကို လျင်စွာသိသော အရာ၌ 'အဂ္ဂ ခိပ္ပါဘိညာ' ဘွဲ့တံဆိပ်ရသူ အရှင်ဒဗ္ဗိရုစိ၊ (၂၈) ဆန်းဆန်းကြယ်ကြယ် စကားကိုပြောဆိုတတ်ရာ၌ 'အဂ္ဂ စိတ္တ ကထိက' ဘွဲ့တံဆိပ်ရသူ အရှင်ကုမာရကဿပ၊ (၂၉) 'အဂ္ဂ ပဋိသမ္ဘိဒါပတ္တ' ဉာဏ်အရာ၌ ဘွဲ့တံဆိပ်ရသူ အရှင်မဟာကောဋ္ဌိတ၊ (၃၀) ဗဟုသုတအရာ, သင်္ကိမဓေ့သည့်အရာ, ပညာလျင်သည့်

http://www.dhammadownload.com

အရာ, လုံ့လရှိသည့်အရာ, အလုပ်အကျေးကောင်း, ပေါင်း ဘွဲ့တံဆိပ် ငါးထပ်ရသူ အရှင်အာနန္ဒာ၊ (၃၁) အခြံအရံများခြင်း၌ 'အဂ္ဂ မဟာပရိသ' ဘွဲ့တံဆိပ်ရသူ အရှင်ဥရုဝေဠုကဿပ၊ (၃၂) အမျိုးကို ကြည်ညိုအောင် ပြုလုပ်တတ်ရာ၌ 'အဂ္ဂ ကုလ ပသာဒက' ဘွဲ့တံဆိပ်ရသူ အရှင်ကာလုဒဿီ၊ (၃၃) အနာရောဂါကင်းရာ၌ 'အဂ္ဂ အပ္ပါဗာဓိက' ဘွဲ့တံဆိပ်ရသူ အရှင် ဗာကုလ၊ ငင်းသည် အယုတ်သဖြင့် သန်းဝေခြင်း ချေဆတ်ခြင်းမျှ မရှိ ဟူသတက်၊ (၃၄) ပုဗ္ဗေနိဝါသဉာဏ်၌ 'အဂ္ဂ ပုဗ္ဗေနိဝါသ အနုဿရန္တ' ဘွဲ့တံဆိပ်ရသူ အရှင်သောဘိတ၊ (၃၅) ဝိနည်းဓိရိရာထူး၌ 'အဂ္ဂ ဂိနယဓရ' ဘွဲ့တံဆိပ်ရသူ အရှင်ဥပါလိ၊ (၃၆) ဘိက္ခုနီမတို့ကို ဆုံးမရာ၌ အကောင်း ဆုံး 'အဂ္ဂ ဘိက္ခုနောဝါဒက' ဘွဲ့တံဆိပ်ရသူ ရှင်နန္ဒက၊ (၃၇) ဇွန်ခြွေ ကောင်းရာ၌ 'အဂ္ဂ ဇုန္ဟိယဂုတ္တဒွါရ' ဘွဲ့တံဆိပ်ရသူ ညီတော်မင်းနန်ခေါ် အရှင်နန္ဒ၊ (၃၈) ရဟန်းတော်တို့ကို ဆုံးမရာ၌ အကောင်းဆုံး 'အဂ္ဂ ဘိက္ခု ဩဝါဒက' ဘွဲ့တံဆိပ်ရသူ အရှင်မဟာကပ္ပိန္ဒ၊ (၃၉) တေဇောကသိုဏ်း ရာထူး၌ 'အဂ္ဂ တေဇောဓာတု ကုသလ' ဘွဲ့တံဆိပ်ရသူ အရှင်သာဂတတထေရ်၊ (၄၀) ဒေသနာတော် အသစ်အသစ်တင်ရာ၌ 'အဂ္ဂ ပဋိဘာနေယျက' ဘွဲ့တံဆိပ်ရသူ အရှင်ရာဓ၊ (၄၁) ညစ်နွမ်းခေါင်းပါးသော ပံသုကူ သင်္ကန်းကို ဆောင်ရာ၌ 'အဂ္ဂ လူခ စီဝရ ဓရ' ဘွဲ့တံဆိပ်ရသူ အရှင် မောဃရာဇ။

တေဒၵ် ဘွဲ့တံဆိပ်ဒတ်ရ ရဟန်းမိန်းမ ၁၃-ပါး။ ။(၁) မိထွေးတော် မဟာ ပဇာပတိ ဂေါတမီထေရီ- 'အဂ္ဂ ရတ္တညူ' ဘွဲ့တံဆိပ်တော်ရသည်၊ (၂) ခေမာ ထေရီ- "အဂ္ဂ မဟာပညာ" ဘွဲ့တံဆိပ်တော်ရသည်၊ (၃) ဥပ္ပလဝဏ် ထေရီ- "တန်ခိုးကြီး" ဘွဲ့တံဆိပ်တော်ရသည်၊ ဘုရားရှင် ယမိုက်ပြာဇီဟာ ပြခါနီး၌ အရှင်ဘုရား တန်ခိုးပြတော်မမူပါနှင့်တော့၊ တပည့်မသည် အလျား ၁၂-ယူဇနာ အနံ ၁၂-ယူဇနာ အဝန်း ၃၆-ယူဇနာ ဗိုလ်ထူနှင့် စကြာမင်းအဟန် ဖန်ဆင်း၍ ခြေတော်မြတ်ကို ဦးတိုက်ပါမည်ဟု လျှောက်ထားရာတွင် တေဒဂ်ဘွဲ့ထူးရလေသည်၊ (၄) ပဋာစာရီထေရီ-ဝိနည်းဓိရိ အရာ၌ 'အဂ္ဂ ဝိနယဓာရီ' တံဆိပ်တော်မြတ်ရသည်၊ (၅) ဓမ္မဒိန္နာထေရီ- 'အဂ္ဂ ဓမ္မကထိက' ဘွဲ့တံဆိပ်ဒတ်ရသည်၊ ဝိသာခါ ဒါယိကာမကြီး လျှောက်ထားရာ အထူးထူးသော နည်းတို့ဖြင့် ဓက်ခဲနက်နဲ့ သိမ်မွေ့သော မူလပဏ္ဏာသကျမ်း၌ "စူဠဒေဝဒလ္လ" ဆုတ်ကို ဟောတော်မူရာ ငါဘုရားဟော

http://www.dhammadownload.com

သော်လည်း သည်အတိုင်းပင် ဟောရတော့မည်ဟု ကောင်းချီးပေးလျက် ဧကဒန်တိဘွဲ့ထူးကို အပ်နှင်းခဲ့ကြောင်းလေသည် ဟူ၏၊ (၆) နန္ဒာထေရီ-စျာန်ဝင်စားသော အရာ၌ 'အဂ္ဂ စျာယိကာ' ဘွဲ့ထူးတံဆိပ်တော်ရသည်၊ (၇) သောဏာထေရီ- 'လုံ့လဝီရိယကောင်း' ဘွဲ့တံဆိပ်တော်ရသည်၊ (၈) ဗကုလာထေရီ- 'ဒိဗ္ဗစက္ခုဉာဏ်' ဘွဲ့တံဆိပ်တော်ရသည်၊ (အချို့မူ၌ "သကုလာ"ဟု ရှိသည်) (၉) ဘဒ္ဒါ ကုဏ္ဍလ ကေသာထေရီ- အဘိညာဉ် အရာ၌ လျင်မြန်သောကြောင့် 'အဂ္ဂ ခိပ္ပါဘိညာ' တံဆိပ်တော်ရသည်၊ (၁၀) ဘဒ္ဒါ ကပိလာနီ ထေရီ-"ပုဗ္ဗေနိဝါသဉာဏ်' တံဆိပ်တော်ရသည်၊ (၁၁) ဇုဟုလာမယ်တော် ဘဒ္ဒကဋ္ဌနာ ယသော်ဓရာထေရီ "ဉာဏ်အမြင်ကြီးရှင်"တံဆိပ်တော်ရလေသည်၊ (၁၂) ကိသာ ဂေါတမီထေရီ- ညစ်နွမ်းခေါင်းပါးသော ပံသုကူသက်နှံးကို ဆောင်ရွက်၍ 'အဂ္ဂ လူခ စီဝရ ဓာရီ' တံဆိပ်တော်မြတ်ရသည်၊ (၁၃) သိင်္ဂါလ မာတာ ထေရီ- သဒ္ဓါတရား ကောင်း 'သဒ္ဓါဓိမုတ္တ' ဘွဲ့တံဆိပ်တော်မြတ် ရလေသည်။

ထောက် ဆွဲကံဆိပ်ရ လူမိဒ်နှုမ ဘဂ-ပေးသောကြောင့်။ ။(၁) သေနိယ သူဌေးသမီး ကဋ္ဌာကာ-ဇရုဒ်းစွဲ သာဓုဏာဂုဏ် ဆောက်တည်ရာ၌ 'အဂ္ဂ ပထမ သရဏဂမနဲ' ဘွဲ့တံဆိပ်တော် ရလေသည်၊ (၂) ပုဗ္ဗာရုံ ကျောင်းအမကြီး ဝိသာခါ-ဒေါ်လေးအရာ၌ ဆန်များဆုံး ဘွဲ့တံဆိပ်တော်ရလေသည်၊ (၃) ခုဇ္ဇုတ္တရာ-'အဂ္ဂ ဗဟုဿုတ' ဘွဲ့တံဆိပ်တော်ရလေသည်၊ ၎င်းသည် အကြွားအမြင်များ၌ သာမာဝတီအား ဆင်ကြွားပို့ချရလေသည်၊ ၎င်းသင်ကြွားပို့ချသော ကျမ်းကား သုတ္တန်ပိဋကတ် ၅တိ ဝုတ္တက ကျမ်းဟူ၍ ကျမ်းသီးတစောင်ပင် ဖြစ်လေသည်၊ သည်ကို အကြောင်းပြု၍ တေဒဂ်ဘွဲ့ထူး ရသည်ဟူ၏၊ (၄) သာမာဝတီ-မေတ္တာဖြင့် နေသောအရာ၌ 'အဂ္ဂ မေတ္တာ ဝိဟာရီ' ဘွဲ့တံဆိပ်ကို ရလေသည်၊ (၅) နန္ဒမာတာ ဥတ္တရာ- စျာန်ပင်စားရာ၌ 'အဂ္ဂစျာယီ' ဘွဲ့တံဆိပ်တော်ကို ရလေသည်၊ (၆) ကောလိယမင်းသမီး သုပ္ပဝါသာ-အကောင်းအမြတ် ပေးလှူရာ၌ 'အဂ္ဂ ပဏီတ ဒါယိကာ' ဘွဲ့တံဆိပ်ကို ရလေသည်၊ (၇) သုပ္ပိယာ- သူနာကို ပြုစုလုပ်ကျွေးရာ၌ အကောင်းဆုံးသူနာပြုတတ်သူ 'အဂ္ဂ ဂိလာနုပဋ္ဌက' ဘွဲ့တံဆိပ်တော်ကို ရလေသည်၊ (၈) ကောတိယာနီ- မတုန်မလှုပ်ကြည်ညိုရာ၌ 'အဂ္ဂ အဝေစ္စ ပသန္ဒ' ဘွဲ့တံဆိပ်တော်ရလေသည်၊ (၉) နကုလ မာတာ- ဘုရားနှင့် အကျွမ်းဝင်ခြင်း၌ 'အဂ္ဂ ဝိဿာသိက' ဘွဲ့တံဆိပ်တော်ကို ရလေသည်၊

http://www.dhammadownload.com

သူသည်လည်း "နကုလပိတာ" သူကြွယ်ကဲ့သို့ပင် (၁၀) ကာလီ,ခေါ် ဒါယိကာမ- အဆင့်ကြားအားဖြင့် ဘုရားကို ကြည်ညိုသောအရာ၌ 'အဂ္ဂ အနုဿဝ ပသန္နဒ' ခေါ် ဘွဲ့တံဆိပ်တော်ကို ရလေသည်။

တေဒဂ်ဘွဲ့ထူး ခံယူရသူ လူဒါယကာ ယောကျ်ား ၁၀-ယောက်။ ။(၁) "တဖုဿ, ဘလ္လိက" ကုန်သည် ညီနောင်- ရှေးဦးစွာ သရဏဂုဏ် ဆောက်တည်ရာ၌ ဘွဲ့ထူးရလေသည်၊ ၎င်းတို့သည် ဘုရားဖြစ်၍ ၄၉-ရက် အလွန် လင်းလွန်းပင်ရင်းမှာ ဘုရားနှင့် ရှေးဦးစွာ တွေ့သော လူထူး လူမြတ်တို့ပေတည်း၊ သို့သော် သံဃာမရှိသေးရကား "ဒွေဝါစိက သရဏဂုဏ်သာ ရသည်၊ (၂) အနာထပိဏ်သူဌေးကြီး- အလှူဒါနအရာ၌ အများဆုံး ဘွဲ့တံဆိပ်တော်ရလေသည်၊ (၃) စိတ္တသူကြွယ်- တရားဟော ကောင်း ဘွဲ့တံဆိပ်ရလေသည်၊ ၎င်းသည် ရှပ်, နာမ်, ကံ, ဝိပါက်တို့၌ အထူးလိမ်မာလျက် နောက်ခါ သဋ္ဌာယတနသံယုတ်၌သုတ်ပေါင်း တဆယ် ကျော်ရှိသော "စိတ္တသံယုတ်"ကိုဟောရာတွင် တေဒဂ် ဘွဲ့တံဆိပ်တော်မြတ် ရလေသည်၊ (၄) ဟတ္ထာဠဝက- "သင်္ဃဝတ္ထုလေးပါးဖြင့် ထောက်ပံ့၍ ပရိသတ်အား မိမိထံသို့ရောက်အောင် ဆွဲဆောင်ရာ၌" ဘွဲ့တံဆိပ်တော် ရလေသည်၊ (၅) မဟာနံ သာကိဝင်မင်း- အခါမပြတ် အကောင်းအမြတ် တို့ကို ပေးလှူတတ်ရာ၌ 'အဂ္ဂ ပဏီတ ဒါယကာ' ဘွဲ့တံဆိပ်ရလေသည်၊ (၆) ဝေသာလီမြို့နေ ဥဂ္ဂသူကြွယ် - နှစ်သက်ဖွယ်ရာကို ပေးလှူတတ်သည့် အရာ၌ 'အဂ္ဂ မနာပ ဒါယကာ' ဘွဲ့တံဆိပ်ရလေသည်၊ (၇) ဟတ္ထိဂါမ ရွာနေ ဥဂ္ဂသူကြွယ် - သံဃာအလုပ်အကျေးကောင်း 'အဂ္ဂ သံဃ ပဋ္ဌာက' ဘွဲ့တံဆိပ်တော် ရလေသည်၊ (၈) သူရပန် - မတုန်မလှုပ် ကြည်ညိုရာ၌ 'အဝေစ္စ ပသန္နဒ' ဘွဲ့တံဆိပ် ရလေသည်၊အချို့မူ၌ သုရဗန္ဓု-သူရဗန်ဟုရှိသည်၊ (၉) ဆမုဇီဝက - ပုဂ္ဂိုလ်ကို ကြည်ညိုတတ်သော အရာ၌ ဘွဲ့တံဆိပ်ရလေသည်၊ သီလ,သမာဓိ, ပညာစသော ဂုဏ်ကျေးဇူး အထူးရှိသော ရဟန်းကို ဂုဏ်ကျေးဇူးအလျောက် အထူးတလည် ကြည်ညိုမြတ်နိုးတတ်သောကြောင့် 'ပဂ္ဂလ ပသန္နဒ' ဘွဲ့တံဆိပ်ရသည်ဟူ၏၊ (၁၀) နကုလပိတာ သူကြွယ်-ဘုရား နှင့် အကျွမ်းဝင်ရာ၌ ဘွဲ့တံဆိပ်ရသည်၊ သူသည် ဘုရားရှင်ကို ရှေးဦးအကြိမ် တွေ့ခါမျှပင် "ချစ်သားရယ် သည်မျှလောက် ကြာမြင့်အောင် မိဘကို စွန့်၍ ဘယ်အရပ်သို့ ကြွနေသနည်းဟု" အကျွမ်းတဝင် ပြောဆိုလေသည်၊ သို့ဆိုနိုင်ခြင်းကား ဘဝမခြားဘဲ ငါးရာတိုင်တိုင် ဘုရားရှင်၏ အဖ ဖြစ်ဘူး

http://www.dhammadownload.com

ပြီ၊ ထို့အတူ ဘကြီးငါးရာ့ ဘထွေးငါးရာ့ ဝရီးအဖြစ် အကြွိမ်ငါးရာ ဘဝမခြားဘဲ ဖြစ်ဘူးသည်ကိုစွဲ၍ အကျွမ်းတဝင် ဘုရားရှင်အား "ချစ်သား ချစ်သား"နှင့် ခေါ်လေ့ရှိသတတ်၊ ထို့ကြောင့် 'ဝိဿာသက' ဘွဲ့တံဆိပ် ရလေသည် ဟူ၏။

ဟိဘိက္ခု ရဟန်းတော်ပေါင်း ၂၀၆၄ - ပါး။ ။မြတ်စွာဘုရား လက်ထက်တော်၌ ဟိဘိက္ခု ရဟန်းအဖြစ် ရယူသွားကြသော ရဟန်းတော်များ အရေအတွက် သရုပ်ကား "ဝိနည်းပိဋကတော်၌ ပဋ္ဌဝဂ်ို ၅-ပါး, ယသ-သတ္တိသားနှင့် အဖော်များ ပေါင်း ၅၅-ပါး, ဘဒ္ဒဝဂ်ို နေဘင်ညီသုံးကျိပ်, ရသေ့(ရှင်) ၁၀၀၀, အဂ္ဂသာဝက ၂-ပါးနှင့် ပရိဗိုဇ်များ ပေါင်း ၂၅၀, အင်္ဂုလိမာလ ၁-ပါး၊ ပေါင်း ၁၃၄၄-ပါး၊ သုတ္တန်ပိဋကထိုထိုနိကာယ်တို့၌ ကား သေလပုဏ္ဏားနှင့် အဖော် ၃၀၀, မဟာကပ္ပိနမင်းကြီးနှင့် အမတ် ၁၀၀၀, ကပိလဝတ်ပြည်သား ၁၀၀၀၀, ပါရာယနိက ပုဏ္ဏားနှင့် အဖော် ၁၆၀၀၀, ပေါင်း ၂၇၃၀၃ ဖြစ်၍ ၂-ရပ်ပေါင်းသော် ၂၀၆၄-ပါး ဖြစ်၏။

မှတ်ချက်။ ။ဤကား- ဝိနည်းနှင့် သုတ္တန် ပိဋကတော်လာ ထင်ရှား သော နေရာများမှ ယူပြခြင်းသာဖြစ်၍ ထိုထက်အလွန်လည်း ရှိတန်ရာသေး၏။

[အဲ]

အဲမောင်းရေး ၃၇-မျိုး။ ။(၁) ပယ်ဝန်း - သက်တင် ရသောက်ဟန်၊ (၂) ပယ်စိတ် - ခြသေ့တန်းဆွဲဟန်၊ (၃) ပယ်ခွဲ - စလွယ်တင်ဟန်၊ (၄) စန္ဒရရွက်-သိကြား တန်ခေါင်ကိုင်ဟန်၊ (၅) လေးကျွန်းမှန်ကူ-ဖြဟ္မာ လက်လှမ်းဟန်၊ (၆) ဘုံနန်းတန်ဆောင်- က ဦးဟန်၊ (၇) စွန်ဝဲ-ဟသ်ာတောင်ရှက်ဟန်၊ (၈) ဆင်ထူး-စွန်တောင်ဖြန့်ဟန်၊ (၉) ရွှေနှုန်း တိုင်စီ-ကြင်စပန်းတင်ဟန်၊(၁၀)ကြာချပ်-တင်ပိုက်စီးဟန်၊ (၁၁)အုန်းပင် ရေသွန်း-ဂဠုန် တောင်ညှပ်ဟန်၊ (၁၂) နွယ်ထွက် - တိမ်ချည်ဖုံးဟန်၊ (၁၃) ဗွန်သုတ်-တံပိုးသွဲဟန်၊ (၁၄) ရှစ်မြောင့်ခိုနန်း - အမြီးခေါ်ဟန်၊ (၁၅)လက္ခဏာဆက်ကြာဖူး-လက်ဝဲ စလွယ်တင်ဟန်၊(၁၆)နွယ်ဝင်-ပြည်လုံး ရစ်လည်ဟန်၊(၁၇)နဝတတ်ရေလည်-ကြက်မိုးစွတ်ခါဟန်၊(၁၈)ဆုဇမတ်-ရေရစ်လည်ဟန်၊(၁၉)ခိုနန်းပုံလိမ်-က ညောင်း တင်ဟန်၊ (၂၀) ရွှေတံခွန်-

http://www.dhammadownload.com

ပင်လယ် တောင်ဝှေးစွဲဟန်၊ (၂၁) မြင်းမိုရ်ပုံလိပ် - လက်ဝဲက ဦးဟန်၊ (၂၂) ကြာယပ် - လက်ဝဲ ရင်အုပ်ဟန်၊ (၂၃) နတ်သားဗိမာန် - လက်ျာ ရင်အုပ်ဟန်၊ (၂၄) ကျဲတုံးတင်-ရေပြက် ဟန်လွဲဟန်၊ (၂၅) မင်တင်-ဝါကြိတ်လိမ်ဟန်၊ (၂၆) ကွန်းရုံးတက်-ခြည်သွတ်ဟန်၊ (၂၇) ခရုပတ်-ပစ္စန်းတန်းဆွဲဟန်၊ (၂၈) အောက်ချင်းပုံ တံဆိပ်-ရွှေလှံမောက်တိုရိပ် ကစားဟန်၊ (၂၉) ပိုးခြည်လှေး-ဘယ်ညာ လှုံရေးကစားဟန်၊ (၃၀) ကြာသွတ်အိုး- ရွှေလှံဝရစ်ထောက် ကစားဟန်၊ (၃၁) ရွှေထံဆိပ်-ဆင်ကန်းတောတိုးဟန်၊ (၃၂) ဝန်းကျင်ပတ်သန်း-သမက် စောင်ရန်းစီးဟန်၊ (၃၃) ဘီလူးတိုင်ရေးလှ-ရွှေလှံ ကျားမြီးဆွဲဟန်၊ (၃၄) ဘီလူးပုခက်စီး-ကျဲမြီးခတ်ဟန်၊ (၃၅) ဘီလူးနှားထွင်း- ရွှေလှံ ဆံထုံးရစ်ဟန်၊ (၃၆) ဟန်ဟည်-ရွှေလှံ လက်ဝဲကိုင်ဟန်၊ (၃၇) ရေကန်သက်ဆင်း-ဒရွှေလှံ ဘယ်ညာလှုံဟန်။

[ဆ]

ဆြေစေတနော် ၇-ပါး။ ။သဂါထာဝဂ္ဂ သံယုတ် ။၄။ ၁၆။ သတ္တဝါတို့အား ဉာဉ-ဘုံ ရေ အယဉ်၌ ဆွဲနှစ်ညှဉ်းပန်း နှိပ်စက်တတ်သော တရား ၇-ဖြာ။ (၁) ကာမဂုဏ-ကာမ ၁၁-ဘုံ၌ တပ်သော လောဘ၊ (၂) ဘဝေါဃ-ရှုပ်အလွယ်ဘုံတို့၌ တပ်သော လောဘ၊ (၃) ဒိဋ္ဌောဃ-မှားသော မိစ္ဆာအယူ ဒိဋ္ဌိ စေတသိက်၊ (၄) အဝိဇ္ဇောဃ-သစ္စာအမြင်ဉာဏ်ကို ပိတ်ဆည်းသော မောဟ။

ဆြေစာအပြား၊ မျိုး ၃-ပါး၊ ထင်ရှား ကျမ်းဒွါဒသ။ ။ပါဠိဘာသာရကျမ်း၌ ဟောကဲ့သို့ ဆြေစာသုံးပါးကို တွေ့ရ၏။ (၁) အစာဆြေစာ-သတ္တဝါ၏ ရှင်ကိုဖြစ်စေခြင်း သတ္တိ၊ (၂) မြေဆြေစာ-သစ်ပင်တို့ကို ဖြစ်စေခြင်း သတ္တိ၊ (၃) လူဆြေစာ-အမှုကိစ္စတို့ကို ပြီးစေခြင်း သတ္တိ။

ဆြေဆေ အကျွေ ၉-ထုံး။ ။နတ်ခမ်းအရပ်မှ မြည်ထွက်လာသော အကျွေ မျိုး ၉-ပါး။ နတ်ခမ်း ၂-ခုကို ပြုပြင်၍ ရွတ်ဖတ်ရသည် ဟူလို။ "ပ, ဖ, ဗ, ဘ, မ, ဝ, ဥ, ဦ, ဩ"။

ဆြေဖော် မေတ္တာ ၇-ပါး။ ။မိန်းမ ယောကျ်ား စသည်အားဖြင့် ချည်သွန်း ကပ်ဆက်၍ ပို့သော မေတ္တာ။ (၁) သမ္မာ ဗုဒ္ဓဿ- မ, သတ္တဝါ

http://www.dhammadownload.com

အားလုံး၊ (၂) သမ္မေ ပုရိသာ-ဖို့, သတ္တဝါ အားလုံး၊ (၃) သမ္မေ အာဠိဟာ-အရိယာ ရှစ်ယောက်၊ (၄) သမ္မေ အနုရိယာ-ပုထုဇဉ် မှုန်းအမျှ၊ (၅) သမ္မေ ဒေဝါ-နတ် ငြဟ္မာ အားလုံး၊ (၆) သမ္မေ မနုဿာ-လူမျိုးအားလုံး၊ (၇) သမ္မေ ဝိနိပါတိကာ-ဝိနိပါတိက ပြိတ္တာမျိုးအားလုံး။

ခြေရန္ဆာဂိယ သံယောဇဉ်မျိုး ၅-ပါး။ ။ဂုဏ်းသရုပ်ကို (သံယောဇဉ် ၂-မျိုး) ဟူသော သုတေသနဥ် ရှုပါကုန်။

ဧကာက်ဖို့ဏ် ၃-ပါး။ ။အောက်ဖြစ်သော လောကုတ္တရာ ဝိပါက်စိတ်စု။ (၁) သောတာပတ္တိ ဖိုလ်၊ (၂) သကဒါဂါမိ ဖိုလ်၊ (၃) အနာဂါမိ ဖိုလ်။

ဧကာက်မဂ် ၃-ပါး။ ။အောက်ဖြစ်သော လောကုတ္တရာ ကုသိုလ်စိတ်စု။ (၁) သောတာပတ္တိ မဂ်၊ (၂) သကဒါဂါမိ မဂ်၊ (၃) အနာဂါမိ မဂ်။

ဧကာက်မြစ်သံ, ကောက်သံ ၁၈-ပါး။ ။ကဗျာလင်္ကာ စပ်ဆိုရာ၌ "ဘယ်သံ ၁၈-ပါး"ကိုပင် ကောက်မြစ်သံ ဟူ၍ဝင်း, ကောက်သံ ဟူ၍ဝင်း ဧခေါ်သည်မှတ်။

ဧကာင်ကြောင်းတရား ၄-ပါး။ ။ဟိတေဝပဒေသမှ။ (၁) မိမိထက် ဖြင့်ဖြတ်သူကို နှိမ့်ချရှိသေမှုပြု၍ ကောင်ရာ၏၊ (၂) ဖိုလ်ပါသူရဲကို ဧဖေါ်ခဲ့၍ ကောင်ရာ၏၊ (၃) ကောက်လက်ယေ်သားကို ကံကိုးလက် ဆောင်ပေး၍ ကောင်ရာ၏၊ (၄) ကိုယ်, ရင်, ဦး တူကို ကြိုးစားမှု လုံ့လပြု၍ ကောင်နိုင်ရာ၏။

ဧကာင်ခြင်း ဂ-ပါး။ ။ရန်သူများကို ကောင်နိုင်မှု၌ ပိဋ္ဌကတ်တော်တွင် ထင်ရှားသော ဘုရားရှင်၏ အပြင်ကောင်ခြင်း ရှစ်ပါး။ (၁) မာရ်နတ်မင်း၊ (၂) အာဠာဝက ဘီလူးမင်း၊ (၃) နာဠာဂီရိ ဆင်မင်း၊ (၄) အင်္ဂုလိမာလ ခိုးသူကြီး၊ (၅) မိန်းမယုတ် စိဉ္စမာန်၊ (၆) သစ္စက ပရိဗိုဇ်၊ (၇) နန္ဒောပနန္ဒ နဂါးမင်း၊ (၈) ဗက ငြဟ္မာမင်း။

ဧကာင်နိုင်ခြင်းတရား ၅-ပါး။ ။ဧမမ္ပဒ ။ဌ။ ဒု-အုပ်။ ၆၆-၂၁၂။ မိလိန္ဒပဉ္ဟာပါဠိတော် ၁၂၁-တို့၌ အကျယ်ရှုပါ။ မြတ်စွာဘုရားသခင် ဟောတော်မူသည်။ (၁) အ ကောဓေန ကောဓံ ဇိနာတိ-ဒေါသအမျက် ထွက်နေသူကို မာမျက်မထွက်သဖြင့် ကောင်နိုင်ခြင်း၊ (၂) အ သာဓုံ

http://www.dhammadownload.com

သာဓုနာ ဇနာတိ-မကောင်းယုတ်မာသူကို ကောင်းသဖြင့် အောင်နိုင်ခြင်း၊ (၃) ကဒရိယံ ဒါနေန ဇနာတိ-စေးနဲဝန်တိုသူကို ပေးကမ်းခြင်းဖြင့် အောင်နိုင်ခြင်း၊ (၄) အလိကံ သစ္စေန ဇနာတိ-မဟုတ်မမှန် ဖေါက်ပြန်ချုတ်ယွင်း သစ္စာကင်းသောသူကို မှန်ကန် တော်ဖြောင့်ခြင်းဖြင့် အောင်နိုင်ခြင်း၊ (၅) သမ္မ အကုသလံ ကုသလေန ဇနာတိ-ခပ်သိမ်းသော အကုသလမှု ပါပအမှုကို ကုသိုလ်တရားဖြင့် အောင်နိုင်ခြင်း။

[အို]

အိုး ၄-မျိုးနှင့် ပုဂ္ဂိုလ် ၄-ပါး။ ။အောက်ပါအတိုင်း အိုး ၄-မျိုးကို ပုဂ္ဂိုလ် ၄-ပါးနှင့် ဥပမာထား၍ ဟောကြားချက်။ (၁) တုစ္ဆော ပိဟိတော-အတွင်း၌ ဘာမျှမရှိဘဲ အပြင်၌ အမြင်ကောင်းအောင် သပ်သပ်ရပ်ရပ် ပိတ်ထားသော အိုးမျိုး၊ (၂) ပူရော ဝိဝဋ္ဋော- အမြင်မကောင်းအောင် ဖွင့်လှစ်ထားသော်လည်း အတွင်း၌ အမှိုက်သုဒ္ဓါ တရားထူးတို့ဖြင့် ပြည့်နေသော အိုးမျိုး၊ (၃) တုစ္ဆော ဝိဝဋ္ဋော-ဖွင့်လှစ်၍လည်းထား အတွင်း၌လည်း ဘာမျှမရှိသော အိုးမျိုး၊ (၄) ပူရော ပိဟိတော- အတွင်း၌လည်း အမှိုက်တရားတို့ဖြင့် ပြည့်နှက်နေ၏၊ ကြည့်ရှုတွယ် ကောင်းအောင်လည်း သေသေသပ်သပ် ပိတ်ထားသော အိုးမျိုး။

အိုင်ကြီး ၇-အိုင်။ ။ပဋ္ဌကစာပေ၌ ထင်ရှား၍ ဟိမဝန္တာဌ်ရှိသော အိုင်ကြီးများ။ ထိုအိုင်ကြီးတို့သည် အသီးသီး ယူဇနာငါးဆယ်စီ နက်ကုန်၍ ယူဇနာငါးဆယ်စီ အလျား အနံ ပြန့်ကျယ်ကြကုန်၏၊ အဝန်းအဝိုင်း ပတ်လည်အားဖြင့် ယူဇနာ တရာ့ငါးဆယ်စီ ရှိကြကုန်၏။ အင်္ဂါတ္ထရအဋ္ဌကထာနှင့် ဇနာလင်္ကာရဋီကာ၌ အကျယ်ရှုလေ။ (၁) အနောတတ္တ အိုင်၊ (၂) ကဏ္ဏမုဏ္ဍ အိုင်၊ (၃) ရထကာရ အိုင်၊ (၄) ဆန္နဒ္ဒ အိုင်၊ (၅) ကုဏာလ အိုင်၊ (၆) မန္ဒာကိနီ အိုင်၊ (၇) သီဟ ပပါတ အိုင်။

အိုင်ကြီး ၁၈-အိုင်။ ။ကမ္ဘာပေါ်ရှိ ရေယာဒတုရန်းမိုင်ပေါင်း (၃,၈၀၀) ကျော် မိုင်အထက်ရှိသော အိုင်ကြီးများကိုသာ ဖေါ်ပြ ရေတွက်ခြင်း ပြုထားသည်။

http://www.dhammadownload.com

(၁) ကက်စပီယန် အိုင်ကြီး (မြေထဲပင်လယ်) (Caspian Sea) အာရှတိုက်နှင့် ဥရောပတိုက်တို့၏ အကြားဒွဲ့ တည်ရှိသည်။ ရေယာဒတုရန်းမိုင်ပေါင်း (၁၅၂,၂၄၉) နှင့် အလျား (၇၄၅)မိုင်ရှိသည်။ ၎င်း၏ ရေအနက်ဆုံးသောနေရာမှာ (၃,၁၀၄) မိုင် ရှိ၍ ပင်လယ် ရေပြင်အောက် (၉၆)ပေ ရှိသည်။

(၂) ဆူပီးရီးယား အိုင် (Superion) မြောက် အမေရိကတိုက်၊ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့၏ အကြားဒွဲ့ တည်ရှိ၏၊ ရေယာ စတုရန်းမိုင်ပေါင်း (၃၁,၀၂၀) နှင့် အလျား (၃၀၃) မိုင် ရှိသည်၊ ၎င်း၏ ရေအနက်ဆုံးနေရာမှာ (၁,၃၃၃) မိုင်ရှိလျက် ပင်လယ်ရေပြင်အထက် ပေပေါင်း (၆၀၂) ပေ မြင့်သည်။

(၃) ဗစ်တိုရီယား အိုင် (Victoria) အာဖရိကတိုက်၏ ရှေ့အလယ်ပိုင်းဒွဲ့ တည်ရှိလျက် ရေယာ စတုရန်းမိုင်ပေါင်း (၂၆,၀၂၀) နှင့် အလျား (၂၀၀) မိုင် ရှိသည်၊ ၎င်း၏ ရေအနက်ဆုံးနေရာမှာ (၂၇၀) မိုင် ရှိ၍ ပင်လယ်ရေပြင်၏အထက် အမြင့်ပေ (၃,၇၁၇) ရှိသည်။

(၄) အေရဲလ် အိုင် (Arul) အာရှတိုက် ဆိုဗီယက်ယူနီယံ နိုင်ငံအတွင်းဒွဲ့ တည်ရှိ၍ ရေယာစတုရန်းမိုင်ပေါင်း (၂၅,၆၅၉) နှင့် အလျား (၂၆၆) မိုင်ရှိလျက် ၎င်း၏ ရေအနက်ဆုံးနေရာမှာ (၂၂၃) မိုင် ရှိသည်၊ ပင်လယ်ရေပြင်၏အထက် အမြင့်ပေ (၁၆၄) ရှိသည်။

(၅) ဟူရွန် အိုင် (Huron) မြောက်အမေရိက အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့၏ အကြားဒွဲ့ တည်ရှိလျက် ရေယာစတုရန်းမိုင်ပေါင်း (၂၃,၈၁၀) နှင့် အလျား (၂၄၇) မိုင် ရှိသည်၊ ၎င်း၏ ရေအနက်ဆုံးနေရာဒွဲ့ (၂၅၀) မိုင်ရှိ၍ ပင်လယ်ရေပြင်၏ အထက် အမြင့်ပေ (၅၈၁) ရှိသည်။

(၆) မစ်ချီဂန် အိုင် (Michigan) မြောက်အမေရိကတိုက် အမေရိကန်ပြည်ထောင်စုဒွဲ့ ရှိသည်၊ ရေယာစတုရန်းမိုင်ပေါင်း (၂၂,၄၀၀) နှင့် အလျားမိုင် (၃၂၁) ရှိသည်၊ ၎င်း၏ ရေအနက်ဆုံးနေရာမှာ (၉၂၃) မိုင်ရှိ၍ ပင်လယ်ရေပြင်အထက် အမြင့်ပေ (၅၈၁) ရှိသည်။

http://www.dhammadownload.com

(၇) တန်ဂန်ယိက အိုင် (Tanganyika) အာဖရိကတိုက်၏ အဓိက အလယ်ပိုင်း၌ တည်ရှိသည်၊ ဧရိယာ စတုရန်းမိုင်ပေါင်း (၁၂,၇၀၁) နှင့် အလျားမိုင် (၄၂၀) ရှိသည်၊ ဂုဏ်၏ ရေအနက်ဆုံး နေရာမှာ (၄,၇၀၈) မိုင် ရှိသည်၊ ပင်လယ်ရေပြင်၏အထက် အမြင့်ပေ (၂,၃၂၄) ရှိသည်။

(၈) ဘေကဲလ် အိုင် (Baikal) အာရှတိုက် ဆိုဗီယက်ယူနီယံ နိုင်ငံ အတွင်း၌ ရှိသည်၊ ဧရိယာစတုရန်းမိုင်ပေါင်း (၁၂,၁၆၂) နှင့် အလျား (၃၉၅) မိုင် ရှိသည်၊ ဂုဏ်၏ ရေအနက်ဆုံးနေရာမှာ (၅,၇၁၂) မိုင် ရှိလျက် ပင်လယ်ရေပြင်ထက် အမြင့်ပေ (၁,၄၈၆) ရှိသည်။

(၉) ဂရိတ်ဘဲယား အိုင် (Great Bear) မြောက်အမေရိကတိုက် ကနေဒါနိုင်ငံအတွင်း၌ ရှိသည်၊ဧရိယာစတုရန်းမိုင်ပေါင်း (၁၂,၀၀၀) နှင့် အလျားမိုင် (၂၃၂) ရှိသည်၊ ဂုဏ်၏ ရေအနက်ဆုံး အပိုင်းမှာ (၂၂၀) မိုင် ရှိသည်၊ ပင်လယ်ရေပြင်အထက် အမြင့်ပေ (၃၉၁) ရှိသည်။

(၁၀) ညာဆာ အိုင် (Nyasa) အာဖရိကတိုက်၏တောင်ပိုင်း၌ ရှိသည်၊ ဧရိယာစတုရန်းမိုင်ပေါင်း (၁၁,၆၀၀) နှင့် အလျားမိုင် (၃၆၀) ရှိသည်၊ရေအနက်ဆုံးနေရာမှာ (၂,၃၁၆) မိုင် ရှိလျက် ပင်လယ်ရေပြင် အထက် အမြင့်ပေ (၁,၅၅၀) ရှိ၏။

(၁၁) ဂရိတ်စလေ့ အိုင် (Great Slave) မြောက်အမေရိကတိုက် ကနေဒါနိုင်ငံ၌ တည်ရှိသည်၊ ဧရိယာစတုရန်းမိုင်ပေါင်း (၁၁,၁၇၀) နှင့် အလျား (၂၉၀) မိုင် ရှိသည်၊ ရေအနက်ဆုံးအပိုင်း၌ (၂,၀၁၅) မိုင် ရှိလျက် ပင်လယ်ရေပြင်အထက် အမြင့်ပေ (၄၉၅) ရှိသည်။

(၁၂) ချဒ် အိုင် (Chad) အာဖရိကတိုက်အလယ်ပိုင်း ချဒ်နိုင်ငံအတွင်း၌ တည်ရှိသည်၊ ဧရိယာ စတုရန်းမိုင်ပေါင်း (၉,၉၄၆) ရှိ၍၊ အလျားမိုင် (၁၃၀) ရှိသည်၊ ရေအနက်ဆုံးနေရာမှာ (၂၃) မိုင်ရှိ၍ ပင်လယ် ရေပြင်အထက်သို့ (၉၂၂) ပေ မြင့်သည်။

http://www.dhammadownload.com

(၁၃) အီးရီးအိုင်(Erie)မြောက်အမေရိကတိုက် အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့၏ အကြားဒွ် တည်ရှိသည်၊ ရေယာစတုရန်းမိုင်ပေါင်း (၉,၉၃၀) ရှိသည်၊ အလျားမိုင်ပေါင်း (၂၄၁) ရှိသည်၊ ရေအနက်ဆုံးနေရာမှာ (၂၁၀) မိုင်ရှိ၍ ပင်လယ်ရေပြင်အထက် ပေ(၅၇၂) မြင့်သည်။

(၁၄) .ဝင်နီပက် အိုင် (Winnipeg) မြောက်အမေရိကတိုက် ကနေဒါနိုင်ငံအတွင်းဒွ် ရှိသည်၊ ရေယာ စတုရန်းမိုင်ပေါင်း (၉,၀၉၄)ရှိပြီး အလျား (၂၆၄)မိုင် ရှိသည်၊ ရေအနက်ဆုံးအပိုင်းမှာ (၂၀၄) မိုင် ရှိ၍ ပင်လယ်ရေပြင်အထက် (၇၁၃) ပေ မြင့်သည်။

(၁၅) အွန်တာရီယို အိုင် (Ontario) အမေရိကန် ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့၏အကြားဒွ် ရှိသည်၊ ရေယာ စတုရန်းမိုင်ပေါင်း (၇,၅၂၀) ရှိ၍. အလျားမိုင် (၁၉၃)ရှိသည်၊ ရေအနက်ဆုံး နေရာမှာ(၇၇၈)မိုင် ရှိလျက် ပင်လယ်ရေပြင်အထက်(၂၄၆)ပေမြင့်သည်။

(၁၆) ဘားလ်ကတ်ရှ် အိုင် (Balkash)အာရှတိုက် ဆိုဗီယက်ယူနီယံနိုင်ငံအကွင်းဒွ် ရှိသည်၊ ရေယာဈ တုရန်းမိုင်ပေါင်း (၇,၁၁၅) ရှိသည်၊ အလျား (၃၇၉)မိုင်ရှိ၍ ရေအနက်ဆုံးနေရာမှာ (၇၈)မိုင် ရှိသည်၊ ပင်လယ်ရေပြင်အထက် (၁,၁၁၂)ပေ မြင့်သည်။

(၁၇) လာဒိုဂါ အိုင် (Ladoga) ဆိုဗီယက်ယူနီယံနိုင်ငံအတွင်း ဥရောပတိုက် အပိုင်းဒွ် တည်ရှိသည်၊ ရေယာ စတုရန်းမိုင်ပေါင်း (၇,၀၀၀) ရှိ၍ အလျား (၁၂၄) မိုင်ရှိသည်၊ ၎င်း၏ ရေအနက်ဆုံး နေရာမှာ (၇၃၈) မိုင်ရှိလျက် ပင်လယ်ရေပြင်အထက်(၅၅)ပေ မြင့်သည်။

(၁၈) အိုနီဂါ အိုင် (Onega)ဆိုဗီယက်ယူနီယံနိုင်ငံအတွင်း ဥရောပတိုက် အပိုင်းဒွ် ရှိသည်၊ ရေယာ စတုရန်းမိုင်ပေါင်း(၃,၈၁၉) ရှိ၍ အလျား မိုင် (၁၅၄)မျှရှိသည်၊ ရေအနက်ဆုံးအပိုင်းမှာ (၃၆၀) မိုင် ရှိပြီး ပင်လယ်ရေပြင်၏အထက် (၁၀၈)ပေ မြင့်သည်။

http://www.dhammadownload.com

[၈]

ကံ ၃-ပါး။ ။ကိုယ်, နှုတ်, စိတ်တို့ဖြင့် ပြုလုပ်သော ကောင်းမှု မကောင်းမှု မျိုး။ (၁) ကာယကံ-ကိုယ်ဖြင့်ပြုသော အမှု၊ (၂) ဝစီကံ- နှုတ်ဖြင့် ပြုသော အမှု၊ (၃) မနောကံ-စိတ်ဖြင့်ပြုသော အမှု။

ကံ ၅-ပါး။ ။လူတိုင်း စောင့်ထိန်းအပ်သော တရား ၅-ပါးဖြစ်သည်။ ၎င်းကို ပင် ငါးပါးသီလ ဟူ၍၎င်း၊ ကမ္ဘာစောင့် တရား ဟူ၍၎င်း၊ နိစ္စသီလ ဟူ၍၎င်း ခေါ်ဝေါ်ကြကုန်၏၊ သရုပ်ကို (ငါးပါးသီလ)၌ ရှုလေ။

ကံ ၁၀-ပါး။ ။ဒုစရိုက်ဆယ်ပါး, သုစရိုက်ဆယ်ပါး, ကုသလကမ္မပထ တရား ဆယ်ပါး, အကုသလ ကမ္မပထ တရား ဆယ်ပါး, ကုသိုလ်မျိုး ဆယ်ပါး, ပုညကြိယာ ဝတ္ထု ဆယ်ပါးတို့ကို သာမန်အားဖြင့် "ကံဆယ်ပါး"ဟု ခေါ်ကြ၏၊ သရုပ်ကို ဆိုင်ရာ စကားရပ်တို့၌ ယူပါကုန်။

ကံကြမ္မာ ၃၂-ပါး။ ။သင္ဆာယတနသံယုတ် ။၄။ ၆၂။ မဟာနိဒ္ဒေသ ။ပါ။ ၂၀၉ ။၄။ ၃၄၀။ ဒုကဂ်ုတ္တရ ကမ္မကရဏဝဂ် ။ပါ။ နှင့် ။၄။ မူလပဏ္ဏာသ ။ပါ ။၁၂၁ ။၄။ ပ-အုပ်။ ၃၆၃-စသည်တို့၌ အချို့အဝက်စီ ပါရှိ၏၊ အပြည့်အစုံ ရှာမရချေ။ မင်းပြစ်မင်းဒဏ် သင့်သူထို ခံရသည့် ညှဉ်းဆဲ မှုများ။ (၁) ဆူးဖြိုသော ကြိမ်ဖြင့် ရိုက်ခြင်း၊ (၂) ဆူးမရှိသော ကြိမ်ဖြင့် ရိုက်ခြင်း၊ (၃) တုတ်တို ဆောက်ပုတ် နံပါတ်တုတ်ဖြင့် ရိုက်ခြင်း၊ (၄) လက်ကို ဖြတ်ခြင်း၊ (၅) ခြေကို ဖြတ်ခြင်း၊ (၆) နားကို ဖြတ်ခြင်း၊ (၇) နာခေါင်းကို ဖြတ်ခြင်း၊ (၈) နား, နာခေါင်းကို ဖြတ်ခြင်း၊ (၉) ဦးခေါင်းခွံကို ခွါ၍ ပူလွန်းသော သံတွေကို ထည့်သဖြင့် ကြိုက်ကြိုက်ဆူ အောင် ပြုခြင်း၊ (၁၀) နားပန် အပိုင်းအခြားရှိ အရေနှင့် တကွသော ဆံပင်ကို နှုတ်၍ ကြမ်းထန်းသော ကျောက်ဖြင့် ပွတ်တိုက်လျက် ခရုသင်း ထွယ်ပြုစေအောင် ပြုခြင်း၊ (၁၁) သံတံကျင်ဖြင့် ခံတွင်းကို ဖွင့်စေ၍ မီးညှိ ထည့်ခြင်း၊ မျက်နှာကို ပခွပ်ဖြင့် ရွေ၍ ခံတွင်း၌ သွေးပြည့်စေလျက် ရေကို ငုံသော ရာဟုသဖွယ် ပြုစေခြင်း (၁၂) ကိုယ်အလုံးကို ဆီစိမ်သော အဝတ် ဖြင့် ရစ်ပတ်စေ၍ မီးညှိသဖြင့် ဆီမီးတိုင်သဖွယ်ပြုစေခြင်း၊ (၁၃) ထို့အတူ လက်၌မီးညှိ၍ ဆီမီးတိုင်သဖွယ်ပြုစေခြင်း၊ (၁၄) ရေမျိုအောက်မှစ၍ ဗျက်တိုင်အောင် အရေခွာပြီးမှ ကြိုးဖြင့်ဖွဲ့စည်း ဆွဲငင်လျက် မိမိအရေကို

http://www.dhammadownload.com

နယ်ကန်စေသဖြင့် ပိတ်မြက်ရွက်သဖွယ် အရေခွါခြင်းကို ပြုခြင်း၊ (၁၅) လက်မှစ၍ အရေခွါသဖြင့် ခါးဥထားခြင်း၊ ခါးမှစ၍ အရေခွါသဖြင့် ဖမျက်ဥ ထားခြင်း၊ (၁၆) တတောင် နှစ်ဖက်ဥ သံခြေကျဉ်းခတ်၍ သံချောင်း နှက်ပြီးသော် ထက်ဝန်းကျင်က မီးထည့်၍ လေးဘက် တွားယျက် ရှိစေခြင်း၊ (၁၇) နှစ်ဖက် အသွားရှိသော ငါးများချိတ်ဖြင့် ချိတ်၍ အရေ အသား အကြောတို့ကို ကွာလျှော ကျစေခြင်း၊ (၁၈) ထက်လှစွာသော ပဲခွပ်ဖြင့် ရွေလျက် တသပြာမျှ လောက်သော သားတစ်ဖတ် ကလေးတွေကို ကျစေခြင်း၊ (၁၉) ထိုထိုကိုယ် အစိတ်အပိုင်းဥ လုံ ငါးများချိတ်စသည်တို့ဖြင့် ထိုးချိတ်ခပ်နှိပ်၍ ဝက်မှင်ဘီးဖြင့် ဆားငန်ရေ စသည်ကို ပွတ်၍ အရေ အသား အကြောတို့ကို လျှောကျစေလျက် အရိုးသာ တည်စေခြင်း၊ (၂၀) နံပါးတဖက် စောင်းအိပ်စေလျက် နားထင်ကို သံတံကျင်နှင့် မြောယ်ကျအောင် နှက်သွင်းပြီးမှ ခြေဖျားမှ ကိုင်၍ လှည့်ခြင်း၊ (၂၁) အပေါ် အရေ အသားတို့ကို မစုတ်မပဲ့စေဘဲ ကျောက်တုံးဖြင့် အရိုးကို ထုပြီးသော် ဆံဖြင့်ရစ်၍ ခွေလျက်ထားခြင်း၊ (၂၂) ကြိုက်ကြိုက်ဆူသောဆီပူဖြင့် လောင်းခြင်း၊ (၂၃) နှစ်ရက် သုံးရက်မျှ အစာငတ်ထားပြီးသော ခွေးဆိုးတို့ကို ခဲစားစေခြင်း၊ သို့မဟုတ် ကြွက်တို့ကို သံချိုင့်တွင် ထည့်၍ ဝမ်းပိုက်ကို ကိုက်စေခြင်း၊ (၂၄) အသက်ရှင်လျက် တံကျင်ဥ လျှိုထားခြင်း၊ (၂၅) သံလျက်ဖြင့် ဦးခေါင်းကို ဖြတ်ခြင်း၊ (၂၆) ပူစွာသော သံတံကျင်ကို လက်ဝဲလက်ဥ စိုက်ခြင်း၊ (၂၇) ပူစွာသော သံတံကျင်ကို လက်ျာလက်ဥ စိုက်ခြင်း၊ (၂၈) ပူစွာသော သံတံကျင်ကို လက်ဝဲခြေဥ စိုက်ခြင်း၊ (၂၉) ပူစွာသော သံတံကျင်ကို လက်ျာခြေဥ စိုက်ခြင်း၊ (၃၀) ပူစွာသော သံတံကျင်ကို ရင်ဝဥ် စိုက်ခြင်း၊ (၃၁) ထားမတို့ဖြင့် ရွေခြင်း၊ (၃၂) ပဲခွပ်တို့ဖြင့် ရွေခြင်း။

ကံကြီး ၅-ပါး၊ ကျူးလွန်ငြား၊ ကျသွား အဝီစိ။ ။ပဥ္စာနန္တရိယကံကို ခေါ်သည်၊ ၎င်း သရုပ် အဓိပ္ပါယ်(ပဥ္စာနန္တရိယကံ ၅-ပါး)ဥ် ကြည့်ပါ။

ကင်းစီးအနက်၊ မျိုး ၄-ချက်၊ တင်ဆက် ဖြေတော်မူ။ ။ ၎င်ဟူသော သတ္တဝါကို ဂဏန်း၊ အက္ခရာပေါ်ဥ် တင်ထားလျှင် ကင်းစီးခေါ်၏။ (၁) တင်း ကင်းစီး-၁, ၂, ဆန် ပဲ စသည် ချင်တွယ်ရာဥ် တတင်း နှစ်တင်း အနက်၊ (၂) တောင် ကင်းစီး ၁, ၂, သစ်ဝါးစသည်

http://www.dhammadownload.com

တိုင်းရာ၌ တတောင် နှစ်တောင် အနက်၊ (၃) အင်္ဂါ ကင်းစီး -ဝ်, ၂, ပေစာ၌ တအင်္ဂါ နှစ်အင်္ဂါဟူသော အနက်၊ "က-မှ၊ ကား- အထိ-၁၂-ရွက်ကို တအင်္ဂါ ခေါ်သည်" (၄) ဇင်း ကင်းစီး ဝ်, ၂, ပိတ်ဖျင်တို၌ တဇင်း နှစ်ဇင်းဟူသော အနက် "၂၄-တောင်ရှိသော ဖျင်အုပ်ကို တဇင်းဟု ခေါ်၏"။

ကင်းထောက်လုလင်၊ ကမ္ဘာတွင်၊ ကြည်လင် ဝတ် ၁၀-ပါး။ ။ကမ္ဘာ့ ကင်းထောက်လုလင်တိုင်း လိုက်နာကျင့်သုံးအပ်သော ဥပဒေ ဆယ်ပါးဟု အကျဉ်းမှတ်ပါ။ (၁) သူတပါး၏ ယုံကြည်ကိုးစားမှုကို ခံယူနိုင်သော ဂုဏ်သိက္ခာ ရှိရမည်၊ (၂) တည်ကြည်ဖြောင့်မတ်မှု သစ္စာတရား ရှိရမည်၊ (၃) အသုံးဝင်သည့်နည်းနှင့် တပါးသူဟို့အား အကူအညီပေးရမည့် ဝတ္တရားနှင့် ပြည့်စုံရမည်၊ (၄) လူတိုင်း၏ အဆွေခင်ပွန်းလည်း ဖြစ်စေ၍ မိမိတို့ချင်းလည်း ညီရင်းအစ်ကိုကဲ့သို့ မှတ်ထင်ရမည်၊ (၅) ယဉ်ကျေးသိမ်မွေသော ကိုယ်, နှုတ်, စိတ် ရှိရမည်၊ (၆) တိရစ္ဆာန်တို့၏ အဆွေခင်ပွန်းလည်း ဖြစ်ရမည်၊ (၇) အခက်အခဲဟူသမျှနှင့် ကြုံတိုင်း ပြုံးရွှင်ကြည်လင်စွာ ရင်ဆိုင်ရမည်၊ (၈) အထက်အမိန့်ကို တသွေမတိမ်း နာခံရမည်၊ (၉) ချွေတာစွာ သုံးစွဲရမည်၊ (၁၀) ကိုယ်, စိတ်, နှုတ် အပြုအမူ အားလုံး သန့်ရှင်းစင်ကြယ်ရမည်။

ကစားသမားတို့ အပြစ် ဖ-ပါး။ ။သုတ်ပါထေယျ ။ပ'ါ။ ၁၄၉ ။ဌ။ ၁၂၉။ဂင်း သရုပ်။ (၁) နိုင်သူရန်ပွား၊ (၂) ရှုံးလျှင် စိုးရိမ်၊ (၃) ပစ္စည်း ဥစ္စာကုန်ခန်း၊ (၄) သူတပါးတို့ အယုံအကြည် ကင်းမဲ့၊ (၅) ဆွေမျိုး မိတ်ဆွေကောင်းတို့နှင့် ကင်းကွာ၊ (၆) အိမ်ထောင်ပြုဘက် မရှိတတ် ခြင်းများ။

ကဆုန်လ၏ မှတ်သားဘွယ်ကြိုး ၁၆-ချက်။ ။ကဆုန်လနှင့် စပ်၍ မှတ်သားဘွယ် အချက်များကား ၁၆-ချက်မျှ အကျဉ်းတွေ့၏။ (၁) အလောင်းတော် သုဓမဓာသည် ဒီပင်္ကရ မြတ်ဗုဒ္ဓဘုရားထံ နိယတဗျာဒိတ် ခံယူသော လ၊ (၂) အလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသော လ၊ (၃) တောဝယ်တော်မူသော လ၊ (နာနာဆန္ဒပ္ပါ) (၄) သစ္စာ ၄-ပါးနှင့်တကွ ဘုရားအဖြစ်ကို ရယူသော လ၊ (၅) ပရိနိဗ္ဗာန် စံဝင်တော်မူသော လ၊ (၆) ဗောဓိမင်္ဂြိတ်ကို ညောင်ဗေခာတ် သွန်းလောင်း

http://www.dhammadownload.com

သော လ၊ (၇) စကားပန်း ပွင့်သော လ၊ (၈) ဝိသာခါနက္ခတ်နှင့် စန်းယှဉ်၍ ပြည့်သော လ၊ (၉) တံငါတာရာ ထွန်းသော လ၊ သက္ကဋ နက္ခတ္တဒီပနီအလို ဆင်တာရာ ထွန်းသော လ၊ (၁၀) နေ့နာရီ ၃၂၊ ညနာရီ ၂၀-ရှိသော လ၊ (၁၁) ရက်စုံသတ်သော လ၊ (၁၂) နဂါး ဦးခေါင်း အနောက်, မြောက်မှာ ဝမ်းပြင့်, တောင်ခွင်ကျောသား, မြီးကား အရှေ့သို့ ထားသော လ၊ (၁၃) စနေ ကြာသပတေး ရက်ရာဇာ, ဗုဒ္ဓဟူး သောကြာ ပြဿဒါး ဖြစ်သော လ၊ (၁၄) နှစ်ဖဝါးဖြင့် မွန်းတည့် သော လ၊ (၁၅) ပြိဿရာသီ မည်သော လ၊ (၁၆) ဖွားဘက်တော် ၇-ပါး ပေါက်ဖွား ဖြစ်ပေါ်သော လ။

မှတ်ချက်။ ။တောထွက်ကြောင်း နှစ်မူကွဲရာ အောက်ပါ နာနာဆန္ဒပ္ပုိ အရ ပြလိုက်သည်၊အကျယ် ကျွန်ုပ်တို့ "စံပြမြန်မာအဘိဓာန်"၌ က-ပိုင်းမှာ ကြည့်ပါ။

"ရွှေနန်းတော်ထက်၊ လရက်လှည့်ပြောင်း၊ နှစ်ပေါင်းဆယ့်သုံး၊ ပွားပြုံးတေဇာ၊ အာကာလန်းလူ၊ စံတော်မူ၍၊ တွက်ယူ ပြဲ့ပြဲ့၊ ကိုးဆယ့်ခုနစ် (၉၇)၊ သက္ကရာဇ်ကျ၊ ကဆုန်လတွင်၊ ပြည့်ထဓန္ဒာ၊ သန်းခေါင်ခါ၌၊ လေးဖြာနိမိတ်၊ သံဝေဟိတ်ကြောင့်၊ ရှင်စိတ် နှစ်သက်၊ တောသို့ထွက်သော်၊" (မုံရွာ)

ကညာမျိုးပြား ၃-ပါး၊ ၄-ပါး၊ ၇-ပါး၊ ၉-ပါး။ ။ဂုဇ်း သရုပ်ကို (အပျိုစဉ် မျိုး ၃-ပါး၊ ၄-ပါး၊ ၇-ပါး၊ ၉-ပါး)၌ ပြခဲ့ပြီ။

ကဏ္ဍ အက္ခရာ ၁၀-လုံး။ ။လည်ခေါင်း. အရပ်၌ ဖြစ်ပေါ်တတ်သော အက္ခရာ ဆယ်လုံး ဟူလို။ ။အ, အာ, က, ခ, ဂ, ဃ, င, ဟ, ဧ, ဩ။

ကတော်ကြီး ၄-ပါး။ ။မှော်ပညာနှင့် အောက်လမ်း ပယောဂဆရာတို့ အသုံးပြုသော ကတော်ကြီး လေးပါးဟူ၏။ (၁) အနောက်ဖက် ရှင်မ ကကော်၊ (၂) မြောက်ဖက် ရှင်မကတော်၊ (၃) ရေယဉ်ကတော်၊ (၄) နွဲ့ကတော်။

ကတော် ၇-ပါး။ ။ကဝေသာရ ဆရာတို့အလို။ (၁) ယော, ကတော်၊ (၂) ဇနှာ, ကတော်၊ (၃) ရေယဉ်, ကတော်၊ (၄) စကြာရှင်,

http://www.dhammadownload.com

ကတော်၊ (၅) အနောက်ဖက်ရှင်မ, ကတော်၊ (၆) စံကားရှင်မ, ကတော်၊ (၇) မြောက်ဖက်ရှင်မ, ကတော်။

ကထာ ၃-ရပ်၊ ပိဋကတ်၊ မိန့်မှတ် သာသနာ။ ။ပိဋက ၃-ပုံကို ကထာ အားဖြင့် ပြားသော် ၃-ပါးဟူ၏။

(၁) သံဝရ သံဂရ ကထာ-ကိုယ်နှုတ် နှစ်ပါးတို့ဖြင့် ကျူးလွန်မှု များ၏ ဆန့်ကျင်ဘက် ဖြစ်သော စောင့်စည်းခြင်း တရားခေါ် ဝိနည်းပိဋက အဆုံးအမတော်။

(၂) ဒိဋ္ဌိ ဝိနိဝေဓန ကထာ-၆၂-ပါးသော ဒိဋ္ဌိတို့၏ အယူအစွဲ အထုံး အဖွဲ့တို့ကို ဖြေခွဲဖျဉ်ရှင်းခြင်းငှါ ဟောကြားတော်မူအပ် သော သုတ္တန်ပိဋက စကားတော်။

(၃) နာမရူပ ပရိစ္ဆေဒ ကထာ-ရုဂ, အတ္တ စသော ကိလေသာ တို့၏ ဆန့်ကျင်ဘက်တရား နာမ် ရုပ် များကို ပိုင်းခြား ဝေဘန်၍ ဟောကြား ဆုံးမတော်မူအပ်သော အဘိဓမ္မာ ပိဋက စကားတော်။

ကထာမျိုး ၇-ပါး။ ။ကောင်း, မကောင်း, စကားမျိုး ၇-ပါးလည်းဟူ၏။ (၁) တိရစ္ဆာန ကထာ-သူတော်ကောင်းတို့ အလိုမရှိသော မဂ်ဖိုလ်မှ ဖီလာကန့်လန့် စကား ဟူသမျှ၊ တိုင်းရေး ပြည်ရေး သားရေး သမီးရေး စကားမျိုး၊ (၂) ဒါန ကထာ-စွန့်ကြဲ ပေးကမ်း လှူဒါန်းမှု စကား၊ (၃) သီလ ကထာ-သီလနှင့် စပ်သော စကား၊ (၄) သဂ္ဂ ကထာ-နတ်ရွာနှင့် စပ်သော စကား၊ (၅) မဂ္ဂ ကထာ-ဈာန် မဂ်ဖိုလ်နှင့် စပ်သော စကား၊ (၆) ကာမာဒီနဝ ကထာ-ကာမဂုဏ်၏ စက်ဆုပ် ဖွယ်ရာ အပြစ် စကား၊ (၇) နေက္ခမ္မာနိသံသ ကထာ-ကာမတရား စွန့်ပယ်ရှားရေး အကျိုးကျေးဇူး စကား။

ကထာမျိုး ၁၀-ပါး။ ။မူလပဏ္ဏာသ ။ပါ။ ၁၉၉ ။ဌ။ ဒု-အုပ်၊ ၄၀-မှ ၄၄-ထိ ရှုပါ။ ကောင်းစွာဟောအပ်သော ကထာဝတ္ထုခေါ် စကား အပြား ဆယ်ပါးဟူ၏၊ အကျယ်လိုမူ မဇ္ဈိမနိကာယ် ဝေဒလ္လသုတ်အဖွင့်၌ ရှုပါကုန်။ (၁) အပိစ္ဆာ ကထာ-အလိုနည်းမှုနှင့် စပ်သော စကား၊ (၂) သန္တုဋ္ဌိ ကထာ- ရောင့်ရဲလွယ်မှုနှင့် စပ်သော စကား၊ (၃) ပဝိဝေက ကထာ-ဆိတ်ငြိမ်မှုနှင့် စပ်သော စကား၊ (၄) အ, သံသဂ္ဂ ကထာ-

http://www.dhammadownload.com

ဂါဃယသံသဂ္ဂစသည်နှင့် မနှီးနှော မရောပြွမ်းသော စကား၊ (၅) ဝိရိယာရမ္ဘ ကထာ-ကောင်းစွာ အားထုတ်ခြင်းနှင့် စပ်သော စကား၊ (၆) သီလကထာ-ပဉ္စ, အဋ္ဌ, ဒသ သီလနှင့် စပ်သော စကား၊ (၇) သမာဓိကထာ-ဥပစာရ သမာဓိ, အပ္ပနာ သမာဓိ စသည်နှင့် စပ်သော စကား၊ (၈) ဉာဏ ကထာ-လောကီပညာ လောကုတ္တရာ ပညာရပ်တို့နှင့် စပ်ဆိုင်ရာ စကား၊ (၉) ဝိမုတ္တိ ကထာ-ဖိုလ်တရား လေးပါးတို့နှင့် စပ်သော စကား၊ (၁၀) ဝိမုတ္တိ ဉာဏဒဿန ကထာ-ပစ္စဝေက္ခဏာဉာဏ်နှင့် စပ်သော စကားစု။

ကထာမျိုး ၁၀-ပါး။ **တနည်း။** ။စကားအရာ လိမ်မာစေမှု နည်းညွှန်ပြသည့် ကထာမျိုး ၁၀-ပါး။ (၁) ကာလ ဝါဒီ-ဆိုရန် အချိန်သင့်မှ ပြောဆိုရခြင်း၊ (၂) ဘူတ ဝါဒီ-ဖြစ်သမျှကိုသာ လျော်စွာ ပြောဆိုရခြင်း၊ (၃) ဓမ္မ ဝါဒီ-တရားမျှတစွာ ပြောဆိုရခြင်း၊ (၄) သစ္စ ဝါဒီ-မှန်ကန်တိကျစွာ ပြောဆိုရခြင်း၊ (၅) အတ္ထ ဝါဒီ-အကျိုးရှိမည့် စကားကိုသာ ပြောဆိုရခြင်း၊ (၆) မိဟိတ ပုဗ္ဗ ဘာဏီ-အမြဲ ပြုံးရွှင်မှု ရှေရှိ၍သာ ပြောဆိုရခြင်း၊ (၇) မိတ ဘာဏီ-သင့် မသင့် ထောက်ချင့် ချိန်ဆ၍ သင့်မှ ပြောရခြင်း၊ (၈) အ, တုရိတ ဝါဒီ-အဆောတလျင် မပြောရခြင်း၊ (၉) ပေါရီ-အထက်တန်းစား, မြို့သုံး, နန်းသုံး စကားတို့ကို ဆိုရခြင်း၊ (၁၀) ဝိသဒ ဝါဒီ-လေယူ လေသိမ်း ဟန်ကျလျက် ပြီသစွာ ပြောဆိုရခြင်း။

ကထိန်အာနိသင် ၅-ပါး။ ။ကထိန်ခင်းခံရသော ရဟန်းတော်များ ခံစားရသည့် ကထိန်အကျိုး ၅-ပါး ဟူလို။ အကျယ် ကထိန သိက္ခာပုဒ်နှင့် အဋ္ဌကထာ ဋီကာတို့မှာ ရှု။ (၁) အနာမန္တ စာရ-ထင်ရှားရှိသော ရဟန်းကို မပန်ကြားမူ၍ မြို့တွင်း ရွာတွင်း ဆွမ်းဖိတ်ရာ အိမ်သို့ သွားနိုင်ခြင်း၊ (၂) အ, သမာဒါန စာရ-အဓိဋ္ဌာန်တင်ပြီး ဆောင်သော သင်္ကန်းကို မယူမူ၍ သွားနိုင် နေနိုင်ခြင်း၊ (၃) ယာဝ ဒတ္ထ စီဝရ-အလိုရှိတိုင်း သင်္ကန်းကို အဓိဋ္ဌာန် ဝိကပ္ပနာ မပြုမူ၍ ထားနိုင်ခြင်း၊ (၄) ဂဏ ဘောဇန-ထမင်းစား ကြွပါ စသည်ဖြင့် မအပ်သော ဖိတ်ခြင်းရှိသော ဂဏဘောဇဉ်ကို စားနိုင်ခြင်း၊ (၅) ကထိန်ခင်းသော ကျောင်းတိုက်၌ ကထိန်ခင်းပြီးနောက် တပေါင်းလပြည့်နေ့အတွင်း သံဃာအားလှူသော သင်္ကန်း

http://www.dhammadownload.com

လျှာပုဆိုးကိုငင်း၊ သို့မဟုတ် သင်္ကန်းကိုငင်း၊ ထိုကျောင်းတိုက်ရှိ ကထိန်အနုမောဒနာ ပြုသော ရဟန်းတို့သာ ရနိုင်ခြင်း။

ကထိန်ခင်းမည့် ရဟန်း၏ အင်္ဂါ ၈-ပါး။ ။ဎင်းအင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းမှသာ ကထိန်ခင်းထိုက်သည် ဟူ၏၊ အဓိပ္ပါယ်ကို တတ်သိသူတို့ထံ မေးမြန်း စုံစမ်းလေ။ (၁) ပုဗ္ဗကရဏံ ဇာနာတိ-ရှေးဦးစွာ ပြုလုပ်ရမည့် ကိစ္စရပ်တို့ကို သိရ ပြုရခြင်း၊ (၂) ပစ္စုဒ္ဓါရံ-ပစ္စုဒ္ဓိရ် ပြုတတ်ရခြင်း၊ (၃) အဓိဋ္ဌာနံ-အဓိဋ္ဌာန် တင်တတ်ရခြင်း၊ (၄) အတ္ထာရံ-ခင်းပုံခင်းနည်း သိထားရခြင်း၊ (၅) မာတိကံ-မာတိကာကို သိထားရခြင်း၊ (၆) ပလိဗောဓံ-ကြောင့်ကြကို သိထားရခြင်း၊ (၇) ဥဒ္ဓါရံ-ကထိန်နုတ်ပုံကို သိထားရခြင်း၊ (၈) အာနိသံသံ-အာနိသင်တို့ကို သိထားရခြင်း။

ကထိန်ခင်းရန်၊ ထုတ်မိန့်ပြန်၊ ၃-တန် သင်္ကန်းမျိုး။ ။ကထိန်ခင်းရန်အတွက် ဘုရားရှင် ခွင့်ပြုတော်မူခဲ့သော သင်္ကန်း ၃-ထည်ကို ဆိုသည်။ (၁) သံဃာဋိ-ဒုကုဋ်ခေါ် နှစ်ထပ်သင်္ကန်းကြီး၊ (၂) ဥတ္တရာသင်္ဃံ-ကိုယ်ဝတ်ခေါ်ကေသီ၊ (၃) အန္တရဝါသကော-ခါးဝတ်ခေါ် သင်းပိုင်။

ကထိန်ခင်းရန်ကိစ္စ ၈-ပါး။ ။ (၁) ကထိန်သင်္ကန်းကို အလှူခံမှု၊ (၂) ကထိန်ခံထိုက်သော ပုဂ္ဂိုလ်ကို သံဃာတော်တို့က စီစစ်ရွေးချယ်ပေးမှု၊ (၃) ထိုရွေးချယ်ခံရသူအား သိမ်တွင်း၌ ကထိန်သင်္ကန်းကိုပေးမှု၊ (၄) တိစီဝရိက် အဓိဋ္ဌာန်တင် သင်္ကန်းဟောင်းကို ပစ္စုဒ္ဓိရ်ပြု အဓိဋ္ဌာန်စွန့်မှု၊ (၅) ခင်းမည့် သင်္ကန်းသစ်ကို ကပ္ပဗိန္ဒုထိုးမှု၊ (၆) သင်္ကန်းအမည်ဖြင့် အဓိဋ္ဌာန်တင်မှု၊ (၇) နှုတ်မြွက်၍ ခင်းမှု၊ (၈) အနုမောဒနာ ပြုမှု။

ကန္ထာရမျိုး ၈-ပါး။ ။လွန်မြောက်နိုင်ခဲသည် ဖြစ်၍ ခဲယဉ်း ဆင်းရဲငြိုငြင်စွာနှင့် သွားရသော ခရီးလမ်း ၈ မျိုး ဟူ၏၊ ဩပဏ္ဏကဇာတ် စသည်။ (၁) စောရ ကန္တာရ-ခိုးသား ထားပြ ဘေးရန်ရှိသော ခရီးခက်၊ (၂) ဝါဠ ကန္တာရ-သားရဲတိရစ္ဆာန် ဘေးရန်ရှိသော ခရီးခက်၊ (၃) နိဂုဇ္ဈ ကန္တာရ-ရေ မရှိသော ခရီးခက်၊ (၄) အမနုဿ ကန္တာရ-နုတ်ဆိုး ဘီလူးသရဲရှိသော ခရီးခက်၊ (၅) အပဂ ဘက္ခာ ကန္တာရ-စားဘွယ် ခဘွယ် အစာအာဟာရ မရှိသော ခရီးခက်။ ဤကား အပဏ္ဏကဇာတ် အဋ္ဌကထာလာ ကန္တာရ ၅-ပါးတည်း၊ ထိုမှတပါးလည်း၊ (၆) ဥဒက

http://www.dhammadownload.com

ကန္တာရ-အလွန်. ကျယ်ပြောသော ရေပြင်ရှိသော ခရီးခက်၊ (၇) ဝါဋ္ဌ၊ ကန္တာရ-အလွန်ရှည်လျားသော သဲပြင်ရှိသော ခရီးခက်၊ (၈) ဝန ကန္တာရ-လွန်မြောက်နိုင်ခဲသော တောအုပ်ရှိသော ခရီးခက် စသည်များစွာ ရှိကုန်သေး၏။

ကန့်မျိုး ၄-ပါး။ ။ကန့် ဖြစ်ပေါ်လာပုံ အကြောင်းကား- သကဋဘာသာလာ ရဿ မဉ္ဇရီ ကျမ်းဌ. လွန်လေပြီးသော အခါ နှတ်သမီးတစုသည် နို့သစ်ဖြင့်ပြီးသော သမုဒ္ဒရာဌ် ရေကစား မြူးတူးစံပယ်လျက် အဝတ်ကို ဖွပ်လျော်ခြင်း, ချေးငှန်းခြင်းတို့ကိုပြု၍ ကမ်းနှစ်ဖက်၌ ကိုယ်ချေးနှင့် တကွ အနုံပြင်းစွာသော ကန့်သည် ဖြစ်လေ၏၊ ထိုသို့ ဖြစ်သောအခါ ဓောတ ဟူသော အမည်သည်၎င်း၊ ဂန္ဓက ဟူသော အမည်သည်၎င်း ထင်ရှားစွာ ဖြစ်သည် ဟူ၏။ (၁) ကန့်နီ-ငင်းသည် ချေကိစ္စ, သုက်ကိစ္စကို ပြီးစေနိုင်၏၊ (၂) ကန့်ရွှေဝါ- သွေးစုနှာ အနာပေါက် စသည်တို့ကို လိမ်းလျှင် ပျောက်စေနိုင်၏၊ (၃) ကန့်ဖြူ-ငင်းသည် ဒိုးမွှမ်းအပ်သည် သာတည်း၊ (၄) ကန့်နက်-ငင်းကိုကား ရခဲလှစွာ၏ဟု ရဿမဉ္ဇရီခေါ် လောကိကျမ်းကြီးဌ် မျှိုးခဲ့၍ ဆိုထားသည်။

ကနုတ်၏ အပြစ် ၆-ပါး။ ။ဝိနည်းတော်လာ ရဟန်းတော်များ မသုံးကောင်းသော ကနုတ်မျိုး ၆-ပါး။ (၁) အကွဲပါသော ကနုတ်၊ (၂) အဆစ်ပါသော ကနုတ်၊ (၃) ဖုထစ် ပါသော ကနုတ်၊ (၄) ဆူးရှိသော ကနုတ်၊ (၅) အခေါင်း ရှိသော ကနုတ်၊ (၆) ကြမ်းတန်းသော ကနုတ်။

ကပ် ၃-ပါး။ ။သုတ်ပါထေယျ ။ပါ။ ၆၀ ။ဌ။ ၃၀။ ကပ္ပ=စီရင်ခြင်း၊ သတ္တဝါတို့၏ အပြုအမူ ကံအလျောက် စီရင်ခြင်း ၃-ပါး။ (၁) ဒုဿီလ္ယန္တရ ကပ်-သတ္တဝါတို့၏ လောဘတရား ပိုမိုအားကြီးလာသော အခါ မိုးခေါင်ရေရှား ငတ်မွတ်ခေါင်းပါး၍ သေကြေပျက်စီးခြင်းမျိုး၊ ဤသတ္တဝါတို့ကား များသောအားဖြင့် ပြိတ္တာ ဘုံသို့ ရောက်ကြရ၏၊ (၂) သဒ္ဓန္တရ ကပ်-သတ္တဝါတို့ ဒေါသတရား ပိုမိုအားကြီးလာသောအခါ မေတ္တာပါးရှား၍ တဦးနှင့်တဦး ထိုးခုတ်ရိုက်နှက် သတ်ဖြတ်ခြင်း ဘေးရန်တို့ကြောင့် သေကြေပျက်စီးရခြင်းမျိုး၊ ဤသတ္တဝါတို့ကား များသော အားဖြင့် ငရဲဘုံသို့ ရောက်ကြရ၏၊ (၃) ရောဂန္တရ ကပ်-အနာ ရောဂါ

http://www.dhammadownload.com

ကျရောက်သေကြေ ပျက်စီးခြင်းမျိုး၊ ဤသတ္တဝါတို့ကား မျှားသော အားဖြင့် နတ်ရွာသုဂတိသို့ ရောက်တတ်ကြကုန်၏။

ကပ် ၄-ပါး တနည်း။ ။ဝိသုဒ္ဓိမဂ်။ ဒု-အုပ်။ ၄၄-၌ အကျယ်ရှု။ (၁) သံဝဋ္ဋကပ်၊ (၂) သံဝဋ္ဋဌာယီကပ်၊ (၃) ဝိဝဋ္ဋကပ်၊ (၄) ဝိဝဋ္ဋဌာယီကပ်။

ကပ်ကြီး ၄-ပါး။ ။ကာလကြီး ၄-ပါး။ သာဂတ္ထ သင်္ဂဟ အဋ္ဌကထာမှ။ (၁) အာယုကပ်-သက္ကဝါတို့၏ အသက်တမ်း ကာလ အပိုင်းအခြားတခု၊ ရုတမ်း, ထောင်တမ်း, သောင်းတမ်း စသည်မျိုး၊ (၂) အန္တရကပ်-ဆယ်နှစ်တမ်းက အသခ်ျေယျတမ်းထိ, အသခ်ျေယျတမ်းက ဆယ်နှစ်တမ်းထိ, အတက် အဆုတ် ကာလကြီးတခု၊ (၃) အသခ်ျေယျကပ်- အမှတ်-၂ အန္တရကပ်ပေါင်း ၆၄-ကြိမ် ပမာဏ ကာလအပိုင်းအခြား၊ (၄) မဟာကပ်-အသခ်ျေယျ ၄-ကပ် ပမာဏ ကာလအပိုင်းအခြား။

ကပ္ပဋ္ဌိတိမျိုး ၄-ပါး။ ။မဇ္ဈိမပဏ္ဏာသ ။၄။ ၁၂၅-နှင့် ဇာတ်အဋ္ဌကထာ။ ပ-အုပ်။ ၁၀၀-တို့၌ အကျယ်ရှု။ ကမ္မာတည်နေသမျှ တည်နေသော အရာဝတ္ထုကြီး ၄-ပါး။ (၁) ယက္ခိုက်စောင့်သော ရေအိုင်ဝယ် အလောင်းတော်မြတ် မျောက်မင်း ဖြစ်တော်မူစဉ်အခါက ကျူးဆစ်တို့ကို ဖောက်၍ ရေကို သောက်ဘူးသော ကျူးတော၏ တကမ္ဘာလုံး အဆစ်မရှိဘဲ တည်နေခြင်း တပါး၊ (၂) အလောင်းတော်မြတ် ဒုံးမင်းဖြစ်တော်မူစဉ် သစ္စာအဓိဋ္ဌာန်ကြောင့် တကမ္ဘာတိုင်အောင် မီးမလောင်နိုင်သော ၁၆-မင်း ပယ်စာ အရုပ်လည်း တပါး၊ (၃) ကဿပဘုရား လက်ထက်တော်အခါက ဃဋိကာရအိမ် တည်ရာ၏ တကမ္ဘာလုံး မိုးရေ မစွတ်စိုနိုင်ခြင်းလည်း တပါး၊ (၄) အလောင်းတော် ယုန်မင်းဖြစ်စဉ် အခါက လဝန်း၌ ရေးခဲ့သော ယုန်ရုပ်၏ မပျောက်မပျက် တကမ္ဘာလုံး တည်နေခြင်းလည်း တပါး။

ကျက်မှတ်ရန်ကဗျာ။ ။ထုံးမတိမ်၊ ငုံး,အိမ်,ကျူ,လ, နှယ်၊ ဝူမျှစုံနှိုင်း။ ထပ်တည်၊ကပ္ပဋ္ဌိတင်ထိုက်ကဲ့၊ ခင်သိုက်ညာမေနှင့်၊ ငါးဆင့်သမိုင်း။

ကပ်မျိုး ၅-ပါး။ ။ထိုထိုသော ဆေးကျမ်းတို့၌ ကပ်မျိုး ငါးပါးဟု အပေါင်းစကားနှင့် ညွှန်းဆိုလျှင် အောက်ပါ ကပ်မျိုး ငါးပါးတို့ကိုသာ သမားတော်ကြီးများ အလိုရှိကြကုန်၏၊ ဤကား အပြင်ကပ်မျိုး ငါးပါး

http://www.dhammadownload.com

ဖြစ်၏။ (၁) ကပ္ပိုလ်၊ (၂)ကပ်မ၊ (၃) ကတြသခ္ခေါ၊ (၄) စူလာနဖါ၊ (၅) ဆောင်းမေးခါး။

ကပ်မျိုး ၅-ပါး တနည်း။ ။ဤကား အတွင်း ကပ်မျိုး ငါးပါးတည်း၊ (၁) ပန်းနု၊ (၂) ပန်းမ၊ (၃) စူလာနဖါ၊ (၄) ဆောင်းမေးခါး၊ (၅) ကတြသခ္ခေါ်။

ကပ်မျိုး ၇-ပါး တနည်း။ ။ဆေးကျမ်းလာ ဝေါဟာရ၊ ၎င်းကို အပြင် ကပ်မျိုး ၇-ပါးဟုလည်း ခေါ်ကြသည်။ (၁) ပန်းနု၊ (၂) ပန်းမ၊ (၃) စူလာနဖါ၊ (၄) ကတြသခ္ခေါ်၊ (၅) ကုလားဆောင်းမေးခါး၊ (၆) ကွတ်ကရာ၊ (၇) ကပ္ပိုလ်။

ကပ္ပိခြင်းမျိုး ၃-ပါး။ ။ရဟန်းတော်များနှင့် အပ်အောင် ပြုပေးခြင်း ၃-ပါး၊ အကျယ် စူဠဝါဠဋ္ဌကထာ၌ ဘူဇကံမ်, ဗီဇကံမ်တို့ကို ဒါယကာ လုပ်သူက- (၁)လက်သည်းဖြင့် ဖြစ်စေ၊ (၂)အသွားထက်သော ထား, လှံ, သံချွန် စသည်ဖြင့် ဖြစ်စေ၊ (၃) မီးဖြင့် ဖြစ်စေ၊ ဆိတ်ယူ, ထိုးခုတ်, ရှိုတိုက်၍ ပေးခြင်းမျိုး။

မှတ်ချက်။ ။ရဟန်းတော်က ကိုင်ထားပြီး "ကပ္ပိယံ ကရောဟိ" ဟုဆိုလျှင် ဒါယကာက "ကပ္ပိယံ ဘန္တေ" ဟု ဆိုကာ ဆိတ်, ထိုး, ခုတ်, ရှိုလိုက်ရသည်။

ကပ္ပိယကုဋိ အင်္ဂါ ၄-ပါး။ ။ရဟန်းတော်တို့ သုံးဆောင် ကောင်းသည့် ဝိနည်းတော်လာ ကျောင်းအင်္ဂါ လေးပါး။ (၁) ရဟန်းသံဃာတို့အပိုင် ဥစ္စာဖြစ်ခြင်း၊ (၂) ရဟန်းသံဃာတို့ အမြဲနေဘို့ရာ ကျောင်းဖြစ်ခြင်း၊ (၃) သဟသေယျ အာပတ် မသင့်နိုင်သော အမိုးအကာနှင့် ပြည့်စုံခြင်း၊ (၄) ကပ္ပိယကုဋိ ၄-ပါးတွင် လျော်စွာဖြစ်ခြင်း။

ကပ္ပိယကုဋိမျိုး ၄-ပါး။ ။ဝိနည်းတော်လာ ရဟန်းတို့ကျောင်းမျိုး လေးပါး ဟူ၏။ (၁) ဂဟပတိကုဋိ-မလှူမီ လူတို့ပိုင်ခြင်း, လှူသောအခါ ကပ္ပိယ ဝေါဟာရဖြင့် မြွက်ဆိုလှူဒါန်းခြင်း အင်္ဂါနှစ်ပါးစုံ ကျောင်း၊ (၂)သမ္မုတိ ကုဋိ-ကပ္ပိယကုဋိအင်္ဂါ ချို့တဲ့သော ကျောင်းကို ကပ္ပိယကုဋိ ဖြစ်အောင် ဥ.တ္တိဒုတိယ ကမ္မဝါစာဖြင့် သမ္မုတ်၍ပေးသောကုဋိ၊ (၃)ဂေါနိသာဒိကာ ကုဋိ-အရံအတားမရှိသော ကျောင်း၊ (၄) ဥဿာဝနန္တိကာကုဋိ-ရဟန်းတို့

http://www.dhammadownload.com

ကိုယ်တိုင် ချီကြွလျက် "ကပ္ပိယကုဋိ" ကရောမ"ဟု ဆိုကာ တပ်ပြိုင်နက် မြေသို့ချစိုက် ပြီးဆုံးစေသောကုဋိ။

ကမ္ဘာ့ အနုမြူ လက်နက်ပိုင် နိုင်ငံကြီး ၆-ခု။ ။ဤသရုပ်ကို (အနုမြူ နိုင်ငံကြီး- ၆)၌ ကြည့်ပါ။

ကမ္ဘာအပြားမျိုး ၆-ပါး။ ။ဗုဒ္ဓဝင်အဋ္ဌကထာ ၂၂၇-၌ အကျယ်ရှု။ ဘုရား ပွင့်သော ကမ္ဘာငါးပါးနှင့် ဘုရား မပွင့်သော ကမ္ဘာ တပါးဟူ၏။ (၁) သာရ ကမ္ဘာ- ဘုရားတဆူသာ ပွင့်သော ကမ္ဘာ၊ (၂) မဏ္ဍ ကမ္ဘာ- ဘုရား နှစ်ဆူ ပွင့်သော ကမ္ဘာ၊ (၃) ဝရ ကမ္ဘာ- ဘုရား သုံးဆူ ပွင့်သော ကမ္ဘာ၊ (၄) သာရ မဏ္ဍ ကမ္ဘာ- ဘုရား လေးဆူ ပွင့်သော ကမ္ဘာ၊ (၅) ဘဒ္ဒ ကမ္ဘာ- ဘုရား ငါးဆူ ပွင့်သော ကမ္ဘာ၊ (၆) သုည ကမ္ဘာ- ဘုရားမပွင့်သော ကမ္ဘာ။

ကမ္ဘာအပြားမျိုး ၆-ပါး တနည်း။ ။ဤအကျယ် ဗုဒ္ဓသာသန မဟာ ဗုဒ္ဓဝင်၊ ပ-တွဲ၊ ပ-ပိုင်း၊(ကု)၌ ကြည့်ရှုကြပါကုန်။ (၁) မဟာကပ်ကမ္ဘာ၊ (၂) အသင်္ခ်ေယျကပ်ကမ္ဘာ၊ (၃) အန္တရကပ်ကမ္ဘာ၊ (၄) အာယုကပ် ကမ္ဘာ၊ (၅) ဟာယနကပ်ကမ္ဘာ၊ (၆) ဝဏ္ဏနကပ်ကမ္ဘာ။

မှတ်ချက်။ ။ကပ်နှင့် ကမ္ဘာ အတူတူဟုသာ မှတ်ရမည်။

ကမ္ဘာ့အိုင်ကြီး ၁၈-အိုင်။ ။ဤ၏ အကျယ် အဝှမ်းနှင့် သရုပ်များကို (အိုင်ကြီး ၁၈-အိုင်)၌ ရှုပါ။

ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ ၁၃၈။ ။ဤ၏ သရုပ် အမည်များကို (ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ ၁၃၈) ၌ ကြည့်ပါ။

ကမ္ဘာကျော် ခေါင်းလောင်းကြီး ၁၀-လုံး။ ။ဤတို့၏ သရုပ်များကို (ခေါင်းလောင်းကြီး ၁၀-လုံး)၌ ကြည့်ပါ။

ကမ္ဘာစောင့် တရား ၂-ပါး၊ ၄-ပါး၊ ၅-ပါး။ ။ကမ္ဘာ့ ငြိမ်းချမ်း,တိုးတက်, သာယာရေးတရား ၂-ပါးဖြစ်သည်၊ ဤသရုပ်ကို (လောကပါလတရား ၂-ပါး)၌ ကြည့်လေ။

ကမ္ဘာတည် အရာဝတ္ထုကြီးမျိုး ၄-ပါး။ ။ဤသရုပ် (ကပ္ပဋ္ဌိတိမျိုး ၄-ပါး)၌ ရှုပါ။

http://www.dhammadownload.com

ကမ္ဘာ့တိုက်ကြီး (၇)တိုက်။ ။ကမ္ဘာပေါ်ရှိ အကြီးဆုံးသော ကုန်းမြေပြင်နှင့် တောတောင် အပိုင်းအခြားကြီးများ ဟူ၏၊ ကမ္ဘာ့ပဆဝီဝင် စာအုပ်များနှင့် ထိုထိုမှတ်တမ်းများမှ။

(၁) အာရှတိုက်- တူရကီနိုင်ငံ ဆားမားနားမြို့၏ အနောက်ဖက်ဒေသ တခု၏ အမည်ကို စွဲ၍ ခေါ်ဆိုခြင်းပြုသည်။ကနည်း။ဖြူစင်သော အကျင့်ရှိသူ (အရဟ)များ၊ သို့မဟုတ် အရိယာခေါ် သူတော်စင်များ နေထိုင်ရာ အရဟ လူမျိုး၊ ဝါ- အရိယာ လူမျိုးများ၏ ဒေသကို စွဲ၍ ခေါ်ဆိုသည် ဟူ၏။

(၂) ဥရောပတိုက်- မက်စီဒိုနီယာနိုင်ငံရှိ (ဥရိုပတ်) မြို့ကို အသိအမှတ်ပြု၍ ခေါ်ဝေါ်သည် ဟူ၏။

(၃) အာဖရိကတိုက်- ရောမ နိုင်ငံသားတို့သည် တူနီးရှား နိုင်ငံမှ အာဖရိက လူမျိုးစုကို အစွဲပြု၍ ခေါ်ဆိုကြသည်။

(၄) ဩစတြေးလျတိုက်- တောင်ဖက်တိုက် ဟူလို၊ အဓိပ္ပါယ်ရှိသော တိုက်ဟူ၏။ ၎င်း တိုက်ကြီး ၄-တိုက်တို့သည် ကမ္ဘာဟောင်းခေါ် ကမ္ဘာလုံး၏ အရှေ့ခြမ်း၌ ရှိကြသည်။

(၅) အမေရိကတိုက်- ၎င်းသည် တောင် အမေရိကနှင့် မြောက် အမေရိကဟု ၂-တိုက်ရှိသည်၊ ကမ္ဘာသစ်၏ ကမ်းရိုးတန်းများကို (ဒေသ အစိတ်အပိုင်းများနှင့်) ရှေးဦးစွာ ရှာဖွေတွေ့ရှိသူ (အမေရိကိုစပတ်ခ်ျ)ကို ဂုဏ်ပြု၍ ခေါ်ဆိုကြသည်။

(၆) မြောက်အမေရိကတိုက်- အမေရိကန်မြောက်ပိုင်း ကုန်းမြေပြင်ကို ခေါ်ဆိုသည်။

(၇) အန္တာတိတ်ကာတိုက်- တောင်ဝန်ရိုးဖျား အနီး အန္တာတိတ် သဲမုဒ္ဒရာ၌ ရှိသည်။

ကမ္ဘာ့နိယာမ တရားကြီး ၅-ပါး။ ။၎င်းသရုပ်ကို (နိယာမတရား ၁၅-ပါး) ဟူသော ပုစ္ဆာ၌ ရှုပါလေ။

ကမ္ဘာ့သဲကန္တာရကြီး ၁၉-ပါး။ ။၎င်း၏ သရုပ်များကို (သဲကန္တာရကြီးမျိုး ၁၉-ပါး)၌ ကြည့်ပါ။

http://www.dhammadownload.com

ကမ္မဇ ကလာပ် ၉-စည်း။ ။ကံကြောင့် ဖြစ်သော ရုပ်စည်း ရုပ်စုမျိုး ၉-ပါး။ (၁) စက္ခု ဒသက ကလာပ်၊ (၂) သောတ ဒသက ကလာပ်၊ (၃) ဃာန ဒသက ကလာပ်၊ (၄) ဇိဝှါ ဒသက ကလာပ်၊ (၅) ကာယ ဒသက ကလာပ်၊ (၆) ဣတ္ထိဘာဝ ဒသက ကလာပ်၊ (၇) ပုမ္ဘာဝ ဒသက ကလာပ်၊ (၈) ဝတ္ထု ဒသက ကလာပ်၊ (၉) ဇီဝိတ နဝက ကလာပ်။

ကမ္မဋ္ဌာန်း ၄၀။ ။ယောဂီ ပုဂ္ဂိုလ်တို့၏ လုပ်ငန်း ဌာန လေးဆယ်။ (၁) ကသိုဏ်း ဆယ်ပါး၊ (၂) အသုဘ ဆယ်ပါး၊ (၃) အနုဿတိ ဆယ်ပါး၊ (၄) ဗြဟ္မဝိဟာရ လေးပါး၊ (၅) အာဟာရေ ပဋိကူလသညာ တပါး၊ (၆) စတုဓာတု ဝဝတ္ထာန် တပါး၊ (၇) အရူပ လေးပါး။

ကမ္မဋ္ဌာန်း အားထုတ်ချိန် မဟုတ်းသာ အခါ ၅-ပါး။ ။ပဥ္စင်္ဂတ္တရ ပါဠိဟော်နိဝရဏဝဂ်မှ။ (၁) ဇီဏ္ဏ ဇရာဘိဘူတ- ဇရာထောင်း၍ အိုဟောင်းရွတ်တွသော အခါ၊ (၂) ဗျာဓိနာဘိဘူတ- မကျန်းမမာ အနာဘေးနှိပ်စက်သော အခါ၊ (၃) ဒုဘိက္ခ ဒုလ္လဘ ပိဏ္ဍ-ငတ်မွတ်ခေါင်းပါး အစာရှားသော အခါ၊ (၄) ဝိဝါဒ ဘယ ပတ္တ-အသင်းကွဲ ယဝါတိကွဲ ဝါဒကွဲ ပြည်ထဲရေး သူပုန်ထပြီး အချင်းချင်း တိုက်ခိုက်နေသော အခါ၊ (၅) သံဃဘိန္ဒ-သံဃာချင်း ကွဲပြားပြီး အငြင်းပွားနေသော အခါ။

ကမ္မဋ္ဌာန်းကျောင်းများ၊ မျိုး ၁၀-ပါး၊ အပြား အဘယ်နည်း? ။ ။ဂင်းသရုပ်ကို (ရဟန်းကျောင်းများ မျိုး ၁၀-ပါး) ဟူသော ပုစ္ဆာဌ် ရှုပါ။

ကမ္မဋ္ဌာန်း ပေးစွမ်းနိုင်သော ဆရာအပြား ၆-ပါး။ ။ကမ္မဋ္ဌာန်း ယူလိုသော ပုဂ္ဂိုလ်တို့သည် ထိုဆရာမျိုးကို ရှာဖွေစစ်ဆေးရာ၏။ ဝိသုဒ္ဓိမဂ်မှ။ (၁) ရဟန္တာပုဂ္ဂိုလ်၊ (၂) အနာဂါမ်၊ (၃) သကဒါဂါမ်၊ (၄) သောတာပန်၊ (၅) စျာနလာဘီ ခေါ် စျာန်ရပုဂ္ဂိုလ်၊ (၆) ပိဋကဓာ ၃-ပုံဆောင် ပုဂ္ဂိုလ်, နှစ်ပုံဆောင် ပုဂ္ဂိုလ်, တစ်ပုံဆောင် ပုဂ္ဂိုလ်, အဋ္ဌကထာဆောင် ပုဂ္ဂိုလ်, ကမ္မဋ္ဌာန်းတရား အားထုတ်လေ့လာ ဆည်းပူးသူ သီလဝန္တ လဇ္ဇီ ပေသလ ဗဟုဿုတ ပုဂ္ဂိုလ်တို့ ဟူ၏။

ကမ္မဋ္ဌာန်းသမား၏ အင်္ဂါ ၄ ပါး။ ။ဂင်းသရုပ် (ပဓာနိယင်္ဂတရား ၅-ပါး) ဌ် ရှုပါ။

http://www.dhammadownload.com

ကမ္မပထံ၊ ပြီးမြောက်ရန်၊ ဖ-တန် ပဓေယျဂ။ ။ဂင်းသရုပ်ကို (ပယောဂ ဖ-မျိုး)၌ ရှုပါကုန်။

ကမ္မဝါ ၉-ခဏ်း။ ။ဂင်းသရုပ်များကို (ကိုးခဏ်း ကမ္မဝါ)၌ ပြဆိုအံ့။

ကမ္မဝါစာအပြစ် (ဒေါသ) မျိုး ၅-ပါး။ ။သံဃကံပြုရာ၌ ကမ္မဝါစာရွတ်ဖတ်သောအခါ ကံပျက်ခြင်းများ ဟူ၏။ အကျယ် ဝိနည်း ပရိဝါ ။ပါ။ ၃၀၁- ၌ရှုပါ။ (၁) ဝတ္ထုကို မသုံးသပ်ခြင်း၊ (၂) သံဃာကို မသုံးသပ်ခြင်း၊ (၃) ပုဂ္ဂိုလ်ကို မသုံးသပ်ခြင်း၊ (၄)ကမ္မဝါစာ၏ ပုဒ် အက္ခရာတို့ကို မရွတ်ဖတ်ခြင်း၊ (၅)ဥတ်မပါဘဲ ရွတ်ဖတ်ခြင်းတို့ ဖြစ်၏။

ကရိယာ ၅-တန်။ ။ဂင်းသရုပ် အကျယ်ကို (ကြိယာ ၅-တန်)၌ ကြည့်ပါလေ၊ ရေးသားပုံမျှ ခြားဏ်။

ကရိယာ ဖဝ။ ။ရတု ကဗျာ စီကုံးရေးသားရာ၌ ကဗျာလင်္ကာလိုက်စားသူတိုင်း အသုံးချရမည့် ရွေးဆရာကြီးတို့၏ ဂရုပဒေသ နယုပဒေသ နယဂ္ဂါဟဖြစ်သော မြန်မာဘာသာ အခေါ် ကရိယာ၊ သို့မဟုတ် ကြိယာခြောက်ဆယ်ကို ကဝိပါသဏ္ဍကျမ်းမှ ယူ၍ ဤ၌ အမြွက်မျှ ပြဆိုပါအံ့။

"မဇ္ဈဗျာဘုန်းမော်၊ ပုဉ်ချိန်မြော်သည်၊ ဗန်းမော်ခေါင်ထိ၊ တုမရှိသည်၊ ကဝိကငေ၊ စောမြုတေ။ ဒုစ်ထွေလင်္ကာ၊ ကျမ်း၌လာသား၊ နည်းနာနယ၊ ဝိတ္ထာရဖြင့်၊ သုံးတန်ဆင့်၍၊ ဖွဲ့ဉ်သည့်ကဗျာ၊ ကြိယာတွင်၊ သမာသေန၊ မူလမဇ္ဈေ၊ ကိုသာပေတည့်၊ သံခြေပို့ညွှန်း၊ ကျွန်ုပ်ခင်းပိမ့်။ (လျှင်, လျှင်း, မူကား၊ ဝယ်, သား, တမင့်၊ ချိမ့်, ဖြင့်, တွင်, ၏၊ ပိမ့်, လှည့်, မည်, အံ့၊ လော, တို့, မံ့, တည်း။ သော်, ခုံ့, ဘူး, သော၊ မူလော, ရကား၊ မူ, အား, မှ, က၊ လိမ့်, စွဲ့, တို့, လည်း၊ တည့်, တည်း, ချည်း, ဟု၊ ခဲ့, နည်း, နှိုက်, လျက်၊ ကြောင့်, ထက်, မို့, လည်၊ စံ့, သည်, စိမ့်, တို့၊ လိမ့်, တည့်, တော, ကား၊ လော့, ၍, လား, သို့၊ မျှ, တို့, ငှ၊, ရှင့်၊ တမို့, နှင့်, ကို့) ရှင့်ပင့် ဤကော်၊ ထွန်းပေါ်ကျယ်ခွဲ၊ ယှည်ခဲ့ဝှာတ်တော်မူ ဘုရား။

ကရိုဏ်း ၄-ပါး။ ။အက္ခရာသံတို့၏ ဖြစ်ကြောင်းဌာန အစိတ်အပိုင်းကို ခေါ်သော သဒ္ဒါဝေါဟာရ။ (၁) ဇိဝှါမဇ္ဈ ကရိုဏ်း-လျာလယ်အရပ်၊ တာလုဇအက္ခရာ ရွှစ်လုံးတို့ဖြစ်ရာ၊ (၂) ဇိဝှေါပဂ္ဂ ကရိုဏ်း-လျာဖျားနီး

http://www.dhammadownload.com

အရပ်၊ မုဒ္ဓဇအက္ခရာ ၇-လုံးတို့ဖြစ်ရာ၊ (၃) ဇိဝှက္က ကရိဏ်း- လျှာဖျားအရပ်၊ ဒန္တဇအက္ခရာ ၇-လုံးတို့ဖြစ်ရာ၊ (၄) သကဋ္ဌာန ကရိဏ်း- မိမိတို့မူလဌာန ကခဂဃင, ပဖဗဘမ, ဝ ဟ, အံ, အ အာ ဥ ဦ ဧ ဩ တို့၏ဖြစ်ရာ။

ကရိဏ်း ၁၁-ပါး၊ တနည်း။　။တိတိ ကရိဏ်း ၁၁-ပါး ဟူ၍လည်း ပေဒင်ကျမ်းတို့၌ ခေါ်ဆို၏။ (၁) ဗဗ ကရိဏ်း၊ (၂) ဗာလ၀ ကရိဏ်း၊ (၃) ကောလ၀ ကရိဏ်း၊ (၄) တေထိလ ကရိဏ်း၊ (၅) ဂရဇ ကရိဏ်း၊ (၆) ဝဏိဇ ကရိဏ်း၊ (၇) ဗိဒ္ဓိ ကရိဏ်း၊ (၈) သကုဏိ ကရိဏ်း၊ (၉) နာဂ ကရိဏ်း၊ (၁၀) စတုပဒ ကရိဏ်း၊ (၁၁) ကိတုဃန ကရိဏ်း။

မှတ်ချက်။　။ဂင်း တွက်နည်းကို ဤ လက်ဝဖြင့် သိရာ၏။

"လဆန်းသုည၊ လဆုတ်ကျမူ၊ တည်ထ ဆယ့်ငါး၊ ကိန်းကိုထားမှ၊ နှောင်ပြားတက္ကာ၊ တိထီသာတည့်၊ မှန်စွာမဖေါက်၊ နှစ်ခုမြောက်၍၊ အောက်အောက် ခြောက်ဆယ်၊ ဖို့တက်ဆုယ်လျက်၊ အောက်ဝယ် ကြွင်းလျှင်၊ ထက်ကော်တင်လော့၊ ထိုတွင်စပြု၊ ကိတုဃန၊ ဘို့ဘာဂ ကွက်၊ ကေန္ဒက်ထား၊ သတ္တစားရှင့်၊ လဒ်ကဘးခုနစ်၊ အတွင်းဖြစ်၍၊ ကြွင်းရစ်သေသ၊ ဇောဖြစ်မူ၊ ဗဗ ဟူ၏၊ ဒွေမူ ဗာလ၀၊ သုံးကျ ကောလ၀ါ၊ လေးမှာ တေထိလ၊ ပဉ္စ ဂရဇ်၊ ခြောက်မှန် ဝဏိဇ၊ သုည ဗိဒ္ဓိ၊ ဂျစ်ကြိမ်လှည့်၍၊ လဒ်ရှိအင်္ဂါမြင်၊ အကြွင်းတွင်ကား၊ တစ်လျှင် သကုဏိ၊ နှစ်ရှိ နာဂ၊ သုံး၀ကြွင်းမူ၊ စတုပဒ၊ ကရိဏ်းကျတွင်၊ အစ ဗိဒ္ဓိ၊ အဆုံးကိကို၊ ကြဉ်ဘိဇ္ဈောင်ရန်၊ ကြွင်းအကျန်သည်၊ ဆောင်ရန် အကောင်း ကရိဏ်းတည်း"။

ကလာအတတ် ၆၄-ရပ်။　။သိပ်ပံပညာခေါ် လက်မှုပညာ အတတ် ၆၄-ရပ်ကို လိုရင်းပခနမျှ ထုတ်ပြသော သုကြနီတိကျမ်းလာ ဖြစ်၏၊ ဘာဂ၀တ ပုရဏ်စသည်တို့၌လည်း ကလာအတတ်ပေါင်း များစွာ ရှိသေးသည်။ (၁) နစ္စ-အကမျိုးစုံ အတတ်၊ (၂) ဝါဒန-တီးမှုတ်မျိုးစုံ အတတ်၊ (၃) ဝတ္ထာလင်္ကာရ သန္ဓာန-လူနှင့်လျော်အောင် အ၀တ်တန်ဆာ ဆင်ယင်ပေးမှု အတတ်၊ (၄) အနေက ရူပ ဝိဘာဝ ကရဏ-အဆင်းသဏ္ဌာန် ရုပ်ပုံအမျိုးမျိုးတို့ကို ကောင်းစွာ ပြုပြင်ပေးနိုင်ခြင်း၊ (၅) သေယျတ္ထရ

http://www.dhammadownload.com

ဏာဒိ သံယောဂ ပပ္ပါဒိ ဂန္ဆန-အိပ်ရာခုတင်စသည်တို့ကို တင့်တယ်ဖွယ်ရာစွာ ပြင်ဆင်ခင်းကျင်းတတ်ခြင်း, ပန်းစသည်တို့ကို သီကုံးပြင်ဆင်တတ်ခြင်း အတတ်၊ (၆) အနေကကီဠာရဥ္ဇန- ကစားမျိုးစုံတို့ဖြင့် လူအပေါင်းအား နှစ်သက်ဇနိုင်ခြင်း အတတ်၊ (၇) အနေကာသန သန္ဓာန ရတိဇာနန-နေရာအမျိုးမျိုး နည်းအမျိုးမျိုးဖြင့် ကာမ မွေ့လျော်ပြုပုံနည်းကို သိသော အတတ်၊ (၈) မဇ္ဇာ သဝါဒိကရဏ-သေရည်အရက် အမျိုးမျိုး စိမ်ချက်မှု အတတ်၊ (၉) သလ္လဟာရဏ ဝဏဝိဇ္ဇန-စူးဝင်သောမြွား ကျည်ဆန်နှင့် အနာဟူသမျှတို့ကို ခွဲစိတ်ကုသနိုင်ခြင်း အတတ်၊ (၁၀) အန္နာဒီပဝန- အချက်အပြုတ် စဖိုစသည်အတတ်၊ (၁၁) ဗီဇာရော ပနာဒိ-သစ်ပင်, မျိုးစေ့တို့ကို စိုက်ပျိုးစောင့်ရှောက်ခြင်း လယ်ယာ ဥယျာဉ်မှူး အတတ်၊ (၁၂) ပါသာဏ ဓာတ္ဝာဒိ ဝိဓာကရဏ ဘသ္မီကရဏ-ကျောက်ခဲ, ရွှေ စသော ဓာတ်တို့ကို ခွဲစိတ်ခြင်း, ပြာချခြင်း အတတ်၊ (၁၃) ဥစ္ဆု ဝိကာရ ကရဏ-ထန်းလျက်, ကြံသကာ, တင်လဲ, သကြားစသည် ချက်လုပ်တတ်မှု၊ (၁၄) ဓာတောသဓိ သံယောဂါဒိကြိယာ-ရွှေ စသော ဓာတ်နှင့် ဆေးတို့ကို ယှဉ်စပ်သော အတတ်၊ (၁၅) ဓာတု သံယောဂ ဝိဘာဂ ကရဏ-ရွှေ, ငွေ စသော ဓာတ်တို့ကို ရောစပ်ခြင်း, ခွဲထုတ်ခြင်း ဟူသော ဓာတုဘေဒ အတတ်၊ (၁၆) ဓာတ္ဝာဒိ သံယောဂ ပုဗ္ဗဝိညာဏ-ဓာတ်မျိုးစုံစပ်နည်းကို ရှေးဦးစွာ စတင်စမ်းသပ် ပြုလုပ်နိုင်ခြင်း အတတ်၊ (၁၇) ခါရနိက္ကာသန-ယမ်း, ဆား, ဆပ်ပြာ ထုတ်လုပ်တတ်မှု၊ (၁၈) သတ္တ သန္ဓာန ဝိကွေပ-အလိုရှိရာ၌ ကျရောက်ထိမှန်နိုင်စေရန် လက်နက်ကို ချိန်ရွယ်, ပစ်လွှတ်ခြင်း အတတ်၊ (၁၉) မလ္လယုဒ္ဓ-လက်ပမ်းလုံးခြင်း အတတ်၊ (၂၀) ဗာဟု ယုဒ္ဓ-လက်ဝှေ့သတ်မြင်းအတတ်၊ (၂၁) ပတိကြိယာ-ရန်သူလက်ချက်မှ လွတ်မြောက်အောင် ရှောင်လွှဲခြင်း အဂတ်၊ (၂၂) ဗျူဟာ စရနာဒိ ကရဏ-စည်, မောင်း, ဘင်ခရာ အမှတ်ဖြင့် စစ်ဆင် စစ်တက် အမျိုးမျိုး, ယန္တရားလက်နက်တို့ကို စံနစ်ကကျ စီစဉ်ချထား ပစ်ခတ်ခြင်း အတတ်၊ (၂၃) ဒေဝဘာတောသန-နတ်တို့အား နှစ်သက်စေခြင်း အတတ်၊ (၂၄) သာရထျ ဟတ္ထိ အာဿ ဂတိသိက္ခာ-ရထားမောင်း, ဆင်စီး, မြင်းစီး, အတတ်၊ (၂၅) မတ္တိကာဘာဏ္ဍ ဆံကြိယာ-အိုး, အင်, အုဠုလုပ် အိုးထိန်းသည် အတတ်၊ (၂၆) ကဋ္ဌာ ဘဏ္ဍ ဆံကြိယာ-သစ်သားထည်မျိုးစုံ ပန်းပု, လက်သမား

http://www.dhammadownload.com

အတတ်၊ (၂၇) ပါသာဏ ဘဏ္ဍ သံကြိယာ-ကျောက်ရုပ်, ကျောက်ပန်း, ကျောက်ဆစ် အတတ်၊ (၂၈) ဓာတုဘဏ္ဍ သံကြိယာ-ကြေးထည်,သံထည် မျိုးစုံပန်းဘဲ,ပန်းတင်းအတတ်၊(၂၉)စိတ္တာဒျာလေခန-ပန်းချီပုံဆွဲအတတ်၊ (၃၀) တဋ္ဌာက ပိပါသာဒ သမဘူမိကြိယာ-ချောင်း, မြောင်း, ရေတွင်း, ရေကန် တူးခြင်း၊ ကျိုးတူးခြင်း၊ တိုက်အိမ်မြို့ကွက်တို့၌ မြေညှိခြင်း အတတ်၊ (၃၁) ယန္တရ ကရဏ-နာရီ, စက်, တူရိယာ မျိုးစုံ ပြုလုပ်နိုင်ခြင်း အတတ်၊ (၃၂) ဝဏ္ဏ ရဥ္ဇန-အရောင်မျိုးစုံ ဆေးဆိုး,ပန်းရိုက်လုပ် အတတ်၊ (၃၃) ဇလဝါ ယဉ္စိ သံယောဂ နိရောဓ ကြိယာ- ရေစက်, လေစက်, မီးစက် အင်ဂျင်အတတ်၊(၃၄) ယံဒန ကရဏ-ယာဉ်မျိုးစုံတို့ကို ပြုလုပ်ခြင်း အတတ်၊ (၃၅) သုတ္တာဒိ ရဇ္ဇ ကရဏ-ချည်မျှင် ချည်ကြိုး အမျိုးမျိုး ငင်လုပ်သော အတတ်၊ (၃၆) ဝတ္ထု ဝါယန-အထည်မျိုးစုံ ရက်လုပ်သော အတတ်၊(၃၇)ရတနဝေဓာဒိ သန္တသန္တညာန-ရတနာတို့၏ အနှေးအထားအပေါက်စသည်တို့၌ ကောင်း,မကောင်း သိသော အတတ်၊ (၃၈) သုဝဏ္ဏာဒိ ယထာယထဝိညာဏ-ရွှေစသည်တို့ကို အမျိုးမှန်,မမှန်, ကောင်း,မကောင်း သိသောအတတ်၊ (၃၉) ကိတ္တိမ သုဝဏ္ဏရတနာဒိ ကြိယာဝိညာပန-ပြုလုပ်အပ်သော ရွှေစသည့် ကိတ်ရတနာတို့ကို ပြုလုပ်နိုင်ခြင်း အတတ်၊ (၄၀) လေပါဒိသံကြိယာ-ပန်းရံ အတတ်၊ (၄၁) စမ္မမဒ္ဒဝါဒိကြိယာ-သားရေနယ် အမျိုးမျိုးနှင့် ငှင်းတို့ကို ဆေးဆိုးခြင်း သားရေနယ် အတတ်၊(၄၂) သုဝဏ္ဏဒျာလင်္ကာရကြိယာ-ပုံစံမျိုးစုံ လုပ်နိုင်သောရွှေပန်းထိမ် အတတ်၊ (၄၃) ပသုစမ္မဂ်နိဟာရကြိယာ- သားကောင် ပုံမပျက်အောင် သားရေကို ခွါဆုတ်နိုင်သော အကတ်၊ (၄၄) ဒုဒ္ဒဒေါဟာဒိဝိညာဏ-နို့ညှစ်မှုစဏ် ထောပတ်အထိ ပြုလုပ်နိုင်ခြင်း အတတ်၊ (၄၅) ကဋ္ဌကာဒိ သိဝန- ချပ်ဝတ်, သင်္ဘောင်း အင်္ကျီစသည်တို့ကို ချုပ်လုပ်သိတွယ် ဖြတ်ညှပ်မှု အတတ်၊(၄၆) ဇလတရဏ-ရေကူး ရေငုပ် အတတ်၊ (၄၇) ဂေဟဘဏ္ဍာဒိမဇ္ဇန- အိမ်သုံးပရိဘောဂ, အိုးခွက်စသည် ကြိုကို ပြောင်လက်စင်ကြယ်အောင် ပြုလုပ်ခြင်း အတတ်၊ (၄၈) ဝတ္ထ သမ္မဇ္ဇန-ခဝါသည် အတတ်၊ (၄၉) ခုရကမ္မ- ဆေတ္တာသည် အတတ်၊ (၅၀) တိလ မံသာဒိ သိနေဟ နိဏ္ဍာသန-နှမ်းဆီ, အမဲဆီစသည်တို့ကို ထုတ်ယူခြင်း အတတ်၊ (၅၁) သီရာဒျာကဿက-လယ်ထွန် အတတ်၊(၅) ရုက္ခာရောဟ- သစ်ပင်တက် အတတ်၊ (၅၃)မနောနုကူလ သေဝါကရဏ-

http://www.dhammadownload.com

အသျင့်စိတ်တိုင်းကျအောင် ခစားလုပ်ကျွေးခြင်း အတတ်၊ (၅၄) ဝေဏု တိဏာဒိ ပတ္ထကရဏ-နှီးခွက်, နှီးဖျာ, မြက်ခွက်, မြက်ဖျာစသည် အတတ်၊ (၅၅) ကာစပတ္တာဒိ ကရဏ- စဉ့်အိုးခွက်, ကြေ့, ဖလ်အိုးခွက်, ပန်းကန် ပြုလုပ်ခြင်း အတတ်၊ (၅၆) ဇလ သံသေစန ဟရဏ-ရေယူ, ရေထုတ်, ရေလှောင် ရေပေး ဆည်မြောင်း အတတ်၊ (၅၇) လောဟာဘိသာရ သတ္ထကရဏ-သံမဏိ သံရေကြိုစက် လက်နက်မျိုးစုံ လုပ်ခြင်း အတတ်၊ (၅၈) ဟတ္ထိ အဿာဒိ ပိဋ္ဌရဏကြိယာ- ဆင်ကုန်း, မြင်းကုန်းစသည်လုပ် ခြင်း အကာတ်၊ (၅၉) သိသုသံရက္ခဏ ခာရဏာဒိကြိယာ- ကလေးသူငယ် စောင့်ရှောက် မွေးမြူရေး ကလေးထိန်း အတတ်၊ (၆၀) အပဏ္ဏိတာဒုန ဉာဏ-အပြစ်ရှိသူကို အပြစ်နှင့် လျော်စွာ ပုတ်ခတ်ရိုက်နှက်ခြင်း အတတ်၊ (၆၁) နာနာဒေသိယ ဝဏ္ဏလေခန- ဘာသာမျိုးစုံတို့၏ စာပေအက္ခရာကို ရေးသားမှု အတတ်၊ (၆၂) တမ္မူလာရက္ခာဒိကြိယာ- ကွမ်းရာ, ကွမ်း ပြင်စသည် အတတ်၊ (၆၃) ပြဆိုပြီး ၆၂-ပါးသော ကလာတို့၌ လေးဆေး သင့်လျင် လေးဆေးစွာပြုလုပ်တတ်ခြင်း အာဒါနဂုဏ်၊ (၆၄) လျင်မြန် သင့်လျင် လျင်မြန်စွာပြုလုပ်တတ်ခြင်း ပတိဒါနဂုဏ်။

ကလျာဏမိတ္တ အင်္ဂါ ၇-ပါး။ ။သပ္ပုရိသခေါ် မိတ်ဆွေမြတ်တို့၏ အင်္ဂါ ၇-ပါး ဟူ၏။ (၁) သီလ-ကိုယ်ကျင့်သီလနှင့် ပြည့်စုံခြင်း၊ (၂) သမာဓိ ကိုယ်နှုတ်စိတ် ငြိမ်သက်တည်ကြည်ခြင်း၊ (၃) ပညာ-ရုပ် နာမ် ပဋိစ္စ သမုပ္ပါဒ်တို့ကို သိခြင်း၊ (၄) ဓမ္မ ဒါန- သစ္စာ ၄-ပါး ဘာဝနာတရားတို့ကို ဟောကြားနိုင်ခြင်း၊ (၅) ပေယျဝါစာ- လိုက်နာဘွယ်သော စကားတို့ကို ဆိုတတ်ခြင်း၊ (၆) အတ္ထစရိယာ- သူ့ကောင်းကျိုးကို ကျင့်သုံးနိုင်ခြင်း၊ (၇) သမာနတ္တတာ-မိမိနှင့်တူမျှသော အကျိုးတရားကို ဖြစ်စေနိုင်ခြင်း။

ကလျာဏမိတ္တ ဖြစ်ကြောင်း ဂုဏ်အင်္ဂါ ၇-ပါး။ ။မိတ်ကောင်း ဖြစ်ခြင်း အကြောင်းအင်္ဂါ ၇-ပါး။ သတ္တဂုံတ္တရပါဠိတော် ကလျာဏမိတ္တသုတ်။

(၁) ဂရုဂုဏ်-အထက်ပါ ကလျာဏမိတ္တ အင်္ဂါ ၇-ပါးနှင့် ပြည့်စုံသူ ဖြစ်၍ အလေးအမြတ် ပြုအပ်သောဂုဏ်။

(၂) ဘာဝနီယဂုဏ်-ထို့အတူဖြစ်၍ ချီးမွမ်းအပ်သောဂုဏ်။

(၃) ဝတ္တာရဂုဏ်-သူတပါးတို့အား ဆိုဆုံးမချင်သောဂုဏ်။

http://www.dhammadownload.com

(၄) ဝစနက္ခမဂုဏ်-မသိ၍ သူတပါးတို့ မေးလျှောက်သော စကားကို ခံနိုင် ဖြေစွမ်းနိုင်သောဂုဏ်။

(၅) ဂမ္ဘီရကထံ ကထာဂုဏ်-ရှုပ်နာမ်နှင့်စပ်၍ နက်နဲစွာ ဟောပြော တတ်သောဂုဏ်။

(၆) အဋ္ဌာနေ နောစ နိယောဇိဟဂုဏ်-အကျိုးမဲ့ရာတို့၌ မပြောဆို မတိုက်တွန်း မယှဉ်စပ်သောဂုဏ်။

(၇) ဘဇိတမ္ဗဂုဏ်-သိက္ခာသုံးပါး သင်ဟတရားလေးပါးတို့နှင့်ပြည့်စုံ သည်ဖြစ်၍ မှီဝဲဆည်းကပ် ခံထိုက်သောဂုဏ်။

ကလျာဏမိတ္တ၊ ခေါ် ဆိုကြ၊ သုံးဝပုဂ္ဂိုလ် အဘယ်နည်း ?။ ။သတ္တဝါတို့အား အကျိုးကျေးဇူး အထူးများစေသော သပ္ပုရိသ ကလျာဏမိတ္တပုဂ္ဂိုလ်ကြီး ၃-ယောက်။ ဗဟုဇနဟိတ သုတ်မှ။ (၁) သမ္မာသမ္ဗုဒ္ဓ-သမ္ဗညူ မြတ်စွာဘုရား၊ (၂) အရဟန္တ - ရဟန္တာပုဂ္ဂိုလ်၊ (၃) သေက္ခ-တရားကျင့်ခဲ သီလဝန္တ ပုဂ္ဂိုလ်။

ကဝဂ် ၅-လုံး။ ။ဗျည်း ၃၃-လုံးတို့တွင် "က, ခ, ဂ, ဃ, င" ဤငါးလုံး အစုကို ခေါ်ဆိုသည်။

ကဝိမျိုး ၄-ပါး။ ။သုတ်သိဇ္ဈကန် ။ပါ။ ၁၀။ ဌ။ ၉၀။ စတုကဏ်တ္တရ ။ပါ။ ၅၅၃။ဌ။ ၃၉၀။ ပညာရှိကြီး လေးပါးဟူ၏။

(၁) ဝတ္ထု အနုသန္ဓေကို ကြံစည်တွေးဆ၍ ကျနသေချာစွာ ပြုလုပ် တတ်သော စိန္တာ ကဝိ။

(၂) တစုံတခုကို ကြားရသောအခါ ကြားသည်မှတပါး အခြား မကြားသေးသော အဆုများကိုပါ စပ်ဟပ်လျော်ကန်အောင် ပြုလုပ်တတ်သော သုတ ကဝိ။

(၃) တစုံတခုသော အနက်ကို စုံစမ်း၍ ချုံ့ခြင်း ခဲ့ခြင်း စသည် ပြုလုပ်နိုင်သော အတ္ထ ကဝိ။

(၄) တစုံတခုသော ဝတ္ထုကို မြင်ကာမျှဖြင့် ထိုနှင့်အလားတူ တခဏ ခြင်း မိမိ ပညာဖြင့် ဖြစ်စေနိုင်သော ပဋိဘာဏ ကဝိ။

http://www.dhammadownload.com

ကသည်း ၃-စု၊ ၀၊ ၃- စို့။ ။ဤကား မြန်မာရာဇဝင်နှင့် လွှတ်တော် အမှုပ်အသားလာ ဝေါဟာရများ ဖြစ်သည်၊ "စု" နှင့် "စို့" ကား- အစု, အစို့, အသင်း, အဖွဲ့ဟု အဓိပ္ပါယ် ရသည်၊ ကသည်း ၃-စို့ ဆိုသည်ကား ကျောက်မျက် ရတနာများ ထွက်သည့်။ (၁) မိုးကုတ်နယ် တစို့၊ (၂) ကျပ်ပြင်နယ် တစို့၊ (၃) ကသည်းနယ် တစို့အားဖြင့် ကသည်း ၃-စို့ဟု ရေးမှတ် ခေါ်ဝေါ်ကြကုန်၏။

က, သတ်ကာရန်၊ ရေးထုံးမှန်၊ ၃-တန် မြန်မာ့နည်း။ ။မြန်မာ့ကာရန် သတ်ပုံထုံးနည်း၌ ကာရန်ငယ် ၆၄-ပါးတွင် က, သတ် ကာရန်များ ဖြစ်သော "အက်, အိုက်, အောက်"ငင်း ၃-ပါးကို ဆိုသည်။

ကသိုဏ်း ၁၀-ပါး။ ။သုတ်ပါဌေယျ ။ပါ။ ၂၂၃- ၂၃၇။ ဌ။ ၂၃၀။ ယောဂီပုဂ္ဂိုလ်တို့အတွက် ရှုကျင့်တရား ဆယ်ပါး။ (၁) ပထဝီကသိုဏ်း- ပိုင်းခြားအပ်သည့်အတွင်း အကြွင်းအကျန်မရှိ အာရုံပြုအပ် စီးဖြန်း အပ်သော မြေကသိုဏ်း၊ (၂) အာပေါကသိုဏ်း- ပိုင်းခြားအပ်သည့် အတွင်း အကြွင်းအကျန်မရှိ အာရုံပြုအပ် စီးဖြန်းအပ်သော ရေကသိုဏ်း၊ (၃) တေဇောကသိုဏ်း- ပိုင်းခြားအပ်သည့်အတွင်း အကြွင်းအကျန်မရှိ အာရုံပြုအပ် စီးဖြန်းအပ်သော မီးကသိုဏ်း၊ (၄) ဝါယော ကသိုဏ်း- ။ယ။ လေ ကသိုဏ်း၊ (၅) နီလ ကသိုဏ်း- ။ယ။ ညိုသော ကသိုဏ်း၊ (၆) ပီတ ကသိုဏ်း- ။ယ။ ဝါရွှေသော ကသိုဏ်း၊ (၇) လောဟိတ ကသိုဏ်း- ။ယ။ နီမြန်းသော ကသိုဏ်း၊ (၈) [illegible] ကသိုဏ်း- ။ယ။ ဖြူသော ကသိုဏ်း၊ (၉) အာကာသ ကသိုဏ်း- ။ယ။ ကောင်းကင် ကသိုဏ်း၊ (၁၀) အာလောက ကသိုဏ်း- ပိုင်းခြားအပ်သည့်အတွင်း အကြွင်းအကျန်မရှိ အာရုံပြုအပ် စီးဖြန်းအပ်သော အလင်းရောင်ခြည် ကသိုဏ်း။

မှတ်ချက်။ ။ ။ယ။ နေရာ၌ အထက်နည်းတူ အလည်စာသားများကို ဖေါ်ယူမှု။ (ပေယျာလ ဟူ၏။)

http://www.dhammadownload.com

[ကာ]

ကာကနီခေါ်၊ စုန်းမကျော်၊ ၄-ဘော် အာဘယ်နည်း? ။ ။ကာကနီကား စုန်းမဟုတ်၊ နဖူးစီး, မှန်ကူပါသော နတ်စိမ်းမျိုးသာဖြစ်သည်၊ ယခုခေတ် မင်းညီနောင်, ဘိုးမင်းကျော်, ဦးရှင်ကြီး စသည်တို့လို အစားမျိုးဟု မှတ်ဆု၏၊ အကျယ်ကို သဒ္ဒကပ္ပဒုမ ခေါ် လောကီကျမ်း၌ ရှုလေ။ (၁) ဒေဝ ကာကနီ - အောက်တန်းစား နတ်ဆိုး နတ်ယုတ်များ၊ (၂) ဗျဂ္ဃ ကာကနီ- ကျားနှင့်ယှဉ်သော နတ်စိမ်းများ၊ (၃) ယက္ခ ကာကနီ- ဘီလူး, သရဲ, ဖုတ်, ပြိတ္တာကြီးများ၊ (၄) ဣန္ဒ ကာကနီ- ထိုကာကနီထို့၏ အကြီးအကဲ နတ်စိမ်း။

ကာမ ၁၁ - ဘုံ။　။ကာမပုဂ္ဂိုလ်တို့ လားရောက်ရာ ၁၁-ဘုံ ဟူလို။ အပါယ် ၄-ဘုံ၊ လူ့ဘုံ၊ နတ်ပြည် ၆-ထပ်၊ ပေါင်း ၁၁-ဘုံ။

ကာမဂုဏ် ၅-ပါး။ ။သဋ္ဌာယတနသံယုတ် ။ပါ။ ၄၂၄။ဌ-၁၂၀-၌ အကျယ်ရှု။ ကိလေသာ အာရုံ၌ ဖွဲ့စည်းတတ်သော တရားငါးပါး။ (၁) ရူပါရုံ-အဆင်း အာရုံ၊ (၂) သဒ္ဒါရုံ-အသံ အာရုံ၊ (၃) ဂန္ဓာရုံ-အနံ့ အာရုံ၊ (၄) ရသာရုံ-အရသာ အာရုံ၊ (၅) ဖောဋ္ဌဗ္ဗာရုံ-အတွေ့အထိ အာရုံ။

ကာမတရား ၂-ပါး။　။ပဋိသမ္ဘိဒါမဂ် ။ပါ။ ဂဝဲ ။ဌ။ ပ-အုပ်-၂၆၈-၌ အကျယ်ရှု။ ယုတ်ညံ့ သေးသိမ်သော တရား ၂-ပါး။ (၁) ဝတ္ထု ကာမ-တဏှာ၏ အာရုံအကြောင်းဖြစ်သော ရွှေ, ငွေ, စိန်, ကျောက်, ဆင်, မြင်း, ကွဲ, နွား, သားမယား စသည်မျိုးကို ခေါ်သည်။ (၂) ကိလေသာ ကာမ- တဏှာခေါ် လောဘ စေတသိက်တရားကိုခေါ်သည်။

ကာမသုဂတိ ၇-ဘုံ။　။ကောင်းသော လားခြင်းရှိသော ကာမပုဂ္ဂိုလ်တို့၏ ဒုနရာ ၇-ဘုံ။ (၁)လူ့ဘုံ။ (၂)နတ်ပြည် ခြောက်ထပ်။ ပေါင်း ၇-ဘုံ။

ကာမေသုကံ၊ ကျိုးပြစ်ဒဏ်၊ ထိမှန် ၁၅-ပါး။　။သူ့သို့းမယားဌ သွားလာ လွန်ကျူးသူတို့ ရရှိသော မကောင်းကျိုး အပြစ် ဆယ့်ငါးပါး ဟူ၏၊ ထိုထိုကျမ်းစာတို့၌ အမျိုးမျိုးလာရှိသည်။ (၁) အပါယ် ၄-ပါးသို့ လားရခြင်း၊ (၂) မိန်းမ,ပဏ္ဍုကဲ့ ဖြစ်ရခြင်း၊ (၃) ရန်သူနှင့် တွေ့ရခြင်း၊

http://www.dhammadownload.com

(၄) လူအများ မုန်းခြင်း၊ (၅) စား, ဝတ်, အိပ်ရာ ရခဲခြင်း၊ (၆) ဆင်းဆင်းရဲရဲ အိပ်ရ, နိုးရခြင်း၊ (၇) အမျက်ဒေါသ ကြီးခြင်း၊ (၈) လောကုတ္တရာတရား မရရှိနိုင်ခြင်း၊ (၉) စည်းစိမ်ဥစ္စာ ပျက်ပြုန်း ရခြင်း၊ (၁၀) ယုံကြည်မှု ကင်းမဲ့ ခံရခြင်း၊ (၁၁) ဘေး တွေ့ရခြင်း၊ (၁၂) ယုံမှား သံသယ များခြင်း၊ (၁၃) ချစ်သူတို့နှင့် ခွဲနေရခြင်း၊ (၁၄) အသက် တိုခြင်း၊ (၁၅) ဆင်းရဲကြီးစွာ တွေ့ရခြင်း။

ကာမေသုကံ၊ ထိမည်မှန်၊ ရှောင်ရန်မိန်းမ ၄၁။ ။ဂုဏ်းသုတေသနရပ်ကို (အုပ်ထိန်းခြင်း ရှိသော မိန်းမမျိုး ၂၀) (အုပ်ထိန်းရာသော မိန်းမ ၂၁-ယောက်)၌ ဆိုခဲ့ပြီ။

ကာမေသုမိစ္ဆာစာရ အင်္ဂါ ၄-ပါး။ ။ကာမကိစ္စ၌ ကံမြောက်နိုင်သည့် အင်္ဂါလေးပါး။ (၁) အ ဂမနိယ ,ဝတ္ထု ၂၀-တို့တွင် ပါဝင်ခြင်း၊ (၂) ကျင့်ပြု မှိုဝဲလိုစိတ်လည်း ရှိခြင်း၊ (၃) ရနိုင်သော နည်းဖြင့် လုံ့လလည်း ပြုခြင်း၊ (၄) ပြုကျင့်ခြင်းကိုလည်း သာယာခြင်း။

ကာယကံမျိုး ၃-ပါး။ ။ကိုယ်ဖြင့် ပြုလုပ်ကျူးလွန်သော ကံသုံးပါး။ (၁) ပါဏာတိပါတ- သူ့အသက်ကို သတ်ခြင်း၊ (၂) အဒိန္နာဒါန-အရှင်မပေးသော သူ့ဥစ္စာကို ခိုးခြင်း၊ (၃) ကာမေသု မိစ္ဆာစာရ-ကိုယ်ပိုင်မဟုတ်သော သူ့မယား သို့မဟုတ် သားကို ဖောင်္ဂမ္မ တဏှာဖြင့် ကျူးလွန် ပြစ်မှားခြင်း။

ကာယဂတာသတိမျိုး ၁၀-ပါး။ ။ဥပရိပဏ္ဏာသ ကာယဂတာသတိသုတ် ပါဠိတော်မှ။ (၁) အာနာပါနပိုင်း၊ (၂) ဣရိယာပထပိုင်း၊ (၃) သမ္မဇညပိုင်း၊ (၄) ပဋိကူလပိုင်း၊ (၅) ဓာတုဝဝတ္ထာန်ပိုင်း၊(၁၄) သိဝ ထိက ၉-ပါးနှင့်တကွ (၁၅) ပဌမဈာန်၊ (၁၆) ဒုတိယဈာန်၊ (၁၇) တတိယဈာန်၊ (၁၈) စတုတ္ထဈာန်တို့ ဖြစ်၏။

ကာယကြိုး ၄-ပါး။ ။ကာယဂတာ သတိအရာ၌ သုံးသပ်ရသော ၄၂-ပါး သော ကာယအစု ၄-မျိုးကို ဆိုသည်။ (က) ပထဝီကာယ ၂၀။

http://www.dhammadownload.com

(၁၃၄)　　[ကာ + ယာ ။ ကာ + ရ + က]

(၁) အာပေါ ကာယ ၁၂။ (၇) တေဇော ကာယ ၄။ (၈) ဝါယော ကာယ ၆၊ ပေါင်း ၄၂-ပါး။

ကာယဒုစရိုက် ၃-ပါး။ ။၎င်း၏ သရုပ်အဖြေ (ဒုစရိုက် ၁၀-ပါး)မှာ ထင်ရှားအံ့။

ကာယဒွါရ ၃-ပါး။ ။၎င်း၏ သရုပ်အဓိပ္ပါယ် (ကာယကံမျိုး ၃-ပါး)နှင့် အရတူ ဖြစ်သည်။

ကာယမျိုး ၃-ပါး။ ။ကာယခေါ် အမျိုးအစား ၃-ပါး။ (၁) သသုမ္ဘာရ ကာယ- ၃၂-ကောဋ္ဌာသ အဆောက်အဦနှင့် တကွဖြစ်သော ကိုယ်ခန္ဓာ၊ (၂) ပသာဒ ကာယ-ကာယ ပသာဒရုပ် တွေ့ထိမှု အာသိရှိရာ ဌာန၊ (၃) စောပန ကာယ-လက်ခြေ စသည် လှုပ်ရှားအော်ငင် ပြုမူ တတ်သော ဝိညတ်။

ကာယာနုဂတတရား ၁၀-ပါး။ ။ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့သော်မှ မရှောင် မချန် မည်သည့် ကုသိုလ်ကံမျိုးကမှ တားမြစ်၍ မပေးနိုင်၊ ကိုယ်ကာယ ရရှိသူတိုင်း အစဉ်အမြဲလိုက်၍ နှိပ်စက်တတ်သော တရားမျိုး ဟူ၏။ ဆဋ္ဌ-မိလိန္ဒပဉ္ဟာ ၂၄၆။ (၁) သီတ်-အအေး၊ (၂) ဥဏှ်-အပူ၊ (၃) ဇိဃစ္ဆာ-ဆာလောင်၊ (၄) ပိပါသာ-ရေငတ်၊ (၅) ဥစ္စာရော-ကျင်ကြီးစွန့်၊ (၆) ပဿာဝ-ကျင်ငယ်စွန့်၊ (၇) ထိန မိဒ္ဓ-အိပ်ငိုက်၊ (၈) ဇရော-အိုမင်းကြီးရင့်၊ (၉) ဗျာဓိ-နာ၊ (၁၀) မရဏ-သေရခြင်း။

ကာရက ၆-ပါး။ ။ပါဠိသဒ္ဒါ ဆရာတို့ အသုံးပြုသည့် လက္ခဏာ ၆-ပါး ဟူလို။ (၁) က၊ သည်၊ လက္ခဏာရှိသော ကတ္တုကာရက၊ (၂) ကို၊ သို့၊ လက္ခဏာရှိသော ကမ္မကာရက၊ (၃) ဖြင့်၊ လက္ခဏာရှိသော ကရဏကာရက၊ (၄) အား၊ ၄၊ လက္ခဏာရှိသော သမ္ပဒါနကာရက၊ (၅) က၊ မှ၊ အောက်၊ ထက်၊ လက္ခဏာ ရှိသော အပါဒါနကာရက၊ (၆) က၊ ၌၊ တွင်၊ မှာ၊ လက္ခဏာ ရှိသော ဩကာသ ကာရက။

http://www.dhammadownload.com

ကာရန်ကြီး ၁၆-ပါး၊ ကာရန်ငယ် ၆၄-ပါး။ ။ဤ၌ ကာရန်ကြီးကို "မူလကာရန်" ကာရန်ငယ်ကို "အသံကာရန်" ဟူ၍ခေါ်ဆိုကြကုန်သေး၏၊ မြန်မာ့ကဗျာ စာဆိုတော် ပညာရှိကြီးများသည် ကာရန်ကို လွန်စွာ အလေးပြုရှိသေကြကုန်၏၊ ၃-လုံးစပ်, ၄-လုံးစပ်, ၅-လုံးစပ် လက်ဝဲဟူသမျှ မူလကာရန် ၁၆-တန်အတိုင်းသာ လိုက်နာစပ်ဆိုမြဲ ပြုကြကုန်သည်။

အမှတ်စဉ်	ကာရန်ကြီး ၁၆-ပါး	ကာရန်ငယ် ၆၄-ပါး အသံကာရန် ၆၄-ပါး			အကြောင်းအရာ
		ဦးရေ	မူလ ရေးနည်း	အတို ရေးနည်း	
၁။	အကာရန်တွဲဒဿ ၃-လုံး	၁ ၂ ၃	အ အာ အား		
၂။	ဣ ကာရန်တွဲဒဿ ၃-လုံး	၄ ၅ ၆	အိ အီ အီး	ဣ ဤ	
၃။	ဥ ကာရန်တွဲဒဿ ၃-လုံး	၇ ၈ ၉	အု အူ အူး	ဥ ဦ ဥု ဦး ဥူး	များသော အားဖြင့် ဦ၊ ဦး- သုမမ္မာဂိုဏ်းသုံး
၄။	အေ ကာရန်တွဲဒဿ ၃-လုံး	၁၀ ၁၁ ၁၂	အေ အေ့ အေး	ေ ေ့ ေး	ဥု၊ ဥူး- ရွှေကျင်ဂိုဏ်းသုံး

http://www.dhammadownload.com

စဉ်	ကာရန်ကြီး ၁၆-ပါး	ကာရန်ငယ် ၆၄-ပါး သို့မဟုတ် အသံကာရန် ၆၄-ပါး			အကြောင်း အရာ
		ဦးရေ	မူလ ရေးနည်း	အတို ရေးနည်း	
၅။	အယ်ကာရန်တာဒိ ၃-လုံး	၁၃ ၁၄ ၁၅	အဲ အယ် အဲ့ အယ့် အဲး အယ်း	အဲ အဲ့ အဲး	နောက်ပစ် ယဿတ် အသံတူ
၆။	အော်ကာရန်တာဒိ ၃-လုံး	၁၆ ၁၇ ၁၈	အော် အော့ အော	အ် သ့ သ	
၇။	က္သတ်ကာရန် ၃-လုံး	၁၉ ၂၀ ၂၁	အက် အိုက် အောက်		
၈။	င္သတ်ကာရန် ၉-လုံး	၂၂ ၂၃ ၂၄ ၂၅ ၂၆ ၂၇ ၂၈ ၂၉ ၃၀	အင် အင့် အင်း အိုင် အိုင့် အိုင်း အောင် အောင့် အောင်း	 သီ သင်းသီ	ပိတ်ရွတ်(အောည်) နှင့် မစပ်ကောင်း
၉။	စ္သတ်ကာရန် ၁-လုံး	၃၁	အစ်		

http://www.dhammadownload.com

ပြဋ္ဌာန်းစဉ်	ကာရန်ကြီး ၁၆-ပါး	ကာရန်ငယ် ဖြင့်-ပါး သို့မဟုတ် အသံကာရန် ဖြင့်-ပါး			အကြောင်းအရာ
		ဦးရေ	မူလ ရေးနည်း	အတို ရေးနည်း	
၁၀။	ပိတ်ရွတ်	၃၂	အေည်	အေ့်	ပိတ်ရွတ် (အေည်) နှင့်
	ညသတ်	၃၃	အေည့်	အေ့်	ငသတ်
	ကာရန် ၃-လုံး	၃၄	အေည်း	အေ့်း	မယပ်ကောင်း
၁၁။	ဖွင့်ရွတ်	၃၅	အည်	အ့်	လုံးတင် နှင့်
	ညသတ်	၃၆	အည့်	၏	မစပ် ကောင်း
	ကာရန် ၃-လုံး	၃၇	အည်း	အ့်း	
၁၂။	တ, သတ်	၃၈	အတ်		ပ, သတ် နှင့်
	ကာရန်	၃၉	အိတ်		မစပ် ကောင်း
	၃-လုံး	၄၀	အုတ်		
၁၃။	န, သတ် ကာရန် ၉-လုံး	၄၁	အန်		မ, သတ် နှင့် မစပ်ကောင်း
		၄၂	အန့်		
		၄၃	အန်း		
		၄၄	အိန်		
		၄၅	အိန့်		
		၄၆	အိန်း		
		၄၇	အုန်		
		၄၈	အုန့်		
		၄၉	အုန်း		
၁၄။	ပ, သတ်	၅၀	အပ်		တ, သတ် နှင့်
	ကာရန်	၅၁	အိပ်		မစပ်ကောင်း
	၃-လုံး	၅၂	အုပ်		

http://www.dhammadownload.com

ပုဒ်ရေ	ကာရန်ကြီး ၁၆-ပါး	ကာရန်ငယ် ၆၄-ပါး ဆို့ဖဟုတ် အသံကာရန် ၆၄-ပါး			အကြောင်းအရာ
		ဦးရေ	မူလ ရေးနည်း	အတို ရေးနည်း	
၁၅။	မ,သတ်ကာရန် ၉-လုံး	၅၃	အမ်	အံ	နှ,သတ်နှင့် မ,သတ် မစပ် ကောင်း ဥသရတွင်၊ လဝက်တင်၊ ထိုတွင်ဗိန္ဒုစက်။ ဥုံဟု ဘတ်လေ၊ ပါဠိအနေ၊ အောင်မြင်စေ အနက်။ ပုဂ်း ဥပဒေသ အလို (ဥံ)မှ ယခုသုံး ဥုံသို့ ပြောင်း လာကြောင်း မှတ်လေ။
		၅၄	အမ့်	အုံ့	
		၅၅	အမ်း	အုံး	
		၅၆	အိမ်	အိုံ	
		၅၇	အိမ့်	အိုံ့	
		၅၈	အိမ်း	အိုံး	
		၅၉	အုမ်	အုံ ဦံ	
		၆၀	အုမ့်	အုံ့	
		၆၁	အုမ်း	အုံး	
၁၆။	ဝ,သတ်ကာရန် ၃-လုံး	၆၂	အိုဝ်	အို	
		၆၃	အိုဝ့်	အို့	
		၆၄	အိုဝ်း	အိုး	
*	ဝ,သတ်အထူး ၁-လုံး	×	အောဝ်	သြောဝ်	၎င်းကို ကာရန်ကြီး ၁၆-ပါး၊ ကာရန်ငယ် ၆၄-ပါးမှ လွှတ်ကား ကြသည်။

ကာလ ၃-ပါး။ ။ပဋိသန္ဓိဒါမက် ။ပါ။ ၅၁ ။ဋ္ဌ။ ပ-အုပ်- ၂၂၇- ၂၂၈။ အခြိန်အခါမျိုး ၃-ပါးဟူ၏။ (၁) အတီတ- လွန်လေပြီးသော အတ်တ် ကာလ၊ (၂) အနာဂတ- မလာဆောက်သေး မဖြစ်သေးသော အနာဂတ် ကာလ၊ (၃) ပစ္စုပ္ပန္န- ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ။

ကာလ ၈ နှုန်းမျိုး ၅-ပါး။ ။သင့်လျော် လျောက်ပတ် ကောင်းမြတ်သော ပေးလွှတ်ခြင်း ငါးပါးဟူ၏၊ ပဋ္ဌာန်တွင်လာပါ၏တော် သုမနဝဏ်။ (၁)အာဂန္တုက

http://www.dhammadownload.com

ဒါန-ည့ေသည်များအား ပေးလှူခြင်း၊ (၂) ဂမိက ဒါန-ခရီးသွားများအား ပေးလှူခြင်း၊ (၃) ဂိလာန ဒါန-လူနာများအား ပေးလှူခြင်း၊ (၄) ဒုဘိက္ခ ဒါန-ငတ်မွတ်ပါးရှား ဒုက္ခသည်များအား ပေးလှူခြင်း၊ (၅) သီလဝန္တ နဝဖလ ဒါန-မိမိတို့ လယ်ယာဥယျာဉ်မှ ပေါ်ဦးစ သီးနှံတို့ကို သီလရှိသူတို့အား ပေးလှူပြုံးမှ စ၍ခြင်း။

ကာလိက ၄-ပါး။ ။ရဟန်းတော်များအား အခါအခွင့်နှင့် ပိုင်းခြား၍ အကာပ်ခံရပုံနှင့် မည်သည့်ဝတ္ထုကို မည်သည့်အချိန်အခါ အတိသာသုံးဆောင်နိုင်ကြောင်းကို ဆိုသော ဘုရားရှင် ပညတ်ချက် လေးပါး၊ ဥပုသ်သည်များနှင့်လည်း သက်ဆိုင်သည်။

(၁) ယာဝ ကာလိက- စပါးမျိုး, ပဲမျိုး, အသီးကြီး ၉-မျိုးစသော အာဟာရကိစ္စကို ပြီးစေနိုင်သည့် ဝတ္ထုဟူသမျှ၊ ၎င်းကို အရုဏ်တက်ချိန်မှ မွန်းတည့်အထိသာ အကာပ်ခံကောင်း သုံးဆောင်ကောင်းသည်။

(၂) ယာမ ကာလိက- ဘုရား ခွင့်ပြုတော်မူသော အဖျော် ၈-ပါးနှင့် အနုလောမ အဖျော်တို့တည်း၊ ၎င်းကို နေအရုဏ်တက်မှ နက်ဖြန်အရုဏ်တက်အထိ တယာမ်အတွင်း သုံးဆောင်ကောင်း အကာပ်ခံကောင်းသည်။

(၃) သတ္တာဟ ကာလိက- ထောပတ်, ဆီဦး, ဆီ, ပျား, တင်လဲ, သကြား, ကြံသကာ, ဆေးငါးပါးတို့တည်း၊ ၎င်းကို တခါ အကာပ်ခံထားလျှင် ခုနစ်ရက်ထိ သုံးဆောင်ကောင်းသည်။

(၄) ယာဝ ဇီဝက- ပြုခဲ့ပြီးသော ကာလိက ၃-ပါးနှင့် ကာလိကမှ လွတ်သော ရေ, ဒန်ပူကို ချန်ထား၍ ကြွင်းသော ဇီးဖြူ,ရှိရှား သဖန်းခါးစသောအာဟာရကိစ္စကို မပြီးစေနိုင်သည့် ဆေးဘက်ဝင်သော အမြစ်, အရွက်, အသီး, အခေါက် စသည်တို့တည်း၊ ၎င်းကို တခါ အကာပ်ခံထားလျှင် အသက်ရှင်နေသမျှ ကာလပတ်လုံး သုံးဆောင်နိုင်သည်၊ ရေ, ဒန်ပူတို့ကား ကာလိက လေးပါးမှ လွတ်သည်၊ အကာပ်ခံဘွယ် ကိစ္စမရှိ၊ ဥပုသ်သည်များကား ယာဝကာလိကကို နေလွဲသည်မှ မစားရခေ့၊ ကျန် ၃-ပါးကား စားနိုင်၏။

http://www.dhammadownload.com

[ကိ]

ကိကီမင်းကြီး၏ သမီးတော် ၇-ယောက်။ ။ဇာတ်အဋ္ဌကထာ သတ္တမအုပ်-၂၄၃-၌ ရှုပါ။ ကဿပ ဘုရားရှင် လက်ထက်၌ (၁) သမဏီ၊ (၂) သမဏဂုတ္တာ၊ (၃) ဘိက္ခုနီ၊ (၄) ဘိက္ခုဒါယိကာ၊ (၅) ဓမ္မာ၊ (၆) သုဓမ္မာ၊ (၇) သံဃဒါသီ။ ။ဂေါတမ မြတ်စွာဘုရား လက်ထက်တော်၌ (၁) ခေမာ၊ (၂) ဥပ္ပလဝဏ်၊ (၃) ပဋာစာရီ၊ (၄) ဂေါတမီ၊ (၅) ဓမ္မဒိန္နာ၊ (၆) မဟာမာယာ၊ (၇) ဝိသာခါ။

ကိတ် ၃-ပါး။ ။ဇမ္ဗူဒီပ် နိမိတ်ဟူသော ရှေးဥဒါန်းအရ အသက်ရှိသော သတ္တဝါတို့၏ ကမ္မပစ္စယကို အကြောင်းပြု၍ သုဘာသုဘ ကောင်းကျိုး မကောင်းကျိုးကို ပြသော နိမိတ်ကြီး ၃-ပါးဟူလို။

(၁) အာကာသ ကိတ်-ထူးခြားစွာ ကြယ်ပျံခြင်း၊ ကြယ်ကြွေခြင်း၊ ဥက္ကာကျခြင်း၊ နေ လ ကြတ်ခြင်း၊ ကြယ်တံခွန် လွှတ်ခြင်း၊ တိမ်တံခွန် ထူထောင်ခြင်း၊ ဂြိုဟ်အသွား အလာ ဖေါက်ပြန်ခြင်း၊ ဗျဉ္ဇဇာ ဝက္ကဇာ သိဟဇာကျင့်ခြင်း စသော ကောင်းကင်မှ ဖြစ်ပေါ်သည့် နိမိတ်ဟူသမျှကို "အာကာသ ကိတ်" ဟု ခေါ်သည်။

(၂) ဘောမ ကိတ်-တောင်ပို့ ပေါက်ခြင်း၊ တောင်ကြီး တောင်ငယ် ပေါ်ခြင်း၊ တောင်ပြိုခြင်း၊ မြေပြိုခြင်း၊ ပင်လယ်ဝေခြင်း၊ တော်လည်း, ငလျင်လှုပ်ခြင်း၊ မြေမှ အခိုးအလှုံ့ထွက်ခြင်း၊ အိမ်အောက် နန်းအောက် ကျောင်းအောက်တို့၌ မှိုပင့်ကြီးများ ပေါက်ခြင်း၊ ကြာပေါက်ခြင်း စသော မြေကြီးနှင့်စပ်၍ ဖြစ်ပေါ်သည့် နိမိတ်ဟူသမျှကို "ဘောမ, ကိတ်" ဟု ခေါ်ဆိုသည်။

(၃) အန္တလိက္ခ ကိတ်-ဘုရား စေတီတော်တို့မှ ဆောင်ခြည်တော် အကြိမ်ကြိမ်လှတ်ခြင်း၊ မျက်ရည် ယိုခြင်း၊ သွေးစိမ်းရှင်ရှင် ယိုခြင်း၊ ချွေးထွက်ခြင်း၊ အမွေးပေါက်ခြင်း၊ သစ်ပင်တို့မှ ရေမီးထွက်ခြင်း၊ အခိုးအလှုံ့ထွက်ခြင်း၊ အခါမဟုတ်ပွင့်ခြင်း၊ စရပ် ကန်ဆောင်း ကျောင်း နန်းတော်တို့မှ အခိုးအလှုံ့

http://www.dhammadownload.com

ထုတ်ခြင်း အဆောင်လှတ်ခြင်း စသော မြေကြီးနှင့် ကောင်းကင်စပ်ကြား၌ ဖြစ်ပေါ်သည့် နိမိတ် ဟူသမျှကို "ဒန္တလိက္ခကိတ်" ဟု မှတ်ရသည်။

ကိတ္တိမသား၊ မျိုး ၂-ပါး၊ ခံခြား အမွေ၊ အဘယ်နည်း?။ ။ငင်းသရုပ်ကို (မွေးစားသား ၂-မျိုး)၌ ရှုပါ။

ကိန္နရာမျိုး ၇-ပါး။ ။ကိ - အဘယ်နည်း။ နရ- လူလော? နတ်လော?ဟု မေးရသော သတ္တဝါတမျိုး။ ထိုသတ္တဝါ၏ သဏ္ဌာန်မှာ မြင်း၏မျက်နှာ လူနှင့်တူသော ကိုယ်လက်အင်္ဂါရှိကြောင်း၊ နတ်မျိုး နတ်နွယ်ဖြစ်ကြောင်း သိရှိရ၏။ (၁) ဒေဝ ကိန္နရ၊ (၂) စန္ဒ ကိန္နရာ၊ (၃) ဒုမ ကိန္နရာ၊ (၄) ဒဏ္ဍမဏဝိက ကိန္နရာ၊ (၅) ကောန္တ ကိန္နရာ၊ (၆) သင်္ကုဏ္ဍ ကိန္နရာ၊ (၇) ကဏ္ဍပါဝုရဏ ကိန္နရာ၊ ဤကား အသီတိနိပါတ် မဟာကုဏာလဇာတ်လာ ကိန္နရာမျိုးတို့တည်း၊ အာဒိသဒ္ဒါဖြင့် ပြဆားရကား ကိန္နရာမျိုး များစွာရှိကြောင်း သိရာ၏။

ကိန်းမျိုး ၂-ပါး။ ။ငင်းသရုပ် (ဝုစ်မျိုး ၂ ပါး)၌ ရှုပါ။

ကိရိယာ ၆၀။ ။ငင်းသရုပ် အဓိပ္ပါယ် အလုံးစုံတို့သည် (ကြိယာ ၆၀) နှင့် တူ၏။

ကိလေသာစက်၊ ၃၀၀၀-ဝက်။ ။ဤ၌ 'သုံးထောင် ဝက်' ဟူသည်၊ သုံးထောင်၏ ထက်ဝက်ဖြစ်သော ထောင့်ငါး ဟူရာကို ဆိုသည်၊ ငင်း၏ သရုပ်အဓိပ္ပါယ် (ကိလေသာ ၁၅၀၀)၌ ကြည့်ရှုပါ။

ကိလေသာမျိုး ၃-ပါး။ ။အခိုက်အတံ့အားဖြင့် ထူးခြားသော ကိလေသာ ၃-ပါး။

(၁) အနုသယ ကိလေသာ- ဥပါဒ်, ဌိ, ဘင် ထင်ရှားမရှိ မိမိတို့ဝန္ဓာ အစဉ်၌ အမြဲကိန်းမြုံ ပါလာသော ကိလေသာ ဓာတ်ထူး။

(၂) ပရိယုဋ္ဌာန ကိလေသာ- ဥပါဒ်, ဌိ, ဘင် အားဖြင့် ထင်ရှားထင်ကြလာလျက် ကာယကံမြောက် ဖောက်ပြန်ကျူးလွန်မှု မပြုနိုင်သော ကိလေသာ တမျိုး။

http://www.dhammadownload.com

(၃) ဝိတိက္ကမ ကိလေသာ- ၃-ပါးဒွါရမှ ထက်ကြွရုံတင် မကဘဲ လောဘ ဒေါသ အလျောက် ဖောက်ပြန် ကျူးလွန်မှု ပြုစေတတ်သော ကိလေသာမျိုး။

ကိလေသာ ၁၀-ပါး။ ။ပူပန်ဆင်းရဲစေတတ်သော တရားဆယ်ပါး။ (၁) လောဘ-လိုချင် တပ်မက်ခြင်း သဘော၊ (၂) ဒေါသ- ကြမ်းတန်း ဖျက်ဆီး ပြစ်မှားခြင်း သဘော၊ (၃) မောဟ- အကြောင်းအကျိုးကို မသိ တွေဝေမိန်းမောခြင်း သဘော၊ (၄) မာန- စိတ်ထောင်လွှား တက်ကြွ ခြင်းသဘော၊ (၅) ဒိဋ္ဌိ- အယူမှားခြင်း၊ အမှားကို သိမြင်စွဲလမ်းခြင်း သဘော၊ (၆) ဝိစိကိစ္ဆာ-တွေးတောယုံမှားခြင်း သဘော၊ (၇) ထိန ကုသိုလ်ထဲ၌ စိတ်မခုံခြင်း၊ လျော့ပါး ဆုတ်နစ်ခြင်း သဘော၊ (၈) ဥဒ္ဓစ္စ-စိတ်၏ ကောင်းမှုမှ ပျံလွှင့် တုန်လှုပ်ခြင်း သဘော၊ (၉) အဟိရိက-မကောင်းမှုမှ မရှက်ခြင်းသဘော၊ (၁၀) အနောတ္တပ္ပ-မကောင်းမှုမှ မလန့်ခြင်း သဘော။

ကိလေသာ ၁၅၀၀။ ။သတ္တဝါတို့၏ ကိုယ်စိတ်နှစ်ပါးကို ဆင်းရဲညစ်နွမ်း ပူပန်စေတတ်သော, ပူပန်စေတတ်ကြောင်းဖြစ်သော တရားမျိုး ဟူလို။ ၁၅၀၀ ကိလေသာ မြောက်ပုံးပုံကို ဤသို့သိလေ၊ "နာမ် တေပညာသ (၅၃)၊ နိပ္ပန္နရူပ် (၁၈)၊ လက္ခဏရူပ် (၄)၊ ၎င်းတို့ကို ပေါင်းသော်-နာမ်ရူပ်ပေါင်း (၂၅) ပါး ရသည်၊ ၎င်းကို အဇ္ဈတ္တ, ဗဟိဒ္ဓ သန္တာန် ၂-ပါးနှင့် မြောက် (၁၅၀) ရသည်၊ ၎င်းကို ကိလေသာ (၁၀) ပါးနှင့် မြောက်သော် (၁၅၀၀) ဖြစ်သည်။

သံပေါက် ဆောင်ပုဒ်

နာမ် တေပညာ၊ နိပ္ပန္နာ၊ တည်ပါ လက္ခဏာ။
သန္တာန် နှစ်ဖြာ၊ မြောက်ပုံးခါ၊ တရောင်းဆယ်ရ။
ယင်းကိုတဖြာ၊ ကိလေသာ၊ ဆယ်ဖြာမြောက်ပြန်ရ။
တထောင့်ငါးရာ၊ ကိလေသာ၊ ထိုခါဖြစ်သည်ပ။

http://www.dhammadownload.com

[ကုံ + ကု။ ကု + က်။ ကု + င်္။ ကု + နံး] (၁၄၃)

[ကု]

ကုံကုမံမျိုး ၄-ပါး။ ။ထိုထို ဆေးကျမ်းတို့၌ 'ကုက်ံ မာလာ' ခေါ် ကုံကုမံမျိုးကို အောက်ပါအတိုင်း ၄-မျိုး ခွဲခြား၍ ပြကုန်၏။ (၁) ကုမုဒ္ဒရာကုံကုမံ၊ (၂) ပဒုမ္မာ ကုံကုမံ၊ (၃) ကုသုမာ ကုံကုမံ၊ (၄) ကုကုံမာကုံကုမံ။

ကုက္ကုစ္စတရား ၃-ပါး။ ။ပြုပြီးသားမဟုတ်သောင်းမှု, မပြုမိခဲ့သော ကောင်းမှုတို့ကို တွေးတောပူပန် စိတ်နှလုံး မသာယာမှု နောင်တ ခေါ် အပိုအလုပ်မျိုးကို ကုက္ကုစ္စခေါ်၏၊ အကုံရဋ္ဌိကာ။

(၁) နီဝရဏာ ကုက္ကုစ္စ-နီဝရဏဌ္ဌ လာသော အထက်ပါ အဓိပ္ပါယ်အတိုင်းဖြစ်သော ကုက္ကုစ္စမျိုး၊ "ကုက္ကုစ္စစေတသိက်"။

(၂) ဝိနယ ကုက္ကုစ္စ- အပ်လေသလော, မအပ်လေ သလောဟု ဝိနည်းအရာ၌ ကြံစည်စဉ်းစားမှု၊ ပုထုဇဉ်, သေက္ခ, ရဟန္တာ မျှားဦးလည်း ဖြစ်နိုင်သည်၊ "ကုသိုလ်နှင့် ကြိယာစိတ္တုပ္ပါဒ်"။

(၃) အ,သံဟတ ကုက္ကုစ္စ-ဘုရားဝတ်ကပ်နှင့် သံဃပရိသတ်စသည်တို့၌ ရှိသေငြိမ်သက်စွာမနေ ကူးခြေမရ ခြေလှုပ် လက်ရမ်းအဟူးအဟမ်းနှင့် သလိပ်ခတ် လက်ဆစ်ချိုး စကားပြောစသော မသင့်လျော်သည့် အပြုအမူများ၊ "မောဟ ဦးစီးသော အကုသိုလ်"။

ကုဋ္ဌမျိုး ၁၈-မါး။ ။အ မရိတ ဘေသဇ္ဇ ဆေးကျမ်းကြီးမှ ယူဖြေသည်၊ ၎င်းသရုပ်ကို (နူနာမျိုး ၁၈-ပါး)၌ ရှုပါလေ။

ကုန်းကြည်းပျော်နေ၊ သတ္တဝါတွေ့၊ ၉-ကုဋ္ဌခေါ်၊ အဘယ်နည်း? ။၎င်းသရုပ်ကို (ကြည်းကုန်းပျော်နေ၊ သတ္တဝါတွေ့)၌ ရှုလေ။

ကုန်းတိုက်ချေးပစ်၊ ကံ ကျိုးပြစ်၊ မှတ်ရုစ် ၇-ပါး။ ။၎င်း ၇-ပါးကို ဓမ္မပဒ, အဂုတ္တရ ပါဠိတော်တို့နှင့် ခုဒ္ဒကပါဌ အဋ္ဌကထာမှ စုပေါင်း၍ ဖြေဆိုထားသည်။ (ပိသုဏဝါစာ ကံ၏ အကျိုး ၇-ပါး)၌ ရှုပါကုန်။ (အခြို့ဆရာတို့ ကုန်းကို 'ဂုံး'ဟု ရေးသည်။)

http://www.dhammadownload.com

ကုန်းဘောင်မင်း ၁၁-ဆက်။ ။ဒေဝဒဟ, ကောလိယ, ကပိုလ မှ ဆက်၍ အထက်အညာ တကောင်း, သရေခေတ္တရာ, ပုဂံ, မြင်စိုင်း, ပန်းယ, အဝ တိုင်အောင် သာကီနွယ်ရိုး သတိုး အဆက်ဆက်မှ ဆင်းသက်ကာ ညောင်ရမ်း ဆယ်ဆက်ဖြစ်သော ဟံသာဝတီပါ မင်းတရားကြီးလက်ထက် ရတနာပူရ အဝ နေပြည်တော်ကြီး၌ သာကီနွယ်ရိုး သတိုးမင်းဆက် ပြတ်သွားပေရာ သဘော်, လွေ, ဘောင်တြီးနှင့် ကမ်းပါး ကွာခြား ပြတ်ကင်းနေရာတွင် တံတား ကုန်းဘောင်သတွယ် ဆက်သွယ်ပေးနိုင်သော အလောင်းမင်းတရားကြီး ဖွားမြင်ရာ ဌာနကိုပင် ဗေဒင်ကျမ်းအရ ဓာတ်မြတ်ဓာတ်ထူးဖြစ်သော "ဂဇ္ဇေ" ဓာတ်ရိုက်၍ "ကုန်းဘောင်" မြို့တော်ဟု သမုတ်လေသည်၊ ထိုသည့် ကုန်းဘောင်မင်း ၁၁-ဆက် တို့ကို အကျဉ်းမျှ ပြအံ့။

(၁) ရွှေချက်သို့ စေတီဒါယကာ အလောင်းဘုရားကြီး ဟူသော ဘွဲ့တံဆိပ် နာမံတော်နှင့် ၁၁၁၄-ခုနှစ် နန်းတက် နန်းစည်းစိမ် ရှစ်နှစ်စံ၊ အိမ်နိမ့် ၃၀-နှစ်စံ၊ နံတော် သောကြာသား၊ သက်တော် ၄၆-နှစ်၌ နတ်ရွာစံတော်မူသည်။ (အခြို့ကား အိမ်နိမ့် ၃၇-နှစ် ဟူသေး၏။)

(၂) အလောင်းမင်းတရားကြီး၏ သားတော် စစ်ကိုင်းမင်း၊ နောင်တော်ကြီးလည်းခေါ် မဟာနန္ဒာ ကန်တင်း စည်းခုံစေတီ ဒါယကာ ဒုတိယ စစ်ကိုင်းမြို့တည် နောင်တော်မင်းတရားကြီး သိရိပဝရ ဓမ္မရာဇာ ဟူသော ဘွဲ့တံဆိပ် နာမံတော်ဖြင့် ၁၁၂၃-ခုနှစ် နန်းတက်၍ နန်းစည်းစိမ် ၃-နှစ်စံ၊ အိမ်နိမ့် ၂၆-နှစ်စံ၊ နံတော် အင်္ဂါသား၊ သက်တော် ၂၉-နှစ်၌ နတ်ရွာစံသည်၊ ငယ်မည်တော် ဦးလေဂင်္။

(၃) ညီတော် ဆင်ဖြူရှင်ခေါ် နိဗ္ဗာန်ဆိပ်ဦး စေတီတော် ဒါယကာ တတိယ အဝမြို့တည်၊ ဆင်ဖြူရှင်မင်းတရား သိရိပဝရ သုဓမ္မ မဟာဓမ္မရာဇာ ဓိရာဇာ ဟူသော ဘွဲ့တံဆိပ် နာမံတော်ဖြင့် ၁၁၂၅-ခုနှစ်၌ နန်းတက်၍ နန်းစည်းစိမ် ၁၃-နှစ်၊ အိမ်နိမ့် ၂၃-နှစ်၊ နံတော် တနင်္္ဂနွေသား၊ သက်တော် ၄၀-၌ နတ်ရွာစံ၊ (အခြို့ကား နန်းစည်းစိမ် ၁၂-နှစ် ဟူသေး၏၊) အလောင်းမင်းတရားကြီး၏ ဒုတိယ သားတော်၊ ငယ်မည် ဦးရွှ။

(၄) သားတော် စဉ့်ကူးမင်း၊ မိုးထိကျောင်းဒါယကာ ၁၁၃၀-ခုနှစ် နန်းတက်၍ နန်းစည်းစိမ် ၆-နှစ်စံ၊ အိမ်နိမ့် ၂၀-နှစ်စံ၊ နံတော် တနင်းလှာ

http://www.dhammadownload.com

သား၊ သက်တော် ၂၆-နှစ်၌ နတ်ရွာစံ၊ ဆင်ဖြူရှင်မင်းတရား၏ ဒုတိယ သားတော်၊ ငယ်မည် မောင်ရဲလှ။

(၅) ဖောင်းကားမင်း ၁၁၄၃-ခုနှစ် နန်းတက်၍ နန်းစည်းစိမ် ၇-ရက် စံရသည်၊ အိမ်နိမ့် ၁၈-နှစ်စံ၊ နံတော် ကြာသပတေးသား၊ သက်တော် ၁၈-နှစ်၌ ကံတော်ကုန်၊ "နောင်တော်ကြီးဘုရား၏သားတော်" ငယ်မည် မောင်မောင်။

(၆) ဘိုးတော် ပဒုံမင်းခေါ်, ဘိုးတော်ဦးဝိုင်းခေါ်, ဆင်ဖြူများရှင် မင်းတရားကြီးခေါ်, ဘိုးတော်ဘုရားခေါ်, အောင်မြေလောက စေတီ ဒါယကာ အမရပူရပဋမမြို့တည်နန်းတည် မင်းတရားကြီး သိရိုပဝရဝိဇယ နန္တ ယသတြိ ဘဝနာဓိတျာဓိပတိ ပဇ္ဇိတ မဟာဓမ္မ ရာဇာဓိရာဇာ ဟူသော ဘွဲ့တံဆိပ် နာမံတော်ဖြင့် ၁၁၄၃-ခုနှစ် နန်းတက်တော်မူ၍ နန်းစည်းစိမ် ၃၇-နှစ်၊ အိမ်နိမ့် ၃၈-နှစ်စံ၊ နံတော် တနင်းလာသား၊ သက်တော် ၇၅-နှစ်၌ ကံတော်ကုန်၊ အလောင်းမင်းတရားကြီး၏ ဆဋမမြောက် သားတော်၊ ငယ်မည် ဦးဝိုင်း ဟူ၏။

(၇) ဘကြီးတော် မှန်နန်းရှင်ဘုရားခေါ် မဟာဝိဇယရံသီ စေတီ ဒါယကာ စတုတ္ထ အဝမ္မိုတည်နန်းတည် မင်းတရားကြီး သိရိတြိဘဝနာ တျ ပဝရပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ ဘွဲ့တံဆိပ်တော်ဖြင့် ၁၁၈၁-ခုနှစ် နန်းတက်တော်မူ၍ နန်းစည်းစိမ် ၁၈-နှစ် (၁၉-နှစ်ဟုလည်း မူကွဲရှိသည်၊) အိမ်နိမ့်စံ ၃၄-နှစ်၊ နံတော် သောကြာသား၊ သက်တော် ၆၁-နှစ်၌ နတ်ရွာစံသည်၊ ငယ်မည် မောင်စိန်။

မှတ်ချက်။ ။နန်းကျပြီးနောက် ဂ-နှစ်ကြာမှ နတ်ရွာစံသည် ဟူ၏။

(ဂ) ညီတော် သာယာဝတီမင်း၊ ကုန်းဘောင်မင်းလည်း ဟူ၏၊ လောကမဏိဓုဇဗေတီ ဒါယကာ အမရပူရ ဒုတိယ မြို့တည်နန်းတည် မင်းတရားကြီး သိရိုပဝရာဒိတျ လောကာဓိပတိ ဝိဇယ မဟာဓမ္မရာဇာဓိ ရာဇာ-ဟူသော ဘွဲ့တံဆိပ်နာမံတော်ဖြင့် ၁၁၉၉-ခုနှစ် နန်းတက်တော်မူ၍ နန်းစည်းစိမ် ၉-နှစ်စံ၊ အိမ်နိမ့် ၅၀-နှစ်စံ၊ နံတော် ဗုဒ္ဓဟူးသား၊ သက်တော် ၅၉-နှစ်၌ ကံတော်ကုန်သည်၊ ဘကြီးကော် မှန်နန်းရှင်ဘုရား၏ ညီတော်၊ ငယ်မည် မောင်ခင် ဟူ၏။

http://www.dhammadownload.com

(၉) သားတော် ပုဂံမင်းခေါ် မဟာမလောဂရံသိ် စေတီ ဒါယကာ သိရီသုဓမ္မ တိလောက ပဝရ မဟာဓမ္မရာဇာဓိရာဇာ ဘွဲ့တံဆိပ်နာမံတော်ဖြင့် ၁၂၀၈-ခုနှစ် နန်းတက်တော်မူ၍ နန်းစည်းစိမ် ၆-နှစ်စံ၊ အိမ်နိမ့် ၃၅-နှစ်စံ၊ နံတော် သောကြာသား၊ သက်တော် ၄၁-နှစ်၌ နတ်ရွာစံသည်၊ ကုန်းဘောင်မင်းတရားကြီး၏သားတော်၊ငယ်မည် မောင်ထောင်၊ပုဂံမြို့စား ဟူ၏။

(၁၀) ပုဂံမင်း၏ ညီကော် မင်းတုန်းမင်းခေါ် မဟာလောကမာရဇိန် စေတီဒါယကာ မန္တလေး ရတနာပုံ မြို့တည်နန်းတည် ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး သိရီပဝရ ဝိဇယာနန္တ ယသပဏ္ဍိတ ကြီဘဝနာဓိတျာ ဓိပတိ မဟာဓမ္မရာဇာဓိရာဇာ ဘွဲ့တံဆိပ်တော်ဖြင့် ၁၂၁၄-ခုနှစ် နန်းတက်တော်မူ၍ နန်းစည်းစိမ် ၂၆-နှစ်၊ အိမ်နိမ့်စံ ၃၈-နှစ်၊ နံတော် အင်္ဂါသား၊ သက်တော် ၆၄-နှစ်၌ နတ်ရွာစံသည်၊ ငယ်မည် မောင်လှင် ဟူ၏။

(၁၁) သားတော် သီပမင်း မန်အောင်ရတနာ စေတီဒါယကာ မန္တလေး ရတနာပုံ ဒုတိယနန်းစံ၊ သိရီပဝရ ဝိဇယာနန္တ ယသတိလောကာ ဓိပတိ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ ဘွဲ့တံဆိပ်နာမံတော်ဖြင့် ၁၂၄၀-ခုနှစ်၌ နန်းတက်စံမြန်း၍ နန်းစည်းစိမ် ၇-နှစ်၊ နံတော် စနေသား၊ ငယ်မည် မောင်ရေစက် ဖြစ်လေသည်၊ ၁၂၄၇-ခုနှစ်၌ ကုလားဖြူတို့က မင်းနှစ်ပါး ဖမ်းယူလျက် မိမိတို့ တိုင်းပြည်ကြီး သိမ်းပိုက်ကြီးစိုးလျက် မြန်မာလူမျိုး တို့အား ကျွန်သပေါက်ဘဝထားကာ အမျိုး ဘာသာ သာသနာကို ဖျက်ကြလေတော့သည်။

ကုလဋ္ဌသက ဂ-ပါး။ ။ပရိဝါပါဠိတော်- ၂၄၃ ။၌။ ၁၈၀။ လူဒါယကာတို့၏ သဒ္ဓါရိုးရှိးကို လက်ဆောင်ထိုး၍ ဖျက်ဆီးခြင်းမျိုး ဂ-ပါး၊ ရဟန်းများ ကိုယ့်ကို ကြည်ညိုအောင် ဤနည်းဖြင့် မလုပ်ရ။ (၁) သစ်သီးပေးခြင်း၊ (၂) ကသယ်မှုန့် ပေးခြင်း၊ (၃) ဒန်ပူ ပေးခြင်း၊ (၄) ဝါးပေးခြင်း၊ (၅) ဆေးကုပေးခြင်း၊ (၆) ဒါယကာတို့ အစေအပါးခံခြင်း၊ (၇) သစ်ပေးခြင်း၊ (၈) ဓမ္မဖြူ ပေးခြင်းတို့တည်း။

http://www.dhammadownload.com

ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံ ၁၃၀။ ။ဤမှတ်တမ်းကို ၁၉၇၅-ခုနှစ်၊ မေလ ၁-ရက် နေ့အထိ၊ အဖွဲ့ဝင် ၁၃၀-နိုင်ငံရှိကြောင်း ရေးမှတ်တင်ပြသည်။ (၁) အမေရိကန် ပြည်ထောင်စု၊ (၂) ယူနိုက်တက်ကင်းဒမ်း "ဗြိတိန်"၊ (၃) ဆိုဗီယက် ရုရှား၊ (၄) အာရဗ် ပြည်ထောင်စု၊ (၅) အာဂျင်တီးနား၊ (၆) ဘရာဇီးလ်၊ (၇) ဘိုင်လိုရပ်ရှား၊ (၈) ချီလီ၊ (၉) ဘရွပ်ပြည်၊ "ထိုင်ဝမ်-တရွပ်ဖြူ" (၁၀) ကျူဘား၊ (၁၁) ချက်ကို ဆလိုဗားကီးယား၊ (၁၂) ဒိန်းမတ်၊ (၁၃) ဒိုမီနီကန်၊ (၁၄) အယ်လ်ဆာလ်ဗေဒို၊ (၁၅) အီရန် "ပါရှား"၊ (၁၆) လိဘနွန်၊ (၁၇) လူဇင်ဘတ်၊ (၁၈) နယူးဇီလန်၊ (၁၉) နီကာရာဂွါး၊ (၂၀) ပါရာဂွေ၊ (၂၁) ဖိလစ်ပိုင်၊ (၂၂) ပိုလန်၊ (၂၃) ဆော်ဒီအာရေဘီးယား၊ (၂၄) ဆီးရီးယား၊ (၂၅) ယူကရိန်း၊ (၂၆) ယူဂိုစလားဗီးယား၊ (၂၇) ပြင်သစ်၊ (၂၈) ဟေတီ၊ (၂၉) တူရကီ၊ (၃၀) ဂရိခ်၊ (၃၁) ဂွာတီမာလား၊ (၃၂) ပီးရူး၊ (၃၃) သြစတြေးလျား၊ (၃၄) ကောလံဗီယာ၊ (၃၅) လိုင်ဗေရီးယား၊ (၃၆) ကိုလံဗီယာ၊ (၃၇) မက္ကဆီကို၊ (၃၈) တောင်အာဖရိက၊ (၃၉) ကနေဒါ၊ (၄၀) အီသီယိုပီယား၊ (၄၁) ပနာမား၊ (၄၂) ဘိုလီဗီးယား၊ (၄၃) ဗင်နီဇွဲလား၊ (၄၄) ဂွါးတီမာလာ၊ (၄၅) နော်ဝေး၊ (၄၆) နယ်သာလင်၊ (၄၇) ဟွန်ဒူးရပ်စ်၊ (၄၈) ဥရုဂွေး၊ (၄၉) အီကွေဒါ၊ (၅၀) အီရတ်၊ (၅၁) ဘယ်လ်ဂျီယန်၊ (၅၂) အာဖဂန်နစ္စတန်၊ (၅၃) အိုက်စလန်၊ (၅၄) ဆွီဒင်၊ (၅၅) ထိုင်းလင်း၊ "ယိုးဒယား" (၅၆) ပါကစ္စတန်၊ (၅၇) ယီမင်၊ (၅၈) မြန်မာနိုင်ငံတော်၊ "ပြည်ထောင်စု"(၅၉) အင်္ဂလေး၊ (၆၀) အင်ဒိုနီးရှား၊ (၆၁) အဲလ်ဘေးနီးယား၊ (၆၂) သြစထရီးယား၊ (၆၃) ဘူလ်ဂေးရီးယား၊ (၆၄) ကမ္ဘောဒီးယား၊ (၆၅) သီရိလင်္ကာ၊ "သီဟိုဠ်" (၆၆) ဖင်လန်၊ (၆၇) ဟန်ဂေရီ၊ (၆၈) အိုင်ယာလန်၊ (၆၉) အီတလီ၊ (၇၀) ဂျေဗန်၊ (၇၁) လာအို၊ "လော" (၇၂) လစ်ဗျား၊ (၇၃) နီပေါလ်၊ (၇၄) ပေါ်တူဂီ၊ (၇၅) ရူမေနီးယား၊ (၇၆) စပိန်၊ (၇၇) မော်ရိုကို၊ (၇၈) ဆူဒန်၊ (၇၉) တူနီးရှား၊ (၈၀) ဂျပန်၊ (၈၁) ဂါနာ၊ (၈၂) ဂီနီယာ "ဂိန်" (၈၃) ကင်မရွန်း၊ (၈၄) အာဖရိက- ဗဟို "ဗဟိုအာဖရိက" (၈၅) ချဒ်၊ (၈၆) ကွန်ဂို "ကင်ရှာစာ" (၈၇) ကွန်ဂို "ဘရာဇာဗီးလ်" (၈၈) ဆိုက်ပရပ်စ်၊ (၈၉) ဒါဟိုမေ၊ (၉၀) ဂါဘွန်၊ (၉၁) အိုင်ဗရီကို့စ်၊

http://www.dhammadownload.com

(၉၂) မာလာဂါဆီ၊ (၉၃) နိုင်ဂါ၊ (၉၄) ဆိုမာလီယာ၊ (၉၅) တိုဂို၊ (၉၆) အထက် ဗေါ်လတာ၊ (၉၇) မာလီ၊ (၉၈) ဆီနိုဂဲလ်၊ (၉၉) နိုဂဲဂျီရီးယား၊ (၁၀၀) ဆီယာရာလီယွန်၊ (၁၀၁) မော်ရိတေးနီးယား၊ (၁၀၂) မွန်ဂိုလီးယား၊ (၁၀၃) ဘာရွန်ဒီ၊ (၁၀၄) ဂျမေကာ၊ (၁၀၅) ရုဝမ်ဒါ၊ (၁၀၆) ထနိဒက် နှင့် တိုဘာဂို၊ (၁၀၇) အဲလ်ဂျီးရီးယား၊ (၁၀၈) ယူဂန္ဒာ၊ (၁၀၉) ကူဝိတ်၊ (၁၁၀) မလေးရှား၊ (၁၁၁) ကညာ၊ (၁၁၂) တန်ဇန်နီယား၊ (၁၁၃) မာလာဝီ၊ "ညာဆာလင်း" (၁၁၄) မော်လတာ၊ (၁၁၅) ဇမ်ဘီယာ၊ "မြောက်ရိုဒီးရှား" (၁၁၆) စက်ဘူ၊ (၁၁၇) ဂမ်ဘီယာ၊ (၁၁၈) မော်လဒိုက်၊ (၁၁၉) ဂူယာနာ၊ (၁၂၀) ဘော့စ်ဝါနာ၊ "ဘီဈူးနာလင်း" (၁၂၁) လီဆိုသို၊ "ဘာဆူတိုလင်း" (၁၂၂) ဘာဗေဒိုးစ်၊ (၁၂၃) ယီမင်တောင်ပိုင်း ပြည်သူ့သမတနိုင်ငံ၊ (၁၂၄) မော်ရေးသျ၊ (၁၂၅) ဆွာဇီလင်၊ (၁၂၆) အီကွေတာဂီနီ၊ (၁၂၇) ဖီဂျီ ကျန်းစု နိုင်ငံ၊ (၁၂၈) ဘာရိန်း "ကျွန်းစု" နိုင်ငံ၊ (၁၂၉) ဘူတန်၊ (၁၃၀) ကွေတာ၊ (၁၃၁) တရုပ်ပြည်သူ့သမတနိုင်ငံ၊ (၁၃၂) အာရပ်စော်ဘွားများ ပြည်ထောင်စု၊ (၁၃၃) ဂျာမန်-ဂျက်ဒရယ် သမတနိုင်ငံ၊ (၁၃၄) ဂျာမန်- ဒီမိုကရက်တစ် သမတနိုင်ငံ၊ (၁၃၅) ဘဟားမား "ကျွန်းစု" နိုင်ငံ၊ (၁၃၆) ဘင်္ဂလာဒေ့ရှ် နိုင်ငံ၊ (၁၃၇) ဂရီနေဒါ ကျွန်းနိုင်ငံ၊ ၁၉၇၄-ခု၊ ဖေဖော်ဝါရီလ ၇-ရက်နေ့၌ ပြိတိန်နိုင်ငံ၏ လက်အောက်မှ လွတ်လပ်ရေး ရခဲ့သည်။ (၁၃၈) ဂိနီ ဘစ်ဆောနိုင်ငံ။

ကုလားမျိုး ၆၀။ ။ကျွဲ့ ရွေးသူဟောင်းတို့ ခေတ်သမယ ယဉ်ကျေးမှုမှတ်စုများကို သိစေရန်မျှ ဖြစ်သည်၊ ယခုခေတ်ကား ကုလားမျိုးတွေ ပိုမိုများဘိ။ ၁-သူတယ်၊ ၂-ပုရန်လေ့၊ ၃-အာသံ၊ ၄-ရေသူ၊ ၅-ပန်းသေး၊ ၆-ပဋိဂ္ဂယား၊ ၇-နောင်လာ၊ ၈-ကုလားဖြူ၊ ၉-ဘရင်ဂျီ၊ ၁၀-ဘာလိ၊ ၁၁-လဝီ၊ ၁၂-သီဟိုဠ်၊ ၁၃-သိန်း၊ ၁၄-စန္ဒာ၊ ၁၅-မောပါ၊ ၁၆-ဒေးကိုး၊ ၁၇-နာထိုး၊ ၁၈-စောရာ၊ ၁၉-ပစ္စီဟ၊ ၂၀-ဘောဝ၊ ၂၁-သုတ္တံ၊ ၂၂-ဓင်းကျံ၊ ၂၃-ဥမြဲ၊ ၂၄-ဇီနပတ္တ၊ ၂၅-ပုရံ၊ ၂၆-သင်းတွဲ၊ ၂၇-စေတုတ္တရာ၊ ၂၈-သက္ကတံ၊ ၂၉-ဝိန်ရိုး၊ ၃၀-မက္ကတိ၊ ၃၁-ဘူလီ၊ ၃၂-မန္တရာဇ်၊ ၃၃-အော်လံတေ၊ ၃၄-အော်လံဝစ်၊ ၃၅-ယစ်ပလစ်၊ ၃၆-ဟော်ရတော်၊ ၃၇-ဇဝီ၊ ၃၈-ပသီ၊ ၃၉-ဟိန္ဒူ၊ ၄၀-ကလယ်၊ ၄၁-အင်္ဂလိပ်၊ ၄၂-ပြင်သစ်၊ ၄၃-ရုရှား၊

http://www.dhammadownload.com

၄၄-ကျေးကုလား၊ ၄၅-ဒုံးကလား၊ ၄၆-ဧော်ဂီ၊ ၄၇-မာလီ၊ ၄၈-ဘောရီ၊ ၄၉-သောဃုတ်၊ ၅၀-လဟုတ်၊ ၅၁-ဒေါရော၊ ၅၂-ခန္ဓီ၊ ၅၃-ပသျူး၊ ၅၄-တပသီ၊ ၅၅-ဟာရီ၊ ၅၆-လာကာ၊ ၅၇-ဝိစ္ဆဒေါလာ၊ ၅၈-ဒေါရဏ၊ ၅၉-ဘင်္ဂလီ၊ ၆၀-ဗာရာဏသီ ဟူ၍ ဇမ္ဗူတိုက်ဆိပ်ကျမ်းမှာ ပေသည်၊ ထိုကျမ်း၌ မပါသော၊ ယခုလက်ထက်ပွဲား ကုလားလူမျိုးတို့လည်း အများအပြားပင် ရှိပေသေး၏၊ ကျွန်ုပ်တို့ သိရသလောက်ပင် ဤနိုင်ငယ်တွင် လူမျိုး-၃၀၀, ဘာသာစကား-၃၀၀, ဇာတ် ၂၀၀-ကျော် ရှိသည်ဟူ၏။

ကုသလ ကမ္မပထ တရား ၁၀-ပါး။ ။ဂုဏ်းသရုပ်ကို (ကုသိုလ် ၁၀-ပါး)၌ ပြမည်။

ကုသိုလ်မျိုး ၃-ပါး။ ။အပြစ်မရှိ ကောင်းသော အကျိုးကို ပေးတတ်သော တရားမျိုး ၃-ပါး။ (၁) ကာမာဝစရ ကုသိုလ်၊ (၂) မဟဂ္ဂုတ် ကုသိုလ်၊ (၃) လောကုတ္တရာ ကုသိုလ်။

ကုသိုလ်မျိုး ၃-ပါး တနည်း။ ။ဒါန ကုသိုလ်, သီလ ကုသိုလ်, ဘာဝနာ ကုသိုလ်။

ကုသိုလ်မျိုး ၈-ပါး။ ။လောကဋ္ဌ ထင်ရှားပေါ်လွင်သော ကုသိုလ်တရား ရှစ်ပါး ဟူ၏။ (၁) ကာမကုသိုလ်-ကာမသုဂတိ ၇-ဘုံသို့ လားစေတတ်သော ကုသိုလ်စု၊ (၂) ရူပကုသိုလ်- ရူပ ၁၆-ဘုံသို့ လားစေတတ်သော ကုသိုလ်စု၊ (၃) အရူပကုသိုလ်- အရူပ ၄-ဘုံသို့ လားစေတတ်သော ကုသိုလ်စု၊ (၄) လောကီကုသိုလ်- သုဂတိ ၂၇-ဘုံသို့ လားစေတတ်သော ကုသိုလ်စု၊ (၅) လောကုတ္တရာကုသိုလ်- မဂ်စိတ် လေးပါး၊ (၆) ဒါန ကုသိုလ်-ဂုဏ်းနှင့်ဆိုင်ရာ ကုသိုလ် ၄-ပါး၊ (၇) သီလ ကုသိုလ်- ဂုဏ်းနှင့်ဆိုင်ရာ ကုသိုလ် ၄-ပါး၊ (၈) ဘာဝနာ ကုသိုလ်- ဂုဏ်းနှင့်ဆိုင်ရာ ကုသိုလ် ၄-ပါး။

ကုသိုလ်မျိုး ၁၀-ပါး။ ။လူ့နတ်,နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစေတတ်သော တရားဆယ်ပါး။ ဂုဏ်းကို "သုစရိုက် ဆယ်ပါး" ဟူ၍ဂုဏ်း၊ "ကုသလကမ္မပထတရား ဆယ်ပါး"ဟူ၍ဂုဏ်း၊"ပုညကြိယာဝတ္ထုဆယ်ပါး" ဟူ၍ဂုဏ်း ခေါ်ဆိုကြ၏။ (၁) ဒါန-သဒ္ဒါ ကြည်ဖြူ ပေးလှူရခြင်း၊ (၂) သီလ- ကာယ, ဝစီ ထိုနှစ်လိသော ဒုစရိုက်ကို မလိုက် ပယ်ကြဉ်ရခြင်း၊ (၃) ဘာဝနာ- သမထ, ဝိပဿနာ ထိုနှစ်ဖြာကို လေ့လာ ပွားများ

http://www.dhammadownload.com

ရခြင်း၊ (၄) အပစာယန-ရတနာ ၃-ပါး ဆရာ မိဘ စသော သူများကို ရိုသေရခြင်း၊ (၅) ဝေယျာ ဝစ္စ-ကုသိုလ်ဖြစ်ဖွယ် ဝတ်ကြီး ဝတ်ငယ်ကို သည်ပိုး ရွက်ဆောင်ရခြင်း၊ (၆) ပတ္တိဒါန-မိမိပြုရ ကုသလကို အမျှပေး ဝေ ရခြင်း၊ (၇) ပတ္တာ နုမောဒန-သူတပါးပြု မြတ်ကောင်းမှုကို သာဓု နုမော် ကောင်းချီး ခေါ်ရခြင်း၊ (၈) ဓမ္မ သဝန-ဘုရားစကား မြတ်တရား ကို ကြားနာရခြင်း၊ (၉) ဓမ္မဒေသနာ-ဘုရားစကား မြတ်တရားကို ဟော ကြားရခြင်း၊ (၁၀) ဒိဋ္ဌုကမ္မ-နိဗ္ဗာန်ဖောက်ကြောင်း ကောင်းသော အယူကို ဖြောင့်မှန်စွာ ယူရခြင်း။

ကုသလ ကမ္မပထတရား ၁၀-ပါး။ ။ကုသလ-ကုသိုလ်၊ ကမ္မ-ကိုယ်, စိတ်, နှုတ်ဖြင့် ပြုလုပ်သောကံ၊ ပထ-အကျိုးပေးကြောင်း။ "ပဋိသန္ဓေအကျိုး ပေးကြောင်း ကုသိုလ်ကံ ဆယ်ပါး" ဟူလို။ (၁) ပါဏာတိ ပါတာ ဝေရမဏိ-သေစေလိုသော စေတနာနှင့် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၂) အဒိန္နာဒါနာ ဝေရမဏိ-ခိုးလိုသောစိတ်ဖြင့် သူတပါး၏ ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၃) ကာမေသု မိစ္ဆာစာရာ ဝေရမဏိ-မေထုန်အမှုဌ် သူ့သားမယားကို သွားလာမှုမှ ရှောင်ကြဉ်ခြင်း၊ (၄) မုသာဝါဒါ ဝေရမဏိ-မဟုတ်မမှန်သော စကား ကို ပြောဆို လိမ်လည်မှုမှ ရှောင်ကြဉ်ခြင်း၊ (၅) ပိသုဏ ဝါစာ ဝေရမဏိ-ချစ်သူနှစ်ဦးတို့ ကွဲပြားအောင် ကုန်းတိုက်မှုမှ ရှောင်ကြဉ်ခြင်း၊ (၆) ဖရုသ ဝါစာ ဝေရမဏိ-ကြမ်းတန်း ယုတ်မာသော စကားကို ပြောဆိုမှုမှ ရှောင် ကြဉ်ခြင်း၊ (၇) သမ္ဖပ္ပလာပ ဝါစာ ဝေရမဏိ-အပေါ့ အဖျင်း အနှစ်ကင်း သော စကားကို ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊ (၈) အနဘိဇ္ဈာ-သူတပါး ဥစ္စာကို ငါ့ဥစ္စာဖြစ်လာမူ တော်လေစွတ်ဟု စိတ်ဖြင့် မကြံစည် မအောက်မေ့ ခြင်း၊ (၉) အဗျာပါဒ-သူတပါးတို့ ပျက်ပြားသေကျေက တော်လေစွတ်ဟု စိတ်မှ မကြံစည်ခြင်း၊ (၁၀) သမ္မာဒိဋ္ဌိ-ကုသိုလ်ကံ အကုသိုလ်ကံ၏ ကောင်းကျိုး မကောင်းကျိုးကို ယုံကြည်ခြင်း။

ကူဋ္ဌမျိုး ၃-ပါး။ ။အလေး, တင်း, တောင်း, အတိုင်းအတာတို့ကို ခိုးဝှက် စဉ်းလဲခြင်းမျိုး၊ သုတ်သီလက္ခန် ။ပါ။ ၅ ။ဋ္ဌ။ ၇၇။ (၁) တုလာကူဋ္ဌ-အလေး, ချိန်, စဉ်းလဲ၊ (၂) ကံသကူဋ္ဌ-တင်း, တောင်း, ပြည်, ခွက်, စဉ်းလဲ၊ (၃) မာနကူဋ္ဌ-လက်မ, လက်သစ်, မိုင်, တောင့်, တာ, ပေ, ကိုက်, စဉ်းလဲ။ –

http://www.dhammadownload.com

[ကော]

ကောဋ္ဌဟလမျိုး ၅-ပါး။ ။ခုဒ္ဒကပါဋ္ဌ အဋ္ဌကထာ။ ၁၀၁။ သုတ္တနိပါတ် ။ဋ္ဌ။ ဒု-အုပ်။ ဥ-တို့ဋ္ဌ ရှုပါ။ တစုံတခုသော သတင်းစကား၏ ရွှေပြေး နိမိတ်, နောက်ခါဖြစ်ပေါ်ရန် ကျော်ကြားခြင်း ပဲ့တင်သံ ၅-ပါး။ (၁) ဗုဒ္ဓ ကောလာဟလ-ဘုရားမပွင့်မီ နှစ်ပေါင်း တထောင်က ကျော် ကြားသော ပဲ့တင်သံ၊ (၂) ကပ္ပ ကောလာဟလ- ကမ္ဘာမပျက်မီ နှစ်ပေါင်း တသိန်းက ကျော်ကြားသော ပဲ့တင်သံ၊ (၃) စက္ကဝတ္တိ ကော လာဟလ- စကြာမင်းမပေါ်မီ နှစ်ပေါင်းတရာက ကျော်ကြားသော ပဲ့တင်သံ၊ (၄) မောနေယျ ကောလာဟလ - မောနေယျ အကျင့်ကို မေးလျှောက်ကျင့်ကြံသော ပုဂ္ဂိုလ်မပေါ်မီ ၇-နှစ်က ကျော်ကြားသော ပဲ့တင်သံ၊ (၅) မင်္ဂလကောလာဟလ-မင်္ဂလာတရား မဟောမီ ၁၂-နှစ် ကာလမှ ကျော်ကြားနေသော ပဲ့တင်သံ။

ကောဋ္ဌာသ ၃၂-ပါး။ ။ဂင်း၏သရုပ်များကို (သုံးဆယ့်နှစ်ကောဋ္ဌာသ)၌ ရှုပါ။

ကောလဲမျိုး ၅-ပါး။ ။ဆေးကျမ်းလာ အပေါင်း ဝေါဟာရ။ ဂင်း ဆေး ငါးပါး အပေါင်းကို 'ပဥ္စကူ' ဟူ၍ဂင်း၊ 'ကောလငါးပါး' ဟူ၍ဂင်း ဝေါဟာရ ပြုကြကုန်၏။ (၁)ပိတ်ချင်းသီး၊ (၂)ပိတ်ချင်းမြစ်၊ (၃) စရိ မြစ်၊ (၄) ကန့်ချုပ်နှီ၊ (၅) ချင်းခြောက်။

ကောလာဟလမျိုး ၅-ပါး။ ။ဂင်းသရုပ်ကို(ကောဋ္ဌဟလ ၅-ပါး)၌ရှုပါ။

ကောသမျိုး ၂-ပါး။ ။တာ, ယူဇနာ ဖွဲ့ရာ၌ တိုင်းတာသော ဝေါဟာရ ဖြစ်သည်၊ ဂင်းအကျယ်ကို ဆရာတော် ဦးဩဘာသ၏ မြန်မာအဘိဓာန် ကျမ်း ပထမတွဲ အမှတ် (၁) စာမျက်နှာ ၁၅၀၊ (ကောသ)ဟူသော အဘိဓာန်ပုဒ်၌ ကြည့်ပါလေ။ (၁)စူလ ကောသ- အလံ ၅၀၀၊ (၂)မဟာ ကောသ-အလံ ၂၀၀၀။

ကောသလအိပ်မက် ၁၆-ချက်။ ။သုတ ကာမိတ္ထိအတွက် အမေး အဖြေ ကိစ္စပြီး ရှစ်လုံးဖွဲ့ မြန်မာကဗျာစီကုံးသူ လယ်တီပဏ္ဍိတ ဆရာ-ဦးမောင်ကြီး အား ဂုဏ်ပြုလျက် ဖေါ်ပြပါသည်။ အကျယ် ဟေရသကဏ်ဋီကာ 'ပ'၌ ကြည့်။

http://www.dhammadownload.com

(၁) အမေး။ နွားနက်လေးခု၊ ဝှေ့မှုဟန်ပြင်၊ မဝှေ့ကြဘဲ၊ ရှောင်လွဲသည်မြင်။

အဖြေ။ အရွှေ့အနောက်၊တောင့်မြောက် မိုးသီးဆင်၊ ခြိမ်းသံပေး၊ မိုးသီးဝေး လွှင့်ပျောက်စင်။

(၂) အမေး။ မြေကမကြွေ၊ ငယ်လှသစ်ပင်၊ ဖူးငုံရင့်ပြီး၊ ပွင့်သီးတွေ့မြင်။

အဖြေ။ အရွယ်မမျှ၊ ပျိုမ လုံခင်၊ သမီးသား၊ လင်ထားအိမ်ထောင်ဆင်။

(၃) အမေး။ ယနေ့ ဖွားစ၊ နွားမနို့သာ၊ မိခင်နွားကြီး၊ စို့ပြီးနေရှာ။

အဖြေ။ သမီးနှင့်သား၊ စီးပွားပိုင်ရာ၊ မိနှင့်ဖ၊ ကျေးမှ စားရမှာ။

(၄) အမေး။ နွားကြီးမကြိုက်၊ ဝန်တိုက်နွားငယ်၊ မရွှန်းနိုင်ဘဲ၊ ဝပ်လဲနေတယ်။

အဖြေ။ ကြီးသူပယ်ရှား၊ မြောက်ထားလူငယ်၊ တိုင်းပြည်ရေး၊ ရှုပ်ထွေး ပွေတော့မယ်။

(၅) အမေး။ ခံတွင်းနှစ်ခု၊ မြင်းလှရာဇာ၊ ကျေးမွေးသမျှ၊ မဝနိုင်ပါ။

အဖြေ။ မှူးမတ်မင်းစိုး၊ လာဘ်ထိုးသူရှာ၊ နှစ်ဘက်စား၊ တရားစီရင်မှာ။

(၆) အမေး။ ခွေးအိုထံဆက်၊ ရွှေခွက် သိန်းတန်၊ ကျင်ငယ် အမြဲ၊ ခွက်ထဲစွန့်ပြန်။

အဖြေ။ မျိုးမြတ်သမီး၊ ပစ္စည်းမက်ဟန်၊ အမျိုးယုတ်၊ လင်လုပ်ပေါင်းဆက်ဆံ။

(၇) အမေး။ ရွှေကကျစ်ချ၊လွန်စကြိုးကို၊ခွေးမခိုးစား၊ကိုက်ဝါးကာမျို။

အဖြေ။ လင်ကြီးပစ္စည်း၊ သိမ်းဆည်းမသို၊ လင်ငယ်အား၊ မယားလောကွတ်ပို။

(၈) အမေး။ အိုးငယ်ချည်းနှီး၊ အိုးကြီးရေလှဲ၊ အိုးကြီးကိုပဲ၊ ရေဆွဲလောင်းပြန်။

အဖြေ။ ဆင်းရဲသူများ၊ ဝတ်စားမကျန်၊ အခွန်တွက်၊ နှိပ်စက်ငွေကောက်ခံ။

http://www.dhammadownload.com

(၉) **အမေး။** ကြာမျိုးငါးဝ၊ ပွင့်ကြရောကန်၊ ရေလယ်နောက်လျက်၊ ကမ်းဘက်ကြည်ပြန်။

အဖြေ။ မြို့တွင်းပေါ့ရွှေပ်၊ ခွန်တုတ်ကောက်ခံ၊ မြို့ပြင်ထွက်၊ ပြည့်နှက်စည်ကားရန်။

(၁၀) **အမေး။** တအိုးတည်းချက်၊ အကျက်မညီ၊ ထမင်းမာဆတ်၊ ပြောနပ်သုံးလီ။

အဖြေ။ မင်းနှင့်လူများ၊ တရားမညီ၊ မိုဃ်းသုံးစား၊ ကွက်ကြားရွာချမည်။

(၁၁) **အမေး။** မွေးထုံနှံကြူး၊ စန္ဒကူးသိန်းတန်၊ ပုန်းရည်နှင့် လဲ၊ သုံးစွဲစားပြန်။

အဖြေ။ အလင်္ဂီများ၊ တရားဖိုးတန်၊ ငွေနှင့်လဲ၊ အမြဲဟောမည်မှန်။

(၁၂) **အမေး။** သံကြေးမပေါင်း၊ ပူးတောင်း ပူးအုံ၊ ရေတွင် စုပ်စုပ်၊ နစ်မြုပ်လုံးစုံ။

အဖြေ။ ပညာရှိများ၊ စကားဥဿုံ၊ ပြောသမျှ၊ လောကာမသုံးကုန်။

(၁၃) **အမေး။** အိမ်လုံး တောင်လုံး၊ ကျောက်တုံး ကျောက်ဖျာ၊ ရေမှာဘွားဘွား၊ ထင်ရှားပေါ်လာ။

အဖြေ။ ရဟန်းရှင်ဆိုး၊ လူဆိုးများသာ၊ ဂုဏ်ရောင်တိုး၊ တန်ခိုးပေါ်ထွက်မှာ။

(၁၄) **အမေး။** အဆိပ်ပြင်းတောက်၊ မြွေဟောက်ကြီးကို၊ဘားငယ်မများ၊ ကိုက်ဝါးကာမျို။

အဖြေ။ ကညာယူထား၊ သက်ကြားဖိုးအို၊ မယားဆဲ၊ အမြဲ အော်ငေါက်ဆို။

(၁၅) **အမေး။** အဆင်း မည်းနက်၊ ကျီးငှက် ထံမှာ၊ ရွှေဟသ်ာများ၊ ခ,စားနေရွာ။

အဖြေ။ ပညာသိလ၊ ပြည့်ဝသူဟာ၊ သူယုတ်အား၊ ဝပ်တွားနေရမှာ။

http://www.dhammadownload.com

(၁၆) **အဓေး။** ဆိတ်ကိုမြင်ငြား၊ကြောက်အားပြင်းထန်၊ခြသေ့သစ်ကျား၊ ခုန်လွှားပြေးပြန်။

အဖြေ။ သူယုတ်မာများ၊ ထောင်လွှားနိုင်ငံ၊ သူတော်ကောင်း၊ ပုန်းအောင်း တောမြိုင်ယံ။

[ကောက်]

ကောက်ဦး ဒါနမျိုး ၉-ပါး။ ။ဤသာသနာ၌ တရားဦးသိသူ အရှင် ကောဏ္ဍညနှင့် မြတ်ဘုရားထံ နောက်ဆုံးတရားထူး ခံယူသူ သုဘဒ္ဒပရိဗိုဇ်တို့ ဝတ္ထုကြောင်း၌ အကျယ်ယူပါ။ (၁) ကောက်ဦးနှိုရည်ထည့်သော စပါး တို့ကို ခွဲထုတ်ညှစ်ယူ၍ ပျားထောပတ်တို့ရောစပ်လျက် "ကောက်သားဦး" လှူခြင်း၊ (၂) မုံဆန်းထောင်းကာ ပေးလှူခြင်း၊ (၃) ကောက်ရိတ်ဦး ကောက်ဆုပ်တို့ကို စု၍ "ရိတ်ဦးဆွမ်း" ပေးလှူခြင်း၊ (၄) ကောက်လှိုင်း ထုံးဖွဲ့သောအခါ ရှေးဦးစွာသော ကောက်လှိုင်းများကို ပေးလှူခြင်း၊ (၅) ကောက်လှိုင်းများ စုပုံသော်အခါ "ကောက်ပုံဦး" ဒါနကို ပြုခြင်း၊ (၆) စပါးနယ်သောအခါ "ကောက်နယ်ဦး" ဒါနကို ပေးလှူခြင်း၊ (၇) နယ်ပြီး လှော်ပြီး၍ တလင်းပြင်၌ စုပုံသောအခါ "စပါးပုံဦး" ဒါနကို ပေးလှူခြင်း၊ (၈) ကျီအတွင်းသို့ သွင်းသောအခါ "ကျီဦး" ဒါနကို ပေးလှူခြင်း၊ (၉) ကောက်စပါး စုတင်စိုက်ပျိုးသောအခါ မျိုးစပါးထဲမှ အဦးအဖျားကို ယူ၍ "မျိုးဦးဆွမ်း" ဒါနကို ပေးလှူခြင်း ဟူ၏။

ကောက်မျိုး ၇-ပါး။ ။ဝိနည်းပါစိတ် ။ပါ။ ၁၁၁ ။၌။ ၈၉။ စပါးမျိုး ၇-ပါးလည်းဟူ။ (၁) သာလိ-သလေး, ကောက်ကြီး, ကောက်ညှင်း၊ (၂)ဝီဟိ-ကောက်လတ်, ကောက်ကြမ်း, ငစိန်, ငကျောက်၊(၃)ကုဋ္ဌသ-လူး၊ (၄) ဂေါမူမ-နှတ်ကောက်, ဂျုံ၊ (၅) ဝရက-ပြောင်း၊ (၆) ယဝ-မုယော, ဗာလီ၊ (၇) ကင်္ဂု-ဆပ်။

ကောက်စပါးမျိုး ၁၈၇-ပါး တနည်း။ ။သက္ကရာဇ် ၁၂၂၉-ခုနှစ် စိန္တကျော်သူ ဦးဩရေး မဟာအထိကရ ကန်တော်ကြီးမော်ကွန်း၌ ကောက်ကြီးမျိုး ၁၂၆-ပါး၊ကောက်လတ်မျိုး ၁၀-ပါး၊ ကောက်လျင်မျိုး ၁၁-ပါး၊ ကောက် ညှင်းမျိုး ၃၄-ပါး၊ မုရင်းမျိုး ၆-ပါးဟု လာရှိရာ ဤ၌ အစဉ်အတိုင်း ပြသွားအံ့။

http://www.dhammadownload.com

ကောက်ကြီးမျိုး ၁၂၆-ပါး။ ။စောဘွား၊ ရကော၌၊ ဟော့ကြီး၊ ကြွယ်ကြီး၊ ကြွယ်ပုံဖြူ၊ ငလုံးကြီး၊ ရှင်ကြီး၊ လုံးဖြူ၊ စပါးဖြူကလေး၊ တောင်လုံးမွေး (၁၀)။ ရသေး (ကောက်နှံသာ)၊ နှံဝါ၊ ရိုးလှ၊ တဆစ်လှ၊ ပေါက်လှ၊ ပူဇော်၊ ကန်တော်၊ ကန်တောင်၊ ပန်းဆောင်၊ စံကားဝါ (၂၀)။ ပင်သာ၊ ရခိုင်၊ ရေမနိုင်၊ ကြောင်ငို၊ တိမ်လုံးညို၊ ခြေတို၊ စပါးနက်၊ ကက်ကက်၊ ပန်းကျား၊ ကြွက်ဆွား (၃၀)။ ကြွက်မြီး၊ ပွဲတော်ကြီး၊ ကျွဲမြီး၊ ကောက်မြီး၊ ကောက်ဝင်းကြီး၊ ပုတီးပု၊ တောင်ယာ၊ သီဒါ၊ ငယ်ငန်း၊ သာထွန်းဖြူ (၄၀)။ မုယော၊ လင်ပန်းချော၊ ကောက်သွယ်၊ ကောက်ပင်ကြွယ်၊ စမွယ်ဖူး၊ စာမစား၊ ဝက်မစား၊ ငါးဝင်စား၊ ငါးရိုး၊ မိုးမခ (၅၀)။ မိုဃ်းမလို၊ ကောက်ပိန်ညို၊ မြီးရှည်၊ ကောက်ပင်စည်၊ နောင်တု၊ကြာဥ၊ ဦးရွှ၊ တလိုင်းဖြူ၊ ပင်ခိုင်၊ တွေးနိုင် (၆၀)။ နှံသာဆီ၊ စပါးနီ၊ ဆန်နီမ၊ ရွှာလယ်၊ ကောက်ငယ်၊ ကြိမ်သီး၊ ငှက်ကြီး၊ ငကွဲ၊ တောင်ဝဲ၊ တောင်ပြန် (၇၀)။ ငသလွန်၊ ငဆောက်၊ ငကျောက်၊ အင်္ဂရင်း၊ ကြိုင်သင်း၊ မြွေစွယ်၊ ရေသွယ်၊ ချွံကြား၊ အောက်ဖါး၊ သဇင်ခက် (၈၀)။စမုန်နက်ကလေး၊ ကောက်မွေး၊ ဂေါ်ရွတ်၊ ခရုပတ်၊ မျိုးဆန်း၊ တောင်ထိမ်ပန်း၊ မှော်တိုက်၊ ကောက်ထနောင်း၊ လက်သည်းစောင်း၊ ထောင်ဖြိုး (၉၀)။ ဝက်တိုး၊ မှိုင်းလုံး၊မြီးတုံး၊မြီးလတ်၊ကွန်ခေါင်း၊ ပေါင်းမသွန်၊ ခွတိုး၊ ခွကြမ်း၊ ငဆီချမ်း၊ လုံးထပ် (၁၀၀)။ သီးလျင်၊ လုံးစင်း၊ စံရွှေထွန်း၊ လူပေါ်ကြီး၊ မျိုးတော်၊ ငကြည်း၊ ငကြင်း၊ လွန်ဘက်၊ ဆင်လျော့၊ ညှော့မထ (၁၁၈)။ဝေသာလီ၊ ခွံနီ၊ ပန်းထိမ်၊ မွှေသိမ်၊ ကျီးတောင်၊ ငစိန်၊ လောက်စာထိုး၊ ပြည်မအိပ်၊ ကျီးကန်း၊ ကောက်နှံသာ (၁၂၀)။ခွေးစာမွေ့၊ ပျားကြီးခေါင်း၊ ကောက်မကျဉ်း၊ ဗျပ်စု၊ ခေါ်ဝက်၊ ငကျောက် (၁၂၆)။

ကောက်ညှင်းမျိုး ၃၄-ပါး။ ။ခွေးအာကပ်၊ ချင်းတွင်း၊ နန္ဒင်းဝါ၊ ဝက်လည်ရွဲ၊ အိပ်ပုံ၊ အိပ်သွန်၊ ပိုးစောင်ခြုံ၊ မုရင်းပြန်၊ ခွံဝါ၊ ပေါက်ဝါကြီး (၁၀)။ ကောက်ညှင်းဖြူ၊ ငနှံကြီး၊ ငဆားကြီး၊ ငပြောကြီး၊ ဆင်ပေါင်၊ ပဇင်းတောင်၊ မဲစောင်ခြုံ၊ ရှင့်သေး၊ ရှစ်သောင်းမွေး၊ခေါ်မောက် (၂၀)။ ချိုးလည်ပြောက်၊ မဲပန်းညို၊ အုန်းခိုင်၊မော်လမြိုင်၊ မီးတုတ်၊မောင်မခေါ်၊ ခေါ်လိန်၊ ခေါ်သာ၊ မကိုင်ရှိ၊ ဝက်ဆီ (၃၀)။ ဝက်လက်သည်း၊ ငချိတ်မည်း၊ ကြွက်သွား၊ ဆင်ဝမ်းပျဉ် (၃၄)။

http://www.dhammadownload.com

ကောက်မုရင်းမျိုး ၆-ပါး။ ။ငမန်းဥနီ၊ ငမန်းဥဖြူ၊ ပုံဖြူမုရင်း၊ ငလူးအိုင်း၊ ဥသျစ်၊ ဗျင်ကလေး။

ကောက်လတ်မျိုး ၁၀-ပါး။ ။ဂေါတာ၊ မယ်စော၊ အုံပေါ်၊ ပြစ်ထူ၊သလဲဖြူ၊ ဆန်ဖြူကြွမ်း၊ ရွှေအပ်၊ ဖွတ်မြီး၊ ငှက်ပျော်ညွှန့်၊ နမသလေး။

ကောက်လျင်မျိုး ၁၁-ပါး။ ။ပုန်းသင်ကြောင်၊ ပုန်းဆင်ဖြူ၊ ကောက်လျင်ဖြူ၊ ကောက်လျင်နီ၊ ဗောင်ပလောင်၊ ဝင်မစဲ၊ စသာ၊ ရေနွယ်၊ နီဖြူ၊ကွမ်းစား၊ မက်လိပ်မျိုး- မုရင်း။

မှတ်ချက်။ ။ဂင်းကောက်မျိုး ၁၇-ပါးကို ရည်ရွယ်၍ (တွက်ယူမှုန်စွာ၊ ကောက်ကြီး မှာသော်၊ တရာကမောက်၊ နှစ်ဆယ့်ခြောက်တည့်၊ ကောက်လတ်တဆယ်၊ တသွယ် ကောက်လျင်၊ ဆယ့်တစ်ပင်တည့်၊ ခြောက်လျင်မုရင်း၊ ကောက်ညှင်းသုံးဆယ်၊ စွန်းကယ် လေးခု၊ စုစုပေါင်းမှာ၊ တရာကသော်၊ ရှစ်ဆယ် ကျော်၏) မဟာအထိကရ ကန်တော်ကြီးမော်ကွန်း။

[ကောင်း]

ကောင်းကင်အပြား၊ မျိုးလေးပါး၊ ထင်ရှား အာကာသာ။ ။ဂင်းသရုပ်ကို (အာကာသ ၄-မျိုး)ဟူသော ပုစ္ဆာဥ် ဆိုခဲ့ပြီ။

ကောင်း ၆၄-ရပ်။ ။ကောင်းခြင်း ၆၄-မျိုး၊ ကျ၍ဥ ၆၄-ရပ်ယူပုံကား- မိန်းမမျိုး ၄-ပါးတို့တွင် ပဒုမ္မနီအစားကိုသာ အလိုရှိသည်၊ ဂင်း ပဒုမ္မနီဥလည်း 'အသားရွှေ၊ အသားနီ၊ အသားဖြူ၊ အသားမည်း'ဟူ၍ ပဒုမ္မနီမိန်းမမျိုး ၄-ပါးရ၏၊ထိုလေးပါးတို့တွင်တပါးတပါးဥလည်း၊ဆူကြုံ,နိမ့်,မြင့်အားဖြင့် ၄-ပါးစီ ပြားပြန့်ရကား- ပဒုမ္မနီမိန်းမပေါင်း ၁၆-ပါးရ၏၊ ထို ၁၆-ပါးတွင် တပါးတပါးဥ'ဥက္ကဋ္ဌ၊ ပဏီတ၊ မဇ္ဈိမ၊ ဟီန' အားဖြင့် လေးပါးစီ ပြားပြန့်ရကား ပဒုမ္မနီမိန်းမပေါင်း ၆၄-ပါးဖြစ်သတည်း၊ ကျိသို့လျင် ကောင်းသော ပဒုမ္မနီမိန်းမကိုစွဲ၍ (ကောင်းခြောက်ဆယ့်လေးရပ်၊ သွေးထပ်ထပ်ရှုပ်ညီ) စသည်ဖြင့် "ဦးဗုည" ရေးသည်၊ တနည်း "ဘိုးသူတော်ဦးမင်း"ရေးသည့် ဓားထပ် ဖြစ်ပေ၏ သာ၏၊ ကျိကား ကုထ္ထိသျတ္တရကျမ်းတို့ အလိုတည်း။

http://www.dhammadownload.com

ကောင်း ၆၄-ရပ် တနည်း။ ။၁၁၄၁-ခုနှစ်တွင် ကင်းဝန်မင်းကြီး ရေးသော 'ရွှေကိုယ်တော်ကြီး ချေင်း'၌ 'လက္ခဏာရေး၊ ခြောက်ဆယ်လေးက၊ စသည်များဖြင့်၊ အတင်တင်တည့်' ဟူသော စပ်ဆိုမှုကို ၆၄-ပါးအရ ဝိသေသနီ စံပြ ကျမ်း၌ ဖြေကြားသည်မှာ– (၁) ခြောဘဝါး လက္ခဏာ ၁၃-ပါး၊ (၂) ကိုယ် လက္ခဏာ ၁၆-ပါး၊ (၃) စိတ်လက္ခဏာ ၆-ပါး၊ (၄) လက်ဘဝါး လက္ခဏာ ၉-ပါး၊ (၅) လည်ပင်း လက္ခဏာ ၁-ပါး၊ (၆) အသံ လက္ခဏာ ၃-ပါး၊ (၇) မျက်နှာ လက္ခဏာ ၈-ပါး၊ (၈) သွား လက္ခဏာ ၁-ပါး၊ (၉) မျက်စိ လက္ခဏာ ၄-ပါး၊ (၁၀) ဆံပင် လက္ခဏာ ၃-ပါး၊ ပေါင်း ၆၄-ပါး ဖြစ်၏၊ အကျယ် ၎င်းကျမ်းရင်း၌ ရှုလေ။

ကောင်းခြင်း ၃-ဖြာ သာသနာ။ ။ဘုရားမြတ်၏ ဆုံးမမှု ဓမ္မဓာတ်၌ စ,လယ်,ဆုံး ၃-ပါးလုံးကောင်းခြင်း။ (၁) အာဒိကလျာဏ-သီလတရား သည် အစ၏ ကောင်းခြင်း မည်၏၊ (၂) မဇ္ဈေ ကလျာဏ-သမာဓိလုပ်ငန်း သည် အလယ်၏ ကောင်းခြင်း၊ (၃) ပရိယောသာန ကလျာဏ-မင်္ဂုံဖိုလ် နိဗ္ဗာန်သည် အဆုံး၏ ကောင်းခြင်း။

ကောင်းခြင်း ၅-ဖြာ။ ။မဟာဝဂ္ဂသံယုတ်။ဠ။၂၅၉။ နှင့် ဓမ္မပဒအဋ္ဌကထာ၌ လာသောနည်း။ (၁) ကေသာ-နှက်မှောင် ရှည်လျားသော ဆံပင်၊ (၂) ဝယ-၁၆-နှစ်အရွယ် ပျိုမြစ်နုနယ်၍ နေခြင်း၊ (၃) မံသ-စိုပြေပြည့်ဖိုး သော အသားစိုင်များ ရှိခြင်း၊ (၄) အဋ္ဌိ-ဖြူစင် တောက်ပသော သွား, နီသော လက်သည်းများ၊ (၅) ဆဝိ-ဝါရှေ့ သန့်စင်သော အရေ အဆင်း ရှိခြင်း။

ဓကောင်းခြင်း ၅-ဖြာ တနည်း။ ။မိန်းမများအဖို့ ကြွန်အင်ငါးဖြာ ကောင်း ခြင်း ငါးမျိုးကို ဆိုသည်၊ တေလပတ္တဇာတ် အဋ္ဌကထာမှ–

(၁) ဆဝိ ကလျာဏ- ပန်းပိတောက် အဆင်း, ရွှေအဆင်းကဲ့သို့ အရေ အဆင်း၏ ကောင်းခြင်း။

(၂) မံသ ကလျာဏ- ချိပ်ရေဆိုးသကဲ့သို့ လက်ခြေ နူတ်ခမ်းဖျား သန္တာ အဆင်းရှိသော အသား၏ ကောင်းခြင်း။

(၃) နှာရူ ကလျာဏ- အသားနှင့် ညီမျှသော အရပ်၌ ချိပ်ရည်ဖြင့် ပြည့်သကဲ့သို့ လက်သည်း ခြေသည်း ရှိခြင်း၊ အသားလွတ်ဆုံ၌ နီရည်စိုင် အဆင်းရှိသည်ဖြစ်၍ အကြောဓ၏ ကောင်းခြင်း။

http://www.dhammadownload.com

(၁၅၈) [ကော + င်း။ ကိုး + ကြောင်း]

(၄) အင္ဂိ ကလျာဏ- ညိညာသော ခရွသင်း ပွတ်သစ်ပမာ ရုတနာ ရွဲလုံး ပုလဲကုံး စီသွယ်ထားသကဲ့သို့ ညီညွတ်တင့်တယ် ကောင်းမြတ် စင်ကြယ်သော သွားရှိခြင်း။

(၅) ဝယ ကလျာဏ- အနှစ်တရာ ရှည်မြင့် ကြာသော်လည်း ၁၆-နှစ် နှယ် ပျိုမြစ်နုနယ် ငယ်သောအယ္ဟယ်ဖြင့် တင့်တယ်လှပခြင်း။

ကောင်းခြင်း ၆-ဖြာ ပျိုကညာ။ ။မူလပဏ္ဏာသ ။ပါ။ ၁၂၂ ။ဋ္ဌ။ ပ-အုပ်။ ၃၆၄။ (၁) တစ-ဝါရွှေသော အရေအဆင်း၊ (၂) မံသ စိုပြေ နူးညံ့သော အသား၊ (၃) နခ-ခြေသည်း လက်သည်းနီ၊ (၄) အင္ဂိ- ဖြူပွေ့ ညီညာသော သွား၊ (၅) သရ-ချိုသာသော အသံ၊ (၆) မဏ္ဍလ-ကိုယ်နေ လုံးရပ် ကြည့်ကောင်းခြင်း။

ကောင်းဟန် ၃-စု။ ။ရွှေနန်းတော်သုံး မြန်မာဝန်စုတို့တွင် ပါဝင်သော ကောင်းဟန်ဝန် ၃-စု။ (၁) ယွန်း ကောင်းဟန်ဝန်၊ (၂) ဝင်း ကောင်း ဟန်ဝန်၊ (၃) တပ် ကောင်းဟန်ဝန်။

[ကိုး]

ကိုးကြောင်း လက်ဝ။ ။ရွှေးလူဟောင်းတို့၏ အလိပေါင်း ဂဏန်းသင်္ချာ။

၉ × ၁ - လိ = ၉	ဂ × ၁ -လိ=ဂ
နော - ကေ - နော	အင္ဂ - ကေ - အင္ဂ
နဝ - ဒွေး - အင္ဂါရသ	အင္ဂ - ဒွေး - သောဠသ
နဝ - တြိန္နာ - သတ္တဗီသ	အင္ဂ - တြိန္နာ - ဇောဗီသ
နဝ - ဇယ - ဆတြိသ	အင္ဂ - ဇယ - ဗား တြိသ
နဝ - ပဉ္စ - ဗျည်းဓာဇီသ	အင္ဂ - ပဉ္စ-သုဉ္ဇာလီသ
နဝ - သော - ဇော ပဉ္စဿ	အင္ဂ - သော - အင္ဂာ စာလီသ
နဝ - သတ္တ - တြိဆ	အင္ဂ - သတ္တ - ဆ ပဉ္စဿ
နဝ - အင္ဂ - ဗားသတ်	အင္ဂ - အင္ဂ - စတုဆင္ဂိ
နဝ - နဝါ - ကေ အာသိ	အင္ဂ - နဝါ - ဗားသတ်

http://www.dhammadownload.com

၂ × ၁ - လီ = ၂

သတ် - ကေ - သတ်
သတ္တ - ဒွေး - စတုရာ ဒသ
သတ္တ - တြိန္ဒ - ကောဋိသ
သတ္တ - ဇယ - အသင်္ခ်ေယျသ
သတ္တ - ပဋ္ဌ - ပဋ္ဌာကြိသ
သတ္တ - သော - ဗား စာလီသ
သတ္တ - သတ္တ - နဝါ စာလီသ
သတ္တ - အင်္ဂ - ဆ ပဋ္ဌသ
သတ္တ - နဝါ - တြိဆ

၃ × ၁ - = ၃

ဗျည်း - ကေ - ဗျည်း
ဗျည်း - ဒွေး - သုံဒသ
ဗျည်း - တြိန္ဒ - ပဋ္ဌာဒသ
ဗျည်း - ဇယ-သုံဗီသ
ဗျည်း - ပဋ္ဌ - ပဋ္ဌာဗီသ
ဗျည်း - သော - သုံ တြိသ
ဗျည်း - သတ္တ - ပဋ္ဌာတြိသ
ဗျည်း - အင်္ဂ - သုံစာလီသ
ဗျည်း - နဝါ - ဗျည်းစာလီသ

၃ × ၁ - လီ = ၃

တြိန်း - ကေ - တြိန်း
တြိန်း - ဒွေး - ဆ
တြိန်း - တြ - နော
တြိန်း - ဇယ - ဒ္ဓါဒသ
တြိန်း - ပဋ္ဌ - ပဋ္ဌာဒသ
တြိန်း - သော - အင်္ဂဒရသ
တြိန်း - သတ္တ - ကေဗီသ
တြိန်း - အင်္ဂ - ဇောဗီသ
တြိန်း - နဝါ - သတ္တာဗီသ

၄ × ၁ - လီ = ၄

သော - ကေ - သော
သော - ဒွေး - ဒ္ဓါဒသ
သော - တြိန္ဒာ - အင်္ဂဒရသ
သော - ဇယ - ဇောဗီသ
သော - ပဋ္ဌ - သုံ တြိသ
သော - သော - ဆတြိသ
သော - သတ္တ - ဗား စာလီသ
သော - အင်္ဂ - အင်္ဂဒ စာလီသ
သော - နဝါ - ဇော ပဋ္ဌသ

၄ × ၁ - လီ = ၄

ဇယ - ကေ - ဇယ
ဇယ - ဒွေး - အင်္ဂ်
ဇယ - တြိုက - ဒ္ဓါဒသ
ဇယ - စတုက - သောဠသ
ဇယ - ပဋ္ဌ - သုံ ဗီသ
ဇယ - သော - ဇောဗီသ
ဇယ - သတ္တ - အသင်္ခ်ဗီသ
ဇယ - အင်္ဂ - ဗား တြိသ
ဇယ - နဝါ - ဆ တြိသ

၂ × ၁ - လီ = ၂

ဒွေး - ကေ - ဒွေး
ဒွေး - ဒွေး - စာယ
ဒွေး - တြိန်း - ဆ
ဒွေး - စာလီ - အင်္ဂ်
ဒွေး - ပဋ္ဌ - သုံဒသ
ဒွေး - သော - ဒ္ဓါဒသ
ဒွေး - သတ္တ - စတုရာဒသ
ဒွေး - အင်္ဂ - သောဠသ
ဒွေး - နဝါ - အင်္ဂဒရသ

http://www.dhammadownload.com

(၁၆၀) [ကိုး + ကွယ်။ ကိုး + ခဏ်း]

၁ × ၁ - လီ = ၁

ကေ် - ကေ - ကေ်
ဂေ် - ဒွေး - ဒွေး
ဂေ် - တြိန်း - တြိန်း
ဂေ် - ဇယ - ဇယ
ဂေ် - ဗျည်း - ဗျည်း
ကေ် - သော - သော
ကေ် - သတ် - သတ်
ကေ် - အင်္ဂ - အင်္ဂ
ကေ် - နော - နော

ကိုးကွယ်ရာတရား ၁၀ ပါး။ ။မိမိ၏ ကိုးကွယ်ရာ မိမိမှာ ဤတရား ၁၀-ပါး နှင့် ပြည့်စုံနေရမည် ဟူ၏၊ ဒဿဂုတ္တရ ။ပ။ ၂၇၅- ၂၇၆ ။ဌ။ ၂၉၀။ သိလ, ဗဟုဿုတ, ကလျာဏမိတ္တ, သောဝစ္စဿတာ, အနာလသ, ပိယသမုဒါဟာရ, အာရဒ္ဓဝီရိယ, သန္တုဋ္ဌိ, သတိမာ, ပညာ၀ါ။

ကိုးကွယ် ခံထိုက်သူ၏ ဂုဏ်အင်္ဂါ ၇-ပါး။ ။၎င်း သရုပ် အဓိပ္ပါယ်ကို (ဆည်းကပ် ကိုးကွယ်ထိုက်သူ၏ ဂုဏ်အင်္ဂါ ၇-ပါး)၌ ပြမည်။

ကိုးခဏ်း ကမ္မ၀ါ။ ။ဤဝေါဟာရသည် ရဟန်းတော်တို့၏ လက်သုံးပင် ဖြစ်၏။ (၁) ဥပသမ္ပဒ ခန္ဓက-ရဟန်းခံ ကမ္မ၀ါ၊ (၂) ကထိန ခန္ဓက-ကထိန်ခင်း ကထိန်နုတ် ကမ္မ၀ါ၊ (၃) သီမာ ခန္ဓက-သိမ်သမုတ် သိမ်နုတ် ကမ္မ၀ါ၊ (၄) ဥပေါသထာဂါရ ခန္ဓက-ဥပုသ်အိမ် သမုတ် ကမ္မ၀ါ၊ (၅) ထေရသမ္မုတိ ခန္ဓက-ထေရ်သမုတ် ကမ္မ၀ါ၊ (၆) နာမသမ္မုတိ ခန္ဓက-နာမည်သမုတ် ကမ္မ၀ါ၊ (၇) နိဿယမုတ္တ သမ္မုတိ ခန္ဓက-နိဿည်း လွှတ် သမုတ် ကမ္မ၀ါ၊ (၈) ကပ္ပိယဘူမိ သမ္မုတိ ခန္ဓက-အပ်သော ကျောင်းနေရာသမုတ် ကမ္မ၀ါ၊ (၉) ကုဋိဝတ္ထု ဩလောကန သမ္မုတိ ခန္ဓက-ကျောင်းရာကို ကြည့်ရှုစစ်ဆေးရန် သမုတ်သော ကမ္မ၀ါ၊ (၁၀) ဝတ္ထု ခန္ဓက-ဝတ်ဆောင်ရာ၌ ဖတ်ရသော ကမ္မ၀ါ။

မှတ်ချက်။ ။၁-မှ ၉-အထိ ၉-ခဏ်းယူပါလေ၊ ထိုသို့ ၉-ခဏ်းကမ္မ၀ါပင် ဆိုရငြားသော်လည်း "၀တ္ထုခန္ဓက" ကမ္မ၀ါကား အထုပ်တိုင်းမှာ ပါသည်ချည်းသာ မှတ်ရာ၏။

http://www.dhammadownload.com

ကိုးခဏ်းပျို့။ ။အခဏ်း ၉-ခဏ်းပါသော ပျို့ကဗျာလင်္ကာ။ (၁) ဟတ္ထိပါလ-တောထွက်ခဏ်း၊ (၂)အဿပါလ-တောထွက်ခဏ်း၊ (၃)ဂေါပါလတောထွက်ခဏ်း၊ (၄) အဇပါလ-တောထွက်ခဏ်း၊ (၅) ပုရောဟိတ်ပုဏ္ဏားကြီး တောထွက်ခဏ်း၊ (၆) ပုဏ္ဏားမကြီး တောထွက်ခဏ်း၊ (၇) သေကာရီမင်းကြီး တောထွက်ခဏ်း၊ (၈) ငင်း မိဖုယားကြီးနှင့် ခုနစ်ပြည်ထောင်သားတို့ တောထွက်ခဏ်း၊ (၉) ဇာတ်ပေါင်းခဏ်း၊ ငင်း အခဏ်းတို့ကို ဇာတ်ပေါင်း၍ ရေးသောကြောင့် ကိုးခဏ်းပျို့ဟူ၍ ခေါ်ကြသည်။

ကိုးခိုင် နက္ခတ်။ ။"နက္ခတ် ကိုးခိုင်း"လည်းဟူ။ ဤ၌ ကိုးခိုင်နက္ခတ်ဟူသည်ကား နက္ခတ် ၂၇-လုံးတို့တွင် တရာသီ တရာသီ၌ ၃-လုံးစီသွားသဖြင့် အစဉ်အတိုင်း ကိုးပါးသော နဝလက်တွင် ၂၇-လုံးသော နက္ခတ်တို့ တည်နေခြင်းကို ခေါ်ဆိုသည်။ (၁) ဒလိဒ္ဒ နက္ခတ်၊ (၂) မဟာဒ္ဓန နက္ခတ်၊ (၃) စောရ နက္ခတ်၊ (၄) ရာဇ နက္ခတ်၊ (၅) ဒေသုန္နိ နက္ခတ်၊ (၆) ဒေဗီ နက္ခတ်၊ (၇) ဝါဏိဇ္ဇ နက္ခတ်၊ (၈) အမစ္စ နက္ခတ်၊ (၉) သမဏ ဗြာဟ္မဏ နက္ခတ်။

ကိုးဆယ့်ခြောက်ဖြာ၊ နာရောဂါ၊ တဖြာ ၉၀။ ။ငင်း သရုပ်ကို "အနာပျိုး ၉၆-ပါးမှာ" ရှုပါ။

ကိုးတိုင်း ၉-ဌာန သာသနာပြုစေလွှတ်ခဏ်း။ ။ပါဠိတော်ကဏ္ဍ ။ဌ။ ပ-အုပ်။ ၄၀-၌ အကျယ်ရှု။ ဗုဒ္ဓသာသနာ ၃-ရာစု ဓမ္မာသောကမင်းတရားကြီးနှင့် ရွှင်မဟာမောဂ္ဂလိပုတ္တ တိဿ မထေရ်ကြီးမှူးလျက် စေလွှတ်တော်မူသည့် ရဟန်းတော် ၁၃-ပါးတို့နှင့် အရပ်မျှား။

(၁) ကသ္မီရ, ဂန္ဓာရတိုင်း-ဟိမဝန္တာ၏ အနောက် မြောက်တက်သို့ မဇ္ဈန္တိက မထေရ်။

(၂) မဟိံသက မဏ္ဍလ-အိန္ဒိယနယ် တောင်ပိုင်း၌ရှိသော မိုက်စိုးဟု ခေါ်သော ဌာနသို့ မဟာဒေဝ မထေရ်။

(၃) နဝါဒါသီ အရပ်-တောင်ပိုင်း အိန္ဒိယ ဟိုက်ဒရာဗတ် နယ် အရှေ့ဘက်ပိုင်း အရပ်သို့ ရက္ခိတ မထေရ်။

http://www.dhammadownload.com

(၎) မဟာရဋ္ဌတိုင်း- ဘုံဘောနယ် အပါအဝင် ပူနာမြို့စသော တိုင်းတို့သို့ မဟာဓမ္မရက္ခိတ မထေရ်။

(၅) အပရန္တကတိုင်း-မလဝါနယ် အနောက် တောင်ဘက် နရဗ္ဒဒေါ နမ္မဒါမြစ်ဝ ဒေသာ ကချေကွေ့ အနိုးရှိ အပရန္တကဒေါ အရပ်သို့ ဓမ္မရက္ခိတ မထေရ်။

(၆) ယောနကတိုင်း- ပါရှားနှုတ်ရက်ဂရိက်၊ အီတလီ စသော တိုင်းခရိုင် နိုင်ငံတို့၏ တည်းဝွန်းရာ ယောနက လောက ဒေါသော အနောက် ဘက်ပြည် နိုင်ငံအစုသို့ မဟာရက္ခိတ မထေရ်။

(၇) စိနရဋ္ဌ-ဟိမဝန္တာအရပ်ရှိ "ချိန်" ခေါ် စိန်ကိုင်းသို့ မဇ္ဈိမ မထေရ်။

(၈) သုဝဏ္ဏဘူမိတိုင်း- စိန်တိုင်းကြီး၏ တောင်ဘက် ရှမ်း, မြန်မာ, ဟိုးဒယား, ယွန်း စသော လူမျိုးကိုဓိနရာ သုဝဏ္ဏဘူမိဒေါ အရှေ့တောင် ကျွန်းဆွယ်ကြီးသို့ သောဏ ပထေရ်, ဥတ္တရမထေရ်။

(၉) သီဟိုဠ်ကျွန်းသို့ မဟိန္ဒ မထေရ်, ရတ္တိယ မထေရ်, ဥတ္တိယ မထေရ်, သမ္ဗလ မထေရ်, ဘဒ္ဒသာလ မထေရ်တို့ကျွဲသို့လျှင် မထေရ် ၁၃-ပါးတို့ သိုင်ဇာဌာနသို့ တက်ကြွ၍ ဗုဒ္ဓဝါဒကို ဖြန့်ချိကောင်းမွန်ခဲ့ကြလေပြီ။

ကိုးနဝင်း ဘုရား။ ။သမ္မာဒိဋ္ဌိခေါ် ပုဒ္ဓဘာသာတို့ ကိုးကွယ်ဆည်းကပ်ရာ ဒေသကိုတော်၌ အမည်ကမျိုး၊ ထိုဝေတိတော်၏ အမြင့် ဥဿဒတော်မှာ ၉-ကောင် ဖိုရှိ၍ ကိုလေကိန္ဒင့် စပ်ဆိုင်သည့် အဆောင် ဒေယျောင်တို့မှာ များသောအားဖြင့် နဂင်းကျေ ကိုးခုသော အထားများသော လောကီ ဒရာတို့ စိမ်လည့် ဒေတိတောင်တမျိုးပင် ဖြစ်လေသည်၊ ထိုဒေဘိဒတော် များသည် ၁၂၀၃-ခုနှစ် ဒလောက်က စရှိ မြန်မာပြည် အနှံ့အပြား၌ ဓေတ် စားလာခဲ့ကြောင်း သိရသော်လည်း ဒရှးဟောင်းနန်းစဉ် ဒေတ်အရ ဂေဘန်သော် "သောင်းထိုက်ဇမ္မူ၊ ကျွန်းလုံးဟူ၍၊ စည်သူမင်းဖျား၊ တည်ခဲ့ထားသည်၊ ဘုရားကိုးဆူ၊ ဂူလည်း ကိုးရပ်၊ နတ်လည်း ကိုးပါး၊ ဘုံကား ကိုးတန်၊ ကိုးရွာရံ၍၊ ကန်လည်းကိုးဆယ်၊ ကိုးသန်းပယ်နှင့်၊ ကိုးဆယ်ကိုးရွာ၊ စပ်ကာမဂေး၊ ကြေးကိုးကြေးနှင့်၊ နီးဓဝဲပျံလွှင်၊ စည်ကိုးဆိုင်က၊ ကိုးဌေနကို၊ ဒုက္ခကင်းစင်၊ ချမ်းသာမြင်၍၊ အောင်မင်္ဂလာ၊ ဖြစ်စေငှါဟု" ဟူသော တပယ်ယင်းမြို့ သမိုင်းလက်ဘအရ ကိုးနဝင်း ခေတ် စားခဲ့ပုံကိုလည်း သိရသေး၏။ တပယ်ရင်းလော?၊ ဒီပဲရင်းလော?။

http://www.dhammadownload.com

ကိုးပါးသီလ၊ နဝင်္၊ စောင့်ကြမျှားဗိုလ်လူ။ ။ဌင်းဏ် သရုပ်အဓိပ္ပါယ် (နဝင်္သီလ)မှာ ပြမည်။

ကိုယ်ကျင့်တရား ၃-ပါး။၊ ။မဟာဝဂ္ဂသံယုတ် ။ပါ။ ၃၆၈။ ဌ။ ၃၂၇ ၌ အကျယ်ရှု၊ ဌင်းသရုပ်ကို (အကျင့်တရားမျိုး ၃-ပါး)၌ ဆိုခဲ့ပြီ။

ကိုယ်စောင့်နတ် တကျိပ်တစ်ပါး။ ။မိမိတို့ကိုယ်ကို စောင့်သောနတ် ၁၁-ပါး။ သမန္တစက္ခုဒေဝပုတ္တ- အမှတ် ဝိသဇ္ဇနာ ၂-မှ ယူသည်။ (၁) သတ္တဘာဝ နတ်-နဖူးစာကို ရေးမှတ်တတ်သည်၊ (၂) သူရဿတီ နတ်- ပညာကို ပွားစေတတ်သည်၊ (၃) သက္က နတ်- စည်းစိမ် ဥစ္စာကို ပေးစေတတ်သည်၊ (၄) မဟိဒ္ဓရာ နတ်-အိပ်မက်ကို ပေးစေတတ်သည်၊ (၅) ဝါမသူရ နတ်-နိမိတ်ကို ပြတတ်သည်၊ (၆) ဇနသူရ နတ်- အလှူပေးသည်ကို မှတ်တတ်သည်၊ (၇) ကရဝါ နတ်- ကာမသုခကို ပေးစေတတ်သည်၊ (၈) ယောတိက နတ်- သွားလေရာ လိုက်၍ စောင့်မတတ်သည်၊ (၉) ကလျာဏမိတ္တ နတ်- ကောင်းသော စကားကို မှတ်သား တတ်သည်၊ (၁၀) စန္ဒာဒေဝီ နတ်- ကျက်သရေကို စောင့်တတ်သည်၊ (၁၁) နရိန္ဒာဒေဝီ နတ်- အိပ်သောအခါ ဦးခေါင်းရင်းက စောင့်ရှောက်တတ်သည်။

ကိုယ်စောင့်နတ် တကျိပ်နှစ်ပါး တနည်း။ ။ကျေးဇူးရှင်'လုံးတော်ဆရာတော်' ဘုရားကြီးကား- အထက်ပါ ၁၁-ပါးထည်းတွင် 'ကာလကဏ္ဏီ'ခေါ် နတ်ယုတ်မာ တပါးထည့်၍ 'ကိုယ်စောင့်နတ် တကျိပ်နှစ်ပါး'ဟု ရေတွက် ပြထား၏။

ကိုယ်တွင်းမီး ၅-ပါး။ ။(၁)ဥသ္မာ မီး- ပကတိ ကိုယ်ငွေ့၊ (၂) ပါစကမီး- အစာ ကျေချက်သော ဝမ်းမီး၊ (၃) သန္တပ္ပန မီး- ခြစ်ခြစ်တောက် အပူဖျားမျိုး၊ (၄) ဒါဟ မီး- လူးလဲအောင် ပူလောင်ခြင်းမျိုး၊ (၅) ဇိရဏ မီး- လူကို အိုမင်း ဆွေးမြေ့အောင် မသိမသာလောင်သောမီး။

ကိုယ်တွင်းမီး ၁၁-ပါး တနည်း။ ။ဌင်း၏ သရုပ်အဓိပ္ပါယ် (မီး ၁၁-ပါး)၌ ရှုပါ။

ကိုယ်ဝန်တည်နိုင်ခြင်း အင်္ဂါ ၃-ပါး။ ။ပါရာဇိကဏ် အဋ္ဌကထာ။မ။ဒုပ်။ ၁၈၀။ ပဋိသန္ဓေ ကည်နေနိုင်ပုံ အင်္ဂါသုံးပါး။ (၁)မိဘဒ္ဒစ်ပါး မေထုန်အားဖြင့် စည်းဝေး၊ပါင်းသင်းခြင်း၊ (၂) ပဋိသန္ဓေယူမည့် သတ္တဝါ၏ စုတိဆဲဖြစ်ခြင်း၊ (၃) မိခင်၏ ပေါ်ပြူးဆဲဥတုသမယနှင့် တွဲခြင်း။

http://www.dhammadownload.com

[ကို + ယ့် ။ ကျ + န်]

ကိုယ်ဝန်တည်နိုင်ပုံ ၇-ပါး။ ။ပါရာဇိကဏ် အဋ္ဌကထာ ။ပ။ အုပ်။ ၁၇၀-၁၇၉။ ဤသည်တို့ကား မမြဲ၊ တရုံတဆစ် အကြောင်းအားလျော်စွာ တည်ယှဉ်နိုင်ခြင်းတို့တည်း။ (၁) ရာဂစိတ်နှင့် ကိုယ်လက်သုံးသပ် ပေ့ဖက်သာယာသဖြင့် တည်နိုင်သည်၊ (၂) ရာဂစိတ်နှင့် အဝတ်ပုဆိုးကို တိုင်တွယ်သာယာသဖြင့် တည်နိုင်သည်၊ (၃) ရာဂစိတ်နှင့် သုက်သွေးကျင်ငယ်ကို စုတ်ယူသွတ်သင်းသဖြင့် တည်နိုင်သည်၊ (၄) ရာဂစိတ်နှင့် ချက်ကို သုံးသပ်သဖြင့် တည်နိုင်သည်၊ (၅) ရာဂစိတ်နှင့် စိမ်းစိမ်းကြည့်သဖြင့် တည်နိုင်သည်၊ (၆) ရာဂစိတ်နှင့် အနုံကို နမ်းရှူသဖြင့် တည်နိုင်သည်၊ (၇) ရာဂစိတ်နှင့် အသံကို နားထောင် သာယာသဖြင့် တည်နိုင်သည်။

ကိုယ်ဝန်တည်နိုင်ပုံ ဂ-ပါး။ ။အထက်ပါ ၇-ပါးဌ အဋ္ဌာစာရ, ခေါ် ၂-ဦးစုံ ကာမမှုပြုခြင်း တပါးထည့်က ရှစ်ပါး ဖြစ်၏၊ ၎င်းကို ဤဆောင်ပုဒ်လက်ဝဖြင့် သိပါလေ။

(အဋ္ဌာစာရ၊ သံသဂ္ဂနှင့်၊ စောဋ္ဌ, သုစိ၊ နာဘိ, ရူပ၊ သဒ္ဒ, ဂန္ဓာ၊ ဤရှစ်ဖြာကြောင့်၊ စွဲလာကိုယ်ဝန်၊ ဖြစ်သည် မှန်၏။)

ကိုယ့်အမည် ကိုယ်ဖေါ် သူတော် ၇-ပါး။ ။ဤသည်တို့ကို ကျမ်းကြီးကျမ်းခိုင်၌ မပွေ့ရသော်လည်း စကားအရာ၌ကား တာစား၍ နေ၏၊ ထိုကြောင့် ရှေးဆရာသမားများကို မေးမြန်း၍ ဖြေဆိုလိုက်ပါသည်။ (၁) တောက်တဲ့၊ (၂) ခွေးခေါ်ရစ်၊ (၃) တစ်တီတူး၊ (၄) ဇီကွက်၊ (၅) တီးတုတ်၊ (၆) ရွှေပြည်စိုး၊ (၇) ဥဩ။

[ကျ]

ကျန်စစ်သား၏ အမည် ၅-ပါး။ ။အောက်ပါ အမည်တော် ငါးပါးဖြင့် သက္ကရာဇ် ၄၂၆-ခုနှစ်တွင် မင်းအဖြစ်သို့ရောက်သော ပုဂံမင်းတပါးဖြစ်သည်။ (၁) သတ်ရာတွင် မပါ ကျန်နေသောကြောင့် ကျန်စစ်သား၊ (၂) ကြန်အင်လက္ခဏာနှင့် ပြည့်စုံသောကြောင့် ကြန်စစ်သား၊ (၃) ပရိမ္မအရပ်တွင် ဘွားမြင်မသောကြောင့် ပရိမ္မစစ်သား၊ (၄) ရေတိုက်ရာတွင် စက်ထွက်၍ ကရားလန်သောကြောင့် ကရားလန်စစ်သား၊ (၅) ငထီးလှိုင် ရွာသူကြီး အရှင်ဖြစ်သောကြောင့် ထီးလှိုင်ရှင်။

http://www.dhammadownload.com

ကျမ်းဂန်အပြား၊ များ၊ ဂ-ပါး၊ **ဖြေကြား မြတ်အရှင်?။** ။ကျမ်းစာတို့၏ အများအမည်အပြားကို သာသနာလက်ဝဲရ စာတန်းဌ ဤရွှစ်ပါးဖြင့် ရေတွက်ပြဆိုထားသည်ကို တွေ့ပူး၏။ (၁) အဋ္ဌကထာ- သံဂါယနာဝင် ပိဋကပါဠိတော် မူရင်း၏ အနက်ကို ဖွင့်ပြသော ကျမ်းများ၊ (၂) ဋီကာ- အဋ္ဌကထာ၏ အနက်ကို ဖွင့်ပြသော ကျမ်းများ၊ (၃) အနု- ဋီကာ၏ အနက်ကို အနုစိတ် ထပ်ဖွင့်သော ကျမ်းများ၊ (၄) မဓု-အနု၏ အနက်ကိုပင် ထပ်ဖွင့်၍ပြသော ကျမ်းများ၊ (၅) လက်သန်း- အထက်ပါကျမ်းစာတို့ကို အကျဉ်းချုံး၍ ထိမိအောင် ပြသော ကျမ်းစာများ၊ (၆) ဂဏ္ဌိ- အထက်ပါကျမ်းစာတို့၏ ခက်ဆစ်ပုဒ်တို့ကိုထုတ်ကာ ရှင်းပြသော ကျမ်း၊ (၇) ယောဇနာ-ဒေသအားလျော်စွာ အနက်ဘာသာပြန်ကြသော ပါဠို, အဋ္ဌကထာ, ဋီကာတို့၏ ဘာသာပြန် ကျမ်းများ၊ (၈) ဂဏ္ဌန္တရ- ပါဠို အဋ္ဌကထာ စသည်တို့မှ တပါးသော အလတ် အထူးအခြား (ဆန်း, အလင်္ကာ စသည်) ကျမ်းစာတို့ကို ခေါ်ဆို၏။

ကျမ်းဂန်တတ်ကျေဝံ၊ ဆရာတော်၊ ၄-ဖော် နာမည်ကြီး။ ။ဂင်းသာရပ်ကို (ကျော် ၄-ပါး) ၌ ရှုပါ။

ကျိုးတို့၏ ဝတ်အကျင့် ၅-ပါး။ ။မင်းလုပ်သူတို့ လိုက်ယူကျင့်သုံးရန် ဆုဇမတ္တန် ကျမ်း၌ ပြသည်။ (၁) မေထုန်ကို လျှို့ဝှက်စွာ ကျင့်ခြင်း၊ (၂) ရန်သူများကို အခါမလပ်ကြည့်ရှု ဆင်ခြင်တတ်ခြင်း၊ (၃) အစာများတွေ့လျှင် အဖော်တို့ကို ခေါ်၍စားခြင်း၊ (၄) အစာနှင့်ရန်သူကို တပြိုင်နက် ကြည့်ခြင်း၊ (၅) လုံ့လ ရှိခြင်း။

ကျုံးမျိုး ၃-ပါး။ ။မြို့ပြည် အခံအရံဖြစ်သော ကျုံးသုံးပါး။ (၁) ရေကျုံး- ရေပြည့်လျှက် ငါးရဲ မိကျောင်းတို့ဖြင့် သောင်းကျန်းသော ကျုံး၊ (၂) ညွှန်ကျုံး- ချဲ့ညွှန်တို့ဖြင့် ပြည့်စေလျက် ကူးမြောက်နိုင်ခက်သော ကျုံး၊ (၃) ကျုံးချောက်- နက်စောက်သော ချောက်ကမ်းပါးသဖွယ် ကျုံးတမျိုး။

ကျေးဇူးတော်များ၊ ၁၈-ပါး၊ **ဘုရား မြတ်မုနိန်။** ။ဘုရားသခင်နှင့် ပတ်သက်သော အာဝေဏိက ဂုဏ်တော် ၁၈-ပါးကိုပင် ကျေးဇူးတော် ဟူသော ဝေါဟာရဖြင့် ခေါ်ဆိုကြသေး၏၊ ယခုပ်အကျယ်ကို (အာဝေဏိက ဂုဏ်တော် ၁၈-ပါး) ၌ ပြခဲ့ပြီ။

http://www.dhammadownload.com

ကျေးဇူးရှင်ကြီး ၁၀-ပါး။ ။ဖခင်းသရုပ်ကို (ခင်ပွန်းကြီး ၁၀-ပါး)၌ ရှုပါ။

ကျေးမျိုး ရှစ်ပါး။ ။ကြက်တူရွေးခေါ် ဥက်သတ္တဝါကို ဆိုသည်၊ ဤ၌ ဆက်ရက်လေးမျိုး၊ ကျေးရှစ်မျိုးနှင့်၊ ချိုးမျိုးလေးပါး'ဟု သီရီ ဝိဇယ-ခြီ မင်းနန်ပျို့တွင် စပ်ဆိုသည့် အတိုင်း ဖြစ်သည်။ (၁) ဖေါင်းကား၊ (၂) တမာ၊(၃)ကျေးသန္တာ၊(၄)ကျေးဝါ၊(၅)ကျေးကျူတ်၊(၆)ကြက်တော၊(၇)ကျေးကုလား၊(၈)ကျေးပုဇ္ဈား၊(ဝေါဟာရလိနတ္ထ ဒီပနီမှ။)

ကျောက်မျိုး ငါးပါး။ ။ဃေးကျမ်းများ၏ အပေါင်း ဝေါဟာရ။ (၁)ကျောက်ပွင့်၊ (၂)ကျောက်မြုပ်၊ (၃)ကျောက်ခက်၊ (၄)ကျောက်ချဉ်၊(၅)ဇဝက်သာ၊ (အချို့ဆရာတို့ကား ဇဝက်သာ အစား ကျောက်စက်ကို ထည့်ကြ၏။)

ကျောက်မြတ်ရတနာမျိုး ၂၄-ပါး။ ။ ဥဒါန်း အဋ္ဌကထာ မုစလိန္ဒဝဂ် အဖွင့်၌ လာသည်။ (၁) ကျောက်မျက်ရွဲ၊ (၂) ဝရဏ်ကျောက်၊ (၃) မဟာနီလာကျောက်၊ (၄) ဣန္ဒနီလာကျောက်၊ (၅) မသာရဂလ်ကျောက်၊ (၆) ပဒုမရာဂကျောက်၊ (၇) ဥဿဘဃားကျောက်၊ (၈) ကရဏ္ဍဝန်ကျောက်၊ (၉) သုဃာကာကျောက်၊ (၁၀) အမျက်ကျောက်၊ (၁၁) လောဟိတင်္ကျောက်၊ (၁၂) ဖလ်မှန်ကျောက်၊ (၁၃) သန္တာကျောက်၊ (၁၄) ဇောတိရဿကျောက်၊ (၁၅) ဂေါမုတ်ကျောက်၊ (၁၆) ဂေါမိတ်ကျောက်၊ (၁၇) ဟေဂန္ဓိကကျောက်၊ (၁၈) ပုလဝကျောက်၊ (၁၉) ခရုသင်းကျောက်၊ (၂၀) မျက်စဉ်းကျောက်၊ (၂၁) ရဇဝဏ္ဏကျောက်၊ (၂၂) မြကျောက်၊ (၂၃) ပယင်းကျောက်၊ (၂၄) ဗြဟ္မဂိုဇကျောက်။

ကျောင်းအင်္ဂါ ၅-ပါး။ ။မြတ်စွာဘုရား၊ သို့မဟုတ် ရဟန်း သံဃာတော်များ သိတင်းသုံးရန် သင့်လျော်သော ကျောင်းအင်္ဂါ ၈ါးပါးဟူ၏။ (၁) မြို့ ရွာနှင့် သွားလာရေး မဝေးလွန်းခြင်း၊ (၂) မြို့ရွာနှင့် မနီးကပ်လွန်းပဲ အသံဆိတ်ငြိမ်ခြင်း၊ (၃) သွားလမ်း လာလမ်းနှင့် ပြည့်စုံခြင်း၊ (၄) လူတိုင်း လူတိုင်း အလိုရှိသောအခါ သွားလာတွေ့ရှု လွယ်ကူခြင်း၊ (၅) အာရုံငါးပါး လူသံ သူသံများနှင့် မြို့သံ ရွာသံ ဆယ်ဝန်တို့မှ ဆိတ်ငြိမ်ခြင်း။

http://www.dhammadownload.com

[ခကျင် + ကျ + နံ] (၁၆၇)

ကျောင်းထိုင် အင်္ဂါ ၅-ပါး။ ။ကျောင်းထိုင် ပဂ္ဂိုလ်တို့၌ ပြည့်စုံရမည့် အင်္ဂါ ငါးပါး၊ ကျောင်းဒကာတို့၏ သိထားရန်။ (ဆယ်ဝါ ပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်၊ ခဲ့ခြားနိုင်၊ ကျောင်းထိုင် အင်္ဂါ ငါးပါးတည်း။) ပရိဝါပါဠိတော်။

ကျောင်းထိုင်ဘုန်းကြီး ရဲကျခြင်းမျိုး ၅-ပါး။ ။ငင်း အကျယ်ကို အဂုံတွာရ ။ပါ။ ဒု-အုပ်။ ၂၃၁-၌ ကြည့်ပါ။ (၁) ဉာဏ်မယှဉ်ပဲ ကဲ့ရဲ့ထိုက်သူ၏ ဂုဏ်ကျေးဇူးတော့ကို ပြောဆိုခြီးမွမ်းခြင်း၊ (၂) ခြီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကို ကဲ့ရဲ့ရွဲပ်ချ ပြောကြားခြင်း၊ (၃) ကျောင်း၊ (၄) ဒါယကာ-ဒါယိကာမ၊ ၅) လာဘ်လာဘတို့၌ သူများတကာ ရသွားမည်ကို မနာလို ဝန်တိုရှိနေခြင်း။

ကျောင်းထိုင်ဘုန်းကြီး နတ်ပြည်ရောက်ခြင်းမျိုး ၅-ပါး။ ။အဂုံတွာရ ။ပါ။ ဒု-အုပ်။ ၂ ၁-၌ အကျယ် ရှုလေ။ (၁) ဉာဏ်ဖြင့် ဆင်ခြင်၍ ကဲ့ရဲ့ရွဲပ်ချ အပြစ်ပြထိုက်သူကို ကဲ့ရဲ့ပြစ်တင်ရခြင်း၊ (၂) ခြီးမွမ်းထိုက်သူကို ခြီးမွမ်း ပေးရခြင်း၊ (၃) ကျောင်းကန်၊ (၄) ဒါယကာ - ဒါယိကာမ၊ (၅) ပစ္စည်း လာဘ်တို့၌ သူများတကာ ရရှိသွားမည်ကို မနာမလို ဝန်တိုစိတ် ထား မရှိခြင်း။

ကျောင်းသခ်ိမ်းများ၊ မျိုး ၁၀-ပါး၊ ခြားနား သိစေလို။ ။ရဟန်းတော်များနှင့် သင့်လျော်သော ဆိတ်ငြိမ်ရာ ကျောင်းမျိုး ဆယ်ပါး။ ၎င်းအဖြေ (ရဟန်းကျောင်းများ၊ မျိုး ၁၀-ပါး) ၌ ရှုပါလေ။

ကျော် ၄-ပါးခေါ်၊ ဆရာတော်၊ စာပေါ် နာမည်ကြီး။ ။ဆဲရာ အစဉ် အဆက် ခြီးမွမ်းပြောဆို မှတ်သားကြကုန်သော မြန်မာနိုင်ငံ ကျမ်းတတ် အကျော် ဆရာတော် ပဂ္ဂိုလ်ကျော်ကြီး လေးပါး။ (၁) ပုဂံ သဒ္ဒနီတိ ဆရာတော် အရှင်အဂ္ဂဝံသ၊ (၂) စစ်ကိုင်း ရှင်အရိယဝံသ ဆရာတော်၊ (၃) အင်းဝ ဝရာဘိသမ်နာဏ ဆရာတော်၊ (၄) တောင်ဘီလာဆရာတော် အရှင်မုနိန္ဒသောသတို့ ဖြစ်ကြ၏။

ကျန် ၇-ဆက်။ ။"ကျွန်မ မွေးသော သပေါက်၊ သပေါက်မှ မွေးသော သတက်၊ သတက်သားကို သတီ၊ သတီ၏သားကို သတွတ်၊ သတွတ်သားကို သတေဉ၊ သတေဉ၏သားကို သမျော့"ဟု ဓမ္မသတ် ကျမ်းတို့၌ လာကုန်၏၊

http://www.dhammadownload.com

ကျိုင်္ဂ ဆေ ၇-ဆက်ကဲ့သို့ အထက်အောက် နှစ်ပါးစုံ ရေတွက်ခြင်း မပြုဘဲ အစုံမှ အောက်ကိုသာ ရေတွက်ရလေသည်၊ မနုကျယ်ဓမ္မသတ် သတ္တမတွဲ ဂုဒိမ ၂၆-၌လည်း ကျန် ၇-ပါး။ တနည်း- ကျန်အပြား ၉၄-ပါးကို ခွဲခြားသော တုရားတွင် ဆိုထား၏။

ကျန်မျိုး ၄-ပါး။ ။ဝိနည်းမဟာဝ ။ပါ။ ၁၀၇ ။ဌ။ ၂၇၂။ ပါရာဇိကဏ် ။ဌ။ ပ-အုပ်-၃၁၆။ ဝိနည်းတော်လာ ရဟန်းခံမပေးကောင်းသော ကျန် ၄-မျိုး။ (၁) ဓနက္ကီတ ကျန်- ငွေဝယ်ကျန်၊ (၂) ကဏ မဏုနိတ ကျန်-သို့ပန်း, သို့ရကျန်၊ (၃) သံမံ ဒါသဗျ ကျန်- မိမိကိုယ်တိုင် ကျန်စာရင်း အပ်နှင်းခံယူသော ကျန်၊ (၄) အန္တေဝာသိတ ကျန်- ကျန်မမှမွေးသော အိမ်ပေါက်ကျန်။

ကျန်ဝတ် ၅-ပါး။ ။သူရင်းငှါး ကျေးကျန်ကူလို အလုပ်သမားတို့ ကျင့်ကြံလိုက်နာရမည့် ဝတ်ငါးပါး။ (၁) အရှင်အိပ်ပြီးနောက်မှ အိပ်ရခြင်း၊ (၂) အရှင်မထမီ ရှေးဦးစွာ ထရခြင်း၊ (၃) အရှင်ပေးမှ ယူရခြင်း၊ (၄) အရှင့်ကျေးဇူးကိုသာ ချီးကျူးပြောဆိုရခြင်း၊ (၅) လုပ်ခင်း ဆောင်တာဟူသမျှကို စေ့စပ်သေချာစွာ လုပ်ကိုင် ဆောင်ရွက်ရခြင်း၊ သိက်ခါလောဝါဒသုတ်မှ။

ကျန်းကြီး ၄-ကျန်းနှင့် မှတ်သားဘွယ်များ ၂၄-ပါး။ ။ဇိနာလင်္ကာရဋီကာမှ၊ တကျန်းဌ မှတ်သားဘွယ် ၆-ပါးစီ ပါသည်။

(၁) ဇမ္မူဒီပါကျန်း- သုံးထောင့်ပုံသဏ္ဌာန်ရှိ၍ ယူဇနာ ၁၀၀၀၀-ကျယ်သော တောင်ကျန်း၊ ကျန်းဦး သပြေပင်ရှိ၏၊ ကျန်းသူ,ကျန်းသား တို့အသက်ကား- အပိုင်းအခြားမရှိ။

(၂) ပြုဗ္ဗဝိဒေဟာကျန်း-လ, ထတ်ဝက်သဏ္ဌာန်ရှိ၍ ယူဇနာ ၇၀၀၀-ကျယ်သော အရှေ့ကျန်း၊ ကျန်းဦး ကုက္ကိုပင်ရှိ၏၊ ကျန်းသူ, ကျန်းသား တို့၏ အသက်ကား- ၅၀၀-ရှည်သော ဟူ၏၊ ဇိနာလင်္ကာရဋီကာ၌ ယူဇနာ ၉၀၀၀-အကျယ်ပြ၏။

(၃) အပရဂေါဃာနကျန်း- ဝိုင်းသော လပြည့်ဝန်း သဏ္ဌာန်ဝိ၍ ယူဇနာ ၇၀၀၀-ကျယ်သော အနောက်ကျန်း၊ကျန်းဦး ထိန်ပင်ရှိ၏၊ကျန်းသူ, ကျန်းသားတို့ အသက်ကား- ၁၀၀၀-ရှည်၏။

http://www.dhammadownload.com

'[ကြ + က်။ ကြ + ဇူ။ ကြ + ည့်] (၁၆၉)

(၄) ဥတ္တရကုရုကျွန်း- လေးထောင့် အင်းပျဉ် သဏ္ဌာန် ရှိ၍ ယူဇနာ ၈၀၀၀-ကျယ်သော မြေဂက်ကျွန်း၊ ကျွန်းဦး၌ ပဒေသာပင်ပေါက်၏၊ ကျွန်းသူ့ကျွန်း သားတို့ အသက်ကား- ၁၀၀၀-ရှည်၏။

[ကြ]

ကြက်တို့၏ ကျင့်ဝတ် ၄-ပါး။ ။မင်းစိုးရာဇာတို့ လိုက်နာပြုကျင့်ရန် ဆုဇ မတ္တန်ကျမ်း၌ ပြသည်။ (၁) ရှေးဦးစွာ နိုးကြားလှုယ်ခြင်း၊ (၂) ကိုယ့်အမျိုး ဇာတ်တူချင်းခွပ်ရာ၌ စွန့်စားရဲခြင်း၊ (၃) အဖေ၊ ကြက်မတို့နှင့် အစာကို ခွဲဝေစားခြင်း၊ (၄) မိမိထံအောက် ဝင်ရောက်သောကြက်မ၌ စောင့်ရှောက် ပေါင်းဖော်ခြင်း။

ကြဇူ ၇-မျိုး။ ။ဆေးအဘိဓာန်ကျမ်းရင်းမှ။ (၁) ဇီဝန္တိ မည်သော ကြဇူ ကား ရွှေသောအဆင်းရှိ၏၊ အဆီအစေးကို ထုတ်၍သော်၎င်း၊ ဆီ ထော ပတ် ပျားရည်တို့နှင့် ချက်၍သော်၎င်း သုံးဆောင်ငြားအံ့၊ ရောဂါခပ်သိမ်း ကို ပျောက်ငြိမ်း ချမ်းသာစေတတ်၏၊ (၂) ရောဟိဏီ မည်သော ကြဇူ ကား-ကြောင်သော အဆင်း လုံးသော လျောင်းသော သဏ္ဌာန်ရှိ၏၊ ဗလ, ဝဏ္ဏ အမှုတို့၌ ပြီးစေတတ်၏၊ အမာနာ ခပ်သိမ်းကိုလည်း ပျောက်စေ တတ်၏၊ (၃) ဝိဇယ မည်သော ကြဇူ ကား- ဗူးသီးနှင့် တူသောအဆင်း လုံးသော သဏ္ဌာန်ရှိ၍ ပေါက်သော အမာနာ ထိခိုက်ရှနာ ဒဏ်နာ ဟူသမျှတို့၌ ပျောက်ကင်းစေတတ်၏၊ (၄) အဘယ မည်သော ကြဇူ ကား- ငါးမြွှာင့်ရှိ၏၊ မျက်စိရောဂါကို လျင်မြန်စွာ ပယ်ပျောက်စေ တတ်၏၊ (၅) အာမရိကာ မည်သော ကြဇူ ကား- ထူးထွေမှန်မြတ်သော ဂုဏ်သတ္တိနှင့် ပြည့်စုံ၏၊ ဝမ်းကို လျော်သက်စေခြင်း၌ သိမ်မွေ့သော သတ္တိရှိ၏၊ (၆) ပုတနာ မည်သော ကြဇူ ကား- အသားပါး၍ အစေ့ ကြီး၏၊ ကိုယ်ကိုလိမ်းခြင်းတို့၌ အလွန်တန်ခိုးရှိ၏၊ (၇) ကာသု၊ တနည်း၊ စေတကီ မည်သော ကြဇူ ကား- ၃-မြွှာင့် ရှိ၏၊ မွေးထုံယန္တနှင့် ပြည့်စုံ၏။

ကြည့်ခြင်းကြီး ၅-ပါး။ ။ဓမ္မပဒအဋ္ဌကထာ ။ပ- အုပ်။ ၅၃-၌ အကျယ်ရှု။ ဘုရားအလောင်းများ လူ့ပြည်ဆင်း၍ သန္ဓေယူခါနီး၌ သန္ဓေယူရန် အတွက် လျော်, မလျော်ကို ကြည့်လေ့ရှိသော ကြည့်ခြင်းကြီး ငါးပါး။

http://www.dhammadownload.com

(၁) ကာလ-တက်ကပ်, ဆုတ်ကပ် ကာလ နှစ်ပါးတို့တွင် သက်တမ်းဆုတ်ကပ်ကာလကို ကြည့်ခြင်း၊ (၂) ဒီပ-ကျန်း လေးကျန်း အနက် တောင်ကျန်းကို ကြည့်တော်မူခြင်း၊ (၃) ဒေသ-တောင်ကျန်း၏ အလယ် ဗဟိုချက်ချာ ဗောဓိပင် ပေါက်ရာအရပ်ကို ကြည့်တော်မူခြင်း၊ (၄) ကုလ-အမျိုးလေးပါးတို့တွင် ဗြာဟ္မဏအမျိုးနှင့် မင်းမျိုးကိုသာ ကြည့်တော်မူခြင်း၊ (၅) မာတု အာယု ပရိစ္ဆေဒ-ပဋိသန္ဓေယူ၍ မွေးဖွားပြီးနောက် ၇-ရက်ရောက်လျှင် မိခင်သေဆုံးရမည့် အသက်အပိုင်းအခြားကို ကြည့်တော်မူခြင်း။

ကြည့်ခြင်းကြီး ဂ-ပါး တနည်း။ ။(၁) ကာလံ ဝိလောကေတိ၊ (၂) ဒီပံ ဝိလောကေတိ၊ (၃) ဒေသံ ဝိလောကေတိ၊ (၄) ကုလံ ဝိလောကေတိ၊ (၅) ဇနေတ္တိံ ဝိလောကေတိ- မိခင် အသက်အပိုင်းကို ကြည့်၏၊ (၆) အာယုံ ဝိလောကေတိ- လူတို့အသက်တမ်းကို ကြည့်၏၊ (၇) မာသံ ဝိလောကေတိ-သန္ဓေယူမည့်လကို ကြည့်၏၊ (၈) နေက္ခမံ ဝိလောကေတိ-တောထွက်အံ့ကို ကြည့်၏။

ကြည်းကုန်းပျော်ဒန၊ သတ္တဝါတွေ၊ ဓ-ကုဋ္ဌေခေါ် အဘယ်နည်း? ။ ဤ၌ ကြည်းနေ ဓ-ကုဋ္ဌေ၊ ရေနေ ဆယ်ကုဋ္ဌေ ဟု ဆိုရိုးသော ရှိသော်လည်း အနန္တလေးပါးမှာ ပါဝင်တဲ့ သတ္တဝါအမျိုးအမည်တွေကို ဘယ်သူထုတ်ဖေါ်နိုင်ပါမည်နည်း၊ အနေကသင်္ချာမျိုး ဖြစ်သည် အတိအကျ မယူရချေ။

ကြန်အင် ၅-သွယ်၊ လှမျိုးမယ်၊ ဘယ်ဝယ် ဘယ်သို့နည်း? ။ဤ၌ ကြန် ၅-ပါးဟူသည် ကောင်းခြင်းလက္ခဏာ ငါးပါးကိုပင် ဆို၏၊ ၎င်းသရုပ် (ကောင်းခြင်း ၅-ပါး ပုစ္ဆာ)မှာ ပြန်ရှုပါ။

[ကြာ]

ကြာမျိုး ၅-ပါး။ ။ထိုထိုဆေးကျမ်းနှင့် ကဗျာစာပေတို့၌ ကြာမျိုးငါးပါး ဟု ညွှန်းလျှင် ၎င်းငါးမျိုးကို ယူပါလေ၊ ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ၎င်း ၅-ပါးတို့ကား ဥပ္ပလ မျိုးတို့တည်း၊ ကြာတံဆိပ်၊ ၎င်းကား ပုဏ္ဏရိက် မျိုးတည်း၊ ကြာခေါင်းလောင်း၊ ၎င်းကား ပဒုမ္မာ မျိုးတည်း။

http://www.dhammadownload.com

ကြာသပတေးနံ ၅-လုံး။ ။ကြာသပတေးဂြိုဟ် ကြာသပတေးနေ့နှင့်ဆိုင်ရာ အက္ခရာငါးလုံး (ပ, ဖ, ဗ, ဘ, မ) တို့ဖြစ်၏။

ကြိယာ ၅-တန်။ ။မြန်မာ သဒ္ဒါဆိုင်ရာ ဥပဒေသမျိုး ငါးပါး၊ ကဗျာသာရပ္ဌာသင်္ဂဟ ကျမ်းမှ။ (၁) ကတ္တု သကမ္မ ကြိယာ-ကဲ့ဖြင့်အလိုရှိသော ကြိယာမျိုး၊ ပုံ 'ယုတ်သည့် စရိုက်၊ လူသူမိုက်ကို၊ မကြိုက်မချစ်' ဟူသော စကားရပ်၌ 'မကြိုက်မချစ်' ပုဒ်သည် ကတ္တု သကမ္မ ကြိယာမျိုးတည်း၊ (၂). ကတ္တု အကမ္မ ကြိယာ-ကမ္မကာရက မပါ၊ ကံမရှိသော ကြိယာပုဒ်မျိုး၊ ပုံ-'စန္ဒာဒေဝီ, မဟေသီလျင်၊ ငိုပြီခဏ' ဟူသော စကားရပ်၌ 'ငိုပြီ' ပုဒ်သည် ကတ္တု အကမ္မ ကြိယာပုဒ် မည်၏၊ (၃) ဘာဝ ကြိယာ-သဘောအတိုင်း ဖြစ်နေသော ကြိယာမျိုး၊ ပုံ-'မထွက်လေဖြစ်၊အပါယ် မြစ်ကွင်းမွန်းနစ်စုပ်စုပ်၊ကိုယ်လုံးမြုပ်ချိမ့်'ဟူသော စကားရပ်၌ 'မွန်း, နစ်, မြုပ်' ၎င်းပုဒ်တို့ကား ဘာဝကြိယာ ပုဒ်တို့တည်း၊ (၄) ကာရိုက် ကြိယာ-စေခိုင်းခြင်း လက္ခဏာ ပါရှိသော ကြိယာပုဒ်မျိုး၊ ပုံ- 'ဗေဒင်အမှတ်၊ ဤအတတ်လည်း၊ မပြတ်စင်းလျင်း၊ လေ့စေမင်း' ဟူသော စကားရပ်၌ 'လေ့စေ'ဟူသော ပုဒ်ကား၊ ကာရိုက် ကြိယာပုဒ်တည်း၊ (၅) ကိတ်ကြိယာ-မြှော်လင့် ကြံစည်ခြင်းကို ဖော်ပြသော ပုဒ်မျိုး၊ပုံ-'ဆိုဘွယ်တရား၊နှစ်ဖက်သား၌၊ ပိုင်းခြားစီမံ၌၊ ကပ်လေ့လာ'ဟု ဆိုသော စကားရပ်၌'ဆိုဘွယ်' ဟူသော ပုဒ်သည် ကိတ်ကြိယာမျိုးတည်း။

ကြိယာ ခြောက်ဆယ်။ ။ မြန်မာသဒ္ဒါနှင့် ကဗျာလင်္ကာ ဝေဟာရ။ ၎င်းသရုပ်အကျယ် (ကရိယာ ခြောက်ဆယ်)၌ ဆိုခဲ့ပြီ။

ကြိယာ ဝိသေသနမျိုး ၃-ပါး။ ။ ကဗျာသာရပ္ဌာ သင်္ဂဟကျမ်းမှ။

(၁) မူလ ကြိယာ ဝိသေသန- မူလသဘောအတိုင်း ကြိယာကို အထူးပြုသော ပုဒ်မျိုး၊ ပုံ-"အကြောင်းကုန်အောင်၊ ဆောင်လိုရကား၊ အင်ရှစ်ပါးဖြင့်" ဟူသော စတု ဓမ္မသာရပ္ပိုတ္ထင် စပ်ဆုံး၌ 'ကုန်အောင်'ဟူသော ပုဒ်သည် မူလကြိယာဝိသေသနဖြစ်၏။

(၂) သမ္ဗန္ဓ ကြိယာ ဝိသေသန-ဆက်စပ်သော စကားဖြင့် ကြိယာကို အထူးပြုတတ်သော ပုဒ်မျိုးဖြစ်သည်၊ ပုံ-"ပဘာဝတီ၊ နန်းသိဂ်ကို၊ ဗေဓိကုသ၊ လွန်တောင့်တလျက်၊ စိတ်ကမဆည်း၊ မချုပ်တည်းဘဲ၊

http://www.dhammadownload.com

လိုက်လည်းလိုက်သည်၊" ဟူသော ကုသပ္ပါဒ်၌ 'လိုက်လည်း'ဟူသော ပုဒ်သည် သမ္မန္ဓ ကြိယာဝိသေသနပုဒ် မည်၏။

(၃) ပုစ္ဆာ ကြိယာဝိသေသန· အမေးစကား ပါရှိသော ကြိယာဝိသေသန်မျိုး၊ ပုံ–"ဘယ်သို့ဖြစ်သည်၊ မယ့်ကြံရည်ကို၊ ဉာဏ်ခြည်မသိ၊ နေမထိအောင်"ဟု မောင်စံသူမှာတမ်းတွင် 'ဘယ်သို့' ဟူသော ပုဒ်သည် ပုစ္ဆာ ကြိယာဝိသေသနမျိုးဖြစ်၏။

မှတ်ချက်။ ။ထိုမှတပါးလည်း ထုတ်ယူတတ်လျှင် ကြိယာဝိသေသန မျိုးပေါင်း များစွာရှိသေး၏။

ကြီးကျယ်များပြား စည်ကားလှသော သာသနာ့ အစည်းအဝေးပွဲကြီး ၃-ပါး။ ။မမူပဒ ။ဥ။ဒု။၂၇၇· ၌ အကျယ်ရှုပါ။

(၁) မရ မီးအစုံ တန်ခိုးပြ၍ တိတ္ထိတို့ကို နှိမ်နင်းပွဲ။

(၂) တာဝတိံသာနတ်ပြည်မှ သက်ဿနဂိုရ်ပြည်သို့ ဆင်းတော်မူပွဲ။

(၃) ဘေးကြီး ၃-ပါး ငြိမ်းပေးရန် ဝေသာလီပြည်သို့ ကြွတော်မူ၍ ပြန်လာတော်မူသောပွဲကြီး။

ကြီးပွားတိုးတက်ကြောင်း တရား ၇-ပါး။ ။ကြီးပွား ကျော်ကြားစေလို သူတိုင်း လိုက်နာကျင့်သုံးရမည့် တရား ၇-ပါး။ သမ္မဒါဗုဒ်အဖွင့်မှ။ (၁) ဥဋ္ဌာနတော- မပျင်းမရိ လုံ့လရှိသူ၊ (၂) သတိမတော-သတိသမ္မဇဉ် ရှိသူ၊ (၃) သုစိ ကမ္မဿ-လုပ်ငန်း၌ သန့်ရှင်းသပ်ရပ် ကောင်းမွန်သူ၊ (၄)နိသမ္မ ကာရိနော-စူးစမ်းဆင်ခြင်ပြီးမှ အလုပ်လုပ်သူ၊(၅)သညတဿ-ကိုယ် နှုတ် စိတ်တို့ကို နိုင်နင်းစွာ စောင့်ထိန်းနိုင်သူ၊ (၆) ဓမ္မဇီဝိနော-တရားသော နည်းလမ်းဖြင့် အသက်မွေးသူ၊ (၇) အပ္ပမတ္တဿ- ကုသိုလ်တရား၌ မမေ့လျော့သောသူ။

ကြီးမြတ်သူမျိုး ၃-ပါး။ ။ဂင်း သရုပ် အဓိပ္ပါယ်စုံ (ထေရ်မျိုး သုံးပါး) ဟူသော စကားရပ်၌ ပြမည်။ တနည်းလည်း။ (၁) ဇာတိဝုစ္စ-မျိုးဇာတ် အားဖြင့် မြတ်သောသူ၊ (၂) ဝယဝုစ္စ-သက်ယှဉ်ကြီးရင့်သူ၊ (၃)ဂုဏဝုစ္စ-ဂုဏ်သိက္ခာကြီးသူ၊ ဂင်းတို့ကို ရှိသေအပ်၏။

ကြီးလွန်းသူကြီး ၅-ယောက်။ ။ဂင်းသရုပ် (ပုဂ္ဂိုလ်လွန်ကဲကြီး ၄-မျိုး) ၌ ရှုပါ။

http://www.dhammadownload.com

ကြေးတူရိယာ၊ မျိုး ၁၀-ဖြာ၊ သံသာ ချိုငြိမ့်ညောင်း။ ။ ၎င်းသရုပ်ကို (ကြေးသံ ၁၀-ပါး)၌ ပြအံ့။

ကြေးနီ ။ပ ၂-ပါး။ ။သဗ္ဗဓာတုက ဝိဇ္ဇာရေ ပကာသနီကျမ်းမှ။ (၁)ဗျက္ဂ ဂန္ဓ တမံ့-ကျားသား ကန့်မှ ထွက်သော ကြေးနီ၊ ညိုညိုရှိ၏၊ (၂) ပိဏ္ဍ ဇာတက တမံ့-ဥဒေါင်းမွေးမှ ထွက်သော ကြေးနီ၊ ဖန်ဖန်ရှိ၏၊ (၃) ပုဇ္ဇ နာဂ တမံ့-ကံ့ဂေါပွင့်မှ ထွက်သော ကြေးနီ၊ ရဲရဲရှိ၏၊ (၄)ကုစ္ဆက တမံ့-ဗဟန်းကြက်ချေးမှ ရသော ကြေးနီ၊ ဝါဝါရှိ၏၊ (၅) ရသ သတ္တက တမံ့-ပြဒါးစားကျေဝက်မှ ထွက်သော ကြေးနီ၊ စိမ်းစိမ်းရှိ၏၊ (၆) လောဟ ဇာတ တမံ့-ခြင်္သေ့မှ ထွက်သော ကြေးနီ၊ ဖြူနီနီ ရှိ၏၊ (၇) နာဂဇ တမံ့-သလဲမည်းကျေဝက်မှ ရသောကြေးနီ၊ မောင်းမောင်း ရှိ၏။

မှတ်ချက်။ ။ထွက်ရပ်သမားများသည် အမှတ် ၆၊ ၇၊ ကြေးနီနှစ်ပါး ကို သုံးစွဲကြရန် အထူးမှာဆိုထား၏။

ကြေးသံ ဆယ်ပါး။ ။၎င်း ကြေးတူရိယာ၏ မျိုးကွဲ အပြားတို့ကို 'မဟာ ဆုဇဝင်ကြီး'မှ ထုတ်၍ ဖြေသည်။ (၁) စည်းစုပ်၊ (၂) ခွက်ခွင်း၊ (၃) ကြေးနင်း၊ (၄) မောင်း၊ (၅) ခေါင်းလောင်း၊ (၆) ကြေးစည်၊ (၇) နမည်းစရာ၊ (၈) ဆည်းလည်း၊ (၉) ကြေးပတ်၊ (၁၀) အိုးစည်၊ (ယခု ဖါးစည် ဟူ၏။) ဤဆယ်ပါးသော ကြေးသံတို့ကို သို့မဟုတ် ကြေးတူရိယာမျိုးတို့ကို မဃဒေဝ လက်ဘသစ်၌ ဤသို့ စပ်ဆိုထား လေသည်။

အထူးသရုပ်၊ စည်းစုပ်,ခွက်ခွင်း၊ကြေးနင်း,ခေါင်းလောင်း၊မောင်းနှင့် ကြေးစည်၊ တမည်နရည်း၊ ဆည်းလည်း, ကြေးပတ်၊အိုးစည်မှက်သား၊ တီးခတ်ဆော်ညံ၊ တကျိုကျိုဖြင့်၊ ကြေးသံဆယ်ပါး၊ ကြား၍အမြဲ၊ နားမရဲတည်း။

ကြောင်ကျေဝက်မျိုး ၄-ပါး။ ။မဏိသျှတ္တရကျမ်းလာ 'ဒကြောင်' ခေါ် ပတ္တမြား ရတနာမျိုး လေးပါး။ (၁) ကြောင်ဧယော်-ကြိုးစလွယ်တင် ထင်လျက် အသားဝါဝါရှိသည်၊ (၂) ကြောင်ဝေယော်-ရွှေကြိုး ငွေကြိုး ရက်တန်းလျက် ရှိသည်၊ (၃) ကြောင်ရှိန်ပုတ်- ဝါဝါရွှေရွေ့ စိမ်းစိမ်း ညိုညိုရှိ၏၊ (၄)ကြောင်ရှိန်တူ-ကြိုးစိုက် ပိုက်ကွန်ရက် သဏ္ဌာန်ရှိ၏။

http://www.dhammadownload.com

[ကြော + င်။ ကြ + က်]

ကြောင်မျက်ရွဲမျိုး ၄-ပါး။ ။မဏိသျှတ္တရကျမ်းလာ "ကြောင်မျက်ရွဲမျိုးလေးပါး" ကို တန်ဘိုးနှင့် တကွ ခွဲခြားရှိ ကျမ်းရင်းလင်္ကာအတိုင်း ဖြေဆိုလိုက်သည်။ "ကြောင်မျက်ရွဲဟု၊ ကျော်သဲတရိုး၊ လေးပါးမျိုးတွင်၊အဘိုးထိုက်စွာ—

(၁) 'ကြောင်ဇေယျ' ကား၊ ဝါဝါအဆင်း၊ ဥနန္ဒင်းသို့၊ ထွန်းလင်းပြိုးပြက်၊ တံခွန်ထွက်၏။

(၂) ထိုထက် 'ဟော်ရပ်'၊ မျက်အမြွတ်ကား၊ လှုပတ်ရွေ့ဆင်း၊ ညီးညီးဝင်း၏၊ ထိပ်တွင်းတံခွန်ရေး၊ ထွက်လှုပ်ပြီး၏။

(၃) မည်ပေး 'ဝေါရပ်'၊ ပေါပညတ်သည်၊ မကျောက်မြွတ်ရွက်ရှ်၊ မနီလွန်းထ၊ ဖြူလှမ်းခို၊ သက်တင်လိုတွင်၊ ထိပ်ပြင်လက်လက်၊ တံခွန်ထွက်၏။

(၄) တချက် 'ဘသွာ'၊ ဝဏ္ဏာအဆင်း၊ ရွှေရည်ကျင်းသို့၊ ဝင်းဝင်းသက်တင်၊ ရေးထွက်ချင်၏။ ဤလျှင်လေးပါး၊ ကျောက်တို့မျှားကား၊ ရွှေသားကျပ်ပြင်၊ ထားလောက်တင်မူ၊ ရွှေစင်တရာ၊ ထိုက်ပေစွာသည်၊ အာကာခေါင်တည့် ခုင်းလှည့်တည်း"။

ကြောင်မျိုး ၅-ပါး။ ။ဆေးကျမ်းလာ ဝေဟာရတမျိုး၊ ထိုထို ဆေးကျမ်းတို့၌ ကြောင်မျိုး ငါးပါးဟု ညွှန်းဆိုလျှင် ၎င်း ငါးပါးကိုးသာသမားဇောဒ်ကြီးမျှား အလိုရှိကြသည်။ (၁) ကြောင်တောက်၊ (၂) ကြောင်ပန်း၊ (၃) ကြောင်ဂူဘ - (လျှာ) (၄) ကြောင်မိုးပူ၊ (၅) ကြောင်ခြစ် - (ကြောင်ပျစ်) လည်းဟူ။

ကြွက်မျိုး ၄-ပါးနှင့် ပုဂ္ဂိုလ် ၄-ခား။ ။ကြွက်လေးပါးကို ပမာထား၍ ပုဂ္ဂိုလ် လေးစားကို ပြချက်။

(၁) ဂါဓံ ခတ္တာ နော ဝသိတာ-နေစရာ တွင်းလိုဖာဂူကိုကား ကိုယ်တိုင်တူး၏၊ သို့သော် ထိုတွင်းလိုဏ်၌ မနေ၊ မတောင်ရာ၌နေ၍ ရန်သူကြောင့် သေရသော ကြွက်မျိုးကဲ့သို့ သာသနာတော်၏ အဆုံးအမပိဋကစာပေကိုကား သင်ကြား တတ်မြောက်၏၊ လိုက်နာကျင့်ကြံမှုကိုကော့ မပြု၊ မဂ်ဖိုလ် နိဗ္ဗာန်မရ၍ အဖန်ဖန် မသေနေရသူမျိုး ဟူ၏။

http://www.dhammadownload.com

(၂) ဝသိတာ. နော ဂါဓံ ခတ္တာ-တွင်းလိုဏ်ကိုကား ကိုယ်တိုင်မတူး၊ သူတပါး တူးထားပြီးသား တွင်းလိုဏ်များဥ်သာ နေ၍ အသက်ဘေးကို ကာကွယ်နေထိုင်သော ကြွက်မျိုးကဲ့သို့ဂုင်း။

(၃) ဂါဓံ ခတ္တာ စ ဝသိကာ စ - ကိုယ်တိုင် တွင်းလိုဏ်ကိုတူး၍ ကိုယ်တိုင် နေထိုင်သော ကြွက်မျိုးကဲ့သို့ဂုင်း။

(၄) နေဝ ဂါဓံ ခတ္တာ နော ဝသိတာ- ရန်သူအတွက် ကာကွယ်ရေး တွင်လည်း ကိုယ်တိုင်မတူး၊ နေလည်း မနေသော ကြွက်မျိုး ကဲ့သို့ဂုင်း ပုဂ္ဂိုလ်လေးစားကို သိရာ၏။

ကြွေ, အန်, ဖဲများ၊ လောင်းကစား၊ ဖြ-ပါး အပြစ်ရ။ ။ ဂုင်းသရုပ်ကို (ကစားသမားတို့ အပြစ် ဖြ-ပါး) ပြဿနာဥ် ရှင်းခဲ့ပြီ။

ကြိုတင်၍ မသိနိုင်သော အရာမျိုး ၅-ပါး။ ။ဝိသုဒ္ဓိမဂ်။ ဒု-အုပ်။ ၂၂၈။

ဇီဝိတံ, ဗျာဓိ, ကာလော စ၊ ဒေဟနိက္ခိပန်, ဂတိ။
ပဋ္ဌေတေ ဇီဝလောကသ္မိံ၊ အ နိမိတ္တာ နှ နာယရေ။

(၁) အသက်မည်မျှ ရှည်ရမည်ကို မသိနိုင်ခြင်း၊ (၂) မည်သည့်အနာရောဂါ ကျရောက် ဖြစ်ပေါ်လာမည်ကို (၃) သေရမည့် အချိန်ကာလကို (၄) ကိုယ်ကောင်ကြီးမြူပ်နှံ သင်္ဂြိဟ်ရမည် နေရာကို (၅) လားရမည့် ဘဝကို မသိနိုင်ခြင်း ဟူ၏။

[ကွာ]

ကွာဝေးခြင်းကြီး ၄-ပါး။ ။ဆက်စပ်လို့ မရနိုင်အောင် ကွာဝေးသော အရာကြီး ၄-ပါး ဟူ၏၊ ဂုင်းသရုပ်ကို (အနန္တ ကွာဝေးခြင်းကြီး ၄-ပါး)၌ ပြဆိုခဲ့ပြီ။

ကွေကွင်းရခြင်း ဘာဝမျိုး ၃-ပါး။ ။မဟာပဓိနိဗ္ဗာနသုတ်မှ။(၁)နာနာဘာဝ-သေကွဲ ကွဲရခြင်း၊ (၂) ဝိနာဘာဝ-ဇဒသ ဟပါး လွင့်ပါး၍ ရှင်ကွဲကွဲကွာရခြင်း၊ (၃) အညထာဘာဝ-စည်းစိမ်ချမ်းသာ ခံစံပျော်ပါးရာမှ ဆင်းရဲမွဲတေရပြန်ခြင်း၊ သမ္မာဒိဋ္ဌိအယူမှ မိစ္ဆာဒိဋ္ဌိအယူသို့ ပြောင်းသွားခြင်းမျိုး။

http://www.dhammadownload.com

[ခ]

ခက်ကြီး ၄-ပါး၊ ကျော်ရှောင်လွှား၊ မမှား ချမ်းသာရာ။ ။သုတေသီတို့ အကုက် ဥမ္မာဒန္တီပျို့မှ ၃-ပါးယူ၍ စတုတ္ထတပါးကို ကျမ်းဆရာက ဖြည့်စွက်လိုက်သည်။

(၁) စစ်ရေး မက်ရေး၊ ရန်သူသေးကြောင့်၊ အပြေးအလွှဲ၊ ဆွေမျိုးကွဲသား၊ ပြည်ထဲရေးရာ၊ ခက်သည်သာတည်း။

(၂) အစာအစား၊ ထွားထွားမြည့်ကြေ၊ ရှားပါးလေ၍၊ သေကျေပျောက်စဲ၊ ငတ်မွတ်ကဲလျင်၊ ပြည်ထဲရေးထက်၊ ဝမ်းရေး ခက်၏။

(၃) ထို့ထက်မှာမူ၊ ချစ်ခင်သူနှင့်၊ အတူတကွ၊ မပေါင်းရဘဲ၊ လွှမ်းတပူဆွေး၊ သူနှင့်ဝေးသော်၊ ပြည်ထဲရေးနှင့်၊ ဝမ်းရေးတို့ထက်၊ လွှမ်းရေး ခက်၏။

(၄) အထက်ဖေါ်ပြ၊ ခက်သုံးဝထက်၊ ခက်လှတပါး၊ ထိုအစားကား၊ မပါး ထူ ထုံ၊ အလွန်နုံအာ၊ ပမာဏကို၊ ဘာမျှမသိ၊ ထိုသူထည့်၍၊ မရှိ တာထက်၊ မသိခက်သည်၊ ခက်ဘိ တရား၊ မျိုးလေးပါးတည်း။

ခက်မ ၅-ဖြာ၊ ကိုယ်ခန္ဓာ၊ ကျမ်းလာ ခွဲခြားသိ။ ။လူသတ္တဝါ ပဋိသန္ဓေနေရာဝယ်၊ ပဌမ ကလလရေကြည်၊ ဒုတိယ အမြှုပ်၊ တတိယ သားတစ်ကလေး၊ စတုတ္ထ အသားစိုင်ကြီး၊ ငုံးအသားစိုင်ကြီးမှ တဆင့်၊ "ဦးခေါင်း့ လက်နှစ်ဖက်, ခြေနှစ်ဖက်" ပေါင်း ၅-ပါး ဖြစ်ပေါ်လာသည်ကို ခက်မငါးဖြာ ခေါ်သည်။

ခင်ပွန်းကောင်း အင်္ဂါ ၇-ပါ။ ။သတ္တဂုံတ္တရ ။ပါ။ ၄၂၁-၄၂၂ ။ဌ။ ၁၆၂-၌ အကျယ်ရှု။ မိတ်ဆွေကောင်းတို့၌ ရှိထားရမည့် ကိုယ်ကျင့်တရား ၇-ပါး။ (၁) ဒုဒ္ဒဘံ ဒဒါတိ-ပေးနိုင်ခက်သော ဝတ္ထုပစ္စည်းကို ပေး၏၊ (၂) ဒုက္ကရံ ကရောတိ - ပြုနိုင်ခက်သော ဝတ္တရားကို ပြု၏၊ (၃) ဒုက္ခမံ ခမတိ-အလွန်အမင်း သည်းခံ၏၊ (၄) ဂုယှမဿ ပရိဂုယ္ဟတိ-လျှို့ဝှက်ထိုက်သော အမှုကို မပေါ်အောင် လျှို့ဝှက်ထားတတ်၏၊ (၅) ဂုယှမဿ အာဝိကရောတိ-လျှို့ဝှက်အပ်သော အမှုကို သူ့အား လျှို့ဝှက်ရန် ပြောကြားပေး၏၊ (၆) အာပဒါသု န ဇီဇဟတိ- ဘေးရန်ကြုံသော အခါတို့၌

http://www.dhammadownload.com

မစ္စန် မပစ်ထားခဲ့၊ (၇) ဓန ခိဏေန နာတိ မညတိ- ပစ္စည်းမဲ့တော ဆင်းရဲ နေသော်လည်း မထိမဲ့မြင် မပြု။

ခင်ပွန်းကြီး ၁၀-ပါး။ ။တေမိယဇာတက။ပါ။ဒု။၁၅၀။ကျေးဇူးမမေ့အပ် မပြစ်မှားအပ်သော မိတ်ဆွေကောင်းကြီး ဆယ်ယောက်။ (၁)ဗုဒ္ဓ-သမ္မည် မြတ်စွာဘုရားသခင်၊ (၂) ပစ္စေကဗုဒ္ဓ- ဘုရားငယ်ငေါ, ပစ္စေကဗုဒ္ဓ၊ (၃) အရဟန္တ-အာသဝေါ ကုန်ပြီးသော ရဟန္တာ၊ (၄) အဂ္ဂသာဝက-မြတ်စွာဘုရား၏ လက္ခဏာရုံ,လက်ဝဲရုံခေါ် သာဝကများ၊ (၅) မာတာ-မေ့းသမိခင်၊ (၆) ပိတာ-မွေးသဘခင်၊ (၇) ဝုဒ္ဓါပစာယန- အသက်, သိက္ခာ, ဂုဏ်ဝါ, သီလ, အာစာရ,အမျိုး စသည်တို့၌ မိမိထက်ကြီးမြတ်၍ ရှိသေအပ်သူများ၊ (၈) အာစရိယ-သွန်သင်ဆုံးမ ပညာသင်ပေးတတ် သော ဆရာမြတ်၊ (၉) ဟိတ ကရ-ထမင်း,အဖျော်,အိပ်ရာ,နေရာ,အဝတ် ပုဆိုးစသော အာမိသနှင့် တကွ တစုံတခု ကျေးဇူးရှိဘူးသူ မှန်သမျှ၊ (၁၀) ဓမ္မကထိက-ကောင်းကျိုး ရရေးအတွက် တရားဟောပေးသူ တရား ဟောဆရာ။

ဧဏကြီး ၉-ပါး။ ။အဋ္ဌကထာခေါ် သာသနာတော်နှင့် မလျော်သောဋ္ဌာန (ရပ်ပြစ် ဂ-ပါးနှင့် ဗုဒ္ဓပွါဒ နဝမက္ခဏာကို ပေါင်းသော်) ဧဏကြီး ကိုးပါးဖြစ်၏။

ဧဏငယ် ၃-ချက်။ ။အဘိဓမ္မာ ဝေါဟာရဖြစ်သည်။ (၁) ဥပါဒ်- ဂုဏ် နာမ် တို့၏ ဖြစ်ဆဲခဏ၊ (၂) ဋ္ဌိ-ရုပ်, နာမ် တို့၏ တည်ဆဲခဏ၊ (၃) ဘင်-ရုပ်,နာမ် တို့၏ ချုပ်ဆဲခဏ။

ခန္ဓိအကျိုး ၅-ပါး။ ။ဂင်းသရုပ်အဂိပ္ပါယ် (သည်းခံခြင်း အကျိုး ၅-ပါး) မှာ ကြည့်လေ။

ခန္တီတရား ၂-ပါး။ ။ကောင်းမှု လုပ်ငန်းတရား အတွက် သည်းခံခြင်းမျိုး ၂-ပါး။ (၁) အဓိဝါသန ခန္တီ- မျက်မ်း, ပူ, ဆာ, မွတ် စသည်မျိုးနှင့် အမျက်ဒေါသ စသည်တို့ကိုပါ သည်းခံ ဖောင့်အည်းမှုပျိုး၊ (၂) အနု လောမ ခန္တီ-ဥဖယပ္ပယ ဉာဏ်မှစ၍ အနုလောမဉာဏ် အထိကို ခေါ်သည်. "အနု လောမ ခန္တီကိ နပ ဝိပဿနာ ဉာဏာနိ"။

http://www.dhammadownload.com

ခန္ဓီ ပါရမီတရားမျိုး ၃-ပါး။ ။လူ, နတ်, နိဗ္ဗာန်ကို ရည်မှန်း၍ ကြမ်းတန်းပြစ်မှားမှု ဒေါသတို့မှ သည်းခံခြင်းတရား ၃-ပါး။ (၁) ခန္ဓီ ပါရမီ-ရွှေ,ငွေ, ဥစ္စာစသည့် အပဖြစ်သော ဝတ္ထုပစ္စည်းကိုးမျိုးမတွက် သည်းခံခြင်းမျိုး၊ (၂) ခန္ဓီ ဥပ ပါရမီ- ခြေ,လက်, မျက်စ စသော ကိုယ်တုင်း ဝတ္ထုတို့အတွက် သည်းခံခြင်း၊ (၃) ခန္ဓီ ပရမတ္ထ ပါရမီ-မိမိအသက်ကို သတ်ဖြတ်ဖျက်ဆီးရာ၌ သည်းခံခြင်းမျိုး။

ခန္ဓာ ၃-ပါး၊ မြတ်တရား၊ ဆောင်ထား ကိုယ်၌သာ။ ။သုတ်သီလကွန် သုဘသုတ်၌ ဟောတော်မူသည်။ (၁) သီလက္ခန္ဓာ- သီလ စောင့်စည်းမှု တရားစု၊ (၂) သမာဓိက္ခန္ဓာ- တည်ကြည်မှု စျာန်, သမာဓိ တရားစု၊ (၃) ပညာက္ခန္ဓာ- ဝိပဿနာဉာဏ် ပညာ တရားစု။

ခန္ဓာ ၅-ခု၊ ဆင်းရဲစု၊ ကြည့်ရှု ဖျက်ဆီးရာ။ ။ ခန္ဓဝဂ္ဂသံသုတ် ။ပါ။၁။ ၎င်း။၌။ ၂၂၉-၌ အကျယ်ရှု။ ရုပ်, နာမ် တရားတို့၏ စုပေါင်းအမည် ဝါးပါး၊ လက္ခဏာရေး ၃-ပါးဖြင့် ဆင်ခြင်ဖျက်ဆီးရာ၏။ (၁) ရူပက္ခန္ဓာ-ရုပ် ၂၈-ပါးကို ခေါ်သည်၊ 'ရုပ်ခန္ဓာ' (၂) ဝေဒနာက္ခန္ဓာ- ဝေဒနာစေတသိက်ကို ခေါ်သည်၊'နာမ်ခန္ဓာ'(၃) သညာက္ခန္ဓာ-သညာစေတသိက်ကို ခေါ်သည်၊ 'နာမ်ခန္ဓာ' (၄) သင်္ခါရက္ခန္ဓာ- ဝေဒနာ, သညာမှ တပါးသော စေတသိက်ငါးဆယ်ကို ခေါ်သည်၊ 'နာမ်ခန္ဓာ' (၅) ဝိညာဏက္ခန္ဓာ- စိတ်တရားစု ဟူသမျှကို ခေါ်သည်၊ 'နာမ်ခန္ဓာ'။

ခမည်းတော်သတ်၊ မင်း ၅-ရပ်၊ အပြတ် လူထုရှင်း။ ။(၁) ဆရာအပေါင်း များသော အဇာတသတ်မင်း၊ **ခမည်းတော်** ဗိမ္ဗိသာရမင်းကို သတ် နှန်းတက်၊ (၂)ဥဒယဘဒ္ဒမင်း၊ ဖခင်အဇာတသတ်မင်းကို သတ် နှန်း၀က်၊ (၃) အနုရုဒ္ဓါမင်းသား၊ ဖခင် ဥဒယဘဒ္ဒမင်းကို သတ် နှန်းတက်၊ (၄) မုဏ္ဍမင်းသား၊ ဖခင် အနုရုဒ္ဓါမင်းကို သတ် နှန်းတက်၊(၅)နာဂဒါသ မင်းသား၊ ဖခင် မုဏ္ဍမင်းကို သတ်၍ နှန်းတက်သော အခါ ပြည်သူ လူထုက အဖသတ် မင်း ၅-ဆက်ကို အပြတ်ရှင်းကာ မင်းအသစ် ရွေးကောက်၍ နန်းမြောက်ကြသည်။

ခရီးခက်ကြီးမျိုး ၈-ပါး။ ။၎င်း၏ သရုပ်အဓိပ္ပါယ်ကို (ကန္တာရမျိုး ၈-ပါး)၌ ပြဆိုခဲ့ပြီ။

http://www.dhammadownload.com

ခရီးရှည် ဇေသစာရီ သွားရခြင်း၏ အကျိုး ၅-ပါး။ ။ပဥ္စင်္ဂုတ္တရ ။ပါ။ ၂၂၄။ဌ။ဂဃ-၌ အကျယ်ရှုပါ။ (၁) အသစ်အသစ် တရားစကားကို ကြားနာရခြင်း၊ (၂) ကြားပြီးသား တရားစကားကို ထပ်မံကြားနာရ၍ သံသယကင်းခြင်း၊ (၃) ပရိသတ်ထဲ၌ ရဲဝံ့စွာ ပြောဟောနိုင်ခြင်း၊ (၄) အနာရောဂါကင်းခြင်း၊ (၅) မိတ်ဆွေဒကာပေါများခြင်း။

ခါးကြိုးတန်ဆာ၊ မျိုး ၅-ဖြာ၊ **မိန်းမှာ** ရာဇဝင်။ ။ခါး၌ လှပစေရန် တန်ဆာဆင်သော ရွှေ, ငွေ, ပုလဲ စသော ရတနာကြိုးများ။ (၁) ကဝဠီ-ကြိုးတသွယ်ရှိသော ခါးကြိုး၊ (၂) သတ္တတီ-ခုနစ်သွယ်ရှိသော ခါးကြိုး၊ (၃) မေခလာ-ရှစ်သွယ်ရှိသော ခါးကြိုး၊ (၄) ရသနာ-ဆယ့်ခြောက်သွယ်ရှိသော ခါးကြိုး၊ (၅) ကလာပ-နှစ်ဆယ့် ငါးသွယ်ရှိသော ခါးကြိုး။

ခုံရုံးမျိုး ၂-ပါး။ ။တိုင်းပြည်ခရိုင် နိုင်ငံအရပ်ရပ်ရှိ ရုံးတော်တို့၌ မပြတ်မစဲ ခက်ခဲသောတရားများကို ဆုံးဖြတ်ပေးရသော ခုံရုံးမျိုး ၂-ပါး။ (၁) သမ္မတခုံ-ခုံတော် မောင်ကျဖမ်းတို့ကဲ့သို့ တဦးတယောက်တည်းသောသူကို အမျာ်းကဝိုင်း၍ သမုတိပေးကာ ခုံသူကြီးအဆု တင်မြှောက်လျက် အဆုံးအဖြတ်ကို ခံယူသော သမ္မတခုံရုံး၊ (၂) ညီခုံ-ဖြတ်ထုံးပေးခက်၍ နက်နဲသော တရားမျိုးကို အများခုံလူကြီးတို့ စုရုံးကာ ထင်မြင်ယူဆချက် အမျိုးမျိုးပေး၍ ဝေဘန်ဆုံးဖြတ်ရသော ညီခုံရုံး။

ခုနစ်ပြည်ထောင်မင်း ၇-ပါး။ ။သုတ်မဟာဝါ ပရိန်ဗ္ဗာန်သုတ် ဓာတ်တော် ဝေခက်း၌ ထင်ရှားသော သာသနာပြုမင်းများ။ (၁) ရာဇဂြိုဟ်ပြည် အဇာတသတ်မင်း၊ (၂) လိစ္ဆဝီမင်း-လိစ္ဆဝီပြည်၊ (၃) မလ္လာမင်း-မလ္လာပြည်၊ (၄) ကပိလဝတ်မင်း-ကပိလဝတ်ပြည်၊ (၅) အလ္လကပ္ပမင်း-အလ္လကပ္ပပြည်၊ (၆) ကောလိယမင်း-ကောလိယပြည်၊ (၇) ပါဝါမင်း-ပါဝါပြည်။

ခိုးခြင်း အင်္ဂါ ၅-ပါး။ ။ ၎င်း၏ သရုပ်အဓိပ္ပါယ်ကို (အဒိန္နာဒါန် အင်္ဂါ-၅-ပါး)၌ ပြဆိုခဲ့ပြီ။

ခိုးခြင်း ၂၅-ပါး။ ။ပါထိကဏ် ပါဠိတော်- ၆၅ ။ဌ။ ပ-အုပ်။ ၂၆၃-၃၃၀-၃၃၁-၃၃၂-တို့၌ အကျယ်ရှု။ **ရဟန်းတော်များအတွက် ပါထိကဥပဒေပုဒ်မ** ၂၊ **အဒိန္နာဒါန် သိက္ခာပုဒ်၏ အဆောစိတ်** ရှင်းလင်းချက် ၂၅-ပါး။

http://www.dhammadownload.com

(၁) နာနာဘာဏ္ဍ ပဋ္ဌကခေါ် ပိုင်ရှင်မပေးသော သက်ရှိ သက်မဲ့ ပစ္စည်း ဘဏ္ဍာ အမျိုးမျိုးတို့ကို အောက်ပါနည်း ငါးပါးဖြင့် ခိုးယူခြင်း မျိုး။ (က) အာဒိနယ-ကျောင်း, အိမ်, မြေ, ခြံ စသည်တို့ကို လိမ်ညာ သော နည်းဖြင့် တရားဆင်ကာ စွဲဆို ခိုးယူခြင်းမျိုး၊ ပိုင်ရှင်က စိတ်လျော့ ဝန်ချလိုက်လျှင် ပါရာဇိက၊ (ခ) ဟရဏ-သည်ပိုး ထမ်းဆောင်လာသော သူ့ပစ္စည်းကို ကိုယ့်ဥစ္စာ ဖြစ်အောင် ပြောဆို စွပ်စွဲ၍ ထမ်းဆောင်လာသောသူ၏ ကိုယ်ပေါ်မှ ချစေလျက် ခိုးယူခြင်းမျိုး၊ သူ့ကိုယ်ပေါ်မှ ချလိုက်သည်နှင့် ပါရာဇိက၊ (ဂ) အဝ ဟရဏ-သူတပါး ခေတ္တအပ်နှံထားသော သူပိုင်ဥစ္စာ ဘဏ္ဍာကို မအပ်ပါဟူ၍ငင်း၊ ငါ့ဥစ္စာဖြစ်သည် ငါ့ဟာ ပြန်မပေးနိုင်တော့ဘူး ဟု ငင်း၊ လိမ်ညာပြောဆိုလျက် ခိုးယူခြင်းမျိုး၊ ပိုင်ရှင် စိတ်လျော့ ဝန်ချသည်နှင့် ပါရာဇိက၊ (ဃ) ဣရိယာပထ ဝိကောပန-ထမ်းပိုး ရွက်ဆောင်လာသော သူဟပါး ဥစ္စာကို ထမ်းဆောင်လာသူနှင့် တကွ ထမ်းလာသည့်ဥစ္စာကိုပါ ခိုးယူအံ့သော အကြံဖြင့် ပစ္စည်း ရော လူပါ ခိုးယူခြင်းမျိုး၊ ပိုင်ရှင် စိတ်လျော့ပြီး ဒုတိယခြေလှမ်း ကြွသည်နှင့် ပါရာဇိက၊ (င) ဌာနာစဝန - သူချထားသော ပစ္စည်း ဥစ္စာကို ခိုးယူလိုစိတ်ဖြင့် မူလနေရာမှ ရွှေ့အောင် ကြွအောင် လုပ်ခြင်းမျိုး၊ ရွှေ့သည် ကြွသည်နှင့် ပါရာဇိက ကျတော့၏၊ နာနာဘဏ္ဍ ပဋ္ဌကပြီး၏။

(၂) ကောဘဏ္ဍ ပဋ္ဌက-ဤ၌ သက်ရှိ သဝိညာဏက ဖြစ်သော ဘဏ္ဍာကို သာ ယူရသည်၊ ခိုးယူခြင်း နည်းငါးပါးမှာ နာနာဘဏ္ဍ ပဋ္ဌက အတိုင်း အာဒိနယ, ဟရဏ, အဝဟရဏ, ဣရိယာပထ ဝိကောပန, ဌာနာစဝန နည်းတို့နှင့် အတူတူပင် မှတ်လေ၊ ကောဘဏ္ဍ ပဋ္ဌက ပြီး၏။

(၃) သာဟတ္ထိက ပဋ္ဌက-ဤ၌ သက်မဲ့ ဖြစ်သော အဝိညာဏက ပစ္စည်းကို ပိုင်ရှင်မပေးဘဲ အောက်ပါ ငါးနည်းဖြင့် ခိုးယူခြင်းမျိုး။ (က) သာဟတ္ထိက-မိမိကိုယ်တိုင် ကိုယ်ထိ လက်ရောက် ခိုးယူခြင်းမျိုး၊ (ခ) အာဏတ္တိက - ဤသူ၏ ဘဏ္ဍာကို သွားခိုးခဲ့ဟု စေခိုင်း ခြင်းမျိုး၊ (ဂ) နိဿဂ္ဂိယ - ကင်းခွန် အကောက်တော် စသည် မပေးရအောင် ဤဖက် နယ်ခြားမှ ထိုဖက်နယ်မြေသို့ ကျအောင်

http://www.dhammadownload.com

ပစ္စည်းဥစ္စာကို ပစ်သွင်း၍ သို့မဟုတ် တနည်းနည်းဖြင့် ကြံသ၍ ခိုးယူသွားခြင်းမျိုး၊ (ဃ) အတ္ထ သာဓက ထိုသူ၏ ဘဏ္ဍာကို အခွင့်သာတဲ့အခါ စွမ်းနိုင်တဲ့အခါကို စောင့်ပြီး ခိုးယူလိုက်ရမည်ဟု စေခိုင်းထားလျက် ခိုးယူစေခြင်းမျိုး၊ (င) ရုရ နိကွေပ-တရား၌ ယူခြင်း လိမ်ညာလှည့်ဖြတ်၍ ယူခြင်း၌ ဥစ္စာပိုင်ရှင်က ငါ့ဝတ္ထု ရှိုးပါပြီ၊ ငါ့ဥစ္စာတော့ မရတော့ပါဘူးဟု ဝန်ခံလိုက်ခြင်းမျိုး၊ သာဟတ္ထိက ပဉ္စက ပြီး၏။

(၄) ပုဗ္ဗ ပယောဂ ပဉ္စက-အရှင်မပေးသော ပစ္စည်းဘဏ္ဍာကို အောက်ပါ နည်းငါးမျိုးဖြင့် ခိုးယူခြင်း။ (က) ပုဗ္ဗ ပယောဂ-ရှင်းခိုးနည်းကား အာဏတ္တိကနှင့် သဘောတူဖြစ်၏၊ (ခ) သဟ ပယောဂ-လယ်မြေ ခြံမြေစသည်တို့ကို နယ်ခြား မှတ်တိုင် ငုတ်စသည်ကို နုတ်၍ ရွှေ့ပြောင်းစိုက်နှက် ခိုးယူခြင်း၊ (ဂ) သံဝိဓာ ဝဟာရ-အချင်းချင်း စုပေါင်းတိုင်ပင်၍ ခိုးယူခြင်းမျိုး၊ တိုင်ပင်စဉ်က သဘောတူ ပါဝင် သည် ခိုးရာ၌ ပါပါ, မပါပါ, ပါရာဇိက၊ (ဃ) သကေတ ကမ္မ-အချိန် ကာလ နာရီအပိုင်းအခြား မှတ်သားချိန်းချက်လျက် ဤမည်သော ဘဏ္ဍာကို ခိုးယူတော့ဟု ခိုးခိုင်းခြင်းမျိုး၊ သူပေးသောအချိန်နှင့် ပစ္စည်းအတိုင်း အတိအကျခိုးယူသော် ပါရာဇိက၊ (င) နိမိတ္တကမ္မ-မျက်စိမှိတ်ခြင်း၊ လက်မြှောက်ခြင်း စသော အမှတ်နိမိတ် သည်ာ တခုခုထား၍ ခိုးခိုင်းခြင်းမျိုး၊ နိမိတ်ပြုလိုက်သည်နှင့် တပြိုင်နက် ခိုးငြားအံ့ နိမိတ်ပြသူ ပါရာဇိက၊ ပုဗ္ဗပယောဂ ပဉ္စက ပြီး၏။

(၅) ထေယျာ ဝဟာရ ပဉ္စက- ပိုင်ရှင်မပေးသော ပစ္စည်းဘဏ္ဍာကို အောက်ပါ နည်းငါးမျိုးဖြင့် ခိုးယူခြင်းမျိုး။ (က) ထေယျာ ဝဟာရ-နံရံစသည် ဖောက်ထွင်း ဖွင့်ဖြဲ၍ ခိုးခြင်း၊ တောင်း, တင်း, ချိန်, အလေး စသည်တို့ကို စဉ်းလဲကောက်ကျစ်၍ ခိုးယူခြင်းမျိုး၊ (ခ) ပသယှာဝဟာရ- နိုင်ထက်စီးနင်းပြု၍ ယူခြင်း၊ ထားပြ တိုက် ယူခြင်း၊ ပုန်ကန် ထကြွ၍ ယူခြင်း၊ မင်းစိုးရာဇာတို့သည် ရသင့် သော အခွင့်ထက် အာဏာပြု၍ ပိုမိုကောက်ခံခြင်းမျိုး၊ (ဂ) ပရိ ကပ္ပါ ဝဟာရ-ဤ၌ ၁- ဘဏ္ဍာပရိကပ္ပ ခေါ် အထည်အလိပ်ကိုသာ ယူအံ့ဟု ကြံစည်လျက် အခန်းတွင်းသို့ ဝင်သွားပြီး မှောင်ထဲ၌

http://www.dhammadownload.com

အဃုပ်ကြိုးကိုထမ်းယူလာလျက် ကြည့်သောအခါ အထည်မဟုတ်ဘဲ ချည်ခင်တွေ ဖြစ်နေအံ့ ပါရာဇိကမကျ၊ အထည်အလိပ် ဖြစ်နေက ပါရာဇိကကျ၏။ ၂- သြကာသ ပရိကပ္ပခေါ် အရပ်ဖြင့် ပိုင်းခြားကြံစည်၍ ခိုးခြင်းကား ဤခြံဝင်း အတွင်း၌ ငါ့ကို တွေ့မြင်ပါမူ ဤပစ္စည်းဥစ္စာကို ဤခြံဝင်း အတွင်း၌ လှည့်လည်ရင်း ကြည့်ရှုရန် ကိုင်လာသယောင် ဆောင်၍ ပြန်ပေးလိုက်အံ့၊ အကယ်၍ တစုံတယောက်နှင့်မှ မတွေ့ရပါမူ ခိုးယူသွားအံ့ဟူသော အကြံဖြင့် ခိုးယူခြင်းမျိုး၊ အပိုင်းအခြား လွန်သည်နှင့် ပါရာဇိက၊ (ဃ) ပဋိဗန္ဓနာ ငဟာရ- ပန်းခြံ, ရေချိုးဆိပ် စသည်တို့၌ သူတပါး ချုတ်ချထားသော ဘဏ္ဍာကို ခိုးလိုစိတ်ဖြင့် နောက်မှ ယူအံ့ဟုကြံလျက် ငမြှုန့် မြက်မှိုက် စသည်တို့ဖြင့် ဖုံးအုပ်ထားပြီး ခိုးယူခြင်းမျိုး၊ (င) ကုသာ ဝဟာရ-မလိပ် စာရေးတံ စသည်တို့ကို မိမိသို့ အကောင်းရရန် ကြံစည်လျက် တစုံတခုသော နည်းပရိယာယ်ဖြင့် ခိုးယူခြင်းမျိုး၊ ထေယျာ ဝဟာရ ပဉ္စက ပြီး၏။

ခိုးခြင်း ပယောဂမျိုး ၆-ပါး။ ။(၁) သ ဟတ္ထိက- ကိုယ်တိုင် ခိုးခြင်း၊ (၂) အာဏတ္တိက-စေခိုင်း၍ ခိုးခြင်း၊ (၃) နိသဂ္ဂိက-နေရာရွှေ့ပြောင်း, ပစ်လွှင့် ခိုးခြင်း၊ (၄) ထာဝရ- တင်း, ဖောင်း လိမ်, ချိန်လိမ် စသည် ပြု၍ ခိုးခြင်း၊ (၅) ဝိဇ္ဇာမယ-အမှေ့ အဟန့် စသော အတတ်ပညာဖြင့် ခိုးခြင်း၊ (၆) ဣဒ္ဓိမယ-တန်ခိုးဖြင့် ခိုးခြင်း။

ခိုးသား ဝေးပြကြီးတို့ လိုက်နာ စောင့်ထိန်းသည့် အင်္ဂါ ဂ-ပါး။ ။ဤင်း သရုပ်တို့ကို (သူခိုး ဝေးပြကြီးတို့ လိုက်နာ စောင့်ထိန်းသည့် အင်္ဂါ ဂ-ပါး)၌ ကြည့်ပါ။

ခိုးသား ဝေးပြတို့ မှီခိုအားထားရာမျိုး ၅-ပါး။ ။ဤင်း၏ သရုပ်တို့ကို (သူခိုး ဝေးပြ သူပုန်တို့ မှီခိုအားထားရာကြီး ၅-ပါး)၌ ကြည့်ပါ။

ခိုက်ရန်ဖြစ်ကြောင်း တရား ၉-ပါး၊ တနည်း ၁၀-ပါး။ ။ဤင်း၏ သရုပ်ကို (ရန်ညိုးမှုံကြောင်း တရား ၁၀-ပါး)ဟူသော စကားရပ်၌ ကြည့်ပါ။

ဧဒဏ် ခု-ပါး။ ။ဥပရိပဏ္ဏာသ ။ပါ။ ၁၁၀။ ဌ။ ၇၉။ ပါရာဇိကဏ်။ဌ။ ၁၂၉။ အင်္ဂုတ္တရ။ဌ။ပ- အုပ်။ ၃၅၈။ သမ္မောဟ ဝိနောဒနီ။ ၄၁၁- တို့၌

http://www.dhammadownload.com

ရှုပါ။ ဗုဒ္ဓဘုရားသခင်နှင့် ၿပိဿော နယ်ပယ် သုံးပါးကို ဆိုသည်။ (၁) ဇာတိခေတ်-ပဋိသန္ဓေ နေသောအခါ တုန်လှုပ်သည့် စကြဝဠာ တသောင်းတိုက် အတွင်းကို ခေါ်သည်၊ (၂) အာဏာခေတ်-ဓမ္မစက် အာဏာတော် ပြန့်နှံ့ရာ စကြဝဠာ ကုဋေတသိန်းအတွင်းကို ခေါ်သည်၊ (၃) ဝိသယခေတ်-သမ္မညုတ ဉာဏ်တော်မြတ်၏ ကျက်စားရာ မရေမတွက် နိုင်သော စကြဝဠာတို့ကို ခေါ်သည်။

ခေါင်းလောင်းကြီး ၁၀-လုံး။ ။ကမ္ဘာကျော် ခေါင်းလောင်းကြီးများဟု (ပီးရာ့စ် - စွယ်စုံကျမ်း၊ ရုပ်စုံသစ် - စွယ်စုံကျမ်း၊ မြန်မာ့ - စွယ်စုံကျမ်း၊ ဝှစ်တကာအယ်လ်မင်နစ်) စသည့် ကမ္ဘာ့စာပေဝင် ထင်ရှားသော ကျမ်းစာအုပ်ကြီးများမှ ထုတ်နုတ်ဖေါ်ပြသည်။

၁။ ဇာကိုလိုကောလ်- ခေါ် ခေါင်းလောင်းကြီး၊ ဆိုဗီယက်သမ္မတ နိုင်ငံ၌ ၁၇၃၃-ခုနှစ်၌ သွန်းလောင်းသည်၊ အလေးချိန် တန် (၂၀၀)မျှ ပမာဏ ရှိ၍ ပိဿာချိန် (၁၂၈၀၀၀)မျှ ရှိလေသည်၊ အမြင့် (၁၉)ပေ၊ ၃-လက်မ၊ ထိပ်ဝ(၂၂)ပေ၊ ဒု ၂-ပေရှိသည်ဟူ၏၊ ၎င်းကို ခေါင်းလောင်း ဘုရင်ကြီးဟုလည်း ခေါ်ဆိုကြကုန်သည်။

၂။ ဆိုဗီယက် သမ္မတနိုင်ငံ၊ လီနင်ဂရက်မြို့အနီး ကရာ့စနိုဗာဒါရက်စ် မြို့၌ရှိသော ခေါင်းလောင်းကြီး၊ အလေးချိန် တန် (၁၇၁) ရှိသည်၊ ပိဿာချိန် အားဖြင့် (၁၀၉၄၄၀)ရှိ၏။

၃။ ဆိုဗီယက် သမ္မတနိုင်ငံ မော်စကိုမြို့၌ပင်ရှိသော ခေါင်းလောင်း ကြီး၊ အလေးချိန် ဟန် (၁၁၀) ရှိသည်၊ ပိဿာချိန် (၇၀၄၀၀)ရှိသည်။

၄။ မင်းကွန်း ခေါင်းလောင်းကြီး၊ မြန်မာနိုင်ငံ မြန်မာသက္ကရာဇ် (၁၁၇၀)ခုနှစ်၊ ဘိုးတော်ဘုရားလက်ထက် သွန်းလောင်းသည်၊ အလေး ချိန် (၈၇) တန် ပိဿာချိန် (၅၅၆၀၁)ဟု ခန့်မှန်းကြသည်၊ အမြင့်ပေ (၂၀) ၃-လက်မ၊ အဝန်း (၁၆)ပေ၊ ၉-လက်မ၊ ဒု ၆-လက်မမှ ၁၂-လက်မ အထိ ရှိသည်၊ သို့လော် မြန်မာတို့၏ နှုတ်ဖျားဌ "မမင်းဖြူမှန်မှန်ပြော" ဟု (၅၅၅၅၅) ပိဿာချိန်အားဖြင့် ငါးသိန်း,ငါးသောင်း,ငါးထောင်, ငါးရာ,ငါးဆယ်,ငါး ပိဿာမျှ ပမာဏပြုကြကုန်၏။

http://www.dhammadownload.com

၅။ ဂရိတ်ဘဲလ် ခေါ် ခေါင်းလောင်းကြီး၊ တရုပ်ပြည်သူ့ သမ္မတ နိုင်ငံ ပိုကင်းမြို့၌ ရှိသည်၊ အလေးချိန် (၅၃) တန် ဖြစ်၍ ပိဿာချိန် (၃၃၉၂၀)မျှ ရှိလေသည်။

၆။ အမေရိကန် နိုင်ငံ ကွိုင်းနန်မြို့၌ သွန်းလောင်း၍ နယူးဆောက်မြို့ မြစ်ဆိပ်ကမ်း ဘုရားရှိခိုးကျောင်း၌ ထားရှိသော ခေါင်းလောင်းကြီး (၂၅) တန်ရှိ၍ ပိဿာချိန် (၁၆၀၀၀) ရှိလျက် အမေရိကန်နိုင်ငံ၌ အကြီးဆုံး ခေါင်းလောင်းဖြစ်သည် ဟူ၏။

၇။ အင်ပါရာ ခေါင်းလောင်းကြီး၊ ပြည်သူ့သမ္မတ ဂျာမနီနိုင်ငံ ကိုလုံးမြို့၌ ရှိသည်၊ အလေးချိန် (၂၄)တန်၊ ပိဿာချိန် (၁၅၃၆၀)ရှိသည်၊ ထိုခေါင်းလောင်းကြီ ၏ သမိုင်းဆက်ကား ၁၈၇၀-၇၁-ခုနှစ် စစ်ပွဲ၌ ပြင်သစ်တို့ထံမှ ယူဆောင်လာသည့် အမြောက်ကြီး (၂၂)လက်မှ သတ္ထု များကို ကျိုး၍ ခေါင်းလောင်းသွန်းလုပ်ရာ အလေးချိန် (၂၇)တန်ရှိသော အင်ပါရာခေါင်းလောင်းကြီးအမည်တွင်ခဲ့ဘူးသည်၊ထိုနောက် ဂျာမနီတွင် ခဲယမ်း မီးကျောက်များလုပ်ရန် သတ္တုများလိုနေပြန်၍ ထိုခေါင်းလောင်း ကြီးကို ၁၉၁၇-ခုနှစ်၌ ကျိုလိုက်ရပြီး ၁၉၂၃-ခုနှစ်၌ ၎သစ်တဖန် ပြန်လည် သွန်းလုပ်ကြပြန်ရာ (၂၄)တန်သာ ရှိတော့သည် ဟူ၏။

၈။ တရုပ် ပြည်သူ့ သမ္မတနိုင်ငံ နံကင်းမြို့တော်၌ ရှိသော ခေါင်းလောင်းကြီး၊ အလေးချိန် (၂၂)တန်ရှိ၍ ပိဿာချိန် (၁၄၀၈၀) ရှိလေသည်။

၉။ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ စိန်ပေါလ်ဘုရားရှိခိုးကျောင်း၌ ထားရှိ သော ခေါင်းလောင်းကြီး၊ အလေးချိန် (၁၇) တန်မျှ ပမာဏရှိ၍ ပိဿာချိန် (၁၀၈၈၀)မျှ ရှိလေသည်။

၁၀။ အင်္ဂလန်နိုင်ငံ ဝက်စ်မင်နစ်စတာမြို့ ပါလီမန်လွှတ်တော် (ဘစ်ဘင်)နာရီစင်ကြီး၌ ထားရှိသော ခေါင်းလောင်းကြီး၊ အလေးချိန် (၁၃)တန်ခွဲရှိ၍ ပိဿာချိန်(၁၆၄၀)မျှ ပမာဏရှိသည်၊ ထိုခေါင်းလောင်း သံဖြင့် ဂရင်းနစ် စံတော်ချိန် (G.M.T) ကို လန်ဒန်မြို့ရှိ ဘီ-ဘီ-စီ အသံလွှင့်ဌာနမှ နိုင်ငံတကာသို့ အသံလွှင့်ပေးနေသည်။

မှတ်ချက်။ ။ကျွဲမျှ ကြီးကျယ်သည့် ခေါင်းလောင်းကြီးများ၏ အလေး ချိန်ကို အတိအကျ ရနိုင်မည်မဟုတ်ပေ၊ စုတင်သွန်းလောင်း

http://www.dhammadownload.com

စဉ်က အချိန်ပမာဏကို ပြခြင်းသာဖြစ်၍ သွန်းလုပ်ပြီးသော အခါ ယုတ်လျော့မှုမျှား ရှိပေလိမ့်မည်။

ခေါဘဏီအပြား မျိုး ၅-ပါး၊ တပ်သားဖွဲ့ပုံ အဘယ်နည်း? ။ ။စာပေ၌ 'ခေါဘဏီ'ဟု မခေါ်၊ 'အင်္ကျောဘိဏီ'ဟုသာ ခေါ်၏၊ ၎င်းသရုပ်ကို (အင်္ကျောဘိဏီမျိုး ၅-ပါး)၌ ရှုပါ။

ခဲဘွယ်မျိုးပြား၊ ၁၂-ပါး၊ ဘုရား ပညတ်ချက် ။ ။ဗုဒ္ဓဘာသာ ရဟန်းတော်များ၏ ဘောဇဉ်နှင့် ခြားနားသည့် စားဘွယ်ဝေါဟာရ တမျိုး၊ ဝိနည်းပါစိတ်အဋ္ဌကထာ။ (၁) မူလ ခါဒနီယ-စားကောင်းသော သစ်မြစ်ခဲဘွယ်များ၊ ပုံ-နပဲ့,ကြက် နပေါင်း စသည်မျိုး၊ (၂) ကန္ဒ ခါဒနီယ-သစ်ဥ သစ်ဖု ခဲဘွယ်များ၊ ပုံ-ပေါက်ဥ,ကဇန်းဥ, မျောက်ဥ စသည်များ၊ (၃) မုဋ္ဌာလ ခါဒနီယ-ကြာစွယ်,ကြာရင်းမျိုး၊ (၄) မထ္ထက ခါဒနီယ-အညှောင့် ခဲဘွယ်များ၊ ပုံ-ထန်းမြစ်ညှောင့် စသည်မျိုး၊ (၅) ခန္ဓ ခါဒနီယ- ပင်စည်ခဲဘွယ်များ၊ ပုံ-ကြံပင်စသည်မျိုး၊ (၆) တစ ခါဒနီယ-အခေါ်, အခေါက် ခဲဘွယ်များ၊ (၇) ပတ္တ ခါဒနီယ-အရွက်,သစ်ရွက် ခဲဘွယ်မျိုး၊ (၈)ပုပ္ဖ ခါဒနီယ-အပွင့်,သစ်ပွင့်, ပန်းပွင့် ခဲဘွယ်မျိုး၊ (၉) ဖလ ခါဒနီယ-အသီး, အနှံ ခဲဘွယ်မျိုး၊ (၁၀) အဋ္ဌိ ခါဒနီယ-သစ်စေ့ အဆန်ဖြစ်သော ခဲဘွယ်မျိုး၊ ပုံ-သစ်ဆိမ့်, ဗာကံ စသည်များ၊ (၁၁) ပိဋ္ဌ ခါဒနီယ-မုံ့,ခဲဘွယ်ခေါ်ပဲ, ဂျုံ, ပြောင်းမှုန့်တို့ဖြင့် ပြုလုပ်သော မုံ့များ၊ (၁၂) နိယျာသ ခါဒနီယ သစ်ပင်မှ ထွက်သော အစေးခဲဘွယ်မျိုး၊ ပုံ-ဟိင်္ဂုလ် စသည်များ။

ချက်ကို လက်ဖြင့် သုံးသပ်၍ သန္နေတည်သူ ၂-ယောက် ။ ။ပိဋကတ်တော်၌ ထင်ရှားသော ပုဂ္ဂိုလ်ထူးများဖြစ်သည်။ (၁) ဒုက္ကုလရသော့က ပါရိကာရသေ့မ၏ ချက်ကို လက်ျာလက်ဖြင့် သုံးသပ်၍ "သုဝဏ္ဏသာမ" ခေါ် သုဝဏ္ဏဿမ် သတ္တိသား သန္နေတည်သည်၊ (၂) မာတင်္ဂရသေ့သည် ပုဏ္ဏားမ၏ ချက်ကို လက်ျာလက်ဖြင့် သုံးသပ်၍ မဏ္ဍဗျလုလင် သန္နေရသည်ဟူ၏။

ချစ်ကြည်အပ်စွာ၊ မျိုး ၁၀-ဖြာ၊ လိုက်နာဘယ်သို့ ကျင့်မည်နည်း? ။ ။သြဝါဒထူး ပျိုး၌ ချစ်ကြည်ရာသည် ဆယ်ပါးကို ဤသို့ ကျင့်ဆောင်ရန် မိန့်ကြား၏၊ ချစ်ကြည်ရာသည်၊ ဆယ်ပါးမည်ကား၊ (၁) သေးရည် ရင်နှစ်၊ သားကို ချစ်က၊ ကျိုးပြစ် ပြသ၊ ဆုံးမနိုင်စေ၊ (၂) အိမ်နေ

http://www.dhammadownload.com

မယား၊ ခင်ပွန်းအား၊ ကို၊ ရှုစားကြင်ကျမ်း၊ စူးစမ်းမြော်တင်း၊ စိုင်းပြင်းနိုင်စေ၊ (၃) ရှိသေအပ်လှ၊ မိနှင့် ဖက်ို၊ ဒေါသပြစ်ဝေး၊ ချစ်မြတ်လေးက၊ လုပ်ကျေးတမူ၊ မွေးမြူပြုစု၊ ကြည့်ရှုနိုင်စေ၊ (၄) သျှင် ကေရာင်၊ မင်းကို ချစ်က၊ ပုဆစ်တုပ်ပျော်၊ မြဲကြပ်ထံပါး၊ ခစားနိုင်စေ၊ (၅) တွက်ရေရှည်ကြာ၊ သံသရာကို၊ မေတ္တာလှော်ပုံ၊ ချစ်ပန်းပွင့်က၊ နူးညံ့စိတ်စေ၊ (၆) ကျွန်ခြွေရွေကို၊ အသေအချာ၊ ချစ်ကြင်နာက၊ ဥစ္စာ ပေးကမ်း၊ ဖုံးလွှမ်းနိုင်စေ၊ (၇) ဖော်ရွေ သင်းပင်း၊ အိမ်နီးချင်းကို၊ ရောင်းရင်းဆံလှဲ၊ မေတ္တာကျံက၊ သည်းခံနိုင်စေ၊ (၈) ဆွေခင်ပွန်းကို၊ ချစ်ကြည်ညိုမူ၊ ယွင်းယိုမရှိ၊ သတိမြဲစေ၊ (၉) မျိုးဆွေတို့ဘာ၊ ချစ်ကြည်ငြားက၊ သွားလာတက်သက်၊ ပေါင်းဖက်နိုင်စေ၊ (၁၀) ရေမြေကွဲပြား၊ ရပ်ဝေးသားကို၊ ဆွေဝါးအယှဉ်၊ ချစ်အားပြည့်က၊ ရှုကြည့်မြော်ငန်း၊ နှတ်ဆက်ခွန်းဖြင့်၊ မေးမြန်းနိုင်စေ၊ ခဲ့ဝေ မှာထား၊ သည်ဆယ်ပါးကို၊ ချစ်အားရှိက မြဲလုံ့လ။

ချစ်ကြိုက်စဲ့လမ်း၊ တမ်းတ လွှမ်း၊ ၅-ခဏ် သံသဂ္ဂ။ ။ဝင်း သရုပ်ကို(သံသဂ္ဂ မျိုး ၅-ပါး) ဟူသော ပြဿနာဒဋ္ဌ ဖြေဆိုမည်။

ချစ်ခင်ရင်းနှီးမှု ကြောင်းရင်း ၃-ပါး။ ။ပါရာဇိကဏ်အဋ္ဌကထာ ။ပ- အုပ်။ ၃၅။ သုတ္တန်ပါတ် အဋ္ဌကထာ။ ဒု-အုပ် ၂၄၇။ တဦးနှင့်တဦး ကြည်နူးခင်မင်ခြင်း အကြောင်းတရား သုံးပါး။ (၁) ပုဗ္ဗေဝ သန္နိဝါသ-ရှေးဘဝက အတူတကွ နေထိုင်ပေါင်းသင်း သီတင်းသီလ တူမျှစွာ ပြုခဲ့မှုကြောင့် တပါး၊ (၂) ပစ္စက္ခနာ ကမ္မ-မျက်နှာမြင် ချစ်ခင် ပါစေဟု သူ၏ ကောင်းမှုတခုခုဌ ဆုတောင်းပြုခြင်းကြောင့် တပါး၊ (၃) ပစ္ဆာပွန္န ဟိတ-ယခုမျက်မှောက် ဘဝခရီးဌ သူ၏ အကျိုးစီးပွားကို လိုလားဆောင်ရွက်ကူညီပေးမှုကြောင့် တပါး။

ချမ်းသာကြီး ၄-ပါး။ ။ဝင်း သရုပ်ကို (သုခကြီး ၄-ပါး) မှာ ရှုပါ။

ချမ်းသာမျိုး ၃-ပါး။ ။ကမ္ဘာသားများအတွက် ချမ်းသာရေးဟု သမုတ်အပ်သော သဘောတရား သုံး၊ ပါး၊ သို့သော် အိုနာသေဘေး မလွတ်၊ ချမ်းသာတုသာ ဖြစ်၏။ (၁) လူ့ချမ်းသာ-လူ့ဘဝ စည်းစိမ်ချမ်းသာ ဟူသမျှ၊ (၂) နတ်ချမ်းသာ- နတ်ပြည်ခြောက်ထပ် နတ်တို့ချမ်းသာ၊ (၃) ဗြဟ္မာချမ်းသာ-ဗြဟ္မာ ၂၀-ရှိ ချမ်းသာမှုများ။

http://www.dhammadownload.com

ချမ်းသာမျိုး ၃-ပါး၊ တနည်း။ ။ဂုဏ်း သုံးပါးကား တခုထက်တခု ပို၍ ချမ်းသာစေ ဖြစ်၏။ (၁) စျာန်ချမ်းသာ-စျာန သုခမျိုး၊ (၂) မဂ်, ဖိုလ် ချမ်းသာ-မဂ္ဂသုခ, ဖလသုခမျိုး၊ (၃) နိဗ္ဗာန်ချမ်းသာ- ချမ်းသာ ကောင်းကျိုးတို့၏ အထွတ်အထိပ် ချမ်းသာမျိုး။

ချသံ့, ခေါ်ခြင်း၊ ၁၈-ပါး၊ သင်ကြား ကဗျာ အဘယ်နည်း? ။ဂုဏ်း သရုပ်ကို (ဘယ်သံ ၁၈-ပါး)၌ ရှုပါ။

ချီးမြှောက်ခြင်း ၂-မျိုး။ ။(၁) ပစ္စယာနုဂ္ဂဟ– ပစ္စည်း ၄-ပါးဖြင့် လှူဒါန်း ပေးကမ်း ချီးမြှောက်ခြင်း၊ (၂) ဓမ္မာနုဂ္ဂဟ- တရားဓမ္မ သင်ကြားပြသ ဆုံးမပေးခြင်း၊ ကျင့်ကြံ အားထုတ်ခြင်း။

မှတ်ချက်။ ။သာသနာတော်၌ ဂုဏ်း ၂-မျိုးနှင့် ကင်းကွာက မကြီးပွားနိုင်ချေ၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ။၇၅။ ဂုဏ်း ။ဌ။ ၂၇၂-တို့၌ အကျယ်ရှု။

ချောပစ် ကုန်းတိုက်သူ၏ အပြစ်မျိုး ၇-ပါး။ ။ဂုဏ်း သရုပ်ကို (ပိသုဏဝါစာ ကံ၏ မကောင်းကျိုး ၇-ပါး)၌ ရှုပါလေ။

ခြသေ့မျိုး ၄-ပါး။ တနည်း ၅-ပါး။ ။ခန္ဓဝဂ္ဂသံယုတ် ။ပါ။ ၇၀ ။ဌ။ ၂၆၁။ စတုက္ကဂုတ္တရ ။ပါ။ ၃၄၂။ ဌ။ ၂၉၁- ၂၉၂ စသည်တို့၌ အကျယ် ရှုပါ။ သုတေသီတို့ အတွက် အကျဉ်းချုပ်မျှ ပြထားသည်။ (၁) တိဏသီဟ- ပြောက်ကြားသော ကိုယ်ရေအဆင်းရှိသော နွားမနှင့်တူသည့် မြက်စား ခြသေ့မျိုး၊ (၂) ပဏ္ဍုသီဟ - ဖျော့သော သစ်ရွက်လျော့ အဆင်းရှိ၍ သားစားခြသေ့မျိုး၊ ရန်ကုန် တိရစ္ဆာန်ရုံ၌ ရှိသော ခြသေ့မျိုး၊ (၃) ကာလသီဟ - မည်းနက်သော အဆင်းရှိ၍ မြက်နှင့် သားသေကောင်များကိုသာ စားလေ့ရှိသော ခြသေ့နက်မျိုး၊ (၄) ကေသရသီဟ - သားကောင် အရှင်များကိုသာ ဖမ်းယူ စားသောက်လေ့ ရှိသော ခြသေ့မျိုးကား နီရဲသော နွတ်သီးဖျား အမြီးဖျား ရှိ၏၊ နီမြန်းသော အရေးအစင်းသုံးခုထိုသည့် ဦးခေါင်းမှစ၍ ကျောက်ကုန်းလယ်သို့ ရောက် အောင်- ဆင်းသုသလျက် ချက်၌ လက်ျာရစ်ပတ်ခွေကာ ဘည်နေ၏၊ ၎င်း၏ လဆုံဆံ မွေးတို့ကား ရွှေကွန်ရက် ကမ္ဘလာထို့ဖြင့် ခြံရုံဆင့်မြှန်းထား သကဲ့သို့ ရှိ၏၊ ထိုမှကြွင်းသော အရပ် အစိတ်အပိုင်းတို့ကား ပွတ်သစ်ရေသဖင်းကဲ့သို့ ဖြူစင်းစင်ကြယ်လျက် ရှိ၏၊ ၎င်းတည် အစာတော်၌ ဇယက်

http://www.dhammadownload.com

သေမည်ပင် ဖြစ်စေကာ သားသေကောင်နှင့် မြက်သစ်ရွက်တို့ကို ဘယ် အခါမျှ မစားမသောက်ချေ၊ (၅) မဲနုသီဟ ခေါ် နရ သီဟ- ခြင်္သေ့ မျက်နှာနှင့် လူ၏ ကိုယ်သဏ္ဌာန် ရှိ၏၊ အဝတ် တန်ဆာ ဆင်ယင်၏၊ ၎င်းတို့ကား အခါခပ်သိမ်း ရှိနေသည်မဟုတ်၊ မြတ်စွာဘုရား ပွင့်ရှိတော် မူသော ကာလ၌ ဖြစ်ရှိသည်ဟု မှတ်ရမည်၊ ထို့ကြောင့် ခြင်္သေ့ ၄-မျိုးသာ ရေတွက်ရိုး ပြုကြကုန်သတတ်။

ခြေတော်ရာ ၃-ဆူ။ ။ဘုရားရှင်၏ အမြဲတည်နေသော ၄ခြေတော်ရာ စေတီမြတ် ၁-ဆူ။ လင်္ကာဒီပ ခေါ် သီတိုင်္ဂကျွန်း၌ တဆူ၊ ယောနကရဋ္ဌ ခေါ် ဇမ္ဗူဒီပ် ကျွန်း၌ ၂-ဆူ၊ ပေါင်း ၃-ဆူ။

ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိ။ ။ဤ၌ အကျဉ်းမျှသာ ပြလိုက်သည်၊ သုတ်သီလကွန် ။ ပါ။ ၁၂။ ဋ္ဌ။ ၉၅။ ၎င်း။ ပါ။ ၂၀။ ဋ္ဌ။ ၁၀၉။ ၎င်း။ပါ။ ၃၆။ ဋ္ဌ။ ၁၁၃။ ခန္ဓဝဂ္ဂသံယုတ်။ပါ။ ၃၇။ ဋ္ဌ။ ၂၄၀။ ဥပရိပဏ္ဏာသ။ပါ။ ၁၀။ ဋ္ဌ။ ၁၀- တို့၌ အကျယ်ရှုပါလေ။ (က) သဿတ ဒိဋ္ဌိဝါဒ ၄-ပါး၊ (ခ) ကေစ္စ သဿတ ဒိဋ္ဌိဝါဒ ၄-ပါး၊ (ဂ) အန္တာနန္တ ဒိဋ္ဌိဝါဒ ၄-ပါး၊ (ဃ) အမရာ ဝိက္ခေပ ဒိဋ္ဌိပါဒ ၄-ပါး၊ (င) အစ္စေ သမုပ္ပန္န ဒိဋ္ဌိဝါဒ ၂-ပါး၊ (စ) ဥဒ္ဓမာ ဃာတန သညီ ဒိဋ္ဌိဝါဒ ၁၆-ပါး၊ (ဆ) ဥဒ္ဓမာ ဃာတန အသညီ ဒိဋ္ဌိဝါဒ ၈-ပါး၊ (ဇ) ဥဒ္ဓမာ ဃာတန နေဝသညီ နာသညီ ဒိဋ္ဌိဝါဒ ၈-ပါး၊ (ဈ) ဥစ္ဆေဒဒိဋ္ဌိဝါဒ ၇-ပါး၊ (ည) ဒိဋ္ဌဓမ္မ နိဗ္ဗာန ဒိဋ္ဌိဝါဒ ၅-ပါး။

ခြောက်ဆယ့်လေးဖြာ၊ ကောင်းခြင်းရာ၊ ကညာလှအာပျိုး။ ။ဎင်းသရုပ်ကို (ကောင်း ၆၄-ရပ်)၌ ရှုပါ။

ခြောက်ဆယ့်လေးဖြာ၊ ကျင့်ဝတ်လာ၊ ဆရာဝိနည်းဓိုရ်။ ။ဎင်းသရုပ်ကို (အနုဝင်္ဇက ကျင့်ဝတ် ၆၄-ပါး) ဟူသော အမေး၌ ဖြေခဲ့ပြီ။

ခြောက်ပါးသီလ။ ။ဝိကာလ ဘောဇန ဆက္က သီလ ဟုလည်း ခေါ်၏။ (၁) ပါဏာတိပါတာ၊ (၂) အဒိန္နာဒါနာ၊ (၃) အဗြဟ္မစရိယာ၊ (၄) မုသာဝါဒါ၊ (၅) သုရာမေရယ၊(၆)ဝိကာလ ဘောဇနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

ခြောက်ပြစ်ကင်းဟူ၊ ခေါ်ဆိုပြု၊ ၆-ခု အပြစ် အဘယ်နည်း? ။မိန်းမမျိုး ရုပ်ဆင်းအင်္ဂါ ရွေးချယ်ရာ၌ အပြစ်ခြောက်ပါးကို ဆိုသည်၊ ၎င်း ၆-ပါးကို

http://www.dhammadownload.com

တင်စား၍ နေရာတကာ၌ ပမာထား မပြောဆိုကြကုန်၏၊ မမှပဒ မဟာ ဋီကာ။ (၁) အတိ ထူလာ- ဝလွန်းသူ၊ (၂) အတိ ကိသာ-ပိန်လွန်းသူ၊ (၃) အတိ သုက္ကာ-ဖြူလွန်းသူ၊ (၄) အတိ ကဏှာ- မည်းလွန်းသူ၊ (၅) ဣတိ ဒီဃာ-ရှည်လွန်းသူ၊ (၆) အတိ ရဿာ-ပုလွန်းသူ။

ခွေးဟု၍ အကျင့် ၆-ပါး။ ။ လူတို့နည်းယူစရာ ခွေးတို့၏ အကျင့်များ။ စာဏက္ကနီတိပျို့မှ ထုတ်ဖြေလိုက်သည်။ ခွေးတို့ဟူသည်၊ (၁) အတည်ပည်လျဖ်၊ အမည်မရှား၊ အစာများကို၊ သောက်စားနိုင်လျင်း၊ (၂) အစာသွင်းလည်း၊ ချက်ခြင်းမျှလွယ်၊ အနည်းငယ်မျှ၊ ဝမ်းဝယ်ရောက်က၊ နေနိုင်ကြ၏၊ (၃) ခဏခြင်းဝယ်၊ အိပ်ပျော်လွယ်၍၊ (၄) တသွယ်မှတ်ရန်၊ အနိုးမြန်လျက်၊ (၅) ထက်သန်အားသစ်၊ အရှင်ကိုချစ်၏၊ (၆) စင်စစ် ရဲရင့်၊ ဤခြောက်ဆင့်ကို၊ အသင့်ယူငင်၊ တတ်အောင်သင်လော့။

ခွေးမျိုး ၅-ပါး။ ။ဘယဆေး အခေါ် ဖြစ်သော အပေါင်း စကား၊ (၁) ပေါက်ခွေး၊ (၂) ခွေးငယ်ရိုင်းခေါ် ခွေးလည်းယား၊ (၃) ခွေးတောက်ကြီး၊ (၄) ခွေးတောက်သိမ်၊ (၅) ခွေးသေးပန်း ဟူ၏။

ခွဲထားစပ်များ၊ မျိုး ၂-ပါး၊ အသွားမည်သို့ ခြားသနည်း? ။အောက်ပါ အတိုင်း ခြားနားကြပါသည်။

(၁) သံတူ,သတ်ခွဲ,ကြောင်းလွဲ ခွဲထား-အသံသာတူ၍ အက္ခရာချင်းလည်း မတူ၊ အသတ်မတူ, အကြောင်းမိပွါယ် မတူသော ခွဲထားစပ်မျိုး၊ ပုံ-မင်းပေါင်း ၆-ဆက်၊ ကြံလျက်ဖမ်းငှါ၊ မတတ်'ရာ'လည်း၊ မာ'ယာ'ဆောင်ပြု၊ ဥဒေါင်းမဋ္ဌ၊ (မဃဒေဝ) စနောင့်စနှင့်၊ ရှိနှင့် 'ကျင်'သော်၊ 'ကြင်' ငါတို့ကား၊ (ဇနကပျို့) စွန်းနားသုံး'ယို့'၊ လုံးတိတိလည်း၊ တ'ရှိ'လည်းကောင်း၊ (နေမိဘုံခန်း။)

(၂) သံတူ,သတ်တူ, ကြောင်းလွဲ ခွဲထား-အသံလည်းဘူ, ကာရန်အက္ခရာ လည်းတူ၍ အကြောင်းအဓိပွါယ် ကွဲလွဲသော ခွဲထားစပ်မျိုး၊ ပုံ-ဆယ်ဆူသီ 'လ'၊ နိယမလည်း၊ ကာ 'လ' ပိုင်းခြား၊ (မဃဒေဝ) စေ့စပ်ကုန်တွင်၊ အောင်စီ'ရင်'သည်၊ ဘု'ရင်'များချာ၊(သူဇာပျို့) လျှပ်ပေါ်မည်း'နက်'၊ ယောကျ်ားပျက်နှင့်၊ လက်'နက်'မြှောက်ချီ၊ (ဝိဓူရပျို့။)

http://www.dhammadownload.com

[ဂ]

ဂင်္ဂါမျိုး ၄-ပါး။ ။(၁) အာဝဋ္ဋဂင်္ဂါ-ဝဲတို့ဖြင့် လှည့်လည်ခွေရစ်၍ စီးနေသောမြစ်၊ (၂) ဗဟလဂင်္ဂါ-နက်သော ရေထုရှိသောမြစ်၊ (၃) ဥမင်္ဂဂင်္ဂါ-ဥမင်လိုက်ခေါင်းဖြစ်၍ နေသောမြစ်၊ (၄) အာကာသဂင်္ဂါ-ကောင်းကင်၌ ရှိသောမြစ်၊ အပါဒါန် အဋ္ဌကထာ။ပ-အုပ်။ ၃၄၃။

ဂတိ ၅-ဖြာ၊ သတ္တဝါ၊ လားရာ အဘယ်နည်း? ။ဥဒါနအဋ္ဌကထာ။ ၁၂၃။ ဣတိဝုတ်အဋ္ဌကထာ ၁၂၁-တို့၌ အကျယ်ရှုပါ။ ပုထုဇဉ်တို့ လားရောက်ကျဆင်းရာ ၅-ပါး။ (၁) ဒေဝဂတိ-နတ်ပြည်, ဗြဟ္မာပြည်၊ (၂) မနုဿဂတိ- လူ့ပြည်၊ (၃) ပေတဂတိ- ပြိတ္တာပြည်, အသူရကာယ်ပြည်၊ (၄) တိရစ္ဆာန ဂတိ-တိရစ္ဆာန်ပြည်၊ (၅) နိရယဂတိ- ငရဲပြည်။

ဂတိမြဲရန်၊ ပုထုဇန်၊ ဖ-တန် ဂုဏ်အင်္ဂါ။ ။ဂတိ မြဲ မမြဲကို ဥပရိပဏ္ဏာသအဋ္ဌကထာ၌ ပြဆိုသည်ကား သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ပတ္တနာ, ဤအင်္ဂါ ခြောက်ပါးနှင့် ပြည့်စုံသောသူသည်သာ မြဲသောဂတိ ရှိ၏၊ အထက် ငါးပါးနှင့် ပြည့်စုံ၍ ဆုတောင်းပတ္ထနာ မရှိမူ လားရာဂတိ မမြဲပေ၊ ပတ္ထနာ ဆုတောင်း ရှိသော်လည်း အထက်ပါ အင်္ဂါငါးပါးမရှိပါမူ လားရာဂတိ မမြဲဟူ၏။

ဂန္ထတရား ၄-ပါး။ ။သံသရာဝဋ်မှ မလွတ်အောင် ဖွဲ့နှောင်တတ်သော သဘော ၄-မျိုး။ (၁) **အဘိဇ္ဈာ** ကာယဂန္ထ- လိုချင်မှု လောဘတရား၊ (၂) ဗျာပါဒ ကာယဂန္ထ-ပြစ်မှားမှု ဒေါသတရား၊ (၃) သီလဗ္ဗတပရာမာသ- မှားယွင်းမှုကိုပင် ကိုယ့်အယူ ကိုယ်မှန်, သူ့အယူ သူမှန်ဟု မှတ်ဉာဏ်ခဲ့ယူ သုံးသပ်မှု ဒိဋ္ဌိတရား၊ (၄).ဣဒံ သစ္စာဘိ နိဝေသ ကာယဂန္ထ-မိမိ၏ မှားသော အယူကို ငါ့အယူသာ မှန်သည်၊ သူ့အယူ အားလုံး မှားသည်ဟ စွဲယူသုံးသပ်မှု မိစ္ဆာဒိဋ္ဌိတရား။

ဂန္ဓာရမ္ဘမျိုး ၃-ပါး။ ။ကျမ်းစာရေးမှူ ပြုစုရာ၌ စတည် အားထုတ်မှုမျိုး ၃-ပါး။ (၁) ပဏာမ ပုဗ္ဗက ဂန္ထာရမ္ဘ-ရတနာသုံးပါးကို ရှိခိုးခြင်းလျှင် အစထား၍ အားထုတ်မှု၊ (၂) အာသီသ ပုဗ္ဗက ဂန္ထာရမ္ဘ- မိမိလိုရာကို တောင့်တမှုလျှင် ရှေ့ဆွားရှိသော အားထုတ်မှု၊ (၃) ဝတ္ထု ပုဗ္ဗက ဂန္ထာရမ္ဘ-ဖြစ်ရပုံ ဝတ္ထုကြောင်း နိဒါန်းကို ရှေးဦးပြထား၍ အားထုတ်မှု။

http://www.dhammadownload.com

ဂန္ဓာရီဝိဇ္ဇာမျိုး ၂-ပါး။ ။ဂန္ဓာရီအရပ်ကို ၎င်းဝိုင်္ဂုဟ်ဖြင့် သိပါ၊ "ဂန် ဉာဏ် ဓာရေတီတိ ဂန္ဓာရော၊ ဂန္ဓာရော ယဿ အတ္ထိ တဿိ' ဝါ ဝိဇ္ဇတီတိ ဂန္ဓာရီ"။

(၁) စူဠ ဂန္ဓာရီမုဟ်ကြီး ၄၀, ကဝေ ၉၉-နှင့် တကွ ၃၇-မင်း, ဂုမ္ဘန်, ယက္ခ, ဂန္ဓဗ္ဗ စသော အောက်နတ် ပုဂ္ဂိုလ်တို့ကိုစွဲ၍ ပြုလုပ် စီရင်ကြသော အင်း, အိုင်, မန္တန်, ဂါထာ, မန္တရားလက်ဖွဲ့, ခါးလွဲ, မော်'စသော ပညာတတ်သူ မော်ဆရာ, ပယောဂဆရာ, အောက်လမ်းဆရာ အကြမ်းဆရာ စသည်မျိုး။

(၂) မဟာ ဂန္ဓာရီ- သူရဿတီ မယ်တော်ကြီးမှစ၍ ဒေဝီ ၂၁, သာသနာစောင့် နတ်မင်းကြီး ငါးပါး, စတုလောကပါလ နတ်မင်းကြီးလေးပါး, ဘိုးတော်သိကြားမင်းမှစ၍ အထက်နတ် ဟူသမျှနှင့် ဝိဇ္ဇာ, ဒေဝီဂျို, တပသီတို့၏ အဖြစ်, ၎င်းတို့နှင့် သက်ဆိုင်ပတ်သက်၍ ရသော သိဒ္ဓိအကျိုးရှိသူ ဟူသမျှကို ဆိုသည်၊ ကျမ်းဂန်များ၌ ၎င်းနှစ်ခုသာ မူရင်းပြသည်။

ဂန္ဓာရီ ဝိဇ္ဇာမျိုး ၄-ပါး။တနည်း။ ။ဂန္ဓာရီ နတ်မျိုး၏ အပြား ၄-ပါးကို ဆိုသည်၊ အတုလ ဝိဇ္ဇာမယ သိဒ္ဓိကျမ်းမှ။ (၁) ဆေးဝိဇ္ဇာ ဂန္ဓာရီနတ်-ဆေားဖြင့် စီရင်သည်၊ (၂) ပြဒါးဝိဇ္ဇာ ဂန္ဓာရီနတ် ပြဒါးရှင်လုံးဖြင့် စီရင်သည်၊ (၃) သံဝိဇ္ဇာ ဂန္ဓာရီနတ်-သံသေလုံးဖြင့် စီရင်သည်၊ (၄) အင်း, မန္တန် ဆမတ ဂန္ဓာဂီဝိဇ္ဇာနတ်-ဂင်းတို့၏ တန်ခိုးဖြင့် သိဒ္ဓိ ပြီးသူများ။

ဂန္ဓာရုံပျိုး ၁၁-ပါး။ ။ဂန္ဓမာဒနတောင်၌ ဂန္ဓမျိုး ၁၀-ပါး ရှိကြောင်းကို မဇ္ဈိမပဏ္ဏာသ ။၄။ ၂၅-တို့၌ ဆို၏။ (၁) မူလ ဂန္ဓ၊ (၂) သာရ ဂန္ဓ၊ (၃) ဖေဂ္ဂု၊ (၄) တစ၊ (၅) ပပဋိကာ၊ (၆) ခန္ဓ၊ (၇) ရသ၊ (၈) ပုပ္ဖ၊ (၉) ပလ၊ (၁၀) ပတ္တ ဂန္ဓ၊ ၎င်းအပြည့်အစုံကို (နံ့သာမျိုး ၁၀-ပါး)၌ အကျယ်ရှုပါ။

ဂဗ္ဘသေယျ ပဋိသန္ဓေမျိုး ၂-ပါး။ ။အမိဝမ်းတိုက်၌ ပဋိသန္ဓေနေပုံ ၂-မျိုး။ (၁) အဏ္ဍဇ ဂဗ္ဘသေယျ- ဥဖြင့်နေသော အမျိုး၊ ပုက်, မြွေ စသည်၊ (၂) ဇလာဗုဇ ဂဗ္ဘသေယျ- အမိ၏ သားအိမ်၌ နေ၍ မွေးဖွားသော အမျိုး၊ လူ, ခွေး, ခွားစသည်။

http://www.dhammadownload.com

ဂမ္ဘီရတရားကြီး ၄-ပါး။ ။ပ်ဴဂကတ်တော်လာ နက်နဲသိမ်မွေ့သော တရားကြီး လေးပါး၊ အဋ္ဌသာလိနီ အဋ္ဌကထာ။ (၁) ဓမ္မ ဂမ္ဘီရ - အကြောင်းအား ဖြင့် နက်နဲခြင်း, တရားတော်၏ နက်နဲခြင်း၊ (၂) အတ္ထ ဂမ္ဘီရ- အကျိုး အားဖြင့် နက်နဲခြင်း, အနက် အဓိပ္ပါယ် နက်နဲခြင်း၊ (၃) ဒေသနာ ဂမ္ဘီရ- အနုလောမ ပဋိလောမ ဒေသနာတော် အားဖြင့် နက်နဲခြင်း, ဟောပြောပုံ၏ နက်နဲခြင်း၊ (၄) ပဋိဝေဓဂမ္ဘီရ - ထိုးထွင်းသိရခြင်း ၌နက်နဲခြင်း။

ဂမုန်းမျိုး ၃၈-ပါး။ ။ဤ၌ ဂမုန်းညွှန်း ကျမ်းဃောအတိုင်း ပြထားသည်။ (၁) ဂမုန်းဖြူ - နန္ဒင်းရွက်ကဲ့သို့ရှိ၏၊ အမြစ်ဖြူ၏၊ တနှစ်တခါ ရွှေ့၍ ပေါက်၏၊ ထိုကို "ဂမုန်းလည်" ဟူ၍လည်းခေါ်၏၊ အဖြူစစ်က နေရာ မမြဲ၍၏၊ ၎င်းကား ကြေးဖြူသည်၊ (၂) ဂမုန်းနီ- ဆိတ်ဖူးရွက်ကဲ့သို့ ပြာလဲ့ လဲ့နှင့် ပင်ရင်းနီ၏၊ နန္ဒင်းတက်ကဲ့သို့ ရှိ၏၊ ထိုးမှာခပ်သော် နီ၏၊ ဟသ်ပြဒါးကဲ့သို့ နီမှစစ်သည်၊ သမ္မရာဇာ အစိမ်း, ဖုတ်, တဇ္ဇ, ဘီလူး တို့ကို နိုင်၏၊ ဂဝံထု၍ဆောင် ရှိမ်းပြီး၏၊ (၃) ဂမုန်းနက်- နန္ဒင်းတက်ကဲ့ သို့ ရှိ၏၊ ကျောက်မီးသွေးကဲ့သို့ နက်၏၊ သို့မှစစ်သည်၊ ကိုယ်၌ လိမ်းသော် ရှိမ်းပြီး၏၊ ဂဝံထု၍ဆောင် ရှိမ်းဆာယာအောင်၏၊ အမှုန့်ပြု၍ ကြေးခပ် ပြာကို လင်းအောင် ထိုးလျက်ခပ် ရေနံတွင်သွန်း သုဝဏ္ဏ ဓမ္မရာဇ်ဖြစ်၏၊ (၄) ဂမုန်းကတိုး- အရွက်လက်ဝါးခန့် အရှည်ဝန်းဝန်း မြေနှင့် တထွာခန့် ရောက်သည်၊ မွေးကြိုင်၏၊ ဣတ္ထိသို့ကောင်း၏၊ (၅) ဂမုန်းခတ္တာ- ဂမုန်း ကတိုးကဲ့သို့ အရွက်အနား လေးတလုံးခန့် ရေးရေးနီ၏၊ ဣတ္ထိသို့ ကောင်း၏၊ (၆) ဂမုန်းခွေးလာ- အရွက်လက်ဝါးခန့် အကြောတွင် ပြာသာဒ်ရောက်၏၊ ဆိတ်ဖူးရွက်ကဲ့သို့ အဆင်းပြာပြာ စိမ်းစိမ်း ညိုညို ရှိသည်း ခွေးချစ်တတ်သည်၊ (၇) ဂမုန်းကြက်လာ- ဆိတ်ဖူးရွက်ကဲ့သို့ ရှိသည်၊ ပြာချည် စိမ်းချည်ရှိ၏၊ ကြက်ချစ်တတ်၏၊ (၈) ဂမုန်းဝက်လာ- ဝမ်းနီ၍ ကျောက်မဲ၏၊ ဝက်ချစ်တတ်၏၊ (၉) ဂမုန်းနွားလာ- အကြောညို၏၊ ဝမ်းနီ၏၊ ညိုမောင်းတွင် ဖြူဖြူအပြောက် ပါသည်၊ နွားချစ်တတ်၏၊ (၁၀) ဂမုန်းပြောက်ကြီး- နန္ဒင်းပင်နှင့် တူ၏၊ ညိုမောင်းတွင် အဖြူညှင်းပြောက်ပါသည်၊ (၁၁) ဂမုန်းပြောက်ငယ်- ဆိတ်ဖူးရွက်ကဲ့သို့ ဥတွင်ပြာသာဒ် ရောက်သည်၊ အရွက်တွင် ညှင်းပြောက် ရှိသည်၊ (၁၂) ဂမုန်းရှင်သူငယ်- ဆေးတလုံးပင် ကဲ့သို့ငင်း၊ ငုက်ပျော်မွှက် ကဲ့သို့ငင်း၊

http://www.dhammadownload.com

အဖျားတိတိ ဝန်းဝန်းရှိ၏၊ အရွက်နီ၏၊ ငှက်ပျောခေါင်း ပိန်းခေါင်းကဲ့သို့ ရှိမှ စစ်သည်၊ အမှုန့်ပြု ဘင်ကိုဖြူးချိထိုး၊ နွားချေးရေမှာ ဆယ်မိုးစေ့အောင် သွန်း၊ ဘင်ဖြူ၏၊ ဒန်ကိုဖြူး ဒန်သေ၏၊ (၁၃) ရစ်ဂမုန်း- နန္ဒင်းပင်သဏ္ဌာန် အရွက်နီသည်၊ ပြာစိမ်းစိမ်း ညှင်းသေးပြောက် ပါ၏၊ အရွက်ထူသည် အရွက်ဖျားစိမ်းသည်၊ ဂူတွင်သဖွဲသျှိုပြီး၏၊ ဆောင်သောအခါ စားသောက် တန်ပြန် သေဆေးဟူသမျှကို နိုင်၏၊ ကျား, မြွေမကိုက်ဝံ့၊ (၁၄) ဂမုန်း လိပ်မတွား- ဆိတ်ဖူးရွက်နှင့် သဏ္ဌာန်တူသည်၊ ကွက်ရှိသည်၊ အရွက် ကျရောက်ရာ၌ အညှန့် အပင်ပေါက်သည်၊ အမြစ် ပေါ်သည်၊ ကျွန်ကျေး ထွက်ပြေးတတ်သော် ထမင်းဟင်းမှာ အမှုန့်ခတ်၍ ကျွေးလေ မပြေးနိုင်ပြီ၊ ဂူတွင်သျှိ၊ (၁၅) ဂမုန်းလိပ်မြေ- ဇရစ်, မဟော်ရာနှင့် တူ၏၊ အပင် သေးသေး အရွက်တခုပ်တည်း၊ အမြစ်မှာ တလုံးတည်း ရှိ၏၊ အရိုးကို ဆိတ်သော် နို့ရေကဲ့သို့ ထွက်သည်၊ မွေ့စေတတ်သည်၊ (၁၆) ဂမုန်း ဆိတ်လာ- ခတ္တာရွက်ကဲ့သို့ နက်ကျောကျော ရှိ၏၊ အမြစ် တမာမြစ်နှင့် တူ၏၊ (၁၇) ဂမုန်းလိပ်လာ- ဆိတ်ဖူးရွက်ကဲ့သို့ အတွင်းဝမ်းက အပြောက် ရှိ၏၊ အမြစ်တွင် အပေါက်အပေါက် ရှိ၏၊ (၁၈) ဂမုန်းသင်္ဘောစင်- ဇလတ္တာပုံကဲ့သို့ အမြစ် လုံးလုံးနေ၏၊ (၁၉) ဂမုန်းဂေါသင်္ဂ-တန်ပြန် ဓကာင်း၏၊ ထိုခဲ့ပြီးသော ဂမုန်းမျိုးတို့ကို အစဉ်မှန်အောင်စုမူ ထူ သမ္မ သျှိုပြီးတော့သည်၊ ခြင်္သေ့, ကျား, သစ်, ဆင်, မြင်း, ကျဲ, နွား, နဂါး, မိကျောင်း, ဝံ, ဘီလူး, တင်္ဂေ, ဝနေရကွ, ဘူမ္မဋ္ဌ စသော နတ် ပြိတ္တာ စုန်း ပြိတ္တာတို့ကို နိုင်သည် "ဂမုန်းပေါင်း"ဟူ၏၊ (၂၀) ဂမုန်းဆင်လာ-ဆေး တလုံးရွက်နှင့် တူ၏၊ ရွက်ကြော်စိမ်းစိမ်း ရှိ၏၊ သရက်ကင်းနှင့် တူ၏၊ အတက်ဖျားကား ဆင်ခေါင်းကဲ့သို့ ရှိ၏၊ ဆင်ချစ်စေတတ်၏၊ 'ဂမုန်းဆင် ကာလကဏ္ဏီ' ဟူ၍လည်း ခေါ်ဆို၏၊ (၂၁) ဂမုန်းမြင်း ကာလကဏ္ဏီ-အရွက် တဖက်၏ အရိုးအကြော အရွက် အလုံးစုံ နီ၏၊ တဖက်ကား စိမ်း၏၊ အတက် သရက်ကင်းနှင့်တူ၏၊ မြင်းချစ်၏၊ (၂၂) ဂမုန်းလူ ကာလကဏ္ဏီ-အရွက် ကြက်ဖြူရွက်နှင့် တူ၏၊ ဓခေါင်းတွင် လှံနှစ်စင်း ကြက်ခြေစတ် အမှတ်တံဆိပ် ရှိ၏၊ သဗ္ဗဆူဇ ဂူထွိသျှိ၊ (၂၃) ဂမုန်းမ ဇွေဆေးသဏ္ဌာန် ပင်လုံး ဝင်ရိုးဖျားကဲ့သို့ ရှိ၏၊ ကြောင်ပန်း ရွာဇဝောင်းပင်တွင် ပေါက် တတ်၏၊ (၄) ဂမုန်းကြက်တောင်စင်-ကြက်မွေးကြက်တောင်နှင့်တူဆေး ရွက်ခက် ရှိ၏၊ (၂၅) ဂမုန်းသံဃာစင်-ဆေးတလုံးပင်နှင့် တူ၏၊ အစေး

http://www.dhammadownload.com

ဖြူနီရှိ၏၊ (၂၆) ဂမုန်းစမွှာစု-နွားမြက်ရင်းပင်နှင့် တူ၏၊ အစေးထွက်၏၊ ရွက်သားထူထူ အရိုးစိမ်းစိမ်း အမြစ်စုပု ရှိ၏၊ (၂၇) ဂမုန်းလက်ညှိုး-လက်ညှိုးထိုးဟန် ရှိ၏၊ ကျောက် သစ်ပင်တို့တွင် ပေါက်တတ်၏၊ (၂၈) ဂမုန်းကျီးခြေ-ကျီးခြေသဏ္ဌာန်အပင်သေးသေးရှိ၏၊ (၂၉) ဂမုန်းလက်ဆက်- အလတ်ချင်းဆက်နေသည်၊ ဖြူနီ ရှိ၏၊ အနီကား ပိုယ်၊ (၃၀) ဂမုန်း လဝန်း-အရွက် ကုံကော် ပိတောက်ရွက်တို့နှင့်တူ၏၊ ခေါင်းကြက်သွန်ဖြူနှင့် တူ၏၊ (၃၁) ဂမုန်းပြာသာဒ်- ဆိတ်ဖူးပင်နှင့် တူ၏၊ အရွက်တွင် ပြာသာဒ် ပေါက်၏၊ ပိုယ်။

ဂရွက်ကြီးမျိုး ၂-ပါး။ ။သေသည်၏ အခြားမဲ့၌ အကျိုးပေး၍ ကြီးလေးသော ကံ နှစ်ပါး။ (၁) မဟဂ္ဂုတ် ကုသိုလ်ကံ၊ (၂) ပဥ္စာနန္တရိယာ အကုသိုလ်ကံ။

ဂရွှမ်တရား ဂ-ပါး။ ။ဝိနည်း စူဠဝါ။ပါ။၄၄၄။ဋ္ဌ။၁၂၇။ အဋ္ဌ ဂရွှမ္မ တရားလည်း ခေါ်သည်၊ ဘိက္ခုနီမ ပြုလိုသူများ၊ သို့မဟုတ် ဘိက္ခုနီမများ တဏှာပတ်းဝံုး အမြဲနိစ္စ လိုက်နာပြုကျင့်ရန် အလေး အမြတ်ပြု တရား ရှစ်ပါး၊ (၁) ရဟန်းယောကျ်ား ကင်းသော ကျောင်းရပဲ၌ ဝါမကပ် မဆိုရခြား၊ (၂) လခွဲတကြိမ် ရဟန်းယောကျ်ားများအား ဥပေါသထ ပုစ္ဆာက, သြဝါဒုပသင်္ကမန ခေါ် ၂-ပါးသောတရားကို တောင်းပန်ရခြင်း၊ (၃) ဝါကျွတ်ကာလ ဥဘတောသံဃဉ်ထံ ပဝါရဏာပြုရခြင်း၊ (၄) ဂရွှမ္မ အပ္ပဋိပန္နဲ ဘွဲနီမသည် ဥဘတောသံဃဉ်၌ ပက္ခမာနတ်ကို နှစ်စဉ် နှစ်တိုင်း မပြတ်ကျင့်ရခြင်း၊ (၅) သိက္ခမာန်အဖြစ် နှစ်နှစ်တိုင် ကျင့်နေပြီးမှ ဥဘတောသံဃာ၌ ရဟန်းခံရခြင်း၊ (၆) ရဟန်းယောကျ်ားတို့အား တစုံတခုပရိယာယ် သွယ်ဝိုက်နည်းနှင့်မျှ မဆဲရေးရခြင်း၊ (၇) ဘိက္ခုတို့ ဟောကြား ဆုံးမတိုင်းသာ လိုက်နာရခြင်း၊ (၈) ယနေ့ပြုစသော ရဟန်းငယ်ကလေးအားပင် ညွတ်တွားရိုသေရခြင်း။

ဂရွှမမ္မတရား ၅-ပါး။ ။လူတိုင်း အလေးအမြတ် ပြုအပ်သော 'ငါးပါး သီလ'ကို ခေါ်သည်။

ဂဋ္ဌန် ၁၂-ပါးဆေး။ ။အင်္ဂရိတ်ဝေါဟာရ၊ အာကာသဓာတ် ၁၂-ပါးကို အလေးတူ ထိုးမျက်ထားသည့် ဆေးတမျိုး။

http://www.dhammadownload.com

ဂါရဝ ၃-ပါး။ ။ ၎င်း ၃-ပါးကို လိုက်နာက သားကောင်းရတနာများ ရနိုင်ကြောင်းနှင့် ဥတေနပျို့၌ မုံရွေးဇေတဝန် ဆရာတော် ဆိုသည်။ (၁) မိဘ ၂-ပါးအား ရှိသော လေးစားရခြင်း၊ (၂) ယောကျ်ွမများ အား ရှိသော လေးစားရခြင်း၊ (၃) မိမိလင်သားအား ရှိသော လေးစား ရခြင်း။

ဂါရဝတရား ၆-ပါး။ ။ရှိသေတုပ်ဝပ် လေးမြတ်ရမည့်တရား ၆-ပါး၊ ၎င်းအား လိုက်နာခြင်းဖြင့် ကြီးပွားချမ်းသာနိုင်သည်။ (၁) သတ္ထရိ သဂါရဝ-ဘုရား၌ ရှိသေရခြင်း၊ (၂) ဓမ္မေ သဂါရဝ-တရား၌ ရှိသေရခြင်း၊ (၃) သံဃေ သဂါရဝ-သံဃာတော်၌ ရှိသေရခြင်း၊ (၄) သိက္ခာယ သဂါရဝ-ကိုယ်ကျင့်တရား၌ ရှိသေရခြင်း၊ (၅) အပ္ပမာဒေ သဂါရဝ- မမေ့မလျော့ မှု၌ရှိသေရခြင်း၊ (၆) ပဋိသန္ထာရေ သဂါရဝ-မိတ်ဖွဲ့စေ့စပ်မှု၌ ရှိသေရခြင်း။

ဂါရဝတရား ၁၀-ပါး။ ။ဗုဒ္ဓဘာသာဝင် လူတိုင်း လိုက်နာရှိသော လေးစား ရမည့် အရာဆယ်ပါး၊ ဤကား အင်္ဂုတ္တိရ်လာ တူရာပေါင်း၍ ပြလိုက် သည်။ (၁) ဗုဒ္ဓ ဂါရဝ-ဘုရားရှင်အား လေးစားရခြင်း၊ (၂) ဓမ္မ ဂါရဝ-တရားတော်အား လေးစားရခြင်း၊ (၃) သံဃဂါရဝ-သံဃာတော်အား လေးစားရခြင်း၊ (၄) သိက္ခာ ဂါရဝ-ကျင့်ကြံလေ့လာမှု၌ လေးစားရခြင်း၊ (၅) သမာဓိ ဂါရဝ-တည်ကြည် ဖြောင့်မှန်မှု၌ လေးစားရခြင်း၊ (၆) အပ္ပမာဒ ဂါရဝ- ကောင်းမှုမင်္ဂလာ၌ မမေ့မပေါ့ လေးစားရခြင်း၊ ၇)ပဋိသန္ထာရ ဂါရဝ-ပေါင်းသင်း ဆက်ဆံမှု ပြေပြစ် ချောမောရေး၌ လေးစားရခြင်း၊ (၈) ဟီရီ ဂါရဝ-မကောင်းမှု ပြုလုပ်ရမည်မှ ရှက်ခြင်း၌ လေးစားရခြင်း၊ (၉) ဩတ္တပ္ပ ဂါရဝ-မကောင်းသောအလုပ် ပြုလုပ် ရမည်မှ ကြောက်ခြင်း၌ လေးစားရခြင်း၊ (၁၀) အညမည ဂါရဝ-အချင်းချင်း အတူနေသူများအား တဦးကိုတဦး လေးစားရှိသေမှု ရှိရခြင်း။

ဂီတအသံ ၇-တန်။ ။ (၁) တပေါက်သံ, ပုလဲ့ သံလတ်, မဇ္ဈိမ, သဖြုန်, သံဖျား, တေျာ, ကြိုးကြာသံ၊ (၂)နှစ်ပေါက်သံ, ဒူရကသံ, ဂန္ဓာရဆိတ်သံ၊ (၃) သုံးပေါက်သံ, ပြည်ကောင်သံ, နွားလားဥသဘသံ၊ (၄) ခေးပေါက် သံ, အောက်ပြန်သံ, ဥဩဂ်ာသံ၊ (၅) ငါးပေါက်သံ, မြင်းစိုင်းသံ, ခြင်္ကြေးခရာသံ, ဥဒေါင်းသံ၊ (၆) ခြောက်ပေါက်သံ, ခြောက်သွဲ့သံညွှန့်,

http://www.dhammadownload.com

[ဂုံ + ဂ + မံ။ ဂု + ဏ်။]

မြင်းဟိသံ၊ (၇) ခုနစ်ပေါက်သံ, ညှင်းလုံး, ဆင်အော်သံ, ရထံ, သံရိုး လည်းဟူ၏။

ဂုံဂမံမျိုး ၄-ပါး။ ။ထင်းသရုပ်ကို (ကုံကုမံမျိုး ၄-ပါး) ၌ ပြခဲ့ပြီ။

ဂုဏ်ဆယ်ပါးလာ၊ အလင်္ကာ၊ ဂါထာ ကဗျာဖွဲ့။ ။ပါဠိဘာသာနှင့် ကဗျာ လင်္ကာ စီကုံးဖွဲ့နည်းရာ၌ ယဉ်ကျေးမှု အလင်္ကာဂုဏ် ဆယ်ပါး၊ ၎င်းကိုပင် "သဒ္ဒါလင်္ကာရ ၁၀-ပါး" ဟုလည်း ခေါ်သေး၏။

(၁) ပသာဒ-ဂုဏ်-ကိလိဋ္ဌနှင့် ဗျာကိဏ္ဏဒေါသလွတ်၍ နှစ်သက် ကြည်ရွှင် ဘွယ်သော စီကုံးမှု။

(၂) သုခုမာ လတာ ဂုဏ်-သံရှည် သဲသေး နှစ်သက် ကြည်အေးဘွယ် အက္ခရာများပြီး, သံဟိန်း သံဝါ အက္ခရာအနည်းငယ်ညှပ်၍ စီကုံး သော အဖွဲ့အန္ဆာမျိုး။

(၃) မဓုရတာ ဂုဏ်-ကာရန်တူ, ဌာန်တူ, သတ်ပုံတူတို့ကို များများသုံး၍ ချိုသာစွာ စီကုံးသွားမှု။

(၄) သမ တာ ဂုဏ်-သံပြင်း သံညှင်း အက္ခရာတို့ကို အညီအမျှ ထည့်သွင်း စီဂ ထားသော ဂါထာ ကဗျာ လင်္ကာမျိုး။

(၅) ဩဇာ ဂုဏ်-သဒ္ဒါအနက်တို့၌ နေရာအားလျော်စွာ ကျဉ်းချုံး ကျယ်ခွဲမှုနှင့် ဒဗ်ပုဒ်ချင်း ဆက်စပ်သုံးနှုန်းမှုတို့ကို အများဆုံး ပါဝင်စေခြင်းငှာ ကုံးမှု။

(၆) သိလေသ ဂုဏ် ချောမောပြေပြစ် ကျစ်လစ် စေ့စပ်သော အဖွဲ့ အန္ဆာမျိုး။

(၇) ဥဒါရတာ ဂုဏ်-ထူးထွေကဲလွန်သော ဂုဏ်တို့ကို ထိုဂုဏ်အောက် မယုတ်လျှိုးစေဘဲ အံ့ချီးမိုးမြွောက် လက်ဖျောက်တီးခတ်လောက် အောင် စီကုံးထားမှု။

(၈) ကန္တိဂုဏ်-ကြီးကျယ်သော စကားလုံး ဖြစ်ငြားသော်လည်း လေလုံး ထွားသည်ဟု မဆိုသာ၊ နှစ်သက်ဖွယ် ဖြစ်အောင် စီကုံးရေးသား မှုမျိုး။

(၉) အတ္ထ ဗျတ္တိ ဂုဏ်- အနက်အဓိပ္ပါယ် သိလွယ် ပေါ်လွင်အောင် ပြသော အစီအကုံးမျိုး။

http://www.dhammadownload.com

(၁၀) သမာဓိ ဂုဏ်-မုခ္ဂ မဟုတ် နှိုင်းယှဉ်တင်စား ဥပစာအားဖြင့် ဖွဲ့ဆိုထားမူ။

ဏ်တော်ထူတ်ဖျ၁း၊ အမြတ်ထား၊ အပြား ၃-မျိုးဆို။ ။လောကသားတို့ အထူတ်အမြတ်ထား၍ ကိုးစားအောက်မေ့ ပွားများကြသော "ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်" ၎င်းသုံးပါးကို ဆိုသည်။

ဂေါ်စရရှုပ် ၇-ပါး။ ။အာရုံဖြစ်သော ရှုပ်တရားစု ၇-ပါး။ ၎င်းသရုပ်ကို (ရှုပ်ဒုက-ပါး)၌ ကြည့်ပါ။

ဂျပ်မျိုး ၉-ပါး၊ မြွေငါးများ၊ ကျက်စား၊ မြစ်ပင်လယ်။ ။မြွေဦးခေါင်း ငါးမြီးရှိသော ရေ၌နေသည့် မြွေဆိုး မျိုးများ။ (၁) ဂျပ်မဲ့၊ (၂) ဂျပ်နှက်၊ (၃) ဂျပ်ဝါ၊ (၄) ဂျပ်နီ၊ (၅) ဂျပ်ညို့မှိုင်း၊ (၆) ဂျပ်ရွှေဝါ၊ (၇) ဂျပ်လုံး၊ (၈) ဂျပ်ရက်ဖောက်၊ (၉) ဂျပ်ငန်း။

ဂ္ဂတ်မျိုး ၂-ပါး။ ။(၁) ဂ္ဂတ်ရိုးရိုး၊ (၂) ဘော်နင်းဂ္ဂတ်ဟု ဓာတ်သတ္တုကျမ်းတို့၌ လာသည်။

ဂ္ဂြိဟ်ကြီး ၈-လုံး။ တနည်း ၉-လုံး။ ။ဂ္ဂြိဟ်သက် နေရပ်နှင့်တကွ ဖြေလိုက်သည်။ (၁) တနင်္ဂနွေ၊ ဂဠုန်ရုပ်၊ အရွှေမြောက်ထောင့်၊ ၆-နှစ်၊ (၂) တနင်းလာ၊ ကျားရုပ်၊ အရွှေအရပ်၊ ၁၅-နှစ်၊ (၃) အင်္ဂါ၊ ခြင်္သေ့ရုပ်၊ အရွှေတောင်ထောင့်၊ ၈-နှစ်၊ (၄) ဗုဒ္ဓဟူး၊ ဆင်ရုပ်၊ တောင်အရပ်၊ ၁၇-နှစ်၊ (၀) စနေ၊ နဂါးရုပ်၊ အနောက်တောင်ထောင့်၊ ၁၀-နှစ်၊ (၅) ကြာသပတေး၊ ကြွက်ရုပ်၊ အနောက်အရပ်၊ ၁၉-နှစ်၊ (၈) ရာဟု၊ ဟိုင်းဆင်ရုပ်၊ အနောက်မြောက်ထောင့်၊ ၁၂-နှစ်၊ (၆) သောကြာ၊ ပူးရုပ်၊ မြောက်အရပ်၊ ၂၁-နှစ်။

မှတ်ချက်။ ။အထက်ပါ ဂ္ဂြိဟ်ရှစ်လုံးထဲသို့ ကိတ်ဂ္ဂြိဟ် တလုံး ထည့်လိုက်က ဂ္ဂြိဟ်ကြီး ၉-လုံး ဖြစ်၏။

ဂ္ဂြိဟ်ကြီး ၉-လုံး။ တနည်း။ ။အနောက် (ဥရောပ)နိုင်ငံတို့၌ ဗေဒင်ပညာရှိတို့ ယူဆဟောပြောကြသည်၊ ၎င်းတို့သည် တနင်းလာ (လ) ဂ္ဂြိဟ်ကို ကမ္ဘာ၏ အရံဂ္ဂြိဟ်ဟု ဖယ်ထားကြသည်၊ တနင်္ဂနွေ (နေ) ဂ္ဂြိဟ်ကိုမူ ဂ္ဂြိဟ်အပေါင်းတို့၏ မိခင်ဖြစ်၍ ဂ္ဂြိဟ်အပေါင်းတို့က ၎င်းတို့၏ မိခင် (နေ)ဂ္ဂြိဟ်အား လှည့်လည်သွားနေရသောကြောင့် ၎င်းကိုလည်း မရေ

http://www.dhammadownload.com

တွက်ကြကုန် ဟူ၏။ (၁) အင်္ဂါ၊ (၂) ဗုဒ္ဓဟူး၊ (၃) ကြသပတေး၊ (၄) သောကြာ၊ (၅) စနေ၊ (၆) ယူရေနပ်၊ (၇) နက်ပ်ကျွန်း၊ (၈) ပလူတိုး၊ (၉) ကျွန်ုပ်တို့နေသော ဤကမ္ဘာဂြိုဟ် ဟူသတည်း။

ဂြိုဟ်နေ ဂြိုဟ်သွား၊ မျိုး ၄-ပါး။ ။ကောင်းကင်ဂြိုဟ်တို့၏ သွားလာ လှည့်ပတ်မှုဥစ္စာ မှန်ကန်ခြင်း, ဖောက်ပြန်ခြင်းတို့ကို ဆိုသည်။ (၁) သီဟဇာ-မိမိသွားရမည့် ရာသီခွင်ကို ခုန်ကျော်၍ ရှေ့သို့သွားခြင်းမျိုး၊ (၂) ဗျာ္ဃဇာ-ရှေ့သို့မသွားဘဲ နောက်သို့ပြန်ခုန် ဆုတ်နစ်ခြင်းမျိုး၊ (၃) နိယတ္တိ-ရာသီခွင်တခုဌ် မိမိနေရမည့်အချိန်ထက် ပိုမိုရပ်တည်၍ နေခြင်းမျိုး၊ (၄) သမ္မာဂတ-မိမိနေရမည့် ရာသီခွင်၌ အချိန်စေ့နေ၍ အချိန်မှန်, ရာသီခွင်မှန် ပြောင်းရွှေ့သွားလာခြင်းမျိုး။

[ဃ]

ဃောသအက္ခရာ ၂၁-လုံး။ ။ဂါထာ မန္တန် အင်းအိုင်စသည်တို့၌ ဟိန်းဟိန်း ပြင်းပြင်း ရွတ်ဖတ်ရသော သက္ကဋကျမ်းလာ အက္ခရာမျိုး၊ ဂ, ဃ, ဇ, ဓ,ဈ,ဉ, ဥ,ဝ,ဏ, ဒ,ဓ,န, ဗ,ဘ,မ, ယ,ရ, လ,ဝ,ဟ,ဠ။

[ဇ]

ဇရဲကြီး ဂ-ထပ်။ ။ချမ်းသာမရှိ ဆင်းရဲအတိပြီးသော အရပ်ကြီး ရှစ်ပါး။

(၁) သိဋ္ဌိစ်း ဇရဲ၊ သံပုနပ္ပုန် ဇီဝန္တိ ဘွာတိ သဋ္ဌေဝါ- ဘယ်လိုပင် သတ်ဖြတ် ညှဉ်းဆဲသော်လည်း ကံ မကုန်သမျှ အဖန်ဖန် အသက်ရှည်၍ ခံနေရသော ဇရဲ။

(၂) ကာဠသုတ် ဇရဲ၊ ကာလ သုတ္တံ ထပေတွာ တစ္ဆန္တိ ဘွာတိ ကာဠသုတ္တော-မည်းနက်သော တမျှင်းကြိုးဖြင့် ချုတိုင်း၍ သစ်ရွေသလို တကိုယ်လုံး ခုတ်ရွေလီးဖြတ် ခံရသော ဇရဲ။

(၃) သံဃာဟ ဇရဲ၊ သံ ဃန္ထေန္တိ ဘွာတိ သံဃာတော- သံတောင်းသံခဲကြီးတို့ဖြင့် အဖန်ဖန်လှိမ့်မွေ့ ကြိတ်ချေ ညှဉ်းဆဲခံရသော ဇရဲ။

(၄) ဇာလ ဏေရုဝ ဇရဲ၊ မဟာဇရံ ရဝန္တိ ဘွာတိ ဏေရုဝေါ-မီးတောက်မီးလျှံတို့ဖြင့် အဖန်ဖန် နှိပ်စက်ခံရ၍ ကျယ်လောင်စွာ ဟောက်ဟစ် မြည်ဟည်းကြွေးသော အသံရှိသည့်-ဇရဲ။

http://www.dhammadownload.com

(၅) ဓူမ ဏောရဝ ငရဲ၊ မီးခိုးမီးအုံတို့ဖြင့် ပိတ်နှုံးနှိပ်စက်ခံရ၍ ကယ်ပါ ယူပါ ပြင်းစွာ အော်မြည်နေရသော ငရဲ။ (အခြို့စာ၌ 'ဏောရဝ, မဟာဏောရဝ' ဟု ရှိသည်။)

(၆) တာပန ငရဲ၊ တာပေတိတိ တာပနော- သံတံကျင်ကြီးတို့ဖြင့် ထိုးဖောက်ပြီး တကိုယ်လုံး မီးလျှံစွဲအောင် သံထွေးခဲထံ၌ အမြဲ ကင်ဖုတ်ခံနေရသော ငရဲ။

(၇) ပတာပန ငရဲ၊ ပတာပေတိတိ ပတာပနော-အသံ့ ရဲပြောင်သော သံတောင်ကြီးပေါ်သို့ ရိုက်နှက် မောင်းတင်စေလျက် မြေထက်၌ စိုက်ထောင်ထားသော လှံသွားများပေါ်သို့ ဦးခေါင်းပြောင်းပြန် ကျစေသော ငရဲ။

(၈) အဝီစိ ငရဲ၊ နှတ္ထိ ဝိစိ ထွောတိ အဝီစိ-ဣငရဲ၌ မီးလျှံနှင့် ငရဲသား ရော ဆင်းရဲဒုက္ခတို့ပါ အကြွားမရှိ ပြည့်နှက်လျက်သာ နေသည် ဟူလို။

ငရဲ-ယ်မျိုး ၅-ပါး၊ ပေါင်း ၂၀။ ။ဥပရိပဏ္ဏာသ ။ပါ။ ၂၂ ခု။ ၎င်း။၌။ ၁၆၈။ ငရဲကြီး တထပ်၌ လေးမျက်နှာရှိရာ တမျက်နှာလျှင် အောက်ပါ ငရဲငယ် ၅-မျိုးစီ ခြံရံနေရကား ငရဲကြီးတထပ်၏ ပတ်ဝန်းကျင်၌ ငရဲငယ် ပေါင်း ၂၀-ဟု ခေါ်ဝေါ်အပ်၏၊ ၎င်းငရဲငယ်များကို ပါဠိလို 'ဥဿဒငရဲ' ဟု ခေါ်၏၊ ဥဿဒ, သဒ္ဒါကား အများအပြားကို ဟောသည်၊ ဤ၌ ဒေဝဒူတသုတ်လာ ငရဲငယ်မျိုး ငါးပါးကို ပြလိုက်သည်၊ အခြို့နေရာ၌ ၄-ပါး ၄-လီ ၁၆-ပါး ဟုလည်း လာရှိ၏။

(၁) ဂူထ ပုတိက ခေါ် ဘင်ပုပ်ငရဲ-ပိုးလောက်ကောင် ဆင်၏လည်ပင်း, လေ, ပိန်းကောငယ်မျှ ကြီးမားပေါများလျက်ရှိသော မစင်ဘင်ပုပ် တွင်းကြီး၌ နစ်မြုပ် ထိုးကိုက်ခံရသော ငရဲ။

(၂) ကုက္ကုလုဏ္ဍ ခေါ် ပြာပူငရဲ-အလျှံရဲရဲထသော မီးခဲတို့ကို အလွန် အမင်းပူပြင်းသော ပြာပူတို့က ဖုံးဖိထားသော ကျင်းထဲ၌ကျ၍ ဆင်းရဲခံနေရသော ငရဲ။

(၃) သိမ္မလိ ခေါ် လက်ပံတော ငရဲ-အလွန်ရှည်သော လက်ပံဆူးတို့က ငရဲသား အပေါ်တက်လျှင် အောက်ဖက်သို့ ထက်သောအဖျား

http://www.dhammadownload.com

လှည့်နေလျက်၊ အောက်ဆင်းပြန်က အထက်သို့ အဖျားလှည့်နေကြသော ငရဲ။

(၄) အသိပညာ**ခေါ်** သံလျက်တော ငရဲ-ဒါး, လှံ, သံလျက်နှင့်တူသည့် အရွက်တွေ ပေါများကြွေကျသော သံလျက်ပင် တောထဲ၌ ပြေးမလွတ်အောင် ဆင်းရဲဒုက္ခ ခံနေရသော ငရဲ။

(၅) ခါးထောဒက ခေါ် ကြိမ်ပိုက်မြစ်ငရဲ-ကြိမ်ဆူး ကြိမ်ပိုက်တွေ အထပ်ထပ်ရံလျက် ခါးငန်စပ်ပူသော ရေရှိသည့်မြစ်ထဲ၌ ကူးမလွတ်အောင် ဆင်းရဲခံနေရသော ငရဲ။

ငရဲငယ် ၁၀-ပါး -တနည်း။ ။ထိုငရဲဆယ်ပါး၏ သရုပ် အဓိပ္ပါယ်များကို **အောက်ပါ မဟာဒေဝ လက်ဝဲစကားဖြင့်** သိကြရာ၏။ "**ထိုပြိုနောက်မှ၊ ဥဿဒ၏၊ ပြင်ကပတ်ခြံ၊ စပ်ကာရံသား၊** ဆူလှိုပွပွ၊ ပွက်ပွက်ထလျက်၊ ကြွကြွတက်ဝေ၊ ကြေးသံရေနှင့်၊ မသေ မသက်၊ သိပ်သိပ်ဂန္ဓကိုဖြင့်၊ ကျွက်ကျွက်အုံ့တ်အုတ်၊ တရွတ်ရွတ်လျှင်၊ ချက်ဖြုတ်ဘွားဘွား၊ **သားငါး** ချဉ်ချို၊ ဟင်းဒယ်ကျိုရှိ၍၊ ကြိုကြိုကြားကြား၊ ရှောင်ရှားထွက်ခွါ၊ လွတ်ရာ**မရာ၊ ကြောက်ဖွယ်စွလျှင်၊ လောဟကုမ္ဘီ၊** ကြေးနီအိုးကြီး၊ ညီးညီးပူကဲ့၊ ငရဲတခွင်၊ ရဲချင်ချင်နှင့်၊ ထိလျှင်ရှစူး၊ သင်ဓုန်းဦးသို့၊ အဆူးရှည်လံ၊ **ဝင်းဝင်းလှိုဿည်၊ ဃက်ပံငရဲ၊** လွန်ကဲချက်ချက်၊ မြမြထက်သား၊သန်လျက်လက်သည်း၊ အော်မြည်ကြည်းလျက်၊ လန့်ကျည်းပြင်းစွာ၊ ကုတ်ကျစ်ကာလျှင်၊ခံရာမချို၊ ကြောက်ဘွယ်တိုဖြင့်၊ **အသိနဒ၊** မည်ရမလဲ၊ ငရဲတာန်၊ **စီးဟန်သက်သက်၊** ဆူကြွက်ကြွက်နှင့်၊ ပွက်ပွက်လှိုဝေ၊ ကြေးနီရေဟု၊ ပူထွေလွန်မော၊ **တဓမ္မာဒက၊** မည်ရမလဲ၊ ငရဲတထွေ၊ သံတွေညီးညီး၊ အရှိန်ကြီးလျက်၊ မီးကြီးအလှိုး၊ တောက်ပိုပူလော၊ **အယောဂုဠ၊** အမည်ရသား၊ နာမခေါ်မြဲ၊ ငရဲတချက်၊ ကြောက်မက်စဖွယ်၊ ကြီးကျယ်ဖြိုးမြင့်၊ မိုးနှင့်တမျှ၊ မီးလှိုထလျက်၊ **ဃလဟတ၊** မည်ရပြောင်ပြောင်၊ သံမီးဆောင်နှင့်၊ကျောက်တောင် တခဲ၊ ငရဲတဆစ်၊ ပူအစ်ထန်ပြင်း၊ စပါးဖျင်းသို့၊ စီးဆင်းလှိုခြောင်း၊ ခိုးထောင်းထောင်းနှင့်၊ မြစ်ချောင်းတူလှ၊ ဆူပွက်ထသား၊ **ဘုသနဒီ၊ သညီမှတ်စွဲ၊** ငရဲတမျိုး၊ လှိုခိုးမရှိန်၊ မထိန်မတောက်၊ **မနောက်မခဲ၊** မရဲမချဉ်၊ **မီးလွတ်စင်လည်း၊** ရိုးခြင်ဆီတွင်း၊ **အကုန်ချင်းအောင်၊** ထွင်း၍ ကျဉ်၊ ရေအယဉ်သို့၊ ရှောင်ကြဉ်မဖြစ်၊ ဆင်းရဲနစ်သား၊

http://www.dhammadownload.com

မြစ်ပမာဏ၊ သီတနဒီ၊ ဤလည်းလွန်ကဲ၊ ငရဲတသီး၊ ကျားကြီးဆင်ပေါက်၊ လောဟိကျောက်သို့၊ လန်ကြောက်ဖွယ်လို၊ မျက်စိချင်းချင်း၊ စွယ်ဝင်းဝင်းနှင့်၊ ကောက်ချင်း ရှက်ထွေး၊ တောင်ပြေး မြောက်ရစ်၊ အော်ဟစ်မြူးခုန်၊ သဲသဲတုန်အောင် ဝိုင်းကုန်အုန်းအင်း၊ ဗြုန်းဗြင်းဆူဝေ၊ မြင်ရုံသေမျှ၊ ခွေးရွေ့ခွေးနက်၊ ကျားထက်ဆိုးကျူး၊ ခွေးဘီလူးတို့၊ ရှူးရှူးရှင်ရှင်၊ ရွတ်ရွတ်ငင်၍၊ လျင်လျင်ကြွတ်ကြွတ်၊ ပြေးမလွတ်အောင်၊ ကျွတ်ကျွတ်မျိုဝါး၊ ဟပ်စားကိုက်ခဲ၊ ခွေးငရဲဟု၊ ခေါ်မြဲတရပ်၊ ကြံညှပ်ယန္တရား၊ စက်အလားသို့၊ ထွားထွား ညက်ကြိတ်၊ မည်ကျိတ်ကျိတ်နှင့်၊ ကြောက်ထိတ် ဖွယ်ကြီး၊ တတီးတီးတည့်၊ ယိုစီးအယဉ်၊ ညီးညီးပျဉ်၍၊ မစဉ်တရစ်၊ ကိုယ်လုံးနစ်မျှ၊ သွေးချောင်းကျသား၊ ယန္တပါသာ၊ သညာမည်စွဲ၊ ငရဲတပုံ၊ လုံးစုံဘော်ပြ၊ ယမလောကီ၊ တွင်ညီခေါ်ရိုး၊ ဤဆယ်မျိုးလည်း၊ ကြောက်စိုး လန့်ဘွယ်။

လျင်လှုပ်ခြင်း အကြောင်း ၉-ပါး။ ။အကျဉ်းမျှဖြေသည်၊ အဋ္ဌဂုတ္တရ။ပါ။ ၁၂၈။ဋ္ဌ။ ၂၄၇-၌ ဂ-ပါး လာ၏၊ ၎င်း။ပါ။ ၁၃၂ ။ဋ္ဌ။ ၂၅၀-တို့၌ ရှုပါ။ (၁) ဓာတုကွေ့ဘာ ခေါ် ဓာတ်ချောက်ချား၍ တုန်လှုပ်ခြင်း တမျိုး၊ "အပူဓာတ် အအေးဓာတ် လွန်ကဲပြင်းထန်၍ လှုပ်ခြင်းမျိုးဟူ၏၊" (၂) ဣဒ္ဓိမန္တပုဂ္ဂိုလ်၏ တန်ခိုးကြောင့် လှုပ်ခြင်း၊ (၃) နေမိတ္တက ခေါ် သာမန် လူသားတို့၏ ကောင်းဆိုး နိမိတ်အတွက် လှုပ်ခြင်း၊ (၄) ဘုရားအလောင်း ပဋိသန္ဓေနေ၍ လှုပ်ခြင်း၊ (၅) ဘုရားအလောင်း ဖွားမြင်၍ လှုပ်ခြင်း၊ (၆) ဘုရားအဖြစ်သို့ ရောက်တော်မူ၍ လှုပ်ခြင်း၊ (၇) ဓမ္မစကြာဒေသနာကို ဟောတော်မူ၍ လှုပ်ခြင်း၊ (၈) အာယုသင်္ခါရ လွှတ်တော်မူ၍ လှုပ်ခြင်း၊ (၉) ပရိနိဗ္ဗာန် ပြုတော်မူ၍ လှုပ်ခြင်း။

c သတ် ကာရန်၊ ဓရးထုံးမှန်၊ ၉-တန် မြန်မာ့နည်း။ ။မြန်မာ့ ရေးထုံးကာရန်ငယ် အသံ ၆-ပါးကို ပြရာ၌ "အင့်,အင့်,အင်း၊ အိုင့်,အိုင့်,အိုင်း၊ အောင့်,အောင့်,အောင်း"ဟု ပညာရှိများ မှတ်သားထားကြ၏။

ငါးကြီး ဂ-စင်း။ ။နိဒါနဝဂ္ဂသံယုတ် ။ဋ္ဌ။၈၁။ သုတ်မဟာဝါ။ဋ္ဌ။ ၇၇-၌ အကျယ်ရှုလေ။ (၁) အာနန္ဒာ ငါးကြီးမျိုး- အလျား ယူဇနာ ၁၀၀၀-

http://www.dhammadownload.com

ရှိ၏၊ (၂) တိမိနန္ဒာ ငါးကြိမ်မျိုး-အလျားယူဇနာ ၁၀၀၀-ရှိ၏၊ (၃) အဇ္ဈာ ရောဟ ငါးကြိမ်မျိုး- အလျားယူဇနာ ၁၀၀၁-ရှိ၏၊ (၄) မဟာတိမိ ငါးကြိမ်မျိုး- အလျားယူဇနာ ၁၀၀၀-ရှိ၏၊ (၅) တိမိရ ပိင်္ဂလ ငါးကြိမ်မျိုး- အလျားယူဇနာ ၅၀၀-ရှိ၏၊ (၆) တိမိပိင်္ဂလ ငါးကြိမ်မျိုး-အလျားယူဇနာ ၄၀၀-ရှိ၏၊ (၇) တိပိင်္ဂလ ငါးကြိမ်မျိုး- အလျားယူဇနာ ၃၀၀-ရှိ၏၊ (၈) တိမိ ငါးကြိမ်မျိုး-အလျားယူဇနာ ၂၀၀-ရှိ၏။

မှတ်ချက်။　။အဘိဓာနပ္ပဒီပိကာခေါ် မာဂဓအဘိဓာန်နှင့် ဇင်းဋ္ဌီကာ ဋ္ဌကား- တိပ်ိင်္ဂလမှ တပါး ၇-မျိုးသာ လဲ့သည်၊ မဟာနိဒါန သုတ် '၊မ္ဘီရုဘာဝသော'ပုဒ် အဖွင့်ဋ္ဌကား ယူဇနာနှင့် တကွ ရှစ်မျိုးကို အထက်ပါ အတိုင်း ဖွင့်ပြထားလေသည်၊ ကေက နိပါတ် နိစ္စဇာတ် အဋ္ဌကထာနှင့် တကွ အခြား ကျမ်းပေါင်း များစွာတို့ဋ္ဌလည်း အမည်ကွဲ ယူဇနာကွဲအားဖြင့် လာရှိကြ သေး၏၊ သို့သော် ဤဋ္ဌ ကျယ်မည်စိုး၍ မပြတော့ပြီ၊ အဘိဓာန် နိသျသစ် ဆရာကား ၎င်း ငါးတို့ကို 'ဝေလငါး'ဟု ဘာသာ ပြန်ထား၏။

ငါးပါး အင္ဂလီ၊ ပဏာဒျိ၊ မျိုးမည် ခဲ့ခြားသိ။　။၎င်း၏ သရုပ် အဓိပ္ပါယ် (အင္ဂလီ ၅-သွယ်၊ သိမှတ်ဖွယ်)၌ ကြည့်ပါ။

ငါးပါး သီလ။　။ခုဒ္ဒကပါဋ္ဌ။ပါ။၁။ဋ္ဌ။ ၁၆-မှ ၂၃-ထိ အကျယ်ရှုပါ။ ကံ ၅-ပါးလည်း ခေါ်သည်။ ကမ္မာသူ ကမ္မာသားတို့ အမြဲစောင့်ထိန်းရသော ကမ္မာစောင့်တရား ငါးပါး။　(၁) ပါဏာတိပါတာ ဝေရမဏိ- သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၂) အဒိန္နာဒါနာ ဝေရမဏိ-သူ့ဥစ္စာကို ခိုးခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၃) ကာမေသုမိစ္ဆာစာရာ ဝေရမဏိ-သူ့သားမယားကို သွားလာလွန်ကျူးခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၄) မုသာဝါဒါ ဝေရမဏိ-မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၅) သုရာ မေရယ မဇ္ဇ ပမာဒဋ္ဌာနာ ဝေရမဏိ-သေ အရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း။

ဝါးမည်ရ ပြည်ရှေ့ဆို။　။နရုပတိစည်သူမင်း လက်ထက်ကစ၍ ထင်ပေါ်ခဲ့ သော ၅-မည်ရ ရှေဘို၊ (ထုဇဝင် ပညာရှင်တို့ အဆို။)

http://www.dhammadownload.com

(၁) မုဆိုးပို- နရပတိစည်သူမင်းလက်ထက် သူကောင်းပြုခံ မုဆိုး ငပို စတင်တည်ထောင်၍ (မုဆိုး ငပိရွာ) ဟူ၏။

(၂) ကုန်းဘောင်မြို့-စည်ကားလာသောအခါ ချောင်းကို ကုန်းဘောင်ထိုး၍ ပိုမိုအကျိုးရှိသောကြောင့် (ကုန်းဘောင်မြို့) ဟူပြန်သည်။

(၃) ရန်ကြီးအောင်-အလောင်းဘုရားကြီးသည် ဤနေရာမှ ရန်ပြုသူတို့၏ ရန်စွယ် ရန်ငြောင့်အပေါင်းကို အောင်မြင်တော် မူသောကြောင့် (ရန်ကြီးအောင်)ဟု တွင်စေသည်။

(၄) ရတနာသိခ်-အလောင်းဘုရားကြီး မြို့နန်းတည်ပြီးသောအခါ ရတနာအပေါင်းတို့နှင့် ပြည့်စုံ၍ (ရတနာသိခ်)ဟု ဇမ်ကွန်းထိုးပြန်သည်။

(၅) ရွှေဘို-၁၁၉၉-ခုနှစ် နန်းတက်တော်မူသော ရွှေဘိုမင်း၊ကုန်းဘောင်မင်း၊ သာယာဝတီမင်းဟု ၃-မည်ရ ဘိုးတော်ဘုရား၏ မြေးတော်လက်ထက်၌ မုဆိုးပိုကိုပင် သုတိသြဘာ, မင်္ဂလာနှင့် ပြည့်စုံအောင် (ရွှေပို) 'ရွှေဘို'ဟု ခေါ်ဝေါ် သမုတ်ကြပြန်သည်။

ငါးမျိုး ၁၀၀၊ နန်းတွင်းမှာ၊ ရေးကာ ပုံနှင့်ပြ။ ။ပုဂံ ဝန်ထောက်မင်း ဦးတင်ထံမှ မှတ်သားရဘူးသည်၊ နန်းတွင်း၌ သားတော် သမီးတော် များး သိရှိနိုင်ရန် ငါးမျိုး အမည်တို့ကို ပုံစံတူ ပန်းချီ ရောင်စုံနှင့် ရေးဆွဲထားသည် ဟူ၏၊ ထိုပရပိုဒ် ယခုတိုင်အောင် မန္တလေး ဦးကိုကို လတ်ထံ၌ သိမ်းဆည်းထားသည် ဟူ၏၊ ကျွန်ုပ်တို့ မြန်မာအဘိဓာန်ကြီး အတွက် ကိုယ်တိုင် ပင်လယ်ပိုင်းသို့ထွက်၍ သုတေသနပြုခဲ့သော်လည်း ထိုစဉ်က, အမည် မပါသေးသော ငါးမျိုးကိုပင် ဤ၌ တွေ့ရှိရသေးသည်။ ငါးကြင်း၊ငါးသိုင်း၊ငါးစင်ရိုင်း၊ငါးမြစ်ချင်း၊ငါးတင်ဝန်၊ငါးဖယ်လောင်း၊ ငါးခုံးမ၊ ငါးထွေ၊ ငါးရပ်၊ ငါးလိုက် (၁၀)၊ငါးလင်ဝန်၊ ငါးထရွက်၊ ငါးပျက်၊ ငါးပြေမ၊ ငါးသလဲတိုး၊ ငါးစင်စပ်၊ ရင်ပေါင်စာ၊ ငါးစင်းပြား၊ ငါးစင်းလုံး၊ ငါးကြောင်း (၂၀)၊ ငါးဖေါင်ရိုး၊ ငါးမြွေ၊ငါးရွေး၊ ငါးရှဉ့်၊ငါးသန့်၊ ငါးလူး၊ ငါးလဲ၊ ငါးနောက်သွား၊ ငါးမြင်း၊ ရွှေစာရေး၊ (၃၀)၊ ငါးစည်ပူ၊ ငါးအုံတုံ၊ ငါးဘမ်းမ၊ ငါးရုံ့ဒိုင်း၊ငါးတန်၊ ငါးဆင်၊ ငါးမန်း၊ ကကတစ်၊ ကကလောင်၊ ကသပေါင်း၊ (၄၀)၊ ကကူရန်၊ ကဘီလူး၊ ငါးမြင်းကွမ်းစား၊ ငါးပုတ်သင်၊ ငါးခူ၊ ငါးမြင်းကျဉ်ထောက်၊

http://www.dhammadownload.com

ငါးတောက်တဲ့၊ ငါးအိုက်၊ ငါးပုဇွန်း၊ ငါးနွား၊ (၅၀)၊ ငါးကျွဲ၊ ငါးစွန်၊ ငါးသေတ္တာ၊ ငါးပါး၊ ငါးတန်ခွန်၊ ငါးပျံ့၊ ငါးဝင်၊ ငါးနက်ပြာ၊ ငါးကျုတ်၊ ငါးမြောက်၊ (၆၀)၊ ငါးကျောက်ဖူး၊ ငါးလဝါ၊ ငါးမောင်းမ၊ ငါးပြင်လက်၊ ငါးပတ်၊ ငါးလေးထောင့်၊ ငါးရင်ကုန်း၊ ငါးတီ၊ ငါးဘရွဲ၊ ငါးကရား၊ (၇၀)၊ ငါးမြင်းလှ၊ ငါးသံကောက်၊ ငါးကြည်း၊ ငါးသံချိတ်၊ ငါးရောင်၊ ငါးဘိန်း၊ ငါးပတာ၊ ငါးလိပ်၊ ငါးဆကာ၊ ငါးမတာတူ၊ (၈၀) ငါးပယုံ၊ ငါးဖေး၊ ငါးတောက်၊ ငါးလွန်းထိုး၊ ငါးဆော်၊ ငါးနုသန်း၊ ငါးစင်း၊ ငါးဝက်မ၊ ငါးသားတစ်၊ ငါးဘီလူး၊ (၉၀)၊ ရွှေငါး၊ ငွေငါး၊ ငါးနံချောင်၊ ငါးဝိုက်တောင်၊ ငါးပုဇွန်၊ ငါးတန်း၊ ငါးဖြင်တောင်၊ ငါးမြင်းအုပ်ဖား၊ ငါးလကာ၊ ငါးသလောက်(၁၀၀။)

မှတ်ချက်။　။ကျွဲ၌ မပါရှိသေးသော ငါးမျိုးပေါင်းလည်း များစွာရှိသေး၏။

ငါးရာ့ငါးဆယ်။　။ဗုဒ္ဓဘာသာ ဝေဟာရ ငါးရာ့ငါးဆယ်ဟု ဆိုလျှင် ဘုရားဟော ဇာတ်နိပါတ်တော်ဟု ဗုဒ္ဓဘာသာ အဝါးဝသူတိုင်း နားလည်ကြကုန်၏၊ ကျွဲ၌ နိပါတ်အမည်နှင့် ဇာတ်ဝတ္ထုသခိုဏ် မျက်သာအကျဉ်းရုံးရှိ ဖြေသွားမည်။ (၁) ကေကနိပါတ်-အပဏ္ဏကဇာတ်အစ သဠေဝဇာတ် အဆုံး ဇာတ်ဝတ္ထုပေါင်း ၁၅၀-ပါဝင်သည်၊ (၂) ဒုကနိပါတ်-ရာဇောဝါဒဇာတ်အစ ကပိလဇာတ်အဆုံး ဇာတ်ဝတ္ထုပေါင်း ၁၀၀-ပါဝင်သည်၊ (၃) တိကနိပါတ်-သက်ပွဇာတ် အစ ဗကဇာတ် အဆုံး ဇာတ်ဝတ္ထုပေါင်း ၅၀-ပါဝင်သည်၊ (၄) စတုကနိပါတ်-စူဠကလိင်္ဂဇာတ် အစ ဒေဝတာပဉ္ဇဇာတ်အဆုံး ဇာတ်ဝတ္ထုပေါင်း ၅၀- ပါဝင်သည်၊ (၅) ပဉ္စကနိပါတ်-မဏိကုဏ္ဍလဇာတ် အစ ကပေါတဇာတ် အဆုံး ဇာတ်ဝတ္ထုပေါင်း ၂၅- ပါဝင်သည်၊ (၆) ဆက္ကနိပါတ်- အဝါရိယဇာတ် အစ ပါရာဝတဇာတ် အဆုံး ဇာတ်ဝတ္ထုပေါင်း ၂၀-ပါဝင်သည်၊ (၇)သတ္တကနိပါတ်- ကုက္ကုရဇာတ် အစ ပရန္တဇာတ် အဆုံး ဇာတ်ဝတ္ထုပေါင်း ၂၁-ပါဝင်သည်၊ (၈) အဋ္ဌကနိပါတ်-ကစ္စာနိဇာတ် အစ ဒီပိဇာတ် အဆုံး ဇာတ်ဝတ္ထုပေါင်း ၁၀-ပါဝင်သည်၊ (၉) နဝကနိပါတ်-ဂိဇ္ဈဇာတ် အစ တိတ္တိရဇာတ် အဆုံး ဇာတ်ဝတ္ထုပေါင်း ၁၂-ပါဝင်သည်၊ (၁၀) ဒသကနိပါတ်- စတုဒ္ဒါရဇာတ် အစ ဃဋပဏ္ဍိတဇာတ် အဆုံး ဇာတ်ဝတ္ထုပေါင်း ၁၆-ပါဝင်သည်၊ (၁၁)ကောဒသကနိပါတ်-မာတုပေါသကဇာတ် အစ သုပ္ပါဒကဇာတ်

http://www.dhammadownload.com

အဆုံး ဇာတ်ဝတ္ထုပေါင်း ၉-ပါဝင်သည်၊ (၁၂) ဒုဒြဿကနိပါတ်- စူဠက္ကာလဇာတ် အစ မိတ္တာမိတ္တဇာတ် အဆုံး ဇာတ်ဝတ္ထုပေါင်း ၁၀-ပါဝင်သည်၊ (၁၃) တေရသကနိပါတ်- အမ္ဗဇာတ် အစ သရဘင်္ဂဇာတ် အဆုံး ဇာတ်ဝတ္ထုပေါင်း ၁၀-ပါဝင်သည်၊ (၁၄) ပကိဏ္ဏကနိပါတ် ကေဒါရဇာတ် အစ ဘိက္ခာပရံပရဇာတ် အဆုံး ဇာတ်ဝတ္ထုပေါင်း ၁၃-ပါဝင်သည်၊ (၁၅) ဒီသတိနိပါတ်- မာတင်္ဂဇာတ် အစ အယောဃရဇာတ် အဆုံး ဇာတ်ဝတ္ထုပေါင်း ၁၄-ပါဝင်သည်၊ (၁၆) တိံသနိပါတ်- ကိံဆန္ဒဇာတ် အစ ဘဏ္ဍုတိန္ဒုကဇာတ် အဆုံး ဇာတ်ဝတ္ထုပေါင်း ၁၀-ပါဝင်သည်၊ (၁၇) စတ္တာလီသနိပါတ်-တေသကုဏဇာတ် အစ စူဠသုတသောမဇာတ် အဆုံး ဇာတ်ဝတ္ထုပေါင်း ၅-ပါဝင်သည်၊ (၁၈) ပဏ္ဏာသနိပါတ်-ဒ္ဒိလိနိကာဇာတ် အစ မဟာပေါဓိပရိဗ္ဗာဇကဇာတ်အဆုံး ဇာတ်ဝတ္ထုပေါင်း ၃-ပါဝင်သည်၊ (၁၉) သင်္ဃနိပါတ်- သောဏဇာတ် အစ သံကိစ္စဇာတ် အဆုံး ဇာတ်ဝတ္ထု ၂-ခု ပါဝင်သည်၊ (၂၀) သတ္တတိနိပါတ်- ကုသဇာတ် အစ သောဏနန္ဒဇာတ် အဆုံး ဇာတ်ဝတ္ထု ၂-ခု ပါဝင်သည်၊ (၂၁) အသီတိနိပါတ်- စူဠဟံသဇာတ် အစ မဟာသုတသောမဇာတ် အဆုံး ဇာတ်ဝတ္ထုပေါင်း ၅-ပါဝင်သည်၊ (၂၂) မဟာနိပါတ်- တေမိဇာတ် အစ ဝေဿန္တရာဇာတ် အဆုံး ဇာတ်ဝတ္ထု ၁၀-ပါဝင်သည်။

မှတ်ချက်။ ။ဤ၌ ဇာတ်ဝတ္ထု အရေအတွက် အားဖြင့် ၅၄၇-ဇာတ် သာ ရှိသည်ကို အဓိကသခ်္ခ်ာ ခေါ် သခ်္ခ်ာပိုအားဖြင့် (၅၅၀) ငါးရာ့ငါးဆယ်ဟု ခေါ်သည်။

ငါးရာနှစ်ဆယ် ရှစ်သွယ်မေတ္တာ။ ။ပဋိသမ္ဘိဒါမဂ်။ ပါ။ ၃၁၃ ။ဋ္ဌ။ ခု-အုပ်။ ၂၀၇။ မေတ္တာစစ်, မေတ္တာမှန်များ၊ အနောဓိသ မေတ္တာ ၅-ပါး၊ ဩဓိသ မေတ္တာ ၇-ပါး၊ ဃေါင်း ၁၂-ပါးကို တည်၊ အဝေရာ ဟောန္တု, အဗျာပဇ္ဈာ ဟောန္တု, အနီဃာ ဟောန္တု, သုခီ အတ္တာနံ ပရိဟရန္တု ၄-ခုနှင့်မြောက်၊ ၄၀-ပါး ရ၏၊ ၎င်းကို အရပ်ဆယ်မျက်နှာနှင့် မြောက်၊ ၄၀၀-ဖြစ်၏၊ ထင်း ၄၀-နှင့် ၄၀၀-နှစ်ရပ်ကို ပြန်၍ပေါင်း ၅၂၀-ရ၏။

ငြင်းခုံဖြင်း၏ အကြောင်းတရား ၆-ပါး။ ။မဟာနိဒ္ဒေသ ။ပါ။ ၁၉၆ ။ဋ္ဌ။ ၃၀၀။ ထိုတရား ၆-ပါးကို ပယ်ရှားဖျောက်ဖျက်ရန်အတွက် ဟောကြား တော်မူသည်၊ **မပယ်ရှားက ငြင်းခုံမှုများ ဖြစ်ပွားတတ်သည် ဟူ၏။**

http://www.dhammadownload.com

(၁) ကောဓနော ဟောတိ ဥပ နာဟီ-အမျက်ဒေါသကြီးခြင်း၊ ရန်ငြိုးဖွဲ့တတ်ခြင်း တရား၊ (၂) မက္ခီ ဟောတိ ပလာသီ-ကျေးဇူးမသိတတ်ခြင်း၊ ဂုဏ်တုဂုဏ်ပြိုင် ပြုတတ်ခြင်းတရား၊ (၃) ဣသုကီ ဟောတိ မစ္ဆရီ-ငြူစူတတ်ခြင်း၊ လျှို့ဝှက်တတ်ခြင်းတရား၊ (၄) သဒ္ဒေါ ဟောတိ မာယာဝီ-စဉ်းလဲကောက်ကျစ်တတ်ခြင်း၊ လှည့်ပတ်ဖြားယောင်းတတ်ခြင်း တရား၊ (၅) ပါပိစ္ဆော ဟောတိ မိစ္ဆာဒိဋ္ဌိ-မကောင်းသော အလိုဆိုးရှိခြင်း၊ မိစ္ဆာအယူ ရှိခြင်းတရား၊ (၆) သန္ဒိဋ္ဌိ ပရာမာသီ ဟောတိ အာဒါနဂ္ဂါဟီ ဒုပ္ပဋိနိဿဂ္ဂီ-အမှားမှုဌ်၌ တယူသန် တစောက်ကန်း အယူသည်းနေခြင်း။

ခြေဒို့ကြီး ၅-စင်း။　။သတ္တဝါတို့၏ အသည်းနှလုံး၌ စူးဝင်ကာ လွန်စွာ နုတ်ရခက်သော ခြေဝင့်ကြီးများ ဟူ၏။ (၁) ရာဂ ခြောင့်-အလိုရမ်မက်၊ (၂) ဒေါသ ခြောင့်-ကြမ်းတန်းပြစ်မှား ဖျက်ဆီးနှိပ်စက်မှု၊ (၃) မောဟ ခြောင့်-မိုက်မဲမှု၊ (၄) မာန ခြောင့်-ငါတကားဟု ပလွှားထောင်တတ်မှု၊ (၅) ဒိဋ္ဌိ ခြောင့်-မှားသော အယူအစွဲ။

ခြောင့်ကြီး ၇-စင်း၊ တနည်း။　။ပုထုဇဉ်တို့ ရင်တွင်းမှာ မကြာခဏ ဝင်စူးခံကြရသော ခြောင့်များ ဟူ၏။ မဟာနိဒါနဝဂ္ဂသံယုတ် ။ပါ။၃၂၄။၌ ၃၇-၌ အကျယ်ရှုပါ။ (၁) ရာဂ သလ္လ၊ (၂) ဒေါသ၊ (၃) မောဟ၊ (၄)မာန၊ (၅) ဒိဋ္ဌိ၊ (၆) သောက၊ (၇) ကထံကထာ သလ္လ။

ငှက်မျိုး ၄-ပါး၊ မွေးမြူထား၊ စီးပွား ချမ်းသာတိုး။　။ငင်း သရုပ်ကို (အိမ်မှာမွေးထား ငှက် ၄-ပါး)ဟူသော ပုစ္ဆာဌ် ဆိုခဲ့ပြီ။

ငှက်မြတ်နှာတွင်၊ ထုံးတမ်းဝင်၊ ၄-အင် ငှက်မျိုး အဘယ်နည်း?　။ဗုဒ္ဓဘာသာဝင်တို့ တည်ထား ကိုးကွယ်ကြသည့် ပုထိုးစေတီ၏ မကိုဋ္ဌ် စိန်ဖူးအောက်တွင် ပါဝင်သော ငှက်မြတ်နှာခေါ် ဝတ္ထုဌ် ထည့်သွင်း ပြုလုပ်ရသည့် ငှက်မြတ်မျိုး ၄-ကောင်ကို ရှေးဆရာများထံမှ (ဟင်း, လင်း, ကြက်, ကျေး၊ ငှက်မြတ်လေးကောင်၊ ထည့်ဆောင်လုပ်ထား၊ ငှက်မြတ်နှာဟု၊ ခေါ်ငြားသမှု၊ လူတို့ပြု၏) ဟူသော ပေါရာဏိက ပရိဘာသာကို ကျောင်းသားဘဝက လက်ရေးစာအဖြစ် ကျက်မှတ်ထားဘူး၏၊ ကြောင်းရင်းအဓိပ္ပါယ်မှာ။ (၁) ဟင်း-ဟင်းသာ ငှက်မြတ်၊ (၂)လင်း- လင်းမြီးဆွဲ ငှက်မြတ်၊ (၃) ကြက်-ကြက်ဖ ငှက်မြတ်၊ (၄) ကျေး-ကြက်တူရွေး ခေါ် ကျေးငှက်မြတ်၊ ပေါင်း ၄-ပါး ဟူ၏။

http://www.dhammadownload.com

[စ]

ဴ ၄-ပါး။ ။သုတ်ပါဠိဌေယျ။ပါ။ ၂၃၀။ဌ။ ၂၄၃။ လိုရာကိစ္စပြီးစီးပြည့်စုံမှုအတွက် သမ္ဘတ္တိစတ် ၄-ပါး၊ ဒသုတ္တရသုတ်အဋ္ဌကထာ။ (၁) ပဏ္ဍိတာနဥ္စ သေဝနစတ်-ပညာရှင်ကို ဆရာတင်မှု၊ 'သပ္ပုရိသူပ နိဿယံ'၊ (၂) ပဋိရူပ ဒေသဝါသ စတ်- ကိုယ့်လုပ်ငန်းဆောင်တာနှင့် သင့်လျော်သော နေရာအရပ်၊ သာသနာတော် စည်ကားရာအရပ်၊ (၃) အတ္တသမ္မာ ပဏိဓိ စတ်-အပြစ်မရှိသော အလုပ်၌ မဖြစ်မနေ ကြိုးစားမှု၊ ပြုပြင်ရေး ဇွဲလုံ့လ၊ (၄) ပုဗ္ဗေစ ကတ ပုညတာ စတ်-အထက်ပါ စတ်သုံးပါးကြောင့် မိမိတို့ လုပ်ငန်းစဉ်ကြီး တိုးတက်ပြီး ထူးချွန်လာသည့် တိုင်အောင် အကျိုးပေးသော ရှေးကောင်းမှုကံ။

စက္ကဝတ် မင်းမျိုး ၃-ပါး။ ။ဤ၌ စက္ကဝတ် ၃-ပါး သီးခြား ထုတ်မေးသော်လည်း အောက်ပါ "စကြာမင်းမျိုး ၅-ပါး"၌ အကျုံးဝင်သည်သာတည်း။ (၁) စာတုရန္တ စက္ကဝတ္တိ - လေးကျွန်းလုံး စိုးပိုင်သောမင်း၊ (၂) ဒီပ စက္ကဝတ္တိ - ကျွန်းကြီးတကျွန်းလုံးကို စိုးမိုးသောမင်း၊ (၃) ပဒေသ စက္ကဝတ္တိ - ကျွန်းငယ်စုကို အစိုးရသောမင်း။

စကားအရာ အင်္ဂါ ၄-တန်။ ။သဂါထာ ဝဂ္ဂသံယုတ်။ပါ။ ၁၉၀။ဌ။ ၂၄၉။ သုဘာသိတသုတ်။ မိမိတို့ ပြောဆိုသည့် စကားသည် ဤအင်္ဂါ လေးတန်နှင့် ညီညွတ်၍ ကောင်းမွန်ရမည် ဟူ၏။ သဂါထာဝဂ္ဂသံယုတ်၊ ဝင်္ဂီသသုတ်နှင့် သုတ္တနိပါတ် သုဘာသိတသုတ်။ (၁) သုဘာသိတ-ကောင်းစွာ ပြောဆိုရခြင်း၊ (၂) ပိယဝါစာ - ချစ်ဖွယ် နှစ်သက်ဖွယ် ရှိရခြင်း၊ (၃) သစ္စာ-မှန်ကန် ဖြောင့်မတ် တည်ကြည်ရခြင်း၊ (၄) ဓမ္မ-သဘာဝကျ၍ လိုက်နာနိုင်ဖွယ် ရှိရခြင်း။

စကား ၆-ခွန်း လူ၌ထွန်း ၄-ခွန်းရှောင်ခဲ့ ၂-ခွန်းသာ ဟော။ ။ဝိနည်းပါဠိဆိုဇီးကဏ်အဋ္ဌကထာ။ပ-အုပ်။ဂဇ။ မြတ်စွာဘုရားသည် ၁-နှင့် ၂-ကိုသာ ဟောတော်မူသည်။ လူတို့ ပြောဆိုသော စကားအပေါင်းကို သတ္တုခဲလိုက်လျှင် ထိုခြောက်ခွန်းသာ ရသည်ဟူ၏။ (၁) ဟုတ်မှန်၍ အကျိုးရှိပြီး သူလည်းနာလိုသော စကား၊ (၂) ဟုတ်မှန်၍ အကျိုးရှိပြီး သူများမနာလိုသော စကား၊ (၃) ဟုတ်မှန်၏၊ အကျိုးမရှိ သူများလည်း မနာလိုသော

http://www.dhammadownload.com

စကား၊ (၄) မဟုတ် မမှန် အကျိုးရှိ၍ သူများနာလို နှစ်သက်သော စကား၊ (၅) မဟုတ်မမှန် အကျိုးမရှိ သူများနာလို နှစ်သက်သော စကား၊ (၆) မဟုတ်မမှန် အကျိုးလည်းမရှိ သူများလည်း မနာလို မနှစ်သက်သော စကား။

စကားကြီး ၁၀-မျိုး။ ။စကားပြောထုံး နည်းဥပဒေကြီး ဆယ်မျိုးဟူလို။

(၁) ရေကူး ညာတင် စကား - လိုရာဆိပ်ကမ်းကို ရောညာက တင်ကြို၍ ကူးမှ ရောက်သကဲ့သို့ "မိမိလိုရာရောက်အောင် ကြိုတင်၍ စကား ပို့ဖြင့် ပြောဆိုခြင်း။"

(၂) ကောက်ပင် ရိတ်လို့း စကား - ကောက်ပင်ကို လက်တဖက်ဖြင့် မြဲမြံစွာဆုပ်၍ တံစဉ်ဖြင့် အရင်းက ရိတ်ဖြတ်လျှင် လက်တွင်ရှိသမျှ စပါးကို ရသကဲ့သို့ "သူ ဆိုသော စကား မိအောင် ဖမ်းကိုင်ပြီးမှ ပြတ်စဲအောင် ပြောဆိုခြင်း။"

(၃) ရေစီးဖေါင်ဆန် စကား - လိုအင်ဆန္ဒ ရှိသမျှသော အရာဝတ္ထုတို့ကို ဖေါင်တွင်တင်၍ ဖြည်းညှင်းစွာ ဆန်တက်သွားလျှင် လိုအင်ကိစ္စ ပြီးသကဲ့သို့ "ခြေသိမ်း ခေါင်းပို့က်, ပမာ, ပမည်းဟပ်စပ်၍ ပြီးပြတ်အောင် ပြောဆိုခြင်း။"

(၄) အိုးထန် ဆန်ခတ် စကား - အိုးနှင့် ဆန် တန်ရုံထည့်၍ ချက်လျှင် ကောင်းစွာ ကျက်နပ်သကဲ့သို့ "ကိုယ်နှင့် ဂုဏ်အင်တန်ရုံ မယုတ်မလွန် ပြောဆိုခြင်း။"

(၅) ဘဲပုတ် ကျည်မွေ့ စကား - ကျည်မွေ့ဖြင့် အကြိမ်ကြိမ် အထပ်ထပ် ဆီပုတ်လျှင် ဆီထွက်၍ မိမိလိုဘတ် ကိုးပြီးသကဲ့သို့ "လိုရာကိစ္စ ပြီးစေခြင်းငှါ ထိုစကားကိုပင် အထပ်ထပ် ပြောဆိုခြင်း။"

(၆) ဆင်ပေ့ ရန်ရှောင် စကား - ဆင်ထိုးဝေ့ မည်လိုက်လျှင် တိမ်းရှောင်ဖဲသွေ လုတ်ကာ၌ ပြေးလွှဲကာ နေရသကဲ့သို့ "ကိုယ့်ထံသို့ ရောက်မည့် စကားကို ရှောင်လွှဲ၍ ပြောဆိုခြင်း။"

(၇) တောင်သူ ယာခုတ်စကား - တောင်သူ လယ်သမားတို့သည် မိမိတို့ တည်ခုတ်မည့် လယ်ယာမြေကွက်၌ ရှေးဦးစွာ ခြုံပိတ်ပေါင်းနွယ်

http://www.dhammadownload.com

သစ်ပင်ငယ်တို့ကို ခုတ်ထွင်ရှင်းလင်းပြီးမှ သစ်ပင်ကြီးတို့ကို ခုတ်ထွင်ဖိလှဲသကဲ့သို့ "စကားငယ်ကို ပြောဆိုပြီးမှ စကားကြီးကို ဖိစီး၍ ခပြောဆိုခြင်း။"

(၈) ကြက်ဆုတ် ခွပ်ပစ် စကား - ကြက်ခွပ်ရာ၌ နောက်ဆုတ်ဟန်ပြု၍ ခွပ်သာမှ ခွပ် ပစ်သကဲ့သို့ "သူ့စကားအလိုသို့ လိုက်တန်ကဲ့ လိုက်၍ စီးသာမှ စီးလျက် ပြီးပြတ်အောင် ပြောဆိုခြင်း။"

(၉) ရေစစ်ပမာ စကား - ခမ္မကရိဏ် ခေါ် ရေစစ်ကို ရေတွင်နှစ်ခါ ပြည့်မှ အပေါက်ကို ပိတ်၍ ဆွဲယူလိုက်လျှင် ရေမထွက်နိုင်သကဲ့သို့ "သူတပါး ပြောဆိုခွင့်မရအောင် ပိတ်ဆို့၍ ပြောဆိုခြင်း။"

(၁၀) ခက်တင် မောင်းနှင်း-စကား - မောင်းနှင်းသော သူသည် တဖက် လိုက်ပါ တိမ်းစောင်း လွှန်းလျှင် အတင်ခက်၍ မတိမ်းမစောင်း နင်းရသကဲ့သို့ "ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မတင်မကျ ပြောဆိုခြင်း။"

စကားပြောရာ အင်္ဂါ ၁၀-ပါး။ ။ (၁) ကာလ ဝါဒီ-ပြောချိန် ပြောခွင့် သင့်မှ ပြောရခြင်း၊ (၂) ဘူတဝါဒီ - ဟုတ်မှန်သော စကားကိုသာ ပြောရခြင်း၊ (၃) ခမ္မဝါဒီ - တရားနှင့် စပ်သည်ကိုသာ ပြောရခြင်း၊ (၄) အတ္ထ ဝါဒီ - အကျိုးစီးပွားနှင့် စပ်သည်ကိုသာ ပြောရခြင်း၊ (၅) ပိယဝါဒီ- ချစ်ဖွယ်သော စကားကိုသာ ပြောရခြင်း၊ (၆) မိဟိတ ပုဗ္ဗဘာဏီ - ပြုံးရွှင်မှုရှေ့ထား၍ ပြောကြားရခြင်း၊ (၇) မိတ ဘာဏီ- မတိုမရှည် မပိုမလွန် ခြင့်ချိန်ပြောရခြင်း၊ (၈) အ တုရိတ ဝါဒီ- အဆောတလျင် မပြောရခြင်း၊ (၉) ပေါရီ - မြို့ကြီးသူတို့ အသုံးအနှုန်း ဓလေ့ထုံးကို ယူ၍ ပြောရခြင်း၊ (၁၀) ဝိသဒ ဝါဒီ - သန့်ရှင်းသေချာ တိကျပြတ်သားစွာ ပြောဆိုရခြင်း။

စကြဝမင်း ၅-မျိုး။ ။ ၎င်းကိုပင် "စက္ကဝတ်မင်း, စကြဝတေးမင်း"ဟု ဆိုကြကုန်၏။ ၎င်းငါးပါးကို "ကဝိမသတ္တု မဇ္ဈသာကျမ်း"မှ ထုတ်ယူသည်။

(၁) **အာဒုဓ စက္ကဝတ္တိ ရာဇာ** - လူသတ်လက်နက် စက်အမျိုးမျိုးကို အစိုးရသော ယခုခေတ် အနုမ္မလက်နက်ရှင်, ရှေးခေတ် အဇာတသတ်မင်းတို့ကဲ့သို့ 'လက်နက်စကြာမင်းမျိုး။'

http://www.dhammadownload.com

(၂) ပုညဂဏုန စက္ကဝတ္တိရာဇာ-ဇောတိက, ဇင်္ဂိလ, ကာကောဏ္ဍ, မေဏ္ဍက စသော သေဋ္ဌေးကြီးတို့၏ ဆိတ်ရုပ်, ကျေးရုပ်, ရွှေတောင့်ထမင်းအိုး, စလည်တောင်း စသည်တို့မှ သုံးမကုန် ယူမလျော့တိုးပွားခြင်း သမုဒ္ဒရာလေးစင်းကိုပင် ပြည့်အောင် ဖုံးနိုင်လောက်သော ဥစ္စာ ရွှေငွေ ဆန်ရေစပါး ပေါများ ကုံလုံကြသည့် "ပုညဝန္တုန စကြာမင်းမျိုး။"

(၃) အာဏာ စက္ကဝတ္တိ ရာဇာ-သက်မဲ့ အဝိညာဏက ဖြစ်သော ရွှေခြေကျဉ်းကို စေလွှတ်၍ မဒ္ဒဝပြည်ကို အစိုးရသော ကာလ နဂါးမင်းအား ခြေကျဉ်းဖြင့် ခတ်၍ ခေါ်နိုင်ခြင်း အာဏာ-ထို့အတူ ရွှေချိုင့်ကို စေလွှတ်၍ ကရဝိက် ငှက်မင်းကို ဖမ်းယူဆောင်ကြဉ်းနိုင်သော အာဏာ ရှိကြသည့် သိရိဓမ္မာသောကမင်းတို့ကဲ့သို့သော "အာဏာစကြာမင်းမျိုး၊"

(၄) ပုညပဒ စက္ကဝတ္တိ ရာဇာ-မဟာသုဒဿန စကြာမင်း, ကာလိင် ဓမ္မာဓိစသော စကြာမင်းတို့၏ ဖွားစကပင် ခြေ၌ စကြာပုံတောင်းတံဆိပ်လက္ခဏာ ပါခြင်းကြောင့် ကျန်းကြီး လေးကျန်းနှင့်တကွ ယုဂန္ဓိုရ်တောင်အထက် အာလိန်ငါးဆင့်ရှိ နတ်တို့ကိုပါ အစိုးရလတ်မှာ သိစေနိုင်သော စကြာပုံတောင်း ရတနာကို ရကြသည့် "ပုညပဒ စကြာမင်းမျိုး။"

(၅) ဂန္ဓာရီ စက္ကဝတ္တိ ရာဇာ-ရှေးစာဟောင်းတို့၌ 'ကန္တာရ အတတ်'ဟု ရေးရှိကြသည်။ ခဲ, သံ, ပြဒါး, ကြေးနီစသော ဓာတ်တို့အား ရွှေငွေ မနောမယ ဓာတ်လုံးများ ဖြစ်လာအောင် ချက်လုပ်နိုင်ခြင်း၊ မြေလျှိုးမိုသ်းပျံနိုင်ခြင်း၊ ထိုထိုဆန်းကြယ်လှစွာသော ဂါထာ, မန္တန်, မန္တရား, အင်း, အိုင်, ခါးလှဲ, လက်ဖွဲ့စသော လောကီပယောဂ ဟူသမျှတို့၏ တန်ခိုးဖြင့် မြေလျှိုးမိုသ်းပျံနိုင်ခြင်း၊ စိတ်အလိုအတိုင်း ပြီးခြင်း စသည်တို့ကို ဖြစ်စေနိုင်သော လောကီဝိဇ္ဇာ မော်ဆရာ အပေါင်းတို့သည် "သမ္မာပယောဂ ဣဒ္ဓိဝန္တုန စက္ကရာဇာ ခေါ်" ဂန္ဓာရီ စကြာမင်း တို့ ဖြစ်ကြကုန်၏။

http://www.dhammadownload.com

စကြာမင်း ကျင့်ဝတ် ၃-ပါး။ ။ (၁) ဒါန-တိုင်းသားပြည်သူ ရှင်ယူ ရဟန်း တို့ဖြာ အလှူပေးခြင်း၊ (၂) ဒမ- ကွန်ဖြူးကို ဆုံးမခြင်း၊ (၃) သံယမ-ကိုယ် နှုတ် နှစ်ပါးနှင့် ငါးပါး၊ ရှစ်ပါး၊ ကိုးပါး သီလ မျှားကို စောင့် စည်းခြင်း။

စကြာမင်း ကျင့်ဝတ် ၁၀-ပါး၊ တနည်း။ ။အင်္ဂုတ္တရ ဋီကာ။ ၃။

(၁) အန္တေဝဇန ဗလ ကာယ-သားမယားတို့ကို သီလ၌ တည်စေခြင်း, အဝတ်အစား ပေးခြင်း, ဘေးဥပဒ်မှ စောင့်ရှောက်ခြင်း, ဗိုလ်ပါ စသည်တို့၌ လစာရိက္ခာမှန်မှန် လုံလောက်အောင် ထုတ်ပေးခြင်း။

(၂) ခတ္တိယ-အဘိသိက်ခံပြီး မင်းတို့အား ရွှေ ငွေ ဆင်မြင်း ရတနာ စသည် ပေးကမ်းချီးမြှောက်ခြင်း။

(၃) အနုယုတ္တ-မိမိထံပါး၌ ခစားဆည်းကပ်နေသော မင်းတို့အား ယာဉ်ရထား နေအိမ်စသည် လျော်စွာပေး၍ နှစ်သက်စေခြင်း။

(၄) ဗြာဟ္မဏ ဂဟပတိက-ပုဏ္ဏားပညာရှိတို့အား ထမင်း အဖျော်စသည် လူဘွယ်ဝတ္ထုပေးခြင်း၊ အိမ်ထောင်ရှင်တို့အား မျိုးစေ့ ထွန်တုံး စသည်တို့ကို ပေးခြင်း။

(၅) နေဂမ ဇနပဒ- တောရွာနေ ပြည်သူလူထုအား စားနပ်ရိက္ခာ မျိုးစေ့, လယ်ယာကြိုယာ အမတော်ကြေး စသည် ပေးခြင်း။

(၆) သမဏ,ဗြာဟ္မဏ- ရဟန်းသံဃာနှင့် သူတော်စင်တို့အား လျော်ကန် သော ပရိက္ခရာ လူဘွယ်တို့ဖြင့် လှူဒါန်းပူဇော်ခြင်း။

(၇) မိဂပက္ခီ-သား ငါး, ငှက်တို့အား နယ်ပယ် သီးခြား ဆတ်မှတ် ထား၍ ဘေးမဲ့ပေးခြင်း။

(၈) အ ဓမ္မကာရ ပဋိကွေပ-မတရားမှု ဟူသမျှတို့ကို လုံး၀ တားမြစ် ပိတ်ပင်စေခြင်း။

(၉) အ ဓနာနံ ဓနဥပ္ပါဒ-မရှိဆင်းရဲ လူတန်းစား ကျေးမွေတို့အား ဥစ္စာဓန ပေးဝေငှခြင်း။

http://www.dhammadownload.com

(၁၀) သမဏ ဗြာဟ္မဏ ပဥ္စာ ပုဏ္ဏန-ရဟန်းသံဃာ သူတော် သူမြတ်တို့ထံ ဆည်းကပ်ခစား၍ ရှောင်ကြဉ်အပ်, မှီဝဲအပ်, ပွားများအပ်, ပြုလုပ်အပ်သော အရာများကို မေးမြန်းတိုင်ပင် လျှောက်ပန်ဆင်ခြင်း။

စကြာမင်း ကျင့်ဝတ် ၁၂-ပါး၊ တနည်း။ ။အင်္ဂုတ္တရဋ္ဌကာ ။ဒု။ (က) အဓမ္မရာဂ ပဟာန-အမိ, အဖ, အစ်မ, ညီမ, ညီ, အစ်ကို, မိကြီး, မိထွေး, ဘကြီး, ဘထွေး စသည့် မတပ်အပ်သော အရာ၌ ရာဂဖြင့် တပ်သက် ပြစ်မှားမှုကို ပယ်ခြင်း၊ (ခ) ဝိသမ လောဘ-မထိုက်သောအရာ၌ တပ်သော လောဘ, ထိုက်သောအရာ၌ အလွန်အမင်းတပ်သော လောဘမျိုးကို ပယ်ရှားခြင်း၊ အထက်ပါ ၁၀-ပါး၌ ၎င်းတရား ၂-ပါးထည့်က ၁၂-ပါး ဖြစ်သတည်း။

စကြာမင်းတို့ တန်ခိုး ၄-မျိုး။ ။သုတ်မဟာဝါ ။ပါ။ ၁၄၅ ။ဋ္ဌ။ ၂၂၀။ (၁) လူတကာတို့ထက် လွန်ကဲသော အဆင်းရှိခြင်း၊ (၂) လွန်ကဲသော အသက်ရှည်ခြင်း၊ (၃) အနာရောဂါ ကင်းခြင်း၊ (၄) အမျိုး ၄-ပါးတို့၏ ချစ်မြတ်နိုးခံရခြင်း။

စကြာရတနာ ၇-ပါး။ ။စကြာမင်းမြတ်၏ ရတနာတော်များ။ (၁) စကြာ, (၂) ဆင်ဖြူ, (၃) မြင်းပျံဟူ, မုတ်ယူ, (၄) ပဏ္ဍုမြား, (၅) မြောက်ကျွန်းသူမယ်, (၆) သားနန်းဇွယ်, မှတ်ဖွယ်, (၇) သူဌေးအား။ ၎င်း ၇-ပါးကို 'မဟာ သုဒဿနသုတ်တော်'မှာ ဟောသည်။

စကြာရတနာ၊ ရဂကြောင်းလာ၊ ၃-ဖြာ ကုသိုလ် အာဘယ်နည်း? ။ ။အထက်ပါ စကြာရတနာ ၇-ပါးကို ဤကုသိုလ် ၃-ပါးကြောင့် ရသည်ဟု မဃဒေဝလင်္ကာ အပိုဒ် ၂၉၁-၌ "ဘုန်းခေါင်မိဖုတိ၊ မဟာနိုင်္ဂုံ၊ လောကိတမွတ်၊ စက္ကဝတ်မဟာ၊ မြတ်ရာဇာတို့၊ (၁) စကြာယာဉ်မင်း၊ ဆင် မြင်း ရတနာ၊ ဤသုံးဖြာကို၊ မဟာကုသလ၊ အဒေါသဇကြောင့်၊ ရ၏ဟူငြား၊ (၂) ပဏ္ဍုမြားနှင့်၊ မိဖုယာနတ်၊ သေဋ္ဌးမြတ်မှူ၊ စွန့်လွှတ် စာဂ၊ အလောဘကြောင့်၊ ရ၏ဟူပေ၊ (၃) သက်ဝေဩရသ်၊ အိမ်ရှေ့မြတ်ဟု၊ ဇေဝကခတ်နယ်၊ တိုက်ဝန်းကျယ်၌၊ နတ်နှယ်အလား၊ လေးကျွန်းဆွေးတို့၊ တရား မဖောက်၊ ရှူခိုးမြောက်၍၊ စောင့်ရှောက်နိုင်သီး၊ ရှုမငြီးသည့်၊ သားကြီး ပရိဏာ၊ ရတနာကား၊ ပညာဟူထ၊ အမောဟဖြင့်၊ မူလဟိတ်ကျိုး၊ စုံပြည့်ဖြိုး၏။" ဟု ဆိုထား၏။

http://www.dhammadownload.com

စကြာဝဠာမျိုး ၃-ပါး, တနည်း ၄-ပါး။ ။ဂင်း သရုပ်ကို (လောကဓာတ်မျိုး ၃-ပါး, ၄-ပါး) ဟူသော ပုစ္ဆာဌ် ဆိုမည်။

စက်ကြီး တဆယ့်သုံးပါး။ ။ရွေးဆရာကြီးများ ရေးသား စီရင်ထားခဲ့ကြသော အန္တရာယ်ကင်း မန္တန်တော်ကြီး၏ သရုပ် ၁၃-ပါး အမည်။ (၁) အောင် ၁၀၈-ကွက် ဗုဒ္ဓစက်- ဘုရား၏ စက်လက္ခဏာ ၁၀၈-ပါး၊ (၂) တဆယ့်လေးချက် ဓမ္မစက်- မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး- သွာက္ခာတာ စသော တရားဂုဏ်တော် ၆-ပါးကို ဆိုသည်၊ (၃) တဆယ့်ရှစ်ချက် သံဃစက်-ပရမတ္ထသံဃာတော်ခေါ် အရိယာသံဃာရှစ်ပါး၊ သမုတိသံဃာ တပါး၊ ပေါင်း သံဃာတော် ၉-ပါးနှင့် သံဃာဂုဏ်တော် ၉-ပါးကိုဆိုသည်၊ (၄) လရောင်ဝင်းလျက် ရှင်ဂုင်းပစ္စေကဗုဒ္ဓ ရဟန္တာစက်- ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ဂုဏ်တော်တည်းဟူသော ကိုယ်ရောင်တော်ကို ဆိုသည်၊ (၅) မြင်းမိုရ်တောင်ဦး မကကျူးလျက် မိဘစက်-မာတာပိတုဂုဏ် အနန္တကို ဆိုသည်၊ (၆) ဂုဏ်ကျေးဇူးကို အထူးသိလျက် ဆရာ့စက်-ဆရာ့ကျေးဇူးဂုဏ်ကို အထူးသိရမည်ဟု ဆိုလိုသည်၊ (၇) ပြဟ္မစိုရ် လက်နက် ပြဟ္မာ့စက်- ပြဟ္မစရိယ တရားလေးပါး၊ (၈) မိုးသံးကြိုးလက်နက် သိကြားစက်၊ (၉) လောင်မီးကျလျက် နတ်တို့စက်၊ (၁၀) ဘွဲ့ဖြူလက်နက် ဘီလူးစက်၊ ဘွဲ့ဖြူခေါ် မီးတောက်စေတတ်သည့် လက်နက် တမျိုး၊ ဂင်းသည် အဝတ်ပုဆိုး ကြိုးဝန်းသဖွယ်ဖြစ်၍ လူကို ပစ်လိုက်က ထိလျှင် မီးတောက်သည် ဟူ၏၊ (၁၁) တောင်ဟုန် ပြင်းလျက် ဂဠုန်စက်၊ (၁၂) အာခံတွင်းက ဝင်းဝင်းတောက်လျက် နဂါးစက်၊ (၁၃) သုံးထောင်သခ်ျာ ဟေမဝန္တာ အာဏာစိုးလျက် သိဟစက်၊ စက်ကြီး တဆယ့်သုံးပါး၊ ရွှတ်သံကြားက၊ ဘေးမျိုးမြင်မူ၊ မကောင်းစုကို၊ ဝေးက ကြဉ်ရှောင်၊ အောင်စေတတ်သည်၊ မြတ်သည့်ပညာ၊ ဆရာတည်း။ သြောင်း နမော ဗုဒ္ဓါ နုဘာဝေန၊ သြောင်း နမော ဓမ္မာ နုဘာဝေန၊ သြောင်း နမော သံဃာ နုဘာဝေန၊ သြောင်း နမော ဒူရေ ဒူရေ သွား ဟုံ ဟုံ။

စကြံ၏ အပြစ် ၅-ပါး။ ။ဂင်း အကျယ် ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်။ ပ-တွဲ။ ပ-ပိုင်း။ ၄၈-နှင့်။ ဂင်း အုပ် (၈၁) မျက်နှာဌ် ရှုပါ။ (၁) မြေကြွမ်း ထမ်း၍ ကျင်း- ကုန်း- ဖုထစ်- မည်သို့ မည်တော်ရှိခြင်း၊ (၂) စကြံအတွင်းဌ် သစ်ငုတ်တို သစ်ပင်ရှိခြင်း၊ (၃) မြက်နွယ် ချုံပုတ်တို့ ရှုပ်ထွေး လွှမ်းအုပ်နေခြင်း၊ (၄) အလွန်ကျဉ်းမြောင်းခြင်း၊ (၅) အလွန်ကျယ်ပြန့်လွန်းခြင်း။

http://www.dhammadownload.com

စကြံ့သွားရကျိုး ၅-ပါး။ ။ပဥ္စင်္ဂတ္တရ ။ပါ။ ၂၄။ ဋ္ဌ။ ၁၂။ "ခရီးသွားနိုင်၊ ကြံ့ခိုင် အားအင်၊ ကင်းစင် ရောဂါ၊ အစာ ကြေညက်၊ မပျက် သမာဓိ၊ ငါးပါးရှိ၊ ရ၏ စကြံ့အကျိုးတည်း။"

စကွ၊အပြား၊ မျိုး ၃-ပါး။ ။ဂင်းသရုပ်ကို (မျက်စိမျိုး ၃-ပါး)၌ ရှုပါလေ။

စကွ၊ ၅-ပါး။ ။ဓမ္မသင်္ဂဏီ။ပါ။ ၁၅၇။ ဋ္ဌ။ ၃၄၄။ ဘုရားပိုင် စကွ၊တော် ငါးပါး ဖြစ်သည်။ (၁) ဗုဒ္ဓစကွ၊ - ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်နှင့်, အာသယာနုသယ ဉာဏ်တော် ၂-ပါး၊ (၂) ဓမ္မစကွ၊-မဂ် ဉာဏ်တော်၊ (၃) သမန္တစကွ၊ - သဗ္ဗညုတ ဉာဏ်တော်၊ (၄) ပညာစကွ၊ သို့မဟုတ် ဉာဏစကွ၊ - အာသဝက္ခယ ဉာဏ်တော်၊ (၅) ဒိဗ္ဗစကွ၊-နတ်မျက်စိနှင့် တူသော ဒိဗ္ဗစကွ၊ အဘိညာဏ်တော်။

မှတ်ချက်။ ။အခ္ခါဆရာတို့ကား ပသာဒစကွ၊ခေါ် မံသစကွ၊ကို ထည့်၍ ယူကြသေး၏။

စက်တော်ရာ ၃-ဆူ။ ။မြတ်စွာဘုရားသခင်၏ ခြေတော်ရာစေတီ ၃-ဆူဟူ၏။ (၁) လက်ာဒီပ,ခေါ် သီဟိုဠ်ကျွန်း၊သို့မဟုတ် ဆိရီလံကာပြည် သမန္တကူဋ ခေါ် သုမနတောင်ထိပ်၌ မဏိအကွိက နဂါးမင်း တောင်းပန်၍ တဆူ၊ (၂) ဇမ္ဗုဒီပ် သပြေထွန်းသည့် တောင်ကျွန်းရှိ မြန်မာနိုင်ငံ ယောနရဋ္ဌ ခေါ် ယောနယ်ရပ် နမ္မဒါ မြစ်ကမ်း၌ နမ္မဒါ နဂါးမင်း တောင်းပန်၍ တဆူ၊ (၃) ငင်း နမ္မဒါ မြစ်ကမ်းခြေ သစ္စဗန္ဓာ တောင်ထိပ်၌ သစ္စဗန္ဓ, ရသေ့ တောင်းပန်သောကြောင့် တဆူ၊ ပေါင်း ၃-ဆူ ချတော်မူ၏၊ ထို့ကြောင့် သာရတ္ထသင်္ဂဟ၌ "တီဏိ ခေါ ပန ဘဂဝတော ပါဒစေတိ-ယာနိ လင်္ကာဒီပေ စေဝ၊ ဇမ္ဗုဒီပေ ယောနရဋ္ဌေ ဒ္ဝေတိ" စသည်ဖြင့် ဆို၏၊ အခ္ခါဆရာတို့ကား "ဇမ္ဗုမှာ ဒ္ဝေး- ယာ-မှာ ၉"ဟု စပ်ဆိုကာ ယာမာ နတ်ပြည်၌ တဆူရှိကြောင်း ပြောကြသေး၏၊ ထိုစကားမှာ ကျမ်းဂန်၌ မရှိချေ။

စက်လက္ခဏာတော် (၁၀၈) ပါး။ ။မြတ်စွာ ဘုရား၏ ခြေဖဝါးတော်၌ အကန့်အကွက်အားဖြင့် ထင်သော စက်လက္ခဏာပေါင်း ၁၀၈-ပါး ဟူလို၊ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ၌ အကျယ်ရှု၊ သတ္ထိ-လှံမပုံ။ သိရိဝစ္ဆ-ကျက်သရေ တိုက်ပုံ "အိမ်မွန်, ဟူရှိလည်း ခေါ်၏၊" နန္ဒိယာဝဋ္ဋ- ဇလပ်ပွင့်ပုံ၊

http://www.dhammadownload.com

သောဝတ္ထိက- လည်ရေးသုံးဆင့်၊ ဝဠုံသက- ဦးဆောက်ပန်း၊ ဝစုမာန-ထမင်းပွဲ၊ ဘဒ္ဒပီဋ္ဌ-ရွှေအင်းပျဉ်, ရွှေသလွန်၊ အကုံသ-ရွှေချွန်းတောင်း၊ ပါသာဒ-ရွှေပြာသာဒ်၊ (၁၀) တောရဏ-ရွှေတုရိုဏ်တိုင်ပုံ၊ သေတစ္ဆတ္တ-ထီးဖြူတော်ပုံ၊ခဂ္ဂ-သန်လျက်ပုံ၊တာလဝဏ္ဏ-ထန်းရွက်ယပ်ဝန်း၊ မယူရဟတ္ထ-ဥဒေါင်း မြီးစည်းဟပ်၊ စာမရီဟတ္ထ- စာမရီ သားမြီးယပ်၊ ဥဏှိသ-ရွှေသင်းကျစ်၊ ပတ္တ-မြသပိတ်၊ မဏိ-ပတ္တမြားရတနာ၊ သုမုန ဒါမ-မုလေးပန်းကုံး၊ (၂၀) နီလုပွလ-ကြာညိုပန်း၊ သေတုပွလ-ကြာဖြူပန်း၊ ရတ္တုပွလ-ကြာနီပန်း၊ပဒုမ-ပဒုမ္မာကြာနီပန်း၊ပုဏ္ဍရိက-ကြာပုဏ္ဍရိက်, "လပကြာပုံ။" ပုဏ္ဍ ဃဋ္ဋ- ရေပြည့်အိုး၊ ပုဏ္ဍ ပါတိ- ရေပြည့်ဖလား၊ သမုဒ္ဒ-သမုဒ္ဒရာလေးစင်း၊ စက္ကဝါဠ- စကြာဝဠာတောင်၊ မေရု- မြင့်မိုရ်တောင်၊ (၃၀) သူရိယ မဏ္ဍလ-နေစက်ဝန်း၊ စန္ဒမဏ္ဍလ-လစက်ဝန်း၊ နက္ခတ္တ- နက္ခတ်၊ ပဗ္ဗဝိဒေဟ- အရှေကျွန်း၊ အပရ ဂေါယာန- အနောက်ကျွန်း၊ ဇမ္ဗုဒီပ-တောင်ကျွန်း၊ ဥတ္တရကုရု-မြောက်ကျွန်း၊ စက္ကဝတ္တိ-စကြာရတနာ ၇-ပါးနှင့် တကွသော စကြာဝတေးမင်း ရုပ်ပုံ၊ ဒက္ခိဏာဝဋ္ဋ-သခ်ဲ့လက်ျာရစ် ခရုသင်း၊ သုဝဏ္ဏ မစ္ဆ ယုဂ- ရွှေငါးကြင်းရုပ် အစုံ၊ (၄၀) စက္ကာစုဓ-စက်လက်နက်၊ သုပဏ္ဏရာဇာ- ဂဠုန်ငှက်မင်း၊ သံသုမာရ- မိကျောင်းမင်း၊ ဓဇ ပဋာက-တံခွန် ကုက္ကား မလေးပွား၊ သုဝဏ္ဏ သိဂိကာ- ရွှေသံလျင်း၊ သုဝဏ္ဏ ဝါဠ ဗီဇနီ-ရွှေဖြင့်ပြီးသော သားမြီးယပ်၊ ကေလာသ ပဗ္ဗတ- ကေလာသ ဋ္ဌေတောင်ကြီး၊ သီဟရာဇာ- ကေသရီ ခြင်္သေ့မင်း၊ ဗျဂ္ဃရာဇာ- ကျားမင်း၊ ဝလာဟက အဿရာဇာ-ဝလာဟက မြင်းပျံ၊ (၅၀) ဥပေါသထ ဆဒ္ဒန္တ နာဂရာဇာ- ဥပေါသထဆင်မင်း, ဆဒ္ဒန်ဆင်မင်းပုံ၊ ဗာသုကီ နာဂရာဇာ-ဗာသုကီ နဂါးမင်း၊ ဟံသ ရာဇာ-ရွှေဟင်္သာမင်း၊ ဥသဘ ရာဇာ-နွားလား ဥသဘ၊ ရောဝဏ-ဦးခေါင်း ၃၃-လုံးရှိသော ရောဝဏ် ဆင်မင်း၊ သုဝဏ္ဏ မကာရ-ရွှေမကာရ်းရုပ်၊ စတုမုခ-လေးကျွန်းသားတို့၏ မျက်နှာ ၄-မျိုး။

မှတ်ချက်။ ။စတုရာနန-ဗြဟ္မာဟူ၍ အဘိဓာန်တို့၌ ဗြဟ္မာ၏ ပရိယာယ်ကို ပြရာတွင် ဗြဟ္မာသည် မျက်နှာ လေးခုရှိ၏ဟု ဆိုသဖြင့် (၁၀၈)ကွက် စက်လက္ခဏာတွင် ပါရှိသော မျက်နှာလေးပါးသည် ဗြဟ္မာမင်း၏ ဦးခေါင်းပုံဟူ၍ ဆရာတို့ ဆိုကြကုန်၏။

သုဝဏ္ဏ နာဝါ-ရွှေလှေယာဉ်၊ သဝစ္ဆရဓေနု-သားငယ်နှင့် တကွသော နွားမ၊ ကိံပုရိသ-ကိန္နရာဖို့ရုပ်၊ (၆၀) ကိံပုရိသိ-ကိန္နရာမ ရုပ်၊ ကရဝိက-

http://www.dhammadownload.com

ကရဝိက် ငှက်မင်း၊ မယူရ ဆုဇာ-ရွှေဥဒေါင်းမင်း၊ ကောဥ္စ ဆုဇာ ကြိုးကြာငှက်မင်း၊ စက္ကဝက္က ဆုဇာ-စက္ကဝက်ငှက်မင်း၊ ဇီဝ ဇီဝက ဆုဇာ-ဇီဝဇီးငှက်မင်း၊ စတုမဟာဆုဇိကာ- ၎င်း နတ်ပြည်၊ တာဝတိံသာ-၎င်း နတ်ပြည်၊ ယာမာ-၎င်း နတ်ပြည်၊ တုသိတာ-၎င်း နတ်ပြည်၊ (၇၀) နိမ္မာနရတိ-၎င်း နတ်ပြည်၊ပရနိမ္မိတ ဝသဝတ္တီ-၎င်း နတ်ပြည်၊ ဗြဟ္မပါရိသဇ္ဇာ-၎င်း ဗြဟ္မာပြည်၊ ဗြဟ္မပုရောဟိတာ-၎င်း၊ မဟာဗြဟ္မာ-၎င်း၊ ပရိတ္တာဘာ-၎င်း၊ အပ္ပမာဏာဘာ- ၎င်း၊ အာဘဿရာ - ၎င်း၊ ပရိတ္တာသုဘာ-၎င်း၊ အပ္ပမာဏသုဘာ- ၎င်း၊ (၈၀) သုဘကိဏ္ဏာ- ၎င်း၊ ဝေဟပ္ဖလာ-၎င်း၊ အသညသတ္တာ- ၎င်း၊ အဝိဟာ- ၎င်း၊ အတပ္ပါ-၎င်း၊ သုဒဿာ-၎င်း၊ သုဒဿီ- ၎င်း၊ အကနိဋ္ဌာ- ၎င်း ဗြဟ္မာပြည်၊ ယုဂန္ဓရ- ယုဂန္ဓိုရ် တောင်၊ ဣသိံဓရ- ၎င်းတောင်၊ (၉၀) ကရဝိက- ၎င်းတောင်၊ သုဒဿန- ၎င်းတောင်၊ နေမိန္ဓရ- ၎င်းတောင်၊ ဝိနတက- ၎င်းတောင်၊ အဿကဏ္ဏ- အဿကဏ်တောင်၊ အနောတတ္တ- အနော်တတ်အိုင်၊ ကဏ္ဏမုဏ္ဍ- ၎င်း အိုင်၊ ရထကာရ-၎င်းအိုင်၊ ဆဒ္ဒန္တ- ဆဒ္ဒန့်အိုင်၊ ကုဏာလ- ၎င်းအိုင်၊ (၁၀၀) မန္ဒာကိနီ- ၎င်းအိုင်၊ သီဟပွတ- ၎င်းအိုင်၊ လဝဏ သီတာ- ဆားငန်ရေ သီတာ၊ ဥစ္ဆုသီတာ- ကြံရည် သီတာ၊ သုရာ သီတာ- သေရည် သီတာ၊ သာဓု သီတာ- အမှုခပ်သိမ်းကို ပြီးစေတတ်သော သီတာ၊ ဒဓိ သီတာ-နို့ဓမ်း မလိုင်သီတာ၊ ဒုဒ္ဓသီတာ- နို့ရည် သီတာ၊ (၁၀၈) ဇလ သီတာ- ရေချိုသီတာပုံ။

စင်ကြွယ်ရေး တရား ၃-ပါး။ ။၎င်း သရုပ်ကို (သောစေယျ တရား ၃-ပါး) ဟူသော သုတေသနဒ္ဒ ဆိုအံ့။

စစ်အင်္ဂါ ၄-ပါး။ ။ကျွဲ့ကြည်းတပ်မတော် အတွက်သာ မှတ်လေ၊ ဝိနည်း ပါဠိတော်လာ ရှေးခေတ် တပ်စု။ (၁) ဟတ္ထိ- ဆင်တပ်၊ (၂) အဿ- မြင်းတပ်၊ (၃) ရထ-ရထားတပ်၊ (၄) ပတ္တိက- ခြေသည်တပ်။

စစ်အင်္ဂါ ၆-ပါး၊ တနည်း။ ။စစ်တပ်၏ အစိတ်အပိုင်း အင်္ဂါရုပ်များကား။ ယခုခေတ်၌ ၆-ပါးဖြင့် ရေတွက်ကြကုန်၏။ (၁) ဆင်စီးတပ်၊ (၂) မြင်းစီးတပ်၊ (၃) ရထားစီးတပ်၊ (၄) ခြေသည်တပ်၊ (၅) ရေယာဉ်တပ်၊ (၆) လေယာဉ်တပ်။

http://www.dhammadownload.com

စစ်အင်္ဂါ ၈-ပါး၊ တနည်း။ ။ယောဓဗျူဟာကျမ်းလာ ဖြစ်၏။ ၎င်း ရှစ်ပါးနှင့် ပြည့်စုံမှ တိုင်းပြည် ကျယ်ပြန့်နိုင်သည်။ (၁) ယောဓ မဏီ- စစ်၏ ဥက္ကောင်း မကိုင်ခဲ့ခေါ် "ဗိုလ်ချုပ်" စစ်သူကြီးချုပ်၊ (၂) ယောက္ခို- စစ်မျက်စိခေါ် ဟူးရူး ဗေဒင်တတ်သူ၊ (၃) ယောဓကဏ္ဍ- စစ်နှားခေါ် သူလျှိစုံထောက် ကင်းတို့ ကင်းရှည်၊ (၄) ယောဓဗလ- စစ်အားခေါ် ဗိုလ်ကြီး, ဗိုလ်မှူး,တပ်မင်း စသည်၊ (၅) ယောဓာနန- စစ်ခံတွင်းခေါ် လိမ်မာသော တမန် ဆက်သား၊ (၆) ယောဓ စရဏ- စစ်ခြေခေါ် တပ်သားစုများ၊ (၇) ယောဓဒါဠ- စစ်အစွယ်ခေါ် သူရဲကောင်းကြီးများ၊ (၈) ယောဓာယု- စစ်၏ အသက်ခေါ် စားနပ်ရိက္ခာ, ခဲယမ်း လက်နက်, ယာဉ်, ရထား,ဆေးဝါးနှင့် ဆရာများ။

စစ်အောင်နိုင်ရာ၊ ၁၂-ဖြာ၊ ကြောင်းမှာ အဘယ်နည်း? ။ ရာဇသေဝက ဒီပနီကျမ်းလာ။ (၁) စစ်တက်ဖြန့်ချီ စီစဉ်မှုဌ် လိမ်မာခြင်းကြောင့် အောင်နိုင်ခြင်း၊ (၂) မင်းနှင့်အမတ် စည်းလုံးညီညွတ်ခြင်းကြောင့်ဝင်း၊ (၃) စစ်ကူ,ရိက္ခာ,မပျက်မပြတ်သောကြောင့်ဝင်း၊ (၄) သေနာပတိချုပ် ခန့်ထားစီရင်တိုင်း ရဲမက်ဗိုလ်ပါတို့ မဆိုင်း လိုက်နာသောကြောင့်ဝင်း၊ (၅) သူရဲကောင်း များသဖြင့်ဝင်း၊ (၆) ယတြာမန္တန် ပြုစီရင်သဖြင့်ဝင်း၊ (၇) ဇာတာစန်းလင် တက်သဖြင့်ဝင်း၊ (၈) စားနပ်ရိက္ခာ ပြည့်စုံပိုလျှံမှုကြောင့်ဝင်း၊ (၉) တိုင်းနိုင်ငံတော်တွင်း အနာဏောဂါ ကင်းသဖြင့်ဝင်း၊ (၁၀) သူလျှိစေ၍ သူ့ပြည်တွင်းရေး ရှုပ်ထွေး ကွဲပြားစေသဖြင့်ဝင်း၊ (၁၁) ဗလိနတ်စာ ပူဇော်ပသသောကြောင့်ဝင်း၊ (၁၂) ဆင်,မြင်း, ရထား, ယာဉ်တပ်, လက်နက်ကောင်းများ ရှိသဖြင့် အောင်နိုင်ခြင်း။

စစ်ကပ်ခြင်းမျိုး ၂-ပါး။ ။(၁)စန္ဓက ဗျူဟာ-လမင်းကို ကြယ်နက္ခတ် ခြံရံသကဲ့သို့၊ မင်း,စစ်သူကြီးကို အလယ်ကထား၍ ကပ်ခြင်း၊ (၂) ပဘင်္ကရ ဗျူဟာ-နေမင်းကဲ့သို့ ကြယ်နက္ခတ်မရံဘဲ မင်း,စစ်သူကြီးတို့ ချေတည်၍ ကပ်ခြင်း။

စစ်ခံခြင်းနည်း ၆-မျိုး။ ။သူထိုးလာသောစစ်ကိုကြည့်၍ သင့်သလို ခံတိုက်ရမည်ဟု လောကဗျူဟာကျမ်း၌ ပြ၏။ (၁) နဒီစရဗျူဟာ-ရင်ပေါင်တန်း၍ တံတားပမာခံခြင်း၊ (၂) ဝိစ္ဆိက ဗျူဟာ- ကင်းမြီးကောက် လက်ကဲ့ဘို့ အလယ် ပင်းစေပြီးလျှင် ဝဲ,ယာ ထောင်၍ ခံခြင်း၊ (၃) သကဋ ဗျူဟာ-

http://www.dhammadownload.com

လှည်းဦးကင်းကဲ့သို့ ဝဲ့ ယာ ထား၍ ရွေ့တပ်လွန်ခံခြင်း၊ (၄) မဓ္ဝတ္ထုန ဗျူဟာ-ပျားအုံကဲ့သို့ တဝန်းတစုတည်း ခံခြင်း၊ (၅) စက်ပါဒဗျူဟာ-ကျီးခြေကဲ့သို့ ရွှေ့ ၃-တပ်၊ နောက် ၁-တပ်၊ အလယ်၌ မင်း့စစ်သူကြီးနေ၍ ခံခြင်း၊ (၆) ဥဒ္ဓုန ဗျူဟာ-ခုံလောက်ကဲ့သို့ ၃-တပ် ဆိုင်ခံခြင်း။

စစ်ချီစစ်ဓရး ပြန်ည်းမျိုး ၄-ပါး။ ။(၁) သမကဒဏ္ဍ ဗျူဟာ- ရှားလှင်ကန်ကဲ့သို့ အစီအရီ စစ်ဖျား စစ်ရင်း တညီတည်း တန်းခဲ့ တန်းပြောင်းပြု၍ ချီခြင်း၊ (၂) ပါသာဒိက ဗျူဟာ-ပြာသာဒ်ဆောင် ပေါက်သကဲ့သို့ အထပ်အထပ် နောက်အားကြီး၍ ချီခြင်း၊ (၃) စကော်ဠက ဗျူဟာ-ပန်းပုံတောင်းကဲ့သို့ စစ်ဖျားကြီး၍ နောက်စစ် တွေ့ရွေ့ ချီခြင်း၊ (၄) ဒိဂ် ဗျူဟာ-မရိုးစည်ကဲ့သို့ စစ်ရင်း စစ်ဖျားသေး၍ စစ်လယ် အားကြီးကြီး ချီခြင်း။

စစ်ဆင် စစ်တိုက်နည်း ၃-ပါး။ ။ဇာတက အဋ္ဌကထာ ဒု- အုပ်။ ၃၆၃။ စစ်တက်စစ်ချီ စစ်ရေးခင်းနည်း ၃-ပါး။ (၁) ပဒုမ ဗျူဟာ- ပဒုမ္မာကြာပွင့်ချပ်ကဲ့သို့ အထပ်ထပ်လှည့်၍ စစ်ဆင်ခြင်း၊ (၂) စက္က ဗျူဟာ-စက်ဝန်း ဖက်ဝိုင်း လချမ်း ပုစောက် သဏ္ဌာန်ကဲ့သို့ စစ်ဆင်ခြင်း၊ (၃) သကဋ္ဌ ဗျူဟာ-လှည်းဦးကင်းကဲ့သို့ အလယ်ရှူး၍ ဝဲ့ ယာတောင်ပံဖြန့်ကာ စစ်ဆင်ခြင်း။

စစ်ဆင် စစ်ထိုးနည်း ၆-မျိုး၊ တနည်း။ ။လောက ဗျူဟာ ကျမ်းမှာ အကျယ်ရှု။ (၁) ဒိဇာဒိပ ဗျူဟာ- ဂင်္ဂါနံတောင် ဖြန့်သကဲ့သို့ စစ်ဆင် စစ်ထိုးနည်း၊ (၂) ဝါရိဝေဂ ဗျူဟာ-ရေအယဉ် စီးဆင်းသကဲ့သို့ စစ်ဖြန့်ကာ နောက်မဆုတ်ဘဲ စစ်ထိုးနည်း၊ (၃) ဥသဘ ဗျူဟာ-နွားလားဥသဘကဲ့သို့ အော်ဟစ် ခြိမ်းချောက်ကာ ဟန်ရေးပြ၍ အပြင်းအထန် စစ်ထိုးနည်း၊ (၄) ဓနုက ဗျူဟာ-တင်ထားသော လေးညှို့ကဲ့သို့ ပစောက် လရေး ကွေးပုံ စစ်ထိုးနည်း၊ (၅) မကာရ ဗျူဟာ-မကာရ်း ကွက်ကဲ့သို့ ဇထပ်ထပ် စစ်ထိုးနည်း၊ (၆) ဘုဇာ ဗျူဟာ- မြွေတွားသကဲ့သို့ ကောက်တကျစ် စစ်ထိုးနည်း။

စစ်ဆင် စစ်ထိုး၊ ၂၉- အမျိုး ခြား၍ သိ။ ။အဓိပ္ပါယ်နှင့် အကျယ်ကို လောကဗျူဟာကျမ်းနှင့် ဗျူဟာ စက္ကိပျို့၌ ရှုပါကုန်။ မဏ္ဍူကဗျူဟာ၊ သပ္ပ ဗျူဟာ၊ ဥပါဃ ဗျူဟာ၊ ဣတ္ထိ ဗျူဟာ၊ သုဝ ဗျူဟာ၊ မေဃ

http://www.dhammadownload.com

ဗျူဟာ၊ ပတ္ထ ဗျူဟာ၊ ဝိဒ္ဓ ဗျူဟာ၊ ဒါရက ဗျူဟာ၊ ပဒုမ ဗျူဟာ၊ (၁၀)။ မခု ဗျူဟာ၊ ဘေရီ ဗျူဟာ၊ ကိဋ္ဌက ဗျူဟာ၊ ရုက္ခ ဗျူဟာ၊ ဥဂ္ဂတ ဗျူဟာ၊ အဂ္ဂိ ဗျူဟာ၊ ကာက ဗျူဟာ၊ ဗျဂ္ဃ ဗျူဟာ၊ မက္ကဋ ဗျူဟာ၊ စိရ ဗျူဟာ၊ (၂၀)။ ဟာသ ဗျူဟာ၊ သသ ဗျူဟာ၊ ဥဒ္ဒါန ဗျူဟာ၊ စန္ဒ ဗျူဟာ၊ သူရိယ ဗျူဟာ၊ ဓည ဗျူဟာ၊ ယက္ခ ဗျူဟာ၊ နိဂြောဓ ဗျူဟာ၊ သိဒ္ဓိ ဗျူဟာ၊ (၂၉)။

စစ်ဆုတ် စစ်ပြန်နည်း ၆-ပါး။ ။(၁) အဂ္ဂိ ဇာလ ဗျူဟာ- မီးတောက် မီးလျှံကဲ့သို့ ထင်ထင်ရှားရှား ဝါးမျိုဖျက်ဆီး၍ ဆုတ်ပြန်ခြင်း၊ (၂) အမာ ဝါသီ ဗျူဟာ-လ ကွယ်သကဲ့သို့ မသိမသာ ဆုတ်ပြန်ခြင်း၊ (၃) သီဟဂတိ ဗျူဟာ- ခြင်္သေ့သွားသကဲ့သို့ ရဲရဲတင်းတင်း ရှေ့တက် နောက်ဆုတ် ပြန်ခြင်း၊ (၄) သတ္ထနာဒီ ဗျူဟာ- လက်နက်သံပေး ဟစ်ကြွေး ကြိမ်းမောင်း၍ ပြန်ခြင်း၊ (၅) မဂ္ဂဆိန္န ဗျူဟာ- လမ်း, တံတားတို့ကို ဖျက်၍ပြန်ခြင်း၊ (၆) စိရတ္တ ဗျူဟာ- ကြာမြင့် ဖြေးနှေးစွာ နေ၍ ပြန်ခြင်း။

စစ်တပ်ကြီးမျိုး ၄-ပါး၊. ။ယခုခေတ် စစ်တပ်မျိုးများဖြစ်သည်။ (၁) ကုန်း တပ်- စစ်အင်္ဂါလေးပါးလုံး စုံသော တပ်မတော်ကြီးမျိုး၊ (၂) ရေတပ်- လှေ, သင်္ဘော, ငှင်းနှင့်ဆိုင်ရာ လက်နက်စုံပါသော တပ်မတော်ကြီးမျိုး၊ (၃) လေတပ်- ကောင်းကင်ယံ ယာဉ်မျိုးနှင့် လက်နက်စုံပါသော တပ်မတော်ကြီးမျိုး၊ (၄) ယန္တရားတပ်- လူမပါဘဲ စက်ယန္တရားဖြင့် လှုတ်၍ တိုက်သောတပ်မျိုး။

စစ်တပ်စိုးမိုး၊ နည်း ၆-မျိုး၊ ဆင်ရိုး ပရိယာယ်။ ။လောကဗျူဟာကျွမ်းမှ စစ်သူကြီးတို့အား ညွှန်ကြားချက် ၆-ပါး။

(၁) စစ်အိပ်- အရပ်အနေသင့်တင့်စွာ စိမံခန့်ရပ်၍ တပ်မရှိထင်မှားကာ သူ့တပ်လာအောင် ဆိတ်ညံညံပြုထားခြင်း။

(၂) စစ်နှိုး- အရပ်အနေမသင့် စစ်သည်တို့ညှိုးနွမ်းရှိလျှင် လှုံ့ဆော်ကာ တီးမှုတ် ကြွေးကြော်မြူးတူးစေကာ စစ်နှိုးရခြင်း။

(၃) စစ်ပျို- စခန်းရှည်ကြာ၍ လက်နက်ရိက္ခာ ပြတ်သဖြင့် စစ်အိုလျှင် စစ်ရိက္ခာ အသစ်တဖန် ဖြည့်ကာ အမြဲ နုပျိုစေရမည်။

http://www.dhammadownload.com

(၄) စစ်ရဲ- အရပ်အနေမသင့် စစ်သည်တို့ထိတ်လန့်ပျံလျှင် စိုးရိမ်ကင်းရန် အားပေးရှေ့ စစ်ကို ရဲစေခြင်း။

(၅) စစ်ဆိတ်- တိုက်ခိုက်လုပ်ကြံမည်ရှိလျှင် သူခပ်သိမ်းတို့ မသိစေဘဲ ပညာရှိ စစ်သူကြီးတို့နှင့်သာ တိုင်ပင်၍ ရုတ်တရက် စေလွှတ် တိုက်ခိုက် လုပ်ကြံခြင်း။

(၆) စစ်ရှင်- ဥစ္စာဆင်မြင်း လူသူလက်ဝယ်ရလျှင် မင်းထိုက်စိုးတန်သာ ချန်၍ ရသူ ယူစေခြင်း၊ အောင်ပွဲရ တပ်များအား အောင်ပွဲခံ ဆုတံဆိပ်ပေးကာ ရှင်ပျော်စေခြင်း။

စစ်တပ်ဖွဲ့နည်း ၉-မျိုး။ ။ဝင်း ဖွဲ့နည်း သရုပ်အမည်များကို (တပ်မတော် ၉-မျိုး) မှာ ကြည့်ပါ။

စစ်ပညာရပ်၊ သင်ယူအပ်၊ အတတ် ၇-ဖြာ။ ။စစ်ဖက်ဆိုင်ရာ အရာရှိကြီး များကို နိုင်ငံကြီးတိုင်း၌ သင်ကြားလေ့လာနေစေသော သေနင်္ပညာ ခုနစ်ရပ်ကို ဆိုသည်။ (၁) ချီစစ်-ရန်သူများအား တိုက်ခိုက် ခြေမှုန်းရန် ချီတက်ပုံ နည်းမျိုး၊ (၂) တိုက်စစ်-တိုက်ပုံ တိုက်နည်းမျိုး၊ (၃) လိုက်စစ်- ဆုတ်ပြေးပြေးသော ရန်သူနောက်သို့ လိုက်ပုံ နည်းမျိုး၊ (၄) ခံစစ်-ရန်သူ လာတိုက်သည်ကို ခုခံ တိုက်ခိုက်နည်းမျိုး၊ (၅) ဆုတ်စစ်- အရေးမလှ၍ ပြန်ဆုတ်ပုံ နည်းမျိုး၊ (၆) စစ်ရေး- စစ်ရေးလေ့ကျင့်ပုံ နည်းမျိုးနှင့် အုပ်ချုပ်ပုံပါ အစုံ၊ (၇) စစ်အေး-လက်နက်မသုံးဘဲ အခြားနည်း ပရိယာယ် များဖြင့် ကိုယ့်ထံညွှတ်ရန် ကျင့်သုံးခြင်းမျိုး။

စစ်မက်ဖြစ်ကြောင်း ၁၃-ပါး။ ။စစ်ဖြစ်ခြင်း၏ အနိုးစပ်ဆုံး အကြောင်း များ ၁၃-ပါး။ လောကဗျူဟာကျမ်းမှ။ (၁) နယ်ခြား သတ်မှတ်မှု ကြောင့်၊ (၂) မြေအောက် မြေပေါ် ပစ္စည်းလိုချင်မှုကြောင့်၊ (၃) ဆင်ကောင်း မြင်းကောင်း လိုချင်မှုကြောင့်၊ (၄) စက်သုံး လက်နက် လိုချင်မှုကြောင့်၊ (၅) သမီးကညာ လိုချင်မှုကြောင့်၊ (၆) ဘုန်းတိုက် ဥပါဃ် ပြုမှုကြောင့်၊ (၇) သစ္စာ ဖောက်ပြန်မှုကြောင့်၊ (၈) စေပါး သော ရာဇသံစကားကို အနိမ့်အကျ မသိမှုကြောင့်၊ (၉) လူမျိုးရေး, ဘာသာရေးကို ဖျက်ဆီးမှုကြောင့်၊ (၁၀) မင်းအစိုးရတို့ တိုင်းပြည် မစောင့်ရှောက်မှုကြောင့်၊ (၁၁) ဗိုလ်ပါရဲမက် သူရဲ သူခက်တို့ မရှိ,နည်းပါး

http://www.dhammadownload.com

မှုကြောင့်၊ (၁၂) ကုန်သည်တို့ လောဘကြီးမှုကြောင့်၊ (၁၃) ရန်ငြိုး ဖွဲ့မှုကြောင့်။

စစ်ရှုံးရာသော အကြောင်း ၁၂-ပါး။ ။ဂင်း၏ သရုပ်အဓိပ္ပါယ် သဘောရပ် အားလုံးကို (စစ်အောင်နိုင်ခြင်းအကြောင်း ၁၂-ပါး) မှ ပြောင်းပြန်ယူခြင်း ဖြင့် သိနိုင်ထု၏၊ မဟာရာဇဝင်ကြီး ပဌမတွဲ၌ကား ဆယ်ပါးဟု သရုပ်နှင့် ပြထား၏။

စစ်သံ ၁၀-မျိုး၊ ခြိမ့်ခြိမ့်တိုး၊ မြေမိုး ပြိုလှုသဲ့။ ။စစ်၏ အသံမျိုး ဆယ်ပါး ဟူ၏။ (၁) ဆင်သံ၊ (၂) မြင်းသံ၊ (၃) ရထားသံ၊ (၄) ဗိုလ်ခြေ စစ်သည်သံ၊ (၅) အမြောက် စိန်ပြောင်း ဗုံး သေနတ်သံ၊ (၆) တိုက်မောင်း ကြီး ငယ် သံ၊ (၇) တိုက်စည်သံ၊ (၈) တံပိုး ခရာသံ၊ (၉) မုဒိန်း မရိုးစည်သံ၊ (၁၀) စည်ကြိုးသံ, ဗင်သံ။

စစ်သားတို့ သစ္စာတရား ၄-ပါး။ ။လောကဗျူဟာ ကျမ်းမှ။ (၁) ကိုယ့် တိုင်းပြည်နှင့် ကိုယ့်လူမျိုးအတွက် ပါဏာတိပါတကံကို ခံယူရခြင်း၊ (၂) သူဇနီးမယား သမီးပျိုများနှင့် သူတပါး ဥစ္စာကို မလွန်ကျူး မလုယူရခြင်း၊ (၃) ရန်သူမဟုတ်သူကို မသတ်ရခြင်း၊ (၄) ရန်သူနှင့် ကြုံက အသက်ကို စွန့်၍တိုက်ရခြင်း။

စစ်သူကြီး အင်္ဂါ ၉-ပါး။ ။စစ်သူကြီး, ဗိုလ်ချုပ်, ဗိုလ်မှူး, တပ်မှူး, တပ်ကြပ် တို့၌ ရှိထားရမည့် အင်္ဂါ ၉-ပါး။ ဆုဇနီတိ။

(၁) ရန်သူ စစ်တပ်ကို နှိမ်နင်းဖျက်ဆီးနိုင်သော ပညာအရည်အချင်း ရှိထားရခြင်း။

(၂) စစ်အောင်နိုင်ရေးအတွက် မြေကွက်၊ ကုန်း ကျင်းစသည် နေရာ ကောင်းကို ရွေးတတ်ရခြင်း။

(၃) အရေးမသာ တပ်ပျက်မှု ရှိသောအခါ စစ်သည်ရဲမက်အားလုံးကို သိမ်းကျုံး ကွပ်ကဲ၍ တဦးတယောက်ကိုမျှ မစွန့်ဘဲ တပ်ဆုတ်၍ လာရခြင်း။

(၄) လက်အောက်ရဲဘော် စစ်သည်တော်များနှင့် ဆင်းရဲချမ်းသာ မျှတစွာ ကျင့်သုံးရခြင်း။

http://www.dhammadownload.com

(၅) စွမ်းပကားနှင့် ခွန်အားဗလ ကြီးမားရခြင်း၊ "သူရသတ္တိနှင့် ကာယဗလ"။

(၆) တည်ကြည်ဖြောင့်မတ်သော ကိုယ်ကျင့်တရားရှိရခြင်း။

(၇) သေနင်္ဂဗျူဟာကျမ်းကို တတ်သိ ကျေပြန်ရခြင်း။

(၈) စစ်သည် ငယ်သားတို့ ချမ်းသာရအောင် စီစဉ်တတ်ရခြင်း။

(၉) လှုံလ သတိ အမြဲရှိရခြင်း၊ "ဝီရိယနှင့် အပမာဒ"။

စစ်သူကြီးတို့ အင်္ဂါ ၉-ပါး၊ တနည်း။ ။ဤကား အာစရိယဝါဒခေါ် ငါတို့ ကျောင်းသားဘဝက သင်ကြားခဲ့ရသော နည်းတည်း။ စစ်မြေရပ်၌၊ စိုးကွပ်ခြင်းရာ၊အင်ကိုးဖြာကား၊ အလိမ်မာကို၊ သူထက်ပို၍၊ (၁) ကင်းတို ကင်းရှည်၊ (၂) အတည့်, အရပ်၊ (၃) အကပ် အခွါ၊ (၄) ဗျူဟာစက္ကာ၊ သေနင်္နှင့်၊ ပဒုမဗျူဟာ၊ (၅) တပ်တာ မြေကတုတ်၊ တည်လုပ်ပြင်ငြား၊ စိုက်ထားဆူးငြောင့်၊ (၆) အစောင့်အနေ၊ (၇) အစေအဘန်၊ (၈) အကြံအတွေး၊ အရေးအရာ၊ အဖြာဖြာကို၊ ပညာသတိ၊ (၉) ရဲသည့် စိတ်စွဲ၊နှလုံးမြဲလျက်၊ ကွပ်ကဲစီရင်၊စစ်ဘုရင်ဟူ၊စစ်သူကြီးရာ၊ခံထိုက်စွာ၏။

စဉ်းလဲရခြင်းမျိုး ၃-ပါး၊ ။လိမ်လည် လှည့်ပတ် ဖြားယောင်းရခြင်း အကြောင်း ၃-ပါး၊ ဘုရင်နှင့် စစ်သူကြီး, သံတမန်တို့ ကျင့်ရန်။ (၁) ဇီဝိတ မာယာ- အသက်၏ ပျက်စီးဘွယ်ရာ၌ စဉ်းလဲရခြင်း၊ (၂) ယောဂ မာယာ- သူ၏စစ်ကို အောင်ဘွယ်ရာ၌ စဉ်းလဲရခြင်း၊ (၃) မဟာဝိနာသ မာယာ- သတ္တဝါအများ ပျက်စီးဘွယ်ရာ အမှုကြီးတို့၌ စဉ်းလဲရခြင်း။

စည်မျိုး ၁၂-ပါး, တနည်း ၁၃-ပါး၊ ။မဟာရာဇဝင်ကြီးမှ ထုတ်၍ ဖြေထားသည်။ (၁) မြေဂက်စည်၊ (၂) သံလွင်၊ (၃) စည်ပြော၊ (၄) စည်ကြီး၊ (၅) ဒုံမင်း၊ (၆) စည်ဝန်း၊ (၇) စည်သေး၊ (၈) စည်ပုတ်၊ (၉) စည်ပန်းတောင်း၊ (၁၀) ပတ်သာ, ပုံသာ၊ (၁၁) တဖက်ပိတ်စည်၊ (၁၂) စည်အိုင်။

မှတ်ချက်။ ။အချို့ကား "စည်ဒိုး"ကို ထည့်၍ စည်မျိုး ၁၃-ပါး ယူကြ၏၊ စည်သေးနှင့်အတူ မှတ်က ၁၂-ပါးပင် ရ၏၊ မဃဒေဝ လင်္ကာသစ်၌ "နန်းပွဲအလိုက်၊ နန်းထိုက်တမည်၊ ကြွေးရိုက်မြည်သား၊ မြေဂက်စည်, သံလွင်၊ ထိုပြင်ရိရော၊ စည်ပြောတသီး၊ စည်ကြီး,

http://www.dhammadownload.com

တသင်း၊ ဒုံမင်းသံမှန်း၊ စည်ဝန်း, စည်သေး၊ တရေး စည်ပုတ်၊ ပြုတ်ပြုတ်ဆော်ညောင်း၊ စည်ပန်းတောင်း, ပတ်သာ၊ သညာ ထူးလည်၊ တဖက်စည်ကား၊ စည်အိုင်ခေါ်ရိုး၊ စည်မျိုး ဆယ့်နှစ်" ဟု လာရှိ၏။

စည်းစိမ်ဥစ္စာ ပျက်စီးကြောင်းတရား ၆-ပါး။ ။သိင်္ဂါလ သတ္တိသားအား ဘုရားဟောတော် မူသည်ကို ၎င်းလက်ခံဖြင့် သိပါ။ (၁) သေစာသောက်စား၊ (၂) လမ်းသွား ခါမဲ့၊ (၃) ရှုံ့ သဘင်၊ (၄) ပျော်ရွှင်အန်လောင်း၊ (၅) မကောင်း မိတ်ဖျင်း၊ (၆) ပျင်းရိခြင်းများ၊ ဤ ၆-ပါးကား၊ ပျက်ပြားဥစ္စာ ယွင်းကြောင်းတည်း။

စည်းစိမ်ချမ်းသာ၊ မျိုး ၄-ဖြာ၊ ကျမ်းလာ မည်သို့နည်း? ။ ဗုဒ္ဓဘာသာကျမ်းစာတို့၌ ဒါန, သီလ, ဘာဝနာမှုအတွက် စည်းစိမ် ၄-ပါးကို ညွှန်ကြားကြကုန်၏။ (၁) လူ့စည်းစိမ်, လူ့ချမ်းသာ၊ (၂) နတ်စည်းစိမ်,နတ်ချမ်းသာ၊ (၃) ဗြဟ္မာ့စည်းစိမ်,ဗြဟ္မာ့ချမ်းသာ၊ (၄) နိဗ္ဗာန်စည်းစိမ်, နိဗ္ဗာန်ချမ်းသာ။

စည်းဝါးမျိုး ၄-ပါး။ ။ကြိုး, ဘွဲ့, ဂိတနှင့် ဝါဒိတ,ခေါ် သီဆို တီးမှုတ်မှုအနုပညာ ဝါ, ဂီ, နစ်၌ စည်းသုံးစည်းဟု လာရှိသည်။ (၁) ကရောင်းစည်း- ချွင်-ချွင်-ချွင်-ချွင်....၊ (၂) နရည်းစည်း-ချွင်-ချွင်-ချပ်၊ ချွင်-ချွင်-ချပ်၊ (၃) ဝါးလတ်စည်း- ချွင်-ချပ်၊ ချွင်-ချပ်။

တနည်း။ နရည်းစည်း,ဝါးလတ်စည်း, စုံစည်း, စည်းပြေး,စည်းသုတ်, စည်းနည်းများလည်း ရှိသေး၏၊ ဂီတစာဆိုတော်ကြီးများနှင့် ဆွေးနွေးကြပါကုန်။

စဏ္ဍပဇ္ဇောတမင်း၏ ယာဉ်တော် ၅-ပါး။ ။သူ၏ကောင်းမှု ပတ္ထနာထူးကြောင့် ရသော အစုမ်းကောင်းများ။ (၁) ကာက ခေါ် ယောကျ်ား၊ ယူဇနာ ၆၀-နှုန်းချင်း သွားနိုင်၏၊ (၂) နာဠာဂီရိဆင်- ယူဇနာ ၁၂၀-ဒန္ဒုချင်း လျင်စွာ သွားနိုင်၏၊ (၃)ဘဒ္ဒါလီ ဆင်မ-ယူဇနာ ၅၀-ချက်ချင်း လျင်စွာ သွားနိုင်၏၊ (၄) မုဥ္ဇကေသီ မြင်းမ- ယူဇနာ ၁၂၀-ခရီးကို နေ့ချင်း လျင်စွာ သွားနိုင်၏၊ (၅) ဘဇ္ဇကုလီ မြင်းမ- ၎င်းအတိုင်း။

စဏ္ဍာလ ၄-စို့။ ။ကျောက်စာဝန် တော်စိန်ခို၏ မှတ်စုပရပိုဏ် တဆူ၌ အောက်ပါအတိုင်း တွေ့ရ၏။ (၁) ပြည့်တန်ဆာမများ တစို့၊ (၂) သွေး

http://www.dhammadownload.com

မစ္ဆိမ်း, အန္ဒများ တစို့၊ (၃) သူတောင်းစားများ တစို့၊ (၄) သူကောင်ထမ်း, မြေမြှုပ်သုဘရာဇာ တစို့၊ ငင်းတို့ကို အရွတ်ဝန်က အုပ်ချုပ်ရသည်။

စဏ္ဍာလ ၅-မျိုး။ ။အလုပ်ကြမ်း သမားများ ဟူ၏၊ ကေကနိပါတ် အပဏ္ဏကဇာတ် အဋ္ဌကထာ။ (၁) စဏ္ဍာလ-ဒွန်းစဏ္ဍားမျိုး၊ ပန်းဘဲစသည့် အလုပ်ကြမ်းသမားများ၊ (၂) နေသာဒ-တံငါ မုဆိုးမျိုး၊ (၃) ပဏ္ဍုသ-ပန်းမို့က်သွန်, အညစ်အကြေး သုတ်သင်သူမျိုး၊ (၄) ရထကာရ-သစ်ရွေသမား, ရထား, လှည်း စသည့် အလုပ်သမား၊ (၅) ဝေဏ-ဝါးခုတ်, ဝါးခွဲ, နှီးထိုး, ဖျာရက် စသည် ပြုသောသူမျိုး။

စဏ္ဍာလ ၅-မျိုး၊ တနည်း။ ။(၁) စပ်၊ (၂) အမွှမ်း၊ (၃) သူကောင်ထမ်း၊ (၄) တွင်းတူး၊ (၅) သူသေကိုင်၊ ဤ ၅-မျိုးကိုလည်း စဏ္ဍာလ ၅-မျိုးဟူ၍ "လောကဝေါဟာရ" အားဖြင့် ခေါ်ကြသေး၏။

မှတ်ချက်။ ။"စဏ္ဍာလငါး၊ အစို့များက၊ ရင်ခြားတမည်၊ အခွန်သည်ကား၊ တပြည်တစံ၊ တနိုင်ငံက၊ သံကိုကျွေးမွေး၊ ပေးကမ်းဘို့ရန်၊ အရွတ်ဝန်သို့၊ မကျန်စေဋ္ဌါ၊ အပ်ထားရာ၏။" ဟု မဃဒေဝလင်္ကာ ပုတ္တောဝါဒခဏ်းဌ် စပ်ဆိုလျက်ရှိ၏။

စတုဉ္ဇာတိမျိုး ၄-ပါး။ ။ဆေးကျမ်းလာ အပူမျိုး အပေါင်း ဓဝါဟာရ။ (၁) သဘော်ချင်း၊ (၂) ဂျတ်ကောင်း၊ (၃) ပိတ်ချင်းသီး၊ (၄) ပိတ်ချင်းမြစ်။

စတုဇာတမျိုး ၄-ပါး။ ။ဆေးကျမ်းလာ အမွေးမျိုး အပေါင်း ဝေါဟာရ။ (၁) ဖာလာ၊ (၂) ကရဝေးရွက်၊ (၃) ကရဝေးခေါက်၊ (၄) ကုံကော်ဝတ်ဆံ။

စတုဇ္ဈာနလုံး ၅-လုံး။ ။ကမ္မဝါဖတ်ရာ၌ ပြင်းပြင်းရွတ်ရ၍ ဝင်ငါးပါးတို့တွင် ပါဝင်သော ဃ,ဈ,ဇ,ဓ,ဘ အက္ခရာငါးလုံးကို ခေါ်သည်။

စတုဇီသာ ၄-မျက်နှာ။ ။အရွှေအရပ်၊ အနောက်အရပ်၊ တောင်အရပ်၊ မြောက်အရပ်။

စတုပညာသ ဆေး ၅၄-ကျပ်သား။ ။အဂ္ဂိရတ် ဝေါဟာရ၊ ဘယဆေး၌လည်း သုံး၏။ (၁) ဆား ၈-ကျပ်၊ (၂) လက်ချား ၁၅-ကျပ်၊ (၃) ဆပ်ပျာ ၁၉-ကျပ်၊ (၄) ယမ်းစိမ်း ၁၂-ကျပ်ပေါင်း ၅၄-ကျပ်သားကို ချော်ချက်၍

http://www.dhammadownload.com

သုံးရာ၌ အဂ္ဂိရတ် ဆရာတို့က "စ့,က့,ဗ့,ယ" စတုပညာသဟု ခေါ်ဆို ကြသေးသည်၊ ၃,၂,၅,၀, ဂြိုဟ်သက်တို့ကို အလေးချိန် ပြုသည်မှတ်။

စတုပညာသ ဆေး ၅၄-ကျပ်သား၊ တနည်း။ ။(၁) ထုံးရေကြည် ၁၀-ကျပ်၊ (၂) ဇဝက်သာ ၂၁-ကျပ်၊ (၃) ဆား ၈-ကျပ်၊ (၄) လက်ချား ၁၅-ကျပ်၊ ၎င်း ၅၄-ကျပ်သားကို လုပ်ရတ်ကျမ်းတို့၌ "ဋ, သ, ည, ခ "ဟု ခေါ်ဆိုကြကုန်၏၊ ၇,၆,၁,၂ ဂြိုဟ်သက်တို့ကို အလေးချိန် ပြုသည်။

စတုပါရိသုဒ္ဓိ သီလ ၄-ပါး။ ။၎င်းသရုပ်ကို (သီလကြီးမျိုး ၄-ပါး)၌ ရှုပါ။

စတုဗလ ဆေး ၄-ပါး။ ။စိန်,ဆေး,ကန့်,ဟင်း,ခေါ် မင်းလေးပါး ဆေးကို လုပ်ရတ်ကျမ်းတို့၌ "စတုဗလ ဆေး"ဟု ခေါ်ဆိုကြ၏။

စတုဗိဇမျိုး ၄-ပါး။ ။ဆေးကျမ်းလာ အစေ့မျိုး အပေါင်း ဝေါဟာရ၊ (၁) ဇီယာနက်စေ့၊ (၂) ပဲနုံသာစေ့၊ (၃) စမုန်ဖြူစေ့၊ (၄) စမုန်နီစေ့။

စတုဘုမ္မိက တရား ၄-ပါး။ ။(၁) ကာမဘုံ၌ဖြစ်ကောင် တရားစု၊ (၂) ရူပဘုံ၌ဖြစ်သော တရားစု၊ (၃) အရူပဘုံ၌ ဖြစ်သော တရားစု၊ (၄) အ,ဝတ္ထာဘုံ၌ ဖြစ်သော လောကုတ္တရာတရားစု။

မှတ်ချက်။ ။၄-ခုမြောက် လောကုတ္တရာဘုံ၊ ဝါ-နိဗ္ဗာန် တရားကိုပင် 'စတုဘုမ္မိက'ဟု ခေါ်သည် မှတ်လေ။

စတုမဓုမျိုး ၄-ပါး။ ။ရဟန်းတော်များ နေ့ယူညစာ သုံးဆောင်ရန် ဘုရား ခွင့်ပြုတော်မူသော အချိုမျိုးလေးပါး၊အာယုဝဍ္ဎနပြီး၏။ (၁)ထောပတ်၊ (၂) ပျားရည်၊ (၃) တင်လဲ၊ (၄) နှမ်းဆီ၊ ၎င်းလေးပါး အမျှစီ၊ နေ့သို့မဟုတ်၊ မိုးနှင့် ချက်။

စတုမဟာရာဇ် နတ်မင်းကြီး ၄-ပါး။ ။ပဋိသမ္ဘိဒါမဂ် ။ပါ။ ၃၃၂။ ဌ။ ဒု-အုပ်။ ၂၁၈။ စတုမဟာရာဇ် နတ်ပြည်၌ ၄-ဌာနခွဲ၍ အုပ်စိုးသော နတ်မင်းကြီးလေးပါး ဟူ၏။ (၁) အရှေ့ပိုင်းဌာန၌ ဓတရဋ္ဌ နတ်မင်းကြီး၊ (၂) တောင်ပိုင်းဌာန၌ ဝိရူဠ္ဍက နတ်မင်းကြီး၊ (၃) အနောက်ပိုင်းဌာန၌ ဝိရူပက္ခ နတ်မင်းကြီး၊ (၄) မြောက်ပိုင်းဌာန၌ ကုဝေရခေါ်,ဝေဿဝဏ် နတ်မင်းကြီး။

http://www.dhammadownload.com

(၂၂၆) [စ + တု။ စ + နွ။ စ + နိ်း။ စ + ပ်။ စ + ပါး]

စတုရင်္ဂါ၊ ဘွဲ့နာမ၊ ဂု-ဖြာ အင်္ဂါသိ။ ။စတု ရင်္ဂ ပလ္လ, ဟူသော ဘွဲ့ပုတ်ဆိပ်၏ အင်္ဂါ လေးပါးကို ဆိုသည်။ (၁) သဒ္ဒါကျမ်းအတတ်၊ (၂) ကဗျာလင်္ကာအတတ်၊ (၃) အမေးပြဿနာ ဓမ္မသတ်ကျမ်း စကားအတတ်၊ (၄) စစ်ဆင် စစ်ချီ စစ်ထိုးအတတ်။ ၎င်း အင်္ဂါ ၄-ရပ်တို့၌ ခေါင်ထိပ်အထိ တတ်မြောက်သူ။

စတုရာရက္ခတရား ၄-ပါး။ ။ရဟန်းရှင်လူတို့ ည နံနက် အမြဲမပြတ် ပွားများအပ်သော တရားလေးပါး။ (၁) အသုဘ ကမ္မဋ္ဌာန်း၊ (၂) မရဏာနုဿတိ၊ (၃) မေတ္တာဘာဝနာ၊ (၄) ဗုဒ္ဓါနုဿတိ။

စတုဝဂ္ဂ ဓမ္မ ၄-ပါး။ ။ကာလိဒါဃ စသော ဆရာကြီးတို့ ရေးခဲ့သည့် လောကီမဟာကဗျာကျမ်းလာ လေးပါးသော တရားစု။ (၁) ချမ်းသာကြောင်း ဓမ္မ၊ (၂) အတတ်ပညာ ဣယ်ယာ ရွှေ့ငွေ့ ဥစ္စာတို့ကို ရခြင်းနှင့် ရပြီးကို စောင့်ရှောက်ခြင်းတည်းဟူသော-အတ္ထ၊ (၃) ကာမဂုဏ်ငါးပါး ဟူသော ကာမ၊ (၄) နိဗ္ဗာန် ဟူသော-မောက္ခ။

စတုဝိသာရဒ ဉာဏ်တော် ၄-ပါး။ ။မူလပဏ္ဏာသ ။ပါ။ ၁၀၃ ။ဋ္ဌ။ပ-အုပ်၊ ၃၃၀။ စတုဝေသာရဇ္ဇ ဉာဏ်တော် ၄-ပါးလည်း ဟူ၏၊ ဟုတ်မှန်ကြောင်းကို ရဲရင့်စွာ အသိပေး ပြောဆို ဝန်ခံခြင်း ၄-ပါး။ (၁) ဗုဒ္ဓတ္တဉာဏ်-ဘုရားအဖြစ်ကို ဟုတ်မှန်စွာ သိသောဉာဏ်၊ (၂) အာသဝက္ခယဉာဏ်-အာသဝ ကုန်ခြင်းကို သိသောဉာဏ်၊ (၃) အန္တရာယဉာဏ်- အန္တရာယ် ရှိသည်ကို သိသောဉာဏ်၊ (၄) နိယျာနိက ဉာဏ်- လောက သံသရာမှ ထက်လမ်းကို သိသောဉာဏ်။

စန္ဒကူးမျိုး ၄-ပါး။ ။(၁) ရတ္တစန္ဒန-စန္ဒကူးနီ၊ (၂)ကာလာနုသာရိ-စန္ဒကူးနက်၊ (၃) ဟရိစန္ဒန-စန္ဒကူးရွှေ၊ (၄) ဂန္ဓသာရ-စန္ဒကူးဖြူ။

စန်းယှဉ်နက္ခတ် ၁၃-လုံး။ ။၎င်း သရုပ်ကို (ပုဏ္ဏမီ နက္ခတ် ၁၃-လုံး) ၌ ကြည့်ပါ။

စပ်တူ, စပ်ဖက် မထုပ်အပ်သူမျိုး ၈-ယောက်။ ။၎င်း သရုပ် အဖြေကို (မတိုင်ပင်အပ်သူ ၈-ယောက်)၌ ရှုပါလေ။

စပါးမျိုး ၇-ပါး။ ။၎င်း သရုပ်ကို 'ကောက်မျိုး ၇-ပါး'၌ ဆိုခဲ့ပြီ။

http://www.dhammadownload.com

၈ပါးမျိုးအပြား ၁၀၇-ပါး၊ တနည်း။ ။အထိကရ မဟာကန်ဇာတ်ကြီး မေဝဲကွန်းမှ၊ ၎င်းသရုပ်များကို (ကောက်မျိုး ၁၀၇-ပါး)၌ ပြခဲ့ပြီ။

၈မကြီး ၄-လုံး။ ။တြိင်းကျေ့ နဝင်းကျေ့ဖြစ်၍ လောဟ ကောင်းကျိုးကို ပေးစေတတ်သော "စ, ဓ, ဗ, ဝ"ခေါ် အက္ခရာ ၄-လုံး။

၈မုန်မျိုး ၅-ပါး။ ။(၁) ၈မုန်စပါး၊ (၂) ၈မုန်ဖွဲ၊ (၃) ၈မုန်ဖြူ၊ (၄) ၈မုန်နီ၊ (၅) ၈မုန်နက်။

၈မုန်၀ျိုး ၇-ပါး၊ တနည်း။ ။(၁) ဇီယာ၊ (၂) ၈မုတ်၊ (၃) ၈မုန်စပါး၊ (၄) ၈မုန်ဖွဲ၊ (၅) ၈မုန်ဖြူ၊ (၆) ၈မုန်နီ၊ (၇) ၈မုန်နက်။

၈ရဏတရား ၄-ပါး။ ။လောကီ, လောကုတ်, အတတ်တို့၏ အခြေခံ အကြောင်းရင်း အလုပ်တရား လေးပါး။ (၁) လောကီ ၈ရဏ-လောက်ဝိဇ္ဇာကို တတ်မြောက်နိုင်ရန် ပရိက်ဖြစ်၍ မူလအခြေ သင်ကြား အားထုတ်မှု လေ့ကျင့်ခန်း ဟူသမျှ၊ (၂) ပြဟ္မ ၈ရဏ-ဗေဒင်သုံးပုံတို့၏ အခြေခံဖြစ်သော ကမ္မဿကတ ဉာဏ်နှင့် ၅-ပါးသီလ တရားစု၊ (၃) ဣသိ ၈ရဏ-ဣသိဝိဇ္ဇာ ခေါ် လောကီ အဘိညာဉ် ၎ါးပါး၏ ရှေ့အဖို့ ကျင့်ကြံအားထုတ်စရာ ဆယ်ပါးသီလ, ဣန္ဒြိယသံဝရသီလ, ပရိကမ္မ စသော နိမိတ် ၃-ပါး, စျာန် ၄-ပါး, သမာပတ် ၈-ပါး တရားစု၊ (၄) ဗုဒ္ဓ ၈ရဏ-ဘုရား သခင်၏ အလိုတော်ကျဖြစ်သော ၈ရဏတရား ၁၇-ပါး။

၈ရဏတရား ၉-ပါး၊ တနည်း။ ။အမွေဌသုတ်၌ ၈ရဏတရား ကိုးပါးကို မြတ်စွာဘုရား ဟောကြားတော်မူသည်။ (၁) သီလသံဝရ၊ (၂) ဣန္ဒြိယသံဝရ၊ (၃) ဘောဇနေ မတ္တညုတာ၊ (၄) သတိသမ္ပဇည၊ (၅) စဝုပစ္စယသန္တောသ၊ (၆) ပဌမစျာန်၊ (၇) ဒုတိယစျာန်၊ (၈) တတိယစျာန်၊ (၉) စတုတ္ထစျာန်။

၈ရဏတရား ၁၅-ပါး။ ။သုတ္တနိပါတ် ။၌။ ပ-အုပ်။ ၂၀၃။ နိဒ္ဒာန်သွားကြောင်း ခြေချောင်းနှင့် တူသောတရားများ ဟူ၏။ (၁) သီလ သံဝရ၊ (၂)ဣန္ဒြိယေသု ဂုတ္တဒွါရတာ၊(၃)ဘောဇနေ မတ္တညုတာ၊ (၄)ဇာဂရိယာနုယောဂ၊(၅) သဒ္ဓါ (၆) သတိ၊ (၇) ဟိရီ၊ (၈) ဩတ္တပ္ပ၊ (၉)ဗာဟုသ္စစ္စ၊ (၁၀) ဝီရိယ၊ (၁၁) ပညာ၊ (၁၂)ပဌမစျာန်၊ (၁၃) ဒုတိယစျာန်၊ (၁၄) တတိယစျာန်၊ (၁၅) စတုတ္ထစျာန်။

http://www.dhammadownload.com

စရဏတရား ၁၇-ပါး၊ တနည်း။ ။အထက် ဖေါ်ပြပါ ၁၅-ပါးသို့။ (၁) သမ္မာဥာဏ်၊ (၂) စတုပစ္စယ သန္တောသ၊ ၎င်းနှစ်ပါး ထည့်သော် စရဏကရား ၁၇-ပါး ဖြစ်၏။

စရိယတရား ၉-ပါး။ ။မဇ္ဈိမပဏ္ဏာသ။ပါ။၁။၌။၃။ အတ္တ, ပရ, နှစ်ဝကျိုး တွက် လုပ်ကိုင် အားထုတ်ခြင်း ၃-ပါး။ လောကတ္ထ စရိယာ-ကမ္ဘာသား အများ ကောင်းကျိုးချမ်းသာ ရရှိခံစားနိုင်ရန် အဟုတ် ဖြည့်ကျင့် ပြုစုခြင်း၊ (၂) ဉာတတ္ထ စရိယာ-မိမိအမျိုးသားတို့၏ အကျိုးငှါ ဖြည့်ကျင့် ပြုစု အားထုတ်ခြင်း၊ (၃) ဗုဒ္ဓတ္ထ စရိယာ-ဘုရားသခင် ဖြစ်နိုင်လောက် သည်အထိ ဉာဏ်ပညာကြီးပွားအောင် ပြုကျင့်အားထုတ် ရှာမှီးခြင်း။

စရိုက် ၆-ပါး။ ။ဝိသုဒ္ဓိမဂ် ပ-အုပ်။၁၀၁။ သတ္တဝါတို့၏ သန္တာန်မှာ ပါရှိနေသော သဘောတရား ၆-ပါး။ (၁) ရာဂ စရိုက်-ရာဂပေါများ ထူပြောသူ၊ (၂) ဒေါသ စရိုက်-ဒေါသပေါများ ထူပြောသူ၊ (၃) မောဟစရိုက်-မောဟပေါများ ထူပြောသူ၊ (၄) ဝိတက် စရိုက်- တောင်တောင် ကျိကြိ ကြံစည်ခြင်း များပြားသူ၊ (၅) သဒ္ဓါစရိုက် သဒ္ဓါတရား ကောင်းသူ၊ (၆) ဗုဒ္ဓိ စရိုက်-ဆင်ခြင်ဉာဏ် ပညာကောင်းသူ။

စ ဝဂ် ၅-လုံး။ ။စ, ဆ, ဈ, ဇ, ဉ၊ ၎င်းအက္ခရာ ငါးလုံးကို တစုတည်း တဆက်တည်း ရွတ်ဆိုရသောကြောင့် စ ဝဂ် ခေါ်သည်။

စဝဂုဏ် ၆-ပါး။ ။စဝဂါနုဿတိအရ စဝဂုဏ် ၆-ပါးကား ပေးကမ်း စွန့်ကြဲသူအဖို့ ဖြစ်၏။ (၁) ဝိဂတ မလ မစ္ဆေရ-မစ္ဆေရမှ ကင်းစင်ခြင်း ဂုဏ်၊ (၂) စဝဂ-ပေးလှူစွန့်ကြဲနိုင်မှု ဂုဏ်၊ (၃) ပယတ ပါဏိ-စင်ကြယ်သော လက်ရှိခြင်း ဂုဏ်၊ (၄) ယာစက ယောဂ-အလှူခံတို့နှင့် ယှဉ်ခြင်း ဂုဏ်၊ (၅) သံဝိဘာဂ ရတ-ဝေဘန်ခြင်း၌ မွေ့လျော်မှု ဂုဏ်၊ (၆) ဝေါသဂ္ဂ ရတ-စွန့်ကြဲခြင်း၌ မွေ့လျော်မှု ဂုဏ်။

စဂဂီ ၅-ဖြာ၊ လောင်းမြတ်စွာ၊ ကျင့်ရာ အဘယ်နည်း? ။၎င်းသရုပ်ကား 'စွန့်ခြင်းကြီး ၅-ပါး'နှင့် တူ၏၊ စွန့်ခြင်းကြီး ၅-ပါးကိုပင် 'စဂဂီ ၅-ဖြာ၊ စဂဂ ၅-ပါး'စသည်ဖြင့် ခေါ်ဆိုကြကုန်၏။

စဘတတ်ကြောင်းရာ၊ အင် ဂ-ဖြာ၊ လိုက်နာ စွဲမှတ် သိ။ ။သု, စိ, ပု, ဘာ၊ ဝိ,လိ, သိ, ဓာ, ဟူသော စဘတတ်ခြင်း၏ အခြေခံ အင်္ဂါရုပ် ရှစ်ပါးကို

http://www.dhammadownload.com

ဆိုသည်။ (၁) သ့, သုဏောယျ-ကြားနာရာ၏၊ (၂) စိ,စိန္တေယျ-ကြံစည်ရာ၏၊ (၃) ပု, ပုစ္ဆေယျ- မေးမြန်း စုံစမ်းရာ၏၊ (၄) ဘာ, ဘာသေယျ-ပြောဆိုရာ၏၊ (၅) ဝိ,ဝိစာရေယျ-ဆင်ခြင်နှိုင်းဆရာ၏၊ (၆) လိ,လိခေယျ-ရေးသားရာ၏၊ (၇) သိ,သိက္ခေယျ- သင်ကြားလေ့ကျင့်ရာ၏၊ (၈) ဓာ, ဓာရေယျ-နှုတ်တက် အာဂုံဆောင်ရာ၏။

စာပေရေးရာ၊ နည်း ၅-ဖြာ၊ မြန်မာ ယဉ်ကျေးမှု။ ။ဂုဏ်းသရုပ်ကို(မြန်မာစာပေ ရေးသားလေ၊ ၅-ထွေ နိသျည်း)ဟူသော ပုစ္ဆာ၌ ရှုလေ။

စာပေရွတ်ဖတ်၊ နည်း ၁၀-ရပ်၊ ကျမ်းမြတ်မည်သို့ မိန့်သနည်း?။ ။သဒ္ဒါကျမ်းတို့၌ 'ဗျဥ္ဇနဗုဒ္ဓိ ၁၀-ပါး' ကို စာပေ ရွတ်ဖတ်ပုံ နည်းဥပဒေ အရ မိန့်ဆိုကြ၏၊ ကမ္မဝါစာရွတ်ဖတ်ရာ၌လည်း ထိုဆယ်ပါးကို ဝိနည်းဥပဒေက ညွှန်ကြားတားသည်။

စာပေဝင်ကျော်၊ ဆရာတော်၊ ၄-ဖော် မြန်တိုင်းရပ်။ ။ဂုဏ်းသရုပ်ကို (ကျော်လေးပါးခေါ်၊ ဆရာတော်)ဟူသော သုတေသနရပ်၌ ဆိုခဲ့ပြီ။

စာရမျိုး ၃-ပါး။ ။သန္ဓေတည်နေသော မိန်းမတို့ လိုက်နာရသော အကျင့် ၃-ပါး။ (၁) တိတ္ထက-ခါးသော အစာ အာဟာရမှ ရှောင်ကြဉ်ခြင်း၊ (၂) ကသာဝ-ဖန်သော အစာ အာဟာရမှ ရှောင်ကြဉ်ခြင်း၊ (၃)ကဋုက-စပ်ပူသော အစာ အာဟာရမှ ရှောင်ကြဉ်ခြင်း။

စာရေးတော်ကြီး အင်္ဂါ ၆-ပါး။ ။လွှတ်သုံး ရုံးသုံး စာရေးတော်ကြီးတို့၏ အင်္ဂါ ၆-ပါး၊ ရာဇသေဝကကျမ်း။ (၁) သက်ံ ဥတ္တဂ္ဂဟံ - တကြိမ်ဆို လျှင် မင်း၏အလိုကို သိတတ်ခြင်း၊ (၂) သီဃ လေခကံ- လျင်မြန်သော လက်ရေးလည်း ရှိခြင်း၊(၃)သု လေခကံ- လက်ရေးလည်း လှပပြီသခြင်း၊ (၄) မေဓ၊ဝီ- ထိုးထွင်းဉာဏ်လည်း ရှိခြင်း၊ (၅) ဝါကျပဋုကံ- စကား သွား စာပိုဒ်လည်း ကောင်းမွန် ပြေပြစ်ခြင်း၊ (၆) ဒက္ခံ- အရာဌာန အားလျော်စွာ လိမ်မာပါးလျှင်ခြင်း၊ တေ- ဤသို့ဆိုငြား, ၆-ပါးအင်္ဂါနှင့် ပြည့်စုံသူကို၊လေခကေ-စာရေးတော်ကြီး အရာ၌၊ဌာပေ- ထားရာခန့်ရာ၏။

စာလုံး ၅-မျိုး၊ ရေးရိုးစဉ်လာ၊ ဖေါ်ပြပါ။ ။ဤမြန်မာစာလုံး ရှေးဟောင်း **ရေးပုံ** ငါးပါးကား "မုဒ္ဒါလိပိ သိပ္ပလိပိ၊ လိပိ လေခန သမ္ဘဝါ၊ ဂုဏ္ဍိကာ ဆုဏ္ဏသမ္ဘူတာ၊ လိပိယော ပဋ္ဌဓာယိမေ။" ဟူသော သက္ကတကျမ်းမှ **နည်းယူ** ကူးပြောင်းလာ၏။ (၁) တံဆိပ်ရိုက် စာလုံး-မုဒ္ဒါ လိပိမျိုး၊

http://www.dhammadownload.com

(၂) ပန်းချီရေး စာလုံး- သိပ္ပ လိပိမျိုး၊ (၃) ကြည်စ်ရေး စာလုံး- လိခါ လိပိမျိုး၊ (၄) ခြစားရာ၌ ထင်နေသော စာလုံး- ဃုဏ လိပိမျိုး၊ (၅) မင်ရေး စာလုံး- ဂုဏ်ကာ လိပိမျိုး။

စာသင်နည်းမျိုး ၃-ပါး။ ။ဂုဏ်းသရုပ်ကို (ပရိယတ္တိမျိုး ၃-ပါး) ဟူသော သုတေသန ပုဒ်မှာ ကြည့်ပါလေ၊ ပါရာဇိကဏ် အဋ္ဌကထာ။

စားတော်ကဲ အင်္ဂါ ၅-ပါး။ ။စဖိုသည်ခေါ် ထမင်းချက်သမား၏ ဂုဏ်အင်္ဂါ ၅ ပါး၊ ရာဇနိတိ၌ ဆို၏။ (၁) စဖိုသည်၏ မျိုးရိုးစဉ်ဆက် ဖြစ်ခြင်း၊ (၂) ဟင်းလျာချက်နည်းမျိုးစုံ ကျမ်းစာတို့ကို လေ့လာ တတ်မြောက် ရခြင်း၊ (၃) မြိန်ရှက်ဖယ်ရာ ဖုတ်ကင်ချက်ပြုတ် ကြော်လှော် တတ်ရခြင်း၊ (၄) ချက်ပြုတ်ရေး၌ မျက်နှာလွဲကာ လှုတကာ့ကို မစေခိုင်းရခြင်း၊ (၅) ချက်ပြုတ်ရေး၌ စိတ်ကူးညာဏ် ကြံစည်ဝေဘန်မှု ရှိရခြင်း။

စိတ် ၈၉-ပါး။ ။ဂုဏ်းသရုပ် (စိတ်တခုယုတ် ၉၀)၌ ရှုပါ။

စိတ်၏တည်ရာ၊ ဝတ္ထုမှာ၊ ၆-ဖြာ အဘယ်နည်း? ။ဂုဏ်းသရုပ်ကို (ဝတ္ထုရုပ် ၆-ပါး) ဟူသော ပုစ္ဆာ၌ ရှုပါ။

စိတ်အကြံ သိနိုင်ခြင်းမျိုး ၄-ပါး။ ။သူတပါး၏ စိတ်အကြံကို သိနိုင်ပုံ။ သုတ်ပါထေယျ။ပါ။ ၅၈။ဋ္ဌ။ ၇၀-၌ ရှုပါ။

စိတ်တခုယုတ် ၉၀။ ။ဓမ္မသင်္ဂဏီ အဋ္ဌကထာ ၃၁၈-နှင့် ဝိသုဒ္ဓိမဂ် ၃-အုပ်။ ဂျ-တို့၌ အကျယ်ရှု။ ကပ္ပါသူ ကပ္ပါသား သတ္တဝါရှိသမျှတို့၏ သန္တာန်၌ ဆိုင်ရာဆိုင်ရာဖြစ်သော စိတ်အစုကို တခုမကျန် အကျဉ်းအားဖြင့် ရေတွက်သော် ၈၉-ပါး၊ ၉၀-ပြည့်ဘို့ရာ တခုယုတ်နေ၍ (တခုယုတ် ကိုးဆယ်)ဟု ခေါ်ဆိုရလေသည်။ (၁) ကာမစိတ် ၅၄-ပါး၊ (၂) ရူပစိတ် ၁၅-ပါး၊ (၃) အရူပစိတ် ၁၂-ပါး၊ (၄) လောကုတ္တရာစိတ် ၈-ပါး။

စိတ္တဇရုပ် ၁၅-ပါး။ ။စိတ်ကြောင့်ဖြစ်သော ရုပ် ၁၅-ပါးကို ခေါ်ဆိုသည်။ (၁) ကာယဝိညတ်ရုပ်၊ (၂) ဝစီဝိညတ်ရုပ်၊ (၃) သဒ္ဒရုပ်၊ (၄) လဟုတာရုပ်၊ (၅) မုဒုတာရုပ်၊ (၆) ကမ္မညတာရုပ်၊ (၇) ပထဝီရုပ်၊ (၈) တေဇောရုပ်၊ (၉) အာဝေါရုပ် (၁၀) ဝါယောရုပ်၊ (၁၁) ဝဏ္ဏရုပ်၊ (၁၂) ဂန္ဓရုပ်၊ (၁၃) ရသရုပ်၊ (၁၄) ဩဇာရုပ်၊ (၁၅) အာကာသ ဓာတ်ခေါ် ပရိစ္ဆေဒရုပ်။

http://www.dhammadownload.com

စိတ်ဓာတ် အားနည်းခြင်း အကြောင်းတရား ၂၅-ပါး။ ။ကောင်းမှု ကောင်းရာတို့ဘက်၌ စိတ်အားလျော့မှုများ ၂၅-ပါး။ (၁) ကောဓ- အမျက်ထွက်ခြင်း၊ (၂) ဥပနာဟ- ရန်ငြိုးဖွဲ့ခြင်း၊ (၃) မက္ခ- ကျေးဇူးမဲ့ပြုခြင်း၊ (၄) ပလာသ- တုပ်ပြိုင်ခြင်း၊ (၅) ဣဿာ- ငြူစူခြင်း၊ (၆) မစ္ဆ ရိယ- ဝန်တိုခြင်း၊ (၇) မာယာ- လှည့်ပတ်ခြင်း၊ (၈) သာဌေယျ- စဉ်းလဲခြင်း၊ (၉) ထမ္ဘ- မိုက်မဲ ခိုင်ခံ့ခြင်း၊ (၁၀) သာရမ္ဘ- သူ့သိလက္ခံ ဖျက်ဆီးခြင်း၊ (၁၁) မာန- စိတ်ကြီးဝင်ခြင်း၊ (၁၂) အတိမာန-အလွန် အမင်း စိတ်ကြီးဝင်ခြင်း၊ (၁၃) မဒ- မာန်ဖြင့်ယစ်ခြင်း၊ (၁၄) ပမာဒ- မေ့လျော့ခြင်း၊ (၁၅) ထိန- စိတ်၏ လျော့ကျခြင်း၊ (၁၆) မိဒ္ဓ- ငိုက်မြည်းခြင်း၊ (၁၇) အာလသျ- ပျင်းရိခြင်း၊ (၁၈) ပါပ မိတ္တတာ- ခင်ပွန်း ယုတ်နှင့် ပေါင်းပေါ်ခြင်း၊ (၁၉) ရူပ- အဆင်း၌ တပ်မက်လွန်းခြင်း၊ (၂၀) သဒ္ဒ-မြည်း၌ တပ်မက်လွန်းခြင်း၊ (၂၁) ဂန္ဓ- အနံ့၌ တပ်မက်လွန်း ခြင်း၊ (၂၂) ရသ-အရသာ၌ တပ်မက်လွန်းခြင်း၊ (၂၃) ဖေဋ္ဌဗ္ဗ-အတွေ့၌ တပ်မက်လွန်းခြင်း၊ (၂၄) ခုဒ္ဒါပိပါသ- ဆာလောင် မွတ်သိပ်ခြင်း၊ (၂၅) အရတိ တရား၌ မမွေ့လျော်ခြင်း၊

စိန္တာအပြား၊ မျိုး ၃-ပါး၊ မိန့်ကြား ကျမ်းဋီကာ။ ။မဏိသာရ မဉ္ဇူသာ ဋီကာ၌ အောက်ပါအတိုင်း ကြံသိမှုတို့ကို ဆို၏။ (၁) ဥဟန စိန္တာ- ဝိတက် သဘောမျှသာဖြစ်၍ ဖြူ, နီ, ညို, ပြာလောက်ကိုသာ သိနိုင်လျက် မူရင်း သဘော လက္ခဏာကိုကား ထိုးထွင်း၍ မကြံနိုင့်, မသိနိုင်မှု၊ (၂) ဝိဇာနန စိန္တာ- ဝိညာဏ် သဘောမျှသာ ဖြစ်၍ မူရင်း သဘော လက္ခဏာသို့ ရောက်အောင် ကြံစည် ထိုးထွင်းကာ သိနိုင်လျက် ဝိပဿနာ မဂ်ဖိုလ် ရောက်အောင်ကား မစွမ်းနိုင်မှု၊ (၃) ပဇာနန စိန္တာ - ပညာ သဘောဖြစ်၍ ကိစ္စအားလုံးကို သိမ်းကျုံးကာ ထိုးထွင်းသိုင်းနိုင်မှု။

စိန်မျိုး ၄-ဖြာ၊ ရတနာ၊ မိန့်မှာ မဏိသျှတ်။ ။ မဏိသျှတြာကျမ်းလာ ဝဇီရစိန် ရတနာမျိုး လေးပါး။ (၁) ခတ္တိယ-ပြိုးပြိုးပြက် ထွက်သော အရောင်ရှိ၏၊ (၂) ကလွဲ်-ဖြူဖွေးဖွေး၌ သက်တင်ရေး ထင်လုလု အရိပ်ထွက်သည်၊ (၃) ကိဿရာ-ဝါ, ညို, နီရောင် သန်းနေသည်၊ (၄) ဗြဟ္မဏ - အတွင်း၌ အဖြူထုတ်ချင်းထွင်းလုံးက် အပြင်ဘက်က သက်တင်ရေး ပြာနုရောင် သန်းနေသည်။

http://www.dhammadownload.com

စိန်ပျိုး ၇-ပါး၊ လုပ်ရတ်များ၊ ပွဲခြား စိတ်ဖြာသိ။ ။ဝိဇ္ဇာခရ စာတုသာရ ကျမ်းမှ ယူသည်။ (၁) အသဒန္တ သောမလ- မြင်းသွားစိန်း၊ ဝါ,နှ်, ဖြူ အဆင်းရှိ၏၊ (၂) သောမလ သုက္က-စိန်ဖြူ ဒိုးဆန်၊ ဂုံညင်းဆန်ကဲ့သို့ ရှိ၏၊ (၃) သောမလ သုက္က ဂဇ- စိန်ဖြူ ဆင်ဦးနှောက်၊ ဖြူသော စရံ ရှိ၏၊ (၄) ဂဘာမလ ရတ္တ သုဝ- စိန်နီ ကျေးနွှတ်သီး၊ ရဲရဲနီသော အဆင်းရှိ၏၊ (၅) ပတြဿ ကာလ-စိန်နက် မှန်ရောင်၊ နက်မှောင်၏၊ (၆) သီဟ မတ္ထလုဂ် ပတြဿ- ခြသေ့ ဦးနှောက်စိန်၊ ပြူဖြူ မှန်ရောင် ရှိ၏၊ (၇) ဗျဂ္ဃ မတ္ထလုဂ် ပတြဿ- ကျားဦးနှောက်စိန်၊ဖြူဖြူ ဝါဝါ မှန်ရောင် ရှိ၏၊ ယို ၇-ပါးတို့တွင် ထူက်ရတ်လမ်း ဆရာတို့အဘက် ပတြဿကာလ ခေါ် စိန်နက်သည် တန်ခိုး အရှိဆုံးဟု မာဏူးချိုးမှမ်း တုတ်ဆိုထား၏။

စိးပွားဥစ္စာ ဆုတ်ယုတ် ပျက်စီးကြောင်း တရား ၆-ပါး။ ။ဂင်း သရုပ်ကို (စည်းဝိမံဥစ္စာ ပျက်စီးကြောင်းတရား ၆-ပါး) ဟူသော ပြဿနာဥ် ဆိုခဲ့ပြီ။

စုတ်မျိုး ၉ပါး။ ။ပေဒင်ကျမ်းအချို့တို့၌ အောက်ပါအတိုင်း ခွဲ၍ ပြကြ၏။ (၁) ပထနီ၊ (၂) သုဘ၊ (၃)လာဘ၊ စုတ်ကြီး ၃-အိမ်၊ (၄) ဓနု၊ (၅) ကရ္ကမ္မ၊ (၆) သဟဇ၊ စုတ်လာက် ၃-အိမ်၊ (၇) ဗန္ဓု၊ (၈) ပုတ္တ- (၉) ကပ္ပ၊ စုတ်ကလေး ၃-အိမ်။

စုဒိတက ကျင့်ဝတ် ၂-ပါး။ ။အာပတ်ဖြင့် အစွပ်စွဲခံရသူ စုဒိတကပုဂ္ဂိုလ်တို့ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ် ၂-ပါး။ (၁) သစ္စံ ဘဏေ- မှန်သော စကားကိုသာ ပြောဆိုရခြင်း၊ (၂) အ ကုပ္ပေယျ- အမျက်ဒေါသ မထွက်ရခြင်း။

စုန်းမျိုး ၇-ပါး, တနည်း၊ ၇ဂ- ပါး။ ။ကျွဲ၌ လောကီဟူးရာ မန္တန်ကျမ်း တို့တွင် အမျိုးမျိုးရှိကြရာ သင့်လျော်ရာကိုသာ ဖော်ပြလိုက်လည်း

(၁) ခြေစုန်း၊ ဂင်းကား သစ်သီးသစ်ပွင့်ကို စားသည်၊ ခြေကိုသော်ဂင်း၊ ခြေထောက်ဝင်သော်ဂင်း ကိုယ်တိုင် ကိုင်ရမှ ဖမ်းစားနိုင်သည်၊ ဂင်းကို ရွာသူ့'ဟု သမုတ်သည်။

(၂) ခေါင်းစုန်း၊ ဂင်းကား သစ်သီးမှည့် အချို အချဉ်ကို စားသည်၊ အရိပ်ကိုသော်ဂင်း၊ ခြေထောက်ဝင်သော်ဂင်း၊ ကိုယ်တိုင်ထိရမှ ဖမ်းစား နိုင်သည်၊ ဂင်းကို 'နဖါးထပ်'ဟု သမုတ်သည်။

http://www.dhammadownload.com

(၃) ကိုယ်စုန်း၊ ၎င်းကား မစင် ခွေးခြောက်ကို စားသည်၊ ခြေရာကို သော်၎င်း၊ အရိပ်ကိုသော်၎င်း၊ ကိုယ်ကိုသော်၎င်း၊ ကိုယ်တိုင် ထိရမှ ဖမ်းစားနိုင်သည်၊ ၎င်းကို 'ဆင်ကွပ်'ဟု သမုတ်သည်။

(၄) မောက်လုံးစုန်း၊ ၎င်းကား အသွေး အသား အရေကို စားသည်၊ ကိုယ်တိုင် မြင်ရ, ထိရ,နမ်းရှုပ်ရမှ ဖမ်းစားနိုင်သည်၊ ၎င်းကို 'စုန်း'ဟု သမုတ်သည်။

(၅) မောက်ပြားစုန်း၊ ၎င်းကား အအူ အသည်း အမြစ်တို့ကို စားသည်၊ ကိုယ်တိုင် မြင်ရ, ထိရ, နမ်းရှုပ်ရမှ ဖမ်းစား နိုင်သည်၊ ၎င်းကို 'ရှာသွေး'ဟု သမုတ်သည်။

(၆) အိန္ဒ်တလိမ့်စုန်း၊ ၎င်းကား အကြော် အလှော် အဆိမ့် အအိမ့်တို့တို့ စားသည်၊ အမည်နာမကိုသိမှ မိမိလက်အောက်ရှိ ၃၇-မင်းနတ်တို့ကို စေပါးခိုင်းခန့် ဖမ်းစားနိုင်သည်၊ ၎င်းကို 'ဇော်ဂန်'ဟု သမုတ်သည်။

(၇) ကဝေမြောက်စုန်း၊ ၎င်းကား လူသွေး လူသား လူရိုး တို့ကို စားသည်၊ အမည်နာမကိုသိက မိမိလက်အောက်ရှိနတ်တို့ကို စေပါး ခိုင်းခန့် ဖမ်းစားနိုင်သည်၊ ၎င်းကို 'ကဝေ'ဟု သမုတ်သည်။

ပုတ်ချက်။ ။ခြေစုန်း, ခဲခြင်းစုန်း, ကိုယ်စုန်း, ၎င်းသုံးယောက်တို့ကား သေအောင် မဖမ်းစား၊ မကြံစည်နိုင်ကြကုန်၊ မောက်လုံး, မောက်ပြား,အိန္ဒ်တလိမ့်,ကဝေမြောက် ၎င်းလေးယောက်သော စုန်းတို့ကား သူ ကိုသေအောင် ဖမ်းစားကြံစည်နိုင်သော တန်ခိုး သတ္တိ ရှိကြကုန်၏၊ ထိုမှတပါး အခြားစုန်းဒမျိုး ၃၆-ပါး၊ ဗူးသင်းစုန်းမျိုး ၇-ပါး၊ ကာကန်, ဇော်ဂန်စုန်းမျိုး ၅-ပါး၊ ပေါင်း ၇၈-ပါးသော အကြောင်းအရာ အကျယ်ကို "လောကီ အင်္ဂုတ္တိရကျမ်းရင်းကြီး"မှာ ရှုပါကုန်။

စေတနာ ၃-တန်။ ။လုတ်သီလကွန်။ပါ။ ၁၃၁ ။ဋ္ဌ။ ၂၆၇-၌ အကျယ်ရှုပါ။ အလုပ်တခု၌ စေ့ဆော်ခြင်း သဘောတရား မျိုးသုံးပါး။ (၁) ပုဗ္ဗ စေတနာ- မပြုလုပ်မီ ရှေ့အဖို့၌ဖြစ်သော စေတနာ၊ (၂) မုဉ္ဇ စေတနာ- ပြုဆဲအခါ၌ ဖြစ်သော စေတနာ၊ (၃) ပရ စေတနာ- ပြုပြီးနောက် အခါ၌ အာရုံပြု၍ ဖြစ်ပေါ်သော စေတနာ။

http://www.dhammadownload.com

စေတသိက် ၅၂-ပါး။ ။အမှန်တရားကို ထိုးထွင်းထွန်းလင်း၍ သိမြင်အောင် ပြပေးခြင်း လက္ခဏာရှိသော 'အမောဟ' ခေါ် ပညာန္ဒြေ စေတသိက် ၁-ပါး၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး၊ ပကိဏ္ဏက စေတသိက် ၆-ပါး၊ သောဘဏသာဓာရဏ စေတသိက်- ၁၉-ပါး၊ ဝိရတီ စေတသိက်- ၃-ပါး၊ အပ္ပမညာ စေတသိက် ၂ပါး၊ အကုသိုလ် စေတသိက် ၁၄-ပါး၊ ပေါင်း ၅၂-ပါး ဖြစ်၏၊ ၎င်းသရုပ် အဓိပ္ပါယ်များကို ဆိုင်ရာ အမည်တို့၌ ပြသွားမည်။

စေတီတည်ထား၊ ကိုးကွယ်ခြား၊ ၄-ပါး ပုဂ္ဂိုလ်အပ်။ ။ဖေါ်ပြပါ လေးပါး သော ပုဂ္ဂိုလ်တို့ကို စေတီတည်ထား ကိုးကွယ်ထိုက်ကြောင်းနှင့် မဟာပရိ နိဗ္ဗာန်သုတ် အဋ္ဌကထာ၌ လာရှိ၏။ (၁) ပူဇော်အထူးကို ခံတော် မူထိုက်သော ဘုရားရှင်၊ (၂) ဘုရားငယ်ခေါ် ပစ္စေကဗုဒ္ဓါ အရှင်များ၊ (၃) သီလဝန္တဖြစ်သော မြတ်စွာဘုရား၏ တပည့်သားများ၊ (၄) စကြာ ရတနာ ၇-ပါးနှင့် ပြည့်စုံသော စကြာမင်း။

စေတီတော်ကို၊ မြတ်ပုထိုး၊ ၂-မျိုး ခွဲခြားသိ။ ။စေတီနှင့် ပုထိုးကို ခွဲခြား သိစေရန် ဆိုသည်။ (၁) စေတီတော်- မုခ်ပေါက် လိုဏ်ဂူ မပါသော စေတီမျိုး၊ ပုံ- ရွှေတိဂုံ၊ ရွှေစည်းခုံ၊ ရွှေဆံတော်တို့လို၊ (၂) ပုထိုးတော်- မုခ်ပေါက် လိုဏ်ဂူပါသော စေတီမျိုး၊ ပုံ-သဗ္ဗညု၊ အာနန္ဒာ၊ ကော်တော့ ပလ္လင်တို့လို။

စေတီထိပ်ဖျား၊ ငှက်မြတ်နား၊ တင်ထား ငှက် ၄-မျိုး။ ။၎င်းသရုပ်ကို (ငှက်မြတ်နားတွင်၊ ထိုးတမ်းဝင်၊ ၄-အင်ငှက်မျိုး အဘယ်နည်း?) ဟူသော ပြဿနာ၌ ဆိုခဲ့ပြီ။

စေတီထိုက်စွာ၊ ပုဂ္ဂလာ၊ ၂-ဖြာ ခွဲခြားသိ။ ။ဗုကဂုံတ္ထရ။ပါ။ ၇၆။၌။ ၅၁။ သေပြီးနောက်၌ ကျန်ရစ်သော အလောင်းဓာတ်ရုပ်ကို စေတီဘာည်ထိုက် သူမျိုး ၂-ပါး။ (၁) သမ္မာသမ္ဗုဒ္ဓ- မြတ်စွာဘုရားသခင်၏ အလောင်း ဓာတ် ရုပ်ကလာပ်၊ (၂) ရာဇာ စက္က ဝတ္တိ-စကြာမင်း၏ အလောင်းတော် ရုပ်ကလာပ်။

ဒစေတီထိုက်သော ပုဂ္ဂိုလ်မြတ် ၄-ပါး၊ တနည်း။ ။၎င်းတို့၏ သရီရဓာတ် များကို စေတီတည်ထား ကိုးကွယ်ခြင်းများပြု၍ သုခချမ်းသာ ရရှိနိုင်သည်

http://www.dhammadownload.com

ဟူ၏၊ သုတ်မဟာဝဂ် ။ပါ။ ၁၁၇။ အင်္ဂုတ္တရ ။ပါ။ ပ-အုပ်။ ၇၆။ ၅၆၇။ ၎င်း ။ဋ္ဌ။ ဒု။ ၅၁။ တို့၌ အကျယ်ရှု၊ပါ။ (၁) သမ္မာသမ္မုဒ္ဓ၊ (၂) ပစ္စေက ဗုဒ္ဓါ၊ (၃) ရဟန္တာ (၄) စက္ကြဝတေးမင်း။

စေတီ ၃-ပါး ထူးအပြား။ ။ခုဒ္ဒကပါဋ ။ပါ။ ၁၀ ။ဋ္ဌ။ ၁၀၀-၌ အကျယ်ရှု။ ရှိသေလေးစားအပ်သော အရာဝတ္ထုများ။ (၁) သာရီရိက ဓေတီ-မြတ်စွာဘုရား၏ ကိုယ်တော်ခြွင်မှ ဖြစ်သမျှ ဓာတ်တော်တို့ကို ခေါ်သည်၊ "သရီရဓေတီ" လည်းဟူ၊ (၂) ပရိဘောဂ ဓေတီ- ဗောဓိပင်နှင့်တကွ မြတ်စွာဘုရား၏ အသုံးအဆောင်တော် ပရိက္ခရာ စသည်ကို ခေါ်သည်၊ (၃) ဥဒ္ဒိဿ ဓေတီ- မျက်ကွယ်က မှန်းဆရည်ရွယ်အပ်သော ၃၂-ပါး သော လက္ခဏာတော်ကြီး၊ ၈၀-သော လက္ခဏာတော်ငယ်, ဆောင်ခြည်တော် ၆-သွယ်နှင့် တင့်တယ် စမွယ်တော်မူသော မြတ်စွာဘုရား၏ ရုပ်ရုပ်၊ "အဆင်းတော်" သို့မဟုတ် "ဗုဒ္ဓပဋိမာ ဥဒ္ဒိဿက ဓေတီယံ" ဟူသော ခုဒ္ဒကပါဋ အဋ္ဌကထာအရ "ရွပ်ပွားဆင်းတုတော်, ကောင်းမြတ်သာယာသော အသံတော်, အနန္တဂုဏ်တော်"တို့ကို ခေါ်သည်။

မှတ်ချက်။ ။ဤသုံးပါးကား ဟေရသန်ပါတ် ကာလိင်္ဂဗောဓိဇာတ်လာ အနာထပိဏ် သေဋ္ဌေးကောင်းပန်၍ ရှင်အာနန္ဒာ လျှောက်ထားသဖြင့် သာဝတ္ထိပြည်မှာ ဘုရားခွင့်ပြုတော်မူသော ဓေတီတို့တည်း၊ အခ္ခိုကား "ဓမ္မဓေတီ"ထည့်၍ ဓေတီလေးပါးဟု ရေတွက်ကြလေသည်၊ (ပဋိစ္စ သမုပ္ပါဒါဒိ လိခိတ ပေါတ္ထကေ နိဓဟိတ္ဝာ ကာဘံ ပန ဓမ္မဓေတီယံ နာမ) ပဋိစ္စသမုပ္ပါဒ်စသော တရားဒေသနာတို့ကို ရေးအပ်သော ပေ, ရွှေပြား, ငွေပြား, စသည်မျှားကို သိုမှီး ဌာပနာ၍ ပြုအပ်သော ဓေတီသည် 'ဓမ္မဓေတီ' မည်၏ ဟူ၍ သာရတ္ထဒီပနီ ဋီကာဆရာ မိန့်တော်မူသည်။

ဝေတီပါဒ ၃-ဌာန။ ။၎င်း သရုပ်ကို (စက်တော်ရာ ၃-ဆူ)၌ ရှုပါ။

ဓေတီ,ပုထိုး တန်ခိုးပြခြင်းမျိုး ၃-ပါး။ ။မိလိန္ဒပဉ္ဉာ ပါဋိတော်-၂၉၇။ ဓေတိယပါဋိဟာရိယ ပဉ္ဉာခန်း။

http://www.dhammadownload.com

(၁) **ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့** အသက်ရှိစဉ်ကာလက ငါ၏ အရိုးဓာတ်တော် စသည်မှ တန်ခိုးပြစေသတည်းဟု အဓိဋ္ဌာန်ခဲ့ခြင်းမျိုး။

(၂) ထိုစေတီဟော်တို့၌ သဒ္ဓါကြည်ညိုမှု လွန်ကဲသော အမျိုးကောင်းသား, သမီးတို့က ပူဇော်ဘွယ် အမျိုးမျိုးတို့ဖြင့် ပူဇော်ပသ၍ ကန်ခိုးပြကော်မူပါဟု အဓိဋ္ဌာန်သောကြောင့် ပြခြင်းမျိုး။

(၃) သာသနာတော် စည်ပင် ထွန်းကားရေး အတက် နတ်များက အဓိဋ္ဌာန်သောကြောင့် ပြခြင်းမျိုး ဟူ၏။

စေတာ ဝိနိမ္မတရား ၅-ပါး။ ။သုတ်ပါထေယျ ။ပါ။ ၁၉၀ ။ဌ။ ၂၁၄။ စိတ်ကို ဘာဝနာ အလုပ်သို့ မရောက်အောင် ဖွဲ့နှောင်သော် တရားငါးပါး။ (၁) ပစ္စည်းလေးပါး၌ သာယာသော တဏှာ၊ (၂) မိမိကိုယ်ခန္ဓာ၌ သာယာသော တဏှာ၊ (၃) စားမှု အိပ်မှု၌ အလေးဂရပြုသော တဏှာ၊ (၄) ကိုယ်ရည် အဆင်း အသွေး လှပရေး၌ တပ်မက်သော တဏှာ၊ (၅) မိမိ၏ ရဟန်းသီလ ဖြည့်ကျင့်မှုသည် ယခုဘဝ၌ နိဗ္ဗာန်ရရန် မဟုတ်, အစားချောင် ကုသိုလ်ရ လူနတ်ဘဝ ရရုံမျှဟု စိတ်တားခြင်း။

စောင်းကောက် တိုးရိုး၊ ၁၄-ကြိုး၊ အမျိုးအမည်သိ။ ။စောင်းကောက်ကြိုး တပ်ဆာ၌ ရှေးက ၃-ကြိုး၊ ၇-ကြိုး၊ ၁၃-ကြိုးတပ်ခဲ့ကြရာ၊ ယခုမှာ ၁၄-ကြိုးထိ ရှိနေကြောင်းနှင့် သိရ၏။ ထိုစောင်းကြိုးတို့တွင် အောက်ဆုံးကြိုးကစ၍ အထက်သို့ ရေတွက် ခေါ်ပုံ အမည်များကား။ (၁) သံဖျားကြိုး၊ (၂) သံချပ်ကြိုး၊ (၃) ကျောကြိုး၊ (၄) တေ့ကြိုး၊ (၅) တေ့ကြိုး၊ (၆) သုံးပင်ဒုံးလက်ညှိုး၊ (၇) ဒုံးနှစ်ပင်လက်ညှိုး၊ (၈) ဒုံးလက်ညှိုး၊ (၉) ငါးပင်ဒုံးကြိုး၊ (၁၀) လေးပင်ဒုံးကြိုး၊ (၁၁) သုံးပင်ဒုံးကြိုး၊ (၁၂) နှစ်ပင်ဒုံးကြိုး၊ (၁၃) အထက်ဒုံးကြိုး၊ (၁၄) ပုလဲကြိုး။

စောင်းသံအပြား ၇-ပါး။ ။ဤငါး သရုပ်ကို (အဘံ ၇-ပါး)၌ ဆိုခဲ့ပြီ။

စောဒကကျင့်ဝတ် ၅-ပါး။ ။ဝိနည်းအရ တရားလိုခေါ် စောဒကပုဂ္ဂိုလ်တို့ လိုက်နာရန် ကျင့်ဝတ် ၅-ပါး။ (၁) ကာလေန-သင့်လျော်သော ကာလ၌သာ ပြောဆိုရခြင်း၊ (၂) ဟူတေန- ဟုတ်မှန်သော စကားဖြင့်သာ ပြောဆိုရခြင်း၊ (၃) သဏှေန-နူးညံ့သိမ်မွေ့သော စကားဖြင့်သာ ပြောဆို

http://www.dhammadownload.com

ရခြင်း၊ (၄) အတ္ထသံဟိတ-အကျိုးနှင့်စပ်သော စကားဖြင့်သာ ပြောဆို ရခြင်း၊ (၅) မေတ္တာစိတ္တ-မေတ္တာစိတ်ဖြင့်သာ ပြောဆို စွပ်စွဲရခြင်း။

စောဒနာခြင်း နည်း ၃-ပါး။ ။အာပတ်ဖြင့် စွဲချက်တင်ခြင်း သုံးပါး။ ပါရာဇိက အဋ္ဌကထာ-၃။ (၁) ဒိဋ္ဌစောဒနာ- မြင်ခြင်းဖြင့် စောဒနာမှု၊ (၂) သုတစောဒနာ-ကြားခြင်းဖြင့် စောဒနာမှု၊ (၃) ပရိသင်္ကာ-မသင်္ကာခြင်း, ရွံ့ရှာခြင်းဖြင့် စောဒနာမှု။

စောဒနာမျိုး ၄-ပါး။ ။ဝိနည်းအရာ စောဒနာခြင်း လေးပါး။ (၁) ဝတ္ထု သန္ဒဿန စောဒနာ-မေထုန်မှု, ခိုးမှု,လူသတ်မှုစသော ဝတ္ထုပြ၍ စောဒနာခြင်းမျိုး၊ (၂)အာပတ္တိ သန္ဒဿန စောဒနာ-အာပတ် တင်ပြ၍ စောဒနာခြင်းမျိုး၊ (၃) သံဝါသ ပဋိက္ခေပ စောဒနာ-ဥပုသ်ကံစသည် မပေါင်းဖော်ခြင်း, အတူမပြုခြင်းမျိုး၊ (၄) သာမိစိပဋိက္ခေပ စောဒနာ- အရှိအသေပေးမှု ရှိခိုးမှုစသည် မပြုခြင်းမျိုး။

စွန့်ခြင်းကြီး ၅-ပါး။ ။ဇာတ်အဋ္ဌကထာ။သတ္တမအုပ်။၃၃၃-၌အကျယ်ရှုပါ။ သမ္မာသမ္မောဓိဆုပန် အလောင်းတော်များ လိုက်နာကျင့်ကြံ အားထုတ်ရသည့် ပါရမီဖြည့်ခြင်းဆိုင်ရာ စည်းမျဉ်းကြီး ငါးချက်။ (၁) ဓန ပရိစ္စာဂ- စွန့်နိုင်ခဲလှစွာသော မင်းစည်းစိမ်, ဂုတနာ, ဆင်,မြင်း စသည်ကို စွန့်ခြင်း (၂) အင် ပရိစ္စာဂ-ခြေ, လက်စသော ကိုယ်အင်္ဂါ အစိတ်အပိုင်းကို ဖွန့်ခြင်း၊ (၃) ပုတ္တ ပရိစ္စာဂ-သားတော်, သမီးတော်, တို့ကို စွန့်ခြင်း၊ (၄) ဘရိယ ပရိစ္စာဂ-မယားကို စွန့်ခြင်း၊ (၅) ဇီဝိတ ပရိစ္စာဂ-မိမိအသက်ကို စွန့်ခြင်း။

မှတ်ချက်။ ။ဤဇာရာနှင့်ပတ်သက်၍ ထိုထို အဋ္ဌကထာ ဋီကာ စသော ကျမ်းဂန် အစောင်စောင်တို့၌ ဝါဒအမျိုးမျိုး မတူ ကွဲပြားခြားနားစွာ ယူပုံကို ဓမ္မပဒ၊ မဟာဋီကာ၌ ရှုပါ။

စွယ်တော် ၄-ဆူ၊ သဒ္ဓါဖြူ၊ ပင့်ယူ ၄-ဌာန။ ။မြတ်စွာဘုရားဖျင် စွယ်တော် ခတ် ၄-ဆူကို ပင့်ယူ ကိုးကွယ် တည်ထားရာ ဌာနကြီး ၄-ပါးကို မေးလို ရင်းဖြစ်၏၊ ၎င်းအဖြေကို (အသမ္ဘိန္နေ၊ ခတ်မြတ်လှ၊ ပင့်ကြွ ဖို-ဌာန၁) ဟူသော ပုစ္ဆာ၌ ပြန်ရှုပါ။

http://www.dhammadownload.com

[ဆ]

ဆံတော်မရှည်၊ ဒွဂုံလီ၊ မြတ်သည်ပုဂ္ဂိုလ် ၂။ ။ဆံပင်တော်များ ရှည်လျားခြင်း မရှိဘဲ ဒွဂုံလ, ခေါ် လက်နှစ်သစ် နှစ်လက်မခန့်မျှ လက်ျာရစ်လည်၍ အမြဲတည်နေသော ပုဂ္ဂိုလ်မြတ် ၂-ပါးကား။ (၁)မြတ်စွာဘုရားသခင်၊ (၂) ပစ္စေက ဗုဒ္ဓါအရှင်ဟု ဗုဒ္ဓဝင်အဋ္ဌကထာနှင့် အဘဒါန်အဋ္ဌကထာတို့၌ လာရှိ၏။

ဆံထုံးအပြား၊ ၅၅၊ ဆင်ငြား ပုဂံသူ။ ။ဂင်းသရုပ်ကို (ဥသျှောင် ထုံးငြား၊ ၅၅) ၌ ဆိုခဲ့ပြီ။

ဆံပင်ထားခြင်း၏ အပြစ် ၁၆-ပါး။ ။ဂင်းအကျယ် စိတ်ဝင်စားဘွယ်ရာ ဆံပင်ထားမှုအတွက် ပလိဗောဓ ၁၆-ပါးကို ဟံသာဝတီရိုက် မိလိန္ဒပဉှာ ဝတ္ထုတော်ကြီး စာမျက်နှာ ၂၁-၌ ရှုပါလေ။

ဆံပင်ထုံးရိုး၊ ၇-မျိုး၊ မင်းစိုးပျိုကညာ။ ။ဂင်းသရုပ်ကို (ဥသျှောင် ၇-မျိုး ဖြီထုံးရိုး)၌ ဆိုခဲ့ပြီ။

ဆ, အသာဓာရဏ ဉာဏ်တော် ၆-ပါး။ ။ဂင်း၏ သရုပ်အဓိပ္ပါယ်ကို (အသာဓာရဏ ဉာဏ်တော် ၆-ပါး)ဟူသော သုတေသနာ၌ ဆိုခဲ့ပြီ။

ဆက်စပ်လို့ မရနိုင်အောင် ကွာဝေးသော အရာကြီး ၄ ပါး။ ။စတုကဂုံဟ္ဂရ ။ပါ။ ၃၅၉ ။ဌ။ ၃၀၆။ ဝေးသည်ထက် ဝေးသော အရာကြီးလေးပါး။ (၁) နဘာစ ပထဝီ- မိုးနှင့် မြေကြီး၊ (၂) သမုဒ္ဒဿ ဩရိမ ပါရိမံ-သမုဒ္ဒရာ၏ ဟိုမှာဖက်ကမ်းနှင့် ဤမှာဖက်ကမ်း၊ (၃) သူရိယ အဗ္ဘုဒိတ စဝန ဌာနီ - နေထွက်လာရာ အရပ်နှင့် နေဝင်သွားရာ အရပ်၊ (၄) သတ္တမမ္မ အသတမမ္မ- သူတော်ကောင်း တရားနှင့် သူယုတ်မာတို့တရား။

ဆင်မျိုး ၄-ပါး၊ စွယ်ခြားနား၊ ခေါ်ငြား အမည်ထူး။ ။အစွယ်ပေါက်ပုံလိုက်၍ အမည် ၄-ပါးဖြင့် ခေါ်ကြသည်။ (၁) ဟိုင်းမျိုး- အစွယ်လုံးဝ မရှိသော ဆင်မျိုး၊ (၂)ဟံမျိုး- သေးသွယ်သော အစွယ်တိုသော အစွယ်ရှိသည့် ဆင်မျိုး၊ (၃) တည်မျိုး- အစွယ်တချောင်းသာ ရှိလော ဆင်မျိုး၊ (၄) တံမျိုး- အစွယ် ၂-ချောင်းစုံ ရှိသော ဆင်မျိုး။

http://www.dhammadownload.com

ဆင်မျိုး ၁၀-ပါး၊ ဗလ,အား၊ ခြားနားထူးထွေပုံ။ ။သုတ်မဟာဝါအဋ္ဌကထာ ၁၆၄-၌ အကျယ်ရှုပါ။ အစဉ်အတိုင်း တမျိုးထက် တမျိုးက ဆယ်ဆအား ဗလရှိကြောင်းကို သိရာ၏။ (၁) ကာဠာဝကဆင်- လူဆယ်ယောက်အား ရှိ၍ ညင်းညင်း အော်မြည်တတ်သော ဆင်မည်းတမျိုး၊ (၂) ဂင်္ဂေယျဆင်- ဂင်္ဂါမြစ် ပတ်ဝန်းကျင်တဝိုက်၌ ရှိကြသည်၊ ၎င်းတကောင်၌ ကာဠာဝက ဆင် ဆယ်ကောင် အားရှိ၏၊ (၃) ပဏ္ဍရဆင်- ဝါဖျော့ဖျော့ အရောင်ရှိ၍ ဂင်္ဂေယျဆင် ဆယ်ဆအားရှိ၏၊ (၄) တမ္ဗဆင်- ကြေးနီရောင် အဆင်းရှိ၍ ပဏ္ဍရဆင် ဆယ်ဆအားရှိ၏၊ (၅) ပိင်္ဂလဆင်- ကြောင်သော အဆင်းရှိ၍ တမ္ဗဆင် ဆယ်ဆ အားရှိ၏၊ (၆) ဂန္ဓဆင်- အနံ့မွေးသော ဆင်နံ့သာ၊ ပိင်္ဂလဆင် ဆယ်ဆအားရှိ၏၊ (၇)မင်္ဂလဆင်- တင့်တယ်စွာ သွားတတ်၍ မင်္ဂလာရှိသောဆင်၊ ဂန္ဓဆင် ဆယ်ဆအားရှိ၏၊ (၈) ဟေမဆင်-ရွှေရောင် အဆင်းရှိ၍ မင်္ဂလဆင် ဆယ်ဆအားရှိ၏၊ (၉) ဥပေါသထဆင်- ၎င်း အမျိုးဌ ဖြစ်သည့် ကောင်းကင်ပျံဆင်ဖြူ၊ ဟေမဆင် ဆယ်ဆအားရှိ၏၊ (၁၀) ဆဒ္ဒန်ဆင်- အစွယ်မှ ရောင်ခြည် ၆-မျိုးထွက်သော ဆင်ဖြူ၊ ဥပေါသထဆင် ဆယ်ဆအားရှိ၏၊ ဘုရားရှင်၏ အားတော်ကား ဆဒ္ဒန်ဆင် ဆယ်စီးအားရှိ၏။

ဆင့်အတွက် လက်နက်မျိုး ၈-ပါး။ ။ဆင်စီးသူရဲမျာ်းအတွက် ဆင့်ကိုယ်ပိုင် လက်နက်ကြီး ရှစ်ပါးဟု ဟိတောပဒေသဋ္ဌီကာ၏။ (က) အစွယ် ၂-ချောင်း၊ (ခ) အခြေ ၄-ချောင်း၊ (ဂ) နှာမောင်း၊ (ဃ) ဥက္ခောင်း။

ဆင်းရဲမှုလေးခု-စု၊ ရှောင်ကြဉာဏ်းဝေးကွာ။ ။၎င်းသရုပ်ကို(မူလ ၂-ပါး)၌ ရှုပါကုန်။

ဆည်းကပ် ကိုးကွယ်ထိုက်သူ၏ ဂုဏ်အင်္ဂါ ၇-ပါး။ ။အဟုတ်တကယ် ကိုးကွယ်, ဆည်းကပ်, ပေါင်းသင်း ခံထိုက်သူ၏ လက္ခဏာ ၇-ပါး။ (၁) သီလဂုဏ်- ကိုယ်ကျင့်တရား ကောင်းမွန်စွာ ရှိမှုဂုဏ်၊ (၂) သမာဓိဂုဏ်- စိတ်ခဏတ် မြင့်မြတ်မှု ဂုဏ်၊ (၃) ပညာဂုဏ်- လောကုတ်, လောကီ, ပညာဆို ဝမှုဂုဏ်၊ (၄) ဒါနဂုဏ်- ပေးကမ်း စွန့်ကြဲရက်မှုဂုဏ်၊ (၅)ပေယျဝစ္စဂုဏ်- ချစ်ဖွယ် စကားဖြင့် ယဉ်ကျေးအောင် ဆုံမှုနိုင်မှုဂုဏ်၊ (၆) အတ္ထစရိယဂုဏ်- သူ့အကျိုးကို သာဓိုးနိုင်မှုဂုဏ်။ (၇) သမာနတ္တတဂုဏ်- မိမိနှင့် ဘူသော ကောင်းကျိုးသုခကို ပေးစွမ်းနိုင်မှုဂုဏ်။

http://www.dhammadownload.com

ဆည်းဆောအပြား၊ မျိုး ၃-ပါး၊ ၄-ပါး တနည်းလော။ ။နေမင်း၏ အလယ် ဗဟိုချိန် ၃-ပါးဟူလို။ (၁) နံနက် နေတခြမ်းထွက်ချိန်၊ (၂) နေ့လည် မွန်းတည့်ချိန်၊ (၃)ညနေ နေတခြမ်း ဝင်ချိန်၊ ထို့ကြောင့် လောကသာရ ပျိုဠ် "ဥဒယံ, မဇ္ဈင်၊ နေဝင်အခါ၊ ဆည်းဆာသုံးပါး၊ ပိုင်းခြားဂါထာ၊ ရွတ်မြဲထုသား၊ ကာယာသိဒ္ဓိ၊ တရိသစ္စာ၊ တတ်လေ့လာ၍"ဟု ဆိုထားသည်။

ဆည်းဆော ၄-ပါး၊ တနည်း။ ။သူရိယ ကာလ၏ မဇ္ဈေချိန် ၄-ပါး ဟူ၏၊ (၁) နေ့၏အဆုံးနှင့် ညဉ့်၏အစ ညနေချမ်းချိန်၊ နေဝန်းကြီး တခြမ်း ဝင်ချိန် ဟူလို၊ (၂) ညဉ့်၏အဆုံးနှင့် နေ့၏အစ နံနက်အချိန်၊ နေဝန်းကြီး တချမ်း ထွက်ချိန် ဟူလို၊ (၃)နေမွန်းတည့်ချိန်၊ (၄) ည၌လန်းခေါင်ချိန်။

မှတ်ချက်။ ။မန္တလေး နေပြည်တော်သုံး မြန်မာပဟိုရ်စည် စံတော်ချိန်၌ နံနက် လေးချက်တီး,နေ့ ၂-ချက်တီး, ညဉ့်လေးချက်တီး, ညဉ့် ၂-ချက်တီးတို့သည် ဆည်းဆာချိန် မည်၏။

ဆည်းလည်း ၃-လုံး။ ။ ဆည်းလည်းကို အချို့ဟာစောင်တို့၌ "ဆည့်လည်" ဟု ရေးထုံးပြုကြသည်၊ ရေးထုံး ဝေါဟာရအားဖြင့် ပြောလာကြသည် မှာကား ချမ်းသာ, ဆင်းရဲ ဖြစ်မည့် ရှေ့ပြေး နိမိတ် သုံးပါး ဟူ၏။ (၁) ကလေးသူငယ်တို့သည် "အိမ်၏ဆည်းလည်း" မည်၏၊ ၎င်းတို့ အမေလေး, အဘလေးစသည့် အနိဋ္ဌ အမင်္ဂလာသံမျိုးကို မကြာခဏ မြွက်ဆို အော်ဟစ်မူ ဆင်းရဲ ပျက်စီးဘေး ရောက်တတ်၏၊ မင်္ဂလာရှိသော ဣဋ္ဌသံကို မြည်ဆိုမူ ထိုအိမ်၌ ချမ်းသာကြွယ်ဝတတ်၏။ (၂) ဇာတ်,ရုပ်သေးစသော သဘင်သည် တို့သည် "မြို့ရွာ၏ ဆည်းလည်း" မည်၏၊ မြို့ရွာ၏ ဆည်းလည်းသည် အသေအပျောက် ခိုက်ရန် သတ်ပုတ် ဇာတ်တို့ကို များစွာပြုမူ၊ အပူတိုက်ကို အဆိုအမြည်များမူ မြို့ရွာ ဘေးသင့်တတ်၏၊ မင်္ဂလာရှိသော ဇာတ်ကွက် ဇာတ်လမ်းနှင့် ကျက်သရေ မင်္ဂလာရှိသော တေးသီချင်းတို့ကို များခဏ ပြသသိဆိုမူ သာယာဝပြောတတ်၏၊ (၃) ရွှေသွပ်သော သူတို့သည်"တိုင်းနိုင်ငံ၏ ဆည်းလည်း"မည်၏၊ထိုတိုင်းနိုင်ငံ၏ ဆည်းလည်းသည် မကောင်းသံ မြည်မူ ကိုင်းနိုင်ငံ မကောင်း ဖြစ်တတ်၏၊ ကောင်းသံမြည်မူ ကောင်းတတ်၏၊ မြို့ရွာသာယာတက်သည် ဟူ၏။

http://www.dhammadownload.com

ဆန်းဂိုဏ်းရွှေးနှည်း ဂ-ပါး။ ။ နာမည်ပေးရာ၌ ကောင်းကျိုး ဆိုးကျိုးတို့ကို တွက်ချက်သော ဗေဒင်နည်း၊ ၎င်းကို အောက်ပါ လက်ာအတိုင်း ဒီဃ, ရဿ,ခွဲ၍ သိလေ၊ ဣဋ္ဌဂိုဏ်းကား ကောင်း၏၊ အနိဋ္ဌဂိုဏ်းကား မကောင်း။ (၁) ဘ,ဂိုဏ်း- ဘူ,လ,မိ၊ လနတ်သားစောင့် မိဂသီနက္ခတ် ဣဋ္ဌဂိုဏ်း၊ (၂) နှ, ဂိုဏ်း- နှ, သိ, ဘ၊ သိကြားစောင့် ဘရဏီနက္ခတ် ဣဋ္ဌဂိုဏ်း၊ (၃) ယ, ဂိုဏ်း- ယ, တိမ်, သတ်၊ တိမ်နတ်သားစောင့် သတ္တဘိသျှနက္ခတ် ဣဋ္ဌဂိုဏ်း၊ (၄) မ, ဂိုဏ်း- မတ်, ဘုံ, ဇေ၊ ဘုမ္မဇိုဝ်းနတ်စောင့် ဇေဋ္ဌနက္ခတ် ဣဋ္ဌဂိုဏ်း၊ (၅) ဇ, ဂိုဏ်း- ဇ,ဇေ့,ပု၊ ဇေနတ်သားစောင့် ပုဿ်ဖုသျှနက္ခတ် အနိဋ္ဌဂိုဏ်း၊ (၆) သ, ဂိုဏ်း - သူ,လို,သွာ၊ လေနတ်သားစောင့် သွာတိ နက္ခတ် အနိဋ္ဌဂိုဏ်း၊ (၇) ရ, ဂိုဏ်း - ဏ့,မိ, ကြတ်၊ မီးနတ်သားစောင့် ကြတ္တိကာ နက္ခတ် အနိဋ္ဌဂိုဏ်း၊(၈)တ,ဂိုဏ်း-တတ်,အာ,သ၊အာကာသဇိုဝ်း နတ်စောင့် သရဝဏ်နက္ခတ် အနိဋ္ဌဂိုဏ်း။

ဆန္ဒမျိုး ၃-ပါး။ ။ ကောင်းသော ဆန္ဒ၊ သို့မဟုတ် ဝိတက်ကောင်းမျိုး ၃-ပါး ဟူလို၊ ပေဋ္ဌကောပဒေသ ။ပါ။ ၂၇၀။ ၎င်းသရုပ် (သမ္မာသက်ပွ မျိုး ၃-ပါး)၌ ရှုပါ။

ဆပ်မျိုး ၄-ပါး။ ။ ဆပ်ခေါ် ကောက်မျိုး ၄-ပါး၊ ဆေးကျမ်းမျာ်းမှ ယူဖြေသည်။ (၁) ကာလကဏ်- ဆပ်နက်မျိုး၊ (၂) ရတ္တဏ်- ဆပ်နီမျိုး၊ (၃) သုကဏ်- ဆပ်ဖြူမျိုး၊ (၄) ပိတကဏ်- ဆပ်ဝါမျိုး။

ဆဗ္ဗဂ္ဂီ ရဟန်းကြီး ၆-ပါး။ ။မဇ္ဈိမပဏ္ဏာသ။၌။ ၁၃၀-၌ အကျယ်ရှုပါ။ မြတ်စွာဘုရား လက်ထက်တော်က၊ ၎င်းတို့ကို အကြောင်းပြု၍ သိက္ခာ ပုဒ်ပေါင်းများစွာ ပညတ်ရသော ၆-ပါးဂိုဏ်း ရဟန်းစု။ (၁) အဿဇိ၊ (၂) ပုနဗသုက၊ (၃) မေတ္တိယ၊ (၄) ဘုမ္မဇက၊ (၅) ပဏ္ဍုက၊ (၆) လောဟိတက။

ဆယ်ပါးသော ဒဏ်၊ ဖြေဆိုရန်၊ အဟံ ပုစ္ဆာမိ ? ။ ။ ၎င်းသရုပ်ကို (ဒဏ် ၁၀-ပါး) ဟူသော ပုစ္ဆာ၌ ဆိုအံ့။

ဆယ်လီရွှေး ဆယ်ပါး။ ။မြန်မာသခ်ျာ တွက်ကိန်း ဝေါဟာရ တမျိုး၊ ဆယ်မူးတက္ခါပ်နှင့် တွက်ကိန်းတမျိုးကိုပင် "ဆယ်လီရွှေး"ဟု ခေါ်ဆိုကြ လေသည်၊ ၎င်းလက်ာကား၊ "မြန်မာသခ်ျာ၊ တွက်နည်းနာဝယ်၊ ဆယ်သာ

http://www.dhammadownload.com

ကျပ်ပြည့်၊ အကြွင်းရှိကာ၊ တွက်ဖို့ရာကို၊ စဉ်လာမျှေးထုံး၊ စီရင်ကုံးအံ့၊ တွက်ကျုံးကြွင်းလာ၊ မြွောက်စရာကား၊ မူးမှာ ကဆယ်၊ ပဝယ် နှစ်ပါး၊ ရွေးကား ၆-မှန်၊ ဆန့်နှမ်း စတု၊ သုံးခု မုန်ညင်း၊ မြူမင်းဥိကာ၊ လိက္ခာသတ္တာ၊ အဏုပရမာ၊ ဆတ္တိသာဟု၊ သေချာစဉ်သင့်၊ ဆယ့်နှစ်ဆင့်သည်၊ ကြွင်းဖြင့်မြွောက်ရန် သွယ်သွယ်တည်း။" တင်ရွားစေအံ့။ (၁) ပရမာဏုမြူ ၃၆-လုံး၊ အဏုမြူ ၁-လုံး၊ (၂) အဏုမြူ ၃၆-လုံး၊ (ကညစ်ဆေး) လိက္ခာမြူတလုံး၊ (၃) လိက္ခာမြူ ၇-လုံး၊ (သန်းဥက္ခောင်း) ဥိကာ တလုံး၊ (၄) ဥိကာ ၇-လုံး၊ မုန်ညင်းစေ့ တလုံး၊ (၅) မုန်ညင်းစေ့ ၃-လုံး၊ နှမ်းတလုံး၊ (၆) နှမ်းနှဲ့ ၄-လုံး၊ ဆန်တလုံး၊ (၇) ဆန်စေ့ ၄-လုံး၊ ချင်ရွေးငယ် တလုံး၊ (၈) ချင်မရွေး ၆-လုံး၊ တပဲငယ်၊ (၉) ၂-ပဲငယ်၊ တမူးငယ်၊ (၁၀) ၁၀-မူးငယ်၊ တကျပ်။

မှတ်ချက်။ ။ကျပ် ၁၀၀-ကို တပိသာ ခေါ်၏။

ဆရာမျိုး ၃-ပါး။ ။အတတ်ပညာပေးသူ ၃-ပါး ဟူ၏။ (၁) သင်ဆရာ၊ ကိုယ်ထိလက်ရောက် ကျကျနန သင်ပြပေးသော ဆရာမျိုး-မုကာဒရိယ၊ (၂) မြင်ဆရာ၊ သူလုပ်ကိုင်နေသည်ကို တွေ့ကာမြင်ကာဖြင့် တတ်မြောက်ခြင်း ရှိသူ၏ ဆရာ ဒိဋ္ဌာဒရိယ၊ (၃) ကြားဆရာ၊ သူ ပြောဆိုရွတ်ဖတ်နေသည်ကို ကြားရသဖြင့် တတ်မြောက်သူ၏ ဆရာ-သုတာဒရိယ။

ဆရာမျိုး ၅-ပါး၊ တနည်း။ ။ဂင်းသရုပ် (အာဒရိယမျိုး ၅-ပါး)၌ ပြပြီးပြီ။

ဆရာ့ ဂုဏ်အင်္ဂါ ၂၅-ပါး။ ။ဆရာမြတ်တို့ လိုက်နာ ပြုကျင့်အပ်သည့် ဂုဏ်ကျေးဇူး ၂၅-ပါး ဟူ၏၊ မိလိန္ဒပဉှာ။ (၁) တပည့်၌ အမြဲအစဉ် စောင့်ရှောက်ရ၏၊ (၂) မှီဝဲအပ် မအပ်ကို သိရ၏၊ (၃) မေ့လျော့သည် မမေ့လျော့သည်ကို သိအပ်၏၊ (၄) အိပ်ရာ နေရာ၏ ကျန်းမာရေးကို သိအပ်၏၊ (၅) ရောဂါရှိ မရှိကို သိအပ်၏၊ (၆) ထမင်း အောဇဉ် ရအပ် မရအပ်ကို သိရာ၏၊ (၇) အထူး ရှိ မရှိကို သိအပ်၏၊ (၈) စားသောက်ဖွယ်တို့ကို ကောင်းစွာ စစ်ဆေး ဝေဘန်အပ်၏၊ (၉) ပညာတိုးမှု အတွက် **အားပေးစကား** ပြောကြားအပ်၏၊ (၁၀) အလုပ်အကျေး ကောင်းသူကို သိထားအပ်၏၊ (၁၁) ဆွမ်းခံရာ၌ အလုပ်အကျေးကို သိအပ်၏၊ (၁၂) ကျောင်း၌ အလုပ်အကျေးကို သိအပ်၏၊ (၁၃) ဆရာသည်

http://www.dhammadownload.com

တပည့်တို့နှင့် ပြက်ရယ်မူ မပြုအပ်၊ (၁၄) တပည့်တို့နှင့် သဟယ်ချင်း ပမာ အဇောတဝင် မပြုရာ၊ (၁၅) တပည့်၏အပြစ်ကို မြင်သော်လည်း သည်းခံအပ်၏၊ (၁၆) တပည့်ကို အရှိအသေ မပေးမပြုအပ်၊ (၁၇) အတတ်ကို လျှို့ဝှက်စွာ ပြုသင့်က ပြုရာ၏၊ (၁၈) အတတ်ကို အကြွင်းမထား ပြုသင့်က ပြုရာ၏၊ (၁၉) တပည့်များအား တတ်သိစေချင်သောစိတ် ထားရာ၏၊ (၂၀) တပည့်များအား အတတ်ပညာ မမေ့နိုင်ရာသော နည်းလမ်းများဖြင့် သင်ကြားရာ၏၊ (၂၁) မိမိသင်လက်စ ပညာဖြင့် ရှေ့ကိုသာတိုး၍ သင်ကြားလိုစိတ် ရှိလာအောင် ကြိုးပမ်းလိုစိတ် ထား အပ်၏၊ (၂၂) မေတ္တာစိတ်ကို ဖြစ်စေအပ်၏၊ (၂၃) ဘေးရန်ရှိသော ကာလတို့၌ မစွန့်ရာ၊ (၂၄) အမှုကိစ္စ ပြုလုပ်ဖွယ်၌ မမေ့မလျော့ရာ၊ (၂၅) တပည့်မေ့လျော့ မှားယွင်းလျှင် တရားနှင့်လျော်စွာ ချီးမြှောက် အပ်၏။

ဆရာ့ကျင့်ဝတ် ၅-ပါး။ ။သုတ်ပါထေယျ။ပါ။ ၁၅၄။ ဌ။ ၁၃၇။အတတ် လည်းသင်, ပဲ့ပြင်ဆုံးမ, သိပ္ပမချန်, ဘေးရန်ဆီးကာ, သင့်ရာအပ်ပို့, ဆရာတို့ ကျင့်ဘို့ဝတ်ငါးဖြာ။ ဆရာလုပ်သူတို့ တပည့်များ အပေါ်၌ လိုက်နာပြုကျင့်ရမည့် ဝတ် ၅-ပါး။ (၁) အတတ်ပညာ သင်ကြား ပေးရခြင်း၊ (၂) လိမ်မာ ယဉ်ကျေးမအောင် ဆုံးမပဲ့ပြင် ပေးရခြင်း၊ (၃) သင်ပေးရမည့်အတတ်ပညာကို ခြွင်းချန် မထားရခြင်း၊ (၄) ဘေး ရန်အပေါင်းကို တားဆီး ကာကွယ်ပေးရခြင်း၊ (၅) မိမိထံ၌ အတတ် ပညာ စုံညီမ၍က သင့်ရာပညာကို သင်ကြားစေရန် အခြား ဆရာ့ထံ အပ်၍ ရှေ့ပြောင်းပေးရခြင်း။

ဆားမျိုး ၅-ပါး၊ ၃-နည်း။ ။ဆေးကျမ်းလာ ဆာမျိုးဝင် အပေါင်းဝေါဟာရ။ ၃-နည်း ပြား၏။ (၁) ဇဝက်သာ၊ (၂) သိန္ဓေ၊ (၃) ဆားပုတ်၊ (၄) သမုဒ္ဒရာဆား၊ (၅) ရုက္ခမူဆား။ တနည်း။ (၁) ဆား၊ (၂) သိန္ဓေ၊ (၃) သဲဆပ်ပြာ၊ (၄) ယမ်း၊ (၅) ကျပ်ခိုး။ တနည်း၊ (၁) သမုဒ္ဒရာ ဆား၊ (၂) ဘိန္ဓေ၊ (၃) ဆားပုတ်၊ (၄) ကျပ်ခိုး၊ (၅) မြေဝါက် ဆား။

ဆိတ်ငြိမ်ခြင်း ၃-ပါး။ ။ကိလေသာတို့မှ ဆိတ်ငြိမ်ခြင်းကို ဆိုသည်၊ ၎င်းသရုပ် (ဝိဂေကတရား ၃-ပါး)၌ ရှုပါ။

http://www.dhammadownload.com

ဆီမီးလူကျိုး ၅-ပါး။ ။ဤကား အကျိုးများစွာတို့ အနက် ထူးကဲသော အကျိုးငါးပါးသာဟု မှတ်ရာ၏။ (၁) တန်ခိုးတေဇော် အာနုဘော်ကြီးခြင်း၊ (၂) ရဲရင့် လျင်မြန်ခြင်း၊ (၃) ထွန်းလင်းတောက်ပ အဆင်းလှခြင်း၊ (၄) ဉာဏ်ပညာ ထက်မြက်ကြီးကျယ်ခြင်း၊ (၅) ကိတ္တိ ၂-ပါး ကျော်စောထင်ရှားခြင်း။

ဆုကြိုး ၅-ပါး၊ ပန်လိုဖြား၊ မျိုးပြားမည်သို့နည်း? ။ ။ နိဗ္ဗာန်ကို လိုလားတောင့်တကြသော အမျိုးကောင်းသားသို့တို့သည် အောက်ပါ ဆုကြိုးငါးပါးကို ပန်ကြားကျင့်ဆောင်ရာ၏။ (၁) ဘုရားဆု-၄, ဂ, ၁၆-သခြေ့နှင့် ကမ္ဘာတသိန်း၊ (၂) ပစ္စေကဗုဒ္ဓါဆု- ၂-သခြေ့နှင့် ကမ္ဘာတသိန်း၊ (၃) အဂ္ဂသာဝကဆု-၁-သခြေ့နှင့် ကမ္ဘာတသိန်း၊ (၄) မဟာ သာဝကဆု-ကမ္ဘာတသိန်း၊ (၅) ပကတိ သာဝကဆု- အပိုင်းအခြားမရှိ။

ဆုတောင်းပြည့်ရာ၊ အင် ၆-ဖြာ၊ လားရာ ဂတိမြဲ။ ။ဆုတောင်းပြည့်ခြင်း၏ ဂုဏ်အင်္ဂါ ခြောက်ပါးကို ဆိုသည်။ ၎င်းသရုပ် (ဂတိမြဲရန်၊ ပုထုဇန်၊ ၆-တန် ဂုဏ်အင်္ဂါ) ပုစ္ဆာဌ် ဆိုခဲ့ပြီ။

ဆုမမြင်းရာ၊ အင် ၅-ဖြာ၊ ကျမ်းလာ မည်သို့နည်း?။ ။တပည့်များအား ဆိုဆုမမူရာဌ် ဆရာလုပ်သူက အောက်ပါ အင်္ဂါ ၅-ပါးနှင့် စုံညီစွာ ရှိစေရန် 'သောဝစဿတာ' မင်္ဂလာအဖွင့်ဌ် ဆို၏။ (၁) ပဋိရူပ အင်္ဂါ- ဆင့်လျော်သော ကာလ, ဌာန, ဒေသ, သမယမျိုး၊ (၂) သစ္စ အင်္ဂါ- ဟုတ်မှန်သော စကားဖြင့်သာ၊ (၃) သုခုမ အင်္ဂါ- သိမ်မွေ့နူးညံ့သော စကားဖြင့်သာ၊ (၄) ဟိတ အင်္ဂါ- အကျိုးရှိ ခြေဝံသော စကားဖြင့်သာ၊ (၅) မေတ္တာ ပုဗ္ဗင်္ဂမ- မေတ္တာ ရှေ့ထားဖြင့်သာ၊ (ဆုံးမ) ဟုလည်း ရေးထုံ-ရှိ၏။

ဆေးကုအကျော်၊ သမားတော်၊ ၅-တော် အင်္ဂါသိ။ ။၎င်းသရုပ်ကို (သမားတော် အင်္ဂါ ၅-ပါး) ဟူသော ပုစ္ဆာဌ် ကြည့်ပါကုန်။

ဆေးဒါန်းမျိုး ၄-ပါး။ ။သဗ္ဗဓာတုက ဝိဇ္ဇာဓရကျမ်းမှ။ (၁) ထေလ ဟရိတာလ- ကျောက်ဆေးဒန်း၊ နန္ဒင်းသားကဲ့သို့ရှိ၏၊ (၂) တာလ သာဒရ-ဆေးဒန်း မြင်းသိလာ၊ ချိပ်သားကဲ့သို့ ရှိ၏၊ (၃) တာလ သုဝဏ္ဏ-ဆေးဒါန်းရွှေဝါ၊ ပရုပိုက်ခေါက်ရွှေကဲ့သို့ ရှိ၏၊ (၄) သုက္က ဟရိတာလ-ဆေးဒါန်းဖြူ မြေဖြူကဲ့သို့ ရှိ၏။

http://www.dhammadownload.com

ဆဲကြီး ၄-ပါး။ ။ဗေဒင်ကျမ်းအလို မည်သည့် နေ့ရက်တွင်မဆို မင်္ဂလာ ဖြစ်ပေးအပ်သော ဆဲအခါကြီးလေးပါးဟူ၏။ (၁) နေထွက်ဆဲအခါ၊ (၂) မွန်းတည့်ဆဲအခါ၊ (၃) နေဝင်ဆဲအခါ၊ (၄) သန်းခေါင်တည့်ဆဲ အခါ၊ အချို့ကျမ်းတို့၌ "ဆည်းဆာ လေးပါး" ဟုလည်း ခေါ်ဝေါ်ကြ သေး၏။

ဆဲရေးခြင်းမျိုး ၁၀-ပါး။ ။ဂုဏ်းဆဲရေးခြင်းဝတ္ထု ဆယ်ပါးသည် ဝစီဒုစရိုက် တရားချည်း ဖြစ်ရကား၊ ရဟန်းတော်များအတွက် ပညတ်ချက် ထုတ်ထား၏၊ လူများအဖို့လည်း မိုင်းပြသော အရာဖြစ်၍ မဆဲရေးကောင်းချေ၊ ဝိနည်းပါဠိတော်။ (၁) ဇာတိ-သဘကိယ်မျိုး, စဏ္ဍာလမျိုး စသည်ဖြင့် ဇာတ်ကို ထိပါး၍ ဆဲရေးခြင်း၊ (၂) နာမ- ဦးမျိုးယုတ်, ကိုညာဏ်ကြီး စသော အမည်နာမတို့ဖြင့် ထိပါးဆဲရေးခြင်း၊ (၃) ဂေါတ္တ- နေမျိုးနွယ်, ပုဂံပြည် သဗ္ဗညုဆက်, ရွှေစည်းခုံနွယ် စသည်ဖြင့် အနွယ်ကိုခိုက်၍ ဆဲရေး ခြင်း၊ (၄) ကမ္မ- ဖိနပ်တိုက်သမား, ခွေးကျွဲးဝိဇ္ဇာကြီး, ထမင်းငတ် စာရေးဆရာကြီး, စိန်ကုန်သည်ကြီး စသည်ဖြင့် အလုပ်အကိုင်ကိုစွဲ၍ ဆဲရေးခြင်း၊ (၅) သိပ္ပ- အင်ဂျင်နီယာပါရဂူကြီး, ကျူးထရံရက်ဝိဇ္ဇာကြီး, စသည်ဖြင့် အတတ်ပညာကိုစွဲ၍ ဆဲရေးခြင်း၊ (၆) အာဗာဓ- ဖါကျူး, ရှိုက်ကုန်း, မီးယပ်ပိန် စသည်ဖြင့် ရောဂါအနာကို ထိခိုက်၍ ဆဲရေးခြင်း၊ (၇) လိင်္ဂ- လံဗားကြီး, အသူရိန်ကြီး, ငပု, ညှပ်စိ, ငကုန်း, မယ်ဗမာ, မောင်ဒဂုံ စသည်ဖြင့် အသွင်ကိုစွဲ၍ ဆဲရေးခြင်း၊ (၈) ကိလေသ-တဏှာအိုး, ဒေါသကုမ္ဘာ, မရှင်းမရှင်း ဝိစိကိစ္ဆာကြီး စသည်ဖြင့် ကိလေသာတပါးပါး အမည်ကိုထပ်၍ ဆဲရေးခြင်း၊ (၉) အာပတ္တိ-ပါရာဇိက, သံဃာဒိသိသ်, ဒုက္ကဋ်အိုး စသည်ဖြင့် အာပတ် အမည်ကိုတပ်၍ ဆဲရေးခြင်း၊ (၁၀) အက္ကောသ- နင့် အမေ, နှင့် နှမ, ခွေးမသား, ခွေးသား ဝက်မြေး, မဟောသဓာ, ဘုရားလောင်း စသည်ဖြင့် ဆဲရေးခြင်းမျိုး။

မှတ်ချက်။ ။ထို အက္ကောသဝတ္ထုဆယ်ပါးတွင် အယုတ် အမြတ်အားဖြင့် ၂-ပါးစီ ဖြစ်၏။

ဆဲရေးခြင်းမျိုး ၁၀-ပါး၊ တနည်း။ ။သံယုတ် ။ဠ။ ပ-အုပ်။ ၂၀၀-၌ အကျယ်ရှုပါ။ (၁) စောရောသိ- သူခိုး၊ (၂) ဗာလောသိ- ငမိုက်၊ (၃) မူဠ္ဍောသိ- ငမဲ့ကောင်၊ ငထူ- ငထိုင်း (၄) ထေနောသိ- သူခိုး၊

http://www.dhammadownload.com

(၅) သြဠောသိ- ငကုံး၊ ကလားအုင်္ဂ၊ (၆) မေဏ္ဍောသိ- သိုး၊ ဆိတ်၊ (၇) ဂေါဏောသိ- နွေး၊ နွားကောင်၊ (၈) ဂဒြဘောသိ- ပြည်းကောင်၊ (၉) တိရစ္ဆာန ဂတောသိ- တိရစ္ဆာန်ကောင်၊ (၁၀) နေရယိကောသိ- ငရဲကောင်။

ဆယ်နှစ်ရာသီ လ,ပွဲ, ပန်း, နက္ခတ်, တာရာ, နှင့် ရာသီရုပ်ပုံ အစုံ။ ။ဆယ့်နှစ်လ ရာသီ၏ ဆိုင်ရာမှတ်ဖွယ်များကို အကျဉ်းမျ အစုံဖြေလိုက်သည်။ (၁) မိဿ ရာသီ- တန်ခူးလ, အတာသင်္ကြန် ရေလောင်းပွဲ, ရင်ခတ်ပန်း, က့ကော်ပန်း, စိတြနက္ခတ်နှင့် စန်းယှဉ်ပြည့်, တံငါတာရာ ထွန်း, ရာသီရုပ်ကား ဆိတ်သတ္တဝါ ဖြစ်၏၊ (၂) ပြိဿ ရာသီ- ငင်းအကျယ် "ကဆုန်လနှင့် မှတ်ဘွယ် ၁၆-ချက်" ဟူသော သုတေသနရပ်၌ ကြည့်ပါ၊ (၃) မေထုန် ရာသီ- နယုန်လ, စာမေးပွဲသဘင်, မဟာသမယ အခါတော် ဓမ္မသဘင်,စပယ်ပန်း,မြတ်လေးပန်း,ဇေဋ္ဌနက္ခတ်နှင့် စန်းယှဉ်ပြည့်,မြင်းတာရာ ထွန်း, ရာသီရုပ်ကား အပျိုနှင့် လူပျို ယှဉ်တွဲနေပုံ၊ (၄) ကရကဋ် ရာသီ- ဝါဆိုလ, ပဉ္စင်းခံပွဲသဘင်, ဓမ္မစကြာ အခါတော်သဘင်, ပုန်းညက်ပန်း အာသဠှိ ခေါ် ဥတ္တရာသဠှနက္ခတ်နှင့် စန်းယှဉ်ပြည့်, ဗျိုင်းတာရာထွန်း, ရာသီရုပ်ကား ပုဇွန်လုံး ဂဏန်း သတ္တဝါပုံ၊ (၅) သိဟ်ရာသီ- ဝါခေါင်လ, စာရေးတံမဲ ဆွမ်းလောင်းပွဲသဘင်, ခတ္တာပန်း, သရဝဏ်ခေါ် ဓနသိဋ္ဌ နက္ခတ်နှင့် စန်းယှဉ်ပြည့်,ဗျိုင်းတာရာ ထွန်း,ရာသီရုပ်ကား ခြင်္သေ့ သတ္တဝါ၊ (၆) ကန်ရာသီ- တော်သလင်းလ, လှေပြိုင်ပွဲ သစ်ဆင်းပွဲသဘင်, ယင်းမာပန်း, အုပြခေါ် ပြုပွါဘဒြပိုဒ်နက္ခတ်နှင့် စန်းယှဉ်ပြည့်,ဗျိုင်းတာရာ ထွန်း, ရာသီရုပ်ကား ကညာပျိုရုပ်ပုံ၊ (၇) တူ ရာသီ- သီတင်းကျွတ်လ, မြင့်မိုရ်မီးထွန်းပွဲ, ပဝါရဏာပွဲ, အဘိဓမ္မာ အခါတော် သဘင်များ, ကြာမျိုးငါးပါးပန်း,အဿဝဏီ နက္ခတ်နှင့် စန်းယှဉ်ပြည့်,ကျီးတာရာ ထွန်းတောက်, ရာသီရုပ်ကား ကုန်သည် ချိန်ခွင်ကိုင်ပုံ၊ (၈) ဗြိစ္ဆာ ရာသီ- တန်ဆောင်မုန်းလ, ကထိန် ပွဲတော်, တန်ဆောင်တိုင် ပွဲတော်, ကြတ္တိကာနက္ခတ် ပွဲသဘင်, ခဝဲချေဝါပန်း, ကြတ္တိကာနက္ခတ်နှင့် စန်းယှဉ်ပြည့်, ကျီးတာရာ ထွန်း, ရာသီရုပ်ကား ကင်းမလက်မဲပုံ၊ (၉) ဓနုရာသီ- နတ်တော်လ, နတ်ကနားပေးပွဲ, ဂမုန်းအင်ပန်း, သဇင်ပန်း, မိဂသီနက္ခတ်နှင့် စန်းယှဉ်ပြည့်, ဟသ်ာ တာရာထွန်း, ရာသီရုပ်ကား အရှေပိုင်း လူ, အနောက်ပိုင်း မြင်းဖြစ်၏၊ (၁၀) မကာရ ရာသီ- ပြာသိုလ, မြင်းခင်း ဆင်ခင်းသဘင်ပွဲ,

http://www.dhammadownload.com

သူရဲကောင်းများ ဘွဲ့နှင်းသဘင်, ခွါညိုပန်း, ဖုသျှနက္ခတ်နှင့် စန်းယှဉ်ပြည့်, ပုဇွန်တာရာ ထွန်း, ရာသီရုပ်ကား သမင်နှင့် ငါး, ဖြစ်၏။ (၁၁) ကုံ ရာသီ-တပို့တွဲလ, ယာဂုန္နမ်းမနဲပွဲ, ထမနဲပွဲ, မီးပုံ ပူဇော်ပွဲ, ဆူးပန်း, မာဃနက္ခတ်နှင့် စန်းယှဉ်ပြည့်, ချိန်တာရာ ထွန်း, ရာသီရုပ်ကား ရေထမ်းသမား ဆင်းရဲသားပုံ၊ (၁၂) မိန်ရာသီ- တပေါင်းလ, သဲပုံစေတီ ဘုရားပူဇော်ပွဲ, သရဖီပန်း, ပီတောက်ပန်း, ဖဂ္ဂုဏခေါ်-ဥတ္တရာဖလဂုဏ္ဍီနက္ခတ်နှင့် စန်းယှဉ်ပြည့်, ဆံကျင် တာရာ ထွန်း, ရာသီရုပ်ကား ငါးနှစ်ကောင် ရေကူးနေပုံ။

မှတ်ချက်။ ဤ၌ တာရာများကား သက္ကဋ္ဌနက္ခတ္တဒီပနီနှင့် မယ်ခွေးအဲတို့ မတူကွဲလွဲ ရှိကြသည်။

ဆယ့်နှစ်လခွင်၊အမည်တွင်၊ ၄-အင် အမည်ထူး။ ။ယခု ခေါ်ရိုးအစဉ် လအမည် ဆယ့်နှစ်ပါးတွင် ရှေးဟောင်းဒအမည် ၄-ပါးကို ဆိုသည်။ (၁) ဝါဆို-နွယ်တာ ဟု ရှေးဦခေါ်၏၊ (၂) ဝါခေါင်- နံကာ ဟု ရှေးဦခေါ်၏၊ (၃) တော်သလင်း- သစ်ဆင်း ဟု ရှေးဦခေါ်၏၊ (၄) သီတင်းကျွတ်-သန်တူ ဟု ရှေးဦ ခေါ်၏။

ဆွမ်းကပ်သူများ၊ သတိထား၊ ၅-ပါး ကပ်အင်္ဂါ။ ။ရဟန်းသံဃာတော်တို့ အား ဆွမ်းကပ်လာသောအခါ အကပ်မြောက်ကြောင်း **အင်္ဂါ**ငါးပါးကို သိထားရန်ဆိုသည်၊ ၎င်းကို ဤဝိနည်း လင်္ကာဖြင့် သိပါ။ (၁) ရှေးရှုလည်း ဆောင်၊ (၂) နှစ်တောင့်ထွာ ရောက်၊ (၃) **မြောက်**နိုင် ဝတ္ထု၊ (၄) သုံးခု ပေးခြင်း၊ (၅) ခံခြင်း နှစ် လောက်၊ ကျမ်းလာထောက် ကပ်မြောက် **အင်္ဂါ**ငါးပါးတည်း။

မှတ်ချက်၊ ။(၃) ၌ ယခုခေတ် အားကောင်းသူ တယောက် နိုင်လောက်သော ဝတ္ထုကိုသာ ဆိုသည်၊ (၄)၌ ကိုယ်ဖြင့် ပေးခြင်း, ကိုယ်နှင့် စပ်သော ဇွန်း, ယောက်မ စသည်တို့ဖြင့် ပေးခြင်း၊ နှစ်တောင့်ထွာအတွင်း၌ ပစ်မြောက်လိုမှ်တွန်း၍ ပေးကပ်ခြင်း၊ သုံးမျိုးကို ဆိုသည်၊ (၅)၌ ကိုယ်ဖြင့် ခံယူခြင်း, ကိုယ်နှင့်စပ်သော ခွက်, သပိတ်, ခုံ စသည်တို့ဖြင့် ခံယူခြင်း နှစ်ပါးကို ဆိုသည်၊

ဆွမ်း၏နောက် အကျိုး ၅-ပါး၊ ။ဆွမ်းကျေးပေးလှူခြင်း အကျိုး**ငါး**ပါးဟူ၏။ (၁) အာယု- အသက်ရှည်ခြင်း၊ (၂) ဝဏ္ဏ- အဆင်းရုပ်ရည် လှပခြင်း၊

http://www.dhammadownload.com

(၃) သုခ- ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း၊ (၄) ဗလ- ခွန်အား သန်စွမ်းခြင်း၊ (၅) ပဋိဘာန- သင့် မသင့်, မှန် မမှန် ဝေဘန်ဉာဏ်ရှိခြင်း။

ဆွမ်းဘတ်မျိုး ၇-ပါး။ ။ဆွမ်းအတွက် ရဟန်းတော်များအား ဘုရားရှင် ခွင့်ပြုတော်မူခြင်း ၇-ပါး၊ ဆွမ်းမခံဘဲ စားကောင်းသည်။ (၁) သံဃ ဘတ်-တိုက်သံဃာ အားလုံးအား ပေးလှူသောဆွမ်း (၂) ဥဒ္ဒေသ ဘတ်-ဘတ္တုဒ္ဒေသက ရဟန်းကို ရည်ညွှန်း၍ လှူသောဆွမ်း၊ (၃) နိမန္တန ဘတ်-ပင့်ဖိတ်၍ လှူသောဆွမ်း၊ (၄) သလာက ဘတ်-မဲချ၍ လှူသောဆွမ်း၊ (၅) ပက္ခိက ဘတ်- ဆန်းဆုတ်ပက္ခ၌ ရက်သတ်မှတ်၍ လှူသောဆွမ်း၊ (၆) ဥပေါသထိက ဘတ်- ဥပုသ်နေ့၌ လှူသောဆွမ်း၊ (၇) ပါဋိပဒိက ဘတ်- ဥပုသ်ထွက်၌ လှူသောဆွမ်း။

ဆွမ်းမျိုး ၂-ပါး၊ အကျိုးမျာ၊ ထူတ်ဖျာ ခေါင်ထိပ်ဗေဒ။ ။လောကဥစ္စ အခြားဆွမ်းတို့ထက် အကောင်းဆုံးဖြစ်၍ မြတ်စွာဘုရား ချီးမွမ်းတော်မူသော ဆွမ်းထူးဆွမ်းမြတ်နှစ်မျိုး၊မဟာပရိနိဗ္ဗာနသုတ်မှ။ (၁) သုဇာတာ သေဋ္ဌေးသမီး လှူဖော သိန္နဓနာဆွမ်း၊ ထိုဆွမ်းကို ဘုဉ်းပေးတော်မူ၍ အမြတ်ဆုံး သမ္မာသမ္ဗောဓိ ဉာဏ်ကို ရတော်မူသည်၊ (၂) ဒါယကာ စုန္ဒလှူသော သူကရမဒ္ဒဝ ခေါ် ဝက်ဟင်းဆွမ်း၊ ထိုဆွမ်းကို ဘုဉ်းပေးတော်မူပြီး၍ ခန္ဓာကြွင်းမရှိသော အနုပါဒိသေသ နိဗ္ဗာန်နန်းသို့ ကြွမြန်းဝင်စံတော်မူသည်။

ဆွမ်းမခံရာသည့် ဌာန ၆-ပါး။ ။ဝိသုဒ္ဓိမဂ်။ပ-အုပ်။၁၇။ ဝိနည်းမဟာဝါ။ပါ။၉၉။ဌ။၂၇၃။ ရဟန်းတော်များ မသွားလာ မကျက်စားကောင်းမဟုသော ဌာနများ ဟူ၏။

ဆော့ ၇-ဆက်။ မျိုး ၇-ဆက်။ ။ပါရာဇိကဏ်။ ပါ။ ၃၀၇။ ဌ။ ဒု-၂၄၀။ ၎င်း။ပါ။ ၃၃၃။ဌ။ ၂၆၄။ မိမိ၏ အထက်နှင့် အောက် ၇-ဆက်တိုင် ဒရက္ခက်၍ ရသူကို 'ဉာတိက-ဆော့မျိုးတော်သူ'ဟု ဝိနည်းပိဋကတော်၌ ဒသိအမှတ် ပြုထား၏၊ ၇-ဆက်တွင် အထက်, အောက်မှ မပါဝင်သူကို 'အညာတိက-ဆော့မျိုး မတော်သူ'ဟု ယူရ၏။

အထက် ၇-ဆက် ရေတွက်ပုံ။ (၁) ဘ,ဘိုး,ဘေး,ဘီ,ဘင်,ဘောင်,ဘော-ဟူ၍ရင်း၊ (၂) ဘ,ဘိုး,ဘေး,ဘီ,ဘင်,ညောက်,စေ့- ဟူ၍ရင်း၊ (၃) ဘ,

http://www.dhammadownload.com

ဘိုး့ဘေး့ဘီ့ဘဲ့ဘော့ဘွေး- ဟူ၍ၛင်း၊ (၄) အဖ့အဖိုး့အဘွေး့အဘဲ့ အဘီ့ အဘော့အဘောင် ဟူ၍ၛင်း၊ ဤသို့ ဆရာအမျိုးမျိုးတို့ ကျမ်း အမျိုးမျိုး၌ တမျိုးစီ ဝေါဟာရသုံးစွဲပုံ ကဲ့ကြောင်းနှင့် မှတ်သားကြ၏။

အောက် ၇-ဆက် ရေတွက်ပုံ။ (၁) သား့မြေး့မြစ့်တီ့တွတ့်ကျတ့်ကျတ်ဆက်- ဟူ၍ၛင်း၊ (၂) သား့မြေး့မြစ့်တီ့ကျတ့်ဆတ့်ဆက်- ဟူ၍ၛင်း၊ (၃) သား့မြေး့မြစ့်တီ့မြွေ့ကျတ့်ကျတ်ဆက်- ဟူ၍ၛင်း၊ ဤသို့ မူကွဲမျိုးသုံးစီမျှ တွေ့မှတ်ရဘူး၏။

'မဃဒေဝလင်္ဂ' ဆရာအလိုသော်ကား၊ 'ဆွေစုမျိုးစစဲ၊ ဥနစ်ဝင်ထ၊ ကိုယ့်ထက်မှလျှင်၊ အဘ့ အဘိုး၊ ခေါ်ရိုးစဉ်ရှေး၊ အဘေး့ အဘဲ၊ တကဲ့း အဘွေး၊ တရေး အဘော်၊ အောက်သော်တခြား၊သား့နှင့် မြေး့မြစ်၊ တဆစ် တို့မြွေ့၊မှတ်လေ့ကျတ့်ဆက်၊ ကျမ်းဂန်ထွက်၏။' ဟူ၍ ဖြစ်၏။

ဆွေမျိုး ၄-ပါး။ ။မျိုးနွယ်အားဖြင့် ယူနည်း၊ သုတ္တနိပါတ်။ပါ။ ၂၇၈။ဌ။ ပ-အုပ်။ ၁၀၁။ (၁) ဉာတိဗန္ဓု-မျိုးဆက် ထက်, အောက်, ၇-ဆက်ထိ၊ (၂) ဂေါတ္တဗန္ဓု- အနွယ်အားဖြင့် အဆက်ပေါင်းများစွာ စွဲယူခြင်း၊ (၃) မန္တဗန္ဓု- ကောင်းတူ ဆိုးတူ တိုင်ပင်ဖေါ် တိုင်ပင်ဖက်မျိုး၊ (၄) သိပ္ပဗန္ဓု- ဆရာတူ တပည့် ကျောင်းနေဖက် အတတ်ပညာ တူသူချင်း။

ဆွေမျိုး ၄-ပါး၊ တနည်း။ ။မူလပဏ္ဏာသ။ဌ။ဒု-အုပ်။၃၁၃-၌ အကျယ်ရှု။ (၁) ဉာတိ- မိမိအထက် ၇-ဆက်၊ အောက် ၇-ဆက်၊ တော်စပ်သူမျိုး၊ (၂) ဂေါတ္တ-မျိုးရိုး၏ အဆက်အနွယ်မျိုး၊ (၃) မိတ္တ- အတူသွားလာ စားသောက်ဘူးသော မိတ်ဆွေမျိုး၊ (၄) သိပ္ပ- ကျောင်းနေဖက် ဆရာတူ တပည့်မျိုး။

[၈]

ဇဝက်သာမျိုး ၂-ပါး။ ။အချို့ကျမ်းတို့၌ ၅-ပါးရှိ၏။ (၁) အင်္ဂါယဝက္ခယ-မီးစား ဇဝက်သာ၊ မဖောက်ထုံးကဲ့သို့ ခပ်ပုပ်ရှိသည်၊ လက်ျာ လက်ဝဲ ထွက်ရတ်လမ်းဆရာတို့အတွက် ၎င်းမှသာ အကျိုးကို ပြီးစေနိုင်၏၊ (၂) ဒက ယဝက္ခယ-ရေစား ဇဝက်သာ၊ အသားစဉ်းနှင့် ဖြူပျဉ်းပျဉ်းရှိ၏၊

http://www.dhammadownload.com

သွေးဆေး, ငန်းဆေး, လျက်ဆားစသော ဗိန္ဓောဆရာတို့ သုံးစွဲသည့် ဓာတ်တမျိုး၊ ၎င်းကိုသုံးခြင်းကြောင့် လုပ်ရတ်သမားတို့ မည်သည့်အခါမျှ အကျိုးကို မဖြစ်စေနိုင်ဟု သမ္မဓာတုယောဂ သျှတ်ကျမ်းဌ် ဆိုထားလေပြီ။

ဇဝါရေးရိုး ကြိုး ၁၀-မျိုး။ ။ပန်းပြောက် ပန်းနုရေး ပညာမျိုး။ မုံရွေးမှတ်စုမှ။ (၁) ခရု ပုခက်ကြိုး၊ (၂) ဘယက်ကြိုး၊ (၃) မှော်ဖတ်ကြိုး၊ (၄) ငါးပတ်ခံတွင်းကြိုး၊ (၅) မှော်သီးကြိုး၊ (၆) မြွေ့ဝမ်းကြေးကြိုး၊ (၇) နဂါးလိမ်ကြိုး၊ (၈) ဆုမလက်ညှိုးကြိုး၊ (၉) တမုတ်ကြိုးဆွဲ၊ (၁၀) နန်းပြောက်ကြိုး၊

ဇာတ်ကြီး ဆယ်ဖွဲ့။ ။ဗုဒ္ဓအလောင်းတော်မြတ်၏ ထင်ရှားသော ဘဝကြီး ဆယ်ပါး။ (၁) တေမိယ ဇာတ်၊ (၂) ဇနက္က ဇာတ်၊ (၃) သုဝဏ္ဏသျှမ် ဇာတ်၊ (၄) နေမိ ဇာတ်၊ (၅) မဟောသဓ ဇာတ်၊ (၆) ဘူရိဒတ် ဇာတ်၊ (၇) စန္ဒကုမာရ ဇာတ်၊ (၈) နာရဒ ဇာတ်၊ (၉) ဝိဓုရ ဇာတ်၊ (၁၀) ဝေဿန္တရာ ဇာတ်။

ဇာနည်မျိုးပြား၊ ထို ၆-ပါး၊ ကျော်ကြား ကမ္ဘာတည်။ ။၎င်း သရုပ်ကို (အာဇာနည်များ၊ မျိုး ၆-ပါ၊ ဖြေကြားမိန့်တော်မူ) ဟူသော အမေးဌ် ဆိုခဲ့ပြီ။

ဇီယာမျိုး ၅-ပါး။ ။ရှေးရေး ဆေးကျမ်းစာပေများဌ် 'စမုံစပါး, စမုံဖွဲ့, စမုံဖြူ, စမွတ်, ဇီယာ၊ ၎င်းငါးပါးကို 'ပဉ္စဇီယာ' ဇီယာမျိုး ၅-ပါးဟု မရေးသားကြကုန်၏။

ဇီဝိတ နဝက ကလာပ်။ ။အဝိနိဗ္ဘောဂရုပ် ၈-ခုနှင့် ဇီဝိတရုပ် ၁-ခု ပေါင်း ၉-ခု တစည်းကို ခေါ်သည်။

ဇီဝိတိန္ဒြေ ၂-ပါး။ ။သစ်ပင် စသည်တို့ကို မသေအောင် စောင့်ထိန်းပေးတတ်သော ရုပ်ဇီဝိတိန္ဒြေ, သက်ရှိသတ္တဝါတို့ကို မပုပ်သိုးအောင် ထိန်းသိမ်းသော နာမ်ဇီဝိတိန္ဒြေ။

ဇီးမျိုး ၃-ပါး။ ။ဓာတ်ဆေးတမျိုး။ ဖျော့ပပွ ါးဌိကာဌ် အကျယ်ရှု။ (၁) ဘုမ္မ ဇီး၊ (၂) အာကာသ ဇီး၊ (၃) ဂေါရာ ဇီး ဟူ၏။

http://www.dhammadownload.com

ဇုံပိုင်း ၅-ရပ်။ ။ဇုံ ဟူသော ဝေဟာရသည် လောကဓာတ် ပထဝီဝင် သင်္ဃာဏ်းစာတို့တွင် သုံးစွဲကြသော အခေါ်ပုဒ်တည်း။ **ဂုဏ်** အဓိပ္ပါယ်ကား၊ 'အပူ အအေး ပိုင်းခြားထားသော အရပ်' ဟူ၏။ (၁) မြောက်ပိုင်း အအေးဇုံ-မြောက်ဝင်ရိုးစွန်း ပတ်လည်၌ အာတိတ် စက်ဝိုင်းအတွင်းရှိ အရပ်၊ (၂) တောင်ပိုင်း ဒအေးဇုံ- တောင်ဝင်ရိုးစွန်း ပတ်လည်၌ အန္တာတိတ် စက်ဝိုင်း အတွင်းရှိ အရပ်၊ (၃) အပူပိုင်းဇုံ-ဥတ္တရုယာဉ်စွန်း ဟန်း အရပ်နှင့် ဒက္ခိဏယာဉ်စွန်းတန်း အကြားရှိ အရပ်၊ (၄) ခမြောက်သမဇုံ- အာတိတ်စက်ဝိုင်းနှင့် ဥတ္တရုယာဉ်စွန်းတန်း အကြားရှိ အရပ်၊ (၅) တောင်သမဇုံ- အန္တာတိတ် စက်ဝိုင်းနှင့် ဒက္ခိဏယာဉ်စွန်းတန်း အကြားရှိ အရပ်။

ဇိုဝ်းမျိုး ၃-ပါး။ ။နတ်မျိုးသုံးပါးဟူ၏၊ ဒေဝ,သဒ္ဒါမှ "ဇိုဝ်း" ဖြစ်သော ကြောင်း မှတ်။ (၁) ဘုမ္မ ဒေဝ-ဘုမ္မဇိုဝ်း၊ မြေ၌နေသော နတ်မျိုး၊ (၂) ရုက္ခ ဒေဝ-ရုက္ခဇိုဝ်း၊ သစ်ပင်၌နေသော နတ်မျိုး၊ (၃) အာကာသ ဒေဝ-အာကာသဇိုဝ်း၊ ကောင်းကင်၌နေသော နတ်မျိုး။

ဇော်ကနီခေါ်၊ စုန်းမျိုးကျော်၊ ၎င်းဘော် အဘယ်နည်း? ။ကျမ်းကြီး ကျမ်းခိုင်တို့၌ကား ဇော်ဂန်ကို 'စုန်း' ဟု မဆိုကြ၊ မိစ္ဆာနတ်စိမ်းဟုသာ ဆိုကြ၏။ ကဝေသာရကျမ်း၌ကား အောက်ပါအတိုင်း လာလေသည်။ (၁) ဒေဝ ဇော်ဂနီ-အောက်တန်း နတ်ဆိုး နတ်ယုတ်များ၊ (၂) ဗျွဲ ဇော်ဂနီ- ကျားနှင့်ယှဉ်သော နတ်စိမ်းများ၊ (၃) ယက္ခ ဇော်ဂနီ- ဘီလူး, သရဲ, ဘုတ်, ပြိတ္တာများ၊ (၄) ဂန္ဓ ဇော်ဂနီ- ထိုထို ဇော်ဂနီတို့ကို အစိုးရသော နတ်စိမ်းများ။

ဇော်ဂနီများ၊ စုန်းမျိုးပြား၊ ထင်ရှား ဖြ၄။ ။သဒ္ဒ ကပ္ပ ဒုမ အဘိဓာန်(ဘွဲ့မ်း ၌ ယောဂိနီပုဒ်အဖွင့်တွင် ဇော်ဂနီ ခြောက်ကျိပ် လေးပါးနှင့် တကွ ၎င်းတို့ကို အလိုရှိသလို စေခိုင်းနိုင်ကြောင်း, အတတ် မန္တရား ပူဇော်ပသပုံများ ကိုပါ အစုံပြထားသည်။ အကျယ် ၎င်းကျမ်း၌ ရှုပါလေ။

[ဈ]

ဈာန်အပြား ၂-မါး။ ။ပဋိသန္ဓိဒါမဂ် ။ပါ။ ၎ဒ ။ဌ။ ပ-အုပ်။ ၁၇၀။ (၁) **အာရုပ္ပဈာန်-** သမထ, ဘာဝနာ, သက်သက်ဖြစ်သော

http://www.dhammadownload.com

ပထဝီကသိုဏ်း စသည်ဖြင့် သမာပတ်ရှစ်ပါးအထိ ရယူသော ဈာန် (၂) လက္ခဏူပနိဇ္ဈာနဈာန် - ဝိပဿနာ သက်သက်ဖြစ်သော ရုပ်နာမ်ဓမ္မကို အနိစ္စလက္ခဏာဖြင့် ရှုမှတ်၍ မဂ်, ဖိုလ်, အထိ ရယူသော ဈာန်။

ဈာန်အပြား ၃-ပါး။ ။ရူပါဝစရ ဈာန်, အရူပါဝစရ ဈာန် မျိုး၌ ပုထုဇန် အရိယာကို စဲ့၍ ကဲ့သော ဈာန်မျိုး ၃-ပါး။ (၁) သမထာနုယောဂ ပဋိလဒ္ဓဈာန် - သမထ ကမ္မဋ္ဌာန်းသက်သက်ကို အားထုတ်၍ ရသော ဈာန်မျိုး၊ (၂) မဂ္ဂ သိဒ္ဓဈာန် - မိမိ၏ ဆုတောင်း ပတ္ထနာ အလျောက် မဂ်ကိုရရောက်သည်နှင့် တပြိုင်နက် ဈာန်သမာပတ်တို့ကိုပါ အပြီးရသော ဈာန်မျိုး၊ (၃) ဥပပတ္တိ သိဒ္ဓဈာန် - ကာမဘုံသား ဈာန်လာဘီ စုတေ၍ ဗြဟ္မာ့ပြည် ရောက်သွားသောအခါ တမင်အားမထုတ် ရဘဲ ပြုန်းကနဲ ထပ်၍ရသော ဈာန်မျိုး။.

ဈာန် ၅-မျိုး။ ။ကိလေသာတရားတို့ကို လောင်မြိုက် ဖုတ်ကြည်းတတ်သော ဩဘောတရား ငါးပါး။ (၁) ပထမဈာန်၊ (၂) ဒုတိယဈာန်၊ (၃) တတိယဈာန်၊ (၄) စတုတ္ထဈာန်၊ (၅) ပဉ္စမဈာန်။

ဈာနင် ၅-ပါး။ ။ဈာန်၏အစိတ် အင်္ဂါများကို ဆိုသည်။ (၁) ကြံစည်ခြင်း ဝိတက်၊ (၂) စဉ်းစားခြင်း ဝိစာရ၊ (၃) နှစ်ခြိုက်ခြင်း ပီတိ၊ (၄) ချမ်းသာခြင်း သုခ၊ (၅) တည်တံ့ခြင်း ဧကဂ္ဂတာတို့ ဖြစ်၏။

ဈာန်, မဂ်, ဖိုလ်မျာ၊ တားမြစ်ထား၊ ၅-ပါး အင်္ဂရုယ်။ ။၎င်းဩဝါဒ (အင်္ဂရုယ်ကြီး ၅-ပါး)၌ ဆိုခဲ့ပြီ။

ဈာန်ရပုဂ္ဂိုလ်၊ ရောက်ကြောင်းဆို၊ ဘုံဖို-၂၀ အဘယ်နည်း ?။ ။ ဈာန်ရပုဂ္ဂိုလ်တို့ ရောက်ကြောင်းဘုံကား 'ဗြဟ္မာ-၂၀'ပင် ဖြစ်၏၊ ထိုဘုံတို့သို့ အများအားဖြင့် မိန်းမဇာတ်အဖြစ်နှင့် မရောက်ကောင်းချေ၊ ပုရိသချည်းသာ ဖြစ်သောကြောင့် ဘုံဖို အဖိုများသာ နေသောဘုံဟု ခေါ်သည်။

ဈာပနမျိုး ၃-ပါး။ ။ဖုတ်ကြည်း သင်္ဂြိဟ်ခြင်းမျိုး ၃-ပါး။(၁)အင်္ဂါဈာပန-စကြာမင်းနှင့်, ဘုရား, ရဟန္တာ, သီလဝန္တ သမုတိသံဃာတော် အရှင်မြတ်များ၏ အလောင်းကို မီးဖြင့် သင်္ဂြိဟ်ရသည်၊ သို့မဟုတ်ဘဲ မြေမြှုပ်နှံက မိုဃ်းခေါင်တတ်သည်၊ရေသို့မျောက ရေကြီးတတ်သည်ဟု လောကီ ဆိုရိုးရှိ၏၊ (၂) ဘူမိ ဈာပန-မြေမြှုပ်နှံခြင်း, သစ်ခက်စသည်တို့ဖြင့် ဖုံးအုပ်၍ ထားခြင်းမျိုး၊(၃) ဥဒက ဈာပန- ရေသို့ နှစ်ချ ပစ်မျောခြင်းမျိုး။

http://www.dhammadownload.com

[ဉ]

ဉာဏ် ၃-ပါး။ ။(၁) သုတမယဉာဏ်- ကြားသိ ဉာဏ်မျိုး၊ (၂) စိန္တာမယ ဉာဏ်- ကြံစည်၍ သိသောဉာဏ်၊ (၃) ဘာဝိတမယဉာဏ်- သမထ, ဝိပဿနာ, တရားတို့ကို ပွားများ၍ရသော ဉာဏ်ထူး ဉာဏ်မြတ်မျိုး။ နေတို့ ။ပါ။ ဂ။ ဋ္ဌ။ ၅၃-၌ အကျယ်ရှုပါ။

ဉာဏ်တော် ၁၀-ပါး။ ။ နေတို့။ ပါ။ ၇၆။ ဋ္ဌ။ ၁၅၅-၌ အကျယ်ရှုပါ။ ဘုရားသခင်၏ ဉာဏ်တော်အနန္တတို့တွင် ထင်ရှားသော ဉာဏ်တော်များ ဒသနိပါတ် အဂ်ုတ္တိရ်မှ။ (၁) ဌာနာဌာန ကောသလ္လ ဉာဏ်-အကြောင်း ဟုတ် မဟုတ် သိသောဉာဏ်၊ (၂) ဝိပါက ဉာဏ်-ကောင်းကျိုး မကောင်း ကျိုးကို သိသော ဉာဏ်၊ (၃) သမ္မတ္တ ဂါမိနီ ဉာဏ်- သတ္တဝါတို့ လားရာ သွားရာ ကုန်အောင် အစုံသိသော ဉာဏ်၊ (၄) နာနာဓာတု ဉာဏ်- အထူးထူးသော ဓာတ်တို့ကို သိသော ဉာဏ်၊ (၅) အဓိမုတ္တိ ဉာဏ်- အလိုဆန္ဒအားလုံးကို သိသော ဉာဏ်၊ (၆) ဣန္ဒြိယ ပရောပရိယတ္တိ ဉာဏ်- ဣန္ဒြေ နုရင့်ကို သိသော ဉာဏ်၊(၇) ဈာနာဒိ သံကိလေသ ဉာဏ်-ဈာန်, ဝိမောက္ခ, သမာဓိ, သမာပတ် စသည်တို့၏ ညစ်ညူးကြောင်းကို သိသော ဉာဏ်၊ (၈) ပုဗ္ဗေနိဝါသဉာဏ်-ရှေးဖြစ်ဟောင်း ဘဝခန္ဓာစဉ်ကို သိသော ဉာဏ်၊ (၉) ဒိဗ္ဗစက္ခု ဉာဏ်-နတ်မျက်စိကဲ့သို့ အလင်းရောင်ခြည် အားကောင်းသော အဘိညာဉ်မျက်စိဉာဏ်၊(၁၀) အာသဝက္ခယ ဉာဏ်- အရဟတ္တမဂ် ဉာဏ်။

ဉာဏ် ၁၀-ပါးလာ၊ ဝိပဿနာ၊ ခဲ့ဖြာပေဟန်သိ။ ။ဂုဏ်းသရုပ်ကို(ဝိပဿနာ ဉာဏ် ၁၀-ပါး)မှာ ရှုပါ။

ဉာဏ်ပညာ အားနည်းခြင်း၏ အကြောင်း ၅-ပါး။ ။ ဈာန်, မဂ်, ဖိုလ်၏ အပိတ်အပင် အညစ်အကြေး ဉာဏ်ပညာ အားနည်းကြောင်း တရား ငါးပါး။ (၁) ကာမစ္ဆန္ဒ - ကာမပေါ်၌ လိုလားခြင်း၊ (၂) ဗျာပါဒ-ပြစ်မှား, ဖျက်ဆီး, ကြမဲ်းထမ်းခြင်း၊ (၃) ထိန မိဒ္ဓ- ပျင်းရိ,ထိုင်းမှိုင်း, ငိုက်မြည်းခြင်း၊ (၄) ဥဒ္ဓစ္စ ကုက္ကုစ္စ- စိတ်ထားပျံ့လွင့်ခြင်း, အလို့လို့ရှိ ခြင်း၊ (၅) ဝိစိကိစ္ဆာ- ကောင်းမှန်သော အလုပ်၌ မယုံသင််ာဖြစ်ခြင်း။

ဥယျဓံတရား ၅-ပါး။ ။ ဥယျမမွေခေါ် ဘုရားရှင်တို့ သိအပ်သော တရား ငါးပါး။ (၁) သခ်ါရ ခေါ်- ပညာဘိသခ်ါရ, အပုညာဘိ

http://www.dhammadownload.com

သခ်ါရ့' အာနဥ္ဇာဘိသခ်ါရလည်း ေဥယ်ာတပါး၊ (၂) ဝိကာရ ခေါ်-ကာယဝိညတ်, ဝစီဝိညတ်, ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာဝတည်းဟူ သော ဝိကာရလည်း ေဥယ်ာတပါး၊ (၃) လက္ခဏာ ခေါ်-ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာတည်းဟူသော လက္ခဏာလည်း ေဥယ်ာတပါး၊ (၄) နိဗ္ဗာန် ခေါ်-အသခ်တခတ် မြတ်သောတရားလည်း ေဥယ်ာတပါး၊ (၅) ပညတ်ခေါ်-ပုဂ္ဂိုလ်, သတ္တဝါ, တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, စကြဝဠာ, သတ္တပညတ်, နာမပညတ် ဟူသမျှလည်း ေဥယ်ာတပါး။

ညဉ့် ၃-ယာမ်။ ။ညဉ့်၏ အချိန် ၃-ပိုင်း ဟူ၏။ (၁) ပုရိမ ယာမ်- ညဉ့်ဦး ယာမ်၊ ၆-နာရီမှ ၁၀-နာရီထိ၊ (၂) မဇ္ဈိမ ယာမ်- သန်းခေါင်ယာမ်၊ ၁၀-နာရီမှ ၂-နာရီထိ၊ (၃) ပစ္ဆိမ ယာမ်- မိုးသောက်ယာမ်၊ ၂-နာရီမှ ၆-နာရီထိ။

ညဉ့်နက်ခဲခါ၊ လည်သူမှာ၊~ဖြာ အပြစ်ရ။ ။ငင်း ပြဿနာရပ်ကို (အ ကာလခါ၊ လည်သူမှာ ၆-ဖြာ အပြစ်ရ) ဟူသော ပုစ္ဆာဌ် ဖြေခဲ့ပြီ။

ညသတ်ကာရန်၊ ရေးထုံးမှန်၊ ရှတ်ရန် နည်း ၆-ပါး။ ။မြန်မာသင်ပုန်းကြီး ကျမ်းလာ ၃၆-ပါးသော ဌာနတို့တွင် ပါဝင်သည့် စာစီစာကုံးနည်း ဥပဒေသ ဝေါဟာရ၊ နှုတ်ခမ်း ဖွင့်၍ ရွတ်ရသော 'အည့်, အည့်, အည်း' ပိတ်၍ ရွတ်ဖတ်အပ်သော 'အဉ့်, အဉ့်, အဉ်း'တို့ ဖြစ်ကြ၏၊ ကဗျာမဟုတ်ကား ကာရန်ငယ်သံ ၆၄-ပါး၌ သွင်းယူကြသည်။

ညာသံကြီးများ၊ ၁၈-ပါး၊ ဆိုခြားကဗျာ အကယ်နည်း? ။ပုဒ်းသရုပ်ကို (ဟက်သံ ၁၈-ပါး)၌ ရှုပါ။

ညာသံငယ်ခခါ၊ ကဗျာမပေါ်၊ ယူသော် ၁၈-ပါး။ ။ငင်းသရုပ်ကို (နိမ့်သံ အပြား ၁၈-ပါး)၌ ရှုပါ။

ညီထာခံငြား၊ မျိုး ၃-ပါး၊ ခြားနား ရှေးနန်းတော်။ ။မြန်မာဘုရင်မင်းမြတ်တို့ မြို့ပြု ပြည်ရွာ ဆိုင်ရာ, တရားဌာန ဆိုင်ရာ, စစ်ဖက်ဆိုင်ရာ, အရာရှိ ဝန်တို့နှင့် ဥပုသ်နေ့မှတပါး တနေ့ ၃-ခါ တိုင်ပင်မေးမြန်း ဆွေးနွေးခြင်းကို ညီလာခံ ၃-မျိုးဟု ခေါ်သည်။ (၁) နံနက်ညီလာခံ-ပြည်တွင်းပြည်ပ နိုင်ငံရေးရာများကို နံနက် ၉-နာရီလောက်မှာ လဖက်ရေတော်ဆောင်၌ ဆွေးနွေးသည်၊ (၂) နေ့ ညီလာခံ- အကောက်တော်မှနိုက်စ်၊ စစ်ရေးဗျူမှူ

http://www.dhammadownload.com

ကိစ္စ၊ အလုပ်ရှုံ၊ စက်ရှုံ၊ လယ် ယာ ဆည်မြောင်းကိစ္စတို့ကို အထက်ပါ အဆောင်ဌာပင် ညနေ ၃-နာရီလောက်မှာ စည်းဝေး တိုင်ပင်ကြသည်၊ (၃) ညဉ့် ညီလာခံ- ညဉ့်ဦးယာမ်တွင် မှန်နှန်းတော်ဆောင်၌ များသော အားဖြင့် စည်းဝေးလေ့ရှိသည်၊ ထိုညီလာခံ၌ အရာရှိများစုံလင်စွာလာရန် မလို၊ အတွင်းတော်သား အိပ်ဖန်စောင့်များနှင့် သာသနာတော်ရေးကိစ္စ၊ ရာဇဝတ်မှု ကင်းလွတ်ရေးကိစ္စ၊ မိဖုယားနှင့် သားတော်, သမီးတော်များ ကိစ္စတို့ကို တိုင်ပင်ဆွေးနွေးသည်။

[ဌ]

ဌ ဝဂ် ၅-လုံး။ ။ဗျည်း ၃၃-လုံးတွင် "ဌ, ဌ, ဍ, ဎ, ဏ" ၅-လုံး တစုကို ခေါ်သည်။

[ဒ]

ဌာန် ၅-ပါး, ၆-ပါး, ၇-ပါး, ၃-နည်း။ ။မြန်မာအက္ခရာ အသံဖြစ်ရာ ဌာနများကို ဆိုသည်- (က်)၊ (၁) ကဏ္ဌ ဌာန်- က,ခ,ဂ,ဃ,င,အ,အာ,ဟ၊ အက္ခရာ ဂ-လုံးသည် လည်ချောင်းအရပ်မှာ ဖြစ်၏၊ (၂) တာ၊လု ဌာန်- စ,ဆ,ဈ,ဇ,ည,ဉ,ဉ်,ယ၊. ၎င်းအက္ခရာ ဂ်-လုံးသည် အာစောက်အရပ်မှာ ဖြစ်၏၊ (၃) မုဒ္ဓ ဌာန်- ဋ,ဌ,ဍ,ဎ,ဏ,ရ,ဠ၊ ၎င်း ၇-လုံးသော အက္ခရာတို့သည် လျှာထိပ်အရပ်မှာ ဖြစ်၏၊ (၄) ဒန္တ ဌာန်- တ,ထ,ဒ,ဓ,န,လ,သ၊ ၎င်း ၇-လုံးသော အက္ခရာတို့သည် သွားအရပ်မှာ ဖြစ်၏၊ (၅) ဩဋ္ဌ ဌာန်- ပ,ဖ,ဗ,ဘ,မ,ဥ,ဦ၊ ၎င်း ၇-လုံးသော အက္ခရာတို့သည် နှုတ်ခမ်းအရပ်မှာ ဖြစ်၏၊ (နှာသအလို)။ (ခ) ရူပသိဒ္ဓိ၊ 'နာသိ' ထည့်၊ မိန့်ဘိ ၆-ပါးလာ ရူပသိဒ္ဓိ သဒ္ဒါကျမ်းတွင် နိဂ္ဂဟိတ်သံကို နှာခေါင်း၌ ဖြစ်သော နာသိကဌာန်ဟု သီးခြားယူ၍ ဌာန် ၆-ပါးပြ၏၊ (ဂ) နီတိအလို၊ 'ဥရ' ကို၊ ထည့်ဆို သတ္တသာ။ သဒ္ဒနီတိကျမ်းတွင် ဟ အက္ခရာကို ဇ, ည, ဏ, န, မ, ဟ, ရ, လ, ဇ၊ ဟထိုး ၉-လုံးသံတို့နှင့် ယှဉ်သောအခါ၊ ရင်၌ ဖြစ်သော ဥရ ဌာန်ဟု သီခြားယူပြန်၍ ဌာန် ၇-ပါး ပြ၏။

ဌာယီဘာဝမျိုး ၁၀-ပါး။ ။စာရေးဆရာတို့ ဝတ္ထု ဇာတ်အိမ်၌ ပြည့်စုံစွာ ပါဝင်ဖြစ်တည်လေ့ရှိသော **အင်္ဂါ** ဆယ်ပါး။ (၁) ရတိ- မိန်းမ

http://www.dhammadownload.com

ယောကျ်ားတို့ ချစ်ကြိုက်မှု၊ (၂) ဟာသ- ပြုံးရယ် ပျော်ရွှင်မှု၊ (၃) သောက- သနားစရာ စိုးရိမ်ပူဆွေးမှု၊ (၄) ကောဓ- စိတ်ဆိုးစရာ ကြမ်းကြုတ် အမျက်ထွက်မှု၊ (၅) ဥဿာဟ- ရဲရင့်မှု၊ စွန့်စားမှု၊ လုံ့လ ဝီရိယ၊ (၆) ဘယ- ကြောက်လန့်စရာ၊ (၇) ဇုဂုစ္ဆ- ရွံမုန်းစရာ၊ (၈) ဝိမှယ- အံ့သြစရာ၊ (၉) သမ-ငြိမ်သက် တည်ကြည်မှု၊ (၁၀) ဝလစ္ဆ- စင်ကြယ်သော အဒေါသ မေတ္တာဖြင့် သာယာ ကြည်လင်သည့် စိတ်မျိုး။

[တံ]

တံစိုးလက်ဆောင်မျိုး ၃-ပါး။　။ရန်အောင်ကြောင်း လာဘ်ပေး ထိုးမှုမျိုး ၃-ပါး။ ပဌမ ၂-ပါးကား တရားမဝင်၊ မေတ္တာတံစိုးသာ တရားဝင်မျိုး ဖြစ်၏။ (၁) ပဏ္ဏာကာရ တံစိုး- ရွှေ ငွေ ကျေးကျွန် မိန်းမတို့ဖြင့် လက်ဆောင်ထိုးခြင်း၊ (၂) ဝတ္ထုဘာကာရ တံစိုး- အကျမ်းတဝင် ခင်မင်ရင်းနှီးစွာ မျက်နှာ နာအောင် ပြုလုပ်ပေါင်းသင်းမှု၊ (၃) မေတ္တာကာရ တံစိုး- မေတ္တာ ဘာဝနာ သမာဓိ သစ္စာတရားဖြင့် မိမိအား လေးစား ယုံကြည်အောင် ပြုမှု။

တံစိုးမျိုး ၃-ပါး၊ တနည်း။　။တရားသူကြီးတို့ ကြဉ်ရှောင် အပ်သော လာဘ်သုံးပါး၊ ပေါရာဏိက ဓမ္မကျမ်းမှ။ (၁) ဉာတိသလောဟိတ- သားချင်း ဆွေမျိုးတော်၍ချင်း၊ (၂) ပိယမိတ္တ- ချစ်ကျမ်းဝင်သူ ဖြစ်၍ချင်း၊ (၃) ဓနဂ္ဃဟ- ဥစ္စာကြေးငွေယူ၍သော်ငင်း၊ တရားကို အနိုင်ပေးခြင်းမျိုး။

တံပိုးကြီးများ၊ မျိုး ၃-ပါး၊ ဒီဖျားထိုင်း ရေတက်။　။ငင်းသရုပ် အဓိပ္ပါယ်ကို (လိုင်းတံပိုးကြီး ၃-ပါး) ၌ ကြည့်ပါ။

ထံပိုး ဂ-ဖြာ၊ တူရိယာ၊ မှုတ်ခါ သံငြိမ့်ခြောင်း။　။လေဖြင့်မှုတ်သော တူရိယံာမျိုး ရှစ်ပါး၊ မဟာဆုဇဝင်ကြီးမှ။ (၁) ဒုလောင်း၊ (၂) ခရာကောက်၊ (၃) ခရာမြွာ၊ (၄) လက်၊ (၅) တံရှည်၊ (၆) နဲ့ 'တံပိုး'၊ (၇) ပြွေ၊ (၈) ဖက်လိပ်။

မှတ်ချက်။　။ဆရာအချို့ကား လက်ခေါက်, လက်ချောင်းကို ပယ်၍ ချည်ချောင်းကို ထည့်ယူကြ၏။

http://www.dhammadownload.com

တံပိုးမျိုး ဂ-ပါး တနည်း။ ။တံပိုးရှစ်မည်၊ ဟူတုံသည်လည်း၊ သံစည်ငြိမ့်ကြွင်း၊ ဒုလောင်း တဖုံ၊ နှစ်စုံ ခရာ၊ တံမြွာ, တံရှည်၊ အမည်တကွဲ၊ နဲ့, ပြွေ, ဖက်လိပ်၊ ဖျော်ကြသိပ်သို့၊ စိပ်စိပ်ကြည်နူး၊ ကြော်ရင့်ကျူး၏။ မယဒေဝလင်္ကာသစ်။

တံမြက်လှည်းခြင်း အကျိုး ၅-ပါး။ ။တံမြက်လှည်းသူ၏ အကျိုး ၅-ပါး။ (၁) သကစိတ္တံ ပသီဒတိ- မိမိစိတ် ကြည်လင်၏၊ (၂) ပရစိတ္တံ ပသီဒတိ- သူတပါးစိတ်ကို ကြည်စေ၏၊ (၃) ဒေဝတာ အတ္တမနာ- နတ်တို့ နှစ်သက်ဝမ်းမြောက်၏၊ (၄) ပါသာဒိက သံဝတ္တနိကံ ပုညံ ဥပစိနာတိ-ကြည်လင်ဘွယ်ကို ဖြစ်စေတတ်သောကြောင့် ကောင်းမှုကုသိုလ်ဆည်းပူးသည်ဖြစ်၏၊ (၅) သုဂတိံ သဂ္ဂလောကံ ဥပပဇ္ဇတိ- သေသည်၏အခြားမဲ့၌ သုဂတိနတ်ရွာ လားစေတတ်၏။

[တ]

တက်ရေး ၁၂-ခန်း။ ။မြန်မာဘုရင်များ လက်ထက် ရေတပ်အမှုထမ်းလေ့တော်သားတို့၏ လေ့လေ့ာ်နည်း ယဉ်ကျေးမှု တက်ဆန်း ဆယ့်နှစ်ခန်းကို ဆိုသည်၊ (၁) ရေပေါက် ကြဲဟန်၊ (၂) ပုလဲ သီဟန်၊ (၃) ပန်းဝတံခြွေဟန်၊ (၄) ဟသံာဖို ဝဲဟန်၊ (၅) ဟသံာအဖေါ် ခေါ်ဟန်၊ (၆) ဇင်ယော် သုတ်ဟန်၊ (၇) ဇင်ယော် ဝဲဟန်၊ (၈) အိမ်မိုးခြင် တင်ဟန်၊ (၉) နတ်သီး ပန်းကုံးဟန်၊ (၁၀) နတ်သီး ပန်းကုံးဆင်ဟန်၊ (၁၁) ပန်းဆွတ်ခူးဟန်၊ (၁၂) ပန်းတောင်း ချီဟန်။

တက်ရေး ၃၇-ပါး။ ။မြန်မာဘုရင်မင်းမြတ်တို့ လက်ထက်တော်အခါက တော်သလင်း သစ်ဆင်းလရာသီ ရေသဘင် ပွဲတော်များတွင် တက်ရေး ၃၇-ပါး၊ တက်ချင်း ၃၇-ပါး၊ လျှောက်လူးတား ၃၇-ပါးတို့မှာ အလွန်ထင်ရှား၏၊ ဂဃဝိလက္ခဏာ ဒီပနီ။ ဘုရားရှိခိုး၊ ရွှေလောင်းချီ၊ ရွှေလောင်းထွက်၊ ရွှေဖောင်ယှဉ်၊ ပက်ခကာဆင်၊ တက်မြောက်၊ တက်ပန်း၊ တက်စောင့်၊ တက်ထောင်၊ တက်ရှက်၊ (၁၀) တက်ဝှက်၊ တက်ခပ်၊ တက်လှ၊ အိမ်မိုးခြင်တင်၊ ဇင်ယော်သုတ်၊ ဇင်ယော်ဝဲ၊ ဝမ်းပဲတောင်ဖြန့်၊ ဝမ်းပဲကန့်၊ လက်မြန်၊ ခေါ်တော်မူ၊ (၂၀) နတ်သမီးပန်းဆွတ်၊ နတ်သမီးပန်းလုမ်း၊ နတ်သမီးပန်းတောင်း၊ စမွှယ်ဝုံ၊ သန်လျက်ထမ်း၊ ဆေးတံတော်ထိုး၊

http://www.dhammadownload.com

ရာဇမတ်ကြီး၊ ရာဇမတ်ငယ်၊ နေရောင်ကာ၊နေရောင်ပြ၊ (၃၀)တင်းတိမ်ရုံ၊ တင်းတိမ်လှစ်၊ သုံးချက် ဒပါက်ပြန်၊ သုံးဖန်ခါ သုံးဖန်ချ၊ ဆင်စွယ် ဝန်းရှက်၊ ကိန္နရာ ဒတောင်ရှက်၊ ရွှေငှက်တောင်ခတ်၊ (၃၇)။

တက်သံအပြား၊ ၁၀-ပါး၊ ဆိုဋ္ဌေး ဂီတလာ။ ။ကဗျာလင်္ကာ အရာတို့၌ ဆွဲ, ငင်, ရှည်, လျား, မြည်, ဟိန်း, ခြိမ်း, ပြင်း, ထုတ်, သွင်း, သွယ်, ပြောင်း, သံတို့ဖြင့် ရွတ်ဖတ်ရသော အသံကို "တက်သံ"ခေါ်သည်။ ၎င်းကိုပင် ဂီတအရာ၌ 'ညာသံကြီး, မူလသံ, ပကတိသံ'စသည် ပညတ်ကြသေး၏။ အကျယ် "ကဗျာဖွဲ့နည်း နိဿည်း" ကျမ်း၌ ရှုလေ၊ "အာ,ဣ,ဉ်, ဧ, ဩ, အင်, အဉ်, အည် အန်, အမ်, အိန်, အိမ်, အုန်, အုမ်, အယ်, အောင်, အိုင်, အိုဝ်"တို့ ဖြစ်၏။

တင့်တယ်စေသော အရာမျိုး ၄-ပါး။ ။(၁) ရထားဌ အလံ၊ (၂) မိုးဌ အခိုး၊ (၃) တိုင်းပြည်ဌ မင်း၊ (၄) မိန်းမဌ လင်ရှိမှ တင့်တယ်သည်ဟူ၏။ သဂါထာဝဂ္ဂသံယုတ် ။ပ။ ၃၉။ ဋ္ဌ။ ၉၁။ စူဠနိဒ္ဒေသ ပါဠိတော် ၂၁၃ ဘို့၌ အကျယ်ရှုပါ။

တဆယ့်ရှစ်ချက်၊ သံဃစက်၊ ရေတွက် အဘယ်နည်း? ။စက်ကြီး ၁၃-ပါး၌လာသော စကားရပ်ဖြစ်သည်၊ ၎င်း၏ သရုပ်အဓိပ္ပါယ်ကား အရိယာသံဃာတော် ရှစ်ပါး၊ သမ္မုတိ သံဃာတော် တပါး၊ ပေါင်း သံဃာ ၉-ပါး နှင့် သံဃဂုဏ်တော် ၉-ပါး၊ ပုဂ္ဂိုလ်နှင့် ဂုဏ် ၂-ရပ်ပေါင်း ၁၀-ပါးကိုပင် "သံဃစက်"ဟု ခေါ်သည်။

တဆယ် လေးချက်၊ ဓမ္မစက်၊ ရေတွက် အဘယ်နည်း? ။စက်ကြီး ၁၃-ပါးမှ လာသော စကားဖြစ်သည်၊ မဂ်တရား ၄-ပါး၊ ဖိုလ်တရား ၄-ပါးနှင့် တရားဂုဏ်တော် ၆-ပါး၊ ပေါင်း ၁၄-ပါးကို ခေါ်သည်မှတ်။

တည်ခြင်း ၅-ဖြာ၊ ဝန္ဒနာ၊ ခါခါ ဦးနှိမ်ချ။ ။ဒူး ၂-ဘက်, လက် ၂-ဘက်, နဖူး, ဤငါးပါးကို အခင်း, ကြမ်းပြင် စသည်၌ ညီစွာ တည်ခြင်းပြု၍ ရှိခိုးခြင်းမျိုးကို "ပဉ်ခြင်း ငါးမျိုး ရှိခိုခြင်း' ဟု ခေါ်၏၊ "ကာယဝန္ဒနာ- ကိုယ်ဖြင့် ရှိခိုးခြင်း"ဟုလည်း ခေါ်၏။

တဏှာ ၂-ပါး။ ။(၁) သေန တဏှာ- ပစ္စည်းဥစ္စာ ရှာမှီးကြောင်း တဏှာ၊ (၂) သေတ တဏှာ- ရှာ၍ရရှိထားသော ပစ္စည်းဥစ္စာ၌ သာယာတပ်မက်နေမှုတဏှာ။ အကျယ် အဂုတ္တရ ။ဋ္ဌ။ တတိယအုပ်။ ၂၇၀-၌ ရှုပါ။

http://www.dhammadownload.com

တဏှာ ၃-ပါး မျိုးအပြား။ ။သုတ်ပါထေယျ ။ပါ။ ၁၈၁ ။ဋ္ဌ။ ၁၇၀-၌ အကၤယ်ရှုပါ။ (၁) ကာမ တဏှာ-ကာမဂုဏ် အာရုံတွေ့ကို တွယ်တာ နှစ်သက်နေမှု၊ (၂) ဘဝ တဏှာ- မိမိဘဝကို တပ်မက်, နှစ်သက်, သဘောမူ သဘော၊ (၃) ဝိဘဝ တဏှာ- ဤလောကဌ် လူ့နတ်, ဗြဟ္မာ,သတ္တဝါ ဟူ၍ မရှိ၊ ၎င်းတို့ဘဝလည်း မရှိ၊ ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုမျှသာ ရှိနေ တာကိုပင် လက်ရှိ (ပညတ်အာရုံ) ဘဝစွဲ တန်းလန်းကြီးမှ ကင်းလွတ်ချင် တာကို ဝိဘဝတဏှာ ခေါ်သည်၊ ပရမတ်အာရုံ ရုပ် နာမ် ခန္ဓာမှ လွတ်ကင်း ချင်တာကို နိဗ္ဗာန်ဟု မှတ်၊ ယောင်လည်လည် ဖြစ်တတ်သည်။

တဏှာအစစ် ၁၀၈။ ။ဓမ္မသင်္ဂဏီ ။ပါ။ ၂၁၆။ ဝိဘင်း ။ပါ။ ၄၀၆။ မူလပဏ္ဏာသ ။ဋ္ဌ။ ပ-အုပ်။ ၂၂၄။ အဂုံတ္တရ ။ပါ။ ပ-အုပ်။ ၅၃၃။ဎီး။ ။ဋ္ဌ။ ဒု-အုပ်။ ၃၀၇-တို့၌ အကျယ်ရှုပါကုန်။ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ, ၃-ပါးကို တည်၍ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ, ဤ အာရုံ ၆-ပါးနှင့် မြောက် ၁၈-ပါး ရ၏၊ ၎င်းကို တည်၊ အတိတ် ကာလ, ပစ္စုပ္ပန် ကာလ, အနာဂတ် ကာလ, ဤကာလ သုံးပါးနှင့်မြောက်၊ ၅၄-ပါး ရ၏။ ၎င်းကိုတည် အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓ သန္တာန်, ဤသန္တာန် ၂-ပါးနှင့်မြောက် ၁၀၈-ပါး ရ၏။

တတိယကွရာ ၅-လုံး။ ။ဝဂ်ငါးပါးတို့တွင်ပါသော ၃-လုံးမြောက်ဖြစ်သည့် 'ဂ, ဇ, ဍ, ဒ, ဗ' အက္ခရာ ၅-လုံးကို ခေါ်သည်။

တထောင့်ငါးရာ ကိလေသာ။ ။၎င်း သရုပ်အဓိပ္ပါယ် (ကိလေသာ-၁၅၀) ဟူသော သဘောသန သရုပ်၌ ပြခဲ့ပြီ။

တန်ခိုး ၁၀-ပါး၊ ကျေးဇူးများ၊ ထင်ရှား ဖြစ်တော်မူ။ ။၎င်း သရုပ်ကား (ကျေးဇူးမျိုး ၁၀-ပါး)နှင့် တူ၏။

တန်ခိုးတော်လာ၊ ပြာဋိဟာ၊ ၃-ဖြာ အဘယ်နည်း? ။၎င်းသရုပ် (ပါဋိ ဟာရိဟာမျိုး ၃-ပါး)၌ ရှု၊ပါ။

တန်ဆာဆင်မှု၊ ၁၄-ခု၊ လူထု နည်းယူရာ။ ။၎င်းသရုပ်ကို (အဆင်တန်ဆာ၊ ဆင်ရာအပြား ၁၄-ပါး)ဟူသော အမေးဌ၌ ပြန်ရှုပါ။

ဏန်လိုင်း ၄-မျိုး။ ။ဇမ္မုတံဆိပ် ကျမ်းမှ။ (၁) မွန်သိ၊ (၂) မွန်ညန်၊ (၃) မွန်တာ၊ (၄) မွန်နန် တို့ ဖြစ်ကြ၏။

http://www.dhammadownload.com

မှတ်ချက်။ ။နောင်လာ နောက်သားတို့က တန်လိုင်းဟူသော အရေး အသားကို အလွန်စက်ဆုတ်၍ 'မွန်' ဟုသာ ရေးသား ခေါ်ဝေါ် ကုန်၏။

တပည့်မျှားအား၊ ဆုံးမခြား၊ ၅-ပါး စုံအင်ညီ။ ။ငင်းသရုပ်(ဆုံးမခြင်းရာ၊ အင် ၅-ဖြာ)ဟူသော ပုစ္ဆာဌ် ဆိုခဲ့ပြီ။

ကပည့်ဝတ် ၅-ပါး။ ။ဆရာအပေါ်၌ တပည့်မျှားက ပြုကျင့်ရမည့်ဝတ် ငါးပါး။ (၁) ပညာသင်ကြားရာ၌ လုံ့လ ဝီရိယနှင့် ညီညာထက်ြမဲ ရှိရခြင်း၊ (၂) ဆရာ၏ သင်ကြား ပြသ ဆုံးမမှုတို့ကို လိုက်နာကျင့်ကြံ ရှိသေရခြင်း၊ (၃) ဆရာလာသောအခါ ခပ်ဦးဦးကြို အရိုအသေ ပေးရ ခြင်း၊ (၄) ဆရာ့ထံပါး၌ အမြဲမပြတ် ခစားလုပ်ကျေး ဆည်းကပ်ရ ခြင်း၊ (၅) ဆရာ့ထံပါး သင်ကြားပြီး ပညာမျှားကို မမေ့ မပျောက် နိုင်စေရန် တွေးကြံ အံ့ရွတ်ရခြင်း၊ မရသေးသော ပညာမျှားကို သင်ကြား ရခြင်း။

တပ်မတော် ဖွဲ့နည်း ၉-ရပ်။ ။ရှေးခေတ် စစ်တပ်ဖွဲ့နည်း ၉-ပါး၊ ပိုမိုထင်ရှား အောင် မဃဒေဝလင်္ကာသစ် စကားဖြင့် ပြလိုက်သည်။ (၁) ပတ္တိ တပ်- ရထားတဆောင်၊ ဆင်ပြောင်တစီး၊ မြင်းသုံးစီးနှင့်၊ ရဲကြီးငါးယောက်၊ နည်းစဉ်လျှောက်ဖြင့်၊ ထိုလောက်စစ်သည်၊ ပတ္တိ မည်၏၊ (၂) သေနာမုခ တပ်-ထိုသည်ပတ္တိ၊ သုံးပြန်ရှိက၊ ခေါ်ဘိသညာ၊ သေနာမုခ၊ (၃) ဂုမ္ဗ တပ်- ထိုမုခအား၊ သုံးခုပွားသော်၊ မည်ငြား ဂုမ္ဗ၊ (၄) ဂဏ တပ်- ဂုမ္ဗမြှောက် သုံး၊ ခေါ်ထုံး ဂဏ၊ (၅) ဝါဟိနီ တပ်- ဂဏသုံးလီ၊ ဝါဟိနီထည့်၊ (၆) ပုတနာ တပ်-ဝါဟိနီစစ်၊ သုံးပြန်ဖြစ်က၊ တွင်လစ် ပုတနာ၊ (၇) စမူ တပ်- ပုတနာဟူ၊ သုံးဆယူသော်၊ စမူမည်ငြား၊ (၈) အဏိကိနီ တပ်- စမူအားလျင်၊ ခမြှောက်ပွားတြို၊ အဏိကိနီ၊ (၉) ခေါဘဏီ တပ်- ယင်း ဆယ်လီဖြင့်၊ ခေါဘဏီစစ်၊ ၉-ဆင့် ဖြစ်၏။

တမန်တော် ၃-စား။ ။မြန်မာမင်းတို့၏ မင်းခမ်းမင်းနားတွင် စေပါးသော အမတ် (၁၄)ပါးတို့အနက်၊ တမင်းနှင့် တမင်း၊ တတိုင်းပြည်နှင့် တတိုင်း ပြည်၊ တနန်းရင်းဝန်နှင့် တနန်းရင်းဝန်၊ ဆက်ဆံကူးလူးရာဝယ် သုံးသော အမတ်မျိုးကို 'တမန် အမတ်'ဟု ခေါ်ဆိုသည်၊ ၎င်းတမန် အမတ်သည် ၃-ယောက်ရှိသည်။ (၁) တမန်ကြီး၊ (၂) တမန်လတ်၊ (၃) တမန်ငယ်ဟု သုံးဖွဲ့ခေါ်ဝေါ်

http://www.dhammadownload.com

ထားသေးရာ၊ ဂုဏ်တန်ခိုး အတန်းအစားမြင့်သော တိုင်းကြီး ပြည်ကြီး မင်းများထံသို့ တမန်အတတ် ဂုဏ်သိရိပညာ ကြီးရင့်လိမ်မာလှစွာသော တမန်ကြီးများကိုသာ စေလွှတ်သည်၊ တိုင်းလတ် ပြည်လတ် မင်းလတ်များထံ တမန်လတ်များကို စေလွှတ်သည်၊ တိုင်းငယ် ပြည်ငယ် မင်းငယ် ကလေးများထံ တမန်အတတ် ပညာဂုဏ်စသည် သေးနုသေးသော တမန်ငယ်များကို စေလွှတ်သည်။

တမန်တော် ၅-ပါး၊ တနည်း။ ။ဂုဏ်သရုပ် (သံတမန်မျိုး ၅-ပါး)၌ ရှုပါ။

တမန်တော် အင်္ဂါ ၆-ပါး။ ။ဂုဏ်သရုပ်ကို(သံတမန်အင်္ဂါ ၆-ပါး)၌ ရှုပါ။

တမန်တော် အင်္ဂါ ဂ-ပါး၊ တနည်း။ ။အင်္ဂုတ္တရ။ ပါ။ ၃၇။ ဌ။ ၂၁၆။ ဝိနည်းစူဠဂ်။၃၆၄- တို့၌ လာရှိသည်။ တမန်တော်များ၌ အသင့်ရှိထားရမည့် အရည်အချင်း အင်္ဂါရပ် ရှစ်ပါး၊ တိုင်းတပါးသွား သံတမန်များလည်း လိုက်နာရမည်။(၁) သောတာစ- သူပြောကြားသော သတင်းစကားကို အကင်းပါးစွာဖြင့် သိကြားလွယ်ရခြင်း၊(၂)သာဝေတာစ-အရှင်ပြောကြားသော သတင်းစကားကို လုံးစေ့ပတ်စေ့ ပြန်ဆိုတင်ပြနိုင်ရခြင်း၊ (၃) ဥဂ္ဂဟေတာစ- အားထုတ်၍ မှတ်သား လေ့လာရခြင်း၊ (၄) ဓာရေတာစ- ဆိုတိုင်း မှန်ကန် ခိုင်မြဲစွာ ဆောင်နိုင်ရခြင်း၊ (၅) ဝိညာတာစ- အနက်အဓိပ္ပါယ် အရိပ်အခြည် လူရည်လူကဲကို ပါးနပ်စွာ သိတတ်ရခြင်း၊ (၆) ဝိညာပေတာစ- သူတပါးအား ကြားသိလွယ်စေအောင် ပြောဆို တတ်ရခြင်း၊(၇)သဟိတာ သဟိတ ကုသလ-အကျိုးရှိ မဲ့ကို ဝေဘန်နိုင်းယှဉ် တတ်သိ လိမ္မာရခြင်း၊ (၈) နကလဟ ကာရက-ငြင်းခုံ ခိုက်ရန် ဆန့်ကျင်မှု များ မပြုလုပ် မပြောဆိုရခြင်း။

တယောက်ထီးတည်း ကိန်းအောင်းရခြင်း အကျိုးဂုဏ် ၂၈-ပါး။ ။ ဂုဏ်အကျယ် စိတ်ဝင်စားဘွယ်တို့ကို၊ဟံသာဝတီရိုက်"မိလိန္ဒပဉ္ဉာ ဘာသာပြန်" စာမျက်နှာ ၂၁၇-၌ ရှုပါလေ။

တရာ့တပါး၊ လူမျိုးများ၊ ဖြေကြား မြတ်အရှင်။ ။ဂုဏ်သရုပ်ကို (လူမျိုး ၁၀၁-ပါး) ဟူသော အမေး၌ ရှုပါ။

တရာ့တပါးသော ထီးဆောင်းမင်းများ။ ။ဂုဏ်သရုပ်ကို (မင်းပေါင်း ၁၀၁) ဟူသော အမေး၌ ဖြေဆိုအံ့။

http://www.dhammadownload.com

တရာ့ရှစ်ကွက် စက်လက္ခဏာ၊ တရာ့ရှစ်ကွက် ပုဒ္ဓစက်။ ။ဂဏန်းကို သရုပ် အဓိပ္ပါယ် မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာလာ (စက်လက္ခဏာတော် တရာ့ ရှစ်ပါး) ဟူသော စကားရပ်၌ ဖြေခဲ့ပြီ။

တရာ့ရှစ် နဝင်း။ ။ဤ၌ "နဝင်း"နှင့် "၁၀၀- နဝင်း"တို့၏ အထူးကား အဿဝဏီ, ဘရဏီ, ကြတ္တိကာ စသော ၂၇-သွယ် နက္ခတ်ကြယ်တို့တွင် တသွယ်တသွယ်၌ လေးပါဒ်စီရှိသောကြောင့် နက္ခတ် ၂၇-ကို ၄-ပါဒ်နှင့် မြှောက်သော် ၁၀၀-ပါဒ် ဖြစ်၏၊ ၎င်း ၁၀၀-ပါဒ်ကို ၁၂-ရာသီနှင့် အညီ အမျှ ဖြစ်စိမ့်သောကြ၊ ၁၂-ရာသီနှင့် စားသော် တရာသီ တရာသီ၌ ၉-ပါဒ်စီ အညီ အမျှ ရကြ၏၊ တရာသီ တရာသီ၏ ပါဒ်အစိတ် ၉-ခုကိုပင် "နဝင်း" ဟု ခေါ်ဆိုလေသည်၊ သို့ဖြစ်ရကား ၁၂-ရာသီနဝင်း၏ အပေါင်းဖြစ်သော '၁၀၀'ပါဒ်ကို 'တရာ့ရှစ်နဝင်း' ဟု ခေါ်ဆိုလေသည်၊ ၎င်းနဝင်းဟူသော ဝေါဟာရ၏ မူရင်း စကားကား 'နဝဂ်' ဟူသော မဂဓဘာသာပင်ဖြစ်၍ နဝ အင်္ဂ ဟု ပုဒ်ခွဲပြီးလျှင် နဝ သဒ္ဒါ ကိုးခု ဟူသောအနက်၊ အင်္ဂ သဒ္ဒါ ကား အစိတ်ဟူသောအနက်တို့ကို ဟောသည်ဖြစ်ရကား "နဝင်း"ဟူသော ပါဠိပျက်စကား၏ အဓိပ္ပါယ်ကို မြန်မာလို "တရာသီ တရာသီ၌ ရှိသော ပါဒ်စိတ် ၉-ခု"ဟု အဓိပ္ပါယ် ရလေသည့်။

တရားအာဒုတ်ခွင့် မရသော အခါကြီး ၅-ပါး။ ။အရိယာအဖြစ် ရအောင် အားထုတ်ခွင့်မရသော ကာလကြီး ၈-ပါးဟူ၏၊ ၎င်းအဖြေ (ကမ္မဋ္ဌာန်း အားထုတ်ခြင်း မဟုတ်သော အခါ ၅-ပါး) ၌ ရှုပါ။

ကရားခံခေါ်၊ ရဟန်းတော်၊ ကျင့်နေ့ဝတ် ၂-ပါး။ ။၎င်းသရုပ် (စုဒ်တက-ကျင့်ဝတ် ၂-ပါး) ပုစ္ဆာ၌ ဆိုခဲ့ပြီ။

တရားဂုဏ်တော် ၆-ပါး။ ။ဓမ္မဂုဏ်ကား အနန္တောဟု ရှိသော်လည်း ပိဋကတ်တော်၌ တင်ရှား၍ မြတ်စွာဘုရားကိုယ်တိုင် အထပ်ထပ် ဟော တော်မူခဲ့သော ဤဂုဏ်တော် ၆-ပါးကိုသာ သုံးသပ်ကြကုန်၏။

(၁) သွက္ခာတ ဂုဏ်တော်- စ, လယ်, ဆုံး, သုံးပါးလုံး စုံအောင် ကောင်းသောဂုဏ်။

(၂) သန္ဒိဋ္ဌိက ဂုဏ်တော်- ကျင့်သူတို့အား ဘဝမခြားဘဲ ဒိဋ္ဌမျက်မှောက် ကိုယ်တွေ့ အကျိုးခံစားရသောဂုဏ်။

http://www.dhammadownload.com

(၃) အကာလိက ဂုဏ်- ကာလမရွေ့ ကျင့်သည့်နေ့ပင် မဂ်လာဟောင်း ကျိုး ဖြာဝေဖြိုးသောဂုဏ်။

(၄) ဟေါပနိကဂုဏ်- လာလှည့် ရှုလှည့် ကျင့်လှည့် စမ်းပါ လွန်ခဲ့မ်းသာ ၏ဟု အစမ်းခံခြင်းငှါ ထိုက်သောဂုဏ်။

(၅) ဩပနေယိကဂုဏ်-မိမိကာယ အဇ္ဈတ္တတွင်ရရှိပေါက်ရောက် ကိုယ်တွေ့ မြောက်အောင် ကပ်၍ ဆောင်ထိုက်သောဂုဏ်။

(၆) ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဂုဏ်- အသီးအသီးသော မိမိတို့သန္တာန်၌ ချမ်းသာပါပေ့, ကောင်းပါပေ့ဟု ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ ခံစားသိမြင်ရသော ဂုဏ်တော်။

တရားဂုဏ်တော် ၆-ပါးခေါ်၊ ၃-ဖေါ်တရားကိုယ်။ ။အထက်ပါ ဂုဏ်တော် ၆-ပါးသည် ဤတရားကိုယ် လေးပါးမှ ထွက်လာသည့် ဂုဏ်တော်များ သာ ဟူ၏။ (၁) မဂ်တရား- ကိလေသာကို သတ်တတ်သော တရား၊ (၂) ဖိုလ်တရား- ကိလေသာကို ငြိမ်းစေသောတရား၊ (၃) နိဗ္ဗာန်တရား- သင်းရဲခပ်သိမ်း ငြိမ်းသော တရား၊ (၄)ပရိယတ် တရား- မဂ်,ဖိုလ်,ရရေး, လမ်းညွှန် တရားစု။

တရားစီရင်၊ ပြန်တမဲ့ဝင်၊ မည်တွင် ၆-ပါး၊ သူကြီးများ။ ။ပြန်တမ်း ဓမ္မသတ်ဝင် တရားသူကြီးမျိုး ၆-ပါး။ (၁)ဘုရင်မင်းမြတ်၊ (၂)တရားလို တရားခံတို့ သဘောတူ တင်မြောက် ဆုံးဖြတ် ခိုင်းသော အနုညာတ တရားသူကြီး၊ (၃) ရွာစား,မြို့စား, ရွာသူကြီး,မြို့သူကြီး၊ (၄) ဘုရင်မင်း မြတ်က ခန့်ထားသော တရားသူကြီးများ၊(၅)ကြပ်ဆင်ခံုညှိ တရားသူကြီး၊ (၆) အမှုဆောင်ရွေ့နေများ။

တရားတော်၏ နက်နဲခြင်း ၄-ပါး။ ။ဇင်းသရုပ် အခိပ္ပါယ်ကို (ဂမ္ဘီရတရား ကြီး ၄-ပါး)၌ ပြခဲ့ပြီ။

တရားနာရခြင်း အကျိုး ၅-ပါး။ ။ပဥ္စဂုံတ္တရ။ပါ။ ၂၁၆။ ဗုဒ္ဓဘုရားရှင်၏ တရားတော်များကိုရှိသေစွာ ကြားနာရသူတိုင်းရရှိနိုင်သောအကျိုးများ။

(၁) မကြားဘူးသေးသည့် တရား သစ်ဆန်း တို့ကို ကြားနာရခြင်း၊
(၂) ကြားသိပြီးသား တို့ကို တဖန် ထပ်မံ ခိုင်မြဲ သန့်ရှင်း စေခြင်း၊
(၃) အယူ အမြင် အတွေး အခေါ် စေတာန်မူညာဏ် ဖြောင့်မှန်ခြင်း၊

http://www.dhammadownload.com

(၄) နှစ်လုံး နှစ်ခု ယုံမှားသံသယကို ပယ်ဖျောက်နိုင်ခြင်း၊ (၅) စိတ် နှလုံး ချမ်းမြေ့ကြည်လင် ရွှင်ပြခြင်း။

တရားဟောဆရာတို့ အသံဆွဲခဲ့ရှည်ငင်ခြင်း အပြစ် ငါးပါး။ ။ငင်းသရုပ် (ဓမ္မကထိကတို့ အသံဆွဲခဲ့ခြင်း အပြစ် ၅-ပါး)၌ ရှုပါ။

တရားမတု၊ ရန်မပြု၊ ၁၀-စု ရှောင်ရာ ဘယ်သူနည်း?။ ။ငင်း သရုပ်ကို (ရန်လည်းမဆိုင်၊ မပြိုင်တရား ၁၄-ပါး)ဟူသော အမေးဒ္ဌ ရှုပါ။

တရားမရနိုင်သူမျိုး ၁၆-ယောက်။ ။ငင်းသရုပ်ကို (မင်္ဂ,ဖိုလ် မရထိုက်သူ ၁၆-ယောက်)၌ ရှုပါ။

တရားလိုခေါ်၊ ရဟန်းတော်၊ ကျင့်နေ့ ဝတ် ၅-ပါး။ ။ငင်း သရုပ်ကို (စောဒက ကျင့်ဝတ် ၅-ပါး)ဟူသော ပုစ္ဆာဒ္ဌ ဆိုခဲ့ပြီ။

တရားသူကြီး၊ ကျင့်သုံးမှီး၊ ထုံးနည်း အင် ၉-ဖြာ။ ။တရားသူကြီး ခုံသမတ် ပြုလုပ်သူတို့ လိုက်နာတတ်သိ စုံပြည့်ထားရမည့် အင်္ဂါကိုးပါး ဟူ၏၊ မာနုဿိက ဓမ္မသတ်ကျမ်းရင်းနှင့် ငင်းဋ္ဌီကာတို့၌ လာသည်။ (၁) မျှားသော သုတ, ကြားနာမှုရှိခြင်း၊ (၂) ဆန်းကြယ်မျှားပြားစွာ မေးစစ် တတ်ခြင်း၊ (၃) နူးညံ့သာယာ သူကြည်ဖြူစွာ ဆိုတတ်ခြင်း၊ (၄) တည်ကြည်ဖြောင့်မတ်၍ သီလရှိခြင်း၊ (၅) အမှုမှန်ကို ရဲရင့်စွာ စီရင်ဝံ့ခြင်း၊ (၆) ပိဋကတ်, ဗေဒင်, ဓမ္မသတ် တတ်ခြင်း၊ (၇) စီရင်ထုံးနည်း မျှားစွာ တို့ကို မှတ်သားတတ်ခြင်း၊ (၈) သဘင်လယ်၌ တိကျမှန်ကန်စွာ ဆိုဝံ့ မိန့်ဝံ့ရှိခြင်း၊ (၉) လူမျိုးခြားတို့၏ စာပေ စကားကိုလည်း တတ်သိ နားလည်ခြင်း။

မှတ်ချက်။ ။ဤ၌ တရားသူကြီး အင်္ဂါ ၃-ပါး, ၅-ပါး, ၇-ပါး, ၈-ပါး စသည်ဖြင့်လည်း ထိုထိုနိုတိ ဓမ္မသတ်တို့၌ လာရှိသေး၏၊ သို့သော် ဤ အင်္ဂါ ၉-ပါး၌ အကျုံးဝင်သည်သာ။

တရားသူကြီး၊ လက်သုံးမှီး၊ ၄-နည်း မဟာပဒေသ။ ။ငင်း သုတေသနကို (မဟာပဒေသမျိုး ၄-ပါး၊ ၃-နည်း)၌ ကြည့်ပါလေ။

တ ဝဂ် ၅-လုံး။ ။ဗျည်း ၃၃-လုံးတို့တွင် "တ,ထ,ဒ,ဓ,န" ငင်းငါးလုံးအစုကို ခေါ်သည်။

http://www.dhammadownload.com

တ သတ်ကာရန်၊ ရေးထုံးမှန်၊ ၃-တန် မြန်မာ့နည်း။ ။မြန်မာသင်ပုန်းကြီးကျမ်းလာ တ ဝမ်းပူဖြင့် သတ်ရသည့် ဌာန ၃-ပါး ဟူလို၊ "အတ်, အိတ်, အုတ်"တို့ ဖြစ်ကြ၏၊ ၎င်းကို ကာရန်ငယ်သံ ၆၄-ပါး၌ ကဗျာဆရာတို့ သွင်းယူကြ၏။

[တာ]

တာဒိဂုဏ်တော် ဂ-ပါး။ ။လောကဓမ်တရား ရှစ်ပါးတို့တွင် အကောင်း ၄-ပါးနှင့် တွေ့ရှိလည်း ဝမ်းသာအားရ မရှိ၊ အဆိုး ၄-ပါးနှင့် တွေ့ရှိလည်း ဝမ်နည်းကြေကွဲမှု မရှိ၊ ပကတိ တူမျှသော စိတ်တော်ရှိခြင်းဂုဏ်။ မူလ ပဏ္ဏာသ။ပါ။၃၉၃။ဋ္ဌ။ဒု-အုပ်။ ၂၈၃။

တာမျိုး ၃-ဖြာ၊ တိုင်းထွာရာ၊ ဘယ်တာ ဘယ်သို့နည်း? ။ ။တိုင်းထွာသော တုတ်၊ သို့မဟုတ် တိုင်းထွာနှိုင်းယှဉ်ကြောင်းပမာဏကို ခေါ်ဆိုသည်၊ ၎င်းတာသည် ၃-မျိုး, ၅-မျိုး စသည်ဖြင့် ပြားသော်လည်း အခိုင်အမာ အများသုံးကား ၃-မျိုးသာ ဖြစ်ကုန်၏။

(၁) ကုလားလေး တာ- "ကုပ်လုပ်လေး တာ" လည်းဟူ၊ ၎င်းမှာ လေးတောင်ဖြင့် ဖွဲ့သော တာတိုမျိုးဖြစ်၍ အရည့၀ါသီ တောရကျောင်းများကို တိုင်းတာရာ၌ ဤတာမျိုးဖြင့် အသုံးပြုရသည်၊ ဝိနည်းတော်များ၌ ဤလေးတောင်တာနှင့် အပြန်၎င်းရာ (၅၀၀) ရှာ့အိမ့်တဲ့, ကန္ဒဖုတ်တို့နှင့် ဝေးကွာမှသာလျှင် တောရကျောင်း မည်သည်ဟု ဆုံးဖြတ်ချက် ချထားကြလေပြီ။

(၂) မြင့်မိုရ် တာ- ၇-တောင်တာဖြင့် ဖွဲ့သော တာလတ်မျိုးဖြစ်၍ ဤတာဖြင့် မြင့်မိုရ်တောင်ကို အစပြု၍ တောင်စဉ် ၇-ထပ်, ဟိမဝန္တာ, ဇမ္ဗူသပြေပင်, ပင်လယ်ကသစ်ပင်, သခွတ်ပင်, စသည့် သစ်ကြီး ၇-ပင်တို့၌ဌင်း၊ ထို့ပြင် ဘုရားစေတီ, အုဋ်ကျောင်း, ပြာသာဒ်, ဇရပ်, တန်ဆောင်း, ကျုံး, မြောင်း, မြို့နှုန်းစသော အဆောက်အဦ တို့၌ဌင်း တိုင်းထွာ နှိုင်းယှဉ် အသုံးပြုကြကုန်၏။

(၃) စက္ကဝါ တာ- ဆယ်တောင်ဖြင့် ဖွဲ့ရသော တာရှည်မျိုး ဖြစ်၍ စကြာဝဠာ တိုင်းရာ၌ အသုံးပြုသည်၊ ၎င်းပြင် ရေတွင်း, ရေကန်,

http://www.dhammadownload.com

အင်း, အိုင်, ချောင်းမြောင်း, မြစ်,အဏ္ဏဝါ, ဧရေဖက်တွင် တိုင်းထွာအသုံးပြုကြသည်။

ဘာရာကြီး ၉-လုံး။ ။အတွင်းတာရာ ၉-လုံးဟုလည်း ခေါ်သည်။ (၁) သုံးလုံးယှဉ်လာ၊ကျီးတာရာ၊ သခ်္ခ ၁၀, ၁၁ လုံးဆို။သင်းတွဲပြည်မှာ၊ကျီးတာရာ၊ ယှဉ်ခါကွားတတ်ဆို၊ အဿဝဏ္ဏီ, ဘရဏီ, ကြတ္တိကာ, ၎င်း နက္ခတ် ၃-လုံးနှင့် ယှဉ်၍သွားသည်၊ (၂) သုံးလုံးယှဉ်လာ၊ ရွှေဟင်္သာ၊ သခ်္ခ ၉,၁၀ လုံးဆို၊ မြန်မာပြည်မှာ, ရွှေဟင်္သာ။ တာရာ ရောင်ဝန်းဆို။ ရောဟဏီ, မိဂသီ, အဒ္ဒြ, ၎င်း နက္ခတ် ၃-လုံးနှင့် ယှဉ်၍သွားသည်၊ (၃)ပုဇွန်တာရာ၊ ၁၄-သာ၊ ယှဉ်လာ သုံးလုံးဆို။ ဆုဇဂ္ဂိဟ်မှာ၊ ကက္ကဋ္ဌာ၊ တာရာ ပုဇွန်ဆို။ပုဏ္ဏဖုသ္သ, ဖုသ္သ, အာသလိသာ, ၎င်း နက္ခတ်သုံးလုံးနှင့် ယှဉ်၍သွားသည်၊ (၄) ယှဉ်တူသွားရာ၊ ချိန်တာရာ၊ မှန်စွာလေးလုံးဆို။ တက္ကသိုလ်ပြည်၊ တာရာမည်၊ ထွန်းသည် ချိန်ခွင်ဆို။ မာဃ,ပြုပ္ပါဘရဏီ, ဥတ္တရာဘရဏီ, ၎င်းနက္ခတ် ၃-လုံးနှင့် ယှဉ်၍သွားသည်၊ (၅) ဆံကျင်တာရာ၊ သုံးလုံးသာ၊ ယှဉ်ကာသွားသကို။ကောသမ္ဗီပြည်၊ ဆံကျင်မည်၊ ရောင်ခြည် ထွန်းသကို။ဟဿဒ, စိတြ, သွာဒီ, ၎င်း နက္ခတ် ၃-လုံးနှင့် ယှဉ်၍ သွားသည်၊ (၆)တံငါတာရာ၊ ရှစ်လုံးသာ၊ သွားလာယှဉ်မြဲကို။ တန်လိုင်းပြည်မှာ၊ ကေဝဋ္ဋာ၊ ယှဉ်ခါပုဏ္ဏားဆို၊ "ပုဏ္ဏားတာရာ" လည်းဟူ၏၊ ဝိသာခါ, အနုရာဓ, ဇေဋ္ဌ, ၎င်း နက္ခတ် ၃-လုံးနှင့် ယှဉ်၍သွားသည်၊ (၇) သုံးလုံးယှဉ်လာ၊ ဆင်တာရာ၊ သခ်္ခ ၇,၉-လုံးဆို။ ရှမ်းတို့ပြည်မှာ၊ ဆင်တာရာ၊ ယှဉ်ခါသွားသည်ဆို။ မူလ, ပြုပ္ပါသင်္ခ, ဥတ္တရာသင်္ခ, ၎င်း နက္ခတ် ၃-လုံးနှင့် ယှဉ်၍ သွားသည်၊ (၈) ကိုးလုံးယှဉ်လာ၊ မြင်းတာရာ၊ ယှဉ်လာ သုံးလုံးဆို၊ (၁၃-လုံးလည်းဟူ၏၊) မြင်းတာရာလည်၊ ကုလားပြည်၊ ရောင်ခြည်လင်းသကို။ သရဝဏ်, ဓနသိဒ္ဓ, သတ္တဘိသျ, ၎င်း နက္ခတ် ၃-လုံးနှင့် ယှဉ်၍သွားသည်၊ (၉) ကိုးလုံးမှန်စွာ, ဗျိုင်းတာရာ, သွားလာ ယှဉ်မြဲကို၊ သောက္ကတပြည်၊ တာရာမည်၊ ထွန်းသည် ဥဗျိုင်းဆို။ ပြုဗ္ဗဘဒ္ဒပိုဒ်၊ ဥတ္တရာဘဒ္ဒပိုဒ်, ရေဝတီ, ၎င်း နက္ခတ် ၃-လုံးနှင့် ယှဉ်၍ သွားသည်၊ နံသင့်ပြည်ရွာ၊ ကြယ်တာရာ၊ ထွန်းခါပြန့်ပြောဝ။ ညှိုးသောရောင်ဝါ၊ ထိုပြည်ရွာ၊ ပူဆာချောက်ချားစွ။ တာရာသံပေါက်, အကျဉ်းကောက်, ပြီးမြောက် နိဒ္ဒိတ။

တာရာ ၂၈-လုံး။ ။အပြင်တာရာမျိုး နှစ်ဆယ့်ရှစ်လုံးကို ဆိုသည်၊ထို ၂၈-လုံးတို့တွင်လည်း တောင်မျက်နှာ ၉-လုံး, အရှေ့မျက်နှာ ၆-လုံး, မြောက်မျက်

http://www.dhammadownload.com

နှာ ၆-လုံး, အနောက်မျက်နှာ ၇-လုံးဟု အသီးသီး ရှိလေသည် ဟူ၏၊ နေမိတ္တဝိဇ္ဇာ ကျမ်း၌ အကျယ် ရှုလေ။ အရှေ့မျက်နှာ တာရာ ၆-လုံး။ (၁) ဇာတက တာရာ၊ ၂-လုံး၊ ညောင်စောင်းပုံ၊ (၂) ပဋ္ဌက တာရာ ၅-လုံး၊ စမွယ်ပုဇ်ပုံ၊ (၃) နရမ္မ တာရာ ၄-လုံး၊ ပလ္လင်ပုံ၊ (၄) ပါသာဒ တာရာ ၂၄-လုံး၊ ပြာသာဒ်ပုံ၊ (၅) သျှုန တာရာ ၃-လုံး၊ ပန်းတောင်းပုံ၊ (၆) ပကပ္ပ တာရာ ၄-လုံး၊ အင်းပျဉ်ပုံ။ (၇) အနောက်မျက်နှာ တာရာ ၇-လုံး၊ (၈) ပညာသ တာရာ လုံးရေ-၅၀၊ ကြက်ရုပ်၊ (၉) ဇရက တာရာ ၆-လုံး၊ မိကျောင်းမြီးခပ်ပုံ၊ (၁၀) ကောဗျာကတိ တာရာ ဆယ်လုံး၊ ကပ်ခင်းပုံ၊ (၁၁) သရိဒ္ဓက တာရာ ၄-လုံး၊ ကြက်ခြေပုံ၊ (၁၂) ဝါနရီ တာရာ ၄-လုံး။ ချိန်စဉ်းကိုင်းပုံ၊ (၁၃) အရိဋ္ဌ တာရာ ၆-လုံး၊ စောင်းတန်း လျှောကားပုံ၊ တောင်မျက်နှာ တာရာ ၉-လုံး၊ (၁၄) အာဏီ တာရာ တလုံး၊ ပတ္တမြားပုံ၊ (၁၅) ဖုသျှတာရာ ဆယ့်တလုံး၊ ကြောင် ဥကွောင်းပုံ၊ (၁၆) သခံ တာရာ ၅-လုံး၊ ခရုသင်းပုံ၊ (၁၇) စတုကပ္ပ တာရာ ၄-လုံး၊ လက်ယှက်ပုံ၊ (၁၈) ယောတ္တ တာရာ ၆-လုံး၊ ကြိုးလွန်ပုံ၊ (၁၉) ရတ္တ တာရာ ၂-လုံး, ရှစ်လုံးလည်းဟူ၊ လှေငယ် ဦးပဲ့၌ တံငါလင်မယားထိုင်နေ ဟန်၊ (၂၀) ဖေါစောကို တာရာရှစ်လုံး၊ ဟသ်ာ ဖို မပုံ၊ အရှေ့ ၄-လုံး၊ အနောက် ၄-လုံး၊ (၂၁) ဘဂတ္တ တာရာ ၇-လုံး၊ ချွန်းတောင်းပုံ၊ (၂၂) ဘတ္တရ တာရာ ၅-လုံး၊ လယ်ပုဇွန်ပုံ။ မြောက်မျက်နှာ တာရာ ၆-လုံး၊ (၂၃) ဓာရဏ တာရာ တလုံး၊ ကြာပွင့်ပုံ (မူဝံကြယ်)၊ (၂၄) တာလိ တာရာ လုံးရေမမှီ၊ ကြာရိုးကြာရွက်ပုံ၊ (၂၅) ဖုသျှ တာရာ ၇-လုံး၊ နဂါး ပုံ၊ (ခုနစ်စင်ကြယ်)၊ (၂၆) ကေသိတ္တ တာရာ ၆- လုံး၊ ကြောင်စာခွက် ပုံ၊ (၂၇) တြိဂုဏိ တာရာ ၄-လုံး၊ မှန်ကူသီးပုံ၊ (၂၈) ရုပ တာရာ ၅-လုံး၊ တံကျင်ပုံ။

တာရာ ၉၄-လုံး။ ။ ဤကား အတွင်းတာရာ အပြင်တာရာတို့၌ မပါဝင်ဘဲ အလွတ်တာရာ များကို ဆိုသည်၊ နေမိတ္တဝိဇ္ဇာကျမ်း၌ အကျယ်ရှု။ (၁) ပဒုမ တာရာ ၎းလုံး၊ (၂) ပဋ္ဌာယု တာရာ နှစ်လုံး၊ (၃) ပဋ္ဌလိ ဟာရာ ၎းလုံး၊ (၄) ကတ္တ တာရာ ရှစ်လုံး၊ (၅) ဝတီ တာရာ ခြောက်လုံး၊ (၆) ယတုကံ တာရာ ကိုးလုံး၊ (၇) စုတိ တာရာ ခြောက်လုံး၊ (၈) ကုက္ကုဋ္ဌ တာရာ ခြောက်လုံး၊ (၉) ဝုတ္တ တာရာ ခုနစ်လုံး၊ (၁၀) ယတ္တ တာရာ ကိုးလုံး၊ (၁၁) သရုပ တာရာ ရှစ်လုံး၊ (၁၂) အာဏီကာ တာရာ တလုံး၊

http://www.dhammadownload.com

(၁၃) သူရ တာရာ တလုံး၊ (၁၄)မာန တာရာ လေးလုံး၊ တင်းကိုခေါ်ဆို သည်၊ (၁၅) မာနိ တာရာ လေးလုံး၊ တင်းနီကို ခေါ်သည်၊ (၁၆) အာနိ တာရာ ခြောက်လုံး၊ (၁၇) ရောဟနီ တာရာ တလုံး၊ စိုင် ခေါ်သော ကြွယ်ကို ဆိုသည်၊ (၁၈) လဘန္တံ တာရာ သုံးလုံး၊ (၁၉) သံယု တာရာ ငါးလုံး၊ (၂၀) မဏိက တာရာ ဆယ့်နှစ်လုံး၊ ရွဲကို ခေါ်သည်၊ (၂၁)စိတ္တ တာရာ သုံးလုံး၊ (၂၂) တူလက တာရာ နှစ်လုံး၊ တံကျင်ကို ခေါ်သည်၊ (၂၃) သောတ တာရာ လေးလုံး၊ (၂၄) ကေဝဋ္ဋ တာရာ လေးလုံး၊ တငါ ကွန်တိုင်ကို ခေါ်သည်၊ (၂၅) ဘေရီတာရာ ခြောက်လုံး၊ ဗည်ကြီးကို ခေါ်သည်၊ (၂၆)ပါတိ တာရာ ဆယ့်ရှစ်လုံး၊ ဖလားကို ခေါ်ဆိုသည်၊ (၂၇) အန္တ တာရာ လုံးရေ သုံးဆယ်၊ (၂၈) အာနိန် တာရာ ခြောက် လုံး၊ ထက်စည်ကို ဆိုသည်၊ (၂၉) မိဂသိဂိ တာရာ လေးလုံး၊ သမင်ချိုကို ခေါ်ဆိုသည်၊ (၃၀)သုဘ တာရာ ငါးလုံး၊(၃၁)ကုက္ကုဠ တာရာ လေးလုံး၊ ကြက်ကို ဆိုသည်၊ (၃၂) ကဏ္ဍ တာရာ ငါးရား၊ (၃၃) သံဝသိ တာရာ တလုံး၊ (၃၄) အာရဗီ တာရာ တလုံး၊ (၃၅) သံကိစ္စ တာရာ ဆယ့်နှစ်လုံး၊ (၃၆) အလုတ္တ တာရာ လေးလုံး၊ (၃၇) မာသု တာရာ တလုံး၊ (၃၈) လောက တာရာ လေးလုံး၊ (၃၉) ဗျာယု တာရာ လုံးရေ နှစ်ဆယ်၊ (၄၀) အဘ္ဘန္တက တာရာ နှစ်လုံး၊ (၄၁) သံကာ တာရာ တလုံး၊ (၄၂) စိတြဘူ တာရာ သုံးလုံး၊ (၄၃) ကေဝလိ တာရာ တလုံး၊ (၄၄) စရီ တာရာ လေးလုံး၊ (၄၅) ပါသရီ တာရာ တလုံး၊ (၄၆) အဋ္ဌမိ တာရာ ဆယ့်နှစ်လုံး၊ (၄၇) နိဗ္ဗာန တာရာ ဆယ့်တလုံး၊ (၄၈)အစောတ တာရာ နှစ်လုံး၊ (၄၉) သုဒ္ဓက တာရာ နှစ်လုံး၊ (၅၀) ဖုသန္တ တာရာ တလုံး၊ (၅၁) ရေစောကလ တာရာ တလုံး၊ (၅၂) အာယုတလိန တာရာ တလုံး၊ (၅၃) ပါသလိ တာရာ တလုံး၊ (၅၄) ဓူမ တာရာ တလုံး၊ (၅၅) သာတုလိ တာရာ တလုံး ၊စနေဂြိုဟ်ကို ခေါ်သည်၊ (၅၆)ဘဂတုသံ တာရာ တလုံး၊ (၅၇) ရာဟုလိန တာရာ တလုံး၊ ရာဟုဂြိုဟ်ကို ခေါ်သည်၊ (၅၈) ပုဏ္ဏိက တာရာ တလုံး၊ (၅၉) ကလိ တာရာ တလုံး၊ (၆၀) မယုလ တာရာ တလုံး၊ (၆၁) မာန်တ တာရာ လေးလုံး၊ (၆၂) မလ္လိက တာရာ တလုံး၊ (၆၃) ပုပ္ဖဇလ တာရာ ခြောက်လုံး၊ (၆၄) ဗလ္လိ တာရာ တလုံး၊ (၆၅) သမ္မတ္တိ တာရာ နှစ်ဆယ့်နှစ်လုံး၊ (၆၆) တမ္ဗ တာရာ ဆယ့်နှစ်လုံး၊ (၆၇) ဝိရိစ္စ တာရာ တလုံး၊ (၆၈)မူလ

http://www.dhammadownload.com

တာရာ တလုံး၊ (၆၉) အာယ တာရာ ငါးလုံး၊ (၇၀) သံလိန္တ တာရာ ငါးလုံး၊ (၇၁) ဂဏ္ဍုပ္ပဒါဒ တာရာ နှစ်လုံး၊ (၇၂) သံချူိတာရာ တလုံး၊ (၇၃) ပတိပါဂန္တု တာရာ သုံးလုံး၊ နဂါးခေါင်းကို ဆိုသည်၊ (၇၄) သုကရ တာရာ သုံးလုံး၊ (၇၅) အာဒိစ္စ တာရာ လေးလုံး၊ (၇၆) သရ တာရာ သုံးလုံး၊ မြားကို ခေါ်ဆိုသည်၊ (၇၇) ဥဒ္ဒိဂ် တာရာ တလုံး၊ (၇၈) ကာက တာရာ တလုံး၊ တနင်္ဂနွေဂြိုဟ်ခေါ်သည်၊ (၇၉) အာယု တာရာ နှစ်ဆယ့် ငါးလုံး (၈၀) စာရ တာရာသုံးလုံး၊ (၈၁) သာလပိန္တိ တာရာ လေးလုံး၊ (၈၂) ပုပ္ပတ္တိ တာရာတလုံး၊ (၈၃) မူလ တာရာ ကိုးလုံး၊ (၈၄) ပါရိ တာရာ ငါးလုံး၊ (၈၅) ဂဝီသ တာရာ လေးလုံး၊ ခွန်းတောင်းကို ဆိုသည်၊ (၈၆) သာလမ္ဗတာရာ ငါးလုံး၊ (၈၇) မာလိက တာယာ ဆယ်လုံး၊ (၈၈) သာလိန္ဒတာရာ နှစ်လုံး၊ (၈၉) ဖလ တာရာ တလုံး၊ (၉၀) သာခါဝိ တာရာသုံးဆယ်၊ (၉၁) ဖါလိက တာရာ သုံးလုံး၊ ငါးမျှားချိတ်ကို ခေါ်ဆိုသည်၊ (၉၂) ပါလိန္ဒ တာရာ နှစ်လုံး၊ (၉၃) သုကိ တာရာ နှစ်လုံး၊ (၉၄) သုဝ တာရာ တလုံး၊ ကျေးသားကို ခေါ်သည်။

တာလုဇ အက္ခရာ ၉-လုံး။ ။အာစောသက်ခေါ် အာဂလောင် အရပ်မှ မြည်၍ ထွက်လာသော အက္ခရာမျိုး ၉-ပါး။ 'က္ခ,ဏ္ဍ,စ,ဆ,ဇ,စ္ဆ,ည, ယ,ဇ'တို့ ဖြစ်ကြ၏။

တာဝတိံသာ၊ နတ်မြို့မှာ၊ ၅-ဖြာ ဥယျာဉ်ကြီး။ ။သုတ်မဟာဝါအဋ္ဌကထာ။

(၁) နန္ဒဝန် ဥယျာဉ်၊ မြို့၏ အရှေ့ဖက် ယူဇနာ (၁၀၀၀) ကျယ်၍ နတ်တို့နှစ်သက်စွာ ပျော်ပါးရာ ဥယျာဉ်တော်။

(၂) ဖာရုသက ဥယျာဉ်၊ မြို့၏ တောင်ဖက် ယူဇနာ (၇၀၀) ကျယ်၍ ဖက်သက် အဖျော်ယမကာတို့ သောက်စားကာ အသူရတို့အား ကြိမ်းဝါးခြိမ်းခြောက်ရာ ဥယျာဉ်တော်။

(၃) စိတ္တလတာ ဥယျာဉ် မြို့၏ အနောက်မျက်နှာ ယူဇနာ (၅၀၀) ကျယ်၍ အာသာဝတီ နွယ်နီနတ်ပန်း ဆွတ်လှန်း ပျော်ပါးရန် ဆန်းကျယ်သော အဝတ်တန်ဆာ ယာဉ်ရထားတို့ဖြင့် ဝင်ထွက်ရာ ဥယျာဉ်တော်။

http://www.dhammadownload.com

(၄) မိဿက ဥယျာဉ်၊ မြို့၏ မြောက်ဖက် ယူဇနာ (၅၀၀) ကျယ်၍ နတ်သား, နတ်သမီးတို့ ယှဉ်တွဲပျော်မြူးရာ ဥယျာဉ်တော်။

(၅) မဟာဝန် ဥယျာဉ်၊ မြို့၏ အရှေ့ဖက် ယူဇနာ (၃၀၀) ကျယ်၍ လှပ ဆန်းကျယ် နှစ်သက်ဘွယ်ရာ သုနန္ဒာ ရေကန်တော်ကြီး ရှိသည်။

တာဝတိံသာ၊ သုဓမ္မာ၊ ၄-ဖြာ စည်းဝေးကြောင်း။ ။သုတ်မဟာဝါ။ပါ။ ၁၆၈။ဋ္ဌ။ ၂၃၂။ တာဝတိံသာ နတ်ပြည် သုဓမ္မာဇရပ်ကြီး၌ နတ်တို့၏ အစည်းအဝေးများကို အောက်ပါ အကြောင်းလေးပါးကြောင့် ကျင်းပ ပြုလုပ်ကြသည်။ (၁) ဝဿူပနာယိက သင်္ဃာတွဲ၊ ဝါဆိုသံဃာတော်တို့ကို ချမ်းသာစွာ တရားအားထုတ်နိုင်ရေးအတွက် စောင့်ရှောက်ပေးရန်ဘို့ ပဌမ ဝါဆိုလပြည့်နေ့နှင့် ဒုတိယ ဝါဆိုလပြည့်နေ့တို့၌ စည်းဝေးကာ တာဝန်ယူ စေကြခြင်း၊ (၂) ပဝါရဏာ သင်္ဃာတွဲ၊ ပဝါရဏာပွဲတို့၌ သံဃာတော် များ ချမ်းသာစွာ ပြုနိုင်ရေးအတွက် တာဝန်ပေးရန် အစည်းအဝေး ပြုခြင်း၊ (၃) ဓမ္မ သဝနတွဲ၊ တရားနာရန် အလို့ငှါ အစည်းအဝေးကြီး ပြုလုပ်ခြင်း၊ (၄) ပါရိစ္ဆတ္တက ကိဠာနု ဘဝနတွဲ၊ ပင်လယ်ကသစ် ပန်းပွင့်ချိန်၌ ပန်းဆွတ်ပျော်ပွဲကြီး ဆင်ယင်ကျင်းပရေအတွက် သုဓမ္မာ ဇရပ်ကြီး၌ အစည်းအဝေးပွဲ ပြုလုပ်ကြခြင်း။

[တိ]

တိတ္ထိဂိုဏ်း ဆရာကြီး ၆-ယောက်။ ။မူလပဏ္ဏာသ ပါဠိတော် ၂၅၈။ ဋ္ဌ။ ဒု-အုပ်။ ၁၃၆။ သာသနာဝင်၌ ထင်ရှား၍ ဘုရားနှင့် ပြိုင်ဘက် တိတ္ထိ ဆရာကြီး ၆-ယောက်။ (၁) ပူရဏ ကဿပ၊ (၂) မက္ခလိ ဂေါသာလ၊ (၃) နိဂဏ္ဌ နာဋပုတ္တ၊ (၄) သဉ္စယ ဗေလဋ္ဌ ပုတ္တ-သိဉ္စည်း၊ (၅) ဗကုဓ ကစ္စာယန၊ (၆) အဇိတ ကေသ ကမ္ဗလ။

တိတ္တိတို့ ရဟန်းပြုလိုသော် ပေးရမည့် ဝတ်အဂျင့် ၈-ပါး။ ။အကျယ်ကို ပိနည်းမဟာဝါ။ပါ။၁၀၀။ဂဠ။ဋ္ဌ။ ၂၇၅။တို့၌ ကြည့်ပါ။ (၁) အလွန် စောစွာ ရှာတွေ့သို့ မဝင်ရ၊ အလွန်နေမမြင့်မီ ကျောင်းသို့ အရောက် ပြန်လာရမည်။ (၂) မကျက်စား အရောတဝင်မပြုရသော ပြည့်တန်ဆာမ မုဆိုးမ၊ အပျိုဟိုင်းကြီး၊ ပဏ္ဍက်၊ ရဟန်းမတို့နှင့် ရောနှောစွာ မဆက်ဆံ ရခြင်း၊ (၃)သိတင်းသုံးဖော်တို့၏ ကိစ္စကြီးငယ်တို့ကို အလိုက်သိစွာပြုလုပ်

http://www.dhammadownload.com

ဆောင်ရွက် ပေးရခြင်း၊ (၄) သီလ, သမာဓိ, ပညာကို လိုလား ဆန္ဒ ကြီးစွာဖြင့် ပါဠိ အနက် အဓိပ္ပါယ်တို့ကို သင်ယူ မေးမြန်း ဆွေးနွေး ရခြင်း၊ (၅) တိတ္ထိတို့၏ အမှား ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို နှစ်သက်စွာ လက်ခံပြောကြားရခြင်း၊ (၆) တိတ္ထိတို့၏ ဂုဏ်ကျေးဇူးကို ပြောဆိုစကား၌ မနှစ်သက် လက်မခံရခြင်း၊ (၇) ဘုရား, ဘရား, သံဃာတော်တို့၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောကြား စကား၌ မနှစ်သက် လက်မခံရခြင်း၊ (၈) ရတနာ ၃-ပါး၏ ဂုဏ်ကျေးဇူးစကားတို့ကို ချီးမွမ်းပြောကြားရခြင်း၊ နှစ်သက်စွာ နာယူလက်ခံရခြင်း။

တိဆီ ၅-ဖြာ၊ မင်္ဂလာ၊ အခါတော်ကို ရွေး။ ။ဤ တိဆီဂါးပါးကို အခါပေးကျွမ်းမှ ယူသည်။

(၁) နန္ဒာ တိထီ-မည်သည့်လမဆို လဆန်း, လဆုတ်, ၁-ရက်, ၆-ရက်, ၁၁-ရက်နေ့တို့၌ တနင်္လာ, သောကြာနှင့် ကြိမ်မူ နန္ဒာ တိထီ မည်၏၊ တို့နေ့၌ ဇရပ်, အိမ်, ကျောင်း, အုဋ်ရိုး, ပုထိုး, စေတီနှင့် တကွ ရေကန်, ရေတွင်း, တံခွန်, မဏ္ဍပ်, တံတား စသည်တို့ကိုဂင်း၊ မင်းထံခစားခြင်း ခရီးသွားခြင်းတို့ကိုဂင်း၊ ပြုရသော နေ့ကောင်း နေ့မြတ်ဖြစ်၏။

(၂) ဘဒြာ တိထီ၊ မည်သည့်လမဆို လဆန်း, လဆုတ် ၂-ရက်၊ ၇-ရက်၊ ၁၂-ရက် နေ့တို့၌ ဟနင်းလာ, ဗုဒ္ဓဟူးနှင့် ကြိမ်မူ ဘဒြာ တိထီ မည်၏၊ ထိုနေ့၌ မင်းထံခစားခြင်း, မိတ်ဖွဲ့ခြင်း, ကာယသိဒ္ဓိ စီရင်ခြင်း, အမည်မင်္ဂလာမှည့်ခြင်း၊ ရောင်းဝယ်ခြင်းတို့ကို ပြုရာသော နေ့ကောင်းနေ့မြတ် ဖြစ်၏။

(၃) ဇယျာ တိထီ၊ မည်သည့်လမဆို လဆန်း, လဆုတ် ၃-ရက်၊ ၈-ရက်၊ ၁၃-ရက်တို့၌ အင်္ဂါနေ့နှင့် ကြိမ်မူ ဇယျာ တိထီမည်၏၊ ထိုနေ့၌ မြို့, ရွာ, နန်းတော် တည်ဆောက်ခြင်း၊ ကျုံးမြောင်း တံတား ပြုလုပ်ခြင်း ထားလှံ, သေနတ် ဓားမြောက်, စိန်ဗုံး, အဲမောင်း, ချပ်, မိန်ည်, ကာ, လှံ, ဆင်, မြင်း, ဟန်ဆာ ဆင်ယင် ပြုလုပ်ခြင်း၊ ရန်သူရှိရာတပ်တည်ခြင်း၊ ကင်းတို့ ကင်းရှာထားခြင်း၊ အောင်တမန် သံတော်မျာ စေခွန်ခြင်း၊ မင်းမြောက် ကန်ဆာ စီရင်လုပ်ဆောင်ခြင်း၊ ပြဿဒါဒ် ရထား ဆောက်လုပ်ခြင်း၊ ဘုရား

http://www.dhammadownload.com

ထီးတင်ခြင်း၊ ဘိသိက်ခံယူခြင်း၊ တိုင်းတပါးနှင့် စာချုပ်ဆိုခြင်း၊ ယတြာ, ယာယီ, ခရီးမူခြင်းတို့ကို ပြုလုပ်ရာ၌ အကောင်းဆုံးသော အခါ ဖြစ်၏။

(၄) ရိတ္တာ တိထီ၊ မည်သည့်လမဆို လဆန်း, လဆုတ်, ၄-ရက်၊ ၉-ရက်, ၁၄-ရက်တို့၌ စနေနေ့ ကြိမ်သော် ရိတ္တာ တိထီမည်၏၊ ထိုနေ့၌ အမှုခပ်သိမ်း မဆောင်ကောင်း၊ အကျိုးမဲ့ အချည်းနှီး ဖြစ်တတ်၏။

(၅) ပုဏ္ဏာ တိထီ၊ မည်သည့်လမဆို လဆန်း, လဆုတ်, ၅-ရက်, ၁၀-ရက်, ၁၅-ရက်တို့၌ ကြာသပတေးနေ့နှင့် ကြိမ်မူ ပုဏ္ဏာ တိထီမည်၏၊ ထိုနေ့၌ အတတ်သင်ခြင်း၊ မော်ကွန်းတည်ခြင်း၊ မန္တာန်ရွတ်ခြင်း၊ ကမ္မည်းကျောက်စာ ထိုးစိုက်ခြင်း၊ ဥယျာဉ်လယ်ယာ စိုက်ပျိုးခြင်း၊ သဘင်ခံခြင်း၊ ယာဉ် ရထား လှည်းလှေ သင်္ဘော အသစ်တို့ကို စီးနင်းခြင်း၊ ကျီကြ တိုက်တာ ဂိုဒေါင်တို့၌ ဥစ္စာသွင်းခြင်း၊ ထိမ်းမြား မင်္ဂလာပြုခြင်း၊ သားမြေးတို့ကို အဝတ်တန်ဆာပေးခြင်း၊ ဂတ်စား ဆင်ယင်ခြင်း၊ ရတနာ အမျိုးမျိုးတို့ကို ရောင်းဝယ်ခြင်း စသည်ပြုရာ၌ အကောင်းဆုံးသော အခါများ ဖြစ်၏။

တိထီ ၅-ပါး ဇယားပုံ

လစဉ်		ရက်များ	နေ့	တိထီအမည်
လဆန်း, လဆုတ်		၁-၆-၁၁	၁-နေ့၊ ၆-ကြာ	နန္ဒာတိထီ
″	″	၂-၇-၁၂	၂-လင်္ဂါ၊ ၄-ဟူး	ဘဒြာတိထီ
″	″	၃-၈-၁၃	အင်္ဂါ	ဇယာတိထီ
″	″	၄-၉-၁၄	စနေ	ရိက္ခာတိထီ
″	″	၅-၁၀-၁၅	ကြာသပတေး	ပုဏ္ဏာတိထီ

တိထီ ၅-ပါး တနည်း။ ။စန်းကိုခေါ်သော ဗေဒင်သုံးစကား တမျိုးဟု အကျဉ်းမှတ်လေ။ လဆန်း ၁, ၂, ၃, ၄-ရက်သည် စန်းအားနည်းသော ကြောင့် ဟိန စန်း၊ ဟိန တိထီ မည်၏။ လဆန်း ၅, ၆, ၇, ၈, ၉, ၁၀-ရက်သည် စန်းအားကြီးသောကြောင့် ဗလဝစန်း၊ ဗလဝ တိထီ မည်၏။ လဆန်း ၁၁,၁၂,၁၃,၁၄,၁၅-ရက်သည် စန်းအား အယုန်ကြီးသောကြောင့်

http://www.dhammadownload.com

အတိဗလဝ စန်း၊ အတိဗလဝ တိထိမည်၏။ ထို့အတူ လဆုတ် ၁၂၊၁၃၊၁၄၊၅၊၅၊ ၆၊၇၊၈၊၉၊၁၀-ရက်သည် စန်းအားကြီးသောကြောင့် ဗလဝစန်း။ ဗလဝ တိထိ မည်၏။ လဆုတ် ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅-ရက်သည် စန်းအားနည်းသောကြောင့် ဟိနစန်း၊ ဟိန တိထိ မည်၏။ ထိုတိထိတို့တွင် ဟိနစန်း ဟိနတိထိကိုကား မဆောင်အပ်။ မကောင်းကျိုးကို ပေးကက်သည်၊ ဗလဝစန်း ဗလဝတိထိတို့ကား ကောင်းကျိုးကို ပေးဘတ်၏၊ အတိဗလဝ စန်း အတိဗလဝတိထိကား အလွန်သော အကျိုးကိုပေးတတ်၏ ဟု ရာဇ မတ္တဏ်ဆရာ ဒီပိကာဆရာတို့ ဆိုကုန်၏။

တိထိ ၅-ပါး စာနည်း။ ။ဆောင်အံ့သော တိထိကိုတည်၊ ၅-ခုစား ဟစ်ကြွင်းမူ "နန္ဒာတိထိ" လူနတ်တို့နှစ်သက်၏၊ ၂- ကြွင်းမူ "ဘဒြာတိထိ" ကောင်းကျိုးကိုဖြစ်စေ၏၊ ၃-ကြွင်းမူ "ဇယျာတိထိ" အောင်မြင် ထ မြောက်တတ်၏၊ ၄-ကြွင်းမူ "ရိတ္တာတိထိ" အချည်းနှီးဖြစ်တတ်၏၊ အမှုခပ်သိမ်း မဆောင်ကောင်း၊ သုဉ်းမူ "ပုဏ္ဏာတိထိ" ပြည့်စုံကက်၏။

ထိရစ္ဆာန် အပြား မျိုး ၄-ပါး။ ။တိရစ္ဆာန် အနန္တပင်ရှိသော်လည်း အမျိုး အားဖြင့်ကား ဤလေးပါးသာ ရ၏။ (၁) အပါဒက မျိုး- အခြေမရှိ သော တိရစ္ဆာန်မျိုး၊ (၂) ဒွိပါဒက မျိုး- ခြေနှစ်ချောင်းရှိ တိရစ္ဆာန် မျိုး (၃) စတုပါဒ မျိုး- ခြေ လေးချောင်းရှိ တိရစ္ဆာန်မျိုး၊ (၄) ဗဟုပ္ပဒ မျိုး- ခြေလေးချောင်းထက်များသော တိရစ္ဆာန်မျိုး။

တိရစ္ဆာနကထာ ခု၂-ပါး။ ။မဟာဝဂ္ဂသံယုတ် ပါဠိတော် ခုဒ္ဒကပါဋ ခုဒ္ဒ-ဠိအကျယ်ရှုပါ။ မင်္ဂဖိုလ်မှ ဖိလာကန့်လန့်စကားရပ်ဟူသမျှသည်၊ တိရစ္ဆာန် ကထာချည်း မည်၏၊ အနေက ဝိဟိတံ တိရစ္ဆာန ကထံ ဟ ကီလာသွန် ပေါဠိဘဒါဒသုတ်၌ လာရှိသော ကြောင့်လည်း တိရစ္ဆာနကထာကို ၁၂-ပါး ဟုအတိအကျ သခ်ျာတပ်ရန် မလိုဟု ထင်သည်။ သို့သော် 'ဒေမေးရှိက' အဖြေရမြဲ' သဘောတရားအတိုင်း ထိုပေါဠိဘဒါဒသုတ် ပါဠိတော်မှပင် ၂၀-ပါး ယူ၍ အခြားကျမ်းမှ ၄-ပါးနှင့် ဖြေလိုက်အံ့။ (၁) ရာဇ ကထံ-**မင်းနှင့် စပ်**သော စကား၊ (၂) စောရ ကထံ- ခိုးသူနှင့်ငင်း၊ (၃) မဟာ မတ္တ ကထံ- **အမတ်ကြီး**နှင့်ငင်း၊ (၄) သေနာ ကထံ- စစ်သည်နှင့်ငင်း၊ (၅) ဘယ ကထံ- ကြောက်မက်ဖွယ်နှင့်ငင်း၊ (၆) ယုဒ္ဓ ကထံ- စစ်တိုက်

http://www.dhammadownload.com

ခြင်းနှင့်ဂုဏ်း၊ (၇) အန္ဓကထံ- စားဖွယ်နှင့်ဂုဏ်း၊ (၈) ပါန ကထံ-သောက်ဖွယ်နှင့်ဂုဏ်း၊ (၉) ဝတ္ထ ကထံ- အဝတ်နှင့်ဂုဏ်း၊ (၁၀) သယန ကထံ- အိပ်ရာနှင့်ဂုဏ်း၊ (၁၁) မာလာ ကထံ- ပန်း နှင့်ဂုဏ်း၊ (၁၂) ဂန္ဓ ကထံ- နံ့သာမွှေးထုံနှင့်ဂုဏ်း၊ (၁၃) ဉာတိ ကထံ-ဆွေမျိုးနှင့်ဂုဏ်း၊ (၁၄) ယာန ကထံ- ယာဉ်နှင့်ဂုဏ်း၊ (၁၅) ဂါမ ကထံ-ရွာနှင့်ဂုဏ်း၊ (၁၆) နိဂမ ကထံ- နိဂုံးနှင့်ဂုဏ်း၊ (၁၇) နဂရ ကထံ-မြို့နှင့်ဂုဏ်း၊ (၁၈) ဇနပဒ ကထံ- နယ်နှင့်ဂုဏ်း၊ (၁၉) ဣတ္ထိ ကထံ- မိန်းမနှင့်ဂုဏ်း၊ (၂၀) ပုရိသ ကထံ- ယောကျ်ားနှင့်ဂုဏ်း၊ (၂၁) သူရ ကထံ- သူရဲကောင်းနှင့်ဂုဏ်း၊ (၂၂) ဝိသိခါ ကထံ- မြို့တွင်းလမ်းနှင့်ဂုဏ်း၊ (၂၃) ကုမ္ဘဋ္ဌာနကထံ- ရေခပ်ဆိပ်နှင့်ဂုဏ်း၊ (၂၄) ပုဗ္ဗပေတ ကထံ- သေလွန်သူနှင့်ဂုဏ်း ၊(၂၅) နာနတ္တ ကထံ- အထွေထွေနှင့်ဂုဏ်း၊ (၂၆) လောကက္ခာယိကံ- လောကကြောင်းနှင့်ဂုဏ်း၊ (၂၇) သမုဒ္ဒက္ခာယိကံ- သမုဒ္ဒရာပင်လယ်နှင့်ဂုဏ်း၊ (၂၈) ဣတိ ဘဝါဘဝ ကထံ- ကြီးပွား ဆုတ်ယုတ်ခြင်းနှင့်ဂုဏ်း၊ (၂၉) ဂမိက ကထံ- ခရီးသည်နှင့်ဂုဏ်း၊ (၃၀) ကုမာရ ကထံ- လူပျိုနှင့်ဂုဏ်း၊ (၃၁) ကုမာရီ ကထံ- အပျိုနှင့်ဂုဏ်း၊ (၃၂) ကုမ္ဘဒါသီ ကထံ- ရေရွက်ကျွန်မနှင့် စပ်သော စကား။

တိလက်သာမျိုး ၃-ပါး။ ။လင်းလေ, ဆေးသူငယ်ချက်, ပညာလက်ဝဲ, ဂုဏ်း သုံးပါးကို ခေါ်ဆိုသည်။ ဆေးကျမ်းဝေါဟာရ။

[တု]

တုတ္ထာမျိုး ၄-ပါး။ ။သမ္ဗဓာတု ဝိတ္ထာရ ပကာသနီကျမ်းမှ ဖြစ်ရာ ဌာနနှင့် တကွ အကျယ်ကို ဂုဏ်းကျမ်း လောဟပါစက အခေတ်းတွင် ရှုလေ။ (၁) ဟာဠက တုတ္ထကံ- ချေစားတုတ္ထာ၊ ရှစ်မူးချွေနှင့် ညီမျှ၏၊ ချေထွက်သည်၊ လက်ျာလမ်းမှာ အသုံးပြုရသည်၊ (၂) ရူပ တုတ္ထကံ- ငွေစားတုတ္ထာ၊ ဖြူသော စရံရှိ၏၊ ငွေထွက်သည်၊ လက်ဝဲလမ်း၌ စီရင်ရသည်၊ (၃) ဗီသ နာသန တုတ္ထကံ- ကြေးစားတုတ္ထာ၊ စိမ်းပြာပြာ အရောင်ရှိ၍ ယခု ဘယဆေးဆိုင်များ၌ ရသော တုတ္ထာမျိုး၊ ကြေးထွက်သည်၊ ဆေးဝါးကုခြင်းတို့၌ သုံးရ၏၊ (၄) ပါရဒ တုတ္ထကံ- ပြဒါးစားတုတ္ထာ၊ ဖြူစိမ်းစိမ်းနှင့် ပွပွရှိ၏၊ ပြဒါးထွက်သည်၊ ထွက်ရပ် သိန္ဓိလမ်းတို့၌ စီရင်ရသည်ဟူ၏၊ ဂုဏ်းကိုပင် 'ရ' ကျေ၍၊ (ပါဒ တုတ္ထာ)ဟု ခေါ်ဆိုကြလေသည်။

http://www.dhammadownload.com

[တူ]

တူရိယာမျိုး ၅-ပါး။ ။ဗုဒ္ဓဝင် ။ပါ။ ၃၁၃။ဌ။ ၁၂၅။ ဝိမာန၀တ္ထု ။ဌ။၃၂။ ဂဖ။ သံယုတ် ။ဌ။ ပ-အုပ်။ ၁၇ဖ။ အင်္ဂုတ္တရ ။ဌ။ တတိယအုပ်။ ၂၃၃။ တို့၌ ကြည့်ပါ။ တီးမှုတ်ရန် တန်ဆာဖြစ်သော တူရိယာမျိုး ၅-ပါး။ (၁) အာတတ- အိုးစည်စသော သားရေတဖက်ပိတ်၍ ကြက်အပ်သော စည်၊ (၂) ဝိတတ- သားရေ နှစ်ဖက် ပိတ်အပ်သော မုရိုးစည်၊ စသည်၊ (၃) အာတတ- ဝိတတ- အလုံးစုံ သားရေဖြင့် ကြက်အပ်သော ထက်စည် စသည်၊ (၄) သုသိရ- အခေါင်းရှိသော နှဲ့, ပြွေ, ခရာသင်း, ကောဇနက်, ခရာ, ဝိစီ စသည်၊ (၅) ဃန- တခဲနက် တီးခတ်အပ်သော လင်းကွင်း, မောင်း, တရုပ်လင်ပန်း စသည်။

တူရိယာမျိုး ၅-ပါး၊ တနည်း။ ။(၁) ကြေးဖြင့် ပြုလုပ်၍ တီးအပ်သော မောင်း, ကြေးနင်း, စသော တူရိယာ၊ (၂) ကြိုးဖြင့်ပြီးစေအပ် ပြုလုပ်၍ တီးအပ်သော စန္ဒရား, စောင်းကောက်, ဟွန်းတရော့, မယ်ဒလင်,စသော တူရိယာ၊ (၃) သားရေ၏ မျက်နှာပြင်၌ တီးခတ်အပ်သော ပတ်မကြီး, ပုံရှည်စသော တူရိယာ၊ (၄) လေဖြင့် မှုတ်၍ မြည်စေအပ်သော နှဲ့, ပြွေ, စသော တူရိယာ၊ (၅) အချင်းချင်း ရိုက်ခတ်၍ တီးအပ်သော ဝါးလက်ခုပ်, ချပ်, စသော တူရိယာ၊ ၎င်းတို့ကိုပင် မဃဒေဝလင်္ကာ၌ 'အာဝိ အစ၊ တတ သုံးထွေ၊ နှဲ့ ပြွေ ဝံသ၊ သုသိရနှင့်၊ ဃန ဘော်ထည့်၊ ပြည့်၏ ငါးဖြာ၊ ကျမ်း၌ လာသား' ဟူ၍၎င်း၊ ဥတေနပျို၌လည်း "ကြေး ကြိုး သားရေ၊ လေနှင့် လက်ခုပ်၊ သရုပ်ပိုင်းခြား၊ ငါးပါးမှန်စွာ၊ သံဝါ သံမြင့်၊ ကျူးအေးရင့်လျက်" ဟူ၍၎င်း စပ်ဆိုထားကြ၏။

ဟူရိယာမျိုး ၃၇-ပါး။ ။ပြည်ထောင်စု မြန်မာနိုင်ငံတော် သားတို့၏ ရွှေဟောင်း ယဉ်းကျေးမှုမှ သမိုင်း၀င် ဟူရိယာများ။ (၁) စည်မျိုး ၁၃-ပါး၊ (၂) ကြေးမျိုး ၁၀-ပါး၊ (၃) တံပိုးမျိုး ၈-ပါး၊ (၄) အငြိမ့်မျိုး ၆-ပါး၊ ပေါင်း ၃၇- ပါး ဖြစ်၏။

http://www.dhammadownload.com

[တေ]

တူရိယာသံ ၇-ဖန်။ ။ဂင်းသရုပ် (ဂီတအသံ ၇-တန်)နှင့် ဘူး၏။

တေဇောဓာတ်ကြီး ၄-ပါး။ ။ မူလပဏ္ဏာသ ။ပါ။ ဂဇ္ဈ ။ဋ္ဌ။ ဒု-အုပ်။ ၃၇-၌ ရှုပါ။ (၁) သန္တာပဓာတ် တေဇော- ကိုယ်အလုံးကို ပူပန်စေတတ် အိုက်ခြင်းပူခြင်း အငွေ့ ဆွတ်ခြင်းများကို ဖြစ်စေတတ်သော အပူဓာတ်၊ (၂) ဒဟတေဇော- မခံမရပ်နိုင်အောင် အလွန်ပူလောင်၍ ရေလောင်းပါ ယပ်ခပ်ပါဟု ဝိုကြွေးဟစ်အော်နေသော အပူဓာတ်၊ (၃) သိတတေဇော- ကိုယ်အလုံး အလွန်အေး၍ ကြက်သီး တဖြန်းဖြန်း ထနေသော အအေး ဓာတ်၊ (၄) ပါစက တေဇော- စားမျိုသော အစာ အာဟာရတို့ကို ခြေတက် ချက်တတ် ကြေကျက်အောင် ပြုတတ်သော ဓာတ်။

တေးသီဆိုသံ ၇-တန်။ ။ဂင်းသရုပ် (ဂီတအသံ ၇-တန်၌ ရှုပါ။

[တော]

တော ၄၀။ ။ပဠိသမ္ဘိဒါ မဂ် ။ပါ။ ၄၁၁။ ဋ္ဌ။ ဒု-အုပ်။ ၃၁၆-၌ဖွင့်ဆိုသည်။ အနိစ္စတော၊ ဒုက္ခတော၊ စသော ဘာဝနာ လေးဆယ်ကို အချို့ဆရာတို့က "တော လေးဆယ်"ဟု ရေးသား ခေါ်ဝေါ်ကြကုန်၏၊ ဂင်းအကျယ် (ဘာဝနာ လေးဆယ်)မှာပြမည်။

တောထွက် ရဟန်းကြီးတို့ ရနိုင်ခက်သော တရား ၅-ပါး။ ။ ပဥ္စင်္ဂတ္တိရိနိဝရဏဝဂ်၌၊ ဤ၌ 'ဝုဋ္ဌပဗ္ဗဇိတ'ကို တောထွက် ရဟန်းကြီးဟု အသိများကြ၏။ (၁) ဒုလ္လဘော နိပုဏော- နူးညံ့သိမ်မွေ့ ယဉ်ကျေးရိုသေမှု ပြုနိုင်ခက်ခြင်း၊ (၂) ဒုလ္လဘော အာကပ္ပ သမ္ပန္နော- ရဟန်းတို့၏ ဟန်ပန်သင့်ပြင် ဝတ်ရုံစားသောက်ပုံကို ပြုနိုင်ခက်ခြင်း၊ (၃) ဒုလ္လဘော ဗဟုဿုတော- ပိဋကစာပေ အကြားအမြင် ရနိုင်ခက်ခြင်း၊ (၄) ဒုလ္လဘော ဓမ္မကထိကော- တရားဟော ဆရာကြီးဖြစ်ရန် ခက်ခြင်း၊ (၅) ဒုလ္လဘော ဝိနယဓရော- ဝိနည်းဓိရ်ကြီးဖြစ်ရန် ခက်ခြင်း။

ဒေတောထွက် ရဟန်းကြီးတို့ ရနိုင်ခက်သော တရား ၅-ပါး၊ တနည်း။ ။ (၁) ဒုလ္လဘော **သုဝစော - ဆိုဆုံမှရ ခက်၏**၊ ဒုလ္လဘော သုဂ္ဂဟီ တဂ္ဂါဟီ- အယူဝါဒကောင်းကို **အကောင်း** ယူနိုင်ခဲ၏၊ (၃) ဒုလ္လဘော ပဒက္ခိဏဂ္ဂါဟီ- ရိုသေ **လိုက်နာ** ကျင့်ကြံရမည့် သြဝါဒ စည်းမျဉ်းကို ရိုသေစွာ

http://www.dhammadownload.com

လိုက်နာခဲ့၏၊ (၄) ဒုလ္လဘော ဓမ္မကထိကော-တရားဟော ဆရာကြီးဖြစ်ရန် ခဲယဉ်း၏၊ (၅) ဒုလ္လတော ဝိနယဓရော-ဝိနည်းဓိရ်ကြီးဖြစ်ရန် ခဲယဉ်း၏။

ဇောမြိုင်ပရိယာယ်၊ မျိုး ဂ-သွယ်၊ ဖွယ်ဖွယ် ရာရာသိ။ ။ဂုင်း၏သရုပ်ကို (မြိုင်ကြီး ဂ-သွယ်၊ ကဗျာဝယ်၊ ဆန်းကြယ်အမည်များ) ဟူသော သုတေသန စကားရပ်၌ ကြည့်ပါ။

တောင်ကျန်း၏ ထူးမြတ်ခြင်းကြီး ၅-ပါး။ ။တခြားကျန်းတို့ထက် ထူးမြတ်ပုံကိုဆိုသည်။ (၁) ယူဇနာ တသောင်းကျယ်၍ **အခြား** ကျန်းတို့ထက် ကျယ်ဝန်းခြင်း၊ (၂) မဟာဗောဓိပင်မင်းနှင့် အပရာဇိတ ပလ္လင်တော် ပေါက်ရာဖြစ်ခြင်း၊ (၃) ဘုရား ပစ္စေကဗုဒ္ဓါတို့၏ ပင့်ထွန်း ပေါ်ပေါက်ရာဖြစ်ခြင်း၊ (၄) စကြာ, မန္ဓာတ်မင်းမြတ်တို့၏ ဖြစ်ပေါ်ရာဖြစ်ခြင်း၊ (၅) နိဗ္ဗာန်သို့ ဖြောင့်တန်းစွာ ကူးနိုင်ရာ ကျန်းမြတ်ဖြစ်ခြင်း။

တောင် ၅-လုံးခို ရာဇဂြိုဟ်။ ။ ဝေဘာရတောင်, ဝေပုလ္လတောင်, ပဏ္ဍဝ တောင်, ဂိဇ္ဈကူဋတောင်, ဣသိဂိလိတောင်, ၅-လုံး ဂိုင်းရံထားသော မြို့တော်ဟူ၏။

တောင်စဉ် ၇-ထပ်။ ။ဟိမဝန္တာ ဆဒ္ဒန်အိုင်၏ **အရံများ**ဖြစ်သော ဇောတောင်ဝန်း တောင်ထပ်တို့မှာ ၇-ဖြာရှိ၏၊ ဇိနလင်္ကာရ **ဋီကာ**။ (၁) သုဝဏ္ဏပဿ တောင်၊ (၂) မဏိပဿတောင်၊ (၃) သူရိယပဿတောင်၊ (၄) စန္ဒပဿ တောင်၊ (၅) ဥဒကပဗ္ဗတောင်၊ (၆) မဟာကာဠတောင်၊ (၇) စူဠ ကာဠတောင်း

တောင်စဉ် ၇-ထပ် တနည်း။ ။ဝိသုဒ္ဓိမဂ် ။ပ အုပ်။ ၉၀-နှင့် ၂၀၀။ **ဘူဠ** နိဒ္ဒေသ ၌။ ၃၈-ကို၌ အဂျယ်ရှု။ မြင့်မိုရ်တောင်ကြီးကို ဝန်းဝိုင်းပတ်ခွေ လျက် တည်နေကြသော တောင်ရံခုနစ်ထပ် ဟူလို။ (၁) ယုဂန္ဓရတောင်- ဂုင်းတောင်၏ ရေမြုပ် ရေပေါ် အထု အနံတို့ကား ယူဇနာပေါင်း ၄၂၀၀၀ စီရှိ၏၊ (၂) ဣသိန္ဓရတောင် - ဂုင်းတောင်၏ ရေမြုပ်ရေပေါ် အထုအနံတို့ကား ယူဇနာပေါင်း ၂၁၀၀၀-စီ ရှိ၏၊ (၃) ကရဝီကဟောင်- ဂုင်းတောင်၏ ရေမြုပ်ရေပေါ် အထုအနံတို့ကား ယူဇနာပေါင်း ၁၀၅၀၀ စီရှိ၏၊ (၄) သုဒဿန တောင်-ဂုင်းတောင်၏ ရေမြုပ်ရေပေါ် အထုအနံတို့ကား ၅၂၅၀-စီရှိ၏၊ (၅) နေမိန္ဓရ တောင်-ဂုင်းတောင်၏ ရေမြုပ်ရေပေါ်

http://www.dhammadownload.com

အထုအနံတို့ကား ယူဇနာပေါင်း ၂၆၂၅-စီ ရှိ၏၊ (၆) ဝိနတ္ထက တောင်-ငင်းတောင်၏ ရေမြုပ်ရေပေါ် အထုအနံတို့ကား ယူဇနာပေါင်း ၁၃၁၂-ခွဲစီ ရှိ၏၊ (၇) အဿကဏ် တောင်-ငင်းတောင်၏ ရေအောက် မြုပ် ရေထက်ပေါ် အထုအနံတို့ကား ၆၅၆- ယူဇနာ တတိုင်နှင့် တာ ၆၀၀-စီ ရှိ၏။

တောင့်တ၍ မရကောင်းသော အရာမျိုး ၅-ပါး။ ။(၁) ဇရာ-အိုခြင်းမှ၊ (၂) ဗျာဓိ-နာခြင်းမှ၊ (၃) မရဏ-သေခြင်းမှ၊ (၄) ခယဓမ္မ-ကုန်ခန်း ဆုတ်ယုတ်ခြင်းမှ၊ (၅) နာသနဓမ္မ- ပျက်စီးခြင်းမှ လွတ်ကင်းစေရန် တောင့်တ၍ မရနိုင်ပေ။ ပဥ္စဂုံတ္တရ။ပါ။၄၇။ဌ။ ၂၄-၌ အကျယ်ရှုပါ။

[တော်]

တော်ဖြောင့်ရခြင်း ၆-ပါး။ ။လူတိုင်း အစဉ်လိုက်နာ ပြုကျင့်ရခြင်း အကြောင်း ၆-ပါး ဟူလို။ (၁) ကတညူ-သူပြုဘူးသော ကျေးဇူးကို သိရ ဆပ်ရခြင်း၊ (၂) ကတ ဝေဒိ-သူ့ကျေးဇူးကို ဖေါ်ထုတ် မြွက်ဆို ချီးကျူးရခြင်း၊ (၃) ဒဋ္ဌတ္ထိ-မိမိဆိုသော စကားကို မြဲမြံတည်ကြည်စွာ ရှိအောင် ပြုရခြင်း၊ (၄) ဒုက္ခံ-သူ့ဆင်းရဲကို ကိုယ့်ဆင်းရဲကဲ့သို့ မှတ်ထင် ရခြင်း၊ (၅) ကလျာဏမိတ္တ ဗန္ဓ-အဆွေ ခင်ပွန်းကောင်းတို့နှင့် မိတ်ဆက် ပြုဖွဲ့ရခြင်း၊ (၆) မိတ္တ သံသဂ္ဂ-ပေါင်းသင်းဆက်ဆံပြီး မိတ်ဆွေကောင်း တို့အား မပြစ်မှားရခြင်း၊ အစဉ်ပေါင်းရခြင်း။

တော်ဝင်သူ ၄-ယောက်။ ။သာသနာဝင် ကျမ်းစာတို့၌ တော်တည့် မှန်မြတ်သည်ဟု ချီးကျူးထောမနာ ပြုခံရသော မိန်းမမြတ် ၄-ယောက်။ (၁) အမရာဒေဝီ-မဟော်သဓာ၏ဇနီး၊ (၂) စန္ဒ ကိန္နရီ-စန္ဒကိန္နရာ၏ ဇနီး၊ (၃) မဒ္ဒီဒေဝီ-ဝေန္တသာရာမင်း၏ မိဖုယား၊ (၄) သမ္ဘူလဒေဝီ-သောတ္ထိသေနမင်း၏ မိဖုယား။

[တို]

တိုးတက်ကြီးပွား၊ ကြောင်းတရား၊ လိုက်စား ၇-ဖြာ။ ။ဂင်းသရုပ်ကို (ကြီးပွားတိုးတက်ကြောင်းတရား ၇-ပါး)ဟူသော သုတေသနဌ် ဆိုခဲ့ပြီ။

http://www.dhammadownload.com

[တိုက်]

တိုက်ကြီး ၇-တိုက်။ ။ကမ္ဘာပေါ်ရှိ အကြီးဆုံးသော ကုန်းမြေ အပိုင်းအခြားကြီးများ ဟူ၏။ လောကခေတ်နည်း။ (၁) အာရှတိုက်၊ (၂) ဥရောပတိုက်၊ (၃) အာဖရိကတိုက်၊ (၄) ဩစတြေးလိယတိုက်၊ ၎င်းတိုက်ကြီး ၄-တိုက်တို့သည် ကမ္ဘာဟောင်းခေါ် ကမ္ဘာလုံး၏ အရှေ့ခြမ်း၌ ရှိကြသည်၊ (၅) မြောက်-အမေရိကတိုက်၊ (၆) တောင်-အမေရိကတိုက်၊ ကမ္ဘာသစ်ခေါ် ကမ္ဘာလုံး၏ အနောက်ခြမ်း၌ ရှိကြသည်၊ (၇) အန္တာတိတ်ကာတိုက်၊ တောင်ဝင်ရိုးဖျား အနီး အန္တာတိတ်သမုဒ္ဒရာတွင် ရှိသည် ဟူ၏။

[တိုင်]

တိုင်သံ ၁၀-ပါး၊ ကဗျာများ၊ ဆိုခြား အာဘယ်နည်း?။ ။ကဗျာ လင်္ကာရွတ်ဖတ်သီဆိုရာ၌ "တက်သံ, နိမ့်သံ" နှစ်ပါးတို့၏ အကြားမှ မှန်မှန်ရပ်ဖြတ်ရွတ်ဆိုရသော အသံတမျိုး၊ ၎င်းကိုပင် "သံလတ်, သံမှန်" ဟုလည်း ခေါ်ကြသေး၏၊ အကျယ်ကို ကဗျာဖွဲ့နည်း နိဿည်းကျမ်း၌ ရှုလေ၊ အက်,အစ်,အတ်,အပ်,အိတ်,အိပ်,အုတ်,အုပ်,အောက်,အိုက်,ထို့ ဖြစ်၏။

တိုင်ကြီး ၁၀-ပါး။ ။ဗေဒင်ကျမ်းလာ ဇာတာဖွဲ့ရာ စသည်တို့၌ အသုံးပြုသည်။ (၁) မူလ တိုင်၊ (၂) ဓာတ် တိုင်၊ (၃) စုတ် တိုင်၊ (၄) ပုည တိုင်၊ (၅) ဣဿရိယ တိုင်၊ (၆) ပဒ်သန္နေ တိုင်၊ (၇) ပဝတ္တိ တိုင်၊ (၈) ထီးဖြူ တိုင်၊ (၉) သီရိ တိုင်၊ (၁၀) ဆင်ဖြူ တိုင်။

တိုင်ပင်ခြင်းမျိုး ၃-ပါး။ ။အတိုင်ပင်ခံဝင်သူတို့ သတိပြုဘွယ်ရာ ဖြစ်၏၊ မိလိန္ဒပဉ္ဉာနှင့် စူဠနိဒ္ဒေသ ပါဠိတော်။ (၁) ကဝိ မန္တန ပညာရှိတို့၏ တိုင်ပင်ခြင်း၊ ကောင်းမြတ် သင့်လျော်သော် နာယူ၍၊ မကျောင်းထင်သော်ကား၊ ဆိတ်ဆိတ် နေခြင်းမျိုး၊ ကောင်းသော် အားပေး, မကောင်း တားမြစ်၊ (၂) ဆုဇ မန္တာ- မင်း၏ တိုင်ပင်ခြင်း၊ အကျိုးရှိမဲ့ကိုကား ပမာဏ မထား၊ မင်းအလို လိုက်ခါ လျောက်မှုခြီးမြှောက်ခြင်း ပြုမည်ဖြစ်၍ မင်းအကြိုက်ချည်းလိုက်၍ ပြောဆိုရခြင်းမျိုး၊ သို့မဟုတ်က ရာဇဒဏ်ပေး ခံရတတ်သည်၊ (၃) ဒါသ မန္တန-ကျွန်၏ တိုင်ပင်ခြင်း၊ သခင့်အလိုသို့ လိုက်ခါ သခင့်အကြိုက်မျည်းဖြစ်အောင် ပြောဆိုရခြင်းမျိုး၊ မျက်နှာသာပေးရန် ဖြစ်သည်။

http://www.dhammadownload.com

မှတ်ချက်။ ။ပညာရှိတို့ကား ကဝိမန္တနမျိုးဖြင့်သာ တိုင်ပင်ခံကြ၏။

တိုင်းကြီး ၉-မျိုးမော်ကွန်းထိုး၊ အုပ်စိုးမြန်မာပြည်။ ။ငင်း၏ သုတေသန ရပ်တို့ကို (မြန်မာ့တိုင်းကြီး ၉-တိုင်း၌ ရှုပါ။)

တိုင်းကြီး ၁၀-တိုင်း။ ။မြန်မာနိုင်ငံတော် ဘုရင်မင်းတို့ခေတ် ရာဇဝင်မှ။ (၁) သုနာပရန္တတိုင်း- လယ်ကိုင်း, ဖေါင်းလင်း, ကလေး, သောင်သပ်, စသော ပြည်တို့တည်ရာ၊ (၂) တမ္ဗဒီပတိုင်း-ပုဂံ, မင်းယ, အင်းဝ,မြင်စိုင်း စသော ပြည်တို့တည်ရာ၊ (၃) ကမ္မောဇတိုင်း- သီပေါ, ညောင်ရွှေ, မိုးနဲ့ စသော ပြည်တို့တည်ရာ၊ (၄) ဇိန်တိုင်း- ဗမာ်, ခွေးလုံ, စန္ဒာ စသော ပြည်တို့တည်ရာ၊ (၅) သီရိခေတ္တရာမတိုင်း- သရေခေတ္တရာ, ဥမေတရစ်, ပန်းတောင်း စသော ပြည်တို့တည်ရာ၊ (၆)ဇယဝဒ္ဓနတိုင်း- ကေတုမတီ, ဇယဝတီ စသော ပြည်တို့တည်ရာ၊ (၇) ရာမညတိုင်း- ဟံသာဝတီ, ဒဂုံ, ဒလ, ကုသိမ်, ရောင်ပြ (မြောင်းမြ) မုတ္တမစသော ပြည်တို့တည်ရာ၊ (၈) ဟရိဘုဉ္ဇတိုင်း- ဇင်းမယ်, ကျိုင်းသည် စသော ပြည်တို့တည်ရာ၊ (၉) ခေမဝရတိုင်း- ကျိုင်းတုံစသော ပြည်တို့တည်ရာ၊ (၁၀) မဟာနဂရတိုင်း- ကျိုင်းရုံး, မိုင်းစည် စသော ပြည်ကြီးတို့၏ တည်ရာဟူ၏။

တိုင်းကြီး ၁၆ - တိုင်း။ ။အင်္ဂုတ္တရ ပါဠိတော်လာ တိုင်းကြီးသောဠသ၏ အမည်များ။ (၁) အင်္ဂတိုင်း၊ (၂) မဂဓတိုင်း၊ (၃) ကာသိတိုင်း၊ (၄) ကောသလတိုင်း၊ (၅) ဝဇ္ဇီတိုင်း၊ (၆) မလ္လတိုင်း၊ (၇) စေတိတိုင်း၊ (၈) ဝံသထိုင်း၊ (၉) ကုရုတိုင်း၊ (၁၀) ပဉ္စာလတိုင်း၊ (၁၁) မစ္ဆတိုင်း၊ (၁၂) သူရသေနတိုင်း၊ (၁၃) အဿကတိုင်း၊ (၁၄) အဝန္တိတိုင်း၊ (၁၅) ဂန္ဓာရတိုင်း၊ (၁၆) ကမ္ဗောဇတိုင်း။

တိုင်းကြီး ၁၇-တိုင်း။ ။ဝိသုဒ္ဓိမဂ် ဒု-အုပ် ၄၆။ မဇ္ဈိမပဏ္ဏာသ။ဋ္ဌ။ ၂၅-တို့၌ အကျယ်ရှုပါ။

တိုင်းကြီး ၁၇-တိုင်း၊ တနည်း။ ။တိကဂုံတ္တရ ။ပါ။ ၂၃၁။ အဋ္ဌဂုံတ္တရ ။ပါ။ ဂ၁-ဂ၅။ စူဠနိဒ္ဒေသ ။ပါ။ ၁၅၀ ။ဋ္ဌ။ ၄၂-တို့၌ ရှုပါ။ အင်္ဂ, မာဂဓ, ကလိင်္ဂ, ကာသိယ, ကောသလ, ဝဇ္ဇီ, မလ္လ, စေတိယ, ဝံသ, ကုရု, ပဉ္စာလ, မစ္ဆ, သူရသေန, အဿက, အဝန္တိယ, ယောနက, ကမ္ဗောဇတိုင်း။

http://www.dhammadownload.com

တိုင်းကြီး ၂၁-တိုင်း။ ။ဗုဒ္ဓ ပိဋကတော်၌ ထင်ရှားတော **တိုင်းကြီး** ၂၁-တိုင်း၊ 'မဂဓ' အာဘိဓာန်မှ။ ကုရုတိုင်း၊ သက္ကတိုင်း၊ **ကောသလတိုင်း**၊ မဂဓတိုင်း၊ သိဝိတိုင်း၊ ကလိင်္ဂတိုင်း၊ အဝန္တိတိုင်း၊ ပဉ္စာလတိုင်း၊ **ဝဇ္ဇီတိုင်း**၊ ဂန္ဓာရတိုင်း၊ (၁၀) မစ္ဆတိုင်း၊ ဝင်္ကတိုင်း၊ဝိဒေဟတိုင်း၊ **ကမ္ဗောဇ** တိုင်း၊ မဒ္ဒတိုင်း၊ ဘဂ္ဂတိုင်း **အင်္ဂတိုင်း**၊ သိဟတိုင်း၊ **ကသိုဓတိုင်း**၊ **ကာသိ** တိုင်း၊ (၂၀) ပဏ္ဏဝတိုင်း၊ (၂၁)။

တိုင်းပြည်အင်္ဂါ၊ ၇ပြာ၊ **ကျမ်းလာ** မည်သို့နည်း ? ။ ။သုကရသာဂရ နီတိကျမ်း၊ အမရကောသ အဘိဓာန်ဋီကာ ကျမ်းတို့၌ကား ဤသို့လာ၏။ (၁) ပြည်ရွှေမင်း, သမ္မတမင်း, ရှိစေရမည်၊ (၂) **ဝန်ကြီး**, သံကြီး, မင်းတိုင်ပင် **အမတ်များ**၊ (၃) စစ်မက်ကူညီရေး **မဟာမိတ်မင်း**များ၊ (၄) **စား**နပ်ရိက္ခာ ရွှေ ငွေ ဘဏ္ဍာများ၊ (၅) **ကျုံးမြောင်း**ခံတပ် နယ်စပ်**တန်တိုင်း**, **တောင်တော**၊ (၆) ကျယ်ပြန့်**သော ထိုင်း**နိုင်ငံတော် **ဖြစ်ရခြင်း**၊ (၇) **စစ်သည်**ဗိုလ်ပါ, စစ်အင်္ဂါစုံ, **ကြည်း**, **ရေ**, လေ, တပ်စု **ရှိစေရမည်**။

တိုင်းပြည်အေးမှု၊ ကြောင်း ၁၀-ခု။ ။ဂင်း၏ သရုပ်ကို မဃဒေဝ လင်္ကာဌ၌ "နေ-ယ **ဂြိုဟ်သွား၊ ဖြောင့်**သားတဖြာ၊ မိုးမှန်စွာနှင့်၊ **ဩဇာတက်ကြွ**း၊ သီးမျိုးပေါ်ယဉ်၊ အန္တရာယ် ကင်းငြိမ်း၊ မုဒိမ်းမထွက်၊ **စစ်မက်လည်း** ကင်း၊ ချင်းချင်းညီညွတ်၊ ဖြောင့်မတ်တရား၊ သုံးပါး**ရတနာ**၊ **ရှိသော**စွာ လျက်၊ သင်္ဃရဟန်း၊ စောင့်မှန်းအကျင့်၊ ဤဆယ်**ဆင့်ကား**၊ လင်းပွင့် တိုင်းပြည်, သာကြောင်းတည်း" ဟု ဆိုထား၏။

တိုင်းပြည် တိုးတက် ကြီးပွားကြောင်း တရား ၇-ပါး။ **ဂင်း သရုပ်ကို** (အပရိဟာနိယတရား ၇-ပါး၊ ဂ-နည်း) ဟူသော **ပြဿနာရပ်၌** ဆိုခဲ့ပြီ။

တိုင်းပြည်ပျက်မှု၊ ကြောင်း ၁၀-ခု။ ။ဂင်း၏ သရုပ် **အဓိပ္ပါယ်ကို** (ပြည် ရွာ ပျက်မှု ကြောင်းဆယ်ခု) ဟူသော သုတလနဒ္ဓ ရှုပါ။

တိုင်းပြည် မြို့ရွာ အပြား ၆-ပါး။ ။ဂင်းသရုပ် အဓိပ္ပါယ်ကို (ပြည်ရွာ အပြားမျိုး ၆-ပါး) ၌ ပြမည်။

တိုင်းပြည် ရတနာ၊ ၉-ပါးလာ၊ စုံစွာ ဖြည့်၍ထား။ ။**မင်း** အစိုးရ ဟူသည် **တိုင်းပြည်၌ ပြည့်စုံစွာ** ထားရှိကြရမည့် "**ပြည့်နဝရတ်ခေါ်**"

http://www.dhammadownload.com

ရတနာကိုးပါး၊ ကာမဇာတိ ကျမ်းမှ ၎င်းတို့ကို ပန်ပိုဇက် ပညာဉီးပန်းရာ ဟူ၏။ (၁) ပြည့် ဦးကင်း- တိုင်းရေးပြည်မှုကို ဆောင်ရွက် ပိမပေးနိုင်သော မှူးကြီးမတ်ရာများ၊ (၂) ပြည့် တန်ခွန်- သီလဝန္တ, ပညာဝန္တ ရဟန်း တော်များ၊ (၃) ပြည့် မျက်စိ- လိမ်မာကျမ်းကျင်ကုန်သော ဆေးဆရာ, ဟူးရား ဗေဒင်ဆရာ, စက်ယန္တရားဆရာများ၊ (၄) ပြည်၏ နား-သစ္စာ ရှိသော သူလျှိများ၊ (၅) ပြည့် အစွယ်- သူရသတ္တိရှိကြသည့် မင်းညီ မင်းသား မင်းဆွေမျိုးများ၊ (၆) ပြည်ကြီးမျက်နှာ- ရုပ်ရည်ချောသည့် လှမျိုးမယ်များ၊ (၇) ပြည်၏ ဝမ်းဗိုက်- စားနပ်ရိက္ခာနှင့် ဥစ္စာဒပါများ သော သူဌေးသူကြွယ်တို့၊ (၈) ပြည်၏ ခြေ စစ်သည်ဗိုလ်ပါ အပေါင်း နှင့် ယာဉ်မျိုးစုံ၊ (၉) ပြည်၏ လက်- ခဲယမ်းမီးကျောက် အမြောက် သေနတ် စသော လက်နက်စုံ။

[တြ]

တြင်းအပြား ခ-ပါး။ ။ဗေဒင်အလို တရာသီ၌ တြင်း သုံးခုရှိလေ့ရာ ၁၂ ရာသီ၌ ခ-တြင်း ဖြစ်လေသည်၊ ၎င်းကိုပင် "ဆတ္တိ တြင်း" ဟု ခေါ်ကြ၏။

တြိကဋ္ဌက် ခ-ပါး။ ။ပူစပ်သော အထုဝတ္ထု ခ-ပါး ဟူလို၊ ငြုပ်, ပိတ်ချင်း, ဂျင်း, ကို ခေါ်သည်။

တြိဂုဏ်းဂြိုဟ်နေ ရာသီ ဂ-မျိုး။ ။၁၂-ရာသီ အိမ်တို့တွင်။ (၁) မိဿ၌ အင်္ဂါ၊ (၂) ပြိဿ၌ တနင်္ဂးလာ၊ (၃) သိဟ်၌ တနင်္ဂနွေ၊ (၄) ကန်၌ ဗုဒ္ဓဟူး၊ (၅) တူ၌ သောကြာ၊ (၆) ဗြိစ္ဆာ၌ ကြာသပတေး၊ (၇) မကာရ၌ ရာဟု၊ (၈) ကုမ်၌ စနေဂြိုဟ်တို့ တွေ့ရှိမှု ဌာနဗလကိုစဉ်၍ ခ-ဆအားရှိသော တြိဂုဏ်းဂြိုဟ်များဟု သိရာ၏။

တြိဒေါသမျိုး ခ-ပါး။ ။၎င်းသရုပ် (ဒေါသ ခ-ပါး)၌ ရှုပါ။

တြိဖလမျိုး ခ-ပါး၊ ၂-နည်း။ ။ချို, ချဉ်, ဖန်၊ တနည်း။ ခါး, ဖန်, ချို၊ ရသာ ခ-ပါးရှိသော အသီး၊ ဆေးကျမ်းဝေါဟာရ။ (၁) သစ်ရွားသီး၊ ရှစ်ရွားသီး၊ (၂) သစ်ဆိမ့်သီး၊ (၃) သဖန်းခါးသီး၊ တနည်း။ (၁) ဆီးဖြူသီး၊ (၂) သစ်ဆိမ့်သီး၊ (၃) ကြဇုသီး။

http://www.dhammadownload.com

တြိ သုဂန္ဓိမျိုး ၃-ပါး။ ။ဂင်းသုံးပါးကို အမရိတ ဘေသဇ္ဇကျမ်းဌာ မအို့ မနာဆေးဟု အလွန် ချီးမွမ်းထားလေသည်၊ ပျားရည်နှင့် စားရာ၏။ (၁) မုတ္တာ-နွားမြက်ရင်း၊ (၂) ပိပ္ပလ မူလ-ပိပ္ပလီမြစ်၊ (၃) ဂန္ဓ တိဏ-မြက်မွေး။

တြိ သုဇာတမျိုး ၃-ပါး။ ။ဘယဆေး ဖေါ်စပ်ရာ၌ ကပေါင်းစကား။ (၁) ဖာလာသီး၊ (၂) ကရဝေးရွက်၊ (၃) ကရငေးခေါက် ခေါ် သစ်ကြံပိုး၊ ဂင်းကို အချို့ဆေးကျမ်းတို့၌ "တြိဇာတ" ဟု ရေးသုံးမသး၏။

[ထ]

ထင်ရှား တင့်တယ်သော အရာမျိုး ၄-ပါး။ ။ (၁) ရထားဌ၌ အလံ၊ (၂)· မီးဌ၌ အခိုး၊ (၃) တိုင်းပြည်ဌ၌ မင်း၊ (၄) မိန်းမဌ၌ လင် ရှိမှ တင့်တယ်လျောက်ပတ်သည်ဟူ၏၊သဂါထာဝဂ္ဂသံယုတ်။ပါ။၃၃။ဋ္ဌ။၉၁။

ထန်းပင်ပရိယယ်၊ ·ခေါ်ဆိုဘွယ်၊ ၆-သွယ် အမည်များ။ ။ ထန်းပင်၏ အခိုက်တန့်ကိုစဉ်၍ အမည် ၆-မျိုးပြားသည်။ (၁) ကျေးမြီး-အညောင့် ပေါက်ပေါ်စ အရွက် ၂-ရွက် ၃-ရွက် ရှိသည့်အခါ၊ (၂) လက်မြွှာ်-ထန်းလက်ငယ် ပေါ်သည့်အခါ၊ (၃) ဆင်ခြေပေါ်-ဥက္ကောင်း ပင်ခြေ ပေါ်သည့်အခါ၊ (၄)၊ သမီးလှ-ပင်လုံးကို ထန်းပတ်အများ ရံပတ်လျက် ရှိသည့်အခါ၊ ဂင်းကို "ထမီဝတ်လည်း ခေါ်၏" (၅) ရည်ရွ- ထန်းနို့ ထန်းသီး တွက်သီးသော အခါ၊ (၆) ပင်ကွက်-ထန်းပတ်စင်၍ ပင်လုံး လက်ခက်သာ ရှိသော အခါမျိုး၌ ခေါ်ဆိုသည်၊ ထို့ကြောင့် 'ရတနာ ဗိမာန်ကျောက်စာ"တွင်၊ "ကျေးမြီး, လက်မြွှာ်၊ ဆင်ခြေပေါ်, သမီးလှ၊ ရည်ရွ, ပင်ထွက်" ဟု ရှင်မဟာသီလဝံသ ရွေးသားတော်မူခဲ့သည်။

[ထိ]

ထိခြင်း ၅-ဖြာ၊ ဝန္ဒနာ၊ ပြုကာ ရှိခိုးကြ။ ။ကိုယ်ဖြင့် ရှိခိုးမှု ပြုသောအခါ ပုဆစ်ဒူးနှစ်ဖက် အခင်းကျမ်းပြင်၌ ထိရခြင်း၊ တတောင် ၂-ဖက် လက် ဖဝါးပါ အခင်းကြမ်းပြင်၌ ထိရခြင်း၊ နဖူး အခင်းကျမ်းပြင်၌ ထိရ ခြင်း . ဟူ၏။ဂင်းကို "ပဥ္စ ပတိဋ္ဌိတ ဝန္ဒနာ" တည်ခြင်း ၅-ပါး, ဟုလည်း ခေါ်ဆိုကြသေးသည်။

http://www.dhammadownload.com

ထိမ်းမြားအာပ်ခြား၊ လ ဖ-ပါး၊ ညွှန်ကြားကျမ်းဂေဒင်။ ။မင်္ဂလာဆောင်ကောင်းသော လ ဖ-ပါးကို **မေးရိုးရင်း** ဖြစ်သည်၊ ၎င်းသရုပ်မျှားကား (မင်္ဂလာဆောင်ရိုး၊ လ ဖ-မျိုး၊ **ဇာတိ**ပြစ်မည်သို့ ရှိသနည်း) ဟူသော ပုစ္ဆာ၏ အဖြေနှင့်တူ၏။

ထိမ်းမြားမင်္ဂလာပြုခြင်း အမျိုးအစား ၃-ပါး။ ။ဝိနည်းပါဠိတော်က **အဌက** ထား။ဒုဇာပုပ်၊ ၁၃၉-နှင့် အခြားသော ပိဋကတ်တော်မျှားမှ အာဝါဟနှင့် ဝိဝါဟ ၂-ပါးကို ဖွင့်ပြထားကြသည်။ **ထို့**ပြင် ပညာရှိကြီးများက 'စရ'မင်္ဂလာတပါးထည့်၍ ၃-ပါးပြကြကုန်၏။ (၁) အာဝါဟ-ယောကျ်ားအိမ်ရာသို့ မိန်းမကို ခေါ်ဆောင်လာပြီး ပြုသောမင်္ဂလာ၊ (၂) ဝိဝါဟ-မိန်းကလေးနေရာ အိမ်ဂေဟာသို့ သတို့သားကို ခေါ်ဆောင်ကာ ပြုပေးသော မင်္ဂလာ၊ (၃) စရမင်္ဂလာ-မိမိနေရာ အိမ်မှတပါး ကြီးကျယ်ခမ်းနားသော **အဆောက်အဦကြီးများ၌ ဆင်နွှဲပေးသော** မင်္ဂလာ။

ထိမ်းမြားမင်္ဂလာမျိုး ဂ-ပါး၊ **တနည်း**။ ။မနုမမွသတ်မှ၊ (၁)ပြဟ္မာ-ရာထူးဂုဏ်သိရှိ, ဓနရှိန့်**အမျိုးမြတ်တို့အား** လေးစားပူဇော်သော အားဖြင့် သို့ပေးမင်္ဂလာ **ပြုခြင်းမျိုး**၊ (၂)**ဒေဝ**ယျ-လုပ်ရေးကိုင်တာ၌ ဖြတ်လတ်သေချာ၍ သဘောကျကာ သို့နှင့် ပေးစားသော မင်္ဂလာ၊ (၃)ကိရိယာ-သူ၏ပစ္စည်း ဘဏ္ဍာ ရတနာ ရွှေ ငွေစသည်ကို ယူထားမိ၍ သို့ပေးရခြင်းမျိုး၊ (၄) ပညာ-လူလိမ္မာ ပညာရှိအား မိမိသို့ကို လိမ္မာအောင် သွန်သင်ရန် ရည်မှန်း၍ ပေါင်းသင်းဘို့ပေးစားလိုက်ခြင်းမျိုး၊ (၅) အ သုတ-သူ၏လက်ဆောင် ဘဏ္ဍာတွေကို မရအရ ချုပ်ယူပြီး ဆွေမျိုးညာတိမျှ မသိရအောင် သို့ကို လက်သိပ်ထိုးလိုက်ခြင်းမျိုး၊ (၆) ဂန္ဓဗ္ဗ-မိဘ ၂-ဦး ၂-ဘက် သဘော တူ၍ ကြည်ဖြူစွာ ပေးစား လက်ထပ်ခြင်း မင်္ဂလာမျိုး၊ (၇) အဿာဟိတ-နိုင်ထက်ကလူ ဇွတ်အတင်း ယူရမည်ဟု ညှဉ်းဆဲ ရိုက်နှက်၍ ပေးစားခြင်းမျိုး၊ (၈) သာမဿာ-လူငယ်ချင်းချင်း မှောက်မှောက်မှားမှား ချစ်မီးပွားရှိ နေသည်ကို တွေ့ရ၍ ပေးစားရခြင်းမျိုး။

[ထိ]

ထီးဆောင်းမင်း ၁၀၁-ပါး၊ ။ငင်း သရုပ်ကို (မင်း တရား၁ပါး၌) ကြည့်ပါလေ။

http://www.dhammadownload.com

ထီးတော်ကိုပ်ဖျား၊ ဒှက်မြတ်နား၊ ၄-ဖါး ဒှက်မျိုးတင်။ ။ဂင်းဏ် သရွပ်ကို (ဒှက်မြတ်နားတွင်, ထုံးတမ်းဝင်၊ ၄-အင်ဒှက်မျိုးသိ) ဟူသော စကားရပ် ၌ ပြခဲ့ပြီ။

ထီးဖြူတော်မျိုး ၄-စင်း။ ။ မင်းမြောက်တန်ဆာ ငါးပါးအဝင်ဖြစ်သည်၊ ရာဇဘိသေက ကျမ်းမှ။ (၁) ထီးရွက် ,ကိုးဆင့် ထီးရိုး ဆယ်တောင်ရှိသော "နဝဒဏ္ဍ ထီး"၊ (၂) ထီးရွက် အမှတ်မရှိ ထီးရိုး ခြောက်တောင်ရှိလော "မနောဟရ ထီး"၊ (၃) ထီးရွက် အမှတ်မရှိ ထီးရိုး ငါးတောင်ရှိသော "အာတပတြ ထီး"၊ (၄) ထီးရွက် အမှတ်မရှိ ထီးရိုး လေးတောင်ရှိသော "ဝိဇယတြ ထီး"။

မှတ်ချက်။ ။ရွှေဃုံးစင်းကား ရာဇပလ္လင်မှာ ဆောင်းသော ထီးတော်များဖြစ်၏၊ ဝိဇယတြထီးကား ယွန်းကြွ စက်ချိတောင်မူရာ စသည်တို့၌ အမြဲဆောင် ဆောင်းသောထီးတော် ဖြစ်၏။

ထီးဖြူထော် ၄-စင်းတနည်း။ ။မင်းခမ်းလက်ဝ ကဗျာစာတမ်းတို့၌ " ကန ကဒဏ်ထီးမွန် ၂ စင်း၊ ဝင်းဝင်းလှိုပတ်၊ တမွတ်နှစ်ဆူ၊ ရောင်မူညီးညီး၊ ယာဉ်ထီးလေးပါး" ဟု စပ်ဆိုလာကြ၏။

မှတ်ချက်။ ။ယာဉ်ထီးဟူရာ၌ ကေရာဇ်မင်းမြတ်တို့ စီးသော ဆင်ယာဉ် ရထားယာဉ်,လှေယာဉ်,သုံးပါး၌ ထီးဖြူတော်များ စိုက် ဆောင်ရသည်ကို စဲ့၍ 'ယာဉ်ထီး' ခေါ်တွင်စေသည်။

ထီးဖြူတော် ဂ-စင်း။ ။ဒီသာဇေယျကျမ်းလာ ထီးဖြူတော် ရှစ်ဖြာဟူ၏။ (၁) ကနကဏ္ဍဒဏ် ထီး၊ (၂) သူရိယ ထီး၊ (၃)· ပဒုမာထီး၊ (၄) သမုတိ ထီးဟူ၍ လက်ဝဲထီး လေးစင်း၊ (၅)ကမ္ဗုထီး (၆)စန္ဒထီး၊ (၇)ကုမုဒထီး၊ (၈) ဝိသက္ကုထီး ဟူ၍ လက္ခဏထီး ၄-စင်းအားဖြင့် ရှစ်စင်းထီးဖြူ မှတ်ယူရာ၏။

[ထု။ ထူ]

ထုံးမြိတ် ၅-ပါး၊ ဥခေါင်းဖျား၊ ထားငြားဆံပင်ရှည်။ ။ဂင်းသရုပ် (မြန်မာ့ဦးစွန်း၊ ၅-မျိုးထွန်း)ဟူသော ပုစ္ဆာ၌ ရှုပါ။

ထူပါရုံ တည်ထားထိုတ်လော ပုဂ္ဂိုလ် ၄-မျိုး။ ။ထူပါရဟ ပုဂ္ဂလ ဝဏ္ဏနာ သုတ်မဟာဝါ။ ပါ။ ၁၁၇။ ဌ။ ၁၇၅။ ဂင်းသရုပ် (စေတီထိုက်သော ပုဂ္ဂိုလ် ၄-ဦး)၌ ရှုပါ။

http://www.dhammadownload.com

[ထေ + ယ်။ ထေ + ရ်]

[ထေ]

ထေယျာသ်ဝါသကမျိုး ၃-ပါး။ ။ရဟန်း ပြု မပေးကောင်းသော ထေယ်ခိုး ၃-ယောက် ဟူလိ။ (၁) လိင် ထေနက- ဆရာ ဥပဇ္ဈာယ်မရှာ၊ ကိုယ့်ဟာ ကိုယ် သင်္ကန်းဇတ်စည်း၍ ရဟန်း, ကိုရင်၏ အသုဘခိုးဆောင်နေသောသူ။ (၂) သ်ဝါသ ထေနက - ရဟန်းဟု ဝန်ခံ၍ ရဟန်းကောင်းတို့နှင့် ပေါင်းဖော် နေထိုင်သော လာမကေ- (၃) ဥဘယ ထေနက-အဆက်ပါ ၂-မျိုးလုံးကို ခိုးသောသူ။

ဇထေယျာဝဟာရာ၊ ခိုးနည်းလာ၊ ၅-ဖြာ အဘယ်နည်း ? ။ ။ဂင်း သရုပ်ကို (ခိုးခြင်း ၂၅-ပါး) ၌ ရှုပါကုန်။

ထေရ်ပြုခံထိုက်ခြင်း အင်္ဂါ ၄-ပါး။ ။ရှိသေ လေးစား ကြီးသူအရာ၌ တင်ထား ထိုက်သူ၏ အင်္ဂါ ၄-ပါး ဟူ၏။ စတုကင်္ဂုတ္တရ ။ပါ။ ၃၃၁ ။ဋ္ဌ။ ၂၆၆။ (၁) သီလဝါ-ကိုယ်ကျင့်သီလရှိရခြင်း၊ (၂) ဗဟုဿုတ-ပရိယတ် အကြား အမြင်များရခြင်း၊ (၃) ဈာနလာဘီ-ဈာန်အဘိညာဉ် ရရှိရခြင်း၊ (၄) ခီဏာသဝ-အာသဝကုန်ခန်း ရဟန္တာဖြစ်ရခြင်း။ ဤ ၄-ပါးတွင် **အနည်း** ဆုံး ၁-၂-အင်္ဂါရှိထားရမည်။

ထေရ်မျိုး ၃-ပါး။ ။ရဟန်းတော် အမျိုးအတန်းစား ၃-ပါး။ (၁)**အနုထေရ်**- ပဉ္စင်းခံသည်မှစ၍ ဆယ်ဝါအထိ ထေရ်ငယ်၊ (၂) မဇ္ဈိမထေရ်-ဆယ်**ဝါ**မှ ဝါနှစ်ဆယ်ထိ ထေရ်လတ်၊ (၃) မဟာထေရ်-ဂါနှစ်ဆယ်မှစ၍ **အဆက်** သည်ကား ထေရ်ကြီး၊ မဟာထေရ် မည်၏။

ထေရ်မျိုး ၃-ပါး စာနည်း။ ။သုတ်ပါထေယျ ။ပါ။ ၁၈၂ ။ဋ္ဌ။ ၁၈၁။ **ကြီးမြတ်သောသူမျိုး** ၃-ပါး။ (၁) ဇာတိထေရော- **ဇာတ်အားဖြင့် ကြီးမြတ်သူ၊** (၂) ဓမ္မထေရော- တရားဓမ္မဂုဏ်အားဖြင့် **ကြီးမြတ်သူ၊** (၃) သမုတိထေရော- အကြီးအကဲဟု သမုတ်ခြင်းအားဖြင့် ကြီးမြတ်သူ။

ထေရာဝါဒ ၅-နိုင်ငံ။ ။ပိဋကတ်သုံးပုံ- အဋ္ဌကထာ၌လာသော တိပိဋက စူဠနာဂထေရ်၊ မဟာသုမထေရ်၊ မဟာပဒုမထေရ် စသော မထေရ်မြတ်တို့ ၏ ပိဋကတ်တော်လာ အယူဝါဒ၊ ထိုထေရ်တို့၏ အယူဝါဒကို သံဂါယနာ (ဆဋ္ဌ)**အထိ ခံယူ** အတည်ပြု လေးစား ရှိသေကြသော နိုင်ငံတော်များ။ (၁) မြန်မာနိုင်ငံတော်၊ (၂) သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံတော်၊ (၃)

http://www.dhammadownload.com

ယိုးဒယား (ထိုင်းလင်း) နိုင်ငံတော်၊ (၄) ကမ္ဘောဒီးယားနိုင်ငံတော်၊ (၅) လာအို (လော) နိုင်ငံတော်။

[ထ္]

ထ္ဂက်လေ ဝင်လေ မရှိသူ ဂ-ယောက်။ ။ငုင်း သရုပ် (အသက်မရှူသူ ဂ-ယောက် ၌ ရှုပါ။

[ဒ]

ဒက္ခိဏေယျ ပုဂ္ဂိုလ် ဂ-ယောက်။ ။မြတ်သော အလှူခံ ပုဂ္ဂိုလ် ဂ-ယောက်။ (၁) သောတာပန် ပုဂ္ဂိုလ် ၂-ယောက်၊ (၂) သကဒါဂါမ် ပုဂ္ဂိုလ် ၂-ယောက်၊ (၃) အနာဂါမ် ပုဂ္ဂိုလ် ၂-ယောက်၊ (၄) အရဟာတ္တာပုဂ္ဂိုလ် ၂-ယောက်။

ဒဏ် ၁၀-ပါး။ ။အပါဒါန် ။၄။ ၂၇၁။ ဓမ္မပဒ ။၄။ ပ-အုပ်။ ၁၁၅။ ၎င်း ။၄။ ဒု-အုပ်၊ ၄၄-တို့၌ အကျယ်ရှု။ လောကဌ် ခင်ပွန်းကြီး ဆယ်ပါး ခေါ် ကျေးဇူးရှင်ကြီး ဆယ်ပါးကို ပြစ်မှားခြင်းကြောင့် ရရှိသော အပြစ်ကြီး ဆယ်ပါး။ (၁) ဖရှသ ဝေဒနာ-ကြမ်းတမ်းစွာ ဦးခေါင်းနာစသည် ကပ်ရောက်ခြင်း၊ (၂) ဟာနိ-စည်းစိမ်စသည် ဆုတ်ယုတ်ပျက်စီး ဆုံးပါးခြင်း၊ (၃) သရီရ ဘေဒန-လက်ခြေပြတ်ခြင်း, ကိုယ်အင်္ဂါပျက်စီးခြင်း၊ (၄) ဂရုကာဗာဓ-ဆေးကုလျှ် မရ ကြီးလေးစွာသော အနာ ကပ်ရောက်ခြင်း၊ (၅) စိတ္တက္ခေပ-ရူးသွပ်ခြင်း,စိတ်ပျံ့ လေလွင့်ခြင်း၊ (၆) ရာဇူပသဂ္ဂ-မင်းဘေး မင်းဒဏ်သင့်ခြင်း၊ (၇) ဒါရုဏဒုက္ခာန-ရှုန့်ကြမ်းစွာ စွပ်စွဲခံရခြင်း၊ (၈) ဉာတိ ပရိက္ခယ-ဆွေမျိုး ပြုန်းတီး ပျက်စီးခြင်း၊ (၉) ဘောဂ ပဘင်္ဂု-စည်းစိမ် အခြေအရံ ပျက်စီးခြင်း၊ (၁၀) အာဂါရဂ္ဂိ ဒုဃ္ခန-နေရာ, တိုက်, အိမ်, အဆောက်အဦကို မီးသင့် လောင်ကျွမ်းခြင်း။

ဒဏ္ဍဥပါယိ၊ မျိုး ၃-သွယ်၊ ကျင့်ဘွယ် မင်းတို့သိ. ။အမရ ကောသဋ္ဌိကာ ဥပါယိ ၄-ပါးအဖွင့်မှ ယူပြသည်။ အပြစ်ရှိသူကို ဓာတ်မြိန်နှင့်ကြောက်အောင် ဗဏ်ခတ်ဆုံးမပါဟု ဆိုလိုသည်။ (၁) အသက်သေအောင် သတ်ဖြတ်ခြင်းဒဏ်၊ (၂) ဥစ္စာဒဏ်, ရာထူးမှ နှုတ်ပယ်ခြင်းဒဏ်၊ (၃) ထောင်ဒဏ်, ကြိမ်ဒဏ် ခြေလက်စသည် ဖြတ်ပစ်ခြင်းဒဏ်။

http://www.dhammadownload.com

ဒန္တေ အက္ခရာ ၈-လုံး။ ။သွားအရပ်မှ မြည်ထွက်၍ လာသော အက္ခရာမျိုး ၈-ပါး။ လျှာဖျားဖြင့် သွားသို့ထောက်၍ ရွတ်ရသော အက္ခရာမျိုး ဟူ၏၊ "တ, ထ, ဒ, ဓ, န, လ, ဝ, သ,"။

မှတ်ချက်။ ။ဝ အက္ခရာကား နှုတ်ခမ်းနှင့်သွား ၂-ပါးထိ အက္ခရာမျိုး ဖြစ်၏။

ဒန်ပူစားခြင်းအကျိုး ၅-ပါး။ ။ငင်း သရုပ်အဓိပ္ပါယ် (သွားတိုက်ခြင်း အကျိုး ၅-ပါး) ၌ ဖြေကြားမည်။ စူဠဝဂ်ပါဠိတော်။

ဒသ ဗလာ၊ အား ၁၀ဖြာ၊ ထုတ်ခါဖြေတော်မူ။ ။ငင်း သရုပ်ကို (အားတော် ၁၀-ပါး) ၌ ရှုပါလေ။

ဒသမူ ၁၀-ပါး။ ။ဆေးကျမ်းလာ အဘေါင်းဝေါဟာရ၊ ဤ၌ ပဥ္စကူသည် ခုဒ္ဒ ပဥ္စကူ, မဟာပဥ္စကူဟု နှစ်မျိုးလာလေသည်၊ "ဆူးလေ, ဆင်ခရမ်း, ကစော့သာလ ဗြရဏီ, ပြိဿ ဗြရဏီ" ဌင်းငါးပါးကို ခုဒ္ဒ ပဥ္စကူဆိုသည်။ မဟာ ပဥ္စကူကား- "ဥသျစ်, ကြောင်လျှာ, တပဆေး, သခွတ်, ရမနေ" ဌင်းဆေးငါးပါးကို ဆိုသည်၊ ဤ ဆေးဆယ်ပါး အမြစ်အပေါင်းကို ဆေးကျမ်းတို့၌ "ဒသမူ ဆယ်ပါး"ဟု ခေါ်ဝေါ်ညွှန်းဆိုကြကုန်၏။

ဒသရှုပါ၊ သတ္တဝါ၊ ၁၀-ဖြာ ရုပ်ပုံ အဘယ်နည်း? ။ရှေဘုံ နိဒါန်းလာ ဒသရှုပဖေါင်တော်ပုံမှ ယူဖြေသည်။ (၁) ခြသေ့နှုတ်သီး၊ အမောက် လည်ဆံ၊ (၂) တိုးအမြီးနှင့် ခြေတဖက် လက်တဖက်၊ (၃) နွားလည်ပို၊ (၄) ငါးကြင်းအမြီး၊ (၅) မြင်းနား နှစ်ဖက်, ခြေတစ်, လက်တစ်၊ (၆) ဆင်စွယ် နှစ်ချောင်း၊ (၇) မကန်း နာမောင်း၊ (၈) သမင်ချို တဖက်၊ (၉) ကျဲချို တဖက်၊ (၁၀) ကရဝိတ် ဘတောင်နှစ်ဖက်။

ဒသာကြီး ၁၀-ပါး။ ။ဗေဒင်ကျမ်းလာ ကောင်းဆိုးခွဲခြား သတ်မှတ် တွက်စစ်သော အခိုက်အတန့် ကာလ၏ အစိတ်ကြီး ဆယ်ပါး။ (၁) ကိုယ်ဝန် တည်ခိုက် ကာလ၊ (၂) မွေးဖွားခိုက် ဝိဇာတ ကာလ၊ (၃) နို့စို့ကလေး အခိုက် ကာလ၊ (၄) ဆယ်နှစ်အတွင်း ဒါရက အရွယ်၊ (၅) ဆယ်နှစ်မှ ဆယ့်ဝါးနှစ်အထိ ကီသောရ အရွယ်၊ (၆) ကုမာရ- ပျိုပျိုအရွယ်၊ (၇) ထက်ဝက်အိုရွယ် လူလတ် ကာလ၊ (၈) မဟလ္လက-အဘိုးအို ရွယ်၊ (၉) မတ ကာလ- သေခါနီး ရွယ်၊ (၁၀) မရဏ- သေခြင်းကာလ။

http://www.dhammadownload.com

[ဒါ]

ဒါန အစုတုမျိုး ၅-ပါး။ ။သူပိုက်တို့ပြုလေ့ရှိသည့် အပါယ်လားကြောင်း ဒါနမျိုး ၅-ပါး ဟူ၏။ ပရိ၀ါ။ပါ။ ၂၃၁။ဌ။၁၇၃-၌ ရှု။ ၎င်းသရုပ် (မဝေးလူအပ်သော ဒါနမျိုး ၅-ပါး)၌ ပြမည်။

ဒါနဥပါယ်၊ မျိုး ၅-သွယ်၊ မင်းဝယ် ကျင့်ဆောင်သုံး။ ။အမရကောသ ဋီကာ ဥပါယ် ၄-ပါး အဖွင့်မှယူပြသည်။ (၁) ဒမ္မဒါန- သူ ပူသုံးဆောင်သည်ကို ပြန်မတောင်းတော့ဘဲ အပြီးအပိုင် ပေးလိုက်ခြင်း၊ (၂) အနုဒမာဒန ဒါန-မိမိအား ပန်ကြား, မပန်ကြားဘဲ ယူငင် သုံးဆောင်သည်ကို ဝမ်းမြောက်ခြင်း၊ (၃) အ ပုဗ္ဗဒါန- ရှေးက မရစဖူး ထူးမြတ်သော ဥစ္စာရတနာတို့ကို ပေးကမ်းခြင်း၊ (၄) သယံ ဂါဟ ပစ္စတ္ထဒါန- မိမိ၌ အခန့်မသင့်မိ သူတပါး၌ဥစ္စာကို ချေးငှါးယူသုံးစေလျက် နောင်ခါ ငါ ပေးမည်ဟု တာ၀န်ဂတိ ထားပေးခြင်း၊ (၅) ကုဏပဖမောစန ဒါန-ကြွေးမြီ နှိပ်စက်ခံနေရသူကို စိုက်ဆပ်ပေးခါ သူ့ကြွေးမှ လွတ်စေခြင်း။

ဒါနပြုကြ၊ ကျိုးမဟာ၊ သုံး၀ အင်္ဂါလာ။ ။ဒါနပြု အလှူပေးဆုဌ် အောက်ပါ အင်္ဂါ ၃-ပါးနှင့် ပြည့်စုံမှ မဟပ္ဖလ ဓေါ ကြီးကျယ် မွန်မြတ်သော အကျိုးမျိုး ရနိုင်သည်။ (၁) အလှူပေးသူသည် စင်ဖြူသော သိလဖြင့် လုတ်ကျွတ်စွာ စွန့်ကြဲ လှူဒါန်းနိုင်ခြင်း၊ (၂) အလှူခံပုဂ္ဂိုလ်တို့၏ ကိုယ်ကျင့်သိလ ဖြူစင်ခြင်း၊ (၃) လှူဘွယ်ဝတ္ထုရှိ ဓနိယလဒ္ဓဓေါ် တရားသဖြင့် ရရှိထားသော ပစ္စည်းမျိုး ဖြစ်ရခြင်း။

ဒါနပြုရှာ၊ ကြောင်း ၈-ဖြာ၊ ကျိုးလာ အစေယ်နှုန်း? ။ ။အဋ္ဌကထာရ ပါဠိတော်နှင့် သံဂီတိသုတ်ပါဠိတော်တို့၌ လာသည့်အတိုင်း အပြားကို အောက်ပါ လက်ံာဖြင့် သိပါ။ (၁) ရောက်လာ၍ လှူ မိမိတို့ဌာနသို့ ခေါ်လာ၍ လှူခြင်း၊ (၂) ကြောက်၍ လှူနှင့်- ကြောက်သော့ကြောင့် လှူခြင်း၊ (၃) ပေးလှူ၍ လှူ-သူက ပေးလှူ၍ တဖန်ပြန်လှူခြင်း။ (၄) မေးလိမ့် လှူတည့်-လာဘ်ကို မျော်ကိုး၍ လှူခြင်း၊ (၅) ဓနုးသူတို့ခြိမ်း-မိမိုးဇလာ လှူခြင်းမျိုး၊ (၆) မချက်စမ်းနှင့်- ရဟန်းတော်များ ချက်မစားကောင်း၍ လှူခြင်း၊ (၇) ချီးမွမ်းရလို့-ချီးမွမ်း ခံယူလို၍ လှူခြင်း၊ (၈) မက်ဖိုလ်, လိုသည်- မက်ဖိုလ်ကို ရလို၍ လှူခြင်း၊ မိန့်ဆိုဒါန ရှစ်မျိုးတည်း။

http://www.dhammadownload.com

ဒါနမျိုး ၂-ပါး၊ ၅-နည်း။ ။ပေးလှူပုံ ကောင်းဆိုး နည်းငါးမျိုး။ (၁) ဝဋ္ဌ နိဿိတ ဒါန-လူနတ်စည်းစိမ် ချမ်းသာမျှကိုသာ တောင့်မှ၍ ပြုသော အလှူမျိုး၊ (၂) ဝိ ဝဋ္ဌ နိဿိတ ဒါန-ဝဋ်ဒုက္ခမှ ထွက်မြောက်ရာ မဂ်,ဖိုလ်, နိဗ္ဗာန်ကို ရည်မှန်း၍ ပြုသော ဒါနမျိုး။ (ပါရမီဒါနလည်းဟူ။)

ဒုတိယ တနည်း။ (၁) အာမိသ ဒါန- ဝတ္ထုပစ္စည်းမျိုးစုံ အလှူမျိုး၊ (၂) ဓမ္မ ဒါန- တရားပေစာ အလှူ, တရားဟော, တရားနာ, တရား အားထုတ်, တရားစာ သင်ယူ ပို့ချမှုမျိုး။

တတိယ တနည်း။ (၁) သံသိက ဒါန- အမျှားဆိုင်, အများပိုင်, အလှူမျိုး၊ (၂) ပုဂ္ဂလိက ဒါန- တဦးတည်းပိုင်, ပုဂ္ဂိုလ်ကိုလှူခြင်း။

စတုတ္ထ တနည်း။ (၁) အဂ္ဂ ဒါန- စားဦး စားဖျား အထွတ်အမြတ် အသစ်ကို ပေးလှူခြင်း၊ (၂) ဥစ္ဆိဋ္ဌ ဒါန- စားကြွင်း စားကျန် သုံးပြီး မျှားကို ပေးလှူခြင်းမျိုး။

ပဉ္စမ တနည်း။ (၁) သက္ကစ္စ ဒါန- ရိုသေလေးမြတ်စွာ ပေးလှူခြင်း မျိုး၊ (၂) အ သက္ကစ္စ ဒါန- မရိုမသေ ပေးလှူမှုမျိုး။

ဒါနမျိုး ၃-ပါး။ ။ပေးကမ်းလှူဒါန်းရာ၌ အယုတ်, အလတ်, အမြတ် သုံးပါး။ (၁) ဟီန ဒါန- ပကာသနမှု လိုလားပြီး စိတ်, ဆန္ဒ, ဝီရိယ, ပညာ, တို့ ညံ့ညံ့ဖြင့် ပြုသော ဒါနမျိုး၊ (၂) မဇ္ဈိမ ဒါန-စိတ်, ဆန္ဒ, စသည် အလတ်စား လောကီ စည်းစိမ်ချမ်းသာ လောက်သာ အာရုံ ထားပြီး ပေးလှူသော ဒါနမျိုး၊ (၃) ပဏီဟ ဒါန-စိတ်, ဆန္ဒ, စသည် ထက်မြက်စွာ လောကမှထွက်ရေး နိဗ္ဗာန်သို့ မြော်တွေး၍ ပေးလှူသော ဒါနမျိုး။

မှတ်ချက်။ ။အကျယ်လိုမူ လယ်တီဆရာတော်၏ ဒါနဒီပနီ ဒီပနီ၌ ရှုပါလေ။

ဒါနမျိုး ၉-ပါး၊ တနည်း။ ။(၁) ဒါန ဒါသ- ကျွန်ကို ပေးကျေးသလို ယုတ်ညံ့စွာ ပေးလှူခြင်းမျိုး၊ (၂) ဒါန သဟာယ- မိတ်ဆွေကို ပေးကျေး သလို ကိုယ် စားသုံးသည့် အတိုင်း ပေးလှူခြင်းမျိုး၊ (၃) ဒါန သာမိ- သခင်အရှင်ကို ပေးကျေးသလို အထွတ်အမြတ်ကို ပေးလှူခြင်းမျိုး။

http://www.dhammadownload.com

ဒါနဝတ္ထု ၆-ပါး။ ။လှူဘွယ် ဝတ္ထုမျိုး ၆-ပါး။ ရူပဒါန, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မဒါန။စရိယာပိဋကာ ။ဋ္ဌ။ ၂၉၉-၌ အကျယ်ရှု။

ဒါနဝတ္ထု ၁၀-ပါး။ ။သုတ်ပါထေယျ ။ပါ။ ၁၂၁ ။ဋ္ဌ။ ၁၀၆။ ပေးလှူစရာ ဝတ္ထုပစ္စည်း ဆယ်ပါး။ (၁) အန္န- ဆွမ်းအလှူ၊ (၂) ပါန-အဖျော်ရည် အလှူ၊ (၃) ဃရ- ကျောင်းဇရပ် အလှူ၊ (၄) ဝတ္ထ-အဝတ်သင်္ကန်း အလှူ၊ (၅) ယာန- လှေ ရထားစသော ယာဉ်အလှူ၊ (၆) မာလ-ပန်း အလှူ၊ (၇) ဝိလေပန- နံ့သာပျော်ငြင်းရည် အလှူ၊ (၈) သေယျ-အိပ်ရာ ကော်ဇော အလှူ၊ (၉) ဂန္ဓ- နံ့သာမှုန့် ရေမွှေး အလှူ၊ (၁၀) ပဒီပ-ဆီမီး အလှူ။

ဒါယကာဝတ် ၅-ပါး။ ။ရဟန်းတို့အား ဒါယကာ ဒါယိကာမများက ပြုရမည့်ဝတ် ငါးပါး။ (၁) ချစ်ကြည် မြတ်နိုးသော မေတ္တာစိတ်ကို အမြဲထားရှခြင်း (၂) ဆောင်ရွက်ပြုလုပ်ရမည့် ဝတ်ကြီး ဝတ်ငယ်တို့ကို အစဉ်မပြတ် ပြုလုပ်ပေးရခြင်း၊ (၃) ရဟန်းတို့နှင့် တွေ့သောအခါ ခင်မင်ချိုသာစွာနှင့် ကျန်းမာ ချမ်းသာကြောင်း စသော သာရဏီယကထာ စကားတို့ကို ပြောကြား နှုတ်ဆက်ရခြင်း၊ (၄) ပစ္စည်းလေးပါးဖြင့် ရဟန်းတို့လိုသမျှ တောင်းယူ နိုင်အောင် ဝိနည်းကံ အားလျော်စွာ ဖိတ်ကြား၍ ထားရခြင်း၊ (၅) ထိုသို့ ပစ္စည်းလေးပါး ဒါယကာ ဖြစ်သည့်နှင့်အညီ မိမိတတ်အားသမျှကို ပေးလှူ ပူဇော်ရခြင်း။

ဒိဋ္ဌဓမ္မအကျိုး ခံစားရသူ ၆-ဓယာက်၊ တနည်း ၇-ဓယာက်။ ။မိလိန္ဒပဉှာ ၁၂၀-၌ ပုဏ္ဏမည်သော ကျွန်မကို ထည့်၍ ၇-ယောက်ပြသည်၊ ၎င်း ၂၈၁-၌ ၆-ယောက်ပြသည်။ ဘုရားသခင် ထင်ရှား ရှိစဉ်ကာလ မိမိတို့ ဒါနကြောင့် မျက်မှောက်ဘဝ၌ပင် အကျိုးခံစားရသူ ၆-ယောက်ဟူ၏၊ အခြားပဂ္ဂိုလ်များလည်း ရှိသေးသည် မှတ်လေ။ (၁) မလွိကာ မိဖုရား၊ ဘုရားအား မုယောမုံ အသုံးလှူ၊ ထိုနှစ်ဦးပင် ကောသလမင်းကြီး၏ မိဖုရားကြီးဖြစ်၊ (၂) ပုဏ္ဏခေါ် ကျွန်ကူလီ၊ ရှင်သာရိပုတ္တရာအား ဆွမ်းလှူ၊ ထိုနှစ်ဦးပင် သူဌေးကြီး ပုဏ္ဏဖြစ်၏၊ (၃) ကေသာဠက ပုဏ္ဏား၊ ဘုရားအား အပေါ်ရုံပုဆိုးလှူ၊ ထိုနှစ်ဦးပင် အလုံးစုံ ရွှစ်ဥရွှစ်လီသော ဥစ္စာတို့ကို ရ၏၊ (၄) သုမန ပန်းသည်မ၊ မုလေးပန်းရွှစ်ဆုပ်လှူ၊ ထိုနှစ်ဦးပင် စည်းဝိမ်ချမ်းသာတို့နှင့် ပြည့်စုံခြင်းသို့ ရောက်၏၊ (၅) သုပ္ပိယ ခေါ် ဒါယိကာမ၊ ဂိလာန ရဟန်းအား ပေါင်သားလှီးလှူ၊ နှစ်ရက်မြောက်၌

http://www.dhammadownload.com

အနာလုံးဝပျောက်၊ အမာရွတ်မျှမထင်၊ (၆) ဂေါပါလ မာဇာ ဒေဝီ၊ ဆံပင်ဖြတ်ရောင်းရ ရွှစ်သပြာငွေမျှကို ရှင်မဟာကစ္စည်း ထေရ်အားလှူ၊ ထိုနွေဦးပင် ဥတေနမင်းကြီး၏ မိဖုရားကြီးဖြစ်။

ဒီဠဓမ္မနိဗ္ဗာန်မျှ၊ ၁၉-ပါး။ ။ဒီဠဓမ္မနိဗ္ဗာနသုတ် နဝဂံတ္တရ။ပါ။ ၂၄၆။ဠ။ ၂၀၄-၌ အကျယ်ရှုပါ။ ဆိုင်ရာတရားစုတို့၏ ချုပ်ငြိမ်းမှု ချမ်းသာကို ယခု မျက်မှောက်ဘဝ၌ပင် ကောင်းစွာတွေ့မြင် ခံစားရသော နိဗ္ဗာန် အမျိုးအစား တဆယ့်ကိုးပါး။ (၁) ဝိနီဝရဏ နိဗ္ဗာန်၊ (၂) ပဌမစျာန် နိဗ္ဗာန်၊ (၃) ဒုတိယစျာန် **ဌဏ်း၊ (၄) တတိယစျာန်** ၎င်း၊ (၅) စတုတ္ထစျာန် ၎င်း၊ **(၆) ပဉ္စမစျာန် ၎င်း၊ (၇) အာကာသာနဉ္စာယတန နိဗ္ဗာန်၊** (၈) **အာကိဉ္စညာယတန** ၎င်း၊ (၉) **ဓိညာဏဉ္စာယတန** ၎င်း၊ **(၁၀) နေဝသညာ** နာသညာယတန ၎င်း၊ (၁၁) သညာဝေဒယတနိုဓော ၎င်း၊ (၁၂) သော တာပတ္တိမဂ္ဂဉ်း၊ **(၁၃) သောတာပတ္တိဖလဌဉ်း၊ (၁၄) သကဒါဂါမိမဂ္ဂဉ်း၊** (၁၅) သကဒါဂါမိဖလ ၎င်း၊ (၁၆) အနာဂါမိမဂ္ဂ ၎င်း၊ (၁၇) အနာဂါမိဖလ ၎င်း၊ (၁၈) အရဟတ္တမဂ္ဂ ၎င်း၊ (၁၉) အရဟတ္တဖလ နိဗ္ဗာန်။

ဒီဠဓမ္မ ဝေဒနိယကံ၏ အင်္ဂါ ၄-ပါး။ ။မျက်မှောက်ဘဝ၌ ကြီးကျယ်စွာ အကျိုးပေးနိုင်မှုအတွက် အင်္ဂါ ၄-ပါး၊ **ဓမ္မပဒအဋ္ဌကထာ** ဒု-မှ။ (၁) အလှူ ခံပုဂ္ဂိုလ်မှာ ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓါ ဖြစ်ရခြင်း၊ (၂) နိဓောဓ သမာပတ်မှ ထခါစ ဖြစ်ရခြင်း၊ (၃) အလှူဝတ္ထု၏ ဓမ္မိယလက္ခဏ ဖြစ်ရခြင်း၊ (၄) ထူးကဲလွန်မြတ်သော သဒ္ဓါ ရှိရခြင်း။

ဒီဠဓမ္မ ဝေဒနိယကံ၏ အင်္ဂါ ၄-ပါး၊ တနည်း။ ။ယခု မျက်မှောက်ဘဝ၌ ကြီးကျယ်စွာ အကျိုးအမြတ်ပေးမှုအတွက် ပြုလုပ်သည့် ဒါနကုသိုလ်၏ အင်္ဂါ ၄-ပါး၊ အဋ္ဌသာလိနီ ၂၀၆။ ဓမ္မပဒ။ဠ။မှု-အုပ်။ ၅၆။တို့၌ အကျယ် ရှုပါ။ (၁) ဝတ္ထုသမ္ပဒါ-**အလှူခံသူမှာ** ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာများ ဖြစ်ခြင်း၊ (၂) **ပစ္စယသမ္ပဒါ-တရားသဖြင့်** သန့်ရှင်း **စင်ကြယ်စွာ**ရသော လှူဒါန်းပစ္စည်း**ဖြစ်**ခြင်း၊ (၃) စေတနာသမ္ပဒါ-စေတနာသုံးတန်နှင့် ပြည့်စုံခြင်း၊ (၄) ဂုဏာတိရေက သမ္ပဒါ- **အလှူခံသူသည် နိဓောဓသမာပတ်မှ** ထပြီးစဂုဏ်နှင့် ပြည့်စုံရခြင်း။

ဒီဠကြီး ၄-ပါး။ ။သမ္မုဒ္ဒဝါဒနှင့် ဆန့်ကျင်သော အကျင့်တရား ၄-ပါး။ (၁) အကြိုယ **ဒီဠိ-ကောင်းမှု** မကောင်းမှု ကုသိုလ် **အကုသိုလ်ခေါ်သော**

http://www.dhammadownload.com

အကြောင်းတရားစု ပြုမှုတို့ကို ပယ်သောအယူ၊ (၂) နတ္ထိက ဒိဋ္ဌိ-ကောင်းမှု မကောင်းမှုဘို့၏ ကောင်းကျိုး မကောင်းကျိုးဟူသည် မရှိ၊ လူလောကလုံ့ဘဝ,နတ်ဘဝ,အပါယ်ဘဝ ဟူ၍မရှိ၊ မခေါ်၊ အပြုံးအပြဲတ်ဟူသော ဝါဒမျိုး၊ (၃) အဟေတုက ဒိဋ္ဌိ- ကောင်းမှု မကောင်းမှု ပြုချင်ရာပြု၊ ကုသိုလ် အကုသိုလ်အရာသို့ မရောက်၊ သူ့အသက် သတ်နိုင်သည်၊ သူ့ဥစ္စာ ခိုးနိုင်သည် စသော အကြောင်းအကျိုး ၂-မျိုးလုံးကို ပယ်သည့် ဝါဒ၊ (၄) နိယတ မိစ္ဆာဒိဋ္ဌိ- "အကိရိယ ဒိဋ္ဌိ၊ နတ္ထိက ဒိဋ္ဌိ၊ အဟေတုက ဒိဋ္ဌိ" ၃-ပါးတို့တွင် တပါးပါးကို မြဲမြံစွာ စွဲလမ်း ယူထားသော ဝါဒ။

ဒိဋ္ဌကြိုး ၆၂-ပါး။ ။ဂုဏ်သရုပ် အဓိပ္ပါယ်ကို (ခြောက်ဆယ့် နှစ်ပါးသော မိစ္ဆာဒိဋ္ဌိ)မှာ ကြည့်ပါ။

ဒိဋ္ဌဂိုဏ်းဆရာကြီး ၆-ယောက်။ ။စာပေတို့၌ အမျှားအားဖြင့် "တိတ္ထိဂိုဏ်း, တိတ္ထိဘုရား"ဟု လာရှိသည် ဂုဏ်သရုပ်ကိုလည်း (တိတ္ထိဂိုဏ်း ဆရာကြီး ၆-ယောက်) ဟူသော ပုစ္ဆာ၌ ဆိုခဲ့ပြီ။

ဒိဋ္ဌဖြစ်ခြင်း အကြောင်း ၂-ပါး။ ။ဥဒ္ဓစ္စကျော်မှ။ (၁) အယူသီလ ဖောက်ပြန်မှုးယွင်း ပျက်စီးခြင်းရှိနေသူကို မှီဝဲ ဆည်းကပ်ခြင်း၊ (၂) သဿတအယူ, ဥစ္ဆေဒအယူ ရှိနေခြင်း။

ဒီဃနိကာယ် ၃-ကျမ်း။ ။ဂုဏ်သရုပ်ကို (နိကာယ် ၅-ရပ်) က,ပို၌ ကြည့်ပါ။

ဒီဃသရ ၅-လုံး။ ။ ၂-မတ္တရာကာလမျှ ရှည်ရှည် ရွတ်ဖတ်ရသော သရ ငါးလုံး၊ "အာ, ဤ, ဦ, ဧ, ဩ" တို့ဖြစ်၏။

[ဒု]

ဒုက္ခမျိုး ၃-ပါး။ ။သုတ်ပါဌေယျ။ပါ။၁၈၁။ဌ။၁၇၄။ ဆင်းရဲခြင်းအပြား ၃-ပါး။ (၁) **ဒုက္ခ ဒုက္ခ- ကာယိကဒုက္ခ, စေတသိကဒုက္ခ ခေါ်** ကိုယ်စိတ် ၂-ပါး **ဆင်းရဲခြင်းမျိုး၊** (၂) **သခါရ** ဒုက္ခ- လောကစည်းစိမ်တွေ့ မဖြစ်ဖြစ်အောင် **ပြုပြင်အားထုတ်ရမှု ဆင်းရဲ၊** (၃) ဝိပရိဏာမ ဒုက္ခ- သခါရ **နယ်ပယ်ဟူသမျှ ဖေါက်ပြန်ပျက်စီးရမြဲ ဆင်းရဲ။**

http://www.dhammadownload.com

ဒုက္ခသစ္စာ၏ အနက်သဘော ၄-ပါး။ ။ဝင်းသရုပ်ကို (သစ္စာအနက် ၁၆-ချက်)၌ ရှုပါ။

ဒုစရိုက် ၃-ပါး။ ။ ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်ကို ခေါ်သည်- အကျယ် (ဒုစရိုက် ၁၀-ပါး)၌ ရှုပါ။

ဒုစရိုက် ၁၀-ပါး။ ။မူလပဏ္ဏာသ။ပါ။၃၆၀။၌။ ၂၃၄။ နိဒါနဝဂ္ဂသံယုတ် ။ပါ။၃၇၇။၌။၁၃၃-၌ ရှုပါ။ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်, အပါယ် လေးပါးသို့ လားစေတတ်သော ဒုစရိုက်တရား ဆယ်ပါး။ (၁) ပါဏာတိပါတ- သူ့အသက်ကိုသတ်ခြင်း၊ (၂) အဒိန္နာဒါနာ-သူ့ဥစ္စာကို ခိုးယူခြင်း၊ (၃) ကာမေသု မိစ္ဆာစာရာ-သူ့မယားကို သွားလာလွန်ကျူးခြင်း၊ ဤသုံးပါးကား မကောင်းမှုကို ကိုယ်ဖြင့် ပြုကျင့်သောကြောင့် ကာယဒုစရိုက် ၃-ပါး မည်၏။

(၄) မုသာဝါဒ-မဟုတ် မမှန်သောစကားကို အမှန် အဟုတ် ပြုလုပ်ပြောဆိုခြင်း၊ (၅) ပိသုဏ ဝါစာ- သူနှစ်ယောက်တို့၏ အချစ်ကို ပျက်အောင် ကုန်းတိုက်ခြင်း၊ (၆) ဖရုသဝါစာ- အကြမ်းဘတမ်း ငေါက်ငမ်းဆဲရေးခြင်း၊ (၇) သမ္ဖပ္ပလာပဝါစာ- အပေါ့အဖျင်း အနှစ်ကင်းသောစကားကို ပြောဆိုခြင်း၊ ဤ လေးပါးကား မကောင်းမှုကို နှုတ်ဖြင့် ပြုသောကြောင့် ဝစီဒုစရိုက် လေးပါး မည်၏။

(၈) အဘိဇ္ဈာ- သူ၏ ဥစ္စာကို ငါ့ဥစ္စာ ဖြစ်သော် တော်လေစွဟု စိတ်ကအောက်မေ့ခြင်း၊ (၉) ဗျာပါဒ- သူတပါးကို ငြိုးထားရန်မက်နှိပ်စက်ရအောင် စိတ်က ကြံဆောင်ခြင်း၊ (၁၀) မိစ္ဆာဒိဋ္ဌိ- ဘုရားဟောမှန် ကျမ်းဓမ္မခန်းကို ပယ်လှန် စိတ်ထား အယူမှားခြင်း၊ ဤ သုံးပါးကား မကောင်းမှုကို စိတ်ဖြင့် ကြံစည်သောကြောင့် မနောဒုစရိုက် ၃-ပါး မည်၏။

ဒုစရိုက် ၃၀။ ။အထက်ပါ ဒုစရိုက် ၁၀-ပါးတို့တွင် တပါး တပါးလျှင် စေတနာသုံးပါးစီ ရရကား စေတနာသုံးတန်ဖြင့် မြောက်က ဒုစရိုက် ၃၀-ဖြစ်၏။

ဒုစရိုက် ၃၀-ပါး တနည်း။ ။ဒုစရိုက် ၁၀-ပါးကို လောဘ, ဒေါသ, မောဟ ၃-ပါးဖြင့် မြောက်ပွားလျှင် ၃၀-ဖြစ်၏၊ ဒသဂုံတ္တရ ။ပါ။ ၄၇၀ ။ဋ္ဌ။ ၃၃၀။

http://www.dhammadownload.com

ဒုစရိုက် ၄၀။ ။"ကိုယ်တိုင်, တိုက်တွန်း, ချီးမွမ်း, စိတ်တူ, ပွါးပြန်မူ၊ မှတ်ယူ လေးဆယ်က်" ဟူသော ဆောင်ပုဒ်အရ အထက်ပါ ဒုစရိုက် ဆယ်ပါးကို တည်။ (၁) ကိုယ်တိုင် ပြုခြင်း၊ (၂) သူတပါးအား ပြုဖြစ်အောင် တိုက်တွန်းခြင်း၊ (၃) သူတပါး ပြုမှုကို ချီးမွမ်းထောမနာ ဝမ်းသာခြင်း၊ (၄) စိတ်တူခြင်း၊ ၄-ပါးနှင့် မြောက်ပွားက အပါး ၄၀-ဖြစ်သည်၊ ပါဠိ အဂုံတ္တရ ဒသက ၌ ယူ။

ဒုတိယကွရာ ၅-လုံး။ ။ဝဂ်ငါးပါးတွင် ပါဝင်သော 'ခ, ဆ, ဌ, ထ, ဖ' အက္ခရာ ငါးလုံးတို့ကို သဒ္ဒါစည်းမျဉ်းအရ ခေါ်ဆိုသည်။

ဒုလ္လဘတရား ၅-ပါး။ ။သဂါထာဝဂ္ဂသံယုတ် ။၌။ ၂၂၅- ၌ အကျယ်ရှုပါ။ ရခဲလှစွာသော သဘောတရား ငါးပါးဟူလို။ (၁) ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ-ဘုရားအဖြစ်ကို ရခဲခြင်း၊ (၂) မနုဿတ္တဘာဝ ဒုလ္လဘ- လူ့ဘဝ လူ့အဖြစ်ကို ရခဲခြင်း၊ (၃) သဒ္ဓါ သမ္ပတ္တိ ဒုလ္လဘ- ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးနှင့် ကံ ကံ၏ အကျိုးကို ယုံကြည်ခြင်း စိတ်ဓာတ်ကို ရခဲခြင်း၊ (၄) ပဗ္ဗဇိတဘာဝ ဒုလ္လဘ- ဘုရားသာသနာတွင်း၌ ရှင်သာမဏေ ရဟန်း ပဉ္စင်း အဖြစ်ကို ရခဲခြင်း၊ (၅) သဒ္ဓမ္မသဝန အတိဒုလ္လဘ- သူတော်ကောင်း တို့၏ တရားစစ် တရားမှန်ကို အလွန်တရာ ကြားနာရခဲခြင်း။

ဒုလ္လဘပုဂ္ဂိုလ်ကြီး ၅-ပါး တနည်း။ ။ရခဲလှစွာသော ပုဂ္ဂိုလ်ကြီးများ။ ပဉ္စကတ္တရ ။ပါ။ ၁၄၀ ။၌။ ၅၂။ (၁) ဗုဒ္ဓဘုရားစစ်စစ်၊ (၂) သစ္စာ ၄-ပါးကို ဟောကြားတတ်သော ဓမ္မကထိက အစစ်၊ (၃) သစ္စာဘုရားကို သိသော အရိယာအစစ်၊ (၄) မဂ်ဖိုလ်ရရေးကျင့်သော ဝိပဿနာယောဂီ အစစ်၊ (၅) သူ့ကျေးဇူး သိတတ်သူ ကတညုတ ကတဝေဒီပုဂ္ဂိုလ်။

ဒုဿီလရဟန်း၏ ကျေးဇူးဂုဏ် ဆယ်ပါး။ ။မိလိန္ဒပဉှာ ၂၄၉-၌ အကျယ်ရှု။ လူ ဒုဿီလထက်, ရဟန်း ဒုဿီလက အောက်ပါ ကျေးဇူးဂုဏ်ဆယ်ပါး ဘာသည်ဟူ၏။ (၁) ဗုဒ္ဓ သဂါရဝ ဂုဏ်- ဘုရားမျှင်၌ ရိုသေခြင်းရှိသည်၊ ဓမ္မ ဂါရဝ ဂုဏ်- တရားတော်၌ ရိုသေခြင်းရှိသည်၊ (၂) သံဃ ဂါရဝ ဂုဏ်- သံဃာတော်၌ ရိုသေခြင်းရှိသည်၊ (၃) သဗ္ဗတ္ထစာရိက ဂါရဝ ဂုဏ်- သိက္ခာတော်သုံးတော်၌ ရိုသေ၍ ပါဠိအဋ္ဌကထာ၌ အင်္ဂါယူခြင်း သို့လ ရှိသည်။ (၄) သဂရု ဘာဝနာလ ဂုဏ်- အကြွားအမြဲ မျှားသည်၊ (၅) ပရိသဂတ အာကပ္ပ သမ္ပန္ဂ ဂုဏ်- ဒုဿီလပင် ဖြစ်သော်လည်း ပရိသတ်

http://www.dhammadownload.com

အလယ်၌ ရဟန်းအသွင်အပြင်ကို ဖြစ်စေသည်၊ (၇) ဂရုဟာဘယ ကာဂေ ဂါစာရကွ ဂုဏ်- သူတပါး ကဲ့ရဲ့မည့် ဘေးကိုကြောက်၍ ကိုယ်နှုတ်ကို စောင့်ရှောက်သည်၊ (၈) ပဓာနဘာဝိမုခ ဂုဏ်- ကမ္မဋ္ဌာန်းဦး ရှေရှုစိတ် ရှိသည်၊ (၉) ဘိက္ခု သာမညပဂတ ဂုဏ်- ရဟန်း၏အဖြစ်သို့ ကပ်သည်၊ (၁၀) ပါပစ္ဆန္န ဂုဏ်-မကောင်းမှုကို ပြုသော်လည်း ဖုံးလွှမ်း၍ပြုကျင့်၏။

[၈၁]

ဒေဝဒူတ တရား ၅-ပါး။ ။လူတို့ သံဝေဂရှုအတွက် နတ်တမန်ခေါ် သေမင်းတမန် ငါးပါး။ ဥပရိပဏ္ဏာသ ပါဠိတော်။ (၁) ဇာတိ-ပဋိသန္ဓေ တည်နေ မွေးဖွားရမှု၊ (၂) ဇိဏ္ဏ- အိုမင်း ရင့်ယော်ရမှု၊ (၃) အာတုရ- ကျင်နာကိုက်ခဲ ရောဂါသည်းခြင်း၊ (၄) အာဝုဓ- လား, လှံ, သေနတ်စသော လက်နက်မျိုး၊ (၅) မတ- သေသူ, သူသေကောင်။

ဒေဝဓံတရား ၂-ပါး။ ။နတ်များ နှစ်သက် မြတ်နိုးသော တရား၊ ကမ္မာ စောင့်တရား၊ ၂-ပါးလည်း ခေါ်၏၊ ဓမ္မပဒ- ။၌။ ဒု-အုပ်။ ၄င်-နှင့် ဒေဝဓမ္မဇာတ် ဒုကဂုတ္တရပါဠိတော်၌ လာသည်၊ (၁) ဟိရိ-မကောင်းမှု အားလုံးမှ ရှက်ခြင်း သဘော၊ (၂) ဩတ္တပ္ပ- မကောင်းမှု အားလုံးမှ ကြောက်ခြင်း, မပြုဝံ့ခြင်းသဘော။

ဒေဝီ ၅-ပါး။ ။လောကီသိဒ္ဓိတို့ကို ပေးစွမ်းနိုင်သည့် နတ်သမီးကြီး ငါးဖြာ။ (၁) သူရဿတီ၊ (၂) စန္ဒီ၊ (၃) ပရမိသွာ၊ (၄) မဟာပိန္ဒဲ၊ (၅) ဂေါရီ ဝိန္ဒာ၊ ၎င်းတို့ကို တောင့်တဖိတ်ခေါ် ကျူးရင့်သည့် ဂါထာကား၊ "သူရဿတီစ မေ မာတာ၊ မာတာစ မေ သူရဿတီ၊ အနုကမ္ပံ ဥပါဒါယ၊ ပိယံဒေဟိ၊ လာဘံဒေဟိ၊ ဓနံဒေဟိ၊ သုခံဒေဟိ၊ မိတ္တံဒေဟိ၊ ဉာဏံဒေဟိ-သူရဿတီ"။ ။ကျန် ဒေဝီ ၄-ပါးကိုလည်း အမည်သွင်း၍ ဤနည်းဖြင့် ရွတ်ဆိုကျူးရင့်လေ။

ဒေဝီ ၇-ပါး တနည်း။ ။(၁) မိန္ဒရဒေဝီ၊ (၂) သက္ကဒေဝီ၊ (၃) မေခလာ ဒေဝီ၊ (၄) ကိန္နရာဒေဝီ၊ (၅) ရုက္ခဒေဝီ၊ (၆) စန္ဒာဒေဝီ၊ (၇) စန္ဒီဒေဝီ ၎င်းတို့ကို ကောင့်တ ဖိတ်ခေါ် ကျူးရင့်သည့် ဂါထာများကား အထက်ပါ သူရဿတီ ဂါထာအတိုင်း။

http://www.dhammadownload.com

ဒေဝီ ၉-ပါး တနည်း။ ။လောကီသိဒ္ဓိ အကျိုးကို ထင်ရှားစွာ ပြုစေတတ်သော ဒေဝီ ၉-ပါးကို မှော်ပညာဆရာများ အထူးလိုက်စား ပင့်ဆောင်ပူးကပ်ကြစေသည်။ (၁) မာတာဒေဝီ၊ (၂) ဣရန္ဒသီ၊ (၃) ဟ္ရရန္ဒတီ၊ (၄) မဏိမေခလာ၊ (၅) သူရဿတီ၊ (၆) မာယာဒေဝီ၊ (၇) ဇာဂြိုဒေဝီ၊ (၈) ပြာဂြိုဒေဝီ၊ (၉) ဇာရုဝတီ ဂုဏ်တို့ကိုလည်း သူရဿတီ ဂါထာအတိုင်း ဤဒွိအမည်သွင်း၍ အစောင့်အရှောက် တောင်းရန် ကျူးရင့်ဖိတ်ခေါ်နိုင်သည်။

ဒေဝီ တကျိပ် နှစ်ပါး။ ။(၁) သတ္တဘာဂါ၊ (၂) သူရဿတီ၊ (၃) မဟာလက္ခီ၊ (၄) ဗလိရာဇာ၊ (၅) ဝါမာသူရ၊ (၆) ဇလသန်ဂျာ၊ (၇) ဂဏပါကာ၊ (၈) ယောဂဒန္တရာ၊ (၉) ကလျာဏဂံဂါ၊ (၁၀) နန္ဒာဒေဝီ၊ (၁၁) နရိန္ဒာ ဒေဝီ၊ (၁၂) မဟာဗိဿနိုး ဂုဏ်းတို့ကို ကျူးရင့် ဖိတ်ခေါ် အပ်နှင်းသည့် ဂါထားများကား ဆိုင်ရာအမည်သွင်း၍ အထက်နည်း အတိုင်း ရွတ်လေ။

ဒေဝီ တကျိပ်နှစ်ပါး၊ တနည်း။ ။ဤဒွိဖေါ်ပြထားသည့် ဒေဝီ ၁၂-ပါးကို ကား၊ လောကစောင့်ဒေဝီ တကျိပ်နှစ်ပါးဟု ထိုဒေဝီသျှတို့ရာ၌ သီးခြားထုတ်ဆို ပြထားသည်။ (၁) သူရဿတီ ဒေဝီ၊ (၂) စန္ဒီဒေဝီ၊ (၃) နိုဘြဒေဝီ၊ (၄) မနောဟရီ ဒေဝီ၊ (၅) ဇုဘာဇတီ ဒေဝီ၊ (၆) ရုမွာ ဒေဝီ၊ (၇) ကာရ ဒေဝီ၊ (၈) ဂန္ဓဗ္ဗီ ဒေဝီ၊ (၉) ဝိနတ္ထရီ ဒေဝီ၊ (၁၀) စန္ဒာ ဒေဝီ၊ (၁၁) ပရမေသွာ ဒေဝီ၊ (၁၂) မဏိမေခလာ ဒေဝီ၊ ဤသို့လျှင် ပေါင်း ဒေဝီ သုံးကျိပ်သုံးပါး။ တနည်း လေးကျိပ် ဂါးပါး ဟု ထိုဒေဝီသျှတို့ရုကျမ်းတွင် အပေါင်းကိုလည်း ပြဆိုထားလေ၏၊ ထိုကြောင့် ဂုဏ်နတ်ပင့် လက်ဝဲကြီး အဆုံးနားတွင်။ ။"ဆရာမိန့်ခွန်း၊ ဆိုခဲ့ညွှန်းသည်၊ နှုတ်ခွန်းသံတိုင်း၊ မဆုတ်ဆိုင်းနှင့်၊ အမိုင်းအမ၊ ကိုယ်ကာယတွင်၊ စောင့်ကြမြဲပင်၊ စွဲထုံလျှင်၊ နတ်ရှင်ဒေဝါ၊ သတ္တဘာဂ- သူရဿတီ၊ လက္ခီမဟာ၊ ဗလိရာဇာ၊ ဝါမာသူရ၊ ဇလသန်ဂျာ၊ ဂဏပါက၊ ယောဂတန္ဒရ်၊ ကလျာဏတဖြာ၊ နန္ဒာဒေဝီ၊ နရိန္ဒာဒေဝီ၊ မဟာဗိဿနိုး၊ ဆယ့်နှစ်မျိုးနှင့်၊ တန်ခိုးကြီးစွာ၊ ကိန္နရာဇော၊ သင်္ကေတဒေဝီ၊ တလိရောင်ဖြာ၊ မေခလာမည်၊ ကိန္နရီရုက္ခ၊ ထိုမှစန္ဒီ၊ ကျော်သည်စန္ဒာ၊ ခုနှစ်ဖြာနှင့်။ မာတာဒေဝီ၊ ဣရန္ဒသီ၊ ဟ္ရရန္ဒတီ၊ မဏိမေခလာ၊ သူရဿတီ၊ မာယာဒေဝီ၊

http://www.dhammadownload.com

ဇာဂရီ၊ ပြာဂရီ၊ ဇာရဝတီ၊ ဒေဝီကိုးပါး၊ မိမင်းများနှင့်။ ငါးဦးတလီ၊ သူရဿာတီ၊ စန္ဒီ ပရမိသွာ၊ မဟာပိန္ဒဲ၊ လွန်ကဲကျော်စော၊ ဂေါရဝိန္ဒ၊ ဟူသမျှနှင့်၊ တကွပေါင်းရုံး၊ သုံးကျိပ်သုံးတို့၊ စုရုံးအကုံ၊ ထောက်ကြ တုံလော။ လုံးစုံစကား၊ ဆိုသည်များကို၊ ထောင်နာနာကြ၊ အချအချ၊ အမှီအဆဲ၊ အနှဲအငင်၊ ခုပင်ထက်ကြပ်၊ မရပ်မနေ၊ ပြုကြပေလော" စသည်ဖြင့် ပါရှိလေသည်၊ ကဝေဿရ ကျမ်းမှာလည်း ၎င်းနတ်ပင့် မန္တာန်ကြီးများ ပါရှိလေသည်။

ဒေသစာရီတော်မျိုး ၂-ပါး။ ။(၁) တုရိတ စာရိကာ။ ကျတ်ထိုက်သော သတ္တဝါကို မြင်တော်မူသော အခါ ယူဇနာ ၁၀၀၊ ၂၀၀-ခရီးမျိုးကို တဒဏခြင်း လျင်မြန်စွာ ကြွသွားတော် မူခြင်းမျိုး၊ (၂) အ တုရိတ စာရိကာ။မြို့-ရွာ-နိဂုံး-အစဉ်အားဖြင့်-တနေ့-နည်းနည်း၊ နည်းနည်း-တဂါ ရုတ်-နှစ်ဂါဝုတ်၊ တယူဇနာ-နှစ်ယူဇနာ စသည်ဖြင့် ဆွမ်းခံ လှည့်လည် ခြင်း လူအပေါင်းကို ချီးမြှောက်ခြင်း အလို့ငှါ ဖြေးဖြေး-နှေးနှေး-ကြွချီ တော်မူခြင်းမျိုး။

မှတ်ချက်။ ။ဒေသစာရီတော်မျိုးနှင့်စပ်၍ သုတ်သီလကွန်။ ဌ။ ၂၁၃-မဇ္ဈိမပဏ္ဏာသ။ဌ။ ၅၅။သုတ္တနိပါတ်။ဌ။ ဒု။ ၁၆၂။ သံယုတ္တ။ ဌ။ တ။ ၃၁၀။ နေတ္တိ။ ဌ။ ၂၂၉။ စသည့်ကျမ်းတို့၌- အများ ပေါင်းများစွာ လာရှိသေး၏။

ဧကဒေသစာရီတော်မျိုး ၃-ပါး။ ။ဘုရားရှင်တို့၏ ဒေသစာရီ ကြွချီတော်မူပြု ၃-ပါး။ ဝိနည်းအဋ္ဌကထာမှ။

(၁) မဟာမဏ္ဍလ ဒေသစာရီ- သိတင်းကျတ်လပြည့်ကျော် ၁-ရက်နေ့၌ ရဟန်းတော်များ ခြံရံကာ ထိုထိုမြို့ရွာနိဂုံးတို့သို့ တရားဟော ဟောပြ ဆုံးမတော်မူခြင်း။ ပစ္စည်း ၄-ပါး အလှူခံကာ ချီးမြှောက်တော် မူခြင်းတို့ဖြင့် ၉-လ တိုင်တိုင် လှည့်လည်ကြွတော်မူ၍ ဝါဆိုခါနီးလာမှ သင့်လျော်ရာ ကျောင်း၌ ဝါကပ်တော်မူခြင်းမျိုး။

(၂) မဇ္ဈိမ မဏ္ဍလ ဒေသစာရီ- ထပည်းဆာဝက သံဃာတို့ ထမထ ဟိယောနာ ဉာဏ်ဒုသေးသည်ဖြစ်၍ တန်ဆောင်မုန်း လပြည့်ကျော် ၁-ရက်နေ့ကမှ အထက်ပါနည်းအတိုင်း ၈-လ တိုင်တိုင် လှည့်လည် ကြွချီတော်မူခြင်းမျိုး။

http://www.dhammadownload.com

(၃) အန္တိမ မဏ္ဍလ ဒေသစာရီ- ယျတ်ထိုက်သော သတ္တဝါတို့ ဣန္ဒြေ နုသေးသည်ဖြစ်အံ့၊ ဝါဆိုရာဌာနဌ်ပင် နတ်တော်လပြည့် ထိအောင် ငံ့လင့်တော်မူ၍ အထက်ပါနည်းအတိုင်း နတ်တော် လပြည့်ကျော် ၁-ရက်နေ့မှ စတင် ချီကြွတော်မူရာ ၇-လပတ်လုံး ဖြစ်လေသည်။

ဒေသစာရီ ရှည်ရှည် သွားရခြင်း၏ အကျိုး ၅-ပါး။ ။ဂင်းသရုပ်(ခရီးရှည် ဒေသစာရီ သွားရခြင်း အကျိုး ၅-ပါး)၌ ရှုပါ။

ဒေသနာဇော် ၃-ရပ်။ ။သုတ်သီလကွန် ။ဌ။ ၁၇- ၁၉-၌ အကျယ်ရှုပါ။ ပိဋကတ်သုံးပုံ၌ ဒေသနာအားဖြင့် ၃-ပါးပြား၏။ (၁)အာဏာ ဒေသနာ- အမိန့် အာဏာကောင်းကို အများအားဖြင့် ထည့်သွင်းပညတ်တော်မူသော ဝိနည်း ပိဋကတော်၊ (၂) ဝေါဟာရ ဒေသနာ- ဝေါဟာရ ပါရဂူ ဖြစ်တော်မူသော ဘုရားသခင်သည် ဝေါဟာရကို အများဆုံး သုံး၍ ဟောကြားတော်မူသော သုတ္တန် ပိဋကတ်တော်၊ (၃) ပရမတ္ထ ဒေသနာ- ပရမတ်တရားတို့ကို အဦးထား၍ ဟောကြားတော်မူသော အဘိဓမ္မာ ပိဋကတော်။

ဒေသနာမျိုး ၂-ပါး။ ။ဘုရားရှင် ဟောကြား ဆုံးမမှု **အစဉ်နှစ်ပါး**။ (၁) မည်တို့ ဒေသနာ- ယူ, နတ်, ရဟန်း, မိဘ, ဆရာ, ဘုရား စသော အနက်ဒြပ်နှင့် ငင်းတို့၌ရှိသော ဂုဏ်ကိုပြ၍ ဟောသော ဒေသနာ၊ ငင်း ကိုပင် 'သမ္မုတိ ဒေသနာ'ဟုလည်း ခေါ်သေး၏၊ (၂) ပရမတ္ထ ဒေသနာ- စိတ် စေတသိက် ရုပ် နာမ်တို့ကိုပြ၍ ဟောသော ဒေသနာ။

[ဒဓါ]

ဒေါမနဿမျိုး ၂-ပါး။ ။သုတ်မဟာဝါ အဋ္ဌကထာ၊ ၃၁၈-၌ အကျယ်ရှုပါ။ (၁) ကေဟသိတ ဒေါမနဿ- ကာမဂုဏ် ၅-ပါးနှင့်စပ်၍ အလိုမပြည့်သည့် အခါ စိတ်နှလုံးမသာယာမှု ဒေါမနဿမျိုးကို ခေါ်ဆိုသည်၊ (၂) နေက္ခမ ဒေါမနဿ- အိုးအိမ် သားမယား စသည် ပစ်ခွါ၍ ရဟန်းပြုလျက် နေက္ခမလုပ်ငန်း သမထ ဘာဝနာ ဝိပဿနာတရားများကို အားထုတ် ပွားများပါသော်လည်း စျာန်, မဂ်, ဖိုလ် တရားတို့ကို မရနိုင်ရှိ၍ ဝိုကြွေး မြှုပ်တမ်းခြင်း စိတ်နှလုံး မသာယာမှုကို နေက္ခမ ဒေါမနဿဟု ခေါ်ဆိုသည်။

http://www.dhammadownload.com

မှတ်ချက်။ ။နေကွမ ဒေါမနဿကား ကောင်းသော ဒေါမနဿမျိုး ဖြစ်၍ အပါယ်လေးပါး မကျနိုင်ချေ။

ဒေါမဒန်ပွားများ၊ ၁၄-ပါး၊ မျိုးစား ပုဂ္ဂိုလ် အဘယ်နည်း? ။ ၎င်းသရုပ်ကို (အမျက်ကြီးငြား ၁၄-ပါး)ဟူသော သုတေသနဋ္ဌ ပြခဲ့ပြီ။

ဒေါသ ၃-ပါး။ ။သလိပ်, သည်းခြေ, လေ, ဤသုံးပါးကို သတ္တဝါတို့၏ ကိုယ်ကို ဖျက်ဆီးတတ်သောကြောင့် ထိုထို ဆေးကျမ်းတို့၌ ဒေါသ ၃-ပါးဟု ခေါ်ဆိုရေးသားကြ၏။

[ဒျ]

ဒျန့် ၃-ပါး၊ ဂိတသွား၊ သီငြား ထံတျာ။ ။သီချင်းကြီး, သီချင်းခံ, ဘွဲ့, ပတ်ပျိုး, ကြိုး, စသည် သိဆိုရာ၌။ (ပ) အာဒျန့်၊ (၂) လျှာဒျန့်၊ (၃) နှာဒျန့်၊ ၎င်းဒျန့် ၃-ပါးဖြင့် ဂိတသွားတို့၌ အဟိုက်, အငင်, အသွဲ့ အဖြတ်,ထည့်လျက် ကျူးရင့်သီဆိုပုံ နည်းကို ဆို၏။

[ဒွ]

ဒွါဒရာသီ၊ ၁၂-လီ၊ ခေါ်မှီ လူတို့ထုံး။ ။ရာသီ ဆယ့်နှစ်ပါးကို ဆိုသည်၊ ၎င်းသရုပ် အဓိပ္ပါယ်ကို (ဆယ့်နှစ်ရာသီ)မှာ ကြည့်ပါ။

ဒွါဒသရူပါ၊ သတ္တဝါ၊ ၁၂-ဖြာ ရှုပ်ပုံ အဘယ်နည်း? ။ရှေဘုံ နိဒါန်းလာ ဒွါဒသရူပ ဖေါင်ပုံမှ ယူဖြေသည်။ (၁) ခြင်္သေ့နှုတ်သီးနှင့် ၎င်းအမောက်၊ (၂) တိုးမြီးနှင့် ၎င်းလက်တဖက်, ခြေနှစ်ဖက်၊ (၃) ကိန္နရာလက်နှစ်ဖက် ကနေဟန်၊ (၅) မြင်းနား နှစ်ဖက်၊ (၆) ဆင်စွယ် နှစ်ချောင်း၊ (၇) မကန်းနှာမောင်း၊ (၈) ကရဝိက်အတောင် နှစ်ဖက်၊ (၉) သမင်ချို နှစ်ဖက်၊ (၁၀) ကျဲချို နှစ်ဖက်၊ (ချို နှစ်ထပ်) (၁၁) စာမရီ လည်ဆံ၊ (၁၂) ငါးကြင်းအမြီး (တိုးမြီးနှင့် ၂-ထပ်။)

ဒွါရ ၃-ပါး။ ။အကုသိုလ်, ကုသိုလ် ၂-ပါး တို့၏ ဝင်ထွက် ကျရောက်ဖြစ်ပေါ်ရာ ၃-ပါး။ (၁) ကာယ ဒွါရ၊ ကိုယ်ဖြင့်ပြုသော ကောင်းမှု, မကောင်းမှု ဖြစ်ပေါ်ရာ၊ (၂) ဝစီ ဒွါရ- ဂုဏ်ကျေးဇူးကို ချီးကျူး

http://www.dhammadownload.com

ပြောဆိုကြောင်း ကဲ့ရဲ့ကြောင်း ဖြစ်သောနှုတ်၊ (၃) မနော ဒုစရိုက်မှန်းဆ၍ အာရုံပြုကြောင်းဖြစ်သော စိတ်။

ဒုစရိုက် ၆-ပါး။ ။အာရုံတို့၏ ထုက်ဝင်ရာ အပေါက် ၆-ပါး ဟူလို။ (၁) စက္ခု ဒုစရိုက်-မျက်စိ၊ (၂) သောတ ဒုစရိုက်-နား၊ (၃) ဃာန ဒုစရိုက်-နှာခေါင်း၊ (၄) ဇိဝှါ ဒုစရိုက်-လျှာ၊ (၅) ကာယ ဒုစရိုက်-ကိုယ်၊ (၆) မနော ဒုစရိုက်-စိတ်။

ဒုစရိုက် ၉-ပေါက်။ ။ကိုယ်ခန္ဓာ၌ရှိသော မျက်စိ ၂-ပေါက်၊ နား ၂-ပေါက်၊ နှာခေါင်း ၂-ပေါက်၊ ပါးစပ်, ဝစ္စမဂ်, ပဿာဝမဂ်, ပေါင်း ၉-ပေါက်ကို ခေါ်သည်။

ဒုစရိုက် ၁၀-ပေါက်။ ။ဂင်း သမျုပ်အဓိပ္ပါယ် (ယောကျ်ား ဒုစရိုက် ၁၀-ပေါက်) ၌ ကြည့်ပါ။

ဒုစရိုက် ၁၃-ပေါက်။ ။ဂင်း သရုပ်အဓိပ္ပါယ် (မိန်းမ ဒုစရိုက် ၁၃-ပေါက်) ၌ ပြမည်။

ဒွေဝါစိက သရဏဂုဏ် ၂-ပါး။ ။(၁) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ (၂) ဓမ္မံ သရဏံ ဂစ္ဆာမိ။ (တဖုဿနှင့် ဘလ္လိက-တို့ ဆောက်တည်သည်။)

ဒွေပဋိပတ္တိဝိညာဉ်-၁၀။ ။ကောင်း · မကောင်းမြင် စက္ခုဝိညာဉ်ဒွေး ၂-ခု။ ကောင်း-မကောင်းကြား၊ သောတဝိညာဉ်ဒွေး ၂-ခု။ ကောင်း-မကောင်းနံ၊ ဃာနဝိညာဉ်ဒွေး ၂-ခု။ကောင်း-မကောင်းစား၊ ဇိဝှါဝိညာဉ်ဒွေး ၂-ခု။ ကောင်း-မကောင်းထိ၊ ကာယဝိညာဉ်ဒွေး ၂-ခု။ ပေါင်း ၁၀-ခု။ ဆယ်ပါး ဖြစ်၏။

[ဓ]

ဓနိတ အက္ခရာ ၁၀-လုံး။ ။ကမ္မဝါစာဖတ်ရာ၌ အသံတင်းတင်း ပြင်းပြင်းထန်ထန် ရွတ်ရသော အက္ခရာမျိုး ၁၀-လုံး။ "ခ, ဃ, ဆ, ဈ, ဋ, ဓ, ထ, ဓ, ဖ, ဘ," တို့ဘည်း။

http://www.dhammadownload.com

ဓမ္မကထိက အင်္ဂါ ၅-ပါး။ ။ပဋ္ဌာန်းတွဲ ။ပ။ ၁၆၂ ။ဋ္ဌ။ ၅၅-ဦး အကျယ်ရှုပါ။ တရားဟောတိုင်း ဓမ္မကထိက မမည်နိုင်ခြေ။

ဓမ္မကထိကမျိုး ၄-ပါးနှင့် ပရိသတ် ၄-စား။ ။အဘိဓမ္မာ ပုဂ္ဂလပညတ် ။ပါ။ ၁၄၈ ။ဋ္ဌ။ ၇၄-ဦး အကျယ်ရှု။ တရားဟောဆရာ ၄-မျိုးနှင့် တရားနာ ပရိသတ် ၄-ပါး။ ပညာရှိ, မရှိ ခွဲခြားချက်။

(၁) ဗာလ ဓမ္မကထိက, ဗာလ ပရိသတ်-အနည်းငယ်မျှလည်း ဟောကြားသော်၊ အကျိုးစီးပွားနှင့်လည်း မယှဉ်၊ တရားနာ ပရိသတ်ကလည်း နာကား နာယူ၏၊ အကျိုးရှိ,မရှိ ဘာမျှမသိခြေ။

(၂) သဘာဝ ဓမ္မကထိက,ပဏ္ဍိတ ပရိသတ်-အနည်းငယ်သာ ဟောကြား၏၊ အကျိုးစီးပွားနှင့်ကား ယှဉ်၏၊ တရားနာ ပရိသတ်ကလည်း အကျိုးရှိ, မရှိ သိလိမ်မာ၏။

(၃) ဗာလ ဓမ္မကထိက, ဗာလ ပရိသတ်-ရှည်ရှည်လျားလျား များများလည်း ဟောကြား၏၊ အကျိုးစီးပွားနှင့်လည်း မယှဉ်၊ သူ့ပရိသတ်ကလည်း အကြောင်း အကျိုး ဘာမျှ မသိ၊ စီးပွားရှိမဲ့လည်း နားမလည်။

(၄) ပဏ္ဍိတဓမ္မကထိက, ပဏ္ဍိတပရိသတ်-အကျိုးစီးပွားနှင့် စပ်ယှဉ်သော တရားတို့ကို ရှည်ရှည်လျားလျား များများလည်း ဟောကြား၏၊ ဖရိုဖရဲကလည်း ကြောင်းကျိုးဆင်ခြင် ဉာဏ်ပညာနှင့် ယှဉ်၍ နာတတ်၏။

ဓမ္မကထိကတို့ အသံ ဆွဲခဲ့ရှည်ငင် ဟောခြင်း အပြစ် ၅-ပါး။ ။(၁) မိမိအသံ၌ မိမိသာယာ နှစ်သက်ခြင်း၊ (၂) သူတပါးတို့ကလည်း တရားမမက် အသံကိုသာ သာယာတပ်မက်ကြခြင်း၊ (၃) ပညာရှိသူတို့ ကဲ့ရဲ့ပြစ်တင်မှုကို ခံရတတ်ခြင်း၊ (၄) အသံကောင်းမှု လုံ့လပြုရ၍ သမာဓိ ပျက်စီးခြင်း၊ (၅) နောက်နောက် ပုဂ္ဂိုလ်တို့ အတုလိုက် ဟောကြားမှု ကြောင့် သာသနာပျက်လွယ်ခြင်း။ ပဋ္ဌာန်းတွဲ ပါဠိတော် ၂၁၉ ။ဋ္ဌ။ ၇၀-ဦး အကျယ်ရှုပါ။ ဤသို့ အသံရှည်စွာ ဆွဲငင်၍ မဟောရ-ဟု ဝိနည်း သိက္ခာပုဒ်ကလည်း ပညတ်ထားသည်။

http://www.dhammadownload.com

ဓမ္မခန္ဓာ၊ ၄-ပါးလာ၊ ဝေဖြာ ခြားနားသိ။ ။တရားတော်၏ ဂုဏ်အပေါင်း အစု ၄-ခု။ (၁) သီလက္ခန္ဓာ- သီလတည်းဟူသော ဂုဏ်အပေါင်း၊ (၂) သမာဓိက္ခန္ဓာ-သမာဓိတည်းဟူသော ဂုဏ်အပေါင်း၊ (၃) ပညာက္ခန္ဓာ-ပညာတည်းဟူသော ဂုဏ်အပေါင်း၊ (၄) ဝိမုတ္တိခန္ဓာ- နိဗ္ဗာန်တည်းဟူသော ဂုဏ်အပေါင်း။

ဓမ္မခန္ဓာပေါင်း (၈၄၀၀၀) ရှစ်သောင်းလေးထောင်။ ။ဝိနည်းပါဆိုဇက အဋ္ဌကထာ။ ပ-အုပ်။ ၂၃-၌ အကျယ်ရှု။ ပိဋကသုံးပုံ၌ ဘုရားဟော ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ရှိသည်ကို ဆိုသည်။ (၁) ဝိနည်း ပိဋကတော်၌ ဓမ္မခန္ဓာပေါင်း ၂၁၀၀၀ (နှစ်သောင်းတထောင်) ရှိသည်၊ (၂) သုတ္တန်ပိဋကတော်၌ ဓမ္မခန္ဓာပေါင်း ၂၁၀၀၀(နှစ်သောင်းတထောင်) ရှိသည်၊ (၃) အဘိဓမ္မာ ပိဋကတော်၌ ဓမ္မခန္ဓာပေါင်း (၄၂၀၀၀) လေးသောင်းနှစ်ထောင် ရှိသည်၊ ပေါင်း ရှစ်သောင်းလေးထောင် ဖြစ်၏။

ဓမ္မခန္ဓာ၊ မြတ်အင်္ဂါ၊ ၉-ဖြာ ဝေဘန်သိ။ ။မူလပဏ္ဏာသ ။ပါ။ ၁၀၆ ။ဌ။ ဒု-အုပ်၊ ၁၂-၌ ရှုပါ။ ပိဋက ၃-ပုံ၏ အင်္ဂါကိုးပါးကို စိတ်ဖြာ၍ သိထားပါဟူ၏။

(၁) သုတ္တ-မင်္လသုတ်, ဒုဟနသုတ်, နာလကသုတ်, စသော သုတ်ဟူ၍ အမည်ရသည့် ဓမ္မခန္ဓာများ။

(၂) ဂေယျ-သ ဂါထာဝဂ္ဂ သံယုတ်,စသော ဂါထာများစွာတို့ ပါရှိသည့် သုတ်များ။

(၃) ဝေယျာကရဏ- အဘိဓမ္မာပိဋက စသော ဂါထာ မပါရှိသည့် ဒေသနာတော် ဟူသမျှ။

(၄) ဂါထာ-ဓမ္မပဒ, ထေရဂါထာ, ထေရီဂါထာ, စသော ဂါထာ သက်သက်ဖြင့် ဟောတော်မူသည့် တရားဒေသနာတော်များ။

(၅) ဥဒါန-နှစ်သက်ရွှင်ပျသည့် သောမနဿဉာဏ်နှင့် ယှဉ်လျက် ရွတ်ဆို ကျူးရင့်တော်မူသော "အနေက ဇာတိ သံသာရံ" စသည့် နှစ်ဆယ့် ရှစ်သုတ်တို့ကို ခေါ်သည်။

http://www.dhammadownload.com

(၆) ကျတိဝုဒ်- "ဝုတ္တံ ဟေတံ ဘဂဝတာ" အစချီ၍ ဟောကြားတော်မူသော တရား၁တစ်ဆယ့်ရှစ် (၁၁၈) သုတ်တို့ကို ခေါ်ဆိုသည်။

(၇) ဇာတက-အပဏ္ဏကဇာတ်, ဝေဿန္တရာဇာတ်, စသော ငါးရာ့ငါးဆယ် ဇာတ်တို့ကို ဆိုသည်။

(၈) အဗ္ဘုတ- မမှ- "စတ္တာရောမေ ဘိက္ခဝေ အဗ္ဘုတဓမ္မာ အာနန္ဒာ တိ" အစရှိသော အံ့ချီးဘွယ်ရာနှင့် ယှဉ်၍ ဟောတော်မူသည့် တရားတော်ဟူသမျှ။

(၉) ဝေဒလ္လ- မေးခြင်း ဖြေခြင်းဟူသော အမေး အဖြေ များဖြင့် ဝမ်းမြောက် ရွှင်ပျခြင်းတို့ကို ရရှိကြသည့် စူဠ ဝေဒလ္လသုတ်, မဟာ ဝေဒလ္လသုတ်, သမ္မာဒိဋ္ဌိသုတ်, စသော တရားတော်များကို ဆိုသည်။

ဓမ္မတာ ၃၀။ ။ဗုဒ္ဓဝင် အဋ္ဌကထာလာ ဘုရားရှင်ဟူသမျှတို့၏ ပြီး, ပြည့်စုံ မြဲဖြစ်သော သဘောတရား သုံးဆယ်ဟူ၏။ ၎င်းအကျယ်ကို (ဘုရားရှင်တို့ ဓမ္မတာ ၃၀) ဟူသော သုတေသန စကားရပ်၌ ရှုပါလေ။

ဓမ္မာဒါသ တရား ၄-ပါး။ ။၎င်း အကျယ် သံယုတ် ။ပ။ တတိယအုပ်။ ၂၉၇-၌ ကြည့်ယူပ။ (၁) မြတ်စွာဘုရား, (၂) ကရားတော်မြတ်, (၃) သံဃာတော်မြတ်တို့၌ မတုန်မလှုပ် ကြည်ညိုလေးစားခြင်း, (၄) အရိယာတို့ နှစ်သက်- မြတ်နိုးသော ၅-ပါးသီလကို အသက်ပမာ စောင့်စည်း လုံခြုံစွာ ရှိနေခြင်း။

ဓမ္မပဋိသမ္ဘိဒါမျိုး ၄-ပါး။ ။၎င်း၏ သရုပ် အဓိပ္ပါယ်ကို (ပဋိသမ္ဘိဒါ ၄-ပါး)၌ ကြည့်ပ။

ဓမ္မိကဒါန အပြား ၃-ပါး။ ။ပရိဝါ ။ပ။ ၂၄၅ ။၌။ ၁၈၂-၌ အကျယ် ရှုပါ။ တရားနှင့် လျော်သော အလှူမျိုး ၃-ပါး။ (၁) သံဃာ နှိန့် သံဃာဝေ ဒေတိ- သံဃာသို့ လှူရန် ညွှတ်ပြီးသော ဝတ္ထုကို သံဃာ အားပင် ပေးလှူခြင်း, (၂) စေတိယာ နှိန့် စေတိယာ စ ဒေတိ- စေတီသို့ လှူရန် ညွှတ်ပြီးသော ဝတ္ထုကို စေတီအားပင် ပေးလှူခြင်း, (၃) ပုဂ္ဂလာ နှိန့် ပုဂ္ဂလာဝေ ဒေတိ- ပုဂ္ဂိုလ်လှူရန် ညွှတ်ပြီးသော ဝတ္ထုကို ပုဂ္ဂိုလ်အားပင် ပေးလှူခြင်း။

http://www.dhammadownload.com

ဓာတ် ၄-ရပ်ခေါ်၊ ဗေဒင်ကျော်၊ မိန့်တော်မူ ဘုရား။ ။ဗေဒင်အလိုအားဖြင့် ထင်ရှား ကျော်စောသော ဓာတ် ၄-ရပ်ကား။ (၁) သူရစ္စဓာတ်၊ (၂) ပါပဓာတ်၊ (၃) အမြိတ္တဓာတ်၊ (၄) ကောလိဓာတ်တို့ ဖြစ်ကြ၏။

ဓာတ် ၁၈-ပါး။ ။နိဒါနဝဂ္ဂသံယုတ် ။ပါ။ ၃၅၈ - ၃၆၀ ။ဋ္ဌ။၁၂၁ - ၁၂၂-၌ အကျယ်ရှု။ မိမိတို့ ဆိုင်ရာ သဘောကို ဆောင်ရွက်တတ်သော တရား ၁၈-ပါး၊ စက္ခုဓာတ်၊ သောတဓာတ်၊ ဃာနဓာတ်၊ ဇိဝှါဓာတ်၊ ကာယဓာတ်၊ မနောဓာတ်၊ ရူပဓာတ်၊ သဒ္ဒဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ (၁၀) ဖောဋ္ဌဗ္ဗဓာတ်၊ မနောဝိညာဏဓာတ်၊ စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဏ ဓာတ်၊ ကာယဝိညာဏဓာတ်၊ ဓမ္မဓာတ် (၁၈)။

ဓာတ် ကသိုဏ်းခေါ်၊ မျိုး ၄-ဘော်၊ ဖြေတော်မူ ဘုရား။ ။ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ ဝါယောကသိုဏ်း၊ တေဇောကသိုဏ်းတို့ကိုပင် ဓာတု ကသိုဏ်းဟု ခေါ်၏၊ အကျယ် "ကသိုဏ်း ၁၀-ပါး"၌ ဆိုခဲ့ပြီ။

ဓာတ်ကြီး ၄-ပါး။ ။အဘိဓမ္မာ ကျမ်းလာ အမျှားသုံး ထင်ရှား သိလွယ်သော ဓာတ်ကြီးများ။ (၁) ပထဝီဓာတ်-မြေ။ (၂) တေဇောဓာတ်-မီး။ (၃) အာပေါဓာတ်- ရေ။ (၄) ဝါယောဓာတ်- လေ။

ဓာတ်တော် ၂-ပါး။ ။(၁) မပြိုမကွဲနိုင်သော အသမ္ဘိန္နဓာတ်တော်မျိုး၊ (၂)ပြိုကွဲပျက်စီးကြသော သမ္ဘိန္နဓာတ်တော်မျိုး၊မဟာပရိနိဗ္ဗာနသုတ်မှ။

ဓာတ်တော် ၄-ပါး၊ ရွှယ်အစား၊ ခြားနားရောင်ခြည် အဘယ်နည်း? ။ ဓာတ်တော်တို့၏ အရွှယ်အစားနှင့် အဆင်းအရောင်ကား အောက်ပါအတိုင်း ဖြစ်ကြ၏။ (၁) မဟန္တာ မုဂ္ဂမာသာစ- ဓာတ်တော် အကြီးစားကား ပဲနောက်စေ့ ပမာဏရှိ၍၊ သုဝဏ္ဏ ဝဏ္ဏာ- ရွှေရောင် အဆင်း ရှိကုန်၏၊ (၂) မဇ္ဈိမာ ဘိန္နေ တဏ္ဍုလာ- အလတ်စားကား ဆန်ကျိုးစေ့ ပမာဏရှိ၍၊ ဗကုလ ဝဏ္ဏာ- မြတ်လေးငုံ အဆင်းရှိကုန်၏၊ (၃) ဒုဋ္ဌကာ သာသပ မတ္တာ- အသေးစားကား မုန်ညင်းစေ့မျှ ပမာဏရှိ၍၊ မုတ္တ ဝဏ္ဏာ- ပုလဲရောင် အဆင်း ရှိကုန်၏။

ဓာတ်အော် ၇-ပါး၊ မြတ်ဗိုဟ်စား၊ ချန်ထား အဘယ်နည်း? ။ မြတ်စွာဘုရား၏ သရီရဓာတ်တော်များ အားလုံးကို ရေတွက်သော် ၇-မ၊ ကျန်ရှိ

http://www.dhammadownload.com

နေကြောင်းနှင့် သိရ၏၊ (က) စွယ်တော်ဓာတ် ၄-ဆူ၊ (ခ) ညှပ်ရိုးတော် ဓာတ် ၂-ဆူ၊ (ဂ) ဥဏ္ဏလုံ မွေးရှင်တော်ဓာတ် ၁-ဆူ၊ ဖာသမ္ဘိန္နမျိုး ၃-ပါး၊ (ဃ) အရိုးတော် ဓာတ်မျှားစွာ၊ (င) အသားဝေါ်ဓာတ် မျှားစွာ၊ (စ) အသွေးတော် ဓာတ်မျှားစွာ၊ (ဆ) ဆံတော်ဓာတ် မျှားစွာ၊ သသမ္ဘိန္နမျိုး ၄-ပါး၊ ပေါင်း ၇-ပါး။

ဓာတ်ဖို ၁၂-ပါး။ ။အဂ္ဂိရတ် ဝေါဟာရ 'အာကာသဓာတ် ၁၂-ပါး' ကိုပင် လုပ်ရတ်ဆရာတို့သုံးနှုန်းကြကုန်၏၊သရုပ်ကို(အာကာသ၁၂-ပါး)၌ ပြခဲ့ပြီ။

ဓာတ်မ ၉-ပါး။ ။လုပ်ရတ်ကျမ်းလာ ဝေါဟာရဖြစ်သည်၊ အဂ္ဂိရတ်ဆရာ တို့ကား ဓာတ်မ ၉-ပါးဟုံ ဆိုက။ (၁) ဘော်၊ (၂) ဘင်၊ (၃) နာ၊ (၄) သံ၊ (၅) ဂျတ်၊ (၆) သုတ်၊ (၇) ဒန်၊ (၈) ကိတ်၊ (၉) သုတဟု နားလည်ကြကုန်၏၊ အကျယ်ကို 'လောကီသိပ္ပ ဝိဇ္ဇာဓရကျမ်း'၌ ရှုလေ။

ဓားရေး ၃၇-မျိုး။ ။နဝဒေး လူးတားမှ သုတေသန ပြုသည်။ ဓားချို, ဓားခင်း, မျက်နှာကာ, ဓားလှ, ဓားလျှိုး, မှောက်ထိုးရပ်, ရင်ခွဲ, အသားလှန်, ဓားခုတ်, ဇင်ယော်သုတ်၊ (၁၀) တဖက်ထိုး, ရွှေလှည်း, နောက်လှည်း, ရွှေနှုတ်မြွက်ယာလှ, ရွှေနှုတ်မြွက်ဝဲလှ, စွန်သုတ်, ပါးကပ်, ပန်းကုံးဖြတ်, ဓားလွှင့်, ပန်းကုံးသီ၊ (၂၀) ဆက်ရက်ခုန်, မီးတိုင်ပြု,ပိုးချည်လွှား, သင်္ဘတင် ရေသောက်, ရွှေဘယက် လည်လျောက်, ဒေါင်းမြီးကာ, ကျားမြီးဆွဲ, ဓားရွက်, လက်ကောက်ဝတ်, မောင်းကပ်၊ (၃၀) ရွှေနှုတ်လည်လျောက်, နောက်လည်လျောက်, ဓားသွဲ့, ဓားပြ, တဖက်နှုတ်, နှစ်ဖက်နှုတ်, နောက်လှည့်၊ (၃၇)။

[ရ]

ရုတ္တ ၃-ပါး၊ လွန်ကျူးခြင်း၊ ပျက်ပြားဥစ္စာ ပါဒ်လာရာ။ ။ရုတ္တမျိုး ၃-ပါးကို လိုက်စား လွန်ကျူးသူမျှား ဥစ္စာဆုံးပါး၍ အပါယ် ၄-ပါးသို့ လားရသည် ဟူ၏။ (၁) သုရာ ရုတ္တ-သေရည် သောက်ကြူးသူ၊ (၂) ဣတ္ထိ ရုတ္တ-မိန်းမလိုက်စား ပျော်ပါးကြူးသူ၊ (၃) အက္ခ ရုတ္တ-အလောင်းအစား ကစားကြူးသူ။

http://www.dhammadownload.com

[၆]

ဓူတင် ၁၃-ပါး။ ။မိလိန္ဒပဉှာ ၃၄၀-၌ အကျယ်ရှု။ ကိလေသာကို ခါတွန်းကြောင်း ခေါင်းပါးစေခြင်း တရား ၁၃-ပါး။

(၁) ပုံသုကူ ဓူတင်-ဂဟပတိ စီဝရံ ပဋိက္ခိပ္ပါမိ၊ ပံသုကူလိကင်္ သမာဒိယာမိ- ဒါယကာဆို့ လူသော သင်္ကန်းကို စွန့်ပါ၏၊ ပုံသုကူသင်္ကန်းကို ဆောက်တည်ပါ၏။

(၂) တေစီဝရိက် ဓူတင်- စတုတ္ထစီဝရံ ပဋိက္ခိပ္ပါမိ၊ တေစီဝရိကင်္ သမာဒိယာမိ- လေးထည်မြောက် သင်္ကန်းကို စွန့်ပါ၏၊ သုံးထည်သော သင်္ကန်းကိုသာ ဆောက်တည်ပါ၏။

(၃) ပိဏ္ဍပါတ် ဓူတင်- အတိရေကလာဘံ ပဋိက္ခိပ္ပါမိ၊ ပိဏ္ဍပါတိကင်္ သမာဒိယာမိ- လာဘ်ပို လာဘ်လျှံကို ပယ်ပါ၏၊ ဆွမ်းခံလို့ရသော ဆွမ်းကို စားသောက်ပါ၏။

(၄) သ ပဒါန ဓူတင်-လောလုပ္ပစာရံ ပဋိက္ခိပ္ပါမိ၊ သ ပဒါန စာရိကင်္ သမာဒိယာမိ- လျှပ်ပေါ်လော်လီ အိမ်စဉ်ကျော်၍ ခံယူခြင်းကို ပယ်ပါ၏၊ အိမ်စဉ် မကျော် မလှပ် ရပ်၍ရသော ဆွမ်းကို ဆောက်တည်ပါ၏။

(၅) ကေသနိက် ဓူတင်-နာနာသန ဘောဇနံ ပဋိက္ခိပ္ပါမိ၊ ဧကာသနိကင်္ သမာဒိယာမိ- နေရာအထူးထူး၌ စားခြင်းကို ပယ်ပါ၏၊ တထိုင် တနေရာတည်း၌ စားခြင်းကို ဆောက်တည်ပါ၏။

(၆) ပတ္တပိဏ် ဓူတင်- ဒုတိယဘာဇနံ ပဋိက္ခိပ္ပါမိ၊ ပတ္တပိဏ္ဍိကင်္ သမာဒိယာမိ- နှစ်ခွက်မြောက်သော ဆွမ်း, ဟင်းကို ပယ်ပါ၏၊ တခွက်ထည်းနှင့်သာ ဆောက်တည်ပါ၏။

(၇) ခလုပစ္ဆာ ဓူတင်- အတိရိတ္တ ဘောဇနံ ပဋိက္ခိပ္ပါမိ၊ ခလုပစ္ဆာကင်္ သမာဒိယာမိ- အတိရိတ် ဝိနည်းက ဆွမ်းကို ပယ်ပါ၏၊ ခလုပစ္ဆာ ဓူတင်ကို ဆောက်တည်ပါ၏။

http://www.dhammadownload.com

(၈) အရည္ကင္ ဓူတင္- ဂါမန္တ သေနာသနံ ပဋိက္ခိပ္ပါမိ၊ အရည္ကင္ သမာဒိယာမိ- ဂါမဝါသီ ကျောင်းသခ်ၤမ်ားကို ပယ်ပါ၏၊ တောရကျောင်း၌ နေခြင်းကို ဆောက်တည်ပါ၏။

(၉) ရုက္ခမူ ဓူတင္- ဆန္နံ ပဋိက္ခိပ္ပါမိ၊ ရုက္ခမူလိကင္ သမာဒိယာမိ- အမိုး အကာရှိသော့ာ ကျောင်းကို ပယ်ပါ၏၊ သစ်ပင်ရင်း၌ နေပါ၏။

(၁၀) အဗ္ဘောကာသိက ဓူတင္- ဆန္နဉ္စ ရုက္ခမူလဉ္စ ပဋိက္ခိပ္ပါမိ၊ အဗ္ဘောကာသိကင္ သမာဒိယာမိ-အမိုးအကာရှိသောကျောင်းနှင့် သစ်ပင်တို့ကို ပယ်ပါ၏၊ လွင်တီးခေါင်၌ နေခြင်းကို ဆောက်တည်ပါ၏။

(၁၁) သုသာန ဓူတင္- န သုသာနံ ပဋိက္ခိပ္ပါမိ၊ သောသာနိကင္ သမာဒိယာမိ၊ သုသာန်မဟုတ်သော နေရာကို ပယ်ပါ၏၊ သုသာန်၌ နေပါ၏။

(၁၂) ယထာ သန္ထတိ ဓူတင္- သေနာသန လောလုပ္ပံ ပဋိက္ခိပ္ပါမိ၊ ယထာ သန္ထတိကင္ သမာဒိယာမိ-နေရာကောင်း ကျောင်းကောင်း ရွေးချယ်မှုကို ပယ်ပါ၏၊ ဖြစ်စဉ်အတိုင်း နေထိုင်ပါ၏။

(၁၃) နိသဇ္ဇ ဓူတင္- သေယျံ ပဋိက္ခိပ္ပါမိ၊ နေသဇ္ဇိကင္ သမာဒိယာမိ- အိပ်ခြင်းကို ပယ်ပါ၏၊ ထခြင်း, ထိုင်ခြင်း, စင်္ကြံသွားခြင်းကို ဆောက်တည်ပါ၏။

ဓူတင် တရား၏ ကျေးဇူးဂုဏ် ၂၀-ပါး။ ။မိလိန္ဒပဉ္ဉာ ပါဠိတော်မှ ဓူတင်ကျင့်သူ၏ အကျိုးဂုဏ်များ ဖြစ်သည်။ (၁) သုဒ္ဓါဇီဝ-အသက်မွေးစင်ကြယ်၏၊ (၂) သုခ ဖလ-ချမ်းသာကျိုး ရှိ၏၊ (၃) အနဝဇ္ဇ-အပြစ်မရှိ၊ (၄) န ပရ ဒုက္ခာပန-သူတပါးတို့အား ဒုက္ခမပေး၊ (၅) အဝဇ္ဇ-ဘေး မရှိ၊ (၆) အသမ္မိဿန-သူတပါးကို မနှိပ်စက်၊ (၇) ကေန္တ စိုက-အမှန် ကြီးပွါး၏၊ (၈) အပရိဟာနိယ- ကုသိုလ်တရား မဆုတ်ယုတ်၊ (၉) အမာယ- မာယာစဉ်းလဲခြင်း မရှိ၊ (၁၀) အာရာဂ-သောခြင်းကို စောင့်တတ်၏၊ (၁၁) ပတ္ထိတဒဒ-တောင့်တတိုင်း ပေး၏၊ (၁၂) သပ္ပ သတ္တ ဒမန-သတ္တဝါအားလုံးကို ဆုံးမတတ်၏၊ (၁၃) သံဝရဟိတ-စောင့်စည်းသော အကျိုးရှိ၏၊ (၁၄) ပဋိရူပ-လျောက်ပတ်သော အကျင့်ဖြစ်၏၊ (၁၅) အနိဿိတ-ကိလေသာတို့ မမှီမကပ်နိုင်၊ (၁၆) ဝိမုတ္တ- ကိလေ

http://www.dhammadownload.com

သာမှ လုတ်၏၊ (၁၇) ရာဂကဒ္ဓယ-ရာဂ ကုန်၏၊ (၁၈) ဒေါသကဒ္ဓယ-ဒေါသ ကုန်၏၊ (၁၉) မောဟကဒ္ဓယ-မောဟ ကုန်၏၊ (၂၀) မာနဟာန-မာန် တက်မှုကို ပယ်၏၊ (၂၁) ကု ဝိတက္ကစ္ဆေဒန-မိစ္ဆာဝိတက်ကို ဖြတ်၏၊ (၂၂) ကခ်ီ ဝိတရဏ-ယုံမှားသက်သာမှ ကူးမြောက်၏၊ (၂၃) ကောသဇ္ဇ ဝိဒ္ဓံသန-အပျင်းကို ပယ်ဖျောက်၏၊ (၂၄) အရတိ ပဟာန- မမွေ့လျော်ခြင်းကို ဖျောက်၏၊ (၂၅) ခမန-သည်းခံတတ်၏၊ (၂၆) အတုလ-အတုမရှိမြတ်သော အကျင့်တည်း၊ (၂၇) အပ္ပမာဏ-မနှိုင်းယှဉ်အပ်သော ဂုဏ်ရှိ၏၊ (၂၈) သဗ္ဗဒုက္ခက္ခယ ဂမန-နိဗ္ဗာန်သို့ ရောက်၏။

ဓူရ ၂-ပါး။ ။ဓမ္မပဒ။ဌ။ပ-အုပ်။၅။ ၎င်း။ဒု-အုပ်။ ၃၂၇။ ရဟန်းတော်များ လိုက်နာပြုကျင့်ရသော တာဝန် ၂-ပါး။ (၁) ဂန္ထ ဓူရ- စာပေသင်ယူ ပို့ချ ရေးမှတ် ဟောပြောနေမှု၊ (၂) ဝိပဿနာ ဓူရ- ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်နေမှု။

ဓူရ ၂-ပါး၊ တနည်း။ ။လောကုတ္တရာ မဂ်ဖိုလ် ရယူရေး၌ ပြည့်စုံရမည့် ဟာဝန် ၂-ပါး ဟူလို၊ ပုဂ္ဂလပညတ် အဋ္ဌကထာ ၎င်း၌ အကျယ်ရှုပါ။ (၁) သဒ္ဓါဓူရ- ဗုဒ္ဓ၏ ဓမ္မ၌ ယုံကြည်မှု လုံးဝရှိရခြင်း၊ (၂) ပညာဓူရ- နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် ပညာနှင့် ပြည့်စုံရမည်။

[နာ]

နံသင့် အကွရာမျိုး ၄၃-လုံး။ ။အ-တနင်္ဂနွေနံ့၊ က,ခ,ဂ,ဃ,င- တနင်းလာနံ့၊ စ,ဆ,ဇ,ဈ,ည- အင်္ဂါနံ့၊ ဋ,ဌ,ဍ,ဎ,ဏ၊ တ,ထ,ဒ,ဓ,န- စနေနံ့၊ ပ,ဖ,ဗ,ဘ,မ- ကြာသပတေးနံ့၊ သ,ဟ- သောကြာနံ့၊ လ,ဝ,ဠ- ဗုဒ္ဓဟူးနံ့၊ ယ,ရ- ရာဟုနံ့။

နံသင့်လူမျိုး ၁၀၁-ပါး။ ။ဗေဒင်ကျမ်းလာ နွေနံနှင့် လူမျိုး ယူပုံဖြစ်၏။ (၁) တနင်္ဂနွေနံ-ယွန်း၊ (၂) တနင်းလာနံ-ရှမ်း၊ အင်္ဂါနံ-မွန်၊ တလိုင်း၊ (၄) ဗုဒ္ဓဟူး-ကတူး၊ (၅) ကြာသပတေး-မြန်မာ၊ (၆) သောကြာနံ-သက်၊ (၇) စနေနံ-ကုလား၊ (၈) ရာဟုနံ-တရုတ်လူမျိုး။

နံ့သာမျိုး ၅-ပါး။ ။ (၁) ကုံကုမ်၊ (၂) လေးညှင်း၊ (၃) ကမျဉ်း၊ (၄) တောင်ဇလပ်၊ ဤကား မဂဓအာဘိဓာန် အလိုတည်း။

http://www.dhammadownload.com

နံ့ဆာမျိုး ၅ပါး။ ။(၁) နံ့သာမြူး (၂) နံ့သာနီ၊ (၃) ကရမက်၊ (၄) အဝေျာ၊ (၅) စွဲ ။ ပီတ္တဇအစေးချေးမွှေးတို့၌ ဖြစ်သည်လေ့သထိပ်, ဟူသည်ဖြင့်ဆိုခဲ့ပြီးသော်၊ အဟုကို ပြန်ဖော်ထုတ်၏ဟု ဆိုသည်။

နံ့ဆာမျိုး ၁၀-ပါး။ ။သာရတ္ထ သင်္ဂဟကျမ်းမှ။ (၁) ကာလာနုသာရိ စသော အမြွှေးနံ့သာ၊ (၂) စန္ဒကူး စသော အနှစ်နံ့သာ၊ (၃) ထင်းရှူး စသော အကာနံ့သာ၊ (၄) သစ်ကြံပိုး စသော အခေါက်နံ့သာ၊ (၅) သီး စသော အလ္ဘာနံ့သာ၊ (၆) ပဲလျှက် စသော အရည်နံ့သာ၊ (၇) ကွမ်းရွက် စသော အရွက်နံ့သာ၊ (၈) ကုံကော် မာလာကျီကျူ စသော အပွင့်နံ့သာ၊ (၉) ဇာဒီပို့လ် စသော အသီးနံ့သာ၊ (၁၀) အလုံးစုံ အနံ့နှင့် ပြည့်စုံသော သက်နံ့စသော ပင်စည်နံ့သာ။

နက္ခတ် ၂၈-လုံး။ ။နက္ခတ္တာနိတိ ကတ္တိကာဒီဟိ အဋ္ဌဝီသတိ နက္ခတ္တေနိ-ဟု မဟာနိဒ္ဒေသ။ပါ။ ၂၉၈။ဋ္ဌ။၃၆၆-၌ ဖွင့်ဆိုသည်။ ဤ၌ လုံးရေ ပုံသဏ္ဌာန် ပါ နက္ခတ်သဏ္ဌာန်တြကျမ်းမှ ၂၇-လုံး ယူပြလိုက်သည်၊ လုံးရေ သဏ္ဌာန်အတို့ နှင့် ကျမ်းစာမူရင်းအတိုင်း ပြလိုက်သည်။ (၁) အဿဝတီ၊ခြောက်လုံးညီ၊ တူပြီ မြင်းခေါင်းဆို၊ (၂) ဘရဏီမှာ၊ သုံးလုံးသာ၊ ပမာခုံလောက်လို၊ (၃) ကြတ္တိကာကြယ်၊ ခုနစ်သွယ်၊ ကြက်ငယ်စုသလို၊ ဖျောက်ဆိတ်ကြယ်ခေါ်၊ ၇-ဖေါ်၊ ယူသော် ကြတ္တိကာ၊ ဤ နက္ခတ် သုံးလုံးကား၊ ကျီးတာရာနှင့် ယှဉ်၍ သွား၏၊ (၄) ဆယ်လုံးအညီ၊ ရောဟဏီ၊ တူပြီ ငါးကြင်းဆို၊ (၅) မိဂသီမှာ၊ သုံးလုံးသာ၊ ဝေါဟာ လိပ်ခေါင်းဆို၊ (၆) လိပ်လက်ခေါ်ကြ၊ အဒ္ဒရာ၊ ၎က တလုံးဆို။ ဤနက္ခတ် သုံးလုံးကား၊ ဟာသ်ာတာရာနှင့် ယှဉ်၍ သွား၏၊ (၇) ပုဏ္ဏဖုသျှ၊ ငါးလုံးပြု၊ နွားတုသဘော်လို၊ (၈) ငှက်ခြေးခံသွင်၊ ဆယ်လုံးမြင်၊ ခေါ်တွင် ဖုသျှဆို၊ (၉) အသလိသာ၊ လေးလုံးရာ၊ တူမျှ ခက်ရင်းဆို၊ ဤနက္ခတ် ၃-လုံးကား၊ ပုဗ္ဗနို တာရာနှင့် ယှဉ်၍ သွား၏၊ (၁၀) ကြယ်မာစမှာ၊ လေးလုံးသာ၊ တူစွာ သံကောက်ဆို၊ (၁၁) ပြုပွါ ဘရဂုဏ္ဍီ၊ (၁၂) ဥတြာဘရဂုဏ္ဍီ၊ နှစ်လုံးစီ၊ တူညီသောင်စောင်းလို၊ ဤနက္ခတ် ၃-လုံးကား ချိန်တာရာနှင့် ယှဉ်၍ သွား၏၊ (၁၃) ဟဿဒမှာ၊ ငါးလုံးသာ၊ ပမာ လက်ဝါးလို၊ (၁၄) စိတြမှာ၊ တလုံးသာ၊ ပမာ ပုလဲလို၊ (၁၅) သွာဒီကား၊ နှစ်၊ သဏ္ဌာန် စစ်၊ ကသစ်မျှော်လိုလို၊ ဤနက္ခတ် ၃-လုံးကား၊ ဆံကျင် တာရာနှင့် ယှဉ်၍

http://www.dhammadownload.com

သွား၏၊ (၁၆) ဆယ့်လေးလုံးသာ၊ ဝိသာခါ၊ ပမာ ပတ်ဝိုင်းလို၊ (၁၇) ဆယ့်ငါးလုံးရ၊ နုရာခ၊ နဂါးလည်ဆစ် လို၊ (၁၈) ငါးလုံးမှန်လျှ၊ ကြယ်ငေဒင္ဒ၊ နဂါးချက် ခေါ်ဆို၊ ဤနက္ခတ် ၃-လုံးကား၊ တံငါ တာရာနှင့် ယှဉ်၍ သွား၏၊ (၁၉) လေးလုံးမှန်လျှ၊ ကြယ်မူလ၊ နဂါး မြီးဖျားဆို၊ (၂၀) ပြူပွါသင့်၊ (၂၁) ဥတြာသင့်၊ လေးလုံးမှန်၊ လှမ်းဟန် ဆင်မလို၊ ဤနက္ခတ် ၃-လုံးကား ဆင် တာရာနှင့် ယှဉ်၍ သွား၏၊ (၂၂) မောင်ရင်ဆိုင်းထမ်း၊ သုံးလုံးဝန်း၊ ရောင်ရွှန်း သရဝဏ်၊ သုံးလုံးမြွားဟန်၊သရဝဏ်၊ ရောင်လှဲရွှန်းစိုစို၊(၂၃)အင်ကြင်းသီးသွင်၊ လေးလုံးမြင်၊ မည်တွင် ဓနသိဒ္ဓိ ဆို၊ (၂၄) သင်္ဘာဘိယျ၊ ခြောက်လုံးရ၊ တူမျှ ဆုံကြီးလို၊ ဤနက္ခတ် ၃-လုံးကား မြင်း တာရာနှင့် ယှဉ်၍ သွား၏၊ (၂၅) ပြူပွါဘဒြပိုက်၊ (၂၆) ဥတ္တရာဘဒြပိုက်၊ ခေါ်သမိုက်၊ မှတ်ပိုက် အင်းပျဉ်လို၊(၂၇)ကိုးလုံးအညီ၊ ရေဝတီ၊ တူပြိုမြဲလိုလို၊ ဤ ၃-လုံးမှာ၊ ဗျိုင်းတာရာ၊ သွားဆုယှဉ်မြဲကို၊ နက္ခတ်တာရာ၊ ယှဉ်သွားလာ၊ ရံခါမကွဲပြို၊ ကျမ်းသျှတ္တရာ၊ ဤသို့လာ' မှတ်ပါ မျှားလူဗိုလ်။

နက်နဲခက်စွာ၊ ဂမ္ဘီရာ၊ ဒု-ဖြာ တရားမြတ်။ ။ဂုဏ်း သရုပ်ကို(ဂမ္ဘီရတရားကြီး ၄-ပါး) ဟူသော သုတေသနဠ် ဆိုခဲ့ပြီ။

နဂါးတို့၏ ပင်ကိုယ်အသွင် မစွန့်နိုင်ခြင်း ဒုက္ခမျိုး ၅-ပါး။ ။ဓမ္မပဒ ဒု-အုပ်။ ၁၅၂၊ ၁၅၃။ ဝိနည်းမဟာဝါ ။ပါ။ ၁၂၁ ။ဋ္ဌ။ ၃၀၄။ သုတ္တနိပါတ် ။ပါ။ ၂၇၉ ။ဋ္ဌ။ ပ-အုပ်၊ ၁၂-၁၃။ (၁) နဂါးအချင်းချင်း မေထုန်မှု ပြုသောအခါ၊ (၂) လုံးဂ အိပ်ပျော်သွားသောအခါ၊ (၃) ပဋိသန္ဓေယူစဉ်အခါ၊ (၄) အရေဟောင်းစွန့်သောအခါ၊ (၅) သေလွန်သောအခါ တို့၌ မူလနဂါး၏ ကိုယ်ခန္ဓာပင် ဖြစ်၏။

နဂါးမျိုး ၇-ပါး။ ။ဂုဏ်း အကျယ်ကို ခန္ဓဝဂ္ဂသံယုတ် ။ပါ။ ၂၀၂ ။ဋ္ဌ။၃၁၉။ အပဒါန် ။ဋ္ဌ။ ပ-အုပ်။ ၂၆၇။ သုတ္တနိပါတ် ။ပါ။ ၂၇၉ ။ဋ္ဌ။ ပ-အုပ်။ ၁၂-တို့၌ ရှုပါ။ ဂဠုန်ဌာဘေးမှ ကင်းဝေးသော နဂါးများ ဟူလို။ (၁) ပဏီတ တရာ-ဇလာဇုဇ, ဂဗ္ဘသေယျက, ဥပပါတိက,ဟု ဆိုအပ်သော မိမိတို့ဇာတ်သဘောအားဖြင့် မြတ်သော နဂါးတို့လည်း တမျိုး၊ (၂) ကမ္မလဿ တရာ-နဂါးစစ်သူကြီး, စစ်ဗိုလ်မူး, စစ်ဘုရင်များဖြစ်ကြသော

http://www.dhammadownload.com

ကမ္ဘာလနဂါး, အာသာတရ နဂါးတို့လည်း တမျိုး၊ (၃) ဓတရဋ္ဌာ-ဓတရဋ္ဌ မည်သော နဂါးဘုရင်တို့လည်း တမျိုး၊ (၄) သတ္တ သိဒ္ဓန္တရ ဝါသိနော-တောင်စဉ်သိဒ္ဓါ မဟာသမုဒ္ဒရာဌ် နေကြကုန်သော နဂါးတို့လည်း တမျိုး၊ (၅) ပထဝိဋ္ဌကာ-မြေအာတွင်း၌ မှီတင်းပုန်းအောင်းကာ နေလေ့ရှိကြကုန်သော မြေအောင်းနဂါးတို့လည်း တမျိုး၊ (၆) ပဗ္ဗတဋ္ဌကာ-တောင် ခေါင်း တောင်တွင်း၌ မှီတင်း နေထိုင်ကြကုန်သော တောင်တွင်းနဂါးတို့ လည်း တမျိုး၊ (၇) ဝိမာနဋ္ဌကာ-ဘောဂဝတီ နဂါးပြည်၌ ရှေ့ဒွေဗိမာန် စံအိမ်ပုံဖြင့် ဇိမ်ခံပျော်ပါးရှိ နေကြကုန်သော နတ်နဂါးတို့လည်း တမျိုး။

နဂါးမျိုး ၁၁၂၄-ပါး၊ တနည်း။ ။အကျယ်ကို သာရတ္ထသင်္ဂဟကျမ်းနှင့် ပကိဏ္ဏက ဝိသဇ္ဇနာ ဒု-တွဲ၌ ရှုပါကုန်။ ကဋ္ဌမုခ, ပုတိမုခ, အဂ္ဂိမုခ, သတ္ထမုခ, ခေါ် နဂါးမျိုး လေးပါးကို ထည်၊ ဒဋ္ဌဝိသ, ဒိဋ္ဌဝိသ, ဖုဋ္ဌဝိသ, ဝါတဝိသ, ခေါ် အဆိပ်မျိုး ၄-ပါးနှင့်မြောက် ၁၆-ပါး ရ၏၊ ၎င်းကိုတည်၊ အာဂဒဝိသ နောဃောရဝိသ, နောအာဂဒဝိသ ဃောရဝိသ, အာဂဒဝိသစ ဃောရဝိသ, နောအာဂဒဝိသစ နဃောရဝိသ, ခေါ် အဆိပ်မျိုး ၄-ပါးနှင့် ထပ်မြောက် ၆၄-ပါး ရ၏၊ ၎င်းကိုတည် ယောနိမျိုး ၄-ပါးနှင့် မြောက် ၂၅၆-ပါး ရ၏၊ ၎င်းကိုတည် ရေနေ, ကြည်းနေ ၂-ပါးနှင့်မြောက် ၅၁၂-ပါး ရ၏၊ ၎င်းကို တည်၊ ကာမရူပီ, အကာမရူပီ, ခေါ် စည်းစိမ်ရှိမဲ့ ၂-ပါးနှင့် မြောက်သော် နဂါးမျိုးပေါင်း ၁၀၂၄-ပါး, ရ၏။

နဂိုရ်ဂြိုဟ် ၃-လုံး။ ။"မိ, နိ, ဧ, လ့, ၊. နဂိုရ်ကျ" ဟူသော ပေဒင် လက်ဝဲအရ "ကြာသပတေး, စနေ, တနင်္ဂနွေ, ဗုဒ္ဓဟူး" ၎င်းဂြိုဟ်မျာ၌ သက်ရောက် ဂြိုဟ်ဗားမူ ယာယီမရှိ ပကတိဟု ဟောကြကုန်၏။

နတ် ၃-ပါး။ ။အဘိဓမ္မာဝိဘင်း ။ပါ။ ၄၃၇။ ၎င်း ။ဋ္ဌ။ ၅၀၀-၌ အကျယ်ရှု။ ကမ္ဘာသားတို့ ကိုးကွယ်အားထားရာ နတ်မျိုးအပြား ၃-ပါးဟူလို။ (၁) ဝိသုဒ္ဓိ နတ်-ကိလေသာတို့မှ စင်ကြယ်ပြီးသော ဘုရား, ရဟန္တာနှင့် သံဃာ တို့ကို ခေါ်သည်၊ (၂) ဥပပတ္တိ နတ်- နတ်ပြည် မြဟ္မာပြည်တို့၌ ကိုယ်ထင်ရှားဖြစ်သော နတ်မြဟ္မာထို့ကို ခေါ်သည်၊ (၃) သမ္မုတိ နတ်-လူအပေါင်းတို့ အပေါ်၌ အုပ်ချုပ်၍ မင်းလုပ်နေသော ဘုရင် ဧကရာဇ်တို့ကို ခေါ်သည်၊ အကျယ်လိုမူ ဒီဃနိကာယ် သက္ကပဉ္ဉာသုတ် အဋ္ဌကထာ။ ဣတိဝုတ် အဋ္ဌကထာ ကျမ်းတို့၌ ရှုကြကုန်။

http://www.dhammadownload.com

နံတ် ၃-ပါး၊ တနည်း။ ။ငင်းသရုပ်ကို (ဇိုဝ်းမျိုး ၃-ပါး) ဟူသော သုတေသနဥ္ဒ ပြန်ရှုပါ။

နံတ်ကြီး ၄-ပါး။ ။ငင်း သရုပ် အဓိပ္ပါယ်ကို (နံတ်မင်းကြီး ၄-ပါး)၌ ရှုပါ။

နံတ်ကြီး ၅-ပါး။ ။လောကီ မှော်ဆရာတို့ ပြောကြားရွတ်ဆိုလေ့ ရှိကြသော နံတ်ကြီး ၅ ပါး၊ ငင်းကို မ, ကာရလောပ ဉာဏာလင်္ကာရ ရာဇဂုရု ဆရာတော် ခင်ကြီးပျော်ရေး 'ကဝေသာရ ကျမ်းရင်း' မှ ယူသည်။ (၁) မဟာကပ္ပိန္ဒ နံတ်- အရှေ့ကျွန်း အရပ်နေ၊ (၂) ကပ္ပစိန္ဆာ နံတ်- အနောက်ကျွန်း အရပ်နေ၊ (၃) ကပ္ပနန္ဒာ နံတ်- တောင်ကျွန်း အရပ်နေ၊ (၄) ဇေယျာကပ္ပ နံတ်- မြောက်ကျွန်း အရပ်နေ၊ (၅) ရာဇေယျကပ္ပ နံတ်- လေးကျွန်း ထိပ်ဗွေ လွယ်မဇ္ဈေနေ။

နံတ်စစ်သူကြီး ၄-ယောက်။ ။မြင့်မိုရ်တောင်ထိပ် ၄-မျက်နှာရှိ 'စတုမဟာရာဇ် နံတ်မင်းကြီး ၄-ပါး' ကိုပင် သိကြားမင်း၏ နံတ်စစ်သူကြီး ၄-ယောက်ဟု ခေါ်ဆိုကြ၏။

နံတ်တမန်ခေါ်၊ တရားတော်၊ ၅-ဘော် သံဝေဂ။ ။ငင်းသရုပ်ကို (ဒေဝဒူတ တရား ၅-ပါး)၌ ဆိုခဲ့ပြီ။

နံတ်တို့စည်းဝေးခြင်း အကြောင်း ၄-ပါး။ ။သုဓမ္မာ သဘင်ကြီး၌ နံတ်တို့ စည်းဝေးခြင်း အကြောင်း ၄-ပါးကို ဆိုသည်၊ ငင်း အဖြေ(တာဝတိံသာ သုဓမ္မာ၊ ၄-ဖြာ စည်းဝေးကြောင်း) ဟူသော သုတေသနရပ်၌ ကြည့်ပါ။

နံတ်တို့ စုတေကြောင်း နိမိတ် ၅-ပါး။ ။သုတ်မဟာဝါ ။၄။ ၂၀။ အဋ္ဌသာလိနီ အဋ္ဌကထာ ၇၅-တို့၌ ရှုပါ။ နံတ်များ စုတေခါနီး၌ ငင်း နိမိတ် ၅-ပါး ထင်လာတတ်သည်။ (၁) နံတ်ပန်း ညှိုးနွမ်းခြင်း၊ (၂) နံတ်ဝတ်တန်ဆာ ညှိုးနွမ်းခြင်း၊ ကိုယ်အဆင်းမလှခြင်း၊ (၃) လက်ကတီး ကြားမှ ချွေးထွက်ခြင်း၊ (၄) နေရာ ဘုံဗိမာန်၌ မပျော်မွေ့ခြင်း၊ (၅) မျက်တောင်ခတ်ခြင်း။

နံတ်တို့ စုတေခြင်းမျိုး ၄-ပါး။ ။နံတ်တို့သေရခြင်း အကြောင်း ၄ ပါး။ (၁) အာယုက္ခယ- သက်တမ်းစေ့၍ သေရခြင်း၊ (၂) ကမ္မက္ခယ- သက်တမ်း

http://www.dhammadownload.com

မေတ္တမိ ကံကုန်၍ သေရခြင်း၊ (၃) အာဟာရကွယ်- စားချိန် မစားမိ၍ အာဟာရ ကုန်ပြတ်ပြီး သေရခြင်း၊ (၄) ကောပ- အမျက်ဒေါသ ထွက်လွန်းအားကြီး၍ သေရခြင်း။

နတ်နက္ခတ် ၉-လုံး။ **ဗေဒင်။** ။မိမိတို့ ဇာတာခွင်၌ စန်းယှဉ်နက္ခတ်သည် ဤဖေါ်ပြပါ နက္ခတ် ၉-လုံးတို့တွင် ပါဝင်နေပါက နတ်နက္ခတ်ဟု မှတ်လေ၊ စန်းယှဉ်နက္ခတ်သည် ပါဠိ ဃတီ ပါရှိနေက **ရွှေသို့တလုံးတိုး** ယူရမည်ဟူ၏၊ လက်ထပ်ထိမ်းမြားရေး၌ မိမိတို့ အချင်းချင်းဆင်ခင်း၊ လူနှင့် နတ်သေဝင်ခင်း လက်ထပ်ထိမ်းမြားနိုင်၏၊ လူယောကျ်ားသည် ဘိလူးနက္ခတ် မိန်းမနှင့် လက်မထပ်ရ သေတတ်သည်၊ နတ်, လူ, နက္ခတ်ပါဝံသော မိန်းမသာ၌ ဘိလူးနက္ခတ်ပါသော ယောကျ်ားနှင့် လက်ထပ်နိုင်သည်၊ အပြစ်မရှိ ကောင်း၏၊ နတ် နက္ခတ် ယောကျ်ားသည် ဘိလူးနက္ခတ် မိန်းမနှင့် လက်ထပ်နိုင်၏၊ အပြစ်မရှိဟေ့၊ (၁) အဿဝဏီ၊ (၂) မိဂသီ (၃) ပုဏ္ဏဖဂ္ဂုဏီ၊ (၄) ဖုဿ၊ (၅) အဿဒ၊ (၆) သ္ဝဒ၊ (၇) အနုရာဓ၊ (၈) သဝဏ်၊ (၉) ရေဝတီ နက္ခတ်တို့ ဖြစ်၏။

နတ်ပြည် ၆-ထပ်။ ။နတ်တို့ နေရာ ဌာန ခြောက်ပါး။ (၁) စတုမဟာရာဇ်နတ်ပြည်၊ (၂) တာဝတိံသာ၊ (၃) ယာမာ၊ (၄) တုသိတာ၊ (၅) နိမ္မာနရတီ၊ (၆) ပရနိမ္မိတ ဝသဝတ္တီ။

နတ်ပြည် ရောက်ဘူးသော လူသား ၄-ယောက်။ ။ဂင်းသရုပ်(လူစင်စစ်က နတ်ပြည် ရောက်ဘူးသူ ၄-ယောက်) ဟူသော သုတေသန၌ ကြည့်ပါ။

နဗ်ပြည်၌ မရကောင်းသော ကမ္မဋ္ဌာန်း ၁၂-ပါး။ ။ဝိသုဒ္ဓိမဂ် ပ- အုပ်။ ၁၁၀။ အသုဘ ၁၀-ပါး၊ ကာယဂတာသတိ၊ အာဟာရေ ပဋိကူလသညာ တို့ ဖြစ်၏၊ နတ်ပြည်၌ အာရုံငါးပါး **ကာမဂုဏ်တရားတို့** လွှမ်းမိုးထား ရကား ထိုကမ္မဋ္ဌာန်းများကို မရနိုင်ဟူ၏။

နတ်ဖြစ်ခြင်း အဓိကြောင်း ၃-ပါး။ ။နတ်ပြည် ရောက်လိုသူများ ကျင့်ကြံရန် တရားသုံးပါး။ (၁) သစ္စံ ဘဏေ; အမှန်ကိုသာ ဆိုပြောရာ၏၊ (၂) နာ ကုဇ္ဈေယျ- အမျက်မထွက် စိတ်မဆိုးရ၊ (၃) အပ္ပမို ဒဇ္ဇာ- တောင်းခံလာက နည်းနည်းဖြစ်ဖြစ် ပေးလှူရာ၏။

http://www.dhammadownload.com

နတ်မင်းကြီး ၄-ပါး။ ။စတုမဟာရာဇ် နတ်မင်းကြီး ၄-ပါးကို ဆိုလိုသည်။ (၁) အဲ့ရွှေအရပ်ကို အစိုးရသော ဓတရဋ္ဌ နတ်မင်းကြီး၊ (၂) အနောက်အရပ်ကို အစိုးရသော ဝိရူပက္ခ နတ်မင်းကြီး၊ (၃) တောင်အရပ်ကို အစိုးရသော ဝိရုဠှက နတ်မင်းကြီး၊ (၄) မြောက်အရပ်ကို အစိုးရသော ကုဝေရ နတ်မင်းကြီး။

မှတ်ချက်။ ။ဤနတ်မင်းကြီး ၄-ယောက်ကို "နတ်စစ်သူကြီး ၄-ယောက်" ဟုလည်း ခေါ်သေး၏။

နတ်မျိုး ၂-ပါး။ ။အတုလ ဝိဇ္ဇာမယ သိဒ္ဓိကျမ်းမှ။ (၁) ကမ္မသကနတ်-ဒါန့်သီလ, ဘျာန်, ဘာဝနာ ကုသိုလ်တို့ကြောင့်ဖြစ်သော နတ်, ဗြဟ္မာများ၊ (၂) ဂန္ဓာရီနတ်-ဆေး, အင်း, မန္တာန်, ပြဒါး, သံ့ ကျောက်မျက် ရတနာ စသည်တို့ တန်ခိုးဖြင့် မြေလျှိုးမိုးပျံ နေကြသော ဝိဇ္ဇာခိုရ်များ။

နှန်းမ ၃-ဆောင်။ ။ဗုဒ္ဓဝင်၌ ထင်ရှားသော အ့လောင်းမြတ် သိဒ္ဓတ်ဘုရင်၏ ရွှေနန်းသုံးဆောင် ဟူ၏။ (၁) ရမ္မ ခေါ် စုံ ၉-ဆောင်ရှိသော ရွှေနန်း ပြာသာဒ်တော်၊ (၂) သုဘ-ခေါ် ဘုံ ၇-ဆောင်ရှိသော ရွှေနန်း ပြာသာဒ်တော်၊ (၃) သုရမ္မခေါ် ဘုံ ၅-ဆောင်ရှိသော ရွှေနန်း ပြာသာဒ်တော်။

နန်းမကော်ကြီး ၄-ဆောင်။ ။နန်းရ မိဖုရားကြီး ၄-ပါးကို အစဉ်ထားရှိ နန်းမတော် ၄-ဆောင်ဟု ဝေါဟာရ ပြုကြကုန်၏၊ အကျယ်. (နန်းရ မိဖုရားမျိုး ၄-ပါး)၌ ရှုလေ။

နန်းရ မိဖုရား၊ မျိုး ၄-ပါး၊ ခွဲခြား ရွှေနန်းတော်။ ။မြန်မာဘုရင်တို့ ထုံးတမ်းစဉ်လာမှာ နန်းရမိဖုရားကြီး ၄-ပါးနှင့် အဆောင်ရ မိဖုရား ၄-ပါးဟု ထားရှိရှိသည်။ (၁) တောင်ညာစံဒေဝီ မဟေသီ မိဖုရားခေါင်ကြီး၊ တောင်နန်းမတော် မိဖုရားခေါင်ကြီး၊ (၂) မြောက်နန်းမတော် မိဖုရား၊ (၃) အလယ်နန်းမတော် မိဖုရား၊ (၄) အနောက်နန်းမတော် မိဖုရား။

နဘေစပ်ရှိ၊ နည်း ၈-မျိုး၊ ကျမ်းကိုး ပြပါလေ။ ။အောက်ပါ နဘေစပ်နည်း ရှစ်ပါးကို ကမ္မဝါစနည်း နှိုသျှည်းကျမ်း၌ ပြယုဂ်ဥဒါဟရဏ်နှင့် အဆုံးအဖြတ်ပြုခဲ့၏။ (၁) ရိုးရိုးနဘေစပ်နည်း၊ (၂) ပြန်ဂဟတ် နဘေစပ်၊ (၃) အဇ္ဈတ္တ နဘေစပ်၊ (၄) ရွှက်ချပ် နဘေစပ်၊ (၅) ချိန်ခွင်ညာ

http://www.dhammadownload.com

နဘောစပ်၊ (၆) ရွှေသွေ့လည်ပြန် နဘောစပ်၊ (၇) တေ့ဆက် နဘောစပ်၊ (၈) နဘော ပြန်စပ်နည်း။

နမော တဿ၊ ရှိခိုးကြ၊ ပုဂ္ဂလ ဂ-ယောက်။ ။ပိဋကတ်တော် ကျမ်းဂန်ဝ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"ဟု ဆို၍ ရှိခိုးသော ပုဂ္ဂိုလ် ဂ-ယောက် ဟူလို။

(၁) သိကြားမင်း။ သုတ်မဟာဝဂါ။ ပါ။ ၂၃၀။ ဌ။ ၃၃၃။

(၂) ကောသလမင်းကြီး။ မဇ္ဈိမပဏ္ဏာသ။ ပါ။ ၃၁၄။ ဌ။ ၂၃၈။

(၃) ဇာဏုဿောဏိ ပုဏ္ဏားကြီး။ မူလပဏ္ဏာသ။ ပါ။ ၂၃၅။ ဌ။ ဒုံ-အုပ်။ ၁၀၂။

(၄) မြဟွာယု ပုဏ္ဏားကြီး။ မဇ္ဈိမပဏ္ဏာသ။ ပါ။ ၃၄၁။ ဌ။ ၂၄၉။

(၅) ဓနဉ္ဇာနီ ပုတ္ထေးမ။ မဇ္ဈိမပဏ္ဏာသ။ ပါ။ ၄၂၄။ ဌ။ ၃၀၇။

(၆) အာရာမဒဏ္ဍ ပုဏ္ဏား။ ဒုကဂ်ိတ္ထရ။ ပါ။ ၆၈။

(၇) ကာရဏပါလိ ပုဏ္ဏား။ ပဋ္ဌာန်တ္ထရ။ ပါ။ ၂၀၆-၂၀၈။ ဌ။ ၆၈။

(၈) မဟိန္ဒမင်းကြီး။ မဟာပဒ-ဌ။ ပ-အုပ်။ ၆၄-တို့၌ အကျယ်ရှု။ ။ ကျမ်းငယ်တစောင်၌ကား နတ်ကြီး ၅-ပါးက နမော, တဿ၊ တဿ, တပုဒ်၊ စသည်ဖြင့် ရှိခိုးကြောင်းနှင့် လာသေး၏၊ သာသနာဝင် ကျမ်းတို့နှင့် မကိုက်ညီ။

နယ်ချဲ့တရား၊ မျိုး ၃ပါး၊ ရှောင်ရှား သူတော်စင်။ ။"ပပဉ္စတရား ၃-ပါး" ကိုပင် နည်းပရိယာယ်ဖြင့် နယ်ချဲ့တရားဟု ခေါ်ကြ၏၊ သရုပ်ဒဿတူတူပင်။

နယ်ခြားမြို့များ လုံခြုံရေးအင်္ဂါ ၇-ပါး။ ။ တိုင်းတပါးသား ရန်သူများ မဝင်နိုင်ရန် ၎င်းအကျယ် သတ္တင်္ဂုတ္တရ။ ပါ။ ၄၇၀။ ဌ။ ၁၀၁-၌ ရှုပါ။ သရုပ်မှာ (မြို့တော်အင်္ဂါ ၇-ပါး)နှင့် ဆင်ဆင်တူ၏။ စက္ကူ ရှားပါးသော ကြောင့် အကျယ်မပြနိုင်။

နယ ၃-ထွေ၊ မြန်စာပေ၊ ယူလေ ရွေးထုံးမှီး။ ။ ကြီယာသုံးစွဲနည်း ဥပဒေသ၌ လာသော သဒ္ဒါဝေါဟာရ (၁) ဥဒ္ဒီဿ နယ- ကြီယာတွင် ဘိုက်ရိုက် ညွှန်းပြသော နည်းမျိုး။ ပုံ- ဥဇနာမပြောင်၊ ရွှေနန်းတောင်ထက်၊

http://www.dhammadownload.com

ထွန်းပြောင် သုံးလ ဟူသော ပလိပ်စား ချေင်း၌ 'ထွန်းပြောင်' ဟူသော ကြိယာပုဒ်သည် ဥဒ္ဒိဿ နယ မည်၏၊ (၂) သံသယ နယ-ကြိယာတွင် စိတ်၌သာ ထင်မှတ်၍ ယုံမှားဘွယ်ရာ သုံးသော နည်းမျိုး၊ ပုံ-မဖြစ်လျှင် ကြေ၊ ဖြစ်လျှင်သော၊ လူလေ အတတ်၊ အဂ္ဂိရတ် ဟူသော ဓာတ်ပြလက်ာ၌ 'မဖြစ်လျှင်, ဖြစ်လျှင်' ဟူသော ကြိယာပုဒ်တို့သည် သံသယ နယ မည်၏၊ (၃) အာဏတ္တိ နယ ကြိယာတွင် စေခိုင်းခြင်း, တောင့်တခြင်း, အလို ရှိခြင်း, တောင်းပန်ခြင်းတို့ဖြင့် သုံးသော နည်းမျိုး၊ 'ပုံ-ကောင်းသော ဆန္ဒ၊ ဉာဿာဟာဖြင့်၊ နိစ္စမပျင်း၊ ကြိုးကုန်မင်း ဟူသော ဘူရိဒတ်ဇာတ် ပေါင်း၌ ပါလည် 'ကြိုးကုန်' ဟူသော ပုဒ်မျိုးသည် အာဏတ္တိ နယမည်၏၊ ဤသို့လျှင် ကဗျာလက်ာ ရေးစပ်ဆု၌ နည်း ၃-ထွေကို သိရ၏။

နရည်း စရာ၊ တူရိယာ၊ ဖ-ဖြာ မျိုးအပြား။ ။နရည်းစရာခေါ် တီးမျိုး၌ ပါဝင်သော တူရိယာ ဖ-မျိုး၊ 'ပတ်သာ, ပုံ, မောင်း, နှဲ, ကြေးနင်း, လင်းကွင်း'။

နဝင်္သီဇ။ ။အင်္ဂါ ၉-ပါးရှိသော သီလ-ဆောက်တည်ကောင်းပုံ အကျယ်ကို နဝင်္ဂုတ္တရ။ ပါ။ ၁၉၂။ ၌။ ၂၆၆-၌ ရှုပါ။အင်္ဂါ ၉-ပါးရှိသော သီလ, ရှစ်ပါးသီလထဲ၌ "မေတ္တာ သဟဂတေန စေတသာ သဗ္ဗ ပါဏ ဘူတေသု ဖရိတ္ဝာ ဝိဟရန် သမာဒိယာမိ" အလုံးစုံသော သတ္တဝါတို့ အပေါ်၌ မေတ္တာနှင့် ယှဉ်သောစိတ်ဖြင့် ပြန့်နှံ့၍ နေထိုင်ခြင်းကို ဆောက်တည်ပါ၏ ဟူသော သိက္ခာပုဒ် တပါးကိုထည့်၍ ၉-ပါး သီလဟု ခေါ်သည်။

မှတ်ချက်။ ။မေတ္တာ၏ ဆန့်ကျင်ဖက် ဒေါသမထွက်ရ၊ ဒေါသစိတ် ဖြစ်က သိက္ခာပုဒ်ပျက်၏၊ အမြဲမေတ္တာ ပွားနေရမည်ဟု မမှတ်လင့်၊ ကာယကံမေတ္တာ, ဝစီကံမေတ္တာလည်း မေတ္တာပင်။

နဝင်းအပြား ၁၀၈-ပါး။ ။ငင်းသရွဲပ်ကို (တရာ့ရှစ်နဝင်း)၌ ဆိုခဲ့ပြီ။

နဝင်းချော်, နဝင်းဆေးမျိုး ၉-ပါး။ ။အဂ္ဂိရတ် ဝေါဟာရ၊ ဓာတ်ကိုးပါး ဖြင့် ပြီးသော ဆေးဟူလို၊ ကန့်, ကျောက်ချဉ်, ဆား ၃-ပါး တလုံချက်၊ ယမ်း, လက်ချား, ဝက်သာ ၃-ပါး တလုံချက်၊ ပရွတ်, ထုံး, ဆပ်ပြာ ၃-ပါး အလုံချက်၊ ယင်း ၃-ပါး ၃-လီကိုပင် "နဝင်းဆေး, နဝင်းချော်" ဟု အဂ္ဂိရတ်ဆရာတို့ ခေါ်ဝေါ်သုံးကြကုန်၏။

http://www.dhammadownload.com

နဝဒေးကြီး၊ ဘွဲ့ဂုဏ်မှီး၊ ကျော်ဟီး ဥ-နာမာ။ ။ပဌမ နဝဒေးကြီး၏ "စစ်ကိုင်း ထောင်သင်း၊ စလင်းလက္ခါ၊ ပြည်မှာနဝဒေး" ဟူသော ဘွဲ့ထူး ဂုဏ်ထူးများ၏ အမည်တော် ဥ-ပါးကို ဆိုသည်။

နဝဒေးခေါ်၊-ဘွဲ့အကျော်၊ ဌ-ဘော် အင်္ဂါရပ်။ ။နဝဒေ- ပါဠိ "နဲ- မရှိ။ ဝဒေ-ဆိုဘွယ်ရာအပြစ်" ဂုဏ်ဘွဲ့တံဆိပ် ခံရသူများကား အောက်ပါ အင်္ဂါ ၄-ပါးနှင့် ပြည့်စုံရမည်ဟူ၏ (၁) နိုင်ငံတော်၌ အုပ်ချုပ်ကွပ်ကဲပေးခွင့် လိမ်မာရခြင်း၊ (၂) တရားဥပဒေ စီရင်ဆုံးဖြတ်ရေးခွင့် ကျွမ်းကျင်ရခြင်း၊ (၃) စစ်တိုက် စစ်ဆင် စစ်ဆုတ်ရေးခွင့် လိမ္မာပါးနပ် ရဲရင့်ရခြင်း၊ (၄) ဆေး ဗေဒင်နှင့် ကဗျာလင်္ကာ သဒ္ဒါစာပေတို့၌ ပြောင်မြောက် ရခြင်း။

နဝရတ် ဥ-ပါး၊ ဂုဏ်စွမ်းအား။ ။ဂုဏ်သရုပ် အဓိပ္ပါယ်ကို အောက်ပါ လင်္ကာဖြင့် သိရာ၏၊ "နိလာ စိန် ကြောင်၊ ထိန်ပြောင်ပတ္တမြား၊ မြသား, ဂေါမုတ်, ဥဿဖယား, သန္ဓာ၊ ရတနာပုလဲ၊ထူးကဲမွန်မြတ်၊ နဝရတ် ဥ-ပါး၊ ကျော်ထင်ရှားသည်၊ မှတ်သားအစဉ်၊ ခေါ်ဝှီးတည်း"။ နဝရတ် ဥ-ပါး၊ ဂုဏ်စွမ်းအားကား၊ ပတ္တမြား ဘုန်းတောက်၊ မြကျောက် အေးချမ်း၊ စိန်စွမ်း ဂုဏ်ရောင်၊ ကြောင်ကား သိဒ္ဓိ၊ ဓမ္မထိ နိလာ၊ မေတ္တာကဲချုပ်၊ ဂေါမုတ် ခွန်အား၊ ဥဿဖယား ကျန်းမာ၊ သန္ဓာ ကြီးကဲ၊ ပုလဲ ကျက်သရေ၊ ကွန့်ကွန့်ဝေသည်၊ ကိုးထွေနဝရတ် စွမ်းရည်ဟုတည်း။

နဝရတ်ထား၊ ရပ် ဥ-ပါး၊ ကွင်းငြား လက်စွပ်ဝတ်။ ။အထက်ပါ နဝရတ် ကျောက် ဥ-ပါးကို လက်စွပ် ကွင်းလိုသောသူသည် ပတ္တမြားကို အလယ် ထား၍ စိန်ကို ရှေ့တည့်တည့်က ထားပြီး လျှင်၊ ကြွင်းသော ရတနာ ၇-ပါးကို အစဉ်အတိုင်း လှကျဉ်ရစ်လှည့်၍ ကွင်းလေ၊ ဝတ်ဆင်သူအား ဘေးဥပဒ်ဒဏ်ကင်းရှင်း၍ ရုန်အပေါင်းတို့ကို နိုင်နင်းမည်၊ ဘုန်းကျက်သရေ တက်နေပမာ မင်္ဂလာရှိမည်၊ လာဘ်သပွေးကား ပေါများမည် ဟူ၏။

နဝရွှပါ၊ သဏ္ဌဝါ၊ ဥ-ဖြာ ရုပ်ပုံ အဘယ်နည်း? ။ရွှေဘုံ နိဒါန်းလာ "နဝ ရွှပဖေါင်"ပုံ မှ ယူပြေသည်။ (၁) ကရဝိက် နှုတ်သီးနှင့် လည်ဆံ၊ (၂) နွားဆွဲ၊ (၃) ငါးကြင်းမြီး၊ (၄) ဆင်စွယ် နှစ်ချောင်း၊ (၅) မကန်း နှာမောင်း၊ (၆) သမင်ချို နှစ်ဖက်၊ (၇) ကြက်တူရွေး အတောင်

http://www.dhammadownload.com

နှစ်ဘက်၊ (၁) တိုး လက်တဖက်, ခြေတဖက် အမြီး၊ (၉) မြင်းနား နှစ်ဖက်, လက်တဖက်, ခြေတဖက်။

နသတ်ကာရန်၊ ရေးထုံးမှန်၊ ၉-တန် မြန်မာ့နည်း။ ။မြန်မာ သင်ပုန်းကြီး ကျမ်းလာ စာစီစာကုံး ၃၆-ပါးသော ဌာနနှင့် ၆၄-ပါးသော ကာရန်ငယ် အသံတို့တွင် ပါဝင်သည့် ဝေါဟာရ။ 'အန်, အန့်, အန်း, အိန်, အိန့်, အိန်း, အုန်, အုန့်, အုန်း"တို့ ဖြစ်ကြ၏။

[နာ]

နာနာဘဏ္ဍာ၊ ခိုးနည်းလာ၊ ၅-ဖြာ အဘယ်နည်း?။ ။ဂင်းသရုပ်ကို (ခိုးခြင်း ၂၅-ပါး)၌ ကြည့်ပါကုန်။

နာမ် ၁၀-ပါး ဆေး။ ။အဂ္ဂိရတ် ဝေါဟာရ။ 'ယမ်း, ဆား, ဆပ်ပြာ, ဇဝက်သာ, ပရုပ်, ထုံး, ကျောက်ချဉ်, ကန်, ဒုဋ္ဌာ, လက်ချား' ယင်း ဆယ်ပါး လေးတူချက်သည့် ဆေးကို ဆို၏၊ လုပ်ရတ်သမားတို့ သုံးကြကုန်၏။

နာမ်စားမျိုး ၄-ပါး။ ။ဝါကျတခု၌ နာမ်ပုဒ်တို့ကို ထပ်ခါထပ်ခါ မသုံးရအောင် နာမ်၏ အစား သုံးသော ပုဒ်မျိုးကို ဆိုသည်။

(၁) **ပုဂ္ဂလ နာမ်စား-** လူ, နတ်, ဗြဟ္မာ စသော ပုဂ္ဂိုလ်တို့၏ အစား သုံးသော ပုဒ်မျိုး၊ ပုံ- 'ယောကျ်ားတဆူ၊ ထိုသ သူ.လျှင်၊ လူ၌သော်လဲ၊ လွန်ရခဲ၏'၊ ဟူသော စတုဓမ္မသာရပျို၌ 'သူ' ဟူသော ပုဒ်သည် ပုဂ္ဂလ နာမ်စား မည်၏။

(၂) **အပစ္စက္ခနာမ်စား-** မိမိကိုယ်ကို တဖန်ပြန်၍ သုံးစွဲသော ပုဒ်မျိုး၊ ပုံ- 'နင့် ကိုယ်ကို ပင်၊ နင်ဆင်ခြင်၊ ကြော ခြင် လျော့ပါးစွာ'။ ဟူသော ခွဲထားသံပေါက်၌ 'ကိုယ်ကို' ဟူသော ပုဒ်သည် မိမိသို့ တဖန် ပြန်လာသောကြောင့် 'သ ပစ္စက္ခနာမ်စား' မည်၏။

(၃) **နိဒဿန နာမ်စား- နာမ်ပုဒ်တို့၏ အစား ညွှန်းပြ သုံးစွဲသော** ပုဒ်မျိုး။ ပုံ- 'ဤကား မကောင်း၊ ထိုကား ကောင်း၏၊ နောက် နှောင်းသောခါ၊ သိရစ်ပါလိမ့်' ဟူသော ကုသပျို.၌ 'ဤကား'

http://www.dhammadownload.com

ထိုကား' ဟူသော ပုဒ်တို့သည် တစုံတခုသော နာမ်ပုဒ်တို့၏အစား သွန်းပြသော နည်းအားဖြင့် သုံးရကား 'နိဒဿန နာမ်စား' မည်၏။

(၄) ပုစ္ဆာ နာမ်စား- နာမ်ကို အမေးနည်းအားဖြင့် သုံးသောပုဒ်မျိုး။ ပုံ- 'မည်သူဆိုညွှန်း၊ မတိုက်တွန်း၊ လိုထွန်းကျမ်းလင်္ကာ' ဟူသော ဘူရိဒတ်ပျို့ နိဂုံး၌၊ 'မည်သူ' ဟူသော ပုဒ်သည် မေးခွန်းအရာ၌ တည်သောကြောင့် 'ပုစ္ဆာနာမ်စား' မည်၏။

မှတ်ချက်။ ။နာမ်စားကား ကဗျာလင်္ကာ၌ ၆-ပါးလည်း ရှိသေး၏။

နာမ် တေပညာ၊ ဘိဓမ္မာ၊ ၅၃-ဖြာသိ။ ။အဘိဓမ္မာသဘော နာမ် ၅၃-ပါး ဟူ၏။ (က) စိတ် ၁၉-ခုကို အာရမ္မဏ ဝိဇာနန သဗ္ဘာဝတခုသာ ရသော ကြောင့် နာမ်တပါး၊ (ခ) စေတသိက် ၅၂-ပါး၊ ပေါင်း ၅၃-ပါး ဖြစ်၏။

နာမျိုး ၅-ပါး။ ။နာမျိုးအဝင် ဆေးပင်မျိုး ငါးပါးဟူလို။ (၁) နာဂ မောက်၊ (၂) နာဂသိန်၊ (၃) နာဂမ၊ (၄) နာဂမ္မိုင်း၊ (၅) နာဂထ။

မှတ်ချက်။ ။နာဂမောက်ကို၊ 'နာဂဆက်' ဟူ၍လည်း ခေါ်ကြသည်။

နာယကဂုဏ် ၆-ပါး။ ။နာယက ပြုလုပ်သူတို့ လိုက်နာရမည့် ဂုဏ် ၆-ပါး ဟူ၏။ (၁) ခမာ- သည်းခံခြင်းခေါ် ခန္တီတရားများ ထားရှိရုံခြင်း၊ (၂) ဇာဂရိယ- အစစအရာရာမှာ သတိထက်ကြပ်ပါခြင်း နိုးကြားခြင်း၊ (၃) ဥဋ္ဌာန- ငယ်သားတို့ထက် ဆထက်များစွာ လွန်သာသော လုံ့လ ရှိခြင်း၊ (၄) သံဝိဘာဂ- လျော့က်ပတ် လျော်ကန် တော်တန်သလို ခွဲဝေတ် ခြီးမြှောက် ထောက်ပံ့ရခြင်း၊ (၅) ဒယာ-သူတပါးအား ကိုယ်နှင့် မခြား သနားကြင်နာရခြင်း၊ (၆) ဣက္ခနာ- အလုံးစုံသော အခွင့်အရေး ကို တွေးထောမြော်မြင် ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံရခြင်း, စုံစမ်းခြင်း။

နာယကပုဂ္ဂိုလ်၏ အသိဉာဏ် ၅-ပါး။ ။နာယက ရွေဆောင် လုပ်သူသည် ဤပညာငါးပါးနှင့် ပြည့်စုံရမည် ဟူ၏။ (၁) အတ္ထညူ- အကျိုးစီးပွား ရှိမှ်ကို သိရမည်၊ (၂) ဓမ္မညူ- တရားကောင်းနှင့် ညီ, မညီကို သိရမည်၊ (၃) မတ္တညူ- အတိုင်းအရှည်ကို သိရမည်၊ (၄) ကာလညူ- အချိန်အခါ သင့် မသင့်ကို သိရမည်၊ (၅) ပရိသညူ-ပရိသတ် လူထု၏ စိတ်ထားကို သိရမည်။

http://www.dhammadownload.com

နာရီ ၂-ပါး၊ အချိန်များ၊ ခြားနားမည်သို့သိ။ ။ဤပြဿနာ၌ မြန်မာနာရီ ယဉ်ပုံကို သိနိုင်ရန် ပြသည်။ (၁) တမောင်းခေါ် မြန်မာ တနာရီသည် စက် ၂၄-မိနစ် နှင့် ညီမျှ၏၊ (၂) မြန်မာ ၂-နာရီ ဗီဇနာ ၃၀-သည် စက် တနာရီနှင့် ညီမျှ၏၊ (၃) မြန်မာ တဗီဇနာသည် စက် ၂၄-စက္ကန့်နှင့် ညီမျှ၏၊ (၄) မြန်မာ ၅-ခဏု သည် စက် ၂-စက္ကန့်နှင့် ညီမျှ၏။

[နိ]

နိကွမပါရမီ၏ နှောင်ကြိုး ၁၀-ဖွဲ့။ ။ဂုဏ်းသရုပ်ကား (ဒအနှောင်အဖွဲ့ကြိုး ၁၁-ပါး) နှင့် တူ၏။

နိကာယ် ၅-ရပ်၊ ပိဋကတ်၊ ကျမ်းမြတ် ထုတ်ဘော်ဖြေ။ ။အပေါင်းအစု ပေါင်းစုထားသော ကျမ်းစာ ငါးခု။ [က] ဒီဃနိကာယ် ၃-ကျမ်း, သုတ္တန်မျိုး ပါဠိတော်များ။ (၁) သုတ်သီလက္ခန် (၂) သုတ်မဟာဝါ၊ (၃) သုတ်ပါထေယျ၊ [ခ] မဇ္ဈိမ နိကာယ် ၃-ကျမ်း, သုတ္တန်မျိုး ပါဠိတော်များ။ (၁) မူလ ပဏ္ဏာသ၊ (၂) မဇ္ဈိမ ပဏ္ဏာသ၊ (၃) ဥပရိ ပဏ္ဏာသ၊ [ဂ] သံယုတ္တနိကာယ် ၅-ကျမ်း, သုတ္တန်မျိုး ပါဠိတော်များ၊ (၁) သဂါထာဝဂ္ဂ သံယုတ်၊ (၂) နိဒါနဝဂ္ဂ သံယုတ်၊ (၃) ခန္ဓဝဂ္ဂ သံယုတ်၊ (၄) သဠာယတနဝဂ္ဂ သံယုတ်၊ (၅) မဟာဝဂ္ဂ သံယုတ်၊ [ဃ] အင်္ဂုတ္တရ နိကာယ် ၁၁-ကျမ်း, သုတ္တန်မျိုး ပါဠိတော်များ။ (၁) ကေဂ်ုတ္တရ၊ (၂) ဒုကဂ်ုတ္တရ၊ (၃) တိကဂ်ုတ္တရ၊ (၄) စတုက္ကဂ်ုတ္တရ၊ (၅) ပဉ္စဂ်ုတ္တရ၊ (၆) ဆက္ကဂ်ုတ္တရ၊ (၇) သတ္တဂ်ုတ္တရ၊ (၈) အဋ္ဌဂ်ုတ္တရ၊ (၉) နဝဂ်ုတ္တရ၊ (၁၀) ဒသဂ်ုတ္တရ၊ (၁၁) ကောဒသဂ်ုတ္တရ။ [င] ခုဒ္ဒကနိကာယ် သုတ္တန်မျိုး ၁၅-ကျမ်းနှင့် ဝိနည်း ၅-ကျမ်း၊ အဘိဓမ္မာ ၇-ကျမ်း ပါဠိတော်များ။ (၁) ခုဒ္ဒက ပါဌ၊ (၂) ဓမ္မပဒ၊ (၃) ဥဒါန၊ (၄) ဣတိ ဝုတ္တက၊ (၅) သုတ္တ နိပါဟ၊ (၆) ဝိမာန ဝတ္ထု၊ (၇) ပေတ ဝတ္ထု၊ (၈) ထေရ ဂါထာ၊ (၉) ထေရီ ဂါထာ၊ (၁၀) ပါဠ ဇာတက၊ (၁၁) မဟာ နိဒ္ဒေသ၊ (၁၂) ပဋိသမ္ဘိဒါမဂ်၊ (၁၃) အပဒါန်၊ (၁၄) ဗုဒ္ဓဝင်၊ (၁၅) စရိယာ ပိဋက၊ ဝိနည်း ၅-ကျမ်း ပါဠိတော်များ။ (၁) ပါရာဇိကဏ်၊ (၂) ပါစိတ်၊ (၃) မဟာဝဂ်၊ (၄) စူဠဝဂ်၊ (၅) ပရိဝါ၊

http://www.dhammadownload.com

အဘိဓမ္မာ ၇-ကျမ်း ပါဠိတော်မျှား။ (၁) ဓမ္မသင်္ဂဏီ၊ (၂) ဝိဘင်း၊ (၃) ပုဂ္ဂလပညတ်၊ (၄) ဓာတုကထာ၊ (၅) ကထာဝတ္ထု၊ (၆) ယမိုက်၊ (၇) ပဋ္ဌာန်း။

နိဗ္ဗလ ရောဇ်ခြည်တော်မျိုး ၃-ပါး။ ။ဗုဒ္ဓ ဘုရားကိုယ်တော်မြတ်မှ အမြဲမပြတ်ထွက်နေသော ရောင်ခြည်တော် ၃-ပါး၊ ၎င်းအဓိပ္ပါယ် "ဗုဒ္ဓကိုယ်တော်ရောင် ၇-ပါး"၌ ကြည့်ပါ။ (၁) အင်္ဂီရသ ရောင်ခြည်တော်၊ (၂) ဗျာမပွဘာ ရောင်ခြည်တော်၊ (၃) အသီတိပွဘာ ရောင်ခြည်တော်။

နိစ္စသိလမျိုး ၂-ပါး။ ။ရသေ့, ယောဂိနှင့် လူသူတော်တို့ အမြဲတစေ စောင့်သုံး၍ နေနိုင်သော သီလမျိုး ၂-ပါး ဟူ၏။ (၁) ငါးပါးသီလ၊ (၂) ဆယ်ပါးသီလ။

နိပါတ်တော် ၂၂-ပါး။ ။ဘုရားဟော-ဇာတ်နိပါတ်တော်၏ အမည် ၂၂-ပါး၊ ၎င်း သချုပ်ကို (ငါးရာ့ငါးဆယ်) ဟူသော သုစေသနပုဒ်၌ ရှုပါ။

နိဗ္ဗာန်မျိုးပြား၊ ၇-ပါး၊ ဖြေကြား မြတ်အရှင်။ ။တဏှာမှ ထွက်မြောက်ရာ အရပ်မျိုး ၇-ပါး။ (၁) ဒိဋ္ဌဓမ္မ နိဗ္ဗာန်-ဘုရား ရဟန္တာတို့ အသက် ထင်ရှားရှိစဉ် ခံစားအပ်သော နိဗ္ဗာန်၊ (၂) သမ္မရာယိက နိဗ္ဗာန်- ပရိနိဗ္ဗာန် စံပြီးနောက် နိဗ္ဗာန်၊ (၃) ဆ ဥပါဒိသေသ နိဗ္ဗာန်-ဒိဋ္ဌဓမ္မ နိဗ္ဗာန်၏ပရိယာယ်၊ (၄) အနုပါဒိသေသ နိဗ္ဗာန်-သမ္မရာယိက နိဗ္ဗာန်၏ ပရိယာယ်၊ (၅) သုညတ နိဗ္ဗာန်-သခ်ါရတို့မှ ကင်းဆိတ်သော နိဗ္ဗာန်၊ (၆) အနိမိတ္တ နိဗ္ဗာန်-သခ်ါရ နိမိတ်ဖြာမှ ကင်းစင်သော နိဗ္ဗာန်၊ (၇) အပ္ပဏိဟိတ နိဗ္ဗာန် တဏှာ တောင့်တခြင်း ကင်းစင်သော နိဗ္ဗာန်။

မှတ်ချက်။ ။ထိုမှတပါးလည်း အမည်နာမ, များစွာ ရှိသေး၏။

နိမ့်သံအပြား၊ ၁၈-ပါး၊ စပ်ငြား ကဗျာပြု။ ။သံရှည်ကို မစဉ်လွှတ်ဘဲ တင်းမာ ပြတ်သားစွာ ရွတ်ဖတ်သီဆိုရသော အသံများ။ ၎င်းကိုပင် သံဖို, ညာသံငယ်, ဝိသဇ္ဇနီသံ, စသည်ဖြင့် ခေါ်ဆိုကြသေး၏၊ 'အကျယ် ကဗျာမှုန်းနည်း နိသျည်းကျမ်း'၌ ရှုလေ။ (အား, အီး, ဦး, အေး, ဩး, အင်း, အည်း, အည်း, အန်း, အမ်း, အိန်း, အိမ်း, အုန်း, အုမ်း, အဲး, အောင်း, အိုင်း, အိုဝ်း)တို့ ဖြစ်ကြ၏။

http://www.dhammadownload.com

နိမိတ် ၃-ပါး၊ သေသူများ၊ ထင်ရှား ဖြစ်ပေါ်လာ။ ။သေခါနီး၌ မိမိလားရာ ဂတိအတွက် အချက်ပြပေးသော အာရုံနိမိတ်များ။ (၁) ကံနိမိတ်၊ (၂) ကမ္မနိမိတ်၊ (၃) ဂတိနိမိတ်၊ အဘိဓမ္မာဝိဘင်းပါဠိတော်။ ၁၄၂။ဌ။ ၁၄၈-၌ အကျယ်ရှု။

နိမိတ် ၄-ပါး၊ ခွဲသိထား၊ တရား ကမ္မဋ္ဌာန်း။ ။ဘာဝနာ၏ အကြောင်းဖြစ်သော အာရုံ ၃-မျိုးကို ခေါ်ဆိုသော ဝေါဟာရ။

(၁) ပရိကမ္မ နိမိတ်-ပရိကမ္မဘာဝနာ၏ အာရုံကို ပရိကမ္မနိမိတ်၊ "မူလစီးဖြန်းသော အာရုံကို ခေါ်ဆိုသည်"။

(၂) ဥဂ္ဂဟ နိမိတ်- ကမ္မဋ္ဌာန်းစီးဖြန်း၍ စိတ်ထည်း၌ အတော်တည်ကြည်လာသည့်အခါ၊သို့မဟုတ် မူလ ပထဝီကသိုဏ်း စသည်ကို မျက်စိဖြင့် မကြည့်တော့ဘဲ စိတ်ဖြင့်မှန်း၍ တန်းတန်းဖြောင့်ဖြောင့် ထင်ရှားပေါ်လွင်စွာ အာရုံကို ယူနိုင်သည့်အခါ ထိုစိတ်ဖြင့် ယူနိုင်သော အာရုံကိုပင် ဥဂ္ဂဟနိမိတ်ဟု ခေါ်ဆိုသည်။

(၃) ပဋိဘာဂ နိမိတ်-ပဋိဘာဂ သဒ္ဒါကား အတု,အတူ ဟူသော အနက်ကို ဟော၏။ မူလစီစဉ်ထားသည်မှ တပါး အခြားသော အတုအပ အာရုံ၊ သို့မဟုတ် မူလကသိုဏ်းဝန်းနှင့် တူစွာ စိတ်ထည်းမှာ ထင်ပေါ်လာသော အာရုံကို ပဋိဘာဂနိမိတ် ခေါ်ဆိုသည်။

နိမိတ်ကြီး ၄-ပါး။ ။သုတ်မဟာဝါ ။ပါ။ ၁၈။ ဌ။ ၄၆-၌ အကျယ်ရှု။ နိက္ခမပါရမီ၏ အကြောင်းဖြစ်သော။ (၁)သူအို၊(၂)သူနာ၊(၃)သူသေ၊ (၄) ရဟန်းတို့ကို ခေါ်ဆိုသည့် ဗုဒ္ဓဝင် ဝေါဟာရ။

နိမိတ်ခေါ်လာ၊ မျိုး ၃-ဖြာ၊ မြို့ရွာ ဆည်းလည်းဆို။ ။ဇင်း သရွပ်ကို (ဆည်းလည်း ၃-လုံး) သုတေသန၌ ဆိုမဲ့ပြီ။

နိမိတ်ဖတ် ပုဏ္ဏားတော် ဂ-ယောက်။ ။အလောင်းတော်မင်းသား ဖွားမြင်ကာစ၌ လက္ခဏာတော် နိမိတ်ဖတ် အထူးရွေးချယ်ခံ ပညာရှိပုဏ္ဏား ရွာ်ယောက်။ (၁)-ရာမပုဏ္ဏား၊ (၂) ဇော၊ (၃) လက္ခဏ၊ (၄) မန္တိ၊

http://www.dhammadownload.com

(၅) ကောဏ္ဍည၊ (၆) ဘောဇ၊ (၇) သုယာမ၊ (၈) သုဒတ္တပုဏ္ဏားတို့ ဖြစ်ကြ၏။ ဗုဒ္ဓဝံသ အဋ္ဌကထာ။

နိယတ ဗျာဒိတ် ရကြောင်း အင်္ဂါ ၈-ပါး။ ။ဌာန်းသရုပ် အခိုပွါယ်ကို (ဗျာဒိတ်ရကြောင်း အင်္ဂါ ၈-ပါး)၌ ကြည့်ပါ။

နိယတ ဗျာဒိတ်ရ အလောင်းတော်တို့ မဖြစ်ကောင်းသော အရပ် ၅၁ခု ၁၈-ပါး။ ။ဌာန်းသရုပ်ကို(ဗျာဒိတ်ရ အလောင်းတော်တို့ မဖြစ်ရသော အရပ် ၁၈-ပါး)၌ ကြည့်ပါ။

နိယာမတရား ၅-ပါး၊ တနည်း ၁၅-ပါး။ ။အမှတ် ၁-မှ ၅-အထိ,ကို သုတ် မဟာဝဂ် အဋ္ဌကထာ **မဟာပဒါနသုတ်**မှ ယူပြသည်၊ အဋ္ဌသာလိနီ။ ဋ္ဌ။ ၃၁၂-၌လည်း ရှုပါ။ မြဲသော အလေ့အကျင့် သဘောတရားတို့ကို ခေါ်ဆိုသည်၊ ဤ၌ ပညာရှိကြီးများ ထုတ်ဆိုရေးသားချက် တဆယ့် ငါးပါး ကိုသာ ပြသော်လည်း အတိအကျ မမှတ်အပ်၊ ထိုထက်ပို၍လည်း ကြံဆ ယူငင် နိုင်သေး၏၊ ငင်းကိုပင် "ကမ္မဉ္စနိယာမ တရားကြီး ငါးပါး" ဟု လည်း ခေါ်ဆိုကြ၏။

(၁) စိတ္တ နိယာမ-စိတ်တို့၏ အစဉ်အတိုင်း ရှေ့စိတ် နောက်စိတ် ဖြစ်ပွားသော သဘောတရား။

(၂) ကမ္မ နိယာမ- ကုသိုလ်ကံ အကုသိုလ်ကံတို့၏ ကံနှင့် အလားတူစွာ ကမ္မဝိပါက်တရား ချမ်းသာ,ဆင်းရဲတို့ ဖြစ်ပွားခြင်းသဘော။

(၃) ဗီဇ နိယာမ- သစ်စေ့ သစ်ညှုန့် စသည်တို့၏ မူလမျိုးဂိုး ပင်ရင်းနှင့် အလားတူစွာ ပေါက်ခြင်းသဘော။

(၄) ဥတု နိယာမ-ဆောင်း, နွေ,မိုးယဉ်တုတို့၌ နှင်းကျခြင်း,ပူအိုက်ခြင်း, မိုးယိုးရွာခြင်းစသော အစဉ်မပြတ် အလားတူ ဖြစ်ခြင်းသဘော။

(၅) ဓမ္မ နိယာမ-ရေတို့၏ နိမ့်ရာသို့ စီးဆင်းခြင်း, သစ်ညှုန့်တို့၏ ကောင်းကင်သို့ ထိုးတက်ခြင်း, နေ လ ကြယ်တာရာ တို့၏ ထွန်းလင်းတောက်ပ လှည့်လည်ခြင်း စသော သဘောတရားစု။

http://www.dhammadownload.com

(၆) ကပ္ပ နိယာမ- ကမ္ဘာ၏ ပဌမတည်ထောင် ဖြစ်ပေါ်ပျက်စီး ပြုပြင် ဖြေဖျောင်းလဲနေခြင်း သဘော။

(၇) လိင် နိယာမ- ထီး, မ သတ္တဝါတို့၏ အချင်းချင်း မတူ ထူးခြား သော အသွင်, အသံ သဘော။

(၈) ပထဝီ နိယာမ- မြေ၏ ကည်ရာ မှီရာဖြစ်ခြင်း ခက်မာ ခိုင်ခန့်ခြင်း သဘော။

(၉) အာပေါ နိယာမ- ရေ၏ နိမ့်ရာသို့ စီးဆင်းခြင်း, အေးမြခြင်း, ပျော့ ပျောင်းခြင်း သဘော။

(၁၀) တေဇော နိယာမ- မီး၏ ပူလောင်ခြင်း, မြို့က်ကျွမ်းခြင်း, ကြေညက် စေခြင်း, ရင့်ရော် ဆွေးမြေ့စေခြင်းနှင့် ချမ်းအေးခြင်း သဘော။

(၁၁) ဝါယော နိယာမ- လေ၏ တွန်းကန် ထုက်ဖို့ လှုပ်ရှား တောင့်ခိုင် ခြင်း သဘော။

(၁၂) အာကာသ နိယာမ- ကောင်းကင်၏ ဟင်းလင်းပွင့်ခြင်း, ရေးခြစ်၍ မရခြင်း, အဆင်းအရောင် ရုပ်သွင် ကင်းခြင်း သဘော။

(၁၃) သူရိယ နိယာမ- နေမင်း၏ အရောင်အဆင်းကို ပေးခြင်း, လက်ျာ ရစ် အမြဲလှည့်လည်ခြင်း, အရှေ့မှထွက်၍ အနောက်သို့ ဝင်ခြင်း သဘော။

(၁၄) စန္ဒ တာရက နိယာမ- လနှင့် ကြယ်တာရာတို့၏ အလင်းရောင်ကို ပေးခြင်း, အမြဲလက်ျာရစ် လှည့်လည်၍ သွားခြင်း, အရှေ့မှထွက်ပြီး အနောက်သို့ ဝင်ခြင်း သဘော။

(၁၅) ပဋိစ္စ သမုပ္ပါဒ နိယာမ- ကုသိုလ် အကုသိုလ် တရားတို့၏ တခုဖြစ် လျှင် အခြားတခု ဖြစ်ပေါ်လာခြင်း, သဘောတရား တခုချုပ်လျှင် အခြားတခ ချုပ်ငြိမ်းသွားသော သဘောတရားစုမျိုး။

နိဒ္ဒေသစွာ၏ အနက်သဘော ၄-ချက်။ ။ဂဠုံးသရုပ်ကို (သစ္စာအနက် ၁၆-ချက်) ၌ ရှုပါ။

http://www.dhammadownload.com

နိဏောဓ သမာပတ်၏ ပုဗ္ဗ ကရဏကြီး ၄-ပါး။ ။နိဏောဓသမာပတ် မဝင်စားမီ ရှေးဦးစွာ အမြဲပြုလုပ် ဓိဋ္ဌာန်ရသော ပြုဘွယ်ကြီး လေးပါး ဟူ၏။ (၁) သတ္တု ပက္ကောသန-မြတ်စွာဘုရားခေါ်လျှင် သိနိုင်ခြင်း၊ (၂) သံဃ ပဋိမာနန-သံဃာ တောင့်တလျှင် သိနိုင်ခြင်း၊ (၃) နာနာဗဒ္ဓ အဝိကော ပန- မိမိနှင့် စပ်သော သက်နိုး ပရိက္ခရာတို့ကို ရေ,မီး ဇသော ရန်သူများ မဖျက်ဆီးနိုင်ခြင်း၊ (၄) အဒ္ဓါန ပရိစ္ဆေဒ- ဝင်စားနေမည့် နေ့ရက်အချိန်ကို ပိုင်းခြားသတ်မှတ်ခြင်း။

နိဏောဓသမာပတ် ဝင်စားနိုင်သူ ၂-မျိုး။ ။စိတ်, စေတသိက်, စိတ္တဇရုပ်တို့ကို အခိုက်အတန့်အားဖြင့် ချုပ်စေကာ ချမ်းသာမှုကို ခံစားနိုင်သူ ပုဂ္ဂိုလ်နှစ်ယောက်ကို ဆိုသည်။ (၁) ဗျာနလာဘီ အနာဂါမ် ပုဂ္ဂိုလ် တယောက်၊ (၂) ဗျာနလာဘီ ရဟန္တာ ပုဂ္ဂိုလ် တယောက်။

မှတ်ချက်။ ။သောတာပန်, သကဒါဂါမ်နှင့် ပုထုဇဉ် ဗျာန်ရ ပုဂ္ဂိုလ်တို့ကား နုသော သမာဓိရှိ၍ မဝင်စားနိုင်ဟူ၏၊ ဗျာန်သမာပတ် မရသူ အနာဂါမ် ရဟန္တာတို့လည်း မဝင်စားနိုင်ခေ့။

နိသဇ္ဇ ဒေါသမျိုး ဂ-ပါး။ ။မြတ်စွာဘုရားနှင့် သံဃာတော်များထံ ကပ်ရောက်ခစားသောခါ မနေအပ်သော အရပ်နေရာမျိုး ရှစ်ပါး၊ မသင့်တင့်သော အပြစ်သင့်သည် ဟူ၏၊ သုတ္တန်ပါတ် မင်္ဂလသုတ် အဋ္ဌကထာမှ သုတေသနပြုသည်။ (၁) အတိဒူရ- ဝေးလွန်းသော နေရာ၊ (၂) အစ္စာသန္န- နီးလွန်းသော နေရာ၊ (၃) ဥပရိ ဝါတ-လေညာ လေတင်အရပ်၊ (၄) ဥန္နတ ပဒေသ- မြင့်လွန်းသော နေရာ၊ (၅) အတိ သမ္မုခ- မျက်နှာနှင့် တည့်တည့်အရပ်၊ (၆) အတိ ပစ္ဆာ- နောက်ကျော တည့်တည့်အရပ်၊ (၇) ဩနတ- နိမ့်ကျလွန်းသော နေရာ၊ (၈) ပဿ-ဘေးတိုက် တည့်တည့်နေရာ။

[နီ]

နီလာအပြား၊ မျိုး ၄-ပါး၊ ခွဲခြား မဏိသျှတ်။ ။မဏိသျှတ္တရကျမ်းလာ နီလာမျိုးလေးပါးကို တန်ဘိုးနှင့်တကွ ၎င်းကျမ်းရင်း လင်္ကာအတိုင်း ခွဲခြား၍ ထုတ်ပြလိုက်၏၊ "လေးသွယ်နီလာ၊ ပြားကြရာတွင်၊ (၁)'နီလာ'

http://www.dhammadownload.com

ခေါ်ဆို၊ အောက်မဲညိုပွင့်၊ ပန်းသို့ တင့်၏။ (၂) ထပ်ဆင့် ဒုတိယ၊ 'နီလ ကဏ္ဏိ'၊ ရွှဲကျိလက္ခဏာ၊ အပြာတွင်ဖက်၊ ညိုညိုစွက်၏၊ အမျက်နှစ်ပါး၊ ကျိကျောက်များကား၊ ကျပ်သားရှေတိ၊ တင်လောက်တိမူ၊ သိဒ်ဂိပဉ္စ၊ ကျပ်ထိုက်စွတည့်။ (၃) 'ဣန္ဒနီလာ'၊ လက္ခဏာကား၊ သူရိယာနေခြည်၊ ရောင်သို့တည်၏၊ ရွှေမျည် တကျပ်၊ တင်လောက်ငါးပြမူ၊ သုံးကျပ်ရွှေကောင်း၊ ထိုက်ပေရှောင်း၏။ (၄) တကြောင်း 'ဥပနီလာ'၊ သညာခေါ်ဆို၊ကြာညိုပွင့်ရောင်၊တကျပ်ခေါင်မှာ၊စီမြှောင်သင့်စွာ၊ထားလောက်ပါမူ၊ ရွှေသား နှစ်ကျပ်၊ အဘိုးပြတ်သည်၊ မချုတ်မှန်ဖြောင့် လှည့်သတည်း"။

နီဝရဏတရား ၆-ပါး။ ။စျာန် မဂ် ဖိုလ်စသော ကုသိုလ်တရားတို့ကို ပိတ်ပင်ကာဆီး ကန့်ကွက်တတ်သော တရား ၆-ပါး။ (၁) ကာမစ္ဆန္ဒ နီဝရဏ- အာရုံငါးပါး ကာမဂုဏ်တရားတို့ကိုသာ ခံစားလိုခြင်း လောဘ၊ (၂) ဗျာပါဒ နီဝရဏ- အမျက်ဒေါသ ပြစ်မှား **ကြမ်းထမ်းခြင်း**၊ (၃) ထိန မိဒ္ဓ နီဝရဏ- ထိုင်းမှိုင်း ငိုက်မျည်းခြင်း၊ (၄) ဥဒ္ဓစ္စ ကုက္ကုစ္စ ၊နီဝရဏ- မတည်ကြည်သောစိတ်, ပျံ့လွင့်ခြင်း, ပူပန်ခြင်း၊ (၅) ဝိစိကိစ္ဆာ နီဝရဏ- ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးနှင့် မိမိတို့ပြုလုပ်ရမည့် အကျိုးခံစားခွင့် စျာန် မဂ်ဖိုလ်တရားတို့ကို သို့လော သို့လော ယုံမှားတွေးတောခြင်း၊ (၆) အဝိဇ္ဇာ နီဝရဏ-အမှန်ကို မသိတတ်ခြင်း မောဟ။

[နု]

နုပှာ ၅၀၀၊ ဘုရားလျာ၊ သညာ အမည်ဆုတ်၊ ။ကျမ်းကြီး ကျမ်းခိုင်တို့၌ ၎င်းတို့၏ အမည်နာမများကို မတွေ့ဘူးသေးပါ၊ ရင့်မာ တကျိပ်ကား အနာဂတဝင်ကျမ်း၌ အမည်များနှင့်တကွ လာရှိ၏။ "ရင့်မာတကျိပ်၊ နုငါးရာ၊ နောင်လာရှစ်သောင်း၊ ဘုရားပေါင်း။ ဘုရားပေါင်းနောက်၊ တို့နှစ်ယောက်၊ တို့နှစ်ယောက်နောက်၊ ခင်ကြီးပေါက်"ဟု အရက်သမား စကားမျိုးလောက်ကိုသာ ကျွန်ုပ်တို့ ကြားမှတ်ရသူး၏။

နုဿတိ ၁၀-ပါး။ ။၎င်း၏ သရုပ်အဓိပ္ပါယ်(အနုဿတိ ဆယ်ပါး)မှာ ပြခဲ့ပြီ။ ဤဝေါဟာရကား ကဗျာလင်္ကာအစဉ်နှင့် စာပေဝါး မဝဿုတို့မှ ဖြစ်လာ၏၊ အမှန်မှာ "အနုဿတိ"သာ ဖြစ်သည်။

http://www.dhammadownload.com

[နူ]

နူနာမျိုး ၁၈-ပါး။ ။ကုဋ္ဌနူနာမျိုး ၁၈-ပါး၊ အမတသာဂရ ဆေးကျမ်းမှ အကျဉ်းယူပြသည်၊ အကျယ် ၎င်း၌ရှုပါလေ။ (၁) ကာပါလိက-ကိုယ်ရေနှံ့ ညို့ အဖုပေါက်၊ ကြမ်းခြောက်၍ အလွန်နာကျင်ခြင်း ဖြစ်၏၊ (၂) သြဒုမ္ဗရ- ကိုယ်ရေနှံ့ သဖန်းသီးဖုထ, အလွန်ယား, ဆံပင်အင်မှး ဖြောဲ့ တောဲ့သော အဆင်းရှိ၏၊ (၃) မဏ္ဍလ- ကိုယ်ရေဖြူ, နှံ့ စေးထန်းထန်း အဖု အကွက်ထ၏၊ (၄) ဣက္ခ ဇိဝှါ အနာဖြစ်ရာ၌ လျှာကဲ့သို့ ရှိ၏၊ အတွင်း၌ ဝါညို ရှိ၏၊ နာကျင်၏၊ (၅) ပုဏ္ဏရိက- အရေသည် ကြာရွက် နုကဲ့သို့ စဉ်းငယ်နှံ့၍ ဖြူ၏၊ (၆) သိဓိမ-အရေ ကြေးနီ အဆင်းကဲ့သို့ ရှိ၏၊ ယား၏၊ ခြောက်၏၊ တစ တစ ပြန့်နှံ့.၍တက်၏၊ (၇) ကာက- အရေ ချင်္ဂေးကဲ့သို့ရှိ၏၊အတွင်း၌ညို၏၊ ဘေးနားနီ၏၊ ခြောက်သွေ့ ကိုက်ခဲ နာကျင်၏၊ (၈) ကေကဋ္ဌ- ချွေးမထွက် ငါးတစ်ငါးတုံးကဲ့သို့ ကြီးစွာ ဖြစ်ပေါ်လာတတ်၏၊ (၉) ဂဇစမ္မ- အရောသည် ဆင်ရေကဲ့သို့ ထူ၏၊ (၁၀) ဒမ္မဒလ- ယား၏၊ နီရောင် ရှိ၏၊ အဖုတို့ဖြင့် ပြည့်၏၊ အဖုပေါက်ကွဲလျက် အဝဿ်ပုဆိုးတို့ဖြင့် အထိ မခံနိုင်အောင် နာကျင်၏၊ (၁၁) ကိဋိဘ- ခြောက်သော အရောင် ရှိ၏၊ ညှိုမည်း၏၊ ကြမ်းထော်၏၊ (၁၂) ဝေပါဒိက- လက်ခြေတို့၏ အရေသည် ကဲ့ပျက်ပေါက်ပဲ့ခြင်းသို့ ရောက်၏၊ အလွန် နာကျင်၏၊ (၁၃) အလသ-အရေ၌ များစွာ ယား၍ အဖုကြီးတွေ ပေါ်ပေါက်လာတတ်၏၊ (၁၄) ဒဒ္ဒု-အရေနီလျက် ယားပြီး အဖုတို့ ထတတ်၏၊ (၁၅) ပါမာ- ပူလောင်၏၊ ယား၏၊ သေးငယ်သော အနီဖုကလေးများ ပေါ်ပေါက်လာတတ်၏၊ (၁၆) ဝိပ္ပေါဋ္ဌက - အရေ၌ ညှိုညှိုနီနီ သေးငယ်သော အဖုကလေးတွေ ဖြစ်လာတတ်၏၊ (၁၇) သတာဂ္ဃ - အရေ၌ နီနီညှိုညှိုအဖုကြီးတွေ ထတတ်၏၊ (၁၈) ဝိဓဗ္ဗိကာ-အရိုး အဆစ်တို့ကို ဆွေးမြေ့ပြုတ်ပြတ်စေ၏။

[၈နေ]

နေထွက်နာရီ၊ ၁၂-လီ၊ မြန်ပြည် ဘယ်လ ဘယ်ချိန်နည်း ?။ ။မြန်မာပြည်၌ နေထွက် နေဝင် အချိန်များကို အောက်ပါ လက်သွားအတိုင်း ပညာရှိများ စီစဉ်ထားခဲ့ကြ၏၊ ဤ၌ စနေနံ့ကို သုည ယူလေ။

http://www.dhammadownload.com

လက်ဘွားး	လ အမည်	နာရီ	မိနစ်
ကူး,သောင်း,နေထွက်	တာကူး	၆	၀၀
ဆုန်, ဖက်, မဲမနှင်း	ကဆုန်	၅	၅၀
ယုန်, မင်း, လှထွေ	နယုန်	၅	၄၀
ဆို, ပေ, ဆယ်ထပ်	ဝါဆို	၅	၃၀
ခေါင်,မတ်,လည်တို	ဝါခေါင်	၅	၄၀
ခေင်း,ပျို,ပျိုထွေး	တော်သလင်း	၅	၅၀
ကျတ်, ဒသူး,ထွက်ထွက်	သီတင်းကျွတ်	၆	၀၀
မုန်း,သက်,အော်နေ	တန်ဆောင်မုန်း	၆	၁၀
နတ်,သေ, ချန်ထား	နတ်တော်	၆	၂၀
ပြာ, သား, စုတ်တံ	ပြာသို	၆	၃၀
တွဲ, ဟန်, ခေါ်ထု	တပို့တွဲ	၆	၂၀
ပေါင်း, ဟု, အတင်း	တပေါင်း	၆	၁၀

နေထွက်လင်းသည်၊ မြန်တွင်းပြည်သူ၊ မှတ်ယူသော်။

နေပြည်တော်မှာ၊ ငြိမ့်ညောင်းသာ၊ ကျမ်းလာ သံ ၁၀-မျိုး။ ။ဂုဏ်းသရုပ် (မြို့တော်သာယာ၊ ငြိမ့်ညောင်းငြာ၊ ၁၀-ဖြာ အသံမျိုး) ဟူသော သုတေသနဥ္စာ ရှုပါလေ။

နေမင်း၏ ရန်သူမျိုး ၄-ပါး။ ။ဝိနည်း စူဠဝါ။ပါ။ ၄၉၂။ ဌ။ ၃၁၂-တို့၌ ရှုပါ၊ နေ၏ အန္တရာယ်ကြီး လေးပါး။ (၁) ဆီးနှင်းမြူခိုး၊ (၂) မီးခိုး၊ (၃) မိုးသံတိမ်၊ (၄) အသူရိန်တို့ ဖြစ်ကြ၏။

နေမင်း၏ ရန်သူမျိုး ၅-ပါး၊ တနည်း။ ။ နေ, လ, တို့၏ အန္တရာယ် အညစ်အကြေး ၅-ပါး ဟူ၏။ ။သုတ်သီလက္ခန်။ ဌ။ ၁၂၉။ (၁) မိုးသံတိမ်တိုက်၊ (၂) ဆီးနှင်း၊ (၃) မီးခိုး၊ (၄) မြူ၊ (၅) ရာဟု အသူရိန်။

နေရာ ၅-သွယ်၊ နှန်းတော်၀ယ်၊ ဘယ်နှယ် ဘယ်သို့နည်း ? ။ နှန်းတော်တွင်းရှိ မှူးမတ်တို့၏ နေရာ ၅-သွယ် ဟူလို၊ ၎င်းတို့ကို တော်, ဒူး, စနည်း, ကဝေါ, ဟု သိရာသည်၊ ဤ အခေါ်အဝေါ်တို့မှာ ရာမညတိုင်းသားတို့

http://www.dhammadownload.com

ဘာသာ ဖြစ်၏။ (၁) တော် နေရာ- ကွန်းစင် နေရာ၊ (၂) ဒူး နေရာ- သေဉ်မ နေရာ၊ (၃)စနည်း နေရာ၊ (၄) သေဉ်ရံ နေရာ၊ ( ) ဘဝေါ နေရာ- သေဉ်ထွေးနေရာ၊ အတွင်းဘဝေါ, အပြင်ဘဝေါ်အား ဖြင့် နေရာ ငါးသွယ် ရှိ၏။

ထို့ကြောင့် "အမတ်ကြီးဟု၊ သီးသီးကျော်ထင်၊ တော်ဟုတွင်သား၊ ကွန်းစင်လုံးညီ၊ ရွှေတိုင်မှီလျက်၊ နောက်ပြီနောက်တည်၊ ဒူး, စနည်က၊ နှစ်မည်ဘဝေါ၊ နတ်လော တွေးဘွယ်၊ မတဲငါးသွယ်နှင့်၊" ဟု ပညာရှိတို့ စပ်ဆိုထား၏။

နေရောင်ခြည် ၇-မျိုး။ ။နေရောင်ခြည် ဓာတ်တွင်ပါသော အဆင်းရောင် ခြည် ၇-မျိုး။ (၁) အနီရောင်၊ (၂) အဖြူရောင်၊ (၃) ညိုစိမ်းရောင်၊ (၄) အဝါရောင်၊ (၅) မောင်းမှိုင်းရောင်၊ (၆) ခရမ်းရောင်၊ (၇) ပြိုးပြက်ရောင်။

နေဝင်နာရီ၊ ၁၂-လီ၊ မြန်ပြည် ဘယ်လ ဘယ်ချိန်နည်း? ။ ၎င်းအဖြေကား ၁၂-နာရီကို တည်၊ ထိုလ၏ နေထွက်နာရီနှင့် နုတ်၊ အကြွင်း နေဝင်နာရီ ဖြစ်၏။

နေ့ နံမျိုး ၈-ပါး။ ။တနင်္ဂနွေ နေ့နံ အစ- ရုဟု နေ့နံ အဆုံး, ၎င်းရှစ်ပါးကို ခေါ်သည်။

နေ့၌ အိပ်သင့်သော သူ ၁၇-ဦး။ ။ဥတုဘောဇနကျမ်းမှ ဤသူမျှားကား- ကျန်းမာရေးအတွက် နေ့ကိုအိပ်ရမည်။ (၁)အပင်ပန်းခံသူ၊ (၂)မေထုန် မှီငဲပြီးစသူ၊ (၃) ခရီးပြင်းသွားသူ၊ (၄) ဆင်မြင်းတို့ ပန်းအောင်စီးသူ၊ (၅) ကိုယ်လက်နွမ်းနယ်သူ၊ (၆) ဝမ်းသက်သူ၊ (၇) ရင်ကျပ် ရင်ဘတ် နာ ရှိသူ၊ (၈) ပန်းနာရှိသူ၊ (၉) ရေငတ်နာရှိသူ၊ (၁၀) သက်လုံ ပျက်သူ၊ (၁၁) လေနာရှိသူ၊ (၁၂) ဓာတ် အားခွန် ကုန်ခန်းသူ၊ (၁၃) သလိပ် ကုန်ခန်းသူ၊ (၁၄) သူအို၊ (၁၅) သေအရက် မျှားစွာ ယစ်သူ၊ (၁၆) အဇီဏ္ဏနာ ရှိသူ၊ (၁၇) ညဉ့်ကို မအိပ်ရသူ။

http://www.dhammadownload.com

[နော]

နောက်ပစ်အနက်၊ ၃-ပါးထွက်၊ မိန်မြွက် ဖြေတော်မူ။ ။ပဲနှင့်စလယ်၊ ပယ်၌ ဝယ်၊ တင့်တယ် နောက်ပစ်မှ။ ဟူသော ပရိဘာသာ အရ။ (၁) ငွေ တပဲ့ နှစ်ပဲ့ ဟူသောအနက်၊ (၂) ဆန် တစလယ်၊ ဟူသောအနက်၊ (၃) မြေ တပယ်၊ နှစ်ပယ်၊ ဟူသော အနက်တို့၌ (၁,၂) ဟု နောက်ပစ်နှင့် ရေးရ၏။

နောက်ပစ်မျိုး ၃-ပါး။ ။မြန်မာသင်ပုန်းကြီး ကျမ်းလာ ၃၆-ပါးသော ဌာနတို့တွင် ပါဝင်သည့် စာစီစာကုံး ဥပဒေသ ဝေါဟာရ၊ "အဲ့, အဲ့, အဲး" တို့ဖြစ်၏၊ (နောက်ပစ် ယသတ် သမာနဟော။)

နောင်တ တရားကြီး ၁၀-ပါး။ ။လွန်ပြီးအမှုတို့ကို ပြန်တွေးကာ စိတ် မအေးဘူယ် အကြောင်းတရား ၁၀-ပါး၊ ဒုဒ္ဒသနိပါတ် ဇနသန္ဓဇာတ် ပါဠိတော်မှ။

(၁) ငယ်ရွယ်စဉ်အခါ ပစ္စည်း ဥစ္စာ မရှာ မဆည်းပူးခဲ့လျှင် အိုမင်းသော နောင်အခါ၌ မရှိဆင်းရဲ မွဲပြာကျသောကြောင့် နောင်တ ရတတ်သည်။

(၂) ငယ်ရွယ်စဉ်အခါ ပညာသင်ကြားရန် အခွင့်အရေး ရပါလျက် ပညာကို မသင်မကြား ဆိုးတောကာ ကျောင်းပြေး လုပ်သော သူသည် ပညာမရှိခြင်းကြောင့် နောင်အသက်မွေးမှု ငြိုငြင် ဆင်းရဲသော အခါ နောင်တ ရတတ်သည်။

(၃) ကောက်ကျစ်စဉ်းလဲခြင်း၊ ကုန်းချောစကား ပြောကြား ရန်တိုက် ခြင်းမျာ၊ ပြုမိခဲ့လျှင် နောင်သေရာဘေဝစောင်း၌ လျှောင်းစက် ရသောအခါ နောင်တတရား ရတတ်သည်။

(၄) သူ၏အသက်ကို သတ်ခြင်း၊ ကြမ်းကြုတ်ခြင်း၊ ယုတ်မာ ညစ်ညမ်း သော အမှုတို့ကို ပြုခြင်း၊ သတ္တဝါများအား သနားမဖက် ရက်စက် သည်ကို ပြုမိခြင်းတို့ကြောင့်လည်း နောင်သောအခါ နောင်တ ရတတ်သည်။

http://www.dhammadownload.com

(၅) အဂမနိယ မသွားလာအပ်သော သူမယားနှင့်သို့မျှားကို သွားလာပေါင်းသင်း မှီဝဲဖျက်ဆီးမိခြင်းကြောင့်လည်း နောင်တတဖန် ပူပန်ရတတ်သည်။

(၆) များစွာသော ပစ္စည်းဥစ္စာ ထမင်း အဖျော်တို့ ရှိပါလျက် ထိုစဉ် အခါက ဒါနမပြုမိလျှင် နောင်သောအခါ၌ နောင်တရတတ်သည်။

(၇) ဥစ္စအား, ကိုယ်အား, ဉာဏ်အား များစွာရှိပါလျက် အိုမင်းသော မိဘတို့ကို အသက်ရှိစဉ် အခါက မလုပ်ကျွေး မမွေးမြူ မိခဲ့လျှင် နောင်သောအခါ နောင်တ ရတတ်သည်။

(၈) ပုဇ္ဇာစရိယ ဖြစ်၍ အဖန်တလဲလဲ ဆိုဆုံးမတတ်သော အလုံးစုံသော ဝတ္ထုကာမ အရသာတို့ကို ရှာကြံဆောင်ယူ၍ ကျွေးမွေး ပေးတတ်သော မိခင်, ဘခင်မြတ်ကို မထေမဲ့ ပြုမိလျှင် နောက်အခါ နောင်တ ရတတ်သည်။

(၉) သီလ, သမာဓိ, ပညာ ဗဟုသုတသခင်ရဟန်းတော်အရှင် သူတော်စင်မျှား ထင်ရှားရှိပါလျက် မဆည်းကပ် မကိုးကွယ် မပေးလှူမိသူသည်လည်း နောင်သောအခါ နောင်တ ရတတ်သည်။

(၁၀) ငြိမ်သက် တည်ကြည်သောအကျင့် ခြိုးခြံသော အကျင့်သည် ကောင်းမြတ်၏ဟု သူတော်ကောင်းတို့ ဟောကြားခဲ့ပြီ၊ ဤသို့သော အကျင့်မြတ်တို့ကို ငါလည်း ရှေးက မကျင့်ခဲ့မိဟု နောင်သော အခါ နောင်တ ရတတ်သည်။

နောင်မြင်ရန်ခက်၊ မျိုး ၅-ချက်၊ မိန့်မြွက် ၊ ညာရှင်။ ။ဤ၌ စလေဆရာကား ရှေသုံးပါးဖြစ်သော အိမ်ထောင်ပြု၊ ဘုရားတည်၊ ဆေးမင်ကြောင်ထိုးမှုတို့ကို ပြသွား၏၊ ကျောင်းလှူ ကျောင်းထိုင်ပင့် ကိစ္စနှင့် စာချုပ်ရေးကိစ္စထည့်၍ ၅-ပါး ဖြစ်လာသည်၊ ကျောင်းလှူမှုားလျှင် ဘုန်းကြီးနှင့် စကားမျှား နှင်ချလို့လည်း မသွာ၊ အပါယ်သို့သာ လားတတ်ကြသည်၊ စာချုပ်မှု ကိစ္စကား သာ၍ပင် ဆိုးခြေ၏၊ ထို့ကြောင့် "အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုး၊ ကျောင်းထိုင်ပင့် မြတ်သံဃာ၊ စာချုပ်ဆာ ခက်တဲ့အမျိုး။ ဤ ၅-ခု သမ္မဇဉ်၊ ဉာဏ်ယှဉ်ကာ ပြုကြမြော်ကိုး" ဟု ဆိုရိုးပြုကြသည်။

http://www.dhammadownload.com

[နို]

နို့အရသာမျိုး ၅-ပါး။ ။နွားနို့ စသည်မှ ဖြစ်ပေါ်သော အရသာ ခတ်များ။ (၁) ခီရ-နို့စိမ်း နို့ကျက်၊ (၂) ဒဓိ-ဓိန်ခဲ၊ (၃) ဋ္ဌက္က- ရက်တက်ရည်၊ (၄) နဝနီတ- ထောပေး၊ ဆီဦး၊ (၅) သပ္ပိ-ထောပတ်။

နို့ထိန်း အင်္ဂါ ၉-ပါး။ ။ဗုဒ္ဓဝင် အဋ္ဌကထာမှ၊ ရှေးခါက ယခုကဲ့သို့ တိရစ္ဆာန်နို့မျိုးဖြင့် မိမိတို့သားသို့မဟုတ်ကို မမွေးမြူ၊ လူလူချင်း နို့ဖြင့်သာ မွေးမြူစေကြ၏၊ ထိုကြောင့် မိမိကလေးအား နို့ထိန်း တိုက်ကျွေးမည့် သူမသည် "မမြင့်လွန်း, မနိမ့်လွန်း, မကြုံလွန်း, မဆူလွန်း, မမည်းလွန်း, မဖြူလွန်း, ရင်သားမရှည်လွန်း, မတိုလွန်း, ချောင်းဆိုးပန်းနာ မရှိ, သူ" ဖြစ်စေရသည် ဟူ၏။

နိုင်ငံတော် ကျယ်ပြန့်မှု အကြောင်းကြီး ၈-ပါး။ ။တိုင်းပကား ပြည်နယ် တိုးကျယ် ပြန့်ပွားခြင်း အကြောင်း အင်အား ရှစ်ပါး။ ရာဇနီတိသုတြ။ (၁) စစ်၏ ဦးခေါင်းခေါ် စစ်သူကြီး ဗိုလ်ချုပ်ရှိရခြင်း၊ (၂) စစ်၏ မျက်စိ ခေါ် ဟူထားတတ်နှင့် ဆရာဝန်များ ရှိရခြင်း၊ (၃) စစ်၏ နား ခေါ် သူလျှိုကောင်းများ ရှိရခြင်း၊ (၄) စစ်၏ အား ခေါ် ရဲမက် စစ်သည် ကောင်း များစွာ ရှိရခြင်း၊ (၅) စစ်၏ ခံတွင်းခေါ် တမန်လိမ္မာများ ရှိရခြင်း၊ (၆) စစ်၏ အစွယ်ခေါ် ဗိုလ်မှူး တပ်မှူး ရှိရခြင်း၊ (၇) စစ်၏ ခြေ ခေါ် ကြည်း, ရေ, လေယာဉ်နှင့် ယာဉ်မောင်း သူရဲကောင်းများ ရှိရခြင်း၊ (၈) စစ်၏ လက် ခေါ် လက်နက်ခဲယမ်း ရိက္ခာများစွာ ရှိရခြင်း။

နိုင်လိုသူများ၊ ကျင့်ဆောင်ထား၊ ၅-ပါး မြတ်ဓမ္မာ။ ။ဝင်းကို (အောင် နိုင်ခြင်းတရား ၅-ပါး) ဟူသော သရုပ်၌ ဆိုခဲ့ပြီ။

[နွ]

နွားလားကြီးမျိုး ၃-ပါး။ ။ (၁) နွားကောင်ရေ တထွာတို့၏ အကြီး အမှူးသည် နွားလား "ဥသဘ" မည်၏၊ (၂) ကောင်ရေ တထောင်တို့၏ အကြီးအမှူးသည် နွားလား "နိသဘ" မည်၏၊ (၃) အားလုံးသော

http://www.dhammadownload.com

[နှ + စ်]

နွားအပေါင်းတို့၏ အကြီးအမှူးသည် နွားလား "အာသဘ" မည်၏၊ မူလပဏ္ဏာသ ။ပါ။ ၉၉ ။ဌ။ ပ-အုပ်၊ ၃၃၂-၌ အကျယ်ရှုပါ။

[နှ]

နှစ် အမျိုးအစား ၃-ပါး။ ။နက္ခတ် ဗေဒင်ကျမ်းတို့မှ၊ (၁) မဏ္ဍူက ဂတိကနှစ်-ရက်ပေါင်း ၃၆၄-ရက်ကျမှ မိဿရာသီသို့ တနင်္ဂနွေ ရောက်လျှင် နေသည် အသွားနှေးသောကြောင့် မဏ္ဍူက ဂတိကနှစ် ခေါ်သည်၊ လဆန်း တိထိ ၁-ရက်, ၂-ရက်မှာ လမြင်ရ၏၊ (၂) သီဟ ဂတိကနှစ်-ရက်ပေါင်း ၃၅၄-ရက်နှင့် မိဿရာသီသို့ တနင်္ဂနွေ ရောက်လျှင် နေသည် ခုနစ်ကျော်၍ အသွားမြန်သောကြောင့် သီဟ ဂတိကနှစ် ခေါ်သည်၊ လဆန်း တိထိ ၄-ရက်, ၅-ရက်မှ လမြင်ရ၏၊ (၃) ယထာ ဂတိကနှစ်- ရက်ပေါင်း ၃၆၀- အပြည့်မှာ မိဿရာသီသို့ တနင်္ဂနွေရောက်လျှင် နေသည် မနှေးမမြန် အဖြောင့် သွားသောကြောင့် ယထာ ဂတိကနှစ် ခေါ်သည်၊ လဆန်း တိထိ ၃-ရက်မှာ လမြင်ရ၏၊ ဆေးသြဇာရှိသော နှစ်မည်၏။

မှတ်ချက်။ ။တလ၏ အသံ်ဝ ရက်ပေါင်း- ၃၀၊ မိဿုစသော ဆယ့်နှစ်ရာသီလျှင် အသံ်ဝရက်ပေါင်း ၃၆၀-ကို အမြဲထား၍ နှစ်မျိုး-၃-ပါး ပိုင်းခြား၍ ပြသည်။

နှစ် အမျိုးအစား ၅-ပါး။ ။သုတေသီတို့အတွက် အချက်ကျ သိစေရန် တွက်နည်းလက်ဝါ ဘော်ပြထားသည်။ ။လက်ဝသံပိုင်ကား။ ကမ္ဘာကပ္ပ၊ သာသန, သံဝစ်၊ တိထိ, နှစ်နှင့်။ သစ်သစ်သခ်ျာ၊ အသံ်ဝမည်ထုတ်၊ သုဒ္ဓဒိန်သွား၊ နှစ်ငါးပါးတွင်၊ ပျက်ပုံးတည်ထ၊ တပေါင်းစ၍၊ တိ ံသဒိဝ၊ လဖြင့် ရေတွက်၊ အရက်ခြောက်ဆယ်၊ သုံးရာကြွယ်သား၊ ထိုဝယ် နှစ်ကို; ကပ္ပဆို၏။ ထိုလည်းတကြောင်း၊ တပေါင်းကွယ်ပြည့်၊ ပါဠိုပဒ၊ တန်ခူးစ၍၊ ခြောက်လ ခြောက်လ၊ ဝိသမနှင့်၊ သမဖြင့်အား၊ ငါးဆယ့်လေးခါ၊ ရက်သုံးရာကား၊ သာသနာနှစ်၊ ဖြစ်၏ငင်း။ တပေါင်းလပြွန်၊ တန်ခူးပြည့်ဖြင့်၊ ဆယ့်နှစ်လှည့်လည်၊ တိထိမည်၏၊ တလီဆိုဘွယ်၊ သုံးဆယ်အသံ်ဝ၊ ဆယ့်နှစ်ခါ၌၊ အသံ်ဝသံဝစ်၊ ခေါ်မြဲနှစ်တည်း။ သက္ကရာဇ်ဦး၊ တန်ခူးတာတက်၊ ရက်၏အပ၊ ကြုံခဲ့ကြ၍၊ သုံးရာ့ရက်ပါး၊ ခြောက်ဆယ့်

http://www.dhammadownload.com

ငါးနှင့်၊ ဆယ့်ငါးနှာရီ၊ နှစ်ပါဒ်ချီလျက်၊ တဗီဇနာ၊ သုံးပြန်ကျတွင်း၊ သုဒ္ဓဒီန္ဓ၊ သံဝစ္ဆရဟု။ သဒ္ဓမ္မပုည၊ ဇ္ဈေဝဆီမီး၊ စွယ်စုံကြီးတို့၊ ရှေးတီးတင့်နှိုင်း၊ ဆက်စဉ်လိုင်းချ၍၊ သံပိုင်းမင်္ဂလာ၊ တင်ပြန်ရာသည်၊ မင်းသာပိုင်သ၊ စိုးမြန်းတည်း။

နှစ် အမျိုးအစား ၁၂-ပါး။ ။ခုနှစ်သက္ကရာဇ် အမည် ၁၂-မျိုး၊ ငုံးတို့ကိုပင် "သင်္ကြန်မျိုး ၁၂-ပါး"ဟုလည်း ခေါ်ကြသည်၊ သင်္ကြန်လက်ရိုးကျမ်းတို့မှ နည်းရရုံ ပြလိုက်၏၊ ရောက်ဆဲ သက္ကရာဇ်ကို တည်၊ ၂-ခုနုတ်၊ ၁၂-ခုစား၊ ၁-ကြွင်းမူ ဇေယျနှစ်၊ ၂-ကြွင်းမူ ဝိသာခါနှစ်၊ ၃-ကြွင်းမူ ဇေဋ္ဌနှစ်၊ ၄-ကြွင်းမူ အာသဠှိနှစ်၊ ၅ ကြွင်းမူ သရဝဏ်နှစ်၊ ၆-ကြွင်းမူ ဓနိဋ္ဌနှစ်၊ ၇-ကြွင်းမူ အဿယုဇ္ဆာနှစ်၊ ၈-ကြွင်းမူ ကြတ္တိကာနှစ်၊ ၉-ကြွင်းမူ မိဂသီနှစ်၊ ၁၀-ကြွင်းမူ ဖုဿနှစ်၊ ၁၁-ကြွင်းမူ မာဃနှစ်၊ ၁၂-ကြွင်းမူ ဖဂ္ဂုဏနှစ်။

နှစ်ကျိပ်ရှစ်ဆူ ဘုရား။ ။ဂေါတမ ဘုရားလောင်း ဗျာဒိတ် ခံယူသော ကမ္ဘာမှစ၍ ပွင့်တော်မူသော ဘုရားရှင်များ၏ အမည်တော်တို့ ဖြစ်သည်။

(၁) တဏှင်္ကရာဘုရား- ဒုက္ကရစရိယာ ၇-ရက်၊ စရီးပင် (တောင်မရိုးပင်) ဗောဓိ၊ သက်တော် တသိန်း နေတော်မူ၏။

(၂) မေဓင်္ကရာဘုရား- ဒုက္ကရစရိယာ ၁၅-ရက်၊ ပေါက်ပင် ဗောဓိ၊ သက်တော် ကိုးသောင်း။

(၃) သရဏင်္ကရာဘုရား- ဒုက္ကရစရိယာ တလ၊ သခွတ်ပင် ဗောဓိ၊ သက်တော် ရှစ်သောင်း။

(၄) ဒီပင်္ကရာဘုရား- ဒုက္ကရစရိယာ ၇-ရက်၊ ညောင်ကြပ်ပင် ဗောဓိ၊ သက်တော် တသိန်း။

(၅) ကောဏ္ဍညာဘုရား- ဒုက္ကရစရိယာ ဆယ်လ၊ ကြောင်လျှာပင် ဗောဓိ၊ သက်တော် တသိန်း။

(၆) မင်္ဂလာဘုရား- ဒုက္ကရစရိယာ ရှစ်လ၊ ကုံကော်ပင် ဗောဓိ၊ သက်တော် ကိုးသောင်း။

http://www.dhammadownload.com

(၇) သုမနဘုရား- ဒုက္ကရစရိယာ ဆယ်လ၊ ကုံကော်ပင် ဗောဓိ၊ သက်တော် ကိုးသောင်း။

(၈) ရေဝတဘုရား-ဒုက္ကရစရိယာ ၇-လ၊ ကုံကော်ပင် ဗောဓိ၊ သက်တော် ခြောက်သောင်း။

(၉) သောဘိတဘုရား- ဒုက္ကရစရိယာ ၇-ရက်၊ ကုံကော်ပင် ဗောဓိ၊ သက်ကော် ကိုးသောင်း။

(၁၀) အနောမဒဿီဘုရား-ဒုက္ကရစရိယာ ဆယ်လ၊ဖောက်ကြုံပင် ဗောဓိ၊ သက်တော် တသိန်း။

(၁၁) ပဒုမဘုရား- ဒုက္ကရစရိယာ ရှစ်လ၊ ကြောင်လျှာပင် ဗောဓိ၊ သက်တော် တသိန်း။

(၁၂) နာရဒဘုရား- ဒုက္ကရစရိယာ ၇-ရက်၊ ကြောင်လျှာပင် ဗောဓိ၊ သက်တော် ကိုးသောင်း။

(၁၃) ပဒုမုတ္တရဘုရား- ဒုက္ကရစရိယာ ၇-ရက်၊ ထင်းရှူးပင် ဗောဓိ၊ သက်တော် တသိန်း။

(၁၄) သုမေဓာဘုရား- ဒုက္ကရစရိယာ ၁၅-ရက်၊ ထိန်ပင် ဗောဓိ၊ သက်တော် ကိုးသောင်း။

(၁၅) သုဇာတဘုရား- ဒုက္ကရစရိယာ ကိုးလ၊ ဝါးပင် ဗောဓိ၊ သက်တော် ကိုးသောင်း။

(၁၆) ပိယဒဿီဘုရား- ဒုက္ကရစရိယာ ခြောက်လ၊ ရေခတက်ပင် ဗောဓိ၊ သက်တော် ကိုးသောင်း။

(၁၇) အတ္ထဒဿီဘုရား- ဒုက္ကရစရိယာ ရှစ်လ၊ စကားပင် ဗောဓိ၊ သက်တော် ဘသိန်း။

(၁၈) ဓမ္မဒဿီဘုရား- ဒုက္ကရစရိယာ ၇-ရက်၊ လိပ်ဆူးရှေပင် ဗောဓိ၊ သက်တော် တသိန်း။

(၁၉) သိဒ္ဓတ္ထဘုရား- ဒုက္ကရစရိယာ ဆယ်လ၊ မဟာလေကားပင် ဗောဓိ၊ သက်တော် တသိန်း။

http://www.dhammadownload.com

(၂၀) တိဿဘုရား- ဒုက္ကရစရိယာ ရှစ်လ၊ ပိဖတာက်ပင် ဗောဓိ၊ သက်တော် တသိန်း။

(၂၁) ဖုဿဘုရား- ဒုက္ကရစရိယာ ခြောက်လ၊ သျှိသျှားပင် ဗောဓိ၊ သက်တော် ကိုးသောင်း။

(၂၂) ဝိပဿီဘုရား- ဒုက္ကရစရိယာ ရှစ်လ၊ သခွတ်ပင် ဗောဓိ၊ သက်တော် ရှစ်သောင်း။

(၂၃) သိခီဘုရား- ဒုက္ကရစရိယာ ရှစ်လ၊ သရက်ဖြူပင် ဗောဓိ၊ သက်တော် ခုနစ်သောင်း။

(၂၄) ဝေဿဘူဘုရား- ဒုက္ကရစရိယာ ခြောက်လ၊ အင်ကြင်းပင် ဗောဓိ၊ သက်တော် ခြောက်သောင်း။

(၂၅) ကကုသန်ဘုရား- ဒုက္ကရစရိယာ ရှစ်လ၊ ကုက္ကိုပင် ဗောဓိ၊ သက်တော် လေးသောင်း။

(၂၆) ကောဏာဂုံဘုရား- ဒုက္ကရစရိယာ ခြောက်လ၊ ရေသဖန်းပင် ဗောဓိ၊ သက်တော် သုံးသောင်း။

(၂၇) ကဿပဘုရား- ဒုက္ကရစရိယာ ၇-ရက်၊ ပညောင်ပင် ဗောဓိ၊ သက်တော် နှစ်သောင်း။

(၂၈) ဂေါတမမြတ်စွာဘုရား- ဒုက္ကရစရိယာ ခြောက်နှစ်ကြာ၊ ညောင် ဗုဒ္ဓဖောပင်ရင်း၌ ပွင့်တော်မူသည်၊ သက်တော် ရှစ်ဆယ် နေတော် မူသည်။ ၎င်း အကျယ်ကို ဗုဒ္ဓဝံသ။ပါ။၃၀။ဋ္ဌ။၃၄၀။ အပဒါန် ။ဋ္ဌ။ ပ-အုပ်။ ၅၄။ စရိယာပိဋကဿ ။ဋ္ဌ။ ၁၄-တို့၌ ရှုပါလေ။

နှစ်ဆယ့် စါးမါး၊ အေးကြီးများ၊ ဖြေကြား မြတ်အရှင်။ ။၎င်း သရုပ်ကို (အေးကြီး ၂၅-ပါး)၌ ရှုပါ။

နှစ်ထယ့်ရှစ်ရုပ်၊ ဧင်ဆွဲထုတ်၊ ဖြိုလုပ် ရုပ်သေး သဘင်သော်။ ။၎င်းသရုပ်ကို (ရုပ်သေးကပ္ပ၊ ပါစမြဲ၊ ထုတ်ဆွဲ ၂၀-ရုပ် အဘယ်နည်း?) ဟူသော သုတေသနာ၌ ရှုပါ။

http://www.dhammadownload.com

နှစ်ဆယ်လေးပစ္စည်း။ ။ဂင်းသည် ပဋ္ဌာန်းတရားတော်ဖြစ်၍ အာဂုံဆောင်ပြုပြီး နေ့စဉ်စည်းချ ရွတ်ဖတ်ပါက ရန်သူမျိုးငါးပါးမှ ကင်းလွတ်သည်။ ဟေတု ပစ္စယော၊ အာရမ္မဏ ပစ္စယော၊ အဓိပတိ ပစ္စယော၊ အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော၊ သဟဇာတ ပစ္စယော၊ အညမည ပစ္စယော၊ နိဿယ ပစ္စယော၊ဥပနိဿယ ပစ္စယော၊ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊ အာသေဝန ပစ္စယော၊ ကမ္မ ပစ္စယော၊ ဝိပါက ပစ္စယော၊ အာဟာရ ပစ္စယော၊ ဣန္ဒြိယ ပစ္စယော၊ ဈာန ပစ္စယော၊ မဂ္ဂ ပစ္စယော၊ သမ္မယုတ္တ ပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယော၊ အတ္ထိ ပစ္စယော၊ နတ္ထိ ပစ္စယော၊ ဝိဂတ ပစ္စယော၊ အဝိဂတ ပစ္စယော တိ။

နှလုံးသွေးရောင်မျိုး ၆-ပါး။ ။လူ၏ စိတ္တာပ္ပါဒ်ကို လိုက်၍ဖြစ်ပေါ်သော သွေးရောင် ခြောက်ပါး။ (၁) ရာဂစရိုက် ထူပြောသူ၏ နှလုံးသွေးသည် ချိပ်ရည်ကဲ့သို့ နီမောင်းသော အဆင်းရှိ၏၊ (၂) ဒေါသစရိုက် ထူပြောသူ၏ နှလုံးသွေးသည် ထောက်ရှာသီးမှည့်ကဲ့သို့ မည်းနက်သော အဆင်းရှိ၏၊ (၃) မောဟစရိုက် ထူပြောသူ၏ နှလုံးသွေးသည် သားဟင်းလျော ဆေးရည်ကဲ့သို့ ဖြောင့်တောင့်သော အဆင်းရှိ၏၊ (၄) ဝိတက်စရိုက် ထူပြောသူ၏ နှလုံးသွေးသည် မဖြူမညို ပဲစဉ်းငုံအဆင်းကဲ့သို့ ဖြောင့်တောင့်သော အဆင်းရှိ၏၊ (၅) သဒ္ဓါစရိုက် ထူပြောသူ၏ နှလုံးသွေးသည် မဟာလေ့ကာပန်းအဆင်းကဲ့သို့ ဝါဝင်းကြည်လင်သော အဆင်းရှိ၏၊ (၆) ပညာစရိုက် ပြောသောသူ၏ နှလုံးသွေးသည် ပုတ်သစ်ပတ္တမြားကဲ့သို့ သန့်ရှင်းစင်ကြယ်သော ရောင်ဆင်းရှိ၏။ (အဘိဓမ္မာနည်း)

နှုတ်ခမ်းရပ်မှာ၊ ဖြစ်ပေါ်လာ၊ မြန်မာအက္ခရာ ၇-လုံး။ ။ဂင်းသရုပ် (သြဇ္ဈ အက္ခရာ ၇-လုံး)၌ ဆိုခဲ့ပြီ။

နှုတ်မလုံသူမျိုး ၉-ယောက်။ ။လျှို့ဝှက်ဘွယ်တို့ကို မတိုင်ပင် မပြောကြားအပ်သူ ၉-ယောက်၊ ဟိတောပဒေသမှ။ (၁) ရာဂ စရိုတ-ရာဂထူပြောသူ၊ (၂) ဒေါသ စရိုတ-ဒေါသကြီးသူ၊ (၃) မောဟ စရိုတ-တွေဝေထိုင်းမိုင်းသူ၊ (၄) ဘီရုက-ကြောက်တတ်သူ၊ သတ္တိနည်းသူ၊ (၅) အာမိသ ဂရုက-လာဘ်လာဘ ထမ်မက်သူ၊ (၆) ဣတ္ထိ-မိန်းမ၊ (၇) သောဏ္ဍ-သေသောက်ကြွေး ယစ်ထုပ်၊ (၈) ပဏ္ဍက-ပဏ္ဍုက်၊ (၉) ဒါရက-ကလေးသူငယ်။

http://www.dhammadownload.com

[ပ]

ပုံသုကူအပြား၊ မျိုး ၁၀-ပါး၊ ခွဲခြား ဧဖြေတော်မူ။ ။ရဟန်းတော်များ ပုံသုကူကောက်ယူအပ်သော ပုံသုကူအဝတ်မျိုး ဆယ်ပါးကို ဝိနည်းပရိဝါမှ သုတေသနပြုသည်။ (၁) သောသာနိကံ-သုသာန်၌စွန့်ပစ်ထားသောဒၯဝတ်ပုဆိုး၊ (၂) ဥန္ဒူရခါယိတံ- ကြွက်ကိုက်၍ စွန့်ပစ်ထားသော ၎င်း၊ (၃) ဥပစိကခါယိတံ-ခြစားၗစွန့်ပစ်ထားသော ၎င်း၊ (၄) အဂ္ဂိ ဒဒ္ဓံ-မီးလောင်,မီးပေါက်၍စွန့်ပစ်ထားသော ၎င်း၊ (၅) ဂေါခါယိတံ-နွားခဲစား၍ စွန့်ပစ်ထားသော ၎င်း၊ (၆) အဇိကာ ခါယိတံ- ဆိတ် ခဲစား၍ စွန့်ပစ်ထားသော ၎င်း၊ (၇) အဘိသေကိယံ- အဘိသိက်ပွဲ၌ စွန့်ပစ်ထားသော ၎င်း၊ (၈) ထူပစိဝဏ်-စေတီပုထိုး၌ လှူထားသော ၎င်း၊ (၉) ပါပဏိကံ- အိမ်စျေးအနီး၌ စွန့်ပစ်ထားသော ၎င်း၊ (၁၀) ဘတ ပဋိယာ ဘတံ- သုသာန် လိုက်ပို့သူတို့ ပြန်လာသောအခါ အမင်္ဂလာဟု စွန့်ပစ်လိုက်သော အဝတ်ပုဆိုး။

ပကတိ သံ၊ ၁၈-တန်၊ ဂိတံဆိုရိုး အဘယ်နည်း ?။ ။၎င်းသရုပ်သည်(တက်သံ ၁၈-ပါး)နှင့် တူ၏။

ပကိဏ်းစေတသိက် ၆-ပါး။ ။စိတ်တို့၌ ယှဉ်သင့်သလို သဘောတူရာစုၗ ပြိုးပြမ်းယှဉ်သော စေတသိက်တရားစုများ ဟူ၏။ (၁) ဝိတက်-ယှဉ်ဘက် တရားစုကို အာရုံသို့ရွေးရှု တင်ပေးခြင်း လက္ခဏာရှိ၏၊ (၂) ဝိစာရ-အာရုံကို အဖန်ဖန် သုံးသပ်ခြင်း လက္ခဏာရှိ၏၊ (၃) အဓိမောက္ခ-ဆုံးဖြတ်ခြင်း လက္ခဏာရှိ၏၊ (၄) ဝီရိယ-ကြိုးစားအားထုတ်ခြင်း လက္ခဏာရှိ၏၊ (၅) ပီတိ- နှစ်သက်ခြင်း လက္ခဏာရှိ၏၊ (၆) ဆန္ဒ- အာရုံပြုလိုသော သဘောလက္ခဏာ ရှိ၏။

မင်္ဂလယ်ကြီး ၁၃-စင်း။ ။ကမ္မာပေါ်၌ ကြီးကျယ်ပြန့်ပြောသော ပင်လယ်ကြီးများကို ဆိုသည်။

(၁) မြေထဲ ပင်လယ်၊ စတုရန်းမိုင် (၁,၁၄၅,၁၀၀) ကျယ်၍၊ (၄,၆၀၀) ပေ ရေနက်သည်။

(၂) ကာရီဘွယ် ပင်လယ် စတုရန်းမိုင် (၁,၀၄၉,၅၀၀) ကျယ်၍ (၈,၆၀၅) ပေ နက်သည်။

http://www.dhammadownload.com

(၃) တောင် တရုပ် ပင်လယ်၊ စတုရန်းမိုင် (၈၉၅,၄၀၀) ကျယ်၍ (၅,၄၁၉) ပေ နက်သည်။

(၄) ဘဲရင်း ပင်လယ်၊ စတုရန်းမိုင်(၈၈၄,၉၀၀) ကျယ်၍ (၅,၀၇၅)ပေ နက်သည်။

(၅) မက်ဆီကို ပင်လယ်ကွေ့၊ စတုရန်းမိုင် (၆၁၅,၀၀၀) ကျယ်၍ (၄,၈၇၄) ပေ နက်၏။

(၆) အော့ဟော်စ်ခ် ပင်လယ်၊ စတုရန်းမိုင်ပေါင်း(၆၁၃,၈၀၀)ကျယ်၍ (၂,၇၄၉) ပေ နက်သည်။

(၇) အရှေ့ တရုပ် ပင်လယ်၊ စတုရန်းမိုင်ပေါင်း (၄၈၂, ၃၀၀) ကျယ်၍ (၆၁၇)ပေ နက်သည်။

(၈) ဟပ်ဆန် ပင်လယ်အော်၊ စတုရန်းမိုင် (၄၇၅,၈၀၀)ကျယ်၍(၄၂၀) ပေ နက်သည်။

(၉) ဂျပန် ပင်လယ်၊စတုရန်းမိုင်ပေါင်း (၃၈၉,၁၀၀) ကျယ်၍(၄,၄၂၉) ပေ နက်သည်။

(၁၀) ကပ္ပလီ ပင်လယ်၊ စတုရန်းမိုင်ပေါင်း (၃၀၈, ၀၀၀) ကျယ်၍ (၂,၈၅၄) ပေ နက်သည်။

(၁၁) မြောက်ဖက် ပင်လယ်၊ စတုရန်းမိုင်ပေါင်း (၂၂၂, ၁၀၀) ကျယ်၍ (၃၀၈)ပေ ရေနက်သည်။

(၁၂) ပင်လယ်နီ၊ စတုရန်းမိုင် (၁၆၉,၁၀၀) ကျယ်၍ (၁, ၆၁၁) ပေ နက်သည်။

(၁၃) ဘော်လတစ် ပင်လယ်၊ စတုရန်းမိုင် (၁၆၃,၀၀၀) ကျယ်၍ (၁၈၀) ပေ ရေနက်သည်။

ပစ္စည်း ၄-ပါး။ ။သာသနာရေးကိစ္စ၌ သုံးစွဲနိုင်သော ပစ္စည်းမျိုး လေးပါး။
(၁) ဆွမ်းပစ္စည်း- ဆွမ်း, ခဲဘူယ်, ဘောဇဉ်, ချိုချဉ် နှံ့ စသော ဝတ္ထုများ၊
(၂) သင်္ကန်းပစ္စည်း-ဝတ်ရုံ သုံးဆောင်ကောင်းလေ သင်္ကန်း ၉-ထည်၊

http://www.dhammadownload.com

(၃) ကျောင်းပစ္စည်း-ကပ္ပိယကုဋီခေါ် ကျောင်းအမျိုးမျိုး၊ (၄) ဆေး ပစ္စည်း-ကျန်းမာရေးဆိုင်ရာ ဆေး အဖျော် အမျိုးမျိုး။

ပစ္စည်းဥစ္စာ၊ မျိုး ၄-မြာ၊ စိတ်မြာ ဝေဘန်သိ။ ။ဂင်း သရုပ်ကို (ဥစ္စာမျိုး ၄-ပါး) ဟူသော ဓနဗေဒဠ္ဍ ဆိုခဲ့ပြီ။

ပစ္စည်းဥစ္စာ၊ ကုန်ဆုံးရာ၊ ၃-ဖြာ အကြောင်းသိ။ ။ဂင်း သုံးပါးတို့တွင် ဒါနမှုဖြင့် ပြုစုကုန်ဆုံးရခြင်းကား ပဌမ အမြတ်ဆုံးဟု မေမပဒနှင့် **ဟိတော** ပဒေသဠ္ဍ ညွှန်းပြ၏။ (၁) ဒါန-သဒ္ဓါကြည်ဖြူ ပေးလှူစွန့်ကြဲ၍ ကုန်ဆုံးခြင်း၊ (၂) ဘောဂ- **မိမိကိုယ်တိုင်** သုံးဆောင် ခံစား၍ ကုန်ဆုံးခြင်း၊ (၃) နာသ-မစားရက် မလှူရက် ရန်သူမျိုး ငါးပါးဖျက်၍ ကုန်ဆုံးခြင်း။

ပစ္စဝေက္ခဏာ ဥာဏ် ၅-ပါး။ ။ယောဂီသူမြတ်တို့ သောတာပတ္တိမဂ်ဖိုလ်ရပြီး နောက် ဆင်ခြင်ပုံမျိုး ငါးပါး။ (၁) ရှေးဦးစွာ မိမိရပြီးသည့် သောတာပတ္တိမဂ်ကို ဆင်ခြင်ခြင်း၊ (၂) ထိုနောက် ၎င်း၏ အကျိုးဖြစ်သော သောတာပတ္တိဖိုလ်ကို ဆင်ခြင်ခြင်း၊ (၃) ထိုနောက် ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ကို ဆင်ခြင်ခြင်း၊ (၄) ထိုနောက် ထိုသောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ကိလေ**သာ**တို့ကို ဆင်ခြင်ခြင်း၊ (၅) ထိုနောက် ထိုသောတာပတ္တိမဂ်ဖြင့် မပယ်ရသေးသည့် **ကြွင်းကျန်**သေးသော ကိလေသာတို့ကို ဆင်ခြင်ပြန်ခြင်း၊ ဤသို့ ဆင်ခြင်ခြင်း**ငါး**မျိုးကို ပစ္စဝေက္ခဏာဉာဏ် ငါးပါး ဟု ခေါ်သည်။

ပစ္စုပ္ပန်အဓွန့်တရားမျိုး ၂-ပါး။ ။ဂင်းသရုပ်ကို (**အဓွန့်** ၃-ပါး)၌ ဆိုခဲ့ပြီ။

ပစ္စုပ္ပန် အဓွန့်တရားမျိုး ၆-ပါး၊ တနည်း။ ။ပဋိစ္စသမုပ္ပါဒ် နည်းအရ "သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ" ဂင်း တရား ခြောက်ပါး ဟူ၏။

ပစ္စေကဗုဒ္ဓါ၊ မျိုး ၃-ဖြာ၊ မိန့်မှာ ခဲ့ပြတော်မူဘုရား။ ။ပစ္စေကဗုဒ္ဓါ အပြား ၃-ပါးကို မေးသည်။ ပစ္စေကဗုဒ္ဓါလည်း သမ္မာသမ္ဗုဒ္ဓမျိုးကဲ့သို့ပင်။ (၁) ပညာဓိက ပစ္စေကဗုဒ္ဓါ-ပညာရွှေထား ပါရမီပွားသည်၊ (၂) သဒ္ဓါဓိက

http://www.dhammadownload.com

ပစ္စေကပုဒ္ဓါ-သဒ္ဓါရွေထား ပါရမီပွားသည်၊ (၃)ဝိရိယာဓိက ပစ္စေကဗုဒ္ဓါ-ဝိရိယရွေထား ပါရမီပွားသည်။

မှတ်ချက်။ ။မုံရွေးအမေး ,ကျည်းကန် အဖြေဦလည်း "ပညာ, သဒ္ဓါ၊ ဝိရိယာဟု၊ သုံးဝ သုံးဖြာ၊ ပစ္စေကာလည်း၊ ပြားပါသည်ပင်၊ ကျမ်းဥဒ်၏"ဟု ဖြေဆိုထားလေသည်။

ပဥ္စ ၅-ပါး၊ **ခေါ်ဆိုခြား၊ ဆေးများ ဖော်စပ်ရာ**။ ။ဘယဆေး ဖော်စပ်ရာ၌ ဆေးတပင်လုံးကို ခေါ်ဆိုသည်။ (၁) မူလ-အမြစ်၊ (၂) ခန္ဓ-ပင်စည်၊ (၃) ပဏ္ဏ- အရွက်၊ (၄) ပုပ္ဖ- အပွင့်၊ (၅) ဖလ- အသီး။

ပဥ္စကူမျိုး ၅-ပါး။ ။ဘယဆေး ဝေါဟာရဖြစ်သည်၊ ပဥ္စ ကဋ္ဌက ပါဠိပျက်။ (၁) ပိတ်ချင်းသီး၊ (၂) ပိတ်ချင်းမြစ်၊ (၃) စရိ၊ (၄) ကန်ချုပ်နီ၊ (၅) ချင်းခြောက်။

မှတ်ချက်။ ။ရသေ့ ငါးပါးတို့ ချီးမွမ်းသည်ကိုစဲ၍"ပဥ္စဂုဏ-ပဥ္စဂု" ဟုလည်း ခေါ်သည်၊ လေ, သလိပ်, သည်းခြေကို နှိုင်၏၊ အစာကျေသည်။

ပဥ္စင်းအင်္ဂါ၊ မျိုး ၅-ဖြာ၊ ခံရှာ ရဟန်းမြတ်။ ။ပဥ္စင်းမြောက်ရန် ဦးပဥ္စင်းဖြစ်နိုင်ရန်အတွက် အောက်ပါ အင်္ဂါ ၅-တန်နှင့် ပြည့်စုံရမည် ဟူ၏။ (၁) ပတ္တ၊ သမ္မတ္တိ- ပဥ္စင်းလောင်း၏ အင်္ဂါပြည့်စုံမှု၊ (၂) ဥတ္တိ သမ္မတ္တိ- ဥ ငါ၏ ပြည့်စုံ ပီသမှု၊ (၃) ကမ္မဝါစာ သမ္မတ္တိ- ကမ္မဝါ၏ ပြည့်စုံ ပီသမှု၊ (၄) သီမာ သမ္မတ္တိ- သီမ်၏ ဝိပတ္တိကင်းစင် သမ္မတ္တိဝင်မှု၊ (၅) ပရိသာ သမ္မတ္တိ-ရဟန်းပြုပေးသော သံဃာ့ပရိသတ်၏ပြည့်စုံလုံလောက်စင်ကြယ်မှု။

ပဥ္စတား ဂြိုဟ် ၅-ပါး။ ။ဗေဒင်ကျမ်းလာ ဝေါဟာရ၊ အင်္ဂါအစ,စနေ,အဆုံးရှိသော ဂြိုဟ်ငါးလုံးကို ဆိုသည်။

ပဥ္စမကွရာ ၅-လုံး။ ။ဝဂ်ငါးပါးတို့တွင် ၅-လုံးမြောက်စီ ဖြစ်သော"င, ည, ဏ, န, မ" အက္ခရာငါးလုံးကို ခေါ်ဆိုသည်။

http://www.dhammadownload.com

ပဋ္ဌမူကြီး ၅-ပါး။ ။ဘယဆေး ဝေါဟာရ၊ သာရကောမုဒီကျမ်း၌ "ဥသျှင်, ကြောင်လျှာ, ရမနေ, သဲသတ်, တပဆေး" ဤအမြစ် ငါးပါးကို ပဋ္ဌမူကြီးဟု ခေါ်ဝေါ်ပညတ်လေသည်၊ ဒဗ္ဗဂုဏ်ကျမ်း၌ကား သံသတ် အရာတွင် သခွတ်ကို ထည့်ယူနိုင်သည်ဟုလည်း မှာကြားထားသေး၏။

ပဋ္ဌမူကြွး ၅-ပါး၊ တနည်း။ ။"ပိတ်ချင်းမြစ်, ဆင်ခရမ်းမြစ်, သာလပြရဏီမြစ်, ပြဿပြရဏီမြစ်, ကနခိုမြစ်"ငင်း ၅-ပါးကိုလည်း တနည်းယူကြသည်။

ပဥ္စမူငယ် ၅-ပါး။ ။ဘယဆေး ဝေါဟာရ။ (၁) ကြံနက်မြစ်၊ (၂) မြေဇာမြစ်၊ (၃) မြားမြစ်၊ (၄) ကိုင်းမြစ်၊ (၅) သမန်းမြစ်၊ ထိုပဥ္စမူငယ် ငါးပါးတို့သည်ကား သည်းခြေနှင့်ယှဉ်၍ ဆီးချုပ်သောအနာကို နှိုင်၏။

ပဥ္စရုပါ၊ ဆဏ္ဍဝါ၊ ၅-ဖြာရုပ်ပုံမျိုး။ ။ရွှေဘုံနိဒါန်း၌ ပဥ္စရုပဖေါင်တော်ကို ပြုရာဝယ် အောက်ပါအတိုင်း တွေ့ပူး၏။ (၁) ဆင်နှာမောင်း, အစွယ် နှစ်ချောင်း၊ (၂) နွားလဘို၊ (၃) ငါးကြင်းအမြီး၊ (၄) တိုးချိန့်စ်ဖက်, လက်တဖက်, တိုးအမြီး, ခြေတဖက်၊ (၅) မြင်းနှာ နှစ်ဖက်, လက်တဖက်, ခြေတဖက်တို့ဖြစ်၏၊ ထိုပြင် သတ္တရူပါရုပ်, နဝရူပါရုပ် စသည်ရှိသေး၏။

ပဥ္စဝဂ္ဂီ ၅-ပါး။ ။ငါးယောက်အစုဟု အဓိပ္ပါယ်ရသည်၊ ငင်းတို့သည် ဓမ္မစက္ကာတရားကို ဦးစွာ ကြားနာကြရသူများဖြစ်၍ ထိုငါးယောက် တစုကို "ပဥ္စဝဂ္ဂီ" ဟူ၍ငင်း၊ "ဝဂ္ဂီ" ဟူ၍ငင်း၊ ထို့ထို့ကျမ်းဂန်တို့၌ လာကုန်၏။ (၁) ကောဏ္ဍည၊ (၂) ဝပ္ပ၊ (၃) ဘဒ္ဒိယ၊ (၄) မဟာနာမ်၊ (၅) အဿဇိ။

ပဥ္စာတပ အကျင့်မျိုး ၅-ပါး။ ။ပဥ္စ-၅-ပါး၊ အာတပ- အပူ, အားထုတ်ခြင်း၊ ကိလေသာ အစိုပျောက်အောင် နေပူကဲ့ကဲ့၌ လေးမျက်နှာက မီးကြီး ၄-ပုံဖိုပြီး ထိုအလယ်၌ လူဝင်နေ၍ နေပူနှင့်တကွ အပူငါးမျိုးဖြင့် ကျင့်စဉ်ကို ခေါ်သည်။

ပဥ္စာနန္တရိယ ကံမျိုး ၅-ပါး။ ။ငင်း သရုပ်ကို (အနန္တရိယကံ ၅-ပါး)၌ ဆိုခဲ့ပြီ။

ပဥ္စာဒုဒ္ဓမျိုး ၅-ပါး။ ။ဒုဇ်းသရုပ်အဓိပ္ပါယ်ကို (လက်နက်ကြီး ၅-ပါး)၌ ရှုပါလေ။

http://www.dhammadownload.com

ပဋ္ဌာ ဗျာကရဏီယ တရား ၉-ပါး။ ။အမေး, အဖြေ စည်းကမ်း ဥပဒေ ကိုးချက်ကို ခေါ်ဆည်၊ ၎င်း သရုပ်ကို (အမေး ၅-ထွေနှင့် အဖြေ ၄-ပါး) ဟူသော သုတေသနဒဋ္ဌ ဆိုခဲ့ပြီ။

ပညတ်မျိုး ၆-ပါး။ ။မူလပဏ္ဏာသ ။ပါ။ ၄၈ ။ဒု။ ပ-အုပ်၊ ၁၀၅။ ဥပရိ ပဏ္ဏာသ ။ဒု။ ၂၀၇။ အနက်ကို သိဇ္ဈတတ်သော သဒ္ဒပညတ် အပြား ၆-ပါးဟူ၏၊ အမည်နာမကို ဆိုသည်။ (၁) ဝိဇ္ဇမာန ပညတ်- ပရမတ္ထ အားဖြင့် ထင်ရှားရှိသော ရုပ်, ဝေဒနာ, သညာ စသော အမည် ပညတ်မျိုး၊ (၂) အဝိဇ္ဇမာန ပညတ်- ပရမတ္ထအားဖြင့် ထင်ရှား မရှိသော မြေ, တောင်, လူ, နတ်, ရဟန်း စသော အမည်ပညတ်မျိုး၊ (၃) ဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်- ထင်ရှားရှိ၍ ထင်ရှား မရှိသော 'ဆဋ္ဌာ ဘိညူ,ရဟန်း' စသည့် အမည်ပညတ်မျိုး၊ (၄) အဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်- ထင်ရှားမရှိ၍ ထင်ရှားရှိသော ဗုဒ္ဓို,သဒ္ဒါ စသော အမည်ပညတ်မျိုး၊ (၅) ဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်- ထင်ရှားရှိသည် ဖြစ်၍ ထင်ရှားရှိသော စက္ခု,ဝိညာဏစသော အမည်ပညတ်မျိုး၊ (၆) အဝိဇ္ဇ မာနေန အဝိဇ္ဇမာန ပညတ်- ထင်ရှား မရှိသည်ဖြစ်၍ ထင်ရှားမရှိသော ရာဇ,ပုတ္တော စသော အမည်ပညတ်မျိုး။

ပညာအပြား၊ ထို ၂-ပါး၊ မိန့်ကြား ဘိဓမ္မာ။ ။အပြားအားဖြင့် သိမှုမျိုး ၂-ပါး၊ ထို့ပြင်လည်း အမျိုးမျိုးပြားသေး၏။ (၁) ယထာဘူတ ပညာ- အဟုတ်သိ အမှန်သိ ကုဿိုလ်စိတ် ကြိယာစိတ်တို့နှင့် ယှဉ်သော ပညာ ဝိဇ္ဇာဉာဏ်၊ (၂) ဝဇ္ဇနာ ပညာ- သုတပါးအား လှည့်စားဉာဏ်၊ တဏှာ လောဘ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် အကုသလဝိတက် သဘော။

ပညာအပြား မျိုး ၃-ပါး။ ။နေတ္တိ။ပါ။ဂ။ဇ္ဈ။၅၃-၅၄-တို့၌ အကျယ်ရှုပါ။ (၁) စိန္တာမယ-ပညာ- ကြံစည်သဖြင့် သိအပ်သော အရာမျိုး၊ (၂) သုတ မယ ပညာ- သူ့တပါးထံမှ ကြား၍ သိသော အရာမျိုး၊ (၃) ဘာဝနာ မယ ပညာ- ပွားများသဖြင့် သိသော အရာမျိုး။

ပညာအပြား၊ မျိုး ၆-ပါး၊ တနည်း။ ။ဥပရိပဏ္ဏာသ ။ပါ။ ၇၅ ။၁၀၇ ။ဒု။ ၅၆။ သုတ်ပါထေယျ ။ပါ။ ၁၂၉ ။ဒု ။၁၁၃-တို့၌ အကျယ်ရှု။ (၁) မဟာ

http://www.dhammadownload.com

ပညာ၊ (၂) ပုထုပညာ၊ (၃) ဟာသပညာ၊ (၄) ဇဝနပညာ၊ (၅) တိက္ခပညာ၊ (၆) နိဗ္ဗေဓိကပညာ။

ပညာဉာဏ် အားနည်းခြင်း၏ အကြောင်း ၅-ပါး။ ။ဂုဏ်းသရုပ်(ဉာဏ်ပညာ အားနည်းခြင်း အကြောင်း ၅-ပါး)နှင့် တူ၏။

ပညာမျက်စိ၊ ၅-ပါးရှိ၊ သတိပြုရန် လင်း။ ။ဂုဏ်းသရုပ်ကို (စက္ခု ၅-ပါး)၌ ဆိုခဲ့ပြီ။

ပညာရခြင်း၏ အကြောင်း ၈-ပါး။ ။ပညာတိုးပွားရခြင်း၏ အကြောင်း တရား ရှစ်ပါး။ (၁) ဝယ ပရိဏာမ-အရွယ်ကိုင့်သဖြင့် ရ၏၊ (၂) ယသ ပရိဏာမ- အခြံအရံကို ငဲ့သဖြင့် ရ၏၊ (၃) ပရိပုစ္ဆ- မေးမြန်းခြင်းဖြင့် ရ၏၊ (၄) တိတ္ထဝါသ- ကြာမြင့်စွာ နေရခြင်းဖြင့် ရ၏၊ (၅) ယောနိသော မနသိကာရ- ဝေဘန်ကြံဆခြင်းဖြင့် ရ၏၊ (၆) သာကစ္ဆ-ဆွေးနွေး တိုင်ပင်ခြင်းဖြင့် ရ၏၊ (၇) သိနေဟုပသေဝန- ချစ်သူကို ပေါင်းသင်းခြင်းဖြင့် ရ၏၊ (၈) ပတိရူပ ဒေသဝါသ- လျော်ကပ်သော အရပ်၌ နေရခြင်းဖြင့် ရ၏။

ပညာရှိတို့ နှစ်မြုပ်ကြောင်းမျိုး ၃-ပါး။ ။(၁) မိုက်သောတပည့်ကို ပညာသင်ကြား လက်သုံးထားခြင်း၊ (၂) အကျင့်ယုတ်သော မိန်းမနှင့် အိမ်ထောင် ပြုခြင်း၊ (၃) မသူတော်တို့နှင့် ပေါင်းသင်း ဆက်ဆံခြင်း။

ပညာရှိ လက္ခဏာ ၃-ပါး။ ။ပဋိသမ္ဘိဒါမဂ်။ပါ။ဥဖ၁။ဌ။ဒု-အုပ်။ ၂၄၃။ နေတ္တိ။ ပါ။ ၁၄၀။ ဌ။ ၂၅၆-တို့၌ အကျယ်ရှု။ (၁) သုစိန္တိတ စိန္တိ-ကောင်းသော အကြံကိုသာ ကြံစည်ခြင်း၊ (၂) သုဘာသိတ ဘာသိ-ကောင်းသော စကားကိုသာ ပြောဆိုခြင်း၊ (၃) သုကတ ကမ္မ,ကာရီ-အပြစ်မရှိ ကောင်းစသာ အလုပ်ကိုသာ ပြုလုပ်လေ့ရှိခြင်း။

ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါး၊ အခြင်းရာ ၂၀၊ အလွှာ ၆-ပါး၊ အစပ် ၃-ပါး၊ ဝဋ် ၃-ပါး၊ မူလ ၂-ပါး၊ ကာဏ ၃-ပါး၊ သစ္စာ ၂-ပါး။ ။ဂုဏ်းအကျယ် အသွယ်သွယ်တို့ကို နိဒါနဝဂ္ဂသံယုတ် ပါဠိတော် ၂၄၃-မှ ၃၅၁-အထိ အဋ္ဌကထာ ၁-မှ ၁၁၈-အထိ ကြည့်ရှုကြပါကုန်။

http://www.dhammadownload.com

ပဋိပဒါမျိုး ၄-ပါး။ ။မင်္ဂ, ဖိုလ်, နိဗ္ဗာန်ရခြင်း၏ ကျင့်ရပုံ အတန်းအစား များး ခြားနားခြင်း ၄-ပါး။ (၁) သုခပဋိပဒါ ခိပ္ပါဘိညာ- ချမ်းသာစွာ ကျင့် လျင်မြန်စွာရ၊ (၂) သုခ ပဋိပဒါ ဒန္ဓာဘိညာ- ချမ်းသာစွာကျင့် ကြာမြင့်မှရ၊ (၃) ဒုက္ခ ပဋိပဒါ ခိပ္ပါဘိညာ- ဆင်းရဲပင်ပန်းစွာ ကျင့် လျင်မြန်စွာရ၊ (၄) ဒုက္ခ ပဋိပဒါ ဒန္ဓာဘိညာ- ဆင်းရဲပင်ပန်းစွာ ကျင့် ကြာမြင့်စွာသော နှစ်ကာလတို့မှ ရ၊ ပဋိသမ္ဘိဒါမဂ်။ပါ။ဂ၂။ဌ။ပ-အုပ်။ ၂၇၁။ဝိသုဒ္ဓိမဂ်။ ပ-အုပ်။ ဂ၃။ ဒု-အုပ်။ ၃၀၆-၃၀၇-တို့၌ အကျယ်ရှုပါ။

ပဋိဘာန်မျိုး ၃-ပါး။ ။ပဋိဘာနပုဂ္ဂိုလ် ၃-ပါး ဟုလည်း ကျမ်းဂန်တို့၌ လာရှိသည်။ (၁) **ပရိယတ္တိ** ပဋိဘာန- ပရိယတ်ကျမ်းကျင် ပိဋကဘုဏ်မြင် ထိုးဖောက်နိုင်ခြင်းမျိုး၊ (၂) ပရိပုစ္ဆာ ပဋိဘာန-သဘော သဘာဝတ္ထ ကို တိကျမှန်ကန်စွာ ဆုံးဖြတ်ပေးနိုင်ခြင်းမျိုး၊ (၃) အာဂမ ပဋိဘာန- မဂ်ဘုဏ် ဖိုလ်ဘုဏ်ဖြင့် သစ္စာလေးပါးကို ထိုးထွင်း သိ,မြင် သွားနိုင် သော ဘုဏ်မျိုး။

ပဋိသန္ဓာရမျိုး ၂-ပါး။ ။ရှင့်,ရှင်ချင်း၊ လူ, လူချင်း၊ မင်း, မင်းချင်း၊ တဦး နှင့်တဦး, တနိုင်ငံနှင့် တနိုင်ငံ, မေတ္တာမပျက် အဆက်ဆက် ချစ်ခင်ချော မော ပြေပြစ် ညီညွတ်၍သွားရန် အဆက်အစပ် ပြုခြင်းများ၊ လက္ခဏမိဂ ဇာတ် အဋ္ဌကထာ။ (၁) ပစ္စယပဋိသန္ဓာရ- ပစ္စည်း ဥစ္စာဖြင့် စေ့စပ် ချောမော ပြေပြစ်အောင် လက်ဆောင်ပဏ္ဏာ ပြုလုပ်မှု၊ (၂) ဓမ္မ ပဋိ သန္ဓာရ- တရားသော စကားဖြင့် အပြေအပြစ် ပြောဆိုမှု, သွန်သင်ဆုံးမ နည်းလမ်းပြမှု, အကြံဉာဏ်ပေးမှု ပြုလုပ်ခြင်း။

ပဋိသန္ဓေမျိုး ၄-ပါး။ ။ထိုထိုဘဝ၏ အစတည်နေရမှု ဖြစ်စဉ်မျိုး အပြား လေးပါး။(၁) ဥပပတ် ပဋိသန္ဓေ-ကိုယ်ထင်ရှား ဘွားကနဲ ဖြစ်ပေါ်လာ သော နတ်, ပြဟ္မာ, ပြိတ္တာ ပဋိသန္ဓေမျိုး၊ (၂) သံသေဒဇ ပဋိသန္ဓေ- အညှိုကိုစွဲ၍ အလွန်သေးငယ်စွာမှ တဖြည်းဖြည်း ကြီးပွားရသည့် ပိုးလောက်စသော ပဋိသန္ဓေမျိုး၊ (၃) အဏ္ဍဇ ပဋိသန္ဓေ- ဥခံတွင်း၌ နေရသည့် ကြက်, ငှက် စသော ပဋိသန္ဓေမျိုး၊ (၄) ဇလာဗုဇ ပဋိသန္ဓေ- မိခင်၏ သားအိမ်၌ နေရသော လူ, ခွေး စသည့် ပဋိသန္ဓေမျိုး။

http://www.dhammadownload.com

မှတ်ချက်။ ။အဏ္ဏဇနှင့် ဇလာဗုဇကို ပေါင်း၍ ဂဗ္ဘသေယျက ပဋိသန္ဓေ ဟု ခေါ်သည်မှတ်။

ပဋိသန္ဓေ တည်ခြင်း အင်္ဂါ ၃-ပါး၊ ၇-ပါး၊ ဂ-ပါး၊ ၃-နည်း။ ။ဂဗ္ဘသေယျက ပဋိသန္ဓေတည်နိုင်ပုံ အကြောင်းများ၊ ၎င်းအကျယ်ကို (ကိုယ်ဝန်တည်နိုင်ခြင်း အင်္ဂါ ၃-ပါး၊ ၇-ပါး၊ ဂ-ပါး)၌ ရှုပါ။

ပဋိသန္ဓိဒါ ဉာဏ် ရကြောင်း အင်္ဂါ ဂ-ပါး။ ။၎င်း တရားတို့ကို ဆည်းပူး ပွားစီးရာ၏။ (၁) ပုဗ္ဗယောဂ- ရှေးဘဝ၌ ၎င်းဉာဏ်များစွေ့ ထူထောင် ဆုတောင်း စိုက်ပျိုးခဲ့ခြင်း၊ (၂) ဗာဟုသစ္စ- အကြားအမြင် များခြင်း၊ (၃) ဒေသိယ ဘာသာ ဆေက- ဒေသ်အမျိုးမျိုးတို့၌ ပြောကြားသော ဘာသာစကား အမျိုးမျိုးတို့ကို တတ်သိလိမ်မာခြင်း၊ (၄) အာဂမ-မြတ်စွာဘုရား၏ ပါဠိတော်ကို အာဂုံဆောင်ခြင်း၊ (၅) ပရိပုစ္ဆာ-ပါဠိတော် အဋ္ဌကထာတို့၌ မေးမြန်းလေ့ရှိခြင်း၊ (၆) အဓိဂမ- ဈာန်,မဂ်, ဖိုလ်တရားကိုရခြင်း၊ (၇)ဂုရု သန္နိဿယ-ဗဟုသုတပြည့်စုံသော ဆရာ့ထံပါး၌ ဆည်းကပ်ခစားခြင်း၊ (၈) မိတ္တ သမ္ပတ္တိ- ပညာရှိ မိတ်ဆွေကောင်းတို့နှင့် ပြည့်စုံခြင်း။

ပဋိသန္ဓိဒါမျိုး ၄-ပါး။ ။စတုက်ဂုတ္တရ ။ပါ။ ၄၇၉ ။ဋ္ဌ။ ၃၅၀-၌ အကျယ် ရှုပါ။ ဗုဒ္ဓဘုရားနှင့် ဆုပါရမီဖြည့်ဖြီးသော သာဝကကြီးတို့၏ ခဲ့ခြားစိတ်ဖြာဉာဏ် လေးပါး။

(၁) အတ္ထ ပဋိသန္ဓိဒါ-အကြောင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားစု, နိဗ္ဗာန်,ပါဠိတော်၏ အနက်သဘော,ဝိပါက်စိတ်, ကြိယာစိတ်, ၎င်း ၎င်းပါးတရားစု။

(၂) ဓမ္မ ပဋိသန္ဓိဒါ- အကျိုးကိုဖြစ်စေတတ်သော အကြောင်းဟူသမျှ, အရိယာမဂ်လေးပါး, ပါဠိတော်အစဉ်, ကုသိုလ်,အကုသိုလ်, ၎င်း ၎င်းပါး တရားစု။

http://www.dhammadownload.com

[ပ + ဌ။ ပ + ဏ်]

(၃) နိဂ္ဂဟီတ္ထိ ပဋိသမ္ဓိဒါ- ဆိုခဲ့ပြီးသော အတ္ထင၊းမျိုး, မေ့ငါးမျိုးတို့နှင့် ဆိုင်ရာ သဒ္ဒါ, ပုဒ်, ပါဠိ ဆယ်ပါးတို့ကို ကျမ်းကျင် နားလည်မှု။

(၄) ပဋိဘာန ပဋိသမ္ဘိဒါ- ဆိုခဲ့ပြီး ဝဋိသမ္ဘိဒါ ၃-ပါးလုံးကို ထူးထွေကွဲပြား ပိုင်းခြားဝေဘန်၍ သိသောဉာဏ်၊ ၎င်းကို "သမ္ဗတ္ထက ပဋိသမ္ဘိဒါဉာဏ်" ဟုလည်း ခေါ်သည်။

ပဌမကွဇ္ဇ ၅-လုံး။ ။ဝဂ်ငါးပါးတို့တွင် ပဌမဖြစ်သော 'က, စ, ဋ, တ, ပ' ၎င်း အက္ခရာ ၅ လုံးကို သဒ္ဒါစည်းမျဉ်းအရ ခေါ်ဆိုသည်။

ပဏ္ဏာက်မျိုး ၅-ပါး။ ။ဝိနည်းမဟာဝါ ။ပါ။ ၁၁၉ ။ဋ္ဌ။ ၂၉၇။ ယောကျ်ား ကောင်း ယောကျ်ားမြတ်၏ အရာမဝင် အသွင်ချို့တဲ့သူ ငါးမျိုး၊ ၎င်း ၅-ယောက်ကို ရဟန်းပြုမပေးရဟု ဝိနည်းတော်၌ ပညတ်၏။

(၁) အာသိတ္ထ ပဏ္ဏာက်-သူတံပါး၏ သုက်သွေးကို ပါးစပ်ဖြင့် စုပ်ယူသွင်းမျိုရုံမှ မေထုန်ကို ပြုနိုင်မသော ယခုကာလ ပန်းစုတ်ကုလားမျိုးကဲ့သို့ လူမျိုး။

(၂) ဥဿူယ ပဏ္ဏာက်-သူတပါးတို့ သွားလာမှီဝဲ ပေါင်းဘော်နေသော မေထုန်မှုကို ချောင်းမြောင်းကြည့်ရှုရလျှင် မိမိ၏ ကိလေသာအပူ ငြူစူမှုငြိမ်းသော ပဏ္ဏာက်တမျိုး။

(၃) ဩပက္ကမိက ပဏ္ဏာက်- သင်းကွပ် ထုတ်ပစ်ထား၍ ဝေးစေ့မရှိသူကို ခေါ်ဆိုသည်၊ နန်းတော်သူမျိုးနှင့် ဖောက်ပြား ပေါင်းဖော်လိုတဲ့ စိတ် မရှိရအောင် မိန်းမဆောင်ကိုင် အမတ်မျိုး၏ ဝေးစေ့ကို နွားမျိုးကဲ့သို့ သင်းကွပ်ထားသည်နှင့် တူသော သူမျိုး။

(၄) ပက္ခ ပဏ္ဏာက်- လဆန်းပက္ခ၌ဖြစ်စေ လဆုတ်ပက္ခ၌ဖြစ်စေ တပက္ခ တပက္ခ၌ ကာမအရာကို မအောင့်အီး သည်းမခံနိုင်ဘဲ အထူးပိုက် ထကြွသောင်းကျန်းလျက် သံဝါသပြုရမှပင် ကျေနပ်နေနိုင်သော သူမျိုး။

(၅) နပုံသက ပဏ္ဏာက်- မိန်းမအင်္ဂါဇာတ် ယောကျ်ားအင်္ဂါဇာတ် နှစ်မျိုးလုံးပင် အထင်အရှား လူတန်းစေ့ မရှိသူမျိုး။

http://www.dhammadownload.com

ပဏာမပြား၊ မျိုး ၃-ပါး၊ သိထား ပညာရှင်။ ။ရှိခိုးခြင်း သုံးမျိုး ယူ၏၊ တက်လူနိုင်ငံရေးသမားတစ်ကား ၎င်း (ပဏာမ) စကားကို "ပဏာမ အစည်းအဝေး စသည်ဖြင့်" အလွဲသုံးစား ပြုနေကြ၏။ (၁) ကာယ ပဏာမ- ကိုယ်လက် အင်္ဂါတို့ဖြင့် ကိုင်းညွတ် ရှိကျိုး ရှိခိုးခြင်း တမျိုး၊ (၂) ဝစီ ပဏာမ- နမဗာမိ, ဝန္ဒာမိ ရှိခိုးပါ၏ဟု တစုံတခုသော ဘာသာ စကားဖြင့် ရွတ်ဆို ရှိခိုးခြင်း၊ (၃) မနော ပဏာမ-ကိုယ်နှတ်မပါ စိတ် ဖြင့်သာ ရှိခိုးခြင်း။

ပဏီတ ဘောဇဉ်မျိုး ၉-ပါး။ ။ဝိနည်းပါဠိတော်နှင့် အဋ္ဌကထာ၊ အောက် ပါ ပဏီတဝတ္ထုမျိုး တပါးပါးနှင့် ရောစပ်ထားသော ဆွမ်းမျိုးကို ပဏီတ ဘောဇဉ်ဟု ခေါ်သည်။ (၁) သပ္ပိ-ထောပတ်ဆွမ်း၊ (၂) နဝနီတ-ဆီဥဆွမ်း၊ (၃) တေလ ဆီဆွမ်း၊ (၄) မဓု-ပျားရည်ဆမ်းဆွမ်း၊ (၅) ဖာနိတ- တင်လဲဆွမ်း၊ (၆) မစ္ဆ-ငါးသား ဒန်ပေါက်ဆွမ်း၊ (၇) မံသော ဒန- ဆိတ်, ကြက်, အမဲသား ဒန်ပေါက်၊ (၈) ခီရ-နို့ဃနာဆွမ်း၊ (၉) ဒဓိ-ဒိန်ခဲ နို့ဓမ်း ဆွမ်းမျိုး။

ပတ္ထမြား၏ ဂုဏ် ၃-ပါး။ ။ပတ္ထမြားရတနာ ဝတ်ဆင်သူ၌ ရနိုင်သောအကျိုး ဂုဏ် ၃-ပါး။ (၁)ဣစ္ဆိတံ ဒေတိ- မိမိအလိုကို ပေးတတ်၏၊ (၂)အ သောကံ ဒေတိ-ရွင်ပျ ကြည်လင်တတ်၏၊ (၃) တေဇေတိ- အာဏာတန်ခိုး ထွန်းပ ခြင်းကို ပြုတတ်၏။

ပတ္ထမြားမျိုး ၄-ပါး၊ ၂-နည်း။ ။အချို့ကျမ်းတို့၌ "ကြောင်ကျောက်" မျိုး ကို ပတ္ထမြားရတနာထည်းသို့ သွင်း၍ ရေတွက်ကြကုန်၏၊ ဤ၌ သရုပ်ကို (ကြောင်ကျောက်နှင့် ကြောင်မျက်ရွဲ) တို့၌ ပြန်ရှုပါကုန်။

ပတ္ထမြားမျိုး ၆-ပါး။ ။စွယ်စုံကျော်ထင်ကျမ်းမှ။ (၁) ဝဇိရကွန်- ရဲရဲခြင်း ခြင်းနိသော ဆောင်ခြည်ရှိသည်၊ (၂) ဂေါမူလာ- ခရမ်းပွင့် ဝတ်ဆံကဲ့သို့ အဆင်းဆောင်ရှိသည်၊ (၃) ကွမ်းပြင်ရေ- ကွမ်းသွေးကဲ့သို့ အဆင်းဆောင် ရှိသည်၊ (၄) မင်းသခ- သားစိမ်းတစ်နှင့် တူသော အဆင်းဆောင်ရှိသည်၊ (၅) တေလိ- နီလည်း မနီလွန်း ခပ်ညိုညို ရှိသည်၊ (၆) ရှိန်းခို- ယုန်သွေး ပေါက်ကဲ့သို့ ခြင်းခြင်း ပြောက်ပြောက် ထိန်ထိန်တောက်လျက် ဆူးပန်း ပွင့် ခေါင်ရမ်းပွင့်နှင့်လည်း တူသည်။

http://www.dhammadownload.com

ပတ္ထမြား မျိုးမြား ၂၄-ပါး။ ။မိလိန္ဒပဥ္ဟာ ။ပါ။ ၁၂၂-၁၂၃-၌ အကျယ် ယူပါ။ ဝဇီရော- ဝဇီရစိန်, ဝရဇိန်, စိန် ရတနာ၊ မဟာ နီလော-မြည်ကြီး, ကြောင်မျက်နက်ပြာ၊ ဣန္ဒနီလော-ကျောက်စိမ်း, သိကြားသက်တန့်ရောင် ကြောက်၊ မဟာရဂေါ်- မဟူရာကျောက်, မဟာရဃ် ပတ္တမြား၊ ဝေဠုရိ ယော- ဝင်္ကဝဏ်, ကြောင်မျက်ရွဲ၊ ပဒုမ ရာဂေါ်- ပဒုမ္မာ အဆင်းရှိသော ပတ္တမြား၊ ဖုဿ ရာဂေါ်- ဥဿဖယား, သခွါး ငဆစ်ရောင် ပတ္တမြား၊ ကရုတ္တဝါနော- ကရုတ္တဝန်ခေါ် ပတ္တမြား, ကြတ္တဝန်၊ ပုလောကော- ပုလောကပတ္တမြား၊ ဝိမလော-ညစ်ကြေးစင်သော ပတ္တမြား၊ (၁၀) လောဟိ တင်္ကေါ်- ပတ္တမြားနီ, ကျောက်နီ၊ ဖလိကော- ဖလ်မှန်ကျောက်မျက်၊ ပဝါဠော-သန္ဓာကျောက်မျက်၊ ဇောတိရသော-ကျောက်စုန်း, ဇောတရသ် ကျောက်၊ ဂေါမုတ္တကော- ဂေါမုတ်, ဂေါ်မုတ်ကျောက်၊ ဂေါမေဒကော- ဂေါမြိတ်, ဂေါ်မိတ်ကျောက်၊ သောဂန္ဓိကော- ကြာသိမ်သွေးရောင် ပတ္တမြား၊ မုတ္တာ- ပုလဲမျိုးရှစ်ပါး၊ သခေါ်- ခရုသင်းကြီး, အရောင် တောက်ပသော သင်္ခကျောက်၊ အဥ္ဇန မူလော- ကျောက်မျက်စဉ်း, မျက်စဉ်းကျောက်၊ (၂၀) ရာဇဝဋ္ဋော-အရောင်လည်သောမင်းသုံးပတ္တမြား၊ အမတံ သုတော- အမြိုက်ကျောက်, အမရခေါ် မြတမျိုး၊ ပံယတော- ပယင်းကျောက်မျက်၊ ပြဟမဏိ- ကြီးသော ပတ္တမြား, ပြဟ္မဏီကျောက်၊ (၂၄) ဣတိ ဣမေ စတုဝီသဘဿ- ဤ ၂၄-ပါးတို့သည်၊ မဏိနာမ-ပတ္တမြားတို့မည်ကုန်၏။

ပတ်လုံး ၂၂-လုံး။ ။ဆိုင်းဝိုင်းကြီး အတွင်း၌ သုံးသော ပတ်လုံးမျိုး ၂၂-လုံး ဟူ၏၊ ဗယ်မှ ညာသို့ အစဉ်အတိုင်း ယူလေ၊ ဒုန်းခဲကြီး, လက်သံ, တဆစ်လုံး, ဘယ်တျော, ဘယ်တေး, ဒူးလုံး, တေးလက်, တျာလက်, ၊တ်စာတပ်, ငါးပေါက်လုံး၊ (၁၀) ငလေးပေါက်လုံး, သုံးပေါက်လုံး, နှစ်ပေါက်လုံး, သံကုန်ဖျား, တျောဖျား, ခြောက်ပေါက်ဖျား, ငါးပေါက်ဖျား, လေးပေါက်ဖျား, သုံးပေါက်ဖျား, နှစ်ပေါက်ဖျား၊ (၂၀) သံကုန်ညွှန့်, ကြူသ ဆူသံ၊ ပေါင်း ၂၂-လုံး ဖြစ်၏။

ပတ္ထနာမျိုး ၂-ပါး။ ။ဆုတောင်းခြင်း, တောင့်တခြင်း ၂-ပါး။ (၁) တဏှာ ပတ္ထနာ- လောကီချမ်းသာ ဘဝ၏ ကောင်းစားရေးကို တောင့်တခြင်း၊ (၂) ဆန္ဒ ပတ္ထနာ- ဘဝ၏လွတ်ရာ နိစ္စဆုခ ဖြစ်သော နိဗ္ဗာနဓာတ်ကို တောင့်တခြင်း။ မူလပဏ္ဏာသ ။ပါ။ ၅ ။ဋ္ဌ။ ပ-အုပ်။ ၄၃-၌ အကျယ်၌။

http://www.dhammadownload.com

ပထဝီဓာတ်မျိုး ၂-ပါး။ ။မြေထပ် မြေလှောမျိုး ၂-ပါး။ (၁) သိလာပထဝီ-ယခုလက်ရှိ ရှုမြေ၏ အောက်ထပ်၌ရှိသော ကျောက်မြေထု၊ (၂) ပံသုပထဝီ- သီလာမြေထက်၌ ရှိသော မြေစိုင် မြေခဲ မြေမှုန့်စု။

ပထဝီဓာတ်မျိုး ၄-ပါး။ ။အရည်,အပြေ့,အမှုန့်,အခဲ စသော ဓာတ်သဘော အပြား သုံးပါး။ (၁) သာဓာရဏ ပထဝီ- ဆီမီးလှံထဲ၌ဝင်း, တိုက်ခတ်နေသော လေထဲ၌ဝင်း, ပါရှိသည့် မြေဓာတ်သဘောနှု အမှုံကလေး တမျိုး၊ (၂) ပံသုပထဝီ- ပြေ့ပြေ့ မြေမှုန့်နှင့် အစိုင်အခဲ ဖြစ်သော မြေကို ခေါ်သည်၊ (၃) သိလာ ပထဝီ- ကျောက်စိုင်, ကျောက်ခဲ, ကျောက်တောင်တို့ကို ခေါ်ဆိုသည်။

ပထဝီဓာတ်မျိုး ၂၀။ ။မူလပဏ္ဏာသ ။ပါ။ ၁၉၇။ ဌ။ ဒု-အုပ်။ ၃၇။ ကိုယ်ခန္ဓာအတွင်း၌ ပထဝီဓာတ်လွန်ကဲ၍ မာခဲသော ရုပ်ပေါင်း ၂၀၊ ကေသာ- ဆံပင်၊ လောမာ- မွေးညှင်း၊ နခါ- ခြေသည်း လက်သည်း၊ ဒန္တာ- သွား၊ တစော- အရေ၊ မံသံ- အသား၊ နှာရု- အကြော၊ အဋ္ဌိ-အရိုး၊ အဋ္ဌိမိဉ္ဇံ- ရိုးတွင်း ခြင်ဆီ၊ ဝက္ကံ- အညှို၊ (၁၀) ဟဒယံ- နှလုံး၊ ယကနံ- အသည်း၊ ကိလောမကံ- အမြှေး၊ ပိဟကံ- အဖျဉ်း, အရွတ်၊ ပပ္ဖါသံ- အဆုတ်၊ အန္တံ- အူမ၊ အန္တဂုဏံ- အူသိမ်၊ ဥဒရိယံ- အစာသစ်၊ ကရီသံ- အစာဟောင်း၊ မတ္ထလုင်္ဂံ- ဦးနှောက်၊ (၂၀)။

ပဒေသမျိုး ဂ-ပါး။ ။စာစီဖွဲ့ကုံးရာ၌ ရှောင်ကြဉ်ရမည့် ဥပဒေသရှစ်ချက်။ (၁) ဝိရုဒ္ဓတ္ထန္တရ ဒေါသ-ဆန့်ကျင်ဘက် အနက်တပါး ရှိသော သုံးနှုန်းမှု၊ (၂) အမဂ္ဂတ္ထ ဒေါသ-မတန်ရာသော ဂုဏ်ကြီးဖြင့် ချီးကျူးသုံးနှုန်းမှု၊ (၃) ကိလိဋ္ဌ ဒေါသ- လိုရင်းအနက် သိနိုင်ခက်သော ပုဒ်ပါဠိမျိုး၊ (၄) ဝိရောဓိ ဒေါသ- အများသုံးနှင့် ဆန့်ကျင်ခေါ်ဝေါ် သုံးနှုန်းမှု၊ (၅) နေယျ ဒေါသ- ပုဒ်တပါးကို ဆောင်ယူဖြည့်စွက်မှ လိုရင်းအနက် သိရမှု၊ (၆) ဝိသေသနာပက္ခ ဒေါသ- ငဲ့စရာ ဝိသေသနပုဒ်များ လိုနေမှုအပြစ်၊ (၇) ဟီနတ္ထက ဒေါသ- ကြီးမြတ်သော ဂုဏ်ကြီးကို သေးငယ်သော ဂုဏ်ကလေး၌ သုံးနှုန်းထားခြင်းမျိုး၊ (၈) အနတ္ထက ဒေါသ- အနက်အထူးမရှိ, ပုဒ် ကာရန် ပြည့်ရုံမှု ထည့်သွင်းစီကုံးမှု။

ပဒုမာမျိုး ၅-ပါး။ ။ပဒုမာ ခေါ် ကြာမျိုးငါးပါး၊ ဤ၌ အချို ပဒုမာမျိုးကား ဘုထူးလောင်း ပဒ္မုတ္တရနေချိန်, ပွားတော်မူချိန်, ဘုရား

http://www.dhammadownload.com

ဖြစ်ချိန်တို့၌သာ ပွင့်ကြ ပေါက်ကြ၏၊ မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာမှ။ (၁) ခန္ဓ ပဒုမာ- တပင်တိုင်း တပွင့်ချင်းသာ ပွင့်သော ပဒုမာမျိုး၊ (၂) သာဒ ပဒုမာ- ခက်လက် ဝေဆာ ပဒုမာမျိုး၊ (၃) ဒဏ္ဍက ပဒုမာ-အိုင်း မာ၍ ကျောက်ဖျာကိုပင် ခွဲထွက် ထိုးဖောက်နိုင်သော ပဒုမာမျိုး၊ (၄) လတာ ပဒုမာ- နွယ်မျိုး ပဒုမာ၊ သစ်ပင်ကြီးတို့၌ နွယ်တက်၍ ပွင့်၏၊ (၅) အာကာသ ပဒုမာ- ကောင်းကင်၌ တွဲလွဲဆွဲနေသော နတ်ပန်း ပဒုမာမျိုး။

မဓာနတရားမျိုး ၄-ပါး။ ။စတုကဂိုတ္တမ ။ပါ။၃၂၃။ဋ္ဌ။ ၂၆၀-၌ အကျယ် ရှုပါ။ဆင်းရဲဘေးမှ ကျွတ်လွတ်လိုသူတို့ အားထုတ်ခြင်းတရားကြီး ၄-ပါး။ (၁) သံဝရ ပဓာန- ဣန္ဒြေ စောင့်စည်းမှု၌ အားထုတ်ခြင်း၊ (၂) ပဟာန ပဓာန- အကုသိုလ်စုတို့ကို ပယ်မှု၌ အားထုတ်ခြင်း၊ (၃) ဘာဝနာ ပဓာန- ဗောဇ္ဈင်တရားတို့ကို ပွားများအားထုတ်ခြင်း၊ (၄) အနုရက္ခ ပဓာန- သမာဓိ နိမိတ်အာရုံကို စောင့်စည်းခြင်း, ထိုထို အာရုံတို့ကို အစဉ် စောင့်မှု၌ အားထုတ်ခြင်း။

ပဓာနိယင် တရား ၅-ပါး။ ။သုတ်ပါထေယျ ။ပါ။ ၁၉၈ ။ဋ္ဌ။ ၂၁၂။ ပဋ္ဌာန်တွင်လာရ ။ပါ။ ၅၇။ ဋ္ဌ။ ၂၆-တို့၌ အကျယ်ရှုပါ။ သမထ, ဝိပဿနာ အားထုတ်သူတို့ ရှိထားရမည့် အင်္ဂါ ၅-ပါး။ (၁) သဒ္ဓါ-ရတနာသုံးပါး ဂုဏ်တော်၌ ယုံကြည်သက်ဝင်ခြင်း၊ (၂) အပ္ပ ဗာဓတာ-ကျန်းမာသန်စွမ်း ခြင်း၊ (၃) အ သဋ္ဌတာ- စိတ်သဘောထား ဖြောင့်စင်းတော်တည့်ခြင်း၊ (၄) အာရဒ္ဓ ဝီရိယတာ-အကျင့်သီလနှင့် ပြည့်စုံကာ ကြိုးပမ်းအားထုတ်မှု၊ (၅) ဥဒယတ္ထဂါမိနိပညာ- ရုပ်, နာမ်တို့၏ ဖြစ်ပျက်မှုကို သိမြင်ဆိုင်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း။

ပန်းပေါင်းစုံသည်၊ ပွင့်တံချီ၊ မျိုးမည် ၁၂၀။ ။ပုဂံ ဝန်ထောက်မင်း ဦးတင်ထိမ် ရေးမှတ်ရသူးသည်၊ မြန်မာဘုရင်များ လက်ထက် နန်းတွင်းသူနှင့် သားတော် သမီးတော်တို့ အလှဴတရား သိခေါ်နိုင်ကြစေရန် ပန်းမျိုး အမည်နှင့် အပွင့်ဒုံ ပုံစံတို့ကိုပါ ရောင်စုံပန်းချီ ဇရုပ်ဆွဲ ပေးထားသည်၊ ကံ့ကော်ပန်း၊ ရေညှပ်ပန်း၊ မြစ်ကိုင်းပန်း၊ လောင်းပန်း၊ စပယ်ပန်း၊ ဒါဠ္ဌ ပန်း၊ အသေပ်ပန်း၊ ထစ်ပိုင်းရေမှုံး၊ ပန်းထိမ်ပို့၊ ထပ်တရာပန်း(၁၀)၊ ဂန္ဓမာ၊ ဓနောက်ပဲတို့၊ လဲပန်း၊ ဆယ့်နှစ်ရာထီပန်း၊ ပန်းသုံးပန်း၊ ခေါင်ရမ်း၊ နှင်းမန်း၊

http://www.dhammadownload.com

နေကြာ၊ စွယ်တော်၊ ပုနှ်းညက် (၂၀)၊ စံကား၊ ဖက်သွတ်၊ ခတ္တာ၊ ပန်းသွန်း၊ ယုဇန၊ ဂမုန်းအင်၊ သုံးပန်လှ၊ မလွှာနီ၊ အောက်မဲဖြူ၊ ရွှေနွယ်၊ (၃၀)၊ ဒုန်သလက်၊ ဆတ်သဝါ၊ အာသာဝတီ၊ အင်ကောလ၊ အိမ်လုံးချမ်းသာ၊ ဇီဇဝါ၊ ပန်းသွန်း၊ မိုးစေ့၊ ထင်းရှူး၊ ဗျာပါပြေပန်း (၄၀)၊ ကြက်ရုံး၊ သရက္ခံ၊ သင်းခွေ၊ နော်ဇာ၊ သစ္စာ၊ သစ်ခွ၊ ပန်းညို၊ ကွမ်းသီးပန်း၊ လက်တော်ကုံး၊ တောင်တော်ပန်း (၅၀)၊ ဆိတ်ဖလူး၊ ဒေါ့ရင်း၊ အုန်းပန်း၊ လက်တံရှည်၊ လက်တံတို၊ မြတ်လေး၊ ရွှေဝါ၊ ကြက်မောက်၊ သဇင်၊ ခရား(၆၀)၊ ဇလတ္တာပန်း၊ ကက္ကရိပန်း၊ ထင်ရှားပန်း၊ ဆတ်သွား၊ နှင်းဆီ၊ မီးမလောင်၊ ရေခဲမိုး၊ ကြာညို၊ ခွန်နှစ်မည်၊ သရဖီပန်း (၇၀)၊ နေဇာပန်း၊ မရမ်းကြောင်ပန်း၊ ကြာခေါင်းလောင်း၊ သပြေ၊ တရုတ်စံကား၊ ခွါညို၊ စံကားစိမ်း၊ ရွှေခွက်ပန်း၊ ဂမုန်းပန်း၊ ပိတောက် (၈၀)၊ အင်ကြင်း၊ ဆတ်သွားဖူးပန်း၊ ပရဝါပန်း၊ ဖယောင်းပန်း၊ ဒေါက်ဒလိပ်ပန်း၊ နန်းလုံးကြိုင်ပန်း၊တောင်ဇလပ်ပန်း၊ ကြာပုဇွန်ရိုက်ပန်း၊ မောင်မခေါ်ပန်း၊ ပေါက်ပန်း (၉၀)၊ ကက္ကရုပန်း၊ ခံစပ်ပန်း၊ ပဒုမ္မာ၊ တောင်လုံးကျော်၊ ရင်ခတ်၊ မဋ္ဌူပန်း၊ သော်ကပန်း၊ ငှက်ကလေးပန်း၊ ပျဉ်းဖြူပန်း (၁၀၀)၊ လယ် ခေါင်ရမ်းပန်း၊ ဘိန်းနွဲပန်း၊ မဟာ လှေကားပန်း၊ မျက်နှာပန်း၊ ဇွန်ပန်း၊ စူကာပန်း၊ ကြာဖြူ၊ ကြာတံဆိပ်၊ မရိုးပန်း၊ မောက်ခီလောပန်း (၁၁၀)၊ဦးဆောက်ပန်း၊ ဗျာပါယူပန်း၊ လွမ်းမတပန်း၊ ကြာနီ၊ ပန်းအိ၊ ရင် ကမ်းပန်း၊ မယားကြီးပန်း၊ ယင်းမာပန်း၊ ဒဝယ်မှိုင်းပန်း၊ အနှန်းပန်း (၁၂၀)။

ပန်းပွင့်မာလာ၊ တတ်သိပ္ပါ၊ လူ့ရွာ ၁၂-ပွင့်။ ။ဘုရားမတင်, နတ်မတင်, လူတွင် ပန်းဆယ်ပွင့်၊ အနုပညာရပ်များ။ (၁) **ပန်းထိမ်**- လက်ကောက်လက်ကြပ် စသည် ပြုလုပ်သော အတတ်၊ (၂) **ပန်းဘဲ**- တံစည်း, စူး, ဆောက်, ပေါက်တူး စသည် ပြုလုပ်မှု အတတ်၊ (၃) **ပန်းပု**- အပြောက်ထု, ရုပ်လုံးဖေါ် အတတ်၊ (၄) **ပန်းခြီ**- မင်ဆေးရေးမှု အတတ်၊ (၅) **ပန်းရန်**- အုတ်, ကျောက်စီမှု အကတ်၊ (၆) **ပန်းတဉ်း, ပန်းတင်း**- ကြေးစည် ခေါင်းလောင်းသွန်းမှု အတတ်၊ (၇) **ပန်းတော့**- **အင်္ဂတေပန်းလှီး** အတတ်ပညာ၊ (၈) **ပန်းတမော့**- **ကျောက်ဆစ်, ကျောက်ရုပ်ထု** အတတ်ပညာ၊ (၉) **ပန်းပွတ်**- **ပွတ်ခံသမား** အတတ်ပညာ၊ (၁၀) **ပန်းယွန်း**- **ယွန်းပြောက်ယွန်းဆည်** ပြုလုပ်မှု အတတ်ပညာ။

http://www.dhammadownload.com

မှတ်ချက်။ ။ပန်းတျာ, ပန်းဒျာခေါ် ဂီတပညာနှင့် ပန်းရွဲ့ခေါ် ရွဲသွေး ကျောက်သွေး အတတ်တို့ထည့်၍ ၁၂-ပါးရှိကြောင်းနှင့် ပညာရှိတို့ ယူကြသေး၏။

ပန်းမျိုး ၅-ပါး၊ ဖေါ်စပ်စား၊ ဆေးများအားဘုရင်။ ။ဂုဏ်တို့ကို အမှုန့်ပြု၍ အစားအစာ၌ ထည့်ခတ်စားက အားတိုးသည်ဟူ၏။ (၁) ပန်းဥ၊ (၂) ပန်းနု၊ (၃) ပန်းရင်း၊ (၄) ပန်းမ၊ (၅) ပန်းလဲတို့ ဖြစ်၏။

ပန်းမြတ်မာလာ၊ ၇-ဖြာ၊ နန်းလျာ တော်ဝင်သုံး။ ။မင်းစဉ် နန်းသုံးဖြစ်သော ပန်းမြတ် ၇-ပါးဟူ၏၊ ဂုဏ်ကို ရွှေဟောင်းလင်္ကာ အတိုင်း ပြလိုက်သည်၊ "အဂ္ဂဧယျ၊ ပ သ အောင်ပန်း၊ ရွှေနန်း မင်းသုံး၊ ဒန်း, အုန်းညွန့်ညို၊ ကုက္ကို, နေဇာ၊ မာလာချယား၊ ပတ္တမြားညွန့်ထီး၊ သပြေသီးဟု၊ ပန်းကြီး အမြတ်၊ ခုနစ်ရပ်"။

ပန်းလှူရကျိုး ၅-ပါး။ ။ဤကား အကျိုးများစွာတို့တွင် ထူးခြားသော အကျိုး၎င်းပါးဟုသာ မှတ်ရာ၏။ (၁) လှပသန့်ရှင်းသော ရုပ်အဆင်းအင်္ဂါရှိခြင်း၊ (၂) သင်းပျံ့မွှေးကြိုင်သော ကိုယ်ယန္တရှိခြင်း၊ (၃) နတ်လူတို့ချစ်ခင်မြတ်နိုးခြင်း၊ (၄) ကျော်စောသတင်း ပျံ့နှံ့ခြင်း၊ (၅) ကိုယ်စိတ် ချမ်းသာ ရွှင်လန်းခြင်း။

ပဗ္ဗတရား ၃-ပါး။ ။သုတ်မဟာဝါ။ပါ။ ၇ ။ဌ။ ၁၈-ဋ္ဌ အကျယ်ရှုပါ။ သံသရာကို ခွဲဖြတ်တတ်သော တရားသုံးပါး။ (၁)· တဏှာ- လိုချင်နှစ်သက် စဲလမ်း တွယ်ဟာမှု သဘော၊ (၂) မာန-ဆရာမထား ထောင်လွှား မော်ကြွားမှု သဘော၊ (၃) ဒိဋ္ဌ-အယူအစွဲ မှားယူမှု သဘော။

ပဗ္ဗဇ္ဇာပြား၊ မျိုး ၃-ပါး၊ ခွဲခြား စိတ်ဖြာသိ။ ။သုတ် မဟာဝါနှင့် ဝိနည်း မဟာဝါ အဋ္ဌကထာတို့၌ လာရှိ၏။ (၁) ဘိက္ခု ပဗ္ဗဇ္ဇ- ရဟန်းပဋိဉာဏ်၏ အဖြစ်၊ (၂) သာမဏေရ ပဗ္ဗဇ္ဇ-ရှင်သာမဏေ၏ အဖြစ်၊ (၃) ဣသိ ပဗ္ဗဇ္ဇ-ရသေ့၏ အဖြစ်။

ပယ်မျိုး ၂-ပါး၊ မြေကွက်ခြား၊ မှတ်သား သိစရာ။ ။အတိုင်း အရှည် ပမာဏ၊ 'ကရီသ' ဟူသောပါဠိ၏ မြန်မာပြန် 'ပယ်' သည်။ (၁) ဆင်းရဲသား ပယ်၊ (၂) မင်း ပယ်ဟု ၂-မျိုးရှိရာ၊ ယခုခေတ် ပေ လက်မဖြင့် ၁၈-လက်မကို တတောင်ယူ၍ ထို ၇-တောင်ကို ကတာဟု အမှတ်လျက်ပြု

http://www.dhammadownload.com

၂၅-တသပတ်လည်ရှိ အကျွက်တရပ်ကို ဆင်းရဲသား တပယ်ဟု ခေါ်စေလေသည်၊ ထိုဆင်းရဲသား တပယ်သည် ခုနစ်တောင်တာ ပတ်လည်ပေါင်း ၆၂၅၊ (၀၀) တာကွက်ပေါင်း ၆၂၅-ကွက်မျှ ရှိလေသည်၊ မင်းပယ်မှာ ဆင်းရဲသားပယ်၏ နှစ်ဆဖြစ်လေသည်။

ပယောဂအပြား မျိုး ၄-ပါး။ ။ရောဂါဖြစ်ခြင်းအကြောင်း သို့မဟုတ် ယှဉ်စပ်ခြင်း လေးပါး။ (၁) သွေးပယောဂ၊ (၂) လေပယောဂ၊ ဤကား **ခတ်ဗိန္ဓောဆရာတို့ အလို၊** (၃) ဝိဇ္ဇာမယ ပယောဂ၊ (၄) ဣဒ္ဓိမယ ပယောဂ၊ ဤကား မှော်ဝိဇ္ဇာ အောက်လမ်းဆရာတို့ အလို။

ပယောဂမျိုး ၆-ပါး။ ။ကမ္မပထမြောက်ရန် လုံ့လ အားထုတ်မှု ၆-ပါး။ (၁) သာဟတ္ထိက ပယောဂ- ကိုယ်ထိလက်ရောက် အားထုတ် လုပ်ကိုင်မှု၊ (၂) အာဏာတ္တိက ပယောဂ- နှုတ်ဖြင့်ဆင်း, စိတ်ဖြင့်ဆင်း, အရိပ်နိမိတ်ဖြင့်ဆင်း ခိုင်းစေမှု၊ (၃) နိဿဂ္ဂိယ ပယောဂ- လေး, သေနတ်, အမြောက် လက်နက်တို့ဖြင့် ပစ်ခတ်သတ်ဖြတ်မှု၊ (၄) ထာဝရ ပယောဂ- အမြဲထာဝရ တည်ထား ပြုလုပ်စေသော ကျုံး, တွင်း, ချောက် စသော ပယောဂမျိုး၊ (၅) ဝိဇ္ဇာမယ ပယောဂ-အတတ်ပညာ အင်းအိုင် လက်ဖွဲ့စည်းတို့ဖြင့် ပြုလုပ်မှုမျိုး၊ (၆) ဣဒ္ဓိမယ ပယောဂ-ကံ၏အကျိုး ဣဒ္ဓိ ဟု ခေါ်သော တန်ခိုးတို့ဖြင့် ပြုလုပ်မှုမျိုး။

မှတ်ချက်။ ။ဤ ၆-ပါးကား အများအားဖြင့် အကုသိုလ် ပါဏာတိပါတာဒိ မြေသော်လည်း ကုသိုလ် အဒိန္နာဒါနလည်း ဖြစ်သလို ယှဉ်သင့်သေး၏။

ပရဒါရ၊ ကံထိုက်ကြွ၊ မိန်းမ ၁၂-ဖြစ်။ ။ဤင်း သုတေသနရပ်ကို (အုပ်ထိန်းခြင်းရှိသော မိန်းမမျိုး ၂၀)၌ သီးခြား ရှင်းပြခဲ့ပြီ။

ပဓမဇ္ဈ တရား ၄-ပါး။ ။ 'စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်' ဤင်း ၄-ပါးကို ဖောက်မပြန် မြတ်သောကြောင့် ပရမတ် ခေါ်သည်။

ပရိကမ္မရာ ဂ-ပါး။ ။ဝိနည်း ပါရာဇိက ။၌။ ပ-အုပ်။ ၂၀၅။ ရဟန်းတော်များ၏ အသုံးအဆောင်မျိုး ဂ-ပါး။ (၁) ပတ္တ-သပိတ်၊ (၂)(၃)(၄)

http://www.dhammadownload.com

တိစီဝရိုက်-သင်္ကန်း ၃-ထည်၊ (၅) ကာယ ဗန္ဓန-ခါးပန်းကြိုး၊ (၆) ဝါသိက-သင်္ဃုန်းခေါင်း၊ (၇) သူစိ-အပ်, အပ်ချည်၊ (၈) ပရိဿဝဏ-ရေစစ်။

ပရိက္ခရာ ၁၂-ပါး။ **တနည်း။** ။အထက်ပါ ပရိက္ခရာ ၈-ပါး၌။ (၁) စမ္မ ခဏ္ဍ-သားရေနွယ်၊ (၂) ဥပါဟန-ဘိနပ်၊ (၃) ဗီဇနီ-ယပ်တောင်၊ (၄) ဆတ္တ-ထီး၊ ၎င်း ၄-ပါးထည့်၍ ၁၂-ပါး ဖြစ်၏။

ပရိက္ခရာပိုင်သူ ၄-ပါးနှင့်၊ သုံးဆောင်နည်း ၄-မျိုး။ ။(၁) သကသန္တက ပရိက္ခရာ-ပဂ္ဂလိက ရဟန်းပိုင်၊ ရက္ခိတမ္မ, ဂေါပိတမ္မ, မမာယိတမ္မ နည်းတို့ဖြင့် သုံးဆောင်နိုင်၏၊ (၂) သံဃိက ပရိက္ခရာ-ရက္ခိ,ဂေါပိ, မမာယိတို့ဖြင့် ဆိုင်၏၊ ကိုယ်မပိုင်ရ၊ (၃) စေတိယ သန္တက ပရိက္ခရာ- ရက္ခိ, ဂေါပိ နှစ်ပါးနှင့်သာ ဆိုင်၏၊ (၄) ပရသန္တက ပရိက္ခရာ- အထက်နည်း ၄-ပါး တို့နှင့် လုံးဝမဆိုင်၊ သူပိုင် ပရိက္ခရာသာ ဖြစ်၏။

ပရိညာမျိုး ၃-ပါး။ ။မူလပဏ္ဏာသ။ဌ။ပ-အုပ်။၃၀။(၁)ဉာတပရိညာ-ပရမတ္ထ ရုပ်, နာမ်, ဓမ္မတို့၏ သဘောတရားကို ပိုင်းခြားရှု၍ သိခြင်း၊ (၂) တီရဏ ပရိညာ-ထိုရုပ်နာမ် သခါရ တရားစုကို အနိစ္စ,ဒုက္ခ,အနတ္တဟု လက္ခဏာရေး သုံးပါးဖြင့် ပိုင်းခြားသိမြင်မှု၊ (၃) ပဟာန ပရိညာ- ကိလေသယ်သတ် မင်္ဂ-ရပ်ဖြင့် နိဗ္ဗာနဓာတ်ကို တတ်တတ်ထင်ထင် သိမြင်မှု။

ပရိတ်ကြီး ၁၁-သုတ်။ ။ပတ်ဝန်းကျင် ဘေးရန်ကို ကာကွယ်ပေးတတ်သော တရားတော် ၁၁-သုတ်။ (၁) မင်္ဂလသုတ်၊ (၂) ရတနသုတ်၊ (၃) မေတ္တသုတ်၊ (၄) ခန္ဓသုတ်၊ (၅) မောရသုတ်၊ (၆) ဝဋ္ဋသုတ်၊ (၇) ဓဇဂ္ဂသုတ်၊ (၈) အာဋာနာဋိယသုတ်၊ (၉) အင်္ဂုလိမာလသုတ်၊ (၁၀) ဗောဇ္ဈင်္ဂသုတ်၊ (၁၁) ပုဗ္ဗဏှသုတ်။

ပရိတ်နာသူ၏ အင်္ဂါ ၃-ပါး။ ။ပရိတ်တရားနာသူတို့ဖက်က ပြည့်စုံကြရမည့် အင်္ဂါ ၃-ပါး ဟူလို၊ ၎င်းသုံးပါးနှင့် ပြည့်စုံမှ ချေးညှော်ကို ရေနှင့်ဆေး ပစ်သည့်အလား ဘေးရန်များကို ဝေးမြစ် ပျောက်ကင်း စေနိုင်သည်။ (၁) အာဒရကြီးလွန်ကဲသော မကောင်းမှု အကုသိုလ်ကံခေါ်'ကမ္မာဝရဏ' မရှိခြင်း၊ (၂) မှားသော အယူ 'မိစ္ဆာဒိဋ္ဌိ' ခေါ် 'ကိလေသာဝရဏ' မရှိခြင်း၊ (၃) ပရိတ်တော်ကို မရိုသေ မလေးစား မယုံကြည်ခြင်း၊ 'အ သဒ္ဓါဟနတာ' မရှိခြင်း။

http://www.dhammadownload.com

ပရိတ်ရွတ်သူ၏ အင်္ဂါ ၃-ပါး။ ။သုတ်ပါထေယျ ။ပါ။ ၁၆၄ ။ဋ္ဌ။၁၅၀။ ပရိတ်ရွတ်ဖတ် သရဇ္ဈာယ်သူတို့ ဖက်က ၎င်း အင်္ဂါ ၃-ပါးနှင့် ပြည့်စုံမှ ဘေးရန်တားကျိုး တန်ခိုး ထက်မြက်မည်။ (၁) မိမိ ရွတ်ဖတ်သော ပရိတ်တော်၏ အနက် အဓိပ္ပါယ်ကို သိရခြင်း၊ (၂) ပရိတ်တော်၏ ပါဠိ, ပုဒ်, ဗျည်း, အက္ခရာ, ဌာန်, ကရိယာတို့ကို ကျွန်မှန်ကန်စွာ ရွတ်တင် ရခြင်း၊ (၃) ပရိတ်နာသူ အပေါ်၌ လာဘ်စသည် မငဲ့ဘဲ တကဲ့ ကောင်းမြတ် စင်ကြယ်သော မေတ္တာစေတနာ ထားရှိမှခြင်း။

ပရိန်ဗွာန်မျိုး ၃-ပါး။ ။ဥပရိပဏ္ဏာသ။ဋ္ဌ။ဂဒ-၌ အကျယ်ရှု။ဘုရားသခင်၏ ပရိန်ဗွာန် ၃-ပါး။ (၁) ကိလေသ ပရိန်ဗွာန်-ဗောဓိမဏ္ဍိုင်၌ ကိလေသာ ငြိမ်းချမ်းခြင်း၊ (၂) ခန္ဓ ပရိန်ဗွာန်-ကုသိနာရုံ၌ ခန္ဓာတော်ငြိမ်း ခန္ဓာ ဓာတ်သိမ်းခြင်း၊ (၃) ဓာတု ပရိန်ဗွာန်- သာသနာတော် ကွယ်သော အခါ ဓာတ်တော် မွေတော်တို့ စုရုံး၍ ဗောဓိမဏ္ဍိုင် နေရာ၌ တေဇော ဓာတ် လောင်၍ ကွယ်ငြိမ်းခြင်း။

ပရိဘောဂမျိုး ၄-ပါး။ ။မတ္ထိမပဏ္ဏာသ။ပါ။ ၃၀၈ ။ဋ္ဌ။ ၂၃၆။**ဝိသဒ္ဒိမဂ်** ပ-အုပ် ၄၁-တို့၌ ရှုပါ **ရဟန်း သာမဏေတို့အတွက် ပစ္စည်းသုံးဆောင် မှုမျိုး လေးပါး။** (၁) ထေယျ ပရိဘောဂ-သိက္ခာသီလမရှိဘဲ ပစ္စည်း လေးပါးကို သုံးဆောင်ခြင်း၊ 'သူခိုး'၊ (၂) ဏ္ဏ ပရိဘောဂ- ပစ္စဝေက္ခဏာ မဆင်ခြင် ပုတီးမစိပ်ဘဲ သုံးဆောင်ခြင်း၊ 'အကြွေး'၊ (၃) ဒါယဇ္ဇ ပရိ ဘောဂ- သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့ သုံးဆောင်ခြင်း၊ 'အမွေခ'၊ (၄) သာမိ ပရိဘောဂ-ရဟန္တာပုဂ္ဂိုလ်တို့ သုံးဆောင်ခြင်း၊'ပိုင်ရှင်'။

ပရိယတ္တိ၏ အင်္ဂါ ၉-ပါး။ ။ဂင်းသရုပ် (ဓမ္မက္ခန္ဓာ၊ မြတ်အင်္ဂါ၊ ၉-ဖြာ ဝေဘန်သိ)၌ ရှုပါ။

ပရိယတ္တိ သင်ယူနည်းမျိုး ၃-ပါး။ ။တရားနာခြင်း စာမေး သင်ကြားခြင်း အပြား ၃-ပါး၊ ဝိနည်းအဋ္ဌကထာ။

(၁) **အလဂဒ္ဒူပမာ ပရိယတ္တိ- မြွေဖမ်းနည်းမတတ်၍ မြွေကိုက်သေသော ဥပမာ၊ မိမိတတ်ရှိသော စာပေ ပညာဖြင့် သူတပါးအား နှိပ်နင်း ရန်၊ တပါးရန်ကို ကာကွယ်ရေး ဟူသော သဘောထားဖြင့်**

http://www.dhammadownload.com

သင်ယူခြင်းမျိုး၊ အကျိုးလုံးဝမရှိ၊ အပါယ် ၄-ပါး အစာသာ ဖြစ်၏။

(၂) နိဿရဏတ္ထ ပရိယတ္တိ- ဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးကို ရှေးရှု၍ သင်ကြားခြင်းမျိုး၊ အကျိုးရှိ၏၊ မဂ်, ဖိုလ်, နိဗ္ဗာန် ရ,ရောက်နိုင်၏။

(၃) ဘဏ္ဍာဂါရိက ပရိယတ္တိ-ဘဏ္ဍာတိုက်စောင့် ဘဏ္ဍာစိုးပမာ စာပေ ပရိယတ္တိတွေ့ မပျောက်ပျက်ရလေအောင် ထိန်းသိမ်းစောင့်ရှောက်သော သင်နည်းမျိုး၊ ကိုယ်ကျိုးမရှိ၊ မဂ်, ဖိုလ် မရနိုင်။

ပရိသတ် ၄-ပါး။ ။စတုကဂံတ္တရ။ပါ။၄၀၄။ဋ္ဌ။၃၂၄။ လူထုစုဝေးပွဲသဘင် အစု လေးပါး။ (၁) ဘိက္ခု-ရဟန်းယောကျ်ားပရိသတ်၊ (၂) ဘိက္ခုနီ-ရဟန်းမိန်းမ ပရိသတ်၊ (၃) ဥပါသကာ-သီတင်းသည်ယောကျ်ားပရိသတ်၊ (၄) ဥပါသိကာ-သီတင်းသည် မိန်းမ ပရိသတ်။

ပရိသတ် ၄-ပါး၊ တနည်း။ ။ (၁) လူ့ပရိသတ်၊ (၂) နတ့်ပရိသတ်၊ (၃) ဗြဟ္မာ့ပရိသတ်၊ (၄) ရဟန်း့ ပရိသတ်။

ပရိသတ် ၈-ပါး။ ။အင်္ဂုတ္တရ။ပါ။၃၂၇။ဋ္ဌ။၂၄၆။ (၁) ခတ္တိယပရိသာ-မင်း့ပရိသတ်၊ (၂) ဗြာဟ္မဏ ပရိသာ- ပုဏ္ဏား့ပရိသတ်၊ (၃) ဂဟပတိ ပရိသာ- သူကြွယ် သူဌေး့ ပရိသတ်၊ (၄) သမဏ ပရိသာ- ရဟန်း ပရိသတ်၊ (၅)စာတု မဟာရာဇိက ပရိသာ- စတု မဟာရာဇ်နတ့်ပရိသတ်၊ (၆) တာဝတိံသာ ပရိသာ- တာဝတိံသာနတ့် ပရိသတ်၊ (၇) မာရ ပရိသာ- မာရ်မင်း့ ပရိသတ်၊ (၈) ဗြဟ္မ ပရိသာ-ဗြဟ္မာ့ ပရိသတ်။

ပရိသတ် ကြောက်ရွံ့သော ပုဂ္ဂိုလ် ၅-ယောက်။ ။ပရိသတ်ထဲ မတိုးမဝင် မပြောမဆိုဝံ့ခြင်းမျိုး ၅-ပါး ဟူ၏၊ ပဏ္ဍုကံတ္တရ ပါဠိတော်- ၁၆၁-၌ အကျယ်ရှု။ (၁)အသဒ္ဓပုဂ္ဂိုလ်၊ (၂) ဒုဿီလ-အကျင့်သီလ ပျက်နေသူ၊ (၃) အပ္ပသုတ- အကြား့ အမြင်နည်းသူ၊ (၄) ကုသီတ- အပျင်းထူသူ၊ (၅) န ပညာ- ဉာဏ်ပညာ မရှိသူ။

ပလ္လင် ၈-ခန်း။ ။ မြန်မာဘုရင် အဆက်ဆက်တို့ အသုံးပြုတော်မူသည့် ပလ္လင်တော်များ။ (၁) သီဟာသန ပလ္လင်- နန်းဦး ပြာသာဒ်ဆောင် တော်တွင် မင်းတို့ ပူဇော်ခံရန် ရမနေသား့ခြသေ့ရုပ်ခံ၊ (၂) ဟံသာသန်

http://www.dhammadownload.com

ပလ္လင်- ဇေတဝန်ဆောင်တော်တွင် ဘုရင်မင်းမြတ်တို့ ရတနာသုံးပါး ပူဇော်ရန် သင်္ကန်းသား, ဟသ်ါရှပ်ခံ၊ (၃) **သခ်ါသန ပလ္လင်-ပေါင်းတော်** ဆောင်တွင် မင်းတို့ တရားစကား နာခံရန် သရက်သား, ခရွသင်းရှပ်ခံ၊ (၄) ဘမရာသန ပလ္လင်- မှန်နှန်းဆောင်တွင် မင်းတို့ စက်တော်ခေါ်ရန် ကရဝေးသား, ပိတုန်းရွပ်ခံ၊ (၅) ဂဇာသန ပလ္လင်-ခြံတို့က်တော်ဆောင်တွင် မင်းတို့ ချီးမြှင့်, နှိမ့်ချရန် စံကားသား, ဆင်ရွပ်ခံ၊ (၆) မရွရာသန ပလ္လင်- မြောက်စမုခ် ဆောင်တော်တွင် **မင်း**တို့ ဆင်မြင်း သိမ်းမြန်းရန် ပေါက်သား, ဥဒေါင်းရွပ်ခံ၊ (၇) မိဂါသန ပလ္လင်- တောင်စမုခ်ဆောင် တော်တွင် မင်းတို့ တိုင်ပင်ဆွေးနွေးရန် သားရဲရွပ်ခံ, ရေသဖန်းသား၊ (၈) ပဒုမာသန ပလ္လင်- အနောက် ပွဲတက်ဆောင်တော်တွင် **မင်း**မိန်းမတို့ ပူဇော်ခံရန် ပိန္နဲသား, ကြာပွင့်ခံ၊ "ကျက်ရန်လက်ာ၊ ဤသို့လာ၏၊ ရှစ်ဖြာပလ္လင်၊ ထုံးတမ်းစဉ်မှာ၊ သီဟာ, ရမနေ၊ ဟံသေ, သင်္ကန်း၊ ထီးနန်း မပျက်၊ သံရက်,ခရူ၊ ဟခု ပိတုန်း၊ ကရဝေးသုံးသည်၊ နန်းလုံးချီးမြှောက်၊ သို့ကလောက်မောက်မို့၊ ပေါက်ကို့, ဥဒေါင်း၊ ထုံးဟောင်းမမှား၊ စံကား ဟတ္ထိ၊ မည်ရှိမလဲ၊ ပိန္နဲ, ပဒုမာ၊ မိဂါ,ရေသဖန်း၊ ဤ ရှစ်ခန်းသည်- စံမြန်း ပလ္လင် နေရာတည်း"။

ပလ္လင် ရှစ်ရပ် ဇ-ခန်း။ တနည်း။ ။လွှတ်တော်၌ ဇေတဝန်ဆောင်ခေါ် ငှာက်က ဆောင်မကြီး၌လည်း ဘုရင်မင်းမြတ်**ကိုယ်**တိုင် လွှတ်တက်သော အခါ စံမြန်းရန် "သီဟာသန ပလ္လင် ခြသေ့ခံ ဥကင်နှင့်တကွ"**ခမ်းနားစွာ** တည်ဆားရသေး၏၊ ပလ္လင် အမျိုးအစားမှာ ရှစ်ရပ်သာ ရှိသော်လည်း ထားသောနေရာကား ကိုးခန်း ကိုးဌာန ရှိသည်ဟု မှတ်၊ ထိုကြောင့် "ဗေဘိညွန့်ရှင်၊ ဆုကြီးဆင်လျက်၊ ပလ္လင်ကိုးဆင့်၊ ဥကင်ဘွင့်ရှ်"ဟုသော မဃဒေဝလက်ာ ဘုန်းတော်ဘွဲ့ခဏ်း၌ ဆိုထားလေပြီ။

ပလ္လင် ဖ-ပါး၊ ပိုင်သူများ၊ မျိုးဘား ဘယ်သူနည်း?။ ။ပလ္လင်မျိုး ဖ-ပါးကို ပိုင်သူ ထိုင်သူတို့ ဟူ၏။ (၁) ကမလာသန ပလ္လင်-ကြာပလ္လင် ဗြဟ္မာမင်းတို့ ထိုင်သည်၊ (၂) ဒီဗ္ဗာသန ပလ္လင်-နတ်မင်းတို့ ထိုင်သည်၊ (၃) ရာဇ ပလ္လင်- လူမင်းတို့ ထိုင်သည်၊ (၄) **အန္ဓ** ကရန ပလ္လင်- တရားသူကြီးတို့ ထိုင်သည်၊ (၅)ဓမ္မာသန ပလ္လင်-**ဓမ္မ**ကထိကတို့ ထိုင်သည်၊ (၆)**အ**ပရာဇိတ ပလ္လင်-မြတ်စွာဘုရားသခင် ထိုင်ရာ။

http://www.dhammadownload.com

ပလ္လင်လုပ်ရာ၊ မြင့်တောင်ထွာ၊ ၃-ဖြာ ပိုင်းမှတ်သား။ ။ချောဘုံနိဒါန်း၌ အောက်ပါအတိုင်း သုံးမျိုးလာရှိ၏။ (၁)မဟာ ပလ္လင်မျိုး- ၁၆-တောင် အမြင့်ရှိ၏၊ (၂) မဇ္ဈိမ ပလ္လင်မျိုး- ၈-တောင် အမြင့်ရှိ၏၊ (၃)စူဠ ပလ္လင်မျိုး- ၄-တောင် အမြင့်ရှိ၏။

ပလာမျိုး ၃၇-ဆင်။ ။ချေးသုံး မြန်မာ ထမီ၊ ပုဆိုး၏ အမည်၊ ၎င်းပလာမှာ အောက်ပါအတိုင်း အဆင်ပေါင်း ၃၇-မျိုး ရှိကြောင်း သိရာ၏။ စောင်းတော်ပိုက်၊ လေးပင့်ဆိုင်၊ ပေါင်တူစင်း၊ ပေါင်ဖို-ပေါင်မ၊ ရဲစင်း၊ တကြောင်းထိုး၊ လောကခတ်၊ နဒီ၊ နဒီအံကဲ့၊ ပတိမ်းဆင်(၁၀)၊နှစ်ကိုယ်တော့၊ ဆောင်တော်ကူး၊ ချောဘိုရိုး၊ ချောဘိုနန်းသိမ်း၊ ချောဘိုထိပ်တင်၊ တိမ်ခိုးဆင်၊ ကုက်တုံး၊ စလွယ်စင်း၊ အဝါစင်း၊ လိမ်မော်စင်း၊ (၂၀) လိမ်မော်ကုက်၊ ရဲကုက်၊ အဝါကုက်၊ နှစ်ထပ် လောကခတ်၊ လောကမာတ် အံဆဲ့၊ သံပတ်ဆင်၊ ငွေပန်းဆင်၊ ဒေဝီဆင်၊ ကျောက်စိမ်းဆင်၊ မုရမ်းစင်း(၃၀)၊ ဒေါနစင်း၊ ဘုံဘိုင်ဆင်၊ ရာသက်ပန်၊ အဖြူကုက်၊ ဖူးညှိဆင်၊ ပတ္တမြားဆင်၊ ဖရဲဥဆင်(၃၇)။

ပလိဗောဓကြီး ၁၀-ပါး။ ။ဝိသုဒ္ဓိမဂ်၊ ပ-အုပ်၊ ဂဖ။ သမထ, ဝိပဿနာ နှစ်ဖြာသောလမ်း စခန်းဖြင့် ထုက်လမ်းကိုရွာသော ယောဂါဝစရပုဂ္ဂိုလ်တို့၏အနှောက်အရှက်ဖြစ်၍ ဖြတ်ပယ်စွန့်ပစ်ရာသော တရားမျိုးဆယ်ပါး။ (၁) အာဝါသ- ကျောင်း, အိပ်ရာနေရာ, အာရာမ်၊ (၂) ကုလ-အလုပ်အကျွေး ပစ္စည်းလေးပါး ဒါယကာ၊ (၃) လာဘ- ပစ္စည်းလေးရပ် လာဘ်သပွကာ၊ (၄) ဂဏ-ဂိုဏ်းသံဃာ အပေါင်းအဖေါ်၊ (၅) ကမ္မ-နဝကမ္မခေါ် အမှုသစ်၊ (၆) အဒ္ဓါန- ခရီးသွားခြင်း၊ (၇) ဉာတိ-သာသနာ့မျိုးဆွေ,အိမ်မျိုးဆွေ၊ (၈) အာဗာဓ- မကျန်းမာခြင်း, အနာရောဂါ၊ (၉) ဂန္ထ- သင်ကြားပို့ချ, ကျက်မှတ်ရေးပြုဆဲ ကျမ်းဂန်၊ (၁၀)ဣဒ္ဓိ-ဝိပဿနာကို နှောက်ရှက် ဖျက်ဆီးတတ်သော ပုထုဇန်တန်ခိုး။

ပ ဝဂ် ၅-လုံး။ ။ဗျည်း ၃၃-လုံးတို့တွင် "ပ, ဖ, ဗ, ဘ, မ" ၎င်း ၅-လုံး ထစုကို ဆိုသည်။

ပဝါရဏာမျိုး ၇-ပါး။ ။ရဟန်းတော်များ အချင်းချင်း ဖိတ်ကြား တောင်းပန်မှု ပြုခြင်း ၇-မျိုး။ (၁) သံဃ ပဝါရဏာ- ငါးပါး, ငါးပါးထက်များသော သံဃာတော်တို့ တသိမ်တည်း၌ စုဝေး၍ ပြုခြင်း၊ (၂) ဂဏ

http://www.dhammadownload.com

ပဝါရဏာ ၂-ပါး, ၃-ပါး, ၄-ပါး အထိ တစုတည်းပြုသော ပဝါရဏာ၊ (၃) ပဉ္စလ ပဝါရဏာ- အဖော်မရှိ တပါးတည်းပြုသော ပဝါရဏာ၊ (၄) တေဝါစိက ပဝါရဏာ- ၃-ကြိမ် ၃-ခေါက်ဆို၍ တပါးချင်းပြုသော ပဝါရဏာ၊ (၅) ဒွေဝါစိက ပဝါရဏာ- တစုံတခုသော အန္တရာယ် ကြောင့် ၃-ကြိမ် ဆိုချိန်မရ၊ ၂-ကြိမ်သာ ဆို၍ပြုသော ပဝါရဏာ၊ (၆) ဧကဝါစိက ပဝါရဏာ- ထို့အတူ တကြိမ်တခေါက်သာဆို၍ ပြုသော ပဝါရဏာ၊ (၇) သမာန ဝဿိက ပဝါရဏာ- ဝါတူချင်း ပေါင်း၍ ငါးပါးတတွဲ, ဆယ်ပါးတတွဲ စသည်ဖြင့် ဆို၍ပြုသော ပဝါရဏာမျိုး။

မှတ်ချက်။ ။နေ့ကိုလိုက်၍လည်း စာတုဒ္ဒသီ စသည် ပြားသေး၏။

ပဝိဝေကတရား ၃-ပါး။ ။ကာယ ပဝိဝေက၊စိတ္တ ပဝိဝေက၊ ဥပဓိ ပဝိဝေက၊ ငင်းအကျယ် (ဝိဝေကတရား ၃-ပါး)၌ ရှုပါ။

ပ,သတ် ကာရန်၊ ရေးထုံးမှန်၊ ၃-တန် မြန်မာ့နည်း။ ။ကာရန်ငယ် အသံ ၆၄-ပါးနှင့် မြန်မာသင်ပုန်းကြီး ကျမ်းလာ ၃၆-ပါးသော ဌာနတို့တွင် ပါဝင်သည့် စာစီစာကုံး ဥပဒေသ ဝေါဟာရ 'အပ်, အိပ်, အုပ်' တို့ ဖြစ်ကြ၏။

ပဿဒရုပ် ၅-ပါး။ ။ကိုယ်ခန္ဓာ အတွင်းရှိ အကြည်ဓာတ်ရုပ် ၅-ပါး။ (၁) စက္ခု ပသာဒ- မျက်စိအကြည်၊ (၂) သောတ ပသာဒ- နား အကြည်၊ (၃) ဃာန ပသာဒ နှာခေါင်းအကြည်၊ (၄) ဇိဝှါ ပသာဒ- လျှာအကြည်၊ (၅) ကာယ ပသာဒ- ကိုယ်အကြည်။

ပဟာန်အပြား မျိုး ၅-ပါး။ ။ဓမ္မသင်္ဂဏိပါဠိတော် ၂၀၈။ ငင်းအဋ္ဌကထာ ၃၀၆။ ပဋိသမ္ဘိဒါမဂ် ။ပါ။ ၁၃၇။ဋ္ဌ။ ဒု-အုပ်။၅၂။ **ကိလေသာ အယူတ်** တရားစုကို ပယ်မှုင်းပါး။ (၁) တဒင်္ဂ ပဟာန်- ကာမကုသိုလ် တရား စုဖြင့် ပြုဆဲခဏ၌ ပယ်ခြင်း၊ (၂) ဝိက္ခမ္ဘန ပဟာန်- မဟဂ္ဂုတ်ကုသိုလ် စုဖြင့် ခေါင်းပါးအောင် ပြုခြင်း၊ (၃) သမုစ္ဆေဒ ပဟာန်- မဂ်ကုသိုလ် စုဖြင့် အပြတ်ပယ်ခြင်း၊ (၄) ပဋိပဿဒ္ဓိ ပဟာန်- ဖိုလ်တရားစုဖြင့် ငြိမ်း အေးမှု ပြုခြင်း၊ (၅) နိဿရဏ ပဟာန်-ပရိနိဗ္ဗာန ဓာတ်ဖြင့် ဖြတ်တောက် ထွက်မြောက်သွားခြင်း။

http://www.dhammadownload.com

မဟာန ဝိနည်းမျိုး ၅-ပါး။ ။သုတ္တန်ပါတ် ။ပါ။ ၂၇၉ ။ဌ။ ပ-အုပ်။၈။ စူဠနိဒ္ဒေသ။ဌ။ ၇၂-တို့၌ အကျယ်ရှုပါ။ ပဟာန ဝိနယောပိ တဒင်္ဂပဟာန်, ဝိက္ခမ္ဘန ပဟာန်, သမုစ္ဆေဒ ပဟာန်, ပဋိပဿဒ္ဓိ ပဟာန်, နိဿရဏ ပဟာနန္တိ ပဉ္စဝိဓော၊ အနက် အထက် ပဟာန်နည်းအတိုင်း။

ပဟိုရ် ၄-ပါး၊ ချိန်ပိုင်းခြား၊ မှတ်သား စည်နာရီ။ ။ရှေး မြန်မာ စံတော် ချိန်တွင် နေ့ ၄-ပဟိုရ် ည၌ ၄-ပဟိုရ်ဟု နေ့ည၌ တီထီ တရက်တွင် ၈-ပဟိုရ်ပိုင်းခြား သတ်မှတ်ထားသည်၊ ၁-ပဟိုရ်လျှင် စည်တကြိမ်ကျစီ ၁၁-ချက်၊ ၂၂-ချက်၊ ၃၃-ချက်၊ ၄၄-ချက်အားဖြင့် ထီးသည်၊ ၁-ပဟိုရ် သည် စက် ၃-နာရီ အချိန်နှင့် ညီမျှသည်၊ စက်နာရီ အချိန်နှင့် ပဟိုရ် ချိန်တို့ ယှဉ်ပုံမှာ—

	စက်နာရီ		ပဟိုရ်	
(၁)	နံနက်	၉-နာရီ	နေ့	၁-ပဟိုရ်
(၂)	မွန်းတည့်	၁၂-နာရီ	နေ့	၂-ပဟိုရ်
(၃)	ညနေ	၃-နာရီ	နေ့	၃-ပဟိုရ်
(၄)	ညနေ	၆-နာရီ	နေ့	၄-ပဟိုရ်
(၅)	ည၌	၉-နာရီ	ည၌	၁-ပဟိုရ်
(၆)	သန်းခေါင်	၁၂-နာရီ	ည၌	၂-ပဟိုရ်
(၇)	သန်းလွဲ	၃-နာရီ	ည၌	၃-ပဟိုရ်
(၈)	နံနက်	၆-နာရီ	ည၌	၄-ပဟိုရ်

ပဟိုရ် ၈-ပါး၊ ထရက်ထား၊ ခြားနား နာရီ အသို့နည်း? ။ ဇင်းသရုပ်ကို (ပဟိုရ် ၄-ပါး၊ ချိန်ပိုင်းခြား၊ မှတ်သား စည်နာရီ)၌ ရှုပါလေ။

[ပါ]

ပါရှိဟာရိယမျိုး ၃-ပါး။ ။သုတ်သီလက္ခန်။ပါ။ ၂၀၆။ဌ။၃၂၁။ **အဂ်ုတ္တရ တိကနိပါတ်။** ။နံပါတ် ၁-နှင့် ၂-ကို မြတ်စွာဘုရား တားမြစ်တော်မူသည်၊

http://www.dhammadownload.com

နံပါတ် ၃-နှင့်သာ ဗုဒ္ဓသာသနာပြုရေး၌ ခွင့်ပြုတော်မူသည်၊ ဤဖေါ်ပြပါတို့ကား- ဂုဏ်တော် ၉-ပါးတွင် "သတ္ထာ" ဂုဏ်တော်၌ အကျမ်းဝင်သော တန်ခိုးတော် ၃-ပါးကို ဆိုသည်။ (၁) ဣဒ္ဓိ ပါဋိဟာရိယ- တန်ခိုးအံ့ကြီးဆုံး နတ်ပြဟ္မာတို့ထက် ပိုမိုလွန်မြတ်သောတန်ခိုးတော်ရှင်အဖြစ်စွမ်းနိုင်ခြင်း (ဣဒ္ဓိဝိဓ)၊ (၂) အာဒေသနာ ပါဋိဟာရိယ- သတ္တဝါတို့၏ ကြံစည်စိတ်ကူးဆင်ခြင်မှု ဟူသမျှကို သိမြင်ထုတ်ဘော် ပြောကြားတော်မူခြင်း၊ (စေတောပရိယ)၊ (၃) အနုသာသန ပါဋိဟာရိယ-ဤသို့ကျင့် ဤသို့ကြံစသည်ဖြင့် ဟောကြားဆုံးမကာ သတ္တဝါတို့၏ စိတ်ဓာတ်ကို ဈာန်,မဂ်,ဖိုလ်တိုင်အောင် ကြည်ညှတ်လာစေခြင်း။

ပါဏာတိပါတ အင်္ဂါ ၅-ပါး။ ။သတ်မှုကံမြောက် ဆုံးဖြတ်ချက်အကြောင်း ၎င်းပါး၊ ၎င်း အင်္ဂါ ၅-ပါးတို့နှင့် ပြည့်စုံက ထိုသိက္ခာပုဒ် ပျက်၏။ (၁) ပါဏ-သက်ရှိသတ္တဝါဖြစ်ခြင်း၊ (၂) ပါဏသညိတ- သက်ရှိသတ္တဝါဟု မှတ်သိခြင်း၊ (၃) ဃာတ စိတ္တ-သတ်လိုသောစိတ်ရှိခြင်း၊ (၄) ဥပက္ကမ-လုံ့လပြုခြင်း၊ (၅) မရဏ- ထိုလုံ့လကြောင့် သေခြင်း။

ပါဏာတိပါတ၏ ပယောဂမျိုး ဂ-ပါး။ ။ပါဏာတိပါတကံ ဖြစ်နိုင်ခြင်း၏ အကြောင်းတရားမျိုး ရှစ်ပါး၊ ပါရာဇိကဏ် အဋ္ဌကထာမှ။ (၁) ဥဒ္ဓိဿ ပယောဂ-သတ္တဝါကို ရည်မှတ်၍ သတ်ဖြတ် ထိုးခုတ်ခြင်း၊ (၂) အနုဒ္ဒိဿ ပယောဂ- သတ္တဝါတစုံတခုကို ရည်မှတ်ခြင်းမရှိဘဲ ဘာကောင်သေသေဟု ပစ်ခတ် ထိုးခုတ်လိုက်ခြင်းမျိုး၊ (၃) သာဟတ္ထိက ပယောဂ- ကိုယ်တိုင် သတ်ပုတ် ထိုးခုတ်ခြင်း၊ (၄) အာဏတ္တိက ပယောဂ- သူတပါးကို စေခိုင်းခြင်း၊ (၅) နိဿဂ္ဂိယ ပယောဂ- အဝေးး၌ နေသော သတ္တဝါကို မြား, လုံ့, သေနတ် စသည်ဖြင့် ပစ်ခတ်ခြင်း၊ (၆) ထာဝရ ပယောဂ-အမြဲတည်နေ၍ သေစေနိုင်သည့် တွင်းတူးထားခြင်း, ဆေးဝါး အစီအရင်ထားခြင်း,စသည့် အရာမျိုး၊ (၇) ဝိဇ္ဇာမယ ပယောဂ- ဓာတ်ရိုက်, ဓာတ်ဆင့်, ဂါထာမန္တရား, စသော အစီအရင်တို့ဖြင့် သေအောင်ပြုခြင်း၊ (၈) ဣဒ္ဓိမယ ပယောဂ- မိမိ ကမ္မဇိဒ္ဓိတံနိုးဖြင့် သတ္တဝါတို့ကို သေစေခြင်း။

ပါဏာတိပါတကံ၏ မကောင်းကျိုး ၂၃-မျိုး။ ။ပါဏာတိပါတ် သူ့သက်သတ်သူတို့ ခံစားတွေ့ကြုံရသော မကောင်းကျိုးများသည် ပိဋကပါဠိတော်

http://www.dhammadownload.com

တို့၌ သန်ျာအမျိုးမျိုးဖြင့် လာရှိသော်လည်း ဤ၌ အလုံးစုံပါဝင်သည့် ခုဒ္ဓကပါဋ္ဌ အဋ္ဌကထာလာ သန်ျာ ၂၃-ပါးကို ဆိုလေသည်၊ သိလွယ်နိုင်ရန် မြန်မာဘာသာ သက်သက်ဖြင့် ပြလိုက်၏။ (၁) ကိုယ်အင်္ဂါချို့တဲ့ခြင်း၊ (၂) လုံးရပ်နေထား အချိုးအစား မကျခြင်း၊ (၃) နုံနွဲ့းလေးဖင့်ခြင်း၊ (၄) ခြေ, လက်, ဖဝါး မညီခြင်း၊ (၅) မလှပ မတင့်တယ်ခြင်း၊ (၆) အရေ အဆင်း မပြောင်ဝင်းခြင်း၊ (၇) အသားအရေ ကြမ်းတန်းခြင်း၊ (၈) ကြောက်ရွံ့တတ်ခြင်း၊ (၉) ခွန်းအားဗလ မရှိခြင်း၊ (၁၀) စကားပြေပြစ်စွာ မပြောတတ်ခြင်း၊ (၁၁) ချစ်ခင်သူ မရှိခြင်း၊ (၁၂) မိမိပရိသတ် အကြိမ်ကြိမ် ပျက်စီးခြင်း၊ (၁၃) ထိထ်လန့်တတ်ခြင်း၊ (၁၄) လက်နက်, အဆိပ်ဘေး သင့်တတ်ခြင်း၊ (၁၅) သူများပယောဂကြောင့် သေရခြင်း၊ (၁၆) တွေဝေမိုက်မဲခြင်း၊ (၁၇) ခြေရံပရိသတ် နည်းပါးခြင်း၊ (၁၈) ရွံစရာကောင်းသော ရုပ်အဆင်းရှိခြင်း၊ (၁၉) ကုန်းကောသော ကိုယ်ရှိခြင်း၊ (၂၀) ကြောင့်ကြ စိုးရိမ်မှုများခြင်း၊ (၂၁) ဘေးရန် များခြင်း၊ (၂၂) ချစ်ခင်သော သားသမီးတို့နှင့် ကွေကွင်းရခြင်း၊ (၂၃) အသက်တိုခြင်း။

ပါတိမောက် ၂-မျိုး။ ။ဥဒါန်း ။ပါ။ ၁၃၀ ။ဌ။ ၂၇၁-၌ အကျယ်ရှု။ (၁) ဩဝါဒ ပါတိမောက်- သမ္ဗုပါဃ အကရဏံ, စသော ဩဝါဒကထာ၊ (၂) အာဏာ ပါတိမောက်- ဝိနည်း ပညတ်တော် သိက္ခာပုဒ်များ။

ပါဒရက် လေမျိုး ၈-ပါး။ ။သွက်ချာပါဒ ဆောဂါ ဖြစ်စေတတ်သော လေမျိုး ၈-ပါးဟူ၏၊ ၎င်း သရုပ်ကို လေမျိုး-၈၀ (က) ပုဒ်၌ ရှုလေ။

ပါပကြိုမ် ၄-လုံး။ ။ဆိုးသွမ်း ယုတ်မာဓသော ကြိုတ်၊ သို့မဟုတ် နေမှပေါ်ထွက်လာသောကြောင့် အရှိန်အဝိုး ပူပြင်းသော သဘောရှိသည့် ကြိုတ်ဟု ဗေဒင်ကျမ်းများ၌ ဆိုကြကုန်၏၊ လောကဒီပသာရကျမ်းတွင် 'ပါပလေးချက်၊ နေဂဟထုက်၍၊ ရှိန်စက် ပူခြင်း၊ အဝိုးပြင်း၏' ဟု ဆိုထားလေပြီ။ (၁) တနင်္ဂနွေကြိုတ်၊ (၂) အင်္ဂါကြိုတ်၊ (၃) စနေကြိုတ်၊ (၄) ရာဟုကြိုတ်။

ပါရာဇိကြီး ၆-မျိုး။ ။၎င်း အကျယ် စတ်ဝင်စားဘွယ်တို့ကို သုတ္တန်ပါတ် ။ပါ။ ၃၀၄ ။ဌ။ ပ-အုပ်။ ၂၀၆ ။ မဇ္ဈိမ ပဏ္ဏာသ ။ပါ။ ၃၄၅ ။ဌ။ ၂၇၁-တို့၌

http://www.dhammadownload.com

ရှုပါ။ (၁) ပရိညာ ပါရဂူ၊ (၂) ပဟာန ပါရဂူ၊ (၃) ဘာဝနာ ပါရဂူ၊ (၄) သစ္ဆိကိရိယာ ပါရဂူ၊ (၅) သမာပတ္တိ ပါရဂူ၊ (၆) အဘိညာ ပါရဂူ။

ပါရမီ ၁၀-ပါး။ ။မူလပဏ္ဏာသ။ပါ။ ၇ ။ဋ္ဌ။ ပ-အုပ်။ ၄၇။ သုတ်သီလက္ခန် ။ဋ္ဌ။ ၆၀။ သုတ်မဟာဝါ။ဋ္ဌ။ ၂၄၄-တို့၌ အကျယ်ရှုပါ။နတ်ရွာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်မျိုး ဆယ်ပါး။ (၁) ဒါန ပါရမီ-လှူဒါန်း ပေးကမ်း စွန့်ကြဲခြင်း၊ (၂) သီလ ပါရမီ- ငါးပါး, ရှစ်ပါး, ဆယ်ပါး စသော သီလကို ဆောက်တည် သိမ်းဆည်းခြင်း၊ (၃) နိက္ခမ ပါရမီ- အိမ်ထောင်ရေးရှောင် ရသေ့ရဟန်း ဘောင်သို့ ကပ်ရောက်ခြင်း၊ (၄) ပညာ ပါရမီ- ပညာကို ဆည်းပူးရှာဖွေ တိုးပွားစေခြင်း၊ (၅) ဝီရိယ ပါရမီ- မတွန့်မဆုတ် အားထုတ်သော ဇွဲနှဲဖြင့် ရဲရဲရွတ်ရွတ် ကြိုးစားခြင်း၊ (၆) ခန္တီ ပါရမီ- သည်းခံခြင်း၊ (၇) သစ္စာ ပါရမီ- မှန်ကန် ဖြောင့်မတ်စွာ ပြောဆို လုပ်ကိုင်ခြင်း၊ (၈) မေတ္တာ ပါရမီ-ကပ္ပါသေးမျှားကို မိမိနှင့် တသားတည်း ချစ်ခြင်း၊ (၉) အဓိဋ္ဌာန ပါရမီ- အပြစ်ကင်းသော အဆုဋ္ဌ စိတ်ဖြင့် ဆုံးဖြတ်ခြင်း၊ ဆုံးဖြတ်သည့် အားလျော်စွာ လုပ်ကိုင်ခြင်း၊ (၁၀) ဥပေက္ခာ ပါရမီ- သူစိမ်း သူကျက် ငဲ့ကွက်မရွေး ချမ်းသာ ဆင်းရဲ သော အရေးဋ္ဌ စိတ်တွေးကြံစည်ခြင်းမပြု အလယ်ကြားရှု၍ နေခြင်း။

ပါရမီ အပြား ၃၀။ ။ဤဋ္ဌ သုံးဆယ်ဖြစ်စေရန် အထက်ပါ ဆယ်ပါးကို တပါး တပါးလျှင်။ (၁) ရိုးရိုး ပါရမီ-ကိုယ်ခန္ဓာမှ အပဖြစ်သော အရာ မျှားအတွက် မငဲ့ကွက်မှု၊ (၂) ဥပ ပါရမီ- ကိုယ်အင်္ဂါ အစိတ်အပိုင်း ခြေ,လက်,မျက်စိထိုအတွက် မငဲ့ကွက်မှု၊ (၃) ပရမတ္ထ ပါရမီ-ကိုယ့်အသက် ကိုပင် မငဲ့ကွက်မှု၊ ၎င်း ၃-ပါးနှင့် မြောက်သော် ပေါင်း ပါရမီ-၃၀ ဖြစ်၏။

ပါရာဇိက ၄-ပါး။ ။ရဟန်းတော်များ ၎င်းတို့ဘဝမှ ဆုံးရှုံးမှုကြီး ၄-ပါး။ (၁) ပဌမ ပါရာဇိက-အပြုအမူစရိယ အမူကို ပြုခြင်း၊ (၂) ဒုတိယ ပါရာဇိက-လူဇာတ် ပစ္စည်းကို ငါးကျပ်တန်မှစ၍ ခိုးယူမှု၊ (၃) တတိယ ပါရာဇိက-လူဇာတ် ဖြစ်သူကို သတ်ခြင်း၊ (၄) စတုတ္ထ ပါရာဇိက- ဈာန် မဂ် ဖိုလ် မရဘဲရစ်ဟု လိမ်ပြောမှု။

http://www.dhammadownload.com

ပါရာဇိက ၂၄-ပါး။ တနည်း။ ။အဘာဗ္ဗပုဂ္ဂိုလ် ၁၁-ယောက်၊ ရဟန်းယောကျ်ား ပါရာဇိက ၄-ပါး၊ ရဟန်းမ ပါရာဇိက ၄-ပါး၊ ဖုတ်မှီအောင် ရှည်သော အင်္ဂါဇာတ်ရှိသူ၊ အင်္ဂါဇာတ်ကို စုတ်မှီအောင် ခါးပျော့သောသူ၊ ဘိက္ခုနီမ လူထွက်၊ သူတပါး အင်္ဂါဇာတ်ကို စုတ်သောရဟန်း၊ သူတပါးအင်္ဂါဇာတ်ကို ဖင်ထဲဝင်အောင် ဖိထိုင်သော ရဟန်း။

ပါလိဒ်ကွေး ၄၅။ ။ဂင်း ဝေဟာရ သခ်္ဃာကို မှော်ပညာကျမ်းတို့၌ "ဥုံ ဘုရားဟူက မောက္ကလူ ၂၄၊ တရားဟူက ပါလိဒ်ကွေး ၄၅၊ သံဃာဟူက သံချပ်ဝတ် ၃၇" စသည်ဖြင့် မိမိကိုယ်ကို အကွယ်အကာယူရာ၌ အသုံးချနည်းများအတွက် တွေ့ဘူး၏။

မှတ်ချက်။ ။ဘုရင့်နောင်စသော စစ်သူကြီးတို့ ဆောင်းသည့် ဦးထုပ်ကို မောက္ကလူခေါ်၏၊ ဂင်း မောက္ကလူ သဖွယ် လုံခြုံသော ၂၄-ပစ္စည်းနှင့်ကိုယ်၌ စည်းချသည်ကို "မောက္ကလူ ၂၄" ဟု ဆိုသည်၊ ထိုအတူ ၄၅-ဝါကာလပတ်လုံး ဟောတော်မူသော တရားတော်များနှင့် ပါလိဒ်ကွေး သဖွယ် ကိုယ်၌ ဆင်မြန်း ကာရံသည်ကို "ပါလိဒ်ကွေး ၄၅" ဟု ဆိုသည်၊ ထို့အတူ ဗောဓိပက္ခိယတရား ၃၇-ပါးနှင့် သံချပ်ဝတ်သဖွယ် ကိုယ်၌ ဝတ်ဆင်ထားမှုကိုပင် "သံချပ်ဝတ် ၃၇" ဟု သိလေ။

[၈]

ပိဋ္ဌက ၃-ပုံ။ ။သုတ်သီလက္ခန် ။ဌ။ ၁၇- ၁၉။ ၌ အကျယ်ရှု။ မြတ်စွာဘုရား၏ တရားတော် အမျိုးအမည် သုံးပါး။ (၁) သုတ္တန္တ ပိဋ္ဌက၊ (၂) ဝိနယ ပိဋ္ဌက၊ (၃) အဘိဓမ္မာ ပိဋ္ဌက။

ပိဋ္ဌကဓော်၏ နက်နဲခြင်း ၄-ပါး။ ။ပိဋ္ဌက ၃-ပုံတို့တွင် တပါး ဟပါးသော ပိဋ္ဌက၌ နက်နဲခြင်းအပြား လေးပါး။ (၁) ဓမ္မ ဂမ္ဘီရ-ပါဠိတော်၏ နက်နဲခက်ခဲခြင်း၊ (၂) အတ္ထ ဂမ္ဘီရ- ထိုပါဠိ၏ အနက်အဓိပ္ပါယ်များ နက်နဲခက်ခဲခြင်း၊ (၃) ဒေသနာ ဂမ္ဘီရ-နှလုံးပိုက်၍ သိုက်မြှိုက် ဟောကြားတော်မူအပ်သော ဂစီဘေဒသဒ္ဓါအစရှိ၏ ခက်ခဲနက်နဲခြင်း၊ (၄) ပဋိဝေဓ

http://www.dhammadownload.com

ဂမ္ဘီရ-ထိ ဓမ္မ, အတ္ထ, နှစ်ရပ်ကို အဟုတ်အဟတ် တပ်အပ်သေချာစွာ သိသောဉာဏ်၏ နက်နဲခြင်း။

ပိဋ္ဌကတော်၏ အင်္ဂါ ၉-ပါး။ ။ဂုဏ်းသရုပ်ကို (ဓမ္မကွန်ရှာ၊ မြတ်အင်္ဂါ။ ၉-ဖြာ ဝေဘန်သိ) ဟူသော သုတေသနဒ္ဓ ရှုပါ။

ပိဋ္ဌကတော် သင်ယူနည်းမျိုး ၃-ပါး။ ။ပိဋ္ဌကကော် စာပေ သင်ယူနည်းမျိုး ၃-ပါးဟူ၏။

(၁) အလင်္ဂဒ္ဓူပမာ ပရိယတ္တိ၊ မြွေဖမ်းသူသည် (အဖမ်း မတတ်လျှင်) ထို မြွေကိုက်၍ ပုက္ခရောက်ရသလို ပရိယတ်တရားကိုလည်းသူတပါး တို့ အယူဝါဒကို ပြစ်တင်ရှုပ်ချရန်, ပြိုင်ဆိုင်ကဲ့ရဲ့ရန်, သူတပါးတို့ မိမိအယူဝါဒကို ပြစ်တင်လာသော် ဖယ်ရှောင်ရှား၍ ချေပနိုင်ရန်, ကျော်စော ထင်ရှား၍ လာစေရန်, ဒကာ ဒကာမ လာဘ်လာဘ ပေါများ စေရန်, ရည်ရွယ်လျက် သင်ယူလျှင် စိတ်ထား မကောင်းကြောင့် အပါယ်ငရဲကျ-ဆင်းရဲဒုက္ခရ၍ အလင်္ဂဒ္ဓူ ပမာ-ပရိယတ္တိဟု ခေါ် ဆိုသည်။

(၂) နိဿရဏတ္ထ- ပရိယတ္တိ၊ သီလ- သမာဓိ- ပညာ-ဝိပဿနာတရားမှန်တို့ကို သိရှိတတ်ကျွမ်း၍ မင် ဖိုလ် ရယူနိုင်ရန် ကျင့်ကြံအားထုတ်ရေးအတွက် သင်ယူလျက် မြင့်မြတ်သော စိတ်ထားကြောင့် ဝဋ်ဒုက္ခမှထွက်မြောက်ရာ နိဿရဏတ္ထ- ပရိယတ္တိမျိုးမည်၏။

ဘဏ္ဍာဂါရိက-ပရိယတ္တိ၊ မြတ်စွာဘုရားသခင်၏ ဓမ္မကွန်ရှာအပေါင်း တိမ်းစောင်း ပျောက်ပျက်ခြင်း မရှိရအောင် ထိန်းသိမ်း စောင့်ရှောက်ရန် သင်ကြားမှုမျိုးကို မင်း၏ ဘဏ္ဍာစိုးနှင့် တူသော ကြောင့် ဘဏ္ဍာဂါရိက ပရိယတ္တိမျိုး မည်၏။

မှတ်ချက်။ ။ပုထုဇဉ်တို့သည်လည်း ထိုကဲ့သို့ ထိန်းသိမ်း စောင့်ရှောက်နိုင်ရန် ဆင်းရဲ၊ဝင်ပန်းစွာ သင်ကြားထားကြပေသည်၊ သို့သော် မိမိတို့ ကိုယ်တိုင်က သံသရာဝဋ်ဆင်းရဲမှ မလွတ်ဘေးရှိ၍ ဘဏ္ဍာဂါရိက ပရိယတ္တိမဖြစ်ဘဲ နိဿရဏတ္ထ ပရိယတ္တိဿာဖြစ်လေသည်၊ မှန်၏၊ ပုထုဇဉ်တို့၏ သင်ယူနည်းကား အလင်္ဂဒ္ဓူပမာ ပရိယတ္တိ

http://www.dhammadownload.com

သော်ငင်း၊ နိဿရဏတ္ထ ပရိယတ္တိသော်ငင်း ဖြစ်ရာ၏၊ ဘဏ္ဍာဂါရိက- ပရိယတ္တိကား မဖြစ်နိုင်ဟု မှတ်ရာသည်။

သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့၏ သင်ယူနည်းကား နိဿရဏတ္ထ-ပရိယာတ္တိသင်ယူနည်းသာ ဖြစ်၏၊ ရဟန္တာတို့ 'သင်ယူနည်းသည် ဘဏ္ဍာဂါရိက သင်ယူနည်း အစစ်ဖြစ်၏၊ မင်းဘဏ္ဍာစိုးသည် ရတနာတို့ကို ထိန်းသိမ်း၍ မင်းလိုသောအခါ ထုတ်ပေးရသလို ရဟန္တာအရှင်မြတ်တို့ သည်လည်း သင်ယူထိန်းသိမ်းကြကုန် လျက် ဝေနေယျတို့အား ပေးသင့်သောအခါ ထုတ်ဖေါ်ဟောကြား ပေးသနားတော် မူကြကုန်၏ဟု မှတ်ရာသည်။ ဝိနည်း ။ဌ။ပ။ ၁၉။ ၂၀ ။ဒီ။ဌ။ ပ။ ၂၁။ မ။ဌ။ ဒု- ၁၃။ အဘိ။ဌ။ပ။ ၁၉။ သာရတ္ထ။ပ။ ဂ၁။ ထို့ဌ ကြည့်ပါကုန်။

ပိဋကသခ်ၤ၊ ရေတ္ထက်ရာ၊ ၁၀-ဖြာဂဏန်း အသို့နည်း?။ ။အဖြေကား ဂဏန်းနှင့်တွဲ၍ ဖေါ်ပြထားသော အောက်ပါ အက္ခရာတို့ ဖြစ်ကုန်၏၊ + ခေါ် ကြက်ခြေ ၂-လုံးပြကား သက္ကတကျမ်းလာ ရေဖများဖြစ်၍ မြန်မာအက္ခရာနှင့် မဆိုင်ဟု မှတ်၊ အက္ခရာသခ်ၤာ ယူနည်း ဂါထာ၊

ကာဒိ, ဋ္ဌာဒိ, ယကာရာဒိ၊နဝသခ်ၤာ ပကာသိတာ။
ပ, ကာရာဒိ ပဉ္စသခ်ၤာ၊ သုညာနဝမ ညာ, နှ, သရာ။

၁	၂	၃	၄	၅	၆	၇	၈	၉	၀
က	ခ	ဂ	ဃ	င	စ	ဆ	ဇ	ဈ	ည
ဋ	ဌ	ဍ	ဎ	ဏ	တ	ထ	ဒ	ဓ	န
ပ	ဖ	ဗ	ဘ	မ	...	....	....	....	....
ယ	ရ	လ	ဝ	+	+	သ	ဟ	ဠ	အ

ပိသုဏပါဒကံ၏ အင်္ဂါ ၅-ပါး။ ။ချစ်သူနှစ်ဦး ကွဲအောင် ကုန်းတိုက်ပေးမှု အင်္ဂါ လေးပါး။ (၁) ဘိန္ဒိတမ္မ ပုဂ္ဂလ- အခဲ့ အတိုက် ခံရသူ။ (၂) တပ္ပုရ ဝိယ ဂဗျတာ- မိမိကို ချစ်စေလိုခြင်း၊ ကွဲပြားမှုကို ရှောင်ခြင်း အဖြစ်၊ (၃) ဝါယာမ-လုံ့လပြုခြင်း, ရန်တိုက်ခြင်း၊ (၄) ဇာနန- မိမိရန်တိုက် ပြေးဘို့အပ်သူက မိမိစကားကို သိနားလည်ခြင်း။

http://www.dhammadownload.com

ပိသုဏဝါဒ ကံ၏ မကောင်းကျိုးမျိုး ၇-ပါး။ ။ပိဋ္ဌကတ်တော်တို့မှ ရသလောက် ၅ဝေါင်း၍ ပြလိုက်သည်၊ တကျမ်းတဖွဲ့တည်း၌ စုပုံလျက် မရှိပေ။ (၁) အပါယ်လေးပါးသို့ လားရခြင်း၊ (၂) ချစ်သူတို့နှင့် ကွေကွင်းရခြင်း၊ (၃) မိတ်ဆွေခြွေရံ နှည်းပါးခြင်း၊ (၄) သူတော်ကောင်း တရားဌ သဒ္ဓါပျက်တတ်ခြင်း၊ (၅) သူတပါးတို့ လုံ့လကြောင့် သေရခြင်း၊ (၆) လူမျာ်း၏ အမုန်းကိုခံရခြင်း၊ (၇) စိတ် ညစ်ညူး စိုးရိမ်ရခြင်း။

ပိတိအပြား မျိုး ၅-ပါး။ ။ပဋိသမ္ဘိဒါမဂ် ။ပါ။၄၀။၌။ ပ-အုပ် ၁၆၉။ ကိုယ်စိတ် နှစ်ပါးကို နှစ်သက်ပြည့်ဖြိုး ပွားတိုး ရွှင်လန်းစေတတ်သော သဘော လက္ခဏာ ၅-ပါး။ (၁) ခုဒ္ဓကာ ပိတိ- ကြက်သီး မွေးညှင်း ထမှုံမျှ နှစ်သက် ရွှင်ပျခြင်းမျိုး၊ (၂) ခဏိကာ ပိတိ-လျှပ်စစ်ပြက်သကဲ့သို့ ခဏခြင်းဖြစ်၍ ခဏခြင်းပျက်သော နှစ်သက်ခြင်းမျိုး၊ (၃) ဩက္ကန္တိက ပိတိ- ဒီလှိုင်းကြီးများ အိုဖုံးလွှမ်းမိုးသွားဘိသကဲ့သို့ ကိုယ်လုံး၌ လွှမ်းဖုံး သက်ဆောက်လာသော ပိတိမျိုး၊ (၄) ဥဗ္ဗေဂါ ပိတိ-နှစ်သက်ခြင်းအဟုန် ဖြင့် မိမိကိုယ်ကို အထက်သို့ ကြွတက် လွင့်မြောက် သွားစေနိုင်သော ပိတိမျိုး၊ (၅) ဖရဏာ ပိတိ- တကိုယ်လုံးကို ဖိမ့် ဆိမ့် အိမ့်သွားအောင် တစိမ့်စိမ့်ကြာမြင့်စွာ ပြန့်နှံ့၍တည်နေသော ပိတိမျိုး။

[ပု]

ပုံ ၃၁-လုံးတို့ အမည်များ။ ။သတ္တဝါတို့ နေရာဘုံ ၃၁-ကို အကြောင်းပြုကာ ဆိုင်းဝိုင်း၌ ပုံ ၃၁-လုံးကို ပြုလုပ်စီမံကြောင်းနှင့် မှတ်သားမိဘူး၏၊ ဤ၌လေတူရိယာ၏ သံမှုန် ၂၁-ပေါက်ကို မူလအခြေခံထား၍ ဆိုင်းဝိုင်း၌ ပုံ ၂၁-လုံး သွင်းစီကာ စိုင်းအပြင်၌ ၁၀-လုံးထားလျက် ပေါင်း ၃၁-လုံးဟု မှတ်ရသည်၊ ၎င်းတို့အမည်များမှာ။ (၁)တပေါက်ကဲမှ (၇)၇-ပေါက်ကဲ အထိ ၇-လုံး၊ (၈)တေးလုံး၊ (၉)တေျာလုံး၊(၁၀)ဒူးလုံး၊ (၁၁)ဒုန်းလုံး၊ ၎င်း ၄-လုံးကို ပကတိ ၄-လုံး ခေါ်၏၊ ဤ ၄-လုံးကိုပင် ဗယ်ညာအားဖြင့် (၁၂) ဗယ်တေး၊ (၁၃)ညာတေး၊ (၁၄)ဗယ်တေျာ၊ (၁၅)ညာတေျာ၊ (၁၆) ဗယ်ဒူး၊ (၁၇) ညာဒူး၊ (၁၈) ဗယ်ဒုန်း၊ (၁၉) ညာဒုန်းအားဖြင့် ၈-လုံး ပြထားပြီးနောက် (၂၀) အံထပ် သံမှုန်၊ (၂၁) မြင်းစိုင်း၊ ၎င်း ၂၁-လုံးကို ဆိုင်းဝိုင်း၌ သွင်း၍တီးစဉ်၊ ဝေဘန်ဉာဏ် ကျယ်လာပြန်ကာ

http://www.dhammadownload.com

ဘုံ ၃၁-နှင့် အသံတူပြုပြီး ဖ-လုံးဇတ်,စည်တို့ စခွန်, ပတ်မကြီး,မတ်တော, ဤ ဆယ်လုံးကို ထွင်ပြန်၍ ပေါင်း ပုံ ၃၁-လုံး ဖြစ်လာသည် ဟူ၏။

ပုဂ္ဂဏိက ဒါနမျိုး ၁၄-ပါး။ ။ဒက္ခိဏာဝိဘင်္ဂသုတ် ပါဠိတော်၌ မြတ်ဘုရား ဟောကြားတော်မူသည်။ (၁) ဘုရားသခင်အားပေးလှူခြင်း၊ (၂) ပစ္စေက ဗုဒ္ဓါအား ပေးလှူခြင်း၊ (၁၀) အရိယာပုဂ္ဂိုလ် ရှစ်ယောက်အား ပေးလှူခြင်း၊ (၁၁) သာသနာ့ပကာလ ချာန်, အဘိညာဏ်ရသော ရသေ့တို့အား ပေလှူခြင်း၊ (၁၂) အကျင့်သီလ ရှိသော ပုထုဇန် "လူ, ရှင်, ရဟန်း" တို့အား ပေးလှူခြင်း၊ (၁၃) အကျင့်သီလ မရှိသော လူ (ဒုဿီလ) အား ပေးလှူခြင်း၊ (၁၄) တိရစ္ဆာန်တို့အား ပေးလှူခြင်းမျိုး။

မှတ်ချက်။ ။ရဟန်း ဒုဿီလသည် အလှူခံ- တကျိပ်လေးပါးထည်း၌ မပါဟု အချို့က မှတ်ချက်ချ ပြောဆိုကြ၏။

ပုဂ္ဂိုလ်မျိုး ၃-ပါး။ ။ပုဂ္ဂိုလ် အမျိုးအစား ၃-ပါးဟူ၏။ (၁) သေက္ခပုဂ္ဂိုလ် ၇-ယောက်- မဂ်ပုဂ္ဂိုလ်၄ ၄-ယောက်၊ အောက်ဖိုလ် ပုဂ္ဂိုလ် ၃-ယောက်၊ (၂) အသေက္ခပုဂ္ဂိုလ်-ရဟန္တာပုဂ္ဂိုလ်၊ (၃) နေဝသေက္ခာ နာသေက္ခပုဂ္ဂိုလ်- အရိယာ ၈ ဘ်သုများ။

ပုဂ္ဂိုလ် ၄-မျိုး။ ။တရားဓမ္မနှင့်စပ်၍ ပြောသော ပုဂ္ဂိုလ်မျိုး လေးပါး၊ ပုဂ္ဂလပညတ် ပါဠိ၄ ်မှ။ (၁) ဥဂ္ဃဋိတညူ ပုဂ္ဂိုလ်- အကျဉ်းမျ ဟောသော်လည်း လွယ်ကူစွာသိ၍ ကျတ်သူ၊ (၂) ဝိပဉ္စိတညူ ပုဂ္ဂိုလ်- အကျယ်ခဲ့ထွင်၍ ဟောသည်ကို အကျယ်သိ၍ ကျတ်သူ၊ (၃) နေယျ ပုဂ္ဂိုလ် တရားတော်ကို အရဆောင်၍ ကျင့်သူ ကျတ်ထိုက်သူ၊ (၄) ပဒ ပရမ ပုဂ္ဂိုလ်- ပုဗ္ဗမျကိုသာ သိသူ ထိုးထွင်း၍ မသိသူ သည်ဘဝတွင် တရားထူး မရနိုင်သူ။

ပုဂ္ဂိုလ်မျိုးပြား တကျိပ်နှစ်ပါး။ ။ကမ္ဘာပေါ်ရှိသမျ ကမ္ဘာသူ ကမ္ဘာသား ပုဂ္ဂိုလ်များကို အဘိဓမ္မာနည်းဖြင့် ရေတွက်သော် အောက်ပါ တကျိပ် နှစ်ပါးထက် ပို၍မရချေ။ (၁) ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်ခေါ် အပါယ် သားများ၊ (၂) သုဂတိ အဟိတ်ပုဂ္ဂိုလ်ခေါ် ပဋိသန္ဓေက အ့ထိုင်းကန်း, စောင်း, ဆွံ့လာသူ အောက်တန်းလူများ၊ (၃) ဒ္ဝိဟိတ် ပုဂ္ဂိုလ်ခေါ်

http://www.dhammadownload.com

အလယ်တန်းစား လူနတ်များ၊ (၄) တိဟိတ်ပုဂ္ဂိုလ်ခေါ် အထက်တန်းစား လူ နတ် ဗြဟ္မာများ၊ (၅) သောတာပတ္တိမဂ် ပုဂ္ဂိုလ်၊ (၆) ၎င်း ဖိုလ် ပုဂ္ဂိုလ်၊ (၇) သကဒါဂါမိ မဂ်ပုဂ္ဂိုလ်၊ (၈) ၎င်း ဖိုလ်ပုဂ္ဂိုလ်၊ (၉) အနာဂါမိ မဂ်ပုဂ္ဂိုလ်၊ (၁၀) ၎င်း ဖိုလ် ပုဂ္ဂိုလ်၊ (၁၁) အရဟတ္တမဂ် ပုဂ္ဂိုလ်၊ (၁၂) ၎င်း ဖိုလ် ပုဂ္ဂိုလ်။

ပုဂ္ဂိုလ်မျိုးပြား၊ ၁၂-ပါး၊ ၄-ပါး မသေသူ။ ။မဂ်ပုဂ္ဂိုလ် ၄-ယောက်ကား အဘယ်အခါမှ သေသည် မရှိပေ။

ပုဂ္ဂိုလ်လွန်ကဲကြီး ၄-မျိုး။ ။(၁) သူတော်ကောင်းအခပါင်းတို့တွင် ဘုရား ရှင်သည် လွန်ကဲကြီးမြတ်ဆုံး၊ (၂) ကာမဂုဏ်ခံစားသူတို့တွင် မန္ဓာတု စကြာမင်းကြီးသည် အလွန်ကဲဆုံး၊ (၃) အကြီးအမှူးလုပ်ချင်သူတို့တွင် မာရ်နတ်ကြီးသည် အလွန်ကဲဆုံး၊ (၄) ကိုယ်ခန္ဓာ ကြီးသူတို့တွင် ရာဟု အသူရိန်ကြီးသည် အလွန်ကဲဆုံး။ စတုကဏ္ဍတ္တရ ။ပါ။ ၃၂၄ ။ဋ္ဌ။ ၂၆၁-၌ အကျယ်ရှု။

ပုစ္ဆာ ၅-ပ-ါး၊ မေးပုံများ၊ ခွဲခြဲဒး ဝေဘန်သိ။ ။ဂင်း သရုပ်ကို "အမေး ၅-ထွေ"ဟူသော သုတေသနရပ်၌ ဆိုခဲ့ပြီ။

ပုညကြိယာဝတ္ထု ၁၀-ပါး။ ။ဣတိဝုတ် ။ဋ္ဌ။ ၁၉၃-၌ အကျယ်ရှုပါ။ ကုသလ ကမ္မပထ တရားဆယ်ပါး၊ သုစရိုက် ဆယ်ပါးလည်း ခေါ်သည်။ (၁) ဒါန-သဒ္ဓါကြည်ဖြူ ပေးလှူခြင်း၊ (၂) သီလ-ကာယ ဝစီ, ခုနစ်လီဒုစရိုက် ကိုယ်၌ မယှဉ်, ကောင်းစွာကြဉ်ခြင်း၊ (၃) ဘာဝနာ-သမထ, ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်းပွားများခြင်း၊ (၄) အပ စာယန-သုံးပါး ရတနာ,ဆရာ မိဘ,ဂုဏဝုဒ္ဓိ အစရှိသော သူတို့အား ရှိသေရခြင်း၊ (၅) ဝေယျာဝစ္စ-ကုသိုလ် ဖြစ်ဖွယ် မှုကြီးငယ်ကို သည်ပိုးရွက်ဆောင်ရခြင်း၊ (၆) ပတ်တ်ဒါန-မိမိပြုရ ကုသလကို အမျှပေးဝေရခြင်း၊ (၇) ပတ္တာနုမောဒနာ- သူတပါးပြု မြတ်ကောင်းမှုကို သာဓုနုမော် ကောင်းချီးခေါ်ရခြင်း၊ (၈) ဓမ္မ သဝန-ဘုရားစရှောင်း သူတော်ကောင်းတို့ တရားကို ကြားနာရခြင်း၊ (၉) ဓမ္မ ဒေသနာ-ဘုရားစရှောင်း သူတော်ကောင်းတို့ တရားကို ဟောကြားရခြင်း၊ (၁၀) ဒိဋ္ဌုကမ္မ- အထက်ပါ အမှု ကိုးတန်းသည် ကောန်ချမ်းသာဇာဟု ဖြောင့်မှန်စွာ အယူကို ယူခြင်း။

http://www.dhammadownload.com

ပုဏ္ဏမီနက္ခတ် ၁၃-လုံး။ ။ကြွင်း အင်္ဂကထာလာ ၁၃-ပါး သရုပ်ကို သာရည်၍ ၁၃-လုံးဟု ပြသည်၊ အခြား ရာဇမတ္တဏ်ကျမ်းလာ နက္ခတ်စု စသည်လည်း များစွာ ရှိသေး၏၊ ပြည့်ဖြိုးဝန်းစက်သော လပြည့်နေ့ည၌ လမင်းနှင့်ယှဉ်သော နက္ခတ်ကို ခေါ်သည်။ (၁) စိတြနက္ခတ်- တန်ခူး လပြည့်နေ့ည၌ စန်းနှင့်ယှဉ်သည်၊ (၂) ဝိသာခါနက္ခတ်-ကဆုန်လပြည့်နေ့ည၌ ၎င်း၊ (၃) (၄)ဇေဋ္ဌနက္ခတ်- မူလနက္ခတ် ၂-လုံး-နယုန်လပြည့်နေ့ည၌ ၎င်း၊ (၅) ဥတ္တရာသဠှ နက္ခတ်-ဝါဆိုလပြည့်နေ့ည၌ ၎င်း၊ (၆) သရဝဏ် နက္ခတ်-ဝါခေါင်လပြည့်နေ့ည၌ ၎င်း၊ (၇) ဘဒ္ဒနကနက္ခတ်-ဟော်သလင်း လပြည့်နေ့ည၌ ၎င်း၊ (၈) အဿဝဏီနက္ခတ်- သီတင်းကျွတ်လပြည့်နေ့ည၌ ၎င်း၊ (၉) ကြတ္တိကာနက္ခတ်- တန်ဆောင်မုန်းလပြည့်နေ့ည၌ ၎င်း၊ (၁၀) မိဂသီနက္ခတ်- နတ်တော်လပြည့်နေ့ည၌ ၎င်း၊ (၁၁) ဖုဿနက္ခတ်- ပြာသိုလပြည့်နေ့ည၌ ၎င်း၊ (၁၂) မာဃနက္ခတ်- တပို့တွဲလပြည့်နေ့ည၌ ၎င်း၊ (၁၃) ဖဂ္ဂုနီနက္ခတ်-တပေါင်းလပြည့်နေ့ည၌ စန်းနှင့်ယှဉ်သည်။

ပုဏ္ဏားမျိုး ၄-ပါး ။ဒေါနသုတ် နိပါတ်တော်လာ၊ ၎င်းတို့၏ အနက်အဓိပ္ပါယ်ကို အောက်ပါ "**မဃဒေဝလင်္ကာသစ်**" စကားဖြင့် ထင်ရှားစေအံ့၊ (၂၃ ပိုဒ်)၊ "ထိုမှတသွန်း ကြာမြင့်လွန်၍၊ ကာလန္တရ၊ ယခုကျ အောင်၊ ကာလအ ၊ ဆုက်ခဲ့လာသော်၊ ကမ္ဘာဦးက၊ ဖြစ်သမျှကို၊ အစပိုင်ပိုင်၊ မသိနိုင် ကြောင့်၊ လင်္ကာတခု၊ ကျမ်းစာပြု၍၊ သုတိတပေါ၊ ေ ာနီ ေ ာသား၊ တဏှာအင်္ဂါ၊ ညီညွတ်စွာဟု၊ မင်းမှာ မခ၊ ကမ္မကရာ၊ စေပါ မနှံ၊ အလှူခံ၍၊ ကောင်းကြံ ကောင်းကျင့်၊အသင့် သဘော၊ ဟောပြော ပေဒင်၊ သက်မွေးစင်သား၊ နွယ်ဝင်မြတ်လှ၊ (၃) ဗြာဟ္မဏရိုး၊ ရဲကိုးရဲကား၊ ရဲခွန်အားနှင့်၊ ခစားမင်းထံ၊ မင်းကြံမင်းတု၊ မင်းမှုကိစ္စ၊ ရွက်ဆောင်ကြသား၊ (၂) ခတြရိုး၊ ရောင်းမျိုးဝယ်မှု၊ ယာလယ်စုနှင့်၊ လုပ်ပြုကုန်သည်၊ အတည်တကျ၊ သက်မွေးကြသား၊ (၃) ဗိသျအရိုး၊ နွမ်းညှိုးဝမ်းစာ၊ဆင်းရဲစွာနှင့်၊စေပါခံထ၊ လုပ်ကိုင်ရသား၊ (၄) သုဒ္ဒရိုး၊ လေးမျိုး ပုဏ္ဏား၊ နောက်မှပွား၍၊ ထင်ရှားလူဝယ်၊ ဆင်စလွယ်နှင့်၊ စင်ကြယ်ကျင့်ဝတ် သိကွာတည်း။" (၂၇၁ ပိုဒ်၌) "အာနိသံသာ၊ ထူးကုဏ်ဝါနှင့်၊ သီကွာကျင့်ဝတ်၊ တင်ဆောင်မှတ်သည်၊ မျိုးဇာတ် စင်ကြယ်၊ ဆင်စလွယ်လည်း၊ ကိုးသွယ် ဗြာဟ္မဏ၊ ခြောက် ခတြနှင့်၊

http://www.dhammadownload.com

ဗိသျသုံးမူ၊ သုဒြမူကား၊ မတူ လက္ခဏာ၊ မကင်ရာဟည်”ဟု မိန့်ဆို ထားလေသည်။

ပုဏ္ဏားမျိုး ၉-ပါး။ ။ဒုဋ္ဌဂါမဏိ အဓိပ္ပါယ်ကို ဓမ္မသတ်ကျမ်းမှ ယူသည်။ (၁) မယားမနေ ဥစ္စာမစု တောဘုံနေ၍ အလှူခံစားသော ‘ပြဟ္မစာရီ’ ပုဏ္ဏားမျိုး၊ (၂) အိမ်ထောင် မယားသားနေ၍ သူ့အလှူကို ခံစားသော ‘ပြဟ္မဏ’ ပုဏ္ဏားမျိုး၊ (၃) ပြဟ္မဏ ပုဏ္ဏားမျိုးမှ မင်းကေရာဇ် ဖြစ်လာသော ‘ခတ္တိယ’ ပုဏ္ဏားမျိုး၊ (၄) ကုန်သွယ်၍ သားမယားတို့ကို ကျွေးမွေးလျက် အလှူလည်းခံသော ‘ဒယ’ ပုဏ္ဏားမျိုး၊ (၅) သားမယား နှင့် နေ၍ အလှူမခံ လယ်လုပ်စားသော ‘ဗိသျ’ ပုဏ္ဏားမျိုး၊ (၆) ဗိသျမျိုးတွင် အမျိုးကို အစဉ် စောင့်သော ‘ရက္ခိတ’ ပုဏ္ဏားမျိုး၊ (၇) ကြမ်းကြုတ်သော အလေ့ရှိသည့် ‘ဘာရဒွါဇ’ ပုဏ္ဏားမျိုး၊ (၈) ဘာရဒွါဇမျိုးမှ အကျင့်ပျက်၍ ယုတ်မာသောကြောင့် အမျိုးကောင်းတို့က နှင်ထုတ်ထားသော ‘စဏ္ဍာလ’ ပုဏ္ဏားမျိုး၊ (၉) ပုဏ္ဏားမျိုးဇာတ်မှ ထွက်၍ သား မယားကို စွန့်ခွါလျက် ကျင့်သော ‘တပသ’ ပုဏ္ဏားမျိုး။

ပုထုဇဉ် ၂-မျိုး။ ။နိဒါန်း၀ဂ္ဂ သံယုတ်။ဠ။၉၀-ဠ၌ အကျယ်ရှု။ အကန်းနှင့် အကောင်း ခြားနားမှု။ (၁) ကလျာဏပုထုဇန်- ခန္ဓာ, အာယတန, ဓာတ်, သစ္စာ ကိုကို သိ၍ ကောင်းသော ပုထုဇန် တမျိုး၊ (၂) အန္ဓပုထုဇန်- ခန္ဓာ, အာယတန, ဓာတ်, သစ္စာတို့ကိုမသိမူ၍ အကန်းနှင့်တူသော ပုထုဇန်ဟု ၂-မျိုးမှတ်ရသည်။

ပုထုဇန် ၄-ယောက်။ ။အရိယာမှ သီးခြားဖြစ်သူ, ကိလေသာကို များစွာ ဖြစ်စေတတ်သူ ၄-ယောက် ဟူလို။ (၁) ဒုဂ္ဂတိအဟိတ် ပုထုဇန်-အပါယ် ၄-ဘုံသားများ၊ (၂) သုဂတိအဟိတ် ပုထုဇန်- လူ့ဘုံ၌ ကနှုံး, ဆွေနှဲ့, ငအော့, ထိုင်းများ၊ (၃) ဒွိဟိတ် ပုထုဇန်-ကာမသုဂတိ ၇-ဘုံသားများ၊ (၄) တိဟိတ် ပုထုဇန်- အထက်တန်းစား လူ, နတ်, ပြဟ္မာများ။

ပုထုဇန် ဓေါဟာရမျိုး ၄-ပါး ။သံဂီတိသုတ်၌ လာရှိသည်ကား ဝစီဒုစရိုက် ၄-ပါးကို အဖန်ဖန် ပြောကြား သုံးနှုန်းခြင်းပင် ဖြစ်၏။

ပုဒ် ၃-၆ ။း။ ။စာဇရေးရာ၌ အနက်အဓိပ္ပါယ်ကို သိခြင်း၏ အကြောင်း ဖြစ်သော ပုဒ်များ။ (၁) ဧကက္ခရပုဒ်- အက္ခရာ တလုံးတည်းဖြင့် တပုဒ်

http://www.dhammadownload.com

ဖြစ်သော သဒ္ဒါ။ ပုံ-လူ, နတ်, ခွေး, ဝက်, ကြွက် စသည်၊ (၂) အနေက-ကွဓပုဒ်- အကွရာလုံး များစွာပေါင်းမှ တပုဒ်ဖြစ်သော သဒ္ဒါ။ ပုံ-ပြဟ္မာ, ကရင်နီ, ပစ္စေကဗုဒ္ဓါ စသည်၊ (၃) အနေက ပဒ ပုဒ်- ပုဒ်ပေါင်းများ စွာကို တပုဒ်တည်းသာ ယူသော သဒ္ဒါမျိုး။ပုံ-စားစား သောက်သောက်, ပြောပြောဆိုဆို, စသည်၊ ထို့ပြင်လည်း ပုဒ်အမျိုး အစား များစွာ ရှိသေး၏။

ပုဗ္ဗပယောဂါ၊ ခိုးနည်းမှာ၊ ၅-ဖြာ အဘယ်နည်း? ။ ။ဂုဏ်း သရုပ်ကို (ခိုးခြင်း ၂၅-ပါး)၌ ရှုပါကုန်။

ပုရောဟိတ်ခေါ်၊ ပညာကျော်၊ ၃-ဘော်အင်္ဂါသိ။ ။ကျက်မှတ်ရ လွယ်စေ ရန် စာဏကျပျို့ လာအတိုင်း ထုတ်ပြလိုက်သည်။ (၁) အရုံခြောက်အင်၊ ကျမ်းဗေဒင်ကို၊ ကျွမ်းကျင် လွန်တတ်၊ (၂) မန္တန်ရွတ်နှင့်၊ ဓာတ်မြတ် တရား၊ စိတ်ဝင်စားလျက် (၃) အများသတ္တဝါ၊ အေးမေတ္တာဖြင့်၊ချမ်းသာ စေကြောင်း၊ နှလုံးကောင်းနှင့်၊ ဆုတောင်း မင်္ဂလာ၊ ပြုခြင်းသာဟု၊အင်္ဂါ သုံးသွယ်၊ စုံပြည့်ကြွယ်မှ၊ လူဝယ်ပဏ္ဍိတ်၊ ပုရောဟိတ်ဟု၊ ဘိသိက်ဆရာ၊ မည်ပေးရာသည်၊ ကောင်းစွာ မှတ်ကြ အမြဲတည်း။

ပုလဲ မျိုး ၈-ပါး။ ။ကျွဲ၌ ပိုမိုထင်ရှားစေရန် သာရတ္ထသင်္ဂဟ, တေရသကဏ္ဍိကာဋ္ဌီလာတိုင်း ပါဠိအနက်တွဲ၍ ပြလိုက်သည်။ (၁) ဟတ္ထိကုမ္ဘ-ဆင်ဦးကင်း၌ ဖြစ်သော ပုလဲ၊ ရွှေရောင်အဆင်း၊ (၂) ဝရာဟဒါဋ္ဌ-ဝက်စွယ်၌ ဖြစ်သော ပုလဲ၊ ဝက်စွယ်အဆင်း၊ (၃) ဘူဇင်္ဂ သီသ-မြွေဦးခေါင်း၌ ဖြစ်သော ပုလဲ၊ စိမ်းညိုတောက်ပသည်၊ (၄) ဝလာဟက်-တိမ်ဘုံက်၌ ဖြစ်သော ပုလဲ၊ နတ်သုံး ရတနာမျိုး၊ အလှန်လင်း၏၊ (၅) သခေါ်- ခရုသင်း၌ ဖြစ်သော ပုလဲ၊ ၎င်း အဆင်းရောင်ရှိ၏၊ (၆) သိပ္ပိ-ယောက်သွား၌ဖြစ်သော ပုလဲ, အဆင်းရောင် အထူးထူးရှိ၏၊ (၇) ဝေဠု-ဝါး၌ဖြစ်သော ပုလဲ, သပျစ်သီးစိမ်းရောင် အဆင်းရှိ၏၊ (၈) မစ္ဆ သိရော-ငါးဦးခေါင်း၌ ဖြစ်သော ပုလဲ, ငါးဖယ်ကျောက်ကုန်း အဆင်းရှိ၏၊ ဤတိ-ဤသို့ဆိုတိုင်း၊ မုတ္တ ယောနိယော- ပုလဲမျိုးတို့သည်၊ အင္ဂ-ရှစ်မျိုး ရှိကုန်၏။

http://www.dhammadownload.com

ပုသိမ် ၃ ၂-မြို့။ ။ရွှေတိုက်တော် စာရင်း ပုရပိုက်မှ၊ ယခု အမည်ကို နောက် ဆက်ကော်မာနှင့် ပြထား၏။ ကျိုက်စတည်မြို့ ပင့်ကြီး ၊ ကျိုက်သရဲမြို့ 'မော်တင်' ၊ ကျိုက်ခရံမြို့ 'ဘုရားလှ, ကျုံထူး' ၊ ကျိုက်ထူပါရဲ့ ကမ်းဖြူမြို့ 'မြစ်တရော' ၊ကျိုက်ဇလဘမော်မြို့၊ ကျိုက်ပဒေါမြို့ 'ပန်းမဝတီ' ၊ကျိုက်အမွန်မြို့ 'ဆိပ်ကြီး' ၊ ကျိုက်ဝှန်မြို့ 'ကျုံတုံးကံကြီး' ၊ကျိုက်ဇလဲထော်မြို့ 'မြေ့ငံးမြ မြို့ဟောင်း' ၊ ကျိုက်မိုမြို့ 'သစ်ရောင်းချောင်း' ၊ (၁၀) ကျိုက်ခေါမြို့ 'တကောင်း' ၊ ကျိုက်ပိုမြို့ 'ကျုံတရော်, ကျုံပျော်' ၊ ကျိုက်မော်ခေ ထလျော်မြို့ 'ယောင်လုံ' ၊ကျိုက်သထောမြို့ 'ရေကြည်ပန်းတော' ၊ကျိုက်ပတီ သာရဝေါမြို့ 'မြို့ကွင်း' ၊ ဘုရားကြီးသံသေတန်ဇွန်မြို့ 'ဒမ္မိ' ၊ ကျိုက်တုံလုံတော မြို့ 'မြန်အောင်' ၊ ကျိုက်ပြိုတောင်မြို့ 'အင်ပူ, အုတ်ဖို' ၊ ကျိုက်ငူသုနန္ဒမြို့ 'မန်းကြာ' ၊ ကျိုက်တောင်တော်မြို့ 'ပန်းတောကြီး' ၊ (၂၀) ကျိုက်မင်း ပတောမြို့ 'ကျောက်ချောင်းကလေး' ၊ ကျိုက်အဝုန် ကျုံတုံးမြို့ 'ဘိုးတော် ဘုရားကြီး' ၊ ကျိုက်ခရံဂဟေါမြို့ 'ခေနံ' ၊ ကျိုက်သတောမြို့ 'ဘုရားကုန်း' ၊ ကျိုက်ခတော်တုံမြို့ 'ထန်းဖူး' ၊ ကျိုက်ခရံထော်, ကျိုက်ဖြူမြို့ 'သိမ်ချောင်း, သာပေါင်း' ၊ ကျိုက်နံကလံ တနဂဝေါရိမြို့ 'ကျောက်ချောင်းကြီး' ၊ ကျိုက်တည်မုဒ္ဒေါသမြင်တုံးမြို့ 'ပန်းတနော်' ၊ ကျိုက်သဃ္ဃန်မွန် 'ငဒေါင်းဖြူ မြို့ ဓနုဖြူမြို့' ၊ ကျိုက်အနန္ဒပူရမြို့ 'ဟသံတ' ၊ (၃၀) ဟသံတမြို့၊ ပုသိန်မြို့မ (၃၂)။

မှတ်ချက်။ ။အခြို့ စာမူတို့၌ ဟသံတမြို့ မပါ၊ ၃၁-မြို့သာ ရှိ၏။

[ပူ]

ပူဇော်ခြင်းများ၊ မျိုး ၂-ပါး၊ ခြားနား ဝေဘန်သိ။ ။ရှေ့သော်စာ ကျင့်ကြံ လုပ်ကျွေး ပေးကမ်းခြင်း ၂-မျိုး၊ ပရိနိဗ္ဗာနသုတ် အဋ္ဌကထာ။ (၁) အာမိသ ပူဇော-ပစ္စည်းဝတ္ထုဖြင့် လုပ်ကျွေးပေးကမ်းခြင်း၊ (၂) ခမ္မ ပူဇော-တရားတော်မြတ်ကို ကိုယ်တိုင်လိုက်နာ ကျင့်ကြံအား ထုတ်ခြင်း။

ပူဇော်ခံထိုက်သူ ၁၁-ယောက်။ ။အပူဇော်ခံထိုက်သူမျိုး ၁၁-ပါး၊ သုတ္တ နိပါတ် အဋ္ဌကထာမှ။ (၁) သမ္မာ သမ္မုဒ္ဓ-သဗ္ဗညုဘုရားသခင်၊ (၂) ပစ္စေ ဗုဒ္ဓါ-ဘုရားငယ် တမျိုး၊ (၃) အရိယာသာဝက- အရိယာပုဂ္ဂိုလ်တို့နှင့်

http://www.dhammadownload.com

တက္ခ ၎င်းတို့၏တပည့် သရဏင်္ကုဏ်, သီလရှိသူ လူ, ဂုဟန်း စသည်း (၄) မာတာ-မွေးသမိခင်၊ (၅) ပိတာ-မွေးသဖခင်၊ (၆) ဘာတု အစ်ကိုကြီး၊ (၇) ဘဂိနိ-အစ်မကြီး၊ (၈) သသုရ-ယောကျွမ ယောကျ်ား သူ၊ (၉) သဿု- ယောဇ္ဈမ မိန်းမသူ၊ (၁၀) သာမိ ဘာကာ လင်၏ အစ်ကို၊ (၁၁) သာမိ ဘဂိနီ-လင်၏ အစ်မ။

မှတ်ချက်။ ။အချို့ဆရာတို့ကမူ 'ခင်ပွန်းကြီး ၁၀-ပါး'ကိုလည်း ပူဇော် ခံထိုက်သူများဟု ယူကြကုန်၏။ သင့်သည်ချည်းမှတ်။

[၈၀]

ပေမတရားမျိုး ၂-ပါး။ ။ချစ်ခြင်းသဘောတရား ၂-ပါး။ (၁)တဏှာပေမ-တထောင့်ငါးရာ ကိလေသာကို ရွှေထား၍ ကိလေသာချစ် ချစ်ခြင်း၊ ညစ်ညမ်းသော အချစ်သဘောတရားမျိုး၊ (၂) ဂေဟသိတပေမ- ၅၂၀ သုယ် မေတ္တာကို အဦးထား၍ မေတ္တာချစ် ချစ်ခြင်းမျိုး။ မိမိအိမ်သား သမီးသားနှင့် မိဘဆွေမျိုးများကိုချစ်သော အချစ်သဘောတရားမျိုး။

ပေမတရားမျိုး ၃-ပါး။ ။ချစ်ခြင်းဆိုတဲ့. အချစ်သဘောကို ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်။ ပ-တဲ့။ ပ-ပိုင်းအုပ်။ ဌေဒ်- မျက်နှာ၌ ရှုလေ။ (၁)တဏှာ ပေမ၊ ဖို-မတို့ ချစ်ကြိုက်ခြင်းသဘာဝကို ဆိုသည်၊ (၂)ဂေဟသိတ ပေမ၊ မိဘနှင့်-သားသမီး၊ ညီ-ကို မောင်နှမတို့ အချင်းချင်း ချစ်ခင်ကြခြင်းမျိုး ကို ခေါ်ဆိုသည်၊ ဤ ၁-နှင့် ၂-တို့ကား တရားကိုယ်အားဖြင့် လောဘ တဏှာသာ ရသည်ဟူ၏၊ (၃) မေတ္တာ ပေမ၊သူတပါးတို့၏ ချမ်းသာမှု သုခကို လိုလားစွာ ကိုယ်-နှုတ်-စိတ်တို့ဖြင့် ချမ်းသာသူ ဆင်းရဲသူ မရွေးပဲ ချမ်းသာစေမှု ပြုလုပ်ပေးခြင်းမျိုးကို မေတ္တာစစ်ဟု ခေါ်ဆိုလည်၊ မေတ္တာ ပေမ ဟူ၏။ အဒေါသ- ကုသိုလ်စေတသိက်။

ပေယျာလပြား၊ မျိုး ၄-ပါး၊ ကျမ်းအား မည်သို့ ထိုးသနည်း? ။ သဒ္ဒသာရတ္ထ ဇာလိနီခေါ် သဒ္ဒါငယ်ကျမ်း၌ကား ပေယျာလမျိုး ၄-ပါး လာရှိ၏၊ သို့သော် ထိုးနှံ့ပုံနည်း မသေချာ ဖြစ်နေသည်၊ ကျွန်ုပ်တို့ ကား အောက်ပါ ပေါဏ္ဍိက ဂါထာလာ ထိုးနှံ့ပုံနည်းကို ၄ ပုံး ပြု၏၊ ပေယျာလ၏ အဓိပ္ပါယ်ကား ပြဆိုပြီးသား သဒ္ဒါအနက်တို့ကို

http://www.dhammadownload.com

စောင့်ခြင်းငှါ [illegible] ခြင်းငှါ စွမ်းနိုင်လေသော အမှုသံလေးကွာ များ ဟူ၏။

"ပါတုံ အလံ ပေယျာလံ ပိဋ္ဌာရေတုံ အလံ ထဝါ။
အာဒိမဇ္ဈန္တ သမ္ပတ္တာ၊ ပ,ယ,လ,ကမ ပေယျာလံ။"

ဤဂါထာအရ သိုထိုကဲ့မ်ိုးဂန် တို့၌ ကျမ်းပြုအရှင် ပညာသျှင်တို့သည် စ,လယ်,ဆုံး, အား,ပုံး, ၄-မျိုးခွဲ၍ ထိုးနှုံးကြကုန်၏၊ ဤ၌ အများသိ လွယ်ကူစေရန် မဇ္ဈာတောင်ခြေ ရတု ၃-ပိုဒ်ကို ပုံစံထုတ်၍ ပြဆိုသွားအံ့။ (၁) အာဒိပေယျာလမျိုး- ပ,ထိုးနှုံးကြ၏၊ ပုံ-(ပ) ရှေ့ပြည်ဌာန ဝေးသော ကြောင့်။ အစမှနေ၍ ဖေါ်လေ့ဟူ၏၊ (၂) မဇ္ဈေ ပေယျာလမျိုး- ယ, ထိုးနှုံးကြ၏၊ ပုံ- မဇ္ဈာတောင်ခြေ (ယ) ရှေ့ပြည်ဌာန ဝေးသော ကြောင့်။ အလယ်စာသားများကိုဖေါ်လေ့ဟူ၏၊ (၃) အန္တ ပေယျာလ မျိုး-လ, ထိုးနှုံးကြ၏၊ ပုံ- မဇ္ဈာတောင်ခြေ(လ) အဆုံးတိုင်အောင် ဆက်၍ ဖေါ်လေ့ဟူ၏၊ (၄) သမ္ပတ္တကအပေယျာလမျိုး- ပေ,သို့မဟုတ် 'ပေယျာလ' ဟု ထိုးနှုံးကြ၏၊ ပုံ- လက်ဝဲသုန္ဒရအမတ်ကြီးသည် မဇ္ဈာတောင်ခြေမှနေ၍ ဝမ်းနည်းကြည်ကွဲဘွယ် ဖြစ်သော ဤရတု ၃-ပိုဒ်ကို ဆက်သလိုက်ရာ စာတော်မတ်များက (ပေ) ဤသို့ ဖတ်ဆိုပြီးသည်နှင့် အမတ်ကြီးမှာ ပြန်ခေါ်ရန် အမိန့်တော်မြတ် မုတ်လေသတည်း၊ ဤနေရာ၌ ရတု ၃-ပိုဒ် လုံးကို ဖေါ်ဆိုရမည် ဟူ၏။

မှတ်ချက်။ ။သဒ္ဒ သာရတ္ထ ဇာလိနီ ဆရာ့အလို မဇ္ဈေ ပေယျာလကို 'ယ' သို့မဟုတ် 'လ' ထိုးရန် ညွှန်ကြားထားသေး၏။

[၆]

ပဲ့နင်းအရာ၊ အင် ၉-ဖြာ၊ လိမ္မာ ကျမ်းကျင်သီ။ ။ပဲ့နင်းဟူသည် ပေါ်ရောက စကားဖြစ်၍ လှေသူကြီး, သင်္ဘောမာလိန်,ကို ခေါ်ဆိုသည်၊ ပင်းသရမ်းကို (လှေသူကြီး အင်္ဂါ ၉-ပါး)၌ ဆိုအံ့။

[၈၀၂]

၈၀ါက်မျိုး ၄-ပါး။ ။ပြည်ထဲအရေး၊ ပေါက်နှင့်ကျေးသို့၊ မင်းရေးသဖွယ်၊ တိမ်ထောင်နှယ်၊ တကယ်အသိခက်၊ ပေါက်မျိုး ၄-ပါးကို နေမိဘုံခန်း

http://www.dhammadownload.com

စာပိုဒ်ရေ ၂၀-၌ ရှာဖွေကြည့်ရှုပါလေ၊ (စာဖတ်ပျင်းက လူဖျင်း, လူအ, ဖြစ်တတ်သည်။)

ပေါကြီး ၃-ပါး။ ။ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီး ဒါမြဲ ဟောကြားလေ့ရှိသော ကိုယ်ရေးကိုယ်တာ တရားတော်ဖြစ်သည်၊ "ဥစ္စာ ပေါမူ၊ ကုသိုလ်ပေါရာ၊ ပညာပေါများ၊ ပေါသုံးပါး၊ မနားမနေ၊ ကြိုးစားလေ" ဟူ၏။

[ဗိုး]

ပိုးမျိုး ၈၀။ ။ပိဋကတ်တော်တို့တွင် ဝိဆုဒ္ဓိမဂ်။ ပ-အုပ်။ ၁၇၉။ ၂၂၇။ ၂၅၀။ အဘိဓမ္မာ'ဝိဘင်း အဋ္ဌကထာ ၃၁-တို့၌ ရှုပါ။ စွယ်စုံကျော်ထင် အဖြေကျမ်းတွင် ခန္ဓာကိုယ်၌ ပိုးမျိုးရှစ်ဆယ်တို့ နေကြပုံနှင့် အမည်များကို ကျွှသိုဆိုသည်၊ ကျွှ်၌ ဥပလက္ခဏနည်းမျသာ ပြသည်၊ တမျိုးတမျိုး၌ မျိုးကွဲအဆယ်အပွား များစွာ ရှိသေးကြောင်းကိုလည်း သိရ၏။ စ လ, ပိဂ်လ, ကျွှ်ပိုး ၂-မျိုးကား ဆံရင်းဦးရေကို မှီနေစားသောက်၏၊ ဥတ္တမ, အန္တေဝဥတ္တမ, ကျွှ်ပိုး ၂-မျိုးကား ဦးနှောက်၌ငင်း၊ နှာရှမုခ, ဒန္တမုခ, မံသတာ, ကျွှ်ပိုး ၃-မျိုးကား မျက်စိ, နား, နှာခေါင်းတို့၌ငင်း၊ ကာမုခ, အပ္ပတိဘယ, အပေါလ, ကျွှ်ပိုး ၃-မျိုးကား လျှာ၌ငင်း၊ စာရန္တ, စာရဏ, ပန္နက, ကျွှ်ပိုး ၃-မျိုးကား သွားရင်း၌ငင်း၊ လေဟ, ဆဝ,ဆဝဋ္ဌ, ကျွှ်ပိုး ၃-မျိုးကား ခြေသည်း လက်သည်း, အရေလွှာ,အကြောတို့၌ငင်း၊ တုလန, ရတ္တ, လောဟိတ, ကျွှ်ပိုး ၃-မျိုးတို့ကား အသံးစိုင် အကြောစိုင်တို့၌ငင်း၊ ဝေရမ္ဘ, မဟာဝေရမ္ဘ, ကျွှ်ပိုး ၂-မျိုးကား လည်ချောင်း၌ငင်း၊ တုလန, ရတ္တာ, လောဟိတာ, ကျွှ်ပိုး ၃-မျိုးကား ရိုးတွင်းခြင်ဆီ၌ငင်း၊ ဝတာ, ဝဂ္ဂုဝတာ, ကျွှ်ပိုး ၂-မျိုးကား အညှို့၌ငင်း၊ ဒန္တ, မဟာဒန္တ, ရောဟိတ, မဟာရောဟိတ, ကျွှ်ပိုး ၄-မျိုးကား ဟဒယဝတ္ထုခေါ် နှလုံးသား၌ငင်း၊ ဝရဏ,တရဏ,သီဝလ,မဟာသီဝလ, ကျွှ်ပိုး ၄-မျိုးကား အသည်း၌ငင်း၊ အင်္ဂါဝ်ခ,အဒင္ဆသဒ္ဒ, အင်္ဂါသီဝလ, အင်္ဂါသဂ်ါ,မုဋ္ဌ, မုဋ္ဌသီဝရ, ကျွှ်ပိုး ၆-မျိုးကား အဖျဉ်း သရက်ရွက်၌ငင်း၊ သေတ,လောဟိတ,ကာလ,ကာလသီရ,စူကာ, မဟာစူကာ,ကျွှ်ပိုး ၆-မျိုးကား ကုလားအုပ် ,ဆောင်ထပ်ခေါ် အဆုတ်၌ငင်း၊စူရန္တ, မဟာစူရန္တ, သိပ္ပ, မဟာသိပ္ပ, အန္တဂ္ဂရ, ပက္ကာဝရ, ကျွှ်ပိုး

http://www.dhammadownload.com

၆-မျိုးကား ဒုတ္ထင်းဌင်၎င်း၊ လဗ္ဘ၀၊ မဟာလဗ္ဘ၀၊ ဩဇ၀၊ သိဋ္ဌ၀၊ ဤပိုး ၄-မျိုးကား အစာသစ်၊ အစာဟောင်း အိမ်တိုဌင်၎င်း၊ နိလ၊ ပိတ၊ ဥဒ္ဒါ၊ ဒါန၀ါ၊ အသမုခ၊ ၀ဟန၊ ဗဟိဒ္ဓ၊ ဟန၀၊ မုဋ္ဌိခါဒ၊ ဝိသာလ ဟလမုခီ၊ ဤပိုး ၁၀-မျိုးကား သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်တို့ဌင်၎င်း၊ အတိမုခ၊ ဇာလာမုခ၊ ဤပိုး ၂-မျိုးကား နှလုံးသွေးဌ်၎င်း၊ ကရ၊ ကရန္ဒ၊ ကရဏီယ၊ ကံဟက၊ ဟက္ကက၊ ဤပိုး ၅-မျိုးကား ကိုယ်၏ အရွေ့ပိုင်းဌ်၎င်း၊ လောဟမုခ၊ မဟာလောဟမုခ၊ အာလာလောဟမုခ၊ မဟာအာလာလောဟမုခ၊ နာဂ၊ ဤပိုး ၅-မျိုးကား ကိုယ်၏ အနောက်ပိုင်းဌ်၎င်း၊ စဏ္ဍ၊ စဏ္ဍသီရ၊ ဝေဇိဏ္ဍ၊ ဇိဏ္ဍသီ၀ရ၊ ပုထုလ၊ ဤပိုး ၅-မျိုးတို့ကား အောက်ပိုင်း ကိုယ်ဌ်၎င်း မှီတင်း စားသောက်လျက် ရှိကြကုန်၏။

[ပျ]

ပျင်းရိသူများ၊ ပြစ် ၆-ပါး၊ ခံစား ဆင်းရဲစွာ။ ။၎င်း သရုပ်ကား (အပျင်း ထူသူတို့ ဆင်ခြေ ၆-ပါး) နှင့် တူ၏။

ပျားမျိုး ၆-ပါး၊ ဆေးကျမ်းများ၊ ခွဲခြား ကျိုးပြစ်ပြ။ ။(၁) ပျားကြီးမျိုး-ကြောင်ကျားသော အဆင်းရှိသည့် တော ယင်ကောင်ကြီးနှင့် တူသော ပျားကောင်ကြီးမျိုး၊ ဘာ၀ပွကာသ ကျမ်းဌ် 'မက္ခိက' မည်၏ဟု ဆိုသည်၊ သုဿုတကျမ်း၊ ရာဇ ၀လ္လဘကျမ်း၊ ရာဇနိဃဏ္ဍု ကျမ်းတို့ဌ်ကား ဤပျားကြီးမျိုးသည် 'ပုတ္တိက' မည်သည်ဟု ဆိုကုန်၏။ပါဠိဌ် အဘိဓာန်ဌ် ဣန္ဒန္ဒိရ ဟု ဆိုလေသည်၊ အရုည် နှမ်းဆီ အဆင်းရှိ၏၊ (၂)ပျားလတ်မျိုး-ယင်းပျား ဟူ၍လည်း ခေါ်ဆိုသည်၊ ထိုပျားမျိုးကား နေရာတကာ တွေ့မြင်နိုင်လေသည်၊ ရာဇ၀လ္လဘ ကျမ်းဌ်ကား ၎င်းကို 'မက္ခိက'မည်၏ဟု ဆိုသည်၊ ၎င်းအရည်ကား ဆီအဆင်းနှင့်တူ၏၊ (၃) ပျားငယ်- ယင်းပျားငယ် ဟူ၍ လည်း ခေါ်ဆိုသည်၊ ၎င်းအရည်ကား ညိုပြာပြာရှိ၍ ပျားကြီးရည် ထက် ပျစ်၏၊ ခုဒ္ဒ၊ ခုဒ္ဒ၀ဏ္ဏ၊ မဓုခုဒ္ဒ၊ (၄) သစ်ခေါင်းပျား- သစ်ခေါင်း အတွင်းဌ် အိမ်ဖွဲ့၍နေသော ပျားတမျိုး၊ ထိုပျားရည်သည် အချို့၊ အချဉ်၊ အခါးဟူ၍ သုံးပါးရှိသည်တွင် အချို့ရည်သည် ထောပတ်နှင့် အဆင်း သဏ္ဌာန် အပျစ်အခဲ အလုံးစုံတူ၍ ၎င်းကို 'ပုတ္တိက' ခေါ်သည်ဟု

http://www.dhammadownload.com

ဘာဝပုဂ္ဂိုလ သမ္ပန်၌ ဆိုလေသည်၊ ရာဇပလ္လင်တော် စသော ကျမ်းတို့မှာကား သစ်မဲ့ငါးပျားကို 'ဒါလ' ဟု ဆိုကုန်၏၊ ပါဠိအဘိဓာန် ကျမ်း၌ကား 'ဩဒ္ဒါလက' ဟု ဆို၏၊ သို့သော် ဩဒ္ဒါလက သဒ္ဒါကား မြေပျားဟောသာ ဖြစ်လေသည်၊ (၅) မြေပျား- ညိုဝါသော အဆင်းရှိသည့် အလွန် သေးငယ်သော ပျားကလေးတမျိုး၊ ၎င်းတို့သည် အများအားဖြင့် တောင်ပို့ ခေါင်း၏ အလယ်၌ ပျားအုံပြု၍ နေတတ်ကြလေသည်၊ ၎င်းတို့ကို 'ဥဒ္ဒါလက=ဩဒ္ဒါလက' ပျားမျိုးဟု ဆေးကျမ်းတို့၌ ဆိုကုန်၏၊ ၎င်းအရည်သည် ညိုဝါဝါ အဆင်းရှိ၏၊ ချို၏၊ အာရုံကြောကို ထကြွစေတတ်၏၊ နူနာ အဆိပ်တို့ကို နှိုင်၏၊ (၆) ပျားပိတုန်း- ပိတုန်းနှင့်တူ၍ ပိတုန်းအောက် ငယ်သည့် ပျားကောင် တမျိုးကို 'ဘမရ' ခေါ်သည်၊ ၎င်းတို့၏ အရည်ကား ဖလံတုံးကဲ့သို့ ဖြူစင်သန့်ရှင်း၍ ထောပတ်ကဲ့သို့ ပျစ်ခဲစွာရှိ၏၊ ၎င်းကိုပင် 'တရုတ်ပျား' 'ပန်းသင်းပျား' ဟူ၍လည်း ခေါ်ကြသေး၏။

ပျူ ဒ၂-ပြည်ထောင်။ ။ပျူသမိုင်း မှတ်တမ်းများအဆို။ (၁) အေလိုပျူ၊ ၎င်းတို့ မြို့တော်များမှာ တကောင်း၊ ငဆောင်ချမ်း၊ (၂) ဟန်လင်းပျူ၊ ဟန်လင်းမြို့တော်၊ (၃) ကချင်ပျူ၊ ငမန်လာ- မိုးကောင်း မြို့တော်၊ (၄) ချင်းပျူ၊ ဖလမ်း, တီးတိန်မြို့တော်၊ (၅) အစီရီပျူ၊ ဓညဝတီမြို့တော်၊ (၆) မြန်မာပျူ၊ တောင်တွင်းကေး၊ ကျောက်ပန်းတောင်း၊ ယုန်လွတ်၊ သိရီပစ္စယာ၊ ပုဂံ၊ တမ္ဗဝတီမြို့တော်များ၊ (၇) ကံဖိုးစပျူ၊ မိုးယံနဲမြို့တော်၊ (၈) ကိုင်းရယ်ပျူ၊ ကိုင်းရယ်- ကိုင်းတုံ မြို့တော်များ၊ (၉) ကလောက်ကေးပျူ၊ ကလောက်ကေး- သထုံမြို့တော်များ၊ (၁၀) တိမ်မယ်ပျူ၊ တိန်မယ်၊ ပဲခူးမြို့တော်များ (၁၁) မော်ဇာပျူ၊ မော်ဇာမြို့တော်၊ (၁၂) တနသံဃာပျူ၊ ထားဝယ်မြို့တော်။

[မြ]

ပြင်ရန် ၅-ချက်၊ အလွန်ခက်၊ နောင်တွက် ပူပန်စရာ။ ။၎င်း သရုပ်ကို (နောင်ပြင်ရန်ခက်၊ မျိုး ၅-ချက်) ၌ ဆိုခဲ့ပြီ။

ပြည်ကြီးအင်္ဂါ၊ ၇-ဖြာ၊ ရာဇာပိုင်းခြားသော်။ ။၎င်း သရုပ်အဓိပ္ပါယ်ကို (မြို့၏ အင်္ဂါ ၇-ပါး) ၌ ကြည့်ပါ။

http://www.dhammadownload.com

ပြည်ကြီး ၂၀။ ။မဂဓ အဘိဓာန် ကျမ်းလာ ဘုရား လက်ထက်တော်ရှိ ပြည်ကြီး'မြို့တော်ကြီး' နှစ်ဆယ်။ဗာရာဏသီပြည်၊ သာဝတ္ထိပြည်၊ ဝေသာလီပြည်၊မိဓိလာပြည်၊ အာဠဝီပြည်၊ကောသမ္ဗီပြည်၊ဥဇ္ဇေနီပြည်၊ တက္ကသိုလ်ပြည်၊ စမ္ပာပြည်၊ သာဂလပြည်၊ (၁၀) သံသုမာဂိရိပြည်၊ ရာဇဂြိုဟ်ပြည်၊ ကပိလဝတ်ပြည်၊ သာကေတပြည်၊ ဣန္ဒပတ္ထပြည်၊ ဥက္ကဋ္ဌပြည်၊ ပါဠလိပုတ်ပြည်၊ စေတုတ္တရာပြည်၊ သံကဿပြည်၊ ကုသိနာရုံပြည် (၂၀)။

ပြည်ကြီး ၂၁-ပြည်။ ။မဟာဝင်ဋ္ဌကာလာ မဟာသမ္မတမင်းမှစ၍ (၃၃၄၅)သုံးသိန်း သုံးသောင်း လေးထောင် ငါးရာ ခြောက်ကျိပ် ကိုးယောက်သော မင်းတို့၏စံရာ နေပြည်တော်များ ဟူ၏။ ကုသဝတီပြည်, ရာဇဂြိုဟ်ပြည်, မိဓိလာပြည်, ဗာရာဏသီပြည်, ကပိလဝတ်ပြည်, ဟတ္ထိပုရပြည်, ကေစက္ခုပြည်, ဝဇီရမုတ္တိပြည်, မဓုရပြည်, အင်္ဂိပုရပြည်၊ (၁၀) ဣန္ဒပတ္ထနဂိုရ်ပြည်, ကောသမ္ဗီပြည်, ကဏ္ဍဂေါဓပြည်, ရောဇနပြည်, စမ္ပာပြည်, တက္ကသိုလ်ပြည်, ကုသိနာရုံပြည်,တမလိတ္တိယပြည်, ကပိလဝတ်ပြည်, ကောလိယပြည်, (၂၀) ဒေဝဒဟပြည် (၂၁)။

ပြည်ကြီးရတနာ၊ အင် ၉-ဖြာ၊ ရာဇာသိတော်မူ။ ။ငင်း သရုပ်ကို (တိုင်းပြည်ရတနာ၊ ပြည့်စုံရာ၊ ၉-ဖြာ နဝရတ်) ဟူသော သုတေသနဌ် ဆိုခဲ့ပြီ။

ပြည်တော် အင်္ဂါ၊ ၇-ဖြာ၊ ရာဇာ မင်းတို့သ်။ ။ငင်း သရုပ်ကို (မြို့တော်၏အင်္ဂါ ၇-ပါး။ ၂-နည်း) ဟူသော သုတေသနဌ် ကြည့်ပါလေ။

ပြည်တော်သာမှု၊ ကြောင်း ၁၀-ခု၊ လူထုဆင်ခြင်ရာ။ ။(တိုင်းပြည်အေးမှုကြောင်းဆယ်ခု) ဟူသော စကားဌ် ငင်းသရုပ်အဓိပ္ပါယ် ပြခဲ့ပြီ။

ပြည်ထောင်စုသား၊ လူမျိုးများ၊ မှတ်သား ၄၉။ ။ပြည်ထောင်စု မြန်မာနိုင်ငံတော်ဌ် နေထိုင်ကြသော တိုင်းရင်းလူမျိုး အပြားကို ဆိုသည်၊ ဤဌ်ရှေးဟောင်းရာဇဝင်လာ ဆိတ်သုဉ်းလေပြီးသော လူမျိုးများနှင့် နောက်ပေါ် စာအုပ်စာတမ်း မှတ်သားချက်တို့တွင် ပါဝင်တွေ့ရှိရသော လက်ရှိပြည်ထောင်စုသား သူမျိုးများကိုပါ ရေတွက် ဖော်ပြလိုက်သော်လည်း များစွာ ကျန်ရှိပေသေး၏။ (၁) ချင်းလူမျိုး- မြောက်ပိုင်းချင်းများကား

http://www.dhammadownload.com

ချင်းတောင်နှင့် အထက်ချင်းတွင်းခရိုင်၌ နေကြ၍ အလယ်ပိုင်းချင်းနှင့် တောင်ပိုင်းချင်းတို့ကား ပခုက္ကူ၊ စစ်ကွေ့ခရိုင် ချင်းတောင်နှင့် တောင်ဘက်ရှိ တောင်တန်းတခို၌ နေထိုင်ကြ၏၊ ချင်း မျိုးကွဲ များစွာရှိကြောင်း ကိုလည်း သိရသေးသည်၊ (၂) ကမိ လူမျိုးနှင့်၊ (၃) မြို လူမျိုး-ရခိုင်ပြည် မြောက်ပိုင်း၌ နေကြသည်၊ (၄) ကဒူး လူမျိုး- ကသာနှင့် အထက်မြန်မာပြည် အထက် ချင်းတွင်းခရိုင် တလျောက်၌ နေကြသည်၊ (၅) ကချင် လူမျိုး- အထက်မြန်မာပြည်နှင့် ရှမ်းပြည်နယ် မြောက်ဖက် အကျဆုံးသော အရပ်တို့၌ နေကြသည်၊ (၆) မရူ လူမျိုး၊ (၇) လရှီ လူမျိုး၊ (၈) ဇီ လူမျိုး- မြန်မာပြည်နှင့် ရှမ်းပြည် မြောက်ဖက်စွန်း မြစ်ကြီးနား ခရိုင်နှင့် အခြားခရိုင် များ၌ နေကြသည်၊ (၉) လီရှော၊ သို့မဟုတ် လီဆော လူမျိုး-သံလွင် တောင်ခြား, ရွှေလီနှင့် ဧရာဝတီအတွင်းရှိ တောင်များ, အထက်မြန်မာပြည်နှင့် ရှမ်းပြည် အရှေ့မြောက်ဖက်စွန်း၌ နေကြ၏၊ (၁၀) လာဟူ၊ သို့မဟုတ် မုဆိုး လူမျိုး၊ (၁၁) နန်း၊ သို့မဟုတ် ရဝင်း လူမျိုး- ကချင်ပြည်နယ် မြောက်ပိုင်း၌ နေထိုင်ကြသည်၊ (၁၂) ကော၊ သို့မဟုတ် အခ လူမျိုး-ကျိုင်းတုံနှင့် မဲခေါင်နယ် အရှေ့ဖက် နယ်တလျှောက်၌ နေကြသည်၊ (၁၃) ပလောင် လူမျိုး-ရှမ်းပြည်နှင့် မိုးကုတ်နယ်တလျှောက်၌ နေကြသည်၊ (၁၄) ရီယန်းလူမျိုး-တောင်ပိုင်း ရှမ်းပြည်နယ်၏ အရှေ့မြောက်ဖက်၌ နေကြသည်၊ (၁၅) ဝ လူမျိုး- ရှမ်းပြည်နယ်၏ အရှေ့ပိုင်း တရုတ်ပြည်နယ်ခြားအနီး၌ နေထိုင်ကြသည်၊ (၁၆) ကရင်လူမျိုး-အောက်ဗမာပြည်၏ အရှေ့ဖက်, တောင်ဖက် ရှမ်းပြည်နယ်၏ အနောက်ဖက်နှင့် တောင်ဖက်တလျှောက်၌ နေထိုင်ကြသည်၊ ၎င်းတို့လည်း မျိုးပြားများစွာ ရှိသေး၏၊ (၁၇) တောင်သူ၊ သို့မဟုတ် ပအိုလူမျိုး၊ အောက်မြန်မာပြည်သည်ခရိုင်နှင့် တောင်ပိုင်းရှမ်းပြည်နယ် အရပ်ရပ်တွင် နေထိုင်ကြသည်၊ (၁၈) ဆလုံ လူမျိုး-မြိတ်ကျွန်းစု၌ နေကြသည်၊ (၁၉) ကယား၊ သို့မဟုတ် ကရင်နီ လူမျိုး-ကယားပြည်နယ်၌ နေကြသည်၊ (၂၀) ရှမ်းလူမျိုး၊ (၂၁) မိုင်းသာလူမျိုး၊ (၂၂) ဒရယ်လူမျိုး၊ (၂၃) ရခိုင် လူမျိုး- ရခိုင်းတိုင်းနယ်၌ နေကြသည်၊ (၂၄) မြန်မာ၊ (၂၅) ထားဝယ် လူမျိုး- တနင်္သာရီ ကမ်းရိုးတလျှောက်၌ နေကြ၏၊ (၂၆) ယော လူမျိုး- ပခုက္ကူခရိုင် အနောက်မြောက်ရှိ ယောနယ် တလျှောက်၊ (၂၇) ဒနု လူမျိုး၊ (၂၈) ယပိန်း, ဇပိန်း, သို့မဟုတ် ကွေ လူမျိုး၊ (၂၉) ဖုန်လူမျိုး၊ (၃၀) အင်းသား လူမျိုး၊

http://www.dhammadownload.com

(၃၁) တောင်ရိုး လူမျိုး၊ (၃၂) ဒိုင်နက် လူမျိုး၊ (၃၃) ပဒေါင်း လူမျိုး- မြန်မာဆက်များ၊ အများအားဖြင့် ရှမ်းပြည် တောင်တန်းတလျောက်မှာ နေထိုင်ကြသည်၊ (၃၄) မွန်လူမျိုး၊ (၃၅) ကမု လူမျိုး၊ (၃၆) ယအိုလူမျိုး၊ (၃၇) မိအို လူမျိုး၊ (၃၈) ဒနော လူမျိုး- မွန် ခမာဆက် လူမျိုးများ၊ ရှမ်းပြည်နယ် မြောက်ပိုင်း၌ နေထိုင်ကြသည်၊ (၃၉) နာဂ လူမျိုး- နာဂ တောင်တလျောက်၊ (၄၀) ကူကီ လူမျိုး၊ (၄၁) ကသည်း လူမျိုး၊ (၄၂) ထမန် လူမျိုး- အထက်ချင်းတွင်းနယ် တောင်ရိုး ကောင်ကြားတို့၌ နေထိုင်ကြသည်၊ (၄၃) ဂျင်းဖော၊ သို့မဟုတ် သိန်းဖော လူမျိုး၊ (၄၄) ခမင် လူမျိုး၊ (၄၅) ခနုန် လူမျိုး- ကချင်ပြည်နယ်၌ နေထိုင်ကြသည်၊ (၄၆) ခေါင်းတို လူမျိုး- တောင်တန်း နယ်သားများ၊ (၄၇) ပျူ လူမျိုး၊ (၄၈) ကမ်းယံ လူမျိုး၊ (၄၉) သက် လူမျိုး- ရှေးဟောင်း မြန်မာ လူမျိုးများ။

ပြည်ရွာအပြား၊ မျိုး ၆-ပါး။ ။ဝိနည်း ပိဋကတ်တော်မှ။ (၁) ရဋ္ဌ-မင်းအစိုးရ တခု၏ အာဏာစက်နှံ့ရာ စိုင်းနှိုင်ငံ၊ (၂) ပူရီ- မင်းအိမ် နန်းတော်တည်ရာ နေပြည်တော်၊ (၃) နဂရ- အောက်ဆုံး မြို့အုပ် မြို့ပိုင်ရုံးရှိ, စျေးရှိသော မြို့၊ (၄) ဇနပဒ- ခရိုင်ဝန်မင်းတပိုင်, သို့မဟုတ် တိုင်းမင်းကြီးတပိုင် ခရိုင်စု ဇနပုဒ်၊ (၅) ဂါမ-စျေးရှိသောရွာကြီး၊ (၆) နိဂမ-စျေး မရှိသော ရွာငယ်၊ နိဂုံး။

ပြည်ရွာပျက်မှု၊ ကြောင်းဆယ်ခု။ ။မြန်မာသက္ကရာဇ် ၁၁၄၇-ခုနှစ်၊ ဒုတိယ ဝါဆိုလဆန်း ၁၅-ရက်နေ့ ဘိုးတော်ဘုရားထံ ဆက်သွင်းသော စာ၊ "တိုင်းပြည်ပျက်ရာ- လက္ခဏာကား။ (၁) ဒေဝါ ပဇ္ဇုန်၊ ရွာဟုန်တိမ်း စောင်း၊ (၂) ကန်ချောင်း ခန်းခြောက်၊ (၃) မိုးပေါက် မညီ၊ (၄) ဆာသီ နက္ခတ်၊ သမသတ်သွား၊ (၅) ငြိုဟ်ကား ထို့တူ၊ (၆) လူမှာ မုသား၊ (၇) ရဟန်းများလည်း၊ တရားမလျော်၊ ကြမ်းချေဉ်ခက်ထန်၊ (၈) မမှန် တောင်းတင်း၊ (၉) မင်းနှင့် အမတ်၊ ညီညွတ် ဆောရွက်၊ ပေါင်းဖက် ဟောရမ်း၊ (၁၀) ထုံးတမ်းအာဇာန်၊ ရှေးညွှန် စကား၊ ဤဆယ်ပါးသည်၊ ဖေါက်ပြားအင်္ဂါ ပြည်ရွာ ပျက်မည့် အကြောင်းတည်း။"

ပြည့်ဖြိုး လက္ခဏာ၊ ၇-ဖြာ၊ ချမ်းသာ မြင့်မြတ်ကြောင်း။ ။ယောဂျဉ်း မြတ်တို့၏ လက္ခဏာတွင် သတ္တုဃဏ ခေါ် ဖြိုးမောက်ရမည့် ဌာန

http://www.dhammadownload.com

ဒုနစ်ပါးကို ဆိုသည်၊ မဟာပဒါနသုတ် အဋ္ဌကထာမှ၊ (က) ပခုံး ၂-ဖက် (ခ) လက်ဖမိုး ၂-ဖက် (ဂ) ခြေဖမိုး ၂-ဖက် (ဃ) လည်ကုတ် ၁၊ ပေါင်း ၇-ပါး။

မြစ်ပါးမျိုး ၆-ပါး။ ။ဓာတုပဋိသန္ဓေကျမ်းမှ ဖြစ်ရာ အရပ်နှင့်တကွ အကျယ်ကိုလိုမူ သမ္မဓာတုက ဝိဇ္ဇာဓရ ပကာသနီကျမ်းမှာ ရှုလေ၊ထွက်ရပ်လမ်းအတွက်။ (၁) သောမလ သုက္က ပါရဒ- စိန်ဖြူဦးနှောက်မှ ဖြစ်သော ပြဒါး၊ (၂) သေလ ဟလိဒ ပါရဒ- ကျောက်ဆေးဇန်းမှ ဖြစ်သော ပြဒါး၊ (၃) ဘူမျ ဇာတ ပါရဒ- မြေမှုဖြစ်သော- မြေအောင်းပြဒါး၊ (၄) သိန္ဓုရ သုက္က ပါရဒ-ဟင်းရိုင်းဖြူမှ ဖြစ်သောပြဒါး၊ (၅) သရဇာတ ပါရဒ- အိုင်မှုဖြစ်သော သယံပြဒါး၊ (၆) ပုပ္ပ နာဂဇ ပါရဒ-တောင် သလဲပွင့်မှ ဖြစ်သော ပြဒါး။

ပြစ်ပါးမျိုး ၆-ပါး။ တနည်း။ ။ဤ ၆-ပါးကား ကာယသိဒ္ဓိ, ဓနသိဒ္ဓိ လမ်းတို့ အတွက်မျှသာ တန်ခိုးသတ္တိရှိ၏၊ ထွက်ရပ်လမ်းကို မဖြစ်စေနိုင်။ (၁) ရတ္တ သိန္ဓု ရ ပါရဒ- ဟင်းရိုင်းနီမှ ထွက်သောပြဒါး၊ (၂) ဟရိ တာလ ပီတ ပါရဒ- ဆေးဒန်း ရွှေဝါမှ ထွက်သောပြဒါး၊ (၃) အဿ ဒန္တ သောမလ ပါရဒ- စိန်နီမြင်းသွားမှ ထွက်သော ပြဒါး၊ (၄) သရဝါတ ပါရဒ-သယံ လေပုန်းသံမှ ထွက်သော ပြဒါး၊ (၅) ဝမ္မိကာရ ပါရဒ- တောင်ပို့ခြသံမှ ထွက်သောပြဒါး၊ (၆) ပုတိဘက္ခ ပါရဒ-အပုပ်မှစား၍ ထွက်သောပြဒါး။

မှတ်ချက်။ ။ဂင်းတို့ကို ဖမ်းနည်း ချုပ်နည်း သတ်နည်း ကြိုးဖေါ်နည်း ပြာရိုက်နည်း တက်လမ်း အသီးသီးကို သိလိုက 'ပါရဒ ဘေသဇ္ဇ ဝိဇ္ဇာဓရ' ကျမ်းမှာ ရှုပါလေ။

[မြာ]

မြာသာဓ်နှန်းမ ၃-ဆောင်။ ။ဂင်းသရုပ်ကို (နှန်းမ ၃-ဆောင်)၌ ရှုပါ။

ပြာဠီဟာပြား၊ မျိုး ၃-ပါး၊ ဆုစားဟောတော်မူ။ ။ဂင်းသရုပ်(ပါဠိဟာရိယ မျိုး ၃-ပါး)၌ ဆိုခဲ့ပြီ။

http://www.dhammadownload.com

[မြိ]

ပြိတ္တာ ၄-မျိုး။ ။သ-သနာတော်ဝင် အဋ္ဌကထာ ဋီကာတို့၌ လာသည်။ (၁) ပရဒတ္တုပ ဇီဝိတ ပြိတ္တာ- သူတပါးတို့ ပေးမှ စားသောက်ရသော ပြိတ္တာမျိုး၊ သူတပါးကို မှီ၍ အသက်မွေး ဝမ်းကျောင်းရှိ၏၊ (၂) ခုပ္ပိပါသိက ပြိတ္တာ- မစားမသောက်ရဘဲ ငတ်ပြတ် နှိပ်စက်ခြင်း၊ ခံရသော ပြိတ္တာမျိုး၊ (၃) နိဇ္ဈာမ တဏှိက ပြိတ္တာ- တကိုယ်လုံး ပူလောင်ခြင်းကို အမြဲမပြတ် ခံစားနေရသော ပြိတ္တာမျိုး၊ (၄) ကာလ ကဉ္ဇက ပြိတ္တာ- အသူရကာယ်ဟူ၍ သီးခြားခေါ်ဝေါ်အပ်သော ပြိတ္တာတမျိုး။။

ပြိတ္တာ ၁၂-မျိုး။ တနည်း။ ။ဆဂတိဒီပနီကျမ်း, လောကပညတ္တိကျမ်း တို့မှ။ (၁) ဝန္တာသ ပြိတ္တာ- ငတ်ပြတ်ဆာလောင် မွတ်သိပ်ပြီးသဖြင့် သူတပါးတို့၏ ချွဲကန်း, သလိပ်, တံတွေး, အန်ပတ်, နှပ် တို့ကိုသာ ကောက်ယူ စားသောက်နေရသော ပြိတ္တာမျိုး၊ (၂) ကုဏပါသ ပြိတ္တာ- လူကောင်ပုပ်, ခွေးကောင်ပုပ်, မြေကောင်ပုပ် စသော အကောင်ပုပ်တို့ကိုသာ စားသောက်နေရသည့် ပြိတ္တာမျိုး၊ (၃) ဂူထ ခါဒက ပြိတ္တာ- မစင် ဘင်ပုပ်တို့ကိုသာ စားသောက် နေရသော ပြိတ္တာမျိုး၊ (၄) ဆဒ္ဒိ ဇာလမုခ ပြိတ္တာ-ခံတွင်းမှ မီးလုံးလွှတ်၍ မီးကျိုး မီးခဲတို့ကိုပင် စားသောက် နေရသော ပြိတ္တာမျိုး၊ (၅) သုစိ မုခ ပြိတ္တာ- ကိုယ်လုံး ကြီးထွားရှည်လည်ပင်းရှည်ပြီးလျှင် ခံတွင်းကား အပ်နှုတ်ပေါက်မျှသာ ရှိသောကြောင့် ရသောအစာကို နားပေါက် နှာခေါင်းပေါက်တို့က သွတ်သွင်းစားသောက်ရသော ပြိတ္တာမျိုး၊ (၆) တဏှာဒုက ပြိတ္တာ- ရေ အလွန် မွတ်သိပ်ခြင်းဖြင့် ဆင်းရဲခံနေရသော ပြိတ္တာတမျိုး၊ (၇) သုနိဇ္ဈာမက ပြိတ္တာ- ခေါင်းလောင်ငုတ်နှင့်တူသော ကိုယ်ရှိ၍ ဆိုးဂါးသော ရုပ်အမောင်း၊ မကောင်း ဖြစ်သော ယန္တဳထွက်သော ပြိတ္တာမျိုး၊ (၈) သတ္ထက် ပြိတ္တာ- ထားသွား, ငါးမျှားချိတ်သွားနှင့် တူသောလက်သည်းတို့ဖြင့် မိမိကိုယ်အင်္ဂါကို ကိုက်ဖဲ့၍ အသား အသွေးတို့ကိုသာ စားသောက်ရသည့် ပြိတ္တာမျိုး၊ (၉) ပဗ္ဗတဂ် ပြိတ္တာ- တောင်ပမာဏ ရှိသော ကိုယ်မှ နေ့ညဉ့်မပြတ် အခိုးထွက်နေသော ပြိတ္တာတမျိုး၊ (၁၀) အဇဂရ ပြိတ္တာ- စပါးကြီးမြွေနှင့်တူသော ကိုယ်ဖြင့် နေ့ညဉ့်မပြတ် လှည့်လည် သွားလာ၍ ဒုက္ခခံနေရသော ပြိတ္တာတမျိုး၊ (၁၁) ဝေမာနိက ပြိတ္တာ-ဒုက္ခတလှည့်, သုခတလှည့် စက်လည်၍ အတည်

http://www.dhammadownload.com

မက္ခ ခံစားနေရသော ပြိတ္တာမျိုး၊ (၁၂) မဟိန္ဓိက ပြိတ္တာ- ပြိတ္တာတို့ အပေါ်၌ ကြီးမှူးနိုင်သော တန်ခိုးအာဏာ ရှိသော်လည်း ထမင်းအဖျော်တို့ကိုကား မစားမသောက်ရသော ပြိတ္တာမျိုး။

မှတ်ချက်။ ။ဝိနည်းပိဋကစသည်တို့၌လည်း ထိုထို ပြိတ္တာတို့၏ အသွင်အပြင် နေရပ်ဌာန အစားအစာတို့ကို စဲ၍ မျိုးကွဲများစွာ လာသေး၏။

ပြိတ္တာတို့ ရရှိခံစားရသော ကုသိုလ်အင်္ဂါ ၃-ပါး။ ။သေသူတို့ကို ရည်ညွှန်း၍ ပြုလုပ်သော ကုသိုလ်၏ ကောင်းကျိုးချမ်းသာ ရရောက်နိုင်ပုံမျှား၊ အကျယ် ပေတဝတ္ထု။ဋ္ဌ။ ၂၅-၌ ရှုပါ။ (၁) ကောင်းမှုရှင်တို့က သေသူတို့အား ရည်ညွှန်း၍ (အမည်ခေါ်ကာ) အမျှပေးဝေမှု ပြုရခြင်း၊ (၂) အလှူခံ ပုဂ္ဂိုလ်၏ သီလဂုဏ် အကျင့်သိက္ခာ ပြည့်စုံရခြင်း၊ (၃) ပြိတ္တာတို့၏ ဝမ်းမြောက်စွာ သာဓု ခေါ်နိုင်ခြင်း။

[၆]

ပွဲလမ်းသဘင်၊ မျိုး ၆-အင်၊ ကြွေးလျှင် အပြစ်ရ။ ။သုတ်ပါထေယျ။ ။ပါ။ ၁၄၀။ဋ္ဌ။၁၂၉။ သိင်္ဂါလသုတ်၌ စည်းစိမ်ဥစ္စာ ပျက်စီးကြောင်း ခြောက်ပါးတွင် ဘပါး အပါအဝင် အဖြစ်ဖြင့် ဘုရားရှင် ဟောတော်မူခဲ့သည့် ပွဲသဘင်မျိုး ခြောက်ပါးကို ဆိုသည်။ (၁) ကပွဲသဘင်၊ (၂) သီချင်းဆိုပွဲသဘင်၊ (၃) တီးဝိုင်းစုံသဘင်၊ (၄) စစ်ထိုး, ကြက်တိုက်, နွားပွဲ, မြင်းပွဲ စသောသဘင်၊ (၅) ခွက်ခွင်း လက်ခုပ်ဝိုင်းသဘင်၊ (၆) အိုးစည်ဒိုးပတ် တီးဝိုင်းသဘင်၊ ၎င်းသဘင် ၆-ပါးကို မေးမြန်း သွားလာပျော်ကြွေး နေသူအား မရသေးသော စည်းစိမ်ဥစ္စာတို့ကို မရနိုင်ကုန်၊ ရပြီးသော စည်းဝိမ်ဂုဏ်သိရှိတို့လည်း ကုန်ခန်း ပျက်စီးတတ်ကုန်၏။

ပွဲလျက်မျိုး ၅-ပါး။ ။ဆေးအဘိဓာန်မှ။ (၁) ကဏ္ဍယ- ပွဲလျက်နှံ၊ (၂) မဟီသာချ- ခွဲကျိကို, ကျွဲချိုအဆင်းရှိပွဲလျက်၊ (၃) ဇလာက ပွဲလျက် ညှိစိမ်း၊ (၄) ကဇ္ဇလာဘ- ပွဲလျက် နက်၊ (၅) ကုမုဒ- ပွဲလျက် ကြာဖြူ။

http://www.dhammadownload.com

[ဖ]

•ဖက်မျိုး ၆-ပါး၊ ကုန်သည်များ၊ ခွဲခြား အကွက်ရာ။ ။ရှမ်းပြည်မှလာသော သနပ်ဖက်မျိုး ၆-ပါးကို အကွက်ရာ ၆-လုံးဖြင့် မှတ်၍ ပြသည်၊ ခ ဖက်, ခေါင်ဖက်၊ က ဖက်, ရွက်ကြီး၊ လ ဖက်, ရွက်လတ်၊ စ ဖက်, စကဖက်၊ ဝ ဖက်, ရွက်ဝိုင်း၊ သ ဖက်, ရွက်သေး။

ဖရူသဝါစာ အင်္ဂါ ၃-ပါး။ ။ဂင်းဒုစရိုက်ကံ မြောက်နိုင်သော အင်္ဂါ ၃-ပါး။ (၁) ကောပ- စိတ်ဆိုးအမျက်ထွက်ခြင်း၊ (၂) ဥပကုဋ္ဌ- ဆဲရေးတိုင်းထွာ ခံရသူ၊ (၃) အက္ကောသန-ဆဲရေးခြင်း, ကြမ်းတန်းစွာဆိုခြင်း။

ဖရူသဝါစာကံ၏ မကောင်းကျိုး ၅-ပါး။ ။အပြောအဆို ကြမ်းကြုတ်သူတို့ ရရှိခံစားရသော မကောင်းကျိုးများ။ (၁) ဧ ခဲ့, တိမ္မစ္ဆာနှံ, ပြိတ္တာဘုံ၌ ဖြစ်ရခြင်း၊ (၂) သတ္တဝါများ၏ အမုန်းကို ခံရခြင်း၊ (၃) မိမိစိတ်ကို မကြည်လင်စေခြင်း၊ (၄) အကဲ့ရဲ့ခံရခြင်း၊ (၅) အသံ ကြမ်းတန်း ပျက်စီးခြင်း။

ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်။ ။ဖိုလ်ပုဂ္ဂိုလ် ၄-ယောက်ဟူ၏။ (၁) **သောတာ** ပတ္တိ ဖလဋ္ဌာန်၊ (၂) သကဒါဂါမိ ဖလဋ္ဌာန်၊ (၃) အနာဂါမိ ဖလဋ္ဌာန်၊ (၄) အရဟတ္တ ဖလဋ္ဌာန်။

ဖလသမာပတ်မျိုး ၃-ပါး။ ။ဖိုလ်ဝင်စား မျိုး ၃-ပါး။ (၁) မဂ္ဂါနန္တရ ဖလ သမာပတ္တိ- မဂ်၏ အခြားမဲ့၌ ဖြစ်သော ဖလသမာပတ်၊ (၂) ဝဋ္ဋနု ဖလ သမာပတ္တိ- စိတ်, စေတသိက်, စိတ္တဇရုပ်တို့ကို ခေတ္တငြိမ်းအေးစေ၍ သုခရေး 'သက်သက်' သုံးသပ်ခံစားနေသော ဖလသမာပတ်၊ (၃) အာယု သင်္ခါရ ဖလ သမာပတ္တိ- 'အာယုပါလန'လည်းဟူ- သက်ထိန်းသက်စောင့် ဖလသမာပတ်၊ ခိုးသားရိုက်စဉ် ရှင်မောဂ္ဂလာန်ဝင်စားသော ဖလသမာ ပတ်မျိုးကို ဆိုလိုသည်။

[ဖ၁]

ဖာလာမျိုး ၅-ပါး။ ။ဆေးကျမ်း ဝေါဟာရများ။ (၁) ဖာလာသီး၊ (၂) ဖာလာနဖိတ်၊ (၃) တူလာနဖာ၊ (၄) စူလာနဖာ၊ (၅) ဖာလာ ပတ်။

http://www.dhammadownload.com

[ဖုံ။ ဖို + လ်။ ဖော + င်း။ ဒဖျာ်။ ဖြ + စ်]

[ဖုံ]

ဖုံအခင်းမျိုး ၅-ပါး။ ။ရဟန်းတော်များ ဝိနည်းပညတ်တော်က ခွင့်ပြုသည့် (ဘုံလျှိုမျိုး ၅-ပါး)ကို ခေါ်သည်။ အကျယ် (ဘုံလျှိုမျိုး ၅-ပါး)၌ ကြည့်ပါကုန်။

[ဖို]

ဖိုလ် ၄-တန်။ ဖိုလ်တရား ၄-ပါး။ ။လောကုတ္တရာ ဝိပါက်စိတ်လည်း ဟူ၏။ (၁)သောတာပတ္တိ ဖိုလ်စိတ်၊ (၂)သကဒါဂါမိ ဖိုလ်စိတ်၊ (၃)အနာဂါမိ ဖိုလ်စိတ်၊ (၄) အရဟတ္တ ဖိုလ်စိတ်။

ဖိုလ်ပုဂ္ဂိုလ် ၄-ယောက်။ ။ဂုဏ်းသရုပ် အဓိပ္ပါယ် (ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်)နှင့် တူ၏။

ဖိုလ် ဝင်စားခြင်းမျိုး ၃-ပါး။ ။ဂုဏ်းသရုပ် အဓိပ္ပါယ် (ဖလသမာပတ် ၃-မျိုး)နှင့် အတူတူပင် ဖြစ်၏။

ဖောင်းဝတ်မြင်းမြား၊ မျိုး ၁၀-ပါး၊ မိန်းကြား အဿကြန်။ ။သကဋဘာသာ အဿကြန္ဒကျမ်း၌ ဖောင်းဝတ်မွေး မြင်းဆယ်မျိုးကို ဤသို့ပြထားသည်။ (၁) ဖောင်းဝတ်ညို၊ (၂) ဒဖောင်းဂတ်ဖြူ၊ (၃) ဖောင်းဝတ်ပြောက်၊ (၄) ဖောင်းဝတ်ပြာ၊ (၅) ဖောင်းဝတ်မဲ့၊ (၆) ဖောင်းဝတ်ခြောက်၊ (၇) သမင်ဝမ်း၊ (၈) ဖောင်းဝတ်နီ၊ (၉) သင်းခွေ၊ (၁၀) ဗယ်လင်း။

[ဗျ]

ဗျော်ရည် ၈-မျိုး။ ။ဂုဏ်းသရုပ် (အဗျော် ၈-ပါး)၌ ရှုပါ။

[ဘ]

ဘုံတော်ဧဝါင်းမှာ၊ လောင်းမြတ်စွာ၊ တရာ သုံးဆယ့်ခြောက်။ ။ဘုရား အလောင်း၏ ဂါရုမိခန်းဝယ် တိရစ္ဆာန်ဘဝ၌ ထင်ရှားသော ဇာတ်တော်၏ ဝတ္ထုမပါင်း ၁၃၆-ပါးကို ရွေးပညာရှိများ စပ်ဆိုထားခဲ့သော ဤဘုရား

http://www.dhammadownload.com

ရှိခိုးလက်ဝဖြင့် သိရာ၏၊ "ဩကာသ ဩကာသ ဩကာသ ဗုဒ္ဓကုံရှ၊ လောင်းမြတ်လှသည်၊ အစကြိုးကြာ၊ ဆယ့်ရှောက်ခါနှင့်၊ ဟသ်ာ ကိုးဖြစ်၊ ခြောက်ဖြစ်ကား ခို၊ ကျီးညို သုံးခါ၊ သံသာကျူးထိပ်၊ ကရဝိက် ငါး၊ လေးကားကိန္နရီ၊စာမရီဆယ့်ငါး၊ မျောက်ကားတဆယ်၊ဆင်ဝယ်ဆယ့်တစ်၊ နွားဖြစ် ဆယ့်လေး၊ ကေား သိန္ဓဝ၊ ကျဲ အင်္ဂနှင့်၊ သံမြသာညောင်း၊ ဥဒေါင်း နှစ်ခါ၊ သာလိကာ သတ္တ၊ ဒုဒိဿ ကြက်၊ ဝက်ကား ဆယ့်သုံး၊ ပေါင်းရုံးများစွာ၊ တရာသုံးဆယ်၊ ခြောက်ဖြစ်ဝယ်ကို၊ အန္တရာယ်မရှိ၊ ဘေးမထိသည့်၊ မုနိမြတ်လောင်း၊ ဖြစ်တော်ပေါင်းဟု၊ အောက်မေ့သဒ္ဓါ၊ ကြည်ညိုစွာဖြင့်၊ ခါခါမြတ်နိုး၊ လက်စုံမိုးကာ၊ ရှိခိုးပါ၏ ဘုရား။"

မှတ်ချက်။ ။အမေလောင်းတော်မြတ်၏ ထင်ရှားသည့် တိရစ္ဆာန်ဘဝတို့ ချားစွာကျန်ရှိသေးကြောင်းကို ကျွန်ုပ်တို့ လက်ရှိ ပိဋကတော်ဖြင့် သိသာ၏၊ ဤရွေးဟောင်း လက်ဝကား ဘာကိုရည်စူးသည် မသိရပေ။

[ဖွာ]

ဖွားဘက်တော် ၇-ပါး။ ။သုတ်မဟာဝါ ။ဌ။ ၁၈။ ဗုဒ္ဓဘုရားရှင်နှင့် အတူ ဖွားမြင် ပေါ်ပေါက်လာကြသော အရာဝတ္ထု ၇-ပါး။ "အာ, ဗော, ကာ, ယ, ဆန်, ရွှေ, ကဏ်" တို့ပင်တည်း။ (၁) အာ- အာနန္ဒာထေရ်၊ ဘုရား ညီတော်၊ (၂) ဗော-ဗောဓိပင်၊ (၃)ကာ-ကာလုဒါယိထေရ် (သို့မဟုတ်) အမတ်၊ (၄) ယ-ယသောဓရာဒေဝီ၊ (၅) ဆန်-ဆန္နထေရ်၊ သို့မဟုတ် အမတ်၊ (၆) ရွှေ-ရွှေအိုးကြီးလေးလုံး၊ (၇) ကဏ်-ကဏ္ဍကမြင်းဖြူတော်။

မှတ်ချက်။ ။ဗုဒ္ဓဝင်အဋ္ဌကထာ၌ အရှင်အာနန္ဒာထေရ်မြတ်ကို ဖွားဘက်တော် တပါးအဖြစ်ဖြင့် ပြဆို၏၊ ထို့မှတပါး အရှင်အာနန္ဒာအစား "အာရောဟဏ ဟတ္ထီ" ဟူ၍ မင်္ဂလာစီးတော်ဆင်ကို ဖွင့်ပြသောကျမ်းများလည်း ရှိသေး၏။

ဖွားသစ်စကို၊ စကားဆို၊ ပုဂ္ဂိုလ် ၅-ယောက် အဘယ်နည်း? ။ဤ သရုပ်ကို (မွေးဖွားစကို၊ စကားဆို) ဟူသော သရုပ်၌ ရှုပါ။

http://www.dhammadownload.com

[၈]

၈မာ ၇-မျိုး။ ။ဂင်း၏ သရုပ် အဓိပ္ပါယ် (မြန်မာ ၇-မျိုး) သုတေသနဥ်ကြည့်ပါ။

၈လ ၅-တန်၊ လူထုထံ၊ အပ်နှံ အစိုးရ။ ။နိုင်ငံတော် တိုးတက်ကြီးပွားစည်ကားသာယာရေးအတွက် အရေးကြီးသော အားအင် ငါးပါး။ (၁) ကာယ ၈လ-ကိုယ်လက် သန်မာထွားကြိုင်း ဖွံ့ဖြိုးမှု, ကျန်းမာရေး၊ (၂) ဉာဏ ၈လ-၈ဟုဿစ္စ, ဝိဇ္ဇာ, သိပ္ပံပညာ ပြည့်စုံစုဝေးရှိမှု၊ (၃) ဘောဂ ၈လ-ပစ္စည်းဥစ္စာ ရတနာသွေးဝေ အထွေထွေသော ပြည်တွင်းထွက် ကုန်ပေါများမှု၊ (၄) စာရိတ္တ၈လ-ယဉ်ကျေးမှု ကိုယ်ကျင့်တရား ကောင်းမွန်မြင့်မြတ်မှု၊ (၅) မိတ္တ ၈လ-မိတ်ဆွေနှင့် မဟာမိတ်နိုင်ငံများ ပေါများမှု။

၈လ ၉-တန်။ ။ဆန့်ကျင်ဘက်တို့ကြောင့် မတုန်လှုပ်တတ်ကုန်သော ဗိုလ်ထိုက်သည့် တရား ၉-ပါး။ (၁) သဒ္ဓါ ၈လ၊ (၂) ဝီရိယ ၈လ၊ (၃) သတိ ၈လ၊ (၄) သမာဓိ ၈လ၊ (၅) ပညာ ၈လ၊ (၆) ဟိရီ ၈လ၊ (၇) ဩတ္တပ္ပ ၈လ၊ (၈) အ ဟိရီ ၈လ- အရှက်တရားမရှိသူ၊ (၉) အနောတ္တပ္ပ ၈လ- အကြောက် တရားမရှိသူ။

၈ထို ၅-ဖြာ၊ ရှိဒေသစ္စာ၊ ထိုက်နာ ပူဇော်ကြ။ ။ပဋ္ဌာန်တွာရ ။ပါ။ ၃၉ ။ဌ။ ၂၂-ဌ် အကျယ်ရှု။ ချမ်းသာတရား တိုးပွားစည်ပင် အောင်မြင်မှုရရှိရေး အတွက် ပူဇော်ပသမှုမျိုး ၅-ပါး။ (၁) ဤတိ ၈လိ-မျက်မှောက်ရှိ ကိုယ့်လူမျိုးနှင့် သားချင်းမိတ်ဆွေများအား တတ်နိုင်သမျှကြည့်ရှုမှ,စ ပေးကမ်းချီမြှင့်မှု၊ (၂) အတိထိ ၈လိ-လာရောက်ကြသော ည့ဉ်သည်များအား ကျေးမွေးပေးကမ်း လှူဒါန်းစောင့်ရှောက် ပြုစုမှု၊ (၃) ပုဗ္ဗပေတ ၈လိ-ဘဝတပါး ကွယ်လွန်သွားကြကုန်သော မိဘဆွေမျိုးတို့ကို ရည်စူး၍ ကောင်းမှု ကုသိုလ်ပြုလုပ်ကာ အမျှပေးဝေမှု၊ (၄) ဆဇ ၈လိ-ကိုယ့်နိုင်ငံတော် ဘုရင်မင်းမြတ်နှင့် အစိုးရအဖွဲ့က ချမှတ်ပညတ် ပေးထားသော အုပ်ချုပ်မှု နည်းဥပဒေ အရပ်ရပ်တို့ကို ရိုသေလိုက်နာ ကျင့်ကြံမှုနှင့် အခွန်အတုတ်များ ပေးဆက်မှု၊ (၅) ဒေဝ ၈လိ-လောကပါလ သာသနာတော်စောင့် နတ် စသည်တို့အား ပူဇော်ပသ အမျှပေးဝေမှု။

http://www.dhammadownload.com

ဗဟိုရ် ၈-ပါး။ ။မှတ်ချက်-ဗဟိုရ်မဟုတ် "ပဟိုရ်" ဟုသာ မှတ်ရမည်၊ ၎င်း သရုပ် (ပဟ်ိုရ် ၈-ပါး)၌ ၂ ရှုပါ။အမှားကို မသုံးရန် ဖော်ပြသည်။

[၈၁]

ဗာရာဏသီ၊ မြို့ရွှေပြည်၊ ၅-မည်ဇာတ်လာ ဘဇနည်း?။ ။စရိယပိဋကအဋ္ဌကထာ အလိုတော်နှင့် ဖြေကြားသည်။ (၁) ဥဗယဘဒ္ဒဇာတ်၌ သုရုန္ဓနုပြည်ကြီး၊ (၂)စူဠသုတသောမဇာတ်၌ သုဒဿန၊ (၃)သောဏနန္ဒဇာတ်၌ ပြဟ္မဝစုန၊ (၄)ခဏ္ဍဟာလဇာတ်၌ ပုပ္ဖဝတီ၊ (၅)ယုဒ္ဓဥယဇာတ်၌ ရမ္မနဂရ။

မှတ်ချက်။ ။ဤအမေးကား 'သုရုန္ဓန၊ စသည်ငါးပါး၊ မည်ပြားရှေးခါ၊ ကျော်စောစွာသား၊ ဗာရာဏသီ' ဟူသော သံဝရပျို့နှင့်တကွ 'သုရုန္ဓန၊ နာမပညတ်၊ သုဒဿန၊ ပြဟ္မဝစုနာ၊ ပုပ္ဖဝတီ၊သညီခေါ်ထွေ၊ ရမ္မေ နဂရ၊တွင်ထင်ငါးဖြာ၊ပြည်ဗာရာကို' ဟူသော အာဒါသမုခ ပျို့လာ စကားရပ်တို့မှ ထုတ်မေးခြင်း ဖြစ်၏။

ဗာရာဏသီ၊ ရှေးအမည်၊ ၆-လီ အဘယ်နည်း?။ ။ဤပုစ္ဆာကား စန္ဒကုမာရဇာတ်၌ မင်းပူးဆရာတော် ဥိးသြဘာသ စကားချပ် သွင်းထားသည့် အောက်ပါ အမည် ၆-ပါးကို ရည်စူးဟန် တူ၏၊ ဗာရာဏသီပြည်သည်။ (၁) ဥဒယဘဒ္ဒဇာတ်၌ သုရုန္ဓနမည်၏၊ (၂) စူဠသုတသောမ ဇာတ်၌ သုဒဿန မည်၏၊ (၃) သောဏဒဏ္ဍဇာတ်၌ ပြဟ္မဝစုမည်၏၊ (၄) စန္ဒကုမာရ ဇာတ်၌ ပုပ္ဖဝတီမည်၏၊ (၅) ယုဒ္ဓဇာတ်၌ ရမ္မမည်၏၊ (၆) သန်ပြဟ္မဏဇာတ်၌ မောဠိနီပြည် မည်၏။

မှတ်ချက်။ ။ငင်းကို ရည်၍ သံဝရပျို့၌'သုရုန္ဓန၊ စသည် ၆-ပါး၊မည်ပြားရှေးခါ၊ ထင်ရှားစွာသား၊ ဗာရာဏသီ၊ ပုရီဝရ၊ ရွှေပြည်မတွင်' ဟု အရှင် ရဋ္ဌသာရဆရာ စပ်ဆိုတော်မူ၏၊ ဤ၌ အချို့ စာပေတို့ဝယ် 'သုရုန္ဓန၊ စသည် ငါးပါး၊ မည်ပြားရှေးခါ'ဟု ပါရှိသည်လည်း တွေ့ရသေး၏။

ဗာလ လက္ခဏာ၊ အင် ၃-ဖြာ၊ မိန်းမှာ မြတ်ဗုဒ္ဓ။ ။ငင်း သရုပ်ကို (လူမိုက် လက္ခဏာ၊ အင် ၃-ဖြာ) ဟူသော သရုပ်၌ ရှုပါလေ။

http://www.dhammadownload.com

[ဗီ]

ဗီဇဂါမ်မျိုး ၅-ပါး။ ။ဝိနည်း ပါစိတ်။ပါ။ ၅၂ ။ဌ။ ၂၃-၌ အကျယ်ရှု။ ဝိနည်းတော်လာ ရဟန်းတို့ မကပ်မိဘဲ မဘုဉ်းပေး မခူးယူ မဖျက်ဆီး ရသော မျိုးစေ့ဗီဇ ငါးပါး။ (၁) ဗီဇ ဗီဇ- အောင်မြင်သော သစ်စေ့ ဟူသမျှ၊ (၂) ခန္ဓ ဗီဇ- ချိုးဖြတ်၍ စိုက်လျှင် ပေါက်ကောင်းသော ပင်စည် အကိုင်းအခက် ဟူသမျှ၊ (၃) မူလ ဗီဇ- နန်းခိုး, ချင်း စသော ဥ, မြစ် မျိုးစေ့ ဟူသမျှ၊ (၄) ဖဋ္ဌု ဗီဇ- ကြံစသော အဆစ်မျိုးစေ့ ဟူသမျှ၊ (၅) အဂ္ဂဗီဇ-ကွမ်း စသော အညွှန့်ကိုစိုက်ရသည့် မျိုးစေ့ဟူသမျှ။

[ဗု]

ဗုဒ္ဓအပြား မျိုး ၄-ပါး။ ။သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ ၂၄။ တတ်သိ လိမ်မာ သူကြီး ၄-ယောက်ဟူ၏။(၁) သုတ ဗုဒ္ဓ- အကြောင်းအမြင်များ၍ ကျမ်းဂန်၌ လိမ်မာသောသူ၊ (၂) စတု သစ္စ ဗုဒ္ဓ- သစ္စာ ၄လေးပါးကို သိပြီးသော ရဟန္တာပုဂ္ဂိုလ်၊ (၃) ပစ္စေက ဗုဒ္ဓ- သူများကို မသိစေနိုင်, မိမိတကိုယ်တည်းသာ ဆရာမရှိ သစ္စာလေးပါးကို သိတော်မူသော သီးခြားသိပုဂ္ဂိုလ် ဘုရားငယ်၊ (၄) သမ္မာသမ္ဗုဒ္ဓ- အလုံးစုံ သိတော်မူ ပြီးသည့် အတုမရှိသော ဘုရားသခင် မြတ်ရှင်ပင်။

ဗုဒ္ဓကိစ္စတော် ၅-ပါး။ ။စိတ်ဝင်စား ကြည်ညိုဘွယ် အကျယ်ကို သဂါထာ ဝဂ္ဂသံယုတ် ။ဌ။ ၂၂၄-၌ ရှုပါ။ လောကသား ကပ္ပါသားတို့အတွက် အကျိုးရှိ ချမ်းသာရေးကိုသာ ရွေးရွသော ကိစ္စကြီးတို့ ဟူ၏။ (၁) ပုရေဘတ္တ ကိစ္စ- နံနက်ခင်း လုပ်ငန်းစု၊ (၂) ပစ္ဆာ ဘတ္တ ကိစ္စ- ဆွမ်းစားပြီး ချိန်မှ ညနေခင်းထိ လုပ်ငန်းစု၊ (၃) ပုရိမ ယာမ ကိစ္စ- ညဉ့်ဦးယံ လုပ်ငန်းစု၊ (၄) မဇ္ဈိမ ယာမ ကိစ္စ- သန်းခေါင်ယံ လုပ်ငန်းစု၊ (၅) ပစ္ဆိမ ယာမ ကိစ္စ- မိုးသောက်ယံ လုပ်ငန်းကိစ္စများ။

ဗုဒ္ဓကိစ္စတော် ၅-ပါး၊ တနည်း။ ။(၁) နေ့ကိုကား- လူ၊(၂)ညမူ ရွေးယာမ်၊ သမဏ်တည်း၊ (၃) လယ်ယာမ် ရွှေဖျား၊ နတ်အများတို့၊ ပြန်သွားတခါ၊ ပြဟ္မာလာရောက်၊ (၄) နောက်ယာမ် စက်လျှောင်း၊ ညောင်းပန်းဖြေ

http://www.dhammadownload.com

ဖျောက်၊ (၅) နောက်ပိုင်းရောက်က၊ မြားမြောက် ဝေနေ၊ ကြည့်ရှု လေသည်၊ ပရမေကိစ္စ ငါးပါးတည်း။

ဗုဒ္ဓကိုယ်တော်ရောင် ၇-ပါး။ ။ကျွှဲ့၌ သီရိ ဘုန်းတော်တွင် ပါဝင်ထင်ရှား သော ရောင်လျှံတော် များကိုသာ ဆိုသည်၊ ထိုမှတပါး အရာမက များသော ရောင်လျှံတော်တွေ့လည်း ရှိသေး၏။ (၁) အင်္ဂီရသ ပဘာ-တန်ခိုးယမိုက် ပြာဋ္ဌိဟာ မပြာ ပကတိသော ကိုယ်တော် အလုံးမှ အမြဲအစဉ် ပြိုးပြိုးပြက် ထွက်နေသော ရောင်ခြည်မတော် ခြောက်သွယ်၊ (၂) ဗျာမပဘာ- ပကတိ ကိုယ်တော်မြတ်မှ အမြဲမပြတ် ပုံတောင်ပတ် လည်အတွင်း၌ ဝန်းဝိုင်း တည်ထွန်းနေသော အတွင်း ရောင်ခြည်တော်၊ (၃) အသီတိပဘာ- အတွင်းရောင်ခြည်တော်၏ အပြင်ဘက်မှ အတောင် ရှစ်ဆယ် အရပ်တိုင်အောင် ထက်ဝန်းကျင် ဝန်းဝိုင်း ထွန်းပနေသော ရောင်ခြည်တော်၊ (၄) ကေတု မာလာ ပဘာ-ရောင်လျှံတော် ခေါ် ဦးခေါင်းတော်ထက်မှ ထွက်ပ ထွန်းတောက်သော ရောင်ခြည်တော်၊ (၅) ဥဏ္ဏာ ပဘာ-ဥဏ္ဏာလုံ မွေရှင်တော်မှ ထွက်မြူး ကွန့်ကြွသော ရောင်ခြည် တော်၊ (၆) ဒါဌာ ပဘာ-နှုတ်တော် ဖွင့်ခိုက် စွယ်တော်မြတ် လေးဆူမှ ထွက်မြူး ကြွမြန်းသော ရောင်ခြည်တော်၊ (၇) အနုန္တ ပဘာ-ရတနာဃရ တိုင်းခန်း၌ ပဋ္ဌာန်းကျမ်းမြတ်ကို သုံးသပ် ဆင်ခြင်တော်မူသောအခါ, တန်ခိုးပြာဋ္ဌိဟာတို့ကို ပြတော်မူသောအခါ စသည်တို့၌ အရပ်ဆယ်မျက်နှာ လုံး ပိတ်ဖုံး၍ ထွက်ကြွသည့် အဆုံးမရှိသော ရောင်ခြည်တော် ၆-သွယ်။

ဗုဒ္ဓစက္ခုတော် ၅-ပါး။ ။(၁) ဗုဒ္ဓစက္ခု၊ (၂) ဓမ္မစက္ခု၊ (၃) ညာဏစက္ခု၊ (၄) သမန္တစက္ခု၊ (၅) ဒိဗ္ဗစက္ခု။ အကျယ် အဘိဓမ္မာ ဓမ္မသင်္ဂဏီ အဋ္ဌကထာ ၃၄၄-၌ ရှုပါ။

ဗုဒ္ဓဉာဏ်တော် ၁၄-ပါး၊ တနည်း။ ။ဘုရားမြတ်၏ ဉာဏ်တော် ၁၄-ပါးကို ပဋိသမ္ဘိဒါမဂ် ပါဠိတော်။ ။၁၂၇-၌။ (၁) ဓမ္မသစ္စာဉာဏ်၊ (၂) သမုဒယ ဉာဏ်၊ (၃) နိရောဓဉာဏ်၊ (၄) မဂ္ဂသစ္စာဉာဏ်၊ (၅) အတ္ထပဋိသမ္ဘိဒါ ဉာဏ်၊ (၆) ဓမ္မပဋိ (၇) နိရုတ္တိ (၈) ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်၊ (၉) ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊ (၁၀) အာသယာနုသယ၊ (၁၁) ယမကပါဋိဟာရိယ၊ (၁၂) မဟာကရုဏာသမာပတ္တိ၊ (၁၃) သဗ္ဗညုတ ဉာဏ်၊ (၁၄) အနာဝရဏဉာဏ်တော်ဟု လာရှိသည်။

http://www.dhammadownload.com

သုတ်ပါထိုက ဋ္ဌိကာ။ ၅၄-၌။မဂ်ဉာဏ်လေးပါး။ ဖိုလ်ဉာဏ်လေးပါး။ အသာခဉ်းစားဉာဏ်တော် ခြောက်ပါးအားဖြင့် ၁၄-ပါးဟု ဆိုထားသည်။

ဗုဒ္ဓဘာသာ၊ ဝင်သူမှာ၊ ၅-ဖြာ ယုံကြည်ချက်။ ။ဂုဏ်းယုံကြည်ချက် ငါးပါး နှင့် ပြည့်စုံမှု ဗုဒ္ဓဘာသာဝင် အစစ် ဖြစ်ကြောင်းကို သာသာရေးစာပေ တို့၌ ဆိုကုန်၏။ (၁) ဗုဒ္ဓ သဒ္ဒဟန-ဘုရား၌ ယုံကြည်ခြင်း၊ (၂) ဓမ္မ သဒ္ဒဟန်းဘုရား၏ တရားတော်၌ ယုံကြည်ခြင်း၊ (၃) သံဃ သဒ္ဒဟန-ဘုရား၏ တပည့်သား သံဃာတော်၌ ယုံကြည်ခြင်း၊ (၄) ကမ္မ သဒ္ဒဟန-ကောင်းကံ ဆိုးကံ ခေါ် ကံတရား၌ ယုံကြည်ခြင်း၊ (၅) ကမ္မ ဖလ သဒ္ဒဟန-ထိုကံ ၂-ပါး၏ ကောင်းကျိုး, ဆိုးကျိုး ရမှုကို ယုံကြည်ခြင်း။

ဗုဒ္ဓဘာသာ၊ ဝင်သူမှာ၊ ဂ-ဖြာအင်္ဂါ အဘယ်နည်း?။ ။မဂ္ဂင် ၈-ပါး,ကိုပင် ဗုဒ္ဓဘာသာဝင်တို့ လိုက်နာကျင့်ကြံရသော အင်္ဂါရုစ်ပါးဟု သိပါလေ။

ဗုဒ္ဓဘုရား၊ အား ဆယ်ပါး၊ ထင်ရှား မိန့်တော်မူ။ ။ဂုဏ်း သချုပ်ကို (အား တော် ၁၀-ပါး)၌ ရှုပါလေ။

ဗုဒ္ဓဘုရား၊ မျိုး ၃-ပါး၊ ကွာခြား ပါရမီ။ ။ဂုဏ်း ပုစ္ဆာ၏ သရုပ်ကို (ဘုရား အပြား မျိုး ၃-ပါး)၌ ထင်ရှားပြမည်။

ဗုဒ္ဓ ဘူမိကြီး ၄-ပါး။ ။ဘုရားဖြစ်နိုင်ရန် အကြောင်း ၄-ပါးဟူ၏။အင်္ဂုတ္တရ အဋ္ဌကထာ ။ဒု။ (၁) ဥဿာဟ-လွန်ကဲသော လုံ့လ,အားထုတ်မှု၊ (၂) ဥမင်္-လွန်ကဲသော ပညာ,သမ္မဇဉ်၊ (၃) အဝတ္ထာန- အဓိဋ္ဌာန်ချက်, စိတ် ပြဋ္ဌာန်းမှု၊ (၄) ဟိတ စရိယ-မေတ္တာဘာဝနာစသည့် စရိယ ၃-ပါး။

ဗုဒ္ဓမြတ်စွာ၊ ဝါဆိုရာ၊ ဌာနာ-၁၇ အဘယ်နည်း?။ ။ဂုဏ်း သရုပ်ကို(ဝါတော် ဆိုရာ၊ မြတ်ဗုဒ္ဓ၏) ဟူသော ပုစ္ဆာ၌ရှုပါ။

ဗုဒ္ဓမြတ်မှန်၊ ချီးမွမ်းရန်၊ ၃-တန် ကျမ်းမှာရှိ။ ။အင်္ဂုတ္တိရ သီဟသုတ်လာ။

(၁) စရိယ ဝတ္ထုလေးသရေ့နှင့် ကမ္မာတသိန်း ကာလပတ်လုံး လူတကာတို့ ပြုနိုင်ကြလျှင်သော် စွန့်ခြင်းကြီး ငါးပါး ပါရမီသုံးယယ်

http://www.dhammadownload.com

တို့ဖြင့် ဒုက္ကရစရိယာမှု ပြုခဲ့ပုံတွေကို ချီးကျူး ကြည်ညိုလို့ မကုန်နိုင်ရုတဲ့။

(၂) သရီရ ဝဏ္ဏသုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး ရှစ်ဆယ်သော လက္ခဏာတော်ငယ် ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် လှပတင့်တယ် သပ္ပါယ်တော်မူပုံတို့ကိုလည်း ချီးကျူးလို့ မကုန်နိုင်ရုတဲ့။

(၃) ဂုဏ ဝဏ္ဏ-အတိုင်းမသိသော ဘုန်းတော် ကံတော် ဉာဏ်တော်တန်ခိုးတော် ကျေးဇူးတော်တို့၏ ဂုဏ်ကိုလည်း ချီးကျူး၍ မကုန်နိုင်ရုတဲ့၊ ကြည်ညိုစရာတွေ သိုကလောက် များပြားတော်မူပါပေ၏။

ပုဒ္ဓဝစနမျိုး ၃-ပါး။ ။ဘုရားသခင် ဟောပြောတော်မူခြင်း စကားအစဉ် ၃-ပါး ဟူ၏။ (၁) ပဌမ **ပုဒ္ဓဝစန-** ဘုရားရှင် ရှေဦးစွာ ဆင်ခြင်တော်မူသော 'အနေက ဇာတိ သံသာရံ' စသည့် ဥဒါန်း **စကားတော်၊** (၂) ပစ္ဆိမ ပုဒ္ဓဝစန-ဘုရားသခင်၏ နောက်ဆုံး ဟောကြားတော်မူခဲ့သည့် 'ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယ ဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ' ဟူသော စကားတော်၊ (၃) မဇ္ဈိမ ပုဒ္ဓဝစန-ဌင်း **စကားတော်** နှစ်ပါးမှ တပါး ၄၅-ဝါ ကာလပတ်လုံး ဟောကြားတော်မူသော ဒေသနာ **တော်အစုစု**။

ပုဒ္ဓုပ္ပါဒ၊ နဝမ၊ ခဏ ၉-ချက်မြောက်။ ။ဘုရားသာသနာလျှင် ၉-ခုမြောက်သော ခဏ။ **ပုဒ္ဓုပ္ပါဒ** နဝမ ခဏလည်း ခေါ်၏။ လိုရင်းအဓိပ္ပါယ်ကား **ရပ်ပြစ်ရှစ်ပါးမှ လွန်ခြောက်**ရာ ဘုရားသာသနာလျှင် ၉-ခုမြောက် ဟူ၏။

[၈၆]

ဇေဋ္ဌ ၅-ပုံ။ ။ကာလသုံးပါး၌ ဖြစ်ပျက်မှု သဘောတရားများ ဟောကြား **သောကျမ်းစာစု**။ (၁) သာမ-နေ့လ တို့၏ သွားရာလမ်းကို ၁၂-ရာသီခွင်ပြု၍ **မည်သည့်** ရာသီခွင်၌ မည်သည့်ဂြိုဟ် ရပ်ဝန်နေသည်ကို ကြည့်ပြီးလျှင် **အသံ၊ လိတ္ထာ**, တြင်း, နဝင်း စသည်တို့ဖြင့် ဝေဘန်လျက် ကောင်း, မကောင်း **ကို ဟောသော ဇေဋ္ဌင်ကျမ်း၊** (၂) ယဇု-မိမိတို့အပေါ်၌ ရောက်ဆဲ ရောက်

http://www.dhammadownload.com

လတ္ဆံဖြစ်သော ဘေးရန်အပေါင်းတို့မှ လွတ်ကင်း ပပျောက်ရန် ဂြိုဟ်နက္ခတ် စသည်တို့အား ပူဇော်ပသသောနည်း ယတြာပြုသော နည်းတို့ကို ပြသော ဗေဒင်ကျမ်း၊ (၃) ဣသျှ- နေ, လ ကြတ်ခြင်း၊ နက္ခတ်, တာရာတို့ အသွားမမှန် ခြင်းကြောင့် ဘေးဥပဒ်ဖြစ်တတ် ပျက်တတ်ခြင်းကို ပြသော ဗေဒင်ကျမ်း၊ (၄) အတပ္ပန- သတ္တဝါတို့အား သေကြေ ပျက်စီး ပူပန် အောင်, မီးလောင်, လေတိုက်, မိုးခေါင်, ရေကြီးအောင်နှင့် ဆင်းရဲမှု အမျိုးမျိုးပြုလုပ်စီရင်နည်းတို့ကို ပြသော ဗေဒင်ကျမ်း။

မှတ်ချက်။ ။ဤ၌ နံပါတ် ၄-ကို အာထဗ္ဗဏ ရသေ့ စုဆောင်း စီရင် သောကြောင့် 'အာထဗ္ဗဏ' ခေါ်ကြောင်းနှင့် သက္ကဋ္ဌကျမ်း ဟောင်းတို့၌ ဆိုကြ၏။

[ဗေဘ]

ဗေဘဋ္ဌင် ၇-ပါး။ ။မဟာဝဂ္ဂ သံယုတ် ။ပါ။ ၆၀။ ၌။ ၁၇၀-၌ အကျယ်ရှု။ ဗေဘမိဿ+အင်္ဂါ=ဗေဘဋ္ဌင်္ဂါ 'ဗေဘမိဿ- သစ္စာလေးပါး တရားအပေါင်း ကို သိခြင်း မင်္, ဖိုလ် ဉာဏ်၏၊ အင်္ဂါ- အကြောင်းတို့တည်း၊ ဝါ, အစိတ် အပိုင်းတို့တည်း၊ ဗေဘဋ္ဌင်္ဂါ- သစ္စာလေးပါး သိကြောင်း မင်္ဉာဏ် ဖိုလ်ဉာဏ်၏ အကြောင်း၊ သို့မဟုတ် အစိတ်အပိုင်းဖြစ်သော တရား ၇-ပါး၊ ၎င်းတို့ကို ပွားစီးစေရသည် ဟူ၏။ (၁) သတိ သမ္မောဇ္ဈင်- အောက်မေ့ ခြင်း မင်္ဖိုလ်ဉာဏ် အစိတ် 'သတိ စေတသိက်'၊ (၂) ဓမ္မ ဝိစယ သမ္မောဇ္ဈင်- တရား စီစစ်ခြင်း မင်္, ဖိုလ် ဉာဏ်အစိတ်'ပညာ စေတသိက်'၊ (၃) ဝီရိယ သမ္မောဇ္ဈင်- လုံ့လစိုက်ခြင်း မင်္ ဖိုလ်ဉာဏ်အစိတ် 'ဝီရိယ စေတသိက်'၊ (၄) ပီတိ သမ္မောဇ္ဈင်-နှစ်သက်ခြင်း မင်္ ဖိုလ် ဉာဏ်အစိတ် 'ပီတိ စေတသိက်'၊ (၅) ပဿဒ္ဓိ သမ္မောဇ္ဈင်- အေးမြခြင်း မင်္ ဖိုလ်ဉာဏ် အစိတ် 'ကာယ, စိတ္တ ပဿဒ္ဓိ စေတသိက်'၊ (၆) သမာဓိ သမ္မောဇ္ဈင်- စိတ်၏ တည်ကြည်ခြင်း မင်္ဖိုလ်ဉာဏ် အစိတ် 'ကေဂ္ဂတာ စေတသိက်'၊ (၇) ဥပေက္ခာ သမ္မောဇ္ဈင်- လျစ်လျူရှုခြင်း မင်္ဖိုလ်ဉာဏ်အစိတ် 'တတြ-မဇ္ဈတ္တတာ စေတသိက်'။

ဗေဘိပက္ခိယတရား ၃၇-ပါး။ ။ဝိသုဒ္ဓိမင်္၊ ဒု-အုပ်၊ ၃၁၀-၌ အကျယ်ရှု။ ဗေဘိ- သစ္စာလေးပါးကို ကောင်းစွာ သိတတ်သော အရိယာမင်္၏၊

http://www.dhammadownload.com

ပက္ခိယ- အသင်းအပင်း အဖော်သဟဲဖြစ်သော တရားစုများ၊ မင်္ဂဉ်၏ ဘက်တော်သား, မင်္ဂဉ်၏ အကျိုးကို ရွက်ဆောင်ပေးသောတရား ၃၇-ပါးဟူလို။ (က) သတိပဋ္ဌာန် ၄-ပါး၊ (ခ) သမ္မပ္ပဓာန် ၄-ပါး၊ (ဂ) ဣဒ္ဓိပါဒ် ၄-ပါး၊ (ဃ) ဣန္ဒြေ ၅-ပါး၊ (င) ဗိုလ် ၅-မါး၊ (စ) ဗောဇ္ဈင် ၇-ပါး၊ (ဆ) မဂ္ဂင် ၈-ပါး၊ ပေါင်း ၃၇-ပါး။

ဗေဒမျိုး ၃-ပါး။ ။သမ္မောဓိလည်း ဟူ၏၊ ထေရဂါထာ ။၄၆။ သစ္စာတရားစုကို သိခြင်းနည်း ၃-ပါး။ (၁) သမ္မာ သမ္မောဓိ- ဆရာမရှိ မိမိကိုယ်တိုင် သစ္စာလေးပါးကို သိ၍ သူတပါးတို့အားလည်း သိစေတော်မူတတ်သော မြတ်စွာဘုရား၊ (၂) ပစ္စေက ဗောဓိ- ဘုရားမှ အသီးအခြားဖြစ်သော ဘုရားငယ်တမျိုး၊ (၃) သာဝက ဗောဓိ- ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၏ တပည့်သားများ။

ဗေဒမျိုး ၃-ပါး၊ တနည်း။ ။ဘုရားသခင်၏ ဝါတော်ဖြင့် ပိုင်းခြားမူ ဝေဟာရ၊ မူလပဏ္ဏာသ အဋ္ဌကထာ။ (၁) ပဌမဗောဓိ- ဝါတော် ၂၀-ထိ၊ (၂) ဒုတိယဗောဓိ- ၂၁-ဝါမှ ၃၅-ဝါထိ၊ (၃) တတိယဗောဓိ- ၃၆-ဝါမှ ၄၅-ဝါထိ။

ဗေဒမျိုး ၃-ပါး၊ တနည်း။ ။သာရတ္ထ ဒီပနီ ဆရာ့အလို၊ ဗောဓိ ၃-ပါးလုံး ၁၅-ဝါစီ အညီအမျှယူ၍ သုံးပါးပေါင်းသော် ၄၅-ဝါ၊ သက်တော် ရှစ်ဆယ်စေ့လျှင် မိမိကိစ္စကို တခုမကျန် ကုန်စင်ပြီးစေလျက် မဟာသက္ကရာဇ် ၁၄၀- ခုနှစ်ဝယ် ငါတို့တတွေကို စွန့်ပယ်၍ နိဗ္ဗာန်လမ်းသို့ စံမြန်းတော်မူခြင်းကိုပင် ဗောဓိ ၃-ပါး ငြိမ်းခြင်းဟူ၏။

ဗေဒမျိုး ၅-ပါး။ ။တရားထူး တရားမြတ်ကို ထိုးထွင်း၍ သိနိုင်သူ ငါးပါး။ (၁) သမ္မာ သမ္မောဓိ ၃-မျိုး၊ (က) ပညာဓိက သမ္မာ သမ္မောဓိ- လေးသခ်ေါ့နှင့် ကပ္ပါတသိန်း ပါရမီဖြည့်မှ ရနိုင်သည်၊ (ခ) သဒ္ဓါဓိက သမ္မာသမ္မောဓိ- ရှစ်သခ်ေါ့နှင့် ကပ္ပါတသိန်း ပါရမီဖြည့်မှ ရနိုင်သည်၊ (ဂ) ဝီရိယာဓိက သမ္မာသမ္မောဓိ- တဆယ့်ခြောက်သခ်ေါ့နှင့် ကပ္ပါတသိန်း ပါရမီဖြည့်မှ ရနိုင်သည်၊ (၂) ပစ္စေက ဗောဓိ- နှစ်သခ်ေါ့နှင့် ကပ္ပါတသိန်း ပါရမီဖြည့်မှ ရနိုင်သည်၊ (၃) အဂ္ဂ သာဝက ဗောဓိ- ၁-သခ်ေါ့နှင့် ကပ္ပါတသိန်း ပါရမီဖြည့်မှ ရနိုင်သည်၊ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂ

http://www.dhammadownload.com

 [ဗိုဂ် + ဇ်။ ဗျ + ဥ်။ ဗျ + ည်း]

လာန် တို့လို အစား၊ (၄) မဟာ သာဝက ဗောဓိ- ကပ္ပါတသိန်း ပါရမီ ဖြည့်မှု ရနိုင်သည်၊ ညီတော်အာနန္ဒာ, သားတော်ရာဟုလာ, ရှင်မဟာ ကဿပကြီးတို့လို၊ (၅) ပကတိ သာဝက ဗောဓိ- ကပ္ပါ အပိုင်းအခြား မရှိ ပါရမီ ဖြည့်ရသော သာမည ရဟန္တာ အစားမျိုး။

[ဗိုလ်]

ဗိုလ် ၅-ပါး။ ။မဟာဝဂ္ဂသံယုတ်။ပါ။ ၂၁၈ ။ဋ္ဌ။ ၂၈၁။ ပိဋကတ်၆တော်၌ ဗလ-ခေါ် ဗိုလ်နှင့်စပ်၍ နည်းပေါင်းများစွာ လာရှိသည်၊ အဘိဓမ္မာ၌ ဗိုလ်တပ်သော သဘောတရားများ၊ ကောင်းမှုကုသိုလ် ပြုသောအခါ ထိုင်ရာပါးကို ဗိုလ်တင်ထားရမည် ဟူ၏။ (၁) သဒ္ဓါ ဗိုလ်၊ (၂) ဝီရိယ ဗိုလ်၊ (၃) သတိ ဗိုလ်၊ (၄) သမာဓိ ဗိုလ်၊ (၅) ပညာ ဗိုလ်။

ဗိုလ် ၉-ပါး၊ တုနည်း။ ။ဗိုလ်ထိုက်, ဗိုလ်ဆဲသော ကုသိုလ်, အကုသိုလ် တရားစုများ၊ ၎င်းသရုပ် အဓိပ္ပါယ် (ဗလ ၉-တန်)နှင့် တူ၏။

[ဗျ]

ဗျဉ္ဇနဗုဒ္ဓိ ၁၀-ပါး။ ။မူလပဏ္ဏာသ။ဋ္ဌ။ ဒု-အုပ်၊ ၁၀၈။ ဝိနယသင်္ဂဟ ။ဋ္ဌ။ ၃၉၇။ ကဗျာလင်္ကာ, သိဒ္ဓံ၎င်း ဂီတများနှင့် ကမ္မဝါ, ဥတ်, သရဏကုံ ရွတ်ဖတ်ရာ၌ အက္ခရာတို့၏ သံတို့, သံရှည်, သံပြင်း, သံလျော့ စသော အပြား ဆယ်ပါးကို သိရှိထားမှု ဥပဒေရပ်များ။ (၁) သိထိလ-လျော့လျော့ညှင်းညှင်း ရွတ်ရသော အက္ခရာ၊ (၂) ဓနိတ- တင်းတင်း ရွတ်ရသော အက္ခရာ၊ (၃) ဒီဃ-သံရှည် ရွတ်ရသော အက္ခရာ၊ (၄) ရဿ-သံတို ရွတ်ရသော အက္ခရာ၊ (၅) ဂရုက- သံလေးရွတ်ရသော အက္ခရာ၊ (၆) လဟုက- သံပေါ့ ရွတ်ရသော အက္ခရာ၊ (၇) နိဂ္ဂဟိတ-ကရိဏ်းကို နှိပ်၍ ရွတ်ရသော အက္ခရာ၊ (၈) သမ္ဗန္ဓ- ပုဒ်ကိုစပ်၍ ချောမောပြေပြစ်စွာ ရွတ်ရခြင်း၊ (၉) ဝ ဝတ္ထိတ-ပုဒ်ကိုဖြတ်၍ ပြတ်ပြတ်သားသား ရွတ်ရခြင်း၊ (၁၀) ဝိမုတ္တ- ကရိဏ်းကို လွှတ်၍ ဖွင့်၍ ရွတ်ရခြင်း။

ဗျည်း ၃၃-လုံး။ ။အနက်ကို မှတ်ကြောင်းဖြစ်သော ပါဠိမြန်မာ သင်္ကေတ ၃၃-လုံး။ "က,ခ,ဂ,ဃ,င၊စ,ဆ,ဇ,ဈ,ည၊ဋ,ဌ,ဍ,ဎ,ဏ၊တ,ထ,ဒ,ဓ, န၊ပ,ဖ,ဗ,ဘ,မ၊ယ,ရ,လ,ဝ၊သ,ဟ,ဠ,အံ" ဗျည်း ဟူ၏။

http://www.dhammadownload.com

ဗျည်း ၃၅-လုံး။ ။ဤ၌၌ ဗျည်း ၃၅-ဟု မြန်မာမှု အလို ခေါ်ဆိုပြောကြား နေကြသေးသည်ကား "အဲ, အား" ဗျည်း ၂-လုံးကိုပါ ထည့်သွင်း ရေတွက် ကြကုန်၏။

ဗျာဘိ, စာရီဘာဝဗျိုး ၃၃-ပါး။ ။ဇာတ်, ဝတ္ထုတို့၌ ပါရှိ စေရမည့် ဌာယီ ဘာဝ ၉-ပါးမှ ပေါက်ဖွားလာသော ဖြစ်လွယ်ပျက်လွယ် ထူးခြားချက် စာပေအလင်္ကာ သဘောစုများ။ နိဗ္ဗေဒ-ငြီးငွေ့ခြင်း၊ တက္က-ကြံစည်ခြင်း၊ သင်္ကာ-ယုံမှားခြင်း၊ သမ-ပင်ပန်းခြင်း၊ သန္တုဋ္ဌိ-ရောင့်ရဲခြင်း၊ ဇဋတာ-မိုင်တွေခြင်း, မိုန်းခြင်း၊ ဒီနတာ-တကိုယ်တည်း ဆင်းရဲရခြင်း၊ ဥဂ္ဂ-ကြမ်းကြုတ်ခြင်း၊ အလသ-ပျင်းရိခြင်း၊ သုတ္တ-အိပ်စက်ခြင်း၊ (၁၀) တာသ-ထိတ်လန့်ခြင်း၊ ဂိလာန-အားမရှိခြင်း၊ ဥဿုက္က-လုံ့လရှိခြင်း၊ ဟရိသ-ကြည်ညိုခြင်း၊ သတိ-အောက်မေ့ခြင်း၊ ဣဿာ-ငြူစူခြင်း၊ ဝိသဒ-မလှုပ်ခြင်း, နှမ်းနယ်ခြင်း၊ အဗဟိတ္ထ-ဣန္ဒြေဟန် ကိုယ်လက် စောင့်စည်းခြင်း၊ ဓိတိ- တည်ကြည်ခြင်း သမာဓိ၊ ဂဗ္ဘ-မာန်မူခြင်း၊ (၂၀) အပ မာရ-တက်ခြင်း, ဝက်ရူးပြန်ခြင်း၊ မရိသ-သည်းမခံခြင်း ဒေါသ၊ မဒ-စည်းစိမ်ယစ်ခြင်း၊ မတိ-အသိ အမြင် ဉာဏ်ပညာ၊ ဥမ္မာဒ-ရူးသွပ်ခြင်း၊ မောဟ-မိုက်မဲတွေဝေခြင်း၊ ဝိဗောဓ-မအိပ်စက်နိုင်ခြင်း၊ နိဒ္ဒါ-အိပ်ပျော်ခြင်း, အိပ်ငိုက်ခြင်း၊ အာဝေဂ- မျက်စိတွေဝေခြင်း, စိတ်ထင် မှားခြင်း၊ သဗိဠ-ရှက်ခြင်း၊ (၃၀) မရဏ-သေခြင်း၊ သစပလျ-လျှပ်ပေါ်လော်လည်ခြင်း၊ ဗျာဓိ-ဖျားနာခြင်း, အနာရောဂါ (၃၃)။

ဗျသနတရား ၅-ပါး။ ။နိဒါနဝဂ္ဂသံယုတ် ။ပါ။၃၈၈။၌။၁၄၆။ ပျက်စီးခြင်း တရား ၅-ပါး၊ ထို ၅-ပါးတို့တွင် အမှတ် ၁, ၂, ၃ တို့ကြောင့် သတ္တဝါတို့အား အပါယ်လေးပါးသို့ မလားရောက်စေကုန်၊ သီလ ဗျသန, ဒိဋ္ဌိ ဗျသန, နှစ်ပါးကြောင့်ကား သတ္တဝါတို့ အပါယ်လေးပါးသို့ လားရောက်ကြကုန်၏။ (၁) ဉာတိ ဗျသန-ဆွေမျိုးပျက်စီးခြင်း၊ (၂) ဘောဂ ဗျသန-စီးပွားဥစ္စာ ပျက်စီးခြင်း၊ (၃) ရောဂ ဗျသန- အနာရောဂါ နှိပ်စက်၍ ပျက်စီးခြင်း၊ (၄) သီလ ဗျသန- ကောင်းသော အကျင့် အလေ့ သီလပျက်စီးခြင်း၊ (၅) ဒိဋ္ဌိ ဗျသန-ကောင်းမှန်သော ဘာသာအယူ ပျက်စီးခြင်း။

http://www.dhammadownload.com

ဗျာဒိတ်ရ အလောင်းတော်တို့ မဖြစ်ရာသော အရပ် ၁၈-ပါး။ ။နိယတ ဗျာဒိတ် ခံယူပြီးသော ဘုရားအလောင်းတို့ မဖြစ်ကောင်းတော့သော အကြောင်းဌာနများ. (၁၈)ပါး ဟူ၏၊ အကျယ်ကို ပုဒ္ဓဝံသအဋ္ဌကထာ ၃၁၆။ သုတ္တနိပါတ်။၂။ ပ-အုပ် ။၄၅။ အဋ္ဌသာလိနီ။ ၇၁-တို့၌ ရှုပါကုန်။ (၁) နဇစ္စန္ဓ-ပဋိသန္ဓေမှ မကန်းခြင်း၊ (၂) နဇစ္စ ဗဓိရ-ပဋိသန္ဓေမှ နားမပင်းခြင်း၊ (၃) နလေ မူဂ-အရိယိုခြင်းမရှိ၊ (၅)နပိဓ သိပ္ပိ-မဆွန့် မအခြင်း၊ (၆)နမိလက္ခဗာတိ-မိလက္ခူမျိုး၌ မဖြစ်ခြင်း၊ (၇)နဒါသိ-ကျွန်မဝမ်း၌မဝင်၊ (၈) နနိယတ မိစ္ဆာဒိဋ္ဌိ-ဂင်းအယူဝါဒ မရှိ၊ (၉) နလိင် ပရိဝတ္တန-လိင်အသွင် မပြန်ခြင်း၊ (၁၀) နပဥ္စာနန္တရိယ ကမ္မ-ဂင်းကံများ မပြုခြင်း၊ (၁၁) နကုဋ္ဌက-နူနာ ဖြစ်တော်မမူခြင်း၊ (၁၂) နတိရစ္ဆာန ယောနိယံ ဝဋ္ဋကဇာတ-တိရစ္ဆာန်မျိုး၌ ငုံးအောက် အငယ် ဆင်ထက် အကြီး ဖြစ်တော်မမူခြင်း၊ (၁၃) နခုပ္ပပါသိက, နိဗ္ဗာမတဏှိကပေတ, ကာလကဉ္စိက သူရေသု-ခုပ္ပပါသိကပြိတ္တာ, နိဗ္ဗာမတဏှိကပြိတ္တာ, ကာလကဉ္စိက အသူရာမျိုးတို့၌ မဖြစ်ခြင်း၊ (၁၄) နအဝီစိနိရယ လောကန္တရေသု-အဝီစိငရဲ လောကန္တရိက် ငရဲတို့၌ မဖြစ်ခြင်း၊ (၁၅) ကာမာဝစရေ နမာရော- ကာမာဝစရနတ်တို့တွင် မာရ်နတ် မဖြစ်ခြင်း၊(၁၆)နအသညီတသုဒ္ဓါဝါသ ဘဝေသု-ရှုပဘုံတွင် အသညသတ် သုဒ္ဓါဝါသ ဘုံတို့၌ မဖြစ်ခြင်း၊ (၁၇) နအရူပ ဘဝေသု-အရူပဘဝတို့၌ မဖြစ်ခြင်း၊ (၁၈) နအဥ စက္ကဝါဠ-ကျ်ိစကြဝဠာမှ တခြားသော စကြဝဠာတို့၌ ပြောင်း၍ ဖြစ်တော်မမူခြင်း။

ဗျာဒိတ်ရကြောင်း အင်္ဂါ ၈-ပါး။ ။ဥပရိပဏ္ဏာသ ။၄။၈၆။ ပါရာဇိကဏ် အဋ္ဌကထာ ၁၂၇။ ပုဒ္ဓလောင်းလျာတို့ နိယတ ဗျာဒိတ် ရခြင်း၏ အကြောင်းအင်္ဂါ ၈-ပါး။ (၁) မနုဿဇာတိ-လူ့ဘုံ လူ့ရပ် လူတို့ဇာတ်မှ လူကဖွဲ့ဝန်းလစ် လူသဘာဝစစ်စစ် ဖြစ်ရခြင်း၊ (၂) လိင် သမ္ပတ္တိ- ပဏ္ဍုက်မျိုး ၅-ပါးတွင် မဝင်မပါ သမ္ဘာထူးလစ် ယောကျ်ားအစစ် ဖြစ်ရခြင်း၊ (၃)ဟေတု-ထိုဘဝနှင့်အားထုတ်သွားလျှင် နိဗ္ဗာန်မင်္ဂဖိုလ်ကိုရနိုင်လောက်သော စွမ်းအား အကြောင်းရှိခြင်း၊ (၄) သတ္ထာရ ဒဿန-မြတ်စွာဘုရား သခင်တို့ကို ကိုယ်တိုင်မျက်မှောက် ဖူးတွေ့ရခြင်း၊ (၅) ပဗ္ဗဇ္ဇာ- အိမ်မှ

http://www.dhammadownload.com

ထွက်လှုမ်း တောစခန်း၌ ရသေ့ရဟန်း အဖြစ်ဖြင့် နေခြင်း၊ (၆) ဂုဏ သမ္မတ္တိ- စျာန် အာဘိညာဉ် တန်ခိုးဂုဏ်နှင့် ပြည့်စုံရခြင်း၊ (၇) အဓိကာရ- ကိုယ်နှင့် အသက် မငဲ့ကွက်ဘဲ စွန့်ပစ်ပယ်ခွါ၍ ဘုရားဆုကိုသာ လိုလား ပန်ဆင်ခြင်း၊ (၈) ဆန္ဒတာ- ဘုရားဖြစ်လိုက ငရဲ၌ လေးသခွေးနှင့် ကမ္ဘာ တသိန်း ခံရမည်ဆိုလျှင် ရဲဝံ့စွာခံ၍ ရယူလိုလားသော မဟာဆန္ဒရှိခြင်း။

ဗျာဒိတ်ရပြီး ပုဂ္ဂိုလ်ကြီး ၁၀-ပါး။ ။ဂုဏ်းသရုပ် အဓိပ္ပါယ်ကို (ရှင့်မှာ တာကျိပ်)၌ ပြမည်။

ဗျာပါဒ အင်္ဂါ ၂-ပါး။ ။ဂုဏ်း (ဒေါသစိတ်)မနောကံမြောက်မှုအင်္ဂါ ၂-ပါး။ (၁) ပရသတ္တ-မိမိမှ တပါးသော သတ္တဝါဖြစ်ရခြင်း၊ (၂) တပ္ပိနာသန စိန္တနံ-ထို သတ္တဝါကို ပျက်စီးမှု ကြံစည်ခြင်း။

[ဗျူ]

ဗျူဟာမျိုး ၃-ပါး။ ။စစ်တိုက် စစ်ဆင်နည်း ပရိယာယ် ၃-ပါး။ (၁) စက္က ဗျူဟာ-စက်ဝန်း,ပစောက်, လခြမ်း, ပုံစံ လှည့်၍ ထိမိအောင် စစ်ဆင်ခြင်း၊ (၂) သကဋ ဗျူဟာ- လှည်းဦးကဲ့သို့ အလည်၌ချူး၍ တောင်ပံနှစ်ဖက်ဖြန့်ကာ တချူးထိုး စစ်ဆင်ခြင်း၊ (၃) ပဒုမ ဗျူဟာ- ပဒုမ္မာ ကြာချပ်ကဲ့သို့ အထပ်ထပ် ချ၍ ထွက်ပေါက် မရအောင် စစ်ဆင်ခြင်း။

ဗျူဟာမျိုး ၂၉-ပါး။ ။ဂုဏ်း အကျယ် အဓိပ္ပယ်ကို(စစ်ဆင်စစ်ထိုး ၂၉-မျိုး)၌ ကျပါလေ။

[ဗျော]

ဗျောသာမျိုး ၅-ပါး။ ။ကြိုကဋ္ဌက် ၃-ပါးကို ဆေးကျမ်းတို့၌ "ဗျောသာ ၃-ပါး"ဟု စကားဖေးသံသားကြောင်း။

[ဗြ]

ဗြဟ္မစရိယ ကောမာရ သီဇမျိုး ၅-ပါး။ ။ဗြဟ္မစရိယ ပဥ္စမက သီလလည်း ဟူ၏။ လူမျိုး, အမျိုးတို့ စောင့်သုံးကြသည်။ (၁) ပါဏာတိပါတာ-

http://www.dhammadownload.com

ဝေရမဏိ၊ (၂) အဒိန္နာဒါနာ ဝေရမဏိ၊ (၃) မုသာဝါဒါ ဝေရမဏိ၊ (၄) သုရာမေရယ မဇ္ဇ ပမာဒဋ္ဌာနာ ဝေရမဏိ၊ (၅) အဖြဟ္မစရိယာ ဝေရမဏိ။

ဖြဟ္မစရိယတရား ၄-ပါး။ ။ဖြဟ္မစိုရ်တရား လေးပါး၊ မြတ်သော အကျင့် ၄-မျိုးဟု အဓိပ္ပါယ်ရသည်။ (၁) မေတ္တာ- မိမိကိုယ်နှင့်အမျှ ချစ်ခြင်း၊ (၂) ကရုဏာ-ဆင်းရဲသူကို သနားခြင်း၊ (၃) မုဒိတာ- ချမ်းသာသူ အတွက် ဝမ်းမြောက်ခြင်း၊ (၄) ဥပေက္ခာ-ဆင်းရဲ ချမ်းသာ ထိုနှစ်ဖြာတို့၏ အကြားဒွ်ဒ စိတ်ဓာတ်ကို ထားခြင်း၊ သောကကင်းဝေး နေနိုင်ရေးတရား။

ဖြဟ္မစရိယတရား ၁၀-ပါး။ ။ဂုဏ်၏ သရုပ်အဓိပ္ပါယ် (သုစရိုက် တရား ၁၀-ပါး) နှင့် အတူတူပင် ဖြစ်၏။

ဖြဟ္မစရိယ ပဥ္စမက သိလ။ ။ဖြဟ္မစရိယ ကောမာရသိလ ကိုပင် အချို့ နေရာ၌ 'ဖြဟ္မစရိယ ပဥ္စမကသိလ' ဟူသော အမည်ဖြင့် လာရှိ၏၊ အဓိပ္ပါယ် အတူတူပင်။

ဖြဟ္မစရိယာ၊ မေထုနာ၊ ၄-ဖြာ ကိစ္စသိ။ ။မေထုန်မှုမှ ကြဉ်ရှောင်ခြင်းကိစ္စ ၄-မျိုး ဟူ၏။ (၁) မေထုန ဝိရတိ ဖြဟ္မစရိယ-လူပုဂ္ဂိုလ်တို့ အဖြဟ္မစာရီ သိက္ခာပုဒ် ဆောက်တည်ခြင်း၊ (၂) သမဏ ဓမ္မ ဖြဟ္မစရိယ-ရဟန်းတော်တို့ ဝိနည်းတရားလာ ပဌမ ပါရာဇိက၊ (၃) သာသန ဖြဟ္မစရိယ-ဗုဒ္ဓ အဆုံးအမ ခံယူသူအားလုံးတို့ မေထုန်မှ လိုက်နာ ကြဉ်ရှောင်မှု၊ (၄) မဂ္ဂ ဖြဟ္မစရိယ-အရိယာမဂ်ဖြင့် မေထုန်မှုအကျင့်ယုတ်တို့ကို လုံးဝ ပယ်ဖြတ်မှု။

ဖြဟ္မစရိယာ၊ ယင်းသဒ္ဒါ၊ ၁၀-ဖြာ အနက်ဟော။ ။အဘိဓာန် ကျမ်းလာ ဖြဟ္မစရိယ သဒ္ဒါ၏ အနက် ဆယ်ချက်ကို ဆိုသည်။ (၁) ဒါနသို့-အလှူ ဒါနဋ္ဌ ၎င်း၊ (၂) အပ္ပမညာသု-အပ္ပမညာ တရား ၄-ပါးတို့၌ ၎င်း၊ (၃) သာသနေ-ဘုရားရှင်၏ အဆုံးအမတော်၌ဌ၎င်း၊ (၄) မေထုနာရတိယံ-မေထုန်မှ ကြဉ်ခြင်း၌ဌ ၎င်း၊ (၅) ဝေယျာဝစ္စေ-ဝေယျာဝစ္စကုသိုလ်၌ဌ၎င်း၊ (၆) သ ဒါရတုဋ္ဌိယံ-မိမိမယားဖြင့် သာ တင်းတိမ်မှု၌ဌ ၎င်း၊(၇)ပဥ္စသိလေ-ငါးပါးသီလ၌ဌ ၎င်း၊ (၈) အရိယမဂ္ဂေ- အရိယာမဂ်၌ဌ ၎င်း၊ (၉) ဥပေါသထဂေ်-ဥပုသ်သီလ အင်္ဂါ၌ဌ ၎င်း၊ (၁၀) ဓိတိယံ-လုံ့လ ဥဿာဟ ၌ဌ ၎င်း ဖြစ်၏။

http://www.dhammadownload.com

မြဟ္မဏဓေါ်၊ အင် ဥ-ဒဘာ်၊ မိန့်တော်မူ ဘုရား။ ။ဤင်း သရုပ်ကို တတိယ နံမော်ဆရာတော်ဘုရား၏ 'တပေါ်, သုတိ, ယောနိ, ဟူသည်၊ သုံးအင်္ဂ တည်မှ၊ အမည် ပြ၊ ဘွဏ၊ ဟူစရသို့၊ ဗုဒ္ဓသည်းချာ၊ တော်တို့မှာလည်း၊ အင်္ဂါ သုံးတန်၊ ဂုဏ်တန်ခွန်ကို, စိုက်ဝှန်စွင့်စွင့်၊ လွှားစတင်မှ၊ သမဏတည့်' ဟူသော ဆုံးမစာဖြင့်သိ။ တပေါ်, သုတိ, ယောနိ, တို့၏ အဓိပ္ပါယ် အဖွင့်ကား၊ တပေါ်- မြတ်သော အကျင့်တရားရှိခြင်း၊ သုတိ- ပေဒင်ကျမ်းအတတ်, အကြားအမြင် များခြင်း၊ ယောနိ-ပြဟ္မဏမျိုးဇာတ် စစ်ခြင်း။

ဗြဟ္မဏအစစ်ဖြစ်ကြောင်း အင်္ဂါ ၇-ပါး။ ။အဇပါလ-သတ္ထာဟ ဟုံဟုက်ပုဏ္ဏား မေးလျှောက်ခန်း၌ ရှုပါ။ (၁) ဗာဟိတ ပါပဓမ္မော-မကောင်းမှုကို အပ ပြုပြီး၊ ဖြစ်ခြင်း၊ (၂) နိဟုံဟုကော်-တဟုန်းဟုန်း မာန်မူမှုမှ ကင်းစင်ခြင်း၊ (၃) နိက္ကသာဝေါ-ကိလေသာ အစွန်းအငြိမှ ကင်းစင်ခြင်း၊ (၄) ယတတ္ထော-သီလစောင့်ထိန်း၍ သမထ ဝိပဿနာ နှစ်ဖြာမသောအကျင့် ရှိခြင်း၊ (၅) ဝေဒန္တဂူ-အရဟာတ္တဖိုလ် (နိဗ္ဗာန်)သို့ ရရောက်ပြီးခြင်း၊ (၆) ဗုသိတ ပြဟ္မ စရိယ- မှန်ကန်သော မဂ်အကျင့်ကို ကျင့်သုံးပြီးပြီ၊ (၇) ဉဿဒါ နုတ္ထိ-ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိဟူသော ဥဿဒတရား ငါးပါးမရှိခြင်း၊ ဤတရားခုနစ်ပါးနှင့် ပြည့်စုံသူကို ပြဟ္မဏဟု ခေါ်သည် ဟူ၏။

ဗြဟ္မ ဝိဟာရတရား ၄-ပါး။ ။ပြဟ္မာမင်းတို့၏ နေခြင်း ကျင့်ခြင်း တရား လေးပါး။ သရုပ် ပြဟ္မစိုရ်နှင့် တူ၏။

ဗြဟ္မာ ၂၀။ ။ပြဟ္မာဘုံ နှစ်ဆယ် ဟူ၏။ (က) ရူပပြဟ္မာ ၁၆-ဘုံ၊ (ခ) အရူပပြဟ္မာ ၄-ဘုံ၊ ပေါင်း ၂၀-ကို ခေါ်သည်။

ဗြဟ္မာစွဲ ဝါဒကြီး ၄-ပါး။ ။ထာဝရဘုရား ခေါ် ဗကပြဟ္မာကြီး၏ မိစ္ဆာ ဝါဒကြီး လေးပါး၊ ပြဟ္မဇာလသုတ် အဋ္ဌကထာမှ။ (၁) ထာဝရ မြဲနေ၏ဟု ယူခြင်း၊ (၂) မဟာပြဟ္မာဘုံ၊ သို့မဟုတ် ကောင်းကင် ဘုံမှ တပါး ကျွတ်လွတ်ရန် မရှိဟု ယူခြင်း၊ (၃) လောကကို ပြဟ္မာခေါ် ထာဝရဘုရား ဖန်ဆင်းသည်ဟု ယူခြင်း၊ (၄) မဟာပြဟ္မာကြီးပင် ကာဝရဘုရားဖြစ်၏ဟု ယူခြင်း။

http://www.dhammadownload.com

မြဟ္မာမင်း ဦးဧဝါင်းပိုက် နတ်သမီး ၇-ပါး။ ။လောကီဗေဒင် သက္ကရာဇ်, သင်္ကြန်, အတ္ထုပ္ပတ်တို့၌လာသည့် မြဟ္မာမင်းကြီး၏ ဦးခေါင်းကို တနှစ်တကြိမ် အလှည့်ကျ ပိုက်ထားရသော နတ်သမီးများဟူ၏၊ ၎င်းကိုပင် သက္ကရာဇ် ဦးခါင်းလည်း ခေါ်သေး၏။ (၁) နန္ဒာ နတ်သမီး၊ (၂) ကညာ နတ်သမီး၊ (၃) ဓံသီ နတ်သမီး၊ (၄) ဂေါရဏာ နတ်သမီး၊ (၅) မဟော ရကာ နတ်သမီး၊ (၆) ပြောက်ကာ နတ်သမီး၊ (၇) ရဏကာ နတ်သမီး။

မြဟ္မာမျိုး ၄-ပါး။ ။ရွှေ့, နာမ်နှင့် အကျင့်တရားလိုက်၍ အမျိုး ၄-ပါး ဖြစ်သည်။ (၁) ရွှေ့ပ မြဟ္မာ- ရွှေ့, နာမ် ၂-ပါးရှိသည်၊ (၂) အရွှေ့ပမြဟ္မာ- နာမ်သက်သက်သာ ရှိသည်၊ (၃) အသညသတ် မြဟ္မာ- ရွှေ့ပသက်သက်သာ ရှိသည်၊ (၄) သုဒ္ဓါဝါသ မြဟ္မာ- အရိယာ သက်သက်သာ ရှိသည်။

[ဘ]

ဘကြီးတော်ခေါ်၊ မင်းမြတ်ကျော်၊ မည်တော် ၆-ပါးလာ။ ။ကုန်းဘောင်မင်း ၁၁-ဆက်တွင် ၇-ဆက်မြောက် မင်းတရားကြီးဖြစ်၍ ရာဇဝင်တို့၌ အောက်ပါ အမည်တော် ၆-ပါးတို့နှင့် ထင်ရှားခဲ့လေသည်။ (၁) ဘကြီးတော်ဘုရား- ပုဂံမင်းနှင့် မင်းတုန်းမင်းတို့၏ဘကြီးတော် ဖြစ်သော ကြောင့် တည်း၊ (၂) စစ်ကိုင်းမင်း- မင်းသားငယ် ဘဝက စစ်ကိုင်းမြို့ကို စားရသောကြောင့် တည်း၊ (၃) နောင်တော်ကြီး- သာယာဝတီမင်း ခေါ် ကုန်းဘောင်မင်းလည်း ခေါ်သည့် ရွှေဘိုမင်းတြား၏ နောင်တော် ဖြစ်သောကြောင့် တည်း၊ (၄) ဖလ်နှန်းရှင်, မှန်နှန်းရှင်- နန်းတော်ကြီး၌ ဖလ်, မှန်တွေ အလွန်များသောကြောင့် တည်း၊ (၅) ရတနာပုရ စတုတ္ထမြို့တည် နန်းတည် မင်းတြားကြီး၊ (၆) ဆင်ဖြူရှင်- နန်းစံ ၁၈-နှစ် တိုင်တိုင် ဘုန်းတန်ခိုးကြီးလျက် ဆင် ရတနာမျိုးစုံ ဆက်သခံရသော ကြောင့် တည်း။

ဘယ်သံခေါ်လှစ်၊ မျိုး ၁၈၊ ဝါ, ဂီ, နှစ်, မှာသုံး။ ။ကဗျာလင်္ကာရွတ်ဖတ်ရာ၌ သာသာအေးအေး အားထုတ်မှု များများ မပေးရဘဲ ရွရွကလေး ရွတ်ဆိုရသော အသံမျိုးကို "ဘယ်သံ, သင်္ကသံ, ချသံ, အောက်သံ, သံမ, အောက်မြင့်သံ" စသည် ခေါ်ကြ၏၊ အကျယ် ကဗျာဖွဲ့နည်း နိသျည်း

http://www.dhammadownload.com

ကျမ်း၌ ရှုလေ၊ "အ, ဣ, ဥ, ဧ, ဩ, အိုံ, အဋ်, အည်, အန်, အမ်, အိန်, အိမ်, အုန်, အုမ်, အယ်, အောင်, အိုင်, အိုဝ်" တို့ဖြစ်ကြ၏။

ဘဝ ၂-ပါး။ ။အဘိဓမ္မာ ဝေါဟာရ။ (၁) ကမ္မ ဘဝ-ပြုလုပ်သမျှ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ စေတနာများ၊ (၂) ဥပပတ္တိ ဘဝ-ထိုကုသိုလ် အကုသိုလ်ကံတို့ကြောင့် နောက်ဘဝ၌ ဖြစ်သော ပဋိသန္ဓေ ဝိညာဉ် ကမ္မဇရုပ်များ။

ဘဝ ၃-ပါး။ ။တိကဂုတ္တရ ။ပါ။ ၂၂၄ ။ဌ။ ၂၀၄။ ဘဝသုံးစုံ ဘုံသုံးဘုံ ဘဝသုံးရပ် ဘုံသုံးထပ်လည်း ဟူ၏။ (၁) ကာမ ဘဝ-ကာမ ပဋိသန္ဓေ ၁၀-ဟူသော ဝိပါက်, ခန္ဓာ, ကဋတ္တာရုပ်များ၊ (၂) ရူပ ဘဝ-ရူပ ပဋိသန္ဓေ ၉-ဘုံဟူသော ဝိပါက်, ခန္ဓာ, ကဋတ္တာရုပ်များ၊ (၃) အရူပ ဘဝ-အရူပ ပဋိသန္ဓေ ၄-ဘုံ ဟူသော ဝိပါက်ခန္ဓာ။

ဘဝ ၃-ပါး။ တနည်း။ ။အမြတ်ဖြစ်သော လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ ဘဝ,ကိုလည်း အချို့နေရာ၌ ယူနိုင်၏။

ဘဝကြီး ၉-ပါး။ ။ အဘိဓမ္မာဝိဘင်း ပါဠိတော် ၁၄၃။ဌ။ ၁၇၄။ ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ အကျိုး ဖြစ်သော ဘဝအပြားကို ခေါ်ဆိုသည့် အဘိဓမ္မာနည်း။ (၁) ကာမ ဘဝ-ကာမဝိပါက်စိတ္တုပ္ပါဒ် နှင့် ကမ္မဇရုပ်များ၊ (၂) ရူပ ဘဝ-ရူပ ဝိပါက် ၅-ခု၊ စက္ခုသောတ, သမ္ဘဒ္ဓိစ္ဆိန်းဒွေး, သန္တီရဏ ၃-ခု၊ ဝိရတီ ကြဉ်သော စေတသိက် ၁၅-ပါး၊ ဘာဝရုပ်၊ ဃာန, ဇိဝှါ, ကာယ ကြဉ်သော ကမ္မဇရုပ်များ၊(၃) အရူပ ဘဝ- အရူပ ဝိပါက် စိတ္တုပ္ပါဒ်စု၊ (၄) သညာ ဘဝ- နေဝသညာ နာသညာ ယတနစိတ် ကြဉ်သော လောကီ ဝိပါက် စိတ္တုပ္ပါဒ် နှင့်တကွ ကမ္မဇရုပ်များ၊ (၅) အသညာ ဘဝ-ဇီဝိတ, နဝက ရုပ်ကလာပ်၊ (၆)နေဝသညာ နာသညာ ဘဝ-နေဓသညာ နာသညာ ယတန စိတ္တုပ္ပါဒ်၊ (၇) ကေဝေါကာရ ဘဝ-ဇီဝိတနဝက ရုပ်ကလာပ် 'ခန္ဓာတပါးဘဝ'၊ (၈) စတုဝေါကာရ ဘဝ-အရူပဝိပါက် စိတ္တုပ္ပါဒ် 'ခန္ဓာ ၄-ပါး ဘဝ'၊ (၉) ပဉ္စ ဝေါကာရ ဘဝ-ကာမဝိပါက် ရူပဝိပါက်, စိတ္တုပ္ပါဒ်နှင့် ကမ္မဇ ရုပ်စု 'ခန္ဓာ ၅-ပါး ဘဝ'။

http://www.dhammadownload.com

ဘဝဂ် ၃-ပါး။ ။အနုဋ္ဌိကာလာ ဝေဟပ္ဖိုလ်ဘုံ, အကနိဋ္ဌဘုံ, နေဝသညာနာသညာယတနဘုံတို့၏ အမည် ၃-မျိုး၊ ဘဝ၏ အမြင့်ဆုံး ဘုံဌာနမျှားဟူ၏။ (၁) ဝေဟပ္ဖိုလ်ဘုံကို ပုထုဇဉ်တို့၏ ဖြစ်ရာ ဖြစ်သောကြောင့် 'ပုထုဇ္ဇနဘဝဂ်'၊ (၂) အကနိဋ္ဌဘုံကို အရိယာတို့၏ ဖြစ်ရာ ဖြစ်သောကြောင့် 'အရိယာဘဝဂ်'၊ (၃) နေဝသညာ နာသညာယတနဘုံကို ပုထုအရိယာ နှစ်ဖြာသောသူတို့၏ ဖြစ်ရာဖြစ်သောကြောင့် 'သမ္မာဘဝဂ်'ဟုမှတ်၊ ၎င်းကိုပင် 'ဘူမိဘဝဂ်'ဟုလည်း ခေါ်၍ ဘဝဂ်မျိုး ၄-ပါး မှတ်ရာ၏။

ဘဝဂ် ၃-ပါး၊ တနည်း။ ။ဝေဟပ္ဖိုလ်ဘုံ၊အကနိဋ္ဌဘုံ၊နေဝသညာနာသညာယတနဘုံ၊ ၎င်းဘုံသုံးပါးသို့ ရောက်သော အနာဂါမ် ပုဂ္ဂိုလ်မျှားသည် တခြားဘုံဘဝသို့ မသွားတော့ပဲ ထို ၃-ဘုံ၌ပင် ပရိနိဗ္ဗာန်စံသောကြောင့် ဘဝ၏ အထွတ်အထိပ် အဆုံး ဘဝဂ်ဟု သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ ဆို၏။

ဘဝင်လေမျိုး ၁၂-ပါး။ ။ရင်ကို အမျှားဆုံး ဒုက္ခပေးတတ်သောလေမျှား၊ ၎င်းသရုပ် (လေမျိုး ၈၀) [၈] ပိုဒ်၌ ရှုပါလေ။

ဘဝင်မြင့်ကြောင်း တရား ၉-ပါး။ ။ဇိန်ယစ် မာန်တက်ခြင်း တရားမျှားဟူ၏၊ အကျယ် ဣတိဝုတ္တက ။ပါ။ ၂၇၀။ဋ္ဌ။ ၃၂၅ နှင့် ပဋ္ဌာန်တွေရ ။ပါ။ ၆၃. ။ဋ္ဌ။ ၂၈- စသည်တို့၌ ရှုပါ။ (၁) ဇာတိ မဒ- ဇာတ်ကိုစွဲ၍ မာန်တက်၊ (၂) ဂေါတ္တ မဒ- မျိုးနွယ်ကိုစွဲ၍ (၃) သိပ္ပ ပဒ- အတတ်ပညာကိုစွဲ၍ (၄)အာရောဂျ မဒ-အနာရောဂါကင်းမှုကိုစွဲ၍ (၅)ယောဗ္ဗန မဒ-အရွယ် ပျိုနုခြင်းကိုစွဲ၍ (၆) ဇီဝိက မဒ- အသက် ရှည်ခြင်းကိုစွဲ၍ (၇) ပဏ္ဍာ(ရူပ) မဒ-အဆင်းလှခြင်းကိုစွဲ၍ (၈) သောဘဂ္ဂ မဒ-ဘောဂ ပေါကြွယ် တင့်တယ်မှုမျိုးကိုစွဲ၍၊ (၉) ပရိဝါရ မဒ-ကျော်စောသတင်း ခြံရံမျှားခြင်းကိုစွဲ၍ ဘဝင်မြင့် မာန်တက်ခြင်း၊ ၎င်းမာန်တက်ခြင်း ဘဝင်မြင့်ခြင်းတို့ကို ရှောင်ရှားရမည်ဟု ဘုရားရှင် ဟောကြား ဆုံးမတော်မူသည်။

http://www.dhammadownload.com

[ဘာ]

ဘာဝ ခု-ပါး၊ ကွေကွင်းခြေး၊ လူသား စည်းဖိမ်ပါ။ ။နာနာဘာဝ, ဝိနာဘာဝ, အညထာဘာဝ,တို့၏ ကွေကွင်းကဲ့ကွာရုပ် အဓိပ္ပါယ်စုံနှင့် သရုပ်လိုကို (ကွေကွင်း ကဲ့ကွာရခြင်း ဘာဝတရားမျိုး ခု-ပါး) ဟူသော သုတေသနဂ္ဂ်ိ ဆိုခဲ့ပြီ။

ဘာဝနာ ၂-ပါး။ ။ကုသိုလ်စိတ်ကို တိုးတက်ပွားများစွာ ဖြစ်စေတတ်သော တရားသဘော ၂-ပါး။ (၁) သမထ ဘာဝနာ- စျာန်ရမှုလုပ်ငန်းစု တရားနည်းများ၊ (၂) ဝိပဿနာ ဘာဝနာ- နိဗ္ဗာန်ရမှု လုပ်ငန်းစု ဆိုင်ရာ လက္ခဏာများ။

ဘာဝနာ ခု-ပါး။ ။သတ္တဝါတို့သန္တာန်၌ ပွားများစေရမည့် တရားသုံးပါး။ (၁) ပရိကမ္မ ဘာဝနာ-တစုံတခုသော ကမ္မဋ္ဌာန်းကို အာရုံပြု၍ အထက် အထက် ဘာဝနာသို့တက်ရန် ရှေးဦးစွာ စတည် စီးဖြန်းမှု, ပွားများစေမှု အခြေပြုအုင်မြစ်ဖြစ်သော ဘာဝနာ၊ (၂)ဥပစာရ ဘာဝနာ-အိမ်၏ အနီး အပါး ဖြစ်သော အရှေအရပ်ကို အိမ်ရှေဥပစာ ခေါ်သကဲ့သို့ အပွနာဘာဝနာ၏- အနီးအပါး ဖြစ်သော စျာန်၏ 'ရှေနားက' ဘာဝနာ၊ (၃) အပွနာဘာဝနာ-ဥပစာရ ဘာဝနာထက် ခိုင်မြဲ၍ လွန်ကဲ ထူးမောက်စွာ အာရုံ၌ တည်နေသော စျာန်တရားများ။

ဘာဝနာ ၄၀။ ။ပဋိသမ္ဘိဒါမဂ်။ပါ။၄၁၁။၌။ဒုံ-အုပ် ၃၁၆-၌ အကျယ်ရှု။ မိမိတို့ ခန္ဓာကိုယ်၌ အဖန်တလဲလဲ ပွားများသုံးသပ် ဆင်ခြင်ဘွယ်လေးဆယ်။ အနိစ္စတော- မဲမြဲတတ်သောကြောင့်၎င်း၊ ဒုက္ခတော-ဆင်းရဲတတ်သောကြောင့်၎င်း၊ရောဂတော- အနာ များဟတ်သောကြောင့်၎င်း၊ ဂန္ဓတော- ပုပ်စပ် နံစော်တတ်သောကြောင့်၎င်း၊ သလ္လတော-ကိလေသာ၌ ငြိတတ်သောကြောင့်၎င်း၊အာဗာဓတော-အနာနှိပ်စက်ဟတ်သောကြောင့်၎င်း၊ ဝယတော-ပျက်တတ်သောကြောင့်၎င်း၊ဝယ လောကတော-လောကသုံးပါး၌ ပျက်တတ်သောကြောင့်၎င်း၊ စုတိတော-ခန္ဓာဝန်ကို စွန့်တတ်သောကြောင့်၎င်း၊ ဥပပတ္တိ တော-ဥပပတ္တိဝေါ နှိပ်စက်တတ်သောကြောင့်၎င်း၊ (၁၀) ဘယတော ဘေး ဖြစ်တတ်သောကြောင့်၎င်း၊ အဘိရူပိတော- အလွန် ကြောက်တတ်ဓသောဓကြောင့်၎င်း၊ ဥပသဂ္ဂတော-ကပ်၍

http://www.dhammadownload.com

စီရင် တတ်စသောကြောင့်၎င်း၊ စလတော- တုန်လှုပ်တတ်သောကြောင့်၎င်း၊ ပဘင်္ကုတော များသောအားဖြင့် ပျောက်ပျက် တတ်သောကြောင့်၎င်း၊ အ ဓုဝတော- မမြဲတတ်သောကြောင့်၎င်း၊ အ တာဏဝတော- ကိုးကွယ်ရာ မရှိသောကြောင့်၎င်း၊ အ လေနတော- ပုန်းအောင်းရာ မရှိသောကြောင့်၎င်း၊ အ သရဏတော- ဆည်းကပ်ရာ မရှိသောကြောင့်၎င်း၊ အာသဝတော- အာသဝတရား၏ အာဂျုံဖြစ်တတ်သောကြောင့်၎င်း၊ (၂၀) တုစ္ဆတော-အချည်းနှီး ဖြစ်တတ်သောကြောင့်၎င်း၊ သုညတော- ဆိတ်သုဉ်းတတ်သောကြောင့်၎င်း၊ အနတ္တတော-ကိုယ်မဟုတ်သောကြောင့်၎င်း၊အာဒီနဝတော-အပြစ်ဖြစ်တတ်သောကြောင့် ၎င်း၊ဝိပရိဏာမဓမ္မတော-အသစ်ဖေါက်ပြန်တတ်သောကြောင့်၎င်း၊ အ သာရတော-အနှစ်မရှိသောကြောင့်၎င်း၊ အလ္လ မူလကတော- ပျက်ခြင်းလျင်အရင်းရှိသောကြောင့်၎င်း၊ဝဋ္ဋနတော- သတ်ရှုပြတ်တတ်သောကြောင့်၎င်း၊ ဝိဘဝတော-ဘဝ အထူးသို့ အဖန်ဖန်ပြောင်းတတ်သောကြောင့်၎င်း၊ သံဝဋ္ဋဏတော- သင်းချိုင်း၌ ဖြစ်တတ်သောကြောင့် ၎င်း၊ (၃၀)သံခေတ္တတော- အခိုက်အတန့်မျှ ဖြစ်တတ်သောကြောင့်၎င်း၊ အာမိသတော- အစာကို မှီတတ်သောကြောင့်၎င်း၊ ဇာတိ ဓမ္မတော- ပဋိသန္ဓေ နေတတ်သောကြောင့်၎င်း၊ ဇရာ ဓမ္မတော-အိုတတ်သောကြောင့်၎င်း၊ မရဏ ဓမ္မတော-သေတတ်သောကြောင့်၎င်း၊ သောက ဓမ္မတော- စိုးရိမ်တတ်သောကြောင့်၎င်း၊ ပရိဒေဝ ဓမ္မတော- ငိုကြွေးတတ်သောကြောင့်ပင်း၊ ဥပါယာသ ဓမ္မတော- ရှိက်ငင် တက်ချက် ပင်ပန်း တတ်သောကြောင့်၎င်း၊ သံကိလေသိက ဓမ္မတော- ညစ်ညူး တတ်သောကြောင့်၎င်း၊ နိဿရဏမမ္မတော-လည်းလျောင်းရာ မရှိသောကြောင့်၎င်း။ (၄၀) မကောင်းတည်း။

ဘာဝရူပ် ၂-ပါး။ ။အထိ, အမ ဖြစ်ဘို့ရာ အကြောင်းခံ ဖြစ်သောရူပ် ၂-ပါး၊ ၎င်း သရူပ်ကို (ရူပ် ၂၈-ပါး)၌ ကြည့်ပါကုန်။

ဘာသာကြီး ၆-ပါး။ ။ကပ္ပါပေါ်၌ ဘာသာပေါင်း များစွာရှိသော်လည်း ထင်ရှားသော အယူဝါဒ ဘာသာကြီးမျိုး ၆-ပါး။ (၁) ခရစ္စယာန် ဘာသာ (၂) ဂျူးဒ် ဘာသာ၊ (၃) မုဟွမ္မဒန် ဘာသာ၊ (၄) မဟာမေဒင် ဘာသာ၊ (၅) ဟိန္ဒူ ဘာသာ၊ (၆)ဟီဗရူ ဘာသာ။

http://www.dhammadownload.com

ဘာသာစကား ၁၀၁-ပါး။ ။လူမျိုး ၁၀၁-ပါးနှင့် ဆင်ဆင်ရှိသည်၊ ပဋိသန္ဓိဒါ မင်္ဂ။ ပ- ဒုပ်။ ၇။ ဝိသုဒ္ဓိမဂ် ဒု-အုပ်။ ၇၂-တို့၌ ဘာသာစကားမျိုး ပေါင်း ၁၀၁-ပါးရှိကြောင်း စသည်လာ၏။ကျွှဲ၌ စကားမျိုးဖေါင်း ၁၀၁-ပါး ရှိလျှင် လူမျိုးလည်း ၁၀၁-ပါး ရှိရပေမည်ဟူ၏။

ဘာသာတရား၌ ကိုးစားဆည်းကပ်ခြင်း အကြောင်းရင်း ၃-ပါး။ ။စတုတ္ထ အမျိုးကား အမြတ်ဆုံး။ (၁) ဥာတိ- တို့အမျိုးအနွယ်ဖြစ်သော ဘုရား, တရား, သံဃာဟူသော သဘောထားဖြင့် ကိုးကွယ် ဆည်းကပ်ခြင်း၊ (၂) ဘယ- ဘေးရန်တို့ကို ကြောက်သောကြောင့် ကိုးစားဆည်းကပ်ခြင်း၊ (၃) အာစရိယ- ငါ့အား တစုံတခုသော အတတ်ပညာကို ပေးသူဟု ကျေးဇူးတင်အပ်သော ဆရာအမှတ်ဖြင့် ဆည်းကပ်ကိုးကွယ်ခြင်း၊ (၄) ဒက္ခိဏေယျ- လောကသုံးပါးဖြစ် မြတ်သောတရား, အကျင့်သီလများရှိ၍ မြတ်သောအလှူကို ခံထိုက်သူဟု စီစစ်ဝေဘန်ပြီး ကိုးကွယ်ခစားခြင်း။

ဘာသာတရား၌ ကိုးစားဆည်းကပ်ခြင်း အကြောင်းရင်း ၄-ပါးဆန်း။ ။ (၁) ဘယ- ဘေးကြောင့် ကိုးစား ဆည်းကပ်ခြင်း၊ (၂) လာဘ-ရအံ့သော လာဘ်သပွကာကို မြော်ခေါ်၍ ကိုးကွယ်ခြင်း၊ (၃) ကုလ-ဂုဏ် ကျေးဇူးအစစ်ကို မသိ မဝေဘန်ဘဲ မျိုးရိုးဘိုးကား ကိုးကွယ် ဆည်းကပ်လာ၍ ကိုးကွယ်ခြင်းမျိုး၊ (၄) ဒက္ခိဏေယျ- ဒက္ခိဏေယျ ပုဂ္ဂိုလ်အဖြစ် မှန် မမှန် မိမိဉာဏ်ဖြင့် စီစစ်ဝေဘန်ပြီးမှ ကိုးကွယ်ခြင်း၊ ၎င်း ၄-နံပါတ်သာ အမြတ်ဆုံးဖြစ်၏။

ဘာသာသဒ္ဒါ၊ ဟောချက်လာ၊ ၄-ဖြာ အနက်မျိုး။ ။ဘာသာ ဟူသော သဒ္ဒါ၏ ဟောစေမ်းနိုင်သော အနက်မျိုး လေးပါး။ (၁) စကားဟူသော အနက်၊ ပုံ- မြန်မာဘာသာ, အင်္ဂလိပ်ဘာသာ, ဟိန္ဒီကာသာဟူသော စကားရပ်၌ပါသော ဘာသာသဒ္ဒါသည် "စကား" ဟူသော အနက်၌ ဖြစ်၏၊ (၂) အလေ့အလာ ဟူသောအနက်၊ ပုံ-ကိုယ့်ဘာသာ ကိုယ်နေ, လူ့ဘာသာ သူနေ ဟူရာ၌ မှတ်၊ (၃) အားမထုတ်ခြင်း ဟူသောအနက်၊ ပုံ-ဘာသိဘာသာနေသည် ဟူရာ၌ မှတ်၊ (၄) အယူဝါဒ ဟူသောအနက်၊ ပုံ-ခရစ်ယာန်ဘာသာ, ဗုဒ္ဓဘာသာ, မိုဟာမေဒင်ဘာသာ စသည်တို့၌ ပါသော ဘာသာသဒ္ဒါသည် အယူဝါဒဟူဖြစ်သော အနက်ကို ဟော၏။

http://www.dhammadownload.com

[အိ]

အိကွဲဖြိုမျှား၊ ခဒု-ပါး၊ ထားနှင်းသား ဧတဒဂ်။ ။ထင်း 'သရုပ်ကို ဧတဒဂ်ရ ရဟန်းမိန်းမ ၁၃-ပါး'၌ ဆိုခဲ့ပြီ။

အိန်းမျိုး ၅-ပါး။ ။ဗိုဇ္ဈင်္ဃဆေးကျမ်း ဝေါဟာရ။ (၁) အခေါက်မှ ဖြစ်သော ဘိန်းသည် ညှိသောအဆင်း ဖန်ခါးသော အရသာ ရှိ၏၊ (၂) အစေးမှ ဖြစ်သောဘိန်းသည် မည်းနက်သောအဆင်း စပ်သော အရသာ ရှိ၏၊ (၃) အရွက်မှ ဖြစ်သော ဘိန်းသည် စိမ်းပြာသောအဆင်း ချဉ်ဖန်ဓသာ အရသာ ရှိ၏၊ (၄) အပွင့်မှ ဖြစ်သော ဘိန်းသည် ရွှေဝါသောအဆင်း ဖန်သော အရသာ ရှိ၏၊ (၅) အသီးမှ ဖြစ်သော ဘိန်းသည် နီသော အဆင်း ချိုခါးသော အရသာ ရှိ၏၊ ၎င်းဘိန်း ငါးမျိုးလုံးသည် မူးယစ် ထိုင်းမှိုင်း လေးတွဲ့စေသော တန်ခိုးသတ္တိ ရှိသည်ချည်း ဖြစ်၏။

ဘိသိက်ဆရာ၊ လုပ်သူမှာ၊ ၃-ဖြာ အင်္ဂါရှိ။ ။ထင်းသရုပ်ကို (ပုရောဟိတ်၏ အင်္ဂါ ၃-ပါး)၌ ကြည့်လေ။

ဘိသိက် မျိုးပြား ခဒု-ပါး။ ။မြန်မာမင်း အုပ်ချုပ်ပုံ စာတန်းမှ။ (၁) ခတ္တိယဘိသိက်၊ (၂) ဆုဇဘိသိက်၊ ၎င်း၂-မျိုးကား မင်းမြောက်သော ဘိသိက်၊ (၃) သကလာ ဘိသိက်-တိုင်းပြည် သာယာစေရန် ခံသော ဘိသိက်၊ (၄) ဝိဇယာ ဘိသိက်၊ (၅) ဇေယျာ ဘိသိက်- ၎င်း၂-မျိုးကား စစ်အောင်ရန် ခံသော ဘိသိက်၊ (၆) သိရိပဝေသန ဘိသိက်- ကျက်သရေတိုးစေရန် ခံသော ဘိသိက်၊ (၇) မဟာဘိသိက်- စီးပွားချမ်းသာ တိုးစေရန်ခံသော ဘိသိက်၊ (၈) မင်္ဂလာ ဘိသိက်-ဆင်ရတနာသိမ်းသည့်အခါ ခံသော ဘိသိက်၊ (၉) ဝိဝါဟ ဘိသိက်-ထိမ်းမြားမင်္ဂလာ လက်ထပ်သောအခါ ခံသော ဘိသိက်၊ (၁၀) ဒုဒ္ဓါဆု ဘိသိက်- နန်းသိမ်းသည့်အခါ ခသော ဘိသိက်၊ (၁၁) အာယုဒီဃာ ဘိသိက်- အသက်ရှည်စေရန် ခံသော ဘိသိက်၊ (၁၂) ဥပဆုဇာ ဘိသိက်-အိမ်ရှေမင်းဖြစ်သည့် အခါ ခံသော ဘိသိက်၊ (၁၃) မဟေသီ ဘိသိက်- မိဖုယား ဖြောက်သည့် အခါ ခံသော ဘိသိက်။

မှတ်ချက်။ ။အလျှို "မုဒ္ဓါဘိသိက်"ပါ ထည့်၍ ၁၄-ပါး ပြကြ၏။

http://www.dhammadownload.com

[ဘီ]

ဘီလူးနက္ခတ် ၁၀-လုံး။ ။ ဗေဒင်ကျမ်းမှ။ (၁) ကျတ္တိကာ၊ (၂) ဝိသာခါ၊ (၃) ပြုပွါသံ၊ (၄) စိတြ၊ (၅) မူလ၊ (၆) မာဃ၊ (၇) ဇေဋ္ဌ၊ (၈) အဿလိသ၊ (၉) သတ္တဘိသျှ၊ (၁၀) ဓနသိဋ္ဌ။

ဘီလူး စစ်မှန်ကြောင်း အင်္ဂါ ၄ပါး။ ။စရိယာပိဋကဋ္ဌ။ ဘဖဂ်၌ အကျယ်ရှု။ (၁) မျက်တောင် မခတ်၊ (၂) နီရဲသော မျက်စိ၊ (၃) ကြောက်လန့်ခြင်း မရှိ၊ (၄) အရိပ် မထင်။

[ဘု]

ဘုရားတကာ၊ မစွန့်ဇာ၊ ၄-ဖြာ ရပ်ရာန။ ။ဂုဏ်သရုပ်ကို (အဝိဇ္ဇာတိတ ဌာနကြီး ၄-ပါး)၌ ဆိုခဲ့ပြီ။

ဘုရားပွင့်မှသာ လူရှိသော ဘုံ ၅-ပါး။ ။သုဒ္ဓါဝါသ ပြဟ္မာ ငါးဘုံကို ဆိုသည်၊ ထိုဘုံတို့၌ အခါခပ်သိမ်း ပုဂ္ဂိုလ်ရှိမနေ၊ ကမ္ဘာ တသောင်း ခြောက်ထောင်အတွင်း၌ ဘုရားပွင့်မှသာ ထိုဘုံ၌ ပြဟ္မာရှိသည် ဟူ၏၊ အနာဂါမ်များသာ ရောက်ကောင်းသောကြောင့်တည်း။

ဘုရားဖြစ်ရန်၊ ကြောင်း ၄-တန်၊ လမ်းမှန် အဘယ်နည်း? ။ဂုဏ်သရုပ် (ပဒုဒ္ဓဘူမိ ၄-ပါး)နှင့် တူ၏။

ဘုရားမတင်၊ နတ်မတင်၊ လူတွင် ပန်း ၁၀-ပွင့်။ ။ဂုဏ်သရုပ်ကို (ပန်းပွင့် မာလာ၊ တတ်သိပွါ၊ လူ့ရွာ ၁၂-ပွင့်)ဟူသော သရုပ်၌ ဆိုခဲ့ပြီ။

ဘုရားမျက်စိ၊ ၅-ပါးရှိ၊ လင်းဘိ ဂုဏ်ရောင်ရှိန်။ ။ဂုဏ်သရုပ်ကား (စက္ခု ၅-ပါး)နှင့် တူ၏။

ဘုရားရုပ်ရည်၊ လှမျိုးကြည်၊ ၂-လို အခါထူး။ ။မြတ်စွာဘုရား၏ ကိုယ် တော်ရုပ်ရည် အလွန်အမင်း လှပသန့်ရှင်း ကြည်လင်ထွန်းပသော အခါ သမယ နှစ်ပါးကို ဆိုသည်၊ မဟာပရိနိဗ္ဗာန သုတ်မ။ (၁) အတုမရှိ

http://www.dhammadownload.com

အမြတ်ဆုံးသော သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူသော- ဥဒ္ဒေသ-ပရိပုစ္ဆာန် စံဝင်တော်မူသော ညဉ်အခါတို့ ဖြစ်၏။

ဘုရားရှင်တို့၏ ဓမ္မတာ ၃၀။ ။ဘုရားရှင်တိုင်း ပြုရှုးဖြစ်စဉ်သဘောဓာတုရား ၃၀-ဟူ၏၊ ပါဠိလိုမူ မဟာပဒါနသုတ်နှင့် ဗုဒ္ဓဝင်အဋ္ဌကထာ၌ ယူပါ၊ ပစ္ဆိမဘဝိက သားဖြစ်သော အလောင်းတော်မျှားသည် မယ်တော်ဝမ်း တွင်သာ ပဋိသန္ဓေနေရခြင်း၊ မယ်တော်ဝမ်း၌ တင်ပလ္လင်ခွေလျက် ရှေ့သို့ မျက်နှာပြု နေတော်မူခြင်း၊ မယ်တော်သည် အလောင်းတော် မြတ်ကို ရပ်လျက် ဖွားမြင်ရခြင်း၊တောအရပ်၌သာ ဖွားမြင်ရခြင်း၊ ဖွားသစ်စအခါ ဒသ ဒိသာကို ကြည့်လျက် မြောက်ဖက်သို့ ခုနစ်ဖဝါး လှမ်းပြီး သီဟနာဒ သံဖြင့် ကြုံးဝါးတော်မူခြင်း၊ သူအို, နာ, သေ, ရဟန်း, လေးခန်းသော နိမိတ်ကိုမြင်ပြီး သားကြီးညြရသ တယောက်ရမှ တောထွက်တော်မူခြင်း၊ အရဟတ္တဓဇ ခေါ် ကြာသက်နိုးတော်ဖြင့် ရဟန်းအသွင်ကို ယူပြီးမှ ဒုက္ကရ စရိယာကို အနည်းဆုံး ၇-ရက် ကျင့်ရခြင်း၊ ဘုရားဖြစ်မည့်နေ့၌ နို့ဆနာ ဆွမ်းကို ဘဉ်းပေးတော် မူရခြင်း၊ မြက်အခင်း ပေါ်၌သာ သမ္ဗညူ အဖြစ်သို့ ရောက်တော်မူခြင်း၊ ဗောဓိပလ္လင်ပေါ်၌ အာနာပါနကမ္မဋ္ဌာန်း ကို စီးဖြန်း ပရိကံ ပြုတော်မူခြင်း၊ (၁၀) မာရ်စစ်သည်ကို အောင် တော်မူခြင်း၊ ဗောဓိပလ္လင်ထက်၌သာ ဝိဇ္ဇာသုံးပါး အစထား၍ ဆအသာ ဓာရဏာ စသည်ကျေးဇူး ဂုဏ်အထူးတို့ကို ရတော်မူခြင်း၊ ဗောဓိပင်၏ အနီးအနား သတ္တဋ္ဌာနမျှား၌သာ ၄၉-ရက် နေတော်မူခြင်း၊ တရားဟော တော်မူရန် ဗြဟ္မာမင်းက တောင်းပန်ရခြင်း၊ ဣသိပတန မိဂဒါယ်၌သာ မမြစကြာ ဟောတော်မူခြင်း၊ တပို့တဲ့လပြည့်၌သာ ဒုတိယေးပါးရှိသော အစည်းအဝေးကြီး၌ ပါတိမောက် ပြတော်မူခြင်း၊ ဇေတဝန်ကျောင်းတော် ၌သာ နိဗ္ဗဝါဟ်, ပြုတော်မူခြင်း၊ သာဝတ္ထိပြည် မြို့တံခါး၌ တန်ခိုး ပြာဋိဟာ ပြတော်မူခြင်း၊ တာဝတိံသာ၌သာ အဘိဓမ္မာ ဟောတော် မူခြင်း၊ သင်္ကဿနဂိုရ်ပြည် မြို့တံခါးသို့သာ တာဝတိံသာနတ်ပြည်မှ ဆင်း သက်တော်မူခြင်း၊ (၂၀) ဖလသမာပတ်ကို မပြတ် ဝင်စားတော်မူခြင်း၊ နံနက်အခါ ညဉ်အခါတို့၌ ဝေနေယျသတ္တဝါတို့ကို ကြည့်တော်မူခြင်း၊ အကြောင်းဝတ္ထုပေါ်လျှင် ဝိနည်းဥပဒေကို ပညတ်တော်မူခြင်း၊အတ္ထုပ္ပတ်

http://www.dhammadownload.com

ဖြစ်လတ်သော် ဇာတ်တရားတော်ကို ဟောကြားတော်မူခြင်း၊ ဆွေတော်မျိုးတော်တို့ အစည်းအဝေးဌာန ဗုဒ္ဓဝင်တရားတော်ကို ဟောကြားခြင်း၊ အာဂန္တုရဟန်းတို့နှင့် ပဋိသန္ဓာရ ပြုတော်မူခြင်း၊ ဒါယကာတို့ ပင့်၍ ဝါဆိုတော်မူသောအခါ ဝါကျွတ်လျှင် ဒါယကာတို့အား ပန်ကြားပြီးမှ ကြွသွားတော်မူခြင်း၊ အခါငါးပါးတို့၌ ဗုဒ္ဓကိစ္စငါးပါးကို ပြုတော်မူခြင်း၊ ပရိနိဗ္ဗာန်ပြုမည့်နေ့၌ သားပြွမ်းဆွမ်းကို ဘုဉ်းပေးတော်မူခြင်း၊ ကုဋေနှစ်သန်း လေးသိန်းသော လမာပတ်တို့ကို ဝင်စားတော်မူပြီးမှ ပရိနိဗ္ဗာန် ပြုတော်မူခြင်း (၃၀)။

ဘုရားအပြား မျိုး ၃-ပါး။ ။စရိယာပိဋကအဋ္ဌကထာ။ ၃၂၀။ သမ္ဗညူ ခေါ် တရားအားလုံးကို ဆရာမရှိ ကုန်အောင်စုံ သိတော်မူသော ဘုရားကြီးမျိုး ၃-ပါး။ (၁) သဒ္ဓါဓိကဘုရား-သဒ္ဓါဓွေရှ၍ ဘုရားပြုလမ်းစဉ်ကို ကျင့်သုံးလေ့လာတော်မူသည်၊ ရှစ်သခြေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ရ၏၊ (၂) ပညာဓိက ဘုရား-ပညာရွှေထား၍ ဘုရားဖြစ်ကြောင်း တရားတော်များကို ဖြည့်ကျင့်ဆည်းပူးသည်၊ လေးသခြေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ရ၏၊ (၃) စီရိယာဓိက ဘုရား-ဝီရိယလုံ့လကို ရွှေထား၍ ပါရမီတော်များကို ကြိုးစားအားထုတ်တော်မူသည်၊ ၁၆-သခြေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ရ၏။

ဘုရား ၅-ဆူ။ ။ဤကမ္ဘာ၌ ပွင့်တော်မူကြသော ဘုရားများဖြစ်သည်၊ ၎င်းကိုပင် အင်း အိုင် တို့၌ "သံ, ဂုံ, ပ, မ, အ" ဟု ရေးသုံးကြကုန်၏။ (၁) ကကုသန် မြတ်စွာဘုရား၊ (၂) ကောဏာဂုံ မြတ်စွာဘုရား၊ (၃) ကဿပ မြတ်စွာဘုရား၊ (၄) ဂေါတမ မြတ်စွာဘုရား၊ (၅) အရိမေတ္တေယျ မြတ်စွာဘုရား။

ဘုရား ၇-ဆူ။ ။ယခုလက်ရှိ နတ်မြဟ္မာတို့ မှီလိုက်သော ဘုရားရှင်များဖြစ်၍ ဘုရား ၇-ဆူဟု ခေါ်သည်။ "ဝိပဿီ, သိခီ, ဝေဿဘူ, ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမ။"

ဘုရား ၉-ဆူ ပူဇော်ပွဲ။ ။၎င်း ပူဇော်ပွဲကား ဓမ္မပဒ အဋ္ဌကထာ ပ-အုပ် ၄၂၃။ အာယုဝဓုန ကုမာရ ဝတ္ထုမှ စ,တင်ဖြစ်ပေါ်လာဟန်ရှိကြောင်း

http://www.dhammadownload.com

ပညာရှိများ ယူဆကြ၏၊ ယခုလူဘိုကား ဘုရားဖွင့်အမှူးထား၍ ဓမ္မာန္ဟာရှစ်ပါးနှင့် တကွ ဂိုဟ်ကြီး ၉-လုံးတို့ကို ပူဇော်ပသမှု လောကီရေးဘက်၌ ပြုကြသည်။ (၁) ဘုရားသခင်, အလယ်အရပ်၌ ဗောဓိပင်ကို ရည်စူး၍ ထားသည်၊ (၂) ရှင်သာရိပုတ္တရာ, ဗုဒ္ဓဟူးသား၊ တောင်အရပ် လက်ျာဘက်က နေသည်၊ (၃) ရှင်မောဂ္ဂလာန်, သောကြာသား၊ မြောက်အရပ် လက်ဝဲဘက်က နေသည်၊ (၄) ရှင်ဥပါလိ, စနေသား၊ အနောက်တောင် အရပ်က နေသည်၊ (၅) ရှင်ရာဟုလာ, တနင်္ဂနွေသား၊ အရှေ့မြောက် အရပ်က နေသည်၊ (၆) ရှင်အာနန္ဒာ, ကြာသပတေးသား၊ အနောက် မျက်နှာအရပ်က နေသည်၊ (၇) ရှင်ကောဏ္ဍည, တနင်းလာသား၊ အရှေ့ အရပ်က နေသည်၊ (၈) ရှင်ရေဝတ, အင်္ဂါသား၊ အရှေ့တောင်ထောင့် အရပ်က နေသည်၊ (၉) ရှင်ဂဝမ္ပတိ, ရာဟုသား၊ အနောက်မြောက်ထောင့် အရပ်က နေသည်။

ဘုရားဂုဏ်တော် ၉-ပါး။ ။ဗုဒ္ဓနှင့်စပ်၍ ဂုဏ်တော်အနန္တ ရှိသော်လည်း ပိဋကတ်တော်၌ ထင်ရှား၍ လူအများ အသိအမှတ်ပြု ရှိခိုးကြသော ဂုဏ်တော် ၉-ပါး ဟူ၏။ (၁) အရဟံ ဂုဏ်တော်- လူ, နတ်, ဗြဟ္မာ, သတ္တဝါဟူသမျှတို့၏ ပူဇော်အထူးကို ခံယူထိုက်သော ဂုဏ်၊ (၂) သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်- တရားအပေါင်းကို ကောင်းမှန်စွာ သိတော်မူသော ဂုဏ်၊ (၃) ဝိဇ္ဇာစရဏ သမ္ပန္န ဂုဏ်တော်-နိဗ္ဗာန်ရောက်ကြောင်း ဝိဇ္ဇာစရဏ တရားပေါင်းနှင့် ပြည့်စုံတော်မူသော ဂုဏ်၊ (၄) သုဂတ ဂုဏ်တော်- ကမ္ဘာသားတို့ ချမ်းသာရေးအတွက် ကောင်းစွာ ကြွလာခြင်း နိဗ္ဗာန်သို့ ကောင်းစွာ ကြွသွားတော်မူခြင်း ဂုဏ်၊ (၅) လောကဝိဒူ ဂုဏ်တော်- လောကဓာတ် အနန္တ၌ ဖြစ်ရှိသမျှတို့ကို ကုန်အောင် စုံအောင် သိတော်မူသော ဂုဏ်၊ (၆) အနုတ္တရော ပုရိသ ဒမ္မသာရထိ ဂုဏ်တော်- မယဉ်ကျေးသော လူကြမ်း, နက်ဆိုး, တိရစ္ဆာန်အမျိုးမျိုးတို့ကို ယဉ်ကျေးလိမ်မာစေရာ၌ အတုမဲ့ ဖြစ်သော ဂုဏ်၊ (၇) သတ္ထာ ဒေဝ မနုဿာနံ ဂုဏ်တော်- လူ, နတ်, ဗြဟ္မာ, သတ္တဝါ ဟူသမျှတို့၏ ဆရာဖြစ်တော်မူသော ဂုဏ်၊ (၈) ဗုဒ္ဓဂုဏ်တော်- သစ္စာလေးပါး အမှန်တရားတို့ကို သူတပါးတို့အား ကိုယ်ပြားစွာ သိစေတော်မူတတ်သော ဂုဏ်၊ (၉) ဘဂဝါ ဂုဏ်တော်-သူမတူ အောင်ဆုန်းတော်ရှင် ဖြစ်သော ဂုဏ်။

http://www.dhammadownload.com

ဘုရားဂုဏ်တော် ၁၀-ပါး၊ တနည်း။ ။ဂုဏ်တော် ဆယ်ပါးကို ယူရာ၌ အထက်ပါ ဂုဏ်တော်ကိုးပါးတွင် ၆-နံပါတ် ဂုဏ်တော်ကို (၁) အနုတ္တရော အတုမရှိသော ဂုဏ်တော်၊ (၂) ပုရိသ ဒမ္မသာရထိ- ဆုံးမသိုက်သူကို ဆုံးမတတ်သော ဂုဏ်တော်ဟု နှစ်ခုခွဲလိုက်ခြင်းဖြင့် ဂုဏ်တော် ဆယ်ပါး ဖြစ်၏၊ နည်းမျှသာ မှတ်ရာ၏၊ ဂုဏ်တော်ကိုးပါးဟုသာ ရှင်လူအများတို့ အသိအမှတ် ပြုကြသည်။

ဘုရားပွင့်ရာ၊ ၅-ကုမ္ဘာ၊ ကျမ်းလာ မည်းသို့ရှိ? ။ ၎င်သရုပ် (ကမ္ဘာအပြား မျိုး ၆-ပါး)၌ ရှုပါ။

ဘုရားရှင်ကိုယ်တော်တိုင် ခရီးဦးကြိုပြု၍ ချီးမြှောက်ခံရသူ ပုဂ္ဂိုလ်ထူးကြီး ၇-ယောက်။ ။မူလပဏ္ဏာသ ။ဌ။ ဒု- အုပ်။ ၄၂။ (၁) အရှင်မဟာကဿပ ထေရ်၊ (၂) မဟာကပ္ပိနထေရ် (၃) အနုရုဒ္ဓါထေရ်၊ (၄) ကောဋိကဏ္ဏ သောဏထေရ်၊ (၅) ဝနဝါသိ တိဿ သာမဏေ၊ (၆) ရေဝတ သာမဏေ၊ (၇) ပက္ကုသာတိမင်းကြီး။

ဘုရားလောင်းစစ် ဖြစ်ထိုက်သူ၏ အင်္ဂါ ၈-ပါး။ ။၎င်း သရုပ်အကျယ်ကို (ဗျာဒိတ်ရကြောင်း အင်္ဂါ ၈-ပါး)၌ ကြည့်ပါ။

ဘုရားသခင်အား အန္တရာယ် မပြုနိုင်ခြင်း ၄-ပါး။ ။ဝိနည်း ပါရာဇိကဏ် ။ဌ။ ပ-အုပ်။ ၁၄၇-၌၊ အကျယ်ရှု။ (၁) မြတ်စွာဘုရားတို့အား ရည်မှတ်၍ ဆောင်ယူလာသော ပစ္စည်းလေးပါးကို မည်သူမျှ အန္တရာယ်မပြုနိုင်ခြေ၊ (၂) ဘုရားရှင်တို့၏ အသက်တော်ကို မည်သူမျှ အန္တရာယ်မပြုနိုင်ခြေ၊ (၃) ဘုရားရှင်တို့၏ လက္ခဏာတော် ကြီး-ငယ်တို့ကို မည်သူမျှ အန္တရာယ် မပြုနိုင်ခြေ၊ (၄) မြတ်စွာဘုရားသခင်တို့၏ သမ္ဗညုတဉာဏ်တော်ကို မည်သူမျှ အန္တရာယ် မပြုနိုင်ခြေ။

မှတ်ချက်။ ။ဗုဒ္ဓဝင် အဋ္ဌကထာ၌ အထက်ပါ ၁။ ၂။ ၃။ တို့နှင့်-အရတူ ဓကောက်ယူလျက်၊ ၄-အချက်၌ မြတ်စွာဘုရားသခင်တို့၏ ရောင်ခြည်တော်တို့ကို မည်သူမျှ လွှမ်းမိုး မှေးမှိန်အောင် အန္တရာယ်မပြုနိုင်ခြေ ဟု ပါရှိသည်။

http://www.dhammadownload.com

ဘုရားသခင်၏ ဓမ္မြတော်ရာ ၃-ဆူ။ ။ဇင်း သရုပ်ကို (စေတီပါဒ ၃-ဌာန)၌ ရှုပါ။

ဘုန်းတော် ၆-ပါး၊ မြတ်ဘုရား၊ ထင်ရှား ဘဝဂ်တုန်။ ။ဗုဒ္ဓဘုရားရှင်၏အတုက် သက်သက်ဖြစ်သော ဘုန်းတော်များ။ (၁) ဣဿရိယ ဘုန်းတော်- ကိုယ်ကော်ကို အဏုမြူပမာဏ, သိုမဟုတ် စကြဝဠာပြည့်အောင် စသည် ဖန်ဆင်းတော်မူနိုင်ခြင်း၊ (၂) ဓမ္မ ဘုန်းတော်- ပညာ ဉာဏ် ကြီးခြင်း၊ (၃) ယသ ဘုန်းတော်-အခြံအရံ များခြင်း, ကျော်စော်ခြင်း၊ (၄) သီရိ ဘုန်းတော်- ကျက်သရေ မင်္ဂလာ အဖြာဖြာတို့ဖြင့် တင့်တယ်တော်မူခြင်း၊ (၅) ကာမ ဘုန်းတော်-ကိုယ်တော်မြတ်၏ အလိုတော် ခပ်သိမ်းကို ပြီးငြိမ်း စေနိုင်ခြင်း၊ (၆) ပယတ္တ ဘုန်းတော်- အား, လုံ့လတော်နှင့် ပြီးပြည့်စုံ တော်မူခြင်း။

ဘုံ ၃-ပါး။ ။သတ္တဝါတို့၏ ကျင်လည်ရာဖြစ်သော ဘုံ ၃၁-၏ အကျဉ်း ၃-ပါး၊ ကာမဘုံ, ရူပဘုံ, အရူပဘုံကို ခေါ်သည်။ တနည်း၊ လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံ ဟူ၏။

ဘုံ ၄-ပါး။ ။ချမ်းသာ, ဆင်းရဲ, လုပ်ငန်းစဉ် ဉာဏ်အမြင်ကို စွဲ၍ ၄-မျိုး ကဲ့သည်။ (၁) သုဒ္ဓ ဘုံ- နတ်ဘုံ, ဗြဟ္မာဘုံ, နိဗ္ဗာန်တို့သည် ချမ်းသာ တို့ဖြင့် ထုံမွှမ်းအပ်လေသောကြောင့် သုခဘုံ မည်၏၊ (၂) ပဋိဝေဓ ဉာဏ ဘုံ- ဗုဒ္ဓဘုံ, သာဝကဘုံတို့သည် တရားထူး တရားမြတ်တို့ကို ထိုးထွင်း၍ သိရာဖြစ်သောကြောင့် ပဋိဝေဓ ဉာဏ ဘုံ မည်၏၊ (၃) ကမ္မ ဘုံ-လူ့ဘုံ သည် ဉာဏ်နှင့် ဝီရိယ, ယှဉ်တွဲကာ ကောင်း, မကောင်းမှုခေါ် ကိစ္စ လုပ်ငန်း အဝဝတို့ဖြင့် ရွပ်ထွေး ပွေလီ၍ နေသောကြောင့် ကမ္မဘုံ မည်၏၊ (၄) ဒုက္ခ ဘုံ- ဒုဂ္ဂတိသား အပါယ်သားတို့ကား ဆင်းရဲခြင်းများနှင့်သာ အချိန်ကုန်ကြရသောကြောင့် ဒုက္ခဘုံမည်၏။

ဘုံ ၃၁။ ။ကာမ ၁၁-ဘုံ၊ ရူပ ၁၆-ဆံ၊ အရူပ ၄-ဘုံပေါင်း ၃၁-ဘုံ ဖြစ်၏။

ဘုံစဉ်စံ ၇-ဦး။ ။**သာသနာတော်**ကျမ်းတို့၌ ဘင်ရှားသော သံသရာစံသူ ၇-ယောက်ဟူလို။ (၁) အနာထပိဏ်၊ ကျောင်းဒကာ၊ (၂) ဝိသာခါ-

http://www.dhammadownload.com

ကျောင်း အမ၊ (၃) ဂန္ဓမာ နတ်သား၊ (၄) နာဂဒတ္တ၊ (၅) မဟာဇနဋ္ဌာ၊ (၆) စူဠဇနဋ္ဌာ၊ (၇) နေကဝဏ္ဏ။

မှတ်ချက်။ ။၁-၂-တို့ကား ထင်ရှား၏၊ ၃-၄-၅-၆-၇-ပုဂ္ဂိုလ်တို့ကား အတွေ့အကြုံ အပြောအဟော နည်းပါးသည်၊ စာပေကို လိုက်စား ရှာဖွေ လေ့လာရာသည်၊ ပိဋကတော် **အနှံရှာဖွေစေလိုရ**၏ ကျမ်းညွှန်းမှု မပြုဟု မှတ်ရာသည်။

ဘုံလျှို့မျိုး ၅-ပါး။ ။ရဟန်းတော်များ ခင်းအိပ်ရန် ခွင့်ပြုထားသော ဖုံမျိုး ၅-ပါး။ ဝိနည်း စူဠဝါ ။ပါ။ ၂၉၅။ ၆။ ၆၀။ (၁) ဥဏ္ဏာဘိသီ-ခေါ်မွေး ဖြင့်ပြုအပ်သော ဘုံလျှို့။ (၂) စောင္ဒ ဘိသိ-ပုဆိုးဖြင့် ပြုအပ်သော ဘုံလျှို့၊ (၃) ဝါက ဘိသိ-လျော်မျိုးဖြင့် ပြုအပ်သော ဘုံလျှို့၊ (၄) တိဏ ဘိသိ- မြက်မျိုးဖြင့် ပြုအပ်သော ဘုံလျှို့၊ (၅) ပဏ္ဏ ဘိသိ- သစ်ရွက် မျိုးဖြင့် ပြုအပ်သော ဘုံလျှို့။

[ဘူ]

ဘူတရူပ် ၄-ပါး။ ။ငုံး၏ သရုပ် **အမိမွေ**ငယ်ကို (ရူပ်တရား ၂၈-ပါး) ၌ ကြည့်ပါ။

ဘူမဋ္ဌ ၃-ဘုံ။ ။အပါယ် ၄-ဘုံ, လူ့ဘုံ, **ဇော်မဟာရာဇ်ဘုံ, တာဝတိံ**သာ ဘုံတို့ကား မြေပြင်၌ ထည်နေကြသောကြောင့် ဘူမဋ္ဌဘုံ မည်၏။

[ဗော]

ဗောဓဥပါယ်၊ နည်း ၃-သွယ်၊ ကျမ်းဝယ် အယ်ခြုံနည်း? ။**အမရဝေကာသ** ဦးကာ ဥပါယ် ၄-ပါး အဖွင့်၌ ဤသို့ဆိုသည်။ (၁) ချစ်ခြင်းကို ကျွမ်းပြား ပျက်စီးအောင် ပြုခြင်း၊ (၂) လက်နက်ဗိုလ်ပါ **အင်အား**ပြု၍ လွှမ်းမိုး ခြင်း၊ (၃) နှုတ်စကား, စာများဖြင့် ခြိမ်းချောက်ခြင်း။

ဘေးကြီး ၂၅-ပါး။ ။**အာဘိဓမ္မာ** သမ္မောဃဝိနောဒနီ **အဋ္ဌကထာ**။၄၇၂။ ၄၀၄။၄၀၇။ ပဥ္စပကြွိုဏ်။၌။၃၆။မိလိန္ဒပဉှ။ပါ။၁၉၄-ထို၌ လာရှိသည်၊ ၂၅-ပါးသော ဘေးဘျမ်းမျိုး၊ များသောအားဖြင့် ကျေးဖူးရှင်ဆယ်ပါး

http://www.dhammadownload.com

ကို ပြစ်မှားသူတို့ ခံရတတ်သည်၊ ဆွေမျိုးတို့၏ ပျက်စီးသော ဘေး၊ ရောဂါ ပေဒနာ နှိပ်စက်ခြင်း ဘေး၊ ဥစ္စာ ပျက်စီးခြင်း ဘေး၊ သီလ ပျက်စီးခြင်း ဘေး၊ အယူ ပျက်စီးခြင်း ဘေး၊ မင်း ဘေး၊ ခိုးသူ ဘေး၊ ရန်သူ ဘေး၊ ငတ်မွတ်သော ဘေး၊ မီး ဘေး၊ (၁၀) ရေဘေး၊ လိုင်းတံပိုး ဘေး၊ ရေဝဲ ဘေး၊ မိကျောင်း ဘေး၊ မကာရိုး ငါးရဲ ဘေး၊ မိမိကိုယ်ကို နောင်တ ပူပန်ခြင်း ဘေး၊ သူတထူး စွပ်စွဲခြင်း ဘေး၊ နှုတ်ဒဏ် လက်ဒဏ် ကြေးဒဏ် သင့်သော ဘေး၊ မကောင်းသော အဖြစ်သို့ လားမှုသော ဘေး၊ ပရိသတ်အလယ်၌ ရှက်ရွံ့သော ဘေး၊ (၂၀) သူတပါးကို အပို့ ပြု၍ အသက်မွေးရသော ဘေး၊ ပဋိသန္ဓေ နေမှခြင်း ဘေး၊ အိုရခြင်း ဘေး၊ နာရခြင်း ဘေး၊ သေရခြင်း ဘေး၊ (၂၅)။

[ဘော]

ဘောဇဉ်၏ ဂုဏ်ကျေးဇူး ၅-ပါး။ ။ထမင်းစသည်၏ ကျေးဇူးဂုဏ်အကျိုး ၅-ပါး။ (၁) အသက်ရှင်စေခြင်း၊ (၂) အဆင်းလှစေခြင်း၊ (၃) အား တိုးပွားစေခြင်း၊ (၄) ပူပန်ခြင်းကို ငြိမ်းစေခြင်း၊ (၅) ဆာလောင်ခြင်း ကို ပယ်ဖျောက်ခြင်း။

ဘောဇဉ်မျိုး ၅-ပါး။ ။ဝိနည်းပါစိတ်။ပါ။၁၁၁။၄။၈၉။ ရဟန်းတော် များအတွက် စားဘွယ်ဟု ပညတ်သော အရာငါးပါး။ (၁) ထမင်း၊ (၂) မုယောမုံ့၊ (၃) မုံ့လုံး၊ (၄) ငါး၊ (၅) အမဲ။

[ဘွား]

ဘွားဘက်တော် ၇-ယောက်။ ။သိဒ္ဓတ္ထအလောင်းတော်နှင့် အတူမွေးဖွား ဖြစ်ပေါ်ဘက်၊ အာနန္ဒာ, ဗောဓိပင်, ကာလုဒဲယီ ဇာမတ်, ယသောဓရာ, ဆန္နအမတ်, ရွှေအိုးကြီး ၄-လုံး, ကဏ္ဍကမြင်း။

[ဘွဲ့]

ဘွဲ့ထူး ဂုဏ်ရည် ၁၁-မျိုး။ ။ဘွဲ့ထူး ဂုဏ်မည်နှင့် စပ်၍ ပုဂံဝန်ထောက် ဦးတင်ထံ မေးမြန်းရာ (၁၅-၄-၄၁) နေ့စွဲနှင့် အောက်ပါအတိုင်း အဖြေ ပေးလိုက်သည်၊ ဗဟုသုတအတွက် မူရင်းအတိုင်း ဖော်ပြလိုက်၏၊ ဘွဲ့၏

http://www.dhammadownload.com

အကြောင်းကို စုံလင်စွာ ပြဆိုအံ့၊ ညီတော် သားတော် ဖြစ်သော အိမ်ရှေမင်း, မင်းသားကြီး, မင်းသားလတ်, မြင်းမူး မင်းသားမှ တပါး အဂ္ဂမဟာသေနာပတိ ဝန်ရွှင်တော်မင်းကြီးကစ၍ မူးတော် မတ်တော်တို့ အား ပေးတော်မူသော ဘွဲ့ အနိမ့် အမြင့် အဆင့်ဆင့် ရှိသည်မှာ အောက် ပါအတိုင်း ဖြစ်သည်။ (၁) အမြင့်ဆုံး သတိုးဘွဲ့- သတိုးသုဓမ္မ မဟာ သက်တော်ရှည် စသည်၊ (၂) ၎င်းအောက် မင်းကြီးဘွဲ့- မင်းကြီး ဇေယျဂါမဏီ စသည်၊ (၃) ၎င်းအောက် မဟာဘွဲ့- မဟာ မင်းထင် ရာဇကျော် စသည်၊ (၄) ၎င်းအောက် မင်း ၃-ထပ်ဘွဲ့- မင်းမဟာ မင်းထင် မင်းခေါင် စသည်၊ (၅) ၎င်းအောက် မင်း ၂-ထပ်ဘွဲ့- မင်းထင်မင်းလှသန်ယာ စသည်၊ (၆) ၎င်းအောက် မင်းတပ်ဘွဲ့- မင်းထင် ကျော်သူ စသည်၊ (၇) ၎င်းအောက် နေမျိုးမင်းတပ်ဘွဲ့-နေမျိုးမင်းထင် သိန်သူ စသည်၊ (၈) ၎င်းအောက် နေမျိုးဘွဲ့- နေမျိုးသိဒ္ဓိရာဇာ စသည်၊ (၉) ၎င်းအောက် နော်ရထာဘွဲ့- စည်သူနော်ရထာ, လက်ဝဲနော်ရထာ စသည်၊ (၁၀) ၎င်းအောက် ရွှေတောင်ဘွဲ့- နရာရွှေတောင် စသည်၊ (၁၁) အနိမ့်ဆုံး အမည်ပျော်ဘွဲ့- ပျံချီရာဇာ, ရဲထွဋ်ပျံတင်, ရန်အောင် စက်, စကွပျံချီ, လက်ဝဲသုန္ဒရ စသည်။

[မ]

မကြံစည်အပ်သော တရား ၄-ပါး။ ။ဂုဏ်သရုပ် (အစိန္တေယျ ၄-ပါး)၌ ရှု။

မကြီးရာဘဲ၌၊ ၁၀-ပါးမည်၊ လောကီလောကုတ် အဘယ်နည်း?။ ။"မကြီးရာသည်၊ ဆယ်ပါး မည်ကား" ဟူသော လင်္ကာဖြင့် စိန္တကျော်သူ ဦးဩ၏ ဩဝါဒထူးပျို၌ လောကီရေးရာ ကြီးပွား ယဉ်ကျေးမှုအတွက် မိန့်မြွက်ထားသည်ကို သင်ကြားရ ဘူးသည်၊ အကျယ်ကို ၎င်းပျို၌ ရှုပါကုန်။

မကြောက်သင့်သည်ကို ကြောက်နေသော သတ္တဝါမိုက် ၄-ဦး။ ။၎င်း ဃရုပ်ကို (အမိုက်ကောင်ကြီး ၄-ဦး)၌ ရှုပါ။

မင် ၃-ပါး။ ။မေထုန်မှု ပြုကျင့်သွားလာရန် လမ်းပေါက်မျိုးကို ဆိုသည်၊ မုဟန်းကော်များ ထို့မင် ၃-ပါးတွင် မေထုန်မှုပြုက ပါရာဇိက ကျ၏။

http://www.dhammadownload.com

(၁) မုခမဂ်-ပါးစပ် ဒံတွင်း၊ (၃) ပဿာဝဓမဂ်- ကျင်ငယ် သွားဆုလမ်း, မိန်းမ အင်္ဂါဇာတ်၊ (၃) ဝစ္စမဂ်-ကျင်ကြီး သွားမဆုလမ်း, စအို။

မဂ် ၃၀၊ တန်း။ ။ပါဠိတော ။ပါ။ ၃၄။၃၅။ ထင်း ။၆။ ၂၂၅။ ကခ်ါ ၁၀၉-တို့၌ အကျယ်ရှု။ အပြဟ္မစာရီ သိက္ခာပုဒ်အရ မေထုန်မှု မပြုရသော ကာမလမ်းဖြစ်၍ မဂ်ပြားသုံးဆယ်၊ (က) လူယောကျ်ားဌ် မုခမဂ်, ဝစ္စမဂ် ၂-ပါး၊ (ခ) နတ်ယောကျ်ားဌ်လည်း ထင်း ၂-ပါး၊ (ဂ) တိရစ္ဆာန် ယောကျ်ားဌ်လည်း ထင်း ၂-ပါး၊ (ဃ) လူမိန်းမဌ် မုခမဂ်, ပဿာဝဓမဂ်, ဝစ္စမဂ်, ၃-ပါး၊ (င) နတ်မိန်းမဌ်လည်း ထင်း ၃-ပါး၊ (စ) တိရစ္ဆာန် မိန်းမဌ်လည်း ထင်း ၃-ပါး၊ (ဆ) လူဥဘတောဗျည်းဌ်လည်း ထင်း ၃-ပါး၊ (ဇ) နတ်ဥဘတောဗျည်းဌ်လည်း ထင်း ၃-ပါး၊ (ဈ) တိရစ္ဆာန်ဥဘတော ဗျည်းဌ်လည်း ထင်း ၃-ပါး၊ (ည) လူနပုံးဌ် မုခမဂ်, ဝစ္စမဂ် ၂-ပါး၊ (ဋ) နတ်နပုံးဌ်လည်း ထင်း ၂-ပါး၊ (ဌ) တိရစ္ဆာန်နပုံးဌ်လည်း ထင်း ၂-ပါး၊ ပေါင်း ၃၀-ဖြစ်၏။

မဂ္ဂင် ၈-ပါး။ ။သောတာပန် စသည် ဖြစ်ကြောင်းတရား အစိတ် ၈-ပါး ဟူ၏၊ ဤဌ် မှားယွင်းသော စကားနှင့် အလုပ်အကိုင်ဟူသမျှတို့မှ ရှောင် ကြဉ်ခြင်းကိုပင် မှန်ကန်သောတရားဟု သိရာ၏။ (၁) သမ္မာဒိဋ္ဌိ-မှန်ကန် သော ရှုမြင်ခြင်း၊ (၂) သမ္မာသင်္ကပ္ပ-မှန်ကန်စွာ ကြံစည်ခြင်း၊ ထင်း ၂-ပါး ကား ပညာစခန်းတည်း၊ (၃) သမ္မာဝါစာ- မှန်ကန်စွာ ပြောဆိုခြင်း၊ (၄) သမ္မာကမ္မန္တ-မှန်ကန်စွာ ပြုလုပ်ခြင်း၊ (၅) သမ္မာအာဇီဝ-မှန်ကန်စွာ အသက်မွေးပြင်း၊ထင်း ၃-ပါးကား သီလစခန်းတည်း၊ (၆) သမ္မာဝါယာမ- မှန်ကန်စွာ လုံ့လထုတ်ခြင်း၊ ထင်းကား သိလ, သမာဓိ,ပညာ စခန်းတည်း၊ (၇) သမ္မာသတိ-မှန်ကန်စွာ အောက်မေ့ခြင်း၊ (၈) သမ္မာသမာဓိ-မှန်ကန် စွာ စိတ်တည်တံ့ခြင်း၊ ထင်း ၂-ပါးကား သမာဓိစခန်းတည်း။

မဂ္ဂင် ၈၀။ ။ထင်း အကျယ် ပဌာန်းပုံကို ဥပရိပဏ္ဏာသ ပါဠိတော် ၁၁၆။ အဋ္ဌကထာ ၉၂-၌ ရှုပါ။

မဂ္ဂဒွာန် ၄-ယောက်။ ။မဂ်ပုဂ္ဂိုလ် လေးယောက်လည်း ခေါ်သည်။ (၁) သောတာပတ္တိ မဂ်ပုဂ္ဂိုလ်၊ (၂) သကဒါဂါမိ မဂ်ပုဂ္ဂိုလ်၊ (၃) အနာဂါမိ မဂ်ပုဂ္ဂိုလ်၊ (၄) အရဟတ္တ မဂ်ပုဂ္ဂိုလ်။

http://www.dhammadownload.com

မဂ္ဂသစ္စာ၏ အနက်သဘော ၄-ချက်။ ။ထင်းသရုပ်ကို (သစ္စာအနက် ၁၆-ချက်)၌ ရှုပါ။

မဂ်တရား ၄-ပါး။ ။သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်, ထင်းကိုပင် မဂ်စိတ် ၄-ပါးလည်း ခေါ်သည်။

မဂ်တု ဖိုလ်တု တရား ၁၀-ပါး။ ။ထင်းသရုပ်ကို (ဥပက္ကိလေသ တရား ၁၀-ပါး)၌ ရှုပါ။

မဂ်ဖိုလ်တရား၊ ပိတ်ပင်ထား၊ ၅-ပါး- အန္တရာယ်။ ။ထင်းသရုပ် (အန္တရာယ် ၅-ပါး)၌ ဆိုခဲ့ပြီ။

မဂ် ဖိုလ် မရထိုက်သူများ ၁၆-ဓမ္မာဂ်။ ။မိလိန္ဒပဉ္ဟာ ပါဠိတော်, ၂၃၀-၌ အကျယ်ရှု။ တိရစ္ဆာန်, ပြိတ္တာ, အယူ မှားယွင်းသူ, စဉ်းလဲကောက်ကျစ်သူ, အမိကို သတ်သူ, အဖကို ယတ်သူ, ရဟန္တာကို သတ်သူ, သံဃာကို သင်းခွဲသူ, ဘုရားကို ဒေသးစိမ်း တည်ဖေသူ, ရဟန်းအသွင်ကို ခိုးသူ,(၁၀) တိတ္ထိဘာဝင်၌ ပြောင်းရွှေ့နေသူ, ဘိက္ခုနီမကို ဖျက်ဆီးသူ, သံဃာဒိသိသ် အာပတ်သင့်နေသော ရဟန်း, ပဏ္ဍုက် ၅-မျိုး၌ ပါဝင်ဆဲ, ဥဘတော ဗျည်းခေါ် ထီး, မ အင်္ဂါဇာတ် ၂-မျိုး ပါရှိသူ, ခုနစ်နှစ် အောက် ငယ်ရွယ်သူ, (၁၆) ဤ ပုဂ္ဂိုလ် ၁၆-ဦးတို့မှာ ပဋိဘာဏ် ကျင့်ဝတ်မှန်ကို ကောင်းစွာပင် ကျင့်ဖေကာ မဂ်, ဖိုလ် မရနိုင်ကြောင်း ရှင်နာဂသေနထေရ် မိန့်ဆိုဖြေကြား၏။

မဂ်လာဆံထုံး၊ ၇-ထုံး၊ မွှေထုံး လှလူဇာ။ ။ထင်းသရုပ် အဓိပ္ပါယ်ကို (ဥဒ္ဒေသ ၇-မျိုး)၌ ပြဆိုခဲ့ပြီ။

မဂ်လာဓောင်မျိုး အပြား ၃-ပါး၊ အနုစ္ဆဲး၊ ဂ-ပါး။ ။ထင်း သရုပ်ကို (ထိမ်းမြားမဂ်လာအပူ မျိုးအပြား ၃-ပါး၊ ဂ-ပါး)၌ ပြခဲ့ပြီ။

မဂ်လာဓောင်ရိုး၊ လ ၆-မျိုး၊ ကျိုးပြုဖ် မည်သို့ရှိ။ ။ဤ၌ ဓောင်း, ဓကောင်း ၆-လစီနှင့် အကျိုးအပြစ်တို့ကို အောက်ပါပညာရှိတို့၏ ဇလေးချိုးကဗျာဖြင့် သိပါဒေလ။ ဝါဆို,ဝါခေါင် ထိမ်းလျှင်လျှ၊ သောကိန်းဝ ဓဏ္ဍကြောင်ဘော်။

http://www.dhammadownload.com

ခေါင်းပါးစွာ တော်သလင်းနှင့်၊ သားပုတ္တာ ခြွေရံ ကင်းပါလိမ့်၊ ကွင်း ရှောင်ကြ လနတ္တော်။ ပြာသိုမှာ ဥစ္စာယွင်းပါလို့၊ ကွေကွင်းကြ တပေါင်း နော်၊ မလျော်တဲ့ ခြောက်လ။ ကြွင်းမာသေ၊ ထိမ်းမြားပါလေတော့၊ ရံခြွေရွေ့ ဆွန်စပါးရယ်တို့၊ ပေါများး ကုံလုံလို့၊ လူ့ဘုံမှာ အိုအောင် ပေါင်းရကွယ်မယ်၊ ကျောင်းကြီး အမ။

မင်္ဂလာတရား ၁၂-ပါး။ ။ဂင်း၏ သရုပ်အဓိပ္ပါယ်ကို (လောကီမင်္ဂလာ ၁၂-ပါး). ဟူသော သုတေသနဌ ကြည့်ပါ။

မင်္ဂလာတရား ၃၈-ပါး။ ။ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအားလုံးတို့အား ချမ်းသာကိုပေးတတ်သော တရား ၃၈-ပါး။ (၁)အသေဝနာစ ဗာလာနံ-သူမိုက်ကို မဆည်းကပ်ရခြင်း၊ (၂) ပဏ္ဍိတာနဉ္စ သေဝနာ- ဉာဏ်ပညာ ရှိသူတို့ကို ပေါင်းသင်းရခြင်း၊ (၃) ပူဇာစ ပူဇနေယျာနံ- ပူဇော်ထိုက် သောသူတို့ကို ပူဇော်ရခြင်း၊ (၄) ပဋိရူပ ဒေသာဝါသ-သင့်လျော်ကောင်း မြတ်ရာ၌ နေရခြင်း၊ (၅) ပုဗ္ဗေစ ကတ ပုညတာ-မဆွက ကောင်းမှု ကုသိုလ်ကို ပြုခဲ့ဘူးခြင်း၊ (၆) အတ္တသမ္မာ ပဏီဓိ- ကိုယ်စိတ်နှစ်ဖြာကို ကောင်းစွာ ပြုပြင်ထားခြင်း၊ (၇) ဗာဟုသစ္စ-အကြားအမြင်.ပညာများ သူ ဖြစ်ခြင်း၊ (၈) သိပ္ပမင်္ဂလာ-အပြစ်ကင်းသည့် စက်မှုလက်မှု အတတ် မျိုးစုံ တတ်ထားရခြင်း၊ (၉) ဝိနယ သုသိက္ခိတ- ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ကျင့်ဝိနည်းကို ကောင်းစွာ သင်ယူခြင်း၊ (၁၀) သု ဘာသိတဝါစာ-အင်္ဂါလေးပါးရှိသော စကားကို ပြောဆိုတတ်ရခြင်း၊ (၁၁) မာတာပိတု ဥပဋ္ဌာနံ- မိဘ ၂-ပါးအား စင်စစ် လုပ်ကျွေး မွေးမြူရခြင်း၊ (၁၂) ပုတ္တဒါရဿ သင်္ဂဟ- သားမယားတို့အား စွမ်းနိုင်သလောက် ကျွေးမွေး ထောက်ပံ့ရခြင်း၊ (၁၃) အနာကုလ ကမ္မန္တ-ချို့ယွင်းမှုမရှိ မိမိတတ်သိ လိမ်မာပြီးသော အလုပ်ကို ကာလ ဒေသအလိုက် ထိုက်သလို လုပ်ရခြင်း၊ (၁၄) ဒါန မင်္ဂလာ- ပေးကမ်းစွန့်ကြဲ လှူဒါန်းရခြင်း၊ (၁၅) ဓမ္မ စရိယ-ကုသလကမ္မပထ တရားဆယ်ပါးကို ပြုလုပ်ရခြင်း၊ (၁၆) ဉာတကာနဉ္စ သင်္ဂဟ-ဆွေမျိုးတို့ကို တတ်နိုင်သလောက် ချီးမြှောက် ထောက်ပံ့ရခြင်း၊ (၁၇) အနဝဇ္ဇ ကမ္မ- နောင်သံသရာရေး၌ အပြစ်ဘေးမကျ ပကတိသုခကို

http://www.dhammadownload.com

ရန်ိုင်သည့် ငါးပါး,ရှစ်ပါး စသော သီလများနှင့် အများကောင်းကျိုး စေတနာဝန်ထမ်း. အလုပ်များကို လုပ်ရခြင်း၊ (၁၈) အာရုတိ-မကောင်းမှုကို စိတ်ဖြင့် ဝေးစွာ ရှောင်ကြဉ်ရခြင်း၊ (၁၉) ဝိရတိ- မကောင်းမှုမှ ကိုယ်နှုတ် နှစ်ပါးဖြင့် ရှောင်ကြဉ်ခြင်း၊ (၂၀) မဇ္ဈပါန သံယမ-သေရည် အရက် သောက်စားမှုမှ ရှောင်ကြဉ်ခြင်း၊ (၂၁) အပ္ပမာဒ ဓမ္မ ကောင်းမှု တို့၌ မဒမ္မတလျော့ခြင်း၊ (၂၂) ဂါရဝ- ရိုသေထိုက်သူကို ရိုသေခြင်း၊ (၂၃) နိဝါတ-မာနမထား နှိမ့်ချရိုသေသော စိတ်များရှိခြင်း၊ (၂၄) သန္တုဋ္ဌိ-ရသမျှနှင့် ရောင့်ရဲတင်းတိမ်ခြင်း၊ (၂၅) ကတညုတာ-သူပြုဘူး သော ကျေးဇူးကို ပြန်၍သိခြင်း၊ (၂၆) ကာလေန ဓမ္မဿဝန-သင့်လျော် ရာ အခါ၌ သူတော်ကောင်းတရားကို နာကြားရခြင်း၊ (၂၇) ခန္တီ-မင်္ဂလာ နေရာတိုင်း၌ သည်းခံရခြင်း၊ (၂၈) သောဝစဿတာ- ဆိုဆုံးမလွယ်ကူသူ ဖြစ်ရခြင်း၊ (၂၉) သမဏဒဿန- အရိယာသံဃာတော်များကို ဖူးတွေ့ ရခြင်း၊ (၃၀) ကာလေန ဓမ္မသာကစ္ဆ- ဝေျာက်ပတ်သောအခါ၌ တရား စကား ဆွေးဓနွေးမေးမြန်းရခြင်း၊ (၃၁) တပ မင်္ဂလာ- မကောင်းကြံ မကောင်းပြု, မကောင်းဆို မဖြစ်နိုင်စေရန် သတိနှင့် ဝီရိယ တရား အစဉ် ထားခြင်း၊ (၃၂) ဗြဟ္မစရိယ-မြတ်သော အကျင့်ရှိရခြင်း၊ (၃၃) အရိယာ သစ္စာန ဒဿန-သစ္စာလေးပါးကို မင်္ဂတရားဖြင့် သိမြင်ရခြင်း၊ (၃၄) နိဗ္ဗာန သစ္ဆိကိရိယ- အရဟတ္တဖိုလ်ကို ယျက်မှောက်ပြုရခြင်း၊ (၃၅) ဖုဋ္ဌဿ လောက ဓမ္မေဟိ စိတ္တံ ယဿ နကမ္မတိ-လောကဓံတရား. ရှစ်ပါးတို့နှင့် တွေ့ရသော်လည်း စိတ်တုန်လှုပ်မှု မရှိခြင်း၊ (၃၆) အသောက- စိုးရိမ် ကြောင့်ကြမှု မရှိခြင်း၊ (၃၇) ဝိရဇ-ရာဂစသော ကိလေသာမြှု မရှိခြင်း၊ (၃၈) ခေမ မင်္ဂလာ-ကြောက်ထိတ်လန့်မှု ဘေးမရှိခြင်း။

မင်္ဂလာပန်း ၇-ပွင့်။ ။မင်္ဂလာအောင်ပွဲ သာဝင်၌ ယတြာပန်း ၇-မျိုး။ ထတို့သား သတို့သမီးတို့ ထိမ်းမြားသော နေ့သည် တနင်္ဂနွေနေ့ ဖြစ်မူ ကံ့ကော်ပန်းကို ပန်ဆောင်ကြရာသည်၊ တနင်းလာနေ့ ဖြစ်မူ နှင်းဆီပန်း၊ အင်္ဂါနေ့ဖြစ်မူ ဇလပ်ပန်း၊ ဗုဒ္ဓဟူးနေ့ဖြစ်မူ စပယ်ပန်း, သပြေပန်း၊ ကြာသပတေးနေ့ဖြစ်မူ သီး, သံလတ်ပန်း၊ သောကြာနေ့ ဖြစ်မူ ဒန်းပန်း, နှင်းပန်း၊ စနေနေ့ဖြစ်မူ အုန်းပန်း၊ ဤသို့လျှင် မိမိတို့၏ အညွှန့်နုသင့် ပန်းများကို ပန်ဆင်၍ မင်္ဂလာမှုပြုကြကုန်ရာသည်။ (ဗေဒင်)

http://www.dhammadownload.com

မင်း ၄-ပါး ဆေး။ ။စိန်, ဆေး, ကန်, ဟင်း, ခေါ် ဓာတ် ၄-ပါးဆေးကို အဂ္ဂိရတ်ကျမ်းတို့၌ မင်း ၄-ပါးဆေး ခေါ်သည်။

မင်းကောရာ၊ သတ္တိမှာ၊ ဥ ဖြာရှိ၏ အသို့နည်း? ။ ။'မန္တာ၊ဉဿာဟာ၊ပဘာဝဟု၊ ရာဇာသတ္တိ ၃-ပါးရှိ၏' ဟူသော စကားအရ ဖြစ်သည်။ (၁) မန္တ သတ္တိ- ပညာရှိတို့နှင့် အစစ တိုင်ပင် နှီးနှောမှု၊ (၂) ဥဿာဟ သတ္တိ- ရိက္ခာ လက်နက်, စစ်သား ရှာမှီးမှု၊ (၃) ပဘာဝ သတ္တိ- စိမ်း ကျက် မရွေး ပြစ်ပေး ဆုံးမမှု။ ၎င်း ၃-ပါး အပြည့်အစုံ ရှိထားရမည်။

မင်းကျင့် တရား ၁၀-ပါး။ ။သုတ်ပါထေယျ။ပါ။ ၅၀ ။ဌ။ ၃၄။ မဟာ ဟံသဇာတ်နှင့် နန္ဒိယဇာတ် အဋ္ဌကထာတို့၌လည်း ပါရှိသည်၊ မင်းကောင်း မင်းမြတ်တို့ ကျင့်ဝတ် ၁၀-ပါး ဟူ၏။ (၁) ဒါန- အလှူပေးခြင်း၊ (၂) သီလ-ငါးပါးသီလ ဆယ်ပါးသီလကို ဆောက်တည်ရခြင်း၊ (၃) ပရိစာဂ- ပေးကမ်း ခြိုးမြှင့် စွန့်ကြဲရခြင်း၊ (၄) မုဒုက- ကိုယ် နှုတ် နူးညံ့သိမ်မွေ့ ရခြင်း၊ (၅) ဥပေါသထ- အဋ္ဌင်္ဂသီလ စောင့်သုံးရခြင်း၊ (၆) အက္ကောဓ- အမျက် မထွက်ရခြင်း၊ (၇) အ ဝိရောဓ- ရဟန်းရှင်လူ ပြည်သူတို့နှင့် မဆန့်ကျင်ရခြင်း၊ (၈) အဝိဟိံသန- ပြည်သူလူထုတို့ကို အခွန် အတုတ် အမျိုးမျိုးတို့ဖြင့် မညှဉ်းဆဲရခြင်း၊ (၉) ခန္တီ- သည်းခံရခြင်း၊ (၁၀) သမ္မာ ပဋိပန္ထ- ဖြောင့်မတ်မှန်ကန်စွာ ကျင့်ရခြင်း။

မင်းခမ်းတော်မှာ၊ ၁၃-ဖြာ၊ ဝဲယာ ဆောင်ဃောင်ကျင်း။ ။မင်းနန်း မင်းခမ်း၌ အဆောင် အယောင်တော်များ ခင်းကျင်းထုဝယ် လက်ဝဲ ၁၃-ပါး၊ လက်ျာ ၁၃-ပါးကို ဆိုသည်၊ ၎င်း၏ သရုပ်ကို အောက်ပါ ရွှေဘုံ နိဒါန်းလာ လက်ာ ၂ ရပ်ဖြင့် သိရှု၏။ (က) လက်ျာတော်က၊ ရွှေလှေ သိင်္ဂါ၊ မျက်စိမြှောသား၊ ရတနာသန်လျက်၊ လုံလက်လျှပ်လျှပ်၊ သားမြီး ယပ်နှင့်၊ထက်ချပ်မကွာ၊ ရတနာ ပန်းတောင်း၊ ခြူးပေါင်းပုလဲ၊ သင်္ကာဆဲ လျက်၊ ရဲရဲရောင်တက်၊ ကွမ်းခွက်ရွှစ်ထောင့်၊ ထို့ကြောင့်မလွှေ၊ ခြသေ့ခံ, လျက်၊ကွမ်းခွက်ရတနာ၊ စလင်းကြာနှင့်၊ သိင်္ဂါရွှေမှည့်၊ကွမ်းထည့်ကျပ်မှ၊ ကျပ်လျှား စလား၊ သီဟခံထား၊ ကရုဏာတကောင်း၊ ထိုနှောင်းမြို့တာ၊ ရေပြည့်စွာတာည့်၊ ထီးမှာလေးဆူ၊ စိုက်ထူကြွားကြွား၊ ယပ်မားချပ်လျက်၊ ရောင်ခြည်ရှက်သည်၊ ပြိုးပြက် ထိန်ထိန် လင်းလင်းတည်း။ (၁) လက်ဝဲ

http://www.dhammadownload.com

တော်က၊ ရွှေလှော် လှုံဝါ၊ မျက်စီမြွာသည်၊ ရတနာဘိနပ်၊ သပ်သပ် တောင်ဝှေး၊ ရောင်ပြေးဝိုးဂါး၊ လက်တင်ကြားနှင့်၊ နဂါးကွမ်းခွက်၊ စဉ်လျက် သလပ်၊ လျှပ်လျှပ်ဝင်းဝါ၊ မကွာတသီး၊ ကွမ်းလောင်းကြီးကား၊ အပြီးဆိုဘွယ်၊ ကွမ်းလောင်းငယ်နှင့်၊ တင့်တယ်လှစွာ၊ ရတနာ ဖလား၊ ကရားထိုနောင်၊ သလင်းမြောင်လု၊ လှုံရောင်ရတနာ၊ သစ်တိုင်ပါ၍၊ မြူတာရေချမ်း၊ ပြည့်ဖြိုးလျှမ်းသည်၊ မင်းခမ်း မည်သား၊ ထီးလေးပါးနှင့်၊ အကြား အကြား၊ ယပ်မားချပ်လျက်၊ စဉ်ဆက်စုံညီ၊ ဆယ့်သုံးစီတည့်၊ နှာ်လီပေါင်းမြောက်၊ နှစ်ဆယ့် ခြောက်လျှင်၊ အုံ့လောက် ထူးဆန်း၊ ရွှေတော်ထွန်းသည်၊ ရောင်ရွှန်းပြောင်ပြောင် ဝင်းဝင်းတည်း။

မင်းဆက် ၅-သွယ်၊ ရှင်ဘိုမယ်၊ နန်းလယ်တင့်သည်သာ။ ။ဤသရုပ်ကား ကဝိလက္ခဏာ ဒီပနီကျမ်းလာဖြစ်၍ ထိုမှပင် ယူဖြေလိုက်သည်။ (၁) ဘုရင်မင်းခေါင်၊ (၂)သားတော် သီဟသူ၊ (၃) မင်းလှငယ်၊ (၄)ကလေး ကျေးတောင်ညိုမင်း၊ (၅) မိုးညှင်းမင်းတရားကြီး၊ ထိုမင်းငါးဆက်တို့ မိဖုယားမြောက်ခြင်းကို ခံရသည့် ရှင်ဘိုမယ်ဟု ဆိုလေသည်။

မင်းတို့ အား ၅-ပါး။ ။တိုင်းနိုင်ငံကို အုပ်ချုပ်၍ မင်းလုပ်သူတို့၌ ရှိထား ရမည့် ဗလငါးပါးကို ဆိုသည်။ (၁) ဗာဟု ဗလ- လက်ရုံး, လက်နှက်, စစ်သည် အင်အား၊ (၂) ဘောဂ ဗလ- စားနပ်ရိက္ခာ ရွှေ ငွေ ရတနာ ဆင်မြင်း ဥစ္စာအား၊ (၃) အမစ္စ ဗလ- အမတ် လိမ်မာမျှား အင်အား၊ (၄) အဘိဇစ္စ ဗလ- ဒာမျိုးမြတ် သန့်ရှင်းခြင်းအား၊ (၅) ပညာ ဗလ- ဉာဏ် ပညာရှိခြင်း အင်အား။

မင်းတို့ဆင်ရာ၊ ရတနာ၊ ၉-ဖြာ နဝရတ်။ ။ဤ၌ ကာမဇ္ဈာဂိကျမ်းလာ မင်းတို့ ကျင့်သုံးလိုက်နာ ဆောင်ရွက်ရမြဲ ဖြစ်သော တိုင်းပြည် ရတနာ ကိုးပါးကို ဆိုသည်၊ ၎င်းအဖြေ (တိုင်းပြည်ရတနာ၊ ပြည့်စုံစွာ၊ ၉-ဖြာ နဝရတ်)ဟူသော သရုပ်၌ ရှုပါ။

မင်းတို့ မမေ့အပ်သော အရပ်မျိုး ၃-ပါး။ ။ဘုရင်မင်းမြတ်နှင့် အစိုးရတို့ မမေ့အပ်သော အရပ် ၃-ပါး၊ တိကနိပါဂ် အဂ်္ဂတ္တိရ်၌ ဟောသည်။

http://www.dhammadownload.com

(၁) အာဘောတ ဌာန- မွေးဖွားရာ အရပ်၊ (၂) အာဘိသေ ဌာန၊ ဘိသိက်ခံရာ,သစ္စာခံယူရာ အရပ်၊ (၃) ဇယ ဌာန- ရန်အောင်ရာ အရပ်။

မင်းတိုင်း ၁၂-မူ။ ။ဤ၌ 'မင်းတိုင်း' ဆိုသည်ကား ဘုရင်မင်းမြတ်တို့ ကောက်ယူသော အခွန်အတုတ်ကို ဆိုထည်၊ ယင်း အခွန်အတုတ်ကို အောက်ပါပစ္စည်းတို့ အပေါ်၌ ကောက်ခံလေ့ရှိသည်။ (၁) တမာစေး၊ (၂) လျော်၊ (၃) အုံတုံခေါက်၊ (၄) ဥသျစ်သီး၊ (၅) တင်လဲ၊ (၆) မရိုး မီးသွေး၊ (၇) စာရေးရန် ထန်းဖူး၊ (၈) မန်ကျည်းမှည့်၊ (၉) ရေနံ၊ (၁၀) အင်တုံ၊ (၁၁) လဲဝါ၊ (၁၂) ကျဲကော်၊ ယင်းအခွန်အတုတ်ထို့မှ ဇာတ်တော် စင်တော်ကြီးသားများနှင့် အခြား အမှုထမ်း အရာထမ်း များကို လွှတ်ငြိမ်းချမ်းသာခွင့် ပေးလေ့ရှိသည်။

မင်းပေါင်း ၁၀-ပါး ဆေး။ ။ဝင်းကို လောကီသမ္မတိဒ္ဓိသျှို့ ဆေးကြီး ဟူ၍ ဝင်း၊ တတိယ သူရဿတီဆေး ဟူ၍ဝင်း အဆိုရှိသည်။ (၁) ပြဟ္မာမင်း- ဆေးဥတလုံး၊ (၂) သိကြားမင်း- နန္ဒင်းမင်း၊ (၃) ပိဿနိုးမင်း-ဒေ့ပန်းမင်း၊ (၄) စကြဝတေးမင်း- တိလက်သာ၊ (၅) မိုးမင်း-ဂမုံးရွှေဝါကြီး၊ (၆) လေမင်း- ဂမုံးရွှေဝါငယ်၊ (၇) ဂုံမင်း- ဂုံမင်းပင်၊ (၈) သက်ငယ်မင်း-သမန်းမြက်၊ (၉) လမင်း-ဂမုံးလဝင်း၊ (၁၀) ကျက်သရေမင်း- ဂမုံးပေါင်း၊ဂမုံးကျက်သရေဆောင်လည်းဟူ၏၊ဝင်းတို့ကိုပေါင်း၍ မင်းမြောက်တန်ဆာ ငါးပါးနှင့်ပြင် "ဥံ သမ္မရာဇာ ပိယံ မမ"ဟူသော မန္တန်နှင့် (၁၀၀၀-စုတ်၊ သမ္မုဒ္ဓေ ၁၀၈-စုတ်)စကြဝတေးပင်းပုံ ထူ၍ဆောင်၊အကျိုး အနန္တ ဟူ၏။

မင်းပေါင်း ၁၀၁-ပါး။ ။ဤ၌ တရုတ်တပါးသော ထီးဆောင်းမင်း တို့၏ အမည်ကို ဇမ္ဗူတံဆိပ်ကျမ်းလာ လူမျိုး တရုတ်တပါးကို အကြောင်းပြု၍ ကိုယ့်လူမျိုးနှင့် ကိုယ့်မင်းဖြစ်ရကား မင်းမျိုးပေါင်း "ရာဇ တပုံး"ဟု ဆိုလိုရိပ်ရှိသည်။

မင်းမျိုးအပြား၊ ၇-ပါး၊ ခွဲခြား ဝေဘန်သိ။ ။ဤ၌ မင်း ဟူသော မြန်မာအဘိဓာန်ပုဒ်သည် စကြာမင်းမှ စ၍ ရွာစား ရွာသူကြီး တိုင်အောင် ယက်ဆိုင်လေရကား ဝိနည်းပါဠိတော် အဋ္ဌကထာဝယ်၌ လာသည့် မင်းမျိုး

http://www.dhammadownload.com

၇-ပါး အပြားကို သိထားရာ၏။ (၁) ပထဗျာ ရာဇာ-မြေ အလုံးစုံကို အစိုးရသည့် စကြာမင်းကဲ့သို့သော မင်း၊ (၂) ပဒေသ ရာဇာ-တခုသော ကျွန်းတွင် တစိတ်တဒေသကို အစိုးရသော မင်း၊ (၃) မဏ္ဍလိက ရာဇာ-ကျွန်းတခုတွင် တမြို့နှစ်မြို့ကို စားရသော မင်း၊ (၄) အန္တရ ဘောတိကာ ရာဇာ-မင်းနှစ်ပါးတို့၏ အကြားတွင် နှစ်ရွာ သုံးရွာ၏ အရှင်ဖြစ်သော မင်း၊ (၅) အက္ခဒဿ ရာဇာ-ဓမ္မသဘင်ရုံးတော်၌နေ၍ အပြစ်အားလျော်စွာ လက်ခြေ စသည် ဖြတ်၍ ဆုံးမတတ်သော တရားစီရင်ရသည့် တရားသူကြီး မင်း၊ (၆) မဟာမတ္တ ရာဇာ-ထိုထို ရွာ နိဂုံးစသည်တို့၌ နေ၍ မင်း၏ကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်တတ်သော ဘုရင်ခံ၏ ရာထူး ဌာနရှိသူ အမတ်ကြီးမင်း၊ (၇) ယေဝါ ပန ရာဇာ- မင်းတို့ကို အမှီပြု၍ ငင်း၊ မိမိ၏ ဝိရိယကို အမှီပြု၍ငင်း သတ်ဖြတ်ခဲ့စိတ်ခြင်းကို ပြုလုပ်စီရင်တတ်သော မင်း။

မှတ်ချက်။ ။ဤ ဘော်ပြပါ မင်းတို့တွင် 'ရဟန်းမှာ သိက္ခာ၊ မင်းမှာ ဘိသိက်' ဟု ဓညဝတီအရေးတော်ပုံ စကားကျမ်းတို့၌ ဆိုသော ကြောင့် ထီးဖြူဆောင်းခြင်း စသော မင်းမြောက်တန်ဆာ ငါးပါးတို့ကို ဆင်ယင်သုံးစွဲလျက် သုံးပါးသော ရာဇဘိသိက်ကို ခံသောမင်းကိုသာ မင်းဟူ၍ ယူသင့်သည်၊ သို့ရာတွင် ရာဇဝင်၏ အဆုံးသာ မင်းမြောက်တန်ဆာနှင့် ရာဇဘိသိက် ခံသောမင်းကို မင်းဟု ယူရသည်၊ အခြား ဓနုရာတို့၌ကား မင်းတိုင်းလည်း အဘိသိက် ခံသည် မဟုတ်သောကြောင့် သင့်သလို ယူကြကုန်။

မင်းမျိုးစိုးနွယ်၊ ဆင်စထွယ်၊ ဂ-သွယ် မျိုးအပြား။ ။ဆုထူး ဂုဏ်ရည် အလိုက် ခြားနားကာ စလွယ်မျိုး ရှစ်ပါး ထားရှိကြောင်းနှင့် သိရ၏။ (၁)ဘုရင် မင်းမြတ်များကား ၂၄-သွယ်ရှိ စလွယ်ကိုသာ ဆင်မြန်းကြသည်၊ (၂)ဥပ ရာဇာတို့က ၂၁-သွယ်ဆင်သည်၊ (၃) မင်းညီမင်းသားတို့က ၁၈-သွယ် ဆင်သည်၊ (၄) မဟာမျိုးနွယ်တို့ကား ၁၅-သွယ်ရသည်၊ (၅) အဂ္ဂမဟာ သေနာပတိ တို့ကား ၁၂-သွယ် ဆင်ရသည်၊ (၆) မူးမတ်ကြီးတို့ကား ကိုးသွယ် ဆင်ရသည်၊ ,(၇) မူးမတ်လတ် တို့ကား ၆-သွယ် ရ၏၊ (၈) မူးမတ်ငယ်တို့ကား ၃-သွယ်သာ ရသည်ဟူ၏။

http://www.dhammadownload.com

မင်းခမြောက်ဘန်ဆော ၅-ပါး။ ။ဝိနည်း ပါရာဇိက။ ၎။ ပ-အုပ်၊ ၅၆။ ဘုရင် မင်းမြတ်တို့၏ အဆောင် အဓယောင်တော် ၅-ပါး။ (၁) ခဂ္ဂ-သန့်လျက်၊ (၂) ဆတ္တ- ထီးဖြူ၊ (၃) ဥဏှီသ- သင်းကျစ်၊ (၄) သုဝဏ္ဏ ပါဒုက- ရွှေခြေနင်း၊ (၅) ဝါဠဗီဇန- သားမြီးယပ်။

မစည်ကာအာပ်ဆော အရပ်မျိုး ၉-ပါး။ ။မင်းစိုးရာဇာနှင့် တိုင်းသူပြည်သားတို့ တရားမစောင့် ကောက်ကျစ်စဉ်းလဲသော အခါမျိုး၌ အောက် ဖေါ်ပြပါ ဓနရသုံးပါးတွင် လူစည်ကား၏။ (၁) ဝိနိစ္ဆယ သာလာ- တရားစီရင်ရာ ရုံးတော်၊ (၂) ဆုဆာန-သုဆာန် သင်းချိုင်း၊ (၃) ဗန္ဓနာဂါရ-လူဆိုးတို့ကို ချုပ်နှောင်ရာ ထောင်။

မစ္ဆရိယတရား ၅-ပါး။ ။ပဋ္ဌာန်တွင်ရ ။ပါ။ ၁၂၂ ။၎။ ၄၅။ ဝန်တိုမှု မလို မုန်းထားခြင်း မျိုး ၎ါးပါး။ (၁) အာဝါသ မစ္ဆရိယ- အိမ်, ကျောင်း, တိုက်တာ နေရာထိုင်ခင်းတို့၌ ဝန်တိုခြင်း၊ (၂) ကုလ မစ္ဆရိယ- မိမိ ဆွေမျိုး ဉာတိ တပည့်တကာ တကာမတို့ ဘုများထံ ဆက်ဆံ ပေါင်းသင်း ကြည်ညိုမှုကို ဝန်တိုခြင်း, (၃) လာဘ မစ္ဆရိယ- ပစ္စည်း လာဘ်လာဘ၌ ဝန်တိုခြင်း၊ (၄) ဝဏ္ဏ မစ္ဆရိယ- ကိုယ် အဆင်၊ ဂုဏ်သတင်း၌ ဝန်တိုခြင်း၊ (၅) ဓမ္မ မစ္ဆရိယ- မိမိ တတ်သိလိမ်မာသော အတတ်ပညာ၌ ဝန်တိုခြင်း။

မဇ္ဈိမဒေါ်၊ ဒဿတော်၊ မှတ်ဓသဉ်နယ်ခြား ၅-မျိုး ထားရှင့်။ ။ဘုရားရှင်တို့ ပွင့်တော်မူရာ တောင်ကျွန်း၏ အလယ်ဗဟိုဌာန နယ်မြေသတ်မှတ်ချက် ၎ါးရပ်ကို ဆိုသည်။ (၁) အရှေ့လားသော် ဇင်္ကလ နိဂုံး၊ (၂) အရှေ့တောင်လားသော် သလ္လဝတီ မြစ်, (၃) တောင်လားသော် သေတကဏ္ဏိ နိဂုံး၊ (၄) အနောက် လားသော် ထုနပုဏ္ဏားရွာ၊ (၅) မြောက်လားသော် ဥသီရဒ္ဓဇတောင်။

မှတ်ချက်။ ။အဝန်းအကျယ် ယူဇနာ ကိုးဆယ်ရှိသည် ဟူ၏။

မဇ္ဈိမနိကာယ် ၃-ကျမ်း။ ။ဂင်းသရုပ်ကို (နိကာယ် ၅-ရပ်) [၁] ပိုဒ်မှာ ကြည့်ပါ။

မတင့်တယ်ဆုလည်မျိုး ၆-ပါး။ ။ကျွဲ၌ မှတ်ကျက်လွယ်ကူရန် စာဏကျမျိုး မှ ထုတ်ပြလိုက်သည်။ (၁) အဝတ်မပါ၊ ဆင်တန်ဆာကား၊ သပြာလူးနီက်၊

http://www.dhammadownload.com

တသိန်းထိုက်လည်း၊ မကြိုက်စဘွယ်၊ မတင့်တယ်တည့်၊ (၂) ဆိထောပတ် များ၊ မပ ါခြားသည့်၊စားအစာမှာ၊ ရသာမကြွယ်၊ မတင့်တယ်တည့်၊ (၃) ပျိုရွယ်လှစွာ၊ မယ်ကညာလည်း၊ ရင်မြှောနှစ်စုံ၊ ပန်းအငုံတို့၊ နွမ်းကျုံမလှ၊ လျော့လျည်းကျမူ၊ မိုးက သက်လာ၊ ဖြစ်တုံပါလည်း၊ အင်္ဂါချို့ငဲယ်၊ မတင့်တယ်တည့်၊(၄)နှက်ကျယ် လိမ်မာ၊တတ်ပညာလျှင်၊ မပါကာင်းဝေး၊ အသက်မွေးလည်း၊ သိမ်ငေးမဖွယ်၊ မတင့်တယ်တည်း။

မတင့်တယ်သော အရာ ၃-မျိုး။ ။ဇာတ် အဋ္ဌကထာ၊ ပ-အုပ်၊ ၃၂၅။ (၁)ရေမရှိသော မြစ်၊ (၂) မင်းမရှိသော တိုင်းပြည်၊ (၃) လင်မရှိသော မိန်းမ။

မတင်းတိမ် မရောင့်ရဲနိုင်သော အရာကြီး ၃-မျိုး။ ။ငင်း သရုပ် (မရောင့်ရဲ မတင်းတိမ်နိုင်သော အရာကြီး ၃-မျိုး)၌ ရှုပါ။

မတားမြစ်အပ်သော အရာမျိုး ၅-ပါး။ ။အန္တရာယ်ပြုစေ၍ လောကရေး အားဖြင့် ခွင့်ပေးရသည်။ (၁) ကျင်ကြီး စွန့်လိုခြင်း၊ (၂) ကျင်ငယ် စွန့်လိုခြင်း၊ (၃) လေ သက်လိုခြင်း၊ (၄) ငတ်မွတ် ဆာလောင်၍ စားလို ခြင်း၊ (၅)အိပ်လိုခြင်း။

မတိုင်ပင်အပ်သူမျိုး ဂ-ယောက်။ ။မိလိန္ဒပဉှာ။ပါ။၉၉။ ထိုသူတို့နှင့်တိုင်ပင် သော် အကျိုးစီးပွား ပျက်တတ်သည် ဟူ၏၊ စပ်ဟူ စပ်ဖက်မလုပ်ရာ။ (၁) ရာဂ စရိတ- ရာဂ ထူပြောသူ၊ (၂) ဒေါသ စရိတ- ဒေါသအမျက် ထွက်လွယ်တတ်သူ၊ (၃) ဧမောဟ စရိတ- မိုက်မဲ တွေဝေသူ၊ အကြံတုံး, ဉာဏ်တုံးသူ၊ (၄) မာန စရိတ- မာန်မာန ကြီးသူ၊ လူမော် လူကြွား၊ (၅) လုဒ္ဓ-လောဘ ရမ္မက် ကြီးသူ၊ (၆) အလသ- ပျင်းရိသူ၊ (၇) ကေစိန္တိ-ဟယောက်တည်း ကျိတ်၍ လုပ်တတ်သူ၊ (၈) ဗာလ- လူမိုက် လူရမ်း လူတစောက်ကန်း။

မတိုင်ပင်အပ်သော အရပ်မျိုး ဂ-ပါး။ ။မိလိန္ဒပဉှာကျမ်း ၉၉-မှ။ (၁) ဝိသမ ဌာန-မညီမညွတ်သော အရပ်၊ အကျိုးဖရိုဖရဲ ဖြစ်တတ်၏။ (၂) သဘာယ ဌာန-ကပ္ပသဘင် စသည့်အရပ်၊ တုန်လှုပ်၏၊ နှလုံးပူပန်၏၊ (၃) အတိ ဝါတ ဌာန-အလွန် လေထန်သော အရပ်၊ အသံကို

http://www.dhammadownload.com

နှိပ်စက်၏၊ (၄) ပတိ ဆန္ဒ ဌာန-ဖုံးလွှမ်းသော အရပ်၊ သူတပါးနားထောင်တတ်၏၊ (၅) ဒေဝ ဌာန-နတ် နေရာ အရပ်၊ အကျိုးစီးပွား နှောင့်နှေးတတ်၏၊ (၆) ပထ ဌာန-ခရီးလမ်းအရပ်၊ စီးပွား မဖြစ်နိုင်၊ (၇)သင်္ဃ-ဌာန-စစ်မြေပြင် အရပ်၊ တုန်လှုပ်တတ်၏၊ (၈) ဥဒက တိတ္ထ- ရေဆိပ် ရေခပ်ရာ အရပ်၊ ထင်ရှား ပေါ်လွင်တတ်၏။

မထေမဲ့မြင်ပြု ခံရသူမျိုး ၅-ယောက်။ ။ဂုဏ် သရုပ် (အထင်မြင့်သေး ခံရသူ မျိုး ၅-ယောက်) ၌ ရှုပါ။

မထေမဲ့မြင်ပြုခြင်း ခံရတတ်သူ ၁၀-ယောက်။ ။မိလိန္ဒပဉှာ။ ၂၀၅-၌ အကျယ်ရှု။ (၁) လင်ကွာ လင်သေ မိန်းမ၊ (၂)အင်အားဗလနည်းသူ၊ (၃) ဆွေမျိုး မိတ္တ ကင်းမဲ့သူ၊ (၄) အစားအသောက် ကြီးသူ၊ (၅) မကောင်း ယုတ်မာသော မိတ်ဆွေနှင့် ပေါင်းသူ၊ (၆) ပစ္စည်းဥစ္စာ မရှိသူ၊ (၇) ကိုယ်ကျင့်သီလ မရှိသူ၊ (၈) ကိစ္စကြီးငယ်၌ မေ့လျော့တတ်သူ၊ (၉) အနာရောဂါ ထူပြောသူ၊ (၁၀) ဝီရိယမရှိ အပျင်းထူသူ။

မန္တလေးမြို့တည်၊ ၇-လ၊ ၈ည် တပြိုင်နက်။ ။သက္ကရာဇ် ၁၂၂၁-ခုနှစ် (အုတ်ကျစ်ကျောင်၌ မန္တလေး)၌ မန္တလေးရတနာပုံ နေပြည်တော်ကြီးကို တည်ထောင် ဖန်ဆင်းသောအခါ 'မြို့တော်, ကျုံးတော်, စေတီဘော်, သိမ်ကော်, ကျောင်းတော်, ပိဋကတ်တိုက်တော်, သုဓမ္မာဇရုပ်တော်' ၎င်း ခုနစ်ဌာနတို့ကို တပြိုင်နက်တည်း အုံမြစ်ချ၍ တည်ဆောက်သည် ဟူ၏။

မန်းဘောင်မြေချ၊ လောင်းမြတ်စွာ၊ ၄-ခါ ဇာတ်ဘဝ။ ။အလောင်းတော်မြတ် နုစဉ်အခါဝယ် မန္တလေးတောင်ခြေ ဘောင်မြေအရပ်၌ 'ခြသေ့မင်း, ဆင်မင်း, ဆတ်မင်း, ငှံးမင်း, ဖွတ်မင်း, မုဆိုးသား" ဟူသော ဇာတ်ဘဝတို့ဖြင့် ကျင်လည် ကျက်စားခဲ့ဘူးကြောင်းများဖြင့် ကဝိလက္ခဏာဒီပနီကျမ်း နိဒါန်း၌ မိန့်ဆိုထားလေသည်။

မန်းမြို့တော်တည်၊ ၇-လ၊ တူည ပန္နက်ချ။ ။ပဋ္ဌမသင်္ကိယနာတင် မင်းဝုန်းမင်းတရားကြီးသည် ၁၂၁၁-ခုနှစ် မန္တလေး နန်းမြို့တော်သစ်ကြီး ဘည်ဆောက်သောအခါ။ (၁)မြို့တော်၊ (၂)ကျုံးတော်၊(၃)လေးဘကမာရဇိန် စေတီတော်၊ (၄) သိမ်တော်ကြီး၊ (၅) သဓမ္မာဇရုပ်တော်ကြီးများ၊

http://www.dhammadownload.com

(၆) အတုလဝေယန် ကျောင်းတော်ကြီး၊ (၇) ပဋ္ဌကတိုက်တော်၊ ဤ ၇-ဌာနကို ရွှေမြို့တော်တည်သည်နှင့် တပြိုင်နက် တချိန်တည်း ပန္နက်ချကာ တည်တော်မူခဲ့လေသည် ဟူ၏။

မနသိကာရတရား ၂-ပါး။ ။သံယုတ်ပါဠိတော် တတိယအုပ်။ ၇၆-ဌ် အကျယ်ရှုပါ။ (၁) ယောနိသော မနသိကာရ- ပညာဉာဏ်နှင့်ယှဉ်၍ အမှန်တရားများကို အမှန်အတိုင်း ရှုမှတ်သိမြင်ခြင်း၊ (၂) အယောနိသော မနသိကာရ- အမှန်တရားကို အမှားဖြင့် သိမြင်ကြည့်ရှု မှတ်သားလျက် ထိုအမှားတရားစုကိုပင် အမှန်ဟု မှတ်ယူစွဲသိနေခြင်း။

မနသိကာရမျိုး ၃-ပါး၊ တနည်း။ ။ထင်း သုံးပါးကား အာရုံ၊ ဝီထိ၊ ဇော တို့၏ သဘောမျှဖြစ်၍ အနုစိတ်ကို အကုံရဋ္ဌကာဌ် ရှုလေ။

မနေအပ်သော အရပ်မျိုး ၅-ပါး။ ။ဤဌ် ကျက်မှတ်၍ လွယ်ကူစေရန် စာကဏ္ဍပျို့မှ ထုတ်ပြလိုက်သည်၊ **မနေအပ်**ရာ အရပ်မှာကား။ (၁) ဥစ္စာစုဝေး၊ မြတ်သေဒ္ဌေးနှင့်၊ (၂) ဆေးကုလိမ်မာ၊ ဆေးဆရာဝန်၊ (၃) စုံလာ ဆယ်အင်၊ ရှင်ဘုရင်ဟု၊ (၄) ရေလျှင်တည်ကြောင်း၊ မြစ်နှင့် ချောင်းတည်၊ (၅) မကောင်း၊ကောင်းသော၊အတတ်ဟောသည်၊သဘော မြင့်မြတ်၊ ဗေဒင်တတ်ဟု၊ လျှောက်ပတ်ဘွယ်ရာ၊ ဤငါးဖြာတို့၊ ဇင်းကွာ မဲ့ထ၊ ရပ်ဒေသကား၊ မုခ်ချဆတ်ဆတ်၊ **မနေအပ်**တည်း။

မှတ်ချက်။ ။အမှတ် ၄-အရ ရထားသဘော်လမ်း မဲ့ကိုယူ၊ ဟိတော ပဒေသဌ် ၄-ပါးလာ၏။

မနေဘကံ ၃-ပါး၊ မနေဘဒုစရိုက် ၃-ပါး။ ။ဇင်း၏ သရုပ်ကို (ဒုစရိုက်ဆယ်ပါး) မှာ ထင်ရှားစွာ ပြခဲ့ပြီ။

မပေးလှူအပ်သော ဒါနမျိုး ၅-ပါး။ ။အပြစ်ရှိသော အကုသိုလ်အလှူမျိုး ၅-ပါး ဟူ၏။ ပရိဝါပါဠိတော် ၂၃၁ ။ဌ။ ၁၇၃-ဌ် အကျယ်ရှုပါ။ ဇင်း၏ အကျိုးဖလကား- အပါယ်လားကြောင်းသာဖြစ်၍ "အပါယဂမနိက ဒါန"မျိုး ငါးပါး ဟူ၍လည်း ပိဋ္ဌကတော်၌ လာရှိသည်၊ အဆို အတိုး ပွဲသဘင်ပါသော အလှူရှင်များ သတိထားကြစေရာ။ (၁) မဇ္ဈ

http://www.dhammadownload.com

ဒါန-သေရည်, အရက်, ဘိန်းစသည် ယစ်မျိုးအလှူ၊ (၂) သမဏ ဒါန-ဇာတ်, ရုပ်သေး, အငြိမ့်စသော အဆိုအတီး ကခြေသည် သဘင်အလှူ၊ (၃) ဣတ္ထိဒါန-ကာမမှုအတွက် အလိုဖြည့်ကြစေရန် မိန်းမအလှူ၊ (၄) ဥသာဘ ဒါန- နွားမတို့ အလယ်၌ ထယ်ဝါခန့်ညားသော နွားလား နွားသိုး ကြီးတို့ကို ပေးလှူခြင်း၊ (၅) စိတ္တ ကမ္မ ဒါန-ကြည့်လိုက်လျှင် ကာမဂုဏ် စိတ်တွေ တဖွားဖွားဖြစ်လာနိုင်အောင် ဆန်းကြယ်လှပစွာ ပြုစုရေးသား ထားသော သုခုမ အနုပညာ ပန်းချီကားချပ်များ။

မပေးလှူအပ်သော ဓါန်မျိုး ၁၀-ပါး။ ။ငင်း သရုပ်ကို (အပါယ်လားကြောင်း အလှူမျိုး ၁၀-ပါး)၌ ပြပြီးပြီ။

မမေ့နိုင်ခြင်းအကြောင်း ၁၆-ပါး။ ။ငင်း သရုပ်ကို(သတိရခြင်း၏အကြောင်း ၁၆-ပါး)၌ ရှုပါလေ။

မယ်ကမ္ဘာဒေါ်၊ မိန်းမကျော်၊ ၄-ဘော် ကျမ်းဂန်ထွက်။ ။ငင်း သရုပ် (တော်ဝင်သူ ၄-ယောက်) ဟူသော သုတေသန၌ ဆိုခဲ့ပြီ။

မယ်ဘွဲ့ရွေးချယ်၊ လှနတ်မယ်၊ ဖြ-သွယ် အင်္ဂါစစ်။ ။ ထိုထို မြို့, ရွာ, တိုင်း, နယ်တို့၌ အလှမယ် ရွေးကာ ဘွဲ့ပေးကြရာတွင် ရွေးဦးစွာ အလှလက္ခဏာ ဖြ-ပါးကို စီစစ်ရမည် ဟူ၏၊ ငင်းသရုပ် (အပြစ် ဖြ-ပါး၊ ကင်းစင်ငြား၊ လှထွား ပျိုသွေး)၌ ဆိုခဲ့ပြီ။

မယား ၅-ပါး၊ ပယ်စွန့်ထား၊ မိန်းကြား ဓမ္မသတ်။ ။ကွာစွန့် အပ်သော မယားမျိုး ငါးပါး ဟူ၏၊ ရွေ့ ၃-ပါးကို မကွာလိုကလည်း နေနိုင်သည်, ကဝိလက္ခဏာဒီပနီကျမ်းမှ။ (၁) မြို့သောမယား၊ ရှစ်နှစ် ငုံစောင့်ရမည်, (၂) သိမ်းမိန်းမသာ ဖွားသော မယား၊ ရှစ်ယောက် ဆယ်ယောက်အထိ မွေးအောင် စောင့်ငုံရမည်, (၃) နွေသောမယ်ား၊ ကွာလိုက ကွာစေ၊ (၄) လင်စောင် မျောက်မ ထားသော မယား၊ (၅) အမျိုးတို့၏ အကျင့်တရားကို ဖျက်သော မယား။

မယား အပြား ၇-ပါး။ ။သတ္တဂံတ္တရပါဠိတော်။ ၄၆၆ ။၌။ ၁၇၇။ ဇာတ်ပါဠိကော်။ ပ-အုပ်။ ၇၈ ။၌။ ၃၁၃-တို့၌ အကျယ်ရှုပါ။

http://www.dhammadownload.com

ငှင်းသရုပ်ကို မဃဒေဝ လက်ဝစကားရပ်ဖြင့် သိရာ၏။ 'မယားခုနစ်မျိုး၊ ရှိမြဲရိုးတွင်း၊ သူခိုး အရှင်၊ လူသတ်သွင်သို့၊ အကြင်မယား၊ လား၏ ငရဲ၊ အမြဲမှတ်ဘိ၊ အမိတမျှ၊ နှမ မယွန်း၊ ခင်ပွန်းတသွယ်၊ ကျွန်နှယ်လေးဖြာ၊ မယားမှာကား၊ နိမ္မာနတ်ပြည်၊ လားမြဲမည်၏၊ ယင်းသည်လေးဘွယ်၊ မယားဝယ်လည်း၊ ကျွန်နှယ်အလား၊ ထိုမယားမူ၊ ယောကျ်ားဆုပန်း၊ နိဗ္ဗာန်ဆုကောင်း၊ တောင်းကမလွတ်၊ မချတ်တူတည်၊ ပြည့်မြဲမည်၏' ။

မယားအရာ၊ မြောက်ကြောင်းမှာ၊ ၁၀-ဖြာ ကျမ်းအထွက်။ ။'ဓနက္ကိတာ ဒယော ဒသ ဘရိယာ' ဟူသော ဇေတရသကဏ် ဋ္ဌီကာပါဠိအရ မယားအရာ မြောက်ခြင်း၏ အကြောင်း ဆယ်ပါးကို သိရာ၏၊ ငှင်းအကျယ်ကို (အုပ်ထိန်းခြင်းရှိသော မိန်းမ ၂၀) သရုပ်တွင် နံပါတ် ၁၁-မှ စ၍ ကြည့်ရှုပါလေ။

မယားခိုး အပြား ၇-ပါး။ ။မယားခိုးမှု စီရင်ရာ၌ မနုဓမ္မသတ်အလို အောက်ပါ ခုနစ်ပါးကို ပြသည်။ (၁) ဟတ္ထဂ္ဂါဟ-လက်စသည် ကိုင်တွယ်သုံးသပ်ခြင်း၊ (၂) ဃရ ပတ္တ-လင်မရှိခိုက် အိမ်သို့ သွားယောက်ခြင်း၊ (၃) ဂုယ္ဟဂာန-လုံခြုံသောအရပ်၌ ကာမနှင့်စပ်သော စကားတို့ကို ဆိုခြင်း၊ (၄) သလ္လာပ-ကာမဂုဏ်ဖြင့် ဖြောင်းဖြ ပြောဆိုခြင်း၊ (၅) သေနိ-တင်းတိမ်၊ ခြင်ထောင်တွင်းသို့ ဝင်ရောက်ခြင်း၊ (၆) ဒွါရ-တိုက်တံခါး အတွင်းသို့ ဝင်ရောက်ခြင်း၊ (၇) သေယျ-အိပ်ရာခန်းသို့ ဝင်ရောက်ခြင်း။

မယားမြတ် ၈-ယောက်။ ။လောကီကျမ်းလာ ဥပဒေသ။ (၁) ထမင်းစားသောအခါ မိခင်ကဲ့သို့ ပြုစုလုပ်ကျွေးတတ်သော မယား၊ (၂) လင်ကို အဝတ်အစား ပြုပြင်ဆင်ယင်၍ ပေးတတ်သော မယား၊ (၃) လင်ကို ပကတိအခါ၌ မောင်းကဲ့သို့ ရှိသေ ရှက်ကြောက်တတ်သော မယား၊ (၄) လင်ကို ကျွန်မသဖွယ် လုပ်ကျွေးတတ်သော မယား၊ (၅) ဘေးရန် ရှိသောအခါ အတိုင်အပင် ရသော မယား၊ (၆) ကာမကိစ္စ၌ လင်၏ မွေလျော်ဘွယ်ကို ပြုကျင့်တတ်သော မယား၊ (၇) အရောင်အဆင်း၏ တင့်တယ်လှပခြင်းကို ပြုပြင် ဖီးလိမ်းတတ်သော မယား၊ (၈) လင်၏ အလိုဆ္ဆ ဆည်းခံနိုင်သော မယား။

မယားမြတ်တို့ အကျင့်လက္ခဏာ ၆-ပါး။ ။မိန်းမမြတ်တို့ လိုက်နာပြုကျင့်ခြင်း အလေ့မြတ် ၆-ပါး ဟူ၏၊ မဟာသုဒဿနသုတ် ပါဠိတော်မှ။

http://www.dhammadownload.com

(၁) ပုဗ္ဗဠာယီ-ရှေးဦးစွာ အိပ်ရာမှ ထလေ့ရှိခြင်း၊ (၂) ပစ္ဆာ နိုဝါတီ-နောက်မှ အိပ်လေ့ရှိခြင်း၊ (၃) ကိံကာရ ပဋိဿာဝိဏီ- ပြုလုပ်ပေးရန်လင့် အသံစကားကို အသင့် နာခံလေ့ရှိခြင်း၊ (၄) မနာပ စာရီ-နှစ်သိုက်ဘွယ်ကို ပြုလေ့ရှိခြင်း၊ (၅) ပိယ ဝါဒီနီ- ချစ်ဘွယ်စကားကို ဆိုလေ့ရှိခြင်း၊ (၆) မနသာပိ နော အဘိစာရီ-ယောကျ်ားတပါးကို စိတ်ဖြင့် မျှမကြံစီ မလွန်ကျူး နေလေ့ရှိ၏။

မယားဝတ် ၅-ပါး။ ။အိမ်ထောင်ရှင်ခေါ် မယားလုပ်သူတို့ ပြုကျင့်ရမည့် ဝတ်ငါးပါး။ (၁) အိမ်တွင်းမှု ပြုဘွယ်တို့ကို မွေ့ဖွစွာ ပြုလုပ်ရခြင်း၊ (၂)လင်ရှာ၍ရသော ပစ္စည်းဥစ္စာကို ဝုဆောင်းမိအောင်သိမ်းတတ်ရခြင်း၊ (၃)မိမိလင်မှ တပါးယောကျ်ားကို မတပ်မက် မနှစ်သက်ရခြင်း၊(၄) မိမိဆွေမျိုး လင်၏ဆွေမျိုးတို့ကို လျော်သလို ပေးကမ်းဖြန့်ခိုရခြင်း၊ (၅) အပျင်းမထူ အိမ်သူပြိုလှစွာ နေထိုင်ရခြင်း။

မရဏတရား ၃-ပါး။ ။ဝိသုဒ္ဓိမဂ်။ ပ-အုပ်။ ၂၂၂။ (၁) သမ္မုတိ မရဏ-မောင်ဖြူ သေပြီ၊ မကြူသေပြီ စသည်မျိုး၊ (၂) ခဏိက မရဏ- ရုပ်နာမ်ဓမ္မတို့ မပြတ် ပျက်စီးနေမှု၊ (၃) သမုစ္ဆေဒ မရဏ- ရုပ်နာမ်ဓမ္မတို့၏ နောက်ဆုံး ပျက်စီးခြင်း ပရိနိဗ္ဗာန။

မရှိသေတတ်သူမျိုး ၁၂-ယောက်။ ။ဂင်း သရုပ်ကို (ရှိသေထိုက်သူအား မရှိသေသူ ၁၂-ဦး)၌ ရှုပါ။

မရောင့်ရဲ မတင်းတိမ်နိုင်သော အရာကြီး ၃-မျိုး။ ။မူလပဏ္ဏာသ ။၄။ ဒု-အုပ်။ ၄၅။ ဘယ်အခါမျှ ပေးလို ဖြည့်လို ဖို့လို ပြည့်စုံအားရမှု မရှိနိုင်ဟူ၏။ (၁) အဂ္ဂိခန္ဓော- ဟုန်းဟုန်းလောင်ငြိုး မီးပုံကြီး၊ (၂) သမုဒ္ဒေါ- သမုဒ္ဒရာ ပင်လယ်၊ (၃) မဟိစ္ဆာ- အလိုလောဘ ကြီးမားလွန်းသူ။

မရောင်းကောင်းသော ကုန်စည်မျိုး ၅-ပါး။ ။ဗုဒ္ဓဘာသာဝင်တို့ ရှောင်ကြဉ်ဖယ်ရှား အပြစ်ရသော ရောင်းကုန်ငါးပါး။ (၁) သတ္တ ဝါဏိဇ္ဇ-အမျှားသေကြောင်း လက်နက်ပေါင်း အမျိုးမျိုး၊ (၂) သတ္တ ဝါဏိဇ္ဇ- ဆင်, မြင်း, လူ စသော အစေခံ သတ္တဝါအပေါင်း၊ (၃) မံသ ဝါဏိဇ္ဇ-အသား

http://www.dhammadownload.com

စားကြောင်း, ကြက်, ဌက်, ဝက်, ငါး, စသော သားကောင်အပေါင်း၊ (၄) မင်္ဂဝါဏိဇ္ဇ-သေရည်အရက်မျိုး ဟူသမျှ၊ (၅) ဝိသ ဝါဏိဇ္ဇ-အမျှား သေကြောင်း အဆိပ်ပေါင်း ဟူသမျှ။

မရိမသေ အပြုံခံရသူ ၁၀-ယောက်။ ။ထင်း သရုပ်ကို (မထေမဲ့မြင် အပြုံခံရသူ ၁၀-ယောက်)၌ ရှုပါ။

မရှက်ရာသည် ၄-ပါး။ ။လွယ်ကူစွာ ကျက်မှတ်နိုင်ရန် စာဏကျပုံ့မှ ထုတ်ပြလိုက်သည်။ (၁) ပစ္စည်းဥစ္စာ၊ ရစိမ့်ငှါလျှင်၊ သွားလာလည်းပြု၊ ရောင်းဝယ်မှုတည့်၊ (၂) တခုခုသာ၊ တတ်ပညာကို၊ လိုရာကပ်ချဉ်း၊ သင်ကြား ခြင်းနှင့်၊ (၃) မကင်းနိုင်ရာ၊ လူတကာတို့၊ အစာစားခြင်း၊ ပရှက်လျင်းနှင့်၊ (၄) ပေါင်းသင်း မေထုန်၊ကာမဂုဏ်ဟု၊ မြူးခုန်ပျော်ပါး၊ ကိုယ့်မယားနှင့်၊ လင်သားချင်းချင်း၊ ခံစားလျင်းသော်၊ ရှက်ခြင်း စွန့်ရ၊ မှန်မုချတည့်။

မလှဘူးရာသား၊ မျိုး ၁၀-ပါး၊ ကျမ်းကား အဘယ်နည်း? ။ဤ၌ "မလှဘူးရာသည်၊ ဆယ်ပါးမည်ကား" ဟူသော လင်္ကာဖြင့် စိန္တကျော်သူ ဦးဩရေး ဩဝါဒထူးပျို့တွင် တွေ့မြင် ဖတ်ရှုဘူး၏။

မ သတ်ကာရန်၊ ရေးထုံးမှန်၊ ၉-တန် မြန်မာမှု။ ။ကာရန်ငယ် အသံမျိုး ၆၄-ပါးနှင့် ၃၆-ပါးသော ဌာနတို့တွင် ပါဝင်သည့် ဝေါဟာရ၊ အမ်, အမ့်, အမ်း, အိမ်, အိမ့်, အိမ်း၊ အုမ်, အုမ့်, အုမ်း။

မှတ်ချက်။ ။မျှားသောအားဖြင့် မ, သတ်နှင့် နိဂ္ဂဟိတ်ခေါ် ငေးသေးတင်တို့ကား တူသော သတ်ပုံကာရန် ရှိကြ၏။

မသာ ချရာ၊ ဈာပနာ၊ ၃-ဖြာ ပျိုးအံ့ပြား။ ။ထင်း သရုပ်ကို (ဈာပနမျိုး ၃-ပါး)ဟူသော သုတေသနဌ ဆိုင့်ပြီ။

မသူတော် တရား၊ ၇-ပါး၊ ရှောင်ရှား တိုင်းပြည်သူ။ ။သူယုတ်မာတို့၏ အကျင့်တရား ၇-ပါး၊ ခုဒ္ဒကဝတ္ထု ဝိဘင်းပါဠိတော်မှ။ (၁) အ သဒ္ဓေါ-သဒ္ဓါတရားမရှိ၊ (၂) အ ဟီရိကော- မကောင်းမှုဌ မရှက်တတ်၊

http://www.dhammadownload.com

(၃) အနောတ္တပ္ပီ-ယုတ်မာမှုဥ် မကြောက်တတ်၊ (၄) အပသုတော-အကြောင်းအမြင် လိမ်မာမှု နည်း၏၊ (၅) ကုသိတော- ပျင်းရိ၏၊ (၆) မုဋ္ဌဿတိ-သတိမေ့၏၊ (၇) ဒုပညော- ပညာမရှိ။

မဇေသဘူးဆို၊ ၄-ပုဂ္ဂိုလ်၊ ဖြေဆို မိန့်တော်မူ။ ။ထင်း သရွဲပ်ကို (ပုဂ္ဂိုလ်မျိုးပြား ၁၂-ပါး) ဟူသော ပုစ္ဆာဥ် ဆိုခဲ့ပြီ။

မဟာလွတာ တန်ဆာမျိုး ၂-ပါး။ ။မင်းမိဖုယား, ကတော်မြတ် များ၏ ဂတ်ရုံတော် ၂-ပျိုး၊ မဟာလ တာ, ဟုလည်း ခေါ်၏။ (၁) ဥက္ကဉ် ယာကင်စိုက် မဟာလွတာ တန်ဆာ တမျိုး၊ (၂) မဟာလွတာ တန်ဆာရှိုးရိုး တမျိုး။

မဟာကပ်ခေါ်၊ ၄-ဘော်အင်္ဂါ၊ ဖြေဆိုပါ။ ။အောက်ပါ အသခ္ခေါ်ယျ ၄-ကပ်ကို မဟာကပ်၏ အင်္ဂါလေးပါးဟု သိရာ၏၊ ဤ အသခ္ခေါ်ယျ လေးကပ်တို့ကား အခါနိန်ကာလအားဖြင့် ညီမျှသော ပမာဏရှိကြကုန်၏၊ ဤလေးကပ်ကား မဟာကပ် တကပ်မည်၏။ (၁) သံဝဋ္ဋ အသခ္ခေါ်ယျကပ်-ကပ္ပါပျက်မိုဃ်းကြီး ရွာသည်ကစ၍ကပ္ပါလောကဓာတ်ကြီးတခုလုံးဘာမျှ မရှိ ဟင်းလင်းပြင်ကြီး ဖြစ်သည် တိုင်အောင် ပျက်ဆဲကပ်ကာလ တမျိုး၊ (၂) သံဝဋ္ဋဌာယီ အသခ္ခေါ်ယျကပ်- ဟင်းလင်းပြင်ကြီး ဖြစ်သည်ကစ၍ ကပ္ပါပြုမိုဃ်းကြီး ရွာသည်တိုင်အောင် အပျက်ကြီးအတိုင်း တည့်နေသော တည်ဆဲကပ်ကာလ တမျိုး၊ (၃) ဝိဝဋ္ဋ အသခ္ခေါ်ယျကပ်- ကပ္ပါပြုမိုဃ်းကြီး ရွာသည်က စ၍ နေ, လ, နက္ခတ် ပေါ်သည် တိုင်အောင် ကပ္ပါဖြစ်ပြီး၍ တည်ဆဲကပ်ကာလ တမျိုး၊ (၄) ဝိဝဋ္ဋဌာယီ အသခ္ခေါ်ယျကပ်-နေ, လ, နက္ခတ်ပေါ်သည်က စ၍ ကပ္ပါဖျက်မိုဃ်းကြီး ရွာသည်တိုင် အောင် တည်ဆဲကာလ ကမျိုး။

မဟာပဋ္ဌာနမျိုး ၅-ပါး။ ။ဗိန္ဒေါဆေးကျမ်း ဝေါဟာရ။ (၁) ဥသျစ်မြစ်၊ (၂) သခ္ခတ်မြစ်၊ (၃) ကြောင်လျှာမြစ်၊ (၄) ရမနေမြစ်၊ (၅) တပဆေးမြစ်၊ ငင်းအကျိုးကား လေကို ဖြောင့်စေ၏၊ ဂမ်းကို ကောင်းစေ၏၊ အပူကို ငြိမ်းစေတတ်၏။

http://www.dhammadownload.com

မဟာပဒေသမျိုး ၄-ပါး။ ။ အကျယ်ဝန်းဆုံးသော တရားဟာ အကြောရာ နည်းဥပဒေကြီး လေးပါး၊ သို့မဟုတ် ကြီးမြတ်သော ပုဂ္ဂိုလ်များအား ညွှန်ကြားချက်၊ သာသနာတော်၌ အမှုဖြစ်ပွားလာလျှင် ယင်းလေးပါးဖြင့် ညွှန်ကြားဆိုပြောတိုင်း လက်မခံ အတည်မပြုရ၊ ဟုတ် မဟုတ် စီစစ်ညှိနှိုင်းပြီးမှ ဆုံးဖြတ်ရမည် ဟူ၏။

(၁) ဗုဒ္ဓေါပဒေသ-ဘုရားထံမှ ကြားနာရသော တရားဟု ဘုရားအား ညွှန်ကြားခြင်း။

(၂) သံဃာပဒေသ- သံဃာထံမှ ကြားနာ မှတ်သားရသော တရားဟု သံဃာအား ညွှန်ကြားခြင်း။

(၃) သမ္မဟုလာ ထေရာပဒေသ-ဂိုဏ်းထံမှ ကြားနာ မှတ်သားရသော တရားဟု ဂိုဏ်းအား ညွှန်ကြားခြင်း။

(၄) ကေ ထေရာပဒေသ- သက်ဝင်ယုံကြည် ခုံတည်ထိုက်သော ထေရ်ကြီး တပါးထံမှ ကြားနာ မှတ်သားရသော တရားဟု ပုဂ္ဂိုလ်အား ညွှန်ကြားခြင်း၊ ဤကား သုတ်မဟာဝါ အလို။

မဟာပဒေသမျိုး ၄-ပါး၊ တနည်း။ ။ဝိနည်း မဟာဝါ အဋ္ဌကထာ။

(၁) အပဋိက္ခိတ္တ အကပ္ပိယ-မပယ်မြစ်ခဲ့သော မအပ်သော ဝတ္ထု။

(၂) အပဋိက္ခိတ္တ ကပ္ပိယ-မပယ်မြစ်ခဲ့သော အပ်သော ဝတ္ထု။

(၃) အန နုညာတ အကပ္ပိယ-ခွင့်မပြုခဲ့သော မအပ်သော ဝတ္ထု။

(၄) အန နုညာတ ကပ္ပိယ-ခွင့်မပြုခဲ့သော အပ်သော ဝတ္ထု။

မဟာပဒေသမျိုး ၄-ပါး၊ တနည်း။ ။ သုတ်မဟာဝါ အဋ္ဌကထာ။ (၁) သုတ္တ-ဘုရားဟော သံဂါယနာဝင် ပါဠိတော်များ၊ (၂) သုတ္တာနုလောမ-အဋ္ဌကထာ ဋီကာများ၊ (၃) အာစရိယဝါဒ-ဆရာသမားတို့၏ ခိုင်လုံသော အယူအဆ၊ (၄) အတ္တနော မတိ- မိမိ၏ ဟုတ်မှန်စွာ ဝေဘန်ယူဆမှု သဘော။

http://www.dhammadownload.com

မဟာပုရိသ လက္ခဏာတော် ၃၂-ပါး။ ။ဂုဏ်းသရုပ်ကို (လက္ခဏာတော်ကြီး ၃၂-ပါး)၌ ရှုပါလေ။

မဟာဘိညာပတ္ထ ပုဂ္ဂိုလ် ၄-ပါး။ ။တစ်သချေါနှင့် ကမ္ဘာတသိန်းအတွင်း ဆင်ခြင်အောက်မေ့ သိမြင်နိုင်သော တန်ခိုးရှင်ပုဂ္ဂိုလ်ကြီး ၄-ပါး၊ ဘုရား တဆူ၌ ၄-ဦးစီသာ ပေါ်သည်၊ ငါတို့ဘုရား လက်ထက်တော်၌ အရှင် သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်, ဘဒ္ဒကစ္စနာထေရီခေါ် ယသောရာ, အရှင်ဗာကုလမထေရ်တို့ ဖြစ်ကြ၏၊ ကောဏ်တ္တရ အဋ္ဌကထာ ၂၈၉၊ အခြားသော တန်ခိုးကြီး ပုဂ္ဂိုလ်တို့ကား ကမ္ဘာတသိန်းသာ သိမြင်နိုင်ကြသည်။

မဟာဘုတ်ကြီး ၄-ပါး။ ။အကြောင်းညီညွတ်က ကြီးကျယ်ပွားများခြင်းသို့ ရောက်အောင် စွမ်းဆောင်နိုင်သော သတ္တိရှိသည့် ရုပ်ဓာတ်ကြီး ၄-ပါး ကို ခေါ်ဆိုသည်။ (၁) ပထဝီခေါ် မြေဓာတ်-အလုံးစုံသော ရုပ်ဟူသမျှတို့၏ ထောက်တည်ဖွဲ့စည်း လောင်မြိုက်ရာ ဝတ္ထု၊ ခက်မာသော သဘော လက္ခဏာ ကလေး၊ (၂) အာပေါခေါ် ရေဓာတ်- ပြန့်နှံ့ ဖွဲ့စည်းတတ်သော သဘောလက္ခဏာ ကလေး၊ (၃) တေဇောခေါ် မီးဓာတ်-အင်ဇေ၏ အဖြစ် သဘောလက္ခဏာ ကလေး ပူ မွေး၊ (၄) ဝါယောခေါ် လေဓာတ်-တုန်လှုပ် ရွေ့ရှား ထောက်ကန်ခြင်း သဘောလက္ခဏာ ကလေး။

မဟာလတာ၊ ဆင်တန်ဆာ၊ ၂-ဖြာ မျိုးခွဲသိ။ ။ဂုဏ်း သရုပ် အဓိပ္ပါယ်ကို (မဟာလွတာမျိုး ၂-ပါး)၌ ပြခဲ့ပြီ။

မဟာလတာ၊ ဆင်မြန်းကာ၊ ၃-ဖြာ မိန်းမမြတ်။ ။ဓမ္မပဒ။ဋ္ဌ။ ပ-အုပ် ၂၆၀။ ဗုဒ္ဓသာသနာတော်အတွင်း လူ့နယ်မြေပြင်၌ မဟာလတာ တန်ဆာကို ဆင်မြန်းရသူ သုံးယောက်သာ ရှိ၏။ (၁) ဝိသာခါ သူဌေးသမီး၊ (၂) ပန္နာလစစ်ဗိုလ်ချုပ်ကြီးကတော် မလ္လိကာ၊ (၃) ဗာရာဏသီ သူဌေးသမီး။

မှတ်ချက်။ ။ဆင်ပြောင် ငါးစီးအား ဆောင်နိုင်သူတို့သာ ယင်းတန်ဆာကို ဝတ်ရုံဆင်မြန်းနိုင်သည့် ဟူ၏။

မဟာသာဝကမျိုး ၃-ပါး။ ။သုတ်မဟာဝါ။ပါ။ ၁၂၁။ဋ္ဌ။ ၁၇၈။ ဥစ္စာအနှစ်နှင့် ပေါများပြည့်စုံသော သူဌေးကြီးများ၏ အမျိုးအပြား။

http://www.dhammadownload.com

(၁) ခတ္တိယ မဟာသာလမျိုး-မိမိတို့ သုံးသည်ထက် ပိုနေသော ငွေကုန်ငွေ ရှုံ့ထောင့်, မြေဦး မြုပ်ထားရသည့် သူငွေးကြီးများ၊ (၂) ဗြာဟ္မဏ မဟာသာလမျိုး- အပိုင်ငွေ ကုန်ရွေ့ရှစ်ဆယ်အထက် မြေမြှုပ်ထားရသော ဓနရှင်ကြီးများ၊ (၃) ဂဟပတိ မဟာသာလမျိုး- အပိုင်ငွေ ကုန်ရွေ့လေးဆယ် အထက် မြေမြှုပ်ထားရသော ဓနရှင်ကြီးများ။

မဟာသာဝက ရှစ်ကျိပ်။ ။ငင်းတို့၏ သရုပ် အမည်တော်များကို (လက္ခဏာတော်ရံ-လေးကျိပ်၊ လက်ဝဲတော်ရံ လေးကျိပ်) ဦး ရှုပါ၊ ငင်းတို့အကျယ်ကို အင်္ဂုတ္တရ ။ပါ။ ပ-အုပ်။ ၂၃-မှ ၂၆။ ငင်း အဋ္ဌကထာ။ ပ-အုပ်။ ၉၆။ ၂၆၀။ ငင်း ဋီကာ၊ တတိယအုပ်။ ၁၁၈-တို့ဦး ကြည့်ပါ။

မှတ်ချက်။ ။မဟာသာဝက အစစ်မှာ ၇၈-ပါးသာရှိ၏၊ အဂ္ဂသာဝက ၂-ပါးနှင့်မှ ရှစ်ကျိပ်ပြည့်သည်။

မာန်တက်ခြင်း မျိုး ၃-ပါး။ ။အဘိဓမ္မာ ဝိဘင်္ဂပါဠိတော် ၃၆၆။ ငင်း အဋ္ဌကထာ သမ္မောဟဝိနောဒနီ ၄၆၇ ဦး အကျယ် ၉-ပါးရှု။ ငါတကားဟု ထောင်လွှား မှတ်ထင်တတ်သော အကြောင်း ၃-ပါး။ (၁) သေယျ မာန်-ဂုဏ်, ဇာတ်, ပညာ, ဥစ္စာ, အဆင်း, သားချင်း, ခြေရံစသည်အားဖြင့်သူ့ထက် မြတ်၏ဟု မှတ်ထင်ခြင်း၊ (၂) သဒိသ မာန်-ထိုထို ဂုဏ် သိရှိ ဥစ္စာ စသုည်ဦး သင်းတို့နှင့်ငါ အတူတူသာဟု မှတ်ထင်တတ်ကြခြင်း၊ (၃) ဟီန မာန်-ငါက သင်းတို့အောက်က လူဖြစ်သော်လဲ ဘာ အရှေးစိုက်ရမလဲဟု ထောင်လွှားမှုမျိုး။

မာန်တက်ခြင်းမျိုး ၃-ပါး၊ တနည်း။ ။အထက် နည်းနှင့် သဘောတူ သဒ္ဒါကဲ့ မျှသာ ထူးသည်။ (၁) ဇာတိ မာန်- မျိုးဇာတ်ကို စွဲ၍ တက်ခြင်း၊ (၂) ဂေါတ္တ မာန်- အဆက်အနွယ်ကို စွဲ၍ တက်ခြင်း၊ (၃) ဣဿရိယ မာန်-အစိုးရမှု စည်းစိမ်ချမ်းသာမှုကို စွဲ၍ တက်ခြင်း။

မာန်တက်ခြင်းမျိုး ၉-ပါး။ ။အထက်ပါ မာန်တက်ခြင်း ၃-ပါးတို့တွင် တပါး တပါး၌ ပဏီတမာန်, မဇ္ဈိမမာန်, ဟီနမာန်ဟု ၃-ပါးစီ ပြားပြန် ရကား မာန်တက်ခြင်း ၉-ပါးဖြစ်၏၊ ခုဒ္ဒကဝိဘင်း ပါဠိတော်။

http://www.dhammadownload.com

မာန်ယစ်ခြင်း ဥ-ပါး။ ။မာန်မူခြင်း မာန်ယစ်မူးခြင်း၏ အကြောင်း ၃-ပါး။ (၁) အာရောဂျ မဒ- ရောဂါကင်းစင် ကျန်းမာခြင်းလျှင် မာန်ယစ်ခြင်း၊ (၂) ယောဗ္ဗန မဒ- အားအင်ဖြိုးကြွယ် အရွယ်၏ လျောက်ပတ် တင့်တယ်ခြင်းဖြင့် မာန်ယစ်ခြင်း၊ (၃) ဇာတိ မဒ- မျိုးဇာတ် ဂုဏ်ရည်ကိုစွဲ၍ မာန်ယစ်ခြင်း။

[မာ]

မာနမျိုးပြား၊ ထို ၄-ပါး၊ **မိန့်ကြား ကျမ်းဧဗေဒင်**။ ။မာသမျိုး ၄-ပါးကိုပင် အချို့ ဧဗေဒင်ကျမ်းတို့၌ 'မာနမျိုး ၄-ပါး'ဟု ရေးသားခေါ်ဝေါ်ကြ၏၊ အနက်အဓိပ္ပါယ် အတူတူပင် မှတ်လေ။ အကျယ် (မာသ)၌ ရှုပါ။

မာယာ ၃-ခွင်၊ **အမြဲယှဉ်၊ ဆုရှင် စစ်သူကြီး**။ ။ဝင်း သရုပ် (စဉ်းလဲရခြင်း မျိုး ၃-ပါး)၌ ရှုပါလေ။

မာယာ ၅၀၊ မူမျိုးကြွယ်၊ ပျိုမယ်ဂူထွတ်ထိပ်။ ။ဇာတ်ပါဠိတော် ဒုတိယ၊ ၁၂၁။ အင္ဂကထာ၊ ပဌမအုပ်၊ ၄၆၇-နှင့် ၄၇၀။ ၄၇၁။တို့၌ ရှုပါ။ မိန်းမတို့သည် မိမိတို့ကို တပ်နှစ်သက်စေရန် အတွက် ယောကျ်ားတို့အပေါ်၌ လှည့်ပတ်ဖြားယောင်းခြင်းမျိုး ၄၀-ဟု အဓိပ္ပါယ်ရသည်။

(၁) ဝိဇမ္ဗတိ- ယောကျ်ားကိုမြင်လျှင် ငါ့ကျွဲသို့ ပြုငြားအံ့၊ ငါ့အား တပ်နှစ်သက် လိမ့်မည်ဟု ယောကျ်ားအပါး၌ ရပ်လျက် ကိုယ်လက် ဆန့်သော အမူအရာကို ပြု၏။

(၂) ဝိနမတိ- ဤငါပြုသော အမှုတ်ဖြင့် အခွင့်ရသည် မရသည်ကို ယောကျ်ားသိလိမ့်မည်ဟူ၍ မူလက ချိန်းချက်ထားသည်ဖြစ်စေ မထားဘဲဖြစ်စေ တစုံတခုသော ဝတ္ထုကို မြေမှကြွအောင် ပြုသကဲ့သို့ မိမိ၏ကိုယ်လက်ကျောပြင်ကို မြင့်အောင် ညွတ်ရောင်ပြု၏။

(၃) **ဝိလာသတိ-သွား၊ လာ၊ အိပ်၊ ထိုင်၊ လျောင်းပုံတို့ဖြင့်ရင်း၊ သို့မဟုတ် အထင်အတယ် တန်ဆာဆင်ခြင်းဖြင့်ရင်း၊ ယောကျ်ားများစွဲမက်အောင် စံပယ်ပျောင်းပျသော အခြင်းဒေါရုကို ပြု၏**။

http://www.dhammadownload.com

(၄) ဝိလဇ္ဇတိ- ရှက်စနိုးယောင်ပြုလျက် အဝတ်ဖြင့် ကိုယ်လက်ကို ဖုံးလွှမ်းခြင်း နံရံတိုင်စသည်တို့ကို မှီကပ်၍နေခြင်း စ သည်ဖြင့် ရှက်ယောင်ဆောင်၏။

(၅) နခေန နခံ ဃဋ္ဋေတိ- ခြေသည်းကို ခြေသည်းချင်း၊ လက်သည်းကို လက်သည်းချင်း ခြစ်၍ လှည့်ဖြား၏။

(၆) ပါဒေန ပါဒံ အက္ကမတိ-ခြေဖွားတခုဖြင့် ခြေတခုကို နင်း၏။

(၇) ကဋ္ဌေန ဝိလေခတိ-သစ်သား တုတ်ချောင်းဖြင့် မြေကိုခြစ်ရေး၏။

(၈) ဒါရကံ ဥလ္လဃ်တိ- ကလေးသူငယ်ကို ချီ၍မြောက်၏။

(၉) ဥလ္လဃ်ာပေတိ-သူတပါးကို့တိုက်တွန်း၍ သူငယ်ကို မြောက်စေ၏။

(၁၀) သိဃ်တိ- သူငယ်ကို နမ်း၏။

(၁၁) သိဃ်ာပေတိ-မိမိကို နမ်းခိုင်း၏။

(၁၂) ကိဋ္ဌတိ-သူငယ်ကို ကစား၏။

(၁၃) ကိဋ္ဌာပေတိ- သူငယ်ကို ကစားစေ၏။

(၁၄) စုမ္ဗတိ-သူငယ်ကို ဖက်ယမ်း၏, စုတ်၏။

(၁၅) စုမ္ဗာပေတိ-သူငယ်ကို ဖက်ယမ်းစေ၏, စုတ်စေ၏။

(၁၆) ဘူဇတိ-သူငယ်၏ မုံစသည်ကို ယူ၍စား၏။

(၁၇) ဘူဇာပေတိ-သူငယ်ကို စားစေ၏။

(၁၈) ဒဒါတိ- သူငယ်အား တစုံတခုကို ပေး၏။

(၁၉) အာယာစတိ-တဖန်ပြန်၍ တောင်း၏။

(၂၀) အနု ကရောတိ- သူငယ်နှင့် အတူလိုက်၍ ပြု၏။

(၂၁) ဥစ္စံ ဘာသတိ-ယောကျ်ားအား မြင့်သောအသံ နှစ်သက်ဖွယ်သော စကား ချီးမွမ်းသောစကားကို ဆို၏။

http://www.dhammadownload.com

(၂၂) နိစ္စံ ဘာသတိ-ယောကျ်ားအား ညှင်းညှင်းသောအသံ, မနှစ်သက်ဖွယ်သော စကား, နှိမ့်ချသောစကားကို ဆို၏။

(၂၃) ဝိစ္စံ ဘာသတိ- ပရိသတ်အလယ်၌ သီချင်းစသည်ကို ထင်စွာဆို၏၊ ပတ်ဝိစ္စံ ဘာသထိ- ဆိတ်ငြိမ်ရာ၌ ကခြင်း သီခြင်း စသည်ဖြင့် ဖြားယောင်း၍ ပြောဆို၏။

(၂၄) နစ္စေန ဂီတေန ဝါဒိတေန ရောဒိတေန ဝိလာသိတေန ဝိဘူသိတေန ဇဂ္ဃတိ-ကခြင်း သီခြင်း တီးမှုတ်ခြင်း ငိုခြင်း စမွယ်ခြင်း တန်ဆာဆင်ခြင်း ပြင်းစွာရယ်ခြင်းဖြင့် နိမိတ်အမှတ်ကို ပြ၏။

(၂၅) ပေက္ခတိ-စောင်းငဲ့၍ ကြာကြည့် ကြည့်၏။

(၂၆) ကဋ္ဌိ စာလေတိ-ခါး တင်ပါးကို နိမ့်တုံမြင့်တုံ ပြု၏။

(၂၇) ဂုယှ ဘဏ္ဍကံ- လျှို့ဝှက်အပ်သော ကိုယ်အင်္ဂါ အစိတ်အပိုင်းကို လှုပ်၏။

(၂၈) ဥရှ ဝိဝရတိ-ပေါင်ကို ဖွင့်ဖော်၏။

(၂၉) ထနံ ဒဿေတိ- နို့သားမြတ်ကို ပြ၏။

(၃၀) ဥရှ ပိဒဟတိ-ပေါင်ကိုဖုံး၏။

(၃၁) ကစ္ဆံ ဒဿေတိ-လက်ကတီး(ကျိုင်ကြား)ကို ဖော်ပြ၏။

(၃၂) နာဘိ ဒဿေတိ-ချက်ကို ဖော်ပြ၏။

(၃၃) အက္ခိနိ ခဏတိ-မျက်စိကို မှိတ်၏။

(၃၄) ဘမုံ ဥက္ခိပတိ-မျက်ခုံးချီ၏၊ မျက်စပစ်၏။

(၃၅) ဩဋ္ဌံ ပလိဂ္ဃတိ-နှုတ်ခမ်းကို ကိုက်၏။

(၃၆) ဇိဝှံ နိလ္လာပေတိ-လျှာကို ထုတ်၏။

(၃၇) ဒုဿံ မုဥ္စတိ-ထမီကို ကျွတ်အောင် ပြု၏။

(၃၈) ဒုဿံ ပတိဗန္ဓတိ-ထမီကို ပြင်၍ဝတ်၏။

http://www.dhammadownload.com

(၃၉) သီသံ မုဉ္ဇတိ-ဆံထုံးကို ဖြေ၏။

(၄၀) သီသံ ဗန္ဓတိ-ဆံကို ပြန်ထုံး၏။

မာရ် ၅-ပါး။ ။ဝိသုဒ္ဓိမဂ်၊ ယ-အုပ်၊ ၂၀၄။ အပါန္ဒုါန် ။ဌ။ ပ-အုပ်-၁၁၆။ နှောင့်ရှက်ဆီးတားမှု ငါးပါး။ (၁) ရှေပလ္လင်တော်မြတ်ကို စစ်တပ်နှင့် တိုက်လုသော မာရ်နတ်သားကို 'ဒေဝပုတ္တမာရ်' ခေါ်သည်၊ (၂) ကိလေသာ ၁၀-ပါး၊ သို့မဟုတ် ၁၅၀၀ ကိလေသာကို 'ကိလေသမာရ်' ခေါ်သည်၊ (၃) ဘဝသစ်အဖို့ ပစ်ချစီမံ ပြုပြင်တတ်သောကံကို 'အဘိသင်္ခါရမာရ်' ခေါ်သည်၊ (၄) ရဟန္တာ မဖြစ်မီအတွင်း ကုသိုလ်က် အကုသိုလ်ကံတို့၏ စီမံပစ်ချရာ ဘဝသစ်၌ ဖြစ်ရလတံ့သော ခန္ဓာငါးပါးကို 'ခန္ဓမာရ်' ခေါ်သည်၊ (၅) သေရခြင်းသဘောကို 'မစ္စုမာရ်' ခေါ်သည်။

မာရ်စစ်သည် ၁၀-ပါး။ ။ဣတိပိတုတ် ။ပါ။ ၂၂၂ ။ဌ။ ၁၆၄။ ကုသိုလ်မှ၌ တိုက်ဖျက်လေ့ ရှိသော မာရ်နတ်၏ စစ်သည်တော် ဆယ်ယောက်။ (၁) ကာမ ရာဂ-ကာမဂုဏ်၌ တပ်မက်မှု၊ (၂) အရတိ-ကောင်းမှု၌ မမွေ့ပျော်မှု၊ (၃) ခုပ္ပိပါသ-ဆာလောင် မွတ်သိပ်တတ်မှု၊ (၄) တဏှာ-ဆာလောင်သော အရာကို ရှာမှီးခြင်း၊ (၅) ထိန မိဒ္ဓ-ငိုက်မျည်း အိပ်ချင်ခြင်း၊ ကောင်းမှု၌ စိတ်အား လျော့ကျခြင်း၊ (၆) ဘီရု-ကြောက်ခြင်း၊ (၇) ဝိစိကိစ္ဆာ-ယုံမှား သံသယဖြစ်ခြင်း၊ (၈) မက္ခ,ထမ္ဘ-ကျေးဇူးမဲ့ပြုခြင်း, ခက်ထန်ခြင်း၊ (၉) လာဘ, သိလောက, သက္ကာရ, မိစ္ဆာလဒ္ဓ-မဟုတ်မမှန် လုပ်ကြံယုတ်မာသော လာဘ်, ကျော်စော ပူဇော်ခံမှုမျိုး၊ (၁၀) အတ္တုက္ကံသန, ပရဝမ္ဘန- ကိုယ့်ကိုမြှောက်, သူ့ ကိုနှိမ့်မှု သဘောယုတ်။

မာလိန်မှုး အင်္ဂါ ၉-ပါး။ ။ငင်း သရုပ်ကို (သင်္ဘော်သူကြီး အင်္ဂါ ၉-ပါး)၌ ရှုပါ။

မာသမျိုး ၃-ပါး။ ။ဗေဒင်ကျမ်းသုံး ဝေါဟာရ ဖြစ်သည်။ ၎င်းကိုပင် 'လ မျိုး ၃-ပါး' ဟုလည်း ခေါ်သေး၏။

(၁) သူရိယ မာသ-မိဿ ပြီဆိုစသော ၁၂-ရာသီကို ခေါ်သည်၊ တနည်း တနင်္လာနေ့ ကြိုဟ်မင်း ရပ်တည်ခြင်းကို အစွဲပြု၍ ခေါ်သော လ၊

http://www.dhammadownload.com

သို့မဟုတ် ယခုလပြည့်မှသည် နောက်လပြည့်၏ အကြားကို သူရိယ မာသဟုခေါ်သည်မှတ်၊ မြန်မာဘာသာအားဖြင့် နေမင်းကို အမှတ်အစွဲပြု၍ ခေါ်သော လ ဟူ၏။

(၂) စန္ဒရ မာသ-တန်ခူး, ကဆုန် စသော ၁၂-လကို ခေါ်သည်။ တနည်း၊ တနင်းလာဂြိုဟ် ရပ်တည်ခြင်းကို အစွဲအမှတ်ပြု၍ ခေါ်သော လ၊ သို့မဟုတ် ယခုလကွယ်ကစ၍ နောက်လကွယ် တိုင်အောင် အကြားကို စန္ဒရ မာသဟု ခေါ်ကြ၏၊ မြန်မာဘာသာအားဖြင့် စန္ဒခေါ် တနင်းလာစန်းဂြိုဟ်ကို အမှတ်အသားပြု၍ ခေါ်သော လ တည်း၊ ဥပမာ- မိန်ရာသီနှင့် မိဿရာသီ အကြား တဝက်စီကို စန္ဒရ မာသ တန်ခူးလဟု ခေါ်သည် သိလေ။

(၃) သဂဏ မာသ- သည်နေ့ နေထွက်သည်က စ၍ နောက် တနေ့ နေထွက်တိုင်အောင် ရေတွက်ခြင်းဖြင့် ရက်ပေါင်း (၃၀)ပြည့် သောအခါ သဝဏ မာသ တလဟု ခေါ်သည်။

မှတ်ချက်။ ။စန္ဒရမာသကိုပင် ဝေါဟာရ မာသဟုလည်း ခေါ်ကြသည်။

မာသမျိုး ၄-ပါး၊ တနည်း။ ။ဤကား သဒ္ဒတ္ထထောမ မဟာနိဓိ အဘိဓာန် ကျမ်းဆရာ အလိုတည်း။ (၁) သောရ မာသ- နေမင်းသည် တရာသီ၌ အံသာ ၃၀၊ သို့မဟုတ် ရက် ၃၀ နေသည်ကိုစွဲ၍ ပိုင်းခြားနှိုင်းယှဉ်သော လ၊ (၂) သာဝဏ မာသ- ပိဋ္ဌကတ်တော်အလို အရွက်ဖြင့်, ဗေဒင်အလို ဘန်းခေါင်ဖြင့် နေသွားကို ပိုင်းခြားကန့်သတ်၍ ရက်ပေါင်း ၃၀-၂၉ ရက်တို့ဖြင့် ရေတွက်သော လ၊ (၃) စန္ဒရ မာသ- နေနှင့်လ တကြိမ်ထပ်မိသည်မှ တကြိမ်ထပ်မိသည် အထိ တိထီ ၃၀- ရက် ၃၀-ဖြင့် ခေါ်သော လ၊ (၄) နက္ခတ္တ မာသ- နက္ခတ်တလုံးသည် တရက်မည်၏၊ ပုဏ္ဏမီနက္ခတ်ဖြင့် ပိုင်းခြား နှိုင်းယှဉ်အပ်သော လ, မျိုးကို ခေါ်သည်။

[၆]

မိဆွာ ဒါနကြီးမျိုး ၁၀-ပါး။ ။ဇင်းသရုပ် (အပါယ်လားကြော်ငြာ အလှူ မျိုး ၁၀-ပါး)၌ ရှုပါ။

http://www.dhammadownload.com

မိစ္ဆာဒိဋ္ဌိ ဖြစ်ကြောင်း ၂-ပါး။ ။(၁) ပရတောဃောသ-သူတပါးထံမှ မမှန်သောတုရားများကို ကြားနာရခြင်း၊ (၂) အယောနိသော မနသိကာရ-ပညာဉာဏ်မယှဉ် မဆင်ခြင်ဘဲ အမှားကိုစွဲ၍ ယူထားခြင်း။ ဒုကဂိတ္တရ။ပ။ ၈၆။ဋ္ဌ။၅၀။

မိစ္ဆာဒိဋ္ဌိ ၆၂-ပါး။ ။ သုတ်သီလကွန် ဗြဟ္မဇာလသုတ်၊ ၎င်းသရုပ် (ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိ)၌ ရှုပါ။

မိစ္ဆာဝိတက်မျိုး ၉-ပါး။ ။သီတင်းသည်တို့အတွက် သီလညှိုးနွမ်းကြောင်း ဝိတက်မျိုး ၉-ပါး။ (၁) ကာမ ဝိတက်- ကာမဂုဏ်၌ ကြံစည်မှေ့လျော်ခြင်း၊ (၂) ညာတိ ဝိတက်-ဆွေမျိုးအတွက် ကြံစည်မှုမျိုး၊ (၃) ဇနပဒ ဝိတက်- တိုင်းပြည် ဇနပုဒ်အတွက် ကြံစည်ချက်များ၊ (၄) အ မရဏ ဝိတက်- မနာ, မအို, မသေလိုခြင်း၊ (၅) အနဝညာတ ဝိတက်- မထေမဲ့ပြုရန်၊ (၆) လာဘ ဝိတက်- လာဘ်ပစ္စည်းရေး၌၊ (၇) သက္ကာယ ဝိတက်- စွဲလမ်းမှု တပ်နှစ်သက်မှု၌၊ (၈) ကိတ္တိ ဝိတက်- ကျော်စောလိုမှု၌၊ (၉) ဂေဟသိတ ဝိတက်-အိုးအိမ်ကိုမှီ၍ ကြံစည်ခြင်းမျိုး။

မိတ်ဆွေ၏ အပြစ် ၇-ပါး။ ။ဤ အပြစ် ၇-ပါးတွင် တပါးပါး ရှိသူကို မိတ်ဆွေ မဖွဲ့အပ်ခေါ်၊ဟိတောပဒေသ။ (၁) ရဟာသဘေဒ-လျှို့ဝှက်သိုသိပ်အပ်သော အကြောင်းအချက်ကို ထုတ်ဖော် ဖွင့်ချခြင်း၊ (၂) ယာစန-အတောင်းအရမ်းများခြင်း၊ (၃) နိဋ္ဌရ-ကြင်နာမဖက် ရက်စက်ကြမ်းကြုတ်ခြင်း၊ (၄) စလစိတ္တ-စိတ်ဓာတ်မတည်ခြင်း၊ (၅) ကောဓ-ဒေါသကြီးခြင်း၊ (၆) နိသစ္စ-မဖြောင့်မှန်ခြင်း၊ (၇) ဇုတ-လောင်းတမ်းကစား အပျော်အပါးများခြင်း။

မိတ်ဆွေကောင်း အင်္ဂါ ၇-ပါး။ ။၎င်း၏ သရုပ် အဓိပ္ပါယ်ကို (ခင်ပွန်းကောင်း အင်္ဂါ ၇-ပါး)၌ ပြခဲ့ပြီ၊ ဥဒါန်း အဋ္ဌကထာ။

မိတ်ဆွေများ အပြား ၃-ပါး။ ။မဟာဝဂ္ဂသံယုတ်။ပ။ ၁၃၂ ။ဋ္ဌ။ ၂၃၅။ ဤမိတ်ဆွေများ ၃-ပါးတွင် အစဉ်အတိုင်း တပါးထက်တပါး ပိုမိုရင်းနှီးမှု ရှိသည် ဟူ၏။ (၁) သန္နိဋ္ဌ မိတ်ဆွေ- အချင်းချင်း တွေ့ကြုံသွားလာ

http://www.dhammadownload.com

ပြောဆိုဘူးသော မိတ်ဆွေမျိုး၊ (၂) သမ္ဘတ္တ မိတ်ဆွေ-အဘူတတက္က ထမင်း လက်ဆုံ စားဘူးသည် ထိုအောင် ရင်းနှီးသော မိတ်ဆွေမျိုး၊ (၃) သမသိက္ခိတ မိတ်ဆွေ- ကျောင်းနေဖက် ကစားဖက် တကျောင်းတည်းထွက် မိတ်ဆွေ, တရားကျင့်သုံး သိတင်းသုံးဖက် မိတ်ဆွေ, ဆရာတူ တပည့်မျိုး။

မိတ်ဆွေမျိုး အပြား ၄-ပါး၊ တနည်း။ ။ဟိတောပဒေသမှ။ (၁)ဩရသ-ရင်၌ဖြစ်သော သားချစ်သို့ ပင်ကိုယ်ပြီးသော မိတ်ဆွေ၊ (၂) ကတသမ္မန္ထ-ထိမ်းမြားလက်ထပ် စေ့စပ်၍ ပြုအပ်သော ချွေးမ, သမက် **ခမီး ခမက်** စသော မိတ်ဆွေ၊ (၃) ဝံသက္ကမာဂတ- မျိုးရိုးမပျက် **ဆင်းသက်လာ** သော အစဉ်အဆက်ဖြစ်သော မိတ်ဆွေ၊ (၄) ဗျသနာရက္ခက- ပစ္စည်း ဥစ္စာ ပျက်သောအခါ၌ လာရောက် စောင့်ရှောက် ကူညီ ကာကွယ်ပေး တတ်သော မိတ်ဆွေသစ်။

မိတ်ဆွေဝတ် ၅-ပါး။ ။သုတ်ပါထေယျ ။ပါ။ ၁၅၅ ။ဌ။ ၁၃၉။ ၎င်း သရုပ် **အဓိပ္ပါယ်**ကို အောက်ပါလက်ံ စကားရပ်ဖြင့်သိ၍ လူ့ယဉ်ကျေးမှုကို ပြုကြပါကုန်။ (၁) ပေးကမ်းချီးမြှင့်၊ (၂) ကိုယ်နှင့်ယှဉ်ထား၊ (၃) စီးပွားဆောင်ရွက်၊ (၄) နှုတ်မြွက်ချိုသာ၊ (၅) သစ္စာမှန်စေ၊ ဝတ် ငါးထွေ၊ ကျင့်လေ မိတ်သဟာ။

မိတ်ပျက်ခြင်းရာ၊ ကြောင်း ၄-ဖြာ၊ မိန့်မှာ ကျမ်းနီတိ။ ။မိတ်ဆွေချင်း မုန်းတီး ပျက်ပြားကြောင်း တရား ၄-ပါး။ (၁) ပရိုးပတား ပြောကြား ခနထိုင်ခြင်း၊ (၂) တဦးထံတဦး လည်ပတ် ဝင်ထွက် သွားလာမှု မရှိခြင်း၊ (၃) ပစ္စည်းဥစ္စာ ပေးယူ ဆက်ဆံမှု မရှိခြင်း၊ (၄) အခါမဟုတ်သည်၌ တောင်းယူချေးငှါး များလွန်းခြင်း။

မိန်းမအပြား၊ မျိုး ၄-ပါး၊ ခွဲခြားသျှတြ။ ။လောကီ ဣတ္ထိသျှတ္တရမှ။

(၁) ပဒုမ္မိနီ မိန်းမမျိုး- ခါးစည်း, ရင်ကျယ်, သေးသွယ်ချောမောသော လက်ချောင်းများ, အသားဖြူ, ကိုယ်ယနှံ့ ကြာညှိကဲ့သို့မွှေး, ရသာ ချို၄ သံဃာမြည်ကြွေး, စက္ကဝက်ငှက်မကဲ့သို့ သွားလာမှု ယဉ်ကျေး ခြင်း လက္ခဏာများရှိ၏။ ဆင်ကဲ့သို့ ကြည့်တတ်သည်ဟူ၏။

http://www.dhammadownload.com

(၂) သခ်ိန္ မိန္းမမျိုး- အသားညိုညက်, ကိုယ်ယန္ကားငရုတ်ပန်းနုံ့ ပျံ့ပျံ့သင်းသင်းရှိ၏, ရသာချဉ်၏၊ ဟသ်ာမကဲ့သို့ သွားလာ၏၊ လက်ချောင်းကြီး၏၊မျက်နှာထူ လည်ကုတ်တို ရင်ကြားစေ့, ဆံပင်နီရှိတတ်သည်၊ ကျားကဲ့သို့ ကြည့်တတ်သည် ဟူ၏။

(၃) စိတြနီ မိန်းမမျိုး- ဝါရွေဝင်းသော အသားရောင်ရှိ၏၊ ကိုယ်ယန္ကားကား ကျင်ငယ်နံ့ ကဲ့သို့ရှိ၏၊ ရသာဖန်ဖန်ရှိ၏၊ ဒိန်ညင်း ငှက်ကဲ့သို့ သွားလာတတ်၏၊ ကျီးကန်းကဲ့သို့ ကြည့်တတ်၏၊ ရင်ကုန်း ထင်ကျယ်၏, ချက်နက်,ဖမိုးမွေး လက်မွေးရှည်, လက်သည်းအိမ်တို၍ ဒူးဆစ်အောက်ပိုင်း တိုတတ်သည်၊ ဆန်းကြယ်စွာ ပြင်ဆင်ဝတ်စားတတ်သည် ဟူ၏။

(၄) ဟတ္ထိနီ မိန်းမမျိုး- အသားနီ ပန်းရောင် ကိုယ်ယန္ကုံညီဟောင်ဟောင် အရသာ စပ်ရှားရှား ဆင်ကဲ့သို့သွားခြင်းများ, ယင်ကောင်ကဲ့သို့ ကြည့်ခြင်းအလားရှိ၏၊ ဝမ်းပြင်း ပိုက်ကျယ် သားမြတ်ရှည်တဲ့၍ ခေါင်းသီးကြီး၏ ဆံကောက်၍ မေးရိုးကြီးကြီးရှိတတ်သည် ဟူ၏။

မိန်းမ ၂၀၊ အုပ်ထိန်းကွယ်၊ ရှောင်ဘွယ် မေထုန်မှု။ ။ဌင်းပြဿနာ အဆုံးအဖြတ် မူကျယ်ကို (အုပ်ထိန်းခြင်းရှိသော မိန်းမမျိုး ၂၀)၌ ပြန်ကြည့်ပါလေ။

မိန်းမကြိုဟ် ၄-လုံး။ ။ရွှေ, ခါး, သီ, ထု, ကြိုဟ်ပိန်းမ ဟူသော လက်ာအရ၊ ရုဟုကြိုတ်, တနင်းလာကြိုဟ်, သောကြာကြိုဟ်, စနေကြိုဟ်တို့ကို ဆို၏။

မိန်းမတို့အပြစ် ၆-ပါး။ ။မဟာဝဂ္ဂသံယုတ် ။၌။ ၂၅၉။ (၁) အရပ်ရှည်လွန်းသော မိန်းမ၊ (၂) အရပ်ပုလွန်းသူ၊ (၃) အသားဖြူလွန်းသူ၊ (၄) အသားမည်းလွန်းသူ၊ (၅) ဝလွန်းသူ၊ (၆) ပိန်လွန်းသူ ဟူ၏။

မိန်းမတို့၏ အပြစ် ၇-ပါး တနည်း။ ။များသောအားဖြင့် မိန်းမတို့မှာ, ဖြစ်တတ်ကြောင်းကို ဟိတောပဒေသကဆို၏။ (၁) အသတျ-ဖောက်ပြန်မှားယွင်း, မိစ္ဆာစာရ အကျင့်မျိုးကို ပြုတတ်ခြင်း၊ (၂) သာလသာမစူးစမ်းမဆင်ခြင်, အမှုကိစ္စကို အဆောတလျင်ပြုတတ်ခြင်း၊ (၃) မာယာကောက်ကျစ်မတည်၊ လိမ်လည်လှည့်ဖြား တတ်ခြင်း၊ (၄) မစ္ဆရိယ-

http://www.dhammadownload.com

ဝန်တိုမိစ္ဆာ များစွာ ဖြစ်တတ်ခြင်း၊ (၅) အတိလုဒ္ဓ- တဏှာရာဂ၊ လောဘ ရမ္မက် ထက်မြက်ဖိစီး လွန်အားကြီးခြင်း၊ (၆) နိဂ္ဂဏ္ဌတို့- ခမ်းနားကြီး ကျယ်သော ပြုလုပ်ဖွယ်တို့၌ ရေလည်စွာ မသိမလိမ်မာခြင်း၊ (၇) အသော စတို့- အတွင်း ပြင်ပ နှစ်ဌာနဝယ် မစင်ကြယ် မသန့်ရှင်းခြင်း။

မိန်းမတို့ အပြစ် ၉-ပါး။ ။ပဥ္စဂ်္ဂတ္ထရ ။ပ။ ၂၂၇-၂၂၈-နှင့် ။ဋ။ ဂ၂-လာ ၂-နည် ပေါင်း ပြထားသည်။ (၁) အ သုစိ-မစင်ကြယ်ခြင်း၊ (၂) ဒုဂန္ဓ- မကောင်းသော အနံ့ရှိခြင်း၊ (၃) သ ဘီရု- အအိပ်ကြီးခြင်း၊ (၄) သ ပဋိဘယ- ကြောက်လန့်တတ်ခြင်း၊ (၅) ကောဓန- အမျက်ထွက်လွယ် ခြင်း၊ (၆) ဥပနာဟ- ရန်ငြိုးဖွဲ့တတ်ခြင်း၊ (၇) ဃောရဝိသ- ရာဂထူထပ် ခြင်း၊ (၈) ဒုဇ္ဇိဝ့-လျာနှစ်ခွရှိခြင်း၊ (၉) မိတ္တဒုဇ္ဇိ-မိတ်ပျက်လွယ်တတ်ခြင်း။

မိန်းမတို့ အလှဂုဏ်အင်္ဂါ ၆-ပါး။ ။မဟာဝဂ္ဂသံယုတ်။ဋ္ဌ။ ၂၅၉။ (၁) မဖြူ၊ (၂) မညိ၊ (၃) မနိမ့်၊ (၄) မမြင့်၊ (၅) မပိန်၊ (၆) မဝ၊ ဤ ၆-ဌာန ညီမျှစွာရှိခြင်း။

မိန်းမတို့အား ၅-ပါး။ ။သဋ္ဌာယတန သံယုတ် ။ဗ။ ၄၉၃-၄၄၆။ဋ္ဌ။ ၁၂၆။မာတုဂါမတို့ မာန်တက်ကြောင်း အား ၅-ပါး။ (၁) **ရူပဗလ-အဆင်းအသွင်** လှခြင်း၊ (၂) ဘောဂဗလ- ပစ္စည်းဥစ္စာ **ပေါများခြင်း**၊ (၃) ဉာတိဗလ- ဆွေမျိုးတောင့်ခြင်း၊ (၄) ပုတ္တဗလ-**သားရတနာရှိခြင်း**၊ (၅) သိလဗလ- ကိုယ်ကျင့်သီလရှိခြင်း။

မှတ်ချက်။ ။ဉာတိဗလ အစား "**လိမ်မာခြင်းနှင့် မပျင်းရိခြင်း**"**ကို** ထည့်၍လည်း သဋ္ဌာယတန၌ ဟောသေး၏။

မိန်းမတို့ ဆွဲငင်ဓာတ် ၈-ပါး။ ။ယောကျ်ားတို့ကို စွဲမက်အောင် ပြုမူခြင်း မဟာဘယ် ၈-ပါး ဟူလို၊ မာယာ ၄၀-မှ။ (၁) သိတံ- ချိုပြုံးသော မျက်နှာပေး၊ (၂) ဟာသ-ညှင်းညှင်း သာသာ **ရယ်သံ**၊ (၃) ဘယ-ကြောက်လန့်ထိတ်ဟန်ပြု၊ (၄) လဇ္ဇ-ရှက်ဟန် အသွင်ပြု၊ (၅) မန္ဒဝါစာ-မကြားတကြား ပြောသောစကားသံ၊ (၆) အဒေက္ခဏာ-မျက်နှာထောင့် ကပ်၍ ကြည့်ခြင်းမျိုး၊ (၇) ရုဒ-ကျူးကျော် ကြာကြာ ရှိက်သံ၊ ငိုသံပေး ခြင်း၊ (၈) ဤသံကလဟ-စကားပြန်ရန် မခံချင်စရာကို စိတ်မဆိုးအောင် ဆွေးပေး ပြောဆိုခြင်းမျိုး၊ မာယာ ၄၀-၏ **အစိတ်အပိုင်း**မျှသာ ဖြစ်သည်။

http://www.dhammadownload.com

မိန်းမတို့ ပျက်စီးခြင်း ၈ကြောင်းရင်း ၉-ပါး။ ။လောကနီတိ အပျင့်မှ။ (၁) မိမိဓာယောက်တည်း လှည့်လည် သွားလာ နေထိုင်ခြင်း၊ (၂) လင်ကိုပစ်ထား မိဘနေအိမ်သွား၍ များစွာနေတတ်ခြင်း၊ (၃) လူများစွာ စည်းဝေးသော အရပ်သို့ သွားလာ ထွက်ဝင်တတ်ခြင်း၊ (၄) ပွဲလမ်း သဘင် အပျော်အရွှင် လိုက်စားတတ်ခြင်း၊ (၅) ယောကျ်ား ပုဂ္ဂိုလ် တို့နှင့် ပူးကပ် ဆောင်စွာ နေတတ်ခြင်း၊ (၆) အမြဲပြုဘုယ် အလုပ်အကိုင် မရှိ ပျင်းရိနေခြင်း၊ (၇) လင်ယောကျ်ား အိုမင်း၍ ကာမမှုဒ္ဓ မစွမ်းနိုင် ခြင်း၊ (၈) လင်ယောကျ်ားနှင့် ခွ-၄ လ ကင်း၍ နေခြင်း၊ (၉) ဝတ်စား ဘွယ်ရာ ဥစ္စာချို့တဲ့ခြင်း။

မိန်းမတို့ ဖောက်ပြန် ပျက်စီးကြောင်း တရား ၁၃-ပါး၊ တနည်း။ ။ဟိတော ပဒေသ ကျမ်းမှ။ (၁) သ ပဋ္ဌာန-ကိစ္စတိုင်း၌ ကိုယ်တိုင် စိုးမိုးလုပ်ကိုင် အာဏာပိုင် ပြဋ္ဌာန်းမှု ရနေခြင်း၊ (၂) ပိတု မနှိုရ နိဝသန-အဘာနှင့်သာ ကြာမြင့်စွာ ဇာတ်ိုင်းခံ၍ နေရခြင်း၊ (၃) ယာတြောဿဝ အင်္ဂတိ-အထူးစီစဉ်ခဲ့ သည့်ပွဲသဘင်တို့၌ ပါဝင်ဆင်နွဲခြင်း၊ (၄) ပုရိသ သန်မိ ဂေါဋ္ဌိ- ယောကျ်ားတို့နှင့် ဝိုင်းဖွဲ့ရယ်မော တသောသော နေထိုင်ခြင်း၊ (၅) အ နိယမဝါသ- အိမ်တကာ လျှောက်လည်၍ နေခြင်း၊ (၆) ဝိဒေ သဝါသ- တမြို့တရွာ တနယ် တရပ်သို့ အမြဲမတည် တယောက်တည်း လှည့်လည်နေထိုင်ခြင်း၊ (၇) သ ကုလဋ္ဌ သံသဂ္ဂ-လော်လီ သော့သွမ်း သော မိန်းမရမ်းတို့နှင့် အတူ ပေါင်းသင်း နေထိုင်ခြင်း၊ (၈) နိဇာယ ဝုတ္တိ ဗျသန-သက်မွေးဝမ်းကျောင်း ကောင်းသောလုပ်ငန်း၏ မကြာခဏ ပျက်စီးဆုတ်ယုတ်ခြင်း၊ (၉) ပတိ ဝုဒ္ဓက-လင်ယောကျ်ား၏ သက်ကြီး ရွယ်ယို အရွယ်အိုခြင်း၊ (၁၀) ဣဿိတ-လင်ဖြစ်သူက အခြောင်မယား အမြောင်ထား၍ ပျော်ပါးကာ နေခြင်း၊ (၁၁) ပဝါသန-လင်ဓာတ်ကျ နှင့် ကွေကွင်းကွဲကွာ ကြာမြင့်စွာ နေရခြင်း၊ (၁၂) ပါနိ- သေအရက် သောက်ခြင်း၊ (၁၃) သုပ္ပ-ယောကျ်ားတပါးနှင့် ပျော်ပါး ပေါင်းဖက် ရသည်ဟု အိပ်မက်ခါ လွန်မင်းစွာ အိပ်ခြင်း။

မိန်းမတို့ မရကောင်းသော အဇာတူးကြီး ၅-ပါး၊ တနည်း ၆-ပါး။ ။ ဥပရိပဏ္ဏာသ။ပါ။၁၁၈။ဋ္ဌ။၈၆။မိန်းမသားဇာတ် အဖြစ်ဖြင့် မရကောင်း

http://www.dhammadownload.com

မဖြစ်ကောင်းသော ဘဝကြီး ငါးပါး ဟူ၏၊ (၁) သမ္မာ သမ္မုဒ္ဓ-ဘုရားဘဝ အဖြစ်၊ (၂) စက္က ဝတ္တိ ရာဇာ-စက္ကြဝတေးမင်းကြီး၊ (၃) မဟာ ပြဟ္မာ-ပြဟ္မာမင်းကြီး၊ (၄) သက္ကော- သိကြားမင်းကြီး၊ (၅) မာရော- မာရ် နတ်မင်းကြီး။

မှတ်ချက်။ ။ဟေဘိကွ္ခု ရဟန်းမဘဝကိုလည်း မရကောင်းချေ။

မိန်းမတို့ မရောင့်ရဲနိုင်ခြင်း တရား ၄-ပါး။ ။များသော အားဖြင့် ရှိတတ် ခြင်္ကောင်းကို နိဿိတ်ကျမ်း၌ ဆိုသည်၊ (၁) မေထုနေ- မေထုန်မှုဖြစ်ပုံ၊ (၂) ဓနေ-ဥစ္စာစည်းစိမ် ရမှုဖြစ်ပုံ၊ (၃) ပုတ္တေ- သားဖွားရေးဖြစ်ပုံ၊ (၄) အလင်္ကာရေ-တန်းဆာဆင်ဝတ်ရေးဖြစ်ပုံ။

မိန်းမတို့ မာန်တက်ခြင်း အကြောင်း ၅-ပါး။ ။မာတုဂါမ သံယုတ်လာ အထက်ပါ (မိန်းမတို့၏ အား ငါးပါး)ကိုပင် ဆိုသည်။

မိန်းမတို့ လောဘလည်ခြင်း ၅-ပါး။ ။ဥဒ်းသရုပ် (လောဘီ ၅-ထွေ)၌ ရှုပါ။

မိန်းမတို့ သတ္တိ ၄-ပါး။ ။ကျက်မှတ်ရ လွယ်ကူစေရန် စာဏကျပျို့လာ အတိုင်း ထုတ်ပြလိုက်သည်။ မိန်းမဟူသည်၊ ဤမျိုးမည်ကား၊ လူရည် တင့်ထွား၊ ဖိုယောဂျိုးထက်။ (၁) အစား နှစ်ပြန်၊ (၂) ဉာဏ်မှာ လေးဆ၊ (၃) လုံ့လခြောက်ပုံ၊ (၄) ကာမဂုဏ် ရှစ်၊ လွန်၍ဖြစ်၏၊ အနှစ်ပညာ၊ ရွှေသွားကာဖြင့်၊ လူ့ရွာလောက၊ ဆက်ဆံကြလော့။

မိန်းမဇာတိရဲ့ ၁၃-ပေါက်။ ။အမတ သာဂရ ဘေသဇ္ဇ ကျမ်းကြီးမှ။ (က) မျက်စိ ၂-ပေါက်၊ (ခ) နား ၂-ပေါက်၊ (ဂ) နှာခေါင်း ၂-ပေါက်၊ (ဃ) နို့သားမြတ် ၂-ပေါက်၊ (င) ကျင်ငယ်ပေါက်၊ (စ) ကျင်ကြီး ပေါက်၊ (ဆ) ငယ်ထိပ်ပေါက်၊ (ဇ) သားအိမ်တိုက်ခန်းပေါက်၊ (ဈ) ပါးစပ်ပေါက်၊ ပေါင်း ၁၃-ပေါက် ဖြစ်၏။

မိန်းမများသာ၊ ဆက်ဆံရှာ၊ ၅-ဖြာ အာဝေဏီ။ ။ဥဒ်းသရုပ်(အာဝေဏိက ဒုက္ခ ၅-ပါး)ဟူသော သုတေသနဉ် ဆိုခဲ့ပြီ။

မိန်းမမြတ် ကျတ်ဝတ် ၅-ပါး။ ။ဤတွင်သူတြမှ ယူပြလိုက်သည်၊ မဟာ သုဒဿနသုတ် ၌လည်း ဤနည်း နှင်နှင် လာ၏။ (၁) လုပ်ငန်းကိစ္စ

http://www.dhammadownload.com

ရပ်တို့၌ လင်နှင့်တိုင်ပင်ကာ စိတ်သဘော တူညီမှု ယူ၍ ပြုလုပ်ခြင်း၊ (၂) လင်အိပ်မှ အိပ်ရခြင်း၊ အိပ်ဆုဝင် နင်းနှိပ်ပေးရခြင်း၊ (၃) လင်မထမီ ထရခြင်း၊ (၄) လင်မြတ်နိုး နှစ်သက်မှုတို့ကို လိုက်နာပြုမူ ကျင့်ကြံရခြင်း၊ (၅) လင်နှင့်ပြောဆိုရာ၌ ပြုံးခြိုသောမျက်နှာ သာယာသော အသံမျိုး အမြဲထားရှိရခြင်း။

မိန်းမမြတ်တို့ ဂုဏ်အင်္ဂါ ၉-ပါး။ ။မိန်းမမြတ်မျိုး လိုက်နာကျင့်သုံးသော ဝတ္တရားကိုးပါး ဟူ၏၊ သာမုဏ်ဖြိုက ကျမ်းမှ။ (၁) အိမ်တွင်းမှု သန့်ရှင်းရေး ပြုလုပ်စီမံတတ်ရခြင်း၊ (၂) ကိုယ့်လင်မှတပါး အခြားယောကျ်ားသို့ စိတ်မျှ မကူးခြင်း၊ (၃) လင်ရှာရသောဥစ္စာကို သိမ်းဆည်းတတ်ရခြင်း၊ (၄) လင်၏မျှးဦးစွာ အိပ်ရာမှ ထရခြင်း၊ (၅) လင်အိပ်ပြီးမှ အိပ်ရခြင်း၊ (၆) လင်၏ စီမံတိုင်ပင်မှုကို ခံယူကူညီရခြင်း၊ (၇) လင့်အလို အကြိုက်ကို သိတတ် ပြုတတ်ရခြင်း၊ (၈) ပြုံးသောမျက်နှာ ချိုသာသော စကား ရှိရခြင်း၊ (၉) အပူအအေးနှင့် လျော်စွာ လင့်အား ဝတ်ဆင်ပေး တတ်ရခြင်း။

မိန်းမမြတ်ဖြစ်ကြောင်းတရား ၄-ပါး။ ။မိန်းမမြတ် ဖြစ်နိုင်ရန် ကိုယ်ကျင့် တရားလေးပါး၊ ကောသလမင်းကြီးအား ဘုရားဟောသည်။ (၁) သီလ ဝတီ-အကျင့်သီလ ကူန္ဒြေသိက္ခာရှိခြင်း၊ (၂) မေဓာဝိနီ- အမြော်အမြင် ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံခြင်း၊ (၃) သဿုဒေဝါ-ယောကျ်ားမကို အိမ်ဦးနတ် ကဲ့သို့ ဆည်းကပ်ခြင်း၊ (၄) ပတိဗ္ဗတာ-လင်ကို ရိုသေ ယုယ မြတ်နိုးခြင်း။

မိန်းမလူသား၊ ဘွဲ့ပုံထား၊' ဆယ်ပါး တေဒဂ်။ ။ငင်း သရုပ် (တေဒဂ်ရသူ လူမိန်းမ ၁၀-ယောက်)၌ ဆိုခဲ့ပြီ။

မိဖုယားကြီးမျိုး ၄-ပါး။ ။ငင်း တို့၏ သရုပ်အဓိပ္ပါယ်ကို အောက်ပါ မဃဒေဝလင်္ကာသစ် စကားဖြင့် ထင်ရှားစေသည်။ 'ရွှေထီးပြောင်ပြောင်း နန်းဆောင်ဆေးခြယ်၊ မြောက် တောင့် အနောက်၊ အလယ်မြောက်၍၊ လေးယောက် မိဖုယား၊ အကြီးထားမှ'။အကျယ်ကို(နန်းရမိဖုယားမျိုး ၄-ပါး)မှာ ကြည့်ရလေ။

http://www.dhammadownload.com

မီဖုယားပြား၊ မျိုး ၈-ပါး၊ ခြားနား ဝေတန်သိ။ ။(နန်းမှမိဖုယားကြီး ၄-ယောက်)နှင့်(အဆောင်ရ မိဖုယား ၄-ယောက်၊)ပေါင်း ၎စ်ယောက်ကို ဆိုသည်၊ အကျယ်ကို ဆိုင်ရာ၌ ဆိုခဲ့ပြီ။

မီ,ဘ,ကျင့်ဝတ် ၅-ပါး။ ။မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊အတတ် သင်စေ၊ ပေးဝေရင်းနှီး၊ ထိမ်းမြားပြီးလျှင်၊ ဝတ် ၅-အင်၊ ဖခင်မယ်တို့ တာ။ သုတ်ပါဌေယျ ။ပါ။ ၁၅၄ ။ဋ္ဌ။ ၁၉၁။

မိဘတို့ သားသမီးရလိုကြောင်း ၅-ပါး။ ။ဇင်း သခွပ် (သားသမီးရလိုခြင်း အကြောင်း ၅-ပါး)၌ ရှုပါ။

[မီ]

ပ်တာ ၈-မျိုး။ ။ဤ၌ ထင်ရှားစေရန် ကိလိုမိတာကစ၍ ဘော်ပြသည်။ ကိလိုမိတာ ကား- ပြင်သစ်ဘာသာစကား ဖြစ်သည်၊ မြန်မာ့လိုဆိုမူ ကိလိုကား (၁၀၀၀) မိတာကား အတိုင်းအရှည်တခုဟု အဓိပ္ပါယ်ရသည်၊ မိတာပေါင်း(၁၀၀၀) တထောင်ရှည်၏ ဟု ဆိုလိုသည်၊ ကိလို ဆိုသော စကားလုံးမှာ ပါဠိဘာသာ "သဟဿ"ဆိုသော စကားလုံးနှင့် ဆက်သွယ် လျက်ရှိကြောင်းကို အင်္ဂလိပ် အဘိဓာန်၌ ပြ၏၊ အတိုင်းအရှည်ကို သုံးရာ၌ မြန်မာတွင် တောင်, တာ, လက်သစ်၊ အင်္ဂလိပ်တွင် လက်မ, ပေ, ကိုက်, စသည်တို့ကို မူတည်ရာဘိသကဲ့သို့ ပြင်သစ်ပြည်၌ အသုံးပြုသည့် "မက်ထရစ်" နည်းတွင် မီတာ ဟူသော အရှည်ကို မူတည်ကြသည်၊ မီတာတခုသည် ၃-ပေ ၃-လက်မ ၅-ပဲသာသာရှိ၏၊ တနည်း ၃-ပေ ၃ $\frac{3}{8}$ လက်မ၊ တနည်း ၃၉.၃၇ လက်မရှိ၏ဟု မှတ်ရသည်၊ ပြင်သစ်ပြည် ပါရစ်မြို့တော်၌ "ပြူရိုဒီအချို" ခေါ် ဘဏ်တိုက်ကြီးတွင် ၁-မီတာရှည်သော သတ္တုချောင်းတခုကို အမျှားပြည်သူတို့ စံနမူနာအတွက် ထားရှိလေသည်၊ ဇင်းမီတာသုံးနည်းစံနစ်ကို အင်္ဂလိပ်,အမေရိကံ,ရုရှ,တို့မှတပါးကျန်သော ကမ္ဘာ့နိုင်ငံများအားလုံးလိုပင် အသုံးပြုကြ၏။

မီတာ၏ အမျိုးအစား ရှစ်ပါးကား။ (၁)မီလီမီတာ၊(၂)စင်တီမီတာ၊ (၃) ဒယ်စီမီတာ၊ (၄) မီတာ၊ (၅) ဒေကာမီတာ၊ (၆) ဟက်တိုမီတာ၊ (၇) ကီလိုမီတာ၊ (၈) မရီးယားမီတာ ဟူ၍ ရှစ်မျိုးရှိလေသည်။

http://www.dhammadownload.com

အရေတ် ၄-'မီတာ'ခေါ် ၁-မီတာသည် ၃-ပေ ၃ ၃/၈ လက်မခွဲခြေသံအရှိ ပြဆို့ပြုပြုဖြစ်၍ ၎င်းတို့ကို ရေတွက်လိုသော် အငယ်ဆုံး 'မီလီမီတာ'မှ အစဉ်းဆုံး 'မဂ္ဂီးယားမီတာ'အထိ ဆယ်ဆတိုးသွားရသည်ချည်း မှတ်ရလေ၊ (မီလီမီတာ တဆယ်သည် စင်တီမီတာတခု၊ စင်တီမီတာတဆယ်သည် ဒယ်စီမီတာတခုဟု ဆိုလေသည်၊) ထိုကြောင့် ကီလိုမီတာတခုကို အင်္ဂလိပ်သုံး မိုင်၊ ဖာလုံ့၊ နည်းနှင့်တွက်သော် ၅-ဖာလုံ၊ ကိုက်ပေါင်း (၁၁၀၀) နီးပါးရှိကြောင်း တွေ့ရ၏။

မီး ၃-ပါး။ ။သက်ဆိုင်သူတို့အား ကောင်း, ဆိုး, နှစ်မျိုးကို ပေးထတ်သော မီးသုံးပါး ဟူ၏။

(၁) အာဟုနေယျဂ္ဂိမီးခေါ် ဆရာ မိဘနှစ်ပါး၊ တပည့် သားသမီးတို့၏ ပူဇော် သက္ကာရကို ခံထိုက်သော ကျေးဇူးရှင် ဆရာမိဘ နှစ်ပါးအား ပြစ်မှား ဆန့်ကျင်သော သားသမီးတို့သည် အပါယ်ငရဲ၌ ဆင်းရဲလောင်ကျွမ်း တတ်သောကြောင့် မီး ခေါ်သည်။

(၂) ဂဟပတဂ္ဂိမီးခေါ် လင်ယောကျ်ား၊ အိမ်ရှင် လင်ယောကျ်ားသည် မယားဖြစ်သူ၏ အိပ်ရာဝတ်စားတန်ဆာများကို ဖြစ်စေတတ်သဖြင့် ကျေးဇူရှင်ကြီးပင် ဖြစ်၏၊ ထိုကျေးဇူးရှင် လင်ဖြစ်သူကို ကျူးလွန်ပြစ်မှား မရှိသေသော မယားသည် အပါယ်ငရဲသို့ ကျရောက် လောင်ကျွမ်း ဆင်းရဲရသည်ဖြစ်၍ လင်ကို မီးခေါ်သည်။

(၃) ဒက္ခိဏေယျဂ္ဂိမီးခေါ် ရဟန်း သံဃာ၊ ရဟန်းသံဃာတော် အရှင်မြတ်တို့သည် ကောင်းသော အကျင့် သီလ သိက္ခာသမာဓိတို့နှင့် ပြည့်စုံသောကြောင့် လူတို့၏ လုပ်ကျွေးပေးကမ်း ပူဇော်ခြင်းကို ခံထိုက်ရကား ပြစ်မှားလွန်ကျူးသူ အပေါင်းတို့သည် အပါယ်ငရဲသို့ ကျရောက်လောင်ကျွမ်း ဆင်းရဲရသည်ဟူ၏၊ ထိုကြောင့် မီးခေါ်သည်။

မီး ၁၁-ပါး။ ။သတ္တဝါတို့ကို လောင်ကျွမ်းပျက်စီး ဆင်းရဲစေတတ်သော တရား ၁၁-ပါး သဒ္ဒရတ္ထဒီပနီဋီကာ ဒု မှ။ (၁) ရာဂ မီး- အလိုရမ်က်၊

http://www.dhammadownload.com

(၂) ဒေါသ မီး- ပြစ်မှားပုတ်ခတ်၊ (၃) မောဟမီး- အမှုန်မသိ၊ (၄) ဇာတိ မီး- ပဋိသန္ဓေနေ၊ (၅) ဇရ မီး-အို၊ (၆) မရဏ မီး- သေ၊ (၇) သောက မီး- စိုးရိမ်ပူဆွေး၊ (၈) ပရိဒေဝ မီး- ငိုကြွေးရှိုက်ငင်၊ (၉) ဒုက္ခ မီး- ကိုယ်ဆင်းရဲ၊ (၁၀) ဒေါမနဿ မီး- စိတ်ဆင်းရဲ၊ (၁၁) ဥပါယာသ မီး- ဆို့တက်မွေ့မျောသွားခြင်း။

မီးလှုံခြင်း အပြစ် ၅-ပါး။ ။ပဥ္စင်္ဂတ္တရ ပါဠိတော်မှ။ (၁) အ စက္ခုဿော- မျက်စိနှင့် မသင့်၊ (၂) ဒုဗ္ဗဏ္ဏ ကရဏော- အဆင်းမလှ ပြုတတ်၏၊ (၃) ဒုဗ္ဗလ ကရဏ- အင်အားနည်းအောင် ပြုတတ်၏၊ (၄) သင်္ကိကာဌာန မဿန- မိတ်ဖွဲ့ပျော်ပါး ချိန်ဆုံးပါးခြင်း၊ (၅) တိရစ္ဆာနကထာနိ ပဝတ္တိ- မင်္ဂိုလ် ဖိလာစကားတို့သာ များစွာဖြစ်ခြင်း။

မီးသတ်ကျင့်ဝတ် ၁၀-ပါး။ ။မီးသတ်အဖွဲ့ဝင်သားများ လိုက်နာ ကျင့်ကြံကြရမည့် ဝတ်တရားဆယ်ပါး၊ မီးသတ်ကျင့်ဝတ် ဥပဒေကျမ်းမှ။ (၁) စည်းကမ်း သေဝပ်ရခြင်း၊ (၂) သူရသတ္တိ ရဲရင့်မှု ရှိရခြင်း၊ (၃) သနားကရုဏာ ရှိရခြင်း၊ (၄) ယဉ်ကျေး သိမ်မွေ့ရခြင်း၊ (၅) လျင်မြန် ဖျတ်လတ်ရခြင်း၊ (၆) စိတ်ထား တည်ကြည်ရခြင်း၊ (၇) ဝတ္တရား ကျေပြန်ရခြင်း၊ (၈) သစ္စာ ရှိရခြင်း၊ (၉) ညီညွတ်စည်းလုံးစွာ ရှိရခြင်း၊ (၁၀) ကျမ်းမာ သန်စွမ်းရခြင်း။

[မု]

မုဋ္ဌော ၉-ဆူ၊ တည်တော်မူ၊ စည်သူ မင်းလောင်းမြတ်။ ။အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်ရာ မလေးကျွန်းမှ သိကြားနတ်တို့ ဆက်လိုက်သော သရက္ခန်ခေါ် သာရဂန္ဓ နံ့သာသစ်ကို ပုဂံသို့ ဆိုက်ရောက်သောအခါ 'မုဋ္ဌ' ခေါ် လက်တဆုပ်ပမာဏစီ ဗုဒ္ဓရုပ်ပွားတော် ၉-ဆူ ထုတော်မူ၍ ဧဘီပုထိုး တည်ထား ကိုးကွယ်တော်မူကြောင်းနှင့် သိရ၏၊ ဤ၌ မုဋ္ဌ ပါဠိမှ- မုဋ္ဌော ဖြစ်လာကာ လက်တဆုပ်ပမာဏကို ခေါ်ဆိုကြောင်း မှတ်ရ၏။

အတွင်းမုဋ္ဌော ၉-ဆူ။ (၁) စကြံ မုဋ္ဌော၊ (၂) ဆီးတော မုဋ္ဌော၊ (၃) သစ္စာရ မုဋ္ဌော၊ (၄) ဆည်းလည်း မုဋ္ဌော၊ (၅) ရွှေဟောင်ဦး

http://www.dhammadownload.com

မုဋ္ဌော၊ (၆) တောင်ငယ်လေးမျက်နှာ မုဋ္ဌော၊ (၇) လမ်းလွဲ မုဋ္ဌော၊ (၈) နံကိုင်း မုဋ္ဌော၊ (၉) ဂူနီ မုဋ္ဌော။

အပြင်မုဋ္ဌော ၉-ဆူ။ (၁)ပြင်စကြံ မုဋ္ဌော၊ (၂) ရန်အောင်မြင် မုဋ္ဌော (၃) သမာန် မုဋ္ဌော၊ (၄) ကန်တော်အောက် မုဋ္ဌော၊ (၅) ရွားတော မုဋ္ဌော၊ (၆) ပုည မုဋ္ဌော၊ (၇) ငှက်မြတ်နား မုဋ္ဌော၊ (၈) ပဝဲမုဋ္ဌော၊ (၉) ချောက်ဘုရားလှ မုဋ္ဌော။

မှတ်ချက်။ ။ဤဥ္ဇ္ဈ အမည်နှင့် နေရာဌာနတို့ကို အမျိုးမျိုး အဆိုရှိကြ၏၊ ပညာရှိများထံ အမှန်မူ၍ ယူကြပါကုန်။

မုဆိုးမျိုး ၃-ပါး။ ။ပါဏာတိပါတ်ဖြင့် သက်မွေးဝမ်းကျောင်း ပြုသူ လူကြမ်းကြီး ၃-ဦး။ (၁) မာဂဝိက- သားမုဆိုး, သားသတ်သမား၊ (၂) သောကုဏ်က-ငှက်မုဆိုး, ကြက် ငှက်သတ်သူ၊ (၃) ကေဝဋ္ဋ-ရေမုဆိုး, တံငါ,အင်းသားကြီးများ။

မုတ္တမ ၃၂-မြို့။ ။မွန်တိုင်း ၃-ရပ်တွင် မုတ္တမ မဏ္ဍလခေါ် သထုံတိုင်း၏ မြို့များ။ ကော့ပိန်,ကျိုင်း, ဇွယ်ယ, ကျိတ်, အောင်သို့, မြဝတီ, ပေါင်, သဇိုစ်, ထားကျိုင်, လိုင်းဘွဲ့၊ (၁၀) မော်လမြိုင်, အထရံ, ဝယ်ယော်, ပါခဂူ, လမိုင်း, ရေး, ဘီလူးကျွန်း, ဓရယ်, ဇထု, ကွန်း၊ (၂၀)ဇမိ, လကွန်း ဗျည်း, မြိုင်, အလိုင်, ယင်းငြိမ်း, ကော့, တိုဝန်း,အီဗျစ်, အိပဲ့,တိုက်ကလား၊ (၃၀) ယင်အုံ၊ ဘုံဂမိ (၃၂) တို့တည်း။

မုဒ္ဓဇအက္ခရာ ၇-လုံး။ ။လျှာဖျားထိပ်ကလေးဖြင့် အာဖောက်ကို ထိ၍ ရွတ်ဆိုရသော အက္ခရာမျိုး ၇-ပါး။ "ဋ, ဌ, ဍ, ဎ, ဏ, ရ, ဠ"

မုန်အပြား၊ မျိုး ၆-ပါး၊ ဝပ်စွာ့ တောင်းဆုယူ။ ။သူတော်ကောင်း သူမြတ် လောင်း ခြောက်ပါး၊ စူဋ္ဌနိဒ္ဒေသ ပါဠိတော် ၇၄။ (၁) အာဂါရ မုနိ-သာသနာတော်၏ အဆုံးအမခံသူ လူနှင့် ပဒေသ္ဝရုဇ်, ကေရာဇ်စသော မင်းများ၊ (၂) အနာဂါရမုနိ-ပုထုဇဉ် သီလဝန္တရဟန်း၊ (၃) သေက္ခ မုနိ- အောက်မဂ် အောက်ဖိုလ် ကျင့်ဆဲ သေက္ခပုဂ္ဂိုလ် ၇ -ယောက်၊

http://www.dhammadownload.com

(၄) **အသေးကွဲမုန်**-ရဟန္တာပုဂ္ဂိုလ်၊(၅)ပစ္စေက မုနိ-ဘုရားငယ် ပစ္စေကမုဒ္ဓါ၊
(၆) မုနိ မုနီ-မုနိတို့၏အသျှင် ဘုရားသခင်။

မုသာဝါဒ အင်္ဂါ ၄-ပါး။ ။လူမျှား မုသာဝါဒသိက္ခာပုဒ် ပျက်စီးခြင်းအင်္ဂါ ၄-ပါး၊ ၎င်း အင်္ဂါ ၄-ပါးနှင့်ပြည့်စုံမှ သိက္ခာပုဒ်ပျက်သည်။ (၁) **အတထ**-မမှန်သော ဝတ္ထု၊ (၂) ဝိသံဝါဒ စိတ္တ-မှားယွင်းစေလိုသော စိတ်၊
(၃) တဇ္ဇ ဝါယာမ-ထိုစိတ်အားလျော်သော ကိုယ် နှုတ် လုံ့လပြုခြင်း၊
(၄) **တဒတ္ထ** ဇာနန-သူလိမ်တိုင်း သိရှိ ယုံကြည်ခြင်း။

မုသာဝါဒ ကံ၏ မကောင်းကျိုး ၁၆-ပါး။ ။မဟုတ်မမှန် လိမ်ညာ ပြောသူတို့ ရရှိ ခံစားရသော အပြစ်မျိုး ဆယ့်ငါးပါး ဟူ၏၊ ခုဒ္ဒကပါဠိ အဋ္ဌကထာမှ။
(၁) မကြည်ညိုဖွယ်ရာ ရုပ်ဆင်းရှိခြင်း၊ (၂) သွား မညီမညွတ် ရှိခြင်း၊
(၃) နှာ မချမ်းသာသော အသံ ရှိခြင်း၊ (၄) ဝလွန်း ဆူလွန်းခြင်း၊
(၅) ပိန်လွန်း သေးလွန်းခြင်း၊ (၆) နိမ့် ပုလွန်းခြင်း၊ (၇) မြင့် ရှည်လွန်း ခြင်း၊ (၈) ကြမ်းတန်းသော အသားအရေ ရှိခြင်း၊ (၉) ခံတွင်းပါးစပ် ပုပ်ညှီခြင်း၊ (၁၀) ဆွံ့အ တုန်လှုပ်ခြင်း၊ (၁၁) သူတပါးတို့ မယုံကြည် ခြင်း၊ (၁၂) တိုသော လျှာ, စကားမပြို ရှိခြင်း၊ (၁၃) လျှပ်ပေါ် တတ် ခြင်း၊ (၁၄) မိုက်မဲ တွေဝေခြင်း၊ (၁၅) ဉာဏ် ပညာ နည်းပါးခြင်း၊
(၁၆) ကြောက်ရွံ့တတ်ခြင်း။

[မူ]

မူလ ၂-ပါး။ ။ပိဋကတော်လာ ဒုက္ခအကြောင်းရင်း အမြစ် ၂-ပါး။
(၁) အဝိဇ္ဇာ-ဆင်းရဲတာ အမှန်ကို ချမ်းသာဟု အမှားသိနေခြင်းသဘော။
(၂) တဏှာ-ကာမဂုဏ်တရား၌ သာယာ, ခင်မင်, လိုချင်, တပ်မက်, ဆာလောင်ခြင်း သဘော။

မူလသံဃား ၂၈-ပါး၊ စပ်ငြား ကဗျာ အဘယ်နည်း? ။ ။ဂုဏ်း သရုပ် (တက်သံ ၁၈-ပါး) နှင့် တူ၏။

[၈မ]

မေတ္တာအကျိုး ၁၁-ပါး။ ။ပဋိသမ္ဘိဒါမဂ်။ပါ။၃၁၄။၄။ ဒု-အုပ် ၂၀၇။ **မေတ္တာ** တရား ပွားများသူတို့ မျက်မှောက် ခံစားရသော အကျိုး ၁၁-ပါး။

http://www.dhammadownload.com

(၁) ချမ်းသာစွာ အိပ်ရခြင်း၊ (၂) ချမ်းသာစွာနိုးရခြင်း၊ (၃) မကောင်းသောအိပ်မက်ကို မမြင်မက်ရခြင်း၊ (၄) လူတို့ ချစ်နှစ်သက်ခြင်း၊ (၅) နတ်တို့ မြတ်နိုးခင်မင်ခြင်း၊ (၆) နတ်တို့ စောင့်ရှောက်ခြင်း၊ (၇) မီး အဆိပ် လက်နက် မသင့်နိုင်ခြင်း၊ (၈) စိတ်လျင်မြန်စွာ တည်ကြည်ခြင်း၊ (၉) မျက်နှာရုပ်ဆင်း ကြည်လင် ရွှင်ပြခြင်း၊ (၁၀) မတွေဝေဘဲ သေရခြင်း၊ (၁၁) သေသောအခါ ဗြဟ္မာပြည်သို့ လားရခြင်း။

မေတ္တာမျိုး ၂-ပါး။ ။သတ္တဝါများအပေါ်၌ ချစ်ခင်နှာလိုစိတ် ပွားတိုးစေသောတရား ၂-ပါး။ (၁) မေတ္တာစစ်- အဒေါသ ပုဗ္ဗင်္ဂမ မေတ္တာ, သတ္တဝါများအပေါ်၌ ချစ်ခင်နှာလို စွတ်စိုစေးကပ်တတ်သော 'အဒေါသ စိတ္တုပ္ပါဒ်', (၂) မေတ္တာတု- သားချစ် မယားချစ် မိဘချစ် ဆရာချစ် ဆွေမျိုးချစ်သည့် မခွဲနိုင်သော အချစ်များ၊ ဂေဟသိတပေမခေါ် အိမ်၌ မိုးလော အချစ်မေတ္တာတု, မေတ္တာယောင်မျိုး 'တဏှာပေမ'သာဖြစ်၏။

မေတ္တာမျိုး ၃-ပါး။ ။မူလပဏ္ဏာသ ။ပါ။ ၂၆၇။ဌ။ ဒု- အုပ်။ ၁၄၂။ **ချစ်ခင်စွာ** ကူညီပွားစီးပေးမှုမျိုး သုံးပါး။ (၁) ကာယကံ မေတ္တာ- သတ္တဝါ အပေါင်းတို့ ချမ်းသာကြောင်းအတွက် ကိုယ်အားဖြင့် ဝိုင်းဝန်း စောင့်မျှောက် ကူညီပေးမှု၊ ကိုယ်ဖြင့် အရှိအသေပေးမှု၊ (၂) ဝစီကံ မေတ္တာ ချစ်ခင်သော စိတ်ဓာတ်ဖြင့် နှုတ်ကမ္ဘက်ဆို ပြောကြားခြင်း၊ (၃) မနောကံ မေတ္တာ- သတ္တဝါအပေါင်းအား ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေဟု စိတ်ဖြင့် အောက်မေ့ပွားများခြင်း။

မေတ္တာမျိုး ၅၂၈-ပါး။ ။ဂုဏ်း၏ သရုပ်အဓိပ္ပါယ် အကျယ် (ငါးရာ့ နှစ်ဆယ် ရှစ်သွယ် မေတ္တာ)၌ ပြခဲ့ပြီ။

မေတ္တာရှေ့သွားဖြင့် အောင်ခြင်း ဝတ္ထုကြီး ၄-ပါး။ ။မေတ္တာ အစွမ်းဖြင့် အောင်မြင်ခြင်းတို့ကား ပိဋကတော်၌ များစွာရှိသော်လည်း ၎င်း ၄-ပါး ဖြင့် ထင်ရှားပေါ်လွင်စေလိုက်သည်။ (၁) ဥတေန မင်းကြီးကို သာမာဝတီ အောင်မြင်ခြင်း၊ (၂) ဆီပူလောင်းသူ သီရိမာကို ဥတ္တရာအောင်မြင်ခြင်း၊ (၃) နာဠာဂိရိဆင်ကို ဘုရားမြတ် အောင်တော်မူခြင်း၊ (၄) အာဠဝကဘီလူးကို မြတ်ဘုရား အောင်တော်မူခြင်း။

http://www.dhammadownload.com

မေထုန် ၂-ပါး၊ မျိုးအပြား၊ ခဲ့ခြား မိန်းဆိုတိ။ ။(၁) မေထုန်ကြီး-မိန်းမ, ယောကျ်ား, ကာယကံမြောက် အင်္ဂါဇာတ်ချင်းချင်း သွားလာမှီဝဲခြင်း မျိုး၊ (၂) မေထုန်ငယ်-မိန်းမ, ယောကျ်ား ရသေ့ စိတ်ဖြေအားဖြင့် ကိုယ်လက်သုံးသပ် ပြုမူသာယာမှုမျိုး။

မေထုန်ငယ် ၇-ပါး။ ။သတ္တဂုံတ္တရ။ပါ။ ၄၃၀။ဌ။ ၁၆၇-၌ အကျယ်ရှု။ အပြဟ္မစရိယ သိက္ခာပုဒ်တော်၏ ညှိုးနွမ်းပေါက်ကြားမှုမျိုး ၇-ပါး၊ မိန်းမ, ယောကျ်ား ၂-ဦးလုံး အတွက် အပြန်အလှန် ယူရမည်။ (၁) မာတုဂါမ၏ ပွတ်တိုက်ဆုပ်နယ် နှိပ်နင်းပေးမှု၌ သာယာခြင်း၊ (၂) မာတုဂါမနှင့် ပြုံးကာ ရယ်ကာ တို့ကာ ဆိတ်ကာ မနရသည်ကို သာယာခြင်း၊ (၃) မျက်နှာချင်းဆိုင်၍ အားပါးတရ ကြည့်ရှုနေရမှုကို သာယာခြင်း၊ (၄) မျက်ကွယ်ရာ အနီးအနားက ငင်းတို့၏ ပြောဆဲ ဆိုသံ ရယ်သံကိုကြား၍ သာယာစွာ နားစိုက်ထောင်ခြင်း၊ (၅) ရှေးအခါက မာတုဂါမနှင့် ပျော်ပျော်ကြီး ပြုမူနေထိုင် ကျင့်ကြံမှု မျိုးစုံကို တွေးတောအောက်မေ့ သာယာခြင်း၊ (၆) သူတပါးတို့ ပြုမူကျင့်ကြံ ခံစားနေမှုကို မြင်ရ၍ သာယာခြင်း၊ (၇) ယခု ဘဝ ပြုစုအားထုတ်ရသော သီလ ကုသိုလ်ကြောင့် နောက်ဘဝ၌ နတ်မင်းကြီးဖြစ်ပြီး နတ်သမီး နတ်သား များစွာတို့နှင့် ပျော်ပါးရန် မြော်လင့်လျက် သာယာနေခြင်း

မေထုန် ပြုဘွယ် မဂ်-၃၀။ ။ငင်း သရုပ် (မဂ် ၃၀၊ တနည်း)၌ ပြခဲ့ပြီ။

မေထုန် မမှီဝဲအပ်သော မိန်းမမျိုး ၁၄-ပါး။ ။ထို ဆယ့်လေးယောက်ထိုတွင် အခြို့ကား ကျန်းမာရေးကို ထိခိုက်စေ၍ အခြို့ကား ဘာသာတရားနှင့် လောကဝတ် ဥ၊ဒေများက တားမြစ်၍ အပြစ်ရှိသည်၊ အမရိတ ဘေသဇ္ဇ ကျမ်းမှ, ဥတုလာနေသူ, အလိုမရှိသူ, ညစ်နွမ်း မသန့်စင်သူ, မချစ်ခင်သူ, ပြည့်တန်ဆာမ, အရွယ်ကြီးရင့်သူ, ဆွေဂါသည်မ, ကိုယ်အင်္ဂါချို့တဲ့သူ, ကိုယ်ဝန်ဆောင်မ, ရန်သူမ, အင်္ဂါဇာတ်၌ အနာရှိသူ, လင်ရှိသူ, မာတုဂါမကို့တာ စသည်ရှိသူ, သီလရှင်မ။

မေထုန် မှီဝဲလွန်မူ အပြစ် ၈-ပါး။ ။ကာမသျှောတကျမ်း။ (၁) ဘုန်းကံ ယုတ်လျော့ခြင်း၊ (၂) ဉာဏ်ပညာ ယုတ်လျော့ခြင်း၊ (၃) ခွန်အားဗလ

http://www.dhammadownload.com

ယုတ်လျော့ခြင်း၊ (၄) အသား, အရေ, ဦးခေါင်း, ပူလောင်ခြင်း၊ (၅) အဆောင်အဆင်း ဖျော့တော့ ပျက်စီးခြင်း၊ (၆) ချောင်းဆိုးသွေးပါ အဆုပ်နာ မြစ်ချောက်ရောဂါ စွဲကပ်တတ်ခြင်း၊ (၇) အပြင်အပဆောဂါ လွယ်ကူစွာ ကူးစက်နိုင်ခြင်း (၈) အသက်တိုခြင်း။

မေရယမျိုး ၅-ပါး။ ။ကုသိုလ်ကောင်းမှုဌ မေ့လျော့စေတတ်သော အရက်မျိုး ၅-ပါး။ ၎င်း သရုပ် (အရက်မျိုး ၅-ပါး)မှာ ကြည့်ပါ။

မေးမြန်းခြင်းရာ၊ ကြောင်း ၅-ဖြာ၊ ပုစ္ဆာ ၅-ပါး မှတ်။ ။အမေးပုစ္ဆာပြုခြင်း အကြောင်း ၅-မျိုး။ (၁) မန္ဒ မောမူဟတ္တာ-ထုံထိုင်း တွေဝေခြင်းကြောင့် မေးခြင်း၊ (၂) ပါပိစ္ဆ ဣစ္ဆာပကတ-လူတဖက်သားအား နှိမ်နင်းနှိပ်စက်လိုသော အလိုဆိုး ယုတ်မာစိတ်ကြောင့် မေးခြင်း၊ (၃) ပရိဘဝ- မာန တရားဖြင့် သူတပါးအား မထေလေးစား ပြုလိုသောကြောင့် မေးခြင်း၊ (၄) အညာတု ကာမ- မိမိ ကိုယ်တိုင် အဟုတ်အမှန် သိလိုသောကြောင့် မေးခြင်း၊ (၅) ဇာနေတု ကာမ- သူတပါး မသိသောအရာကို မှန်ကန် ကျွန်စွာ သိစေရန် ဖြေကြားလိုသောကြောင့် မေးခြင်း။

[မော]

မောနေယျတရားမျိုး ၃-ပါး။ ။ရဟန်းမုနိ၏ အဖြစ်ကိုပြုတတ်သော တရား အပြား ၃-ပါးဟူ၏၊ သံဂီတိသုတ်မှ။ (၁) ကာယမောနေယျ- ကာယ ဒုစရိုက်မှ စင်ကြယ်ခြင်း၊ (၂) ဝစီ မောနေယျ-ဝစီဒုစရိုက်မှ သန့်ရှင်းခြင်း၊ (၃) မနော-မောနေယျ- မနောဒုစရိုက်မှ ရှောင်ရှားခြင်း။

မောနေယျ ပုဂ္ဂိုလ်မျိုး ၃-ပါး။ ။တိကဂုံတ္တရ။ပါ။ ၂၇၆။ဌ။ ၂၃၅။ ခြိုးခြံဆင်းရဲစွာ ကျင့်၍ မင် ဖိုဇ် ရှာမှီးသော ပုဂ္ဂိုလ်ထူးကြီး ၃-မျိုး။ (၁) ဥက္ကဋ္ဌ မောနေယျ- ၇-လသာ အသက်ရှည်သည်၊ (၂) မဇ္ဈိ မောနေယျ- ၇-ရက်သာ အသက် ရှည်သည်၊ (၃) မုဒု မောနေယျ- ၁၆-ရက်သာ အသက် ရှည်သည်။

မောက်ကလူ ၂၄။ ။၎င်း ဓေါဟာရ သရုပ်ကို (ပါလိကွေး ၄၅)၌ ပြန်ရှုပါ။

http://www.dhammadownload.com

[မော + က်။ မော်။ မို + သ်း]

မောက်ချအကွရာ၊ ရေးထုံးလော၊ ၆-ဖြာ မြန်မာမှု။ ။မြန်မာစာပေ ရေးသားဆုဌ္ဌ ရေးချ နှစ်မျိုးရှိသည်တွင် (ခ,ဂ,င,ဒ,ပ,ဝ) ၎င်းဗျည်း ၆-လုံးကို အာ,ဩ,သရ ၂-လုံးတို့နှင့် ယှဉ်တွဲသောအခါ –ါ,–ော–ါ, ဤသကော်တရှိ မောက်ချပုံတို့နှင့်သာ တွဲရမည်၊ –ာ,–ော–ာ, ဤသကော်တရှိ ဝိုင်းချပုံတို့နှင့် တွဲစပ်မရေးရ ဟူ၏၊ ပုံ- ဒါ,ပါ,ခါ,ငါ,ဝါ,ဂါ။

မော်ကတော်ခေါ်၊ ကဝေကျော်၊ ၄-ဘော် မိနတ်ဝန်။ ။၎င်း သရုပ်ကို (ကတော်ကြီး ၄-ပါး)၌ ဆိုခဲ့ပြီ။

[မို]

မိုဃ်း ၄-ပါးနှင့် ပုဂ္ဂိုလ်၏ ၆-စား။ ။မိုဃ်းလေးပါး နှင့် ပမာပြု၍ ပုဂ္ဂိုလ် ၄-စား ခွဲပြခြင်း။ (၁) ဂဇ္ဇီတာ နော ဝဿိတာ- ခြိမ်းကာခြိမ်း၏ မရွာသောမိုဃ်း၊ ဘာသိတာ နော ကတ္ထာ- အပြောကား ကြီး၊ အလုပ်မပါသူ 'လူယုတ်မာဟူ၏၊ (၂) ဝဿိတာ နော ဂဇ္ဇီတာ-မခြိမ်းဘဲ ရွာသောမိုဃ်း၊ ကတ္ထာ နော ဘာသိတာ-အပြောမဟုတ် အလုပ်သမားသက်သက်၊ (၃) ဂဇ္ဇီတာ ၈ ဝဿိတာ ၈-ခြိမ်းလည်းခြိမ်း ရွာလည်းရွာသောမိုဃ်း၊ ဘာသိတာ၈ ကတ္ထာ၈-အပြောနှင့် အလုပ်ညီသူ။ (၄) နေဝဂဇ္ဇီတာ နော ဝဿိတာ-ခြိမ်းလည်းမခြိမ်း ရွာလည်းမရွာ၊ နေဝဘာသိတာ နော ကတ္ထာ-ပြောလည်းမပြော လုပ်လည်း မလုပ်သူ။ စတုကဂ်္ဂတ္တရမှ။

မိုဃ်းကြိုးမျိုး ၉-ပါး။ ။သုတ်မဟာဝဂါ ။ပါ။၁၀၉။ဋ္ဌ။၁၆၀။ မိုဃ်းကြိုးပစ်ခြင်းမျိုး ၉-ပါး ဟူ၏။ (၁) အ သညာ- အသံမမြည်ဘဲ ကျသော မိုဃ်းကြိုး၊ (၂) ဝိစက္ကာ-တူးရွင်း ပုဆိန် ပဲခွပ်များကဲ့သို့ အသွားတဖက်သာ ရှိသော မိုဃ်းကြိုး၊ (၃) သတေ်ရာ-ရယ်သကဲ့သို့ ကျသော မိုဃ်းကြိုး၊ (၄) ဂဂ္ဂရာ-ဂျက်ဂျက်မြည်လျက် ကျသော မိုဃ်းကြိုး၊ (၅) **ကပိသီသာ-** မျောက်မျက်နှာ မျော်သကဲ့သို့ ကျသော မိုဃ်းကြိုး၊ (၆) မစ္ဆ ဝိလော် ငွေကာ-ငါးမြူးသကဲ့သို့ ကျသော မိုဃ်းကြိုး၊ (၇) ကုက္ကုဋ္ဌကာ-ကြက်တောင် ဖြန့်သကဲ့သို့ ကျသော မိုဃ်းကြိုး၊ (၈) ဒဏ္ဍ မဏိကာ- ထွန်တုံးကဲ့သို့ ကျသော မိုဃ်းကြိုး၊ (၉) သုက္ခာသနီ-မိုဃ်းပင်ရွာသော်လည်း အလျှံနှင့် တကွဖြစ်၍ ရေမစွတ်သော လောင်မီးမိုဃ်းကြိုး။

http://www.dhammadownload.com

မိုးချုပ်ညဉ်စ၀ါ၊ လည်သူမှာ၊ ၆-ဖြာ အပြစ်ရ။ ။ဎင်းသရုပ်ကို(အ[illegible]
လည်သူမှာ၊ ၆-ဖြာ အပြစ်ရ)ဟူသော သုတေသနဥ္ဇ ဆိုခဲ့ပြီ။

မိုဃ်းမရွာခြင်း-အကြောင်း ၅-ပါး။ ။မိုဃ်းခေါင်ခြင်း အကြောင်းတရား ငါးပါး၊ ဝလာဟကသံယုတ်။ (၁) ဥပရိ အာကာသေ တေဇောဓာတု ကုပ္ပတိ- အထက်ကောင်းကင်၌ တေဇောဓာတ် ပျက်၍ မရွာခြင်း၊ (၂) ဝါယောဓာတု ကုပ္ပတိ- ဝါယောဓာတ်ခေါ် လေတိုက်ခြင်း ပျက်၍ မရွာခြင်း၊ (၃) ဆဟု အသူရိန္ဒေဝ-ဆဟုခေါ် အသူရိန်နတ်ကြီး လက်ဝဲ ဖြင့်ခံ၍ သမုဒ္ဒရာသို့ သွန်ပစ်သောကြောင့် မရွာခြင်း၊ (၄) ဒဿ ဝေသာ ဟကဒေဝါ ပမတ္တာ- မိုဃ်းနတ်သားတို့ မေ့လျော့မှုကြောင့် မရွာခြင်း၊ (၅) မနုဿ အဓမ္မိကာ- မင်းနှင့် လူတို့ တရားမစောင့် ကောက်ကျစ်ယုတ်မာမှုကြောင့် မရွာခြင်း။

မိုဃ်းရွာခြင်း အကြောင်း ၈-ပါး။ ။ခန္ဓဝဂ္ဂသံယုတ်။ဠ။၃၂၂။မိုဃ်းရွာစေတတ်သော အကြောင်းတရား ၈-ပါး။ (၁) နဂါးတို့၏ အာနုဘော်ကြောင့် ရွာခြင်း၊ (၂)ဂဠုန်တို့၏ အာနုဘော်ကြောင့် ရွာခြင်း၊ (၃)နတ်တို့၏ အာနုဘော်ကြောင့် ရွာခြင်း၊ (၄) သစ္စာစကားကြောင့် ရွာခြင်း၊ (၅)ဥတု အစွမ်းကြောင့် ရွာခြင်း၊ (၆)မာရ်နတ် လှည့်ပတ်သောကြောင့် ရွာခြင်း၊(၇)တန်ခိုးကြီးသူတို့ အာနုဘော်ကြောင့် ရွာခြင်း၊ (၈) ကမ္မာပျက်လိုသောကြောင့်၊ ရွာခြင်း။

[မျ]

မျက်ကြုတ်တရားမျိုး ၉-ပါး၊ တနည်း ၁၀-ပါး။ ။ဎင်း၏ သရုပ်အဓိပ္ပါယ်ကို (ရန်ငြိုးဖွဲ့ကြောင်း- ၉-ပါး၊ ၁၀-ပါး)၌ ကြည့်ပါ။

မျက်ငြိုးမာန်ထား နည်း ၉-ပါး။ ။ဎင်းသရုပ် (ရန်ငြိုးဖွဲ့ကြောင်း တရား ၉-ပါး)၌ ရှုပါ။

http://www.dhammadownload.com

(၄၆၂)　　[မျ +က်။ မျိုး။ မျော + က်]

မျက်စိအပြား မျိုး ၃-ပါး။ ။ကွတိထုတ်။ပ၊။ ၂၃၀။ဌ။ ၁၉၆။ (၁) မံသ စက္ခု-အသား မျက်စိ၊ (၂) ဒိဗ္ဗ စက္ခု- နတ်မျက်စိနှင့်တူသော တန်ခိုးမျက်စိ၊ (၃) ပညာ စက္ခု-ပညာဉာဏ် အမြင်။

မျက်စိ ၅-ပါး၊ မြတ်ဘုရား၊ ပိုင်းခြား ကိုယ်တိုင်သိ။ ။ငင်း သရုပ်ကား (စက္ခု ၅-ပါး)ဟူသော သရုပ်နှင့် တူ၏။

မျက်မာန်ကြီးငြား၊ ၁၄-ပါး၊ မျိုးစား၊ပုဂ္ဂိုလ် အဘယ်နည်း?။ ။ငင်းသရုပ်ကို (အမျက်ကြီးငြား ၁၄-ပါး)ဟူသော သုတေသနဠ္ဍ ရှုပါ။

မျက်ရွဲမကို၊ ခေါ်ဆိုဘိ၊ စတုဝိသတိ အဘယ်နည်း?။ ။ငင်းသရုပ်ကို (ပတ္တမြားမျိုးပြား၊ ၂၄-ပါး)ဟူသော သုတေသနဠ္ဍ ရှုပါ။

[မျိ]

မျိုး ၇-ဆက်၊ အောက်အထက်၊ စဉ်ဆက် စပ်၍ယူ။ ။မင်္ဂလသုတ်ပျို ဋ္ဌီကာ အလို မိမိမှ အောက်သို့ ရေတွက်သော် "မျိုး ၇-ဆက်"ဟု ခေါ်၏၊ ငင်းအကျယ် (ဆွေ ၇-ဆက်၊ မျိုး ၇-ဆက်)၌ ဆိုခဲ့ပြီ။

မျိုးဇေအပြား၊ မျိုး ၅-ပါး၊ မိန့်ကြား ဝိနည်းတော်။ ။ငင်း၏ သရုပ် အဓိပ္ပါယ်ကား (ဗီဇမျိုး ၅-ပါး)နှင့် တူ၏။

မျောက်ဥစ္စာပြား၊ မျိုး ၆-ပါး၊ ခွဲခြား ဆေးကျမ်းလာ။ ။ဥတုဘောဇန ကျမ်းလာ ဖြစ်၏။ (၁) ပိတ္တာ လုက- ပလောပိနံခေါ် မျောက်ဥတုမျိုး၊ (၂) ကထာလုက-သန်သင်းထောက်ခေါ် မျောက်ဥတုမျိုး၊ (၃) ဆန်း လုက-ဖြူသော မျောက်ဥမျိုး၊ (၄) ဟတ္ထာလုက-ဆင်စွယ်ကဲ့သို့ မည်သော မျောက်ဥမျိုး၊ (၅) ဏ္ဍာလုက- တက်လာဥခေါ် မျောက်ဥတုမျိုး၊ (၆) ရတ္တာလုက-မျောက်ရဲပိပ်။

http://www.dhammadownload.com

[မြ]

မြက်ကြီးမျိုး ၇-ပါး။ ။မြက်မင်းမျိုးလည်း ဟူ၏၊ ဆေးကျမ်းလာ ဝေါဟာရ အပေါင်းစကား။ (၁) ဟိန္တာလ- ဓနုန်းပင်၊ (၂) တာလ- ထန်းပင်၊ (၃) ခဇူရ-သင်္ဘေပေါင်းပင်၊ (၄) နာဠိကေရ-အုန်းပင်၊ (၅) ကေတကီ-ဆတ်သွားပင်၊ (၆) တာဠီ-ပေပင်၊ (၇) ပူဂ- ကွမ်းသီးပင်။

မြက်ပဥ္စမူမျိုး ၅-ပါး။ ။ဆေးကျမ်းလာဝေါဟာရ၊သည်းခြေကြောင့်ဖြစ်သော ဆီးရောဂါကို ပျောက်စေ၏။ (၁) ကဏ္ဏဋ္ဌ မူလ-ကြံနက်မြစ်၊ (၂) ကုသ မူလ-သမန်းမြက်မြစ်၊ (၃) သဒ္ဒလ မူလ-မြေဇာမြစ်၊ (၄) ကိစက မူလ-ကိုင်းမြစ်၊ (၅) ဘဒ မူလ- မြားမြက်မြစ်။

မြက်မင်းမျိုး ၇-ပါး။ ။ဤသစ်ပင် ၇-မျိုးသည် တိဏာဆုဇာခေါ် မြက်မင်းမျိုးဖြစ်၍ ဒန်ပူမစားကောင်းဟု လောကီကျမ်းတို့၌ မှာဆိုထားကြကုန်၏။ ၎င်း၏ သရုပ်ကား (မြက်ကြီးမျိုး ၇-ပါး)နှင့် တူ၏။

မြင်းမိုရ်အာလိန်၊ ရန်ကိုနှိမ်၊ စောင့်ချိန် ထို ၅-ဆင့်။ ။၎င်းသရုပ်ကို(အာလိန် ၅-ဆင့်)ဟူသော သုတေသနဌ ဆိုခဲ့ပြီ။

မြင်းမိုရ်ရောင်မျဉ်း၊ မျိုး ၄-ပါး၊ မှတ်သား စာပေဝင်။ ။ သုတ်ပါထေယျ။ပါ။ ၁၆၁။၌။ ၁၄၆။မြင်းမိုရ်တောင်၏ ရောင်ခြည် ၄-ပါး။ (၁)၎င်း၏ တောင်ဖက်ပိုင်း ဒေသသည် ပတ္တမြားညိုအတိ ပြီး၏၊ (၂) မြောက်ဖက်ပိုင်း ဒေသသည် ရွှေအတိ ပြီး၏၊ (၃)အရှေ့ဖက်ပိုင်း ဒေသသည် ငွေအတိပြီး၏၊ (၄) အနောက်ဖက်ပိုင်း ဒေသသည် ဖလ်အတိ ပြီး၏။

မှတ်ချက်။ ။ထို ပတ္တမြား, ရွှေ, ငွေ, ဖလ်, တို့၏ အရောင်သည် မိမိတို့ မျက်နှာမူရာ ကျွန်းကြီး လေးကျွန်း, သမုဒ္ဒရာ လေးစင်း, တောင်, ရေ, မြေတို့ အပေါ်သို့ ထွန်းပ လွှမ်းမိုးနေကြောင်း ကျမ်းကျန်တို့၌ ဆိုသည်။ထို့ကြောင့် ကျွန်ုပ်တို့နေရာ တောင်ကျွန်း ကို "မြင်းရောင်ဆွတ်အသော ကျွန်း"ဟု မွှဲဆို သီကုံးကြကုန်၏။

http://www.dhammadownload.com

မြင်းခင်းစီးရိုး ၃၇-မျိုး။ ။ရှေးမြန်မာ ဘုရင်မင်းမြတ်တို့ လက်ထက်တော်က ပြာသိုလ မြင်းခင်းပွဲသဘင်၌ မြင်းရေးပြ ဆေး မြင်းစီးနည်း ၃၇-ပါးကို ဆိုသည်၊ ထိုနည်းများကို မဃဒေဝ လင်္ကာ အပိုဒ်ရေ ၃၃၆-ဖြင့် ပြဆိုအံ့။

'လွှတ်နန်းရင်ပြင်၊ရွှေတော်ခွင်ဝယ်၊ ဆင်ကို ဆင်ချင်း၊ မြင်းလည်း မြင်းနှင့်၊စီးနင်း မောင်းနှင်၊' စက်တော်တင့်၍၊ နှတ်သွင်ရွှေကိုယ်၊ ရွယ်ပျိုရွှသင့်၊ ဘုန်းပွင့်ပွင့်ဖြင့်၊ သက်တင့်ရေသောက်၊ ပြန်ခေါက်ဝဲကာ၊ ဗြဟ္မာလက် လှမ်း၊ ရွှေကွမ်းရုံတက်၊ မပျက်ဟန်လှ၊ သိကြားတန်ဆောင်၊ ဂဠုန်တောင် နှင့်၊ စွန်တောင်ဖြန့်လေ့၊ ခြသေ့တန်းဆဲ့၊ ကိုယ်တော်နှဲ့၍၊ ပယ်ခွဲ ပယ်စိတ်၊ ဝါကြိတ် ခိုနန်း၊ စောင်းရန်းသမက်၊ လက်ဆက်ကြာဖူး၊ ဆင်ထူး ပုခက်၊ နွယ်ထွက် နွယ်ဝင်၊ အုန်းပင် ရေသွန်း၊ လေးကျွန်းမှန်ကူ၊ တမူတင့်လွန်၊ ရွှေတန်ခွန်ယောင်၊ တန်ဆောင်ဘုံနန်း၊ ထူးဆန်း ရှစ်မြောင့်၊ ရှစ်ထောင့် ပုံကွဲ၊ စွန်ဝဲ စွန်သုတ်၊ သမုတ်ကျယ်ခွဲ၊ စခြီဘွဲ့သား၊ သုံးဆယ့်ခုနစ်မျိုး၊ ရွေးသတိုးတို့၊ စီးရိုးစုံပေါင်း၊ ပြန်လှန်ပြောင်းလျက်၊ အဲမောင်းဝင်းခြီ၊ ရွှဘွယ်အိမ်၏။ ။

မြင်းဇာတ်အပြား၊ မျိုး ၁၀-ပါး၊ ထင်ရှား အဿကြန်။ ။မြင်းတို့၏ မျိုးဇာတ်များကို သကဋ အဿကြန္ဓ ကျမ်းကြီး၌ အကျယ်လာသော်လည်း ဤ၌ အကျဉ်းမျ ပြဆိုထားသည်။ (၁) သိန္ဓောမျိုး- မန်ကျည်းစေ့ရောင် ခြေလေးဘက် မည်းနက်၏၊ (၂) သုဝဏ္ဏသာမမျိုး- ရွှေစင်တုနိုင်းလည်း ခေါ်၏၊ ရွှေဝါရောင် အဆင်းရှိသည်၊ (၃) အာကာသ ဘိန္နမျိုး- ကောင်းကင်ခွဲမျိုးလည်းဟူ၊ ကိုယ်လုံး ဆုတ်ဆုတ်ဖြူ၊ (၄) ဝလာဟကမျိုး- တိမ်တိုက်ပုံမျိုးလည်းဟူ၏၊ တိမ်ပြာရောင်အဆင်း၊ (၅) ဝလာဟကသိဿ် မျိုး-ရောင်စုံပြိုးပြက်ရှိသည်၊ (၆) လောမျိုး- ခြေလေးဖက်ကြီး၍ မျက်လုံး ဂယ်သည်၊ (၇) လိုမျိုး-သေးငယ်ကျစ်လှိ၍ တောင့်ခိုင်သည်၊ (၈) ပေ့မျိုး- ခြေ နှာယောင်တို့၍ ကိုယ်နှင့် အမြီး ရှည်လျားသည်၊ (၉) ပုစဉ်းမျိုး- ခြေလေးဘက် အမြီးရှည်၍ ကိုယ်ထည်တိုသည်၊ (၁၀) မြည်းမျိုး-နံကိုင်း သည် နှားရွက်ကြီးသည် ခြေတိုသည် အသံကျယ်လောင်သည်။

မှတ်ချက်။ ။ဤကား ရှေးဟောင်းမျိုးများဖြစ်၏၊ ယခုတော် စပ်မြင်း မျိုးပေါင်းလည်း များစုံရှိသေးသည်။

http://www.dhammadownload.com

မြစ်ကြီး ၅-သွယ်၊မွေ့ဇလျော်ဘွဲ့၊ ဘယ်ဝယ် အမည်မျှား။ ။မဇ္ဈိမပဏ္ဏာသ ။၆။ ၂၅။ (၁) ဂင်္ဂါ-ဂင်္ဂါမြစ်၊ (၂) အစိရဝတီ- အစိရဝတီမြစ်၊ (၃) ယမုနာ- ယမုံနာမြစ် (၄) သရဘူ- သရဘူမြစ်၊ (၅) မဟီ- မဟီမြစ်။

မြစ်ကြီး ၁၀-ဖင်း။ ။မိလိန္ဒ.ပဉ္ဟမှ။ (၁) ဂင်္ဂါ၊ (၂) ယမုနာ၊ (၃) အစိရဝတီ၊ (၄) မဟီ၊ (၅) သရဘူ၊ (၆) သိန္ဓု၊ (၇) သရဿတီ၊ (၈) ဝေတရဏီ၀တီ၊ (၉) ဝိတသာ၊ (၁၀) စန္ဒဘာဂ။

မြစ်ကြီးမျိုး ၄-ပါး။ ။ဇင်း သရုပ် (ဂင်္ဂါမျိုး ၄-ပါး)၌ ရှုပါ။

မြစ်ငယ် ၅၀၀။ ။ဒေနောတတ်အိုင်ကြီး၏ တောင်မျက်နှာ ကာဋ္ဌတောင်ကို ဖောက်ထွင်း၍ သုံးဂါဝုတ်ရှိသော နွားခံတွင်းပြွန်ပေါက်မှ ထိုးထွက်လာသည့် ရေအယဉ်သည် အသီးအသီး ကာဆီး၍ထားသော တောင်အထပ် ၁၀၀တို့အောက်သို့ ငုပ်ချည်တလှည့် ပေါ်ချည်တခါနှင့် စီးဆင်းလာရာ နောက်ဆုံး ကျောက်ဖျာကြီးပေါ် ကျရာမှ လက်ငါးချောင်းပမာ ငါးဖြာ ငါးသွယ် ကွဲလွဲစီးသွားကြပြန်၏၊ ငါးဖြာငါးသွယ် စီးသွားသော ရေအယဉ်မြစ်ကြီးတို့သို့ တဖြာတဖြာ၌ လက်ဝဲ,လက်ရာ, ရေအယဉ် မြစ်ငယ် တရာစီ သီးခြား စီးဝင်ကြပြန်ရာ မြစ်ငယ် ငါးရာ ရှိသည်ဟူသတတ်။

မြစ်မျိုး ငါးပါး၊ သူငယ်မျှား၊ သင်ကြား ပထဝီ။ ။ဝေါဟာရ အားဖြင့် ထင်ရှားသော ပထဝီဝင်မြစ်မျှား။ (၁) မြစ်ဆုံ-မြစ်နှစ်ခုပေါင်းဆုံ၍ တခုတည်း ဖြစ်သွားသော နေရာကို "မြစ်ဆုံ"ဟု ခေါ်သည်၊ (၂) မြစ်ခွဲ-မြစ်နှစ်ခု ခွဲသည့် နေရာကိုသော်၎င်း၊ မြစ်ကြီးမှ ပင်လယ် သမုဒ္ဒရာထဲသို့ ခွဲထွက် စီးဝင်နေသော ချောင်းကြီးကိုသော်၎င်း "မြစ်ခွဲ"ဟု ခေါ်သည်၊ (၃) မြစ်လက်တက်- မြစ်မကြီးအတွင်းသို့ စီးဝင် ပေါင်းဆုံလာသော ချောင်းငယ်, မြစ်ငယ်ကလေးများကို "မြစ်လက်တက်"ဟု ခေါ်သည်၊ (၄) မြစ်ဝကျွန်းပေါ် မြစ်တခုသည် အပဋ္ဌ မြစ်ခွဲကလေးပေါင်းများစွာနှင့် ပင်လယ်ထဲသို့ စီးဆင်းသော သုံးထောင့်ပုံ ကျွန်းမြေအရပ်ကို "မြစ်ဝကျွန်းပေါ်"ဟု ခေါ်သည်၊ (၅) မြစ်မကြီး- ကြီးကျယ် ရှည်လျားး၍ ပင်လယ်ကဲ့အရောက် စီးဆင်းသွားသော မြစ်ကို "မြစ်မကြီး"ခေါ်သည်။

http://www.dhammadownload.com

မြတ်နိုး ချစ်ခင်ရာထူးလေး အင်္ဂါ ၆-ပါး။ ။အမြဲအစဉ် ချစ်ခင်မြတ်နိုးခံရသူ၏ အင်္ဂါ ၆-ပါး၊ ဟိတောပဒေသ။ (၁) ပသန္နမုခ- ချိုသာကြည်လင်မျက်နှာရှင်ကာ တွေ့ဆုံလာခြင်း၊ (၂) ဝိမလဒိဋ္ဌိ-မုန်းစိတ်မရှိ ပကတိကြည်လင်စွာ ကြည့်ရှုခြင်း၊ (၃) ကထာနုရူဂ-ပြောကြားသောစကားကို အားပါးတရ နားထောင်ခြင်း၊ (၄) မခုရဝါဏီ-ချိုသာနူးညံ့စွာ ပြောဆိုမှုကြားခြင်း၊ (၅) အဓိက သီနေဟ- လွန်ကဲခင်မင် ချစ်ကြင်လေးမြတ်ခြင်း၊ (၆) သမ္မာမ ဒဿန-အဖန်ဖန် အထပ်ထပ် မပြတ်ကြည့်ရှု ထောက်ပံ့ပြုခြင်း။

မြန်မာ ၇-မျိုး၊ မော်ကွန်းထိုး ဓေါ်ရိုး ၂-နည်းပြ။ ။ရှေးအခါက ထင်ရှားသော မြန်မာလူမျိုးများ။ (၁) မြန်မာ၊ (၂) တောင်သူ၊ (၃) ပျူ၊ (၄) ကမ်းယံ၊ (၅) ယော၊ (၆) ရခိုင်၊ (၇) ထားဝယ်တို့ ဖြစ်ကြ၏ဟု ဇမ္မူတံဆိပ်ကျမ်း၌ လာသည်။

မြန်မာ ၇-မျိုး၊ တနည်း။ ။"သက်နှင့်,ရခိုင်၊ နှိုင်းပြိုင်တောင်သူ၊ ပျူ,ကမ်းယံ, ယော၊ ထား၀ယ် နှောက၊ မျိုးသတ္တဟု"၊ ရှေးဟောင်းလက်ဝများ စပ်ဆို ထားသေး၏။

မြန်မာစာပေ၊ ရေးသားလေ၊ ၅-ထွေ နီသျှင်း။ ။မြန်မာစာပေ ရေးသားဆုဋ္ဌ မှီရာ နည်း ၎င်းပါးကို ဆိုသည်။ (၁) ရိုးရိုးရေးနည်း-မိမိတို့ ရွာသုံးစကားအတိုင်း ဝါကျပြု၍ ရေးခြင်းမျိုး၊ (၂) စကားပြေ ရေးနည်း-မင်းပူးဆရာတော် ဦးဩဘာသ၏ ဇာတ်ကြီးဆယ်ဘွဲ့ ရေးနည်းမျိုး၊ (၃) လက်ဝသွား ရေးနည်း-ရတု, ရကန်, အဲ့, အဖော်, ချေင်း, ပျို့, ဦးပုည၏ ပြဇာတ် ရေးနည်းမျိုးနှင့် ပိဋကသွားခေါ် ဦးပုည တရားစာရေးနည်းမျိုး၊ (၄) လက်ဝကြား စကားပြေညှပ်၍ ရေးနည်း- ဩဘာစာ, မေတ္တာစာနှင့် ဖိတ်စာအချို့ လက်ဝသွားညှပ်၍ ရေးနည်းမျိုး၊ (၅) ဂီတသွား ရေးနည်း- မဟာဂီတပါ သီချင်းများနှင့် ကာလပေါ် သီချင်းများ ရေးနည်းမျိုး၊ အောက်ပါ ၄-ပါးကို မြန်မာ့ယဉ်ကျေးမှု အနုစာပေ ရေးနည်းဟု ခေါ်၏။

http://www.dhammadownload.com

မြန်မာစာလုံး၊ ရေးထုံး ၅-ဖြာ၊ သိမှတ်ရာ၏။ ။ဂုဏ်းသရုပ်ကို(စာလုံး ၅-မျိုး ရေးရိုးစဉ်လာ)ဟူသော သုတေသနပုဒ်၌ ဆိုခဲ့ပြီ။

မြန်မာတိုင်းသား၊ လူမျိုးများ၊ အပြား ၎၉။ ။ဂုဏ်၏ ရှင်းတမ်း သရုပ်ကို (ပြည်ထောင်စုသား၊ လူမျိုးများ)ဟူသော ပြဿနာ၌ ဆိုခဲ့ပြီ။

မြန်မာနိုင်ငံ၌ ကျင်းပလေ့ရှိသော နေ့ထူးကြီး ၉-မျိုး။ ။(၁) လွတ်လပ်ရေး နေ့-ဇန်၀ါရီလ ၄-ရက်၊ (၂) တောင်လှန်ရေးနေ့- မတ်လ ၂၇-ရက်၊ (၃) တောင်သူလယ်သမားနေ့- မတ်လ ၂-ရက်၊ (၄) အလုပ်သမားနေ့- မေလ ၁-ရက်၊ (၅) အာဇာနည်နေ့- ဇူလိုင် ၁၉-ရက်၊ (၆) ပြည်ထောင်စုနေ့- ဖေဖေါ်၀ါရီလ ၁၂-ရက်၊ (၇) အမျိုးသားနေ့- တန်ဆောင်မုန်းလဆုတ် ၁၀-ရက်၊ (၈) ကရင်အမျိုးသားနေ့- ပြာသိုလဆန်း ၁-ရက်၊ (၉) ရှမ်း အမျိုးသားနေ့- ဖေဖေါ်၀ါရီလ ၇-ရက်နေ့။

မှတ်ချက်။ ။မြန်မာနိုင်ငံ၏ မြန်မာမှု- ကိစ္စဖြစ်သော်လည်း မြန်မာ-လ, ရက်,နှင့် သုံးသည်ကား(၁)အမျိုးသားနေ့နှင့်(၂)ကရင်အမျိုး သားနေ့သာဖြစ်သည်ကို သတိပြုစေရာ။

မြန်မာသရ၊ ရေးထုံးပြ၊ မှတ်ကြ ၁၁-လုံး။ ။မြန်မာမှုအားဖြင့် သဒ္ဒဗြူဟာ ကျမ်း စသည်တို့အလို ထိုဆယ့်တစ်လုံးကို ဆို၏၊ သို့သော် ရေးနည်း အားဖြင့် ဆရာစဉ် ဂိုဏ်းစဉ် ခြားနားကာ ၄-နည်းမျှ ပြားလေသည်။ (၁) အ, အာ, အိ, အီ, အု, အူ, အေ, အဲ, အော, အော်, အို။ (၂) အ, အာ, ဣ, ဤ, ဥ, ဦ, ဧ, အဲ, ဩ, ဩော်, အို၊ (၃) အ အာ, ဣ, ဤ, ဥ, ဥု, ဧ, အဲ,ဩ, ဩော်, ဦ။ (၄) –, –ာ, ိ, ီ, ု, ူ, ေ, ဲ, ေ–ာ, ေ–ော်, ို။

မြန်မာ့ဦးစွန်း၊ ၅-မျိုး ထွန်း၊ ပြည့်နှန်း ထုံးနည်းနာ။ ။မြန်မာ လူမျိုးတို့ ဦးစွန်းဆံပင် အထုံးအမြိတ် ငါးပါးကို ဆိုသည်။ (၁) ဧသျှောင်ထုံး- ထိပ်လယ်ထုံးအမျိုးမျိုး၊ (၂) ကြက်တောင်စည်း- အပေါ်သို့ထောင်စည်း ထားသည်၊ (၃) ပေါက်ချပ်-ခေါင်းပေါင်း, မကိုင်၌, စည်းပုံ၊ (၄)ဦးစွန်း- ဆံပင်ဖါးလျားချ နောက်တွဲပန်၊ (၅) မိန်းမထုံး-ဆံထုံး ၇-မျိုး။ ၅၅-မျိုး စသည်တို့ ထုံးပုံနည်းများရှိသေး၏။

http://www.dhammadownload.com

မြန်မာ့တိုင်းကြီး ၃-ရပ်။ ။ရာဇဝင်၌ ထင်ရှားသော တိုင်းကြီး ၃-တိုင်းကို ပို့ချီးခြားယူဝင်ပုံ။ (၁) သုနာပရန္တတိုင်း- ရောဝတီမြစ် လက်ျာဖက်ကမ်းရှိ နယ်ပယ်ဌာနများကို ခေါ်သည်၊ တနည်း- စက္ခု, စလင်း, ဖေါင်းလင်း စသော ပြည်ကြီးတို့တည်ရာ ရောဝတီမြစ် အနောက်ဖက် တောင်ဖက်အရပ် ဒေသများကို ခေါ်ဆိုသည်၊ (၂) တမ္မဒီပတိုင်း- ရောဝတီမြစ်၏ လက်ဝဲဖက်ကမ်းရှိ နယ်ပယ်ဌာနများကို ခေါ်သည်၊ တနည်း- ပုဂံ, ပင်းယ, အင်းဝ, မန္တလေး စသော ပြည်ကြီးတို့တည်ရာ ရောဝတီမြစ်၏ အရှေ့ဖက် ဒေသကို ခေါ်ဆိုသည်၊ (၃) ကမ္မောဇတိုင်း- အရှေ့ရိုးမ တလျောက်ကို ခေါ်သည်၊ တနည်း- ရှမ်းနယ်မျဉ်းကို ခေါ်ဆိုသည်။

မြန်မာ့တိုင်းကြီး ၉-တိုင်း။ ။ နိုင်ငံတော် အုပ်ချုပ်ရေး လွယ်ကူစေရန် အတွက် ၉-တိုင်း ဌာနခွဲကာ တိုင်းမင်းကြီးများကို ခန့်ထားလေသည်။ (၁) ချင်းဝိသေသတိုင်း- ချင်းတောင်, ရခိုင်တောင်တန်းနယ်များ ပါဝင်၍ ဖါလံမြို့တွင် ရုံးစိုက်သည်၊ (၂) ကော်သူးလေ အထူးတိုင်း- သံလွင်မရိုင် အပါအဝင် ဖါပွန်မြို့၌ ရုံးစိုက်သည်၊ (၃) တနင်းသာရီတိုင်း- တောင်ငူ, သထုံ, မော်လမြိုင်, ထားဝယ်,မြိတ်ခရိုင်တို့ ပါဝင်သည်၊ (၄) ရောဝတီတိုင်း-ပုသိမ်, ဟသံတ,ဧမြောင်းမြ, ,မအူပင်, ဖျာပုံခရိုင်တို့ ပါဝင်သည်၊ (၅) ရခိုင်တိုင်း-ပလက်ဝ,စစ်တွေ ကျောက်ဖြူ, သံတွဲခရိုင်တို့ ပါဝင်သည်၊ (၆) ပဲခူးတိုင်း-ပဲခူး,အင်းစိန်, သာယာဝတီ, ပြည်, ရန်ကုန်ခရိုင်တို့ ပါဝင်သည်၊ (၇) မကွေးတိုင်း-မကွေး,သရက်,မင်းဘူး,ပခုက္ကူ,,ကန်ပလက် ခရိုင်တို့ ပါဝင်သည်၊ (၈) မန္တလေးတိုင်း- မန္တလေး, ကျောက်ဆည်, ရမည်းသင်း, မိတ္ထိလာ, မြင်းခြံခရိုင်တို့ ပါဝင်သည်၊ (၉) စစ်ကိုင်းတိုင်း- စစ်ကိုင်း,ရွှေဘို,ကသာ, မော်လိုက်,မုံရွာ ခရိုင်တို့ ပါဝင်သည်။ (လွတ်လပ်ရေး ဖ-ဆ-ပ-လ ခေတ်မှ)။

မြန်မာ့တိုင်းနှင့် ပြည်နယ် ၁၄-ခု။ ။ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် လက်ထက်၌ ဤသို့ ခွဲခြား သတ်မှတ်ထားသည်။

(၁) **ရန်ကုန်တိုင်း-** တိုင်း၏ မြို့တော်သည် ရန်ကုန်မြို့ ဖြစ်သည်။

(၂) **ပဲခူးတိုင်း-** တိုင်း၏ မြို့တော်သည် ပဲခူးမြို့ ဖြစ်သည်။

(၃) **ရောဝတီတိုင်း-** တိုင်း၏ မြို့တော်သည် ပုသိမ်မြို့ ဖြစ်သည်။

http://www.dhammadownload.com

(၄) တနသံ်ဝရီတိုင်း- တိုင်း၏ မြို့တော်သည် ထားဝယ်မြို့ ဖြစ်သည်။
(၅) မန္တလေးတိုင်း- တိုင်း၏ မြို့တော်သည် မန္တလေးမြို့ ဖြစ်သည်။
(၆) စစ်ကိုင်းတိုင်း- တိုင်း၏ မြို့တော်သည် စစ်ကိုင်းမြို့ ဖြစ်သည်။
(၇) မကွေးတိုင်း- တိုင်း၏ မြို့တော်သည် မကွေးမြို့ ဖြစ်သည်။
(၈) ကရင်ပြည်နယ်- ပြည်နယ်၏ မြို့တော်သည် ဘားအံမြို့ ဖြစ်သည်။
(၉) ကယားပြည်နယ်-ပြည်နယ်၏ မြို့တော်သည် လွယ်ကော်မြို့ဖြစ်သည်။
(၁၀) ကချင်ပြည်နယ်-ပြည်နယ်၏မြို့တော်သည် မြစ်ကြီးနားမြို့ ဖြစ်သည်။
(၁၁) ချင်းပြည်နယ်- ပြည်နယ်၏ မြို့တော်သည် ဟားခါးမြို့ ဖြစ်သည်။
(၁၂) မွန်ပြည်နယ်- ပြည်နယ်၏ မြို့တော်သည် မော်လမြိုင်မြို့ ဖြစ်သည်။
(၁၃) ရခိုင်ပြည်နယ်- ပြည်နယ်၏ မြို့တော်သည် စစ်တွေမြို့ ဖြစ်သည်။
(၁၄) ရှမ်းပြည်နယ်- ပြည်နယ်၏ မြို့တော်သည် တောင်ကြီးမြို့ ဖြစ်သည်။

မြန်မာ့ရိုးရာ၊ ရေးထုံးလာ၊ ၃၅-ဖြာ ဗျည်း။ ။မြန်မာမှု အလိုအားဖြင့် သဒ္ဒဗြူဟာကျမ်း, ဝေါဟာရထွ ပကာသနီကျမ်း, လယ်တီသင်ပုန်းကြီး သံခိပ်ကျမ်းတို့ အဆို အောက်ပါ ၃၅-လုံးတို့ ဖြစ်၏။ က,ခ,ဂ,ဃ,င,စ,ဆ, ဇ,ဈ,ည,ဋ,ဌ,ဍ,ဎ,ဏ,တ,ထ,ဒ,ဓ,န,ပ,ဖ,ဗ,ဘ,မ, ယ, ရ, လ, ဝ, သ,ဟ,ဠ, ်, ့, း။

မြန်မာ့ဧရှးရိုးအက ၁၂-မျိုး။ ။(၁) ဗောင်းတော် အက၊ (၂) မှန်တော်ရှု အက၊ (၃) ပန်းစိုက် အက၊ (၄) သားပိုက် အက၊ (၅) ကျောက်ကောက် အက၊ (၆) ဆံတော်သိမ်း အက၊ (၇) ဖျင်းချင် အက၊ (၈) ဖျင်း ဖျတ် ဖျတ် အက၊ (၉) ခွတ်ကြီး အက၊ (၁၀) ခွတ်ငယ် အက၊ (၁၁) ထပီ အက၊ (၁၂) ကရောင်း အက။

မြမျိုး ၆-ဖြာ၊ ရတနာ၊ မိန့်မှာ **မဏိသျှတ်။** ။မဏိသျှတြ ကျမ်းလာ မြကျောက်ရတနာမျိုး ခြောက်ပါး။ (၁) သာခွါ- အလင်းရောင်ရှိသော စိမ်းနုသွေး၊ (၂) ကက္ကရာ-သခွါးခွံရောင် ပြောင်စိမ်းစိမ်းရင့်၊ (၃) မူလီ-မွဲခြောက်သော စိမ်းရောင်သွေး၊ (၄)ဝင်သဝတ်-ထွန်းဝင်းသော စိမ်းရောင်သွေး၊ (၅) ကိတ္တပတ်-ရှေပိုးကောင် လည်ကုပ်ညှာ အဆင်း။

http://www.dhammadownload.com

မြန်မြန်သွားရန် မလျော်သူ ၄-မျိုး။ ။လျင်မြန်စွာ သွားခြင်းဌာ မတင့်မလျောက်ပတ် ဟူ၏။ ဓမ္မပဒ ။ဌ။ ပ-အုပ်၊ ၂၄၆။ (၁) အဘိသိက် သွန်းဆဲ သွန်းပြီးသော မင်း၊ (၂) ကကြိုးတန်ဆာ ဆင်ယင်ထားသော မင်္ဂလာဆင်တော်၊ (၃) ရသေ့, ရဟန်း၊ (၄) မိန်းမ။

[မြာ]

မြားရေး ဖ-ပါး၊ သရုပ်ပြား၊ ပိုင်းခြား ဝေဘန်သိ။ ။ထိုထို ဆုဇဝင် မဟာဝင် နိပါတ်တော်တို့၌ လေးပစ်ကစား လေးကင်ပွဲများ ကျင်းပသောအခါ မိမိတို့လေးဖြင့် ပစ်လိုက်သော မြား၏ ဆန်းကြယ်သော အရေးအခင်း ဖ-ပါးကို ခေါ်ဆိုသည်၊ 'ဇေတကုမ္မာ ပြဇာတ်လာ'။

(၁) ဝဇီရဟတ်၊ လက်ရုံးတန်ဆောင်၊ စက်ဘုန်းဆောင်နှင့်၊ သက်ဆုံးအောင် ဌက်ဘီလူးကို၊ မထားဘူး သတ်တော့မည်။ နတ်ယန္တရား၊ အဖြောင့်တမျဉ်း၊ တောင့်တင်းသွင်းသည်၊ စိန်စဉ်းသွား။ အင်းဇယားကျ၊ မြားရေးကို ပြရလျင်၊ လက်မ တတ်က်၊ လျှပ်တပြက်တွင်၊ မြားချက် တထောင်၊ သွားလျက်ဆောင်။ တောင်ဝက်ပတ်၊ တထောင် အကောက်၊ ခေျာင် တရှောက်မှာ၊ ကြောင်, မျောက်, ယုန်ဝပ်စေတော့၊ လွတ်ရမည် မမှတ်နှင့်၊ ထပ်၍ကျသော "ဝက်ဝေဒီ"မြားရေးလည်း တပါး။

(၂) မြားပြာသာဒ် ဝေ၊ ပတ်ပတ်ခွေတဲ့၊ နေဝန်း လဝန်း၊ လေးကျွန်းပုံစံ၊ ရေကန် ရေတွင်း၊ ပုံးတောင်းစကြာ၊ သက်ဆင်းလာသို့၊ မြားဖြာခြင်း၊ ယင်းကို စက္က၊ ခွေဘိအရေး၊ ဝေဒီ ပေးတဲ့၊ မြားရေးပြ။

(၃) ဝေဿဝဏ်ကောဒ၊ ရွှေလှံအဖျား၊ သန်လျက်သွားကို၊ မြားမကော။ ဇောဇီသက္ကက်၊ တာသွင်းစက်ကို၊ တချက်မလွဲ၊ ချိန်တူ အစက်၊ မြူမကွက်၊ ထက်ဝက်ခွဲ၊ စွဲအောင် ပစ်နိုင်သော "ခဂ္ဂဝေဒီ" မြား။

တပါးကေစိ၊ ကဗျည်းတဆူ၊ တနည်းမူ၊ အယူရှိသည်မှာ၊ မိဂါသန၊ သရဘာ သား၊ ဒေနီဟု၊သုံးလိပ်ပြား၊ မြီးဖျားသေးမျင်၊ မွေးတပင်ကို

http://www.dhammadownload.com

လက်စင်အစွဲ၊ တမျှဉ်းဆွဲ၍၊ မလွဲအောင် ပစ်နိုင်သော "ဝါဇ ဝေဒိ" မြား။

(၅) မိုက်မှေးသန်းခေါင်၊ မိုးမှောင်ကျနယ်၊ လ ကွယ်အမှန်၊ကောင်းကင် ထက်က၊ ငှက်မည်သံကို၊ နာခံ ပစ်ချနိုင်သော "သဒ္ဒဝေဒိ"မြား။

(၆) လိပ်ငါး, မိကျောင်း၊ ရေအောင်းသတ္တဝါ၊ မငြိမ်မသက်၊ အရှိန် ယက်တွင်၊ မြားချက်ပါအောင်၊ မဟာသရဘင် ဇာတ်ကိုစွဲ၍၊ ရေဝဲ ကို အဖြောင့်ကျသော "ဥဒကဝေဒိ" မြား၊ လေးပါး, ငါးပါး၊ ခြောက်ပါးခြင်းရာ၊ ဆက်ရှေးမပြတ်၊ လေးအတုတ်ကို၊ ကမ်းခတ်၍ လာခဲ့တယ်၊ ငါဟဲ့ယောကျ်ား၊ ဇော တရုတ်မင်း၊ ဘယက်တွင်းက၊ သက်သွင်းလို့ ဖွားသူမို့၊ သိကြားလက်ချိန်၊ လေးရန်နှိမ်နှင့်၊ ဇီဝိန် ဖြတ်တော့မည်၊ တောင်ထပ်၍ တောအုပ်၊ သမုဒ်မှာ ခိုနိုင်ခို၊ မြင်းမိုရ်မှာ ပုန်းနိုင်ပုန်း၊ ဝန်းလုံးစက္ကဝါ၊ ဆယ်မျက်နှာတွင်၊ စိန္တာ မုနီ၊ မနော မယိဒ္ဓိ၊ ဣစ္ဆိတ မြား၊ စိန်စဉ်းသွားကို၊ မထားဘူး လွှတ်လိုက်မည်၊ ဝသဝတ္တီ ဘုံဆုံးအောင်၊ မီးဟုံးဟုံး တောက်ရော့ လဟယ်။

မြားရေး ၁၂-ပါး၊ တနည်း။ ။ မြားပစ်နည်း တဆယ့်နှစ်မျိုး ဗုဒ္ဓဝင် အဋ္ဌကထာ။ (၁) သရဖဋိဗာဟန- မြားကို မြားချွန်း ခတ်မိအောင် ပစ်နည်း၊ (၂) စက္ကမိဝ- မြားပတ်လည် လက်ထဲသို့ ဝင်လာအောင် ပစ်နည်း၊ (၃) သရလဋ္ဌိ-မြားနွယ်ကဲ့သို့ ကျအောင် ပစ်နည်း၊ (၄) သရ ရဇ္ဇု-ကြိုးကဲ့သို့ကျအောင် မြားကို ပစ်နည်း၊ (၅) သရဝေဓိ-မြားကို မြား ချွန်း ထွင်း၍ သွားအောင် ပစ်နည်း၊ (၆) သရပါသာဒ-မြားပြာသာဒ် ကဲ့သို့ ကျအောင် ပစ်နည်း၊ (၇) သရမဏ္ဍပ- မြားမဏ္ဍပ်ကဲ့သို့ ကျအောင် ပစ်နည်း၊ (၈) သရသေဝါက- မြားစောင်းတန်း ကဲ့သို့ ကျအောင် ပစ်နည်း၊ (၉) သရပါကာရ- မြားတံတိုင်း ကဲ့သို့ ကျအောင် ပစ်နည်း၊ (၁၀) သရပေါက္ခရဏီ-မြားလေးထောင့်ကန်ကဲ့သို့ ကျအောင် ပစ်နည်း၊ (၁၁) သရပဒုမာ- ပဒုမ္မာကြာပွင့် ကဲ့သို့ ဖြစ်အောင် ပစ်နည်း၊ (၁၂) သရဝဿက-မြားမိုးရွာသကဲ့သို့ ကျအောင် ပစ်နည်း။

http://www.dhammadownload.com

[မြူ]

မြူမျိုး ၅-ပါး။ ။တွန်းကန် လှုပ်တက်တတ်သော ဓာတ်သဘော ငါးပါး။ (၁) ပရမာဏုမြူ-နတ်မျက်စိဖြင့် မြင်ကောင်းသော ကောင်းကင်၌ လွင့်သွားနေသည့် မြူမှုန့်ငယ် ကလေးမျိုး၊ (၂) အဏုမြူ-ပရမာ ဏုမြူ ၃၆-လုံးခန့် ပမာဏ နေရောင်ခြည် လင်းထိုးသည့် အပေါက်ငယ်၌ သွားလာ လွင့်မြူးနေသော မြူမှုန့်မျိုး၊ (၃) တဇ္ဇာရီမြူ- အဏုမြူ ၃၆-လုံးခန့် ပမာဏ လူစသည် သွားလာသောအခါ လွင့်ထသည့် မြူမှုန့်မျိုး၊ (၄) ရထရေဏုမြူ-တဇ္ဇာရီမြူ ၃၆-လုံးခန့် ပမာဏ ရထား, လှည်းတို့ သွားလာသောအခါ လွင့်ထသည့် မြူမှုန့်မျိုး၊ (၅) လိက္ခာမြူ-ရထရေဏုမြူ ၃၆-လုံးခန့် ပမာဏ လူတို့၏ လက်ခြေ၌ ကပ်သည့် မြူမှုန့်မျိုး။

မှတ်ချက်။ ။ငင်း ၇-လုံး သန်းဥက္ခောင်း တလုံး၊ ငင်း ၇-လုံး စပါး တလုံး၊ ငင်း ၇-လုံးကို တလက်သစ်၊ ၁၂-လက်သစ်- တထွာ၊ နှစ်ထွာ-တတောင်၊ လေးတောင်-တလံ ဟု ဘာဖွဲ့ကြလေသည်။

[ဓမြေ]

မြေကြီးလှုပ်ခြင်း အဓိကြောင်း ၉-ပါး။ ။ငင်း သရုပ်ကို (ငလျင်လှုပ်ခြင်း အကြောင်း ၉-ပါး)၌ ဆိုခဲ့ပြီ။

မြေခံရက် ၁၆-ပါး။ ။မြေခံ ရွေးနည်း ဟူ၏၊ ငင်းကို အောက်ပါလက်ဝဲဖြင့် သိပါ၊ "လောကီလူများ၊ အမျိုးသားတို့၊ သ်ထားစေရန်၊ မြေခံကျမ်းမှတ်၊ ဇရပ်အိမ်ကျောင်း၊ ဆောက်တုံရှောင်းသော်၊ နတ္ထောဉ်,ခေါင်,ကြူး၊ ပြာ, ကူး, ဆုန်, ပေါင်း၊ ဆောက်ကောင်း ခြောက်လ၊ မှတ်ကုန်ကြလေ၁။ ဆန်းထ စင်စစ်၊ နှစ်, သုံး, ငါး, ခွန်၊ ကောင်းမွန် တဆယ်၊ ၁၃-သွယ်ရေး၊ ဆယ့်လေး, ဆယ့်ငါး၊ ဆန်းငြားမှန်သစ်၊ ရက်ကောင်းဖြစ်၏။ ။လဆုတ်ဖြစ်မူ၊ တစ်, လေး, ခြောက်,ရှစ်၊ ကိုး, ဆယ့်နှစ်ရေး၊ ဆယ့်လေး,ဆယ့်ငါး၊ နေ့ကား ဆင်, ကြက်၊ ပူးရက်ကို ရှောင်၊ အကျိုးဆောင်သည်၊ ကောင်း ဘာဘင် ဆန်း,ဆုတ် မြေခံတည်း။

http://www.dhammadownload.com

မြေမျိုခံရသူ ၅-ယောက်။ ။မိလိန္ဒပဉှာ ပါဠိတော်။ ၁၀၈။ဂေါဝမဿုရှင် သာသနာတော် အတွင်း၌ အရှင်လတ်လတ် မြေမျိုသွားသူ ငါးယောက်။ (၁) မဒဝဒတ် ရဟန်း၊ (၂) စိဉ္စမာန မိန်းမယုတ်၊ (၃) သုပ္ပဗုဒ္ဓ သာကီဝင်၊ (၄) နန္ဒက ဘီလူး၊ (၅) နန္ဒမည်သော လုလင်။

မြေမျိုး ၅-မျိုး။ ။လယ် ယာ ဥယျာဉ် အိမ်ရာ ကျောင်းရာ စသည်တို့၌ ရွှေးချယ် စီစစ် ကြရာသည်၊ ပထဝီသျှတြမှ်။ (၁) **အဆင်းမြေ**ငြား၊ မြေပုဏ္ဏား၊ စီးပွားဖြစ်တတ်စွာ။ မြေမင်းပုဏ္ဏား၊ ကျောင်းအိမ်များ၊ ဆောက်ထား ဇရပ်ပါ၊ (၂) အဆင်းနီလွင်၊ မြေ ဘုရင်၊ မင်းလျှင် ဖြစ်တတ်ပါ။ မြေဘုရင်မှာ၊ နန်းတော်ရာ၊ ချုပ်ခြာ မင်းစိုးမှာ၊ (၃) အဆင်းနက်ကာ၊ မြေ ဒါသ၊ ဒုက္ခဘေးတွေ့ရာ။ မြေ ဒါသမှာ၊ ဥယျာဉ်ပါ၊ လယ်ယာ လုပ်ကိုင်ရာ၊ (၄) အဆင်းဝါဘိ၊ မြေ ပကတိ၊ သုခိ အဝေရာ။ မြေပကတိမှာ၊ ရဟန်းသာ၊ နေရာလျော်လှပါ၊ (၅) အဆင်းပြာလဲ့၊ ကောသဲ၊ နိုင်ငံတည်ထောင်ရာ။

မြီ၏အစာ ၄-ပါး။ ။တိုင်း နိုင်ငံတော် မြို့ကြီးမျာ၌ ထိုးလေးပါး ပေါများစွာ ရှိရမည်ဟု ဆိုလေသည်။ (၁) ပါထေယျ-ဆန်, စပါး, စာနှပ်ရိက္ခာ၊ (၂) ဗီဇ-မျိုးစေ့အစုံ၊ (၃) တေလာဒိ- ဆီဦး ထောပတ် ဆေးဝါးစုံ၊ (၄) ကဋ္ဌဒက-မြက်, ထင်း, ရေ။

မြို့တော်၏ အင်္ဂါ ၇-ပါး။ ။နိုင်ငံ၏မြို့တော် သို့မဟုတ် မင်းနေပြည်၌ ရှိထားရမည့် အရာများ၊ သတ္တင်္ဂုတ္တရ ပါဠိတော်။ (၁) ရန်သူတို့ ဖျက်နိုင်ခက်သည့် ခိုင်ခံ့သော တံတိုင်းမြို့ရိုးတံခါး၊ (၂) နက်ကျယ်သည့် ကျုံးမြောင်း၊ (၃) ကျယ်သော သူရဲပြေး,ပစ်ပေါက်,ကာပါ, ကတုတ်၊ (၄) ထက်မြက်ပြင်းထန် စူးရှသည့် လက်နက် ခဲယမ်း မီးကျောက် အများအပြား၊ (၅) ရဲမက်ဖိုလ်ပါစစ်သည် ယာဉ်ရထား အများ အပြား၊ (၆) လိမ်မာ ပါးနပ်သော တံခါးစောင့် ကင်းတပ်၊ (၇) မြင့်သော မြို့တံတိုင်း။

http://www.dhammadownload.com

[မြို့။ မြို့ + င်။ မှ + နှ]

မြို့တော်၏ အင်္ဂါ ၇-ပါး၊ တနည်း။ ။ရာဇနီတိမှ။ (၁) တုရင်မင်းမြတ်၊ သို့မဟုတ် သမ္မတ ရှိရခြင်း၊ (၂) ထထူးသူကြီး အမတ်များ၊ (၃) မဟာမိတ် မင်းများ, ၎င်းတို့၏ သံကြီး တမန်ကြီးများ၊ (၄) ရတနာဆယ်ပါး စပါး ဘဏ္ဍာများ၊ (၅) ခိုင်လုံသောတံခါး မြို့ရိုး ဟိုတိုင်း ကျုံးမြောင်းများ၊ (၆) ပိုင်နက်တိုင်းကာား စည်ကာား ကျယ်ပြန့်ခြင်း၊ (၇) စစ်တပ်အင်အား နှင့် ပြင်းထန်သောလက်နက် ခဲယမ်း မီး ကျောက်အစုံ ပေါများ တောင့်တင်းခြင်း။

မြို့တော်သာယာ၊ ငြိမ့်ညောင်းငြာ၊ ၁၀-မြာ အသံများ။ ။နေပြည်တော်ထိုဥ္ဇ မစဲမဆိတ်သော အသံ ဆယ်ပါးကို ဆိုသည်၊ ၎င်း ဆယ်ပါးကို မဟာပရိနိဗ္ဗာနသုတ်၌ "ဆင်သံ, မြင်းသံ, ရထားသံ, စည်ကြီးသံ, မုရိုးစည်သံ, စောင်းငြင်းသံ, သီချင်းသံ ခရသင်း, နှဲ, ပြဿ, ခရာသံ" ကြေးနင်း ခွက်ခွင်းသံ, စားကြပါ, သောက်ကြပါ ဟူသော အသံ,များဟု မိန့်ဆိုထားသည်။

မြို့ပြည်ရွာများ၊ မျိုး ၆-ပါး။ ။၎င်း သရုပ်အဓိပ္ပါယ်ကို (ပြည်ရွာ အပြား၊ မျိုး ၆-ပါး) ၌ ပြခဲ့ပြီ။

မြို့ငြိကြီး ဂ-သွယ်၊ ကမျာဝယ်၊ ဆန်းကျယ် အမည်များ။ ။တောဟောဝန်၏ ပရိယာယ်မျိုး ဂ-ပါး။ (၁) မြို့-စိမ့်စမ်း သစ်ပင်တို့ဖြင့် မြို့ဆိုင်သော တောမျိုး၊ (၂) ဂနိုင်-အလွန်နက်နဲ ထူထပ်သော တောကြီးမျိုး၊ (၃) ရဂုံ-သာမောဘွယ်ကောင်းသော သာမန် တောကလေးမျိုး၊ (၄) စုံ-ကျဲတောမှ ထိုတောတိုင်အောင် လမ်းခရီးရှိသည့် တောတန်းမျိုး၊ (၅) ခင်တန်း-ခြုံငယ် ခြုံကြီးတို့ဖြင့် စိတန်း နိမ့်မြင့်လျက် ပေါက်သောတောမျိုး၊ (၆) ပြား-ရွှံညွန် ထူပြောသော တောထမျိုး၊ (၇) အင်တိုင်း-ကျောက်ကုန်း ကျောက်စရစ် ထူပြောရှိ မြက်ခြောက်သစ်ပင် နှောသည့် တောတမျိုး၊ (၈) စေးပျစ်-စည်းရိုးသစ်ပင် ထူထပ်သော တော။

[မ]

မှန်တိုင်း ၃-ရပ်။ ။ကလျာဏီ ကျောက်စာမှ ယာသနာတော် ၂၀၀၂-ခုနှစ်၊ သင်္ကြန်ရောင် ဂ၂၀-ရောက်သောအခါ ဟံသာဝတီပြည်ကြီးဝယ် ဓမ္မစေတီ

http://www.dhammadownload.com

အမည်တွင်သော ရာမာဓိပတိမင်းသည်.... (၁) ဟံသာဝတီ မဏ္ဍလ ပဲခူးတိုင်း၊ (၂) ကုသိမ မဏ္ဍလ- ပုသိမ်နှင့်တိုင်း၊ (၃) မုတ္တမ မဏ္ဍလ- သထုံတိုင်းတည်းဟူသော မွန်တိုင်း ၃-ရပ်ကို အုပ်ကွပ်ပိုင်ထားလျက် တရားနှင့်အညီ မင်းပြုသတည်း။

မွန်မျိုး ၃-ပါး။ ။သာသနာလင်္ကာရစာတန်းမှ။ (၁) မွန်တိ၊ (၂)မွန်စ၊ (၃) မွန်ည။

မွန်မျိုး ၇-ပါး။ ။မွန်တ, မွန်ညန်၊ မွန်နန်, မွန်သိ၊ မှတ်ဘိလေရိုး၊ တလိုင်းမျိုး တည်း။ (ဇမ္မူ့တံဆိပ်ကျမ်းမှ)

မွေးစားသားမျိုး ၂-ပါး။ ။(၁) ရပ်သိ ရွာသိ ထင်ထင်ရှားရှား အမွေခံ အမွေစား မွေးစားခြင်းမျိုးကို ကိတ္တိမ မွေးစားခြင်းဟု ခေါ်ဆိုသည်၊ (၂) သနား၍ ကောက်ယူ မွေးစားခြင်းမျိုးကို အပတိဋ္ဌ မွေးစားခြင်း ခေါ်သည်၊ ကိတ္တိမ မွေးစားခြင်းက အပတိဋ္ဌ မွေးစားခြင်းထက် သာ၍ခိုင်မာသည်၊ အပတိဋ္ဌ မွေးစားခြင်း ခံရသောသူသည် မွေးစားသော မိဘများနှင့် ခွဲခွါသွားလျှင် ထိုမွေးစားသော မိဘတဦးဦးနှင့် မူလက တစုံတရာ ဆွေမျိုးမတော်ခဲ့သော်- ဆွေမျိုးဆက် ပြတ်လေသည် ဟူ၏၊ ဓမ္မသတ်ပေါင်းချုပ် ပဌမတွဲ ပုဒ်မ ၁၉၉- ၂၀၀၊ သားရင်း သမီးရင်းနှင့် ကိတ္တိမမွေးစားသော သားသမီးမရှိမှသာ မွေးစားသော မိဘများနှင့် အတူနေ အပတိဋ္ဌ သဒ္ဒါသမီးများ အမွေ ဆိုင်သည် ဟူ၏။

မွေးဖွားစကို၊ စကားဆိုပုဂ္ဂိုလ် ၄-ယောက် အဘယ်နည်း? ။(၁)ဝေဿန္တရာ ဇာတ်တော်လာ ဝေဿန္တရာ မင်းသား၊ (၂) မဟောသဓဇာတ်တော်လာ မဟောဿဓာ အမတ်၊ (၃)ဗုဒ္ဓဝင်ကျမ်းလာ သိဒ္ဓတ္ထကုမာရ မင်းသား၊ (၄) အမဋ္ဌဇာတ်လာ ဥက္ကာဂကမင်းကြီး၏ ဒိသာမခေါ် ကျွန်မမွေးဖွားသော 'ကဏ္ဍ'၊ ၎င်းကိုစွဲ၍ ကဏ္ဍာယနအနွယ် ပုဏ္ဏားမျိုး ဖြစ်လာသည်။

[မ္ဘ]

ပ္ဘးမတ်တို့ ဂုဏ် အင်္ဂါ ၈-ပါး။ ။အမတ်ကြီးတို့၌ ပြည့်စုံရမည့်ဂုဏ် အင်္ဂါ ရှစ်ပါး။ (၁) ဗာဟုဿုတော- အမြင်အကြွေး များရခြင်း၊ (၂) ဒိဋ္ဌေ-

http://www.dhammadownload.com

ဝဓဿ- သီတင်းသီလ ရှိရခြင်း၊ (၃) သူရော- ရဲစွမ်းသတ္တိ ရှိရခြင်း၊ (၄) မဟုဿာဟော- လုံ့လထက္ကြ ရှိရခြင်း၊ (၅) အက္ခဝိဓော- မှုခင်းကိစ္စ ပြီးမြောက်ရေးကို စစ်ဆေး လေ့လာရခြင်း၊ (၆) ဗလဓရော- ကိုယ်အား ဉာဏ်အား ဗလနှစ်ပါးရှိရခြင်း၊ (၇) ဓီတိမာ- အဂတိ ၄-ပါး မလိုက်စားရ မမှားရခြင်း၊ (၈) ဝုဏ္ဏဝိလာသော- ခန့်ညားရှိသေဘွယ်သော ရုပ်ဆင်း ကိုယ်ဝါရှိရခြင်း။

မူးမတ်မျိုးပြား၊ ၁၄-ပါး၊ မိန့်ကြား အာဘိဓာန်။ ။ဂင်း သရုပ်ကို (အမတ်မျိုး ၁၄-ပါး) ၌ ရှုပါလေ။

ဧမှာ်ပညာမျိုး ၆-ပါး၊ ၆-လီ။ ။မှော်ပညာ အတန်းအစား ဂိုဏ်းပေါင်း မည်မျှပင် များစေကာမူ မဟေသရကျမ်း၊ ကဝေသာရကျမ်း၊ သရဘူကျမ်း စသော ကျမ်းကြီးတို့၌။ (၁) ဆေး မှော်၊ (၂) ရက္ခမူ မှော်၊ (၃) အင်း မှော်၊ (၄) ပထမံ မှော်၊ (၅) စမ မှော်၊ (၆) သမာဓိ မှော် ဟူ၍ ၆-ဆူမျှ လာရှိလေသည်၊ ထိုမှော်ကြီး ၆-ဆူမှတပါးလည်း မိမိတို့နှစ်သက်ရာ ဂိုဏ်းဆရာကြီးများ၏ ယူဆချက်အရ ဂိုဏ်းခွဲမှော် ဟူ၍ ၆-ဆူရှိပြန်သည်ကား။ (၁) ရက္ခစိုး မှော်၊ (၂) အဋ္ဌာရသ မှော်၊ (၃) ပိဋ္ဌက မှော်၊ (၄) မဟိဒ္ဓိ ဝိပ္ပဿနာ မှော်၊ (၅) ဒေဝရာသီ မှော်၊ (၆) ဒေဝီသူရဿတီ မှော် ဟု ခြောက်ပါး ပြားပြန်၏။

[ယ]

ယစ်မျိုး ၅-ပါး၊ ရှောင်ကြဉ်ဖြား၊ စီးပွားချမ်းသာရာ။ ။ဝေါဟာရ အားဖြင့်သာ 'ယစ်မျိုး ငါးပါး' ဟု ဓေါဝေါကြသော်လည်း အမှန်မှာ မူးယစ်စေတတ်သော သေရည်အရက်ဟူသမျှ ယဝ်မျိုးချည်းပင် မှတ်လေ။ (၁) ဘိန်း- လှော်ခဲ, ဘိန်းဆီ, ဘိန်းဖြူ, ပြောင်းချေးစသည်၊ (၂) ဘင်း- ဆေးခြောက်၊ (၃) ကဇော်- အေရည်မျိုး ငါးပါး၊ (၄) လှော်ဇာ-အခဲ အဖတ်၊ (၅) အရက်- မေရုယမျိုး ငါးပါး။

ယစ်မျိုး ၁၀-ပါး၊ ကျမ်းဂန်များ၊ လာခြား အဆယ်နည်း? ။ဤ၌ သုရာမျိုး ငါးပါး၊ မေရုယမျိုး ငါးပါး၊ ပေါင်း ဆယ်ပါးကိုပင် ယစ်မျိုး ဆယ်ပါးဟု ကဗျာလင်္ကာဆရာတို့ စပ်ဆို သီကုံးကြလေသည်။

http://www.dhammadownload.com

ယင်ကြီး ၅-ပါး၊ ပူဇော်ခြင်း၊ ပုဏ္ဏားညစ်တို့ ဥာဏ်။ ။ယုတ်မာသော မိစ္ဆာအယူ ပူဇော်ခြင်း ငါးပါး။ (၁) အဿ မေဓ- အဆင်း ငါးပါးရှိသော မြင်းကို သတ်၍ ယင်ပူဇော်ရမည်၊ ပုဏ္ဏားတို့ကိုလည်း များစွာ ပေးလှူရမည် ဟူ၏၊ အချို့ ကျမ်းစာများမှာ 'သဿမေဓ'ဟု ရှိကြ၏၊ မမှန်၊ ပါဠိပျက်ဖြစ်သည်၊ အမှန်ကား'အဿမေဓ- အဿ မြင်း+မေဓ-သတ်ခြင်း၊ (၂) ပုရိသ မေဓ-ယောကျ်ားကို သတ်၍ ယင်ပူဇော်ရမည်၊ ပုဏ္ဏားတို့ကိုလည်း များစွာ လှူဒါန်းရမည် ဟူ၏၊ (၃) သမ္မာ ပါသ-ယင်ပူဇော်ရန်နှင့် ပုဏ္ဏားတို့ကို လှူဒါန်းရန် ဥစ္စာဝစ္စည်းတို့ကို လှည်း ရထားတို့ဖြင့် များစွာ တင်လျက် သူရသဒီ မြစ်ကြီးထဲသို့ ဆင်း၍ ငုပ်ရာ အရပ်သို့ သွားရောက်ပြီးလျှင် ဝန်စုကို တိုက်ဆောင်ခဲ့သော လှည်းထမ်းပိုးကျည်း ကန်လန့်ကျည်ကို ချုတ်၍ သူရသဒီ မြစ်ညာကို ဆန်လျက် ပစ်ရမည်၊ ၎င်းကျရာအရပ်၌ ယင်တိုင်စိုက်၍ ယင်ပူဇော်ရမည် ဟူ၏၊ သမ္မာ သဒ္ဒါ- ထမ်းပိုးကျည်း ကန့်လန့်ကျည်ဟော၊ ပါသ သဒ္ဒါ- ပ, ရှေးရှိသော အသဓာတ်-ပစ်လွှတ်ခြင်းဟော၏၊ (၄) ဝါဇပေယျ-ကောင်းလှစွာသော ထောပတ်ကို ပုဏ္ဏားတို့အား တိုက်ကျွေး၍ ယင်ပူဇော်ရခြင်း၊ အချို့ ကျမ်း၌ 'ဝါစာပေယျ'ဟု ရှိတတ်၏၊ ဝါဇ သဒ္ဒါ- ထောပတ်ဟော၊ ပေယျ သဒ္ဒါ-သောက်ခြင်းဟော မှတ်လေ၊ (၅) နိရဂ္ဂဠ-တံခါးကျည်, မင်းတုပ် မရှိရဟူ၏၊ ယင်ပူဇော်လိုသောသူသည် မိမိအိမ်ရှိ ပစ္စည်းတို့ကို တံခါး ဟင်းလင်းဖွင့်၍ ပုဏ္ဏားတို့အား အလိုရှိရာ အပိတ် အတားမရှိ ယူစေရမည် ဟူ၏။

မှတ်ချက်။ ။ဥက္ကာကဆုင် မင်းကြီး လက်ထက်၌ ထိုဆိုးယုတ်မာသော ပုဏ္ဏားတို့က ရှေးမင်း စဉ်ဆက် မပျက် သုံးသပ် ခဲ့ကြသော-'သင်္ဃာတရား ၄-ပါး'ကို ပုဒ်ပါဠိ အဓိပ္ပါယ် ဖျက်ဆီးလျက် တမျိုးဥာဏ်ကွင်ကာ ၎င်း ယင်ကြီး ၅-ပါးကို ရေးတင် ဆက်လျောက်ကြကြောင်းနှင့် သုတ္တနိပါတ် ပြဟ္မဏမွိကသုတ်၌ လာရှိ၏။

ယထာဘူတဥာဏ် ၁၀-ပါး။ ။အဟုတ်အမှန်ကို ရှုဆင်ခြင်ရသော ဥာဏ် ၁၀-ပါး ဟူ၏၊ ၎င်း သရုပ် (ဝိပဿနာဥာဏ် ၁၀-ပါး) နှင့် တူ၏။

http://www.dhammadownload.com

ယာဂုံအကျိုး ၅-ပါး။ ။ပဋ္ဌဂုံတ္တရုပါဠိတော် ၂၁၈ ။ဌ။ ၇၈-၌ ဘုရား ဟောတော်မူသည်။ (၁) ခုဒ္ဒံ ပတိ ဟနတိ-ဆာလောင်ခြင်းကို ပယ်စေ၏၊ (၂) ပိပါသ ပတိ ဝိနေတိ-မွတ်သိပ်ခြင်းကို ပယ်စေ၏၊ (၃) ဝါတံ အနုလောမေတိ-လေကို အောက်သို့ သက်စေ၏၊ (၄) ဝတ္ထိံ သောဓေတိ-ဆီးအိမ်စည်ပေါင်းကို သုံ့သင်္ချင်းလင်းရှိ ဆီးကိုရှင်းစေ၏၊ (၅) အမာဝ ဿံ ပါစေတိ-မကြေမကျက်သေးသော အစာသစ် အကြွင်းအကျန်ကို ကြေကျက်စေတတ်၏။

ယာဂုအကျိုး ၁၀-ပါး၊ တနည်း။ ။အထက်ပါ ငါးပါးကား အကျိုးရင်း များ ဖြစ်၏၊ ဤငါးပါးကား အကျိုးဖျား ဟူ၏၊ ဝိနည်း မဟာဝါ ပါဠိတော်နှင့် သာရဋ္ဌသင်္ဂဟ အဋ္ဌကထာ။ (၁) အာယု-အသက်ရှည် ခြင်း၊ (၂) ဝဏ္ဏ အဆင်းလှခြင်း၊ (၃) သုခ-ချမ်းသာခြင်း၊ (၄) ဗလ-ခွန်အား ဗလရှိခြင်း၊ (၅) ပညာ ဉာဏ်ပညာကြီးခြင်း။

ယာဉ်မျိုး ၂-ပါး၊ လ,နေသူး၊ ခွဲခြား လမ်းမှန်သိ။ ။နေမင်း၏ ထွက်လမ်း ဝင်လမ်း လှည့်လည်သောလမ်း ၂-ပါးကို ခေါ်သည်။ (၁) ဒက္ခိဏ ယာဉ်-တနင်္နေ့ဂြိုဟ်ခေါ် နေမင်းသည် ဝါဆိုလဆန်း ၁၅-ရက် ညဥ့် ၂-ချက်တီး ကျော် အချိန်ကစ၍ မြောက်ဖက်စွန်းမှ သည် တောင်ဖက်သို့ တစ တစ ယိမ်းထွက်လာရာ ပြာသိုလပြည့်နေ့ ညဥ့် ၂-ချက်တီး အချိန်ထိအောင် တောင်လမ်းခရီး တောင်ယာဉ် စီးသောကြောင့် 'ဒက္ခိဏယာဉ်' ခေါ်သည်၊ (၂) ဥတ္တရယာဉ်- နေမင်းသည် ပြာသိုလ ပြည့်နေ့ ညဥ့် ၂-ချက်တီးကျော် အချိန်မှစ၍ တောင်ဖက်ဖျားစွန်းမှသည့် မြောက်ဖက်သို့ တစတစ ယိမ်းဝင် လာရာ ဝါဆိုလဆန်း ၁၅-ရက်နေ့ ညဥ့် ၂-ချက်တီးချိန်ထိအောင် မြောက် လမ်းခရီး မြောက်ယာဉ်စီးသောကြောင့် 'ဥတ္တရယာဉ်' ဟု ခေါ်ဆိုကြ ကုန်လည်။

ယာဉ်မျိုး ၃ ပါး၊ ထီးဖြူများ၊ စိုက်ထား ၄-ဆူ အဘယ်နည်း? ။ဌင်း သရုပ် ကို (ထီးဖြူတော် ၄-စင်း၊ တနည်း) ၌ ရှုပါ။

ယာနိက ၂-ပါး။ ။(၁) သမထ ယာနိက-ဈာန် အဘိညာဉ် တရားကို ရစေနိုင်သော ပညတ်အာရုံ ကမ္မဋ္ဌာန်းတရားစု ဟူသမျှ၊ (၂) ဝိပဿနာ

http://www.dhammadownload.com

ယာနိက-ပညတ်မဖက် ရုပ်နာမ်သက်သက်၏ ဖြစ်ပျက်မှု အနိစ္စလက္ခဏာ ဖြင့် မှတ်ရှုပွားများ၍ မဂ်, ဖိုလ်, နိဗ္ဗာန်, အစစ်ကို ပေးတတ်သောဝေါဟာရုံးစု။

ယာယီ ဂြိုဟ် ၄-လုံး။ ။ကျော်, စံ, သိန်း, ရီ၊ ဂြိုဟ်ယာယီ ဟူသော လက်ခံ အရ "တနင်းလာ, အင်္ဂါ, သောကြာ, ရာဟုဂြိုဟ်" တို့ဦး သက်ဆောက်, ဂြိုဟ်အိပ်မူ ထိုသူယာယီများအံ့ဟု ဗေဒင်ကျမ်းဦး လာသည်။

ယုံမှားခြင်း ၈-ပါး။ ။ဘုရားစသည်တို့ဦး သို့လော သို့လော တွေးတော မယုံသင်္ကာမှု ရှစ်ပါး၊တေရသကဏ်ဋီကာဒုနှင့် နိဒါနဝဂ္ဂသံယုတ် ပါဠိတော် ဒသမလသုတ်။ (၁) ဗုဒ္ဓေ ကခံတိ-ဘုရားဦး ယုံမှားခြင်း၊ (၂) ဓမ္မေ ကခံတိ- တရားဦး ယုံမှားခြင်း၊ (၃) သံဃေ ကခံတိ-သံဃာဦး ယုံမှားခြင်း၊ (၄) သိက္ခာယ ကခံတိ-အကျင့်သိက္ခာဦး ယုံမှားခြင်း၊ (၅)အတီတ မဒ္ဓါနံ-ရှေးအတိတ်စွန်းဦး ယုံမှားခြင်း၊ (၆) အနာဂတ မဒ္ဓါနံ-နောင် အနာဂတ် စွန်းဦး ယုံမှားခြင်း၊ (၇) အတီတာနာဂတ မဒ္ဓါနံ- အတိတ် အနာဂတ် ၂-စွန်းဦး ယုံမှားခြင်း၊ (၈) ပဋိစ္စသမုပ္ပါဒေ ကခံတိ-ပဋိစ္စသမုပ္ပါဒ် တရား တော်ဦး ယုံမှားခြင်း။

ယုံမှားခြင်း ၁၆-ပါး။ ။ဝိစိကိစ္ဆာဖြစ်ပုံ အခြင်းအရာ ၁၆-ပါးလည်း ဟူ၏။ စူဠနိဒ္ဒေသ ။ဌ။ ၉၄။ ဝိသုဒ္ဓိမဂ်။ ဒု-အုပ်။ ၂၁၄-တို့ဦး အကျယ် ရှုပါကုန်။ အတ္တစ္ဆရိယနေသူတို့ ကာလ ၃-ပါးဦး သို့လော သို့လော ယုံမှားခြင်းဖြစ်ပုံ ၁၆-ပါး။ လွယ်ကူ၍ ကျဉ်းစေရန် မြန်မာသက်သက် ပြလိုက်သည်။ (၁) ငါသည် ရှေးအတိတ်ကာလက ဖြစ်ခဲ့ဘူးပြီလော၊ (၂) မဖြစ်ခဲ့ဘဲများ နေရော့သလား၊ (၃) ဖြစ်ခဲ့ဘူးလျှင် ဘယ်အမျိုးဇာတ်မှာများ ဖြစ်ဘူးခဲ့ ပါလိမ့်၊ (၄) ဘယ်ပုံသဏ္ဌာန်ဖြင့် ဖြစ်ခဲ့ပါလိမ့်၊ (၅) ငါသည်လွန်ခဲ့တဲ့ တတိယ ဘဝက ဘယ်ဇာတ် ဘယ်ပုံ ဖြစ်ခဲ့ပြီး၊ နောက် ဒုတိယ ဘဝ ကျတော့ ဘယ်လိုများ ဖြစ်ခဲ့ပါလိမ့်။

မှတ်ချက်။ ။ဤကား အတိတ်ကြောင်းအတွက် ယုံမှားခြင်း ငါးချက် တည်း။ အနာဂတ် အတွက်ဦးလည်း အတိတ်နည်းအတူ ၅-ပါး ရှိ ပါလေ၊ ပေါင်း ဆယ်ပါး ဖြစ်၏။

http://www.dhammadownload.com

(၁၁) ပစ္စုပ္ပန်ဘဝ၌ ယခု ငါဟာ ငါဟုတ်မှ ဟုတ်ပါလေရဲ့လား၊ (၁၂) ငါမဟုတ်ဘဲများ ရှိလေသလား၊ (၁၃) ဇာတ်အဆူဆူ ငါဘယ်သူ့များဖြစ်ပါလိမ့်၊ (၁၄) ဘယ်ပုံဟန်ပန် ဘယ်သဏ္ဌာန်ဖြင့် ငါဖြစ်ပါလိမ့်၊ (၁၅) ငါဖြစ်နေတဲ့ ငါဟာ ဘယ်ဘုံ ဘယ်ဘဝကများ လာပါလိမ့်၊ (၁၆) ငါခေါ်တဲ့ သတ္တဝါဟာ ဘယ်ဘုံဘဝကိုများ ကူးသွားရလိမ့်ဦး မည်နည်း၊ ၎င်း ပစ္စုပ္ပန်ဘဝ ယုံမှားခြင်း ၆-ပါးနှင့် ပေါင်းသော် ၁၆-ပါး ဖြစ်၏။

ယုဂ် ၄-ပါး။ ။သူတော်တရားနှင့် ယှဉ်သော ကာလကြီး ၄-ပါး။

(၁) ကတယုဂ် ဆန်းသော ၁၇၂၈၀၀၀ နှစ်ကာလ၊ လူအပေါင်းတို့သည် အခြေ ၄-ချောင်း ထောက်နေဘိသကဲ့သို့ သစ္စာကတိ **တည်ကုန်၏**၊ ကတညုတ ကတဝေဒီ- ရှိကုန်၏၊ သူကြီးမိဘ ရှိသေကုန်၏၊ တရားစောင့်ကုန်၏။

(၂) တြေတာယုဂ် ဆန်းသော ၁၂၉၆၀၀၀-နှစ်ကာလ၊ အခြေ ၃-ချောင်းသာ ထောက်၍ တချောင်းသောခြေ ကျိုးပျက်သကဲ့သို့ **သူတော်** ကောင်း ၃-စု သူယုတ်မာ တစု ဖြစ်ပေါ်၍ လာချေပြီ။

(၃) ဒွါပရယုဂ် ဆန်းသော ၀၆၄၀၀၀-နှစ်ကာလ၊ ခြေ ၂-ချောင်းသာ ထောက်နေသကဲ့သို့ သူတော်ကောင်း ၂-ပုံ၊ သူယုတ်မာ ၂-ပုံ ဖြစ်၍ လာချေပြီ။

(၄) ကလိယုဂ် ဆန်းသော ၄၃၂၀၀၀-နှစ်အခါ၊ အခြေ ၁-ချောင်း ကျိုးပျက်၊ တချောင်းဖြင့်သာ ထောက်တည်၍ နေရသကဲ့သို့ တရား မစောင့်သော သူယုတ်မာ ၃-စု၊ တရားစောင့်သော သူတော်ကောင်း တစု ဖြစ်၍ လာချေပြီ၊ ဤ ယခုငါတို့ဖြစ်ရာ ခေတ်ကား ကလိဟုဂ် ခေတ်ကြီးဖြစ်၍ သူယုတ်မာ ပေါများလှ၏။

ယုဂ် ၅-ပါး။ ။သာသနာတော်နှစ် အပိုင်းအခြားကာလနှင့် ယှဉ်ခြင်း ၅-ပါး ဟူလို။ (၁) ဝိမုတ္တိ ယုဂ်- ဝိပဿနာ မဂ် ဖိုလ် နိဗ္ဗာန်နှင့်ယှဉ်သော အချိန် ကာလ **အပိုင်းအခြား**၊ (၂) သမာဓိ ယုဂ်-စျာန် သမာဓိသ၊ထကရားနှင့်

http://www.dhammadownload.com

ယှဉ်ဆော အချိန်ကာလ၊ (၃) သီလ ယုဂ်-သီလနှင့်သာ ယှဉ်မှီသော အချိန် ကာလ၊ (၄) သုတ ယုဂ်-ဗဟုသုတမျှသာ ရှိတော့သော အချိန်ကာလ၊ (၅) ဒါန ယုဂ်-ပေးကမ်း စွန့်ကြဲခြင်း မျှလောက်သာ ရှိတော့သော ကာလ။

မှတ်ချက်။ ။တိ်သနိပါတ် ဖုဿထေရဂါထာ အဋ္ဌကထာမှ ယူသည်၊ ၎င်း၌ နှစ်အပိုင်းအခြားနှင့် ဝေဘန်၍ မပြပေ။

[ဓယာ]

ယောကျ်ားအပြား၊ မျိုးလေးပါး၊ မိန်းကြား သျှတြ။ ။ပုရိသသျှတြမှ။

(၁) အဿဂ မည်သော ယောကျ်ား မျိုးသည် ပန်းရင်းနှံ ကဲ့သို့သော ကိုယ်နှံရှိ၏၊ လက်ဖဝါး ခြေဖဝါး နူးညံ့၏၊လက်ချောင်းခြေချောင်း ရှည်၏၊ ရင်ကျယ်၏၊ ချက်နက်၏၊ အအိမ်၌ ကိန်းသော လိင်ရှိ၏၊ အရသာ ဆိမ့်၏၊ မွေးတွင်းတခုခု၌ မွေးညှင်း တပင်စီ ပေါက်၏၊ သူတပါးကို သနားတတ်၏၊ သီလစောင့်၏၊ ဖြောင့်မတ်တည်ကြည်၏၊ အင်အားတန်ခိုးရှိ၏၊ ဆံ, မုတ်ဆိတ်, လက်ကတိုးမွေး,ဣန္ဒြေမွေး ရှည်၏၊ နိမိတ် ရှည်စွာအဆုံး လက်လေးသစ်မျှသာ ရှိ၏။

(၂) မြိဂမည်သော ယောကျ်ားမျိုးကား စကားမျှား၏၊သည်းခံတတ်၏၊ သနားတတ်၏၊ ဆရာမိဘကို ရိုသေတတ်၏၊ မကဲ့ရဲ့တတ်၊ ပြေပြစ် ချစ်ဘွယ်သော စကားကို ဆိုတတ်၏၊ ပညာကို ခင်မင်တတ်၏၊ ကိုယ်အနှံကား ဃရည်နှံကဲ့သို့ ရှိ၏၊ ကိုယ်အရသာ ဖန်၏၊ ဣန္ဒြေ ကား ရှည်စွာအဆုံး လက်ရှစ်သစ်သာ ရှိ၏။

(၃) ပြိဿဘ ယောကျ်ားမျိုးကား ကိုယ်အသားတင်းမာ၏၊ ဆူသော အရသာကို စားတတ်၏၊ သီချင်းကို လိုလား၏၊ လောဘရမ္မက် ကြီး၏၊ သူ့သို့ သူ့မယားကို လွန်ကျူး ပြစ်မှားတတ်၏၊ အသံ ကောင်း၏၊ မေထုန်ကြူး၏၊ သူတပါးကို ကဲ့ရဲ့ပြုစုတတ်၏၊ ကိုယ် ယနှံကား ပျားနှံကဲ့သို့ရှိ၏၊ အရသာ ချို၏၊ ဣန္ဒြေ ရှည်စွာအဆုံး လက်ဆယ်သစ်သာ ရှိ၏။

http://www.dhammadownload.com

(၄) အသွ မည်သော ယောကျ်ားမျိုးကား ကိုယ့်ပစ္စည်းကို ခင်မင်၏၊ သူ့ပစ္စည်းကို လိုချင်တတ်၏၊ များစွာသော မကောင်းမှုတို့ကို ပြုကျင့်တတ်၏၊ သူ့သားမယားကို ပြစ်မှားတတ်၏၊ သစ္စာမရှိ၊ သူ့ကျေးဇူးဂုဏ်ကို မသိတတ်၊ မုသားဆိုတတ်၏၊ ဆူဖြိုးသောကိုယ်ရှိ၏၊ လက်ကတီးမွေး, ဣန္ဒြေမွေး ရှည်၏၊ အရှက် အကြောက်နည်း၏၊ အထူးထူးသော အရသာကို ကြိုက်တတ်၏၊ အင်္ဂါတော် အလုံးကြီး၏၊ ကိုယ်နံ့ ညှီ၏၊ ဝမ်းပူ၏၊ ဝမ်းပိုက်၌ အရေးအကြောင်း မရှိ၊ အင်္ဂါတော် ၁၄-သစ်မျှ ရှည်၏။

ယောကျ်ားဂြိုဟ် ၄-ထုံး။ ။တနင်္ဂနွေ, အင်္ဂါ, ဗုဒ္ဓဟူး, ကြာသပတေး, ဒင်းဂြိုဟ် ၄-လုံးကို 'လောင်း, အံ, ပြု, ငြား, ဂြိုဟ်ယောကျ်ား'ဟု ဆိုကြကုန်၏။

ယောကျ်ားတို့ အတတ်၊ ၁၈-ရပ်၊ သိမှတ် သင်ကြားရာ။ ။ဝင်း သရုပ်ကို (အဋ္ဌာရသ သိပ္ပမျိုး ၃-နည်း)၌ ဆိုခဲ့ပြီ။

ယောကျ်ားဇွဲရှိရ ၁၀-ပေါက်။ ။အမတသဂရ ဆေးကျမ်းကြီးမှ ယူပြသည်။
(က) နှာခေါင်း ၂-ပေါက်၊ (ခ) နှား ၂-ပေါက်၊ (ဂ) မျက်စိ ၂-ပေါက်၊ (ဃ) ပါးစပ်ပေါက်၊ (င) ကျင်ငယ်ပေါက်၊ (စ) ကျင်ကြီးပေါက်၊ (ဆ) ငယ်ထိပ်ပေါက်။

ယောကျ်ားများသာ၊ ဓမ္မလျော်ရာ၊ ဘုမ္မာ ၁၅၊ အာဘယ်နည်း? ။ ။ဤပုစ္ဆာကား လူတို့ဘာဝနှင့် မရှိကောင်းသော မြဟ္မာများကို ရည်ဟန်တူသည်၊ သတို့ပြုရန်ကား ယောကျ်ား၏ နိမိတ်လည်းရှိသည် မဟုတ်ကြ၊ အဖြေကား 'အရှေ့ပ ၄-ဘုံနှင့် အသညသတ်ဘုံ ကြဉ်သော ရှေ့ပ ၁၅-ဘုံရှိ မြဟ္မာများ ပင်တည်း။

ယောကျ်ားမြတ်တို့ အား ၅-ပါး။ ။ယောကျ်ားမြတ်တို့၌ ရှိထားကြရမည့် ဗလင်္ဂါးတန်၊ ထိုင်းပါးတို့တွင် တဆင့်ထက်တဆင့် အစဉ်အတိုင်းမြတ်၍ ပညာအားသည် အမြတ်ဆုံးဖြစ်ကြောင်း ဒီဃာဝု သတို့သားအား ဘုရား

http://www.dhammadownload.com

ယောတော်မူသည်။ (၁) ဗာဟု ဗလ-လက်ရုံးအား၊ ကိုယ်လက် ဘန်မဒ ထွားကျိုင်းခြင်း၊ (၂) ဘေဘဂ ဗလ-ရွှေငွေရတနာ လယ်ယာစပါး စသည့် ပစ္စည်း ဥစ္စာများ၊ (၃) အမစ္စ ဗလ- မှူးမတ်ရာထူး အာဏာထူးများ၊ (၄) ဇာတိဇ ဗလ- ဆွေမျိုး မိတ်သင်္ဂဟအား၊ (၅) ပညာ ဗလ- ဗာဟု သစ္စ သိပ္ပပညာအား။

ယောဂျိုးမြတ်တို့ လက္ခဏာ ၃၂-ပါး။ ။ဂုဏ်းသရုပ်မှာ (လက္ခဏာတော် ကြီး ၃၂-ပါး)နှင့် အတူ ဖြစ်၏။

ယောဂျိုးလူမောက်၊ ပေါင်း ၁၀-ယောက်၊ ဘွဲ့မြောက် တေဒဂ်။ ။ ဂုဏ်း သရုပ်ကို(တေဒဂ်ရ လူယောဂျိုး ၁၀-ယောက်)၌ ဆိုခဲ့ပြီ။

ယောဂျိုးသားတို့၏ အပြစ် ၆-ပါး။ ။ယောဂျိုးမြတ်တို့ ရှောင်ကြဉ် အပ်သော တရား ၆-ပါး၊ ဟိတောပဒေသမှ။ (၁) နိဒ္ဒ-အအိပ် စုံမက် ခြင်း၊ (၂) တန္ဒီ- လုပ်ငန်းရပ်၌ အလိုမသန် နှေးကန်ဖင့်လေး အေးစက် ထိုင်းမှိုင်းခြင်း၊ (၃) ဘယ-သတ္တိ ညံ့ဖျင်း ကြောက်ရွံ့တတ်ခြင်း၊ (၄) ကောဓ-သည်းညည်းမခံ ဒေါသထန်ခြင်း၊ (၅) အာလသျ-အပျင်းထူခြင်း၊ (၆) ဒီဃသုတ္တ- အချိန်ဖင့်လေး ပြီးစီးမှု နှောက်နှေးအောင် လုပ်ဆောင် နေခြင်း။

ယောဂတရား၊ မျိုး ၄-ပါး၊ သိထား ဘိဓမ္မာ။ ။သတ္တဝါတို့ကို ဝဋ် ဒုက္ခ၌ အမြဲမပြတ် ယှဉ်စပ် စေတတ်သော တရားလေးပါး။ (၁) ကာမ ယောဂ-ကာမဂုဏ် ငါးပါးကို လိုလားတောင့်တ တပ်မက်တတ်သော လောဘ ဟူသမျှ၊ (၂) ဘဝ ယောဂ- လူ့ဘဝ, နတ်ဘဝ, စသော ထိုထိုဘဝ အမျိုးမျိုး၌ သာယာ နှစ်သက်တတ်သော လောဘ၊ (၃) ဒိဋ္ဌိ ယောဂ-လောကဋ္ဌ ဘာသာအမျိုးအစားတွေ ရာထောင်မက များပြားသော်လည်း ဘာသာမှန် တရားကား တပါးသာ ရှိ၏၊ ထိုဘာသာမှန် တရားကို ချန်ထား၍ ဘာသာမှားထို့ကို စွဲလမ်းကိုးကွယ်မှု ဒိဋ္ဌိ၊ (၄) အဝိဇ္ဇာ ယောဂ-အမှားအမှန်ကို ဝေဘန် ခွဲခြား၍ မသိတတ်သော မောဟတရား။

ယောဂီပုဂ္ဂိုလ်၏ အင်္ဂါ ငါးပါး။ ။တရားအားထုတ်သူတို့ အင်္ဂါငါးပါး၊ ဂုဏ်း သရုပ် အဓိပ္ပါယ်ကို(ပဓာနိယင်္ဂ တရား ငါးပါး)၌ ကြည့်ပါ။

http://www.dhammadownload.com

ယောဂီဏ် လက်နက်ကြီး ၅-ပါး။ ။မဟာဘဝဂ္ဂသံယုတ် ။ပါ။ ၅ ။ဋ္ဌ။ ၁၅၉။ (၁) မေတ္တာတရား ထားရှိရခြင်း၊ (၂) ကရုဏာ- ဆင်းရဲသူအား သနားရခြင်း၊ (၃) ကာယ ဝိဝေက- အပေါင်းအဖော် တို့မှ ကင်းဆိတ်နေခြင်း၊ (၄) စိတ္တဝိဝေက- ကိလေသာစိတ် ကင်းဆိတ်ရခြင်း၊ (၅) ဥပဓိ ဝိဝေက- ဥပဓိတရား ၄-ပါးမှ ကင်းဆိတ်ရခြင်း

ယောဂီရန်သူ၊ ၁၀-ပါးဟူ၊ လွှတ်သူ မာရ်နတ်ယုတ်။ ။ပဓာန လုပ်ငန်း၏ ရန်သူများ ဖြစ်သောကြောင့် ၎င်းကိုမာရ်နတ်၏ စစ်သည်တော် ၁၀-ပါးဟု ခေါ်ဝေါ်ပြောကြားလေ့ ရှိကြ၏၊ သရုပ် (မာရ်စစ်သည် ၁၀-ပါး)၌ ဆိုခဲ့ပြီ။

ယောနိအပြား။ မျိုး ၄-ပါး၊ ခွဲခြား သန္ဓေယူ။ ။မူလပဏ္ဏာသ ။ပါ။ ၁၀၅ ။ဋ္ဌ။ ပ-အုပ်။ ၃၄၁။ **ပဋိသန္ဓေ နေကြရသော ပုဂ္ဂိုလ်မျိုး လေးစားဟူ၏။** (၁) ဩပပါတိက ယောနိ- ဥပပတ် ပဋိသန္ဓေ, ကိုယ်ထင်ရှားဖြစ်မျိုး၊ (၂) သံသေဒဇ ယောနိ- အညှိစွဲ ပဋိသန္ဓေ, ပိုး, လောက်လန်း စသည်၊ (၃) အဏ္ဍဇ ယောနိ- ဥထဲ၌ ပဋိသန္ဓေ, ကြက်,ငှက် စသည်၊ (၄) ဇလာဗုဇ ယောနိ- အိမသားအိမ်၌ ပဋိသန္ဓေ, လူ, ခွေး, စသည်၊ ၎င်းကိုပင် "ဂဗ္ဘသေယျ" လည်း ခေါ်၏။

[ယို]

ယိုးဒယား ၁၂-ခန်း။ ။ပြင်စည်မင်းအားဓေးသော သုခုမ အနုပညာ မဟာဂီတ ၁၂-ခန်းဟူ၏။ (၁) ရွှေတညာ ဂီတကို 'ဖရဲတင်' ခေါ်သည်၊ (၂) နှင်းယွန်းသာဟေမန် ဂီတကို 'ခက်မွန်' ခေါ်သည်၊ (၃) တောတောင်စွယ် ဂီတကို 'ခမိန်' ခေါ်သည်၊ (၄) တောမြို့ငြိမ်ခြေလမ်း ဂီတကို 'ထနောက်' ခေါ်သည်၊ (၅) ပန်းမြို့ငယ် ဂီတကို 'ဖျင်းခြား' ခေါ်သည်၊ (၆) ခိုင်ပန်းစုံ ဂီတကို 'ထပ်တွန်' ခေါ်သည်၊ (၇) မှော်ရှု ဟေဝန် ဂီတကို 'ချတ်ချိ' ခေါ်သည်၊ (၈) မြင်းမှူးပြာညို ဂီတကို 'ငုစစ်' ခေါ်သည်၊ (၉) လွမ်းပိုအောင် ဂီတကို 'ချူခြာ' ခေါ်သည်၊ (၁၀) ဓာန်းနွေဦး ဂီတကို 'ကပိ' ခေါ်သည်၊ (၁၁) ဇလိုင်း စိန်ချယ်ညီလင်း

http://www.dhammadownload.com

ဂီတကို 'အလေ့မေ့' ခေါ်သည်၊ (၁၂) ဝေဇယန္တာ ဂီတကို 'မဟိရ်သီ' ခေါ်သည်။

[ရ]

ရံ ၃-ရွေ။ ။နန်းတော်တွင်း၌ မင်းမိဖုယား သားတော် သမီးတော်များကို ခစားဖျော်ဖြေရသော ရံရွေတော်မျိုး ၃-စား၊ တော်ဝင်သူ ကညာပျို များကို ခေါ်ဆိုသည်၊ (၁) ရံရွေတော်ငယ်- ဂေါရီ,နှင့် ကညာ,ခေါ် သော ရံရွေမယ်များ၊ (၂) ရံရွေတော်လတ်- ကုမာရီ,နှင့် သွေးစုန်း,ခေါ် ရံရွေမယ်များ၊ (၃) ရံရွေတော်ကြီး- မျက်မည်း,နှင့် မျက်ဝန်း,ခေါ် ရံရွေမယ်များ။

ဂင်းကိုရည်၍ မဃဒေဝလင်္ကာ၌ "ဂေါရီကား ရှစ်၊ ဆယ်နှစ် ကညာ၊ ဆယ့်နှစ် မှာမူ၊ ကုမာ ခေါ်ထိုး ဆယ့်သုံးနှစ်မယ်၊ သွေးစုန်းရွယ်နှင့်၊ တသွယ်ပိုင်းခြား၊ ဆယ့်ငါး မျက်မည်း၊ ကြည်းကြည်း ကြည်ရွန်း၊ နှစ်ဆယ် ဆန်းက၊ မျက်ဝန်းမည်လွှင်၊ ဤမျှလျှင်သား၊ တော်ဝင် ရွယ်ကောင်း၊ နတ်မယ်ပေါင်းတို့"ဟု စပ်ဆိုဖားလေသည်။

ရံ ၃-ရွေ၊ တနည်း။ ။မန္တလေး ကုန်းဘောင်ဆက် ဆဇဝင်ကျမ်းပြု ဦးမောင်မောင်တင် ထံ 'ညဉ့်သုံးယာမ်ခါ၊ လေပြည်လာ' ပတ်ပျိုး၌ ပါသည်'သုံးရွေကြော့ရင်' ကို ဖျာပုံမြို မြန်မာစာပေ ကြီးပွားရေးအသင်း အတွင်းရေးမှူး ဆရာဌေက မေးမြန်းသောအခါ 'သုံးရွေကြော့ရင်'ဆိုသော စကားမှာ အမျိုယ်သုံးပုံ၊ ပိုင်းခြားခယမ်းထမ်းရွက်ရသော ရံရွေတော်တို့၏ အသျှင်ဟု ဆိုလိုသည်၊ အကျယ်ကို လင်းလျှင်၊ သုံးရွေဆိုသည်မှာ အရွယ် သုံးပါးကို ပိုင်းခြားပြီးလျှင် ၁၃-နှစ်ရွယ်ထိ ကြက်တောင်, ပေါက်ချိုက်, ညှန့်ကိုက်, ဆံစည်း, စုလည်း,မြကုံး, ဖြစ်သည့် အပျိုမတော်များက တရွေ၊ ဂင်းအထက် အသက် ၁၈-ရွယ်ထိ အပျိုတော်များက တရွေ၊ ဂင်းအထက် အသက်ကြီးသော အပျိုတော် အထိန်း အယ အချိတော်များက တရွေ ဖြစ်သဖြင့် ပေါင်း ၃-ရွေ ရှိသည်ဟု ဖြေဆိုထားသည်ကို ဂင်း မူအတိုင်း ထည့်သွင်း ဖေါ်ပြလိုက်ပါသည်။

http://www.dhammadownload.com

ရကင်သံ ၃၇-ချင်း။ ။(၀၂) ဂီ, နစ်,တို့အတွက် တောင်ဘီလာ မှတ်စုမှ။ အချိုကြီး သံ,အချိငယ် သံ, ဆရာတောင်း သံ,ဆရာပန် သံ, ဆရာညွန်း သံ, အတွင်းတီးပြေ သံ, ဆံပြင်တီးပြေ သံ,ဆင်ဖြူရေချ သံ, ရွှေပလွင်တည့် သံ, ဗောဓိရွက် သံ၊ (၁၀) ဇမ္ဗူသပြေသီးကြွေ သံ, ငါးကြင်းမြီးခတ် သံ, ခရွသင်း သံ, ခွက်ခွင်း သံ, ဘီလူးဝမ်းစည်ကြိုးသံ, မြစ်တွေးလန့်တွန် ဆံ, မြစ်တွေးငှက်တွန် သံ, သိကြားအုပ်ဆောင်း သံ, သိကြားခလုပ် သံ, သိကြားရေကန်တင် သံ၊ (၂၀)သိကြားနွေလောက်ပစ် သံ,ကင်းပတ်ကြီး သံ, ကင်းပတ်ငယ် သံ, သပြေလား သံ, ထုံးကိုးတံ သံ, မျောစာမင်းဦ သံ, မိတ္ထိလာကန်ပေါက် သံ, ပြုံးကာရယ်ရွှင် သံ, နောက်မြင်းလှ သံ, ကသင်း ဝန်းလည် သံ၊ (၃၀) ပွင့်လှရွှေဝါ သံ, လုလင်ပြန် တောစည် သံ, လက်ဘက်ခွန်ဆီ သံ, မြင်းလှစာတောင်း သံ, မြင်းလှခွါ သံ,တင်မြ အချင်းသံ, စကြာမင်း ဘိသိက်မြှောက်သံ, ပေါင်း ၃၇-သံ ဖြစ်၏။

ရင့်မာ တကျိပ်။ ။အနာဂတဝင် ကျမ်းမှ၊ ပါရမီ ရင်မာပြီးကြသော ဘုရားအလောင်းတော်များ။ ဘုရားဆုပန်၊ ရင့်မာ သံ၊ ကေန်မှတ်ကွဲ့၊ တကျိပ်တဲ့၊ (၁) ရွှေဦးအစ၊ မိတေယျ၊ သိကြလေကွဲ့၊ အလောင်းတဲ့၊ (၂)ရာမ မင်းကောင်း၊ဆုပန်တောင်း၊ တကြောင်းမှတ်ကွဲ့၊ အလောင်းတဲ့၊ (၃)ကောသလမင်း၊ ကျော်သံပြင်း၊ မယ္ဒင်းဘူးကွဲ့၊ အလောင်းတဲ့၊ (၄) အဘိဘူ နတ်၊ ကျော်နှံစပ်၊ သိတတ်စေကွဲ့၊ အလောင်းတဲ့၊ (၅) အသူရိန် နတ်၊ ခေါ်ပညတ်၊ သိတတ်စေကွဲ့၊ အလောင်းတဲ့၊ (၆) ဒီဃသောဏီ၊ ပုဏ္ဏားမည်၊ အညီမှတ်ကွဲ့၊ အလောင်းဆဲ့၊ (၇) ဝဠိုက ဆို၊ ပုဏ္ဏားပျို၊ အိုအောင်မှတ်ကွဲ့၊ အလောင်းတဲ့၊ (၈) ဒေါဒေယျခေါ်၊ ပုဏ္ဏားကျော်၊ ပျော်ပျော်မှတ်ကွဲ့၊ အလောင်းတဲ့၊ (၉) နာဠာဂိရိ၊ ဆင်ဟတ္ထိ၊ သိကြလေကွဲ့၊ အလောင်းတဲ့၊ (၁၀) ပလလဲဆင်၊ အမည်တွင်၊ ထင်ထင်မှတ်ကွဲ့၊ အကောင်းတဲ့။

ရည်မှတ်၍သတ်၊ ကံမြောက်လတ်၊ ၆-ရပ် အင်္ဂါသိ။ ။ပါဏာတိပါတကံ၏ ပယောဂ ရှစ်မျိုးတွင် ဥဒ္ဓိဿ ပယောဂ၏ အင်္ဂါ ၆-ပါးကို ဆိုသည်၊ ပါရာဇိကဏ် အဋ္ဌကထာမှ။ (၁) ဝတ္ထု,ကို မှတ်၍ သတ်ခိုင်းခြင်း၊ (၂) အချိန်ကာလကို မှတ်၍ သတ်ခိုင်းခြင်း၊ (၃) အရပ် ဒေသကို မှတ်၍

http://www.dhammadownload.com

သတ်ခိုင်းခြင်း၊ (၄) ထား၊လုံ့စသည့် လက်နက်မျိုးကို မုတ်၍ သတ်ခိုင်းခြင်း။ (၅) ထိုင်ခြင်း, သွားခြင်း,စသည် ဣရိယာပုထ်ကို မှုတ်၍ သတ်ခိုင်းခြင်း၊ (၆) သတ်ပုံ သတ်နည်းကို ဘယ်ပုံသတ်ရမည်ဟု ဥပြာပြပုံကို မှုတ်၍ သတ်ခိုင်းခြင်း။ ဤခိုင်းစေနှုက်တို့မှ လွဲ၍ဃတ်လျှင် ကံမမြောက်ပေ။

ရတနာ ၃-ပါး။ ။သုတ္တနိပါတ်။ပါ။၃၀ ၂။ဌ။ ပ-အုပ်။ ၂၆၃-၌ အကျယ်ရှုပါ။ လောကဝ်၌ အမြတ်ဆုံး အကောင်းဆုံး ဖြစ်တော်မူသော ဘုရားရတနာ, တရားရတနာ, သံဃာရတနာကို ရတနာသုံးပါးဟု ခေါ်မှတ်ကြ၏။

ရတနာ ၇-ပါး။ ။လူတို့ အသုံးအဆောင် ဖြစ်သော လောကီရတနာ ၇-ဖြာ။ (၁) သုဝဏ္ဏ-ရွှေ၊ (၂) ရဇတ-ငွေ၊ (၃) မုတ္တာ-ပုလဲ၊ (၄) မဏိ-ပတ္တမြား၊ (၅) ဝေဠုရိယ-ကြောင်မျက်ရွဲ၊ (၆) ဝဇိရ-စိန်၊ (၇) ပဝါဠ-သန္လာ။

ရတနာ ၉-ပါး။ ။နဝ ရတနာ ခေါ် "နဝရတ် ၉-ပါး" ကိုပင် "ရတနာ ၉-ပါး"ဟု မှတ်လေ။ အကျယ် (နဝရတ် ၉-ပါး)၌ ရှုပါ။

ရတနာ ၁၀-ပါး။ ။ဝိနည်းပါဠိတော် ပါစိတ် ရတနဝဂ်- ၂၁ ၂ ။ဌ။ ၁၅၂-မှ။ (၁) မုတ္တာ-ပုလဲ၊ မဏိ-မြ, ပတ္တမြားစိမ်း၊ ဝေဠုရိယ-ကြောင်မျက်ရွဲ၊ သင်္ခ-ခရွသင်း၊သိလာ-ကျောက်သလင်း၊ ပဝါဠ-သန္လာ၊ရဇတ-ငွေ၊ဇာတရူပ-ရွှေ၊ လောဟိတင်္ဂ-ပတ္တမြားနီ၊ မသာရဂံ-ပတ္တမြားပြောက်။ (၁၀)

ရတနာ ကျောက်များ၊ အမြတ်ထား၊ မျိုးပြား ၂၄။ ။ငင်း သရုပ်ကို (ကျောက်မြတ် ရတနာမျိုး ၂၄-ပါး)၌ ဆိုခဲ့ပြီ။

ရတု ၆-ပါး။ ။ဝိသုဒ္ဓိမဂ် ၃-အုပ်။ ၂၅၆။ ဤ၌ ကျဉ်းကျဉ်းနှင့် လွယ်ကူစေရန် နက္ခတ်အလို, သူရိယမာသ အလို,တို့ကို မဖော်ပြဘဲ စန္ဒမာသ အလို အားဖြင့်သာ ယူဉ်တွဲ၍ ပြလိုက်သည်။

(၁) သသီရ-သိသ်ရ ရတု၊ပြာသိုလဆန်း ၁၅-ရက် ညဥ့် ၂-ချက်တီးကျော် အချိန်မှစ၍ တပေါင်းလဆန်း ၁၅-ရက် ညဥ့် ၂-ချက်တီး အထိကို ဆိုသည်။

http://www.dhammadownload.com

(၂) နိဿရ-ဝဿန္တ ရတု၊ တပေါင်းလဆန်း ၁၅-ရက် ညဉ့် ၂-ချက်တီး ကျော်ကစ၍ ကဆုန်လပြည့်နေ့ ညဉ့် ၂-ချက်တီး အထိ။

(၃) ဂိမ္ဟန္တ-ဂိမ္ဟ ရတု၊ ကဆုန်လဆန်း ၁၅-ရက် ညဉ့် ၂-ချက်တီးကျော်မှ စ၍ ဝါဆိုလပြည့်နေ့ ညဉ့် ၂-ချက်တီး ချိန်ထိ။

(၄) ဝဿန္တ-ဝဿာန ရတု၊ ဝါဆိုလပြည့်နေ့ ညဉ့် ၂-ချက်တီးကျော်မှ စ၍ တော်သလင်းလဆန်း ၁၅-ရက် ညဉ့် ၂-ချက်တီး ချိန်ထိ။

(၅) သာရဒ-သရဒ ရတု၊ တော်သလင်းလပြည့်နေ့ ညဉ့် ၂-ချက်တီး ကျော်မှစ၍ တန်ဆောင်မုန်းလဆန်း ၁၅-ရက် ညဉ့် ၂-ချက်တီး ချိန်ထိ။

(၆) ဟေမ-ဟေမန္တ ရတု၊ တန်ဆောင်မုန်းလပြည့်နေ့ ညဉ့် ၂-ချက်တီး ကျော်မှစ၍ ပြာသိုလဆန်း ၁၅ ရက် ညဉ့် ၂-ချက်တီး ချိန်ထိကို ခေါ်ဆိုသည်။

ရတုကဗျာအပြား မျိုး ၄-ပါး။ ။ရတုလင်္ကာ အမျိုးအစား လေးပါးဟူ၏။ (၁) ကေပိုဒ်ရတု- တပိုဒ်တည်းနှင့် အဓိပ္ပါယ် ကြောင်းခြင်းရာ ကုန်စုံအောင် ရေးသား စပ်ဆိုထားသော ရတုမျိုး၊ (၂) အဖြည့်ခံရတု- ပိုဒ်စုံရတု ဖြစ်ရမည့်အစား နောင်ခါ ဖြည့်စွက်ရေးသားကြရန်အတွက် ၂-ပိုဒ်သာ ရေးသားထားသော ရတုမျိုး၊ (၃) ပိုဒ်စုံရတု ၂-ပိုဒ်ဖြင့် ပြီးပြည့်စုံအောင် ရေးသားစပ်ဆိုထားသော ရတုမျိုး၊ 'မဲဇာတောင်ခြေတို့လို' (၄) ပိုဒ်များရတု-ပိုဒ်စုံမျှ မကတော့ဘဲ ၄,၅,၆,၇,၈,၉ ပိုဒ် စသည်ဖြင့် စပ်ဆိုထားသော ရတုမျိုး၊ ချို, ချ, ညီညီ, မညီညီ, စပ်ဆိုနိုင်သည်။

ရတုကဗျာ ချို,ချ,နည်းမျိုး ၂၅-ပါး။ ။ကဗျာဗန္ဓသာရကျမ်းမှ နည်းရရုံမျှ ယူပြသည်။ (၁) ထူးဆန်းထေ့လာ ၃-ပိုဒ်လုံး၌ ရှည်တို ချို,ချ မတူကြသော ဖွဲ့စီကုံးနည်း၊ (၂) ညွှန့်ရှင်- အသတ်ရှိသော စာလုံးဖြင့်သာ ချခြင်း၊ (၃) ပေါက်ပြ- အသတ် ပါ, မပါ, အက္ခရာတူဖြင့် အချို, အချ မျှ၍ ကုံးဖွဲ့ခြင်း၊ (၄) ငုံဖူး-၍ ဟူသော အက္ခရာ မပါစေဘဲ ချို,ချခြင်း၊ (၅) ပုလဲသွယ်-အသတ်အက္ခရာနှင့် ၍-ဟူသော အက္ခရာ အချို, အချ,မှာ

http://www.dhammadownload.com

ပါခြင်း၊ (၆) လည်ကုပ်ချို-ရွှေပုဒ်၏ ဒုတိယပါဒ တတိယပါဒတို့တွင် တခုခုသော၁ပါဒ၌ အက္ခရာကိုငင်း၊ အဓိပ္ပါယ်ကိုငင်း ယူ၍ လည်ကုပ်တွင် ချိခြင်း၊ (၇) အဖျားကောဇော်- ရွှေပုဒ်၏ အချုတ်ပါသော အက္ခရာ အဓိပ္ပါယ်တို့ကို ယူချိခြင်း၊ (၈) ရွှေလောင်းပျံ-က,ခ,တ,ယ,ပ,ရ,မ, ငင်း အက္ခရာ ၇-လုံးတို့ဖြင့် ချိချခြင်း၊ (၉) သော်တာဆောင်-ဟု, အက္ခရာ ရှောင်ရှားပြီး အသတ်တူ ကာရန်တူ အသံတူတို့ဖြင့် ချခြင်း၊ (၁၀) ကက္ကုဆူး-ရီ,ချ ၃-ပိုဒ်လုံး၌ အချို,အချ မညီထားခြင်း၊ (၁၁) နေရောင်ခြည်ပြေး- က,တ,ထ, ဟူသော အက္ခရာ ၃-လုံးတို့တွင် တလုံးလုံးဖြင့် ချခြင်း၊ (၁၂) ဖျောက်ဆိပ်လယ်-ဝဏ္ဏ တလုံးလုံး အကြားတွင်ပါ၍ အသတ်ရှိသော အက္ခရာဖြင့်သာ ချခြင်း၊ (၁၃) ညွန့်ဟုံ-ဝသတ် အက္ခရာ မျှား၍ ချခြင်း၊ (၁၄) ခိုင်ညွန့်ခက်ဖြာ- ၇-လုံးဖြင့် အဆုံးချခြင်း၊ (၁၅)မဏိဆံကျင်- ၉-လုံးဖြင့် အဆုံး ချခြင်း၊ (၁၆) အာသာဝတီဝတ်ဆံ-၁၀-လုံးဖြင့် ချခြင်း၊ (၁၇) မဏိဦးပြည်း- ၁၅-လုံးဖြင့် ချခြင်း၊ (၁၈) ဇော်တခိုင်လုံး- ၁၉-လုံးဖြင့် ချခြင်း၊ (၁၉) မပြတ်ကေသာ- ၂၅-လုံးဖြင့် ချခြင်း၊ (၂၀) ဇမ္ဗူသပြေသီးမှည့်- ၃၅-လုံး အဆုံးချခြင်း၊ ထို့ထက် လွန်၍ မချကောင်းချေ၊ (၂၁) ချိန်ခွင်လျာ-ပဌမနှင့် တတိယပိုဒ်တို့မှာ သံတူချ၍ ဒုတိယပိုဒ်မှာ သံကဲ့ချခြင်း၊ (၂၂) ဘီလူးရယ်- သရုပ်, သဝဏ္ဏ အက္ခရာ အသတ်,အသံ စသည်တို့ကို မတူလို်းလွဲပြု၍ စီကုံးခြင်း၊ (၂၃) စာကျိုး-ငသတ်,ညသတ်၊ တသတ်, ပသတ်၊ နသတ်, မသတ်တို့ကို စပ်ခြင်း ချို,ချခြင်း၊ (၂၄) စာဆန်း-ကဝိမပီသ, ကဗျာဥပဒေမရှိသည့် ခေတ်ဆန်း စာပေ ဟူသမျှ၊ (၂၅) စာထုံး-စာကျိုးကိုပင် ခေါ်ဆိုသည်။

ရတုစပ်ရာ၊ နည်း ၆-ဖြာ၊ ကျမ်းလာ အာဘယ်နည်း။ ။ ရတုစပ်နည်းနှင့် ပတ်သက်၍ ကျမ်းပေါင်း များစွာ လာရှိကြသော်လည်း ဤ၌ ကဗျာဗန္ဓသာရကျမ်း၌ လာသည်ဟုံ ဖြေဆိုပါအံ့။ ၎င်းပုံစံကို (အစပ် ၆-ပါး) ၌ ပြန်ရှုလေ။

ရတုပိုဒ်စုံမျိုး ၅-ပါး။ ။ပိုဒ်စုံ စုပ်ပုံ နည်းမျိုး ၎ါးပါးကို ဆိုသည်၊ ပိုဒ်စုံဆိုသည်ကား ၃-ပုဒ်ကို ဆို၏။

http://www.dhammadownload.com

(ဃ) ရိုးရိုးပိုဒ်စုံ- အစပ် ၆-ပါးဥ် ဖြစ်သလို ထည့်သွင်း စပ်ဆိုသွားသော ပိုဒ်စုံ ရတုများ။ ပုံ- မဲဇာတောင်ခြေ- တို့လို့။

(င) သတ်စ္ဆေနက်၊ ၃-ချက်ညီ ပိုဒ်စုံ- ကာရန် ၃-ချက်လုံးကို ညီညွတ်စွာ ၃-ပုဒ်လုံးဥ် မချွတ်အောင် စပ်ဆိုသွားသော ရတုပိုဒ်စုံများ။ ပုံ- ဒု နဝဒေးဆို 'ညွန့်လမ်းရွေဝါ' တို့လို့။

(စ) စကြာလည် ပိုဒ်စုံ- စကြာများလည်သလို မိမိ၏ အချိပိုဒ်နှင့်ပင် အဆုံးဥ် ထပ်၍ချသော ပိုဒ်စုံမျိုး။ ပုံ၊ ရခိုင် မိညို့ဆို 'နန်းတွင်းမိညို့၊ ကျန်ပ်ဆိုသား (ယ) နန်းတွင်းမိညို့သာ တကား' တို့လို့။

(ဆ) ကိုယ်တွင်းပြည့် ပိုဒ်စုံ-ကိုဖ်နှင့်တူသော အလည်ပိုဒ် အားလုံးတို့ဥ် ပဌမ ပိုဒ်၏ သတ်ပုံကာရန်အတိုင်း မချွတ်လိုက်ယူ စပ်ဟပ် ရသော ပိုဒ်စုံမျိုး၊ ပုံ-ရှင်ရဋ္ဌသာရဆို (က) မြသွယ်ရောင်လျှံ၊ ကုံးရှိပန်လျက်၊ ဝင်းစံကြွေရွက်၊ ဖူးသစ်ထွက်သော် (လ)။ (ခ) လသွယ် ခေါင်စံ၊ သုံးရွေရံလျက်၊ မင်းစံ ရွှေညက်၊ ဦးသစ်ခက်သော် (လ)။ (ဂ) မြရွယ်တောင်ရံ၊ ရုံးတွေ့စံလျက်၊ တင်းသံစေခက်၊ ကြွေးနှစ်သက်သော် (လ) အပိုဒ်ရှိသမျှ ဤနည်းစပ်။

(ဈ) တောင့်ထဲတွန့် ပိုဒ်စုံ-ပိုးတောင့်ထဲ တွန့်သလို ကောက်ကွေ့တွန့်လိမ်ကာ ၄-လုံး တမျိုး၊ ၅-လုံး တခါ၊ စပ်ဆို သီကုံးသွားသော ပိုဒ်စုံမျိုး၊ ပုံ- ရှင်ရဋ္ဌသာရဆို 'ဒေဝစ္ဆရာ၊ ပြင်လျာ သင့်တင့်ယောင်၊ ရွှေကြက်တောင်ဝယ်၊ လှခေါင်တင့်မျိုးလွှတ် (ယ) ရွှေရင် ဖုံးတုံ မဖုံးတုံ' တို့လို့။

ရတုမျိုး ၃-ပါး။ ။ဥတုမျိုး ၃-ပါးကိုပင် အချို့စာပေတို့ဥ် 'ရတု' ဟူသော ဝေါဟာရဖြင့် ရေးသုံးကြကုန်သည်၊ သဘော အတူပင် မှတ်ပါ။

ရန်အောင်မြင်ရာ၊ နည်း ၆-ဖြာ၊ သိပါ အစိုးရ။ ။ဇာတ် ။ပါ။ ပ-အုပ်။ ၁၃၁-။၌။ တတိယအုပ်။ ၁၉၁-စသည်တို့ဥ်လည်း ပါရှိသည်။ ဆုဇနီတိမှ။ ရန်သူများကို အောင်နိုင်မှု နည်းပရိယာယ် ၆-ပါး။ (၁) စားနပ်ရိက္ခာ ခဲယမ်းမီးကျောက် လက်နက် စစ်သည်ဗိုလ်ပါတို့ တောင့်တင်းပြည့်စုံခြင်း၊

http://www.dhammadownload.com

(၂) ပရိတ်တော်နှင့် မန္တန်ထားမန္တန်တို့ကို ရွတ်ဖတ်ခြင်း၊ (၃) ပညာရှိတို့နှင့် တိုင်ပင်ခြင်း၊ (၄) ချစ်ဖွယ်စကားကို ပြောဆိုခြင်း၊ (၅) လက်ဆောင်ပဏ္ဏာတော်ကို ပို့ဆက်ခြင်း၊ (၆) အမျိုးအနွယ် ဆက်စပ်ခြင်း, မိတ်ဖွဲ့ခြင်း။

ရန်ငြိုးဖြေကြောင်း တရား ၅-ပါး။ ။ရန်သူအပေါ် ၌ ရန်ငြိုးပြေစရာ တရား ငါးပါး။ (၁) မေတ္တာ ဘာဝေတမ္မာ- ရန်သူ၌ မေတ္တာပွားပါ၊ (၂) ကရုဏာ ဘာဝေတမ္မာ- ရန်သူကို သနားညှာတာပါ၊ (၃) ဥပေက္ခာ ဘာဝေတမ္မာ-လျစ်လျူ ရှုလိုက်ပါ၊ (၄) အဘတိ မနသိကာရော-မေ့ပျောက်ပစ်လိုက်ပါ၊ (၅) ကမ္မဿ ကတာ အဓိဋ္ဌာတမ္မာ-သူပြုသမျှအမှု သူ့ကံနှင့် သူ ဖြစ်ပါစေတော့ ဟူသော သဘောထားလိုက်ပါ။

ရန်ငြိုးဖွဲ့ကြောင်းတရား ၉-ပါး၊ ၁၀-ပါး။ ။နဝဂ်တ္တရ ပါဠိတော်။ ၂၀၈။၌။ ၂၇၆။ ဒသဂ်တ္တရပါဠိတော်။ ၃၇၅။၌။၃၂၄-၌ အကျယ်ရှုပါ။အာဃာတဝတ္ထု ဆယ်ပါးလည်း ခေါ်၏။ ဒေါသဖြစ်ရန် နီးစွာသော အကြောင်းတို့တည်း။ (၁) မိမိစီးပွားမဲ့ကို ယခုပြုနေသူ၊ (၂) ရှေးကပြုခဲ့ဘူးသူ၊ (၃) နောင်ခါပြုမည့်သူ၊ (၄) မိမိချစ်သူ စီးပွားမဲ့ကို ယခုပြုနေသူ၊ (၅) ရှေးက ပြုခဲ့ဘူးသူ၊ (၆) နောင်ခါ ပြုမည့်သူ၊ (၇) မိမိမုန်းသူ၏ စီးပွားဥစ္စာ ယခုတိုးတက်နေခြင်း၊ (၈) ရှေးက တိုးတက်ခဲ့ခြင်း၊ (၉) နောင်လည်း တိုးတက်အံ့ဖြစ်ခြင်း၊ (၁၀) မိုဃ်းရွာလွန်း, နေပူလွန်း, လေတိုက်လွန်း, မရွာ, မပူ, မတိုက်၊ လသာ,လမသာခြင်း၊ခလုပ်တိုက်မိခြင်းတို့၌ အရာမဟုတ်ဘဲလျက် အမျက်ထွက်ခြင်းဟူသော အင်္ဂါန ကောဝ။

ရန်ငြိုးမျက်ထား၊ အပြစ်များ၊ ၅-ပါး မကောင်းသင့်။ ။ငင်း သရုပ်ကို (အမျက်ပွားများ၊ ပြစ်တရား၊ ၅-ပါး ကျမ်း၌ဆို) ဟူသော သုဘသုတ်၌ ဆိုခဲ့ပြီ။

ရန်လည်း မဆိုင်၊ မပြိုင်တရား၊ မျိုး ၁၀-ပါး၊ ရှောင်ရှားစရာ အဘယ်နည်း? ။ ကျွဲ၌ အမေးပုစ္ဆာပြုသူက ဆယ်ပါးသာ မေးထားသော်လည်း သြဝါဒထူးပျှို၌ ၁၁-ပါးဖျ လာ၍၏၊ ထို့ကြောင့် ၎င်းပျှို စာမူအတိုင်း ပင် ဖြေဆိုလိုက်အံ့။ ရန်မပြုရာ၊ ဆယ့်တစ်မှာကား -

http://www.dhammadownload.com

(၁) ဈာဏာထန်ပြင်း၊ စိုးမင်းတို့အား၊ ရန်ပြုမှားသော်၊ နှောင်ထားပုတ်ခတ်၊ ဘေးတွေ့တတ်၏။

(၂) မှူးမတ်စစ်ကဲ၊ သူရဲဗိုလ်မှူး၊တပ်မှူးစစ်ကူပ်၊ စစ်ကြုပ်မှူထမ်း၊ ရာထမ်းတို့အား၊ ရန်ပြုမှားသော်၊ ကြေထွားရိပွတ်၊ ကူပ်ညှပ်ပြင်း၍၊ ချည်နှောင်တွေ့၏။

(၃) နောက်ရွှေမြင်သီး၊ သူကြီးကြေးကိုင်၊ မြေတိုင်စချို၊ အစီအရင်၊ ရွာရှင်တို့အား၊ ရန်ပြုမှားသော်၊ ရပ်ခြားမြေရွှေ၊ နှင်ထုတ်တွေ့၏။

(၄) ညဉ့်နေ့ခတ်လည်၊ ဆုဇ္ဈစည်နှင့်၊ မောင်းသည်တို့အား၊ ရန်ပြုမှားသော်၊ ထိပါးမျက်ဌေ၊ ဆင်းရဲတွေ့၏။

(၅) သိမ်မွေ့အာစာ၊ ခေမာရည်မှန်း၊ ရဟန်းတို့အား၊ ရန်ပြုမှားသော်၊ လေးပါးပါယ်ဌေ၊ ဆင်းရဲတွေ့၏။

(၆) အလေ့ဘာသာ၊ ယုတ်မာကျင့်ရိုး၊ ကျွန်ဆိုးတို့အား၊ ရန်ပြုမှားသော်၊ လေးစားမထေ၊ မရိုသေလျှင်၊ ပြုလေတုံ့၍၊ ကြုံစည်မေ့၏။

(၇) ရေမြေတံခွန်၊ မင်းကျွန်တို့အား၊ ရန်ပြုမှားသော်၊ လှည့်ပြားပတ်ကွေ့၊ ကုန်းတိုက်တွေ့၏။

(၈) ကြီးလေ့ဂုဏ်၊ မိဘတို့အား၊ ရန်ပြုမှားသော်၊ စကားလောင်ဝေ့၊ မှုရာတွေ့၏။

(၉) ရွှေငွေအတိ၊ နက်ကျိုဖြင်အေး၊ သူဌေးတို့အား၊ ရန်မှုမှားသော်၊ တရားပြု၍၊ အလျော်တွေ့၏။

(၁၀) ကောဖ်းစေ့မဟုတ်၊ သူယုတ်တို့အား၊ ရန်ပြုမှားသော်၊ စကားစမည်၊ အရှည်အတို၊ မရိုမသေ၊ အထွေထွေလျှင်၊ ပလေ့လွှင့်၍၊ ကွဲရွဲတွေ့၏။

(၁၁) ချမ်းမြေ့ယှဉ်မှီး၊အိမ်နီးချင်းအား၊မုန်တွေ့မှားသော်၊ရွာသားရွာသူ၊ ဦးမည်းဖြူတို့၊ ငြူစူစောင်းမဲ၊ ငြီးငွေ့မြဲသည်၊ ဆိုဆဲခံရ မှန်မုချ။

http://www.dhammadownload.com

ရန်သူမျိုး ၄-ပါး။ ။ကျွဲ၌ ကျက်မှတ်ရ လွယ်ကူစေရန် စာဏကျပျို့မှ ယူပြုလိုက်သည်။

(၁) မွေးသည့်ဘခင်၊ ကျေးဇူးရှင်လည်း၊ ကြွေးတင်အောင်သာ၊ ပြုလုပ်ပါမူ၊ သေချာစီစစ်၊ ရန်သူဖြစ်၏။

(၂) အချစ်ဖိုအင်၊ မွေးမိခင်လည်း၊ ပျော်ရွှင်မိုက်မှား၊ လင်ငယ်ထားမူ၊ မှတ်သားစင်စစ်၊ ရန်သူဖြစ်၏။

(၃) မေတ္တာဆပွား၊ ချစ်မယားလည်း၊ အများငေးမျှ၊ အလွန်လှမူ၊ မှတ်ကြစင်စစ်၊ ရန်သူဖြစ်၏။

(၄) ရင်နှစ်ခေါ်ငြား၊ သီးသားလည်း၊ သင်ကြားပညာ၊ ကင်းမဲ့ပါမူ၊ မှတ်ထုစင်စစ်၊ ရန်သူဖြစ်၏။

ရန်သူမျိုး ၅-ပါး။ ။ပဋ္ဌာန်းတွဲရ။ပါ။ ၂၂၆။ ထေရိဂါထာ ။ပ။ ၄၃၃ ။ဋ္ဌ။ ၂၉၆။ ပေါ့တန်စွာ မပြုကျင့်ရသော အထူးငါးပါး။ (၁) ရေ ရန်သူ၊ (၂) မီး ရန်သူ၊ (၃) မင်း ရန်သူ၊ (၄) ခိုးသား ထားပြ ရန်သူ၊ (၅) မလို မုန်းတီးသူ ရန်သူ။

ရပ်ပြစ် ၈-ပါး။ ။အဋ္ဌကထာခေါ် နိဗ္ဗာန်,မဂ်,ဖိုလ် မရကောင်းသော အရပ်ဌာန ရှစ်ပါး ဟူ၏၊ ဇီနာလင်္ကာရဋီကာ။ (၁) ပစ္စန္တဇော-ဗုဒ္ဓသာသနာတော် မတည်မရှိသော ပစ္စန္တရစ်အရပ်၊ (၂) အရူပီနော- နာမ်သာရှိ၍ ရူပ်မရှိသော အရူပ ၄-ဘုံ၌ ဖြစ်ခြင်း၊ (၃) ဝိတ လိင်္ဂါ- ပဋိသန္ဓေ အားဖြင့် အင်္ဂါ ချို့တဲ့သော သူဖြစ်ခြင်း၊ (၄) အသညဇော- ရူပ်သာရှိ၍ နာမ်မရှိသော အသညသတ်ဘုံ၌ ဖြစ်ခြင်း၊ (၅) မိစ္ဆာဒိဋ္ဌိ-နိယတမိစ္ဆာဒိဋ္ဌိ မျိုး ဖြစ်ခြင်း၊ (၆) ပေတော- ပြိတ္တာဘုံ၌ ဖြစ်ခြင်း၊ (၇) တိရစ္ဆာနေော- တိရစ္ဆာန်ဘုံ၌ ဖြစ်ခြင်း၊ (၈) နေရယိကော- ငရဲဘုံ၌ ဖြစ်ခြင်း။

ရပ်ပြစ် ၈-ပါး၊ တနည်း။ ။အင်္ဂုတ္တရ ။ပါ။၆၀။ဋ္ဌ။ ၄၄။ သုတ်ပါထေယျ ။ပါ။ ၂၄၈။ဋ္ဌ။ ၂၄၆။ဝိမာနဝတ္ထု။ဋ္ဌ။၁၁၇။ကျွဲပြုလတ်ကား သမာနဝါဒ ဆရာတို့အလိုတည်း၊သာသနာတွင်း အခါမျိုး၌။ (၁) ငရဲဘုံ၌ ဖြစ်သောသူ၊

http://www.dhammadownload.com

(၂) တိရစ္ဆာန်ဘုံ၌ ဖြစ်သောသူ၊ (၃) ပြိတ္တာဘုံ၌ ဖြစ်သောသူ၊ (၄) အသုရသတ်ဘုံ ၊ အရှုပဘုံတို့၌ ဖြစ်နေသူ၊ (၅) မဇ္ဈိမတိုက် ဘုရား ပွင့်ခိုက်၌ ပဋိသန္ဓေအားဖြင့် ချို့တဲ့စွာ လူဖြစ်နေသူ၊ (၆) မဇ္ဈိမတိုက် ဘုရားလက်ထက်၌ တိဟိတ်ပဋိသန္ဓေ တည်နေသူ ဖြစ်လျက် မိစ္ဆာဒိဋ္ဌိ ယူနေသူ၊ (၇) ပစ္စန္တရဋ္ဌေ၊ သာသနာမဲ့ရာ အရပ်မျိုး၊ (၈) ဗုဒ္ဓသုည ခေါ် သုညကမ္ဘာ၌ မဇ္ဈိမတိုက်သားစု။

ရပ်ပြစ် ၉-ပါး၊ တနည်း။ ။ထို ၈-ပါးတို့တွင် "အသုရကာယ်ဘုံ" ထည့်၍ (နဝအက္ခဏေ) ဟု သုတ်ပါဠိက။ ၂၁၉-၌ လာရှိသည်။

ရယ်ခြင်း ၉-ပါး၊ လူအများ၊ တရားရစေမှု။ ။စာဆိုတော်ကြီး စိန္တကျော်သူ ဘွဲ့ခံ ဦးဩ၏ ဩဝါဒထူးပျို့ စာပိုဒ်ရေ ၁၅-မှ ရယ်ခြင်း သုံးပါးကို ပိုင်ဆိုင်သူတို့အတွက် တရားရရန် ပြဆိုလိုက်သည်။

(၁) မယားသယ် မှယ်ခြင်း၊ ချစ်လှိုမည်း၊ ဇနီးအိမ်ရှင်၊ မိမိလင်သည်၊ ချစ်ခင်သောအား၊ သမီးသားကို၊ ပိုက်ဖျားအားရမ်း၊ ချီရွှတ်နမ်း သော်၊ မယ်ဝမ်းကမွေး၊ သူများသွေးကို၊ အလေးတမြတ်၊ သင့်သား မှတ်၍၊ လည်ပတ်ဖက်ချီ၊ နမ်းလေပြီဟု၊ မထည်မလေး၊ အသွမ်း သွေး၍၊ အဝေးမျက်ကွယ်၊ မယားရယ်၏။

(၂) မြေ့ လယ့်ယာက ရယ်ခြင်း၊ ငါ့လယ် ငါ့ယာ၊ ငါ့မြေတာဟု၊ ဥစ္စာ ခင်မင်၊ ပြန်ဆိုလျှင်လည်း၊ အရှင်မဲ့ပါ၊ ငါတို့မှာမူ၊ ကဗ္ဘာမကျေ၊ မခြင်းနေ၏၊ မသွေယွင်းဟို၊ သင်းတို့ကိုယ်မျှ၊ လို့ မပိုင်ဘဲ၊ ဘွယ်သရဲဟု၊ ပြောင်ဖြဲသောနှယ်၊ မြေ့ကရယ်၏။

(၃) ရွှေ ငွေ ရတနာက ရယ်ခြင်း၊ ငါ့စိန် ငါ့ရွှေ၊ ငါ့ကြေးငွေဟု၊ စိတ်စေ့ ကြည်သာ၊ ဆိုပြန်ပါလည်း၊ ကြမ္မာဆော်တိုက်၊ ကောင်းစော်ခိုက်မို့၊ အိမ်ဆိုက်မျှသာ၊ တည်းခိုပါရှင့်၊ ငါးဖြာရန်သူ၊ ယူလည်း တို့ပါ၊ သေမင်းခွါလည်း၊ သင့်ရာ အလျောက်၊ ငါတို့မောက်သည်၊ တို့သခင်လျှင်၊ ဖြစ်ချစ်လွန်းလှ၊ လွန်မင်းစွဟု၊ ဒေါသချီးရယ်၊ ရွှေ ငွေ ရယ်သည်၊ သုံးသွယ်ရယ်ဆေး၊ ပြက် သွယ် သွေး။

http://www.dhammadownload.com

ရယ်ခြင်း ဖ-ပါး၊ **မျိုးအပြား၊ မိန့်ကြား ဘိဓမ္မာ။** ။ထင်း ခြောက်ပါးဦ ၂-ပါးစီ, အစဉ်အတိုင်း သူမြတ် ရယ်ခြင်း, သူလတ် ရယ်ခြင်း, သူယုတ် ရယ်ခြင်းဟု ဆိပါလေ။ (၁) သိတ- မျက်စိပွင့်ရုံမျှ ပြုံးခြင်း၊ (၂) ဟသိတ- သွားအနည်းငယ် ပေါ်ရုံမျှ ပြုံးခြင်း၊ (၃) ဝိဟသိတ- အသံသာ ညှင်းစွာ ထွက်ရုံမျှ ရယ်ခြင်း၊ (၄) ဥပ ဟသိတ- ပခုံးဦးခေါင်း လှုပ်အောင် ရယ်ခြင်း၊ (၅) အပ ဟသိတ- မျက်ရည်ထွက်အောင် ရယ်ခြင်း၊ (၆) အတိ ဟသိတ- လက်, ခြေ, ကိုယ် ကို ပစ်ယိမ်း၍ ရယ်ခြင်း။

ရယ်ဘွယ် ၁၀-ပါး၊ **ကဝိများ၊ မိန့်ကြားကမျာ အာဘယ်နည်း?** ။ ။ စိန္တကျော်သူ ဦးသြရေး သြဝါဒထူး ပျို့ကမျာ၌ ဤသို့ဆို၏။ (၁) ဆယ်ပါးရယ်ဘွယ်၊ မှတ်ကြောင်း သွယ်ပိမ့်၊ ဉာဏ်ကျယ် ပါလျက်၊ ပွဲလယ် ချက်ဝယ်၊ နှုတ်ထွက် ယွင်းပါး၊ ဖွင့်ဆိုမှားအံ့၊ (၂) ခစား သူ့မှာ၊ သူလိုရာသို့၊လိုက်နာရလျက်၊ မာနတက်အံ့၊ (၃) လက္ခဏာမဲ့၊ ချို့တဲ့ဥစ္စာ၊ ဆင်းရဲစွာလျက်၊ ကာမဂုဏ်မှူ၊ လုံ့လပြုအံ့၊ (၄)ပြီးထုထပ်ပွား၊ ဥစ္စာများလျက်၊ မိုက်အား ဖုံးလွှမ်း၊ မပေးကမ်းဘဲ၊ ဒါန နည်းအံ့၊ (၅) ငြိမ်းချမ်း သာယာ၊ နေရပါလျက်၊ သူ့မှာမှီနေ၊ ခစားလေအံ့၊ (၆) သားရေ လျော့ပါး၊ အိုလှည့်ငြားလျက်၊ တရားမဂ်ဖိုလ်၊ မမှီခိုအံ့၊ (၇) ရန်ဖြို့ ပယ်လှစ်၊ ပြည့်ရှင်ဖြစ်လျက်၊ မူ ညစ်ဆိုးနွမ်း၊ မူးမတ်သွမ်းနှင့်၊ ချစ်ကျွမ်း ဝင်ဝင်၊ ရေးတိုင်ပင်အံ့၊ (၈) သန့်စင်နွယ်ခတ်၊ မျိုးရိုးမြတ်လျက်၊ အတတ်မသင်၊ နားဝင် မကျွမ်း၊ လော်လီသွမ်းအံ့၊ (၉) မနွမ်းဂုဏ်အင်၊ ယောကျ်ားစင်လျက်၊ ချစ်ခင်စိုးပိုင်၊ မယားနှိုင်အံ့၊ (၁၀) သုံးဆိုင်ဗေဒင်၊ ကုန်စင်မြောက်မြား၊ ထုံးနှယ်ထွားသည့်၊ ပုဏ္ဏားဖြစ်လျက်၊ အကျင့် ပျက်အံ့၊ ကန့်ကွက်ခြားနား၊ ဤဆယ်ပါးကို၊ အမှားလူတွင်၊ ရယ်ဘွယ် ထင်သည်၊ သည့်ပြင်ရယ်ဆေး ရမည်ဝေး။

ရသ ဖ-ပါး၊ ၇-ပါး၊ ၉-ပါး၊ **တနည်း**။ ။ထင်း သရုပ်ကို (အရသာ ဖ-ပါး။ ၇-ပါး။ ၉-ပါး)၌ ရှုပါ။

ရသမျိုး ၃-ပါး။ ။ပဋိသမ္ဘိဒါမဂ် ။ပါ။ ၂၈၀ ။ဋ္ဌ။ ပ-အုပ်။ ၁၈၃။ (၁). **ဓမ္မရသ**- မဂ်-၄-ပါး။ (၂) **အတ္ထရသ**- ဖိုလ် ၄-ပါး၊ (၃) **ဝိမုတ္တိရသ**- **နိဗ္ဗာန်**။

http://www.dhammadownload.com

ရဿ ဿရ၊ ဥ-လုံးပြိုး ဿဒ္ဒ ဥပဒေး။ ။မျက်စိတမှိတ် လျှပ်တပြက်ခန့်မျှ တိုသောအခါ တမတ္တ၂ကာလမျှ အသက်ရှိသော (အ, ဣ, ဥ) ၎င်း သုံးလုံးကို ဆိုသည်။

ရသေ့မျိုး ဂ-ပါး။ ။သုတ္တနိပါတ် ။၌။ ပ-အုပ်။ ၃၁၀။ သာသနာတော်တွင်း၌ ရသေ့မဝတ်ကောင်းချေ၊ ရသေ့ဝတ်သောသူသည် သာသနာတော်ကို ဖျက်ဆီးသူ မည်ကြောင်းနှင့်သင်္ခာယတနသံယုတ်။ပါ။၅၁၈။၌။၁၄၅။ သုတ်သီလကွန် ။ပါ။ ၄၉ ။၌။ ၂၄၀-တို့၌ သေချာစွာ ဟောထားတော်မူသည်။ (၁) သပုတ္တ ဘရိယ ရသေ့- ပစ္စည်းဥစ္စာ စုဆောင်း၍ သား မယား နှင့် နေသော ရသေ့၊ (၂) ဥစ္ဆာဒရိယ, ရမသေ့- ကောက်သင်း ကောက်၍ စားရသော ရသေ့၊ (၃) အဂ်ိပက္ကဲက ရသေ့- ဆန်, ပဲ, အလှူခံ၍ ချက်စားသော ရသေ့၊ (၄) အသာမပါက ရသေ့- ကျက်ပြီး ထမင်း ဟင်းကို ခံစားသော ရသေ့၊ (၅) အသ္မ မုဋ္ဌိက ရသေ့- သစ်ခေါက်ခွံကို ခွါစား သော ရသေ့၊ (၆) ဒန္တဝက္ကလိက ရသေ့- မိမိသွားဖြင့်သာ ကိုက်ခွါစားသော ရသေ့၊ (၇) ပဝတ္ထဖလ ဘောဇန ရသေ့-သစ်သီး သစ်ရွက်တို့ကို ခွေဆွတ်၍ စားရသော ရသေ့၊ (၈) ပဏ္ဏုပလာသိက ရသေ့- အလိုလို ကျွေကျလာသော ရွက်, ပွင့်, သီး တို့ကိုသာ စားသော ရသေ့မျိုး။

ရဟန္တာထို့ မပြုစော့ဓသော ထရား ၅-ပါး။ ။ဘယ်အခါမှ စေတနာနှင့် မပြုသော ကထားငါးပါးဟူ၏။ (၁) ပါဏာတိပါတ၊ (၂) အဒိန္နာဒါန၊ (၃) မေထုနဓမ္မ၊ (၄) မုသာဝါဒ၊ (၅) သန္နိဓိကာရက- ခဲဘွယ်, ဘောဇဉ်ကို နောက်နေ့အတွက် သိုမှီး၍ စားခြင်းမျိုး။

ရဟန္တာမျိုး ၂-ပါး။ ။စျာန်အစေး ရှိ, မဲ့ အားဖြင့် ပြားသည်။ (၁) သုက္ခဝိပဿက ရဟန္တာ-စျာန်, အဘိညာဏ်, တန်ခိုးမရှိ ပကတိသူလို ငါလိုနေသော ရဟန္တာ၊ (၂)စျာနလာဘီရဟန္တာ-စျာန်,အဘိညာဏ် တန်ခိုးရှင် ရဟန္တာ။

ရဟန္တာမျိုး ၆-ပါး၊ တနည်း။ ။ရဟန္တာ အမျိုးအစား ၆-ပါး။ (၁) သဒ္ဓါဝိမုတ္တ ရဟန္တာ- လွန်ကဲသော သဒ္ဓါဖြင့် ကိလေသာမှ လွတ်ကင်းသော ရဟန္တာ၊ (၂)ပညာဝိမုတ္တ ရဟန္တာ-လွန်ကဲသော ပညာဖြင့် ကိလေသာမှ

http://www.dhammadownload.com

လွတ်ကင်းခသော ရဟန္တာ၊ (၃) ဥဘတောဘာဂဝိမုတ္တ ရဟန္တာ-ဧလောက်ဝိဇ္ဇာ ဆေဘိညာဉ်မပါ ဃဒ္ဓါ့ပညာ ၂-ပါးဖြင့်သာ ကိလေသာမှ လွတ်ကင်းခသော ရဟန္တာ၊ (၄) တေဝိဇ္ဇ ရဟန္တာ- ဝိဇ္ဇာ ၃-ပါးနှင့် ပြည့်စုံသော ရဟန္တာ၊ (၅) ဆဠာဘိည ရဟန္တာ- ဆေဘိညာဉ် ၆-ပါးနှင့် ပြည့်စုံသော ရဟန္တာ၊ (၆) ပဋိသမ္ဘိဒါ ပတ္တ ရဟန္တာ-ပဋိသမ္ဘိဒါ ၄-ပါးသို့ ဆိုက်ရောက်သော ရဟန္တာ။

ရဟန္တာမျိုး ၁၂-ပါး၊ ဓာနည်း။ ။သုတ္တန်ပါတ် ။၆။ ပ-အုပ်။ ၂၈၂။ ခုဒ္ဒက ပါဌ ။၆။ ၁၅၃-၌ အကျယ်ရှုပါ။ (၁) သညတ ဝိမောက္ခ ရဟန္တာ၊ (၂) အနိမိတ္တ ဝိမောက္ခ ရဟန္တာ၊ (၃) အပဏိဟိတ ဂိမောက္ခ ရဟန္တာ၊ ၎င်း ၃-ပါးကို ပဋိပဒါ ၄-ပါးနှင့် မြှောက် ရဟန္တာ ၁၂-မျိုး ဖြစ်၏။

ရဟန်းအပြား၊ မျိုး ၈-ပါး၊ ခွဲခြား သိတော်မူ။ ။ဝိနည်းပါဌာဂိက ။ပါ။ ၂၈ ။၆။ ပ-အုပ်။ ၂၀၆။ ဘုရားရှင် လက်ထက်တော်က စ၍ ယနေ့တိုင် အောင် ဖြစ်လာကြသော ရဟန်းမျိုး အပြား ၈-ပါး။

(၁) ဟေ ဘိက္ခူပသမ္မဒါ-ဘုရားရှင်က ရဟန်း လာလှည့်ဟု ခေါ်ဆဲ၌ အလိုအလျောက်ပြီးသော ရဟန်းမျိုး။

(၂) သရဏ ဂမနူပသမ္မဒါ- သရဏဂုံ ခံယူဆောက်တည်ရုံဖြင့် ပြီးသော ရဟန်းမျိုး။

(၃) ဩဝါဒ ပဋိဂ္ဂဟဏူပသမ္မဒါ-ဣျိုပုံ ဤနည်းဖြင့် ကျင့်ဟု ဆုံးမခြင်းဖြင့် ပြီးသော် ရဟန်းမျိုး။

(၄) ပဉ္စ ဗျာကရဏူပသမ္မဒါ- သောပါက ထေရ်ကဲ့သို့ ပြဿနာဖြေဆို၍ ဘုရားခွင့်ပြုသဖြင့် ပြီးသော ရဟန်းမျိုး။

(၅) ဂရုဓမ္မ ပဋိဂ္ဂဟဏူပသမ္မဒါ- ဂရုဓံကို ဝန်ခံချက် ထားခြင်းဖြင့် ပြီးသော ရဟန်းမျိုး။

(၆) ဒူဟေနူပသမ္မဒါ- အမှုကြောင့်သာ မည်သော ပြည့်တန်ဆာမကဲ့သို့ တမန်စေလွှတ်ခြင်းဖြင့် ပြီးသော ရဟန်းမျိုး။

http://www.dhammadownload.com

(၇) အဋ္ဌဝါစိကူပသမ္ဘဒါ- ဘိက္ခုနိမ္မားထံ ၄-ကြိမ်, ဘိက္ခုယောကျ်ားများထံ ၄-ကြိမ် အားဖြင့် ရှစ်ကြိမ်သော ဥတ်, ကမ္မဝါစာဖြင့် ပြီးသော ရဟန်းမျိုး။

(၈) ဥ.တ္တိစတုတ္ထ ကမ္မူပသမ္ဘဒါ-ဥတ်နှင့်တကွ လေးကြိမ်မြောက်သော ကမ္မဝါစာဖြင့် ပြီးသော ရဟန်းမျိုး။

ရဟန်းကောင်းတို့ အသွင်မူရာဂုဏ် ၂၂-ပါး။ ။ရှိခိုးပူဇော်ခြင်းငှါ ထိုက်သော ပုထုဇဉ်ရဟန်းတို့ အသွင်မူရာ ဂုဏ် ၂၂-ပါး၊ ဖူးမြင်ရသူတို့ စိတ်ထဲ၌။ (၁) သေက္ခပုဂ္ဂိုလ်ဟု ထင်မှတ်ခြင်း၊ ရဟန္တာဟု ထင်မှတ်ခြင်း၊ အရိယာတို့နှင့် တူသော အကျင့်ရှိခြင်း၊ တူသော နေထိုင်ခြင်း ရှိခြင်း၊ တူသော ဣန္ဒြေရှိခြင်း၊ တူသော ဆင်းရဲခြင်း ရှိခြင်း၊ တူသော သည်းခံခြင်းရှိခြင်း၊ တကိုယ်ထီးတည်း အကျင့်ရှိခြင်း၊ တကိုယ်ထီးတည်း မွေလျော်ခြင်း၊ တယောက်ထီးတည်း ကျိန်းအောင်းခြင်း၊ (၁၀) မကောင်းမှုမှ ရှက်ခြင်း၊ မကောင်းမှုမှ လန့်ခြင်း၊ သဓမ္မအကျင့်ကို အားထုတ်ခြင်း၊ ကုသိုလ်၌ မမေ့လျော့ခြင်း၊ သုက်လွတ်ခြင်းကာမမှ ဖဿဉ်ခြင်း၊ ပါဋိဋ္ဌကို သင်ယူခြင်း၊ အဋ္ဌကထာ သင်ယူခြင်း၊ သီလ, သမာဓိ, ပညာဂုဏ်၌ မွေလျော်ခြင်း၊ ကင်းသော တပ်မက်မှုရှိခြင်း၊ သိက္ခာပုဒ်တော်ကို ဖြည့်ကျင့်ခြင်း၊ (၂၀) ဖန်ရည်စွန်းသော သင်္ကန်းကိုဆောင်ခြင်း၊ဦးပြည်း ဦးခေါင်းရှိခြင်း။ (၂၂)

ရဟန်းကောင်းများ၊ ထို ၆-ပါး၊ ဖွဲ့ငြား မိတ်ဆွေ မပြုရာ။ ။ဤ သရုပ်ကို (ဆွမ်းမခံရာသည့် ဌာန ၆-ပါး) ဟူသော သုတေသနဌ ဆိုခဲ့ပြီ။

ရဟန်းကျောင်းများ၊ မျိုး ၁၀-ပါး၊ ခြားနား မည်သို့နည်း? ။ ။ရဟန်းတော်များ၏ ဆိတ်ငြိမ်ရာ ကျောင်းသင်္ခမ်းကို သာမညဖလသုတ်၌ ဤသို့ပြ၏။ (၁) ဝိဝိတ္တ သေနာသန-အမိုး အကာ အခန်းတို့ဖြင့် ဆိတ်ငြိမ်ရာဌာန ဆောက်လုပ်သောကျောင်း၊ (၂) အရည-တောရကျောင်း- ရွာနီးချုပ်စပ် တောငယ်မျိုး၊ (၃) ရုက္ခမူလ-သစ်တပင်ရင်း ဝါးတပင်အောက်၊ (၄) ပဗ္ဘတ-တောင်ပေါ် တောင်စောင်း တောင်သာယာ၊ (၅) ကန္ဒရ-ချောက် ချောင် သာယာသော ကမ္ဘားရုံ၊ (၆) ဂိရိ ဂုဟ- တောင်ခေါင်း ဥမင်လိုဏ်ဂူ၊ (၇) သုဿာန-သင်းချိုင်း သုသာန်၊ (၈) ဝနပတ္ထ- တောအုပ် တောနက်

http://www.dhammadownload.com

ရွာဝေးခေါင်ခါင် တောကြီး၊ (၉) အပ္ပော ကာသ-လွင်ပြင် လဟာပြင်၊ (၁၀) ပလာလ ပဥ္စ-ကောက်ရိုးပုံ မြက်ပုံ ၎င်းအုံသော ကျောင်း။

ရဟန်းဆိုး ဒုဿီလတို့၏ ကျေးဇူးဂုဏ် ၁၀-ပါး။ ။ရင်း သရုပ်ကို (ဒုဿီလ ရဟန်းတို့ ကျေးဇူးဂုဏ် ၁၀-ပါး)၌ ဆိုခဲ့ပြီ။

ရဟန်းဆိုးများ၊ ရွာမှိုစား၊ အ၊့ား ၂၁။ ။၎င်း သရုပ်ကို (အနေသန တရား ၂၁-ပါး)၌ ဆိုခဲ့ပြီ။

ရဟန်းတို့၏ ဒုက္ခ ၅-ပါး။ ။ရဟန်းတော်များ ခံစားရသည့် ဆင်းရဲခြင်း ငါးပါး။ (၁) စီဝရ အသန္တုဋ္ဌ- ရရှိ ရရှိနေသော သင်္ကန်းဖြင့် မရောင့်ရဲနိုင်သော ရဟန်း၊ (၂) ပိဏ္ဍပါတ အသန္တုဋ္ဌ- ရရှိ ရရှိနေသော ဆွမ်းဖြင့် မရောင့်ရဲနိုင်သော ရဟန်း၊ (၃) သေနာသန အသန္တုဋ္ဌ- ရရှိပြီးသော ကျောင်းအိပ်ရာနေရာဖြင့် မရောင့်ရဲနိုင်သော ရဟန်း၊ (၄) ဘေသဇ္ဇ အသန္တုဋ္ဌ- လက်ရှိဆေးဖြင့် မကျေနပ်သေးခြင်း၊ (၅) ပြဟ္မစရိယ အနဘိရတ- ရဟန်းကျင့်ဝတ်၌ မပျော်ပိုက် မကျင့်ကြံနိုင်ခြင်း။

ရဟန်းတို့၏ သီလကြီး ၄-ပါး။ ။၎င်း သရုပ်ကို (သီလကြီးမျိုး ၄-ပါး)၌ ရှုပါ။

ရဟန်းတို့ မကျက်စားကောင်းသော အိမ် ၆-ပါး။ ။ဝိသုဒ္ဓိမဂ် ။ပ။ ၁၇။ ဝိနည်း မဟာဝ ။ပါ။ ၉၉ ။ဌ။ ၂၇၃။ (၁) ဝေသိယ ဂေါစရ- ပြည့်တန်ဆာမအိမ်၊ (၂) ဝိဓဝါ ဂေါစရ- မုဆိုးမချည်း နေသောအိမ်၊ (၃) ထုလ္လကုမာရီ ဂေါစရ- အပျိုကြီး အပျိုဟိုင်းချည်း နေသောအိမ်၊ (၄) ပဏ္ဍကဂေါစရ-ပဏ္ဍုက် အိမ်၊ (၅) ဘိက္ခုနီ ဂေါစရ- ဘိက္ခုနီမဋ္ဌာန်၊ (၆) ပါနာဂါရ ဂေါစရ-သေတင်းကုပ်၊ ဘုံဆိုင်၊ ၎င်း ၆-ဌာနသို့ မိတ်ဆွေ ခင်ပွန်းဖွဲ့၍ သွားလာလည်ပတ်ခြင်းကို မပြုရာ၊ ပြုသော် ဒုက္ကဋ် အာပတ် သင့်၏။

ရဟန်းတော်များ၊ မအပ်ငြား၊ ၉-ပါး သီးဖျော်ရည်။ ။၎င်း သရုပ်ကို (အသီးကြီး ၈-ပါး) ဟူသော သုတေသန၌ ဆိုခဲ့ပြီ။

ရဟန်းတော်များ၊ ရှိမခိုးကောင်းသော ပုဂ္ဂိုလ် ၂၅-ယောက်။ ။၎င်း သရုပ်ကို(အဝန္ဒိယ ပုဂ္ဂိုလ် ၂၅-ပါး)၌ ဆိုခဲ့ပြီ။

http://www.dhammadownload.com

ဂုဏ်နှိုးတို့ မဓားကောင်းသော အသားကြီး ၁၀-ပါး။ ။ ၎င်း သရုပ်ကို (အသားကြီး ၁၀-ပါး)၌ ရှုပါ။

ဂုဏ်နှိုးတို့ မဓမ္မအပ်သော အချိန်ကာလနှင့် အရပ်မျိုး ၃-ပါး။ ။(၁)ရဟန်း ဖြစ်သည်သိမ်, အချိန်ကာလ၊ (၂) ပဌမမဂ်ကိုရသော အရပ်, အချိန်ကာလ၊ (၃) ဒုဗ္ဘာဖြစ်သော အရပ်, အချိန်ကာလ။ တိကဂ်္ဂတ္တရ ။ပါ။ ၁၀၅ ။၌။ ၂၅။

ရဟန်းဧတဝ်များ၊ ဝန် ၂-ပါး၊ ချထား မြတ်ဗုဒ္ဓါ။ ။၎င်း သရုပ်ကို(ခွူရ ၂-ပါး) ၌ ဆိုခဲ့ပြီ။

ရဟန်းဧတဝ်များ၊ သားငါးစား၊ ၃-ပါး အစ္စန်းလွတ်။ ။၎င်း သုတေသန၏ သရုပ်ကို (အစ္စန်း ၃-ပါး၊ ကင်းလွတ်ငြား၊ သားငါး အပ်သည်သာ) ဟူသော စကားရပ်၌ ဆိုခဲ့ပြီ။

ရဟန်းဖြစ်ခြင်း အင်္ဂါ ၅-ပါး။ ။၎င်းသရုပ် အဓိပ္ပါယ်ကို (ပဥ္စင်း အင်္ဂါ မျိုး ၅-ဖြာ)၌ ဆိုခဲ့ပြီ။

ရဟန်းမခံကောင်းသူ ၁၃-ယောက်။ ။ရဟန်း ခံပေးသော်လည်း ရဟန်း မဖြစ်။(က) အသက် ၂၀-မပြည့်သေးသူ၊ (ခ)ပါရာဇိက ကျူးသောသူ၊ (ဂ) အဘဗ္ဗပုဂ္ဂိုလ် ၁၁-ယောက်၊ ပေါင်း ၁၃-ယောက်။

ရဟန်းမများ၊ ၁၃-ပါး၊ ထားငြား ဧတဒဂ်။ ။သရုပ်(ဧတဒဂ်ရ ရဟန်းမိန်းမ ၁၃-ပါး)၌ ဆိုခဲ့ပြီ။

ရဟန်းယောကျ်ားး၊ ဧတဒဂ်ထား၊ ၄၁-ပါး၊ အဘယ်နည်း?။ ။ သရုပ် (ဧတဒဂ်ရ ရဟန်းယောကျ်ား ၄၁-ပါး)၌ ဆိုခဲ့ပြီ။

ရဟန်းဝတ် ၆-ပါး။ ။ဒါယကာ ဒါယိကာမများ အပေါ်၌ ရဟန်းတော် တို့က ပြုကျင့်ရမည့် ဝတ် ၆-ပါး။ (၁) မကောင်းသော ကာယကံမှ, ဝစီကံမှ,မနောကံမှ တို့ကို မပြုလုပ် မကြံစည်နိုင်အောင် တားဆီးပိတ်ပင် ပေးရခြင်း၊ (၂) ကောင်းသော အမူအရာနှင့် သုစရိုက်မှုတို့ကို ပြုလုပ်

http://www.dhammadownload.com.

ကျင့်ကြုံနိုင်ရန် ညွှန်းလျှာ်၍ ပြရခြင်း၊ (၃) အသစ်အသစ်ဖြစ်သော တရား တို့ကို ဟောကြားရခြင်း၊ (၄) နာကြားဘူးပြီးသော တရားတို့ကို တဖန် ထပ်မံ၍ သိနိုင်ရန် သတိရနိုင်ရန် မမေ့နိုင်ရန်အတွက် ဟောပြော၍ ပေးရ ခြင်း၊ (၅) မိမိတို့ ဒါယကာ ဒါယိကာမများအား အယုတ်ဆုံး နှတ်ပြည် လေးက်တော့ လားရောက်ရအောင် ကျင့်ကြံဆောင်ရွက် ပေးရခြင်း၊ (၆) မိမိအပေါ်၌ အကျိုးကျေးဇူးများသော ဒါယကာ ဒါယိကာမတို့ကို အကျိုးကျေးဇူးများသလို မေတ္တာတရား ပွားများပေးရခြင်း။

ရဟန်းသံဃာ၊ ဆွမ်းကပ်ရာ၊ ၅-ဖြာ အင်္ဂါသိ။ ။ဂုဏ်း သရုပ်ကို (ဆွမ်း ကပ်သူများ၊ သတိထား၊ ၅-ပါး ကပ်အင်္ဂါ) ပဲ့ကူသော ပြဿနာ၌ ဆိုခဲ့ပြီ။

ရဟန်းသံဃာ၊ ရွှေ့ဓမ္မာက်မှာ၊ ၂-ဖြာ ထိုင်ဗုံသိ။ ။(၁)ရတနာ ၃-ပါး ဆရာ သမားတို့အား ရှိခိုးပူဇော် ကန်တော့သောအခါ သီလဆောင်းယူသော အခါ တောင်းပန် လျှောက်ထားသောအခါ မျိုးတို့၌ "ဥက္ကုဋ္ဌိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ"ဟူသော ပါဠိတော်အရ ဆောင့်ကြောင့် ထိုင်ကာ လက်အုပ် ချီမိုးနေရမည်၊ (၂) ထို ပုဂ္ဂိုလ်တို့ကို ခစား နေထိုင် သော အခါတို့၌မူ "ဇဏ္ဏုကာနိ နိပတိတွာ တဿာဘိမုခံ ကရိတွာ" ဟူသော ပါဠိတော်နှင့်အညီ ပုဆစ်ဒူးချကာ တုံ့ပိုင်းထိုင်နေရမည် ဟူ၏။

အထူးမှတ်ချက်။ ။အထက်ဖော်ပြပါ နှစ်ဖြာသော ထိုင်ပုံနည်းတို့တွင်–

အမှတ် (၁) ထိုင်ပုံနည်းကား- ဒါယကာ ယောကျ်ားများ အတွက်သာ ဖြစ်၏၊ မိန်းမများ အတွက်ကား- ပုဆစ်တုပ် ထိုင်ခြင်းက လျော်ကန် သင့်မြတ်သည်။

အမှတ် (၂) ထိုင်ပုံနည်းကား- ယောကျ်ားရော, မိန်းမပါ, နှစ်မျိုးတို့အတွက် ဖြစ်သည်။

အမှတ်(၃)ထိုင်ပုံတနည်းကား- ဝိပဿနာ ဘာဝနာတရား ရှုမှတ် ပွားများသော အခါမျိုး၌ "ပလ္လင်ံ အာဘုဇိတွာ ဥဇုံ ကာယံ ကတွာ" ဟူသော ပါဠိတော်အရ ရဟန်းစောင့်များနှင့်

http://www.dhammadownload.com

ယောကျ်ားရော, မိန်းမပါ,မည်သူမဆို တင်ပလ္လင်ခွေ၍ ကိုယ်ကို မတ်ဖြောင့်စွာထားကာ ထိုင်ရမည်၊ (ထိုင်ကောင်းသည်ချည်း) ဟု မှတ်ရာ၏။

အခု၌ ဆရာတို့က မိန်းမများကို တင်ပလ္လင်ခွေ မထိုင်ရဟု တားမြစ်ခြင်းမှာ သူတို့သဘောမျှသာ ဖြစ်ချေသည်၊ နည်းမှန် တရားဝင်ကား ထိုင်ခြင်း ဣရိယာပုထ်တို့တွင် တင်ပလ္လင်ခွေ ထိုင်ခြင်းကား- ကိုယ်ကာယကို မျှတ သက်သာစေ၍ သမာဓိ တရား မြန်မြန် ရလွယ်စေတတ်သည်၊ ထို့ကြောင့် မိန်းမများ တင်ပလ္လင်ခွေ ထိုင်လိုက ထိုင်နိုင်သည်ဟု မှတ်ကုန်ရာသတည်း။

ရဟန်းဟုတ်မှန်၊ အင် ၃-တန်၊ ထုတ်ပြန်မိန့်တော်မူ။ ။ရဟန်းဟူသည်ကား ပေါ့ပေါ့တန်တန် မနေရာ၊ အောက်ပါအင်္ဂါသုံးဖြာနှင့် ပြည့်စုံမှ ရဟန်း စစ်မှန် ဖြစ်သည်သာ ဟူ၏၊ ရှေးဆရာတော်ကြီးများ မိန့်ကြားချက်။ (၁) တပေါ-ရဟန်းကျင့်ဝတ်နှင့် ပြည့်စုံရခြင်း၊ (၂) သုတိ-ကျင့်ရမည့် ရဟန်း ဝိနည်းတရားကို သိကြား နားလည်ရခြင်း၊ (၃) ယောနိ- ရဟန်း ခံရာ၌ ကံဆောင်သံဃာတို့သည် ရဟန်းမျိုးဇာတ် စစ်မှန်ရခြင်း။

[ရာ]

ရာဂီမျိုး ၅-ပါး။ ။ဓာတ်တပါးတို့အား စွဲကပ်ညစ်ညူးစေတတ်သော ဓာတ်မျိုး ငါးပါး။ (၁) ပြဒါး၊ (၂) ကြေး၊ (၃) လံ၊ (၄) သွတ်၊ (၅) ဂျွတ်၊ အဂ်ိရတ်-ဝေါဟာရ။

ရာဇဂုဏ် ၆-ပါး၊ ဘုရင်များ၊ ပြင်ထား အဆင့်ဆင့်။ ။ဘုရင်မင်းမြတ်တို့၌ ရှိထား ပြုလုပ်အပ်သော ဂုဏ်ခြောက်ပါး၊ အမရကောသ အဘိဓာန် ဋီကာမှ။ (၁) သန္ဓိ ဂုဏ်- ရန်သူတို့နှင့် သင့်တင့်အောင် တစုံတခုသော လက်ဆောင်ဖြင့် စေ့စပ်နိုင်မှု၊ (၂) ဝိဂ္ဂဟ ဂုဏ်- သူ့နိုင်ငံကို စစ်ထိုး အောင်နိုင် ပြုစွမ်းနိုင်မှု၊ (၃) ယာန ဂုဏ်- ရန်သူတို့ကို တိုက်ခိုက်ရန် ခါတက်နိုင်ရေး ယာဉ်ရထား အားအင်ရှိခြင်း၊ (၄) အာသန ဂုဏ်-ခံစစ်

http://www.dhammadownload.com

ထိုးစစ် စသည်တို့အတွက် နေရာကောင်း၌ ရှိနေမှု၊ (၅) ဒုိဓာ ဂုဏ်-သူ့စစ်တပ် အင်အား ညီညွတ်မှုတို့ကို ကွဲပြားအောင်ပြု၍ အနိုင်ယူနိုင်မှု နည်းပရိယာယ်၊ (၆) အာသယ ဂုဏ်-ရန်သူတို့ ကြောက်လန့် ဘွယ်ရာ မဟာမိတ် နိုင်ငံကြီးများ အမှီရှိထားမှု။

ရာဇဂုဏ် ဂ-ပါး၊ မင်းတရား၊ ကျင့်ဌာန မည်သို့နည်း?။ ။ဘုရင် မင်းမြတ်တို့၌ ရှိထားရမည့် ကျေးဇူးဂုဏ် ရှစ်ပါး တနည်းကို ဆိုသည်၊ ရာဇနီတိ။ (၁) ချီးမြှင့် နှိမ့်ချမှု၌ သိကြားမင်းကဲ့သို့ ပြုရခြင်း။ (၂) အခွန်အတုတ် ကောက်ရာ၌ နေမင်းကဲ့သို့ ကျင့်ရခြင်း၊ (၃) လူထုထံ စနည်းနာရာ၌ လေကဲ့သို့ မသိမသာ ဝင်ရောက် စုံစမ်းရခြင်း၊ (၄) ယမမင်းကဲ့သို့ မုန်းချစ် မရွေး ပြစ်ဒဏ် ပေးရခြင်း၊ (၅) သမုဒ္ဒရာကဲ့သို့ ဥစ္စာကို မတောင့်တ မခဲခြားဘဲ ဘဏ္ဍာတိုက်ထဲသို့သာ ဝင်စေခြင်း၊ (၆) လပြည့် ဝန်းကဲ့သို့ မျက်နှာကိုပြ၍ ရွှင်ပျ ဝမ်းမြောက်စေခြင်း၊ (၇) မြေကြီးကဲ့သို့ ကောင်း ဆိုး သတ္တဝါတို့အား အမျှထား၍ ကျင့်ရခြင်း၊ (၈) မိုဃ်းနတ်သားကဲ့သို့ ဗိုလ်ပါ အမှုထမ်းတို့အား စားနပ်ရိက္ခာ ပေးရခြင်း။

ရာဇဂ္ဂိုဟ်ပြည်ကြီး၊ ဝန်းရံဆည်း၊ တောင်ကြီး ၅-လုံးကာ။ ။ရာဇဂ္ဂိုဟ်ပြည်၏ အရံတောင် ၅-လုံး၊ ဝေဘူလတောင်, ဝေဘာလတောင်, ဂိဇ္ဈကူဋ်တောင်, ဣသိဂိလိတောင်, မကုဋတောင်။

ရာဇခံ ၁၀-ပါး၊ မင်းမြတ်များ၊ ထိပ်ထား ဦးပန်ဆင်။ ။ရာဇခမ္မ ဆယ်ပါး ကို ဆိုသည်၊ သရုပ် (မင်းကျင့်တရား ၁၀-ပါး)နှင့် တူ၏။

ရာဇဟလာ၊ အင် ၅-ဖြာ၊ ကျမ်းလာ အညီကျင့်။ ။ဎင်း သရုပ်ကား (မင်းထို အား ၅-ပါး)နှင့် တူ၏၊ ကျမ်းဂန်တို့၌ ထူးပြားမရှိ။

ရာဇသတ္တိ၊ ၃-ပါးရှိ၊ ကျင့်ဘိ မင်းအများ။ ။ဎင်းသရုပ် (မင်း ကေရာ၊ သတ္တိမှာ၊ ၃-ဖြာရှိ၏ အဘယ်နည်း?) ပုစ္ဆာ၌ ဆိုခဲ့ပြီ။

ရာထူးရာခံ၊ မခန့်ထိုက်သူမျိုး ၅-ယောက်။ ။(၁) မာနိက-မာန်တက်ကြွသူ၊ (၂) မဟိစ္ဆာ- လောဘကြီးသူ၊ (၃) နိကတ ကောက်ကျစ် စုံလည်သူ၊

http://www.dhammadownload.com

(၄) အလသ-အပျင်း ထူသူ၊ (၅) အ ကတညူ- ကျေးဇူးမသိတတ်သူ၊ (ပေါရာဏ ဒီပနီ။)

ရာမမင်း ၃-မျိုး။ ။ရာမ ဟု ထင်ရှားသော မင်း ၃-ပါး၊ သခ်္ခါ အရာ၌ 'ရာမ' ဆိုလျှင် ၃-ခုဟော သိရာ၏။ (၁) ဘုရားအလောင်း ရာမမင်း၊ (၂) လိုးဒယား ရာမမင်း၊ (၃) ဣန္ဒိယ ဗသျှု ရာမမင်း။

ရာမမင်း ၃-မျိုး၊ တနည်း။ ။ဤကား သက္ကဋကျမ်းလာတည်း၊ ၎င်း ၃-ပါး ကိုသာ ပညာရှိများ နှစ်သက်ကြသည်။ (၁) ပရသု ရာမမင်း- ပရသျှု၊ ယမဒဂ္ဂိ ရသျှေကြီး၏ အမျိုးဖြစ်၍ ဗိဿနိုး၏ အဝတာရလည်း ဖြစ်၏၊ (၂) စန္ဒြ ရာမမင်း-အယုဒ္ဓယပြည် ဒသရထ မင်းကြီး သားတော်ဖြစ်၍ ထင်ရှားသည်၊ (၃) ဗလ ရာမမင်း- ကြိရှဏ၏ နောင်တော် ဖြစ်သော ကြောင့် ထင်ရှား၏။

ရာသီ ၁၂-ပါး၊ လ ,ပန်း, ပွဲ, နက္ခတ်, တာရာ, ရာသီရှိပ် ပုံများ။ ။၎င်း၏ သရုပ်စုံကို (ဆယ့်နှစ်ရာသီ)၌ ရှုပါ။

[ရူ]

ရူပ်တရား ၂၈-ပါး။ ။အကြောင်းတရား လေးပါးအားလျော်စွာ ဖေါက်ပြန် တတ်သော တရား ၂၈-ပါး။

(က) မဟာဘုတ်, ဘူတရူပ်, ၄-ပါး- ပထဝီ,အာပေါ,တေဇော,ဝါယော။

(ခ) ပသာဒရူပ် ၅-ပါး- စက္ခု ပသာဒ, သောတ ပသာဒ, ဃာန ပသာဒ, ဇိဝှါ ပသာဒ, ကာယ ပသာဒရူပ်။

(ဂ) ဂေါစရရူပ် ၇-ပါး-ရူပ, သဒ္ဒ, ဂန္ဓ, ရသ၊ ပထဝီ, တေဇော,ဝါယော, ခေါ် ဓာတ်ကြီး ၃-ပါး အပေါင်းကို ဖောဋ္ဌဗ္ဗာရုံ၊ ဤ၌ ဖောဋ္ဌဗ္ဗရူပ် ခေါ် ပ, တေ, ဝါ, ၃-ပါးသည် မဟာဘုတ်၌ ပါပြီးဖြစ်၍ ရုပ် ၄-ပါးသာ ရေတွက်ရသည်။

http://www.dhammadownload.com

(ဆ) ဘာဝရှိပ် ၂-ပါး၊ ဣတ္ထတ္တံ- မိန်းမ ဖြစ်ကြောင်းရှိပ်၊ ပုရိသတ္တံ ယောကျ်ားဖြစ်ကြောင်းရှိပ် "ဣတ္ထိဘာဝရှိပ်, ပုံ ဒုဘာဝရှိပ်" စသည်။

(ဇ) ဟဒယရှိပ် ၁-ပါး- ဟဒယဝတ္ထုရှိပ်။

(စ) ဇီဝိတရှိပ် ၁-ပါး- ရှိပ်ဇီဝိတိန္ဒြေ။

(ဆ) အာဟာရရှိပ် ၁-ပါး- ရသာ ၆-ပါး၌ ပါဝင်သော အဆီ အစေး ဗီတာမင်ဓာတ်။

(ဇ) ပရိစ္ဆေဒရှိပ် ၁-ပါး-အာကာသဓာတ်, ပိုင်းခြား ခွဲခွဲထွက်မှုသဘောဟာ။

(စျ) ဝိကာရရှိပ် ၅-ပါး- ကာယဝိညတ်, ဝစီဝိညတ်, လေးဆူဟာ, မုဒုတာ, ကမ္မညတာ။

(ည) လက္ခဏရှိပ် ၄-ပါး- ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ။

ရှိပ်ကို မဖြစ်စေနိုင်သော စိတ် ၁၆-ပါး။ ။ပဋိသန္ဓေစိတ်၊ ရဟန္တာဘုရား၏ စုတိစိတ်၊ ဒွေပဉ္စဝိညာဉ် ၁၀၊ အရူပဝိပါက် ၄၊ အဋ္ဌသာလိနီ အဋ္ဌကထာဗျား။

ရှိပ်သေးကပ္ပဲ၊ ပါစမြဲ၊ ထုတ်ဆဲ ၂၈-ရှိပ်။ ။ရှိပ်သေးပြဲ့ စီမံရာဌ် အဘိဓမ္မာလာ မဟာဘုတ် ၄-ပါးကိုစွဲ၍ ဝန်ရှိပ် ၄-ပါးနှင့် ဥပါဒါရှိပ် ၂၄-ပါးကိုစွဲ၍ အခြားရှိပ်များ ၂၄-ရှိပ်၊ ဤသို့လျှင် ရှိပ်တရား ၂၈-ပါးအရ အရှိပ် ပေါင်းလဲ့ည်း ၂၈-ရှိပ် ဖြစ်သည်ဟူ၏၊ ကပ္ပါပြု၊ မြင်းမိုရ်ဆောင်ကို မူတည်၍ နတ်ကတော်ရှိပ် အဦးထွက်သည်။ (၃)နတ်ကတော်ရှိပ်၊ ခြင်းမှိပ်၊ ဆင်ရှိပ်၊ ကျားရှိပ်၊ ဆင်ထိန်းရှိပ်၊ ဘီလူးရှိပ်၊ ကမ္ဘလဲရှိပ်၊ ကြက်တူရွေးရှိပ်၊ ငှက်ရှိပ်၊ ဂဠုန်ရှိပ်၊ (၁၀) နဂါးရှိပ်၊ ဇော်ဂျီရှိပ်၊ သေဒွေးရှိပ်၊ စုန်းမရှိပ်၊ နတ်ရှိပ်၊ နေရာထိုင်ခင်းရှိပ်၊ ရှင်ဘုရင်ရှိပ်၊ ရွှေနန်းဆက် မိဖုယားရှိပ်၊ မင်းသားလတ်ရှိပ်၊ မင်းသားနုရှိပ်၊ (၂၀) မင်းသွီးရှိပ်၊ သံချို့လက်စွဲတော်ရှိပ်များ၊ သံပျက် လက်စွဲရှိပ်များ၊မင်းကြီးသက်တော်ရှည်ရှိပ်၊ ရွှေဆိုးဝန်ရှိပ်၊ ဝန်ထောက်ရှိပ်၊ ဂုတ်ဝန်ရှိပ်၊ (၀၁) မြို့တော်ဝန်၊ ပဋ္ဌာန်း (၀၂) ဆရာတော် ရှိပ်ပုံ။ (၂၈)

http://www.dhammadownload.com

[ရှု]

ရှုမ ၁၆-ဆုံ။ ။ရှုပါဝစရပြဟ္မာတို့ နေရာဘုံ ၁၆-ပါး၊ ပြဟ္မပါရိသဇ္ဇာဘုံ၊ ပြဟ္မပုရောဟိတာဘုံ၊မဟာပြဟ္မာဘုံ၊ပေါင်း ပဌမစျာန် ၃-ဘုံ။မရိတ္တာဘာဘုံ၊ အပ္ပမာဏာဘာဘုံ၊ အာဘဿရာဘုံ၊ ပေါင်း ဒုတိယစျာန် ၃-ဘုံ။ ပရိတ္တာသုဘာဘုံ၊ အပ္ပမာဏာသုဘာဘုံ၊ သုဘကိဏှာဘုံ၊ ပေါင်း တတိယစျာန် ၃-ဘုံ။ ဝေဟပ္ဖလ်ဘုံ၊ အသညသတ်ဘုံ၊ အဝိဟာဆုံ၊ အတပ္ပါဆုံ၊ သုဒဿာဘုံ၊ သုဒဿီဘုံ၊ အကနိဋ္ဌာဘုံ၊ ပေါင်း စတုတ္ထစျာန် ၇-တုံ။

[ရ]

ရဏအကျိုး ၁၀-ပါး။ ။ရေလှူသော ပုဂ္ဂိုလ်မျှား ဆုမတောင်းဘဲ ၎င်းအကျိုးဆယ်ပါးကို ရသည် ဟူ၏။ (က) ကိတ္တိ, သုခ၊ ခြေရံပေါ်၊ လျင်ဆောမှတ်သိပ်ကွာ၊ (ခ) သန့်ရှင်း, ဆင်းလှ၊ ချမ်းသာရ၊ ဗလ, ဉာဏ်ပညာ၊ (ဂ) ရေကိုလှူကြ၊ ကျိုးဆယ်ဝ၊ မုချရမည်သာ။

ရေနံဓာတ်မှ ထွက်သော ပစ္စည်းမျိုး ၁၀-ပါး။ ။ရေနံဓာတ်မှ ခွဲထုတ်ယူငင်သောအရာမျှား။ရေနံဆီနီ၊ရေနံဆီဖြူ၊ဂျက်လေယာဉ်ပျံဆီ၊လေယာဉ်ပျံဆီ၊ ဓာတ်ဆီ၊ ဖယောင်းဆီ၊ ဒီဇယ်ဆီ၊ စက်ဆီ၊ ထိုးဆီ၊ ကတ္တရာစေးတို့ဖြစ်ကြ၏။

ရေနေသတ္တဝါ၊ ကုဋေ ၁၀-ဖြာ၊ နာမဓာမျိုးမည်၊ အဘယ်နည်း?။ ။ဤ၌ ‘ကုန်းနေ ၉-ကုဋေ၊ ရေနေ ဆယ်ကုဋေ’ဟု ဆိုရိုးသာ ရှိသော်လည်း အနန္တ ၄-ပါးမှာ ပါဝင်နေတဲ့ သတ္တဝါတို့၏ အမျိုးအမည်ကို ဘယ်သူထုတ်ဖေါ် ဖြေကြားနိုင်အုံးနည်း၊ ၎င်း သန်းခေါင်နည်းကို အနေကသန်းခေါဟူမှတ်ရာ၏၊ အတီဒအကျ မယူရာ။

ရေးချအပြား၊ မျိုး ၂-ပါး၊ သိထား မြန်မာမှု။ ။မြန်မာစာပေ ရေးသားရာ၌ လိုက်နာရမည့် ဥပဒေမျှား။ (၁) မောက်ထိုးချ (ါ) ‘ခ, ဂ, င, ပ, ဖ, ဝ’ ထို့၌ ရေးသည်၊ ပုံ-ခါ, ပါ, ဝါ, စသည်၊ (၂) ဧအေးတွဲချ (၁) ကျန် အက္ခရာတို့၌ ရေးသည်၊ ပုံ-ကာ, စာ, ဓာ, ဗာ,။

http://www.dhammadownload.com

[ရဲ]

ရဲဘော် ၃-ကျိပ်၊ အင်္ဂလိပ်၊ဝိုင်းနှိပ်တိုက်နှင်ထုတ်။ ။မြန်မာသက္ကရာဇ် ၁၃၀၂-ခု နှစ်၊အင်္ဂလိပ် ၁၉၄၁-ခု၊ ၁၂-လ၊ ၂၆-ရက်နေ့၌ ယိုးဒယားပြည် ဘန်ကောက် မြို့တော်ရှိ မျိုးချစ် ပုဂ္ဂိုလ်ကြီး ဦးလွန်းဖေ၏ အိမ်တွင် ဘီ၊ အိုင်၊ အေ ခေါ် ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီးကို စတင်တည်ထောင်ကာ ရဲဘော် ၃-ကျိပ်ဝင်တို့ ကိုယ်တိုင် ဦးစီး ကြပ်မတ်၍ ဗိုလ်လုပ်ပြီး မြန်မာ ပြည်၌ စိုးမိုးအုပ်ချုပ် မတရား မင်းလုပ်နေသော အင်္ဂလိပ်အစိုးရကို ဝိုင်းဝန်းတိုက်ခိုက် နှင်ထုတ်ပြီးနောက် ဂျပန်တို့ကိုပါ တော်လှန်တိုက်ခိုက် လျက် ဗမာပြည်ကြီး ကိုယ်ပိုင်ရအောင် ပြန်ဆောင် ယူပေးခဲ့သူများ ဖြစ်လေသည်၊ အကျယ်ကို "ရဲဘော် ၃-ကျိပ်"ခေါ် ၎င်းတို့ အတ္ထုပ္ပတ္တိ စာအုပ်၌ ရှုပါလေ။ ၁- သခင် အောင်ဆန်း (ဗိုလ်တေဇ)။ ၂-သခင် လှဖေ (ဗိုလ်လက်ျာ)။ ၃-သခင်ရှုမောင် (ဗိုလ်နေဝင်း)။ ၄-ကိုလှမောင် (ဗိုလ်ဇေယျ)။ ၅- ကိုထွန်းရှိန် (ဗိုလ်ရန်နိုင်)။ ၆- သခင်လှမြိုင် (ဗိုလ် ရန်အောင်)။ ၇-ကိုရွှေ (ဗိုလ်ကျော်ဇော)။ ၈- သခင်စံလှိုင်(ဗိုလ်အောင်) ၉- ကိုဆောင်း (ဗိုလ်ထိန်ဝင်း)။ ၁၀- သခင်ထွန်းရွှေ(ဗိုလ်လင်းယုံ)။ ၁၁- သခင်အောင်သိန်း (ဗိုလ်ရဲထွဋ်)။ ၁၂- သခင်ဗကျိမ်း (ဗိုလ်လရောင်)။ ၁၃- သခင်တင်ဇ (ဗိုလ်ဘုန်းမြင့်)။ ၁၄- သခင် ထွန်းခင် (ဗိုလ်မြင့်ဆွေ)။ ၁၅- သခင်သန်းတင်။ ၁၆- သခင်ထွန်းအုပ်။ ၁၇-သခင်အောင်သန်း (ဗိုလ်စကြာ)။ ၁၈-သခင်စိုး (ဗိုလ်မြင့်အောင်)။ ၁၉-သခင်စံမြ (ဗိုလ် တောက်ထိန်)။ ၂၀-ကိုလှ (ဗိုလ်မင်းရောင်)။ ၂၁- သခင်စောလွင် (ဗိုလ် မင်းခေါင်)။ ၂၂-သခင်ကျော်စိန် (ဗိုလ်မိုးညို)။ ၂၃-သခင်သစ် (ဗိုလ် စောနောင်)။ ၂၄- သခင်မောင်ဦး (ဗိုလ်တာရာ)။ ၂၅- သခင်ထွန်းလွင် (ဗိုလ်ဗလ)။ ၂၆- ဆခင်သန်းညွန့် (ဗိုလ်ဇင်ယော်)။ ၂၇- သခင် အေးမောင် (ဗိုလ်မိုး)။ ၂၈- သခင်မောင်မောင် (ဗိုလ်ညာဏ)။ ၂၉-သခင်ငွေ (ဗိုလ်စောအောင်)။ ၃၀-သခင်သန်းတင် (ဗိုလ်မြဒင်)။

[ရော]

ရောဂါ ဒဗျာဂ်ငြိမ်းကြောင်း တရား ၁၀-ပါး။ ။ဒသဂုံတ္ထရ ။ပါ။ ၃၄၂။ ။ဋ္ဌ။ ၃၁၇။ ဂိရိမာနန္ဒသုတ်၌ **ရောဂါပျောက်ငြိမ်းရေးအတွက်** ၎င်းသည်ဘ

http://www.dhammadownload.com

၁၀-ပါးကို ဟောကြား ညွှန်ပြတော်မူ၏။ (၁) အနိစ္စ သညာ- သင်္ခါရ တရားတို့၏ မပြစ်မှီ၌ ပူးကပ်မှတ်ခြင်း၊ (၂) အနတ္တ သညာ- အစိုင်အခဲ ပြစ်ခဲစွာ မတည်နေခြင်း. ဟူသော၊ (၃) အသုဘ သညာ- မတင့်တယ် ဟူသော၊ (၄) အာဒီနဝ သညာ- ကိုးစားရာမရှိ ဆင်းရဲအတိ ဟူသော၊ (၅) ပဟာန သညာ- ပယ်ရှား စွန့်ပစ်ရေး ဟူသော၊ (၆) ဝိရာဂ သညာ- တပ်မက်ကင်းရေး ဟူသော၊ (၇) နိရောဓ သညာ- ချုပ်ငြိမ်း ပြတ်စဲခြင်း ဟူသော၊ (၈) အန ဘိရတိ သညာ- လောကကြီး၌ မွေ့လျော်ဘွယ်မရှိ ဟူသော၊ (၉) အနိစ္စာ သညာ- ပြုပြင်ရသော လောကဌ အလိုမဲ့ခြင်း၊ (၁၀) အာနာပါနဿတိ- ထွက်သက် ဝင်သက်ကို အောက်မေ့ခြင်း။

ဓဏ္ဍ၏ ဖြစ်ခြင်း အဓိကြောင်း ဂ-မျိုး။ ။ဤ သရုပ် (အနာရောဂါရခြင်း၏ အကြောင်းရင်း ဂ-ပါး) ၌ ရှုပါ။

ဓောင်ခြည် ဓြောက်သွယ်၊ ဘဝဂ်ကယ်၊ ဘယ်ဝယ်ဘယ်သို့နည်း? ။ ။ဗုဒ္ဓဘုရား ရှင်၏ ရောင်ခြည်တော်များ။ (၁) နီလ-ညိုသော စိမ်းသော မဲသော ရောင်ခြည်တော်၊ (၂) ပီတ-ရွှေသော ဝါသော ရောင်ခြည်တော်၊ (၃) လောဟိတ-နီသော ရောင်ခြည်တော်၊ (၄) သြဒါတ-ဖြူသော ရောင်ခြည်တော်၊ (၅) မဇ္ဇိဋ္ဌ- မောင်းသော နီပြေပြေ ပန်းရောင်ဖြစ်သော ရောင်ခြည်တော်၊ (၆) ပဘဿရ- ပြိုးပြိုးပြက်ပြက် ကောင်စုံထွက်သော ရောင်ခြည်တော်။

ရောင်ခြည်တော်များ၊ ၇-ပါး၊ ဘုရား မြတ်မုနိန်။ ။ဤ သရုပ်အဓိပ္ပါယ် (ဗုဒ္ဓကိုယ်တော်ရောင် ၇-ပါး) ၌ ပြခဲ့ပြီ။

ရောင်ဆိုင် ၄-မည်၊ ကမ္မာဇတည်၊ ဆိုသီ ကျူးရင့်ကုံး။ ။ဇာတ်သဘင်တို့၌ ပွဲဦးထွက် နတ်ကတော်များ သိဆိုသော 'မဂ်လာရယ်မှ မဏ္ဍိုင်၊ ရောင်ဆိုင် ငယ်မှ ၄-မည်၊ သာမောင်ယစ်စည်' ဟူသော ကမ္မာဇတည် သီချင်းမှ မြင်းမိုရ် ရောင် ၄-ပါးကို ဒမးသည်၊ ဤ အဖြေ (မြင်းမိုရ်ရောင် ၄-ပါး) ဟူသော သုတေသနဌ ဆိုခဲ့ပြီ။

ဓောင့်ရဲ့ ဓင်းတိမ်နိုင်ခဲလှသူမျိုး ၂-ဦး။ ။ပုဂ္ဂလပညတ် ။ပါ။ ၁၂၉ ။ဌ။ ၅၅-၌ ရှု။ (၁) ရ,ရသမျှ မသုံးဆောင်ဝဲ သိမ်းဆည်း သိုမှီးထားသူ၊

http://www.dhammadownload.com

(၂) ရတိုင်း, ရတိုင်း သူတပါးအား ပေးကမ်းလှူဒါန်းပစ်သူ၊ နောက်လူကို ချီးမွမ်းအပ်၏။

[ရီ]

ရီဿထိုက်သူအား မရီသေသူမျိုး ၁၂-ဦး။ ။အရီအသေ မပေးတတ်သူမျိုးတကျိပ်နှစ်ယောက်။ (၁) ရာဂထူပြော တပ်ခြင်း ပြင်းသူ၊ (၂) ဒေါသထူပြောသောသူ၊ (၃) မောဟကြီး၍ တွေဝေထိုင်းမှိုင်းသူ၊ (၄) မာန်မာနကြီးလွန်းသောသူ၊ (၅) သူ့ဂုဏ်ကျေးဇူးကို မသိသောသူ၊ (၆) အလွန်ခက်ထန် ကြမ်းကြုတ်သူ၊ (၇) အလွန်အောက်တန်းကျ ရိုင်းစိုင်းနေသူ၊ (၈) အစိုးရသူ အုပ်စိုးလွှမ်းမိုးနေသူ မင်း၊ (၉) ယုတ်မာ ကောက်ကျစ်စဉ်းလဲသူ၊ (၁၀) ဆင်းရဲစေအပ်သူ ဆင်းရဲမည့်သူ၊ (၁၁) လောဘရမ္မက်ကြီးလွန်းသူ၊ (၁၂) လုပ်ငန်းထဲ၌ စိတ်ပါအားထုတ်နေသူ။

ရီဿရခြင်းမျိုး ၃-ပါး။ ။ကမ္ဘာသားတို့ လိုက်နာရီသေရခြင်းတရား ၃-ပါး၊ သင်္ဂီတိသုတ် အဋ္ဌကထာ။ (၁) အတ္တာဓိပတေယျ- မိမိကိုယ်ကို ရီသေရခြင်း၊ (၂) လောကာဓိပတေယျ-ကမ္ဘာသူ ကမ္ဘာသား အားလုံးကို ရီသေရခြင်း၊ (၃) ဓမ္မာဓိပတေယျ- ယဉ်ကျေးမှု တရားတော်, ဥပဒေ အရပ်ရပ်, ပညတ်ချက်များကို ရီသေရခြင်း။

[ရိ]

ရှက်ခြင်းအကြောင်းတရား မျိုး ၄-ပါး။ ။ရှင်မဟာရဋ္ဌဆို၊ ဘုရိဒတ်ဇာတ် ပေါင်းပျို၏ (ဟိရောတ္တပ်ကို၊ မလပ်မလွတ်၊ စောင့်ရှောက်တတ်သား၊ သူမြတ်ကြံမိ၊ အရာသိက၊ ဇာတိ, ဝယ၊ သူရအစစ်၊ ဗဟုသစ်,ဟု၊ စင်စစ်လေးထွေ၊ ကြားသတည်း) ဟူသော လင်္ကာအရ။ (၁) ဇာတိ ဟိရီ-မိမိ၏ အမျိုးဇာတ် မြတ်သည်ကို အကြောင်းပြု၍ ရှက်ခြင်း၊ (၂) ဝယ ဟိရီ-မိမိ သက်ရွယ်ကြီးရင့်သည်ကို စဉ်၍ ရှက်ခြင်း၊ (၃) သူရ ဟိရီ-မိမိ၏ သူရသတ္တိဂုဏ်ကို အကြောင်းပြု၍ ရှက်ခြင်း၊ (၄) ဗဟုသစ္စ ဟိရီ- မိမိ အကြားအမြင် ဉာဏ်ပညာ ကြီးမားမှုကို အကြောင်းပြု၍ ရှက်ခြင်း ဟူ၏။

http://www.dhammadownload.com

ရှက်ခြင်းအကြောင်းတရား မျိုး ၄-ပါး၊ တနည်း။ ။အကျယ် ဝိသုဒ္ဓိမဂ်နှင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာတို့၌ ရှုပါ။ (၁) ဇာတိ မဟတ္တ-ဇာတ်ကို စွဲ၍ရှက်ခြင်း၊ (၂) သတ္တု မဟတ္တ-ဆရာဘုရား၏ မြင့်မြတ်ပုံကိုစွဲ၍ရှက်ခြင်း၊ (၃) ဒါယဇ္ဇ မဟတ္တ-အမွေခံမှု မြတ်ပုံကို အကြောင်းပြု၍ ရှက်ခြင်း၊ (၄) သဗြဟ္မစာရီ မဟတ္တ-မိမိ သီတင်းသုံးဖော်နှင့် ဆွေမျိုးဘုတိ မိတ်ဆွေ အပေါင်းတို့ မြတ်သည်ကို အကြောင်းပြု၍ ရှက်ခြင်း ဟူ၏။

ရှင်အာနန္ဒာ၊ ဘွဲ့ပုံသာ၊ ၅-ဖြာ တေဒဂ်။ ။အရှင်အာနန္ဒာ မထေရ်မြတ်၏ တေဒဂ် ဘွဲ့တံဆိပ်တော် ငါးရပ်ကို ဆိုသည်။ (၁) ဗဟုသုတအရာ၊ (၂) သတိမမေ့သည့်အရာ၊ (၃) ပညာလျင်သည့်အရာ၊ (၄) လုံ့လရှိသည့် အရာ၊ (၅) အလုပ်အကျွေး ကောင်းသည့်အရာ။

ရှင်အာနန္ဒာ၊ ဆု ၈-ဖြာ၊ ဘဇာ ဘယ်သို့နည်း? ။အဂုံတရ ကေကနိပါတ တေဒဂ္ဂဝဂ် ။၌။ ၂၂၉။ မြတ်စွာဘုရားထံ အလုပ်အကျွေးအဖြစ် အမြဲ ခံယူနိုင်ရန် ဤဆုရှစ်ပါးကို ကိုယ်ပိုင် တောင်းယူထားသည် ဟူ၏။ (၁) သူ့အား မြတ်စွာဘုရားက ဆွမ်းကောင်း မပေးရန်၊ (၂) သင်္ကန်း ကောင်း မပေးရန်၊ (၃) ဂန္ဓကုဋိတိုက်တော် အတွင်း ဘုရားသခင်နှင့် အတူ မနေရန်၊ (၄) မြတ်စွာဘုရားအတွက်သာ ပင့်ဘိတ်လာလျှင် သူ့ကို မခေါ်ရန်၊ ဤပယ်သော ဆုလေးပါးအပြင်၊ (၅) သူပင့်လျှောက်ထားသို့ ဘုရားကြွရမည်၊ (၆) ဘုရားဖူးလိုသူတို့ လာလျှင် ဖူးမျှော်ခွင့် ပေးရ မည်၊ (၇) သူ ယုံမှားမှုရှိသော ဓမ္မမျှားကို မေးလျှောက်ခွင့် ပြုရမည်၊ (၈) သူ၏ မျက်ကွယ်၌ ဟောကြားသော တရားမျှားကို "အာနန္ဒာ ငါဘုရား ဘယ်အရပ်၌ ဘယ်သူအား ဘာ တရားဟောခဲ့သည်"ဟု ပြန်၍ ဟောကြားပေးတော်မူရမည် ဟူ၏။

ရှင် ၄-ပါး။ ။တန်ခိုးကြီးသော (ရွာသုံး၊ စာငယ်သုံး) ရှင်လေးပါး၊ (၁) ရှင်ဥပဂုတ်- တောင်သမုဒ္ဒရာမှာ ကြေးပြာသာဒ်နှင့် နေသည်၊ (၂) ရှင်သာရဒတ္တ- မြောက်သမုဒ္ဒရာမှာ ရွှေပြာသာဒ်နှင့် နေသည်၊ (၃) ရှင်သင်္ကိစ္စာဒေရ- အရှေ့သမုဒ္ဒရာမှာ ရွှေပြာသာဒ်နှင့် နေသည်၊ (၄) ရှင်မေဓင်္ကရ- အနောက်သမုဒ္ဒရာမှာ ကြေးပြာသာဒ်နှင့် နေသည်။

http://www.dhammadownload.com

မှတ်ချက်။ ။သံဂါယနာတင် ကျမ်းကြီး ကျမ်းခိုင်မှာ မလာ၊ သို့သော် လူထို့သုံးနှုန်း မေးမြန်းကြ၍ ဘုရားရှိခိုးအမျိုးမျိုး၊ မူဟောင်းက ယူဓဖြလိုက်သည်။

ရှင် ၄-ပါး၊ တနည်း။ ။'ပေလေးပင် ရှင် လေးပါး'ဟု အင်းဝခေတ် မြန်မာစာပေတို့တွင် ကျော်ကြားသည့် သိုက်ဝင် ရှင်လေးပါးတို့ ဖြစ်၏။ (၁) မြို့လုလင်ရွာ ဦးသောကြာ ဒေါ်နှင်းဆီတို့၏သား ငယ်မည် မောင်ဉက္ကာ၊ နောက်ခါ ရှင်ဥတ္တမကျော်၊ (၂) မြို့လုလင်ရွာ ဦးကြည် အမိ နတ်ထိန်းကြီး မယ်ဒေးတို့၏သား ငယ်မည် မောင်ညို၊နောက်ခါ ရှင်မဟာသီလဝံသ၊ (၃) သတိုးထမ်းရွာ ဘမိမည်ရည် မသိ၊ ရှင်အုံးညို၊ (၄) မကျည်းယောင်ရွာ ဘမိမည်ရည် မသိ၊ ရှင်ဓမာ တို့ဖြစ်ကြ၏။

ရှင် ၄-ပါး အစစ်၊ တနည်း။ ။ဘယ်အခါမှ မသေသော ရှင်လေးပါးတို့ကား-မင်္ဂပုဂ္ဂိုလ် လေးယောက်သာ ဖြစ်ချေသည်၊ ထိုကိုရည်၍ "စုတေ့မသေ၊ သန္ဓေမစဲ့၊ ငရဲမလား၊ လေးဦးသားတို့"ဟူ၍ ပညာရှိများ ပြောကြား ကြလေပြီ။

ရှင်ပင်သာလျောင်း၊ ၄-ပါးပေါင်း၊ ဦးခေါင်း မည်သို့ပြု? ။ ။ရွှေသာလျောင်း ပုံတော်မျိုး လေးပါး ဦးခေါင်းပြုထားပုံနှင့် အမည်တော်များကို ရွေးဆရာတော်ကြီးများ ရေးစပ်ထားသော ဤလင်္ကာများဖြင့် သိကြရသည်။ "အရွှေ သာလျောင်း၊တောင် ပေါင်းလောင်း၊နောက်စောင်း နေရဗာဏ်၊ မြောက် နိဗ္ဗာန်"။ (၁) အရွှေဦးခေါင်း၊ လျောင်းစက်ပုံနေ၊သာလျောင်း ပေတည်း၊ (၂) တောင်ခေါင်း ဖလသမာ၊ ခေါ်ရာ ပေါင်းလောင်း၊ (၃) နောက်စောင်း နိဗ္ဗောဓ၊ သမာပတ်ဝင်၊ နေရဗာဏ်ပင်တည်း၊ (၄) မြောက်လျှင်ဦးခေါင်း၊စံကျောင်းပရိနိဗ္ဗာ၊ ကုသိန္နာတည်း ဟူ၏။

ရှင်ဘိုမယ်ဖား၊ တောင်ညာထား၊ ၅-ပါး ထီးတုရင်။ ။ဂင်း သရုပ်ကို (မင်းဆက် ၅-သွယ်၊ ရှင်ဘိုမယ်၊ နန်းလယ်တင့်သည်သာ) ဟူသော သုတေသနဥ္စ ဆိုခဲ့ပြီ။

ရှင်မပြုဏောင်းသူ ၁၁-ယောက်။ ။ဂင်သရုပ် **အဓိပ္ပါယ်**ကို (အ ဘမ္မပုဂ္ဂိုလ် တကျိပ်တစ်ယောက်) ဟူသော သုတေသနရပ်ဥ္စ ပြခဲ့ပြီ။

http://www.dhammadownload.com

ရှင့်,သျှင့်, ၂-ပါး၊ ရေးတုံ့းပြန်သူ၊ ဒွက်ကား ဘယ်သို့ ခြားသနည်း?။ ။ ရှင်အာဒီစ္စ, သျှင်ကောဏ္ဍည္ဟူသော အရေးအသားတို့၌ ဖနက်သဘော ခြားနားပုံကို မေးသည်၊ အဖြေ နှစ်ပါး ကြိုက်ရာယူ။ (၁) ရှင်-အရိယ, အရဟ, အရဟန္တ ဟူသော ပါဠိပုဒ်တို့မှ အရည်း, အရဟန်,အရှန်,အရှင်, ရှင်,ဟု ဓမ္မပြောင်းလဲလာရကား ဖြူစင်သော,ပူဇော်ခံထိုက်,ရိုသေထိုက်သော အနက်သဘောကို ဟောဏ်၊ ပုံ- ဖိုရှိန်ကျောက်ငြင်၊ ရှင်ကို အရည်း။ (ရှင်ရဿသာရ) (၂) သျှင်-သာမိသဒ္ဒါမှ ပြောင်းလဲလာ၏၊ ပိုင်ဆိုင်သူ၊ ပိုင်သျှင် ဟူသော အနက်ကို ဟောဏ်၊ ပုံ- သုဝဏ္ဏသာမ- သုဝဏ္ဏသျှမ် ဖြစ်ပုံမျိုး။

တနည်း။ ။အချို့ဆရာတို့ ယူပုံကား (၁) ရှင်-ပတိ,ဗ္ဘရဿ၊သာမျတ္ထ ဏ်၊ အရထုတ်ဖွေ့၊ အဆွေအိမ်ရှင်၊ ဆင်ဖြူရှင်မျိုး၊ စကားရိုးဝယ်၊ ဟထိုး ရကြီး၊ (၂) သျှင်-တသီးထိုမှ၊ အယျ, အယ္ယေ့၊ ဘန္တေ့, ဘောန္တော၊ အာဝုသောနှင့်၊ မိန့်ဟောသဒ္ဒါ၊ အာယသ္မာ၊ ဘဒ္ဒန္တ၏၊ အတ္ထထွေပြား၊ အသျှင် များဟု၊ မှတ်သားဆန်းကြယ်၊ သဲ ဝယ် ယပင့်၊ ဟဆဲ့ဆင့်လော့ ဟူ၏။

ရှစ်ဆယ်ဒသော လက္ခဏာတော်ငယ်။ ။မြတ်စွာဘုရား သခင်၏ လက္ခဏာ တော်များ ဖြစ်သည်၊ ၎င်းသရုပ်ကို (လက္ခဏာတော်ငယ် ၈၀)၌ ပြအံ့။

ရှစ်ပါး သီလ။ ။(အဋ္ဌင်္ဂသီလ)၌ ရှုပါ။

ရှမ်း ၉-ဆက်၊ ၉-စောဘွား။ ။"ရှမ်းကိုးဆက်၊ ကိုးစောဘွား၊ လူးတဆယ့် နှစ်ပနား၊ ရာတပါးနှင့်၊ စော်ဘွားစော်ခံ၊ ရွှေဥကင်ဘုံပျံမှာ၊ ညီလာခံ ခဲ့ညောင်း၊မူးမတ်အပေါင်းစုံကြပြီလား....မင်းကြီးများ"ဟူသော ဇာတ် သဘင် ဘုရင်၏ စကားအရ.... (၁) မိုးကောင်းစော်ဘွား၊ (၂) မိုးညှင်း စော်ဘွား၊ (၃) သောင်သွပ်စော်ဘွား၊ (၄) မိုးမိတ်စော်ဘွား၊ (၅) မိုးနဲစော်ဘွား၊ (၆) သိန္နီစော်ဘွား၊ (၇) မိုင်းပဲစော်ဘွား၊ (၈) ညောင်ရွှေစော်ဘွား၊ (၉) သီပေါစော်ဘွားတို့ ဟူ၏။

မှတ်ချက်။ ။ရှမ်းပြည်အစ "မိုင်းမော"က- ဟူသော စကားအရ မိုင်းမောမှတဆင့် စော်ဘွား ၉-ဆက် ဖြစ်ပေါ်လာသည် ဟူ၏။

http://www.dhammadownload.com

ရှမ်းပြည်နယ်မှာ၊ တတ္တိ်သာ၊ ပမာ ဝတိ်လား။ ။ရှမ်းတို့ဌာနီဥ ပြည်နယ် ပေါင်းမှာ တတ္တိ်သ ခေါ် ၃၃-နယ်ရှိ၍ တာဝတိ်သာ နတ်ပြည်အလား မွေလျော် ပျော်ရွှင်ဘွယ် များစွာတို့နှင့် ပြည့်စုံသည့်ပြင် စတုရန်း မိုင်ပေါင်း ၅၆၆၄၅-ကျယ်လျက် စော်ဘွား ၁၆-ယောက်၊ မြို့စား ၁၃-ယောက်နှင့် ဇင်ဒခွန်မူး ၄-ယောက်တို့က အုပ်ချုပ်ကြရသည်။ (ဤကား အင်္ဂလိပ် လက်အောက်မှာ နေရစဉ်က ဖြစ်၏။) (၁) ကျိုင်းတုံနယ်၊ မိုးနဲနယ်၊ ညောင်ရွှေနယ်၊ ရပ်ဆောက်နယ်၊ လဲချားနယ်၊ မောက်မယ်နယ်၊ မိုင်းပန်နယ်၊ မိုင်းပွန်နယ်၊ စကားနယ်၊ နော်ဂမွန်နယ်၊ (၁၀) မိုင်းနောက်၊ မိုင်းကိုင်း၊ ကျေးသီဗန်းစံ၊ လွယ်လုံ၊ သထုံ၊ ဗန်းရင်၊ ဟိုပုန်း၊ နန်းခုတ်၊ စကွယ်နယ်၊ မိုင်းရှူး၊ (၂၀) သမခမ်း၊ ပွေးလှ၊ ဘော်နယ်၊ ရွာငံနယ်၊ ပင်မှီ၊ ကျုံးနယ်၊ ပင်းဒယ်၊ (၂၇) ဤကား တောင်ပိုင်းရှမ်းပြည် ၂၇-နယ်တည်း၊ (၁) သီပေါနယ်၊ (၂) တောင်ပိုင်းနယ်၊ (၃) မိုင်းရယ်နယ်၊ (၄) မြောက်သိန္နီနယ်၊ (၅) မိုးမိတ်နယ်၊ (၆) မိုးလင်းနယ်၊ ဤကား မြောက်ပိုင်းရှမ်းပြည် ၆-နယ်တည်း၊ ပေါင်း ၃၃-နယ် ဖြစ်၏။

ရှမ်းအမျိုး ၃၀။ ။ဇမ္ဗူတံဆိပ် ကျမ်းရင်းမှ။ လင်း, သက်, ချင်း, ခုံ, ရင်, ကတူး, မြန်, အကျော့, ဂင်, ရှမ်း (၁၀)။ ဇဝါ, မျက်နှာမည်း, ကသည်း, ရေမီးထွက်, ကရက်, လဝ, ယော, ပန်းလောင်, တရုတ်, ယွန်း (၂၀)။ ဓနု, ဘအူ, ကရင်, ကချင်, ဂနော, ယောန်, လဝိုက်, တရုပ်, ယိုးဒယား, အနဲ (၃၀)။

ရှားမျိုး ၄-ပါး၊ မြန်မာပြည်၌။ ။ရှားစေးချက်ရသော ရှားပင်မျိုး ၄-ပါး၊ ပဌမတန်းစား-ရှားနီမျိုး၊ ဒုတိယတန်းစား-ရှားညိုမျိုး၊ တတိယတန်းစား-ရှားဝါမျိုး၊ စတုတ္ထတန်းစား-ရှားနက်ပြာမျိုးတို့ ဖြစ်၏။

[ရှိ]

ရှိခိုးအပ်သော် ပုဂ္ဂိုလ် ၅-ဦး။ ။ ရဟန်းတော်များ ရှိခိုးရမည့်သူ ဟူ၏၊ ပရိဝါ။ပါ။ ၃၅၈ ။ဌ။ ၂၂၄။ (၁) ဘုရားရှင်၊ (၂) သိက္ခာသီတင်းကြီး

http://www.dhammadownload.com

ရဟန်း၊ (၃) နာနာသံဝါသက ဓမ္မဝါဒီ သီတင်းကြီးရဟန်း၊ (၄) ဆရာ ၅-ဦး ဖြစ်သူ ရဟန်း၊ (၅) ဥပဇ္ဈာယ်ဖြစ်သူ ရဟန်း။

ရှိမခိုးကောင်းသော ပုဂ္ဂိုလ် ၂၅-ယောက်။ ။(၎င်း သရုပ်ကို အဝန္တိယ ပုဂ္ဂိုလ် ၂၅-ယောက်)၌ ရှုပါ။

ရှိခိုးခြင်းရာ၊ မျိုး ၃-ဖြာ၊ ကျမ်းလာ မည်သို့နည်း?။ ။၎င်း သရုပ်ကို (ဝန္ဒနာမျိုး ၃-ပါး) မှာ ရှုပါ။

[၈၇]

ရွှေအိုးကြီး ၄-လုံး။ ။သုတ်သိလက္ခန် ။ဋ္ဌ။ ၂၅၃။ ဗုဒ္ဓဘုရားနှင့် ဖွားဘက် တော်ဖြစ်ကြသော ရွှေအိုးကြီးများ။ (၁) **သန်** မည်သော ရွှေအိုးကြီး၊ တဂါဝုတ် ရှိ၏၊ (၂) **ဇလ** မည်သော ရွှေအိုးကြီး၊ ၂-ဂါဝုတ် ရှိ၏၊ (၃) ဥပဓုလ မည်သော ရွှေအိုးကြီး၊ ၃-ဂါဝုတ်ရှိ၏၊ (၄)ပဏ္ဍရိက မည်သော ရွှေအိုးကြီး၊ တယူဇနာ ရှိ၏။

ရွှေတိဂုံဘုရား၊ ဓာတ် ၄-ပါး၊ **တည်ထား ၅ဝပနာ**။ ။ဥက္ကလာပမင်းကြီး တည်ထားကိုးကွယ်ခဲ့တော်မူသော ရွှေတိဂုံစေတီတော်ကြီး၌ ဘုရား ၄-ဆူ၏ ဓာတ်တော်မြတ်တို့ကို **ဆိုသည်**။

(၁) ဆူးလေနတ်ကြီးထံမှ ရရှိသော ကကုသန် မြတ်စွာဘုရား၏ တောင်ဝှေးတော်ဓာတ်။

(၂) ရောဟဏီမည်သော ဗိုလ်တထောင် နတ်ကြီးထံမှ ရရှိသည့် ကောဏာဂုံ မြတ်စွာဘုရား၏ ဓမ္မကရိဏ် ရေစစ်တော်ဓာတ်။

(၃) ဒက္ခိဏ မည်သော သကန်းကျွန်း ကျိုက္ကဆံ နတ်ကြီးထံမှ ရရှိသည့် ကဿပ မြတ်စွာဘုရား၏ ရေးသနုပ်တော်ဓာတ်။

(၄) တပုဿ, ဘလ္လိက ညီနောင်တို့ထံမှ ရရှိသော ဂေါတမ မြတ်စွာ ဘုရား၏ ဆံတော်ဓာတ် ၈-စင်းခန့်၊ ထိုဆံတော်ဓာတ်တို့ကို 'အမြီဿရ'

http://www.dhammadownload.com

မည်သော မှော်ဘီနတ်ကြီးက စောင့်ရသည်ဟု မော်ဓော ရာဇာဝင် သံမိုင်းနှင့် ရွှေတိဂုံသမိုင်း၊ အခြား ပညာရှိတို့က ဆိုကြသည်။

ရွှေဘိုမြို့၏ အမည်တော် ၅-ပါး။ ။ဇင်း သရုပ်ကို (ငါးမည်ရ ပြည်ရွှေဘို) ဟူသော သုတေသနဌ ပြခဲ့ပြီ။

ရွှေမျိုး ၄-ပး၊။ ။ပါဠိအဘိဓာန် ဋီကာမှ။ (၁) စာမီရွှေ-စာမီခေါ်သော ပန်းတမျိုးဖြင့် ပြုလုပ်သော ရွှေ၊ ဇင်းကိုပင် ဂီဝ်ရွှေဟု ခေါ်ပြန်၏။ (၂) သာတကုမ္ဘ ရွှေ- ပဒုမ္မာကြာဝတ်ဆံ အဆင်းရှိ အရာဝတ္ထုတမျိုးကို သာတကုမ္ဘ ခေါ်သည်၊ ဇင်း အဆင်းနှင့်တူသော ရွှေ၊ ဇင်းကိုပင် နီတုံရွှေ ဟု ခေါ်ပြန်၏၊ (၃) ဇမ္ဗူရာဇ် ရွှေ- ဇမ္ဗူသပြေသီးမှ ဖြစ်သောရွှေ၊ (၄) သိဂ်ီနိုက် ရွှေ- သိဂ်ီခေါ် ငါးတမျိုး၏ အဆင်းနှင့် တူသောရွှေ၊ သို့မဟုတ် သိဂ်ီငါးသဏ္ဌာန်ပုံရှိသော ကျောက်တုံးတို့မှ ဖြစ်သောရွှေ။

ရွှေမျိုး အပါး ၂၀။ ။ဝိမာန၀တ္ထု အဋ္ဌကထာ ၁၁-ဌ် ၇-မျိုးလာရှိသည်၊ လောကီပရိဘောဂ ကျမ်းစာဌ်ကား။ အရမတ်၊ အညမတ်၊ အဠမတ်၊ နိရမတ်၊ ဘော်ငွေမှ ဖြစ်သော ရွှေမျိုး ၄-ပါး။ နာရဏီ၊ နာရကာ၊ နာရမုတ္တာ၊ နာလာရော၊ နဂါးကဖြစ်သော် ရွှေမျိုး ၄-ပါး။ အတ္တရဏီ၊ ဥရဏီ၊ ဥရဂုတ်၊ ဥရ၀ါ၊ မြေကဖြစ်သည့် ရွှေမျိုး ၄-ပါး။ သုဝဏ္ဏသာရ၊ သုဝဏ္ဏရာဂီ၊ သုဝဏ္ဏမဏီ၊ သုဝဏ္ဏရသ်၊ မြေထွက်ရွှေကို မူတည်၍ ပြဒါး ၁၀တ် စသည်တို့ဖြင့် ဖေါ်စပ်ပြုလုပ်သော အဂ္ဂိရတ်ရွှေ၊ ဇော်ဂျီရွှေမျိုး ၄-ပါး။ဇမ္ဗူနဒ၊ ဇာတရူပ၊ သိဒ်္ဓိနိက္ခ၊ဝိဟာနက၊ သစ်သီးသစ်ပင့် စသည်တို့မှ ဖြစ်သော ရွှေမျိုး ၄-ပါး၊ ပေါင်း ၂၀-ဖြစ်၏။

ရွှေသာလျောင်းပြား၊ မျိုး ၄-ပါး၊ ထင်ရှား ဖြေတော်မူ။ ။ရှင်ပင်သာ လျောင်း, ကိုပင် ရွှေသာလျောင်းဟု ခေါ်ကြပြန်၏၊ သရုပ် ၎င်း၌ ရှုပါ။

[လ]

လ ၁၂-ပါး၊ မည်ထူးခြား၊ ၄-ပါး လ အမည်။ ။ဇင်းသုတေသန သရုပ်ကို (ဆယ့်နှစ်လခွင်၊ အမည်ကွင်၊ ၄-အင် အမည်ထူး) ဟူသည်၌ ရှင်းပြခဲ့ပြီ။

http://www.dhammadownload.com

လက်အုပ်တင်ချီ၊ အဥ္ဇလီ၊ ၅-မည် အဘယ်နည်း?။ ။ငင်း သရုပ် (အဥ္ဇလီ ၅-သွယ်၊ သိမှတ်ဘွယ်)၌ ဆိုခဲ့ပြီ။

လက္ခဏရုပ် ၄-ပါး။ ။ဥပါဒ်, ဋ္ဌိ,ဘင်,သဘောဖြင့် မှတ်ကြောင်း သိကြောင်း ဖြစ်သော ရုပ်များ၊ ငင်း သရုပ်ကို-(ရုပ် ၂၈-ပါး) ၌ ပြခဲ့ပြီ။

လက္ခဏာတော်ကြီး ၃၂-ပါး။ ။ယောကျ်ားမြတ်တို့ လက္ခဏာကြီးများ ဟူ၏၊ သို့သော် စကြဝတေးမင်းနှင့် ဗုဒ္ဓဘုရား အတွက်သာ မှတ်ယူ သုံးစွဲကြသည်၊ မဟာပဒါနသုတ်မှ။ သုပ္ပတိဋ္ဌိတ ပါဒ- ပြည့်ဖြိုး ညီညာသော ခြေဖဝါး အပြင် ရှိခြင်း။စက္ကပူရိတ ပါဒ-၁၀၀-ကွက် စက်လက္ခဏာ တော် အစုံပါသော ခြေဖဝါး။အာယတ ပဏှိက-သူတပါးတို့ထက်လုံးဝန်း ရှည်သော ဖနောင့်။ ဒီဃင်္ဂုလိက- ရင်းတုတ်ဖျားသွယ် ရှည်လျားညီညာသော ခြေချောင်း လက်ချောင်း။ မုဒု တလုဏ ဟတ္ထ ပါဒ- ဖွားစအခါကဲ့သို့ အမြဲနုနယ်သော လက်ခြေများ။ ဇာလက ဟတ္ထ ပါဒ-အတို အရှည် မရှိ ညီညာသော လက်ချောင်း ခြေချောင်း။ ဥဿဒ် ပါဒ- မြင့်တက်သော ဖမျက်။ ဧဏီ ဇင်္ဃ-ခြေသလုံး၏ ရှေနောက် နံပါး၌ အသားစိုင်များရှိ၍ သလေးစပါးနှင့်တူခြင်း။ ဒီဃ ဟတ္ထ- ကိုယ်ခန္ဓာ အဖြောင့်ထား၍ ဒူးဆစ်များကို မှီသောလက်၊ ကောသောဟိတ ဝတ္ထဂုယ္ဟ- အအိမ်ဖြင့် ဖုံးလွှမ်းအပ်သောအင်္ဂါဇာတ်။ (၁၀)။သုဝဏ္ဏ ဝဏ္ဏ-ရှေအဆင်းကဲ့သို့ ဝါဝင်း၍လုံးကျစ်သော ကိုယ်အနေ အထား။သုခုမစ္ဆဝိ-နုနယ်သော အရေအသား။ကေက လောမ-မွေးညှင်းတတွင်း၌ အမွေးတပင်စီသာ ပေါက်ခြင်း၊ ဥဒ္ဓဂ္ဂ လောမ-ထိုမွေးညှင်းတို့သည် လကျ်ာရစ်လှည့်၍ အဖျားကော့တက်ပြီး မျက်စဉ်းညိုရောင် ရှိခြင်း၊ ပြဟ္မုဇု ဂတ္တ-ဖြောင့်စင်းသော ကိုယ်ခန္ဓာ။ သတ္တုဿဒ-လက်ဖမိုး ခြေဖမိုး ပခုံးစွန်း လည်ကုတ် ၎င်း ၇-ဌာနဒ်၌ ပြည့်ဖြိုးခြင်း၊ သီဟပုဗ္ဗဒ္ဓ ကာယ-ခြင်္သေ့မင်း၏ ရှေပိုင်း ကိုယ်ကဲ့သို့ ရှေနောက် အောက်ထက် ပြည့်စုံသော ကိုယ်။ စိတန္တရံသ-လက်ပြင်ရိုး နှစ်ခုကြား ပြည့်ဖြိုးသော အသား။နိဂြောဓပရိမဏ္ဍလ-အလံနှင့် အရပ် ညီမျှစွာ ရှိခြင်း။သမ ဝဋ္ဋက္ခန္ဓ-အညီအမျှလုံး၍ လှသော ပခုံး လည်ပင်း။ (၃၀)။ရသဂ္ဂ သဂ်ီ-အရသာကို ဆောင်ယူနိုင်သော အကြောကောင်းများ။ သီဟ ဟနု-ခြင်္သေ့၏ အောက်

http://www.dhammadownload.com

မေးကဲ့သို့ ပြည့်ပြိုးသော အထက်မေး အောက်မေး။ စတ္တာလီသ သမဒန္တ-သွားပေါင်း-၄၀ ရှိခြင်း။ သမ ဒန္တ - ညီစွာတိကျသော သွားရှိခြင်း။ အဝိရဠ ဒန္တ-ကျိုးကျဲမရှိ စေ့သော သွားရှိခြင်း။ သု သုက္က ဒါဠ-သွား-များ အားလုံး ဖြူစင်၍ ထင်ရှားသော သွားစုံယ် ရှိခြင်း။ပဟုတ ဇိဝှ-နှာခေါင်း ပေါက် နားပေါက်တို့ကို သုံးသပ် နှိုင်အောင် ရှည်ပြန့်သော လျှာ။ ပြဟ္မဿရ-ကရဝိက်သံ,ပြဟ္မာမင်း၏အသံကဲ့သို့ သာယာချို့မြိန်သောအသံ။ အဘိနီလ နေတ္တ-ညိုသင့်ရာ အရပ်၌.အလွန်ညိုသော မျက်လုံး။ ဂေါပခ္မ-ဖွားသစ်စ နွားငယ်၏ မျက်လုံးအိမ်ကဲ့သို့ မျက်လုံးအိမ်ရှိခြင်း။ (၃၀)။ ဥဏ္ဍဇာတ-မျက်ခုံးနှစ်သွယ် အလည်တည့်တည့်၌ ဥဏ္ဏလုံမွေးရှင် ရှိခြင်း။ ဥဏှီသ သီသ-နဖူးသင်းကျစ် ရှိခြင်း။(၃၂)။

လက္ခဏာတော်ငယ် ရှစ်ဆယ်။ ။မြတ်စွာဘုရားသခင်၏ ကိုယ်တော်၌ ထင်ရှား စွာ ပါရှိသော အသေးစိတ် လက္ခဏာတော်ငယ်များ၊ ဇိနာလင်္ကာရဋီကာ ၁၉၁-မှ ထုတ်ယူသည်၊ ပကိဏ္ဏကဝိသဇ္ဇနာ။ တတိယတွဲ။ မဟာပုဒ္ဓဝင် ဒုတိယတွဲ။ သာသန သမ္ဗတ္တိ ဒီပနီတို့၌လည်း ကြည့်ပါ။ စိတဂုံလီ-အကြွားမထင် စေ့စပ်သော ခြေချောင်း လက်ချောင်း။ အနု ပုဗ္ဗဂုံလီ-သွယ်ရှူး ဖြူးဖြောင့်သော ခြေချောင်းလက်ချောင်း။ဝဋ္ဋဂုံလီ-လုံးလျောင်း ချောမြေ့သော ခြေချောင်း လက်ချောင်း။တမ္ဗ နခ-နီမြန်းသော ခြေသည်း လက်သည်း။ တုင် နခ-ရှည်သွယ်မြင့်မားသော ခြေသည်း လက်သည်း။ သိနိဒ္ဓ နခ-ပြေပြစ် ချောမွေ့သော ခြေသည်း လက်သည်း။ နိဂ္ဂဠ ဂေါပ္ဖက-ပြေပြစ်ကောင်းမွန်သော ဖမျက်။ သမ ပါဒ-တိတိညီညီရှိသော ခြေ။ ၈၉ သမာန ကမ-ဆဒ္ဒန်ဆင်မင်း၏ သွားခြင်းကဲ့သို့သော သွားခြင်း။ သီဟ သမာန ကမ- ကေသရီအလားကဲ့သို့ သွားပုံယဉ်ခြင်း။ (၁၀)။ ဟံသ သမာန ကမ- ဟင်္သာမင်းသွားခြင်းကဲ့သို့ အထူးတင့်တယ်သော သွားဟန်။ ဥသဘ သမာန ကမ-ဥသဘနွားမင်းနှင့် တူသော သွားခြင်း။ ဒက္ခိဏ ဝဋ္ဋက္ကမ-လက်ျာခြေချီသဖြင့် လက်ျာရစ် သွားခြင်း။ သမန္တစာရု ဇာဏု မဏ္ဍလ- ထက်ဝန်းကျင် လုံးချောသော ပုဆစ်ဒူးဝန်း။ ပရိပုဏ္ဏ ပုရိဿ ဗျဉ္ဇန-ပြည့်စုံသော ယောကျ်ားမြတ်တို့၏ နိမိတ်။ အ ဆိဒ္ဓ နာဘိ- အရေး အကြောင်း မပြတ်သော ချက်။ ဂမ္ဘီရ နာဘိ-ပုလဲခွက်ကဲ့သို့ နက်သော ချက်။ ဒက္ခိဏ ဝဋ္ဋ နာဘိ-လက်ျာရစ်လည်သော ဗွေရှိသော ချက်။ ဣဘ

http://www.dhammadownload.com

ကရ သဒိသ ဥဂ္ဂ ဘူဇ- ဆင်နှာမောင်းကဲ့သို့ သွယ်ပျော်ငး် ချောပြေသော ပေါင့်, လက်ရုံး။ သု ဝိဘတ္တ ဂတ္တ-ထက် အောက် နံ လျား ဝဿားတည်း ညီညွတ်သော ကိုယ်။ (၂၀)။ အနု ပုဗ္ဗ ဂတ္တ- အစဉ်အတိုင်း ချောပြေ ညီညွတ်သော ကိုယ်။ ပရိမဋ္ဌ ဂတ္တ- ထက်ဝန်းကျင်မှ ချောမွေ့ လှပသော ကိုယ်။ သြဏ တုဏ္ဏတ သဗ္ဗ ဂတ္တ- ရှိုင်းသင့်ရုံ၌ ရှိုင်း၍ ဖြိုးသင့်ရုံ၌ဖြိုး အမျိုးမျိုးတင့်တယ် ရှုချင်ဘွယ်ကောင်းသော ကိုယ်။ အ လိန ဂတ္တ-အရေ ရှုံ့တွန့်ခြင်းမှ ကင်းသော ကိုယ်။တိလကာဒိ ရဟိတ ဂတ္တ-ဝက်ခြံ,မွဲ့,ကြေး, တင်းထိပ်စသည်တို့မှ ကင်းဝေးသောကိုယ်။အနုပုဗ္ဗ ရုစိ ဂတ္တ-အစဉ်အတိုင်း နှစ်သက်မြတ်နိုးဘွယ်ရှိသော ကိုယ်။ ဝိသုဒ္ဓ ဂတ္တ- စင်ကြယ်သန့်ရှင်း အညစ် ကင်းသော ကိုယ်။ သုခုမာလ ဂတ္တ- နူးညံ့ ပြေ့ပျော်ငး်သော ကိုယ်။ သမ္မ ဂတ္တ- မြင်ရသူတို့ အေးမြကြည်လင်သော ကိုယ်။ ဥဇုလိတ ဂတ္တ- ပြိုးပြိုးပြက်ပြက် အရောင်ထွက်သော ကိုယ်။(၃၀)။ ဝိမလ ဂတ္တ- ကိုယ်ဆီ ချွေးစေး မထင် သန့်စင်သော ကိုယ်။ ကောမလ ဂတ္တ- နှစ်မြို့ စိုပျို့သော ကိုယ်။ သိနိဒ္ဓ ဂတ္တ- ပြေပြစ်ချောမွေ့သော ကိုယ်။ သုဂန္ဓ ဂတ္တ- ပန်းပေါင်း စုံတို့ကဲ့သို့ ထုံမွှေးကြူသင်းသော ကိုယ်။ ကောဋ္ဌ သဟဿ ဗလ ဓာရဏ- ဗိုလ်ခြေကုဋေ တထောင်အား‌ကို ဆောင်သော ကိုယ်။ သုဝဏ္ဏ တုဂ်နာသ- ရွှေချွန်းသဘွယ် တင့်တယ် မြင့်ချွန်းသော နှာခေါင်း။ ရတ္တ ဒ္ဝိဇ မံသံ- နီမြန်း လှပသော သွားဖုံး။ သုဒ္ဓဒန္တ- ဖွေးဖြူစင်ကြယ်သော သွား။ သိနိဒ္ဓ ဒန္တ- ထွက်ဝင်မရှိ ပကတိ ညီညာ၍ သိမ်မွေ့ ကျစ်လစ်သော သွား။ ဝိသုဒ္ဓိန္ဒြိယ- သန့်ရှင်းသော အဆင်း ဣန္ဒြေရှိခြင်း။ (၄၀)။ သုဝဋ္ဋ ဒါဌ-ပုလဲချောင်းကဲ့သို့ ကောင်းစွာလုံးဝန်း တိကျသော သွားစွယ်။ တိက္ခဂ္ဂ ဒါဌ- အဖျားချွန်းသော သွားစွယ်။ ရတ္တောဋ္ဌ- နီမြန်းသော နှုတ်ခမ်း။ အာယတ ဝဒန- ကျယ်ပြန့် ခံ့ညားသော ခံတွင်း။ သုဂန္ဓ မုခ- မွှေးကြူကြိုင်လျမ်းသော ခံတွင်း။ ဂမ္ဘီရ ပါဏိ-လေခ- ထင်ရှားသော လက္ခဏာ အရေးအကြောင်း။ ဥဇုလေခ- ဖြောင့်တန်းသော လက္ခဏာ အရေးအကြောင်း။ အာယတ လေခ- ရှည်လျားသော လက္ခဏာ အရေး အကြောင်း။သုရုစိရ သဏ္ဌာန လေခ-နှစ်သက်ရှုချင့်စရာ လက္ခဏာသဏ္ဌာန် အရေးရှိခြင်း။ပရိမဏ္ဍလ ကာယ ဇတိက-တလိမ္မလောက်သော ဆောင်ခြည် အလင်းဖာတ်သည် ကိုယ်ကိုဝန်းဝိုင်း၍ တံတိုင်းပမာ တောက်ပထွန်းလင်း

http://www.dhammadownload.com

နေခြင်း။ (၅၀) ။ ပရိပုဏ္ဏ ကပေါလ- ပြည့်ဖြိုးဖေါင်းကြွသော ပါးပြင်။ မျစိယ အာယတ ဝိသာလ နေတ္တ- အဆင်းငါးသွယ် ကွန့်မြူးစံပယ် ရှည်လျားပြန့်ကျယ် ဝါထယ်ခဲ့ညားသော မျက်လုံး။ ပဥ္စ ပသာဒ နေတ္တ-ညို၍ဖြူဖြူနီတလီအနက်ဆောင်လျှံထွက်သည့်မျက်လုံး။ကုဋိတဂ္ဂဘမုက-ကောရရော့မော့ချီသော မျက်တောင် မျက်ခုံး။မုဒု တလုဏ ရတ္တဇိဝှ-နူးညံ့နီတွေးသော လျှာ။အာပ-တ စာရု ကဏ္ဏ-တင့်တယ်နုထွား ရှည်လျားသပွါယ် ပြန့်ကျယ်သော နားရွက်။ နိဂ္ဂဏီ သိရ- ဖုထစ်မရှိ ပကတိချောမွေ့သော ဦးခေါင်း။ နိဂ္ဂဏ္ဌ သိရ-စောင်းရွဲ့မထင် အပြင်ညီသော ဦးခေါင်း။ ဆတ္တ သန္နိဘ စာရု သီသ-ထီးမိုးအသွင် ထက်ဝန်းကျင်တိတိ၌ ရောင်လျှံညီသော ဦးခေါင်း။ သုဂန္ဓမုဒွ-ရနံ့ပေါင်းစုံတို့နှင့် လှိုင်ထုံမွေးပျံ့သော ဦးထိပ်။ (၆၀) ။အာယတ ပုထုလ နလာဋ-ရွှေပြားအလား နံလျားကျယ်ပြန့်သော နဖူးသင်းကျစ်၊ သု သဏ္ဌာန ဘမုက- သုံးရက်လကွေး သက်တန်ရေးပမာ တင့်တယ်စွာသော မျက်ခုံး။ အနုလောမ ဘမုက- အဖျားသေးသွယ် အလှန်တင့်တယ်သော မျက်မွေး မျက်တောင်။ အာယတ မဟန္တ ဘမုက-ထယ်ဝါခဲ့ညားရှည်လျားပြန့်ကျယ်သော မျက်မှောင်။ သဏှ လောမ ဘမုက-နူးညံ့သော အမွေးရှိသော မျက်ခုံး။ သမ လောမ- မွေးညှင်းတွင်းချင်းစီ၍ ညီညာဖြောင့်တန်းစွာ ပေါက်သော မွေးညှင်းများ။ကောမလ လောမ-နူးညံ့စိုပျို့စိမ်းညိုသော မွေးညှင်း။ ဘီဒဋ္ဌန လောမ- မျက်စဉ်းညှိသွင် စိမ်းလွင်ညိုမှောင်သော မွေးညှင်း။ဒက္ခိဏာဝဋ္ဋ လောမ- လက္ခဏာရစ်လည်၍ ညာဘက်သို့ အဖျားတည်သော မွေးညှင်း။ သိနိဒ္ဓ လောမ-.ကောက်ကွေ့လိမ်တွန့်ခြင်း မရှိ ပကတိသန့်ရှင်းသော မွေးညှင်း။သုနိလ ကေသ-ပိတုန်းတောင်ကဲ့သို့ ညိုမောင်း မည်းနက်သော ဆံပင်။(၇၀) ။ ဒက္ခိဏ ဝဋ္ဋ ကေသ- လက္ခဏာရစ် လှည့်ခွေ ဦးထိပ်ဗွေ၌ တည်နေသော ဆံပင်။ သု သဏ္ဌာန ကေသ- ဆံပင်ကွင်းခွေ၍ ဖြောင့်တန်းစီရီစွာ ပေါက်သော ဆံပင်။ သိနိဒ္ဓ ကေသ- ကောက်ကွေ့ လိမ်တွန့်ခြင်း မရှိ ပကတိ ပြေပြစ် သန့်ရှင်းသော ဆံပင်။ သဏှ ကေသ- နူးညံ့သိမ်မွေ့ သေးသွယ်ပြောင်းပျောင်းသော ဆံပင်။အ လုလိတ ကေသ- မရှုပ်ထွေးသော ဆံပင်။ ကောမလ ကေသ- စိုပျို့ နုနယ်သော ခဆံပင်။ သမ သုဂန္ဓ ကေသ- စဖယ် မြတ်လေးပန်းတို့ကဲ့သို့ မွှေးသော ဆံပင်။ သုရုမ အဿာသ ပဿာသ- ရှူရှိုက်မထင်

http://www.dhammadownload.com

အလွန်ပင် သိမ်မွေ့သော ထွက်သက် ဝင်သက်ရှိ၍ သက်လုံကောင်းခြင်း။ ကေတုမာလ ရတန ဝိစိတ္တ- ကေတုမာလာခေါ် ဦးခေါင်းပေါ်၌ မဏိဇုပုံ ပမာ ခြောက်ရောင်စုံလှုံဖြာ ထွက်နေခြင်း။ (၈၀)။

လက္ခဏာယာဉ် ခ-ပါး။ ။လက္ခဏာရေး ခ-ပါး၊ နိဒါနဝဂ္ဂသံယုတ် ။ပ၊။ ၃၄၄ ။ဋ္ဌ။ ၁၁၇-၌ အကျယ်ရှုပါ။ မင်္ဂ ဖိုလ် နိဗ္ဗာန်သို့ သွားရောက်ရာ ယာဉ်နှင့်တူသော လက္ခဏာရေး ခ-ပါး၊ မှတ်ကြောင်းအရာ ခ-ပါး၊ အရေး တကြီး မှတ်အပ်သောကြောင့် လက္ခဏာရေး။ (၁) အနိစ္စ လက္ခဏာ- မမြဲသော သဘါဝတရားစု အမှတ်အသား၊ (၂) ဒုက္ခ လက္ခဏာ- ဆင်းရဲသော သဘါဝ တရားစု၊ (၃) အနတ္တ လက္ခဏာ- အတ္တမဟုတ် အထည် ကိုယ်မဟုတ်သော သဘါဝ အသာရက တရားစု အမှတ် လက္ခဏာ။

လက်ချားမျိုး ၂-ပါး။ ။ဤကား သေလပါစက သူတြကျမ်းမှ။ (၁) ဥသီရ ဌက်န- မြေထွက်လက်ချား၊ ဖြူပွပွနှင့် မှန်ရောင်ရှိ၏၊ ၎င်းသည် ဆေးဖေါ်ရာ ဂဟေစပ်ရာ စသည်မှထပါး ဝိဇ္ဇာဓရထွက်ခန်း ထိုထိုတက်လမ်းများ အဖို့ မည်သည့်အခါမျှ အသုံးမဝင်ဟု ရသေ့ ရှစ်သောင်း ဆရာပေါင်း တို့ အထူးရှောင်ရှား ကြကုန်၏၊ (၂) သေလ ဌက်န- ကျောက်ထွက် လက်ချား၊ ကျောက်ဖြူခဲနှင့် တူစွာရှိ၏၊ ငွေလမ်း ရွှေလမ်း ထိုထိုထွက်ရပ် လမ်းတို့၌ လက်ချားကို သုံးရန် ညွှန်းသော် ၎င်းကျောက်ထွက် လက်ချား ကို သုံးမှသာ လိုရာအကျိုး ပြီးနိုင်ကြောင်း ဆရာတို့ အထူးမှာဆို ထားကြ၏။

လက်ထပ်မင်္ဂလာမျိုး ခ-ပါး၊ တနည်း ဂ-ပါး။ ။၎င်း သရုပ်များကို (ထိမ်းမြား မင်္ဂလာ ပြုခြင်းမျိုး ခ-ပါး၊ တနည်း ဂ-ပါး)၌ ရှုပါ။

လက်နက်ကြီး ၄-ပါး။ ။သဂါထာဝဂ္ဂသံယုတ် ။ပ၊။ ၂၁၆ ။ဋ္ဌ။ ၂၉၆။ (၁) ဝေဿဝဏ္ဏနတ်မင်းကြီး၏ တင်းပုတ် သံချောင်း လက်နက်၊ (၂) ယမမင်းခေါ် သေမင်း၏ မျက်စောင်း လက်နက်၊ (၃) သိကြားမင်း၏ မိုဃ်းကြိုး လက်နက်၊ (၄) အာဋဝက ဘီလူးမင်း၏ ဘွဲ့ဖြူပုဆိုး လက်နက်၊ ထို့ကြောင့် ရှေးဆရာတို့သည် 'ဝေဿဝဏ္ဏော၊ယမော သက္ကော၊အာဋဝကော'ဆို

http://www.dhammadownload.com

နိစ္စကိုင်စွဲ၊ ရန်ထိပ်ခဲ့သား၊ တွေ့ခဲ့ သံချောင်း၊ ငဲ့စောင်း မျက်ရှိန်၊ ဝရဇိန် မိုးသံကြိုး၊ ပုဆိုးနှင့်သော်၊ လေးပါးကျော်သို့'ဟု စပ်ဆိုထားကြ၏။

လက်နက်ကြီး ၄-ပါး၊ တနည်း။ ။အဘိဓာန် ကျမ်းမှ ယူပြသည်။ (၁)မုတ္တာ မုတ္တ လက်နက်- လက်မှ လွှတ်ရှိုင်း၊ မလွှတ်ဘဲငင်း၊ သုံးနိုင်သော တုတ်, တောင်ဝှေး စသော လက်နက်မျိုး၊ (၂) အမုတ္တ လက်နက်-မလွှတ်ရသော သံလျက် စသည်၊ (၃) မုတ္တ လက်နက်- လွှတ်ရသော လှံ, စက် စသည်၊ (၄) ယန္တ မုတ္တ လက်နက်-ပစ်လွှတ်ရသော လေး, သေနတ် စသည်။

လက်နက်ကြီး ၅-ပါးနှင့် မူကွဲများ။ ။ငင်း လက်နက်ကြီး ငါးပါး၏ သရုပ်ပြရာ၌ တဦးနှင့်တဦး မတူကွဲပြား နေကြသည်ကား ထိုထို ပါဠိ အင်္ဂကထာတို့၏ ကွဲပြားမှုကြောင့်တည်း၊ မိလိန္ဒပဉှာ၌ 'ခန္ဓ, သတ္တိ, ကဏယ, ခဂ္ဂ, ဆုရိကာ'ဟု လာသည်၊ ဂါမဏိ သံယုတ်ဋီကာ၌ကား 'အသိ, ဓနု, ဂဒါ, သက်္ကိ, စက္ကာနိ, ပဋ္ဌာဝုဓာ'ဟု လာသည်၊ ပဋ္ဌာဝုဓဇာတ် ဋီကာ၌ကား–

'ပဋ္ဌာဝုဓံ နာမ ဓနု မဂ္ဂရ အသိ လဂုဋ္ဌ ကောဏ္ဍ မိတိ အထဝါ။
'အမုတ္တံ ယန္တမုတ္တဉ္စ၊ ပါဏိမုတ္တံ တထေဝ စ။
သမ္မ သာဓာရဏဉ္စေဝ၊ ဗာဟု ယုဒ္ဓဉ္စ ပဋ္ဌမံ'။

ဟု ဆိုထားလေသည်၊ ထို့ပြင်လည်း 'လှံ- ကောဏ္ဍာ၊ ဂဒါ- သံချောင်း။ ဆောက်ပုတ်ကယ်- ဒဏ္ဍာသိ' ဟု၊ သမ္ဘာရှိန်၊ ဂုဏ်လျှံတဲ့၊ ပြည်တော်ပြန်၊ပဋ္ဌာဝုမှာ၊ ငါးခုပါကြောင်း။'ဟု ကင်းဝန်မင်းကြီး ရေးစပ် ခဲ့သေး၏။ (၁) ခန္ဓ-လေး၊ (၂) ခဂ္ဂ- သံလျက်၊ (၃) ကဏယ-ခက်ရင်း, တောက်၊ (၄) မုဂ္ဂရ- လက်ရိုက် တုတ်တို၊ (၅) ကုန္တ-လှံ။

လက်နက်ကြီး ၉-ပါး။ ။'မ, တထောင်၊ တကောင်ရှိညှတ်တဲ့၊ တမှတ် ကိုယ်ထူး။ ကိုးပါးရယ်အစုံနှင့်၊ လက်နက်ဂုဏ်၊ တသိရ်မြင့်တယ်၊ ဘုန်းပွင့် ဘီလူး။'ဟူသော ဒေဝကုမ္ဘန် ပြဒ္ဒာတ်မှ။ ၁- ဓါး။ ၂- လှံ။ ၃- သေနတ်။ ၄- အမြောက်။ ၅- စိန်ပြောင်း၊ အထက်၌ ပြခဲ့ပြီး လက်နက်ကြီး ၄-ပါးနှင့်ပေါင်းသော် ကိုးပါး ဖြစ်၏။

မှတ်ချက်။ ။ဆရာ အာချို့ကား လက်နက်ကြီး ၄-ပါးနှင့် ဂျက်နက်ကြီး ၅-ပါးနှစ်ရပ်ပေါင်းကို ၉-ပါးအဖြစ် ယူကြကုန်၏။

http://www.dhammadownload.com

လက္ခဏာကြိုဟ်ကြီး ၄-လုံး။ ။'ပါပကြိုဟ်' ခေါ် ကြိုဟ်ဆိုးကြီး ၄-လုံးကို (ဆာ, ထွန်း, ရာ, ဇာ, ကြိုဟ်လက္ခဏာ ဟု) ဗေဒင်ကျမ်းတို့၌ ဆို၏။ (၁) ထးနင်္ဂနေကြိုဟ်၊ (၂) စဒနကြိုဟ်၊ (၃) ရာဟုကြိုဟ်၊ (၄) အင်္ဂါကြိုဟ်။

လက္ခဏာတော်ရုံ လေးကျိပ်။ ။မဟာသာဝကများ ဖြစ်တော်မူကြသည်၊ ကျမ်းညွှန်း မဟာသာဝက)၌ ရှု။ အရှင်သာရိပုတြာ၊ အရှင်ကောဏ္ဍည၊ အရှင်ပပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ်၊ အရှင်အဿဇိ၊ အရှင်နာဠက၊ အရှင်ယသ၊ အရှင်ဝိမလ၊ အရှင်သုဗာဟု၊ (၁၀) အရှင်ပုဏ္ဏဇိ၊ အရှင်ဂဝမ္ပတိ၊ အရှင်ဥရုဝေဠကဿပ၊ အရှင်နဒီကဿပ၊ အရှင်ဂယာကဿပ၊ အရှင်မဟာကဿပ အရှင်မဟာကစ္စာယန၊ အရှင်မဟာ ကောဋ္ဌိတ၊ အရှင်မဟာကပ္ပိန္ဒ၊ အရှင်မဟာစုန္ဒ၊ (၂၀) အရှင်ဥပဝါလိ၊ အရှင်အနုရုဒ္ဓ၊ အရှင်ကင်္ခါရေဝတ၊ အရှင်အာနန္ဒာ၊အရှင်နန္ဒက၊ အရှင်ဘဂုလ၊အရှင်နန္ဒိယ၊ အရှင်ကိမိလ၊ အရှင်ဘဒ္ဒိယ၊ အရှင်ရာဟုလာ၊(၃၀)အရှင်သီဝလိ၊အရှင်ဗဒ္ဓ၊ အရှင်ဥပသေန၊ အရှင်ခဒိရဝန ရေဝတ၊ အရှင်မန္တာနီပုတ္တပုဏ္ဏ၊ အရှင် သုနာပရန္တပုဏ္ဏ၊ အရှင်ကုဋိကဏ္ဏ သောဏ၊ အရှင်ကောဋိဝိသ သောဏ၊ အရှင်ရာဓ၊ အရှင်သုဘူတိ (၄၀)။

လက္ခဏာ မင်းခမ်းတော် ၁၃-ပါး။ ။ဎင်း သရုပ်ကို (မင်းခမ်းတော်မှာ၊ ၁၃-ဖြာ၊ ဝဲယာ ဆောင်၍ကျင်း) ဟူသော သုတေသနဉ် ဆိုခဲ့ပြီ။

လက်ဝဲကြိုဟ် ၄-လုံး။ ။ "သောမကြိုဟ် ၄-လုံး" ကိုပင် ဗေဒင်ကျမ်းတို့၌ "လှ, သော်, ဖေါ်, ကွဲ,ကြိုဟ်လက်ဝဲ"ဟု ဆိုကြကုန်၏။ (၁) ဗုဒ္ဓဟူးကြိုဟ်၊ (၂) သောကြာကြိုဟ်၊ (၃) ကြာသပတေးကြိုဟ်၊ (၄) တနင်္ဂးလာကြိုဟ်။

လက်ဝဲတော်ရုံ လေးကျိပ်။ ။ကျမ်းညွှန်း (မဟာသာဝက)၌ ရှု။ အရှင် မဟာဓမ္မာရုံလာန်၊ အရှင်အင်္ဂုလိမာလ၊ အရှင်ဝက္ကလိ၊ အရှင်ကာလုဒဲယိ၊ အရှင်သဟဉ္ဇဓါရီ၊အရှင်ဗိလိန္ဒဝစ္ဆ၊အရှင်သောဘိတ၊ အရှင်ကုမာရကဿပ၊ အရှင်ရဋ္ဌပါလ၊ အရှင်ဝင်္ဂီသ၊ (၁၀) အရှင်သာဂီယ၊ အရှင်သေလ၊ အရှင် နာဂိတ၊ အရှင် လကုဏ္ဍကဘဒ္ဒိယ၊ အရဟင်္ဂုပဝါန၊ အရှင်မေတ္တိယ၊ အရှင်

http://www.dhammadownload.com

သာဂလ၊ အရှင်ပိဏ္ဍောလဘာရဒ္ဝါဇ၊ အရှင်မဟာပန္ထက၊ အရှင်စူဠပန္ထက၊ (၂၀) အရှင်ဗာကုလ၊ အရှင်ကုဏ္ဍဓာန၊ အရှင်ဒါရုဏီယ၊ အရှင်ယသ၊ အရှင်အဇိတ၊ အရှင်တိဿမေတ္တေယျ၊ အရှင်ပုဏ္ဏ၊ အရှင်မေတ္တဂူ၊ အရှင်ဒေါတက၊ အရှင်ဥပသိဝ၊ (၃၀) အရှင်နန္ဒ၊ အရှင်ဟောမက၊ အရှင်တောဒေယျ၊ အရှင်ကပ္ပ၊ အရှင်စတုကဏ္ဏိက၊ အရှင်ဘဒြာဝုဓ၊အရှင်ဥဒယ၊ အရှင်ဝေါသာလ၊ အရှင် မောဃရာဇ၊ အရှင်သဂီယ၊ (၄၀) ဤသို့လျှင် အသီတိ ရှစ်ကျိပ် ဖြစ်သတည်း။

မှတ်ချက်။ ။အဂုံတို့ရှိ ဋီကာနှင့် ဇာတ်ဋီကာ မတူကွဲပြား အချို့နေရာ များမှာ ရှိသည်။

လက်ဝဲ မင်းခမ်းတော် ၁၃-ပါး။ ။ထင်း သရုပ်ကို (မင်းခမ်းတော်မှာ ၁၃-ဖြာ၊ ဝဲယာ ဆောင်၍ကျင်း) ဟူသော သုတေသနဌ ဆိုခဲ့ပြီ။

လက်ဝဲ လက်ျာ၊ ထီးတော်မှာ၊ ဂ-ဖြာ အဘယ်နည်း? ။ ။ထင်း သရုပ်ကို (ထီးဖြူတော် ဂ-စင်း)၌ ဆိုခဲ့ပြီ။

လ ကွယ် ၂-ပါး၊ မျိုးကွဲပြား၊ ဘုရား မည်သို့ဟော? ။ ။လကွယ်မျိုး နှစ်ပါး ကား၊ ရက်စုံ ၁၅-ရက် လကွယ်တမျိုး၊ ရက်မစုံ ၁၄-ရက် လကွယ်တမျိုး၊ ထင်းကို ဝိနည်းပိဋကတော်၌ စတုဒ္ဒသီ ဥပုသ်၊ ပန္နရသီ ဥပုသ်ဟု ရဟန်း တော်များအတွက် ဟောကြားတော်မူသည်။

လက်ာစပ်ရာ၊ နည်း ၆-ဖြာ၊ ဖြေပါ ကဝိရှင်။ ။ထင်း သရုပ်ကား (အစပ် ၆-ပါး၊ လက်ာသွား၊ မိန့်ကြား ဖြေတော်မူ) ဟူသော ပုစ္ဆာနှင့် တူ၏။

လက်ာမျိုးပြား၊ ၁၄-ပါး၊ မိန့်ကြား မြတ်ကဝိ၌။ ။ ကဗျာပင်မကြီးမှ ပေါက်ပွားလာသော လက်ာအပြား ၁၄-ပါး၊ အကျယ်ကို 'ကဗျာ ပန္ဓသာရကျမ်း' ၌ ရှုပါကုန်။ (၁) လက်ာ၊ (၂) ပျို၊ (၃) မော်ကွန်း၊ (၄) သံပိုင်း၊ (၅) သမိုင်း၊ (၆) ရဲတင်း၊ (၇) တမ်းချင်း၊ (၈) ဧချင်းသံတိုင်း၊ (၉) ချေင်းသံပေါက်၊ (၁၀) ရတုမျိုးစုံ၊ (၁၁) လူးတား၊ (၁၂) အဏ်ချင်း၊ (၁၃) သံပေါက်၊ (၁၄) ဝဲရိုက် ဝဲသွင်း။

http://www.dhammadownload.com

လင်ည့်,လင်ဖျင်းမျိုး ဂ-ယောက်။ ။မိန်းမတို့က မရိုသေ မလေးစားဆော လင်ယောကျ်ားများဟူ၏၊ ဇာတ်။ပါ။ ဇု-အုပ်။ ၁၂၀ ။ဌ။ ပဉ္စမ-အုပ်။ ၄၆၆။ (၁) ဆင်းရဲမွဲတေသောလင်၊(၂)အနာရောဂါကပ်ရောက်နေသော လင်၊ (၃) အိုမင်းသော လင်၊ (၄) သေသောက်ကြူး ယစ်ထုတ် လင်၊ (၅) ဖျင်းအ နုံချာသော လင်၊ (၆) မယားအပေါ်၌ ပေါ့ပေါ့ဆဆ နေတတ်သော လင်၊ (၇) သူမျာ်း၏ နောက်လိုက် လင်၊ (၈) မယား အား ပစ္စည်းဥစ္စာ မပေးအပ်သော လင်။

လင်မယားမကွဲ အမြဲနေရခြင်းတရား ၄-ပါး။ ။စတုက္ကံဋ္ဌ။ပါ။၃၇၂။ ဌ။ ၃၁၁။ (၁)သမ သဒ္ဓါ၊ (၂)သမ သီလ၊ (၃)သမ စာဂ၊ (၄)သမ ပညာ။

လင်ဝတ် ၅-ပါး၊ ကျင့်ဆောင်ခြား၊ ယောကျ်ား မြတ်မဟာ။ ။သိင်္ဂါလော ဝါဒသုတ်မှ လင်က မယားအပေါ်၌ ပြုကျင့်ရမည့် ဝတ်ငါးပါး။ (၁) မိမိမယားအပေါ်၌ မထေမဲ့မြင် စိမ်းစိမ်းကားကား ဘာသိဘာသာ နှင့် မကျင့်ကြံ မနေထိုင်ရခြင်း၊ (၂) မူး, ပဲ, ပိုင်က စ၍ ရသမျှဥစ္စာကို မယားအား အပ်နှင်းရခြင်း၊ (၃) မိမိမယားမှတပါး အခြားမိန်းမသား များ၌ မိစ္ဆာတရား မမှားမလိုက်ရခြင်း၊ (၄) မိမိမယားနှင့် သင့်တော် သော အဝတ်တန်ဆာ အစား အသောက်တို့ကို ကြည်ဖြူ ချစ်ခင်စွာ ဆင်ယင် ဝယ်ခြမ်း၍ ပေးရခြင်း၊ (၅) မိမိမယားအား ချစ်ခင်နှစ်သက် စုံမက်မြတ်နိုးစွာ ကြည်ဖြူ သဒ္ဓါရခြင်း။

လည်ချောင်းရပ်မှာ၊ ဖြစ်ပေါ်လာ၊ မြန်မကွရာ မျိုး ဂ-လုံး။ ။ဂင်း သရုပ် ကို (ကဏ္ဌ အကွရာ ဂ-လုံး)၌ ရှုပါ။

လ မင်းရန်သူ၊ ၄-ပါးဟူ၊ မည်သူ မည်ဝါနည်း? ။ဂင်းသရုပ်ကား(နေမင်း၏ ရန်သူမျိုး ၄-ပါး)နှင့် တူ၏။

လ မျိုး ၃-ပါး၊ ဆရာများ၊ ဟောကြာား ကျမ်းဓမ္မဇင်။ ။ဓမ္မဇင်ဝေါဟာရ၊ ဂင်းသရုပ် အဓိပ္ပါယ် အလုံးစု (မာသမျိုး ၃-ပါး)နှင့် တူ၏။

http://www.dhammadownload.com

လယ်ထွင်း ဓ-ခရိုင်။ ။စပါးမျိုးစွာ ထွက်၍ ရှေးခေတ် မြန်မာဆုဇဝင်၌ ထင်ရှားသော ခရိုင်နယ်များ၊ပန်းလောင်းမြစ်၏ မိုရာ။ (၁) စောလှမြို့နယ်၊ (၂) ပင်လယ်နယ်၊ (၃) မြစ်သားနယ်၊ (၄) ပျဉ်းမနားနယ်တို့ဖြစ်၍၊ ဇော်ဂျီမြစ်၏ မိုရာ၊ (၅) မြောင်လှနယ်၊ (၆) မြင်းခုံတိုင်နယ်၊ (၇) မက္ခရာနယ်၊ (၈) ပနံနယ်၊ (၉) မြင်စိုင်းမြို့နယ် ခရိုင်တို့ ဖြစ်လေသည်။

လာဘ်ပေး ၃-မျိုး၊ **တံစိုးထိုး**၊ ၂-မျိုး **တရားပျက်**။ ။၎င်းသရုပ်ကို (တံစိုးလက်ဆောင်မျိုး ၃-ပါး)ဟူသော သုတေသနဥ် ဆိုခဲ့ပြီ။

[လိ]

လိင် ၆-**ပါး**။ ။အများအားဖြင့် သဒ္ဒါအရာ၌ ရွေးချယ်စိစစ် သုံးနှုန်းကြသော အရာ ၆-ပါး။ (၁) ဣတ္ထိလိင်- မ,နှင့်ဆိုင်သော သဒ္ဒါများ၊ (၂) ပုလ္လိင်- ဖို, နှင့်ဆိုင်သော သဒ္ဒါများ၊ (၃) နပုလ္လိင်- ဖို, မ မဟုတ်သော အရာများ၊ (၄) ဥိလိင်-နှစ်လိင်နှင့် ဆိုင်သော အရာများ၊ (၅) တိလိင်- သုံးလိင်နှင့် ဆိုင်သော အရာများ၊ (၆) အ လိင်- လိင်ကြောင့် ပြောင်းလဲခြင်း မရှိသော သဒ္ဒါများ။

လိင် ၁၀-**ပါး**။ ။ရှင်သာမဏေများအတွက် ဘုရားရှင် ပညတ်ချက် ဝိနည်းတော်၊ ကိုရင်များ ထိုသိက္ခာပုဒ် တပါးပါးကို လွန်ကျူးလျှင် လိင်ကျ၏၊ ဝါ-လူ့အဖြစ်သို့ ပြောင်းလဲသွား၏။ (၁) သူ့အသက်ကို **သေအောင်** ကိုယ်တိုင်သတ်ခြင်း, သူတပါးကို သတ်ခိုင်းခြင်း၊ (၂) အရှင်မပေးသော သူ့ဥစ္စာကို ခိုးယူခြင်း, ခိုးခိုင်းခြင်း၊ (၃) မေထုန်မှုကို ကံမြောက်အောင် ပြုခြင်း၊ (၄) ရယ်စရာမျှကိုလည်း လိမ်ညာ၍ ပြောခြင်း၊ (၅) သေရည်အရက်တို့ကို သောက်စားခြင်း၊ (၆) ဘုရားရှင်၏ ဂုဏ်သရေကို ရွှတ်ချကဲ့ရဲခြင်း၊ (၇) တရားတော်၏ ဂုဏ်ကို ရွှတ်ချကဲ့ရဲခြင်း၊ (၈) သံဃာတော်၏ ဂုဏ်ကို ရွှတ်ချကဲ့ရဲခြင်း၊ (၉) သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ အယူကို ယူခြင်း၊ (၁၀) ဘိက္ခုနီမကို ဖျက်ဆီးခြင်း။

http://www.dhammadownload.com

လိုင်အင်္ဂါဇာတ်၊ ခိုင်မာတတ်၊ ၅-ရပ် အကြောင်းများ။ ။ပါဠိတော်ကဏ္ဍ ပါဠိတော်၌ လိင်အင်္ဂါဇာတ် ခိုင်မာထကြွခြင်း၏ အကြောင်းရင်းငါးပါးကို ဟောတော်မူသည်။ (၁) ရာဂုပတ္ထမ္ဘ-ရာဂကြောင့် တောင့်တင်းခိုင်မာခြင်း၊ (၂) ပဿာဝုပတ္ထမ္ဘ- ကျင်ငယ်စွန့်လိုခြင်း၊ ခိုင်မာခြင်း၊ (၃) ဝစ္စုပတ္ထမ္ဘ- ကျင်ကြီးစွန့်လိုခြင်း၊ ထကြွခြင်း၊ (၄) ဝါတုပတ္ထမ္ဘ- လေ တိုက်ခတ်သော ကြောင့် ထကြွခြင်း၊ (၅) ဥစ္စာလိင်္ဂပါဏ ပဒုပတ္ထမ္ဘ- ကျင်ချောင်းခြင်း ရှိသော ပိုးတို့ ထိုးဆွသောကြောင့် တောင့်တင်း ခိုင်မာခြင်း။

လိ ပိ မျိုး ၅-ပါး။ ။ဇင်းသရုပ်ကား (စာလုံးမျိုး ၅-ငါး)နှင့် တူ၏။

လိမ်ညာပြောကြား၊ အပြစ်များ၊ ၁၅-ကျမ်းခွင်လာ။ ။ဇင်းသရုပ်(မုသာဝါဒကံ၏ မကောင်းကျိုး ၁၅-ပါး)၌ ရှုပါလေ။

[လူ]

လူ ၃-ပါး။ ။လူ, နတ်, ဗြဟ္မာ, ဇင်း ၃-ပါးကို ဆိုသည်၊ အချို့ဆရာတို့ကား လူ,နတ်,ရဟန်း, ဟု ယူကြသေး၏၊ သုံးလူ့ ထိပ်တင်-သုံးလူ့ မကိုဋ္ဌိစသော ဘုရားကို ချီးမွမ်းရာ၌ အသုံးပြုကြ၏။

လူကြီးလုပ်ရာ၊ ဂုဏ်အင်္ဂါ၊ ၆-ဖြာ အဘယ်နည်း? ။ ။ဇင်းသရုပ်ကား နာယကဂုဏ် ၆-ပါး' နှင့် တူ၏။

လူစင်စစ်က နတ်မြည်ဈောက်ရ နေရဘူးသော ပုဂ္ဂိုလ် ၄-ယောက်။ ။ မဇ္ဈိမပဏ္ဏာသ ။၎။ ၂၂၀။ လူ့ကိုယ် လူ့ဘဝဖြင့် တဘဝတိ်သာနတ်ပြည် သို့ ဆောက်ဖူး နေဖူးကြသူများ။ (၁) ဂုတ္တိလစောင်းသမား၊ (၂) သာဓီနမင်းကြီး၊ (၃) နေဝိမင်းကြီး၊ (၄) မန္ဓာတု စကြာမင်းကြီး။

လူတို့၏ အညစ်အကြေးတရား ၉-ပါး။ ။ဇင်းအညစ်အကြေး မလတရား တို့ကို မိမိတို့ ကိုယ်ပေ!? သို့ ပေးမှ မပေနိုင်စေရန် ကာကွယ် ဆောင်ရွက်ကြရမည် ဟူ၏၊ ခုဒ္ဒကဝိဘင်း ပါဠိတော်မှ၊ သတ္တဝါတို့၏ အညစ်အကြေး တရားလည်းဟူ၏။ (၁) ဧကာဓော- အမျက်ထွက်ခြင်း၊ (၂) မက္ခေါ-

http://www.dhammadownload.com

ကျေးဇူး မသိတတ်ခြင်း၊ (၃) ဣဿာ-ငြူစူ မနာလိုခြင်း၊ (၄) မစ္ဆရိယ်-သဝင်ဖျိုခြင်း၊ (၅) မာယာ လှည့်ပတ်ဖြားယောင်းခြင်း၊ (၆) သာဌေယျ်-စဉ်းလဲ ဧကာက်ကျစ်ခြင်း၊ (၇) မုသာဝါဒေါ-လိမ်ညာပြောဆိုခြင်း၊ (၈) ပါပိစ္ဆတာ-မတရားလိုချင်ခြင်း၊ (၉) မိစ္ဆာဒိဋ္ဌိ-မှားသောအယူရှိခြင်း။

လူတို့ကြီးပွား ချမ်းသာစကြောင်းတရား ၅-ပါး။ ။ယခု မျက်မှောက်ဘဝ၌ပင် ချမ်းသာသုခ ရနိုင်သည်ဟူ၏၊ ပဋ္ဌဂုံတ္တရ ။ပါ။ ၆၆ ။ဋ္ဌ။ ၂၉။ (၁) မိဘနှစ်ပါးကို ရိုသေစွာ လုပ်ကျွေးခြင်း၊ (၂) သား, မယား အလုပ်သမားတို့အား ထိုက်တန်အောင် ပေးကမ်း ချီးမြှင့်ခြင်း၊ (၃)အိမ်နီး,ယာနီးတို့အား ပေးကမ်းခြင်း၊ (၄) ရဟန်းသာမဏေတို့အား ရိုသေစွာ လှူဒါန်းပူဇော် ရှိခိုးခြင်း၊ (၅)ရိုးရာနတ်တို့အား (ပူဇော်ပသ) အမျှပေးဝေခြင်း။

လူတို့ပျက်စီးကြောင်းတရား ခ-ပါး။ ။တိကဂုံတ္တရ ။ပါ။ ၁၅၉ ။ဋ္ဌ။ ၁၄၁။ ၁၄၂။ (၁) အဓမ္မရာဂ- သူတပါး၏ အသုံးအဆောင်ကို လိုချင်တပ်မက်ခြင်း၊ (၂) ဝိသမလောဘ- သူတပါးဝိုင်ဆိုင် သိမ်းဆည်းထားသော ဥစ္စာကို တပ်မက်ရယူလိုခြင်း၊ (၃) မိစ္ဆာဓမ္မ- မေထုန်မှု မပြုထိုက်သော ဝတ္ထု၌ အတင်း ကျင့်ကြံခြင်း။

လူတို့သစ္စါ၊ ဖျက်ဆီးရှာ၊ ဂ-ဖြာ တရားညစ်။ ။ရဟန်းတော်များ မိမိကို ကြည်ညိုအောင် လုပ်နည်း တရားဆိုးကြီး ရှစ်ပါး၊ နောက် ရဟန်းက သူ့လို လိုက်မလုပ်လျှင် ဒါယကာတို့ မကြည်ညိုဖြစ်သောကြောင့် သစ္စာ ဖျက်သည် ဟူ၏၊ ၎င်း သရွပ်ကို (ကုလဒူသက တရားရှစ်ပါး) ၌ ဆိုခဲ့ပြီ။

လူနက္ခတ် ဂ-လုံး။ ။အောက်ပါ နက္ခတ် ရှစ်လုံးကို လူနက္ခတ်ဟု သမုတ်ကြ၏။ (၁) အဒြေ နက္ခတ်၊ (၂) ပြုပွါဘရဂုဏ္ဍီ နက္ခတ်၊ (၃) ဥတ္တြာဘရဂုဏ္ဍီ နက္ခတ်၊ (၄) ဘရဏီ နက္ခတ်၊ (၅) ဥတ္တရာသဠှ နက္ခတ်၊ (၆)ပြုပွါပရပိုက် နက္ခတ်၊(၇)ဥတ္တရာပရပိုက်နက္ခတ်၊(၈)ရောဟဏီနက္ခတ်။

လူနက္ခတ် ၉-လုံး တနည်း။ ။မိမိတို့ ဇာတာခွင်၌ စန်းယှဉ် နက္ခတ်ဟူသည် အောက်ဖေါ်ပြပါ ၉-လုံးတွင် ပါဝင်က လူနက္ခတ်ဟု သိလေ၊ အကျယ်

http://www.dhammadownload.com

ကိုမူ (နက္ခတ် ၉-လုံး)၌ ပြန်ကြည့်ပါ။ (၁) ဘရဏီနက္ခတ်၊ (၂) ရောဟဏီ နက္ခတ်၊ (၃) မိဂသီ နက္ခတ်၊ (၄) ပြုပွါဘရဏီနက္ခတ်၊ (၅) ဥတ္တရာ ဘရဏီနက္ခတ်၊ (၆) ပြုပွါသင်္ဃနက္ခတ်၊ (၇) ဥတ္တရာသင်္ဃနက္ခတ်၊ (၈) ပြုပွါဘဒြပိုဂ်နက္ခတ်၊ (၉) ဥတ္တရာဘဒြပိုဂ်နက္ခတ်။

လူနတ်ချစ်ရာ၊ အင် ၈-ဖြာ။ ။(၁) ပိယဝါစာ- ချစ်ဘွယ် သာယာနူးညံ့စွာ ပြောဆိုတတ်ခြင်း၊ (၂) စာဂ- ပေးကမ်းစွန့်ကြဲခြင်း၊ (၃) ပရဟိတတ္ထ- သူ့အကျိုးစီးပွါးကို လိုလားခြင်း၊ (၄) နော အမနာဝဝါစီ-နောက် ကွယ်၌ သူ့အတင်း စကားမပြော, ကုန်းမချောခြင်း၊ (၅) သီလဝါ- အကျင့် သီလ ရှိခြင်း၊ (၆) ဝတ္တ ပရိပုရီ- လောကဝတ်ပြု ဖေါ်ရွေခြင်း၊ (၇) ပညဝါ-ပညာရှိခြင်း၊ (၈) အကောဓ- အမျက်မရှိခြင်း။

လူနာများ လိုက်နာရန် အင်္ဂါ ၅-ပါး။ ။(၁) သင့်လျော်သော နေရာ၌သာ နေရခြင်း၊ (၂) ဆရာကျေးဇူး သင့်လျော်သော ဆေးကိုသာ မှီဝဲသုံးဆောင်ရခြင်း၊ (၃) ဆရာတာဝန်သည့် မသင့်သော အစာကို မစားသောက်ရခြင်း၊ (၄) ဝေဒနာဖြစ်ပုံကို ဆရာ့အား မှန်ကန်စွာ ပြောရခြင်း၊ (၅) ဝေဒနာခံခက် နှိပ်စက်ခြင်းကို သည်းခံရခြင်း။

လူမလေး ခွေးမခံ့သော ပုဂ္ဂိုလ် တကျိပ်။ ။အဘိဓမ္မာ ပုဂ္ဂလပညတ် ။ပါ။ ၁၇၄။၌။ ၉၇။ ပဋ္ဌဂ်တ္တရ။ပါ။ ၁၄၅ ။၌။ ၅၀-တို့၌ ရှုပါ။ သူတပါး၌ မရှိသော မလေးစား မထေမဲ့မြင် အောက်မေ့ပြုလုပ် ပြောဆိုခံရသူ ဆယ်ယောက်။ (၁) ဝိဓဝါ- လင်မရှိ, လင်ကင်းနေသူ မိန်းမ၊ (၂) ဒုမ္မလ- အင်အားဗလ မရှိသူ၊ (၃) အ မိတ္တ ဥတိ- ဆွေမျိုး မိတ်ဆွေမရှိသူ၊ (၄) မဟဂ္ဃသ-အစားကြူးသူ အစားပုပ်သူ၊ (၅) ဂဂုကာဗာဓ- ကြီးသော ရောဂါရှိသူ၊ (၆) ပါပမိတ္တ- မကောင်းသော မိတ်ဆွေရှိသူ၊ (၇) ဓန ဟီန- ပစ္စည်းဥစ္စာ မရှိသူ၊ (၈) အာစာရ ဟီန- အကျင့်ယုတ်သူ၊ (၉) ကမ္မ ဟီန- အလုပ် မရှိ ပျင်းရိသောသူ၊ (၁၀) ပယောဂ ဟီန- လုံ့လပယောဂ ချို့တဲ့သူ။

လူမိန်းမသား၊ တေဒဂ်ထား၊ ၁၀-ပါး အဘယ်နည်း? ။ဇင်း သရုပ်ကို (ဒုတေဒဂ်ရသူ လူမိန်းမ ၁၀-ယောက်)၌ ဆိုခဲ့ပြီ။

http://www.dhammadownload.com

လူမိုက်အပြေား၊ မျိုး ၁၀-ပါး၊ ဖြေကြား ဘယ်၈မျိုးတွင်။ ။ဂုဏ်းလူမိုက်ကြီး ဆယ်၂ါးကို ရှင်မဟာရဋ္ဌသာရရှေး ဘူရိတလက်ာကြီးတွင် 'သာကီယ'ဟု ချီသော အပိုဒ်၌ (ရမ်းကား ရမ်းကိုး၊ ရန်စပျိုး၍၊ အမျိုးမေးတောင်း၊ သမင်ရောင်းနှင့်၊ ဆေးပေါင်းဗဝယ်၊ ရေဆယ်မီးယူ၊ ဝံကူပုန်းစလုတ်၊ သစ်ခုတ် ယောကျာ်း၊ မုံ့ဆန်စားနှင့်၊ ဆယ်ပါးလူမိုက်၊ လူတို့၌တွင်၊ ကျိုလုလင်သည်. ဝင်၏လည်းကောင်း) ဟူ၍ လူမိုက်သရွယ်ကို စပ်ဆိုထား လေသည်၊ ထိုပြင် ကန်တော်မင်ကျောင်း မေတ္တာစာ အဖြေ၌လည်း၊ လူမိုက်ဆယ်ပါး ဟူသည်ကား၊ 'မုံ့ဆန်စားနှင့်၊မေးမှားမျိုးနွယ်၊ ရေဆယ်ဝံကူ၊ မီးယူသစ်ခုတ်၊ ပုန်းစလုတ်က၊ ပါပြုတ် ဆေးပေါင်း၊ သမင်ရောင်း'ဟု အကျဉ်းမျှ ရေးသားပြီးလျှင် အကျယ် ပြဆိုထားလေသည်၊ ဂုဏ်း ကျမ်း၌ ရှုလေ။

လူမိုက်ကြီး ၂-ယောက်။ ။အမိုက်တန်ခုန်စိုက်သူ ၂-ယောက် ဟူ၏။ (၁) အစွယ်အစွယောတိ နာ ပဿတိ-မိမိ၏ မိုက်ပြစ် အမှား တရားစုကို မိုက်မှားနေမှန်း မသိ မမြင်သူ၊ (၂) ယထာဓမ္မံ နာ ပဋိဂ္ဂဏှာတိ-အမှန်တရားကို ပြောကြား ညွှန်ပြသော်လည်း မလိုက် မနာယူသူ။

လူမိုက်လက္ခဏာ၊ အင် ၃-ဖြာ၊ ကျမ်းလာ ပါဠိ အသို့နည်း? ။တိကဂုံတ္တရ။ပါ။ ၁၀၀ ။ဌ။ ၇၁။ (၁) ဒုစိန္တိတ စိန္တာ- မကောင်းမှန်းလိလျက် မကောင်းကြံခြင်း၊ (၂) ဒုဘာသိတဘာသီ-မကောင်းဟုသိလျက် မကောင်း တာပြောခြင်း၊ (၃) ဒုကမ္မ ကာရီ-မကောင်းမှုကို သိလျက် ဇွတ်တိုး ပြုလုပ်ခြင်း။

လူမျိုး ၄-ပါး။ ။ဝိမာန၀တ္ထု အဋ္ဌကထာမှ။ (၁) မနုဿ နေရယိက-လူ့ငရဲသား ခေါ် မကောင်းမှုကို အမြဲပြုနေသူ၊ (၂) မနုဿ တိရစ္ဆာန-လူ့တိရစ္ဆာန် ခေါ် စားကာ အိပ်ကာ ကာမမှုနှင့်သာ အမှတ်မဲ့နေသူ၊ (၃) မနုဿ ပေတ-လူ့ပြိတ္တာ ခေါ် သားမယား ဥစ္စာစွဲဖြင့် လောဘ ကြီးနေသူ၊ (၄) မနုဿ ပရမတ္ထ- သူတော်ကောင်း- အကျင့်တရား ရှိသူ လူမြတ်။

လူမျိုး ၄-ပါး၊ တနည်း။ ။ဂုဏ်း သဏ္ဌပ် ဒမိဠဝါယ်ကို (အမျိုးကြီး ၄-ပါး) ၌ ပြခဲ့ပြီ။

http://www.dhammadownload.com

လူမျိုး ၁၀၁-ပါး။ ။ဤ၌၌ လူမျိုးတမျိုး ၈ကားတခုရှိလျှင် ၈ကားမျိုး ၁၀၁-ပါး ရှိရပေမည်၊ ဘာသာ၈ကားမျိုး ၁၀၁-ပါးရှိကြောင်း ပဋိသမ္ဘိဒါ မဂ် ။၌။ ပ-အုပ် ။၇။ ဝိသုဒ္ဓိမဂ်။ ဒု-အုပ်။ ၇၂-တို၌ အမြွက်မျှပါရှိသည်။ "ရှမ်းမျိုးတိ သာ၊ မြန်မာသတ္တ၊ မွန်သုံးဝန့်၊ ကေစွန်းကယ်၊ ခြောက်ဆယ် ကုလား၊ ရာ့တပါးဟု" ရှေးဟောင်းလက်ဝများမှာ ဆိုသည်၊ ထိုလက်ဝ အရ ဇမ္ဗူတံဆိပ်ကျမ်းလာ ၁၀၁-ပါးသရုပ်နှင့် မညီ၊ ထိုကျမ်းမှာ မြန်မာ ၇၊ မွန် တလိုင်း ၄၊ ရှမ်း ၃၀၊ ကုလား ၆၀-ဟု လာသည်။

လူယုတ်ဓါန၁၊ မျိုး ၅-ဖြာ၊ ရှောင်ကာ ပေးလှူကြ။ ။၎င်း သရုပ်ကို (သူယုတ်တို့ ပေးလှူနည်း ၅-မျိုး) ဟူသော သရုပ်၌ ရှုပါကုန်။

လူယောကျ်ားများ၊ ဇာဒဂ်ထား၊ ၁၀-ပါး မည်သူနည်း? ။ ။၎င်း သရုပ် (ဇာဒဂ်ရ လူယောကျ်ား ၁၀-ယောက်)၌ ဆိုခဲ့ပြီ။

လူရဟန္တာ၊ ၅-ဦးမှာ၊ စံရှာ နိဗ္ဗာန်နန်း။ ။လူဝတ်နှင့် အရဟတ္တဖိုလ် ရ၍ ထိုနေ့မှာပင် လူ့အဖြစ်နှင့် ပရိနိဗ္ဗာန် စံသွားကြရှာသည့် အောက်ပါ လူရဟန္တာပုဂ္ဂိုလ် ၎င်းယောက်တို့ကို ဆို၏။ (၁) ဥဂ္ဂသေန သူကြွယ်၊ (၂) သန္တတိ အမတ်ကြီး၊ (၃) ဝိတသောက လုလင်၊ (၄) ဒါရုစီ ပရိဗိုဇ်၊ (၅) ခမည်းတော် သုဒ္ဓေါဒနမင်းကြီးတို့ ဖြစ်၏။

လူသားတို့ ပျက်စီးကြောင်းတရား ၃-ပါး။ ။သုတ်ပါထေယျပါဠိတော်။၅၀။ ။၌။ ၃၆-၌ အကျယ်ရှု။ (၁) အဓမ္မရာဂ- မိခင်, မိကြီး, မိထွေး, ညီမ, အစ်မ စသည့် မလျော်သောသူတို့၌ ဖြစ်သော ရာဂ၊ (၂) ဝိသမလောဘ- အမြတ်ကြီးစား ခေါင်းပုံဖြတ် မမျှတလွန်းသော အလိုရမ္မက်၊ (၃) မိစ္ဆာဓမ္မ-ယောကျ်ားချင်း မိန်းမချင်း လိင်တူချင်းချင်း မေထုန်ကျင့်သော တဏှာရာဂ။

လူသူ ၄-ပါး။ ။(၁) ရဟန်း၊ (၂) ပုဏ္ဏား၊ (၃) မင်း၊ (၄) ဆင်းရဲသား၊ အချို့ဆရာတို့ကား ဤဖော်ပြပါ ပရိသတ် လေးပါးကို အလိုရှိကုန်၏၊ ၎င်း ဝေါဟာရသည် (လူသူလေးပါး၊ ကြားလို့မှ မသင့်လျော် ဟူသော) စကားရပ်၌ ထင်ရှား၏၊ အချို့ဆရာတို့က အမျိုးလေးပါးကို ဆိုသည်ဟု ယူကြသေး၏။

http://www.dhammadownload.com

လူး ၁၂-ပနား။ ။"ရှမ်းကိုးဆက် ကိုးစော်ဘွား၊ လူးတဆယ့်နှစ် ပနား၊ ရာ့တပါးနှင့်၊ စော်ဘွား စော်ခံ၊ ရွှေဥကင်တံပျဉ်၊ ညီလာခံ ခ,ညောင်း၊ မှူးမတ်ပေါင်းစုံလင်ကြပြီလား၊မင်းကြီးများ"ဟူသော ဇာတ်သဘင်ဘုရင်၏ စကားဖြစ် လသည်၊ ဤ၌ 'လူးတဆယ့်နှစ်ပနား'သည်၊ ရှမ်းဘာသာ၌ "ရာ့စစ်ပ်ဆောင်ပနား"ဟု ခေါ်၍ နယ်ကြီး ၁၂-နယ်ဟု အဓိပ္ပါယ်ရလေသည်၊ 'လူး' ဟူသော ဝေါဟာရ၏ မူရင်းကား ရှမ်းဘာသာ 'လန်စန်' ဖြစ်လေသည်၊ ၎င်းကို မပီသသော မြန်မာတို့က 'လင်းဇင်း'ဟု ခေါ်ဆိုရာ၊ မနာက်ဆုံး 'လူး'ဟု ဖြစ်လာလေသည်၊ 'လန်-တသန်း၊ စန်-ဆင်' မြန်မာလို ဆင်တသန်းနယ်၊ သို့မဟုတ် ဆင်တသန်းရှင်ဟု အဓိပ္ပါယ်ရလေသည်၊ လူးတဆယ့်နှစ်ပနား၏ သရုပ်ကို ကျွန်ုပ်တို့ သုတေသန လုပ်ဆဲဖြစ်၍ ဤကျမ်း၌ မဖော်ပြနိုင်သည်ကို ဝမ်းနည်းပါကြောင်း၊ သိရှိသော ပညာရှင်များက ကျွန်ုပ်တို့ထံ ပို့ပေးလျှင် တတိယအကြိမ် ရိုက်နှိပ်ခြင်း၌ ထည့်သွင်းဖော်ပြနိုင်ပါမည်။

[ဧလ]

လေတူရီယာ၊ မျိုး ဂ-ဖြာ၊ မူတ်ခါ သံဇြိမ့်ခြောင်း။ ။၎င်းသရုပ်ကို (တံပိုး ဂ-ဖြာ၊ တူရိယာ)၌ ဆိုခဲ့ပြီ။

ဧလမျိုး ဂဝ။ ။သုတေသီတို့ အတွက် အမည်သိရုံမျှ ဖော်ပြသဲ့ဝးမည်၊ အကျယ်လိုမူ ခံမူးဆရာတော် ဆေးကျမ်း၌ လွယ်လွယ်ရှလေ။

(က) ပါဒရက် လေမျိုး ဂ-ပါး။ (၁) ဥဇု ဝါတ-ခြေမှပူ၍ တက်သော လေ။ သီတ ဝါတ- ခြေမှ အေးချိတက်သော လေ။ ဥဘယ ဝါတ- ပူအေး ၂-ပါးရောချ တက်သော လေ။ဥပါ ဝါတ- တစုံတရာကပ်ငြိသကဲ့သို့ ထင်၍ တက်သော လေ။ ကပ္ပလ ဝါတ-အခြားဝတ္ထုတို့ဖြင့် ကပ်ဆဲနေသလို ထင်သော လေ။ ဇောဂ ဝါတ- မြွေ့တွယ်သကဲ့သို့ ထင်သော လေ။ တုတ္တ ဝါတ- မျဉ်းမျဉ်းသာသာ တက်သော လေ။ ဇလ ယုလ ဝါတ- ယုံမေးနာကျင် ကိုက်ခဲသော လေ။ (ဂ)၊ ၎င်းကို 'ဖပါး လေနာမျိုး ဂ-ပါး'ဟုလည်း ခေါ်ဆိုသည်။

http://www.dhammadownload.com

(၁) အဇိဏ္ဏလေမျိုး ၁၂-ပါး။ (၁) အဇိဏ္ဏ ဝါတ- အစာမကြေသော လေ။ အ ပါစက ဝါတ- အစာမကျက် မနုပ်သော လေ။ ဝိရေစန ဝါတ- ဝမ်းသွားစေတတ်သော လေ။ အ ဝိသမ ဝါတ- ဝမ်းမဖြောင့် စေတတ်သော လေ။ ဂ္ဂစ္ဆိ ပူရ ဝါတ- ဝမ်းဖေါဆောင်စေတတ်သော လေ။ အဂ္ဂ ဂေလည ဝါတ- ဝမ်းကို ကျိကျိရစ်ရစ် နာစေတတ်သော လေ။ ကမ္မလ ဝါတ- ထိုမှ ဤမှ လှိုင်းထသကဲ့သို့ တက်သော လေ။ သူလ ပိတ္တက ဝါတ- ဝမ်းကိုက်စေတတ်သော လေ။ ဝိမန္ဒက ဝါတ- ဝမ်းကို ခိုင်စေတတ်သော လေ။ပိဋ္ဌ အန္တက ဝါတ- စမြင်းကို ခံစေ တတ်သော လေမြင်းသရိုက်။ အန္တနိဂ္ဂဒဝလ ဝါတ- အူဆုံးကို ထွက် စေတတ်သော လေမြင်းသရိုက်။ ယကွ ပိတ္တ မေဒ ဝါတ- သွေးအဆီ ကို ယိုဆင်းစေတတ်သော လေမြင်းသရိုက်။ (၁၂)၊ ၎င်းကို အစာ မကြေလေ ၁၂-ပါး ဟုလည်း ခေါ်၏။

(၂) ဘဝင်လေမျိုး ၁၂-ပါး။ (၁) ဘဝင်္ဂဥဒ္ဓရိ ဝါတ- ဘဝင်မြင့်သော လေ။ ကာသ ဝါတ- ချောင်းဆိုးသော လေ။ သိမာဂုရ ဝါတ- ရင်လေးကျပ်ဆို့ ဆွဲဆိုင်းသော လေ။ ၎င်းကိုပင် "လေကျပ်သဘို့ လေဆုံဆို့ လေခေါင်းဆွဲ"ဟု ခေါ်သေး၏။ပဋ္ဌရ ဝါတ- ရင်ပြည့် မောက်တက်သော လေ။စလ ဝါတ- ရင်ခုန် နှလုံးတုန်သော လေ။ သွာတ ဝါတ- အသံကို ပျက်စေတတ်သော လေ။ သိနာ ဝါတ- ပန်းခြင်း ဟိုက်ခြင်း ရှိုက်ခြင်းကို ဖြစ်စေတတ်သော လေ။ခေါသ ဝါတ-ကြို့ ထိုးသော လေ။သဟသ ဝါတ-သမ်းဝေ မူးမိုက်ခြင်းကို ဖြစ်စေတတ်သော လေ။ ပက္ခာသ ဝါတ- နံကြား ရင်ဘတ်ထိုင်ခဲ့ လျှိုခြင်း ထိုးခြင်းကို ပြုတတ်သော လေ။အမာသယ ဝါတ-အူမျှင် အစု တည်နေသော လေမျှင် လေချပ်။ ကေါလ ဝါတ- လေလုံး လေခဲ တည်စေသော လေ။ (၁၂)။

(၃) ဦးခေါင်းလေမျိုး ၁၂-ပါး။ (၁) သီသ-ဥတ္တ ဝါတ- ထိပ် နဖူး ဦးခေါင်းပူသော လေ။သီသ သူလ ဝါတ-ခေါင်းကိုက်ခဲသော လေ။ စက္ခုန္တက ဝါတ- မျက်စိကြက်တက် မမြင်သော လေ။ စက္ခု သူလ ဝါတ- မျက်စိ ကျိန်းအောင့်စေတတ်သော လေ။ သောဝ သူလ

http://www.dhammadownload.com

ဝါတ္ပ-နားကိုက် နားအူစေတတ်သော လေ။သောတ အန္ဓက ဝါတ-နားမင်းဆိတ်စေတတ်သော လေ။ မုခ ဝါတ- ခံတွင်းသွားဖုံး နာစေတတ်သော လေ။ ဇိဝှါနိဂ္ဂလ ဝါတ- လျှာကို ထွက်စေတတ်သော လေ။ဘဝင်္ဂစလ ဝါတ-ဘဝင်္ဂလှုပ်အားကြီး၍ စကားမပြီသော လေ။ ဇိဝှါ ဖေါဠက ဝါတ-လျှာရောင်စေတတ်သော လေ။ ဇိဝှါ ထဒ္ဓက ဝါတ။ လည်ချောင်း ခံတွင်း မဟနိုင်သော လေ။ဇိဝှါ ပဝေသန ဝါတ-လျှာကို တိုဝင်စေတတ်သော လေ။ (၁၂)။

(ဂ) အင်္ဂမင်္ဂလေမျိုး ၁၁-ပါး။ (၁) အင်္ဂမင် ဝါတ- အင်္ဂါကြီးငယ်သို့ သက်ရောက် စေတတ်သော လေ။ မံသက ဝါတ- အသား အရေ ဖေါက်ပြန်စေတတ်သော လေ။ မံသ ဝိသုစိက ဝါတ- အသားဘရေကို အပ်နှင့်ထိုးဆွ၍သို့ နာသော လေ။ နိလ ပိတ ဝါတ- အသည်း အအူ အသားအရေတို့ကို ညိုရွှေစေတတ်သော လေ။လသိက ဝါတ-ကိုယ်လက် စသည် စေးဆိုင်းစေတတ်သော လေ။အလသက ဝါတ-ကိုယ်လက်လေးလံ ထိုင်းမှိုင်းစေတတ်သော လေ။ အန္တက ဝါတ-အကြော အသား အရေအတွင်း၌ ကပ်စေးသကဲ့သို့ ထင်သောလေ။ ပက္ခ ဝါတ-ကိုယ်တခြမ်း သေစေတတ်သော လေ။ အာဘီတ ဝါတ-ရွဲ့စောင်းစေတတ်သော လေ။မုဂ ဝါတ- ဆွံ့အစေတတ်သော လေ။ သုက္ခ ဝါတ-ဓာတ်လေးပါး အသား အရေတို့ကို ခြောက်ခန်းစေတတ်သော လေ။ (၁၁)။

(စ) သတ္ထကလေမျိုး ၇-ပါး။ (၁) ခုရက ဝါတ- ဖြတ်တတ်သော လေသင်ခုန်း။ ကတ္တရ ဝါတ- အသည်း နှလုံးကို ဖြတ်တတ်သော လေကတ်ကျေး။သတ္ထက ဝါတ-အသည်းနှလုံးကို ထားဖြင့်ဖြတ်သကဲ့သို့သော လေ။ ဘိဇ္ဇန ဝါတ- အရိုးအရေတို့ကို ကွဲအက် စုတ်ပြတ်စေသော လေ။ ဘေဒက ဝါတ-မြွေနဂါးဆိပ်ကဲ့သို့ ပူ၍ အခွေအခွေ ကက်သော လေ။ ဥပ္ပါဠက ဝါတ-ပြင်းထန် လျင်မြန်စွာ အင်္ဂါကြီးငယ်တို့ကို ထွက်စေတတ်သော လေ။ အင် နိဂ္ဂလ ဝါတ-အင်္ဂါကြီးငယ်တို့ကို ဖြည်းဖြည်းသာသာ ထွက်စေဟတ်သော လေ။ (၇)။

http://www.dhammadownload.com

(ဆ) အင်္ဂမင် ဝိကာရ လေမျိုး ၁၃-ပါး။ (၁) ကုစ္ဆဒက ဝါတ-ကိုယ်အလုံးဥ္ဇ ရှိသော လေပြတ်၍ သေစေတတ်သော လေ။ စလ ဝါတ-ခြေလက်လေးလံ တုန်လှုပ်သော လေ။ အင်္ဂ ပဝေသ ဝါတ-အင်္ဂါကြီးငယ် တိုး၍ ဝင်သော လေ။အင်္ဂ ဖေါဋ္ဌ ဝါတ-အင်္ဂါဇာတ် ဆောင်စေတတ်သော လေ။ ဩနတ ဝါတ-ကုန်းကွ ကိုင်းစေတတ်သော လေ။ ကာယ ဖေါဋ္ဌ ဝါတ-ကိုယ်လုံးဆောင်ဖေါသော လေ။ ဥဒ္ဓမဝဆောဟ ဝါတ-တွန့်ခြင်း လိမ့်ခြင်းကို ဖြစ်စေတတ်သော လေ။ မုတ္တကိတ္တ ဝါတ-ကျင်ငယ် မထွက်နိုင်အောင် ပိတ်ဆို့သော လေ။ ကောဿ ဥဒ္ဓရိ ဝါတ-ဝေး တက်စေတတ်သော လေ။ အဏ္ဏ ဖေါဋ္ဌ ဝါတ-ဝေးစေ့ ဆောင်ဖေါစေတတ်သော လေ။ ကာယ ဗန္ဓန ဝါတ-ကိုယ်လုံး ဆိုင်းတွစေတတ်သော လေ။ ဂျာ ဝါတ-ပိန်ကြုံစေတတ်သော လေ။ သာခ ဝါတ-ခြေလက် ဦးခေါင်း ဆတ်ဆတ်မြန်မြန် တုန်လှုပ်စေတတ်သော လေ။ (၁၃) ။

(ဇ) အဓိမာန လေမျိုး ၅-ပါး။ (၁) အဓိမာန ဝါတ-ရူးသွပ် စေတတ်သော လေ။ မုခ ဗန္ဓက ဝါတ-အာခံတွင်းကို ကျဉ်းစေတတ်သော လေ။ ခိပ္ပ ဝါတ-လျင်မြန်စွာ တက်စေတတ်သော သူငယ်နာ လေ။ ကာယ လဟုက ဝါတ-ကိုယ်လက် ပေါ့ပါးစေတတ်သော လေ။ ကာယဂရုက ဝါတ-ကိုယ်လက်လေးစေတတ်သော လေ။ ၅-ပါး။ ပေါင်း (၁၀) ဟူ၏။

လေး အပြား ၉-ပါး။ ။သာသနာတော်ကျမ်းဂန်, လောကီကျမ်းဂန်တို့နှင့် ညှိနှိုင်း၍ ပြထားသည်။

၂(၁) ပိုလ်နှစ်ထောင် နိုင်သော "ဒဠ္ဍဓနု" ခေါ် လေးတမျိုးကျမ်းဂန်ကို ပိုလ်နှစ်ထောင် နိုင်သော ဒဠ္ဍဓနုလေး ဟူသည်ကား ထန်းပင်အရေ သားကို လုပ်သော လေးတည်း၊ ထိုလေးကို ညှို့တင်ပြီးလျှင် ညှို့အလယ်၌ ပိုလ်နှစ်ထောင်ရှိသော ဝန်ကိုချည်၍ လေးကိုင်းကို ကိုင်ပြီးချိုးကွေသော အခါ ပိုလ်နှစ်ထောင်ထုပ် မြေမှ လွတ်သည့်ကာလ လေးကိုင်းနှင့် လေးညှို့ မြားတပြန်ခန့်ကွာလျှင် ပိုလ်နှစ်ထောင်နှင့်

http://www.dhammadownload.com

သော လေးမည်၏၊ မြွားတပြန်ထက် ကျယ်လျှင် လေး ၄၌သည်၊ ပိုလ်နှစ်ထောင်မနိုင်၊ မြွားတပြန်ရှိအောင် မကျယ်လျှင် လေးမသည်ဟု သိရာ၏။

မှတ်ချက်။- ။ဤထန်းသားလေးကား အနောက်တိုင်းပြည် မင်္ဂိုမဒေသ မျှားတွင် ရှေးအခါက အမျှားသုံးစွဲ ကိုင်ဆောင်သော လေးတည်း၊ ဘုရားအလောင်း ဓမ္မပါလ ကိုင်သော လေးကား သားချိုကို လုပ်သော အဆက်မျှားစွာရှိသော လေး တမျိုးဟည်း၊ တပိုလ်လျှင် ၄-ကျပ်သားမျှ ရှိ၏။

(၂) ဗိုလ်တထောင်တင် လေး ခေါ် 'သဟဿထာမ' လေးတမျိုး၊ ဇနကမင်းသား သိဒ္ဓတ္ထမင်းသားတို့ တင်၍ပစ်သော လေးမူကား လက်နက်ကိုင် ဗိုလ်ခြေယောကျ်ားတထောင် တင်မှ ချမှ ရသည်၊ ထို့ကြောင့် လက်နက်ကိုင်ကို ပါဋိဠိလို 'ဗလ'၊ မြန်မာလို 'ဗိုလ်' ခေါ်သည်၊ ထို ဗိုလ်တထောင် တင်မှ ချမှ ရသော လေးဟု သိရာသည်။

(၃) 'သဟဿ ဗာဟု' လေးခေါ် လက်မောင်းတထောင့်, လက်နက်ကိုင် ငါးရာ တင် လေးတမျိုး၊ ပဏ္ဏုမည်သော အိမ်ရှေမင်း၏ သားတော် ငါးယောက်တို့တွင် လေးအတတ်၌ ကမ်းတဖက်သို့ ရောက်သော အဇ္ဇုနမင်းသား ကိုင်သော လေးကား လက်နက်ကိုင် လူငါးရာ လက်မောင်းတထောင် တင်ရ ချရ သော 'သဟဿ ဗာဟု' လေးဟူ၍ ဘူရိဒတ် ဇာတ်တော်တွင် ဆိုသည်၊ ထို့ကြောင့် ကျမ်းဂန်တို့တွင် ထင်ရှားသော လေး ၃-မျိုး ရှိသည်ဟု သိရာ၏။

လေးဆူဧာတ်ပုံ ရွှေတိဂုံ။ ။ ၎င်း သရုပ် အဓိပ္ပါယ်ကို (ရွှေတိဂုံဘုရား၊ ဓာတ် ၄-ပါး၊ တည်ထားဌာပနာ) ဟူသော သုတေသနပုဒ်၌ ပြခဲ့ပြီ။

လေးဆယ့်တစ်လုံးသော ကာ့ဇရာ။ ။၎င်းသရုပ် "အာ့ဇရာ ၄၁-လုံး"နှင့်တူ၏။

လေးပစ်အတတ်၊ နည်း ၆-ရပ်၊ သိမှတ်ကြစေရာ။ ။၎င်းသရုပ်နှင့် အကျယ်မှတ်သားဘွယ်ကို (မြွားရေး ၆-ပါး) ဟူသော အမေး၌ ဖြေခဲ့ပြီ။

http://www.dhammadownload.com

[လဲ]

လဲမျိုး ၃-ပါး၊ **အခင်းများ၊ ရှောင်ရှား မဟာသမယန။** ။ပါဠိတော်က ။ဌ။ ဒု-အုပ်။ ၂၂၀-၌ အကျယ်ကြည့်ပါ။ ဥပုသ်သည်များ သတိထားရန်။ ဝိနည်း စူဠဂဝါ ဒုဋ္ဌဒေဝ်နှင့် ၎င်း အဋ္ဌကထာ သေနာသနက္ခန္ဓကမှ၊ ၎င်း လဲသုံးမျိုးတို့ဖြင့် ပြုလုပ်သော အခင်းသည် မဟာသယန ထိုက်၏။ (၁) ရုက္ခ တူလ- လက်ပံပင်လဲ, အုံးဖွဲ့, မြိုင်, ဝါ, စသည်တို့မှဖြစ်သော သစ်ပင်လဲ ဟူသမျှ၊ (၂) လတာ တူလ-ကို, ခွေးတောက် စသည်တို့မှ ဖြစ်သော နွယ်လဲ ဟူသမျှ၊ (၃) ပေါ်ရှကီ တူလ- ကိုင်း, ကျူ, ဖေဒိုးပွင့် စသည်တို့မှ ဖြစ်သော မြက်လဲဟူသမျှ။

[လော]

လောက ၃-ပါး။ ။ခန္ဓဝဂ္ဂသံယုတ် ။ပါ။ ၁၁၃ ။ဌ။ ၂၉၃။ ဤလောက ဟူသော ဝေါဟာရသည် ပါဠိတော်သာဖြစ်၍ မြန်မာအဓိပ္ပါယ်အားဖြင့် ဘရမ်းဘတာ အဆီးအတားမရှိ အရှမ်းဖြစ်ပျက်တတ်လျက် ကြာမြင့်စွာ တည်တံ့ခြင်းမရှိသော သဘောတရားမျိုး ဟူ၏။

(၁) သြကာသ **လောက-** သတ္တဝါ ဟူသမျှတို့၏ မှီတင်းနေထိုင်ရာ ၃-ဌာနသော ဘုံ၊ ရေ, မြေ, တော, တောင်, ကောင်းကင်။

(၂) သတ္တ **လောက-**ထို ၃-ဘုံ၌ လှည့်လည်ဖြစ်ပျက်ခါ ချမ်းသာ ဆင်းရဲ ဒွန်တဲ့ရောထွေးလျက် နေကြသော သက်ရှိ သတ္တဝါ ဟူသမျှ။

(၃) သင်္ခါရ **လောက-** ထို ၃-ဘုံနှင့်တကွ သက်ရှိ သက်မဲ့ အားလုံးသော သတ္တလောက သြကာသ လောက တို့ကို ဖြစ်မှု ပျက်မှု အို နာ သေမှု စသော အမျိုးမျိုး အဖုံဖုံတို့ဖြင့် စီမံဖန်တီး ပြောင်းလဲ ပြုပြင် ပေးနေသော သဘောတမျိုး၊ တနည်း-လောကီ စိတ်, စေတသိက်, ရုပ်,တရားစုများ။

လောကဓမ္မတရား ၈-ပါး။ ။အင်္ဂုတ္တရ ။ပါ။ ၇ ။ဌ။ ၁၉၅။ **လောက** သားမတ္တ အမြဲတွေ့ကြုံ ခံစားနေရသော တရားရှစ်ပါး၊ ဆင်ခြင်တုံကင်း

http://www.dhammadownload.com

သောသူကို ရွေးသုပ်တုန်လှုပ်စေနိုင်သော သဘောရှိ၏။ (၁) လာဘ-လာဘ် ပေါများ၍ တက်ကြွတုန်လှုပ်ခြင်း၊ (၂) အ လာဘ- လာဘ် နည်း၍ ညှိုးငယ်တုန်လှုပ်ခြင်း၊ (၃) ယသ-အခြံအရံများ၍တက်ကြွတုန်လှုပ်ခြင်း၊ (၄) အ ယသ-အခြံအရံနည်း၍ ညှိုးငယ် တုန်လှုပ်ခြင်း၊ (၅) ပသံသာ-ချီးမွမ်းခံရ၍ ဝမ်းမြောက်တုန်လှုပ်ခြင်း၊ (၆) နိန္ဒ-အကဲ့ရဲ့ခံရ၍ ဝမ်းနည်း တုန်လှုပ်ခြင်း၊ (၇) သုခ-ချမ်းသာကိုစွဲ၍ ဝမ်းသာတုန်လှုပ်ခြင်း၊ (၈) ဒုက္ခ-ဆင်းရဲကိုစွဲ၍ ညှိုးငယ် ပူပြင်း စိုးရိမ်တုန်လှုပ်ခြင်း။

လောကဥ္စ မရှိသောအရာ ၃-ပါး။ ။မိလိန္ဒပဉှာ။ပါ။ ၂၆၀။ (၁) မအိုသော မသေသော, အရာဟူ၍ မရှိ၊ (၂) ခိုင်မြဲနေသော သခါရတရားဟူ၍ မရှိ၊ (၃) ပရမတ္ထအားဖြင့် လူ, နတ်, ဗြဟ္မာ, သတ္တဝါဟူ၍ မရှိ၊ ရုပ်,နာမ်မျှသာ ရှိ၏။

လောကဓာတ် အပြားမျိုး ၃-ပါး။ ။တိကင်္ဂုတ္တရ ပါဠိတော်မှ။ (၁) စူဠနီလောကဓာတ်- နေ,တစင်း လ,တစင်း လေးကျွန်း တမြင်းမိုရ် စကြဝဠာပေါင်း တထောင်ကို ခေါ်သည်၊ (၂) မဇ္ဈိမ လောကဓာတ်၊ သို့မဟုတ် ဒ္ဝိသဟဿီ လောကဓာတ်-စူဠနီလောကဓာတ်ပေါင်း တသိန်းကိုခေါ်သည်၊ (၃) တိသဟဿီ၊ သို့မဟုတ် မဟာသဟဿီ လောကဓာတ်-လောကဓာတ်ပေါင်း ကုဋေတသိန်းကို ခေါ်သည်။

လောကဓာတ်ကြီး ၄-ပါး။ ။လေးကျွန်းတမြင်းမိုရ် ခေါ် စကြဝဠာစုမျိုးလေးပါး။ (၁) စူဠ ၊လောကဓာတ်- တထောင်သော စကြဝဠာ လောကဓာတ် အရေအတွက်ကို ခေါ်ဆိုသည်၊ (၂) မဇ္ဈိမ လောကဓာတ်- ထိုစကြဝဠာ ၊လောကဓာတ်ပေါင်း ဆယ်ခု, စကြဝဠာ အရေအတွက် အားဖြင့် တသောင်းသော လောကဓာတ်ကို ခေါ်ဆိုသည်၊ (၃) မဟာလောကဓာတ်- ဖြစ်ဖေါ်ဖြစ်ဖက်, ပျက်ဖေါ်ပျက်ဖက် ဖြစ်ကုန်သော ကုဋေတသိန်းစီကုန်သော လောကဓာတ်တို့ကို ခေါ်ဆိုသည်၊ (၄) အနန္တ လောကဓာတ်- အဆုံး အပိုင်းအခြား မရှိ၊ မရေတွက် နိုင်ကုန်သော လောကဓာတ်တို့ကို ခေါ်ဆိုသည်။

http://www.dhammadownload.com

ပုတ်ချက်။ ။ငါတို့ဘုရားရှင်သည် ထိုလေးငါးသော လောကမာတ်တို့တွင် မဇ္ဈိမလောကဓာတ်၊ သို့မဟုတ် ခေတ် ၃-ပါးဟူတွင် ဇာတိခေတ်ဟု ဆိုအပ်သော တသောင်းသော စကြဝဠာလောကဓာတ် အတွင်း အလယ်ဗဟိုကျ ဖြစ်သော ငါတို့နေရာ ဤစကြဝဠာမှာသာ ပွင့်တော်မူသည်၊ ဤတွင်လည်း ငါတို့နေရာ ဤဇမ္ဗူ ဒီပါ တောင်ကျွန်းမှာသာ ပွင့်တော်မူသည် ဟူ၏။

လောကပါလ တရား ၂-ပါး။ ။မူလပဏ္ဏာသ ။ပါ။၃၃၀။ဌ။ဒု-အုပ်။ ၂၁၃။ ယဉ်ကျေးမှု စည်းကမ်းများ မပျက်စီးရအောင် ကမ္ဘာလောကကြီးအား စောင့်ရှောက်ပေးတတ်သော တရား ၂-ပါး။ (၁) ဟိရီတရား-မကောင်း အရာဟူသမျှ ပြုလုပ် ပြောဆို ကြံစည်ရမှာ ရှက်ခြင်း, မပြုဝံ့ခြင်း၊ (၂) ဩတ္တပ္ပ တရား- မကောင်းမှုဟူသမျှ ပြုလုပ် ပြောဆို ကြံစည်ရမှာ ကြောက်လန့်ခြင်း, မပြုဝံ့ခြင်း။

လောကပါလ တရား ၄-ပါး၊ တနည်း။ ။ပုဂ်းသရုပ်ကို (ဗြဟ္မစိုရိတရား ၄-ပါး)၌ ပြခဲ့ပြီ။

လောကပါလတရား ၅-ပါး၊ တနည်း။ ။လောကသားတို့အား တိုးတက်ကြီးပွား ချမ်းသာမှုများကိုသာ ပေးလျက် အစဉ်စောင့်ရှောက်နေသော 'ငါးပါးသီလ' တရားကိုပင် ခေါ်သည်၊ ဇိုဟာရားငါးပါးကို လူတိုင်း စောင့်သုံး လိုက်နာကြပါက ရုံးတော်နှင့် အချုပ်ထောင် ရဲသား စစ်တပ် များပါ ထားစရာ မလိုတော့ပြီ။

လောကပါလ နတ်မင်းကြီး ၄-ပါး။ ။လောကကို စောင့်ကြပ်သော နတ်မင်းကြီး ၄-ပါး ဟူ၏။ (၁) ဓတရဋ္ဌနတ်မင်းကြီး- အရှေ့ကျွန်းအရပ်၌ နေ၍ ဂန္ဓဗ္ဗနတ်တို့ကို အုပ်စိုးရသည်၊ (၂) ဝိရူဠ္ဟက နတ်မင်းကြီး-တောင်ကျွန်းအရပ်၌နေ၍ ကုမ္ဘဏ္ဍနတ်တို့ကို အုပ်စိုးရသည်၊ (၃) ဝိရူပက္ခနတ်မင်းကြီး- အနောက်ကျွန်း အရပ်၌ နေ၍ နဂါးမျိုးတို့ကို အုပ်စိုးရသည်၊ (၄) ကုဝေရနတ်မင်းကြီး-မြောက်ကျွန်းအရပ်၌နေ၍ ဘီလူးတို့ကို အုပ်စိုးစေခိုင်းနေသည်။

http://www.dhammadownload.com

လောကသာကို၏ ချမ်းသာကြောင်းတရား မျိုး ၆-ပါး။ ။ဟိတောပဒေသမ။ သံသရာ၊ လောက၏ ချမ်းသာခြင်းတရား ၆-ပါး။ (၁) အတ္ထာဂမ-စီးပွါးဥစ္စာ ကောင်းစွာမပြတ် တိုးပွားနေခြင်း၊ (၂) အ ရောဂိတ-အမြဲတစေ ကျန်းမာ နေသည်၏ အဖြစ်၊ (၃) ပိယဘာရိယ- ရုပ်ရေလှပ ချစ်စရာ့ မယား၊ (၄) ပိယဝါဒိနီ- သာယာချစ်ဘွယ် အသွယ်သွယ်သော စကားကို ဆိုတတ်သော မယား၊ (၅) ဝဿပုတ္တ- ယဉ်ကျေးလိမ်မာသော သား၊ (၆) အတ္ထကာရီ စ ဝိဇ္ဇာ လောကီ လောကုတ် ကျိုးမယုတ်အောင် ရွက်ဆောင်ပြုလုပ်နိုင်သော သား၊ ထို ၆-ပါးတို့ ရှိနေခြင်း ဟူ၏။

လောကီမင်္ဂလာ ၁၂-ပါး။ ။ယေဘုယျအားဖြင့် လောကကျိုးတို့ အတွက် သာ ဖြစ်သော မင်္ဂလာများ။

(၁) ပဋိသန္ဓေ အချိန် အခါ လ, ရက် စေ့ရောက်သဖြင့် ဖွားမြောက် အောင်မြင်ခြင်း ဝိဇာတ မင်္ဂလာ။

(၂) ဖွားသည်မှနောက် ၃-ရက် မြောက်သောနေ့၌ ရတနာ သုံးပါး ဘိုးဘွားဟူသော နန္ဒိမုခနတ်တို့အား ရှိခိုးပူဇော်စေခြင်း၊ မုခ ဒဿန မင်္ဂလာ။

(၃) ဖွားသည်မှနောက် ၇-ရက်မြောက်သော နေ့၌ ဆံရိတ်ခြင်းဟူသော ကေသစ္ဆေဒန မင်္ဂလာ။

(၄) ကမ္မာဦးပညတ် ရွှေးသူဟောင်းတို့အမှတ်ဖြင့် ကောင်းမြတ်တင့်တယ် သောနေ့ရက်၌ ပုခက်, ယောဉ်, တင်ခြင်း ဟူသော ဒေါလာ ကရဏ မင်္ဂလာ။

(၅) ဖွားသည်မှနောက် ၂၅-ရက် မြောက်သောနေ့၌ ကွမ်းဦးခွန်ခြင်း ဟူသော တမ္ဗုလ ပတ္တ မင်္ဂလာ။

(၆) ဖွားသည်မှနောက် ၁-လ မြောက်သောနေ့၌ နေ, လ တို့ကို ပြသ ကြည့်ရှုစေခြင်း ဟူသော ရဝိန္ဒု ဒဿန မင်္ဂလာ။

(၇) ဖွားသည်မှနောက် ရက်ပေါင်း ၁၀၀-မြောက်၌ အမည်သညာ မှည့်ခြင်း ဟူသော နာမ ကရဏ မင်္ဂလာ။

http://www.dhammadownload.com

(၈) ဖွားသည်မှနောက် ၆-လ မြောက်၍ ထမင်းဦး ခွန်ခြင်း ဟူသော ပဌမ ဘတ္တ မင်္ဂလာ။

(၉) သင့်တင့်လျောက်ပတ် ချိန်ရွယ် ရောက်လတ်သော အခါ ဆံထုံး ဥသျှောင် ဖွဲ့ထုံးခြင်း ဟူသော ကေသ ဗန္ဓန မင်္ဂလာ။

(၁၀) သင့်တင့်လျောက်ပတ် အချိန်အရွယ် ကျရောက်လတ်သော အခါ နားထွင်းခြင်း ဟူသော ကဏ္ဏဗ္ဓိဒ္ဓ မင်္ဂလာ။

(၁၁) သင့်တင့်လျောက်ပတ် အချိန်အရွယ် ကျရောက်လတ်သော အခါ သာသနာတော်တွင်းသို့ သွတ်သွင်း ချီးမြှင့်ခြင်းဟူသော သာသနာ နုဂ္ဂဟ မင်္ဂလာ။ ပဗ္ဗဇ္ဇမင်္ဂလာလည်း ဟူ၏။

(၁၂) သင့်တင့်လျောက်ပတ် အချိန်အရွယ် ကျရောက်သောအခါ မျိုးနွယ် ဇာတ်ဂုဏ် လုံးစုံတူသော သတို့သား သတို့သမီးနှင့် စုလျားနှားစပ် လက်ထပ် ထိမ်းမြားရခြင်းဟူသော အာဝါဟ ဝိဝါဟ မင်္ဂလာ။

လောကိသစ္ဒာမျိုး ၂-ပါး။ ။လောကနယ်ပယ်ဖြစ် သစ္ဒာမျိုး ၂-ပါး။ (၁) ဒုက္ခသစ္စာ- မကောင်းကျိုး ဟူသမျှ၊ (၂) သမုဒယသစ္စာ-မကောင်း ကြောင်း ဟူသမျှ။

လောကုတ္တရာတရား ၉-ပါး၊ **တနည်း ၁၀-ပါး**။ ။လောကမှ ထွက်မြောက် ကြောင်း တရားမျာ၊ မဂ်တရား ၄-ပါး, ဖိုလ်တရား ၄-ပါး, နိဗ္ဗာန်တရား ၁-ပါး, ပေါင်း ၉-ပါး၊ ပရိယတ္တိတရား ၁-ပါးထည့်လျှင် ဆယ်ပါးဖြစ်၏။

လောကုတ္တရာမျိုး သစ္စာ ၂-ပါး။ ။လောကမှ ထွက်မြောက်ရာ သစ္စာ ၂-ပါး။ (၁) မဂ္ဂ သစ္စာ- ကောင်းမြတ်ချမ်းသာကြောင်း ဟူသမျှ၊ မဂ် ၄-ပါး၊ (၂) နိရောဓ သစ္စာ-ကောင်းသော အကျိုးတရားဟူသမျှ၊ နိဗ္ဗာန်။

လောင်းကစားကြွေးမှု အပြစ်မျိုး ၆-ပါး။ ။သုတ်ပါထေယျ ။ပါ။ ၁၄၇ ။ဋ္ဌ။ ၁၂၇။ ဤဥဒ္ဒ လောကပြစ် ၆-ပါးကိုသာ ဖော်ဆိုလိုက်သော်လည်း သံသရာပြစ် ကြီးလေးကြောင်းကိုပါ သိလေ၊ "**အောင်သူရန်ပုား၊ ရှုံးသား စိုးရိမ်၊ စည်းစိမ်လျော့ပါး၊ တရားသဘင်၊ မဝင်သက်သေ၊ မိတ်ဆွေမုန်းဆို၊ မလိုထိမ်းမြား၊ ဤ ၆-ပါးကား၊ လောင်းကစားသူ အပြစ်တည်း၊**" ဟူ၏။

http://www.dhammadownload.com

လောအကြီးသူ ၃-ယောက်။ ။ဧင်း သရုပ် (အလိုလောဘကြီးသူ ၃-ယောက်)၌ ရှုပါ။

လောဟာမျိုး ၅-ပါး။ ။ရွှေ, ငွေ, ကြေး, သလဲစင်, သလဲမည်း, ၎င်းငါးပါးကို ပဋ္ဌလောဟာ, ဟူရှိ၎င်း၊ လောဟာငါးပါး, ဟူရှိ၎င်း၊ ခေါ်ဆိုကြကုန်၏။

လောဟာမျိုး ၇-ပါး၊ တနည်း။ ။ဇာတိလောဟာခေါ် မူလဇာတ်အားဖြင့် ဖြစ်လာသော သေတ္တုခေတ်မျိုး ၇-ပါးဟူ၏၊ သံသေ, သံရွင်, ရွှေ, ငွေ, ခဲမဖြူ, ခဲမနက်, ကြေးနီ။

လော်လည် ၅-ထွေ၊ မိန်းမလေ၊ **အခြေ အောက်နားလွတ်**။ ။သတ္တနိပါတ် ။ပါ။ ၂၀၂ ။ဋ္ဌ။ ပ-အုပ်၊ ၃၂။ မိန်းမများအတွက် ပျက်စီးကြောင်း အပြစ် မှတ်ရမည်။ (၁) အာဟာရ လောလ- စားသောက်မှု၌ လော်လည်ခြင်း၊ (၂) အလင်္ကာရ လောလ-အဝတ်တန်းဆာဆင်မှု၌ လော်လည်ခြင်း၊ (၃) ပရ ပုရိသ လောလ- ယောကျ်ားတပါး၌ လော်လည်ခြင်း၊ (၄) ဓန လောလ- ပစ္စည်းဥစ္စာ၌ လော်လည်ခြင်း၊ (၅) ပါဒ လောလ- ထိုထို့ဘဏ္ဍာ သွားလာလည်ပတ်မှု၌ လော်လည်ခြင်း။

[လျ]

လျောင်းတော်မူပြား၊ မျိုး ၄-ပါး၊ **ထားခြားဦးခေါင်း မည်သို့နည်း**? ။ ။ရှင်ပင်သာလျောင်း ကိုပင် လျောင်းတော်မူဟု ခေါ်ကြပြန်၏၊ သရုပ် (ရှင်ပင်သာလျောင်း)၌ ရှုပါကုန်။

[လျှ]

လျှမ်းမိစ်ဌာန်မှာ၊ ဖြစ်ဓမ္မပါလာ၊ မြန်မာအက္ခရာ ၃-လုံး။ ။ပင်း သရုပ် (မုဒ္ဓဇ အက္ခရာ ၃-လုံး)၌ ဆိုခဲ့ပြီ။

လျှို့ဝှက်အပ်သော အရာကြီး ၉-ပါး။ ။ဧင်း သရုပ် အဓိပ္ပါယ်ကို (သူတပါး ထို့အား မပြောကြားအပ်သော အရာကြီး ၉-ပါး) ဟူသော သုတေသန ရပ်၌ ရှုပါ။

http://www.dhammadownload.com

(၅၄၂)　　[လွ + နှ်။ လု။ ဓလှ။ လှိ + ငံး။ လွ + တ်]

[လွ]

လွန်ကဲဆုံးဓသာပုဂ္ဂိုလ်ကြီး ၄-ယောက်။　။ဂုဏ်သရေပ် (ပုဂ္ဂိုလ် လွန်ကဲကြီး ၄-မျိုး)၌ ရှိပါ။

[လှ]

လှမျိုးဆွေဘ၊ နတ်ကညာ၊ ဂ-ဖြာ အင်္ဂါပြည့်။　။မိန်းမလှ ရွေးချယ်စီစစ်ရာ၌ ဂုဏ်အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံမှ လှမြတ်ရတနာဝင် ဖြစ်နိုင်ကြောင်းကို နီတိကျမ်း၌ ဆိုထိ။ (၁) သာမာ-ဝါရွေသော အသားအရေ၊ (၂) မိဂကို-သမင် မျက်စိကဲ့သို့သော မျက်လုံး၊ (၃) တနု မဇ္ဈ ဂတ္တာ-ခါးသေး ရင်ချို၊ (၄) သူရှ- ဆင်နှာမောင်း ကဲ့သို့သော လက်မောင်း, ပေါင်တန်၊ (၅) သု ကေသီ- ကောင်းသော ဆံပင်, မျက်ခုံး၊ (၆) သမပဿီ ဒန္တီ-သွား ဖြူဖွေး ညီညာ၍ ချွန်ပေါသော အစွယ်၊ (၇) ဂမ္ဘီရ နာဘိ-ချက်တွင်း နက်၍ ကားသော တင်ဆုံ၊ (၈) ဆုသိလိ-ကောင်းစွာလေ့ကျင့် ထားသော ကိုယ်နေ အမူအရာ, ကောင်းသော အလေ့အကျင့် ရှိခြင်း။

လှေဓလှော်ဟန်မူမျိုး ၁၂-ပါး၊ တနည်း ၃၇-ပါး။　။ဂုဏ်သရေပ်ကို (တက်ရေး ၁၂-ခန်း၊ တနည်း ၃၇-ပါး)၌ ဆိုခဲ့ပြီ။

ဝလှသူကြီး အင်္ဂါ ၉-ပါး။　။ဂုဏ်သရေပ်ကား (သဘော်သူကြီးအင်္ဂါ ၉-ပါး)နှင့် သဘောချင်းတူ၏။

လှိုင်းတံပိုးကြီးမျိုး ၃-ပါး။　။မဟာသမုဒ္ဒရာ၌ ကြီးကျယ် ထင်ရှားသော လှိုင်းတံပိုးကြီး အပြား ၃-ပါး၊ သာရတ္ထသင်္ဂဟ အဋ္ဌကထာ။ (၁)မဟိန္ဒာ ဝိစိ-ယူဇနာ ခြောက်ဆယ်တိုင်အောင်၊ (၂) ဂင်္ဂါ ဝိစိ-ယူဇနာ ငါးဆယ်တိုင်အောင်၊ (၃) ရောဟန ဝိစိ- ယူဇနာ လေးဆယ်တိုင်အောင် အထက် အရပ်သို့ အလှိုင်းအလှိုင်း တက်မောက် လိမ့်ကျ၍နေ၏။

[လှ]

လှတ်ရုံး ၄-ရပ်။　။မြန်မာဘုရင်မင်းမြတ်တို့ စိုးစံအုပ်ချုပ်စဉ်က နန်းတော်သစ်တပ်တွင်း၌ လှဘ်ရုံးတော်ကြီး ဆောက်လုပ်၍ မင်းကြီး လေးပါး တက်ရောက် စီရင်သည်ကိုပင် 'လှတ်ရုံးလေးဆိုး'ဟု ခေါ်သည်။

http://www.dhammadownload.com

လွှတ်ရုံး ၅-ရပ် တနည်း။ ။ရာဇဝင်သစ်၌ အကျယ်ကို ယူပါ။ကုန်၊ (၁) လှတ်တော်၊ (၂) အထက်ပြိုတိုက်၊ အောက် မြို့တိုက်တော်၊ (၃) ရွှေရုံးတော်၊ (၄) နောက်ရုံးတော်၊ (၅) တရားရုံးတော်။

[ဝ]

ဝံသ အကွရာမျိုး ၆-ပါး။ ။ကဗျာ စာပေဆိုရာ၌ အမျိုးအလိုက် ဆိုင်ရာ အက္ခရာကို အစထား၍ စပ်ဆိုရကြောင်းနှင့် ဆန်းကျမ်း ပေဒင်တို့၌ ညွှန်းဆို၏။ (၁) ဒလိဒ္ဓဝံသ-ဆင်းရဲသားမျိုး အက္ခရာငါးလုံး 'က ခ ဂ ဃ င'၊ (၂) အမစ္ဆဝံသ-မွူးမတ်မျိုး အက္ခရာငါးလုံး 'စ ဆ ဈ ဇ ည'၊ (၃)ဂဟပတိဝံသ-သူကြွယ်မျိုး အက္ခရာငါးလုံး 'ဋ ဌ ဍ ဎ ဏ'၊ (၄)သေဋ္ဌိ ဝံသ- သေဋ္ဌေးမျိုး အက္ခရာငါးလုံး 'တ ထ ဒ ဓ န' (၅) ရတနတ္တယဝံသ-ရတနာသုံးပါး အက္ခရာမျိုးငါးလုံး 'ပ ဖ ဗ ဘ မ'၊ (၆) ပြဟ္မဏဝံသ-ပြဟ္မဏမျိုး အက္ခရာရှစ်လုံး 'ယ ရ လ ဝ သ ဟ ဠ အ'။

ဝံသ အက္ခရာ၊ ၁၂-ဖြာ၊ ဆိုင်ရာ မျိုးရိုးသိ။ ။ကဝိပါသဏ္ဍခေါ် ဆန်းကျမ်း လာ တနည်း။ (၁) ခတ္တိယဝံသ- က ဝဂ် ၅-လုံး၊ (၂) ပြဟ္မဏ ဝံသ-စ ဝဂ် ၅-လုံး၊ (၃) ဝဿ ဝံသ- ဋ ဍဂ် ၅-လုံး၊ (၄) ဒေဝ ဝံသ-တ ဝဂ် ၅-လုံး၊ (၅) ပြဟ္မ ဝံသ- ပ ဝဂ် ၅-လုံး၊ (၆) သုဒ္ဓ ဝံသ- ယ အက္ခရာ၊ (၇) အပါယ ဝံသ- ရ အက္ခရာ၊ (၈) ဇသာတာပန် ဝံသ- လ အက္ခရာ၊ (၉) သကဒါဂါမိ ဝံသ-သ အက္ခရာ၊ (၁၀) အနာဂါမိ ဝံသ- ဟ အက္ခရာ၊ (၁၁) အရဟန္တ ဝံသ-ဠ အက္ခရာ၊ (၁၂)ဗုဒ္ဓ,ပစ္စေကဗုဒ္ဓ ဝံသ-အ အက္ခရာ။

ဝင်္ကလေ, ထွက်ဓလေ မရှိသူ ဂ-ယောက်။ ။ဂင်းသရုပ် (အသက်မရှူသူ ဂ-ယောက်)၌ ရှုပါ။

ဝင် ၉-ဝင်ဟု၊ ခေါ်ဆိုပြု၊ ကျမ်းစု အာဘယ်နည်း? ။ ။(၁) ဗုဒ္ဓဝင်- ဘုရား အစဉ်အဆက်ကို ပြသောကျမ်း၊ (၂) မဟာဝင်-ဘုရားရှင်တို့၏ ဆွေတော် မျိုးတော် အစဉ်အဆက်ကို ပြသောကျမ်း၊ (၃)ရာဇဝင်-မင်းအစဉ်အဆက်

http://www.dhammadownload.com

ကို ပြသောကျမ်း၊ (၄) အနာဂတဝင်- နောင်ပွင့်လတ္တံ့သော ဘုရား အစဉ်အဆက်ကို ပြသောကျမ်း၊ (၅) ဓာဌာဓာတုဝင်- ဘုရား, ပစ္စေက ဗုဒ္ဓါ, ရဟန္တာတို့၏ စွယ်တော်, ဓာတ်တော် အစဉ်အဆက်ကို ပြသော ကျမ်း၊ (၆) ဒီပဝင်-သီဟိုဠ်ကျွန်း သမိုင်းအစဉ်အဆက်ကို ပြသောကျမ်း၊ (၇) ထူပဝင်- စေတီပုထိုး တို့၏ အစဉ် အဆက်ကို ပြသောကျမ်း၊ (၈) ဗောဓိဝင်- ဘုရားရှင်တို့ ပွင့်တော်မူရာ ဗောဓိပင် အစဉ်အဆက်ကို ပြသောကျမ်း၊ (၉) သာသနာဝင်- သာသနာတော် အစဉ်အဆက်ကို ပြသောကျမ်း။

ဝင်းမျိုး ၄-ပါး၊ မင်းတရား၊ ပိုင်းခြားမည်သို့ ခန့်သနည်း?။ ။မြို့တံခါး, နန်းတံခါး လေးမျက်နှာတို့၌ စောင့်ကြပ်သော အစုကြီး ၄-ပါး၊ ဘုရင် မင်းမြတ် ထွက်တော်မူသောအခါလည်း ဝင်း ၄-ပါးရံသည်၊မြင်းမိုရ်တောင် ထိပ် နတ်မင်းကြီး ၄-ပါးကိုစံထားပြုလုပ်သည် ဟူသတတ်။ (၁)အရှေဝင်း- အရှေအရပ် အရှေတံခါးစောင့်များ၊ ၎င်းတို့ လည်ကုပ်၌ ဓတရဋ္ဌနတ် မင်းကြီး ဂန္ဓဗ္ဗနတ်ကို စီးဟန် ဆေးနိုဖြင့် ထိုးနှံထားသည်၊ မြင်းမိုရ်ရောင်ကို စွဲ၍ ဖြူသော အလံကို ကိုင်ဆောင် လွှင့်ထူရ၏၊ (၂) အနောက်ဝင်း- အနောက်အရပ် အနောက်တံခါးစောင့်များ၊ ဝိရူပက္ခနတ်မင်းကြီး နဂါး စီးဟန်၊ ဆေးထိုးနှံ၊ ချိပ်ရောင် အလံကိုင်၊ (၃) တောင်ဝင်း-လကျိဘက် အစောင့်သားများ၊ဝိရူဠ္ဍကနတ်မင်းကြီး ကုမ္ဘဏ်စီးဟန်၊ ဆေးထိုးနှံ၊ အလံ အစိမ်းရောင်၊ (၄) မြောက်ဝင်း-လက်ဝဲဘက် အစောင့်များ၊ ကုဝေရ နတ် မင်းခေါ် ဝေဿဝဏ်နတ်မင်းကြီး ဘီလူးစီးဟန်၊ ဆေးထိုးနှံ၊ အလံတော် အဝါရောင် ကိုင်ဆောင် လွှင့်ထူ၏။

ဝစီက ၄-ပါး၊ ဝစီဒုစရိုက် ၄-ပါး။ ။၎င်း၏ သရုပ် အဓိပ္ပါယ်ကို (ဒုစရိုက် ဆယ်ပါး)မှာ ကြည့်ပါ။

ဝဇီ မဏာမမျိုး ၂-ပါး။ ။မိမိဘာသာနှင့် ဆိုင်ရာကို နှုတ်မြွက်ရှိခိုးရာ၌ ၂-ပါး အပြားရှိသည်။ (၁) ဇကဝလ ဝစီပဏာမ-ရတနာသုံးပါး၏ ဂုဏ်ကျေးဇူး ကို မပြမဆိုဘဲ 'ဗုဒ္ဓ ဝန္ဒာမိ, ဓမ္မ ဝန္ဒာမိ, သံဃံ ဝန္ဒာမိ'ဟု ရှိခိုးခြင်းမျိုး၊ (၂) ထောမနာ ဝစီပဏာမ- မိမိတို့ဘိုင်ရာ ဘုရားသခင်၏ ဂုဏ်တော်

http://www.dhammadownload.com

ကျေးဇူးတော်တို့ကို မဖေါ်ဆို ရှိခိုးခြင်းမျိုး၊ 'အရဟတာဒိ နဝဂုဏောဟိ' စသည်ဖြင့် ချီးကျူး၍ ရှိခိုးခြင်း။

ဥန္ဒ ဥ-ပါးဟု၊ **ခေါ်ဆိုပြု၊ လည်မှု သံသရာ**။ ။ဝိသုဒ္ဓိမဂ်၊ ဒု-အုပ်။ ၂၁၆။ သမ္မောဟဝိနောဒနီ။ ၁၈၄။ ဒုက္ခထည်း၌ ချာချာလည်ခြင်း ဥ-ပါး။ (၁) ကိလေသ ဝဋ်-အဝိဇ္ဇာ,တဏှာ, ဥပါဒါန်,၎င်း ဥ-ပါးကို ခေါ်သည်၊ (၂) ကမ္မ ဝဋ်-သခ်ါရနှင့် ကမ္မဘဝ ဟု ဆိုအပ်သော ဘဝကို ဖြစ်စေတတ်သည့် ကုသိုလ်ကံ, အကုသိုလ်ကံကို ခေါ်သည်၊ (၃) ဝိပါက ဝဋ်-ဥပပတ္တိ ဘဝနှင့် ဝိညာဉ်,နာမ်, ရုပ် စသည်တို့ကို ခေါ်သည်။

ဝဋ်တော် ၁၂-ပါး၊ မြတ်ဘုရား၊ ခံစား ကြေးဟောင်းကို။ ။၎င်း သရုပ် အဓိပ္ပါယ်ကို (ဝိပါက်တော် ၁၂-ပါး)မှာ ကြည့်ပါ။

ဝဏ္ဏကသိုဏ်း၊ ရှုသူတိုင်း၊ ၄-ပိုင်း ခြားနားသိ။ ။ထင်ရှားသော အရောင် အဆင်းများစွာတို့တွင် နီလ, ပီတ, လောဟိတ, ဩဒါတ,ခေါ် သန့်ရှင်းသော အဆင်း လေးပါးကို ပိုင်းခြားရှု၍ ကြိုက်ရာတပါးကို ရှုရာသည် ဟူ၏၊ အကျယ် (ကသိုဏ်း ၁၀-ပါး)၌ ပြန်ကြည့်ပါ။

ဝတ် ဥ-ပါးခေါ်၊ တရားတော်၊ ကျင့်နေ့ လူအများ။ ။ရဟန်း ရှင်လူ ကပ္ပါသူ ကပ္ပါသားတို့ လိုက်နာပြုကျင့်ရမည့် ကျင့်ဝတ် သုံးပါး။ (၁) လောကဝတ်-လူလူချင်း ဆပါင်းသင်းဆက်ဆံရေးကို အစထား၍ကပ္ပါသား အားလုံးတို့နှင့် မိတ်ဆွေရင်းချာ ဖြစ်နိုင်ရေး ကျင့်မှု လောကဝတ်၊ (၂) ဓမ္မဝတ်-ပစ္စုပ္ပန်, ကမလွန် နှစ်တန်သော ဘဝ၌ ကိုယ်ရေးကိုယ်တာ မြင့်မြတ်ရေးအတွက် ကျင့်ကြံအားထုတ်မှု၊ (၃) ဆုဇ ဝတ်- မိမိတို့ဆိုင်ရာ ဘုရင်မင်းမြတ် သမ္မတအစိုးရတို့ကို ရိုသေလေးမြတ်မှု၊ ဥပဒေအရပ်ရပ်ကို စောင်သိ လိုက်နာမှု။

ဝတ္ထကံခေါ်၊ လယ်ယာတော်၊ ဥ-ဘော် ခြားနားသိ။ ။ဝတ္ထု=မြေ၊ဂါမ= အပေါင်း၊ ဝတ္ထုဂါမမှ ဝတ္ထုဂါမ်-ဝတ္ထုကံ ဖြစ်လာသည်၊ ရတနာသုံးပါး နှင့်စပ်၍ လှူသော မြေယာကို ခေါ်ဆို၏။ (၁) ဘုရားမြေ၊ (၂)တရား တော်နှင့်စပ်၍ လှူထားသောမြေ၊ (၃) သံဃာတော် မြေ။

http://www.dhammadownload.com

ဝတ္ထုရုပ် ၆-ပါး။ ။စိတ် စေတသိက်တို့၏ မှီရာတည်ရာ ၆-ပါး။ (၁) စက္ခု ဝတ္ထု-မြင်တတ်သော မျက်စိ အကြည်ဓာတ်ရုပ်၊ (၂) သောတ ဝတ္ထု-ကြားတတ်သော နား အကြည်ဓာတ်ရုပ်၊ (၃) ဃာန ဝတ္ထု-နံတတ်သော နှာခေါင်း အကြည်ဓာတ်ရုပ်၊ (၄) ဇိဝှါ ဝတ္ထု- အရသာကို ခွဲခြားပေးတတ်သော လျှာ အကြည်ဓာတ်ရုပ်၊ (၅) ကာယ ဝတ္ထု- တွေ့ထိမှုကို သိတတ်သော ကာယဝိညာဉ်၏တည်ရာ ကာယ အကြည်ဓာတ်ရုပ်၊ (၆) ဟဒယ ဝတ္ထု-မနော ဝိညာဉ်၏ တည်ရာ နှလုံးသွေး အကြည်ဓာတ်။

ဝန်ကြီး ၄-ပါး၊ ဘုရင်များ၊ ခန့်ထား အဘယ်နည်း?။ ။မြန်မာဘုရင် မင်းမြတ်တို့ လက်ထက် လွှတ်ရုံး ၄-ရပ်၌ ဆုံးဖြတ်စီရင်ရသော "အဂ္ဂ မဟာသေနာပတိ" ဘွဲ့ခံ ပြန်တမ်းတော်ကြီးဝင် ဝန်ရွှင်တော်မင်းကြီး လေးပါး ကိုပင် ဝန်ကြီးလေးပါး ခေါ်တွင်ကြသည်။

ဝန်ချိန် ၃-မြာ၊ သတ်မှတ်ခါ၊ ထိုက်နာ လူထုသုံး။ ။ဝတ္ထုပစ္စည်း အချင်းချင်း နားလည်မှုအထွက် သတ်မှတ်ပိုင်းခြားသည့် ပမာဏအပြား ၃-ပါး။ (၁) တိုင်းဝန်-လက်သစ်၊ ထွာ, တောင်တာ, ယူဇနာ, မီတာ, ပေ, ကိုက်, ဖာလုံ, မိုင်, စသည်ဖြင့် အတိုင်းအရှည်ပြုပေးရသော ဝတ္ထုပစ္စည်းမျိုး၊ (၂) ချိန်ဝန်- ရွေး, ပဲ, မူး, ကျပ်, ပိုလ်, ပိဿာ, ပေါင်, တန်, စသည်ဖြင့် နှိုင်းချိန်၍ပေးရသော ဝတ္ထုပစ္စည်းမျိုး၊ (၃) ခြင့်ဝန်-ကွမ်းစား, စလယ်, ပြည်, စိတ်, တင်း, တို, ကက်, ကျပ်, ကျီ, ကြ, စသည်ဖြင့် နှိုင်းယှဉ် ခြင့်တွယ်ပေးရသော အရာဝတ္ထုမျိုး။

ဝန်စုရ မင်းမျိုး ၅၀။ ။မောပိ ဆရာသိန်းကြီး မှတ်တမ်းမှ၊ ဆင်ဝန်။ ဇအာက်မားဝန်။ ဆင်ဖြူဝန်။ စီးတော်မြင်းဝန်။ စို့ ၄၀-ဒိုင်းဝန်။ ကောင်းဟန်ဝန်။ ရွှေပြည်ဝန်။ နောက်တော်ပါ မြင်းဝန်။ ကသည်းမြင်းဝန်။ အက္ကပတ်မြင်းဝန်။ (၁၀)။ နန်းဦးမင်္ဂလာ မြင်းဝန်။ တောင် ရွှေပြည် ရုန်အောင် မြင်းဝန်။ မြောက် ရွှေပြည်တန်ဖွန်ဘက် မြင်းဝန်။ ၈၂ုံးဝန်။ အုင်္ဂပ်ဝန်။ နန်းကံကျွေးဝန်။ ယွန်းစုဝန်။ သူရဲဝန်။ အမြောက်ဝန်။ ကျီဝန် (နှတ်ထိန်းနှတ်အုပ်ဆေးသမား) (၂၀)။ ဆေးကျီဝန်။ (ဘဏ္ဍာတိုက်) ငွေခွန်ဝန်။ ပုဏ္ဏားဝန်။ ကုလားဝန်။ ကသည်းဝန်။ ဆတ္တာဝန်။ အရှုတ်ဝန်။ (ကုဋ္ဌနှနာ ဆိုင်ရာ) အမွေဝန်။ (သုသာန်ဆိုင်ရာ အမွေတိုက်) မေ့ဒိုင်ဝန်။

http://www.dhammadownload.com

(လေ့သမ္မန်ဆိုင်ရာ) မဟာဒါန်ဝန်။ (အလှူဒါနဆိုင်ရာ) (၃၀)။ ဝတ်မြေ့ဝန်။ (ဘုရားစေတီနှင့် ဆိုင်ရာ) တံဆိပ်တော်ဝန်။ (ဘွဲ့ပုံတံဆိပ် ဆိုင်ရာ) အိမ်ရှေ့ဝန်။ ဖလ်ချက်ဝန်။ သံချက်ဝန်။ ပန်းတဉ်းဝန်။ ပန်းဟဲဝန်။ ဒနက်ပလာဆင်ဝန်။ ရွှေတိုက်ဝန်။ အချုပ်ဝန်။ (၄၀)။ မြေနှန်းဝန်။ ခင်မမင်းဝန်။ ရေကြည်ဝန်။ စားတော်ဝန်။ စက်ဝန်။ တရုတ်ဝန်။ ယိုးဒယားဝန်။ တိရစ္ဆာန်ဝန်။သဘင်ဝန်။ ပန်းထိမ်ဝန်။ (၅၀) အခြားဝန်များစွာရှိသေးသည်။

ဝန်တိုခြင်းမျိုး ၅-ပါး။ ။ငင်းသရုပ် အဓိပ္ပါယ် အကျယ် (မစ္ဆရိယတရား ၅-ပါး)နှင့် တူ၏။

ဝန္ဒနာအပြား၊ မျိုး ၃-ပါး၊ ဖြေကြား ပညာသျှင်။ ။**ရှိခိုးခြင်း အမျိုးအစား** ၃-ပါး။ (၁)ကာယ ဝန္ဒနာ-ကိုယ်အင်္ဂါတို့ဖြင့် ရှိခိုးခြင်း၊ (၂) ဝစီ ဝန္ဒနာ-ဂုဏ်ကျေးဇူးတို့ကို နှုတ်မြွက်၍ ရှိခိုးခြင်း၊ (၃) စိတ္တ ဝန္ဒနာ-ဂုဏ်ကျေးဇူးတို့ကို အစဉ်အောက်မေ့၍ စိတ်ဖြင့် ရှိခိုးခြင်း။

ဝသီဘော် ငါး၊ ခေါ်ဆိုပြား၊ ပိုင်းခြား ဆင်ခြင်ဉာဏ်။ ။ဝိသုဒ္ဓိမဂ်၊ ပ-အုပ်။ ၁၄၉။ ၎င်း။ ဒု-အုပ်။ ၃၄၆။ လေ့ကျင့်ခြင်းသို့ ရောက်ပြီးသော တရား ငါးပါး။

(၁) အာဝဇ္ဇန ဝသီဘော်-ဈာန်မှထသောအခါ ဘဝင်ကို အကြိမ်များစွာ မကျစေဘဲ ဈာန် အင်္ဂါတို့ကို လျင်မြန်စွာ ဆင်ခြင်နိုင်သော 'အာဝဇ္ဇန်း'ကို ခေါ်သည်။

(၂) သမာပဇ္ဇန ဝသီဘော်- ဈာန်ကို အလိုရှိသောခဏ၌ ဖြုတ်ချည်း ဝင်စားနိုင်ခြင်းမျိုးကို ဆိုသည်။

(၃) ဝုဋ္ဌာန ဝသီဘော်- မိမိပိုင်းဖြတ် မှန်းဆထားသော အချိန်၌ ဈာန်ဇောမှ ဖြုတ်ချည်းထနိုင်ခြင်းကို ဆိုသည်။

(၄) အဓိဋ္ဌာန ဝသီဘော်- မိမိအဓိဋ္ဌာန်ထားသမျှသော ကာလပတ်လုံး ဈာန်ဇောကို ဖြစ်စေနိုင်မြင်းကို ခေါ်ဆိုသည်။

http://www.dhammadownload.com

(၅) ပစ္စဝေက္ခဏာ ဝသီဘော်- စျာန်အင်္ဂါကို ဆင်ခြင်ပြီးလျှင် တဖန် စျာန်ကို အလျင်အမြန် ဝင်စားရန်အတွက် စျာန်အင်္ဂါတို့ကို ဆင်ခြင်သောအခါ ၇-ကြိမ် မကျစေမူ၍ ၄-ကြိမ် ၅-ကြိမ်မျှသာ ကျစေသော 'ပစ္စဝေက္ခဏာဇော'ကို ခေါ်ဆိုသည်။

[၀၃]

၀ါကျတွဲ ဒေါသမျိုး ၆-ပါး။ ။အလင်္ကာကျမ်းလာ ဝါကျအနက် အပြစ် ၆-ပါး။

(၁) အပက္ကမ ဒေါသ- ရွေ့နောက်စကားစဉ် ဖေါက်ပြန်သော အပြစ်၊ ပုံ- 'ဘာဝနာ သိလ ဒါန' စသည်။

(၂) ဂမ္ဘ ဒေါသ- မယဉ်ကျေးသော စကားလုံးတို့ဖြင့် ရေးသုံးမှု၊ ပုံ- 'ကျယ်သောဖင်၊ ရှင်မြူးဖူးထသော နို့' စသည်။

(၃) သံသယတွဲ ဒေါသ- ယုံမှားဘွယ်ရှိသော အနက်ထွက်သည့် အသုံးအနှုန်းမျိုး၊ ပုံ- ပေးဂျူဒဲါန ထိုဗုဒ္ဓကို' 'သမ္မာသမ္ဗုဒ္ဓ? ပစ္စေကဗုဒ္ဓ?။

(၄) ဘဂ္ဂရိတိ ဒေါသ-ဝိဘတ်အနက် ကျိုးပျက်သော အနှုန်းအဖွဲ့မျိုး၊ ပုံ-'ထိုထက်နည်းနည်း၊လူပြိုးဒါန'၊'နည်းလျှင်'အောက်'နှင့်သုံးရမည်၊ များမှ'ထက်' နှင့် သုံးရမည်'။

(၅) ဩစိတြ ဟီန ဒေါသ- ရွေ့နောက်မညီ ယုတ်တိမတန်သော အသုံးအနှုန်း၊ ပုံ-'ခြသေ့ ဆင် ကျား၊ မကြောက်ငြားဘဲ၊ ကြောက်သားနီတာ၊ ကြောက်ရွံ့ရှာသည်'။

(၆) ဒုဋ္ဌာ လက်တီ ဒေါသ-အလင်္ကာမျှားကို ဖျက်ဆီးသော အပြစ်ဒေါသ အသုံးအနှုန်း ဟူသမျှ။

၀ါကျဒေါသမျိုး ၉-ပါး။ ။စာပေဝါကျ စီကုံးရာ၌ ရှောင်ရှားရမည့်အပြစ် ၉-ပါး၊ အလင်္ကာ ဥပဒေရပ်များ။ (၁) ကေတ္ထာ ဒေါသ-အကျိုးမရှိ ဘဲလျက် အနက်သဒ္ဒါ ၂-ပါးကို ထိုဝါကျထဲ၌ အဖန်တလဲလဲ ထပ်၍ပြဆို

http://www.dhammadownload.com

ခြင်းမျိုး၊ (၂) ဘဂ္ဂရီတိ ဒေါသ-စကားအစဉ် ကျိုးပျက်လျက် ရှုပ်ထွေး မြုပ်ကယ်သွားသော အသုံးအနှုန်းများ၊ (၃) ဂမ္ဘ ဒေါသ-ရှိုင်းပြသော စကားလုံး အသုံးနှုန်းတို့ဖြင့် စီကုံးမှု၊ (၄) အပေဟတ္ထ ဒေါသ- ပိတ္ထတ္ထ ခေါ် အနက်ပေါင်း အဓိပ္ပါယ်ကောက်၍ မရနိုင်သော စီကုံးမှုမျိုး၊ (၅) ဗျာကိဏ္ဏ ဒေါသ-စပ်သင့် နီးသင့်သော ပုဒ်များကို နီးနီးမထား ကျော်လွှား ခုန်ပေါက် ကမောက်ကမ ရှုပ်ထွေးစွာ ပြထားမှုများ၊ (၆) ယတိဟီန ဒေါသ-ဖြတ်ရမည့်နေရာ၌ အဖြတ်မပြု ဖြတ်မရအောင် ရေးသားထားမှုများ၊ (၇) အတိဝုတ္ထ ဒေါသ-အပြောကြီးလွန်း ကြွားလွန်းသော စီကုံးရေးသားမှု၊ (၈) သဗန္ဓ ဖရုသ ဒေါသ- ကျယ်လောင်သော အသံဖြင့် ရွတ်ဖတ်ရသည့် ဓနိတ အက္ခရာတွေ များများထည့်သွင်း စီကုံးမှု၊ (၉) ကမစ္ဆုတ ဒေါသ-လောကသုံး ထုံးတမ်းစဉ်လာမှ တော်လှန်ပုန်ကန်သော အသုံးအနှုန်းများ။

၀၊ဆိုခြင်းများ၊ မျိုး ၂-ပါး၊ ဘုရားခွင့်ပြုချက်။ ။ရဟန်းတော်များ ၃-လ အတွင်း အရပ်တပါးသို့ မသွေ့မပြောင်းရဘဲ နေထိုင်ကပ်ဆိုရမည့် အချိန် ကာလမျိုး ၂-စား။ (၁) ပုရိမ ၀၊-၀၊ဆိုလပြည့်ကျော် တရက်နေ့မှသည် သီကင်းကျတ်လပြည့်နေ့ထိ၊ ၎င်းကို 'ပထမ၀၊'ဟုလည်း ခေါ်ဆိုသည်၊ (၂) ပစ္ဆိမ ၀၊-၀၊ခေါင်လပြည့်ကျော် တရက်နေ့မှသည် တန်ဆောင်မုန်း လပြည့်နေ့ ထိ၊ ၎င်းကို 'ဒုတိယ၀၊'ဟုလည်း ခေါ်ဆိုသည်။

၀၊တော်ဆိုရာ၊ မြတ်ဗုဒ္ဓ၊ ဌာနာ ၁၇-သိ။ ။ဇိနာလင်္ကာရဋီကာနှင့် ဗိုလ်ကလေး ဦးသက်ရှည်ရေး ၀၊်ဖတော်စဉ် မြေပုံမှု။ (၁) ဗာဆာဏသီပြည် မိဂဒါဝုန် တော နန္ဒိယ ဝိဟာရ၌ ပဌမ၀၊ဆိုသည်၊ (၂)ဆာဇဂြိုဟ် ဝေဠုဝန်ကျောင်း၌ ဒုတိ,စ ပေါင်း ၃-၀၊၊(၃) ဝေသာလီပြည် မဟာဝုန်ကျောင်း၌ ပဉ္စမ ၀၊ (၄) ဆာဇဂြိုဟ် မကုဋတောင် ချယားတောင်၌ ဆဋ္ဌမ၀၊ (၅)တာ၀တိံသာ ပင်လယ်ကသစ်ပင်ရင်း၌ သတ္တမ၀၊ (၆) ဘဂ္ဂတိုင်း သံသုမာရတောအုပ်၌ အဋ္ဌမ၀၊ (၇) ကောသမ္မီပြည် ဃောသိတာရုံကျောင်း၌ နဝမ၀၊ (၈)ဌင်းပြည် ပလလည်းတော အင်ကြင်းပင်အောက်၌ ဒသမ၀၊ (၉) မြဟ္မဏဂါမ နာလိကာရုံကျောင်းတော်၌ ဧကာဒသမ၀၊ (၁၀) ဝေရဉ္ဇာပုဏ္ဏားရွာ တမာပင်ရင်း၌ ဒွါဒသမ၀၊ (၁၁) ဇာလိယတောင်၌ ၁၃-၀၊မှာတကြိမ်, ၁၈-နှင့် ၁၉-၀၊မှာ ဇာကြိမ် ပေါင်း ၃-၀၊၊ (၁၂)သာ၀တ္ထိ

http://www.dhammadownload.com

ပြည့် တေဝန်ကျောင်းကောင်၌ ၁၄-ဝါမှာ တကြိမ်, ၂၁-ဝါမှ ၄၄-ဝါထိ တကြိမ်ဆို၊ ပေါင်း ၂၅-ဝါ၊ (၁၃) ကပ္ပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ ပန္နရသမဝါ၊ (၁၄) အာဠဝီပြည် မဟာဝုန်တောင်၌ သောဠသမဝါ၊ (၁၅) ရာဇဂြိုဟ်ပြည်နယ် နလန္ဒရွာ သာရီပုတ္တေးမကြီးကျောင်း၌ သတ္တရသမဝါ၊ (၁၆) ၎င်းနယ် ဂိဇ္ဈကူဋ်တောင်၌ ဝီသတိမဝါ၊ (၁၇) ၄၅-ဝါ မြောက် နောက်ဆုံး ဓေဋ္ဌဝရွာ၌ ဝါဆိုတော်မူသည်။

ဝါဆိုလပြည့် ဓနုဆူးကြီး ၄-ချက်။ ။သုတ်မဟာဝါ အဋ္ဌကထာ။ ၁၈။ငါတို့ သာသနာ ဂေါတမအလောင်းတော်သည် ဝါဆိုလပြည့်နေ့၌။ (၁) ပဋိသန္ဓေတည်နေတော်မူခြင်း၊ (၂) တောထွက်တော်မူခြင်း၊ (၃) ဓမ္မစက္ကာတရားဦးဟောတော်မူခြင်း၊ (၄) တိတ္ထိတို့ကို နှိမ်နင်းသဘင် တန်ခိုးပြာဋိဟာ ပြ၍ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူခြင်းတို့ ဖြစ်၏။

ဝါဒီ ၁၀-ပါး၊ လိမ်မာငြား၊ စကားအဘယ်နည်း? ။ဂင်း သရုပ်ကို (ကထာမျိုး ၁၀-ါး) ၌ ရှုပါလေ။

ဝါပန်သွားရာ၊ ရဟန်းမှာ၊ မှတ်ပါ'တုံ့ ၃-ချက်။ ။ရဟန်းတော်များဝါဟွင်း ခရီးသွားရန်အတွက် တုံ့ ၃-ချက်ခေါ် အင်္ဂါ ၃-ပါးနှင့် ပြည့်စုံမှ ဝါကျိုး ဝါပျက်ဝိနည်းဥပဒေမှ လွတ်သည်၊ ဝါပန်၍သွားကောင်းသည် ဟူ၏၊ (၁) ဒါနဋ္ဌဒါတုံ့အလှူပေးခြင်းငှါ အလှူခံပင့်ခြင်း၊ (၂) ဓမ္မဋ္ဌသောတုံ့တရားနာခြင်းငှါ တရားဟော ပင့်ခြင်း၊ (၃) ဘိက္ခုံစ ပဿိတုံ့ဖူးမြင်လိုရှု ပင့်ခြင်း။

ဝါဓေယျဓောတ် ၆-ပါး။ ။မူလပဏ္ဏာသ။ပါ။ ၁၉၇ ။ဌ။ ၃၇-၌ အကျယ်ရှု။ လေဓောတ်ကို ဝါယောဓောတ်ဟု ခေါ်ဆိုသည်၊ သတ္တဝါတို့၏ ကိုယ်တွင်း၌ ၆-ပါး အပြား ရှိ၏၊ ဝိသုဒ္ဓိမဂ်။ (၁) ဥဒ္ဓင်္ဂမ ဝါယော- အထက်သို့ ပျံ့အန် ဆန်ဟက် တတ်သော လေ၊ (၂) အဓောဂမ ဝါယော-အောက်သို့ စုန်းဆင်းသော လေ၊ (၃) ကုစ္ဆိဋ္ဌ ဝါယော- ဝမ်းတွင်း၌ တည်သော လေ၊ (၄) ကောဋ္ဌာသယ ဝါယော- အူမ၌ တည်သော လေ၊ (၅) အင်္ဂမင်္ဂါနုသာရီ ဝါယော- အင်္ဂါကြီးငယ်သို့ လျှောက်သွားသော လေ၊ (၆) အဿာသ ပဿာသ ဝါယော-ထွက်သက် ဝင်သက် လေ။

http://www.dhammadownload.com

၁ရမိတ္တ၊ သတ္တရူ၊ မှတ်ရှု ၃-နွေ့။ ။ဘေးရန်များသော ရက်တို့ဖြစ်၍ အမှုကိစ္စ မပြုရဟု ဗေဒင်ကျမ်း၌ ဆို၏။ (၁) တနင်္ဂနွေနေ့- ဆန်း ဆုတ် ၃၂-ရက်နှင့် ကြုံမူ ၀ရမိတ္တ၊· (၂) တနင်းလာနေ့- ဆန်း ဆုတ် ၁၁-ရက်၊ (၃) အင်္ဂါနေ့- ဆန်း ဆုတ် ၁၀-ရက်၊ (၄) ဗုဒ္ဓဟူးနေ့-ဆန်း ဆုတ် ၉-ရက်၊ (၅) ကြာသပတေးနေ့- ဆန်း ဆုတ် ၈-ရက်၊ (၆) သောကြာနေ့- ဆန်း ဆုတ် ၇-ရက်၊ (၇) စနေနေ့- ဆန်း ဆုတ် ၆-ရက်နှင့် ကြုံမူ ၀ရမိတ္တ၊။

[၈]

၀ိကာရရုပ်မျိုး ၅-ပါး။ ။အထူးထူး အပြားပြား ခြားနားသော အမှုအရာ ရှိသည့်ရုပ် ၅-ပါး၊ ၎င်းကို (ရုပ် ၂၈-ပါး)၌ ပြခဲ့ပြီ။

၀ိကာလဘောဇန ဆက္က သီလ။ ။၎င်းသရုပ်(ခြောက်ပါးသီလ)နှင့် တူ၏။

၀ိကာလဘောဇန သိက္ခာပုဒ်၏ အင်္ဂါ ၄-ပါး။ ။၎င်း လေးပါးနှင့်ညီက ထိုသိက္ခာပုဒ် ပျက်၏။ (၁) မွန်းတည့်သည်မှ အရုဏ်တက် အတွင်း ၀ိကာလချိန်လည်း ဖြစ်စေ၊ (၂) ခဲဘွယ်မျိုး ၁၂-ပါး၊ ဘောဇဉ်မျိုး ၅-ပါး တို့တွင် တပါးပါးသော ယာ၀ကာလိကလည်း ဖြစ်စေ၊ (၃) ထိုယာ၀ ကာလိက ၀တ္ထုတို့ကို စားမျိုသည့်လည်း ဖြစ်စေ၊ (၄) မရွံးသူလည်း ဖြစ်စေ။

၀ိဇ္ဇာ ၃-ပါး။ ။ဣတိဝုတ် ။ပါ။ ၂၆၁ ။၌။ ၂၉၆။သံယုတ် ။၌။ ပ-အုပ်။ ၁၉၅-တို့၌ ရှုပါ။ ပု, ဒီ, အာ, ခေါ် ပုဗ္ဗေနိ၀ါသ ဉာဏ်တော်၊ ဒိဗ္ဗစက္ခု ဉာဏ်တော်၊ အာသ၀က္ခယ ဉာဏ်တော်၊၎င်း သုံးပါးကို ခေါ်ဆိုသည်။

၀ိဇ္ဇာ ၈-ပါး။ ။ဣတိဝုတ် ။ပါ။ ၂၆၁ ။၌။ ၂၉၆။ အထူးသဖြင့် သိကြောင်း ဖြစ်သော အလင်းဆောင် ဉာဏ်အပြား ၈-ပါး။ (၁) ပုဗ္ဗေ နိ၀ါသဉာဏ်- ရှေးရှေးသောဘ၀ ခန္ဓာအစဉ်ကို မြင်နိုင်သောဉာဏ်၊ (၂) ဒိဗ္ဗ စက္ခု ဉာဏ်- နီး, ဝေး, သေး, ကြီးမသာ ရှုပါရုံဟူသမျှ အကုန် မြင်စွမ်းနိုင်သော ဉာဏ်၊ (၃) အာသ၀က္ခယ ဉာဏ်- တထောင့်ဇဝါးရာ ကိလေသာကို ပယ်ခွါသတ် ဖြတ်တတ်သော အရဟတ္တမဂ် ဉာဏ်၊ (၄) ဣဒ္ဓိဝိဓ ဉာဏ်- ထူးထွေအံ့ဆန်း

http://www.dhammadownload.com

သော တန်ခိုးတော် အရပ်ရပ်ကို ဖန်ဆင်းနိုင်သော ဉာဏ်၊ (၅) ဒိဗ္ဗသောတ ဉာဏ်- ဝေး, နီး, တိုး, ကျယ်သော အသံဟူသမျှကို ကြားစွမ်းနိုင်သော ဉာဏ်၊ (၆) စေတော ပရိယ ဉာဏ်- စိတ်အစဉ်ကို လိုက်၍သိသော ဉာဏ်၊ (၇) မနော မယိဒ္ဓိ ဉာဏ်- စိတ်ကြံတိုင်း ကိုယ်ပြီးသော တန်ခိုးတော်ရှိသည့် ဉာဏ်၊ (၈) ဝိပဿနာ ဉာဏ်-ဝိပဿနာ ဉာဏ်စဉ် အရပ်ရပ်။

ဝိဇ္ဇာခိုရ်မျိုး ၅-ပါး။ ။ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးနှင့် သေက္ခတောင် ဦးတိလောက အရှင်မြတ်တို့ စီရင်ရေးသားသော ဝိဇ္ဇာမဂ္ဂ ဒီပနီကျမ်းမှ။ (၁) ဝေဒ ဝိဇ္ဇာခိုရ်- ဣသျှု, ယဇု,သာမ, အာတဗ္ဗန ဒေါ် ဗေဒင်လေးမျိုး တတ်သူ၊ (၂) မန္တ ဝိဇ္ဇာခိုရ်- လက္ခဏာကျမ်း, နိမိတ်ကျမ်း, ဂါထာ မန္တရား, ဆေးဝါး ဓာတ်ကျမ်းစသည့် စက်မှု, လက်မှု, လောကီ ပညာ အတတ်အမျိုးမျိုး တတ်သူ၊ (၃) ဂန္ဓာရီ ဝိဇ္ဇာခိုရ်-ဓနသိဒ္ဓိ, အာယုသိဒ္ဓိ, စိန္တာမယသိဒ္ဓိ, ပထဝီသိဒ္ဓိ, အာကာသသိဒ္ဓိ, ဥဒကသိဒ္ဓိ မျိုးကို ပေါက်၍ နက် သိကြားတို့လောက် အစွမ်းရှိသော ဆေးဝိဇ္ဇာ, အင်းဝိဇ္ဇာ, ပြဒါးဝိဇ္ဇာ, သံဝိဇ္ဇာ, ဟူသမျှ၊ (၄) လောကီယ ဝိဇ္ဇာခိုရ်- လောကီအဘိညာဉ် ၎ါးပါးကို ရတော်မူကြသော ဈာန်ပုံ ပုဂ္ဂိုလ် အပေါင်း၊ (၅) အရိယ ဝိဇ္ဇာခိုရ်- အနိစ္စ ဒုက္ခ အနတ္တ ရှပ်, နာမ် ဓမ္မ သခါရတို့ကို အဟုတ်အမှန် သိတော်မူကြသော အရိယာ ပုဂ္ဂိုလ် ရှစ်ယောက်။

ဝိဇ္ဇာခိုရ်မျိုး ၅-ပါး၊ တနည်း။ ။(၁) ပြဒါးဝိဇ္ဇာ၊ (၂) သံဝိဇ္ဇာ၊ (၃) ဆေးဝိဇ္ဇာ၊ (၄) အင်းဝိဇ္ဇာ၊ (၅) မန္တန်ဝိဇ္ဇာ၊ ထို့ကြောင့် ဦးပုည အဂ္ဂရတ် မေတ္တာစာဌ်၊ "ပါဠိအဋ္ဌကထာ ဋီကာကျမ်းပေါင်း စာဟောင်း စာတမ်း ထုံးတမ်းရာဇဝင်တို့ကို ဆင်ခြင်ထောက်စာ၍ ဝိဇ္ဇာခိုရ်ဖြစ်ဟန်မှာ၊ ပြဒါး,သံ,ဆေးစာ, အင်း,မန္တန်, အတတ်များကြောင့် ကောင်းကင်သွား ရွေ့ငှေ့ အထွေထွေ တန်ခိုးမျိုးတို့ကို အစိုးရလတ်၍ လူ့ရပ်နတ်ပြည် လှည့်လည် သွားလာသော ဝိဇ္ဇာခိုရ်ငါးရပ်ရှိဘဉ်ဟု ဆိုထားသေး၏။

ဝိဇ္ဇာမျိုး ၄-ပါး။ ။လောကီ လောကုတ္တရာတို့ကို သိကြောင်း၊ သို့မဟုတ် သိတတ်သော တရား ၄-ပါး ဟူ၏။

http://www.dhammadownload.com

(၁) လောကိယ ဝိဇ္ဇာ- ပြဟ္မဇာလသုတ် မဟာသီလခန်းတွင် လာသော အင်္ဂ ဝိဇ္ဇာ, နိမိတ္တက ဝိဇ္ဇာ, ဥပ္ပါတ ဝိဇ္ဇာ, သုပိန ဝိဇ္ဇာ, လက္ခဏ ဝိဇ္ဇာ, စသည့် များစွာသော လောကီအတတ်စု။

(၂) ပြဟ္မဏ ဝိဇ္ဇာ- တိဏ္ဏံ ဒေဝါနံ ပါရဂူ, ဟူသော ပါဠိတော်အရ တေဝိဇ္ဇပုဏ္ဏားတို့၏ အတတ်ဖြစ်သော ဗေဒင်သုံးပုံ။

(၃) ဣသိ ဝိဇ္ဇာ- သာသနာပ အခါ၌ ရသေ့ ယောဂီတို့ လက်သုံး အကောင်းဆုံး ခေါ်ရသည့် စျာန်တရားစုနှင့် ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ, စေတောပရိယ, ပုဗ္ဗေနိဝါသ, ဣဒ္ဓိဝိဓ, ခေါ် လောကီ အဘိညာဉ် ငါးရပ် အတတ်စု။

(၄) ဗုဒ္ဓ ဝိဇ္ဇာ- ဉာဏ်ပညာ၏ အရာဌာန သာသနလက်သုံး ဖြစ်သော ဝိဇ္ဇာရွှစ်ပါး တရားစု။

ဝိဇ္ဇာအတတ် ၁၈-ရပ်။ ။ဂုဏ်း တဆယ့်ရွှစ်ရပ်သော အတတ်တို့ကို နှုတ်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ရသောကြောင့် အဋ္ဌာရသ ဝိဇ္ဇာဟု လောကီကျမ်းတို့၌ ဂုဏ်း, ဗိသဏ္ဏုပုရာဏ်၌ဂုဏ်း လာ၏။ (၁) ကပ္ပ- မန္တန် မန်းမှုတ်နည်း အတတ်ကျမ်း၊ (၂) ဗျာကရဏ- သံနေ သံထား သဒ္ဒါပုဒ်များကို ပြသော အတတ်ကျမ်း၊ (၃) ဇောတိသတ္ထ- ဂြိုဟ်နက္ခတ်တို့၏ သရုပ် သဏ္ဌာန်နှင့် ကောင်းဆိုးကို ဟောဆိုနည်း ကျမ်းအတတ်၊ (၄) သိက္ခာ- သရ ဗျည်း ဌာန် ကရိဏ်း ပယတ်တို့ကို ရွတ်ဆိုပုံနှင့် ပြသောကျမ်း၊ (၅) နိရုတ္တိ- ဝဏ္ဏလာပုံ ပစ္စည်းသက်ပုံ ဝိဂြိုဟ်ပြုပုံတို့ကို ဆိုသော ကျမ်း အတတ်၊ (၆) ဆန္ဒေါ ဝိစိတိ- ဆန်းကျမ်း အတတ်၊ (၇) သာမ ဗေဒင်၊ (၈) ယဇု ဗေဒင်၊ (၉) ဣရု ဗေဒင်၊ (၁၀) အာထဗ္ဗဏ ဗေဒင်တို့ကို ဟောဆို သရဇ္ဈာယ်သော အတတ်၊ (၁၁) မိမံသာ-ကံ၌ အကြောင်းအရာ ပြဟ္မာ၏ အကြောင်းအရာကို စီစစ်ဟောဆို ဆုံးဖြတ်သော ကျမ်းအတတ်၊ (၁၂) နျာယ-တက်ကျမ်းမျိုးစုံ အတတ်၊ (၁၃) ဓမ္မသတ္ထ- တရားဥပဒေ ဓမ္မသတ် ကျမ်းအတတ်၊ (၁၄) ပုရာဏ-ရှေးဟောင်း အကြောင်းစကား တို့ကို ဆိုသော ကျမ်းအတတ်၊ (၁၅) အာယုဗေဒ- ဆေးကျမ်းဟော

http://www.dhammadownload.com

အတတ်၊ (၁၆) ဓနုဗ္ဗေဒ· မန္တန် မန်းမှုတ်၍ ပြုအပ်သော လေးပစ် အတတ်၊ (၁၇) ဂန္ဓဗ္ဗဗေဒ·သီဆိုကျူးရင့် ကခုန်မှု· အတတ်၊ (၁၈) အတ္ထ သတ္တ·အကျိုးစီးပွား များစေမည့် ယဉ်ကျေးစွာ ပြောဆိုပုံ နည်းမျိုးနှင့် စကားရည်လုပုံ နည်းတို့ကို ပြသော ကျမ်းအတတ်။

ဝိညတ်မျိုး ၂-ပါး။ ။သိစေတတ်သော အမူအရာ ၂-ပါး။ (၁) ကာယ ဝိညတ်·ကိုယ်အမူအရာဖြင့် မျက်စိမှိတ်ခြင်း, ခေါင်းညိတ်ခြင်း, လက်ပြခြင်း, စသည်မျိုး၊ (၂) ဝစီ ဝိညတ်·နှုတ်ဖြင့် ပြောဆိုခြင်းမျိုး။

ဝိညာဉ် ၆-ပါး။ ။သိတတ်သော တရားသဘောစု ၆-ပါး။ (၁) စက္ခု ဝိညာဉ်· မြင်သိစိတ်၊ (၂) သောတ ဝိညာဉ်· ကြားသိစိတ်၊ (၃) ဃာန ဝိညာဉ်·နံသိစိတ်၊ (၄) ဇိဝှါ ဝိညာဉ်·လျက်သိစိတ်၊ (၅) ကာယ ဝိညာဉ်· ထိသိစိတ်၊ (၆) မနော ဝိညာဉ်· တွေးသိစိတ်။

ဝိညာဏဋ္ဌိတိ ၇-ပါး။ ။စူဠနိဒ္ဒေသ။ပါ။၁၆၃ ။ဋ္ဌ။ ၄၆။ သတ္တဂုံတ္ထရ။ပါ။ ၄၂၇။ဋ္ဌ။၁၆၃။ သုတ်မဟာဝါ ။ပါ။ ၅၈ ။ဋ္ဌ။ ၉၉-တို့၌ အကျယ်ရှုပါ။ ဝိညာဉ်၏ တည်ခြင်း ၇-မျိုး။ (၁) နာနတ္တ ကာယ နာနတ္တ သညီ· ကိုယ်အမျိုးမျိုး သညီအမျိုးမျိုးရှိသော လူနှင့် နတ်အချို့, ဝိနိပါတိက အသူရာအချို့၊ (၂) နာနတ္တ ကာယ ကေဝ္လသညီ· ကိုယ်အမျိုးမျိုး သညီကား တခုတည်းသာရှိသော ပဌမစျာန် ၃-ဘုံ ဗြဟ္မာများ၊ (၃) ကေတ္တ ကာယ နာနတ္တသညီ·တူသော ကိုယ်ရှိ၍ သညီအား·ဖြင့် ပြားကုန်သော ပရိတ္တာဘာ, အပ္ပမာဏာဘာ, အာဘဿရာဗြဟ္မာများ၊ (၄) ကေတ္တ ကာယ ကေတ္တ သညီ·တူသောကိုယ် တူသော သညီရှိကြကုန်သော ပရိတ္တာသုဘာ, အပ္ပမာဏာသုဘာ,သုဘကိဏှာ ဗြဟ္မာများ၊ (၅) အာကာ· သာ နဉ္စာယတနဘုံ ဗြဟ္မာများ၊ (၆) ဝိညာဏဉ္စာယတနဘုံ ဗြဟ္မာများ၊ (၇) အာကိဉ္စညာယတနဘုံ ဗြဟ္မာများ။

ဝိညာဏဓာတ် ၆-ပါး။ ။ဝိညာဉ် ၆-ပါးကိုပင် ဓာတ်နေရာ၌ 'ဝိညာဏဓာတ် ၆-ပါး'ဟု ခေါ်ဝေါ်၏၊ အနက် အဓိပ္ပါယ် အတူတူပင်။

http://www.dhammadownload.com

ဝိတက်ဆိုး ၄-ပါး။ ။မူလပဏ္ဏာသ ။ပါ။ ၁၆၁ ။ဋ္ဌ။ ပ-အုပ်၊ ၃၀၃။ မကောင်း ကြံစည်ခြင်း ၃-ပါး။ (၁)ကာမ ဝိတက်-ကာမဂုဏ်ကို ကြံစည်ခြင်း၊ (၂) ဗျာပါဒဝိတက်-သူတပါးအား သေကြောင်း ပျက်စီးကြောင်းကို ကြံစည်ခြင်း၊ (၃)ဝိဟိ ံသ ဝိတက်-သူတပါးကို ညှဉ်းဆဲနှိပ်စက်ခြင်းငှါ ကြံစည်ခြင်း။

ဝိတက်မျိုး ၃-ပါး၊ တနည်း။ ။နိက္ခမဝိတက်,အဗျာပါဒဝိတက်, အဝိဟိ ံသ ဝိတက်တို့ကို ခေါ်သည်၊ ၎င်း သရုပ်အဓိပ္ပါယ်မူကျယ် (သမ္မာသင်္ကပ္ပမျိုး ၃-ပါး)၌ ဆိုအံ့။

ဝိထိ ၃-ပါး၊ နေလများ၊ လမ်းသွား ဗေဒင်လာ။ ။နေမင်း၏ သွားလမ်းကို အတွင်းဝိထိ, အလယ်ဝိထိ, အပြင်ဝိထိ ၃-ပိုင်းညှိ၍ လမ်း ၃-ပါးဖြင့် ပိုင်းခြားပြခြင်းမျိုး၊ ဇိနာလင်္ကာရဋီကာနှင့် သာရတ္ထသင်္ဂဟ အဋ္ဌကထာ။

(၁) ဗာဟီရ ဝိထိ-အပြင်လမ်း၊ တန်ဆောင်မုန်းလဆန်း ၁၅-ရက်နေ့ ညဉ့် ၂-ချက်တီးချိန်မှစ၍ထွက်သွားရာ ပြာသိုလပြည့်နေ့ ညဉ့် ၂-ချက်တီးချိန်၌ ဗာဟီရဝိထိ၏ လမ်းဆုံးအစွန်သို့ ရောက်လေသည်၊ ထိုအချိန်မှ တဖန် ပြန်လှည့်ဝင်လာရာ တပေါင်းလဆန်း ၁၅-ရက်နေ့ ညဉ့် ၂-ချက်တီးချိန်၌ ဗာဟီရဝိထိခရီး၏ မူလအစသို့ ပြန်ရောက်ရကား အသွား အပြန် ၄-လဖြင့် ဗာဟီရဝိထိ ကုန်ဆုံး၏။

(၂) မဇ္ဈိမဝိထိ-အလယ်လမ်း၊ တပေါင်းလဆန်း ၁၅-ရက်နေ့ ညဉ့် ၂-ချက်တီးချိန်မှစ၍ မဇ္ဈိမဝိထိခေါ် အလယ်ပိုင်းလမ်းသို့ ဝင်လာရာ ကဆုန်လပြည့်နေ့ ညဉ့် ၂-ချက်တီးချိန်၌ အလယ်ပိုင်းလမ်းဆုံးသို့ ရောက်၏၊ ထိုမှ ဆက်ပြီး အန္တေဝဒိထိထဲသို့ ဝင်သွားရာ သွား, ပြန် ၄-လမျှ ကြာပြီးသော် တော်သလင်းလဆန်း ၁၅-ရက်နေ့ ညဉ့် ၂-ချက်တီးချိန်မှစ၍ မဇ္ဈိမဝိထိထဲသို့ တဖန် ပြန်အထွက် လမ်းခရီးဖြင့် သွားလေရာ. တန်ဆောင်မုန်းလပြည့်နေ့ ညဉ့် ၂-ချက်တီးချိန်၌ မဇ္ဈိမဝိထိ အလယ်ပိုင်းလမ်းဆုံးသို့ ရောက်လေသည်။

http://www.dhammadownload.com

(၃) အန္တေဝါထိ-အတွင်းလမ်း၊ ကဆုန်လဆန်း ၁၅-ရက်နေ့ ညဉ့် ၂-ချက်တီးကျော်မှစ၍ အန္တေဝါထိခေါ် အတွင်းဘက်လမ်းသို့ စဝင်သွားရာ ဝါဆိုလပြည့်နေ့ ညဉ့် ၂-ချက်တီးခါနီဉ် အတွင်းလမ်းဆုံး အစွန်းသို့ရောက်၏၊ ထိုအချိန်မှ တဖန် ပြန်ထွက်လာရာ တော်သလင်းလဆန်း ၁၅-ရက်နေ့ ညဉ့် ၂-ချက်တီးခါနီဉ် အန္တေဝါထိခရီး၏ အဆုံးသို့ရောက်ရကား အဝင်အထွက် ၄-လမျှဖြင့် အန္တေဝါထိ ကုန်ဆုံး၏။

ဝိဂုဏ်း ၄-ပါး၊ ထူးအမျှား၊ ဆိုက်စား ယဉ်ကျေးစွာ။ ။ယဉ်ကျေးမှုအတွက် ဆုံးမချက်အပြား ၄-ပါး။ (၁) ဂီဟိ ဝိနယ-'အာဂါရိယ ဝိနယ' လူတိုင်း လိုက်နာ ကျင့်သုံးရသော ယဉ်ကျေးမှုတရားစု ဥပဒေ လူ့ဝိနည်း၊ (၂) သမဏ ဝိနယ- 'အနာဂါရိယ ဝိနယ' ရဟန်း သာမဏေတို့ လိုက်နာကျင့်သုံးရသော ဝိနည်းပညတ်တော်များ၊ (၃) သံဝရ ဝိနယ- 'အနာဂါရိယ ဝိနယ' ရဟန်းဖြင့်လူတို့ လိုက်နာကျင့်သုံးရသော သံဝရဝိနည်း ၅-ပါး၊ (၄) ပဟာန ဝိနယ- အကုသလွန်မှုတို့ကို ပယ်သော ပဟာနဝိနည်း ၅-ပါး။

ဝိနည်း ၅-ကျမ်း။ ။ဗုဒ္ဓဘာသာ ရဟန်းတော်များ လိုက်နာကျင့်သုံး ဆောက်တည်ရသော သာသနဝိညာဉ် အာယုခေါ် ဥပဒေကျမ်းကြီး ၅-ရပ်၊ (၁) ပါရာဇိကာ ကျမ်း၊ (၂) ပါစိတ် ကျမ်း၊ (၃) မဟာဝါ ကျမ်း၊ (၄) စူဠဝါ ကျမ်း၊ (၅) ပရိဝါ ကျမ်း။

ဝိနည်းကံ မျိုး ၄-ပါး။ ။ဝိနည်းပိဋကတော်လာ ရဟန်းတော်များ လိုက်နာပြုမူရမည့် ဝိနယကမ္မမျိုး ၄-ပါး၊ ဝိနည်း ပညတ်တော်၌လာသည့် ပကာသနီယ, ပဋိသာရနီယ, ဥက္ခေပနီယ, စသည့် ကံဟူသမျှသည် ဤကံမျိုး ၄-ပါးထဲသို့သာ ဝင်ကြသည်။

၁။ အပလောကနကံ- ညီညွတ်သော သံဃာ၏ ခွင့်ပြုချက်အရ သုံးကြိမ် သံဃာအား ပန်ကြားရ၍ ပြုအပ်သော ကိစ္စဟူသမျှကို ခေါ်ဆိုသည်။

၂။ ဉတ္တိကံ- ဥတ်တကြိမ် ရွတ်ဖတ်ပြီး ပြုလုပ်သော ဥပုသ်, ပဝါရဏာ, စသည့် ကိစ္စများ။

http://www.dhammadownload.com

၃။ ဥ တ္တိ ဒုတိယကံ- ဥ တ်တကြိမ်၊ ကမ္မဝါစာတကြိမ်ဖတ်၍ ပြုလုပ်ရသည့် ကထိန်, သိမ်သမုတ်, စသည့်ကံမျိုး။

၄။ ဥ တ္တိစတုတ္ထကံ- ဉ တ်တကြိမ်၊ ကမ္မဝါစာ သုံးကြိမ်ဖတ်၍ ပြုလုပ်ရသော ရဟန်းခံခြင်း, စသည့် ကံမျိုး။

ဝိနည်းဓိုရ်များ၊ ကျင့်ဝတ်ထား၊ တရား ၆၄။ ။ဂင်း သရုပ်ကို (အနုဝင္ဇက ကျင့်ဝတ် ၆၄-ပါး) ဦ့်ပြခဲ့ပြီ။

ဝိပွတ္တိစက်၊ ၄-ပါးကွက်၊ ရှောင်လျက် ပြေး၍သွား။ ။'သမ္ပတ္တိစက် ၄-ပါး'၏ ဆန့်ကျင်ဘက်ကို ယူပါလေ၊ တနည်း 'စက် ၄-ပါး'၏ သရုပ်နှင့် ဆန့်ကျင်ဘက်ကို ယူပါလေ။

ဝိပတ္တိတရား ၄-ပါး။ ။သမ္မောဟဝိနောဒနီ အဋ္ဌကထာ ၄၂၁။ ပျက်စီးခြင်းသို့ ရောက်ခြင်း ၄-ပါး။ (၁) ဂတိ ဝိပွတ္တိ- အပါယ်လေးဘုံ၌ ဖြစ်ရခြင်း၊ (၂) ဥပဓိ ဝိပွတ္တိ- ယုတ်ညံ့ချွတ်ယွင်းသော အတ္တဘောကို ရခြင်း၊ (၃) ကာလ ဝိပွတ္တိ- မကောင်းယုတ်မာသော မင်းတို့၏ လက်ထက် အခါ၌ ကာလ ဖေါက်ပြန်ခြင်း၊ (၄) ပယောဂ ဝိပွတ္တိ- မကောင်းမှုတို့နှင့် အသက်မွေးခြင်း။

ဝိပရိယေသန- တရားကြီး ၄-ပါး။ ။ဖောက်ပြန်၍ ရှာမှီးကျင့်သုံးသော တရားကြီး လေးပါး၊ ခုဒ္ဒက ဝိဘင်းပါဠိတော်မှ။ (၁) သုဘ-အသုဘ တရားစုကို သုဘဟု ထင်ကာ ရှာမှီးတွယ်တာ ကျင့်သုံးမှု၊ (၂) သုခ- ဒုက္ခ တရားစုကို သုခဟုထင်ကာ ရှာမှီးတပ်မက် ကျင့်သုံးမှု၊ (၃) နိစ္စ-အနိစ္စ တရားစုကို နိစ္စဟုထင်ကာ ရှာမှီးနှစ်သက် မပစ်ရက်နိုင်မှု၊ (၄) အတ္တ-အနတ္တ တရားစုကို အတ္တဟုစွဲကာ သဲသဲမဲမဲ ခိုင်မြဲစွာ ယူနေမှု။

ဝိပွလ္လာသ တရား ၃-ပါး။ ။သို့ မှတ်, ယူ, မှား ဖေါက်ပြန်မှု တရား ၁၂-ပါး။ (၁) စိတ္တ ဝိပွလ္လာသ- အသိမှားကို သိထားခြင်း, အသိဖေါက်ပြန်မှု၊ (၂) သညာ ဝိပွလ္လာသ-အမှတ်မှားကို မှတ်ထားခြင်း, အမှတ်ဖေါက်ပြန်မှု၊ (၃) ဒိဋ္ဌိ ဝိပွလ္လာသ- အယူမှားကို ယူထားခြင်း, အယူဖေါက်ပြန်မှု။

http://www.dhammadownload.com

ဝိပလ္လာသတရား ၁၂-ပါး။ ။ဝိသုဒ္ဓိမဂ်။ ဒု-အုပ်။ ၃၂၄။ ဤ၌ ၃-ပါး ၄-လီပေါင်းသော် ၁၂-ပါးဖြစ်၏။ (က) အနိစ္စ ဖြစ်သော ရုပ်နာမ်၌ မြဲသည်ဟု (၁) အသိမှား၊ (၂) အမှတ်မှား၊ (၃) အယူမှား၊ (ခ) ဒုက္ခ ရုပ်နာမ်၌ ချမ်းသာဟု (၁) အသိမှား၊ (၂) အမှတ်မှား၊ (၃) အယူမှား၊ (ဂ) အနတ္တ ရုပ်နာမ်၌၊ ငါကောင်ဟု (၁) အသိမှား၊ (၂) အမှတ်မှား၊ (၃) အယူမှား၊ (ဃ) အသုဘ ဖြစ်သော ရုပ်တရား၌၊ တင့်တယ်ဟု (၁) အသိမှား၊ (၂) အမှတ်မှား၊ (၃) အယူမှား။

ဝိပဿနာ၏ အညစ်အကြေးတရား ၁၀-ပါး။ ။ဤ သရုပ်ကို (ဥပက္ကိလေသ တရား ၁၀-ပါး)၌ ရှုပါ။

မှတ်ချက်။ ။ဤ ကိုပင် (ဝိပဿနာဉာဏ်၏ အန္တရာယ်ဆယ်ပါး)ဟူ၍ လည်း ခေါ်သည်ဟု မှတ်ရာ၏။

ဝိပဿနာဉာဏ် ၁၀-ပါး။ ။အထူးထူး အပြားပြား ရှုဆင်ခြင်ရသော ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်အမြင် ဆယ်ပါး။ (၁) သမ္မသနဉာဏ်- ရုပ်နာမ် တရားစုကို လက္ခဏာ ၃-ပါးတင်၍ ဆင်ခြင်သုံးသပ်သော ဉာဏ်၊ (၂) ဥဒယဗ္ဗယ ဉာဏ်-ရုပ်နာမ်တရားတို့၏ ဖြစ်ပုံ ပျက်ပုံကို ရှုသော ဉာဏ်၊ (၃) ဘင်္ဂဉာဏ်-ရုပ်နာမ်တရားစု၏ အပျက်ကို ရှုသော ဉာဏ်၊ (၄) ဘယ ဉာဏ်- ရုပ်နာမ်တို့၏ ကြောက်မက်ဖွယ်ဘေးကို ရှုသော ဉာဏ်၊ (၅) အာဒီနဝ ဉာဏ်- ရုပ်နာမ်တို့၏ အပြစ်ကိုရှုသော ဉာဏ်၊ (၆) နိဗ္ဗိဒါ ဉာဏ်- ရုပ်နာမ် တို့၌ ငြီးငွေ့သော ဉာဏ်၊ (၇) မုစ္စိတုကမျတာ ဉာဏ်- သခါရတို့မှ လွတ် မြောက်လိုသော ဉာဏ်၊ (၈) ပဋိသင်္ခါ ဉာဏ်- တိုသင်္ခါရတို့၌ အနိစ္စ, ဒုက္ခ, အနတ္တ ဟု ထပ်မံ၍ရှုသော ဉာဏ်၊ (၉) သင်္ခါရုပေက္ခာ ဉာဏ်- သင်္ခါရတို့၌ လျစ်လျူရှုနိုင်သော ဉာဏ်၊ (၁၀) အနုလောမ ဉာဏ်- ပြဆိုပြီးဉာဏ်စဉ် ရှစ်ပါးမှ မဂ်ဖိုလ်တရားတို့ကို ပေါင်းကူးပမာ လျော်စွာ ရှုသော ဉာဏ်။

ဝိပဿနာဉာဏ် ၁၆-ပါး၊ တနည်း။ ။ဝိပဿနာ အလုပ်စခန်း၌ ရသလောက် သိမ်းကျုံးရတွက်ထားသော ဉာဏ်စဉ်ဟူ၏။ (၁) နာမရူပပရိစ္ဆေဒဉာဏ်၊ (၂) ပစ္စယပရိဂ္ဂဟဉာဏ်၊ (၃) သမ္မသနဉာဏ်၊ (၄) ဥဒယဝယဉာဏ်၊ (၅) ဘင်္ဂဉာဏ်၊ (၆) ဘယဉာဏ်၊ (၇) အာဒီနဝဉာဏ်၊ (၈) နိဗ္ဗိဒါဉာဏ်၊

http://www.dhammadownload.com

(၉) မုစ္ဆိတု ကမ္မတာဉာဏ်၊ (၁၀) ပဋိသန္ဓိဉာဏ်၊ (၁၁) သန္ဓိဗေမကွာဉာဏ်၊ (၁၂) အနုလောမဉာဏ်၊ (၁၃) ဂေါတြရဘူဉာဏ်၊ (၁၄) မဂ်ဉာဏ်၊ (၁၅) ဖိုလ်ဉာဏ်၊ (၁၆) ပစ္စဝေက္ခဏာဉာဏ်။

ဝိပါက်တော် ၁၂-ပါး။ ။အပါဒါနိ ။ပါ။ ပ-အုပ်။ ၃၄၆။ မြတ်စွာဘုရား၌ ထင်ရှားသော ဝိပါက်တော်များ။

(၁) ပဌမ ဝိပါက်တော်။ (မေး) ဥရုဝေဠု၊ တောဝမ္ပိုင်ခွင်၊ ခြောက်နှစ် ပတ်လုံး ကျင့်သုံးအရှင်၊ အားကုန်ခန်းလို့၊ ညှိုးနွမ်းငြိုငြင်၊ ပင်ပန်းရေး၊ ဝင့်ကြွေး ဘယ်ကြောင့်တင်။ (ဖြေ) ကဿပဖျား၊ ထင်ရှားပွင့်သော်၊ ဇောတိပါလ၊ နာမအကျော်၊ ပုဏ္ဏား မာန်တက်၊ နွှတ်မြွက်အာဘော်၊ ဝစီပြင်း ရှေးရင်း ဝိပါက်တော်။

(၂) ဒုတိယဝိပါက်တော်။ (မေး) စိဉ္စမာဏ၊ မိန်းမစေကျွန်၊ ကိုယ်ဝန်ရှိသော၊ ဆိုးပြောအလွန်၊ လက်သယ်ထားလို့၊ ဘုရားကိုညှဉ်း၊ စွပ်စွဲခဲ့အဘယ့် ဝိပါက်ဝန်။ (ဖြေ) သောက်စားလွန်ကျူး၊ ယစ်မူးပျော်ရွှင်၊ သေသောကိသမား၊ ဖြစ်ခြားယခင်၊ ရဟန္တာမြတ်၊ ဆွမ်းရပ်သည်မြင်၊ အကျင့်ယုတ်ဖုံတ် ဖွင့်ထုတ် စွပ်စွဲအင်။

(၃) တတိယ ဝိပါက်တော်။ (မေး) တိဏ္ဍိ စေခိုင်း၊ မိုက်ရိုင်း ဒုဿီ၊ ထင်ရောင် ထင်မှား၊ ပြုပြောသုန္ဒရီ၊ လူရွှင်အပေါင်း၊ ယုံကြောင်းပေလို၊ ရှင်တော်ထုတ်....ဘယ်ဝဠဲ ရှေးကမ္မိ။ (ဖြေ) မုနာဠိဟု၊ မည်ရှိလောင်းတော်၊ မောက်ကြွား မှောက်မှား၊ သောက်စားအပျော်၊ ရှင်ပစ္စေက၊ ဗုဒ္ဓမြင်သော်၊ ဒုဿီဘဲ....စွပ်စွဲ ဝဠဲကြေးပေါ်။

(၄) စတုတ္ထ ဝိပါက်တော်။ (မေး) သုန္ဒရီမိုက်၊ သတ်လိုက် သေရာ၊ တိတ္ထိအသင်း၊ သတင်းလွှင့်ကာ၊ တပည့်များနှင့်၊ ဘုရားကိုသာ၊ လူအများ....ယုံမှား ဘယ်တုက်တာ။ (ဖြေ) လောင်းတော်ရသေ့၊ ပျော်မွေ့စံရာ၊ ရသေ့တဉီး၊ ဈာန်မြူးကွန့်လာ၊ ငြူစူစိတ်ဇော၊ မနောဂ္ဂဆာ၊ ကျင့်ယုတ်ကြီး....နွှတ်သီး ချွန်သည့်တာ။

http://www.dhammadownload.com

(၅) ပဉ္စမ ဝိပါက်တော်။ (မေး) ဝေဘာမတောင်စောင်း၊ ကျောက်မောင်းဆင်ကာ၊ ဒေဝဒတ်ယုတ်၊ ခလုပ်အသာ၊ သူဖြုတ်ချလို့၊ ဗုဒ္ဓခြေမှာ၊ ကျောက်လွှာဦ၊ ဒဏ်ထိ....ဘယ်ဝဋ်ပါ။ (ဖြေ) ဘုကြွယ်မျိုးဇာတ်၊ ဖြစ်လတ်တုံချေ၊ ညီကို လှည့်စား၊ ခေါ်သွားသလေ၊ ကျောက်နှင့်ဖိညှပ်၊ ထုသတ်ကြိတ်ချေ၊ ကျောက်ဝိပါက်....အဆက်ပါခဲ့ပေ။

(၆) ဆဋ္ဌမ ဝိပါက်တော်။ (မေး) ကျောက်လွှာထိပါး၊ မြတ်ဗျားထွတ်တင်၊ တည်နေဝပ်ကိန်း၊ သွေးစိမ်းအရှင်၊ ခြေမတော်ထဲ၊ ကိုက်ခဲနာကျင်၊ ဝိပါက်ရင်း....အလင်း ပြစေချင်။ (ဖြေ) သူငယ်ဖြစ်ခိုက်၊ လမ်းဌဲပျော်ရွှင်၊ ရှင်ပစ္စေက၊ ဝေးမှအမြင်၊ ခဲနှင့်ပစ်လိုက်၊ ထိခိုက်ခြေတွင်၊ သွေးယိုဆင်း....ရှေးရင်း ဝိပါက်ပင်။

(၇) သတ္တမ ဝိပါက်တော်။ (မေး) ဆွမ်းခံကြွမြန်း၊ ထိပ်ပန်းဘုန်းကြွယ်၊ မုန်ကျဆင်ကြီး၊ ခရီးအလယ်၊ ဒေဝဒတ်မိုက်၊ လွှတ်လိုက်ပြန်တယ်၊ ရင်ဆိုင်တွေ့....ဆင်ဝှေ့ ဘယ်ဝဋ်နွယ်။ (ဖြေ) ဆင်ထိန်းဆင်ကျောင်း၊ အလောင်းဖြစ်တုံ၊ ရှင်ပစ္စေက၊ လမ်းမအဆုံ၊ ဒေါသထားလို့၊ ပြစ်မှားသုန်မှုန်၊ ဆင်နှင့်တိုက်....ဝဋ်လိုက် စေဘို့ကြုံ။

(၈) အဋ္ဌမ ဝိပါက်တော်။ (မေး) ကျောက်လွှာခတ်လို့၊ သွေးဓာတ်ဆူပူ၊ခြေမတော်ဦး၊ ထွတ်ဖူးတဆူ၊သွေးညိုကိန်းလို့၊ကျိန်းဝပ်တော်မူ၊ ဇီဝက....ခွဲရ ဘယ်ဝဋ်ဟူ။ (ဖြေ) ပဒေသရာဇ်၊ မင်းဖြစ်စဉ်ဝယ်၊ မူးယစ်သောက်စား၊ ဖောက်ပြားမဖွယ်၊ လူရွှင်လတ်လတ်၊ ထိုးသတ်ပြန်တယ်၊ ဓားဝိပါက်....အဆက် သူကန္တယ်။

(၉) နဝမ ဝိပါက်တော်။ (မေး) သုံးလူထွတ်ဖူး၊ မြို့က်မူးသျှောင်ကော၊ ရံဖန်ခါလဲ၊ ခေါင်းခဲပလေ၊ ဝေဒနာဝဋ်၊ မလွတ်တုံချေ၊ ဘယ်ဝိပါက်....အဆက်ပါခဲ့ပေ။ (ဖြေ) ရှေးခါကပ်ဟောင်း၊ မကောင်းကံဆော်၊ တံငါမျိုးဇာတ်၊ ဖြစ်လတ်သရော်၊ ငါးတို့ဦးခေါင်း၊ ထုထောင်းမြင်သော်၊ ဝမ်းမြောက်မိ....လိုက်ဘိ ဝိပါက်တော်။

http://www.dhammadownload.com

(၁၀) ဒသမ ဝိပါက်တော်။ (မေး) ဝါတော်ကပ်တော့၊ မာရ်နတ်နှိုး ဆော်၊ ဝေရဉ္ဇာတိုင်း၊ သမိုင်းအကျော်၊ မုယောဆွမ်းမို့၊ ကြမ်းကြမ်း ထော်ထော်၊ ဘုဉ်းပေးရ....ရှေးက ဘယ်ဝဋ်နေဉ်။ (ဖြေ) မထင် မရှား၊ မျိုးသားဖြစ်တုံ၊ ရဟန်းတော်များ၊ ဆွမ်းစားခိုက်ကြုံ၊ ဆွမ်းကြမ်းစားဟု၊ ပြစ်မှားဆိုပုံ၊ ဝစီထွက်....ဝိပါက် တော်တဲ့ ယုံ။

(၁၁) ကောဒသမ ဝိပါက်တော်။ (မေး)အထွတ်ဆုံးဟု၊ သုံးလူ့မျက်မှန်၊ ခါးတော်ကိုက်ခဲ၊ အသဲအသန်၊ ဝေဒနာများ၊ ခံစားရုံဖန်၊ ဘယ် အကြောင်း.... ကံဟောင်း ထုတ်လို့ပြန်။ (ဖြေ) လက်ဝှေ့သတ် ကောင်း၊ အလောင်း ဖြစ်သော်၊ ပြိုင်ပွဲဆိုင်ပွဲ၊ နှိုင်မြဲ အကျော်၊ နှိုင်လျှင် ခါးရိုး၊ရိုက်ချိုးမြဲပေါ်၊အသတ်ကောင်း....ဇာတ်ဟောင်း ဝိပါက်တော်။

(၁၂) ဒွါဒသမ ဝိပါက်တော်။ (မေး) ဆဒ္ဒန်ဆယ်စီး၊ အားကြီးလျှင်မြန်၊ ဝမ်းတော်သွန်ငြား၊ ရွှေအားမသန်၊ ခွေယိုင်နွဲလို့၊ မြန်းခဲ့နိုဗ္ဗာန်၊ ဖြေစေကြောင်း....ကံဟောင်း သိဘို့ရန်။ (ဖြေ) ရောဂါကုစား၊ သမားဉာဏ်ကျယ်၊ ရှင်သူဌေးသား၊ ဆေးဝါးကုတယ်၊ ခမ္မပေးလို့၊ ဟိုရှေးဘုန်းကြွယ်၊ ဝမ်းလားဆေး....တိုက်ကျွေး ဝဋ်ဟောင်းလယ်။

သတိပေး ဥယျောဇဉ် မြန်မာဂါထာ။ (က) ဝိပါက်ရောက်ရေး၊ ကြောက်သွေးတုန်ဘွယ်၊ ဘုရားသော်လဲ၊ ရှောင်လွဲမလွယ်၊ ကွေ့ကြုံမြဲမို့၊ တဝဲ လယ်လယ်၊ မလွတ်သေး....ဝဋ်ကြွေး ခက်လှတယ်။ (ခ) ကြင်နာထောက်ထား၊ သနားမြော်ခေါ်၊ ကုသိုလ်ပွားမှု၊ အားပြုကြနော်၊ နှိပ်စက်ညှဉ်းပန်း၊ သရမ်းပျက်ချဉ်၊ ရှောင်ကြဉ်ရေး....ဝဋ်ကြွေး စင်ဘို့မြော်။

ဝိဘတ် ၉-သွယ်၊ မြန်မာဝဓ်၊ နက်ကျယ် ဝေဘန်ထား။ ။မြန်မာသဒ္ဒါနည်း အရ အနက်သဘောဖြစ်ကို အကျယ်ဝေဘန်၍ ပြ၊ပးတတ်သော ဝိဘတ် မျိုး ၉-ပါး ဟူ၏။

(၁) ကတ္တားဝိဘတ်-သည်, ကား, မှ, က, ၎-လုံး၊ ၎င်းတို့သည် ကြိယာကို ပြီးစေတတ်သော အနက်သဘောကို ဝေဘန်၍ ပြတတ်၏။

http://www.dhammadownload.com

(၂) ကံဝိဘင်္ဂ-ကို, ဘို့, ၂-လုံး၊ ၎င်းတို့သည် ကြိယာဖြင့် ဆုံးဖြတ်အပ်ကြိယာကို ခံယူအပ်သော အနက်သဘောကို ဝေဘန်၍ ပြတတ်၏။

(၃) ကရိဏီးဝိဘင်္ဂ- ဖြင့်, နှင့်, ၂ လုံး၊ ၎င်းတို့သည် ကြိယာကို အထူးသဖြင့် ပြီးစေတတ်သော အနက်သဘောကို ဝေဘန်၍ ပြတတ်၏။

(၄) သမ္ပဒါန်ဝိဘင်္ဂ-အား, ဘို့, ငှါ, ၃-လုံး၊ ၎င်းတို့သည် ခံယူခြင်းသဘောကို ဝေဘန်၍ ပြတတ်၏။

(၅) အပါဒါန်ဝိဘင်္ဂ-မှ, အောက်, ထက်, က, ၄-လုံး၊ ၎င်းတို့သည် ပိုင်းခြားခြင်းသဘောကို ဝေဘန်၍ ပြတတ်၏။

(၆) သာမိဝိဘင်္ဂ-၏, တလုံး၊ ၎င်းသည် စိုးပိုင်ယှဉ်စပ်ခြင်း အနက်သဘောကို ဝေဘန်၍ ပြတတ်၏။

(၇) ဩကာသဝိဘင်္ဂ-၌, မှာ, တွင်, ဝယ်, ၄-လုံး၊ ၎င်းတို့သည် တည်ရာဌာန ဟူသော အနက်သဘောကို ဝေဘန်၍ ပြတတ်၏။

(၈) အာလပ်ဝိဘင်္ဂ-အို, ဗျို့, ဗျ, ဟေ, ဝေ, ဟ, ဟယ်, အံ့ချင်း, အမင်း, အမောင့်, ၎င်းတို့သည် ခေါ်ခြင်း ထူးခြင်း အနက်သဘောကို ဝေဘန်၍ ပြတတ်၏။

(၉) ဟိတ်ဝိဘင်္ဂ-ကြောင့်, လို့, မို့, ၃-လုံး၊ ၎င်းတို့သည် အကြောင်းရင်းလက်သည်ဟူသော အနက်သဘောကို ဆောင်၍ ပြတတ်သည်ဟူ၏။

ဝိမုတ္တိတရား ၅-ပါး။ ။ဥပရိပဏ္ဏာသ ။ပ၊။ ၁၆၀ ။ဥ။ ၁၂၀။ ကိလေသာမှ လွတ်မြောက်ခြင်းတရား ၎င်းပါး။ (၁) တဒင်္ဂ ဝိမုတ္တိ-ကာမကုသိုလ်စု၊ (၂) ဝိက္ခမ္ဘန ဝိမုတ္တိ-ဈာန်ကုသိုလ်စု၊ (၃) သမုစ္ဆေဒ ဝိမုတ္တိ-မဂ်ကုသိုလ်စု၊ (၄) ပဋိပဿမ္ဘန ဝိမုတ္တိ- ဖိုလ်တရားများ၊ (၅) နိဿရဏ ဝိမုတ္တိ- နိဗ္ဗာန်တရားမြတ်။

ဝိမောက္ခတရား ၃-ပါး။ ။သံယောဇဉ် စသည်တို့မှ လွတ်မြောက်နိုင်သော ပညာတရား ၃-ပါး။ (၁) သုညတ ဝိမောက္ခ- အတ္တမှ ဆိတ်သုံးလျက်

http://www.dhammadownload.com

သံယောဇဉ် စသည်တို့မှ လွတ်နိုင်သော ပညာ၊ (၂) အ နိမိတ္တ ဝိမောက္ခ-နိစ္စဟူသော အကြောင်းစသည်မရှိဘဲ သံယောဇဉ် စသည်မှ လွတ်မြောက်နိုင်သော ပညာ၊ (၃) အပ္ပဏိဟိတ ဝိမောက္ခ- တဏှာဟူသည့် ကပ်ငြိမှီတွယ်ရာမရှိသော သံယောဇဉ် စသည်တို့မှ လွတ်မြောက်နိုင်သည့် ပညာ။

ဝိမောက္ခတရား ၈-ပါး၊ တနည်း။ ။နိဝရဏတရားတို့မှ ထွက်မြောက်သော တရားရှစ်ပါး ဟူ၏၊ လိုရင်းအဓိပ္ပါယ်ချုပ်ကား စျာန်တရားတို့ဖြင့် အာရုံပြောင်းမှုပင် ဖြစ်၏၊အကျယ်ကို အဋ္ဌကနိပါတ်အဂုံတို့ရှိ ဒုတိယ-ပဏ္ဏာသက ဒုတိယ၊ ဘူမိစာဂဝဂ် ဝိမောက္ခသုတ်၌ ကြည့်လေ။

ဝိမောက္ခ မုခ တရား ၃-ပါး။ ။ကိလေသာမှ လွတ်ရာ နိဗ္ဗာန်သို့ဝင်ရန် မုခ်ဦး မုခ်ဝ ပြာသာဒ်ကြီး ၃-ဆောင် ဟူ၏။ (၁) အနိစ္စာနုပဿနာတရား၊ (၂) ဒုက္ခာနုပဿနာတရား၊ (၃) အနတ္တာနုပဿနာတရား။

ဝိရတီအပြား၊ မျိုး ၃-ပါး။ ။မူလပဏ္ဏာသ ။ပါ။ ၅၈ ။ဋ္ဌ။ ပ-အုပ် ၂၀၇။ အကုသလ ဒုစရိတအမှုတို့ကို မပြုမကျင့် ဖဲကြဉ်ရှောင်ရှားမှု ၃-ဖါး။ (၁) သမာဒါန ဝိရတီ-သိက္ခာပုဒ်ကို ခံယူဆောက်တည်၍ လွန်ကျူးဘွယ် အချက်တို့မှ ရှောင်ကြဉ်မှု၊ (၂) သမ္ပတ္တ ဝိရတီ-သိက္ခာပုဒ်ကို ခံယူဆောက်တည်မထားဘဲ လွန်ကျူးဘွယ်အာရုံတွေ့မှ ရှောင်ကြဉ်မှု၊ (၃) သမုစ္ဆေဒ ဝိရတီ- ဒုစရိုက် ဒုရာဇီဝမှုကို ဘာဝနာခုမ္မ မပြုလုပ်တော့ဘဲ အကြွင်းမဲ့ ရှောင်ကြဉ်သော လောကုတ္တရာဝိရတီကို ခေါ်သည်။

မှတ်ချက်။ ။၃-အမှတ်ဝိရတီကို "သေတုဃာတ ဝိရတိ" ဟူသော အမည် ဖြင့်လည်း သိလက္ခန် ကုဋ္ဌဒန္တသုတ်၌ လာသေး၏၊အနက်သဘော အတူတူပင်။

ဝိရတိ စေတသိက် ၃-ပါး။ ။မကောင်းသော ကာယ, ဝစီ, မနော,တို့မှ ရှောင်ကြဉ်ခြင်း တရားများ ဟူ၏။ (၁) သမ္မာဝါစာ- မိစ္ဆာဝါစာခေါ် ဝစီဒုစရိုက်မှ ရှောင်ရှားခြင်းလက္ခဏာ၊ (၂) သမ္မာကမ္မန္တ- ကာယဒုစရိုက်ကို မကျူးလွန်ခြင်းလက္ခဏာ၊ (၃) သမ္မာအာဇီဝ- မိစ္ဆာဇီဝခေါ် ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးတို့မှ ရှောင်ရှားခြင်းလက္ခဏာ။

http://www.dhammadownload.com

ဝိရာဂတရား မျိုး ၃-ပါး။ ။ကိလေသာတို့မှ ကင်းခြင်းတရား ၃-ပါး ဟူ၏။ (၁) တဒင်္ဂ ဝိရာဂ-ခေတ္တခဏမျှ ရာဂကင်းခြင်း၊ (၂) သမုစ္ဆေဒ ဝိရာဂ-ပြတ်စဲသည်တိုင် ရာဂကင်းခြင်း၊ (၃) နိဿရဏ ဝိရာဂ- နိဗ္ဗာန်သို့ ထွက်မြောက်သည်တိုင် ရာဂကင်းခြင်း။

ဝိလာသတရား၊ မျိုး ၄-ပါး၊ ထင်ရှား မြတ်ဗုဒ္ဓါ။ ။ဘုရားရှင်၏ ဝိလာသ အစိန္တေယျ လေးပါးကို ဆိုသည်၊ ဇိနာလင်္ကာရမှ။ (၁) ရူပ ဝိလာသ-ရူပကာယတော်၏၊ (၂) ဉာဏ ဝိလာသ-ဉာဏ်တော်၏၊ (၃) ဝါစာ ဝိလာသ-စကားတော်၏၊ (၄) ဣဒ္ဓိဝိလာသ-တန်ခိုးတော်၏။

မှတ်ချက်။ ။မကြုံစည်နိုင်လောက်အောင် လျော်ကပ်တတ် တင့်တယ်ခြင်း ရှိသည်ကို ဆိုသည်၊ အကျယ် ၎င်း၌ ရှုလေ။

ဝိဝါဒဖြစ်ကြောင်းတရား ၆-ပါး။ ။၎င်း သရုပ်အကျယ် (ငြင်းခုံခြင်း အကြောင်း ၆-ပါး) ဟူသော စကားရပ်၌ ပြခဲ့ပြီ။

ဝိဝါဒဝတ္ထုမျိုး ၁၀-ပါး။ ။ရဟန်းတော်များ တရားတွေ့ ရုန်ဖြစ်မှုမျိုး၊ ၎င်း သရုပ်ကို (အဓိကရဏ် ၄-ပါး) ဟူသော သရုပ်၏ 'ဝိဝါဒါ ဓိကရဏ်း' ၌ ရှုပါလေ။

ဝိဓေကတရား ၃-ပါး။ ။မူလပဏ္ဏာသ ။ပါ။ ၁၉၉ ။ဌ။ ဒု-အုပ်။ ၄၉-၌ အကျယ်ရှုပါ။ (၁) ကာယ ဝိဓေက- ကိုယ်၏ ၎ဆိတ်ငြိမ်ခြင်းဟု ဆိုအပ်သော အပေါင်းအသင်း တပည့်သားမြေး ကာမဂုဏ်တရားတို့မှ ကင်းကွာစွာ နေခြင်းမျိုး၊ (၂) စိတ္တ ဝိဓေက-စိတ်၏ ဆိတ်ငြိမ်ခြင်းဟု ဆိုအပ်သော သမာပတ်ရှစ်ပါး၀င်စားခြင်း၊ သမာဓိအလုပ်တရား ကမ္မဋ္ဌာန်းအားထုတ်နေခြင်းမျိုး၊ (၃) ဥပဓိ ဝိဓေက - သန္တိသုခအေးမြ, ဆိတ်ငြိမ်ရာ နိဗ္ဗာန်တရားမြတ်ကို ဖိုလ်စိတ်ဖြင့် ဝင်စားကာ အာရုံပြုနေခြင်းမျိုး။

ဝိဓေကတရား၊ မျိုး ၃-ပါး၊ ဖြေကြား တနည်းလာ။ ။ပဋိသမ္ဘိဒါမဂ် ဒု-အုပ်၊ ပညာဝဂ္ဂ ၃၀၆-၌ ရှုပါ။ ကိလေသာတို့မှ ဆိတ်သုဉ်းခြင်း တရားမျိုး ၃-ပါး။

http://www.dhammadownload.com

(၁) တဒင်္ဂ ဝိဝေက၊ (၂) သမုစ္ဆေဒ ဝိဝေက၊ (၃) နိဿရဏ ဝိဝေက၊ အဓိပ္ပါယ် (ပဟာန်ငါး) နှင့် တူ၏။

ဝိဝေကတရား မျိုး ၅-ပါး၊ တနည်း။ ။(၁) တဒင်္ဂဝိဝေက၊ (၂) ဝိက္ခမ္ဘန ဝိဝေက၊ (၃) သမုစ္ဆေဒ ဝိဝေက၊ (၄) ပဋိပဿဒ္ဓိ ဝိဝေက၊ (၅) နိဿရဏ ဝိဝေက။ အဓိပ္ပါယ် (ပဟာန် ၅-ပါး) နှင့် တူ၏။

ဝိသင်္ခနီသံ၊ ကဗျာမှန်၊ ယူရန် ၁၀-ပါး။ ။ဇင်းသရုပ် (နိမ့်သံအပြား ၁၀-ပါး) နှင့် တူ၏။

ဝိသုဒ္ဓိ ၇-ပါး။ ။ပဋိသမ္ဘိဒါမဂ်။ပါ။ ၂၇ ။ဌ။ ပ-အုပ်။ ၁၁၉။ စင်ကြယ်မြင့်မြတ်မှု ၇-ပါး။ (၁) သီလ ဝိသုဒ္ဓိ- သီလ၏ စင်ကြယ်မှု၊ (၂) စိတ္တ ဝိသုဒ္ဓိ-စိတ်၏ စင်ကြယ် တည်ကြည်မှု၊ (၃) ဒိဋ္ဌိ ဝိသုဒ္ဓိ-အယူအမြင်၏ စင်ကြယ်မှု၊ (၄) ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ-ယုံမှားခြင်းမှ စင်ကြယ်မှု၊ (၅) မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ-မဂ်ဟုတ် မဟုတ်၌ ဉာဏ်အမြင် စင်ကြယ်မှု၊ (၆) ပဋိပဒါ ဉာဏ ဒဿန ဝိသုဒ္ဓိ- မဂ်သို့ ရောက်ကြောင်း အကျင့်ကောင်း၌ ဉာဏ်အမြင် စင်ကြယ်မှု၊ (၇) ဉာဏ ဒဿန ဝိသုဒ္ဓိ- သစ္စာလေးချက် ၁၆-နက်ကို ထက်မြက် စင်ကြယ်စွာ သိသော ဉာဏ်။

ဝိဟာရတရား မျိုး ၉-ပါး၊ တနည်း ၆-ပါး။ ။သုတ်ပါထေယျ။ပါ။၁၈၄။ ။ဌ။ ၁၈၈။ (၁) ဒိဗ္ဗ ဝိဟာရ- သမာပတ် ၈-ပါးဖြင့် နေထိုင်ခြင်းမျိုး၊ (၂) ဗြဟ္မ ဝိဟာရ-ဗြဟ္မစိုရ် တရား ၄-ပါးဖြင့် နေထိုင်ခြင်းမျိုး၊ (၃) အရိယာ ဝိဟာရ-ဖလသမာပတ်ဖြင့် နေထိုင်ခြင်းမျိုး၊ ဇင်းသုံးမျိုး ဘွင် ဣရိယာပထ ဝိဟာရ- ရှာသူတို့၏ နေထိုင်ခြင်းမျိုး တပါးထည့်က ၄-ပါး ဖြစ်၏။

[ဒီ]

ဝီရိယ၏ အင်္ဂါ ၄-ပါး။ ။မဇ္ဈိမပဏ္ဏာသ ။ပါ။ ၁၄၆ ။ဌ။ ၁၃၅။ ဝီရိယ ပါရမီကို တကယ် တည်ကြည်စွာ အားထုတ်သူတို့သည် ဇင်းအင်္ဂါလေးပါး ရှိသော အားအစွမ်းနှင့် ပြည့်စုံရမည် ဟူလို။ (၁) အရေသာ ကြင်းခြင်းသို့၊ (၂) အကြောသာ ကြင်းကျန်ခြင်းသို့၊ (၃) အဓိုးသာ ကြင်းကျန်

http://www.dhammadownload.com

ခြင်းသို့၊ (၄) အသား အသွေး ခြောက်ကပ်ခြင်းသို့ ရောက်သည်တိုင် အောင် လုံ့လရှိခြင်း။

ဝီရိယတရား၊ မျိုး ၃-ပါး၊ ခွဲခြား ဝေဘန်သိ။ ။ဇင်း ၃-ပါးနှင့် ပြည့်စုံမှုသာ မည်သည့် အလုပ်ကိစ္စမဆို ပြီးဆုံးအောင်မြင်နိုင်၏။ (၁) အာရမ္ဘ ဝီရိယ- လုပ်ငန်းကိစ္စ၌ ပဌမ စတင်ကြိုးစားမှု၊ (၂) နိက္ကမ ဝီရိယ- စတင်ပြီး လုပ်ငန်းမှ မူကြမ်း၌ မပျင်းမရိ ဆက်လက်ကြိုးပမ်းမှု၊ (၃) ပရက္ကမ ဝီရိယ- လုပ်ငန်းစဉ် မူခေါ်၌ တဆင့်ထက် တဆင့် ရင့်သန်စွမ်းမြဲ စိတ်ဇဝေကောင်းမှု။

[၇]

ဝုစ်မျိုး ၂-ပါး။ ။စကားပြောရာ၌ အနည်း အများ ပိုင်းခြားမှု ဥပဒေသ ၂-ပါး။ (၁) ကေဒုစ်- တခုကို သုံးရာ၌ 'သည်, ကို, နှင့်, ဖြင့်, ကြောင့်, အား, မှ, ၏, ၌' စသည် အဆုံးထား၍ သုံးရသည်၊ ပုံ- လူတယောက်သည် သွား၏၊ သူ့ကို ပြောလိုက်၊ သူနှင့် လာသည် စသည်တို့ ဖြစ်ကုန်၏၊ (၂) ဗဟုဝုစ်- ၂-ခုကစ၍ အထက်ကို သုံးရာ၌ 'ကြ, ကုန်, တို့' ဟူသော စကားလုံးများဖြင့် အဆုံးထား၍ သုံးရသည်၊ ပုံ- လူနှစ်ယောက်တို့သည် သွားကြ၏၊ သူတို့ကို စသည်တို့ ဖြစ်ကုန်၏။

ဝုဒ္ဓ ၂-ပါး၊ ရှိခိုးခြား၊ ၄-ပါး အကျိုးရ။ ။ဤ၌ ဝုစ္စ, ဝုစိ, ဝုဒ္ဓ, အနက် တူပင်၊ အမြဲ ရှိခိုး ရိုသေထိုက်သူမျိုး ၂-ပါး ဟူ၏၊ အာယု, ဝဏ္ဏ, သုခ, ဗလ, အကျိုးလေးပါး ရသည်။ (၁) ဂုဏ- ဝုစိ- မိမိထက် သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, စသည်တို့ ကြီးပွားရင့်မာသူ၊ (၂) ဝယ ဝုစိ- မိမိထက် သက်ရွယ်ကြီးရင့်သောသူ။

[၈၀]

ဇဝဒနာ ဖြစ်ပေါ်လာခြင်း အဇကြောင်းရင်း ၈-ပါး။ ။ဝေဒနာ ခံစားရခြင်း အကြောင်းရင်းတရားတို့ ဖြစ်ပေါ်လာပုံမျိုး ရှစ်ပါးဟူလို၊ မိလိန္ဒပဉှာ ။ပါ။ ၁၃၇-၌ အကျယ်ရှုပါ။ (၁) ဝါတ သမုဋ္ဌာန- လေဓာတ်ပျက်သော ကြောင့် ဖြစ်ခြင်း၊ (၂) ပိတ္တ သမုဋ္ဌာန- သည်းခြေ ပျက်သောကြောင့်၊ (၃) သေမှ သမုဋ္ဌာန- သလိပ်ကြောင့်၊ (၄) သန္နိပါတ-လေ,သည်းခြေ,

http://www.dhammadownload.com

သလိပ်, သုံးပါး အစုအဝေးပျက်ခြင်းကြောင့်၊ (၅) ဥတု ပရိနာမဇ- ဥတု ဝေဒနာပြန်မှုကြောင့်၊ (၆) ဝိသမ ပရိဟာရဇ-မသင့်သောအစာအာဟာရ ကြောင့်၊ (၇) ဩပက္ကမိက- သူဟပါးတို့၏ လုပ်ကြံမှု လုံ့လကြောင့်၊ (၈) ကမ္မ ဝိပါကဇ- မိမိပြုလုပ်ခဲ့သော မကောင်းမှုကံကြောင့် ဖြစ်ပေါ် ခံစားရသော အကျိုးဝိပါတ်များ။

မှတ်ချက်။ ။ဓာတုရာဂါ ဝေဒနာ ရရှိ ခံစားရတိုင်းလည်း ကံ-ကိုခြည်း မခချရာ၊မိမိ၏ အယောနိသော မနသိကာရကြောင့် ဖြစ်ပေါ်မှုက များလေသည်။

ဝေဓိအပြား၊ မျိုး ၄-ပါး၊ လေးပြား ပစ်ခတ်သူ။ ။မြားပစ်အရာ မဟာဝိဇ္ဇာ ဘွဲ့ရသော မြားပစ်ဆရာကြီး လေးပါး ဟူလို၊ သရဘင်္ဂဇာတ် အဋ္ဌကထာ၌ အကျယ်ယူ။ (၁) အံ့ဘွယ်ထူးခြား၊ သားမြီးဖျားတွင်၊ ဆွဲထား ဝေးသို၊ လှမ္မနီဟု၊ သညီအတီး၊ ခရမ်းသီးဖြင့်၊ မှတ်ပြီးတုံလျှင်၊ သားမြီး ပင်ကို၊ ဆွဲငင်ထစ်ထစ်၊ မှန့်အောင်ပစ်သား၊ ခေါ်လစ်နာမ၊ 'ဝါလဝေဓိ'၊ (၂) မျက်စိတမှိတ်၊ နှတ်ကြိတ်တလက်၊ လျှပ်တပြက်၌၊ မြားချက်ခုနစ်၊ ရှစ်ဆင့်ပစ်သား၊ စင်စစ်မြန်လှ၊ 'အက္ခဏ ဝေဓိ'၊ (၃) ကြားဘိယော်ယမ်း၊ သံကိုဖမ်း၍၊ ပစ်စွမ်းနိုင်စွ၊ ချက်တိုင်းရသား၊ 'သဒ္ဒ ဝေဓိ'၊ (၄) ရှေးတိ ပစ်ငြား၊ အလျင်မြားကို၊ နောက်များမှုချ၊ မှန်စေစွသား၊ 'သရ ဝေဓိ'။

မှတ်ချက်။ ။ထိုမှတပါးလည်း အမျိုးများစွာ ရှိသေး၏။

ဝေနေယျပုဂ္ဂိုလ် ၂-မျိုး။ ။မူလပဏ္ဏာသ ။ပါ။ ၂၉၂ ။ဌ။ မှ- အုပ်။ ၁၇၇။ (၁) ပုဒ္ဓ ဝေနေယျ- ဘုရားနှင့်တွေ့ရ နာယူရမှ မဂ်, ဖိုလ်, ရထိုက်သူ၊ (၂) သာဝက ဝေနေယျ- ဘုရားထပည့် သာဝကများထံမှ တရားဓမ္မနာယူ မဂ်, ဖိုလ်, ရထိုက်သူ။

ဝဲသာရဇ္ဇ ဥာဏ်တော် ၄-ပါး။ ။ကြောက်ရွံ့ခြင်းကင်း ရဲရင့်အေးချမ်းစွာ နေရသော ထူးရား ၄-ပါး ဟူ၏၊ စတုက်ကဏ်တွင် ဝေသာရဇ္ဇသုတ်။ ၁၁၅။ (၁) ပုဒ္ဓတ္တညာဏ်တော်- ဘုရား၌ ဤတရားမျိုး မရရှိသေးဟု စွပ်စွဲ၍ ပြောဆိုစရာမရှိ ပကတိ ဓမ္မများစွာ ဒေသနာရခြင်း၊ (၂) အာသဝက္ခယဉာဏ် တော်- ဤအာသဝေါတရားများ ကျန်ရှိသေးသည် မကုန်သေးဟု ပြောဆိုစရာ

http://www.dhammadownload.com

မရှိ ဟူ၍ငင်း၊ (၃) အန္တရာယ ဉာဏ်တော်- အပြစ်ရှိသည့် အန္တရာယ် ပြုတတ်သည်ဟု ဟောထားသော တရားများကို အပြစ်မရှိ အန္တရာယ် မပြု တတ်ဟူ၍ငင်း၊ (၄) နိယျာနိကဉာဏ်တော်- ဝဋ်မှ လွတ်ကြောင်းတရား များကို သံသရာဝဋ်မှ မလွတ်ကင်းနိုင်ဟု အကြောင်း အခြေခံနှင့် စွပ်စွဲ ညှဉ်းပြ စောဒကတက်မည့် လူနတ်ဗြဟ္မာ မရှိနိုင်ဟု သိ၍ငင်း ချေမ်းစွာ နေတော်မူရခြင်းများဟူ၏။

ဝေးကွာခြင်းကြီးမျိုး ၄-ပါး။ ။ငင်း သရုပ် အဓိပ္ပါယ်ကို (အနန္တကွာဝေးခြင်း ကြီး ၄-ပါး)၌ ပြခဲ့ပြီ။

[ဧဝါ]

ဝေါတော် ၃-ပါး။ ။ဘုရင်မင်းတရားနှင့် မိဖုယား မင်းသား မင်းသမီးတို့ စီးသော် လူထမ်း ယာဉ်သုံးပါး။ (၁) ဝေါပြာသာဒ်- ဘုရင်မင်းမြတ်တို့ စီးတော်မူသည့် အပေါ်၌ ပြာသာဒ်ဆောင်ပေါက်ထားသော ဝေါတော် တာမျိုး၊ (၂) ဝေါပလာ- ဟင်းလင်း အမိုးအကာ မပါသော ဝေါတမျိုး၊ (၃) ဝေါ ပေါင်းချုပ်- အမိုးအကာ ပါရှိသော ဝေါတမျိုး။

[သ]

သံအမတ် အင်္ဂါ ၈-ပါး။ ။ငင်း သရုပ်ကို (တမန်တော်အင်္ဂါ ၈-ပါး)၌ ပြခဲ့ပြီ။

သံဂါယနာ ၆-တန်။ ။ငင်း သရုပ်အကျယ်(သင်္ဂါယနာ ၆-တန်)မှာ ဆိုအံ့။

သံဃာတော် ၂-မျိုး။ ။ဇာတ်အားဖြင့် ကွဲပြားသော သံဃာတော်မျိုး ၂-ပါး။ (၁) အရိယာ သံဃာ၊ သို့မဟုတ် ပရမတ္ထ သံဃာတော်ခေါ် အရိယာဇာတ်ဝင် သူတော်စင်များ၊ (၂) သမ္မုတိသံဃာ- ထိုအရိယာ သံဃာအနွယ်တော်မှ ဆင်းသက် ပေါက်ပွားလာသော သံဃာတော်ဟု အသိအမှတ်ပြုခံရသည့် ပုထုဇဉ်သံဃာတော်များ။

http://www.dhammadownload.com

သံဃာတော် ၂-မျိုး၊ တနည်း။ ။ဥဘတော သံဃာခေါ် သံဃာ ၂-မျိုး။ (၁) ဘိက္ခုသံဃာ- ရဟန်းယောကျ်ားများ၊ (၂) ဘိက္ခုနီသံဃာ- ဏီဘုန်မိန်းမများ။

သံဃာတော်မျိုး ၉-ပါး။ ။အရိယာ သံဃာတော်မြတ် ရှစ်ပါးနှင့် ဌင်းတို့မှ ဆက်သွယ်လာသော ယခုလက်ရှိ သမ္မုတိ သံဃာတော်ကို ပေါင်းသော် သံဃာတော်မျိုး ၉-ပါး ဖြစ်၏။

သံဃာ ကွဲပြားခြင်း အကြောင်း ၁၈-ပါး။ ။သံဃာ ကွဲပြားအောင် လုပ်ခြင်း သံဃဘေဒက ကံကြီးများ မထိုက်ရအောင် သတိထားစေ။ အကျယ် ဝိနည်း မဟာဝ။။ပါ။ ၅၀၁။ဋ္ဌ။ ၄၃၅-၌ ရှုပါ။

သံဃာဟော်များ၊ ဆွမ်းကပ်ခြား၊ ၅-ပါး အင်္ဂါသိ။ ။ဌင်းသရုပ်ကို (ဆွမ်းကပ်သူများ၊ သတိထား၊ ၅-ပါး အင်္ဂါသိ) ဟူသော အမေးဌ် ဆိုခဲ့ပြီ။

သံဃာ့ဂုဏ်တော် ၉-ပါး။ ။သံဃဂုဏော အနန္တေဘဟု ထိုထိုပါဠိ လာရှိကြသော်လည်း အများသိရှိ ထင်ရှားသော ဂုဏ်တော်ကိုးပါးကိုသာ ဖေါ်ပြထားသည်။ (၁) သုပ္ပဋိပန္နော ဂုဏ်တော်- သိက္ခာသုံးရပ် အကျင့်မြတ်နှင့် ပြည့်စုံသော ဂုဏ်၊ (၂) ဥဇုပ္ပဋိပန္နော ဂုဏ်တော်- သိက္ခာသုံးရပ် လွန်ဖြောင့်မတ်စွာ ကျင့်ကြံအားထုတ်တော်မူသောဂုဏ်၊ (၃) ဉာယပ္ပဋိပန္နော ဂုဏ်တော်- နိဗ္ဗာန်သို့ ရည်မှန်း၍ သုံးလမ်းသော သိက္ခာတို့ကို ဆောက်တည်တော်မူသော ဂုဏ်၊ (၄) သာမီစိပ္ပဋိပန္နော ဂုဏ်တော်-လူနတ်ဦးခိုက် ရှိသေထိုက်အောင် ကျင့်ဆောင်တော်မူသော ဂုဏ်၊ (၅) အာဟုနေယျော ဂုဏ်တော်- ဥ့သည်တော်များအား ရည်စူးထားသော လှူဘုယ်ဝတ္ထုတို့ကို ခံယူခြင်းငှါ ထိုက်သောဂုဏ်၊ (၆) ပါဟုနေယျော ဂုဏ်တော်- လက်ဆောင် ပေးရန် ယူလာသည့် မွန်မြတ်သော ဝတ္ထုကိုလည်း ခံယူခြင်းငှါ ထိုက်သော ဂုဏ်၊ (၇) ဒက္ခိဏေယျော ဂုဏ်တော်- မွန်မြတ်ကြီးကျယ်သော အလှူတော်များကို ခံယူခြင်းငှါ ထိုက်သော သီလ သမာဓိ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်း၊ (၈) အဉ္ဇလီ ကရဏီယ ဂုဏ်တော်- လူနတ်ဗြဟ္မာ သတ္တဝါတို့၏ တုပ်ကွဲရိုကျိုး ရှိခိုးခြင်းကို ခံထိုက်သော ဂုဏ်၊ (၉) အနုတ္တရံ ပုညက္ခေတ္တ လောကဿ ဂုဏ်တော်- ကုသိုလ်မျိုးမှန် စိုက်ပျိုးရန်အတွက် အဖိုးအနှုံထိုက်တန်သော လယ်ယာမြေကောင်းနှင့် တူသော ဂုဏ်။

http://www.dhammadownload.com

သံသိကမျိုး ၄-ပါး။ ။ဝိနည်းတော်လာ အလှူခံယူသူ ရဟန်းတို့အဟောင်း ပိုင်ဆိုင် သိမ်းယူနိုင်ခွင့်ရှိစွဲ၍ ခဲခြားပြဿခြင်းဖြစ်သည်။

(၁) သမ္မုခီဘူတ သံသိက- မြို့တွင်း ရွာတွင်း၌ ရှိနေသော ရဟန်းတို့ထံ လာရောက်၍ (သံဃာ ဒေမ) သံဃာတော်အား လှူပါ၏ဟုဆိုကာ ဒါယကသူဌားလျှင် မျက်မှောက် သံဃာသာ ဆိုင်သည်၊ တမြို့လုံး တရွာလုံးရှိ သံဃာအား လိုက်ဝေနေစရာ မလိုပေ ဟူ၏။

(၂) အာရာမဋ္ဌသံသိက- ကျောင်းတိုက်တွင်းသို့ ဝင်ရောက်၍ တွေ့ရှိသော ရဟန်းအား သံဃာတော်အား လှူပါ၏ဟုဆိုလျှင် တတိုက်လုံးရှိ သံဃာများနှင့် ဝေခြမ်းယူရမည်။

(၃) စတုဒိသာ သံသိက- ရဟန်းတပါးတည်း နေသော ကျောင်းတိုက် တွင်းသို့ဝင်၍ များစွာသော ပစ္စည်းတို့ကို သံဃာအားလှူပါ၏ဟု ဆို၍ လှူသွားလျှင် ဝိနည်းတတ်သိသူဖြစ်အံ့ ဤကျောင်းတိုက်၌ ငါတပါးတည်းသာရှိ၍ ဤသက်နှံးများစွာတို့ကို ငါသာပိုင်၏ဟု နှလုံးသွင်းကာ သိမ်းပိုက်လိုက်လျှင် သူသာပိုင်တော့၏၊ အပြစ် မရှိပေ၊ သို့မဟုတ်ပဲ သံသိကပစ္စည်းဟု နှလုံးထားကာ ငါမပိုင် ငါမဆိုင်ဟု ယူဆောင်လျက်သွားခြင်းအံ့ ရောက်ရာ ရောက်ရာ အရပ် တိုင်း၌ သံသိကဖြစ်၍ ဂတဂတဌာနေ- သံသိက ဖြစ်လေသည်။

(၄) စတုဒိသာ သံသိက- အလှူပစ္စည်းသည် ဂရုဘဏ်ခေါ် ကျောင်း စသော ပစ္စည်းမျိုးဖြစ်အံ့ ထိုပစ္စည်းမျိုးကို သံဃာအား ပေးလှူခဲ့ လျှင် မဝေဘန်ကောင်းချေ၊ အရပ်လေးမျက်နှာမှ လာသမျှသော ရဟန်းတော်များ ပိုင်ဆိုင်တော်မူကြသည် ဟူ၏။

သံသိကဒါနမျိုး ၇-ပါး။ ။ဒက္ခိဏာ ဝိဘင်္သုတ်၌ အရှင်အာနန္ဒာအား ဘုရား မဟာတော်မူသော သံဃဒါန ၇-ပါး ဟူလို၊ ဥပရိပဏ္ဏာသ ပါဠိတော်နှင့် အဋ္ဌကထာ။ (၁) ဘုရားအမှူးရှိသော ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာ၌ လှူခြင်း၊ (၂) ဘိက္ခုသံဃာ ဘိက္ခုနီသံဃာ၌ လှူခြင်း၊ (၃) ဘိက္ခုသံဃာ၌ လှူခြင်း၊ (၄) ဘိက္ခုနီသံဃာ၌ လှူခြင်း၊ (၅) ဤမျှ လောက်သော ရဟန်းယောကျ်ားများ ရဟန်းမိန်းမတို့ကို အကျွန်ုပ်အား

http://www.dhammadownload.com

သံဃာထဲမှ ခွဲပေးပါဟု လျှောက်ထား၍ လွှတ်ခြင်း၊ (၆) ဤမျှလောက် ဒေသာ ရဟန်းယောကျ်ားတို့ကို အကျွန်ုပ်အား သံဃာထဲမှ ခွဲပေးပါဟု လျှောက်ထား၍ လွှတ်ခြင်း၊ (၇) ဤမျှလောက်သော ရဟန်းမိန်းမတို့ကို အကျွန်ုပ်အား သံဃာထဲမှ ခွဲပေးပါဟု လျှောက်ထား၍ လွှတ်ခြင်း။

သံတမန်၏ အင်္ဂါ ၆-ပါး။ ။တိုင်းတပါးဌာ ဘုရင့်ကိုယ်စား ခန့်ထားအပ်သော သံကြီး တမန်ကြီးတို့၌ အသင့် ရှိထားရမည့် အင်္ဂါ ၆-ပါး။ (၁) ပညဝါ- ပညာဉာဏ်ရှိခြင်း၊ (၂) ဝါကျဆေက- စကားတတ်ရခြင်း၊ (၃) သူရ- ရဲရင့်သတ္တိရှိရခြင်း၊ (၄) ပရစိတ္တဇာန- သူတပါး၏စိတ်ထားကို သိတတ်ရခြင်း၊ (၅) ဒန္တ-ယဉ်ကျေး သိမ်မွေ့ရခြင်း၊ (၆) ပဋိဝါကျ- သူ ဆိုတင်သော စကားကို ပြန်လည်ချေဆိုနိုင်ရခြင်း။

သံတမန် အင်္ဂါ ဂ-ပါး၊ တနည်း။ ။ဂင်း သရုပ်ကို (တမန်တော် အင်္ဂါ ဂ-ပါး)၌ ဆိုခဲ့ပြီ။

သံတမန်မျိုး ၅-ပါး။ ။အရေးပေါ် စေလွှတ်အပ်သော သံတမန်မျိုး ၅-ပါး။ (၁) စေတမန- ဘုရင်မင်းတို့ မှာတိုင်း ဆိုသူ၊ (၂) တန်ဆေး-မင်းနှစ်ပါးတို့ကို သင့်အောင် ဆိုသူ၊ (၃) သုံ့သေး- စကား အသွား အလာကို ထောက်၍ မယုတ်မလွန် ဆိုသူ၊ (၄) သံ-လိုသောအချက်ကို တောင်းလာသူ၊ (၅) မင်းစေ- မှာတိုင်းဆို၍ စေဖက်ရမှ သွားသောသူ။

သံဒိန္ဓိက နိဗ္ဗာန်မျိုး ၁၉-ပါး။ ။ဂင်းသရုပ်ကို (ဒိဋ္ဌဓမ္မနိဗ္ဗာန်)၌ ဆိုခဲ့ပြီ။

သံဖိုဓေါ်ငြား၊ ဂီတသွား၊ ထင်ရှား ၁၀-ဖြာ။ ။ဂင်းသရုပ် အဓိပ္ပါယ် (နိမ့်သံ ၁၀-ပါး)နှင့် တူ၏။

သံဘောဂမျိုး ၂-ပါး။ ။ရဟန်းရှင်လူတို့ ပေါင်းသင်းဆက်ဆံမှုမျိုး ၂-ပါး။ (၁) ပစ္စယ သံဘောဂ- ပစ္စည်းဥစ္စာ အသုံးအဆောင် အားဖြင့် တဦးနှင့် တဦး လဲလှယ် ဖလှယ်ခြင်း, တဦး ပစ္စည်းကို တဦး သုံးဆောင်ခြင်း, အပူတူသုံးဆောင်ခြင်း စသည်ဖြင့် ဆက်ဆံမှု၊ မိတ်ဆက်သဘင် ဆင်ယင်မှု စသည်မျိုး၊ (၂)ဓမ္မ သံဘောဂ- ရဟန်းသံဃာတော်တို့ ဥပုသ် ပဝါရဏာ

http://www.dhammadownload.com

အတူပြုခြင်း, ရဟန်းခံစသည်၌ သိမ်အတူ ဝင်ခြင်း, ပရိတ် အတူ ရွတ်ခြင်း စသည်ဖြင့် ပေါင်းသင်းဆက်ဆံမှု။ လူတို့ ပရိတ်တရား အတူနာယူခြင်း, ဘုရားဖူး အတူသွားခြင်း စသည်မျိုး။

သံမ ကမ္မာ၊ ၁၀-ဖြာ၊ ဂိတာ အဘယ်နည်း?။ ။ငင်း သရုပ် အဓိပ္ပါယ် (ဘယ်သံ ၁၀-ပါး)နှင့် တူ၏။

သံမှန်ရပ်ဖြတ်၊ ရွတ်ဆိုအပ်၊ ၁၀-ရပ်ကမ္မာ အဘယ်နည်း?။ ။ငင်းသရုပ်ကို (တိုင်သံ ၁၀-ပါး)၌ ရှုပါ။

သံယုတ္တနိကာယ် ၅-ကျမ်း။ ။ငင်းသရုပ်ကို (နိကာယ် ၅-ရပ် [၀] ပိုဒ်မှာ) ကြည့်ပါ။

သံယောဇဉ် ၂-မျိုး။ ။သံယောဇဉ် ၁၀-ပါးကို ဤသို့ အောက် ကာမ၊ အထက် ရူပ အားဖြင့် ၂-ပါး ခွဲယူကြသေး၏။ (၁) ဩရမ္ဘာဂိယ သံယောဇဉ်- အောက်ကာမဘုံ အတွက် ဖြစ်သော သံယောဇဉ် ၎င်းပါး၊ ကာမရာဂ,ပဋိဃ,သီလဗ္ဗတ,ဒိဋ္ဌိ,ဝိစိကိစ္ဆာ၊ (၂) ဥဒ္ဓံဘာဂိယ သံယောဇဉ်- အထက် ဗြဟ္မာဘုံ အတွက် ဖြစ်သော သံယောဇဉ် ၎င်းပါး၊ ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ။

သံယောဇဉ် ၁၀-ပါး။ ။ဓမ္မသင်္ဂဏီ။ပါ။ ၂၂၄။၌ ၄၀၃-၌ အကျယ်ရှုပါ။ သတ္တဝါအပေါင်းတို့အား ထိုထိုဘဝမှ မလွတ်ရအောင် တုပ်နှောင်ဖွဲ့ချည် ထားတတ်သော တရားဆယ်ပါး။ (၁) ကာမရာဂ သံယောဇဉ်-ကာမ တဏှာ လောဘ။ရူပရာဂ သံယောဇဉ်-ရူပတဏှာ။အရူပရာဂ သံယောဇဉ်- အရူပတဏှာ။ပဋိဃ သံယောဇဉ်- ဒေါသစေတသိက်။ ဒိဋ္ဌိ သံယောဇဉ်- ဒိဋ္ဌိစေတသိက်။မာန သံယောဇဉ်- မာနစေတသိက်။ သီလဗ္ဗတ ပရာမာသ သံယောဇဉ်-ဒိဋ္ဌိစေတသိက်။ဝိစိကိစ္ဆာ သံယောဇဉ်- ဝိစိကိစ္ဆာစေတသိက်- ဥဒ္ဓစ္စ သံယောဇဉ်- ဥဒ္ဓစ္စ စေတသိက်။ အဝိဇ္ဇာ သံယောဇဉ်- မောဟ စေတသိက် (၁၀)။

သံဝိုးပိုင်းခြား၊ သိဆိုခြား။ ၃-ပါး ဝါကျစ်။ ။မြန်မာတို့၏ ဂိတာနယ်ရှိ (ကြိုးသီချင်း, ဘွဲ့သီချင်း, သီဖျင်းခံ) ၎င်း ၃-မျိုးကို 'သံဝိုးပိုင်းခြား သိဆိုခြားနား ခေါ်ဆိုကြ၏။

http://www.dhammadownload.com

သံလေခေါ်ခြင်း၊ ဆိုတေးသွား၊ ၁၀-ပါး အတတ်နည်းး ။ ဒုဝိုး ဘရုပ် (တိုင်သံ ၁၀-ပါး)နှင့် တူ၏။

သံလေဒိတဗ္ဗတရား ၄၄-ပါး။ ။ကိုယ့်သန္တာန်မှ ပယ်ရှားစွန့်ပြတ်အပ်သော အကုသိုလ်တရားစုများ လေးဆယ့်လေးပါး၊ကျွှဲ၌ ခက်မည်ထင်သော အရာကိုသာ ဖြေရှင်းသွားမည်။ (၁) ဝိဟိ ံသက-ညှဉ်းဆဲနှိပ်စက်မှု၊ ပါဏာတိပါတ၊ အဒိန္နာဒါန၊ အပြဟ္မစရိယ၊ မုသာဝါဒ၊ပိသုနဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ၊ အဘိဇ္ဈာ၊ ဗျာပါဒ (၁၀)၊ မိစ္ဆာဒိဋ္ဌိ-အယူမှားကို ယူနေခြင်း၊ မိစ္ဆာသင်္ကပ္ပ-မကောင်းသော အကြံဟူသမျှ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာဉာဏ်- မကောင်းမှုကို ကောင်းမှုထင်မှတ်နေခြင်း မောဟ၊ မိစ္ဆာဝိမုတ္တိ-သံသရာမှ လွတ်ကြောင်း မဟုတ်သော တရားစု၊ ထိနမိဒ္ဓ ပရိယုဋ္ဌိတ၊ ဥဒ္ဓစ္စ၊ (၂၀)၊ ဝိစိကိစ္ဆာ၊ ကောဓ- အမျက်ထွက်ခြင်း၊ ဥပနာဟ-ရန်ငြိုးဖွဲ့ခြင်း၊ မက္ခ-ကျေးဇူးမသိတတ်မှု၊ ပဠာသ-ဂုဏ်ပြိုင်မှု၊ ဣဿာ၊ မစ္ဆရိယ၊ မာယာ၊ သာဌေယျ- စဉ်းလဲခြင်း၊ ထဒ္ဓ-ခက်ထန်မှု၊ (၃၀)၊ အတိမာန-အလွန်မာနကြီးခြင်း၊ ဒုဗ္ဘစ-ဆိုဆုံးမ ခက်မှု၊ ပါပမိတ္တ၊ ပမတ္တ-ကောင်းမှု၌ မေ့ပျော်ခြင်း၊ အသဒ္ဓါ၊အဟိရိက၊ အနောတ္တပ္ပ၊ အပ္ပသုတ၊ကုသိတ-အပျင်းထူခြင်း၊ မုဋ္ဌဿတိ-သတိပျက်မှု၊(၄၀)၊ ဒုပ္ပညာ၊ သန္ဒိဋ္ဌိ ပရာမာသီ-အမှားယူမှု၊ အာဒါနဂ္ဂါဟီ- အမှားကို စွဲနေမှု၊ ဒုပ္ပဋိနိဿဂ်ီ-မှားကြောင်း ဟောပြ သော်လည်း မစွန့်နိုင်မှု၊ (၄၄)။

သံဝန္ဓကပ်မျိုး ၃-ပါး။ ။ကမ္မာခေါ်ကပွါကို ဖျက်ဆီးခြင်း ၃-မျိုး၊စတုကဂုံတ္တရ ။ဌ။ ၃၄၀-၌ အကျယ်ရှု။ (၁)အာပေါသံဝန္ဓကပ်- ရေဖြင့်ဖျက်ဆီးခြင်း၊ (၂) တေဇော သံဝန္ဓကပ်- မီးဖြင့်ဖျက်ဆီးခြင်း၊ (၃) ဝါယောသံဝန္ဓကပ်- လေတိုက်၍ ဖျက်ဆီးခြင်းခံရသော ကမ္ဘာ။

သံဝရဝိနည်းမျိုး ၅-ပါး။ ။စောင့်စည်း ထိန်းသိမ်းမှု တရား ၅-ပါး၊ သံဝရဝိနယော ပိ ဟိ၊ (၁) သီလ သံဝရော၊ (၂) သတိ သံဝရော၊ (၃) ဉာဏ သံဝရော၊ (၄)ခန္တီ သံဝရော၊(၅)ဝီရိယ သံဝရောတိ ပဋ္ဌဝိခေါ၊သုတ္တန်ပါတ အဋ္ဌကထာ ၃၄၀၀၇။အနက် အဓိပ္ပါယ် လွယ်ပြီ။

သံဝေဂတရားမျိုး ၄-ပါး။ ။သုံသရာမှ ထိတ်လန့် ကြောက်ရွံ့ခြင်းမျိုး ၄-ပါး။ (၁) စိတ္တုတြာသ သံဝေဂ-ကြောက်မက်ဖွယ် အာရုံနှင့် တွေ့ကြုံ

http://www.dhammadownload.com

သောအခါ စိတ်၏ ထိတ်လန့်ခြင်းမျိုး၊ (၂) ဉာဏ သံဝေဂ ပဋိသန္ဓေ နေရခြင်း စသည်တို့ကို ဉာဏ်အားဖြင့်ရှု၍ ထိတ်လန့်ခြင်း၊ (၃) ဩဇာပြု သံဝေဂမကောင်းမှုမှ ကြောက် ထိတ်လန့်ခြင်းမျိုး၊ (၄) မမြဲ သဝေဂ-ရုပ်နာမ်မမြဲ သခ်ါရတို့မှ ထိတ်လန့်ခြင်းမျိုး။

သံဝေဂဝတ္ထုမျိုး ၈-ပါး။ ။မူလပဏ္ဏာသ ။ဌ။ ပ-အုပ်။ ၃၀၂။ ထိတ်လန့်ဖွယ်ရာ ဝတ္ထုများ။ (၁) ပဋိသန္ဓေ နေရခြင်း ဆင်းရဲ၊ (၂) အိုရခြင်း ဆင်းရဲ၊ (၃) နာရခြင်း ဆင်းရဲ၊ (၄) သေရခြင်း ဆင်းရဲ၊ (၅) ငရဲဘုံ၌ ခံရခြင်း ဆင်းရဲ၊ (၆) ပြိတ္တာဘုံ၌ ခံရခြင်း ဆင်းရဲ၊ (၇) အသူရကာယ်ဘုံ၌ ခံရခြင်း ဆင်းရဲ၊ (၈) တိရစ္ဆာန်ဘုံ၌ ခံရခြင်း ဆင်းရဲ။

သံဝေဂ ဝတ္ထုမျိုး ၈-ပါး၊ တနည်း။ ။သုတ်မဟာဝဂါ အဋ္ဌကထာ။ (၁) ပဋိသန္ဓေ နေရခြင်း ဆင်းရဲ၊ (၂) အိုရခြင်း ဆင်းရဲ၊ (၃) နာရခြင်းဆင်းရဲ၊ (၄) သေရခြင်း ဆင်းရဲ၊(၅) အပါယ် ၄-ဘုံ၌ ခံရခြင်း ဆင်းရဲ၊(၆) အတိတ် ဘဝ၌ ခံခဲ့ရသော ဆင်းရဲ၊ (၇) အနာဂတ် ဘဝ၌ ခံရလတ္တံ့သော ဆင်းရဲ၊ (၈) ယခုမျက်မှောက်ဘဝ၌ အာဟာရကို ရှာမှီးရသော ဆင်းရဲ။

သံဝေဇနီယ ဌာနကြီး ၄-ပါး။ ။မြတ်စွာဘုရားသခင် ပုဂ္ဂိုလ်မြင်တော်မူရာ ဌာန။ ဘုရားဖြစ်ရာ မဟာဗောဓိပင် ဌာန။ တရားဦး ဓမ္မစက္ကာ ဟောရာ မိဂဒါဝုန် ဌာန။ပရိနိဗ္ဗာန်စံရာ ကုသိနာရုံ ဌာန။ ဤ ၄-ဌာနကား ဘုရားဖူးလာသူ အမျိုးသားတို့ ဓမ္မသံဝေဂဖြစ်ခါ နတ်ရွာသုဂတိသို့ လားရောက်ဇစတတ်သော ဌာနထူးများ ဟူ၏။

သံသဂ္ဂမျိုး ၅-ပါး။ ။မူလပဏ္ဏာသ ။ပါ။ ၁၉၉ ။ဌ။ ဒု-အုပ်၊ ၅၀-၌ အကျယ်ရှုပါ။ ပေါင်းဖော် ဆောက်စုံမက် ချစ်ကြိုက် နေခြင်းမျိုး ငါးပါး။ ၎င်းတို့ကို စွဲလမ်း၍ သီလ ညစ်နွမ်းခြင်းများ ဖြစ်တတ်သည်။ (၁) ကာယ သံသဂ္ဂ- ကာယပသာဒချင်း ထိတွေ့မှု၊ (၂) သဝန သံသဂ္ဂ-သဘယာသော အသံကိုကြားမှု၊ (၃) ဒဿန သံသဂ္ဂ- တွေ့မြင်ကြည့်ရှုရမှု၊ (၄) သမုလ္လပန သံသဂ္ဂ- မျက်နှာချင်းပြိုင် ရင်ချင်းဆိုင်၍ မြိုင်မြိုင်ကြီး ပြောဆိုရမှု၊ (၅) ပရိဘောဂ သံသဂ္ဂ- သူ၏ အသုံးအဆောင် ပစ္စည်းကို ကိုင်တွယ်သုံးဆောင်ရမှု။

http://www.dhammadownload.com

သံသရာခဲ့ တရား ၃-ပါး။ ။"ပပဉ္စတရား ၃-ပါး" ကိုပင် ပရိယာယ်တမျိုး ဖြင့် ခေါ်ဆိုကြသည်၊ သရုပ် အတူတူမှတ်လေ။

သက္ကရာဇ် ဦးခေါင်းပိုက် နှစ်သိမ်း ၇-ဖေဖော်။ ။ဇင်း သရုပ်ကား (မြဟ္မာမင်း ဦးခေါင်းပိုက် နှစ်သိမ်း ၇-ပါး)နှင့် တူ၏။

သက္ကရာဇ်မျိုး ၂-ပါး။ ။မိုးညှင်းမင်းတရား ဖြိုသွဲ့သက္ကရာဇ် မပြိုဖြစ်နေ ရက်ား နောက်သား နောင်လာတို့ အတွက် အရှည် သက္ကရာဇ်ကတမျိုး၊ အတို သက္ကရာဇ်က တဖို၊ နှစ်စိုဖြစ်နေ၏။ (၁) ဒီဃ သက္ကရာဇ်- ယခု ရောက်ဆဲ သက္ကရာဇ်ကိုခေါ်သည်၊ ပုံ-ဤကျမ်းရေးပြုသည့် ၁၃၁၆-ခုနှစ်မျိုး၊ (၂) ရဿ သက္ကရာဇ်-ရောက်ဆဲ ကောဇာသက္ကရာဇ်ထဲ၌ 'အင်္ဂ နော သတ်' ခေါ် (၇၉၇) နှုတ်၍ ကျန်သောသန်းကို ရဿဟု ခေါ်သည်၊ ပုံ-ဗီဃ ၁၃၁၆–၇၉၇=၅၁၀ ရဿ ခုနှစ် ဖြစ်၏။

သက္ကရာဇ်မျိုး ၂-ပါး၊ တနည်း။ ။(၁) ကောဇာသက္ကရာဇ်၊ သို့မဟုတ် 'ဂေါဇာသက္ကရာဇ်' ယခုရောက်ဆဲသက္ကရာဇ်ရှည်ကိုယူ၊ (၂) သာသနာ သက္ကရာဇ်-ကောဇာသက္ကရာဇ်ကိုတည်၊ ၁၁၄၂-ခုနှောင်၊ သာသနာ သက္ကရာဇ် ဖြစ်၏၊ ပုံ-၁၃၁၆-ခု + ၁၁၄၂ = ၂၄၉၈ သည် သာသနာသက္ကရာဇ် ဖြစ်၏၊ ကျက်မှတ်ရန် ဥပဒေသကား "သက္ကကောဇာ၊ တည်ပြီးခါဝယ်၊ တစ်တစ် ရှစ်နှစ် (၃,၁,၇,၂) နှောတုံလစ်က၊ တိတ်ဖြစ်သာသနာ၊ မှတ်ကြရာ၏"ဟု ပညာရှိများ ညွှန်ကြားထား၏။

သက္ကရာဇ်ဖြိုရာ အင်္ဂါ ၃-ပါး။ ။သက္ကရာဇ်ဖြိုခြင်း ဟူသည်ကား ဂဏန်း သင်္ချာ အရေအတွက်တွေ များလာသည်ကို လွယ်ကူစွာ သိမှတ်နိုင်စေရန် ရည်သန်၍ အသစ်အတို ပြုခြင်းပင် ဖြစ်၏၊ သို့သော် အောက်ပါ အင်္ဂါ ၃-ပါးနှင့် ညီညွတ်မှ ဖြိုအပ်သည်၊ ဖြိုကောင်းသည်ဟု ပညာရှိတို့ တွက်ကိန်း ပုံစံ ထားကြကုန်၏၊ ကံနိ အတွင်းဝန်မင်းကမူ ကိန်းခမ်းညီအောင် ဖြိုခြင်း သာ လိုရင်းပဓာနမှတ်ဟု ဆိုလေသည်။ (၁) ရောက်ဆဲသက္ကရာဇ်တည် ၇-ခုနှင့် စား၊ အကြွင်းမဲ့ပြတ်၊ (၂) ရောက်ဆဲ သက္ကရာဇ်တည် ၁၉-ခုစား၊ အကြွင်းမရှိပြတ်၊ (၃) ရောက်ဆဲသက္ကရာဇ်တည် ၉၅-ခုစား၊ အကြွင်းမရှိ ပြတ်။

http://www.dhammadownload.com

သက္ကရာဇ်ဖြိုမင်း၊ ၇-စင်း၊ ဘယ်မင်းဘယ်ခါ ဖြိုသနည်း?။ ။ကျွန်ုပ် သက္ကရာဇ်ကို ဖြိုသွားကြသော မင်းနှင့် ကိန်းခမ်း ရသေ့ရဟန်း စသည်တို့၏ အမည်များကို ရာဇဝင် မဟာဝင် သာသနာဝင် ဆရာစဉ်တို့ မှတ်တမ်းမှ သုတေသနပြု၍ တွေ့ရှိသမျှဖြင့် ထုတ်ပြဖြေကြားသွားသည်၊ အမှားပါဝင်က အမှန်ကို လျင်စွာ ရှာကြပါကုန်။

(၁) အာကာရဋ္ဌမင်းကြီး လက်ထက် ကမ္ဘာဦးကာလမှစ၍ "မဟာသုဒ္ဓဝယပွ" ဟူသော ပိဋကသခ်ျာကိန်းနှင့် အညီ သက္ကရာဇ် (၁၁၄၉၇၅) ခုနှစ်တို့ကို ဖြိုခဲ့သည်။ ထိုနောက်–

(၂) ကုသမင်းကြီးလက်ထက် "နာတိမဇ္ဈလဒ္ဓိဝယ" ဟူသော ပိဋကသခ်ျာကိန်းခမ်းနှင့်အညီ သက္ကရာဇ် (၁၄၉၃၈၅၆၀) သော ခုနှစ်တို့ကို ဖြိုခဲ့လေသည်။ ၎င်းနောက်–

(၃) ဘိုးတော်အဋ္ဌနမင်းကြီးသည် ဒေဝိလရသေ့နှင့်တိုင်ပင်ကာ "မာဃစန္ဒေ၊ သို့မဟုတ် ဏဝစန္ဒေ" ဟူသော ပိဋကသခ်ျာကိန်းခမ်းနှင့်အညီ သက္ကရာဇ် (၁၆၄၅) ခုနှစ်တို့ကို ဖြိုခဲ့လေသည်။ ထိုနောက်မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသောအခါ သာသနာနှင့် ဂေါဇာနှစ် ညီစေရန်–

(၄) အဇာတသတ် မင်းကြီးနှင့် ရှင်မဟာကဿပထေရ် တို့တိုင်ပင်ကာ "ဒေဝိယ" ဟူသော ပိဋကသခ်ျာကိန်းနှင့်အညီ သက္ကရာဇ် (၁၄၈) ခုနှစ်တို့ကို ဖြိုလိုက်ပြန်လေသည်။ထိုနောက် ၆၂၄-ခုနှစ်သို့ ရောက်သောအခါ–

(၅) သုမုန္နရီမင်းကြီးသည် သီရိခေတ္တရာပြည်ကြီး၌ "ဒေါဒေါရသ" ကိန်းခမ်းအရ ၂-ခုကြွင်းထား၍ သက္ကရာဇ် (၆၂၂) နှစ်တို့ကို ဖြိုလိုက်ပြန်လေသည်။ ထိုနောက် ၅၆၂-ခုနှစ်သို့ ရောက်ပြန်သောအခါ–

(၆) ပုပ္ပါးစောရဟံ မင်းကြီးသည် ပုဂံပြည်၌ "အလံဗိက" ကိန်းကြုံ၍ "ခဆ ပဥ္စန်း" ခေါ် နှစ်ပေါင်း (၅၆၀) တို့ကို ၂-ခုကြွင်းထားလျက် ဖြိုလိုက်ပြန်လေသည်။ ထိုမှနောက် သက္ကရာဇ် (၈၀၀) ခုနှစ်သို့ ရောက်သော အခါ–

http://www.dhammadownload.com

(၇) မိုးညှင်း မင်းတရားကြီးသည်၊ "အဋ္ဌန၀ သတ္တကိန်း" သို့မဟုတ် "ဗဿူဆိဒ္ဓမုနိကိန်း" အရ (၇၉၇) ခုနှစ်တို့ကို ဖြိုပြန်သော်လည်း ကိန်းခမ်း မရောက်၍ မပြိုမကြေဟု ပညာရှိတို့ ဆိုကြကုန်၏၊ ထိုနောက်ကား သက္ကရာဇ်ဖြိုမင်း မရှိ မပေါ်သေးပေ။

သက္ကာယဒိဋ္ဌိ ၂၀။ ။ထင်ရှားရှိနေသော ခန္ဓာ ၅-ပါးကို ငါ, ငါ့ဥစ္စာဟု စွဲယူနေခြင်းမျိုး ၂၀-ဟူ၏၊ အကျယ်ကိုမူ မူလပဏ္ဏာသ။ပါ။ ၃၇၃-၃၇၄ ။ဌ။ ဒု-အုပ်။ ၃၅၀-၃၅၉။ ခန္ဓ၀ဂ္ဂသံယုတ် ။ဌ။ ၂၂၉-တို့၌ ရှုပါလေ၊ ဤ၌ မြန်မာလို အလွယ်ဆုံးနည်းဖြင့် ပြသွားမည်၊ ရှုပကွန္ဓာ၌။ (၁) ရုပ်သည်ပင်လျှင် ငါ၊ (၂) ငါ သည်ပင်လျှင် ရုပ်၊ (၃) ရုပ်၌ ငါရှိသည်၊ (၄) ငါ၌ ရုပ်ရှိသည်၊ ကျန်ခန္ဓာတို့၌လည်း ဤနည်းအတိုင်း ၄-ပါးစီ ယူပါ ၂၀-ဖြစ်၏။ ပုံ-၀ေဒနာသည်ပင်လျှင် ငါ၊ ငါသည်ပင်လျှင်-၀ေဒနာ၊ ၀ေဒနာ၌ ငါ, ရှိသည်၊ ငါ၌ ၀ေဒနာရှိသည် ဟူ၏၊ သညာ, သင်္ခါရ, ဝိညာဉ်တို့၌လည်း ဤနည်းအတိုင်းပင် ယူပါလေ။

သက်တန့်အပြား၊ မျိုး ၃-ပါး၊ သိကြား လွှတ်သည့်လေး။ ။ဤနှုခနုခေါ် မိုးကောင်းကင်မှ ထွက်ပေါ်သော လေးကိုင်းသဏ္ဌာန် သက်တန့်၏ အမည် ၃-ပါး၊ ဤနှု-သိကြား၊ ဓနု-လေး။ (၁) စို့-နံနက်ခင်း၌ နေမင်း အရှေ့အရပ်တွင် ရှိနေစဉ် အနောက်အရပ်၌ ပေါ်ထွက် ပေါက်ရှိနေသော သက်တန့်ကို စို့ပေါက်သည်၊ စို့ထွက်သည်ဟု ခေါ်ကြ၏၊ (၂) ကြိတ်-မှန်းတည့်သကဲ့သို့ မိုးကောင်းကင်အလယ်၌ တည်သော သက်တန့်ကိုကြိတ်၊ သို့မဟုတ် ကြတ်ထွက်သည်ဟု ခေါ်ကြ၏၊ (၃) သက်တန့်, စက်တန့်-ညချမ်းအခါ အနောက်အရပ်မှာ နေရှိနေခိုက် အရှေ့အရပ်၌ အဝေါင် ပေါ်သည်ကို သက်တန့်ပေါ်သည်၊ စက်တန့်ထွက်သည်ဟု ခေါ်ကြပြန်၏။

သက်တော်ရှည်ရာသော ကုသိုလ်မျိုး ၆-ပါး။ ။အသက်ရှည်လိုသူတို့ လိုက်နာ ပြုကျင့်ရန် ဤခြောက်ပါးသော ကုသိုလ်အထူးကို အားထုတ်၍ သီဟိုဠ်ကျွန်း၌ ဝသဘမင်းကို ၁၂-နှစ် အသက် နေစစ်ရှိသည်ဟု ဗေဒင်ပညာရှိ နိမိတ်ဖတ်သူတို့ ဟောလျက် ၄၂-နှစ် တိုင်အောင် နေရဘူးကြောင်း မျှဉ်းနှင့် မဟာဝင်ကျမ်းမှာ လာသည်။ (၁) ပရိသဝန ဒါန- ရေစစ်အလှူ၊ (၂) ဂိလာန ဘေသ္ဇ ဒါန- သူနာတို့ အဖို့ ဆေးစသော အာဟာရအလှူ၊

http://www.dhammadownload.com

(၃) အာဝါသ ဒါန- ကျောင်း, စရပ်အလှူ၊ (၄) ဇိဏ္ဏက ပုဒ္ဓိသခါရကာ ဟောင်းနွမ်း ပျက်စီးသော ကျောင်း, စရပ်, စေတီ စသည်ကို ပြင်ဆင်သော ကောင်းမှု၊ (၅) နိစ္စ ဂရုမမှ သီလ- ငါးပါးသီလ အမြဲ ဆောက်တည်သော ကောင်းမှု၊ (၆) ဥပေါသထ သီလ- ရံခါ ဥပုသ်စောင့်သုံးသော ကောင်းမှု။

သက် သံအပြား၊ ၁၀-ပါး၊ ထင်ရှား ကဗျာဝင်။ ။ဂုဏ်းသရုပ် (ဘယ်သံ ၁၀-ပါး)နှင့် တူ၏။

သကဒါဂါမ် ၁၂-ယောက်။ ။သုတ္တန်ပါတ် အဋ္ဌကထာ။ ပ-အုပ်။ ၂၀၂။ ကာမ, ရူပ, အရူပဘုံ၌ ဖြစ်သော သကဒါဂါမ် ၃-ယောက်ကို တည်၊ ပဋိပဒါ **၄-ပါး**နှင့် မြောက် ၁၂-ယောက် ဖြစ်၏။

သုကဒါဂါမ် မျိုး ၆-ပါး။ ။ကာမဘုံ၌ တကြိမ်သာ ပဋိသန္ဓေနေရသူ သို့မဟုတ် မိမိ မင်္ဂ ရရာဘုံ၌ တကြိမ်သာ ပဋိသန္ဓေနေရသူ ၆-ယောက်။ (၁) ဣဓ ပတ္တာ ဣဓ ပရိနိဗ္ဗာယီ- ဤလူ့ပြည်၌ သကဒါဂါမ် အဖြစ်သို့ ရောက်၍ ဘဝမခြားဘဲ ရဟန္တာဖြစ်လျက် ပရိနိဗ္ဗာန် စံဘူး၊ (၂) ဣဓပတ္တာ တတ္ထ ပရိနိဗ္ဗာယီ-လူ့ပြည်၌သကဒါဂါမ်ဖြစ်,ဒုတိယဘဝနှတ်ပြည်၌ ပဋိသန္ဓေနေ, ထို၌ပင် ပရိနိဗ္ဗာန်စံ၊ (၃) တတ္ထပတ္တာ တတ္ထ ပရိနိဗ္ဗာယီ- ထိုနှတ်ပြည်၌ သကဒါဂါမ်ဖြစ်၊ ထို၌ပင် ရဟန္တာဖြစ် ပရိနိဗ္ဗာန်စံ၊ (၄) တတ္ထပတ္တာ ဣဓ ပရိနိဗ္ဗာယီ- နှတ်ပြည်၌ သကဒါဂါမ်ဖြစ်, လူ့ပြည်၌ ဒုတိယဘဝ ပဋိသန္ဓေနေ ရဟန္တာဖြစ် ပရိနိဗ္ဗာန်စံ၊ (၅) ဣဓပတ္တာ စတ္ထ နိဗ္ဗတ္တိတ္တာ ဣဓ ပရိနိဗ္ဗာယီ- လူ့ပြည်၌ သကဒါဂါမ်ဖြစ်, ဒုတိယဘဝ နှတ်ပြည်၌ သန္ဓေနေပြီးလျှင် တတိယဘဝ လူ့ပြည်၌ဖြစ် ပရိနိဗ္ဗာန်စံ၊ 'ငင်းကား ပဋိသန္ဓေ ၂-ခါနေ၏'၊ (၆) တတ္ထပတ္တာ ဣဓ နိဗ္ဗတ္တိတ္တာ တတ္ထ ပရိနိဗ္ဗာယီ- နှတ်ပြည်၌ သကဒါဂါမ်ဖြစ်,ဒုတိယဘဝ လူ့ပြည်မှာ ပဋိသန္ဓေနေ,တတိယဘဝ ထိုနှတ်ပြည်၌ဖြစ် ပရိနိဗ္ဗာန်စံ၊ 'ငင်းလည်း ၂ ခါ ပဋိသန္ဓေနေပင်'။

သင်္ကန်းအပြား၊ မျိုး ၂-ပါး၊ အပ်ငြား ရဟန်းတော်။ ။ရဟန်းတော်များ ဝတ်ရုံနိုင်သည့် သင်္ကန်းမျိုး ၂-ပါး။ (၁) ဂဟပတိ စီဝရ- လူ နှတ် စသော ဒါယကာတို့ ပေးလှူသော သင်္ကန်းမျိုး၊ (၂) ပံသုကူလ စီဝရ- ပုံသကူ ကောက်၍ ချုပ်လုပ်သော သင်္ကန်းမျိုး။

http://www.dhammadownload.com

သင်္ကန်း ၃-ထည်။ ။တိစီဝရိုက်ခေါ် သုံးထည်သော သင်္ကန်း။ (၁) သံဃာဇိ-နှစ်ထပ် သင်္ကန်းကြီး၊ ၎င်းကိုပင် ဒုကူဋ် သင်္ကန်းကြီး ခေါ်သေး၏။ (၂) ပါရုပ်နှ-ကိုယ်ဇတ် ကေစီ၊ (၃) အန္တရ ဝါသက-ခါးဝတ်သင်းပိုင်း၊ ၎င်း ကေစီနှင့် သင်းပိုင် ၂-ထည်ကို ဒွိစုံ ဟု ခေါ်သည်။

သင်္ကန်း ၉-ထည်။ ။ရဟန်းတော်တို့၏ အသုံးအဆောင် အဝတ် အထည် ၉-မျိုး။ (၁) အန္တရ ဝါသက-ခါးဝတ် သင်းပိုင်၊ (၂) ဥတ္တရာ သင်္ကိုယ်ရုံ ကေစီ၊ (၃) သံဃာဋိ-ဒုကူဋ် နှစ်ထပ်သင်္ကန်း၊ (၄) ပစ္စတ္ထရဏ-အိပ်ရာခင်း အပေါ်လွှမ်း၊ (၅) မုခ ပုဉ္ဆန စောင-မျက်နှာသုတ်ပုဝါ၊ (၆) ပရိက္ခရာ စောင-ရေစစ် ပုဝါ၊ လက်သုတ်ပုဝါ ခြင်ထောင်စသော အတို အထွာ ပရိက္ခရာ အထည်မျိုး၊ (၇) နိသီဒန-နိသီဒိုင် ခင်းနှီး၊ (၈) ဝဿိက သာဋိက-မိုးခ်းရေခံပုဆိုး၊ (၉) ကဏ္ဍုပ္ပဋိစ္ဆာဒိ-အမာလွှမ်း သင်္ကန်း။

သင်္ကန်းချုပ်ရာ၊ ခွင့်ပြုမှု၁၊ ၆-ဖြာချည်မျိုး အာဘယ်နည်း၃။ ။ရဟန်းတော်များ သင်္ကန်းအဖြစ် အပ်သော ချည်မျိုး ၆-ပါးကိုသာ ဘုရားမိန့်မှာ ခွင့်ပြုခဲ့၏။ (၁) ခေါမံ-ခေါမ မည်သော ခုံလျှော်ချည် သင်္ကန်း၊ (၂) ကပ္ပါသိကံ-ဝါချည် သင်္ကန်း၊ (၃) ကောသေယျံ-ပိုးချည်သင်္ကန်း၊ (၄) ကမ္မလံ-သိုးမွေးချည် သင်္ကလပ် သင်္ကန်း၊ (၅) သာဏံ-ပိုက်ဆံလျှော်ချည် (သို့)သား) ရှုံသား သင်္ကန်း၊ (၆) ဘင်္ဂံ-အထက်ပါ ချည် ငါးပါးဖြင့် ပြီးသောသင်္ကန်း။

သင်္ကန်းလွှရကျိုး ဂ-ပါး။ ။ဝင်း အက္ခယ် အပဒါန် ။ပါ။ ပ-အုပ်။ ၃၅၀-၌ ရှုပါ။ (၁) ရွှေအဆင်းကဲ့သို့ လှပခြင်း၊ (၂) အညစ်အကြေး ကင်းစင်ခြင်း၊ (၃) ပြိုးပြိုးပြက်ပြက် အရောင် အဝါထွက်ခြင်း၊ (၄) တန်ခိုးအာနုဘော် ကြီးခြင်း၊ (၅) ကိုယ်လက်အင်္ဂါ ပြေချော လှုပ်ရှင်းခြင်း၊ (၆) အဆင်း အရောင် အလှပဆုံးဖြစ်သော အဝတ်အထည်တို့ကိုသာ ဆင်မြန်းရခြင်း၊ (၇) အကောင်းဆုံး ပိုး ဖဲ ကတ္တီပါ အဝတ်အထည်တို့ကိုသာ ဆင်ဝတ်ရခြင်း၊ (၈) တိုင်းကြီး ပြည်ကြီးတို့မှ ဖြစ်သော မွန်မြတ်နည်းသည့် အထည် အဝတ်တို့ကိုသာ ရနိုင်၍ ဆင်ယင်သုံးဆောင်ရခြင်း။

သင်္ကန်းမျိုး ၉-ပါး။ ။ကာသ သင်္ကပ္ပ, ဗျာဝဟာရ သင်္ကပ္ပ, ဝိဟိံသာ သင်္ကပ္ပ, အနဓိမာန်ယ် "ဝိတက် ၃-ပါး"နှင့် တူ၏။

http://www.dhammadownload.com

သင်္ကြန် တွင်းမှာ၊ ရှောင်ကြဉ်ရာ၊ ၁၀-ဖြာ တရားစု။ ။ရှေးဖဲညာရှင်တို့ သွန်သင်ဆုံးမချက် အဆင့်စကား ဆယ်ပါး၊ ၎င်းတို့ကို ရှောင်ရှားခြင်းဖြင့် ကျက်သရေချမ်းသာ မင်္ဂလာများ တိုးပွားသည်။ (၁) ရှဒဲ- ငိုကြွေးခြင်း၊ ပူဆွေးခြင်း၊ (၂) မေထုန- မေထုန်သံဝါသပြုမှု၊ (၃) မံသ-အသားဟင်းလျာ စားသောက်ခြင်း၊ (၄) သူရာ-သေရည် သောက်စားမူးရစ်ခြင်း၊ (၅) ကောဓ- အမျက်ဒေါသ ထွက်ခြင်း, သတ်ပုတ်ခြင်း၊ (၆) ဂှဓိရ-သွေးဖောက်, သွေးထုတ်ခြင်း၊ (၇) တေလိက- ဆီလိမ်း, ဆေးလိမ်းခြင်း၊ (၈) ဂှက္ခစ္ဆေဒ-သစ်ပင်ဖြတ်ခြင်း ထင်းခုတ်ခွဲခြင်း၊ (၉) ကိဏ ဝယ်ယူခြင်း၊ ကျီသွင်းခြင်း၊ (၁၀) ဝိက္ကဏ- ရောင်းခြင်း၊ ဆိုင်ထွက်ခြင်း။

သင်္ကြန်မျိုး ၁၂-ပါး။ ။ရောက်ဆဲသက္ကရာဇ်ကိုတည်၊ ၂-ခုနှုတ်၊ ၁၂-ခုနှင့်စား။ ၁-ကြွင်းမူ ဇေယျသင်္ကြန်၊ ၂-ကြွင်းမူ ဝိသာခါ သင်္ကြန်၊ ၃-ကြွင်းမူ ဇေဋ္ဌ သင်္ကြန်၊ ၄-ကြွင်းမူ အာသဠှိသင်္ကြန်၊ ၅-ကြွင်းမူ သရဝဏ်သင်္ကြန်၊ ၆-ကြွင်းမူ အဒ္ဒြသင်္ကြန်၊ ၇-ကြွင်းမူ အဿယုတ္တ သင်္ကြန်၊ ၈-ကြွင်းမူ ကြတ္တိကာသင်္ကြန်၊ ၉-ကြွင်းမူ မိဂသီသင်္ကြန်၊ ၁၀-ကြွင်းမူ ဖုဿသင်္ကြန်၊ ၁၁-ကြွင်းမူ မာဃသင်္ကြန်၊ ၁၂-ကြွင်းမူ ဖဂ္ဂုဏသင်္ကြန်ဟု သင်္ကြန်လကဲရိုး ကျမ်းတို့၌ လာရှိ၏၊ အခြား သင်္ကြန်နှစ် အမည်မျိုးလည်း များစွာ ရှိသေး၏။

သခ်ါရတရား ၃-ပါး။ ။ယမိုက် ။ပါ။ ဒု-အုပ်၊ ၁။ ပဥ္စုပကြိုဏ် ။ဌ။ ၃၁၃။ လောကနယ်ပယ်အတွက် ချယ်လယ်ပြုပြင် စီရင်ပေးနေသော တရား ၃-ပါး။ (၁) ပုညာဘိသခ်ါရ- မဟာကုသိုလ်, ရူပကုသိုလ်စေတနာစု၊ လူ့ဘုံ, နတ်ဘုံ, ရူပပြဟ္မာ့ဘုံ အတွက် ပြုပြင်ဒေးသည်၊ (၂) အပုညာဘိသခ်ါရ- အကုသိုလ်စိတ် ၁၂-ခု၌ ယှဉ်သော စေတနာစု၊ အပါယ် ၄-ဘုံ အတွက် ပြုပြင်ပေးသည်၊ (၃) အာနဉ္ဇာဘိသခ်ါရ-အရူပကုသိုလ် ၄-ခု၌ ယှဉ်သော စေတနာစု၊ အရူပပြဟ္မာ့ဘုံအတွက် ပြုပြင်စီစဉ်ပေးသည်။

သခ်ါရ ဟရားကြီး ၄-ပါး။ ။ရေ, မြေ, တော, တောင်, သမုဒ္ဒရာနှင့် တကွ သတ္တဝါ ဟူသမျှတို့ကို ဖန်ဆင်း စီမံ၍ ပေးနေသော အပြုတရား ကြီး လေးပါး။ (၁) ကံ-ကောင်းပြု, မကောင်းပြု ဟူသမျှ၊ (၂) စိတ်-အာရုံပြုတတ်, သိတတ်သော တရားစု၊ (၃) ဥတု-ပူမှု, အေးမှု ဟရားစု၊ (၄) အာဟာရ-အာဟာရ ၄-ပါး တရားစု။

http://www.dhammadownload.com

သင်္ဂမျိုးပြား၊ ၇-ပါး၊ ရေးသား စာဆိုတော်။ ။ပါဠိစာဆို မြန်မာစာဆိုတို့ အောက်ပါသင်္ခါ ၇-ပါးဖြင့် ထိုက်သလို ရေးစပ်သွားကြ၏။ (၁) မိဿက သင်္ခါ-ရောပေါင်းယူရသော သင်္ခါမျိုး။ ပုံ-စတုစ, ဒသစ, (စတုဒ္ဒသ) လေးခုတလီ, ဆယ်ခုတခြား, (ဆယ့်လေးပါး) ကို စသည်သိ၊ (၂) ဂုဏိဇာ သင်္ခါ-မြောက်၍ ယူရသော သင်္ခါမျိုး။ ပုံ-သတဿ,ဒ္ဓိက်, (ဒ္ဓိသတံ) တရာယူမှု, နှစ်ခုတမျိုး, (နှစ်ရာဘိုးကို) စသည်သိ၊ (၃) သမ္မန္ခ သင်္ခါ- စပ်၍ ယူရသော သင်္ခါမျိုး။ ပုံ-ကေ,ဒ္ဓီ, တိ, စတုပဥ္စ, (တသောင်း နှစ်ထောင် သုံးရာ လေးဆယ့်ငါး) စသည်သိ၊ (၄) သင်္ကေတ သင်္ခါ-တစုံတခု နည်းမှတ်ပြု၍ ယူသော သင်္ခါမျိုး။ ပုံ-ရာမ,ဆိုလျှင် ၃-ခုဟုသိ၊ စက္ခုဆိုလျှင် ၂-ခုဟုသိ၊ နေ့,လဆိုလျှင် တခုစီဟု သိ၊ သီတာ, ဗသျှု, ကာသိ, နဟုတ, လက္ခဏ, စသည်တို့တည်း၊ (၅) အနေက သင်္ခါ-အများဟော သင်္ခါမျိုး။ ပုံ-သတ တေဇော, သဟဿ ရံသိ, အရာ မကသော တန်ခိုး, အထောင် မကသော ရောင်ခြည်တော် စသည်တို့တည်း၊ (၆) ပိဋ္ဌက သင်္ခါ- အကွရာအမှတ်ဖြင့် စပ်ဆိုရေတွက်ခြင်းမျိုး။ ပုံ-က ၁-ခု၊ စ ၆-ခု၊ ဏ ၅-ခု စသည် သိလေ၊ (၇) အဓိကသင်္ခါ-အပိုအမို ရေဆိုသော သင်္ခါမျိုး။ ပုံ-ငါးရာ့ငါးဆယ်၊ ဇာတ်တော်ဝယ်တည့်။ ၅၄၇-ဇာတ်သာ ရှိသည်။

သင်္ခါရေနည်း၊ နိသျည်း၊ ထုံးမှိုး ၃-ပါးလာ။ ။အရေအတွက်ကို ယူရာ၌ နည်း ၃-ပါးနှင့် ညှိနှိုင်း၍ ယူရသည်။ (၁) ဥိနသင်္ခါ-လျော့နေသော်လည်း ဖြည့်စွက်၍ ယူရသည်။ ပုံ-ငါးရာ့ငါးဆယ် ဇာတ်တော်ကဲ့သို့၊ (၂) အဓိက သင်္ခါ-ဆိုသည်ထက် ပို၍ ယူရသော သင်္ခါမျိုး၊ ရောင်ခြည်တထောင် မြတ်ဘုန်းခေါင်ကဲ့သို့၊ (၃) သမာန သင်္ခါ-အညီအမျှ ဆိုတိုင်းသာ ယူရသော သင်္ခါမျိုး။ ပုံ-ကိုးခန်းပျို့တို့လို။

သင်္ခေါ် ၄-ရပ် ခေါ်ဆိုအပ်၊ ပညတ်နာမည်ဖေါ်။ ။ကျွှဲ့ လေးသင်္ခေါ်နှင့် ကပ္ပါတသိန်း'သင်္ခေါ်လေးရပ် အသိန်းကပ်'စသော ဝေါဟာရ စကားရပ်တို့ အရာ သင်္ခေါ်လေးရပ်၏ အမည်များ ဟူ၏။

(၁) သေလ အသင်္ခေါ်-ဒီပင်္ကရာ မြတ်စွာဘုရားနှင့် ကောဏ္ဍည ဘုရားတို့ အကြားဝယ် မရေမတွက်နိုင် များစွာသော သုည်ကပ္ပါပေါင်း၏ ဖြစ်ထွေ ပုဗ္ဗန္တရ အချိန်ကာလ။

http://www.dhammadownload.com

(၂) ဘာသ အသခ္ခေါ်-ကောဏ္ဍညဘုရားနှင့် မဂ်လဘုရားတို့ အကြားဝယ် ရှည်လျားသော သုညကပ္ပါတို့၏ ဖြစ်ထွေ။

(၃) ဇယ အသခ္ခေါ် သောဘိတဘုရားနှင့် အနောမဒဿီဘုရား နှစ်ဆူတို့ အကြားဝယ် မရေမတွက်နိုင် များစွာသော သုညကပ္ပါတို့၏ ရှည်လျားသော အခါန်ကာလ။

(၄) ရှစိ အသခ္ခေါ်-နာရဒဘုရားနှင့် ပဒုမုတ္တရ ဘုရားရှင် နှစ်ဆူတို့ အကြား ဝယ် ရှည်လျားစွာသော သုညကပ္ပါတို့၏ အခါန်ကာလ။

သခ္ခေါ်မျိုးပြား၊ ၇-ပါး၊ သိထားကြစေရာ။ ။စိန္တိတံ သတ္တသခ္ခေါ်ယံ-အရ သခ္ခေါ် ၇-ပါး၊ ထိုအတွင်း၌ ဘုရားပေါင်း ၁၂၅၀၀၀-ကို ဖူးတွေ့ခဲ့ရ၍ စိတ်ဖြင့် ဘုရားအဖြစ်ကို ဆုပန်ခဲ့သည် ဟူ၏။ (၁) နန္ဒ အသခ္ခေါ်၊ (၂) သုနန္ဒ အသခ္ခေါ်၊ (၃) ပဇာဝတီ အသခ္ခေါ်၊ (၄) မဏ္ဍ အသခ္ခေါ်၊ (၅) ဓရဏီ အသခ္ခေါ်၊ (၆) သာဂရ အသခ္ခေါ်၊ (၇) ပဏ္ဍရိက အသခ္ခေါ်။

သခ္ခေါ်အပြား၊ မျိုး ၉-ပါး၊ ပိုင်းခြား တနည်းလော။ ။နဝသခ္ခေါ်ယ ဝါစကံ-အရ သခ္ခေါ်အမည်မျိုး ၉-ပါး၊ ထိုအတွင်း၌ ဘုရားပေါင်း ၃၇၇၀၀၀ တို့ထံ ဆည်းကပ်ခစားပြီး နှုတ်ဖြင့်ဆုတောင်းဘူးပြီ ဟူ၏။ (၁) သမ္ဘဘဒ္ဒ အသခ္ခေါ်၊ (၂) သမ္ဘဗုလ္လ အသခ္ခေါ်၊ (၃) သမ္ဘရတန အသခ္ခေါ်၊ (၄) ဥသဘက္ခန္ဓ အသခ္ခေါ်၊ (၅) ခန္ဓုတ္တမ အသခ္ခေါ်၊ (၆) မာဏိတ အသခ္ခေါ်၊ (၇) ဘဒ္ဒ အသခ္ခေါ်၊ (၈) ပဒုမ အသခ္ခေါ်၊ (၉) သမ္ဘဘလ္လ အသခ္ခေါ်။

သင်္ဂဟတရား မျိုး ၄-ပါး။ ။ဣတိဝုတ် ။ပါ။ ၂၀၉ ။ဌ။ ဂ၉။ မင်းကောင်း, မင်းမြတ်တို့ ကျင့်ရာသောတရား လေးပါး။

(၁) သဿ မေဓ-တိုင်းပြည်နိုင်ငံ ပေါ်၌ ကျရောက် ဖြစ်ထွန်းသမျှသော စီးပွားချမ်းသာတို့မှ မွှးမတ်ပြည့်သူတို့ ညီနိုင်းတိုင်ပင်စည်းဝေးကြပြီး လျှင် မည်၍မည်မျှ ကောက်ခံ တောင်းယူရမည် ဟူသောပြဋ္ဌာန်းချက် ဥပဒေအတိုင်း အပိုအမိုမရှိ မနာကြည်း မထိခိုက်ရအောင် ကောက်ခံ ခွံယူသော လယ်ခွန်တော်နှင့် အခြားအခွန်ဟော်မျှား။

http://www.dhammadownload.com

(၁) ပုရိသ မေ- မင်း, မှူးမတ်, ရဲမက်, လက်နက်ကိုင် စစ်သား တရား ဥုက္ကိုး စသည့်နိုင်ငံကို စောင့်ရှောက် ထိန်းသိမ်းသော သူတို့ကို ကြီးစဉ်ငယ်လိုက် အထိုက်အလျောက် ကောက်ခံ၍ ရသော အခွန် တော်ငွေကို စားသုံး လောက်အောင် လခရိက္ခာ စားနပ်တော်များ ပေးကမ်း ချီးမြှင့်ရခြင်း။

(၃) သမ္မာ ပါသ-ကုန်သည် လယ်လုပ်တို့ကို အပိတ်အပင် အတားအဆီး အချုတ်အချယ် မရှိ ဖွင့်ပေးရခြင်း, စောင်မသင့်သမျှ စောင်မ ကြည့်ရှုခြင်း, ထို့ထက် အလွန်လည်း ကြီးကျယ် ဖွံ့ဖြိုးနိုင်စေရန် ကူးသန်း လုပ်ဆောင်နိုင်စေရန် အတိုး အပွား မရှိ အရင်းအနှီး အမတော်ငွေကို ပေးကမ်း မ စ ရခြင်း။

(၄) ဝါစာပေယျ- ပြုံးရွှင်ခြင်းလျှင် ရွှေသွားရှိသော ချစ်ဖွယ်ချိုမြေသော စကားတို့ကို သာယာခြင်စွာ ပြောဆိုရခြင်း။

သင်္ဂဟတရား ၄-ပါး၊ တနည်း။ ။သုတ်ပါဌေယျ ။ပါ။ ၁၂၅ ။ဋ္ဌ။ ၁၁၀။ မင်းမှုတပါးသော လူတို့ အဆွေခင်ပွန်း အပေါင်းအဖော် ရကြောင်းတရား ၄-ပါး။ (၁) ဒါန- ပေးကမ်း စွန့်ကြဲခြင်း၊ (၂) ပေယျ ဝဇ္ဇ- ချစ်ဖွယ် သော စကားကို ဆိုခြင်း၊ (၃) အတ္ထ စရိယ- သူ့အကျိုးစီးပွားကို ကျင့်ခြင်း၊ (၄) သမာနတ္တ တာ- ကိုယ်နှင့် တတန်းစားတည်း တာဝ၌ ပေါင်းသင်းဆက်ဆံသွားမူ။

သင်္ဂါဃနာ ၆-တန်။ ။ဘုရားသခင် ဟောကြားတော်မူခဲ့သော ပိဋကတော် ဓမ္မတို့ကို မပျောက်ပျက် မတိမ်ကော သွားစေရန် စုပေါင်း၍ မူမှန်ကို ရွတ်ဆိုမေးမြန်း ဆွေးနွေးဖြေကြား ရေးမှတ်အတည်ပြုခြင်းမျိုး။

(၁) ပဌမ သင်္ဂါယနာ- သုဘရဟန်းကြီး၏ ဗုဒ္ဓ အဝဏ္ဏ စကားကို အကြောင်းပြု၍ ဘုရားသခင် ပရိနိဗ္ဗာန် ဝင်စံပြီးသည်နောက် ဓာတုဘေဒန နွေ၌ စည်းဝေး ရောက်လာတော် မူကြကုန်သော (၇၀၀၀၀) ခုနစ်ဂိန်းမျှသော သံဃာတော်အရှင်မြတ်တို့၏ ဦးစီး နာယက သံဃာ့မထေရ် ဖြစ်တော်မူသော အရှင်မဟာကဿပ မထေရ် မြတ်သည် ဓမ္မာသဝ ဆဋ္ဌာဘိည ရဟန္တာဝင်းရာ ရွေးကောက်တော် မူပြီးနောက် ,အခြံအရံသံဃာတော် ၇၀၀၀၀-နှင့် ဘိုးတော်အဋ္ဌန

http://www.dhammadownload.com

ဖြိုကြွင်း သက္ကရာဇ် ၁၄၀-ခုနှစ် သာသနာသက္ကရာဇ် ၁-ခုနှစ် ဝါခေါင်လပြည့်ကျော် ၁-ရက်နေ့မှ စတင်၍ တပေါင်းလပြည့်နေ့ အထိ ၇-လတိုင်အောင် သုဘ ခေါ် တောထွက်ရဟန်းကြီးကို အကြောင်းပြု၍ ရာဇဂြိုဟ်ပြည် ဝေဿာရတောင်ယံ သတ္တပါဏိဂူလိုဏ်၌ နှုတ်ရွတ်ခါ ဘုရင် အဇာတသတ်မင်းနှင့် ပဌမသင်္ဂါယနာ တင်တော်မူကြလေသည်။

(၂) ဒုတိယ သင်္ဂါယနာ- ဘုရင်အဇာတသတ်မင်း ဖြိုကြွင်း သက္ကရာဇ် အနှစ်တရာရောက် သာသနာသက္ကရာဇ် (၁၀၀)တရာခုမြောက်သော် ဝဇ္ဇီတိုင်းသား အလဇ္ဇီရဟန်းများ၏ အဓမ္မဝတ္ထု ဆယ်ပါး မတရားပေါ် ပေါက်ပြန်၍ (၉၀၀၀) ကိုးသောင်းကုန်သော သံဃာ့အစည်းအဝေးကြီး၏ ဆုံးဖြတ်ချက် အရ ဘုရင် ကာလာသောကမင်းမြတ်နှင့်တကွ အရှင်မဟာယသထေရ် အမှူးပြု ပဋိသမ္ဘိဒါပတ္တ ရဟန္တာ (၇၀၀) ခုနှစ်ရာ ရွေးတော်မူလျက် အခြံအရံ သံဃာတော် ၁-သန်း ၂-သိန်းနှင့် ဝေသာလီပြည် ဝါလုကာရုံ ကျောင်းတော်ကြီး၌ နှုတ်ရွတ်ခါ ရှစ်လတိုင်တိုင် ဒုတိယသင်္ဂါယနာ တင်တော်မူကြသည်။

(၃) တတိယ သင်္ဂါယနာ- သာသနာသက္ကရာဇ် ၂၃၅-ခုနှစ် ရောက်သော အခါ ပါဋလိပြည်ကြီးရှင် ဘုရင် အသောကမင်းမြတ် လက်ထက် ဗာဟိရက တိတ္ထိယ တို့သည် ဗုဒ္ဓသာသနာတော်၌ ရဟန်းပြုကုန်လျက် မိမိတို့မူလအယူ မိစ္ဆာဝါဒကိုသာ ကျင့်ကြံသုံးသပ် နေကြပြန်သော ကြောင့် (၆၀၀၀၀) ခြောက်သောင်းသော မဟာ သံဃာ့ အစည်းအဝေးသဘင်ကြီးက ဆုံးဖြတ်ချက်ချကာ အသောက ဘုရင်မင်းတရားကြီး ကူညီချက်အရ အရှင်မောဂ္ဂလိပုတ္တ တိဿမထေရ် နာယကပြု၍ ရဟန္တာ (၁၀၀၀) တစ်ထောင် ရွေးချယ်စီစစ်ပြီးလျှင် အရံသံဃာ ၆-သန်းနှင့် ထိုနှစ် နယုန်လမှ စ၍ တပို့တဲ့လအထိ ကိုးလတိုင်တိုင် ၎ါတလိပုတ်ပြည် အသောကာရုံ ကျောင်းတော်ကြီး၌ နှုတ်ရွတ်ခါ တတိယ သင်္ဂါယနာ တင်တော်မူကြသည်။

မှတ်ချက်။ ။သီရိစတုရင်္ဂဗလ မြန်မာပညာရှိ ဦးဘေ အလိုအားဖြင့် သာသနာတော် ၂၃၄-ခုနှစ်မှာ တတိယသင်္ဂါယနာ တင်တော်မူသည်ဟူ၍၊ ဖရိဖက်ဆာ ဆရာလွန်းဝေါ် မစ္စတာ မောင်မိုင်း

http://www.dhammadownload.com

အလင်္ကာကျော်စွာ သခင်ကိုယ်တော်မိုင်း အလိုအားဖြင့် ၂၃၅-ဟု ယူ၏၊ ရေး၏၊ စီစစ် ကြပါကုန်။

(၄) စတုတ္ထ သင်္ဂါယနာ- သာသနာတော် သက္ကရာဇ် (၎၅၀)လေးရာ့ငါးဆယ်သို့ ရောက်သောအခါ လင်္ကာဒီပ သီဟဠ တည်းဟူသော သီဟိုဠ်ခေါ် သီဟိုဠ် ကျန်းကြီးသခင် ဘုရင် ဝဋ္ဋဂါမဏိ မင်းတရား ကြီး လက်ထက် ပိဋကသုံးပုံကို အာဂုံဆောင်ကြကုန်သော ရဟန္တာ အရှင်မြတ်တို့သည် နောင် အနာဂတ်ကာလ၌ သတ္တဝါတို့သည် သတိ ပညာ ဆုတ်ယုတ်ကုန်လတံ့၊ နှုတ်တက် အာဂုံ မဆောင်ရွက် မကျက် မမှတ်နိုင်လတံ့တို့ကို မြင်တော်မူကြ၍၊ သာသနာတော်၏ အသက် မပျောက်မပျက် တည်ရှိနိုင်စေရန် ကြံစည်တော်မူဆကာ (၅၀၀)ငါးရာ သော မဟာရဟန္တာအရှင်မြတ်တို့ကို ပေထက်မှာရေးလျက် 'ပေထက်ရွာ' ခေါ် စတုတ္ထ သင်္ဂါယနာကို မဟာသံဃရာဇာ ကြီးမှူးလျက် သီဟိုဠ်ကျွန်း မလယဇနပုဒ် အာလောက လိုဏ်ဂူ၌ တင်တော်မူကြပြန်သည်လည်း တကြိမ်။

(၅) ပဉ္စမသင်္ဂါယနာ- ဂေါဇာ သက္ကရာဇ် ၁၂၃၃-ခု၊ သာသနာတော် (၂၄၁၅)ခုနှစ် ရောက်ပြန်ရာ မြန်မာနိုင်ငံတော် ရတနာပုံ နေပြည်တော်ကြီးကို စည်ထိုး နန်းအိမ်နှင့်တကွ ပဋမလက်မွန် တည်ထောင်တော်မူခဲ့သော ဘုရင်မင်းတုံးမင်းတရားကြီးသည် ဘုရားရှင် ဓမ္မစက်ပေရွက်နှင့် မလျော်ဟု ဆင်ခြင်ပြီးကာ သာသနာ ငါးထောင် (၅၀၀၀) ကုန်အောင် တည်စေနိုင်ခြင်းငှါ ကိုးဖြာ နဝရတ် ကျောက်မြတ်အဝင် ဖြူစင်သန့်ရှင်းသော သလင်းကျောက်ရတနာ အပြင်ဝယ် အကွာရာတော် တင်ပြီးလျှင် ရွှေမင်ရွှေစုတ်နှင့် ရေးသားခတ်နှိပ် တော်မူ၍ အုင်ပြာသာဒီမျှားအတွင်း သွတ်သွင်းခါ ထားတော်မူပြီးမှ တံဆိပ်တော်ရာ သုဓမ္မာဆရာတော်ကြီး ရှစ်ပါးကို ရွေးမျှားရွေးဦး အမှူးပြုကာ (၂၄၀၀)နှစ်ထောင်လေးရာ ကုန်လော သီလဝန် ဂဏဝန် ကလျာဏပုထုဇဉ် သံဃာတော်အရှင်မြတ်တို့နှင့်ဟာကွ ပဉ္စမသင်္ဂါယနာ တင်တော်မူခဲ့သည်လည်း တကြိမ်အားဖြင့် ပေါင်း ၅ကြိမ် ဖြစ်သတည်း။

(၆) ဆဋ္ဌ သင်္ဂါယနာ၊ သစ္စာလေးဆူ အောင်လံထူလျက် ပြိုင်သူဖက် ကင်း တရားမှင်းဖြစ်တော်မူသော ဘုဖွဲ့ရှင်တော်ဘုရားသည် ၄၅-နှစ်

http://www.dhammadownload.com

၂၄၅၀၂)အတွင်း ဟောကြားတော်မူအပ်သော တရားတော်တို့ကို ကြားသွား နိဗ္ဗာန် စံဝင်တော်မူပြီးနောက်၊ ၂၄၉၀-နှစ်ကြာသောအခါ (၁) မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော နိကာယ်ငါးရပ်တို့ကို အထပ်ထပ် အဆင့်ဆင့် ရေးကူး၍ လာကြရာ၌ သတိချုတ်ယင်း ရေးမှားခြင်းဟုဆိုအပ်သော ပမာဒလေခ (ပါဠိပျက်) များကို အထူး သန့်ရှင်း စင်ကြယ် စေလိုသောကြောင့်ဌင်း၊ (၂) ထိုစင်ကြယ်သော ပိဋကတော်များကို စက်တင်ပုံနှိပ်၍ ကမ္ဘာအရပ်ရပ်သို့ ပြန့်နှံ့စေခြင်း အားဖြင့် အဓွန့်ရှည်စွာ တည်စေလိုသောကြောင့်ဌင်း၊ (၃) လွတ်လပ်သော မြန်မာနိုင်ငံတော်နှင့်တကွ ဗုဒ္ဓဘာသာနိုင်ငံ အားလုံးတို့က သာသနာတော်ကို စုပေါင်းအားပေး ချီးမြှောက်လိုသောကြောင့်ဌင်း၊ ဤ ဆဋ္ဌသံဂါယနာပွဲသဘင်ကြီးကို တင်တော်မူကြသည်ဟူ၍ မြန်မာ့ ယိုးဒယား, ကမ္ဘောဇ, သီဟိုဠ်, လော, ဟူသည့် ထေရဝါဒ ငါးနိုင်ငံရှိ သံဃာတော် အရှင်မြတ်တို့၏ ဆုံးဖြတ်တော်မူချက်အရ–

ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့ ရေကူးရပ် သီရိမင်္ဂလာ ကမ္ဘာဇ စေတီတော်အနီး ဆဋ္ဌသံဂီတိ မဟာပါသာဏ ဂုဟာခေါ် လိုဏ်ဂူ တော်ကြီးအတွင်း မြန်မာနိုင်ငံတော်အစိုးရ၏ ပစ္စယာနုဂ္ဂဟဖြင့် သာသနာ့ တော်၊ ၂၄၉၀၊ မြန်မာ့ ဘဒ္ဒ-ခုနှစ်၊ ကဆုန်လပြည့်။ အင်္ဂလိပ် ၁၉၅၄-မေလ (၁၇)ရက်နေ့မှစ၍ မြန်မာ့သီဟိုဠ်,ယိုးဒယား, (ကမ္ဘောဇ) ကမ္ဘော ဒီးယား, (လော) လာအို, ငါးနိုင်ငံတို့နှင့် နှစ်နှစ်တိုင်တိုင် ကျင်းပသည့် ဆဋ္ဌသံဂါယနာပွဲတော်ကြီးတွင် မြန်မာပြည်တွင်းမှ စာပေကျမ်းဂန်တတ် ဆရာတော် သံဃာတော် (၂၄၇၃) ပါး။ ကမ္ဘာ့နိုင်ငံတော် အရပ်ရပ်မှ ကြွလာတော်မူကြသော သံဃရာဇာစသည့် ပိဋကကျမ်းဂန်တတ် အကျော် အမော် ဆရာတော် သံဃာတော် (၁၄၄)ပါး၊ ပေါင်း သံဃာတော် (၂၆၁၇)ပါးတို့သည် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရှ မန္တလေးမြို့ ညောင်ရမ်းဆရာမတော်ဘုရားကြီးအား သံဃထေရ် မဟာဝိနာယက အရာ ထား၍ ၁၃၁၀-ခုနှစ်၊ ကဆုန်လပြည့်နေ့ တိုင်အောင် ၂-နှစ်ပတ်လုံး နိကာယ်ငါးရပ် ပိဋကသုံးပုံ ပါဠိတော်များကို သံဂါယနာတင်တော်မူခဲ့ကြသည်ဟု ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီး၏ သံဂါယနာ မှတ်တမ်းမှ ယူပြသည်။

http://www.dhammadownload.com

မှတ်ချက်။ ။ပါဠိတော် သံဂါယနာတင်အပြီး အဋ္ဌကထာ, ဋီကာ, များကိုလည်း ၁၃၂၃-ခုနှစ်၊ တပို့တွဲလဆန်း ၁၂-ရက်နေ့အထိ အတိဇ မဟာရဋ္ဌစုရှု ဘွဲ့တံဆိပ်တော်ရ မစိုးရိမ်ဆရာတော် ဦးသူရိယ အမှူးရှိသော သံဃာတော်တို့သည် သံဂါယနာတင် တော်မူကြကုန်၏ဟု မှတ်ရာသေးသည်။

ဆဋ္ဌသံဂါယနာ-ချေင်း

မင်းချင်းတို့လေ။ ။သိရိသြဘာ၊ ထောမနာ့တည်း၊ ကောဇာတက်စစ်၊ သက္ကရာဇ်ကား၊ ဆင်္ကေ- တြိကော်၊ ခေတ်ကောင်းဖြစ်ခဲ့၊ ရှင်ချစ်မြတ်စွာ၊ သာသနာမူ၊ ဓ၊ ဇာ၊ ဝ၊ ရ၊ ကဆုန်လ၏၊ ပုဏ္ဏာတိထိ၊ နေ့စနွေဝယ်၊ နာရီဆယ့်နှစ်၊ မွန်းတည့်ဖြစ်၏၊ စွန်းလစ်ဗာရာဏ်၊ မိနစ်မှတ်လော၊ ကောင်းမြတ်ချိန်ခါ၊ မင်္ဂလာဝယ်၊ မြန်မာကရင်၊ ရှမ်း ကချင်နှင့်၊ ပေါင်တူပြိုင်၊ မွန်ရခိုင်တည့်၊ တောင်ပိုင်ထင်ရှား၊ ချင်း ကယားတို့၊ ကိုယ်စား ဥက္ကဋ္ဌ၊ သမ္မတဟု၊ ဌာနရာထူး၊ ဦးဘဦးနှင့်၊ ကြီးမှူးပြုလုပ်၊ ဝန်ကြီးချုပ်ဟု၊ သရုပ်တန္တု၊ စန်းဇွန္နုသို့၊ ဦးနုဘွဲ့ချီး၊ ခေါင်းဆောင်ကြီးတို့၊ ဦးစီးနာယက ပါဝင်ကြသား၊ ဗုဒ္ဓသာသနာ၊ ဘွဲ့သညာဖြင့်၊ ဩဘာသံဟီး၊ အဖွဲ့ကြီးက၊ ခိုင်ဖြိုးလေးဝ၊ ပစ္စယဖြင့်၊ ဆဋ္ဌမဟာ၊ ဒါယကာဟု၊ သဒ္ဓါစင်ဖြူ၊ တာဝန်ယူခဲ့၊ ဇမ္ဗုရုန်ကုန်၊ မြို့ဒဂုန်တွင်၊ ဝသုန်မောဋ္ဌိ၊ အုံဘွယ်ရှိသား၊ သိရိမင်္ဂလာ၊ ကုန်းတော်သာဝယ်၊ ကမ္ဘာတွေင်၊ စေတီယင်္ဂ၏၊ ဝန်းကျင်အနီး၊လိုဏ်ဂူကြီး၌၊ ဘုန်းမီး နေလ၊ မြတ်ဗုဒ္ဓ၏၊ ထေရဝါဒ၊ ဂိုဏ်းစုံမှလျှင်၊ ရဋ္ဌဂုရု၊ ဘွဲ့သေတ္တာဖြင့်၊ ဂုဏ်ပြုဆောင်စွမ်း၊ အခေါင်လှမ်းသည့်၊ ညောင်ရမ်းတဆူ၊ ဦးထိပ်မူလျက်၊ ဝိဓုဇာနည်၊ မဟာထည် (ထေရ်)တို့၊ ငါးပြည်ထောင်စုံ၊ ဓမ္မာရုံဖြင့်၊ အာရုံပြောင့်ပြောင့်၊ ယှင်းမနှောင့်ပဲ၊ နှစ်ထောင့်ငါးရာ၊ မြတ်သံဃာလျှင်၊ ရွှေဗျာဒိတ်မြွက်၊ ဓမ္မစက်ကို၊ ငွေထက္ခရာ၊ စက်အလှာဌ်၊ ကောင်းစွာပိုင်ပိုင်၊ ၂-နှစ်တိုင်အောင်၊ သံပြိုင်ညီမျှ၊ ရွတ်တင်ကြသည်၊ ဆဋ္ဌသံဂါယနာတည့်လေး....သူတော်ကောင်းဖေါ်ရွေ....မင်းချင်းတို့လေ။

ရွှေကွန်းထိပ်တင်ရေးသည်။

မန္တလေး သာသနာဝင်ကျမ်း၊

မိုးကောင်း သာသနာဝင်မှ။

http://www.dhammadownload.com

သင်္ဂြိဟ်ခြင်းမျိုး ၃-ပါး။ ။လူ့ ရှင့် ရဟန်းတို့ ကုယ်လွန် အနိစ္စရောက်သော အခါ သင်္ဂြိဟ်ရခြင်းမျိုး ၃-ပါး။ (၁) ဘုမိ စျာပန- မြေမြှုပ် သင်္ဂြိဟ်ရခြင်း၊ (၂) အဂ္ဂိ စျာပန- မီးဖုတ် သင်္ဂြိဟ်ရခြင်း၊ (၃) ဥဒက စျာပန- ရေမျော သင်္ဂြိဟ်ရခြင်း (စျာပနသာဖြစ်၏ သင်္ဂြိဟ်မဟုတ်ပေ။)

သင့်တင့်လျောက်ပတ်အရပ် ၆-ပါး။ ။ငင်း သရွယ် (ကေမန္တ၁- သင့်လျော်ရာ၊ ၆-ဖြာ အရပ်မျိုး)၌ ရှုပါ။

သဘော်သူကြီးအင်္ဂါ ၉-ပါး။ ။ကျွဲ၌ အင်္ဂါ ၉-ပါးဟု အတိအကျ မယူသင့်တော့လည်း မတွေ့ဘူးသေးပေ၊ ထိုကြောင့် ရှေးပညာရှင်တို့ ဆုံးမသင်ကြားချက်လာ အာစရိယ ဝါဒဖြင့်သာ ဖြေကြားလိုက်သည်။ လေရိပ်မိုးသက်၊ ရေတက်၊ ရေကျ၊ တွေးဆ နက်တိမ်၊ ကွေ့လိမ် ခုတ်မောင်း၊ ရေကြောင်းနှံ့စပ်၊ လမ်းဖြတ်၊ လမ်းကူး၊ ကျွန်းဦး ကျောက်ဆောင်၊ သဲသောင် စည်းဝှေ့၊ ပင်လယ် ဆူနှင့်၊ ရေဖြူ ရေနီ၊ တလိ ရေညို၊ ထိုထို ရေစိမ်း၊ ခမ်းသိမ်း ဖွေနည်း၊ သိနားလည်မှု၊ ထိုဤ လေ့ဖေါင်၊ သဘော်ဆောင်၌၊ တောင်းအောင် ဉာဏ်ရှိန်၊ မာလိမ် တသီး၊ လေ့သူကြီးရာ၊ ခံထိုက်စွာသည်၊ မဟာရေတပ် ပုံနှင်းတည်း။

သစ်ကြီး ၇-ပင်။ ။ဝိသုဒ္ဓိမဂ်။ ပ-အုပ်၊ ၂၀၀-နှင် စုဥနိဒ္ဒေသ ။ဌ။ ၃၉- စသည်တို့၌ ထင်ရှားရှိ၍ တကမ္ဘာပတ်လုံး တည်နေနိုင်သော သစ်ပင်ကြီး များဟူ၏။ (၁) ပါဠလိ အသုရာနဥ္စ- အသူရာပြည်၌ သဒ္ဓတ်ပင်၊ (၂) သုဇဏ္ဏာနဥ္စ သိပ္ပလိ- ဂဠုန်ပြည်၌ လက်ပံပင်၊ (၃) ဇမ္ဗူ ဣဓ မနုဿာနံ- တောင်ကျွန်း လူ့ပြည်၌ ဇမ္ဗူသပြေပင်၊ (၄) ဒဒဝါနံ ပါရိဆတ္တကော- တာဝတိံသာ၌ ပင်လယ်ကသစ်ပင်၊ (၅) ကဒမ္မော အပရဂေါယာနေ- အနောက်ကျွန်း၌ ထိန်ပင် (၆) ကပ္ပရုက္ခော စ ဥတ္တရေ- မြောက်ကျွန်း၌ ပဒေသာပင်၊ (၇) ပုဗ္ဗဝိဒေဟေ သိရိသော- အရှေ့ကျွန်း၌ ကုက္ကိုပင်၊ ကပ္ပဋ္ဌာယီ ဣမေမတာ-ဤသစ်ပင်ကြီးတို့ကား ကမ္ဘာတည်သည် ဟုသိ။

သစ္စာအနက် ၁၆-ချက်။ ။သမ္မောဟဝိနောဒနီ ။ဌ။ ၇၈။ သစ္စာလေးပါး တွင် တပါးတပါး၌ မိမိပင်ကိုယ်သဘော အရ ထင်ရှားအနက်နှင့် အခြား

http://www.dhammadownload.com

သစ္စာသုံးပါးကို ထောက်ထား၍ ထင်ရှားသောအနက်ဟု ၄-ချက်စီ ရနိုင်သောကြောင့် "သစ္စာအနက် ၁၆-ချက်"ဟု ဝေါဟာရစကား ဖြစ်ပွားရ၍ လာလေသည်။

(က) ဒုက္ခ သစ္စာ၏ အနက် ၄-ချက်။ (၁) ပိဋ္ဌနဋ္ဌော-မိမိကိန်းရာ၊သတ္တဝါဝယ်၊ သုံးဖြာဒုက္ခ၊ ဖြစ်ပေါ်ကြလျက်၊ ဒုက္ခဖြတ်ရိတ်၊ ကြောင်းနိမိတ်ဖြင့်၊ ကြိတ်ကြိတ်နင်းနင်း၊ နှိပ်စက်ခြင်း အနက်သဘောလည်း တပါး၊ (၂) သန်တဋ္ဌော-သမုဒယဟိတ်၊ ကြောင်းမဆိတ်သဖြင့်၊ ကံစိတ် ဥတု၊ ဟာရစုတို့၊ အမှုတည်ထွင်၊ ပြုစီရင်အပ်သော အနက်သဘောလည်း တပါး၊ (၃) သန္တာပဋ္ဌော- မင်္ဂြိတ်ရေစင်၊ နှိုင်းစာလျှင်သော်၊ ပူပင်ပြင်းပြ၊ လောင်ကျွမ်းရခြင်း အနက်သဘောလည်း တပါး၊ (၄) ဝိပရိဏာမဋ္ဌော- နှိမ့်ချာန်နန်းသာ၊ စခန်းကွာအောင်၊ ဇရာ မရဏ၊ နှစ်ဌာနဖြင့်၊ ကာလအရှည်၊ မတည်နိုင်ဘဲ၊ ယိုင်လဲဖောက်ပြန်ရခြင်း အနက်သဘောလည်း တပါး။

(ခ) သမုဒယ သစ္စာ၏၊ အနက် ၄-ချက်။ (၁) အာယူ ဟနဋ္ဌော-လောကီအာရုံ၊အဖုံဖုံဝယ်၊ခုံမင်ပြန့်မှု၊ ဒုက္ခထုကို၊လုရက်ကြိုးစားပေါင်းစုခြင်း အနက် သဘောလည်း တပါး၊ (၂) နိဒါနဋ္ဌော-ဒုက္ခချင်းစပ်၊ မကင်းလပ်အောင်၊ နှင်းအပ်သည့်အနေ ဖြစ်စေခြင်း အနက်သဘောလည်း တပါး၊ (၃) သံယောဂဋ္ဌော-ဝဋ္ဋဒုက္ခမှ၊ မလွတ်ရအောင်၊ ဖွဲ့နှောင်မြဲမြံရှက်ခြင်း အနက်သဘောလည်း တပါး၊ (၄) ပလိဗောဓဋ္ဌော-ဝဋ္ဋမှထွက်သွား၊ မင်္ဂလာထားကို၊ ဖျက်ထားကန့်ကွက်၊ နှောင့်ရှက်ခြင်း အနက်သဘောလည်း တပါး။

(ဂ) နိရောဓသစ္စာ၏ အနက် ၄-ချက်။ (၁) နိဿရဏဋ္ဌော- ဒုက္ခဖန်ခါ၊ သံသရာမှ၊ ခန္ဓာဓာတ်သိမ်း၊ လွတ်ငြိမ်းထွက်မြောက်ခြင်း အနက်သဘောလည်း တပါး၊ (၂) ဝိဝေကဋ္ဌော-တဏှာအပေါင်း၊တွယ်တာကြောင်းမှ၊ ကောင်းကောင်းလွတ်ကင်း၊ ဆိတ်ငြိမ်ခြင်း အနက်သဘောလည်းတပါး၊ (၃) အသင်္ခတဋ္ဌော-ကံ စိတ် ဥ ဟာ၊ကြောင်းမျှားစွာတို့၊ ဘဟာတခု၊ မပြုမပြင်၊ မစီရင်လျင်း၊ အကြောင်းကင်း

http://www.dhammadownload.com

သော အနက်သဇာလည်း တပါး၊ (၄) အမတဋ္ဌော-နကိုယ်အနေ၊ အိုသေမရှိ၊ ပကတိခိုင်မြဲသော အနက်သဘောလည်း တပါး။

(ဆ) မဂ္ဂသစ္စာ၏ အနက် ၄-ချက်။ (၁) နိယျာနဋ္ဌော- သံသရာဒုက္ခ၊ ရွှပ်သမျှမှ၊ မုချ တွက်ကြောင်းဖြစ်သော အနက်သဘောလည်း တပါး၊ (၂) ဟေတ္ဌဋ္ဌော-နိဗ္ဗာနဓာတ်၊ အမြိုက်ရပ်သို့၊ဆိုက်ကပ်ရန် အကြောင်း အနက်သဘောလည်း တပါး၊ (၃) ဒဿနဋ္ဌော-သစ္စာ လေးတန်၊ မြိုက်နိဗ္ဗာန်ကို၊ အမှန်ထင်လင်း၊ မြင်နိုင်ခြင်း အနက် သဘောလည်း တပါး၊ (၄) အဓိပတေယျဋ္ဌော- လေးတန်သစ္စာ၊ မြင်ဘို့ရာနှင့်၊ ကိလေသာမီး၊ အပူကြီးကို၊ အပြီးငြိမ်းမှု၊ ကိစ္စစုဝယ်၊ ချယ်လှယ်လွှမ်းမိုး၊ အပ်စိုးနိုင်ခြင်း အနက်သဘောလည်း တပါး။

သစ္စာဓရား ၂-မျိုး။ ။သုတ်သိလက္ခန် ။ဋ္ဌ။ ၃၁၆။ အမှန်မူဟု ယူဆရမည့် တရား ၂-ပါး။ (၁) သမုတိသစ္စာ-လောက ဝေါဟာရအားဖြင့် ခေါ်ဝေါ် ပညတ်ကြသော အမိ,အဖ,ယောကျ်ား,မိန်းမ,လူ,နတ် စသည်၊ (၂) ပရမတ္ထ သစ္စာ-မဖောက်မပြန် မှန်ကန်သော ပရမတ္ထသဘောတရား ဟူသမျှ။

သစ္စာတရား မျိုး ၄-ပါး။ ။သစ္စယမိုက်၊ ပ-အုပ် ။ပ။ ၂၀၅ ။ဋ္ဌ။ ၃၁၀-၌ အကျယ်ရှု။ **အမှန်သိအပ်သောတရား ၄-ပါး။** (၁) ဒုက္ခသစ္စာ- တဏှာ လောဘကြောင့်ဖြစ်သော တေဘုမ္မက ဝဋ်ဆင်းရဲစု အကျိုးတရားများ၊ (၂) သမုဒယ သစ္စာ-တေဘုမ္မက ဝဋ်ဒုက္ခတို့ ဖြစ်ကြောင်းဖြစ်သော တဏှာ လောဘ၊ (၃) နိရောဓသစ္စာ-ဆင်းရဲအပေါင်းတို့၏ ချုပ်ငြိမ်းကင်းပြတ်ရာ မဂ္ဂသစ္စာ၏ အကျိုးဖြစ်သော နိဗ္ဗာန်၊ (၄) မဂ္ဂသစ္စာ-နိဗ္ဗာန်သို့ရောက် ကြောင်း တရားလမ်းကောင်းဖြစ်သော မဂ္ဂင်ရှစ်ပါး။

သစ်ပင်မျိုး ၄-ပါးနှင့် ပရိသတ် ၄-ပါး။ ။သစ်ပင်မျိုး ၄-ပါးနှင့် ပရိသတ် ၄-ပါးကို ဥပမာထား၍ ပြခြင်း။ (၁) ဖေဂ္ဂု သာရ ပရိဝါရော-မိမိကိုယ်တိုင် အနှစ်မရှိသော တောစိုး သစ်ပင်ကြီးသည် အနှစ်ရှိသော သစ်ပင် အပေါင်းတို့၏ အလယ်၌ ဘင်္ဂတယ် နေရသလို၊ သီလပဋိဉာဏ ပုဂ္ဂိုလ်အား သီလအာကျင့်ရှိသော ပရိသတ်က ဝန်းရံနေသကဲ့သို့ သိ၊ (၂) သာရော ဖေဂ္ဂု ပရိဝါရော- အနှစ်မရှိသော လက်ပံပင် စသည်

http://www.dhammadownload.com

တို့ဖြင့် ဝန်းရံခဲ့နေသော အနှစ်ရှိသည့် ကျွန်းပင်ကြီးမျိုးလို၊ (၃) ဖေဂွ၊ ဖေဂွ၊ ပံရိဝါရော့ အနှစ်မဲ့သော လက်ပံပင် စသည်တို့ဖြင့် ဝန်းရံခဲ့နေသော အနှစ်မရှိသည့် ပညောင်ပင်ကြီးမျိုးလို၊ (၄) သာရော သာရဲ့ ပရိဝါရော- ပျဉ်းကတိုးပင် အပေါင်းတို့ ဝန်းရံပေါက်နေသော ကျွန်းပင်ကြီးမျိုးလို သီလအကျင့်ရှိသော ပုဂ္ဂိုလ်အား အကျင့်သီလရှိသော ပရိသတ်က ဝန်းရံခဲ့နေသကဲ့သို့ သိ။

သည်းခံခြင်း အကျိုးထူး ၅-ပါး။ ။ခန္တီအကျိုး ၅-ပါး ဟူ၏၊ အဃက် ၄-ပါးကို ယခုဒီဋ္ဌ အကျိုးရနိုင်သည်မှတ်။ (၁) ဗဟုဇန မနာပ-လူအများတို့ ချစ်နှစ်လိုခြင်း၊ (၂) နှ ဝေရ ဗဟုလ- ဘေးရန် မများခြင်း၊ (၃) နှ ဝဇ္ဇ ဗဟုလ-အပြစ် မရှိခြင်း၊ (၄) အ သံမုဠှ ကာလင်္ကတ- မတွေ့မဝေသေရခြင်း၊ (၅) သုဂတိ သဂ္ဂ လောက-နတ်ရွာ သုဂတိသို့ လားရခြင်း။

သည်းမခံခြင်း အပြစ် ၅-ပါး။ ။ဂင်းသရုပ် အဓိပ္ပါယ်ကို သည်းခံခြင်း အကျိုးနှင့် ဆန့်ကျင်ဘက် ပြန်ယူပါ။

သညာ ၂-ပါး၊ မြတ်တရား၊ ပိုင်းခြားမှတ်ရှုရာ။ ။စျာန် ရရောက်ရေး အခြေခံ တရား နှစ်ပါး။ (၁) အာဟာရေ ပဋိကူလ သညာ- အစာ၌ စက်ဆုပ်ဘွယ် အမှတ်ရှသိ၊ (၂) စတုဓာတု ဝဝတ္ထာန-ဓာတ် ၄-ပါးကို ပိုင်းခြားမှတ်ရှသိ။

သညာ ၁၀-ပါး၊ မြတ်တရား၊ မိန့်ကြား ဖြေတော်မူ။ ။ဂင်းသရုပ် (ရောဂါ ပျောက်ငြိမ်းကြောင်း တရား ၁၀-ပါး)နှင့် တူ၏။

သတ္တဋ္ဌာန ၇-ဆူ။ ။မူလပဏ္ဏာသ ။ဋ္ဌ။ ဒု-အုပ်-၈၉။ ဘုရားရှင်တို့၏ ဓမ္မတာ ၃၀-တွင် ပါဝင်သည့်ဋ္ဌာန ၇-ပါး။

(၁) ပလ္လင် သတ္တာဟ- မောဟတဏှာ၊ အဝိဇ္ဇာကို၊ ပညာသန်လျက်၊ အာသဝက်ဖြင့်၊ ပယ်ဖျက်ခုတ်ထွင်၊ အောင်မြင်တော်မူရာ၊ တရား သန်းတောင်၊ အမြင့်ဆောင်သည့်၊ ရွှေညောင်သီရိ၊ ပင်ဗောဓိ၏၊ ဘုမ္မိသေန်၊ ရွှေမြောက်ယံတွင်၊ တလဲခြားကွာ၊ အရပ်သာဠာ၊ ရတနာစုံ၊ ခြူးအုံခြူးနွယ်၊ လွန်ဆန်းကြယ်သား၊ တဆယ့်လေးတောင်၊ အရောင်ခြောက်ဖြာ၊ အပွရာဇိတော၊ ငါးမာရ် မှခြွေလျက်၊ ပလ္လင်

http://www.dhammadownload.com

ထက်ဝယ်း နွေးခြင်း ပေ၊ ငြိမ်သက်ကွန်ခြေ၊ နေတော် မူရာ၊ အရုပ် **သာလည်း ထက်ဝန်း**

(၂) **အနီမိသ** သတ္တာဟ-ဗောဓိပင်မြောက်၊ အုံလောက်ထင်ရှား၊ ဆယ်လံခြားတွင်၊ ဖဝါးခြေစုံ၊ ရပ်ပြီးတုံမှု၊ အာရုံမလပ်၊ မခပ်မျက်တောင်၊ ရက်လည်အောင်လျှင်၊ ဘုန်းခေါင်လူ့ထိပ်၊ ငါးမာရ်နှိပ်သည်၊ မမှိတ်မျက်စိ၊ ပကတိဖြင့်၊ ရှုကြည့်တော်မူရာ၊ အရပ်သာလည်း တဌာန။

(၃) စက်မ သတ္တာဟ- ရွက်ရင့်ရွေရောင်၊ တပြောင်ပြောင်တည့်၊ ညောင် **ဗောဓိနှင့်၊ အနိမိသ အကြား**၊ ရွေနောက်ယျားရှု၊ သွားမြဲအမှုန်၊ နှစ်လုံကွာတွင်၊ ရတနာစင်္ကြံ၊ ပျော်တုံစံလျက်၊ ခုနစ်ရက်ပေ၊ ငြိမ်သက်ကွန်ခြေ၊ ရောင်ခြောက်ထွေဖြင့်၊ နေတော်မူရာ၊ အရပ်သာလည်း တဌာန။

(၄) ရတနာဃရ သတ္တာဟ- ဗောဓိအောင်ခန်း၊ ရွှေညောင်နှံနှင့်၊ တန်းတန်းမဖြောင့်၊ နောက်မြောက်ထောင့်ဝယ်၊ ဘုန်းကြောင့်ဖြစ်ပြန်၊ ၁၅-လံတွင်၊ ရောင်လျှံသွယ်ဖြာ၊ ရတနာ ၇-ပါး၊ နတ်များဖန်ဆင်း၊ ရွှေအိမ်တွင်း၌၊ သုနင်းမြတ်စွာ၊ ဘိဓမ္မာကို၊ ရက်ကြာသတ္တ၊ မနစိတ်သန်၊ အကြံပျော်ပျော်၊ ဆင်ခြင်တော်မူရာ၊ နာမည်ထူးဆန်း၊ ရွှေအိမ်နန်းလည်း တဌာန။

(၅) အဇပါလ သတ္တာဟ- ညောင်ဗောဓိနှင့်၊ ၃၂-လံ၊ သခ်္ဂါမှန်သည်၊ ရွှေယံမခစောင်း၊ ညောင်ဆိတ်ကျောင်းစယ်၊ နေညောင်းတင့်တယ်၊ စံပယ်တုံလျက်၊ ခုနစ်ရက်ပေ၊ ရောင်ခြောက်ထွေဖြင့်၊ နေတော်မူရာလည်း တဌာန။

(၆) မုဉ္စလိန္ဒ သတ္တာဟ- ညောင်ဗောဓိရွှေ၊ တောင်ခပ်ကွေ့မှန်၊ ၁၅-လံတွင်၊ ပြင်းထန်မောက်ပြိုး၊ ရွာသည့်မိုးကို၊ တန်ခိုးထန်ပြင်း၊ နဂါး မင်းသည်၊ ဆီးနှင်းပေါက်မျှ၊ မကျစေဘဲ၊ ပါးပျဉ်းကာလျက်၊ ခုနစ်ရက်မျှ၊ ချမ်းမြေရိပ်မြုံ၊ ပျော်ပိုက်လှုံသည်လည်း တဌာန။

(၇) ရာဇာ ယတန သတ္တာဟ- ငါးမာရ်နှိပ်နင်း၊ မြေဥကင်းဝယ်၊ ပို့ငှံ့လင်းသီရီ၊ ဝင်းဝင်းညီသည်၊ ဗောဓိတောင်ခွင်၊ မြဿင်စိမ်းလဲ့၊ သခ်္ဂါ

http://www.dhammadownload.com

ဖွဲသေ၁၊ တစ်ဆယ့်တစ်လံ၊ ထိုရပ်ဌာန်တွင်၊ ဘုန်းလျှံမြူးထွေ၊ ကိုယ်တည်းနေ၍၊ ရက်လည်စေ့သော်၊ နတ်ကျော်သိကြား၊ လှူငြားလာဆုံး၊ သုံးလုံးကြဇ၊ ဘုဉ်းပေးပြုမှု၊ စတုလောက၊ ဒေဝထင်ရှား၊ နတ်လေးပါးလည်း၊ လှူငြားလာမြောက်၊ ပဲနောက်အဆင်း၊ ရောင်ခြင်းဖိတ်ဖိတ်၊ သပိတ်လေးလုံး၊ တန်ခိုးဘုန်းကြောင့်၊ တလုံးတည်းဖြစ်၊ နားလေးရစ်နှင့်၊ ဆင့်တုံပြီးမှ၊ တပုဆိုနှင့်၊ ဘလိုကညီနောင်၊ လှူဆောင်ကမ်းလှမ်း၊ ပျားမွှံဆွမ်းကို၊ ဘုဉ်းပေးပြီးခါ၊ စောမြတ်စွာ၏၊ နေရာရပ်ခန်း၊ မြတ်လင်းလွန်းလည်း တဌာန။

သတ်ဖြတ်ခြင်းမျိုး ၆-ပါး။ ။ထင်း သရုပ် (ပယောဂမျိုး ၆-ပါး) ၌ ရှုပါ။

သတ္ထရဘာနံ ၇-တန်။ ။ သတ္ထုဗ္ဗန္တရ ဟူသော ပါဠိပျက်စကား၊ မြင်းမိုရ် တောင်မင်းအား လှည့်လည်ရစ်ပတ် နှောင့်ဖွဲ့ဝန်းရံ ပိုင်းခြားထားသော "တောင်စဉ် ၇-ထပ်"ကို ခေါ်သည်၊ သရုပ်ကို (တောင်စဉ် ၇-ထပ်) ၌ ရှုပါ။

သတ္ထရှုပါ၊ သတ္ထဝါ၊ ၇-ဖြာ ရှုပ်ပုံ အဘယ်နည်း? ။ ။ရှေ့ဘုံနိဒါန်းလာ သတ္တရှုပ ဖေါင်ပုံမှ ယူဖြေသည်။ (၁) ကရဝိက် နှုတ်သီးနှင့် လည်ဆံ၊ (၂) ဆင်စွယ်နှစ်ချောင်းနှင့် နှာမောင်း၊ (၃) နှားလဘို၊ (၄) ငါးကြင်းအမြီး၊ (၅) ကြက်တူရွေး အတောင်၊ (၆) တိုးချိုနှစ်ချောင်း လက်တဖက် ခြေတဖက် အမြီး၊ (၇) မြင်းနှာ နှစ်ဖက် လက်တဖက် ခြေတဖက်။

သတ္တဝါတို့ တည်နေကြခြင်း အကြောင်းတရား ဂ-မျိုး။ ။ရာဂ, ဒေါသ မောဟ, ဒိဋ္ဌိ, အနုသယ, မာန, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ။ မဟာနိဒ္ဒေသ။ ပါ။ ၁၈ ။ဌ။ ဂ၁-၌ အကျယ်ရှုပါ။

သတ္တဝါတို့၏ အညစ်အကြေးတရား ၉-ပါး။ ။ထင်း သရုပ်ကို (လူတို့၏အညစ်အကြေး တရား ၉-ပါး) ယူတေသနာ၌ ဆိုခဲ့ပြီ။

သတ္တဝါသ ဘုံ ၉-ဝ။ ။ပဋိသန္ဓိဒါမင် ။ပါ။ ၂၃ ။ဌ။ ပ-အုပ်၊ ၁၀၆။ သတ္တဝါတို့၏ နေရာဘုံ ကိုး၀။ (၁) နာနတ္တကာယ နာနတ္တသညီ-လူ့ဘုံနတ်ဘုံ၊ (၂) နာနတ္တကာယ ကေတ္တသညီ-အပါယ် ၄-ဘုံ၊ ပဌမစျာန် ၃-ဘုံ၊ (၃) ကေတ္တကာယ နာနတ္တသညီ-ပဋ္ဌကနည်း၌ ဒုတိယစျာန် တတိယစျာန် နှစ်ဘုံ

http://www.dhammadownload.com

ပေါင်း၊ (၄) ဧကတ္တကာယ ကေတ္တသညီ-ပဋ္ဌကနည်း၌ စတုတ္ထစျာန် ၃-ပုံ၊ ဝေဟပ္ဖိုလ်ဘုံ၊ သုဒ္ဓါဝါသ ၅-ဘုံ၊ (၅) အာကာသာနဉ္စာယတနဘုံ၊ (၆) ဝိညာနဉ္စာ ယတနဘုံ၊ (၇) အာကိဉ္စညာယတနဘုံ၊ (၈) နေဝသညာ နာသညာ ယတနဘုံ၊ (၉) အသညသတ်ဘုံ၊ ၎င်းကိုရည်၍ ပါရမီခဏ်း၌ "ယောက်ထား ပညာ၊ မှုတ်သားနာလေ့၊ သတ္တဝါသ၊ ဘုံကိုးဝ၌၊ ပစ်ချ ကြမ္မာ၊ စေတနာကြောင့်၊ သညာဇောတ်၊ နာနတ်ထူးခြား၊ အလားလား လျှင်၊ ငါးပါးဂတိ၊ မှားဘွယ်ရှိ၏" ရှင်မဟာသီလဝံသ။

သတိတရားမျိုး ၂-ပါး။ ။အောက်မေ့တတ် အမှတ်ရတတ်သော တရား ၂-ပါး။ (၁) သတိစစ်-ရတနာသုံးပါး ဆရာမိဘစသော ကောင်းသော အရာများ၌ အောက်မေ့ အမှတ်ရခြင်း သမ္မာသတိ၊ (၂) သတိတု-မိစ္ဆာ အယူ ရှိသူတို့ မိမိတို့ဆိုင်ရာ ဘုရား တရားတွေကို အောက်မေ့ အာရုံပြုမှု မိစ္ဆာသတိ။

သတိပဋ္ဌာန် ၄-ပါး။ ။သတိဖေတသိက်၏ မိမိဆိုင်ရာ အာရုံထဲ၌ လွန်လွန် ကဲကဲ စွဲစွဲမြဲမြဲ သက်ပင် တည်နေရာ ပဋ္ဌာနကြီး ၄-ပါး။ (၁) ကာယာ နုပဿနာ သတိပဋ္ဌာန်-ဆံပင် အမွေးစသော ကောဋ္ဌာသ ပညတ်အစုဝယ် အသုဘအခြင်းအရာအားဖြင့် အထပ်ထပ်ရှုခြင်း၌ မမေ့သော သတိ၊ (၂) ဝေဒနာနုပဿနာ သတိပဋ္ဌာန်-ဝေဒနာအစုကို အဖန်ဖန်ရှုပုံဝယ် ဤကား ကာမသုခဝေဒနာ, ဤကား ဒုက္ခဝေဒနာ, ဤကား ဥပေက္ခာဝေဒနာဟု အထပ်ထပ်ရှုဆင်ခြင်ခြင်း၌ မမေ့သော သတိ၊ (၃) စိတ္တာနုပဿနာ သတိပဋ္ဌာန်-ဤစိတ်ကား ရာဂနှင့် တကွ ဖြစ်သောစိတ်၊ ဤစိတ်ကား ရာဂကင်းသောစိတ်ဟု ခွဲခြမ်းလျက် စိတ်အမျိုးမျိုးဖြစ်ပုံတို့၏ မမြဲပုံ အနိစ္စ လက္ခဏာကို အခါခါအထပ်ထပ် မပြတ်ရှုသော သတိ၊ (၄) ဓမ္မာနုပဿနာ သတိပဋ္ဌာန်-အလုံးစုံသော သခါရကွန္ဓာဓမ္မ အပေါင်းသည် အစိုးမရ အလိုသို့ မလိုက် အနှစ်မပါ အကာသက်သက် အနတ္တမျှသာဟု ဝိပဿနာဉာဏ် ဖြင့် ဆင်ခြင်အောက်မေ့သော သတိ။

သတိပဋ္ဌာန်၊ ပွားများရန်၊ ၃-တန် အင်္ဂါမိန့်။ ။သတိပဋ္ဌာန်တရား ပွားစည်း ရေး၌ ဤအင်္ဂါ ၃-ပါးနှင့် ပြည့်စုံစေရမည်။ (၁) အာတာပီ-အကုသိုလ် ပယ်စွန့်ရေး၌ လုံ့လထားခြင်း၊ (၂) သမ္မဇာန-ဉာဏ်အမြော်အမြင် ကြီးခြင်း၊ (၃) သတိမာ-စွဲမြဲသော သတိ ထားရှိရခြင်း။

http://www.dhammadownload.com

သတိရခြင်း အကြောင်း ၁၆-ပါး။ ။မိလိန္ဒပဉှာ။ (၁) ရှေးရှုသောအားဖြင့် (၂) အမြဲမှတ်ထားသော အားဖြင့်၊ (၃) ရှုန့်ရှင်းသည်ကိုသိသောအားဖြင့်၊ (၄) အကျိုးစီးပွားရှိသည်ကို သိသောအားဖြင့်၊ (၅) အကျိုး မရှိသည်ကို သိသော အားဖြင့်၊ (၆) သဘာဂ- သဘောတူ အာရုံအားဖြင့်၊ (၇) ဝိသဘာဂ- သဘောမတူသော အာရုံအားဖြင့်၊ (၈) စကားကို အောက်မေ့စေသော အားဖြင့်၊ (၉) အမှတ် လက္ခဏာ အားဖြင့်၊ (၁၀) လက်ရေး အားဖြင့်၊ (၁၁) ရေတွက်သော အားဖြင့်၊ (၁၂) ဆောင်ရွက်သော အားဖြင့်၊ (၁၃) ဘာဝနာ အားဖြင့်၊ (၁၄) ပုရပိုဗ်ပေတို့၌ ရေးမှတ်သဖြင့်၊ (၁၅) အနီး၌ နှံထားသော အားဖြင့်၊ (၁၆) အစဉ်ခံစား ဘူးသော အားဖြင့်၊ ဘာတိသည် ဖြစ်၏။

သတ္ထက လေမျိုး ၇-ပါး။ ။လေသင်ခုန်းမျိုးလည်းဟူ၊ ငင်းသရုပ် (လေမျိုး ၈၀ [ခ] ပိုဒ်၌) ရှုပါလေ။

သဒ္ဒါကျမ်းဂန်၊ မျိုး ၃-တန်၊ ပုဂံ ခေါင်ထိပ်ဗေဒ။ ။ပါဠိ သဒ္ဒါကျမ်းကြီးများ တွင် မိမိသုတ်နှင့် မိမိစီရင် ရေးပြုထားခဲ့သော ကျမ်းကြီး ၃-ကျမ်းအနက် ပုဂံခေတ် နရပတိစည်သူမင်းတြားကြီး လက်ထက် သက္ကရာဇ် ၅၁၆-ခုနှစ် တွင် အရှင်အဂ္ဂဝံသဆရာတော် စီစဉ်ရေးပြုတော်မူခဲ့သော သဒ္ဒနီတိကျမ်း သည် ခေါင်ထိပ်ဆုံးဟု သီဟိုဠ်ကျမ်းတတ်အကျော် ဆရာတော်ကြီးများ ချီးကျူး မြွက်ကြားကော် မူခဲ့ကြသည်ဟု ရှေးထုံး စကားစဉ် ရှိ၏။ (၁) ဣန္ဒိယပြည်မှ ရှင်ကစ္စည်းမထေရ် ရေးပြုခဲ့သော 'ကစ္စည်းသဒ္ဒါကျမ်း' ယခုမြန်မာပြည် ရဟန်း သာမဏေတို့ မူလသင်ရိုး လက်စွဲသဒ္ဒါကျမ်းပင် ဖြစ်၏၊ (၂) သီဟိုဠ်ကျွန်းမှ အရှင်မောဂ္ဂလာန်ထေရ် ရေးပြုသော 'မောဂ္ဂလာန ဗျာကရဏကျမ်း'၊ (၃) မြန်မာပြည် ပုဂံမှ အရှင်အဂ္ဂဝံသ ဆရာတော် ရေးသားပြုစုခဲ့သော် 'သဒ္ဒနီတိကျမ်းကြီး' ငင်းကျမ်းစာသက် မှာ ဤသုတေသနသရုပ်ပြ အဘိဓာန်ကျမ်းကိုစတင်ရိုက်နှိပ်သော ၁၃၁၆-ခု နှစ်၌ အနှစ် (၈၀၀) တင်းတင်းပြည့်ခဲ့လေပြီ။

သဒ္ဒါလင်္ကာရ မျိုး ၁၀-ပါး။ ။ငင်းသရုပ်ကို (ဂုဏ် ၁၀-ပါး)မှာကြည့်ပါ။

သဒ္ဒမ္မတရား၊ မျိုး ၃-ပါး၊ ထင်ရှား မိန့်တော်မူ။ ။သူတော်ကောင်း တရား ၃-ပါးဟု ဆိုလိုသည်၊ ငင်းကိုပင် အချို့နေရာ၌ သာသနာ ၃-ပါးဟု ရေးသားကြသည်လည်း ရှိ၏၊ သို့သော် အမှန်ကား နောက် ၂-ပါးကို

http://www.dhammadownload.com

သာသနာဟု မယူဆထိုက်ချေ၊ ပရိယတ္တိသာလျှင် အဆုံးအမစကားတော် အစစ် သာသနာ ဖြစ်ချေသည်။ (၁) ပရိယတ္တိ သဒ္ဒမှ-မြတ်စွာဘုရား၏ အဆုံးအမ စကားတော်များ၊ (၂) ပဋိပတ္တိ သဒ္ဒမှ- ဆုံးမချက်ဒႋတိုင်း လိုက်နာ ကျင့်ကြံမှုများ၊ (၃) ပဋိဝေဓ သဒ္ဒမှ-လိုက်နာကျင့်ကြံမှုအတွက် ရရှိသော လုပ်ခအကျိုး မဂ် ဖိုလ် နိဗ္ဗာန်များ။

သဒ္ဒါအပြား၊ များ ၂-ပါး၊ ခွဲခြား ဓိတ်ဖြာသိ။ ။မိမိတို့ ဘာသာ, ဝါဒဆိုင်ရာ သက်ဝင်ယုံကြည်မှုများ ၂-ပါး။ (၁) သဒ္ဒါတု- ကျေဂက်ခဲကို ဓာတ်တော် စစ်ဟု ယုံကြည်နေခြင်း၊ ဘုရား, တရား, သံဃာ အစစ် မဟုတ်သည်တို့ကို အစစ်မှတ်ထင်ကာ လွန်စွာ ယုံကြည်နေခြင်းများ၊ **မိစ္ဆာဓိမောက္ခ**ခေါ် သဒ္ဒါအတု ဖြစ်၏၊ (၂) သဒ္ဒါစစ်- ရတနာသုံးတန် ကံ, ကံ၏အကျိုးကို ယုံကြည်ခြင်း။

သဒ္ဒါများ ၄-ပါး၊ တနည်း။ ။မဇ္ဈိမပဏ္ဏာသ ။ပါ။ ၂၉၇ ။ဋ္ဌ။ ၂၇၅။ ယုံကြည်လေးစားမှု အပြားလေးပါး။ (၁) ပသာဒ သဒ္ဒါ- ကြည်ညိုသင့်, ထိုက်,အပ်,သော ဂုဏ်ကို မြင်ရ ကြားရလျှင် ကြည်ညိုတတ်သောသဒ္ဒါများ၊ သို့သော် ဉာဏဝိပ္ပယုတ် သဒ္ဒါများဖြစ်၍ မခိုင်မြဲတတ်ချေ၊ (၂) သြကပ္ပန သဒ္ဒါ- ဗုဒ္ဓ၏ အရဟံစသော ဂုဏ်တော်၊ ဓမ္မ၏သွာက္ခာတော စသော ဂုဏ်တော်၊ သံဃာ၏ သုပ္ပဋိပ္ပန္န စသော ဂုဏ်တော်များကို သိ မြင် ကြား၍ ကြည်ညိုသော သဒ္ဒါများ၊ ၎င်းကား ဉာဏသမ္ပယုတ် သဒ္ဒါများ ဖြစ်၍ ယခုဘဝအတွက်တာ ခိုင်မြဲလျက် သေလျှင် ပျောက်သည်၊ (၃) အာဂမ သဒ္ဒါ- ဗုဒ္ဓလောင်းလျာတို့၏ နိယတဗျာဒိတ်ကို ရပြီးရာ ဒါန သီလမှဉ် အစဉ်ပါလာသော သဒ္ဒါများ၊ (၄) အဓိဂမ သဒ္ဒါ- နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ကိုယ်တိုင်မြင်ပြီးသော အရိယာတို့၏ သဒ္ဒါများ။

သန္တောသတရား ၁၂-ပါး။ ။နိဒါနဝဂ္ဂသံယုတ် ။ပါ။ ၃၉၉. ။ဋ္ဌ။ ၁၅၀-၌ အကျယ်ရှုပါ။သန္တုဋ္ဌိခေါ် ရရသမျှနှင့် ဆောင့်မဲ့တင်းတိမ်မှု သဘောတရား, ဆယ့်နှစ်ပါးကို ခေါ်သည်၊ ဤ၌ "ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး" လေးပါးကို တည်၊ အောက်ပါ သန္တောသ ၃-ပါးနှင့် မြောက်သော် ၁၂-ပါးဖြစ်၏။ (၁) ယထာလာဘ သန္တောသ- ကောင်းဆိုးနှစ်ပါး မခွဲခြားဘဲ ရလာသမျှဖြင့်သာ ဆောင့်ရဲ၍နေမှု၊ (၂) ယထာဗလ သန္တောသ- ကောင်းဆိုးထူပါး ခွဲခြားစေဘန်လျက် မိမိနှင့် သင့်လျော်ရုံမျှသာ လိုလှယ်

http://www.dhammadownload.com

ဖလဂ်၍ သုံးဆောင်ခြင်း၊ (၃) ယထာသာရုပ္ပ သန္တေဿသ- ကောင်းမွန်အဖိုးတန်သော ပစ္စည်းမျိုးကို သူတပါးအား ပေးလှူလျက် မိမိမူကား သူတပါးမကြိုက်သော ပစ္စည်းမျိုးကိုသာ ရှာဖွေသုံးဆောင်ခြင်း။

သန့်ရှင်းရေးတရား ၃-ပါး။ ။ဂင်း သရုပ်ကို (သောဓေယျတရား ၃-ပါး)၌ ဆိုအံ့။

သပ္ပါယအပြား မျိုး ၄-ပါး။ ။ရဟန်း, ရှင်, လူတို့ မိမိနှင့် မျှတချမ်းသာမှု သဘောတရား လေးပါး။ (၁) ဘောဇန သပ္ပါယ- စားသောက်မှု၌ သင့်လျော် လျောက်ပတ်ခြင်း၊ (၂) အာဝါသ သပ္ပါယ- နေထိုင်ရာအိုး အိမ် ကျောင်းတို့ လျောက်ပတ်မှု၊ (၃) ပုဂ္ဂလ သပ္ပါယ- ပေါင်းသင်းဆက်ဆံမှု၌ ညီညွတ်သင့်တင့်ရေး၊ (၄) ဥတု သပ္ပါယ- ကျန်းမာရေး၌ သင့်တင့် လျောက်ပတ်မှု။

သပ္ပါယအပြား ၇-ပါး၊ တနည်း။ ။ ဥပရိပဏ္ဏာသ ။၌။ ၁၁၅။
အာဝါသော, ဂေါစရော ဘဿံ၊ ပုဂ္ဂလော, အထ ဘောဇနံ။
ဥတု ဣရိယပထော့ စေဝ၊ သပ္ပါယော သေဝိတဗ္ဗော တိ။

သပိတ်အပြား၊ မျိုး ၂-ပါး၊ ဘုရားခွင့်ပြုချက်။ ။ (၁) မတ္တိကာ ပတ္တ- မြေသပိတ်မျိုး၊ (၂) အယ ပတ္တ- သံသပိတ်မျိုး၊ ရဟန်းတော်များ အတွက် ထိုသပိတ် ၂-မျိုးသာ အပ်၏။

သပိတ်မျိုး ၃-ပါး။ ။ရဟန်း သာမဏေတို့ သုံးဆောင်ရန် ဘုရားခွင့်ပြုတော်မူသော သပိတ် သုံးမျိုး၊ အကျယ်ကို ဝိနည်း ပတ္တဝဂ်၌ ရှုပါ။ (၁) ဥက္ကဋ္ဌ သပိတ်- မပြောမမာ အလောတော် ချက်ပြီး ထမင်း သုံးပြည့် တခွက်ဝင်သော သပိတ်၊ (၂) မဇ္ဈိမ သပိတ်- ၎င်း ထမင်းမျိုး သုံးခွက်နှင့် တစလယ်ဝင်သော သပိတ်၊ (၃) သြမကသပိတ် ၎င်း ထမင်းမျိုး သုံးခွက်နှင့် တလမယ်ဝင်သော သပိတ်။

သပိတ် ၉-လုံး။ ။ပါရာဇိက ။ပါ။ ၃၅၃ ။၌။ ၃-အုပ်။ ၂၀၁။ အထက်ပါသုံးမျိုးကို ကိုးမျိုး ပြားပုံ [က]။ (၁) ဥက္ကဋ္ဌ သပိတ်- အထက်နှင့် တူ၏၊ (၂)ဥက္ကဋ္ဌ၊ကွင်ဋ္ဌ သပိတ်-ဥက္ကဋ္ဌ သပိတ်ထက်ကြီးသည်၊ (၎င်းသည် အဓိဋ္ဌာန်ဝိကပ္ပနာ မဖာပ်။) (၃) ဥက္ကဋ္ဌ သြမက သပိတ်- ဥက္ကဋ္ဌသပိတ်အောက်ငယ်၍ မဇ္ဈိမသပိတ်ထက် ကြီးသည် [ခ]။ (၄) မဇ္ဈိမ သပိတ်- အထက်နှင့်

http://www.dhammadownload.com

တူ၏၊ (၅) မင်္ဂိုမုက္ကဋ္ဌ သပိတ်-မင်္ဂိုမ သပိတ်ထက်ကြီး၍ ဥက္ကဋ္ဌ သပိတ်အောက် ငယ်သည်၊ (၆) မင်္ဂိုမောမက သပိတ်-မင်္ဂိုမသပိတ်အောက် ငယ်၍ သြမက သပိတ်ထက် ကြီးသည်[၇]။ (၇) သြမကသပိတ်-ဒုဃထက်နှင့်တူ၏၊ (၈) သြမက ဥက္ကဋ္ဌသပိတ်- သြမကသပိတ်ထက် ကြီး၍ မင်္ဂိုမ သပိတ် အောက် ငယ်သည်၊ (၉) သြမကောမက သပိတ်- သြမက သပိတ်အောက် ငယ်သည်၊ (ဌင်းသည် အဓိဋ္ဌာန် ဝိကပ္ပနာ မအပ်။) အကျယ် အဆုံး အဖြတ်ကို ဝိနည်းတော် ပတ္တဝဂ်မှာ ရှုလေ။

သပိတ်မှောက်ခြင်း၏ အင်္ဂါ ၈-ပါး။ ။ရဟန်းတော်မျာ်းက ဒါယကာအား သပိတ်မှောက်ရခြင်း အင်္ဂါ ၈-ပါးဟူ၏။ ဝိနည်းတော်မှ။ (၁) ဘိက္ခုံ အလာဘာယ ပရိသက္ကန- ရဟန်းတို့အား လာဘ်တိတ်အောင် လာဘ် မရအောင် ပြုလုပ်ခြင်း၊ (၂) အနတ္ထာယ ပရိသက္ကန- အကျိုးမဲ့ ဖြစ်အောင် ပြုခြင်း၊ (၃) အဝါ သာယ ပရိသက္ကန-နေမြဲကျောင်းကန်၌ မနေနိုင်အောင် ပြုခြင်း၊ (၄) အက္ကောသန-ဆဲရေးခြင်း၊ (၅) ဘေဒန-ရဟန်းချင်းဂိုဏ်းကွဲ အောင်ပြုခြင်း၊ (၆) ဗုဒ္ဓအင်္ဏ ဘာသန- ဘုရား၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ (၇) ဓမ္မ အဝဏ္ဏ ဘာသန- တရား၏ ဂုဏ်မဲ့ကို ပြောဆိုခြင်း၊ (၈) သံဃ အဝဏ္ဏ ဘာသန-သံဃာ့ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုကဲ့ရဲ့ခြင်း။

သပ္ပုရိသ ဂုဏ်အင်္ဂါ ၇-ပါး။ ။မဂ်ဖိုလ်ရကြောင်း တရားလမ်းကောင်း ညွှန်ပြဟောကြားသူတို့၏ ဂုဏ်အင်္ဂါ ၇-ပါး။ (၁) ပိယ ဂုဏ်-သာတ္တဝါ မှန်သမျှ ချစ်မြတ်နိုးလှခြင်း၊ (၂) ဂုရု ဂုဏ်-ကမ္မာသားအားလုံးတို့ လေးစားနိုင်သော ကိုယ်ကျင့်သိက္ခာ ရှိရခြင်း၊ (၃) ဘာဝနီယ ဂုဏ်-ဝေဘန်သုံးသပ်နိုင်သော ဉာဏ်ရှိရခြင်း၊ (၄) ဝတ္တာဂုဏ်-မေးသမျှ ချေပ ဖြေဆိုနိုင်မှု ရှိရခြင်း၊ (၅) ဝစနက္ခမ ဂုဏ်-ငမ်းစမ်းပြောဆိုသမျှ သည်းခံ နိုင်ရခြင်း၊ (၆) ဂမ္ဘီရ ဂုဏ်- နက်နဲခက်ခဲသော တရားမြတ်ကို ဟောကြား ထုတ်ဖော်ပြနိုင်မှု ရှိရခြင်း၊ (၇) နောစဋ္ဌာန ဂုဏ်- မလျော်ရာဌာန၌ မဟောပြ မတိုက်တွန်းမှု ရှိရခြင်း။

သပ္ပုရိသ ဒါနမျိုး ၅-ပါး။ ။ပဋ္ဌာန်တွဲရ။ပါ။ ၁၅၂။ဋ္ဌ။ ၅၃-၌ အကျယ်ရှုပါ။ ၎င်း သရုပ် (အသပ္ပုရိသ ဒါနမျိုး ၅-ပါး)နှင့် ဗျတိရိတ် ယူပါလေ။

သမ္မဇ္ဇတဉာဏ်၏ အင်္ဂမ်း ၃-ပါး။ ။သမ္မဇ္ဇတဉာဏ်တော်၏ အားဒဇင်္ဂမ်း ၃-ပါး။ (၁) ဥယျံတရား ငါးပါးတို့ကို သဘောအားလျော်စွာ

http://www.dhammadownload.com

သိစွမ်းနိုင်ခြင်း၊ (၂) သို့ သိသည့်အားလျော်စွာ ထိုဥယျဓံတရားတို့၏ ဟောအဖ်သော အပြားကို သိစွမ်းနိုင်ခြင်း၊ (၃) ဝေနေယျပုဂ္ဂိုလ်တို့၏ အာသယ အဓိမုတ္တိ အစရှိသည်ကို ထင်ရှားအောင် ပြစွမ်းနိုင်ခြင်း။

သမ္မစိတ္တ သဘာဝရဏ စေတသိက် ၇-ပါး။ ။စိတ် ဂဓ-ပါးလုံးနှင့် ယှဉ်သော စေတသိက်များ ဟူ၏။ (၁) ဖဿ-အာရုံကို တွေ့ထိခြင်း လက္ခဏာ၊ (၂) ဝေဒနာ- အာရုံ၏ အရသာကို ခံစားခြင်းလက္ခဏာ၊ (၃) သညာ- အာရုံကို မှတ်၍ သိခြင်း လက္ခဏာ၊ (၄) စေတနာ- စေ့ဆော် နှိုးဆော်ခြင်း လက္ခဏာ၊ (၅) ကေဂ္ဂတာ-မိမိအာရုံမှ တပါးသို့ မရွေ့ရှားခြင်း၊ သမ္မယုတ် တရားတို့ကို မပျံ့လွင့်ခြင်းလက္ခဏာ နှစ်ပါး၊ (၆) ဇီဝိတိန္ဒြေ-မိမိနှင့်အတူ ဖြစ်ဖက် ယှဉ်ဖက်တရားတို့ကို စောင့်ရှောက်ခြင်း လက္ခဏာ၊ (၇) မနသိကာရ- ယှဉ်ဖက်တရားစုကို အာရုံသို့ ပြေးစေခြင်း စိုင်းနှင်ခြင်းလက္ခဏာ ရှိ၏။

သဘင်ပွဲများ၊ ကြူးပျော်သွား၊ ၆-ပါး အပြစ်ရ။ ။ထင်း သရုပ်ကို (ပွဲလမ်း သဘင်၊ ပျော်ကြူးလျှင်၊ ၆-အင် အပြစ်ရ) ဟူသော သုတေသန၌ ဆိုခဲ့ပြီ။

သမင်မျိုး ၁၀-ပါး။ ။သမင်ခေါ် ကုဋ္ဌန္နနာမျိုး ဆယ်ပါး။ (၁) သမင်ဖြူ- အကွက်ပေါ်၍ ထုံဖြိုး အလယ်ဖြူလျက် ကျယ်ပြန့်လှယ်သည်၊ (၂) သမင်နီ- အနီကွက်ပေါ်၍ ထုံပြီး ကျယ်ပြန့်လှယ်သည်၊ (၃) သမင်နက်-နီ ဖြူကွက်ပေါ်၍ အလယ်နက်သည်၊ ထုံသည်၊ (၄) သမင်ဝက်- ဖြူ, နီ, နက်,အကွက်ထဲ၌ ဝက်မွေးအလား အမွေးများ ပေါက်နေသည်၊ (၅) သမင်ညှင်း- ပေ့ငှည်းကဲ့သို့ အသားထူပြီး အလယ်ချိုင့်၍ မွေးညှင်းနုများ ပြန့်ပွားလာသည်၊ (၆) သမင်သဖန်း- သဖန်းသီးကဲ့သို့ နီပြီး အဖု, အပိန့်ကြီးတွေ ထွက်လာတတ်သည်၊ (၇) သမင်ကုတ္ထ- ညောင်းညာထုံကျင် ကိုက်ခဲပြီး အကျောကပ်၍ လက်, ခြေ, ကုပ်ခါ အကွက်ပေါ်တတ်သည်၊ (၈) သမင်ယုတ္တ-အသား အရေ တကိုယ်လုံး မွဲခြောက်လျက် အဖတ်အဖတ် ကြွက္ခာပြီးလျှင် အကျောကိုင်ကာ မျက်စိ, နှုတ်ခမ်း, ကိုယ်, လက်, စောင်းရွဲ့တတ်သည်၊ (၉) သမင်ဖုတ်သုံပြောက်- အသံနက်၍ နှာပုပ်ပြီး နှာခေါင်း အလယ်၌ ပျားစွဲသကဲ့သို့ ဖြစ်တတ်၏၊ (၁၀) သမင်ပေ့း- ပေ့းကဲ့သို့ အနားထူပြီး အကွက်အကွက်ကြီးတွေ အထပ်အထပ် ပေါ်လာတတ်သည် ဟူ၏။

http://www.dhammadownload.com

သမဏ အင်္ဂါ။မျိုး ၃-ဖြာ၊ **မိန်မှာ အများသိ**။ ။ဂုဏ်း သရုပ်ကို (ရဟန်းဟု ခေါ်၊ အင် ၃-ဘော်)၌ ဆိုခဲ့ပြီ။

သမဏ သုခမျိုး ၈-ပါး။ ။ဂုဏ်း အဓိပ္ပါယ် အလွယ်ဆုံးကို ဗုဒ္ဓသာသနာ-မဟာ ဗုဒ္ဓဝင်။ ပ-ဘွဲ့။ ပ- ပိုင်း။ ၄၈။ နှင့်၊ ဂုဏ်းအုပ်၊ (ခါး) တို့၌- ရှုပါကုန်။ ဂျာန်းခဟာ်များ၏ ချမ်းသာခြင်း ရှစ်ပါးဟူ၏။ (၁) ဥစ္စာ စပါး ရှာမှီး သိမ်းထာ:မှူ မရှိ၍ ချမ်းသာခြင်း၊ (၂) ကိုယ်တိုင် မချက်မပြုတ်ရပဲ အပြစ်ကင်းကွာ ဆွမ်းဘုစာမျိုးကိုသာ ရှာမှီးခံယူ စားသုံးရ၍ ချမ်းသာခြမ်း၊ (၃) ဉာဏ်ဖြင့်ဆင်ခြင်လျက် အေးချမ်းသော ဆွမ်းကို ဘုဉ်းပေး သုံးဆောင်ရ၍ ချမ်းသာခြင်း၊ (၄) မင်းစိုးရာဇာတို့၏ အတင်းအကြပ် အခွန်ဖာပုတ် ဟောင်းခံခြင်း၊ မရွှေ့စေသည့် ပစ္စည်းဘဏ္ဍာတို့ကို သိမ်းယူ စရာမရှိ၍ ချမ်းသာခြင်း၊ (၅) ဒုဆောက်ဇာဉီ အသုံးအဆောင်တို့၌ တပ်မက်ခြင်းကင်း၍ ချမ်းသာခြင်း၊ (၆) သူခိုး မားပြတို့၏ လုရက်တိုက် ခိုက်မှုတို့၌ ရွှေ့ရှေ့ ဥစ္စာမရှိ၍ ကြောက်ထိတ်မှုမရှိ ချမ်းသာခြင်း၊ (၇) မင်းဘမတ်တို့နှင့် ရောယှက်မှုမရှိ၍ ချမ်းသာခြင်း၊ (၈) အပိတ်အပင်အတား အဆီးမရှိပဲ မိမိသွားလိုရာသို့ လွတ်လပ်စွာ သွားနိုင်၍ ချမ်းသာခြင်း။

သမ္မဇဉ်တရား ၄-ပါး။ ။သုတ်သိုလတ္ထန် ။ပါ။ ၆၇ ။ဌ။ ၁၆၅။ မူလ ပဏ္ဏာသ ။ပါ။ ၇၂ ။ဌ။ ပ-အုပ်။ ၂၅၈-၌ အကျယ်ရှုပါ။ ကောင်းစွာ အပြားအားဖြင့် သိတတ်သော ဉာဏ်အမြင်တရား လေးပါး။ သမ္မဇည ပါဠိပျက်။ (၁) သတ္ထက သမ္မဇဉ်- အမှုကိစ္စ တစုံတခုကို ပြုလုပ်မည့် အခါမျိုး၌ **အကျိုးရှိမဲ့** ဆင်ခြင်ဉာဏ် ကြီးကဲမှုမျိုး၊ (၂) သပ္ပါယ သမ္မဇဉ်- မည်သည့်အရာမဆို အကျိုးပင် ရှိသော်လည်း မိမိနှင့်သင့်လျော်လျောက် ပတ်ဖွယ်ဖြစ်ရန် ဆင်ခြင်ဉာဏ် ကြီးကဲမှုမျိုး၊ (၃) **အ သမ္မောဟ** သမ္မဇဉ်- မည်သည့်အရာမျိုးမဆို မှောက်မှားတွေဝေ တိမ်းပါးချွတ်ချော်ခြင်း **မဖြစ်** စေရန် ဆင်ခြင်ဉာဏ် ကြီးကဲမှုမျိုး၊ (၄) ဂေါစရ သမ္မဇဉ်-သွားလာ ကျက် စားရာ၌ တိမ်းပါး ချွတ်ချော်ခြင်း မဖြစ်စေရန် ဆင်ခြင်ဉာဏ် ကြီးကဲမှုမျိုး။

သမ္မတ္ထိစက် ၄-ပါး။ ။အဘိမဟ္မာ ဝိဘင်း ။ပါ။ ၃၅၁။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ ၄၂၁-၌ အကျယ်ရှုပါ။ ကောင်းမှု ရေးရာအတွက် ပြီး ပြည့်စုံခြင်း တရားလေးပါး။ (၁) ဂတိ သမ္မတ္တိ- လူ့ပြည် နတ်ပြည် ပြဟ္မာ့ပြည် တို့သို့ လားရောက် ရခြင်းမျိုး၊ (၂) ဥပဓိ သမ္မတ္တိ- ကိုယ်အင်္ဂါ၏ ပြည့်စုံ

http://www.dhammadownload.com

တင့်တယ်လှပခြင်းမျိုး၊ (၂) ကာလ သမ္မတ္တိ- ကပ်သုံးပါးမှ လွတ်ကင်းသော ကာလမျိုး၊ (၃) ပယောဂ သမ္မတ္တိ- အကျိုးစီးပွားကို ဖြစ်ထွန်းအောင် ဆောင်ရွက် လုပ်ကိုင်နိုင်ခြင်း၊ အား လုံ့လ လိမ္မာခြင်းနှင့် ပြည့်စုံခြင်းမျိုး။

မှတ်ချက်။ ။ဂုဏ်းကိုပင် 'သမ္မတ္တိတရား ၄-ပါး' ဟုလည်း ခေါ်ဆိုကြသေး၏။

သမ္မဒါတရား ၅-ပါး။ ။သုတ် သီလက္ခန် ။ပါ။ ၁၉၆ ။ဋ္ဌ။ ၂၁၁။ သောက ကင်းရေးဋ္ဌ **ကောင်း**သော ပြည့်စုံခြင်းတရား ၅-ပါး။ (၁) ဥာတိ သမ္မဒါ-ဆွေမျိုး**တို့**နှင့် ပြည့်စုံခြင်း၊ (၂) ဘောဂ သမ္မဒါ- စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်း၊ (၃) အရောဂျ သမ္မဒါ-အနာရောဂါ ကင်းခြင်း၊ (၄) သီလ သမ္မဒါ- အကျင့်သီလနှင့် ပြည့်စုံခြင်း၊ (၅) ဒိဋ္ဌိ သမ္မဒါ- အယူ ဘာသာမှန်နှင့် ပြည့်စုံခြင်း။

သမ္မဒါတရား ဂ-ပါး၊ တနည်း။ ။အင်္ဂုတ္တရ ။ပါ။ ၁၀၇ ။ဋ္ဌ။ ၁၄၀-၂၃၉-တို့၌ အကျယ်ရှုပါ။ ယခု မျက်မှောက်ဘဝ၌ ချမ်းသာဘောဂနှင့် ပြည့်စုံခြင်း၊ တမလွန်၌ ချမ်းသာကြောင်းဖြစ်ခြင်း တရား ၎စ်ပါး။ (၁) ဥဋ္ဌာန သမ္မဒါ-ထက္ကြလုံ့လ ဝီရိယနှင့် ပြည့်စုံမှု၊ (၂) အာရက္ခ သမ္မဒါ- ရပြီးဥစ္စာကို **သိမ်း**ဆည်းတတ်မှု၊ (၃) ကလျာဏ မိတ္တတာ- အပေါင်းအသင်း ဆန်မှု၊ (၄) သမ ဇီဝိတ တာ- ချွေတာရေး တတ်သိလိမ်မာမှု၊ (၅) သဒ္ဓါ သမ္မဒါ-သဒ္ဓါနှင့် ပြည့်စုံမှု၊ (၆) သီလ သမ္မဒါ-သီလနှင့် ပြည့်စုံမှု၊ (၇) စာဂ သမ္မဒါ-စွန့်ကြဲပေးကမ်း တတ်မှု၊ (၈) ပညာ သမ္မဒါ-နေရာတကာ အမှန်သိတတ်မှု။

သမ္မပ္ပလာပ ဒေါ်ငါ ၂-ပါး။ ။နားထောင်သူထို့အား အကျိုးမရှိ လုပ်ပျက်ကိုင်ပျက် **စကားဖျင်း**ဒေါ်ငါ ၂-ပါး။ (၁) နိရတ္ထက ပုရတာ- အနက်မဲ့အကျိုးမဲ့ စကားကို ရွေရွှေ့ပြုသူ၏ အဖြစ်၊ (၂) ကဏန်- ယင်း စကားကို ပြောဆိုခြင်း။ (သီတာ၊ ရာမစသော ဇာတ်စကားမျိုး)။

သမ္မပ္ပလာပ ကံ၏ မကောင်းကျိုး ၇-ပါး။ ။အကျိုးမဲ့ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းကြောင့် ရရှိသော မကောင်းကျိုး ပြစ်များ။ (၁) ငရဲ့တိရစ္ဆာန်, ပြိတ္တာဘုံ၌ ဖြစ်ရခြင်း၊ (၂) လူအမျာ၏ အမုန်းကို ခံရခြင်း၊ (၃) မရိုသေ မလေးစားခြင်း၊ (၄) အယုံအကြည် ကင်းမဲ့ခြင်း၊

http://www.dhammadownload.com

(၅)ပညာ နည်းပါးခြင်း၊ (၆)လာဘ် နည်းခြင်း၊ (၇)တန်ခိုးအာနုဘော် နည်းခြင်း။

သမ္မာဓိပုဂ္ဂိုလ်မျိုး ၃-ပါး။ ။ဂုဏ်း သရုပ် (ဗောဓိမျိုး ၃-ပါး)၌ ရှုပါ။

သမ္မာဒိဋ္ဌိ ၂-ပါး။ ။ရဟန်းတော်မျာား ပေါင်းသင်းဆက်ဆံရေး တရားနှစ်ပါး။ (၁) ပစ္စယ သမ္မောဟ-ကိုယ့်ပစ္စည်းကို ပေးကမ်းချီးမြှောက်ခြင်းနှင့် သူ့ပစ္စည်းကို ခံယူသုံးစွဲခြင်း၊ (၂) ဓမ္မ သမ္မောဟ-တရားဓမ္မ ဟောပြဆွေးနွေး ဩဝါဒပေးခြင်း, နည်းယူကျင့်ကြံခြင်းနှင့် ကံကြီးကံငယ် အတူပြုဆောင်ခြင်းမျိုး။

သမ္မုတမင်း အပြား မျိုး ၄-ပါး။ ။ကမ္ဘာစဉ်ဆက်တင်မြောက်ခံရတတ်သော သမ္မုတမင်းမြတ်တို့၏ ယေဘုယျမျိုး လေးပါး ဟူ၏။ (၁)မနုဿသမ္မုတမင်းကျင့်တရားအပေါင်းတို့ဖြင့် မတိမ်းစောင်းအောင် အုပ်ချုပ်တတ်သည့် လူသမ္မုတမင်း၊ (၂) သီဟ သမ္မုတ-အခြေလေးချောင်း သားအပေါင်းတို့တွင် အရဲရင့်ဆုံး ဖြစ်သည့် ခြင်္သေ့သမ္မုတမင်း၊ (၃) ဟံသ သမ္မုတ-ငှက်တိရစ္ဆာန်အပေါင်းတို့တွင် စိတ်သဘော အကောင်းဆုံး ဖြစ်သည့် ဟင်္သာ သမ္မုတမင်း၊ (၄)မစ္ဆ သမ္မုတ-ငါးအပေါင်းတို့၏ သမ္မုတ အာနန္ဒာ ငါးမင်းကြီး။

သမ္မပ္ပဓာန် ၄-ပါး။ ။ကောင်းစွာ အားထုတ်ခြင်း ဝီရိယ လေးပါး။ (၁) ဥပ္ပန္န ပါပက ပဟာယ ဝါယာမ-ပြုပြီးဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ဂရုမပြု ပြန်လည်၍ မအောက်မေ့ဘဲ တခါထဲ ပယ်စွန့်ထားမှု၊ (၂) အနုပ္ပန္န ပါပက အနုပ္ပါဒါယ ဝါယာမ-မဖြစ်သေးသော အကုသလမူကို မဖြစ်ရအောင် အားထုတ်မှု၊ (၃) အနုပ္ပန္န ကုသල ဥပ္ပါဒါယ ဝါယာမ-မဖြစ်ပေါ်သေးသော ကုသိုလ်တရားကို ဖြစ်အောင် အားထုတ်မှု၊ (၄) ဥပ္ပန္န ကုသල ဥပ္ပါဒါယဝါယာမ-ဖြစ်ပြီးပြုပြီးသော ကုသိုလ်စုကို အဖန်ဖန် အထပ်ထပ် အောက်မေ့ပွားများ သတိရအောင် အားထုတ်မှု။

သမ္မသနဉ္ဇဏ်မျိုး ၄-ပါး။ ။တောဘူမက ရုပ်နာမ်ဓမ္မကို လက္ခဏာယာဉ် ၃-ပါး တင်၍ ဆင်ခြင်သုံးသပ်သော ဉာဏ် ၄-ပါး။ (၁) ကလာပ သမ္မသန-ခန္ဓာ ၅-ပါးကို ကာလ ၃-ပါး စသည် မခွဲခြားဘဲ ရှုပံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ ဝေဒနာ စသည်၌လည်း ထို့အတူ ဆင်ခြင်သုံးသပ်မှု ဉာဏ်၊ (၂) ဇာတိနာ သမ္မသန-ခန္ဓာ ၅-ပါးကို အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဘဝအားဖြင့် ခွဲခြား

http://www.dhammadownload.com

ပြီး လက္ခဏာယာဉ် တင်လျက် သုံးသပ်သော ဉာဏ်၊ (၃) သန္တတိ သမ္မသန-ရုပ်နာမ်ဓမ္မ၌ အပူရုပ်စဉ်, အေးအေးရုပ်စဉ်,နူးရုပ်စဉ်,ညှင်းရုပ်စဉ်,မာရုပ်စဉ်, မမာရုပ်စဉ်, စိတ်ဆိုးရုပ်စဉ်, စိတ်ကောင်း ရုပ်စဉ်,နေ့ ရုပ်စဉ်, မိုးသဲ်းရုပ်စဉ် စသည်ဖြင့် ရှုမှတ် ဆင်ခြင်၍ လက္ခဏာယာဉ်တင်သော ဉာဏ်၊ (၄) ခဏ သမ္မသန-နာမ်ရုပ် ဓမ္မတို့ကို ခဏသုံးပါးသို့ တင်၍ ဆင်ခြင် သုံးသပ်မှုမျိုး။

သမသီသီ ရဟန္တာ ၃-မျိုး။ ။သဂါထာဝဂ္ဂသံယုတ် ။ပါ။ ၁၂၃ ။ဋ္ဌ။၁၆၈။

(၁) ဣရိယာပထ သမသီသီ ရဟန္တာ-· အရဟတ္တဖိုလ် မရသမျှ သည် ဣရိယာပုထ်က ငါ,မထ-ဟု အဓိဋ္ဌာန်၍ အားထုတ်နေရာ အရဟတ္တ ဖိုလ်လည်းရ, ဣရိယာပုထ်မှလည်း ထ၊ ရခြင်း, ထခြင်း တပြိုင်နက် ဖြစ်သော ရဟန္တာမျိုး။

(၂) ရောဂ သမသီသီ ရဟန္တာ- ဤ စွဲကပ် နှိပ်စက်နေသော ရောဂါ မပျောက်ကင်းမီအတွင်း ရဟန္တာဖြစ်အောင် အားထုတ်မည်ဟု စိတ်ပိုင်းဖြတ်ခါ အားထုတ်ရာ အရဟတ္တဖိုလ်လည်းရ, ရောဂါလည်း ပျောက်၊ ရခြင်း,ပျောက်ခြင်း တပြိုင်နက်ဖြစ်သော ရဟန္တာမျိုး။

(၃) ဇီဝိတ သမသီသီ ရဟန္တာ-ရဟန္တာလည်းဖြစ်, ဇီဝိတိန္ဒြေလည်းချုပ်၍ ပရိနိဗ္ဗာန်ပြုသွားသော ရဟန္တာမျိုး။

သမ္မာဒိဋ္ဌိ ၃-မျိုး။ ။အယူကောင်း ဘာသာမှန် အမျိုးအစား ၃-ပါး။ (၁) ကမ္မဿ ကတာ သမ္မာဒိဋ္ဌိ-ကံ,ကံ၏ အကျိုးလောက်ကိုသာ သိမြင်နိုင်သော အယူကောင်း အယူမှန်၊ (၂) ဝိပဿနာ သမ္မာဒိဋ္ဌိ-ရုပ်နာမ် ဓမ္မတို့၌ လက္ခဏာယာဉ် ၃-ပါးတင်၍ သိမြင် ရှုမှတ်နိုင်သော အယူမှန်၊ (၃) မဂ္ဂ ဖလ သမ္မာဒိဋ္ဌိ-မဂ်ဖိုလ် အဆင့် အတန်းသို့ ရောက်အောင် ရှုမြင်နိုင်သော အယူမှန်။

သမ္မာဒိဋ္ဌိမျိုး ၅-ပါး။ ။ဥပရိပဏ္ဏာသ ။ပါ။ ၁၁၆ ။ဋ္ဌ။ ၉၂။ ၉၅။ (၁) ဝိပဿနာ သမ္မာဒိဋ္ဌိ၊ (၂) ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ (၃) မဂ္ဂ သမ္မာဒိဋ္ဌိ၊ (၄) ဖလ သမ္မာဒိဋ္ဌိ၊ (၅) ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိ။

သမ္မာဒိဋ္ဌိမျိုး-၄၀၊ တနည်း။ ။မဂ္ဂင် ၈-ပါးကို တည်၊ သမ္မာဒိဋ္ဌိ ၅-ပါးနှင့် မြှောက်ပွားလျှင် သမ္မာဒိဋ္ဌိမျိုး-၄၀ ရသည် ဟူ၏။

http://www.dhammadownload.com

သမ္မာဒိဋ္ဌိ၊ ယူသူ၏၊ စောင့်သိ အင် ၈-ဖြာ။ ။သမ္မာဒိဋ္ဌိ ဘာသာဌ် လာရှိသော အင်္ဂါရှစ်ပါးကို ဘာသာဝင်တို့ စောင့်ထိန်း သိရှိထားရမည် ဟူ၏၊ ၎င်း အင်္ဂါ ရှစ်ပါးကား (မဂ္ဂင် ရှစ်ပါး) ပင်တည်း။

သမာဓိဓုဏ်၊ ၆-ပါးစုံ၊ အကုန် ထုတ်ပြပါ။ ။တည်ကြည်စွာ တင်စား စပ်ဆို သီကုံးမှု အလင်္ကာမျိုးကို ဆိုသည်၊ ဤ၌ ၆-ပါးမေး၍ ၆-ပါးသာ ဖြေလိုက်သည်။

(၁) အ ပါဏ သမာဓိဂုဏ်- သက်မဲ့ကို သက်ရှိလေဟန် တင်စား စပ်ဆို ခြင်းမျိုး။ ပုံ-ချေးသေဒွေး မီးသွေးငိုတယ်၊ ကျီးမွေးကို ရှုံးတဲ့ မထား၊ ဟူရာဌ် 'မီးသွေးငို' ဦးပုည။

(၂) နိ ရုပ သမာဓိဂုဏ်-ဆင်းရှိကို ဆင်းမဲ့၌ တင်စား ရေးစပ်ခြင်းမျိုး။ ပုံ-မယ်တော်တူနှင်း၊မိထွေးရင်းကို၊ လေးစင်းသမုဒ်၊ ဘဝနုပ်မှ၊ ကယ်ထုတ်ဆောင်ယူ၊ ဟူရာဌ် အဆင်းရှိသော့ သမုဒ္ဒရာကို အဆင်းမဲ့ ဘဝနှင့် တင်စားထားသည်၊ ဂေါတမီ အပဒါန်။

(၃) နိ ရသ သမာဓိဂုဏ်- အရသာရှိသည်ကို အရသာမဲ့၌ တင်စားစပ်ဆို ထားခြင်းမျိုး။ ပုံ- မွေးထုံနံ့သာ၊ အေးမေတ္တာဟု၊ ရသာယန၊ ချိုမြ ဆိမ့်ဆိမ့်၊ ဟူရာဌ် ဒူးရင်း ဩဇာ မှသာ ချိုဆိမ့်သော အရသာ ရကောင်းပါလျက် မရကောင်းသော မေတ္တာတရားဌ် တင်စား ထားပုံကို သိလေ။

(၄) အ ဖြဝ သမာဓိဂုဏ်- အရည်သဘောကို အရည်မဟုတ်ရာဌ် တင်စား ခြင်းမျိုး။ ပုံ-ပညာရှင်နို့၊ သောကစိုမကုန်၊ ဆရာ့ဂုဏ်၊ ဟူရာဌ် သောက်၍ ရကောင်းသည့် နို့ရည်ကို မရကောင်းသော ပညာဌ် တင်စားထားသည်။

(၅) အ ကတ္တု သမာဓိဂုဏ်- လူစသော ကတ္တားသဘောကို ကတ္တား မဲ့သော အရာဌ် တင်စား စပ်ဆိုခြင်းမျိုး။ ပုံ- မာရ်စစ်၏ ပစ်ခတ် သော လက်နက်အားလုံးသည် ဘုရားထံမှောက် ရောက်သောအခါ ရှက်ကြောက် ရိုသေကြကာ အသွားတုံးပြီး ပန်းကုံး ပန်းဆိုင်းများ သွင်ဖြင့် ဦးတင်ပူဇော်ကြကုန်၏ ဟူရာဌ် လူစသည်တို့သာ ရကောင်း သော ရှက်ကြောက် ရိုသေ, ဦးတင်မှု ကတ္တား၏ သဘောကို ကတ္တား မဟုတ်သည့်လက်နက်ဌ် တင်စားထားသည်။

http://www.dhammadownload.com

(၆) ဤ သရီရ သမာဓိဂုဏ်-အထည်ကိုယ်ဖြစ်ရှိမှု ရကောင်းသော အရာကို မရကောင်းသော အရာ၌ တင်စားစပ်ဆိုခြင်းမျိုး။ ဥပ- သံသရာစက်၊ ကန့်အကွက်ကို၊ ခုတ်ဖျက်ချိုးဖြုတ်၊ မဂ်ဉာဏ်မြှင့်ဖြင့်၊ ဟူရာ၌ ဖြစ်ရှိမှု ရကောင်းသည့် ခုတ်, ဖျက်, ချိုး, ဖြုတ်, မှုတို့ကို ဖြစ်မရှိသော သံသရာစက်၌ တင်စားထားသည်။

မှတ်ချက်။ ။ဤ ၆-ပါးကား နည်းရရုံမျှသာ ဖြစ်၏၊ ထိုထက်ပို၍လည်း သင့်သလို ထုတ်နိုင်သေးသည်။

သမာဓိဖြစ်ကြောင်း ၁၁-ပါး။ ။မူရင်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့် **အခြား** အဋ္ဌကထာတို့မှာ ရှုလေ၊ ဤ၌ ဆရာတော် ဦးဗုဒ္ဓ၏ ဆောင်ပုဒ်လင်္ကာကို မူတည်၍ ပြသွားမည်။ (၁) ဝတ္ထုစင်စေ- ပစ္စည်း ၄-ပါး စသော ဝတ္ထုများ စင်ကြယ်သန့်ရှင်း အပြစ်ကင်းရခြင်း၊ (၂) ဣန္ဒြေမျှစွာ-သဒ္ဓါနှင့် ပညာ, ဝီရိယနှင့် သမာဓိကို မျှတစေရခြင်း၊ (၃) လိမ္မာ နိမိတ္တ-ကသိုဏ်းနိမိတ်တို့ကို ယူရာ၌ လိမ္မာရခြင်း၊ (၄) ပဂ္ဂဟ-ဝီရိယလျော့ခြင်း ၏သည်ဖြစ်သောအခါ၌မမွှေ့ဝိစယ, ဝီရိယ, ပီတိသမ္ဗောဇ္ဈင်တရားတို့ဖြင့် စိတ်ကို ချီးမြှောက် ပေးရခြင်း၊ (၅) နိဂ္ဂဟ-ဝီရိယလွန်၍ စိတ်ပျံ့လွင့်သောအခါ ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာ သမ္ဗောဇ္ဈင်တို့ဖြင့် စိတ်ကို နှိမ်ပေးရခြင်း၊ (၆) သမ္မဟံသ- ပညာယောဂနည်းပါး၍ ငြိမ်သက်သော သုခကို မရခြင်းကြောင့် စိတ် မနှစ်သက်သော အခါ သံဝေဂဝတ္ထု ရှစ်ပါးကို ဆင်ခြင်၍ဝင်း၊ ရတနာသုံးပါးဂုဏ်ကို အောက်မေ့၍ဝင်း၊ စိတ်ကို ရွှင်စေရခြင်း၊ (၇) ဥပေက္ခာနှင့်-လျော့ခြင်း, လွန်ခြင်းကင်း၍ တပါးအာရုံ၌ ကြောင့်ကြမပြု မိမိရှုမြဲတိုင်း အာရုံ၌သာ အညီအညွတ် ရှု၍နေရခြင်း၊ (၈) ပျံ့လွင့်သူကြည့်- စိတ်ပျံ့လွင့်သူကို ကြဉ်ရှောင်ရခြင်း၊ (၉) တည်ကြည်ယှဉ်မှ-တည်ကြည်သူကို မှီဝဲယှဉ်ကပ်ရခြင်း၊ (၁၀) ဈာနဝိမောက်-ဈာန်ဝိမောက္ခကို ဆင်ခြင်ရခြင်း၊ (၁၁) ဓိမုတ် လှောက်သည့်၊ ပွင့်မြောက် ဓိတိ၊ ဆယ့်တစ်တည်း။ သမာဓိကို ဖြစ်စေရန် ညွတ်, ကိုင်း ,ရှိုင်း, ဝှမ်းသော ကြိုးစားစိတ် ရှိရခြင်း။

သမာဓိ၏ ရန်သူကြီး ၄-ပါး။ ။သမာဓိ၏ မုန်သူတို့ကား မျှားစွာရှိကြ၏၊ သို့သော် ဤ ၄-ပါးကား နီးစပ်၍ ထင်ရှားသည် ဟူ၏။ (၁) ထိန-ကုသိုလ် မှု၌ စိတ်ဓာတ်၏ လျော့ပါးခြင်း၊ စိတ်မဝင်စားခြင်း၊ မခံခြင်းသဘော၊

http://www.dhammadownload.com

(၂) မိဒ္ဓ-ငိုက်မျဉ်းခြင်း၊ (၃) ဥဒ္ဓစ္စ-စိတ်၏ ကုသိုလ်ထဲမှ အာရုံတပါးသို့ ရောက်ရောက်သွားခြင်း၊ ပျံ့လွင့်တုန်လှုပ်ခြင်းသဘော၊ (၄) မိဿဝိတက်-ကမ္မဋ္ဌာန်း အာရုံမှတပါးသို့ ကြာမြင့်စွာ ရောက်သွား ကြံစည် တွေးတောနေမှုများ။

သမာဓိ ကြီးထွားကြောင်း ၆-ပါး။ ။တရားထူး တရားမြတ် ရလွယ်ကြောင်း ၆-ပါး ဟူ၏၊ ယောဂီများ အတွက် သိမှတ်စရာ။ ပဋိသမ္ဘိဒါမဂ် ။ပါ။ ၄၇။ဌ။ ပ-အုပ်။ ၂၁၇။ (၁) စိတ္တ ဖာသု-စိတ်ချမ်းသာခြင်း၊ (၂) သရီရ ဖာသု-ကိုယ်ချမ်းသာခြင်း၊ (၃) အာဟာရ ဖာသု- မိမိလိုရာကို စားရခြင်း၊ (၄) သေနာသန ဖာသု- ကျောင်း, နေရာ သန့်ရှင်း ကောင်းမွန်ခြင်း၊ (၅) ပုဂ္ဂလ ဖာသု- သီတင်းသုံးဖော် သင့်တင့်ညီညွတ်ခြင်း။

သမာဓိမျိုး ၂-ပါး။ ။(၁) သမထ သမာဓိ- ပညတ်အာရုံ ဖြစ်သော ကသိုဏ်း, အသုဘ, စသည့် သမထ ဘာဝနာ အာရုံထဲ၌ စွဲမြဲနေမှု စျာန်သဘောများ၊ (၂) ခဏိက သမာဓိ-ဂျပ်, နာမ်, ဓမ္မတို့၏ ခဏမစဲ တသဲသဲဖြစ်ပေါ်နေမှု ပရမတ်အာရုံထဲ၌ ဥဒယ,ဝယဉာဏ်အမြင် စင်ကြယ်နေမှု သဘောတရားများ။

သမာဓိမျိုး ၃-ပါး။ ။(၁) သုညတ သမာဓိ၊ (၂) အနိမိတ္တ သမာဓိ၊ (၃) အပ္ပဏိဟိတ သမာဓိ၊ ၎င်းတို့၏ အဓိပ္ပါယ်အကျယ်ကို (ဝိမောက္ခမျိုး ၃-ပါး)၌ ရှုပါ။

သမာဓိ မျိုး ၃-ပါး၊ တနည်း။ ။စိတ်ဓာတ် တည်ကြည်မှု နှုန်း, လတ်, ကြီး, မျိုး ၃-ပါး ဟူ၏။ (၁) ပရိကမ္မ သမာဓိ- ကမ္မဋ္ဌာန်း၌ ရှေးဦး စတင် အာရုံယူ၍ စီးဖြန်းမှု သမာဓိ နှုန်း၊ (၂) ဥပစာရ သမာဓိ- မူလကမ္မဋ္ဌာန်း နိမိတ် အာရုံသည် စိတ်မနောထဲ၌ စွဲနေပြီ ဖြစ်၍ တည်မြဲသော သမာဓိ လတ်၊ (၃) အပ္ပနာသမာဓိ- အထူတ် အထိပ်သို့ ရောက်သော စျာန် သမာဓိ ကြီး။

သမာပတ် အပြား မျိုး ၃-ပါး။ ။(၁) စျာနသမာပတ်- စျာနသုခကို ဝင်စား၍ နေခြင်း၊ (၂) ဖလသမာပတ်- ဖိုလ်စိတ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုကာ ချမ်းသာစွာ နေခြင်း၊ (၃) နိရောဓသမာပတ်- စိတ်, စေတသိက်, စိတ္တဇရုပ်တို့ကို ဖြစ်ခွင့်မပေးဘဲ ချမ်းသာဆုံးနေခြင်း။

http://www.dhammadownload.com

သမာပတ်ပြား မျိုး ၈-ပါး။ ။အမြတ်သို့ ရောက်သော တရားရှစ်ပါး၊ အဂုံတ္တရပါဠိတော် နဝက။ (၁) ပဌမစျာန်-ရှေးဦးစွာ ရရှိသော စျာန်၊ (၂) ဒုတိယစျာန်- ၂-ကြိမ်မြောက် တိုးတက်ရရှိသော စျာန်၊ (၃) တတိယစျာန်- ၃ ကြိမ်မြောက် တိုးတက်ရရှိသော စျာန်၊ (၄) စတုတ္ထစျာန်- ၄-ကြိမ်မြောက် တိုးတက်ရရှိသော စျာန်၊ (၅) အာကာသာနဉ္စာယတန စျာန်-ကောင်းကင်ပညတ်ကိုအာရုံပြု၍ ဖြစ်သော စျာန်၊ (၆) ဝိညာဏဉ္စာယတန စျာန်- 'အာကာသာနဉ္စာယတန' ခေါ် မဟဂ္ဂုတ် ဝိညာဉ်ကို အဆုံးမရှိဟုနှလုံးသွင်း၍ ဖြစ်ပေါ်သောစျာန်၊ (၇) အာကိဉ္စညာယတနစျာန်-နတ္ထိဘောပညတ်ကို အာရုံပြု၍ဖြစ်သော စျာန်၊ (၈) နေဝသညာ နာသညာယတနစျာန်-ရှုန့်ရင်းသော သညာမရှိ၊ သိမ်မွေသော သညာမျှသာရှိသော စျာန်။

သမာပတ်ပြား၊ မျိုး ၉-ပါး။ ။အထက်ပါ သမာပတ်ရှစ်ပါး၌ ရှုပစျာန် ၄-ပါးကို ပဋ္ဌာနနည်းဖြင့် ငါးပါး ပုဒ်းယူလျက် အရှုပစျာန် လေးပါးနှင့် ပေါင်းသော် သမာပတ်မျိုး ၉-ပါး ဖြစ်၏။

သမ္မာသက်ပွမျိုး ၃-ပါး။ ။ကောင်းသော ကြံစည်ခြင်း ၃-ပါး။ (၁) နေကွမ်သက်ပွ- ကာမဂုဏ်တရားတို့မှ ထွက်မြောက်မှုကို ကြံစည် စိတ်ကူးခြင်း၊ (၂) အဗျာပါဒ သက်ပွ-သတ္တဝါများအား ကျန်းမာရေး ချမ်းသာရေး ဘေးရန်ကင်းရေးတို့ အတွက် ကြံစည် စိတ်ကူးခြင်း၊ (၃) အဝိဟိံသာ သက်ပွ-ဆင်းရဲဒုက္ခ ရောက်နေသော သတ္တဝါများအား သနားသောစိတ်ဖြင့် ကယ်ဆယ်မြှင့်တင်ရေးတို့ကို ကြံစည် စိတ်ကူးခြင်း။

သမ္မာ သမ္မောဓိမျိုး ၃-ပါး။ ။ဂင်း သရုပ်ကို (ဗောဓိ ၅-ပါး) ဟူသော သုတေသနဌ ဆိုခဲ့ပြီ။

သမားကြီး ၄-မျိုး။ ။ဆေးဆရာကြီးမျိုး ၄-ပါး။ (၁) ဓာတ်သမား-သစ်မြစ်, ဥ, ဖု, ရွက်, ညွှန့်, ဖူး, ပွင့်, ကင်း, သီး, သား, ငါးတို့ဖြင့် သူနာအားလျော်စွာ ကျေးမွေးပေးကုသော ဆေးဆရာမျိုး၊ (၂) နက္ခတ် သမား-ရာသီ,နက္ခတ်,နေ, လ, တို့၏ အသွားအလာကို တွက်ချက် စစ်ဆေးလျက် နက္ခတ်ကြိုက်စာကိုသာ ပေးကျေးရ၍ ကုသော ဆေးဆရာမျိုး၊ (၃) ဗိဇ္ဇော သမား-ဗီဇနွော သမား-သစ်မြစ်,ဥ,ဖု,ရွက်,ပွင့်,ကင်း, သီးတို့၏ အပေါင်းကို စုဆောင်းထောင်းထု အမှုန့်ပြု၍ ပေးကုသော ဆေးဆရာမျိုး၊ (၄) ဟူးထူး

http://www.dhammadownload.com

သမား- သူနာ၏ မွေးသက္ကရာဇ် နှစ် လ ရက်နေ့ အချိန်တို့ကို ဗေဒင်တွက် လျက် ယတြာချေခြင်း, သက်စေ့ထီး, မီး, ပန်း, ရေချမ်း, လူဒါန်းစေခြင်း, နံသင့်အသားသုံးချေါင်းကို တံတားခင်းစေခြင်း, ညောင်ထောက်ခြင်း, စသည်ဖြင့် ကုသော ဆရာမျိုး။

သမားတော်ကြီး ဂုဏ်အင်္ဂါ ၃-ပါး။ ။သမားကောင်းထို့ဘို့ အမြဲရှိထားရမည့် ဂုဏ်အင်္ဂါ ၃-ပါး။ (၁) ပဏ္ဍိတ ဂုဏ်-အနာရောဂါ ဖြစ်ကြောင်းလက္ခဏာ ရာသီ ဥတု ရတုစသည်ကို ပိုင်နိုင်စွာ သိရှိနားလည် လိမ်မာခြင်း၊ (၂) ဒက္ခ ဂုဏ်-ရောဂါနှင့် သင့်လျော်လျောက်ပတ် ပျောက်ကင်းစေတတ်သော ဆေးဝါးဓာတ်စာတို့ကို သိရှိ နားလည်၍ တတ်သိသည့်အတိုင်း **မဆိုင်းမတွ** ကုသပေးနိုင်သော အစွမ်း သတ္တိဂုဏ် ရှိခြင်း၊ (၃) အနာ လ သဂုဏ်-နေညဉ့်မဟူ ပင့်ဆောင်ခေါ်ယူသူတို့နှင့် အတူ လိုက်သွားနိုင်ခြင်း၊ ပကတိ သော ထက္ကလို့လ ဝိရိယရှိမှု ဂုဏ်။

သမားတော်ကြီး ဂုဏ်အင်္ဂါ ၅-ပါး၊ တနည်း။ ။(၁) ဝေဒ ပဏ္ဍိတ-ရာသီ နက္ခတ် သုက်ဖြတ် ဗေဒင်တို့၌ တတ်သိနားလည် လိမ်မာကျွမ်းကျင်ခြင်း၊ (၂) ဘိသက္က ဆေက-ဆေးပေး ဆေးကုမှု၌ ကျွမ်းကျင်ခြင်း၊ (၃) နာနာသတ္ထ ဒက္ခ-ဆေးကျမ်း အရပ်ရပ် ထိုထိုကျမ်းကောင်း ကျမ်းမြတ်တို့၌ တတ်သိလိမ်မာခြင်း၊ (၄) ဥပဓိ သမ္မတ္တိ-ကြည်ညို အားကိုးဘွယ် တင့်တယ်ဖွံ့ဖြိုးသော ရုပ်အဆင်း သဏ္ဌာန်နှင့် ပြည့်စုံခြင်း၊ (၅) ပြဟ္မ စာရီ-ပြဟ္မစိုရ် တရား လေးပါးနှင့် ပြည့်စုံ လုံခြုံသူ ဖြစ်ခြင်း။

သမုဋ္ဌာန်မျိုး ၄-ပါး။ ။ကမ္မဇ-မလောကကြီး ဖြစ်ပျက်မှု၏ မူရင်းအကြောင်း တရားကြီး လေးပါး ဟူ၏၊ 'ကမ္မသမုဋ္ဌာန, စိတ္တသမုဋ္ဌာန, ဥတုသမုဋ္ဌာန, အာဟာရသမုဋ္ဌာန', ၎င်းတို့၏ အနက်အဓိပ္ပါယ်ကို (အကြောင်းတရား ကြီး ၄-ပါး)၌ ပြခဲ့ပြီ။

သမုဒယသစ္စာ၏ အနက်သဘော ၄-ချက်။ ။၎င်း သစ္စာပ်ကို (သစ္စာအနက် ၁၆-ချက်)၌ ရှုပါ။

သမုဒ္ဒကြီး ၄-စင်း။ ။အုံဘွယ်ရှစ်ဖြာတို့နှင့် ပြည့်စုံ၍ ငါး, မကရ်း, မိကျောင်း စသည်တို့၏ နှစ်သက်ရွှင်လန်းခြင်းကို ဖြစ်စေတတ်သော ဆားငန်ရေပြင် ကြီး ၄-မျိုး၊ ၎င်းသည် အရှေ့သမုဒ္ဒရာ၊ အနောက် သမုဒ္ဒရာ၊ တောင် သမုဒ္ဒရာ၊

http://www.dhammadownload.com

မြောက် သမုဒ္ဒရာအားဖြင့် ၄-ပါးရှိလေသည်၊ ထို့ကြောင့် သတပဓိကပုစ္ဆာ ဝိသဇ္ဇနာကျမ်းဌ်–

ခမး။ သမုဒ်က ယ်တဲ့ လေးတန်၊ရှစ်သောင်း သခ်္ဂါနှင့်၊ ယူဇနာလေးထောင် ဆောင်း၊ နက်ကြောင်း အမှန်။ မိန့်ဆိုဟန်၊ ကျမ်းဂန်အရှိ၊ဘယ်ဆီတွင် ဘယ်လိုကွက်လို့၊ နက်လေမသိ။

ဖြေ။ သမုဒ်ကယ်တဲ့ လေးတန်၊ ရှစ်သောင်း သခ်္ဂါနှင့်၊ ယူဇနာလေးထောင်ဆောင်း၊ နက်ကြောင်းအမှန်။မိန့်ဆိုဟန် ကျမ်းဂန်အရှိ၊ ရှေ့မြင်းမိုရ်တောင် ခြေရင်းမှာ၊ နက်ခြင်းကို သိ။

သမုဒ္ဒရာ၏ အံ့ဘွယ် ဂ-ဖြာ။ ။ဎင်းသရုပ် (အံ့ဘွယ် ဂ-ဖြာ သမုဒ္ဒရာ)၌ ရှုပါ။

သမုဒ္ဒရာကြီး ၅-စင်း။ ။ပထဝီဝင်အရ ကမ္ဘာ့- သမုဒ္ဒရာကြီး ၅-စင်း။ (၁) ပစိဖိတ် သမုဒ္ဒရာ၊ (၂) အန္တာတိတ် သမုဒ္ဒရာ၊ (၃) အတ္တလန်တိတ် သမုဒ္ဒရာ၊ (၄) အာတိတ် သမုဒ္ဒရာ၊ (၅) ဣန္ဒိယ သမုဒ္ဒရာ။

သမုဒ္ဒရာကြီး ၇-စင်း၊ တနည်း။ ။သာရတ္ထ သင်္ဂဟ အဋ္ဌကထာ။ (၁) နရမာလိ သမုဒ္ဒရာ- ဝဇိရ စိန်ရတနာတို့ဖြင့် ပြန့်ပြောလျက် စိန်ရောင်တောက်ကာ ထက်သော နှာခေါင်း လူ့ကိုယ်နှင့် တူသော ငါးအပေါင်းတို့ ပျော်မြူးရှင်နေ၏၊ (၂) အဂို မာလိ သမုဒ္ဒရာ-များစွာသော ရွှေတို့ဖြင့် ပြန့်ပြောလျက် ရွှေ၏ အရောင်တို့ကြောင့် မီးရောင်ကဲ့သို့ ပြောင်ပြောင်တောက်၍ နေ၏၊ (၃) ဒမိ မာလိ သမုဒ္ဒရာ- များစွာသော ငွေထု ငွေရောင်တို့ကြောင့် နို့ရည်နို့ဓမ်းကဲ့သို့ ဖြူဖွေးတောက်ပြောင်၍ နေ၏၊ (၄) ကုဿ မာလိ သမုဒ္ဒရာ- ပေါများသော ပတ္တမြားညှိတို့၏ ရောင်ခြည်တို့ကြောင့် စိမ်းညိုသော သမန်းမြက်ခင်းကြီးကဲ့သို့ ရှိ၏၊ (၅) နဠ မာလိ သမုဒ္ဒရာ- များစွာသော ကျောက်မျက်ရွှေခဲ၊ ကျောက်စိမ်းရတနာတို့၏ ရောင်ခြည်တို့ကြောင့် ဝါးတော ကျူတောကြီးကဲ့သို့ ရှိ၏၊ (၆) နမာလိ သမုဒ္ဒရာ- ပြန့်ပြော ပေါများသော သန္တာရှိသောကြောင့် ရဲရဲနီသော အဆင်း ရှိ၏၊ (၇) ဗလဝါ မုက္ခ သမုဒ္ဒရာ- အဝီစိငရဲကြီး၏ တံခါးနှင့် ဆက်စပ်လျက် ရှိ၏၊ ထို့ကြောင့် ရံခါ ငရဲတံခါး ပွင့်လတ်သော် ငရဲမီးလျှံသည် ထွက်၍ ကြောက်မက်ဖွယ်သော ဝဲသြဃကြီးကို ဖြစ်စေလျက် ပြင်းစွာသော အသံတို့ဖြင့်၊ မြည်ဟီး၍ နေ၏။

http://www.dhammadownload.com

သမိုင်းကြီး ၄-ပါး။ ။ကဝေသာရကျမ်း ပယောဂ ဆေးတို့ကို ပြသော အခန်း၌ သမိုင်းကြီး ၄-ပါး၊ တပါးလျှင် အမျိုး ၃၀-စီ၊ သမိုင်းကြီး ၄-ပါး ဟူသော်ကား။ (၁) ကြီးပေါင်းပင့် သမိုင်း၊ (၂) ပျားတံ သမိုင်း၊ (၃) အထက်ကောင်းကင် ပိုးအိမ်သမိုင်း၊ (၄) အောက်ကောင်းကင် ပိုးအိမ်သမိုင်းဟု ပါရှိလေသည်၊ ၎င်း ၄-ပါးကို စုပေါင်းက သမိုင်းပေါင်း ဆေးဖြစ်၏၊ ပယောဂနိုင်သည်မှတ်။

သရ ဂ-လုံး၊ ပါဠိသုံး၊ ရေးထုံး သဒ္ဒါစဉ်။ ။မြန်မာပါဠိဘာသာလာ ဗျည်း၏ မီရာ 'သရ' ရှစ်လုံး၊ အ, အာ, ဣ, ဤ, ဥ, ဦ, ဧ, ဩ။

သရ ၁၁-လုံး၊ မြန်မာ့သုံး၊ ရေးထုံး ရှေးအစဉ်။ ။၎င်းအဖြေ (မြန်မာသရ၊ ရေးထုံးပြု မှတ်ကြ ၁၁-လုံး) ဟူသော သုတေသနဌာန ပြခဲ့ပြီ။

သရက် ၄-မျိုးနှင့်၊ ပုဂ္ဂိုလ် ၄-စား။ ။စတုက္ကဂိုဏ္ဍရ။ပါ။ ၄၁၂ ။ဋ္ဌ။ ၃၂၆-၌ အကျယ်ရှု။ သရက် ၄-မျိုးနှင့် ပုဂ္ဂိုလ်လေးစားကို ဥပမာထား၍ ဟောပြချက်များ။

(၁) အာမောဟက္ကဝဏ္ဏီ-မှည့်သောအဆင်းအရောင်ရှိ၍အတွင်း၌စိမ်းသော သရက်မျိုးကဲ့သို့၊ အဓနအထိုင် အသွင်အပြင် ကြည်ညိုဘွယ် ဣန္ဒြေရှိလျက် ကိုယ်တွင်း၌ တရားမရှိသော အယောင်ဆောင်ပုဂ္ဂိုလ်မျိုး။

(၂) ပက္ကော အာမ ဝဏ္ဏီ-စိမ်းသော် အဆင်းအရောင်ရှိလျက် မှည့်နေသေး သရက်မျိုးကဲ့သို့ အသွင်အပြင် ကြည်ညိုဘွယ် ဣန္ဒြေမရှိသော်လည်း ကိုယ်တွင်း၌ တရားရှိသော ပုဂ္ဂိုလ်။

(၃) အာမော အာမ ဝဏ္ဏီ- စိမ်းရောင်ရှိလျက် စိမ်းနေသော သရက်မျိုး ကဲ့သို့၊ အသွင်အပြင် ကြည်ညိုဘွယ် ဣန္ဒြေမရှိ၊ ကိုယ်တွင်း၌လည်း တရားမရှိသော ပုဂ္ဂိုလ်။

(၄) ပက္ကော ပက္က ဝဏ္ဏီ- မှည့်ရောင်ရှိလျက် မှည့်နေသော သရက်မျိုးတို့ ကဲ့သို့၊ အသွင်အပြင် ကြည်ညိုဘွယ် ဣန္ဒြေရှိ၍ ကိုယ်တွင်း၌လည်း တရားရှိသော ပုဂ္ဂိုလ်ထူး၊ ဤသို့ ပုဂ္ဂိုလ်ဧလေးပါးကို သိရာ၏။

သရက်မျိုး အပြား ၃၁-ပါး။ ။မြန်မာပြည်၌ ထင်ရှားသော သရက်ပင် သရက်သီးမျိုးများ။ (၁) အောင်ဒင်သရက်၊ (၂) အောင်းသရက်နီ၊ (၃) အောင်းသရက်ဖြူ၊ (၄) အဂ္ဂီသရက်၊ (၅) ကျေးကွေးသရက်၊

http://www.dhammadownload.com

(၆) ဂေါင်းချိုးသရက်၊ (၇) ဆင်ဂေါင်းသရက်၊ (၈) ဆင်နင်းသရက်၊ (၉) ဆင်မုံးသရက်၊ (၁၀) စိမ်းစားသရက်၊ (၁၁) တောစာသရက်၊ (၁၂) နဲ့တဲ့သရက်၊ (၁၃) ပန်းဆွဲသရက်၊ (၁၄) ပလူသရက်၊ (၁၅) မဂို (သီတိုင်) သရက်၊ (၁၆) မနော်နွယ်သရက်၊ (၁၇) မချစ်စုသရက်၊ (၁၈) မန္တလေးရင်ခွဲသရက်၊ (၁၉) မန္တလေးနဲ့တဲ့သရက်၊ (၂၀) မျောက်ခေါင်းသရက်၊ (၂၁) ရွှေကတော့သရက်၊ (၂၂) ရွှေဝါသရက်၊ (၂၃) လောက်စာသရက်၊ (၂၄) ဘင်္ဂလားသရက်၊ (၂၅) ဝါဆိုသရက်၊ (၂၆) ထိပ်ပေါက်သရက်၊ (၂၇) သကြားသရက်၊ (၂၈) သရက်ဖြူခေါ်နို့ဆီသရက်၊ (၂၉) သုံးလုံးတတောင်သရက်၊ (၃၀) ရေနုံသရက်-ရေနုံစော်နုံသည်၊ (၃၁) ဓားမောက်ရိုးသရက်၊ ကောက်ကောက် ပုံသဏ္ဌာန်ရှိသည်၊ ယခုခေတ်သစ်ကာလ၌ မျိုးပေါင်းများစွာကို စိုက်ပျိုးရေးဌာနမှ စပ်ဖက်လျက်ရှိနေသေး၏။

သရဏဂုဏ်မျိုး ၂-ပါး။ ။'ဒုဝိဓံ ဟိ သရဏဂမနံ လောကုတ္တရံ လောကိယဉ္စ' ဟူသော ပါဠိအရ ဖြစ်သည်။ (၁) လောကီသရဏဂုဏ်- ရတနာသုံးပါး၏ဂုဏ်ကို အာရုံပြု၍ ဆောက်တည်သော ပုထုဇဉ်တို့ သရဏဂုဏ်၊ (၂) လောကုတ္တရာ သရဏဂုဏ်- အရိယာပုဂ္ဂိုလ်တို့ မင်္ဂ၏ ခဏ၌ နိဗ္ဗာန်ကို အာရုံပြု၍ ရောက်သော သရဏဂုဏ်။

သရဏဂုဏ် မျိုး ၂-ပါး၊ တန့်ချိန်း။ ။သံဃာတော် မပေါ်မီ ဆောက်တည်ခြင်းနှင့် သံဃာတော်ပေါ်ပြီးမှ ဆောက်တည်ခြင်း မျှသာ ခြားနားသည်။ (၁) ဒွေဝါစိက သရဏဂုဏ်- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ (တပုဏ္ဏ, ဘလ္လိက တို့လို။) (၂) တေဝါစိက သရဏဂုဏ်- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။ (အဇာတသတ်မင်းတို့လို။)

သရဏဂုဏ်မျိုး ၃-ပါး။ ။ဘုရား, တရား, သံဃာ, ဤသုံးဖြာကိုပင် အမြဲမပြတ် အောက်မေ့ ကိုးကွယ် လေးစား အပ်သောကြောင့် သရဏဂုဏ် ၃-ပါးဟု ခေါ်၏။ (၁) ဗုဒ္ဓ သရဏံ ဂစ္ဆာမိ- ဘုရားကို ယုံကြည်ဆည်းကပ်ပါ၏။ (၂) ဓမ္မံ သရဏံ ဂစ္ဆာမိ- တရားကို ကျင့်ပါ၏။ (၃) သံဃံ သရဏံ ဂစ္ဆာမိ- သံဃာကို ယုံကြည် ဆည်းကပ်ပါ၏။

http://www.dhammadownload.com

သရဏဂုဏ်မျိုး ၄-ပါး။ ။ရတနာသုံးပါးအား ဆည်းကပ် ကိုးကွယ်ခြင်း လေးပါး။

(၁) အတ္တသန္ဓိယျာတန သရဏဂုဏ်-အင္ဂ အာဒိ ကတ္တာ အဟံ အတ္တာနံ ပုဒ္ဓဿ နိယျာတေမိ၊ ဓမ္မဿ နိယျာတေမိ၊ သံဃဿ နိယျာတေမိ၊ ရတနာ သုံးပါးတို့အား သံသရာဝဋ်မှ ထွက်မြောက်ရန် အတ္တာက် မိမိခန္ဓာ အတ္တဘောကို စွန့်လွှတ်အပ်နှင်း၍ ကိုးကွယ်ဆည်းကပ်ခြင်း။

(၂) တပ္ပရာယန သရဏဂုဏ်- အင္ဂ အာဒိ ကတ္တာ အဟံ ပုဒ္ဓဿ ပရာယ-နော၊ ဓမ္မဿ ပရာယနော၊ သံဃဿ ပရာယနော။ ယနေ့ကစ၍ ငါသည် ရတနာသုံးပါးသာလျှင် လည်းလျောင်းရာရှိ၏ ဟု စိတ်မှာ ကြံ၍ ဤသို့ ကျွန်ုပ်ကို မှတ်ကုန်လော့ ဟု လျှောက်ထား ဆောက် တည်ခြင်း။

(၃) သိဿာဘာဝုပ ဂမန သရဏဂုဏ်- အင္ဂ အာဒိ ကတ္တာ အဟံ ပုဒ္ဓဿ အန္တေဝါသိကော၊ ဓမ္မဿ အန္တေဝါသိကော၊ သံဃဿ အန္တေ ဝါသိကော။ ယနေ့ကစ၍ ငါသည် ရတနာသုံးပါး၏ တပည့်သား တည်းဟု တပည့်အဖြစ် လျှောက်ထား ဆောက်တည်ခြင်း။

(၄) ပဏိပါတ သရဏဂုဏ်- အင္ဂ အာဒိ ကတ္တာ အဟံ ပုဒ္ဓဿ အဘိ ဝါဒနံ ပစ္စုပ္ပဋ္ဌာနံ အဉ္ဇလီ ကမ္မံ သာမိစိကမ္မံ ကရောမိ။ ဓမ္မဿ (လ) ကရောမိ။ သံဃဿ (လ) ကရောမိ။ ယနေ့ကစ၍ ငါ့ကို ရတနာ သုံးပါးတို့အား ရှိခိုခြင်း လက်အုပ်ချီခြင်း ခရီးဦးကြိုခြင်း လွန်စွာ အရိုအသေပြုခြင်းရှိသော သူဟု မှတ်ထင်တော်မူပါဟု လျှောက် ထား၍ ကိုးကွယ်ဆည်းကပ်ခြင်း။

သရဏဂုဏ် ၃၀။ ။သရဏဂုဏ် ဆောက်တည်ပုံ နည်းပေါင်း ၃၀-ဟူ၏။ ယှဉ်တွဲဖော်ပြချက် ပါဠိနှင့် မြန်မာစကားတို့ကို ဖြည့်စွက်၍ ဆိုပါ။ (က) ဇာတိ ပရိယန္တံ ပုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ။ သံဃံ။ ပေါင်း ၃-ပါး။ ပဋိသန္ဓေ တည်စနှမ္မု ဆုံးလည်တိုင်အောင် ဘုရား တရား သံဃာကို ကိုးစား ယုံကြည်ပါ၏။ (ခ) ဘောဂ ပရိယန္တံ ပုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ။ သံဃံ။ ပေါင်း ၃-ပါး။ စည်းစိမ်ချမ်းသာ ဆုံးသည်တိုင်အောင်။ (လ) ပါ၏။ (ဂ) ဇီဝိတ ပရိယန္တံ ပုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ။ သံဃံ။ ပေါင်း

http://www.dhammadownload.com

၃-ပါး။ အသက် ကုန်ဆုံးသည်တိုင်အောင် (လ) ပါ၏။ (ဃ) ယာဝ ဇီဝံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ။ သံဃံ။ ပေါင်း ၃-ပါး။ အသက်ရှည်သမျှ ကာလပတ်လုံး (လ) ပါ၏။ (င) မရဏကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ။ သံဃံ။ ပေါင်း ၃-ပါး။ သေသည့် ကာလတိုင်အောင် (လ) ပါ၏။ (စ) မရဏ ပရိယန္တကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ။ သံဃံ။ ပေါင်း ၃-ပါး။ သေခြင်းဆုံးရှုတိုင်အောင် (လ) ပါ၏။ (ဆ) ယာဝ အရဟတ္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ။ သံဃံ။ ပေါင်း ၃-ပါး။ အရဟတ္တဖိုလ် ရသည့် တိုင်အောင် (လ) ပါ၏။ (ဇ) အရဟတ္တ ပရိယောသာန ကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ။ သံဃံ။ ပေါင်း ၃-ပါး။ အရဟတ္တဖိုလ်ကိုရ၍ ဘဝဆုံး တိုင်အောင် (လ) ပါ၏။ (စျ) နိဗ္ဗာနကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ။ သံဃံ ပေါင်း ၃-ပါး။ နိဗ္ဗာန်ရောက်သော ဘဝတိုင်အောင် (လ) ပါ၏။ (ည) နိဗ္ဗာနကာလံ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ။ သံဃံ။ ပေါင်း ၃-ပါး။ ပရိနိဗ္ဗာန်စံသည့်တိုင်အောင် (လ) ပါ၏။

သရဏဂုဏ် ၆၀၊ သရဏဂုဏ် ၉၀။ ။ငင်းတို့ကား သရဏဂုဏ် ၃၀-မှ ပွားများလာသော အရာများဖြစ်၏၊ အကျယ်ဆောက်တည် နည်းကို 'ဇိဇ္ဇာမယ သိဒ္ဓိ' ကျမ်းကြီး၌ ယူလေ၊ ထိုကျမ်းကို မကာရလောပ ခင်ကြီးဖေျာ်ဆရာတော်ပြု၏။

သရဏဂုဏ် ဆောက်တည်ခြင်း၏ အကြောင်းတရား ၄-ပါး။ ။ငင်း တို့၏ သရုပ်အဓိပ္ပါယ်များကို (ဘာသာ တရား၌ ကိုးစား ဆည်းကပ်ခြင်း အကြောင်း ၄-ပါး) ဟူသော သုတေသန၌ ပြခဲ့ပြီ။

သရဏဂုဏ် ပျက်ကြောင်း အင်္ဂါ ၂-ပါး။ ။လောကီဘုံသားတို့ ဆောက်တည်ထားသော သရဏဂုဏ် ပျက်ခြင်း၏ အကြောင်းတရား နှစ်ပါး။ (၁) သာဝဇ္ဇ ဘေဒ-ပိဋ္ဌိဿာသာ ဘုရားကို ဘုရားမှန် ဘာသာမှန်ဟု မိစ္ဆာဉာဏ်ဖြင့် ဝေဘန်ကြည်ညိုပြီး ဆည်းကပ် ကိုးကွယ်သွားမှုကို ပြုသော အခါ မူလရှိရင်းသရဏဂုဏ် ပျက်၍ အပါယ်လားပြစ်လည်း ရရှိ၏၊ (၂) အန ဝဇ္ဇ သုခဝိပါက ဘေဒ-သရဏဂုဏ် ဆောက်တည်ပြီး သေသွားသူ၊ သရဏဂုဏ်ကား ပျက်၏၊ အပြစ်မရှိ ကောင်းကျိုးချမ်းသာ ရ၏။

http://www.dhammadownload.com

[သ၁]

သာသနဓဇင်ထီး၊ စေတီကြီး၊ တည်ပြီး မြတ် ၁၁-ဆူ။ ။သာသနာတော်၏ အစအဦး စေတီတော်ကြီးများဟုလည်း အဆိုရှိကြသည်၊ သာသနာ့ထိပ် ခေါင်တင် ထီးဘုရင်ဖြစ်တော်မူသော မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်ကြီးသည် သက်တော် (၈၀) ဝါတော် (၄၅) ရရှိတော်မူရာ မဟာ သက္ကရာဇ် ၁၄၈-ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့တွင် မလ္လာမင်းတို့၏ သာမောရဂုံ အင်ကြင်းစုံမြို့ဝ ဂန္ဓိုင်ဟေမာ ဥယျာဉ်တော်သာ၌ ရွှေပြည် နိဗ္ဗာန် စံဝင်တော်မူသောအခါ သူပိုင် ငါပိုင် ဓာတ်တော်ပြိုင်လုကြသည့် ဘုရင်မင်းအပေါင်းတို့၏ဆရာ ဒေါနပုဏ္ဏားကြီးက ဖြန်ဖြေဟောကြား ရန်မီး ပွား ငြိမ်းစေကာ ဓာတ်တော်များကို ဝေခြမ်းပေးရာ ဓာတ်တော် ဝေစုရ ထီးဆောင်းမင်း အပေါင်းတို့သည် ကိုယ့်တိုင်းပြည် ကိုယ့်ဌာန၌ အသီးအသီး စေတီတော်ကြီးများ တည်ထားကိုးကွယ်ကြရာဝယ် ထိုကာလ က စေတီတော်ကြီး ၁၀-ဌာနကို ဝင်ကိုးဝင်တို့တွင် တပါးပါဝင်သော (ထူပဝင်) ထူပဝံသပါဠိ သီဟိုဠ်မူမှ ထုတ်ယူပြသည်။

(၁) ဆုဇ္ဈိဟ် ပြည်ကြီး၌ .... ၁-ဆူ၊
(၂) ဝေသာလီ ပြည်၌ .... ၁-ဆူ၊
(၃) ကပိလဝတ် နေပြည်တော်ကြီး၌ .... ၁-ဆူ၊
(၄) အလ္လကပ္ပ ပြည်၌ .... ၁-ဆူ၊
(၅) ဝေဋ္ဌဒီပက တိုင်း၌ .... ၁-ဆူ၊
(၆) ပါဝေယျက တိုင်း၌ .... ၁-ဆူ၊
(၇) ရာမ ရွာ၌ .... ၁-ဆူ၊
(၈) မလ္လတိုင်း ကုသိနာရုံ၌ .... ၁-ဆူ၊

(၎င်း စေတီကော်ရှစ်ဆူတို့၌ ဓာတ်တော် တစိတ်သားစီ ဌာပနာ၏)

(၉) ပိပ္ပလိတိုင်း၌ မီးသွေးဓာဂ် ဌာပနာတော်.... ၁-ဆူ၊

(၁၀) ဒေါနပုဏ္ဏားကြီး၏ ဓာတ်တော်များ ခြင်ဝေပေးသော ရတနာ ရွှေပြည်တောင်းကို ဌာပနာသည့် စေတီတော် တဆူအား ဖြင့် ပေါင်း ဆယ်ဆူတို့ ဖြစ်ကုန်၏။

http://www.dhammadownload.com

သဘာဟတ္ထိဝါ၊ ခိုးနည်းမှာ၊ ၅-ဖြာ အဘယ်နည်း? ။ ။ငင်း သရုပ်ကို [illegible] ၂၅-ပါး) ၌ ရှုပါကုန်။

သဘဂရုတရားကြီး ၄-ပါး။ ။ဓမ္မသင်္ဂဏီပါဠိတော်(အဋ္ဌသာလိနီ)အဋ္ဌကထာ ၁၁-၌ အကျယ်ရှုပါ။ နက် ကျယ် ရှည်လျားခြင်းကြီး လေးပါး၊ (၁) ဇလသဘဂရ-ယူဇနာပေါင်း ရှစ်သောင်းလေးထောင် နက်ဝမ်းသော မဟာ သမုဒ္ဒရာကြီး၊ (၂) သံသာရ သဘဂရ ခန္ဓာ အာယတန ဓာတ်တို့၏ မပြတ် ဖြစ်ပျက်နေကြသော အစဉ်၊ (၃) နယ သဘဂရ-ရှင်တော်မြတ်ဘုရား ဟောကြား မိန့်မြွက်တော်မူသော ပိဋကတ ၃-ပုံ နည်းမျိုးစုံ၊ (၄) ဉာဏ သဘဂရ-သမ္ဘည္ဇတ ရွှေဉာဏ်တော်၏ အဆုံး အပိုင်း အခြားမရှိ မှန်မြတ် ကြီးကျယ်ခြင်းသဘော။

သဘဒုနရတရား ၄-ပါး။ ။ဇာတကပါဠိတော်။ ဒု-အုပ်၊ ဝိဓုရဇာတ် ၂၇၅။ ၂၉၇။ ၃၀၀ ။၄။ သတ္တမအုပ်၊ ၁၅၁-၂၁၁-၂၁၇ တို့၌ အကျယ်ရှုပါ။ လူကောင်း သူကောင်းတို့ ကျင့်သုံး လိုက်နာသော တရား ၄-ပါး။ (၁) ယာတာနု ယာယီ-ရွှေးသူဟောင်းတို့ လမ်းကောင်း အကျင့်ကို အသင့် လိုက်နာသုံးသပ်ခြင်း၊ (၂) အလ္လ ပါဏိ မာ သုက္ခ-ပေးကမ်းစွန့်ကြဲခြင်းဖြင့် စိုသောလက်ကို မခြောက်သွေ့စေခြင်း၊ (၃) မာစ အဿတိံ ဝသံ ဂစ္ဆ-မိန်းမတို့နှင့် ပျော်ပါး လိုက်စား မမိုက်မှားခြင်း၊ (၄) မာ ဒုဗ္ဘိစ မိတ္တာနံ-မိတ်ဆွေ ခင်ပွန်းတို့အား မပြစ်မှား မကောက်ကျစ်ခြင်း၊ (ဤ ၄-ပါး ကား- ဝိဓရဇာတ်လာတည်း။)

သဘဒုနရတရား ၄-ပါး၊ တနည်း။ ။ကျွန်ုပ်ယ ဇာတ်တော်လာ ၄-ပါးတား။ (၁) ဒက္ခ- တရားနှင့်အညီ ပစ္စည်းဥစ္စာ ရှာဖွေရေး၌ လိမ္မာသော ဉာဏ်ပညာရှိခြင်း၊ (၂) သံ ဝိဘဇ္ဇ-ရလာသော ပစ္စည်းဥစ္စာကို သီလ အကျင့် ရှိသူတို့အား ခွဲဝေ ပေးလှူခြင်း၊ (၃) အ ဟာသ-ဥစ္စာ များစွာ ရသောအခါ ပျော်ပါးမေ့ကြွား ဝမ်းသာမှုမျာ မရှိခြင်း၊ (၄) အ ဗျထ-ပစ္စည်းဥစ္စာများ တိမ်းပါး ပျက်စီးသွားသော်လည်း ဝမ်းနည်း ပူဆွေးမှု မရှိခြင်း။

သဘဒုနရတရား ၄-ပါး၊ တနည်း။ ။ဥမ္မာဒန္တီ ဇာတ်လာ မင်းပုဏ္ဏား စသူတို့ ကျင့်ရသော ထရား ၄-ပါး။ (၁) အ နာလသော ကာမဘောဂီ-ဇဲ့လွဲ့လ ရှိသော လူ၊ (၂) သညတ ပဗ္ဗဇိတ-ကိုယ်,နှုတ်,စိတ်,စောင့်သော ရဟန်း၊

http://www.dhammadownload.com

(၃) နိသမ္မ ကာရီ ရာဇာ-စုံစမ်းဆင်ခြင် ပြုလေ့ရှိသော မင်း၊ (၄) အကောဓ ပဏ္ဍိတ-အမျက်မာန် မရှိသော ပညာရှင်။

သာမဏေကျော် ၄-ပါး။ ။ရန်ကုန်မြို့ လေးဆူဓောတ်ပုံ ရွှေတိဂုံစေတီတော်မြတ်၏ ယင်ပြင်တော် အနောက်မျက်နှာ၌ စေတီငယ် မုခ်လေးမျက်နှာဝယ် ဗုဒ္ဓလက်ထက်တော်က ထင်ရှားသော သာမဏေကျော် ၄-ပါး၏ ကျောက်ရုပ် ပုံတော်များနှင့် အကြောင်း အရာ ကျောက်စာတော်ပါရှိသည်၊ ထိုကျောက်စာ၌ ကြည့်ရှု, ဖတ် မှတ်ကြပါကုန်။

သာမဉ်ပါယ်၊ မျိုး ၅-သွယ်၊ မင်းဝယ် ယှဉ်ကာသုံး။ ။ဥပါယ်မျိုး ၄-ပါး၏ အကျယ်ကို အမရကောသဋီကာမှ ယူပြသည်။ (၁) သူ့ကျေးဇူးကို ပြောကြား မြွက်ဆိုခြင်း၊ (၂) အမှုထမ်းတို့၏ ဂုဏ်ကို ထုတ်ဖော် ပြောဆိုခြင်း၊ (၃) ဆွေမျိုးတော်စပ်ပုံကို ပြောဆိုဖွင့်ဟခြင်း၊ (၄) ဤလိုလုပ်လျှင် နောက်ခါ ဤအကျိုးကိုရမည်ဟု ဆိုခြင်း၊ (၅) သင့်ကို ယုံကြည်စိတ်ချသည်ဟု ဆိုကာ တာဝန်အရေးများကို လွှဲအပ်၍ပေးခြင်း။

သာရဏီယတရား ၆-ပါး။ ။ဝိနည်း ပရိဝါပါဠိတော်။ ၁၆၇ ။၌။ ၁၅၃-၌ အကျယ်ရှု့ပါ။ သီတင်းသုံးဘော်ချင်း ဝမ်းမြောက်စွာ အောက်မေ့လိုက်နာကျင့်ကြံရသော တရား ၆-ပါး။ (၁) ကာယကံ မေတ္တာ-သီတင်းသုံးဘော်တို့၌ မျက်မှောက်မျက်ကွယ် ဘယ်နေရာမှာမဆို မေတ္တာနှင့်ယှဉ်သော ကာယကံမှုကို ပြုစုခြင်း၊ (၂) ဝစီကံ မေတ္တာ- အထက်ပါအတိုင်းဝစီကံမှုကို ပြုစုအားထုတ်ရခြင်း၊ (၃) မနောကံ မေတ္တာ- ထို့အတူ စိတ်ဖြင့် အမြဲချစ်ကြည် လေးမြတ်ရခြင်း၊ (၄) အပ္ပဋိဝိဘတ္တ ဘောဂီ- တရားသဖြင့် ရလာသော လာဘ်ပစ္စည်းကို 'အယုတ်ဆုံး တယောဂ်စာ မဝတဝမျှရသော ဆွမ်းကိုသော်မျှ' မခဲမချန် သီလကျင့်ဘက် သီတင်းသုံးဘော်တို့နှင့် အတူတကွ ညီမျှစွာ ဝေငှဆက်ဆံ စားသောက် နေထိုင်လေ့ရှိခြင်း၊ (၅) သီလ သာမညဂတော ဝိဟရတိ သဗြဟ္မစာရီဟိ- သီတင်းသုံးဘော်တို့၏ ဖြူစင်မြင့်မြတ်သော သီလနှင့်အတူ မိမိသီလကိုလည်း ဖြူစင်မြင့်မြတ်စွာ ထိန်းစောင့်လျက် မျက်မှောက်မျက်ကွယ် သူတော်ကောင်းတို့ ချီးမွမ်းဘွယ် ဖြစ်အောင် နေထိုင်၍ အတူကျင့်ကြံ၏၊ (၆) ဒိဋ္ဌိ သာမညဂတော ဝိဟရတိ သဗြဟ္မစာရီဟိ- နိဗ္ဗာန် မဂ် ဖိုလ် ရောက်ကြောင်း ဒကာင်းမြတ်သော အယူကို သီတင်းသုံးဘော်တို့နှင့်အတူ ကောင်းစွာယူလျက်နေ၏။

http://www.dhammadownload.com

သာလွန်ညောင်ဓောင်း၊ ခြေ ၆-ချောင်း၊ **ခံချောင်း** ရှစ် ၆-မျိုး။ ။ခြေ ၆-ချောင်း တပ်သော သလွန်ညောင်ဓောင်း၏ အောက်ခြေ၌ အရပ် ၆-မျိုး ခံ၍ ပြုလုပ်သည့် ယုတ္တိ အပြောကား၊ ပြုစောင်းကို ဓမည်းထောင် နေမင်းက လေး, မြား အပ်၍ ငှက်, ဝက်, ဆီလူး, ဗူး, ဂျူးပျံ, ကျား၊ ထို ၆-ပါးသော ရန်သူတို့ကို နှိမ်နင်း အောင်မြင်စေကာ မင်းအဖြစ်သို့ရောက်ခြင်း နိမိတ် မင်္ဂလာကို ထင်စွာပြလို၍ မင်းမြတ်တို့ မပြတ် အိပ်စက်ရာ ဖြစ်သော ရတနာ ညောင်စောင်းတော်၌ အောက်ခံဖြစ်သော ခြေကို ခြောက်ချောင်း တပ်လျက် ငှက်, ဝက်, ဘီလူး, ဗူး, ဂျူးပျံ, ကျား အရပ် သဏ္ဌာန်များကို ခံစေ၍ အိပ်စက်ကာ မင်္ဂလာယူကြသည်ဟု ရွှေဘုံနိဒါန်း၌ ဆို၏။

သာဝကအပြား မျိုး ၃-ပါး။ ။ထေရဂါထာ။ဋ္ဌ။ ဒု-အုပ်။ ၅၄၁-၌အကျယ်ရှု။ **ထေရဉ်ခံယူ** နာကြားသူမျိုး သုံးပါး။(၁)အဂ္ဂသာဝကမျိုး-မြတ်စွာဘုရား အောက် ၎-ပုံ ၁-ပုံ ပါရမီ ပြည့်ကျင့်ရသည်၊ (၂) မဟာသာဝကမျိုး-ကမ္ဘာတသိန်း ပါရမီဖြည့်ရသော အသီတိရှစ်ကျိပ်တို့၊ (၃) ပကတိ သာဝကမျိုး-ပါရမီဖြည့်မှု သီးခြားမရှိ သူလို ငါလို ပုဂ္ဂိုလ်စုများ။

သာသနာ့အဓမ္မမျိုး ၂-ပါး။ ။မဇ္ဈိမပဏ္ဏာသ။ပါ။ ၁၅ ။ဋ္ဌ။ ပ-အုပ်။ ၉၄။ (၁)အာမိသ ဒါယာဒ- ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, ပစ္စည်း ၎-ပါး အမွေခံ၊ (၂) ဓမ္မ ဒါယာဒ- လောကုတ္တရာ အမွေခံ၊ တရားအမွေခံကိုသာ ဘုရားရှင်လိုလားသည်။

မှတ်ချက်။ ။နံပါတ် ၂-၌ မင်္ဂ ဗိုလ်ရှုခြောင်း ဝိပဿနာတရားပွားများ အားထုတ်မှု၊ ဝိပဿနာဓုရကို ဆိုသည်မှတ်ရာ၏။

သာသနာအပြား မျိုး ၃-ပါး။ ။ပါရာဇိကဏ် ။ဋ္ဌ။ ပ-အုပ် ၁၇-နှင့် သုတ် သီလက္ခန် ။ဋ္ဌ။ ၂၀-၌ သာသနာ ၃-ရပ် ကိုပါ အကျယ် ပြထားသည်။ ဆုံးမခြင်းအပြား သုံးပါးဟူ၏၊ ကျိကား ခုခေတ်သုံးတည်း။ (၁)ပရိယတ္တိ သာသနာ-စာပေပိဋကတ် သင်ကြားမှု၊ (၂)ပဋိပတ္တိ သာသနာ-ကမ္မဋ္ဌာန်း ဘာဝနာ အားထုတ်မှု၊ (၃) ပဋိဝေဓ သာသနာ-မဂ် ဖိုလ် နိဗ္ဗာန် တရား မှန်ကို သိမှု။

သာသနာ ၃-ရပ်။ ။ပိဋကတ်သုံးပုံကို သာသနာအားဖြင့် ၃-ရပ် ခွဲထားဃည်။ (၁) ယထာ ပရာဓ သာသနာ- အပြစ်ရှိသူကို အဖြစ်အလျောက် ဆုံးမပညတ်သော စီနည်းပိဋကတ်တော်၊(၂)ယထာ နုလောမ သာသနာ-

http://www.dhammadownload.com

ထိုထို သတ္တဝါတို့၏ အလို အဇ္ဈာသယ အားလျော်စွာ ဟောကြားဆုံးမ တော်မူအပ်သော သုတ္တန် ပိဋကတ်တော်၊ (၃) ယထာ ဓမ္မသာသနာ-အားလုံးသော ပဂ္ဂိုလ်, သတ္တဝါ, ရေ, မြေ, တော, တောင်ဟူသမျှတို့သည် ပရမတ္ထဓမ္မ အစုသာဖြစ်ရကား ရှုပ် နာမ် အားလျော်စွာ ဟောကြား ဆုံးမတော်မူအပ်သော အဘိဓမ္မာ ပိဋကတ်တော်။

သာသနာကွယ်ကြောင်း တရား ၅-ပါး၊ ၃-နည်း။ ။ပဥ္စဂုံတ္တရ ။ပါ။ ၂၁၆။ ။ဌ။ ၇၆။ ဆက္ကဂုံတ္တရ ။ပါ။ ၂၉၈။ သတ္တဂုံတ္တရ ။ပါ။ ၄၆၀-တို့၌ အကျယ်ယူပါ။ ၎င်းသရုပ် အဓိပ္ပါယ်မှာ အောက်ပါ လက်ာမျှားဖြင့် ထင်ရှား၏။

(က) အဂုံတ္တိုရိလာ၊ သာသနာ ကွယ်ကြောင်း၊ တရား ပေါင်းကာ၊ တရားမနာ၊ စာပေမသင်၊ နှုတ်တွင်မဆောင်၊ သိအောင်မမှတ်၊ ပဋိပတ်ကွာ၊ ဤငါးဖြာကည်း။

(ခ) နောက်လာထို့ပြင်၊ စာသင်ပယ်လျော၊ ကျယ်မဟောကြ၊ ကျယ်မချနှင့်၊ ကျယ်စွဉ်မအံ၊ မကြံမစည်၊ ဤငါးမည်တည်း။

(ဂ) ဝါတနည်းမှာ၊ အကွရုပုဒ်ပျက်၊ လေ့ကျက်သင်ကြ၊ ဆုံးမမယူ၊ စာချသူရှား၊ လာဘ်မျှားအောင်ကြံ၊ ခိုက်ရန်ကွဲပြား၊ ဤငါးပါး သည်၊ ဘုရားသာသနာ ကွယ်ကြောင်းတည်း။

သာသနာကွယ်ခြင်း မျိုး ၅-ပါး။ ။သာသနာ ကွယ်ပုံ ကွယ်နည်း အပြား မျိုး ၅-ပါးဟူ၏။ (၁) ပရိယတ္တိ သာသနာခေါ် ပိဋကတ်သုံးပုံမျာား တစတစ ကွယ်ပျောက်ခြင်း၊ (၂) ပဋိပတ္တိ သာသနာခေါ် စျာန်ဝိပဿနာ မဂ် ဖိုလ် ရကြောင်း အကျင့်ကောင်းမျာား ပျက်ပြား ဆုံးပုတ် ကွယ်ပျောက်လာ ခြင်း၊ (၃) ပဋိဝေဓ သာသနာခေါ် မဂ် ဖိုလ် ပဋိသမ္ဘိဒါ ဝိဇ္ဇာအဘိညာဉ်တို့ တစ တစ ရသူမရှိ ကွယ်ပျောက်၍ သွားခြင်း၊ (၄) လိင် သာသနာခေါ် ပရိက္ခရာ ရှစ်ပါးဆောင်သော ရဟန်း အသွင်တို့တွင် တစ တစ သပိတ် ဆောင်သူ ခါးပန်းဆောင်သူ ဒုကူဋ်ဆောင်သူ မရှိနှင့် ကွယ်ကွယ်သွားရာ နောက်ဆုံး သင်္ကန်းစကို နသန်ပန်ဆောင်ရာမှ စွန့်ပစ်ကြသောအခါ ကွယ်ပျောက်သွားခြင်း၊ (၅) ဓာတုသာသနာခေါ် ဗုဒ္ဓဘုရားနှင့် သာဝက မျာားတို့၏ ဓာတ်တော် မွေတော်တို့ကို ကိုးကွယ်ဆည်းကပ် မြတ်နိုးသူတို့ လုံးဝ မရှိသောအခါ ဓာတု ပရိနိဗ္ဗာန် ပြုခြင်းဖြင့် သာသနာတော်မြတ် လုံးဝတောတ်သိမ်း ကွယ်ပျောက်ခြင်းမျိုး။

http://www.dhammadownload.com

သာသနာဓေတ်၏ အံ့ဘွယ် ဂ-ဖြာ။ ။ဂုဏ်း သရုပ် (အံ့ဘွယ် ဂ-ဖြာ သာသနာ)၌ ရှုပါ။

သာသနာတော်၏ အင်္ဂါ ၉-ပါး။ ။ဂုဏ်း သရုပ် အဓိပ္ပါယ်ကား (ဓမ္မက္ခန္ဓာ၏ အင်္ဂါ ၉-ပါး)နှင့် တူ၏။

သာသနာတော်၏ သူခိုးကြီး ၅-ဦး။ ။စတုတ္ထပါရာဇိကဋ္ဌ ဟောတော်မူသည့် သာသနာတော်၌ ခိုးသူကြီး ၅-ယောက် ဟူ၏။ မှတ်သိမှုလွယ်ကူရန် ညောင်လေးပင်တောရ အဂ္ဂမဟာပဏ္ဍိတ ဦးအရိယဝံသ စီရင်သော ပဋိစ္စသမုပ္ပါဒ်အရသာ ၁၆၉-၌ ဆိုသည်ကား-

အလှူခံလွှဲ၊ ငါသိတရား၊ စွပ်စွဲမှားပြု၊ ပေးမှု ဂရုဘဏ်၊ မင်္ဂလာန် ဝါကြွား၊ ဤငါးပါး၊ ခိုးစား သာသနာ။

ဟူသော ဆောင်ပုဒ်လင်္ကာအရ ဂုဏ်း၏မူရင်းအတိုင်းဖေါ်ပြလိုက်သည်၊ (၁) လူဆိုးအသင်းဖွဲ့၍ အရပ်ရပ်လှည့်ကာ ပစ္စည်း ဥစ္စာ ဓားပြတိုက်သကဲ့သို့ ဓမ္မကထိက အပေါင်းအသင်းနှင့် အရပ်တကာ လှည့်လျက် သာသနလုပ်ငန်းမလုပ်ပဲ သာသနဝန်ထမ်း ရိက္ခာ ပစ္စည်းလေးပါးတို့ကို အလှူခံနေကြသော သာသနရိက္ခာ သူခိုးတယောက်၊ (၂) လေးသင်္ခေါ်နှင့် ကမ္ဘာတသိန်း ပါရမီဖြည့်၍ရသော မြတ်စွာဘုရား၏ တရားဟောကို သင်ယူလေ့လာပြီးလျှင် ဤကား (ကိုယ်တော့) ငါသိသော တရားဟု ငါမြင်သောတရားဟု ဆိုဆို၍ ဘုရားရှင်၏ တရားတော်ကို ခိုးသူတယောက် ဟူ၏၊ (၃) သီလရှိသော ရဟန်းတို့ကို အကျင့်သီလပျက်သည်ဟု အလဲ့အမှား လူကြည်ညိုပျက်အောင် ပြောကြားလျက် ရဟန်းကောင်း၏ သီလကို ခိုးယူသူတယောက်၊ (၄) သံဃိကပိုင် ဂရုဘဏ် ပစ္စည်းကို လူတို့အား ပေးကမ်း ထောက်ပံ့ခြင်းဖြင့် သံဃပစ္စည်း ခိုးသူတယောက်၊ (၅) စျာန် မဂ် ဖိုလ်တရားထူးမရပဲလျက် မဂ်ရ ဖိုလ်ဝင် ရဟန္တာအရှင် ဖြစ်နေပြီဟု မိမိကိုယ်ကို ဝါကြွား ပလ္လား ညာစားနေသော သူခိုးကြီး တယောက် ဟူ၏။

သာသနာ ၅၀၀၀-နှင့် ဓေတ် ၅-ပါး ပိုင်းခြားပုံ နည်း ၃-မျိုး။ ။မုဒ္ဓမြတ်စွာ သာထနာတော်ကား အနှစ် ငါးထောင်သာ တည်နေနိုင်သည်ဟု ဘယ် ပါဠိတော်မှာမှ မလာမရှိ၊ ဗင်စစ် သာသနာတော်ကို ကျင့်သုံး လိုက်နာ

http://www.dhammadownload.com

ထမ်းဆောင် စောင့်ရှောက်သူတို့၏ အပေါ်မှာသာ တည်ရှိနေသည်ဟု မှတ်ထုသည်၊ သို့သော် အဋ္ဌကထာနည်းမျာ်းကို ပြပါအံ့။

စူဠဝါ အဋ္ဌကထာအလို

(၁) ပဋိသန္ဓိဒါယတ္တ ရဟန္တာခေတ် အနှစ် ၁၀၀၀
(၂) သုက္ခဝိပဿက ရဟန္တာခေတ် အနှစ် ၁၀၀၀
(၃) အနာဂါမ်ပုဂ္ဂိုလ် ....ခေတ် အနှစ် ။
(၄) သကဒါဂါမ်ပုဂ္ဂိုလ်....ခေတ် အနှစ် ။
(၅) သောတာပန်ပုဂ္ဂိုလ်....ခေတ် အနှစ် ။

သုတ်ပါဌေယျ အဋ္ဌကထာ ၌

(၁) ပဋိသန္ဓိဒါယတ္တ ရဟန္တာခေတ် အနှစ် ၁၀၀၀
(၂) ဆဋ္ဌာဘိည ။ ။ ။
(၃) တေဝိဇ္ဇာ ဓရ ။ ။ ။
(၄) သုက္ခ ဝိပဿက ။ ။ ။
(၅) ပါတိမောက္ခ သံဝရသီလ ခေတ် အနှစ် ၁၀၀၀

အင်္ဂုတ္တိရ် အဋ္ဌကထာ လာ

(၁) ပဋိသန္ဓိဒါယတ္တ ရဟန္တာခေတ် အနှစ် ၁၀၀၀
(၂) ဆဋ္ဌာဘိည ။ ။ ။
(၃) တေဝိဇ္ဇာ ဓရ ။ ။ ။
(၄) သုက္ခဝိပဿက ။ ။ ။
(၅) သောတာပန်, သကဒါဂါမ်, အနာဂါမ်, ခေတ် အနှစ် ၁၀၀၀။

သားအပြား ၃-ပါး။ ။ဣတိဝုတ် ။ပါ။ ၂၃၈။ဌ။ ၂၁၁။ မဇ္ဈိမပဏ္ဏာသ ။ပါ။ ၂၇၆။ ကိုမြန်ကျင့်တရားဆောင်းဖြင့် ၃-ပါးပြား၏၊ ဣတိဝုတ္တကပါဠိတော်။ (၁) **အတိ ဇာတ သား-မိဘတို့ထက် အကျင့်မြတ်သော သား၊** (၂) **အနု ဇာတ သား- မိဘတို့နှင့်တူမျှသော အကျင့်ရှိသော သား၊** (၃) **ဇဝ ဇာတ သား-မိဘတို့အောက် အကျင့်ယုတ်သော သားမိုက် သားဆိုးမျိုး**။

http://www.dhammadownload.com

သားအပြား မျိုး ၄-ပါး တနည်း။ ။ဇာတ်အဋ္ဌကထာ။ ပ-အုပ်၊ ၁၅၂-ဦး အကျယ်ရှုပါ။ ဤသား ၄-ပါးတို့ကား ကောကနိပါတ် ကဋ္ဌဝါဟနဇာတ် အဋ္ဌကထာ၌ လာသည်။ (၁) အတြင် သား- မိမိရင်ခွေးဖြစ်သော၊ သို့မဟုတ် မိမိကိုစွဲ၍ရသော သားမျိုး၊ (၂) ခေတြင် သား-နတ်တို့ကဲ့သို့ အိပ်ရာ အပြင် ပလ္လင်စသော မိမိပိုင်နက်အတွင်း၌ ဖြစ်လာသော သားမျိုး၊ (၃) အန္တေဝါသိက သား-မိမိအထံ၌ အတတ်သင်ယူသော သူမျိုး၊ (၄) ဒိန္နက သား- မွေးစားစိမ့်သောငှါ သူတပါးက ပေးသော သားမျိုး။

သားချင်းမျိုး ၅-ပါး။ ။ဤတိ သလောဟိတ ဟူသော ပါဠိအရ သားချင်း ယူပုံကို ဆွေမျိုးနှင့် ခွဲ၍ပြသည်။ (၁) သောဒရိယ ခေါ် တမိသားချင်း ညီရင်းအစ်ကို၊ (၂) အဖေ, အမေ၏ အစ်ကို ဘကြီး ဦးကြီးတို့က မွေးဖွား သော သားသမီး၊ (၃) အဖေ, အမေ၏ အစ်မ, မိကြီး, ကြီးဒေါ်တို့က မွေးဖွားသော သားသမီး၊ (၄) အဖေ, အမေ၏ ညီ, မောင်, ဘထွေး, ဦးလေးတို့က မွေးဖွားသော သားသမီး၊ (၅) အဖေ, အမေ၏ နှမ, ညီမ, မိထွေး, အရီးလေးတို့က မွေးဖွားသော သားသမီးများကို သားချင်းဟု ပညတ်၏။

သားမျိုး ပုတ္တာ၊ ၁၂ ဖြာ၊ မိန့်မှာ ဓမ္မသတ်။ ။ဓမ္မသတ် ကျမ်းလာ သားအပြား ဆယ့်နှစ်ပါးကို ဆို၏၊ ၎င်း အဖြေ (အမွေခံထိုက်သော သား ၆-ပါး၊ အမွေ မခံထိုက်သော သား ၆-ပါး) ဟူသော သရုပ်၌ ဆိုခဲ့ပြီ၊ ထို ၂-ရပ် ပေါင်းသော် ၁၂-ပါး ဖြစ်၏။

သား, သမီး, ရထိုခြင်း အကြောင်း ၅-ပါး။ ။ပဋ္ဌာန်ဏ္ဍရ ။ပါ။၃၇ ။၌။ ၂၁။ မိဘဖြစ်သူတို့ သားသမီး ရလိုမှု အကြောင်း ငါးပါး ဟူ၏။ (၁) ဘတောဝါ နော ဘရိဿတိ-အိုမင်းမစွမ်း ရှိသောအခါ ငါတို့အား ပြန်လည်လုပ်ကျွေး ကျေးဇူးဆပ်လတ်အံ့၊ (၂) ကိစ္စဝါနော ကရိဿတိ-ငါတို့၌ ဖြစ်ပေါ်လာ သော မင်းစိုးကိစ္စအဝဝတို့ကို လုပ်ဆောင်ပေးလတ်အံ့၊ (၃) ကုလဝံသော စိရံ ဌဿတိ- အမျိုးဆက်နွယ် ရှည်ဖွယ်ဖြစ်လတ်အံ့၊ (၄) ဒါယဇ္ဇံ ပဋိပဇ္ဇိဿတိ-အမွေစား အမွေခံ ကျင့်ကြံလတ်အံ့၊ (၅) ဒက္ခိဏံ အနုပ ဒဿတိ- တမလွန်ဘဝ သွားသော ငါတို့အား ရည်စူး၍ ကုသိုလ်ထူးများ ပြုလုပ် လျက် အမျှပေးဝေလတ်အံ့။

http://www.dhammadownload.com

သဘးသမီးဝတ် ၅-ပါး။ ။သဘးသမီးများက မိဘတို့အား ပြုရန် ဝတ်ငါးပါး။ (၁) မိဘနှစ်ပါးအား လုပ်ကျွေးမွေးမြူရမည်၊ (၂) အလုပ်အကိုင်ဟူသမျှကို မိမိက ဦးစီး၍ ဆောင်ရွက် စီမံရမည်၊ (၃) မိဘ နှစ်ပါး၏ ဆိုးမွေကောင်းမွေကို ခံယူရမည်၊ (၄) အလှူဒါန ပြုလုပ်သောအခါ မိဘနှစ်ပါးအား အမျှပေးဝေရမည်၊ (၅) မိမိ၏အနွယ်ကို စောင့်ရှောက်ရမည်။

[သိ]

သိက္ခာ ၃-ပါး။ ။မင်္ဂလမဟာသ ။ဋ္ဌ။ ၂၀-၌ အကျယ်ရှုပါ။ကိုယ်ကျင့်တရားနှင့် တည်ကြည်ဖြောင့်မတ်မှု ကိလေသာမှ လွတ်ကင်းမှု လုပ်ငန်းပညာရပ်များ ဟူ၏။

(၁) အဓိသီလသိက္ခာ-ရဟန်းတော်များ စောင့်ထိန်းရသည့် (၂၂၇) သွယ်သော သီလသိက္ခာပုဒ် အကျင့်မြတ်များ။

(၂) အဓိစိတ္တသိက္ခာ-ဝိပဿနာ၏ အခြေခံဖြစ်သော သမထလုပ်ငန်းရပ်နှင့် သမာပတ်ရှစ်ပါး သမာဓိသဘောတရား အကျင့်မြတ်များ။

(၃) အဓိပညာသိက္ခာ-ပညာမဂ္ဂင် ၂-ပါး ဦးစီးသော ရုပ်နာမ် ဓမ္မတို့၏ ဥဒယ ဝယ သဘောမှန်ကို ကောန် ပိုင်းခြား၍သိရန် ဝိပဿနာဉာဏ် အလုပ်သဘော အကျင့်မြတ်။

သိက္ခာမျိုး ၅-ပါး၊ တနည်း။ ။သိပ္ပံပညာမျိုး ၅-ပါး။ (၁) ယောဂ သိက္ခာ-စက်မှု လက်မှု ပညာ၊ (၂) ဝိနိစ္ဆယ သိက္ခာ-တရားနှင့် လျော်ညီစွာ ဆုံးဖြတ်ခြင်း၊ (၃) ကေတု သိက္ခာ-နိမိတ် တိတ်တပေါင် ဝေဒ စသည့် ပညာ၊ (၄) ပေါရာဏ သိက္ခာ-ရှေးဖြစ်ဘူးသော စကားမောင်း မင်းစဉ် မင်းဆက် အကြောင်းအရာ စာဆိုတော်ခေါ် စာရေးဆရာ ပညာ၊ (၅) ဟတ္ထိ အာဿ သိက္ခာ-ဆင်စီး မြင်းစီး စစ်တက် စစ်ဆင် အရာတို့၌ လိမ်မာသော ပညာ။

မှတ်ချက်။ ။ဤ ငါးပါးကို ပညာ ငါးပါးဟုလည်း ရေးမှတ်ကြသေးသည်။

သိကြားမင်း၏ မိဖုယားပေါင်း ၁၆၀၀။ ။ဤ အကျယ်ကို ဝိမာန၀တ္ထု၊ အဋ္ဌကထာ။ ၁၆-၌ ရှုပါ။

http://www.dhammadownload.com

သိကြားမင်း၏ သမီးတော် ၄-ယောက်။ ။အသိတိနိပါတ် သုဓာဘောဇနဇာတ်၌ အကျယ်ရှုပါ။(၁) အာသာ၊ (၂) သိရီ၊(၃)သဒ္ဓါ၊(၄) ဟိရီ။

သိကြားမင်း ဖြစ်ကြောင်းတရား ၇-ပါး။ ။သဂါထာဝဂ္ဂသံယုတ် ။ပါ။ ၂၃၀ ။ဋ္ဌ။ ၃၁၇။ သိကြားဖြစ်ကြောင်း ကျင့်ဝတ္တရား ၇-ပါး လင်္ကာ၊ "၁-မိဘပြုစု၊ ၂-ကြီးသူကြိုးနွံ၊၃-နှုတ်သံညှင်ညော၊ ၄-ကုန်းမချောတည့်၊ ၅-နှမြော မနှောင့်၊ ၆-သစ္စာစောင့်လျက်၊ ၇-အမျက်နည်းစွာ၊ ၇-ဖြာသည်၊ နောင်ခါ သိကြားဖြစ်ကြောင်းတည်း" ဟူသော လင်္ကာဖြင့် ထင်ရှားသည်။

သိကြားမင်း ရှိခိုးခံထိုက်သူ၏ ဂုဏ်အင်္ဂါ ၄-ပါး။ ။သဂါထာဝဂ္ဂသံယုတ် ။ပါ။ ၂၃၅ ။ဋ္ဌ။ ၃၂၂-၌ အကျယ်ရှုပါ။ သက္ကသံယုတ်မှ ထုတ်ယူ ပြဆိုသည်၊ ၎င်းဂါထာကား–

"ယေ ဂဟဋ္ဌာ ပုညကရာ၊ သီလဝန္တော ဥပါသကာ။
ဓမ္မေန ဒါရံ ပေါသေန္တိ၊ တေ နမဿာမိ မာတလိ"

မာတလိက မေးလျှင် သိကြားမင်းက ဖြေပုံ။ (၁) ပုညကရာ- ပစ္စည်းလေးပါး, ဒါနဝတ္ထု ၆-ပါး, ၁၀-ပါးတို့ဖြင့် သဒ္ဓါစင်ဖြူ ပေးလှူနေသူ၊ (၂) သီလဝန္တော- ၅-ပါး, ၈-ပါး, ၁၀-ပါး သီလတို့ကို စောင့်ထိန်းကျင့်သုံးနေသူ၊ (၃) ဥပါသကာ- ရတနာ ၃-ပါးကို မြတ်နိုးထပ်ထပ် ဆည်းကပ်ကိုးကွယ်နေသူ၊ (၄) ဓမ္မဒါရံ ပေါသေ- တရားသော အလုပ်သဘောဖြင့် မယား, သားတို့အား လုပ်ကျွေးမွေးမြူသူ။

သုခြင်း, သိပုံမျိုး ၃-ပါး။ ။သညာသို့, ဝိညာဏ်သို့, ပညာသို့, အကျယ် ဝိသုဒ္ဓိမဂ်။ ဒု-အုပ်။ ၆၆-၌ ရှုပါ။

သိင်္ဂါရ ရသမျိုး ၃-ပါး။ ။ယောကျ်ား မိန်းမတို့၏ ချစ်ကြိုက်မှု, ပေါင်းဆုံမှီဝဲမှု, ကွဲကွာမှုတို့ကိုပင် သိင်္ဂါရ ရသခေါ်သည်။ (၁)အာယောဂ- ကျား, မ-တို့ တဦးကိုတဦး ချစ်ကြိုက်စဲ့လမ်း နှစ်သက်မှု၊ (၂) သမ္ဘောဂ- လူချင်းတွေ့ထိ ကိုင်ဆုံသုံးသပ် ပေါင်းသင်းမှု၊ (၃) ဝိပ္ပယောဂ- ချစ်ကြိုက်စဖြစ်စေ, ပေါင်းသင်းပြီးမှ ဖြစ်စေ, သေကဲ့ ရှင်ကဲ့ ကွဲကွာရခြင်း။

သိဏီလ အက္ခရာမျိုး ၁၀-လုံး။ ။မန္တန်မန်းမှုတ်ရာနှင့် ကမ္မဝါဒ်တ် ရွတ်ဖတ်ရုတို့၌ လျော့လျော့ ရွတ်ရသော အက္ခရာ ဆယ်လုံး၊"က, ဂ, စ, ဇ, ဋ, ဍ, တ, ဒ, ပ, ဗ။"

http://www.dhammadownload.com

[သိ + ဒ်။ သိ + ပ်။ သိ + မ်။ သိ]

သိဒ္ဓိမျိုး ၁၀-ပါး။ ။တစုံတခုသော မန္တန်, အင်း, ဆေး, သံ, ပြဒါး, ပတ္တမြား, ပုလဲစသည့် အရာတို့ဖြင့် လိုရာပြီးနိုင်ခြင်းမျိုး ဆယ်ပါး ဟူ၏။ (၁) စိန္တာမယိဒ္ဓိ- စိတ်ကြံရာ ဖြစ်စေခြင်း၊ (၂) ဥဒက သိဒ္ဓိ- ရေပြင်ခုပ်၌ လျှောက်သွား အိပ်နေနိုင်ခြင်း၊ (၃) ပထဝီ သိဒ္ဓိ-မြေလျှိုးနိုင် မြေကြောကို ရှုံ့နိုင်ခြင်း၊ (၄) ဓန သိဒ္ဓိ- ရွှေငွေရတနာ လိုရာရနိုင်ခြင်း၊ (၅) အာယု သိဒ္ဓိ- အသက်ရှည်၍ အရွယ်ပျိုစွာ နေနိုင်ခြင်း၊ (၆) အာကာသ သိဒ္ဓိ- ကောင်းကင်ခရီး ပျံသန်းနိုင်ခြင်း၊ (၇) အာဇောဂျ သိဒ္ဓိ- အနာကင်းခြင်း၊ (၈) ကာယ သိဒ္ဓိ- ဓား,လုံ,သေနတ်, အမြောက် မထိနိုင်ခြင်း၊ (၉) ပိယ သိဒ္ဓိ- သတ္တဝါအားလုံးတို့၏ ချစ်ခင်မှုကို ခံရခြင်း၊ (၁၀) ဣဿိဝိဓ သိဒ္ဓိ- စျာန်တန်ခိုးဖြင့် အထူးထူး ဖန်ဆင်းနိုင်ခြင်းမျိုး။

သိပ္ပံပညာ အတတ် ၆၄-ရပ်။ ။'ကလာအတတ် ၆၄-ရပ်'ကိုပင် လက်မှုပညာ အတတ်များဖြစ်၍ သိပ္ပံပညာ အတတ်မှာ ခေါ်ဆိုကာ 'ဝိဇ္ဇာအတတ် ၁၈-ရပ်'ဟု ခွဲခြား၍ ပြလေသည်၊ ၎င်းသရုပ် (ကလာအတတ် ၆၄-ရပ်)၌ ရှုပါ။

သိမ်နိမိတ်မျိုး ၈-ပါး။ ။သိမ်သမုတ်ရာ၌ အပိုင်းအခြား သတ်မှတ်ထားရာ မျိုး ၈-ပါး။ (၁) ပါသာဏ နိမိတ္တ- ကျောက်တုံး ကျောက်တိုင်နိမိတ်၊ (၂) ပမ္မတ- တောင်၊ (၃) ရုက္ခ- သစ်ပင်၊ (၄) ဝန- တော၊ (၅) မဂ္ဂ- လမ်း၊ (၆) ဝမ္မိက- တောင်ပို့၊ (၇) နဒီ- မြစ်၊ (၈) ဥဒက နိမိတ္တ-ရေဖြင့် ပိုင်းခြား သတ်မှတ်ခြင်းမျိုး၊ အကျယ် ဝိနည်းမဟာဝါ ။ပါ။ ၁၄၄ ။၌။ ၃၁၈-၌ ရှုပါ။

သိမ်မျိုးအပြား ၁၅-ပါး။ ။ရဟန်းတော်များ သံဃာကံဆောင်ထော သိမ်များ ဖြစ်၏၊ အကျယ်ကို ဝိနည်းမဟာဝါ အဋ္ဌကထာ ၄၁၇-၌ ရှုပါ။

[သီ]

သီချင်းခမျာ၊ သံ ၈-ပါး၊ မျိုးစား ဝေဘန်သီ။ ။၎င်းသရုပ်ကို (အသံ ၈-ပါး၊ မျိုးခွဲခြား၊ ခံငြား သီချင်းဆို)ဟူသည်၌ ဆိုခဲ့ပြီ။

သီချင်းဆိုသံ ၇-တန်။ ။ပုဒ်းသမျှပ် (ဂီတအာသံ ၇-တန်)၌ ရှုပါ။

http://www.dhammadownload.com

သိချင်းမျိုး ၂၂-ပါး။ ။ကဗျာပင်မကြီးမှ ပေါက်ပွားလာသော သိချင်းမျိုး အပြား ၂၂-ပါး၊ အကျယ်ကဗျာဗန္ဓ သာရကျမ်း၌ ရှိ။ ရာကန်၊ ဟောစာ၊ သာချင်း၊ ကာချင်း၊ အဲချင်း၊ အိုင်ချင်း၊ လေးချိုး၊ သံချိုချိုး၊ယိုးဒယား၊ ပတ်ပျိုး၊ (၁၀)။ ကြိုး၊ ဘွဲ့၊ ဘောလယ် ရိုးဆန်း၊ တေး ရိုးဆန်း၊ သဖြန် ရိုးဆန်း၊ ငိုချင်း ရိုးဆန်း၊ တိုးချင်း ရိုးဆန်း၊ ဟန်ချင်း ရိုးဆန်း၊ လှေချင်း ရိုးဆန်း၊ နတ်သံ၊ (၂၀)။ မှာတမ်း၊ ဇာတ်စကားစပ်ပုံ၊ (၂၂)။

သီတင်းကြီး ၄-ပါး။ ။စောင့်သုံးထိန်းသိမ်းရမည့်တရားကြီး ၄-ပါး။ (၁) ပါတိမောက္ခ သံဝရသီလ၊ (၂) ဣန္ဒြိယ သံဝရသီလ၊ (၃) ပစ္စယ သန္နိဿိတသီလ၊ (၄) အာဇီဝ ပါရိသုဒ္ဓိ သီလ၊ ဤ ၄-ပါးကိုရည်၍ ပါရမီခန်း၌ 'ပါတိမောက္ခ၊ သံဝရဟု၊ စသည်ကျင့်ပြင်း၊ သီတင်း ၄-ပါး၊ ဆွဆွ ထွားလျှင်'ဟု ရှင်မဟာသီလဝံသထေရ် စပ်ဆိုထားခဲ့၏၊ အကျယ် သီလကြီး ၄-ပါး၌ ရှုပါ။

သီတင်းသုံးဖော် ၅-ယောက်။ ။သီလသိက္ခာ စောင့်ဖော်ကျင့်ဖက် ၅-ယောက်ဟူ၏၊ (၁) ဘိက္ခု-ရဟန်းယောကျ်ား၊ (၂) သာမဏေ-သာမဏေယောကျ်ား၊ ကိုရင်၊ (၃)သိက္ခမာနာ-သိက္ခမာန်၊ သာမဏေမ လောင်း၊ (၄) ဘိက္ခုနီ-ရဟန်းမ၊ (၅) သာမဏေရီ-သာမဏေမ၊ ကိုရင်မ။

သီတင်းသုံးဖော် ၇-ယောက်၊ တနည်း။ ။မူလပဏ္ဏာသ ။ပါ။၉၂။၌။ပ-အုပ်။ ၃၁၄။ (၁)ဘိက္ခု၊ (၂)ဘိက္ခုနီ၊ (၃) သိက္ခမာနာ၊ (၄)သာမဏေရော၊ (၅) သာမဏေရီ၊ (၆) ဥပါသကော၊ (၇) ဥပါသိကာတိ ဧတေ သတ္တ သဟ ဓမ္မစာရိနော။

သီဒါ ၇-တန်။ ။ကရွတ်ခွေများကဲ့သို့ မြင်းမိုရ်တောင်ကို စွပ်ခွေရစ်ပတ် လျက်ရှိသော တောင်စဉ် ၇-ထပ်တို့၏ အကြားဖြစ်သည့် သမုဒ္ဒရာ ၇-စင်းကို ခေါ်သည်။ (၁) မြင်းမိုရ်တောင်နှင့် ယုဂန္ဓရတောင် အကြား သီဒါတခု ရှိ၏၊ ၎င်းသီဒါ၏ စောက် အနက် အကျယ်ကို ယူဇနာပေါင်း ၄၂၀၀၀-စီ ရှိ၏၊ (၂) ယုဂန္ဓရတောင်နှင့် ဣသန္ဓရတောင်အကြား သီဒါတခု ရှိ၏၊ ၎င်းသီဒါ၏ စောက် အနက် အကျယ်ကို ယူဇနာပေါင်း ၂၁၀၀၀-စီ ရှိ၏၊ (၃) ဣသန္ဓရတောင်နှင့် ကရဝိကတောင် အကြား သီဒါတခု ရှိ၏၊ ၎င်းသီဒါ၏ စောက် အနက် အကျယ်ကို ယူဇနာ

http://www.dhammadownload.com

ပေါင်း ၁၀၅၀၀-စီ ရှိ၏၊ (၄)ကရဝိကတောင်နှင့် သုဒဿနတောင်အကြား သီဒါတခု ရှိ၏၊ ၎င်းသီဒါ၏ စောက် အနက် အကျယ်တို့ကား ယူဇနာ ပေါင်း ၅၂၅၀-စီ ရှိ၏၊ (၅) သုဒဿနတောင်နှင့် နေမိန္ဓရတောင်အကြား သီဒါတခု ရှိ၏၊ ၎င်းသီဒါ၏ စောက် အနက် အကျယ်တို့ကား ယူဇနာ ပေါင်း ၂၆၂၅-စီ ရှိ၏၊ (၆) နေမိန္ဓရတောင်နှင့် ဝိနတ္တကတောင်အကြား သီဒါတခုရှိ၏၊၎င်းသီဒါ၏ စောက် အနက် အကျယ်တို့ကား ယူဇနာပေါင်း ၁၃၁၂ ½ စီ ရှိ၏၊ (၇) ဝိနတ္တကတောင်နှင့် အဿကဏ်တောင်အကြား သီဒါတခုရှိ၏၊၎င်းသီဒါ၏ စောက် အနက် အကျယ်တို့ကား ၆၅၆-ယူဇနာ နှင့် တတိုင်ခြောက်ရာတွင်းစီ ရှိကြ၏။

သီရိမျိုး ၃-ပါး။ ။သားကောင်း ရတနာ ရနိုင်ရန် မိခင်လောင်းများ ပြုကျင့်ရသော လောကီကျက်သရေ ၃-ပါး၊ မုံရွေးဧတဝန် ဆရာတော်။ (၁) ကြိုးတန်း ကြိမ်တန်းအောက် မဝင်ရခြင်း၊ (၂) ခါးဝတ်ထမီကို ထက်အောက်ပြန်၍ မဝတ်ရခြင်း၊ (၃) ခြေမဆေးဘဲ အိပ်ရာတိုက်ခန်း မဝင် မအိပ်ရခြင်း။

သီလ ၂-ပါး။ ။(၁) စာရိတ္တ သီလ- ဤအမှုကိစ္စမျိုးကို ပြုကျင့်ရမည်ဟု မြတ်စွာဘုရား ပညတ်ထားသည့် ဆရာ့ဝတ် ရဟန်းဝတ် ဒကာဝတ် စသည့် အပစာယန၊ ဝေယျာဝစ္စ ကုသိုလ်မျိုးကို ဆိုသည်၊ လိုရင်းကား လောကဘဋ္ဌ ပြုလုပ်ပေးရမည့် အပြစ်မရှိသော ကိစ္စရပ်များကို ပြုလုပ်ပေးခြင်းအကျင့် သည် မိမိသီလဂုဏ်ဌ် တိုးတက်ဖြူစင်သော သီလမျိုးဖြစ်၍ စာရိတ္တသီလ ခေါ်သည်ဟူ၏၊ (၂) ဝါရိတ္တ သီလ- ဤအမှုမျိုးကို မပြုလုပ်ရဟု မြတ်စွာ ဘုရားပညတ်တော်မူသည့် သိက္ခာပုဒ် ဟူသမျှကို ဘုရားရှင် အလိုတော်ကျ အတိုင်း မပြုလုပ်ပဲ စောင့်ထိန်းခြင်းကို ဝါရိတ္တသီလ ခေါ်သည်။

သီလအပြား ၇-ပါး၊ အများ ဗိုလ်လူဆိုင်။ ။ရဟန်း ရှင် လူတို့ စောင့်သုံး ရသော သီလများ။ထို့ပြင်လည်း အမျိုးများစွာ ရှိသေး၏။ (၁) ငါးပါး သီလ ချဲးရိုး- သာမန် လူ,နတ်,တိရစ္ဆာန်တို့အတွက် နိစ္စသီလမျိုး၊ (၂) ငါးပါးသီလ အထူး- ကောမာရ ဗြဟ္မစရိယ သီလမျိုး၊ (၃) ခြောက်ပါး သီလ- ဘိက္ခုနီလောင်း သိက္ခမာန်များ အတွက်၊ (၄) ရှစ်ပါးသီလ- ဥပေါသထ သီလမျိုး၊ (၅) ကိုးပါးသီလ- စကြာမင်းနှင့် မိဖုယာကြီးများ သားတော် သမီးတော် ဆွေတော် မျိုးတော် ဟိုင်းသူ ပြည်သားတို့ စောင့်

http://www.dhammadownload.com

ထိန်းသော ဥပေါသထသီလမျိုး၊ (၆) ဆယ်ပါးသီလ-လူသာမဏေတို့သီလ, လူ့အတွက် ုိစွသီလမျိုး'၊ (၇) စတုပါရိသုဒ္ဓိသီလ- ရဟန်းတော်များသီလ။ အာပတ် ၇-ပုံ။

သီလကြီးမျိုး ၄-ပါး။ ။မဟာနိဒ္ဒေသ ။ပါ။ ၂၆၃။ ဋ္ဌ။ ၃၂၆။ စတုပါရိသုဒ္ဓိသီလ ခေါ်ဝင်းသီလကြီး ၄-ပါးကို ထက်ဝန်းကျင် စင်ကြယ်စေရမည်ဟု ဆိုသည်။ (၁) ပါတိမောက္ခ သံဝရ သီလ :သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းစေတတ်သော သီလတရားစု၊ အာပတ် ၇-ပုံ။ (၂) ဣန္ဒြိယ သံဝရ သီလ-စက္ခုစသော ဣန္ဒြေ ၆-ပါးကို စောင့်စည်း လုံခြုံစေမှု၊ (၃) အာဇီဝပါရိသုဒ္ဓိသီလ-ထက်ဝန်းကျင်မှ အပြစ်မရှိသန့်ရှင်း စင်ကြယ်သော အသက်မွေး ဝမ်းကျောင်းမှု၊ (၄) ပစ္စယသန္နိဿိတ သီလ-ဆွမ်း,သက်န်း,ကျောင်း, ဆေး,ခေါ်ပစ္စည်းလေးပါး၌ ကောင်းစွာ စင်ကြယ်သဖြင့်မှီဝဲသုံးဆောင်မှု။

သီလဂုဏ် ဂ-ပါး၊ ၂-နည်း။ ။မိမိတို့ စောင့်ထိန်းသော သီလ၌ ထိုဂုဏ်ရှစ်ပါးနှင့် ပြည့်စုံစေရမည်၊ ဤ၌ ရွှေလေးပါးကို လောကီ သီလဂုဏ်၊ နောက်လေးပါးကို လောကုတ္တရာဂုဏ်ဟု မှတ်ရာ၏၊ သံယုတ်ပါဠိတော်။ (၁) အ ခဏ္ဍ- မကျိုးသော ဂုဏ်၊ (၂) အ ဆိဒ္ဒ-မပေါက်သော ဂုဏ်၊ (၃) အ သဗလ- မပြောက်သော ဂုဏ်၊ (၄) အ ကမ္မာသ- မကျားသော ဂုဏ်၊ (၅) ဏှိသ-ကိလေသာမဲ့ တော်လှန်သော ဂုဏ်၊ (၆) ဝိညူ ပသဋ္ဌ-ပညာရှိတို့ ချီးမွမ်းအပ်သော ဂုဏ်၊ (၇) အ ပရာမဋ္ဌ- တဏှာ ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမှု ဂုဏ်၊ (၈) သမာဓိ ဝတ္တန- သမာဓိ ၃-ပါးကို ဖြစ်စေတတ်သော ဂုဏ်။

သီလစင်ကြယ်၊ ပြည့်စုံဘွယ်၊ ၄-သွယ် အင်္ဂါရှိ။ ။သီလစင်ကြယ် ပြည့်စုံခြင်း၏ အကြောင်း အင်္ဂါ လေးရပ်။ (၁) မိမိကိုယ်တိုင်လည်း မလွန်ကျူးခြင်း၊ (၂) သူတပါးကိုလည်း မလွန်ကျူးစေခြင်း၊ (၃) သူတို့ဘာသာ လွန်ကျူးသည်ကိုလည်း ဝမ်းမမြောက်၊ (၄) မိမိစောင့်သုံးသော သီလသိက္ခာပုဒ် အသီးသီးကိုလည်း စင်ကြယ်လေစွဟု ချီးကျူး၏။

သီလစောင့်ငြား၊ ကျိုး ၅-ပါး၊ ဘုရားဟောတော်မူ။ ။မဟာသဗ်္ဗညုဘုရားသုတ်၌ သီလစောင့်ရှိသူတို့ ခံစားရသော အကျိုး ၅-ပါးကို ဟောတော်မူသည်။ (၁) မမေ့ မလျော့ခြင်းကြောင့် များစွာသော စည်းစိမ်ဥစ္စာတို့ကို ရရှိ၏၊ (၂) ကောင်းသော သတင်း ကျော်စောခြင်း ဂုဏ်ကို ရ၏၊ (၃) ပရိသတ် လေးပါး [illegible] ရဲရင့် သွင်သွင် လန်းလန်းနှင့်

http://www.dhammadownload.com

နေရ၏၊ (၄) မတွေဝေ မမေ့မောဘဲ သေရခြင်း ရှိ၏၊ (၅) သေပြီး နောက်၌ နတ်ရွာ၌ ဖြစ်ရ၏။

သီလ ညှိုးနွမ်း ပျက်စီးခြင်း တရား ၁၆-ပး။ ။အောက်ပါ အရာမျာ်းကို ငဲ့ကွက်မှုမထားဘဲ သီလတရား်းကို စောင့်စည်းရမည်။ (၁) လာဘ-လာဘ်ကိုငဲ့၍ ပျက်စီးခြင်း၊ (၂) ယသ- ခြွေရံကျော်စောမှုကို ငဲ့သော ကြောင့်ဂုဏ်း၊ (၃) ညာတိ- ဆွေမျိုးကြောင့် ဂုဏ်း၊ (၄) အဂါ-ခြွေလက် စသည်ကြောင့် ဂုဏ်း၊ (၅) ဇီဝိတ- အသက်ကြောင့် ဂုဏ်း၊ (၆) ခဏ္ဍ-ကျိုးခြင်းဂုဏ်း၊ (၇) ဆိဒ္ဒ-ပေါက်ခြင်းဂုဏ်း၊ (၈) သမလ-ပြောက်ခြင်းဂုဏ်း၊ (၉) ကမ္မာသ- ကျားခြင်းဂုဏ်း၊ (၁၀) မေထုန်ငယ် ၇-ပါး ထည့်၍ ၁၆-ပါး ယူသည်။

သီလဝိသုဒ္ဓိ အပြား ၄-ပါး။ ။သီလ စင်ဖြူကြောင်း တရား ၄-ပါး။ (၁) ဒေသနာ သုဒ္ဓိ- ပါတိမောက္ခ သံဝရသီလ ပျက်လျှင် ဒေသနာ ကြားခြင်းစသည့် မိမိအာပတ် ဆိုင်ရာနည်းဖြင့် ကုစားစင်ကြယ်ခြင်းမျိုး၊ (၂) သံဝရ သုဒ္ဓိ- ဣန္ဒြိယ သံဝရသီလ ၆-ပါး၌ တပါးပါး ပျက်လျှင် နောင် မပေါက်ကြားစေရ ဟု အဓိဋ္ဌာန်တင်၍ စင်ကြယ်ခြင်းမျိုး၊ (၃) ပရိယေဋ္ဌိ သုဒ္ဓိ- အာဇီဝ ပါရိသုဒ္ဓိ သီလပျက်လျှင် ကုလဒူသန အနေသန စသော မိစ္ဆာဇီဝ နောင်ခါ မဖြစ်ရအောင် ရှောင်ကြဉ်၍ သမ္မာဇီဝဖြင့် ရှာမှီးခြင်းမျိုး၊ (၄) ပစ္စဝေက္ခဏာ သုဒ္ဓိ- ဣဏပရိဘောဂ မဖြစ်စေဘဲ **ပစ္စည်း**လေးပါး၌ ပစ္စဝေက္ခဏာ ဆင်ခြင်၍ ပစ္စယ သန္နိဿိတ သီလကို စင်ကြယ်စေခြင်းမျိုး။

သီဟိုဠ်ကျွန်း၏ **အမည်**မျိုး ၇-ပါး။ ။(၁) လင်္ကာဒီပ- သင်းယင်ရွက်နှင့် တူသော ကျွန်း၊ (၂) စာမ္မပါဏ္ဏီဒီပ- မြေနီရှိသဖြင့် ၎င်း၌ ကိုင်တွယ် ထောက်လှမ်းသော လက်မှာ နိသောကျွန်း၊ (၃) သီဟဠဒီပ-သီဟဗာဟု ဝတ္ထုလာ ခြသေ့ကျွန်း၊ (၄) ဩဇာဒီပ- ဒမြဆီ ဩဇာကောင်းကျွန်း၊ (ကကုသန် ဘုရားလက်ထက် အမည်)။ (၅) ဝရဒီပ- ကြီးမြတ်ကျွန်း၊ (ကောဏာဂုံ ဘုရားလက်ထက် အမည်)။ (၆) မဏ္ဍလဒီပ-ကြည်လင်ကျွန်း၊ (ကဿပ ဘုရားလက်ထက် အမည်)။ (၇) သီရိလင်္ကာ-ကျက်သရေဆောင် ကျွန်း၊ (ယခုအမည်)။

http://www.dhammadownload.com

[သု]

သုံးဆယ့်ခုနစ်မင်းနတ်။ ။ဂင်းသရုပ်(အတွင်း ၃၇-မင်း၊ အပြင် ၃၇-မင်း)၌ ရှုပါ။

သုံးဆယ့်တစ်ဘုံ။ ။ဂင်းသရုပ်အဓိပ္ပါယ် (ဘုံ သုံးဆယ့်တစ်)မှာ ကြည့်လေ။

သုံးဆယ့်နှစ် ကောင္ဆေသ။ ။ခန္ဓာကိုယ်၏ ၃၂-ပါးသော အဖိုအစု အစိတ် အပိုင်းများကို ခေါ်ဆိုသည်၊ ဥပရိပဏ္ဏာသပါဠိတော်။ ကေသာ-ဆံပင်၊ လောမာ-အမွေး၊ နခါ-ခြေသည်းလက်သည်း၊ ဒန္တာ-သွား၊ တစော-အရေ၊ မံသံ- အသား၊ နှာရု- အကြော၊ အဋ္ဌိ- အရိုး၊ အဋ္ဌိမိဉ္ဇံ- ရိုးတွင်းခြင်ဆီ၊ ဝက္ကံ-အညှို့၊ (၁၀)။ ဟဒယံ-နှလုံး၊ ယကနံ-အသည်း၊ ကိလောမကံ-အခြေး၊ ပိဟကံ-အဖျဉ်း၊ ပပ္ဖါသံ-အဆုပ်၊ အန္တံ-အူမ၊ အန္တဂုဏံ-အူသိမ်၊ ဥဒရိယံ အစာသစ်၊ ကရီသံ-အစာဟောင်း၊ မတ္ထလုင်္ဂံ-ဦးနှောက်၊ (၂၀)။ ပိတ္တံ-သည်းခြေ၊ သေမှံ-သလိပ်၊ ပုဗ္ဗော-ပြည်၊ လောဟိတံ-သွေး၊ သေဒေါ-ချွေး၊ မေဒေါ-အဆီခဲ၊ အဿုမျက်ရည်၊ ဝသာ-ဆီကြည်၊ ခေဠော-တံတွေး၊ သိင်္ဃာဏိကာ-နှပ်၊ (၃၀)။ လသိကာ-အစေး၊ မုတ္တံ-ကျင်ငယ်။(၃၂)။

သုံးဆယ့် နှစ်ပါးသော ကံကြမ္မာ။ ။ဂင်းသရုပ် အကျယ်ကို (ကံကြမ္မာ ၃၂-ပါး)၌ ပြခဲ့ပြီ။

သုံးဆယ့် နှစ်ပါးသော တိရစ္ဆာန ကထာ။ ။ဂင်း သုတေသန ရပ်ကို (တိရစ္ဆာနာ၊ ဒုတိ်ံသာ၊ ကထာ ၃၂)ဟူသော သရုပ်၌ ပြဆိုခဲ့ပြီ။

သုံးဆယ့် နှစ်ပါးသော လက္ခဏာတော်ကြီး။ ။ဂင်း သရုပ် အဓိပ္ပါယ် (လက္ခဏာတော်ကြီး ၃၂-ပါး)၌ ရှုပါ။

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ။ ။ဂင်းသရုပ်အဓိပ္ပါယ် (မင်္ဂလာတရား ၃၈-ပါး)၌ ကြည့်ပါ။

သုံးပုံဖဲဟူ၊ ခေါ်ဆိုပြု၊ သမုတ်ပြုပုံတို့ အသို့နည်း?။ ။သုံးပုံဖဲ ခေါ်ခြင်း၏ မူရင်းပြုပုံတို့ကား ဖဲပေါင်း ၂၄-ချပ် ရှိလေရာ ၈-ချပ် တပုံကျ သုံးပုံပြုကာ စီစဉ်ကစားခြင်းကို အစွဲပြု၍ ခေါ်ဆိုလေသည်။

http://www.dhammadownload.com

သုံးလွန်းတင် ထမင်း ။ ။အောက်ပါ ဦးတြိုး၏ လွမ်းချင်းဖြင့် ထင်ရှား၏။ "ပဲနောက်နှင့် ပြောင်းဆန်၊ ကောက်သားငယ်ရံ၊ဝေဖန်နှောရှက်၊ ထောကာ ချက်လို့၊ ပြောဘက်ကယ် မမြင်၊ သြဇာ ပြုမ်းတဲ့ သုံးလွန်းတင်ကို၊ ခင်မင့် ဖွယ်ရာ၊ သည်ချိန်ကို လာခဲ့ပ၊ တောရွာသူ့ ခန့်ပုံကို၊ အသားကုန် လက်ပြိုင်ဆွဲလို့၊ နွဲ့စေမယ်လေး" ပဲ, ပြောင်း, ဆန် ၃-မျိုး ဆတူ ဟူ၏။

သုက်မလွတ်သူ ၃-မျိုး ။ ။(၁) နတ်ပြည် ၆-ထပ်ရှိ နတ်များ နတ်သမီးနှင့် ပေါင်းဆုံမှီဝဲ သုံးသပ်သော်လည်း သုက်သည် တည်ရာဌာနခွဲပင် ချုပ် ပျောက်သွား၏၊ (၂)ပြဟ္မာများ မေထုန်မှုမရှိ၊ (၃)ဘုရား ရဟန္တာများ။

သုက်သွေးကို သောက်မျိုချ၍ ပဋိသန္ဓေတည်နေသူ ၃-ယောက် ။ ။(၁-၂)ရသေ့တို့၏ စွန့်ထားသော သုက်သွေးနှင့်တကွသော ကျင်ငယ်ရေကို သောက်ကြသော သမင်မ နှစ်ကောင်တို့၏ ဝမ်း၌ သံကိစ္စ သတ္တိသားနှင့် ဣသိသိဂ် သတ္တိသား နှစ်ယောက်တို့ ပဋိသန္ဓေနေကာ ဖွားမြင်လာ၍ နောက်ပိုင်း၌ သံကိစ္စရသေ့, ဣသိသိဂ်ရသေ့ ဟူ၍ဂင်း၊ (၃) ဥဒါယီရဟန်း၏ သုက်ရည် လူးသော သင်္ကန်းကို ဘိက္ခုနီမ တဦးက ခံတွင်းဖြင့် စုတ်ယူမျိုစား၍ ကုမာရကဿပ မထေရ်ကို ဖွားမြင်လာသည် ဟူ၍ဂင်း သာသနာဝင် ကျမ်းဂန်တို့၌ လာရှိ၏။

သုခအပြား၊ မျိုး ၄-ပါး၊ ထင်ရှား ဘိဓမ္မာ ။ ။ ချမ်းသာ ၄-မျိုး (၁) ဝေဒယိတ သုခ-ခံစား စံစား ရသော သုခ ချမ်းသာမျိုး၊ (၂)သင်္ကိ သုခ-မခံစားရဘဲ အစဉ်ငြိမ်းအေးချမ်းသာသော သုခမျိုး၊ (၃) ကာယိက သုခ-ကိုယ်ချမ်းသာခြင်း၊ (၄) စေတသိက သုခ-စိတ်ချမ်းသာခြင်း။

သုစရိုက် ၃-ပါး ။ ။အပြစ်မရှိကောင်းကျိုးသုခ ရမှုမျိုး ၃-ပါး။ (၁)ကာယ သုစရိုက်-ကိုယ်ပြု ကောင်းမှု ကုသိုလ်စု၊ (၂)ဝစီသုစရိုက်- နှုတ်ပြုကောင်းမှု ကုသိုလ်စု၊ (၃) မနော သုစရိုက်-စိတ်ပြု ကောင်းမှု ကုသိုလ်စု။

သုစရိုက် ၁၀-ပါး ။ ။မူလပဏ္ဏာသ ။ပါ။ ၃၆၀ ။၌။ ၂၃၄-၌ အကျယ်ရှုပါ။ ၎င်း သရုပ် အဓိပ္ပါယ် (ပုညကြိယာဝတ္ထု ၁၀-ပါး)နှင့် တူ၏။

http://www.dhammadownload.com

သုစရိုက်တရား ၁၀-ပါး၊ တနည်း။ ။ဒုစရိုက် တရား ၁၀-ပါးမှ ရှောင်ရှား ပယ်ပြဉ်မူ အကျင့်သီလကိုပင် (သုစရိုက် ၁၀-ပါး) ဟု တနည်း သိမှတ် ကုန်။

သုစရိုက်တရား အပြား-၄၀။ ။သုစရိုက် ၁၀-ပါးကိုတည်၊ ကိုယ်တိုင် ပြုလုပ် ခြင်း၊ သူတပါးကို ပြုလုပ်ခိုင်းခြင်း၊ သူတပါး ပြုလုပ်သည်ကို စိတ်ဖြင့် ဝမ်းသာခြင်း၊ သူတပါးပြုလုပ်ရာ၌ နှုတ်ဖြင့် ချီးမွမ်းခြင်း ၄-ပါးဖြင့် မြောက်သော် သုစရိုက်-၄၀ ဖြစ်၏။

သုစရိုက်တရား အပြား ၁၀၀။ ။နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း တရား ဟူ၏။ (က) ပုညကြိယာဝတ္ထု ဆယ်ပါးကိုတည်၊ ကံ ၃-ပါးနှင့်မြောက်၊ ၃၀-ရ၏၊ (ခ) ပါရမီဆယ်ပါးကိုတည် ဟီန, မဇ္ဈိမ, ပဏီတ ၃-ပါးနှင့် မြောက် ၃၀-ရ၏၊ (ဂ) ၎င်း ၂-ရပ် ၆၀-ကို အထက်ပါ သုစရိုက် ၄၀-နှင့် ပေါင်းသော် သုစရိုက် ၁၀၀-ဖြစ်သည် ဟူ၏။

သညတတရား၊ ၁၂-ပါး၊ ပယ်ရှားအတွက် အသိုနည်း? ။ဝိသုဒ္ဓိမဂ် အဋ္ဌကထာ လာ အတ္တမရှိပုံကို ပြသည့် အခြင်းအရာ ဆယ့်နှစ်ပါး။ ၁- နာ သတ္တော- ရွပ်, ဝေဒနာစသည်တို့ကား နာမ်ရွပ်သာဖြစ်၏၊ သတ္တဝါမဟုတ်။ ၂- နာ ဇီဝေါ- (ယ) ဇီဝမဟုတ်, အသက်မဟုတ်။ ၃- နာ နရော- (ယ) လူမဟုတ် နှုတ်မဟုတ်။ ၄- နာ မာဏဝေါ- (ယ) လုလင်မဟုတ်။ ၅- နာ ဣတ္ထိ- (ယ) မိန်းမမဟုတ်။ ၆- နာ ပုရိသော- (ယ) ယောကျ်ားမဟုတ်။ ၇- နာ အတ္တာ- (ယ) အတ္တမဟုတ်။ ၈- နာ အတ္တနိယံ- (ယ) အတ္တပိုင် ပစ္စည်းမဟုတ်။ ၉- နာဟံ- (ယ) ငါမဟုတ်။ ၁၀- နာ မမ- (ယ) ငါ၏ ဥစ္စာမဟုတ်။ ၁၁- နာ အညဿ- (ယ) သူတပါး၏ ဥစ္စာမဟုတ်။ ၁၂- နာ ကဿစိ- (ယ) တစုံတယောက်၏ ဥစ္စာမဟုတ်။

သုတ် ၃-ကျမ်း။ ။ဒီဃနိကာယ်၌ပါဝင်သော ဒေသနာတော်များ၊ အကျယ် (နိကာယ် ၅-ရပ်) ၌ ကြည့်ပါ။

သုဒ္ဓိ ၄-ပါး၊ ရဟန်းများ၊ ထူးခြား ဖြူစင်ဘိ။ ။ရဟန်းတော်များ အဖို့ စင်ကြယ်ခြင်း လေးပါးဟု အဓိပ္ပါယ်ရသည့် ဝိနယဝေါဟာရ မျိုး။ (၁) ဒေသနာ သုဒ္ဓိ-ပါတိမောက္ခ သံဝရသီလခေါ် ဝိနည်း ပညတ်တော်

http://www.dhammadownload.com

ဥပဒေသ၏ စင်ကြယ်ခြင်း၊ ၎င်းသည် ဒေသနာကြားသဖြင့် စင်ကြယ်သော ကြောင့် 'ဒေသနာ သုဒ္ဓိ' မည်၏၊ (၂) သံဝရ သုဒ္ဓိ-သည်အမှုကို ငါတဖန် မပြုတော့ပြီဟု စိတ်ဆောက်တည်ခြင်း၊ စက္ခုစသော ဣန္ဒြေ စောင့်ထိန်းခြင်းကို ခေါ်သည်၊ (၃) ပရိယေဋ္ဌိ သုဒ္ဓိ-ဝိနည်းဥပဒေသနှင့်မညီသော ပစ္စည်းကိုပယ်၍ ဝိနည်းတော်နှင့် အညီ ရှာမှီးလျက် အသက်မွေးဝမ်းကျောင်းပြုခြင်းကို ခေါ်သည်၊ (၄) ပစ္စဝေက္ခဏာ သုဒ္ဓိ-ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်မှီဝဲခြင်းကို ခေါ်ဆိုသည်။

သုခမ္မာသဘင်၊ စည်းဝေးရင်၊ ၄-အင် နတ် အကြောင်း။ ။ဌင်း **အကြောင်း** တရား ၄-ပါး၏ သရုပ်ကို (တာဝတိံသာ၊ သုခမ္မာ၊ ၄-ဖြာ စည်းဝေးကြောင်း)ဟူသော သုတေသနဌ ဆိုခဲ့ပြီ။

သုဏ္ဏ ဓေရုယ ကံထိုက်ခြင်း အင်္ဂါ ၄-ပါး။ ။ဤအင်္ဂါ ၄-ပါးနှင့်ညီမူ နည်းနည်း သောက်လျှင် နည်းနည်း အပြစ်ရှိ၏၊ များများသောက်လျှင် များသော အပြစ်ရှိ၏၊ ဤတိုက် အဋ္ဌကထာနှင့် သမ္မောအဋ္ဌကထာမှ။ (၁) မဇ္ဈဘာဝေါ-သေအရက် ကဇော်ဖြစ်ခြင်း၊ (၂) ပါတုကမျှစိတ္တံ- ဓသောက်လိုစိတ် ရှိခြင်း၊ (၃) ဝါယာမော-သောက်ဖြစ်အောင် လုံ့လ ပြုခြင်း၊ (၄) အဇ္ဈော ဟရဏံ- သောက်မျိုချခြင်း။

သူရာမျိုး ၅-ပါး။ ။ ဝိနည်းမဟာဝါ ။ပါ။ ၁၄၆ ။ဌ။ ၁၂၇။ မူးယစ်၍ သူတော်ဓကာင်းတရားကို မေ့လျော့စေတတ်သော သေရည်ခေါ်သူရာမျိုး ၅-ပါး။ (၁) ပိဋ္ဌ သူရာ- ဆန်မှုန့်ကို ပြုလုပ်သော သေရည်၊ (၂) ပူဝ သူရာ- မုယောဂျုံမှုန့်ကို ပြုလုပ်သော သေရည်၊ (၃) ဩဒန သူရာ- ကောက်ညှင်း ထမင်းကို ပြုလုပ်သော သေရည်၊ (၄) ကိဏ္ဏ ပက္ခိတ သူရာ- တဆေးမှုန့်ကိုခတ်၍ ပြုလုပ်သော သေရည်၊ (၅) သမ္ဘာရ သံယုတ္တ သူရာ- သေရည်ဖြစ်ကြောင်း ဝတ္ထုပေါင်းကို စုဆောင်း ပြုလုပ် အပ်သော သေရည်။

[သူ]

သူကောင်း လူကောင်း ထရား ၇-ပါး။ ။သုတ်ပါဌေယျ ။ပါ။ ၂၀၈။ဌ။ ၂၂၁။ သတ္တဋ္ဌကဏ္ဍ ။ပါ။ ၄၀၃ ။ဌ။ ၁၀၄။ မမ္မာထိကများ သိထား

http://www.dhammadownload.com

လိုက်နာစရာ။သတ္တ သမ္ဘူရိသ ဓမ္မာဟု သီးခြား ဘုရားဟောတော်မူသည်။ (၁) ဓမ္မညူ-ပါဠိဌ်ဒ္ဓ လိမ်မာခြင်း ကိုယ်ကျင့်တရား၌ နားလည်ရခြင်း၊ (၂) အတ္ထညူ- အနက်၌ ကျွမ်းကျင်ခြင်း အကျိုးရရေး၌ နားလည်ခြင်း၊ (၃) အတ္တညူ- ကိုယ်ရေး ကိုယ်တာ၌ လိမ်မာခြင်း၊ (၄) ကာလညူ-အချိန်ကာလ အပိုင်းအခြားကို သိခြင်း၊ အခြေအနေကို နားလည်ရခြင်း၊ (၅) မတ္တညူ-အတိုင်းအရှည် ပမာဏကို သိခြင်း၊အလိုက်သိရခြင်း၊(၆) ပရိသညူ-ပရိသတ်အလိုသဘော၌ သိရှိလိမ်မာခြင်း၊ (၇) ပုဂ္ဂလညူ- ပုဂ္ဂိုလ်၏ အလိုသဘော၌ ပါးနပ်လိမ္မာရခြင်း။

သူခိုးကြီးတို့ လိုက်နာ ထိန်းစောင့်သည့် အင်္ဂါ ၈-ပါး။ ။ဤအင်္ဂါရှစ်ပါးကို စောင့်ထိန်းသော ခိုးသားကြီးများသည် ရက်-လ-နှစ်ရှည်- တည်တံ့နိုင်သည်၊ ဤအင်္ဂါရှစ်ပါးနှင့် မပြည့်စုံသော ခိုးသား ဓားပြတို့ကား- ရက်-လ ရှည် မတည်၊ လျင်မြန်စွာ ပျက်စီးရတတ်သည်ဟု အဂုတ္တရ ပါဠိတော်တတိယအုပ်- (၁၅၃)၌ ဟောတော်မူသည်။ (၁) မိမိ၏ ရန်သူမဟုတ်သည့် အသက်အရွယ်ကြီးသူ, ကလေးသူငယ်, အကျင့်သီလဂုဏ် ရှိသူ,တို့ကို ရိုက်နှက် ပုတ်ခတ်မှု မပြုခြင်း၊ (၂) ပစ္စည်းဥစ္စာကို အကုန်မယူခြင်း၊ (၃) မိန်းမကို မသတ်ခြင်း၊ (၄)အမျိုးသမီးတို့ကို မဖျက်ဆီးခြင်း၊ (၅) ရှာ-နိဂုံး မင်းနေပြည်အနီး၌ မလုရက် မတိုက်ခိုက်ခြင်း။

သူခိုးဓားပြ၊ သူပုန်တို့၏ မှီခိုအားထားရာကြီး ၅-ပါး။ ။လူသားတို့ ငြိမ်းဇ
ချမ်းသာမှုအတွက် တိုင်းပြည် မြို့ ရွာ နယ်ပယ် အုပ်ချုပ် ထိန်းသိမ်းကြ
သော မင်းစိုးရာဇာတို့ သိထားရန်။ အင်္ဂုတ္တရ ။ပါ။ ဒု-အုပ်။ ၁၁၃-၌
အကျယ်ရှု။ (၁) အသွားအလာ ခက်သည့် ဧရိယက်ကျန်း၊ တောင်ကြား
ချောက်ကြား၊ ရှို-မြောင် မည်ညှတ်သော ခရီးခက်အရပ်ကို မှီနေတတ်ကြ
သည်၊(၂)ထူထပ်သည့်ကိုင်းတောကျူတော၊ပင်ချင်းယှက်သည့်တောအုပ်
ကြီး စသည့်အရပ်မျိုး၊ (၃) တစုံတယောက်က ဖေါ်ပြောလျှင် မင်း
အမတ် မူထမ်း ရာထမ်းတို့က အပြစ်ကို ကာကွယ်ဖုံးအုပ်ပေးရန် ၎င်းတို့နှင့်
ကိုယ်တင်၍ အကျွမ်းတဝင် အမှီတံကဲ့ ပြုလုပ်ထားခြင်း၊ (၄) မိမိတို့အပြစ်ကို
ဖေါ်ပြောထွက်ဆိုမည့်သူများအား နှုတ်ပိတ်ခ ပစ္စည်းဥစ္စာပေးကမ်းရန်၊

http://www.dhammadownload.com

(၅) မိမိတို့၏ လျှို့ဝှက် တိုင်ပင်မှု မပေါက်ကြားစေရန် အထူးလုံခြုံသော နည်းလမ်း ဥပါယ်တို့ ဖြစ်၏။

သူဌေးရိုးရာ၊ ဇာတ်နွယ်လာ၊ ၄-ဖြာ မည်သို့ မှတ်သနည်း?။ ။သူဌေးတို့၏ မျိုးရိုးအစဉ်ကို ဇာတ်နွယ်အားဖြင့် ဤသို့ ဘွဲ့ပုံ တံဆိပ်များ ပေးအပ်၏။ (၁) ခတ္တိယ သေဋ္ဌိ- ဥစ္စာများစွာ ကြွယ်ဝသော မင်းမျိုး သူဌေး၊ (၂) ပြဟ္မဏ သေဋ္ဌိ- ဥစ္စာများစွာ ကြွယ်ဝသော ပုဏ္ဏားမျိုး သူဌေး၊ (၃) ဝေဿ သေဋ္ဌိ- ဥစ္စာများစွာကြွယ်ဝသော ကုန်သည်ကြီး အသည်မျိုး သူဌေး၊ (၄) မဟာ သေဋ္ဌိ- သူဆင်းရဲအများမှ သူဌေးကြီး ဖြစ်လာသူများ။

သူတပါးအိမ်၌ မအပ် မထားရသော အရာများ ၄-ပါး။ ။ဇာတ်ပါဠိတော် ဒု-အုပ်။ ၁၂၀။၌။ ပဋ္ဌမအုပ် ၄၆၆။ (၁) ခိုင်းနွားဆင်, မြင်း စသည်၊ (၂) နို့စားနွားမ၊ (၃) လှည်းရထား စသည်၊ (၄) ဇနီး-မယား။

သူတပါးအား မပြောကြားအပ်သော အရာကြီး ၉-ပါး။ ။ထိုအကြောင်း တရား ကိုးပါးကို ထင်ရှားစွာ ထုတ်ဖော် မဆိုရာဟု ဟိတောပဒေသ၌ လာရှိ၏၊ မလုံခြုံက ပျက်စီးကျိုးမဲ့ ဖြစ်တတ်သည်။ (၁) အာယု- မိမိနေရအံ့သော အသက်အပိုင်းအခြား၊ (၂) ဝိတ္တ-မိမိပိုင် စည်းစိမ်ဥစ္စာ ရတနာဟူသမျှ၊ (၃) ဂေဟဆိုင်- မိမိ၏ အိမ်၌ မလုံခြုံသော နေထုန်၌ အပြစ်အဆာ ဟူသမျှ၊ (၄) မန္တ- လျှို့ဝှက်အပ်သော တိုင်ပင် ဆွေးနွေးမှုများ၊ (၅) မေထုန- ကိုယ့်မယားအား သံဝါသမှု စပ်ရှက်ပြုပုံနည်းနှင့် ပြုသော နေထုဌာန၊ (၆) ဘေသဇ္ဇနယ- ခဲခက်စွာ ဖော်စပ်အပ်သော ဆေးစုံမ်း ကောင်းများ၊ (၇) တပ- မိမိ၏ ချိုးခြံစွာသော အကျင့်၊ (၈) ဒါန-လှူဒါန်းပေးကမ်းခြင်း၊ (၉) အပမာဏ- မိမိအား သူတပါးတို့က ပမာမထား မလေးစားပုံ အခြင်းအရာ။

မှတ်ချက်။ ။တပ,နှင့် ဒါန,တို့အတွက်ကိုမူ မိမိအား သူတပါးတို့က အထင်အမြင်ကြီးလာအောင် ဖြစ်စေ၊ ဂုဏ်ပကာသနကို ဖော်လို၍ ဖြစ်စေ၊ မပြောဆိုအပ်၊ ထင်သေး မြင်သေး ဖြစ်တတ်သည်ဟူ၏၊ 'ပတ္တိဒါန' အမျှပေးဝေရေး အတွက်ကိုမူကား ထင်ရှားစွာ ပြောဆိုအပ်၏ဟု မှတ်လေ။

http://www.dhammadownload.com

သူတော်ကောင်း ဥစ္စာ ရတနာ ၇-ပါး။ ။သတ္တဂုဏ်တ္တရ။ပါ။ ၃၉၈။ ၎င်းသရုပ် (အရိယာ ဥစ္စာ ၇-ပါး)နှင့် တူ၏။ ၎င်း၏ သရုပ်အဓိပ္ပါယ် (အရိယာ ဥစ္စာ ၇-ပါး)ဟူသော စကားရပ်၌ ပြခဲ့ပြီ။

သူတော်ကောင်းတရား ၇-ပါး။ ။သတ္တ သဒ္ဓမ္မာ ဟု သီးခြား ဘုရားဟောတော်မူသည်။ (၁) သဒ္ဓေါ- ရတနာသုံးပါး၏ ဂုဏ်ရည်ကို ကံ၊ ကံ၏အကျိုးတို့၌ ယုံကြည်ခြင်း၊ (၂) ဟီရိတာ- မကောင်းမှု၌ အရှက်ရှိခြင်း၊ (၃) ဩတ္တပ္ပီ- မကောင်းမှု၌ အကြောက် ရှိခြင်း၊ (၄) ဗဟုဿုတော- အကြား အမြင် များခြင်း၊ (၅) အာရဒ္ဓ ဝီရိယော- ကောင်းလုပ်၌ လုံ့လဝီရိယ ရှိခြင်း၊ (၆) ဥပဋ္ဌိတ သတိ- ကောင်းရာ၌ ထင်သော သတိရှိခြင်း၊ (၇) ပညဝါ- ဉာဏ် ဆင်ခြင် ပညာရှိခြင်း။

သူမိုက် လက္ခဏာ၊ အင် ၃-ဖြာ၊ မိန့်မှာ မြတ်ဒုဋ္ဌ။ ။၎င်း သရုပ်ကို (လူမိုက် လက္ခဏာ၊ အင် ၃-ဖြာ) ဟူသော သုတေသနဋ္ဌ ဆိုခဲ့ပြီ၊

သူယုတ်တို့ ပေးလှူပုံနည်း ၅-မျိုး။ ။ဥပရိပဏ္ဏာသ ။ပ။ ၇၂။ ၎င်း ။ဋ္ဌ။ ၅၄-၌ အကျယ်ရှုပါ။ အသပ္ပုရိသ ဒါနမျိုး ၅-ပါး။ (၁)အ သက္ကစ္စံ ဒါနံ ဒေတိ-သန့်သန့် ရှင်းရှင်း စင်စင် ကြယ်ကြယ် ပြု၍ မပေးလှူ၊ (၂)အ စိတ္တီ ကတ္တာ ဒေတိ-မရိုမသေ မလေးမခန့်ပြု၍ ပေးလှူ၏၊ (၃) အ သဟတ္ထာ ဒေတိ-ကိုယ်ထိလက်ဆော့က် မပေးလှူ၊ (၄) အပဝိဒ္ဓံ ဒေတိ-စွန့်ပစ်လောက် အောင် မကောင်းပျက်စီးလုနီးမှ ပေးလှူခြင်း၊ (၅) အနာဂမန ဒိဋ္ဌိကော ဒေတိ-ရဇဆော့က် ခံစားရမည့် နောင်ကျိုးကို မယုံမကြည် ပေးလှူခြင်း။

သူရဲကောင်းပြား၊ ၁၃-ပါး၊ မြွောက်စား စစ်ဘုရင်။ ။မင်း အစိုးရတို့သည် အောက်ပါ ရည်သွားသတ္တိရှိသော သူရဲသူခက်တို့ကို စည်းစိမ်ဂုဏ်ထူး အမျိုးမျိုးတို့ဖြင့် မြွောက်စား ချီးကျူးထားသည် ဟူ၏၊ ဤ၌ ၁၃-ယောက်ကို သိလက္ခန် သာမညဖလသုတ် အဋ္ဌကထာနှင့်၊ ၎င်း ဋီကာ ကျမ်းတို့မှ ယူပြသည်။ (၁) ဟတ္ထာရောဟ-ဆင်စီး စစ်တိုက် သူရဲကောင်း၊ (၂) အဿာရောဟ-မြင်းစီးစစ်တိုက် သူရဲကောင်း၊ (၃) ရထိက-ယဉ်ရထားစီး စစ်တိုက် သူရဲကောင်း၊ (၄) ဓနုဂ္ဂဟ- သေနတ်, အမြောက်, စိန်ပြောင်း, လေးပစ် တည့်မတ်သော စစ်တိုက်သူရဲကောင်း၊ (၅) စေလက- အောင်လံကိုင် ဇွန်ဆွဲသူဇဲကောင်း၊ (၆) စလက- တပ်ရင်း, တပ်မ, တပ်ခွဲ, တပ်စိပ်

http://www.dhammadownload.com

တို့ကို အနေအထားကျအောင် အဌာကျကျ စီရင်တိုက်ခိုက်စေတတ်သော သူရဲကောင်း၊ (၇) ပိဏ္ဍဒါယိက-ထန်းသီးခိုင် ချိုင်းကဲ့သို့ တဖက်ရန်သူ၏ ဦးခေါင်းကို ဖြတ်ယူဖွဲ့မ်းခိုင်သော သူရဲကောင်း၊ (၈) ဥဂ္ဂရာဇပုတ္တ-တိုက်ပွဲအောင်ဖန်များ၍ ကျော်ကြား ထင်ရှားသော မင်းညီ မင်းသား သူရဲကောင်းများ၊ (၉) ပက္ခဒ္ဓိန-ရန်သူ့တပ်တွင်းသို့ ခုန်ပျံ ထိုးဝင်လျက် သူရှင်ဦးခေါင်းကို ဖြတ်ယူကာ လျင်စွာ ပြန်လာနိုင်သော "ပျံချီ" သူရဲကောင်းများ၊ (၁၀) မဟာနာဂ-အမုန်ယစ် ဆင်ပြောင်ကြီးနှင့် ရင်ဆိုင်တွေ့စေကာ မဆုတ်မနစ် ထိုးပစ် တွန်းလှန်၍ အနိုင်ယူတတ်သော သူရဲကောင်း၊ (၁၁) သူရာ-မဟာသမုဒ္ဒရာကြီးကိုပင် လက်ပစ်ကူးရမည်ဟု အရှင်က စေခိုင်းလျှင် မဆုတ်မပြန် ကူးအုံဟု ကိုယ်စွမ်းကိုး သူရဲကောင်း၊ (၁၂) စမ္မရောဝိန-သားရေသံချပ်ဝတ်အင်္ကျီကို ဝတ်ဆင်၍ တဖက်စစ်သည်ကို အတင်းဝင်ရောက် နှိမ်နင်းနိုင်သော သူရဲကောင်း၊ (၁၃) ဒါသပုတ္တ-မကြောက်မလှဲ့ နောက်မတွန့်ဘဲ ရန်သူ့အတွင်းသို့ ဝင်နိုင်သော အိမ်တော်ပါ သူရဲကောင်း။

သူ့အသက် သတ်ခြင်း၏ အပြစ်မျိုး ၂၃-ပါး။ ။ဂင်း သရုပ်ကို (ပါဏာတိပါတကံ၏ မကောင်းကျိုး ၂၃-မျိုး)၌ ဆိုခဲ့ပြီ။

သူ့ဥစ္စာခိုး၊ မကောင်းကျိုး၊ အမျိုး ၁၂-ပါး။ ။ဂင်း သရုပ် (အဒိန္နဒါန်၏ အပြစ် ၁၂-ပါး)၌ ဆိုခဲ့ပြီ။

သူ့သားမယား၊ လွန်ကျူးပြော၊ ၁၅-ပါးပြစ်ဒဏ်။ ။ဂင်း သရုပ်ကို (ကာမေသုကံ၊ ကျိုးပြစ်ဒဏ်၊ ထိမှန် ၁၅-ပါး) ဟူသော သုတေသနဌ ဆိုခဲ့ပြီ။

[ဧသ]

သေ ၄-ပါး။ ။ဤသရုပ် ၄-ပါးကား၊ ကျမ်းကြီးကျမ်းခိုင်တို့၌ မလာရှေးရိုးပြောစဉ်မှတ်စုမှ သုတေသန ပြုလိုက်သည်။ (၁) ရှင်မဟာကဿပ၏ ရုပ်ခဘတ် အလောင်းတော်မြတ်သည် ဝေဘာရတောင် မြကမ္မလာဇကုဋ်ဝယ် ယခုတိုင် ရှိနေသည် ဟူ၏၊ (၂) အရှင်သုဘာရ၏ အလောင်းတော်မြတ်သည် ဥတ္တမ တောင်ထက်ဝယ် ယခုတိုင်ရှိသည် ဟူသတတ်၊ (၃) ဃရှင် ဥပေက္ခာရ၏ ရုပ်အလောင်းသည် ပန်းမျိုးစုံဓမသာ မကူဋတောင်ထက်ဝယ်

http://www.dhammadownload.com

ယခုတိုင်အောင် ရှိသတတ်၊ (၄) အရှင်ဓမ္မသာရ၏ ရုပ်ခေတ် အလောင်း တော်မြတ်သည် ပန်းမျိုးစုံခသော မကုဋတောင်ထိပ်ပေဝယ် ယခုတိုင် ရှိသတတ် ဟူ၏။

မှတ်ချက်။ ။သေ ၄-ပါး အစစ်ကား ပုထုဇန် လေးယောက်တို့တည်း၊ စာနည်း၊ ဖလဋ္ဌာန် ၄-ယောက် ဟူ၍ အမြဲမှတ်။

သေကွပ္ပရိုလ် ၇-ယောက်။ ။'ကျင့်ဆဲ' အောက် **အရိယာ** ခုနစ်ယောက်ကို သေကွခေါ်သည်။ (၁) သောတာပတ္တိ မဂ်ပုဂ္ဂိုလ်၊ (၂) ဌင်း ဖိုလ်ပုဂ္ဂိုလ်၊ (၃) သကဒါဂါမိ မဂ်ပုဂ္ဂိုလ်၊ (၄) ဌင်း ဖိုလ်ပုဂ္ဂိုလ်၊ (၅) အနာဂါမိ မဂ်ပုဂ္ဂိုလ်၊ (၆) ဌင်း ဖိုလ်ပုဂ္ဂိုလ်၊ (၇) အရဟတ္တမဂ်ပုဂ္ဂိုလ်။

သေခြင်းအပြား မျိုး ၃-ပါး။ ။**မရဏအပြား ၃-ပါးလည်းဟူ၏။** (၁) **ခဏိက** မရဏ- ခန္ဓာ အာယတန **ဓာတ်တို့၏** ဖြစ်, ပျက်, ချုပ်နေသည်ကို ခေါ်သည်၊ (၂) သမ္မုတိ မရဏ- ငါဖြူသေသည် ငမဲသေသည် ဆင်သေသည် ြင်းသေသည်ဟု **သမုတ်ခြင်း** မျိုးကို ခေါ်ဆိုသည်၊ (၃) **သမုစ္ဆေဒ** မရဏ- ဘုရားရဟန္တာ အရှင်မြတ်တို့ ခန္ဓာဇာတ်သိမ်း နိဗ္ဗာန်ဝင်ကြွမ်းသည်ကို ခေါ်ဆိုသည်။

သေခြင်း၏ အကြောင်း ၄-ပါး။ ။တောင်ကျန်းနေ လူသားတို့ သေခြင်း ဖြစ်ပုံ **မရဏုပ္ပတ္တိ** လေးပါး။ (၁) အာယုက္ခယ- သက်တမ်းစေ့၍ **သေခြင်း**၊ (၂) ကမ္မက္ခယ- သက်တမ်းမစေ့မီ ကုသိုလ်ကံကုန်၍ **သေခြင်း**၊ (၃) ဥဘယက္ခယ- သက်တမ်းလည်းစေ့ ကံလည်း ကုန်၍ **သေခြင်း**၊ (၄) ဥပစ္ဆေဒက- သက်တမ်းမစေ့ ကံမကုန်မီ ကပ်၍ ဖြတ်တတ်သော အကုသိုလ်ကံတပါးကြောင့် သေရခြင်း။

သေခြင်းအကြောင်း ၈-ပါး၊ တနည်း။ ။ဌင်းသရုပ်ကို (ဆောဂါဝေဒနာ ဖြစ်ခြင်းအကြောင်း ၈-ပါး)၌ ဆိုခဲ့ပြီ။

သေမင်း တမန်ကြီး ၄-ယောက်။ ။ကျွဲ၌ ကျက်မှတ်လွယ်ကူစေရန် စာဏကျပျို့မှ ထုတ်ပြလိုက်သည်။ (၁) အကျင့်ဖောက်ပြား၊ အမြောင်ထားသည့်၊ မယားပျက်စွာ၊ (၂) လွန်ယုတ်မာသည့်၊ သဟာမိတ်ဆွေ၊ (၃) စည်းမဲ့ နေသား၊ ရွှေငွေပစ္စည်း၊ မသိမ်းဆည်းဘဲ၊ အချည်းနှီးမှန်၊ ပေးကမ်းလွန်

http://www.dhammadownload.com

သည်၊ ကျေးကျွန်တမျိုး၊ (၄) အဆိပ်အိုးဟု၊ မြေဆိုးရှိချေ၊ ဤလေးထွေ နှင့်၊ တူနေဘယ်ခါ မပြုရာ။

သေမင်းငင်ရက် ဂ-ပါး။ ။ဝိနည်းမဟာဝါ ။ပါ။ ၄၀၁ ။ဋ္ဌ။ ၄၀၉-၌ အကျယ်ရှု၊ ဆောင်းနှောင်း နွေကူး ရာသီဖက် မခံနိုင်ဘဲ သက်ကြီးအိုနှင့် သက်ငယ်နှုတ်ဆို သေပျောက်များသော "တပို့တဲ့လ၏ နောက်ဆုံး (၄) ရက် နှင့် တပေါင်းလ၏ အစ (၄) ရက်' ကို ခေါ်ဆိုသည်။

မှတ်ချက်။ ။ဤရက်ကား ယူနည်း မူကွဲများစွာရှိ၏၊ မဃဒေဝလင်္ကာသစ် ပိုဒ်ရေ (၂၈၀)၌ ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီး သော်မှ နည်းနှစ်မျိုး ယူ၍ ပြာသို၊ တပို့တဲ့၊ စိုရွဲ ငွေနှင်း၊ သုတ်လေသွင်းနှင့်၊ ယင်းနှစ်လကြား၊ "တပါးထိုမြို့၊ တပို့တပေါင်း၊ ရှေးနှောင်းအညီ၊ လေးရက်စီမှတ်၊ အန္တရဋ္ဌဟု၊ ပညတ်နာမ၊ ကြားရှစ်ညဉ့်၊ ကောက်ပလင်းဟုန်၊ တက်အရှဖ်ဝယ်၊ ခိုက်တုန် လွန်က၊ အေးစမြတည်း။" ဟု စပ်ဆိုထားလေသည်။

သေရည်မျိုး ၅-ပါး။ ။ငင်းအဓိပ္ပါယ် သရုပ်တို့ကား (သူရာမျိုး ငါးပါး) နှင့် တူ၏။

သေရည်သောက်စား၊ ပြစ် ၆-ပါး၊ ဘုရား ဟောတော်မူ။ ။ငင်းသရုပ်ကို (အရက်သောက်ခြင်း အပြစ် ၆-ပါး)၌ ဆိုခဲ့ပြီ။

[သော]

သောစေယျတရား မျိုး ၃-ပါး။ ။သုတ်ပါဌေယျ သံဂီတိသုတ်၌ ဟောတော် မူသည့် ဃန်ရှင်း စင်ကြယ်ရေး တရားသုံးပါး။ (၁) ကာယသောစေယျ၊ ကာယဒုစရိုက် ၃-ပါးမှ စင်ကြယ်ခြင်း၊ (၂) ဝစီ သောစေယျ-ဝစီဒုစရိုက် ၄-ပါးမှ စင်ကြယ်ခြင်း၊ (၃) မန သောစေယျ- မနော ဒုစရိုက် ၃-ပါးမှ စင်ကြယ်ခြင်း။

သောတာပန် ၃-ယောက်။ ။မဟာဝဂ္ဂသံယုတ် ကေဗီဇသုတ် ။ပါ။ ၁၈၀။ ။ဋ္ဌ။ ၂၆၉။ ငင်းသာရုပ်(သောတာပန်အပြား မျိုး ၄-ပါး)၌ ၂,၃,၄ တို့ကို ယူပါလေ။

http://www.dhammadownload.com

သောတာပန် ၂၄-ယောက်။ ။ပုဂ္ဂလပညတ် ။ပါ။ ၁၁၉-၁၂၀ ။ဋ္ဌ။ ၄၇-မှ ၅၃-အထိ အကျယ်ရှု။ (၁) သောတာပန် အစုစ် ၃-ယောက်ကို ပဋိသမ္ဘိဒါ ၄-ပါးနှင့်မြောက် ၁၂-ယောက်ဖြစ်၏၊ ၎င်းကို သဒ္ဓါခုရ, ပညာခုရနှစ်ပါး နှင့်မြောက် ၂၄-ယောက် ဖြစ်၏။

သောတာပန်အပြား မျိုး ၄-ပါး။ ။မဟာဝဂ္ဂသံယုတ် ။ပါ။ ၁၈၀ ။ဋ္ဌ။ ၂၇၀။ (၁) စူဠ သောတာပန်-ကခ်ီဝိတရဏ ဝိသုဒ္ဓိစခန်းသို့ ရောက်သော ယောဂီပုဂ္ဂိုလ်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အတော်များများ ပယ်စွန့်နိုင်ပြီ ဖြစ်၍ စူဠ သောတာပန် မည်၏၊ (၂) သတ္တက္ခတ္တု ပရမ သောတာပန်-သောတာပတ္တိမဂ် ရပြီးနောက် ကာမဘုံ၌ ၇-ကြိမ်၊ ၇-ဘဝ ပဋိသန္ဓေ နေနိုင်ခွင့်ရှိသော ပုဂ္ဂိုလ်မျိုး၊ (၃) ကောလံ ကောလ သောတာပန်- သောတာပတ္တိမဂ် ရပြီးနောက် ကာမဘုံ၌ ၂-ကဝမှ ၆-ဘဝအတွင်း တခုသော အမျိုးမြတ်မှ တခုသော အမျိုးမြတ်သို့ ပြောင်းရွှေ့ ပဋိသန္ဓေ နေနိုင်သော ပုဂ္ဂိုလ်မျိုး၊ (၄) ဧက ဗီဇီ သောတာပန်- မဂ်ရပြီးနောက် တဘဝသာ လူ့ပြည်၌ ပဋိသန္ဓေနေနိုင်ခွင့်ရှိသော ပုဂ္ဂိုလ်မျိုး။

မှတ်ချက်။ ။ယခုပြပြီး အမျိုးအစား၌ မပါသော သောတာပန်မျိုး လည်း ရှိသေး၏။

သောတာပန်၏ အင်္ဂါ ၄-ပါး။ ။သောတာပန်ပုဂ္ဂိုလ်၏ အင်္ဂါ၊ သို့မဟုတ် အရိယာသာဝကတို့၏ အင်္ဂါ ၄-ပါး၊ မဟာဝဂ္ဂသံယုတ် ပါဠိတော်မှ။ (၁) ဗုဒ္ဓေ အဝေစ္စ ပသာဒ သမန္နာဂတ-ဘုရား၌ မတုန်မလှုပ် ကြည်ညို လေးစားခြင်း၊ (၂) ဓမ္မေ အဝေစ္စ ပသာဒ သမန္နာဂတ- တရားတော်၌ မတုန်မလှုပ် ကြည်ညိုလေးစားခြင်း၊ (၃) သံဃေ အဝေစ္စ ပသာဒ သမန္နာဂတ- သံဃာတော်၌ မတုန်မလှုပ် ကြည်ညို လေးစားခြင်း၊ (၄) အရိယကန္တ သီလေဟိ သမန္နာဂတ- အရိယကန္တ သီလတို့ကို စောင့်ထိန်းရာ၌ အသက်သေလျှင် သေပေစေ သီလ၌ ညစ်နွမ်းမှု မရှိစေရအောင် ပြည့်စုံစွာ စောင့်ထိန်းခြင်း။ ဤ၌ ငါးပါးသီလကို ဆိုသည်မှတ်။

သောတာပန်ဖြစ်ကြောင်း အင်္ဂါ ၄-ပါး။ ။နိဒါနဝဂ္ဂသံယုတ် ။ပါ။ ၂၉၇ ။ဋ္ဌ။ ၆၇။ သောတာပန် ဖြစ်ခြင်း၏ အကြောင်းတရား ၄-ပါး၊ မဟာဝဂ္ဂ သံယုတ်နှင့် သင်္ဂီတိသုတ် ပါဠိတော်တို့မှ။ (၁) သပ္ပုရိသ သံသေဝ- မဂ်

http://www.dhammadownload.com

ဗိုလ်လမ်းပြ သူတော်ကောင်းနှင့် ပေါင်းသင်းရမှု၊ (၂) သဒ္ဓမ္မသဝန- ခန္ဓာ နာမ်ရုပ် သူတော်တရား နာကြားရမှု၊ (၃) ဓမ္မာနုဓမ္မ ပဋိပတ္တိ- မဂ်ဖိုလ် ရောက်အောင်ကျင့်မှု၊ (၄) ယောနိသော မနသိကာရ- ရုပ် နာမ်၌ . မှန်ကန် တော်တည့်စွာ နှလုံးသွင်းမှု။

သောဘဏသောဝေရဏ စေတသိက် ၁၉-ပါး။ ။တင့်တယ် ကောင်းမြတ် သော စိတ်တို့နှင့်သာ အမြဲယှဉ်၍ ဖြစ်သော စေတသိက်မျိုး ဟူ၏။ (၁) သဒ္ဓါ-ရတနာသုံးပါးကို ကြည်ညိုခြင်း၊ ကံ့ကံ၏ အကျိုးတရားတို့ကို ယုံကြည်ခြင်း လက္ခဏာ၊ (၂) သတိ-ကုသိုလ်အစုဥ် မမေ့မလျော့သော အောက်မေ့ခြင်းလက္ခဏာ၊ (၃) ဟိရိ-အယုတ်တရားဥ် စက်ဆုပ် ရွံရှာခြင်း လက္ခဏာ၊ (၄) ဩတ္တပ္ပ-မကောင်းမှုဥ် ကြောက်လန့်ခြင်း လက္ခဏာ၊ (၅) အလောဘ- ကာမဂုဏ်အာရုံဥ် စိတ်၏ မက်မောတွယ်တာမှု မရှိခြင်း၊ (၆) အဒေါသ- ဆန့်ကျင်မုန်းတီး ကြမ်းတန်းခက်ထန်မှု မရှိခြင်း၊ (၇) တတြမဇ္ဈတ္တတာ- ချစ်, မုန်း, မပါ ညီမျှစွာ ဆောင်ခြင်း လက္ခဏာ၊ (၈) ကာယပဿဒ္ဓိ-ကိလေသာအပူတို့၏ ငြိမ်းအေးခြင်း၊ (၉) စိတ္တပဿဒ္ဓိ-ကိလေသာအပူတို့၏ ငြိမ်းအေးချမ်းသာခြင်း လက္ခဏာ၊ (၁၀) ကာယ လဃုတာ- ကိလေသာဝန်ထုပ်မှ ပေါ့ပါးခြင်း၊ (၁၁) စိတ္တလဃုတာ- ကိလေသာဝန်ထုပ်မှ ပေါ့ပါးခြင်း၊ (၁၂) ကာယမုဒုတာ၊ (၁၃) စိတ္တမုဒုတာ- ကိလေသာခက်ထန်ခြင်းတို့မှ ကင်းငြိမ်း နူးညံ့ခြင်းလက္ခဏာ၊ (၁၄) ကာယ ကမ္မညတာ၊ (၁၅) စိတ္တကမ္မညတာ- ကုသိုလ်အလုပ်၌ ခံ့ညားထယ်ဝါ ငြိမ်းချမ်းစွာသော အသွင်ကို ဆောင်ခြင်းလက္ခဏာ၊ (၁၆) ကာယပါဂုညတာ၊ (၁၇) စိတ္တပါဂုညတာ- ကုသိုလ်တရားဥ် ငြိမ်းချမ်းစွာ လေ့လာခြင်း လက္ခဏာ၊ (၁၈) ကာယုဇုကတာ၊ (၁၉) စိတ္တုဇုကတာ- နိဗ္ဗာနဓာတ် စခန်းကိုသာ ဖြောင့်မတ်တန်းတန်း လမ်းလွဲမပါသော လက္ခဏာ။

သောမဂ္ဂိဟ် ၄-ထုံး။ ။ကောင်းကျိုးချမ်းသာကို ပေးတတ်သော ဂြိုဟ်မြတ် လေးပါး။ (၁) တနင်းလာဂြိုဟ်၊ (၂) ဗုဒ္ဓဟူးဂြိုဟ်၊ (၃) ကြာသပတေး ဂြိုဟ်၊ (၄) သောကြာဂြိုဟ်။

သောမနဿ ၂-မျိုး။ ။စိတ်သောအားရခြင်း ၂-မျိုး။ ဥပရိပဏ္ဏာသ ။ပါ။ ၂၆၀ ။ဌ။ ၁၀၆။ (၁) လောဘိတ သောမနဿ- ကာမဂုဏ်၌ လောဘ

http://www.dhammadownload.com

တဏှာနှင့် ယှဉ်ဖြစ်သော ဝမ်းမြောက်ခြင်း၊ (၂) နေကွမယသိတ သောမနဿ- ကုသိုလ်တရား ဘာဝနာမျှားနှင့် ယှဉ်သော ဝမ်းသာခြင်း။

သောမနဿ ကုသိုလ်စိတ် ဖြစ်ကြောင်းတရား ၄-ပါး။ ။ (အဋ္ဌသာလိနီ) ဓမ္မသင်္ဂဏီ အဋ္ဌကထာ။ ၁၁၇။ (၁) ဣဋ္ဌာရမ္မဏ-ကောင်းသောအာရုံနှင့် တွေ့ကြုံခြင်း၊ (၂) သဒ္ဓါဇဟုလတာ-သဒ္ဓါအားကောင်းခြင်း၊ (၃) ဝိသုဒ္ဓ ဒိဋ္ဌိတာ- အယူအစဲ့ ဉာဏ်အမြင်သန့်စင်ခြင်း၊ (၄) အာနိသံသ ဒဿာဝီတာ- လုပ်ငန်း၏ ကောင်းကျိုးကို သိမြင်လေ့ရှိခြင်း။

သောင်း ၃-ရပ်။ ။ယူဇနာ တသောင်းစီ ကျယ်ဝန်းသော အရပ်လေးပါး၊ သာရတ္ထသင်္ဂဟ အဋ္ဌကထာနှင့် ဇိနာလင်္ကာရ ဋီကာမှ။ (၁) ငါတို့နေရာ ဇမ္ဗူဒီပ်ကျွန်း၊ (၂) တာဝတိံသာ နတ်ပြည်၊ (၃) အသူရာ ပြည်၊ (၄) အဝီစိ ငရဲ။

[သဲ]

သဲကန္တာရကြီးမျိုး ၁၉-ပါး။ ။ကန္တာရမျိုး ၈-ပါးတို့တွင် ဝါဠုကန္တာရခေါ် ကမ္ဘာပေါ်၌ ထင်လျှားကျော်ကြားသည့် သဲကန္တာရကြီး ၁၉-မျိုးကို အလျား အနံ မိုင်နှင့် အမြင့်ပေ ခန့်မှန်းခြေတို့ကို ကမ္ဘာ့ ဒိုင်ဂျက်မှ နည်းမှီး၍ ပြဆိုထားသည်။

(၁) အတာကမာ သဲကန္တာရ၊ ချီလီနိုင်ငံ မြောက်ပိုင်း၌ရှိ၍ အလျားမိုင် (၄၀၀) ခန့်ရှည်လျက်၊ အမြင့်ပေ (၇,၀၀၀-မှ ၁၃,၅၀၀) အထိ ရှိသည်။

(၂) ဘလက်ရော့ခ် သဲကန္တာရ၊ အမေရိကန် ပြည်ထောင်စု နီဗာဒါ ပြည်နယ်၏ အနောက် မြောက်ပိုင်း၌ တည်ရှိသည်၊ စတုရန်း မိုင်ပေါင်း (၁, ၀၀၀) ခန့်ရှိကာ၊ အမြင့်ပေ (၂, ၀၀၂-မှ ၅,၀၀၀) အထိ ရှိသည်။

(၃) ကိုလိုရာဒို သဲကန္တာရ၊ အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယား ပြည်နယ်၏ အရှေ့တောင်ဘက်၌ တည်ရှိသည်၊အလျားမိုင် (၂၀၀) အနုမိုင် (၅၀)မျှ ရှိလျက် ပင်လယ်ရေပြင်အောက် ပေ (၂၅၀)မျှ စူးဝင်နိမ့်ကျသည်။

http://www.dhammadownload.com

(၄) ဒတ်ရှ်အီကဗီ သဲကန္တာရ၊ အီရန်နိုင်ငံ ကက်စပီယန်ပင်လယ်၏ အရှေ့တောင်ဖက်၌ တည်ရှိသည်။ အမြင့်ပေ (၂,၀၀၀) ခန့် ရှိသည်ဟူ၏။

(၅) ဒတ်ရှ်အီလွတ် သဲကန္တာရ၊ အီရန်နိုင်ငံ ကာမင် အရှေ့မြောက်ဖက်၌ တည်ရှိ၏၊ အမြင့်ပေ (၁, ၀၀၀)ခန့်ရှိ၏။

(၆) ဂိုဘီ (ရှာမိုး) သဲကန္တာရ၊ အာရှတိုက် မွန်ဂိုလီယားနိုင်ငံတလျှောက် လုံးလိုလိုပင် စတုရန်းမိုင်ပေါင်း (၃, ၀၀, ၀၀၀) မျှ ခန့်မှာကရှိ၍ အမြင့်ပေ (၃, ၀၀၀-မှ သည် ၅, ၀၀၀) အထိ ရှိ၏။

(၇) ဂရိတ် အာရေဗီယန်း သဲကန္တာရ၊ အာရေဗီယားနိုင်ငံ တဝှမ်းလုံး လိုလိုပင် တည်ရှိနေသည်၊ အလျားမိုင် (၁, ၅၀၀) ရှိ၏၊ ၎င်းပြင် ဆီးရီးယားနိုင်ငံမှ (အဲလ်ဟာမက်) သဲကန္တာရ၊ လစ်ဗျာက် (၃၀) မြောက်၊ အမြင့်ပေ (၁, ၀၅၀) နိဖတ် ပြည်နယ်မှ သဲကန္တာရနီသည် အလျားမိုင်(၄၀၀) အနံမိုင် (၂၀၀)ရှိ၏၊ နိဖတ်ပြည် တောင်ပိုင်းမှ (ဒါနာ) သဲကန္တာရသည် ကျောက်တောင်ဖက်၌ တည်ရှိ၍ အလျားမိုင် (၄၀၀) အနံမိုင် (၃၀) ရှိသည်၊ နေဂျစ် တောင်ပိုင်းမှ (ရွာ်အာလ်ခါလီ) သဲကန္တာရစသည့် သဲကန္တာ၀ယ်ပေါင်း ၄-ခုနှင့် ပေါင်းစပ်လျက် ဂရိတ်အာရ်ဗီးယန်း သဲကန္တာရအဖြစ် ခေါ်ဆိုထား၏ခြင်း ဖြစ်သည် ဟူ၏။

(၈) ဂရိတ် ဩစတြေးလျား သဲကန္တာရ၊ ဩစတြေးလျား တိုက်၏ အနောက်ပိုင်း၌ တည်ရှိလျက် ၎င်းတိုက်၏ ထက်ဝက် နီးနီးမျှ ပမာဏကျယ်ပြန့်သည်ဟူ၏၊ အမြင့်ပေ (၆၀၀ မှ၊ ၁,၀၀၀) ခန့်မျှ ရှိသည်ဟူ၏။

(၉) ဂရိတ်ဆောလ်ပ် သဲကန္တာရ၊ အမေရိကန် ပြည်ထောင်စု နီဗာဒါ ပြည်နယ်မှ ဆောတ်လိပ် အနောက်ပိုင်း၌ တည်ရှိသည်၊ အလျားမိုင် (၈၀) အနံမိုင် (၅၀) အမြင့်ပေ (၄,၅၀၀) ခန့်ရှိသည်ဟူ၏။

(၁၀) ကလာဟာရီ သဲကန္တာရ၊ တောင်အာဖရိကနိုင်ငံ ဩရိန်းပြည်နယ် နှင့် ဗမ်ဘီဗီ မြစ်၏ အကြား၌ တည်ရှိသည်၊ အလျားမိုင်(၆၀၀) အနံမိုင် (၄၀၀) စတုရန်းမိုင်ပေါင်း (၁,၂၀,၀၀၀) ခန့် ကျယ်ပြန့်ကာ အမြင့်ပေ (၃,၀၀၀)၏ အထက်၌ ရှိသည် ဟူ၏။

http://www.dhammadownload.com

(၁၁) ကာရာကမ် သဲကန္တာရ၊ အာရှတိုက်(အေယဲလ်) အိုင်၏တောင်ဖက် ပန်းကုန်းစတန်၏ အနောက်တောင်ဖက်၌ တည်ရှိသည်၊ စတုရန်း မိုင်ပေါင်း (၁,၀၀,၀၀၀) ခန့်မျှ ရှိ၏။

(၁၂) ကီဇီလ်ကမ် သဲကန္တာရ၊ အာရှတိုက် ပါးကစ်စတန် အလယ်ပိုင်း၌ တည်ရှိလျက် အလျားမိုင် (၃၇၀) အနံ (၂၂၀)မိုင်ရှိ၍ စတုရန်း မိုင်ပေါင်း (၇၀,၀၀၀) ခန့် ရှိလျက်၊ အမြင့်ပေ (၁,၆၀၀ မှ ၂,၀၀၀)အထိ ရှိသည် ဟူ၏။

(၁၃) လိုင်ဘီယန် သဲကန္တာရ၊ နိုင်းလ်မြစ်၏ အနောက်ဖက် ဆဟာရ သဲကန္တာရ၏ အရှေ့ပိုင်း၌ တည်ရှိသည်၊ စတုရန်း မိုင်ပေါင်း (၅,၀၀,၀၀၀) ကျော်မျှ ရှိသည် ဟူ၏။

(၁၄) မိုဟက် သဲကန္တာရ၊အမေရိကန် ပြည်ထောင်စု ကိုလိုရာဒို သဲကန္တာရ၏ မြောက်ဖက်၌ တည်ရှိ၏၊ စတုရန်းမိုင်ပေါင်း (၁၅,၀၀၀)ရှိလျက် အမြင့်ပေပေါင်း(၂,၀၀၀)မျှ မြင့်သည်ဟူ၏။

(၁၅) နူဘီယန် သဲကန္တာရ၊ ပင်လယ်နီမှစ၍ နိုင်းလင်းမြစ် အနောက်ကွေ့ အထိ ကျယ်ပြန့်လျက် ရှိ၏၊ အမြင့်ပေ(၂,၅၀၀)မျှ ရှိသည်။

(၁၆) ရောင်စုံ သဲကန္တာရ၊ အမေရိကန် ပြည်ထောင်စု အရီဇိုးနား ပြည်နယ်၏ အရှေ့မြောက်၌ တည်ရှိသည်၊ အလျား (၂၅) မိုင်ရှိ၍ အမြင့်ပေ (၅,၀၀၀) မြင့်သည်။

(၁၇) ဆဟာရ သဲကန္တာရကြီး၊ တောင်အာဖရိကနိုင်ငံ၏ မြောက်ပိုင်းမှ ပင်လယ်နီအထိ ကျယ်ပြန့်လျက် စတုရန်းမိုင်ပေါင်း(၃၅,၀၀,၀၀၀) ရှိသည်၊ ပင်လယ်ရေပြင်၏ အောက် ပေပေါင်း (၄၀၀ မှ ၁၁,၀၀၀) အထိ နိမ့်၍ ပင်လယ်ရေပြင်၏ အထက်သို့ ပေပေါင်း (၁,၄၀၀ မှ ၁,၆၀၀) အထိ မြင့်သည်။

(၁၈) တက်ကလာမာကန် သဲကန္တာရ၊တရုပ်ပြည်သူ့သမတနိုင်ငံ ဆင်ကျန်ပြည်နယ်၏ အလယ်ပိုင်းမှ တာရင်မြစ်ဝှမ်းအထိ တည်ရှိ၍ အလျား မိုင်(၇၀၀)မျှ ရှိ၏၊ စတုရန်းမိုင်ပေါင်း(၁,၂၅,၀၀၀) အထိ ရှိလေသည်။

http://www.dhammadownload.com

(၆၄၄) [သျော + င်။ သွ + ပ် + သွား]

(၁၉) သာ ဃံကန္တာရ၊ ဣန္ဒိယနိုင်ငံ ရာဇပုတ္တရပြည်နယ် အတွင်း၌ တည်ရှိသည်၊ အလျားပိုင်(၃၀၀)မျှ ရှိလျက် အနံ မိုင်(၃၀၀)မျှ ရှိသည်၊ အမြင့်ပေ (၅၀၀) ခန့်မြင့်သည် ဟူ၏။

[သျ]

သျောင်ထုံးအပြား ၅၅၊ ဆင်ငြား ပုဂံသူ။ ။ပုဂံသူတို့ ဆင်ယင်ထုံးဖွဲ့သော ဆံထုံးမျိုး အပြားကို ဆိုသည်၊ ၎င်း သရုပ်ကို (ဥယျောင်ထုံးငြား ၅၅) ဟူသော သုတေသန၌ ဆိုခဲ့ပြီ၊

[သွ]

သွပ်မျိုး ၄-ပါး။ ။သဗ္ဗမာတုက ဝိဇ္ဇာဓရကျမ်းကြီး၌ အောက်ပါအတိုင်း သွပ်မျိုး လေးပါးကို ခွဲခြား၍ ပြဆိုထားလေသည်၊ အားလုံး မှတ်စား သည်ချည်း ဖြစ်၏။ (၁) သေတဇာ သတ္တု-သွပ်ဖြူ, ကျောက်တောင်မှ ထွက်၏၊ (၂) ပိတ သတ္တုယော-သွပ်ရွှေဝါ, ကျောက်တောင်မှ ထွက်၏၊ (၃) ဘူမျဇာ သတ္တု- မြေထွက်သွပ်, ညိုပြာပြာရှိ၏၊ (၄) တာမ္ဗ သတ္တု-ခပဲပြာသွပ်, စပ်၍ချက်ထားသော သွပ်မျိုး။

သွားအရပ်မှာ၊ ဖြစ်ပေါ်လာ၊ မြန်မာအက္ခရာ ၇-လုံး။ ။၎င်း သရုပ်ကို (ဒန္တဇ အက္ခရာ ၇-လုံး) ၌ ဆိုခဲ့ပြီ။

သွားတော် ၄၀၊ ရေရာဝယ်၊ စွယ်တော် ထည့် မထည့်။ ။မြတ်စွာဘုရား သခင်၏ ၃၂-ပါးသော လက္ခဏာတော်ကြီးတို့ထဲ၌ စတ္တာလီသ သမဒန္တ ခေါ် ညီညာသော သွားတော်များ, စွယ်တော် ၄-ဆူနှင့် တကွ ထည့်၍ အထက် ၂၀-အောက် ၂၀-ပေါင်း ၄၀-ဟု မှတ်ရာ၏။

သွားတိုက်ခြင်း အကျိုး ၅-ပါး။ ။ဒန်ပူစား သွားတိုက်ခြင်း၏ အကျိုးခံစား ခွင့် ၈ ပါး၊ ဝိနည်း စူဠဝါဠဋ္ဌကော်မှ။ (၁) စက္ခုဩဇာ-မျက်စိအမြင် ကြည်လင်ခြင်း၊ (၂) မုခံ န ဒုဂ္ဂန္ဓံ-ပါးစပ်မနံခြင်း၊ (၃) ဝိသုဒ္ဓ ရသ ဟရဏီ-အာရုံကြောတို့ သန့်ရှင်းအားကောင်းခြင်း၊ (၄) ပိတ္တာဒိ န ပရိယော နဒ္ဓတိ-သည်းခြေ သလိပ် ထမင်း အစာတို့ မရော မရှက်နိုင်ခြင်း၊ (၅) ဘတ္တ မဿ ဆာဒေတိ-ထမင်းဆာခြင်းကို ဖြစ်စေနိုင်ခြင်း။

http://www.dhammadownload.com

[ဟ]

ဟသာဝဏ္ဍတီ ၃၂-မြို့။ ။ကလျာဏီကျောက်စာလာ သာသနာ ၂၀၀၂-ခုနှစ်၊ သင်္ကြာန် ဂ၂၀-ခုရောက်သောအခါ ဟံသာဝတီပြည် ဓမ္မစေတီခေါ် ရာမာဓိပတိ မင်းမြတ်လက်ထက်ဝယ် မွန်တိုင်း ၃-ရပ်၌ ဟံသာဝတီမဏ္ဍလ ဥဿာပဲခူးတိုင်းရှိ ၃၂-မြို့ကိုဆိုသည်။ကျောက်မော်မြို့၊ အမဲမြို့၊ တုံဇရစ်မြို့၊ ကျည်ကူမြို့၊ စစ်တောင်းမြို့၊ ဒင်းမဲမြို့၊ ဇလွဲမြို့၊ အသားမြို့၊ မော်ပျိုမြို့၊ လက္ခနိုးဗျည်းမြို့၊ (၁၀)။ အခံရိမ်မြို့၊ မအူမြို့၊ ရမ္မာနဂိုမြို့၊ ရမ္မဝတီမြို့၊ မှော်ဘီမြို့၊ လိုင်မြို့၊ ဘောင်လင်းမြို့၊ ထန်းတောကြီးမြို့၊ တီတူတ်မြို့၊ ဇေဋ္ဌမြို့၊ (၂၀)။ဇောင်းတူမြို့၊ ဘားကိုင်မြို့၊ ထုန်ခံမြို့၊ ရဲနွဲမြို့၊ မေရုဠုရမြို့၊ တင်ပေါင်မြို့၊ မင်းရဲလှမြို့၊ ကောလိယမြို့၊ပိုင်းတာမြို့၊ ယွန်ဇလင်မြို့၊(၃၀)။ ဝင်ပြိုင်မြို့၊ ဟသံဇိုင်ကနိန်မြို့၊ (၃၂)။

ဟင်းရိုင်းအပြား၊ မျိုး ၂-ပါး၊ ထင်ရှား ဘူမိရပ်။ ။ဤ၌ အကျဉ်းမျှ ပြသွားမည်ဖြစ်၍ အကျယ်ကိုမူ သဗ္ဗဓာတုကသျှတ် သတ္ထမကဏ္ဍ၌ ကြည့်ပါကုန်။ (၁) ရတ္တ ရသ သိန္ဓုရ-ဟင်းရိုင်းနှီ၊ တောင်ထွက် ဆုန်းနီကျောက်ကို ချက်၍ ထုတ်ယူသည်၊ ၎င်းသည် လကျဲလမ်း၌ အသုံးဝင်၏၊ (၂) သေတ ရသ သိန္ဓုရ-ဟင်းရိုင်းဖြူ၊ တောင်ထွက် ဆုန်းဖြူကျောက်ကို ချက်၍ထုတ်ယူသည်၊ ၎င်းသည် လက်ဝဲ ဒွေလုပ်သော လမ်းများ၌ အသုံးဝင်၏။

ဟသံဒုက်မျိုး ၃-ပါး။ ။အဘ်ဓာန်ဋီကာမှ။ (၁) ဆဇ ဟသံမျိုး-နွားတံသီးနှင့် ခြေချောင်း နီသည်၊ ကိုယ်လုံး ဆွတ်ဆွတ်ဖြူသည်။ (၂) မလ္လိကာ ဟသံမျိုး-စိမ်းညစ်သော ခြေထောက် နွားတံသီးရှိသည်၊ ကိုယ်ရောင် မဿန် ရှိသည်၊ (၃) တေရဋ္ဌ ဟသံမျိုး-မည်းနက်သော ခြေချောင်း နွားတံသီး ရှိသည်၊ ကိုယ်ရောင် အမျိုးမျိုးရှိသည်။

ဟသံဒုက်မျိုး ၆-ပါး၊ တနည်း။ ။ဇာတ်အဋ္ဌကထာ ပဉ္စမအုပ် ၃၇၉ ၌ အကျယ်ရှုပါ။ ကိုယ်ရောင် အမွေးလိုက်၍ ၆-ပါး ပြားသည်။ (၁) တိဏ ဟံသမျိုး- မြက်စားဟသံ (ငန်းဘဲ)မျိုး၊(၂) ပဏ္ဏ ဟံသ-ဝါခြေခြံဖြေ့ ဟသံမျိုး၊ (၃) မနောသီလာ ဟံသ-ဟသံနီမျိုး၊ (၄)သေတ ဟံသ-ငွေ ဟသံမျိုး၊(၅) ပါက ဟံသ-နီ ဖြူ ကျားမျိုး၊(၆) ဓတရဋ္ဌဟံသမျိုး။

http://www.dhammadownload.com

ဟိတ် ၆-ပါး။ ။ကောင်းကျိုး မကောင်းကျိုးတို့ကို ပေးစေတတ်သော အကြောင်းတရား ၆-ပါး။ (၁) လောဘဟိတ်၊ (၂) ဒေါသဟိတ်၊ (၃) မောဟဟိတ်၊ အကုသိုလ်မျိုး၊ အပြစ်ရှိ ဆိုးကျိုးဒုက္ခကို ပေး၏၊ (၄)အလောဘဟိတ်၊(၅) အဒေါသဟိတ်၊ (၆) အမောဟဟိတ်၊ကုသိုလ်မျိုး၊ အပြစ်မရှိ ကောင်းကျိုး သုခကို ပေး၏။

ဟိတ် ၉-ပါး၊ တနည်း။ ။ကုသိုလ်စိတ်နှင့်ယှဉ်သော ဟိတ် ၃-ပါး၊ အကုသိုလ်စိတ်နှင့်ယှဉ်သော ဟိတ် ၃-ပါး၊ အဗျာကတစိတ်နှင့် ယှဉ်သော ဟိတ် ၃-ပါး၊ ပေါင်း ၉-ပါး။

ဟိတအပြား၊ မျိုး ၂-ပါး၊ ခွဲခြား ဝေဘန်သိ။ ။အကျိုး စီးပွား ဆောင်ရွက်ရှာဖွေရာ၌ ကျင့်သုံး ဝေဘန်မှု ၂-မျိုး။ (၁) အတ္တဟိတ- ကိုယ်ရေးကိုယ်တာ ကိုယ်ကျိုးသက်သက်မျိုး၊ (၂) ပရဟိတ- ကိုယ်ရေးမဖက် သူတပါးတို့ အကျိုးသက်သက်မျိုး။

ဟိမဝန္တာ၊ တောင်တောသာ၊ ၄-ဖြာ မျိုးအပြား။ ။ဟိမဝန္တာမျိုး ၄-ပါးကို မေးသည်၊"ဇမ္ဗူကျွန်းသို့၊ သုံးကျွန်းတို့မှာ၊ ဟိမဝါတောဘ၊ ရှိသည်ဩဇာ၌" ကျည်းကန်အဖြေ။ (၁) ဇမ္ဗူဒီပါ ဟိမဝန္တာ- တောင်ကျွန်း ဟိမဝါ၊ (၂) ပြုဗ္ဗဝိဒေဟ ဟိမဝန္တာ- အရှေကျွန်း ဟိမဝါ၊ (၃) အပရဂေါယာန ဟိမဝန္တာ- အနောက်ကျွန်း ဟိမဝါ၊(၄) ဥတ္တရကုရု ဟိမဝန္တာ- မြောက်ကျွန်း ဟိမဝါ။

ဟိရီ တရားမျိုး ၈-ပါး။ ။ဌင်း သရုပ်ကို (ရှက်ခြင်း အကြောင်းမျိုး ၄-ပါး ၂-နည်း)၌ ဆိုခဲ့ပြီ။

ဣ တ္ထ ဂ ၏

သုဇောဘာန ဘရုပ်ပြ ဓာတ်ဝေါဟာရ ကျမ်း

အ လုံး စုံ ပြီး ဆုံး ပြီ ။

http://www.dhammadownload.com

နိဒါနကထာ

ဒုတိ

အာယသ္မတာ ဩဘာသဘိဝံသ မဟာထေရေန နာနာဂန္ထတော ပရိဝတ္တေတွာ ဝိရစိတံ သုတေသန သရူပါဘိဓာနံ နာမ ပကရဏံ ပရိသမတ္တံ။

ဒုတိသည်လျှင်

မိခင် သုတောဒနအာဘိဓာန် ပုဒ်မကြီးဖေါင်း (၂၊၉၉၇) ပုဒ်တို့မှ ပေါက်ပွားလာကြမသော သရူပ်ပြအာဘိဓာန် ပုဒ်ကလေးပေါင်း(၅၃၊၃၀၀) ပုဒ်တို့ဖြင့် ထုန်ဆာဆုင်အပ်သော သုတေသန သရူပ်ပြ အာဘိဓာန်ကျမ်းကြီး ပြီးဆုံးခြင်းသို့ ရောက်ပါသတည်း။

သမ္မာ သမ္မုဒ္ဓ မုဏ္ဍနာယံ

ဣမိနာ ပုညကမ္မေန၊ ပညာဓိကော ဘဝါမဟံ။။
ဗုဒ္ဓတ္တံ ပါပုနိတွာန၊ သံဝေရေဿံ သဒေဝကံ။

ဆုထူးပန်လျှာ ပတ္ထနာ

ဤ ကျမ်းပြုရာ၊ ကုသလဇေကြောင့်၊ ပညာဓိက၊ ဗုဒ္ဓဘုရား၊ ဖြစ်ညားရစေ၊ မျှားဝေနေကို၊ အိုဓသ နာရေး၊ ဝဋ်ဘေးဒုက္ခ၊ ဝဲသြဃမှ၊ ကယ်မဆယ်ယူ၊ မြဲညီနိဗ္ဗုသို့၊ ပို့ရစေသား၊ ဆုပန်ကြားဖြီ။

အရှင် ဩဘာသဘိဝံသ မဟာထေရ်
ဇာဝုံတိုက်စေခိ
သရက်တောကျောင်းတိုက်
ရန်ကုန်မြို့။

http://www.dhammadownload.com